
www.burmeseclassic.com



# မေတ္တာသု[illegible]

www.burmeseclassic.com

## စမကျင့်စဉ် ဂ/ဂ

ဤကျင့်စဉ်သည်မေတ္တာပရိတ်တော်ရွတ်ဖတ်၍ ၃၁ဘုံရှိသတ္တဝါများမေတ္တာပို့ခြင်းဖြစ်သည် ။ ဤစဉ်၏ အဓိကအချက်မှာ

၃။ တနေ့ကိုမေတ္တာသုတ်ပရိတ်တော်ကို ၃၁-ခေါက် ရွတ်ရမည်

၁။ စမကိုဖရောင်းတိုင်မှပတ်၍မီးပူဖော်ရမည်။

၂။ မိမိ၏နေ့ပန်းကိုဖြစ်စေ ဂြိုလ်သက်အလိုက် လှူဒါန်းရမည်။

ဥပမာ - တနင်္ဂနွေ (၆)ညွန့် (သို့) ပန်း ၆ပွင့် အဖူးလှူရမည်။

BURMESE CLASSIC .com

၆။ မိမိလိုသောဆိုကိုတောင်းရမည်။

ရှင်းချက်


အမှတ်(၂)မှမိမိနေ့ပန်းကိုဖြစ်စေ (၇) နေ့ပန်းကို ဖြစ်စေဘုရားညောင်ရေအိုးမှာဝေဝေဆာဆာ ဖြစ်အောင် လှူဒါန်းရမည်။ အညွှန့်ဖြစ်စေ, အဖူးဖြစ်စေရပါသည်။

သို့သော်အညွှန့်နှင့်အဖူးရော၍ မထိုးပါနှင့် ညှို့ခဲ့သော် အမြန်ပြန်လဲပေးရမည်။

မှတ်ချက် ။ ။ သွားနေရင်၊ ထိုင်နေရင်း၊ ရပ်နေရင်း၊ လျောင်းနေရင်း မေတ္တာသုတ်ကိုရွတ်ရမည်။ ပရိတ်တော် (၃၁)ခေါက်ကိုတကြိမ်သတ်မှတ်၍ မိမိတို့နိုင်သမျှ အကြိမ်များစွာ ပူဖော်နိုင်ပါသည်။


မှတ်ချက် ။ ။ နံနက် (၁)ကြိမ် ည(၁)ကြိမ် ရွတ်ဖတ် နိုင်လျှင် ပိုကောင်းပါသည်။

မဟာသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



For Pacific Pharmaceuticals Pte Ltd.

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၆)
၂၀၁၃ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ အမြတ်ကြီးစားသမား၏ခြေလှမ်း (ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)

၆ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၄)
မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)

၁၃ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အားပူဇော်ခြင်း
မြဝင်း(ဒဿန)

၁၅ သွားရောက် ဖူးမြော်သင့်သော ဗန္ဓုလသေလာဆံတော်ရှင်စေတီတော်
တက္ကသိုလ်ဝင်းမြင့်

၁၇ ကိုးမှန်ပြန် ကပ်ကျော် ပတ္တမြားစေတီတော် သို့မဟုတ် သိသူဖော်စား၊ မသိသူကျော်သွား လေ့ခွင်းတောင်ဘုရား
သန့်ဇင်

၂၆ အောင်မြေဆရာတော်
ဝေစည်(ရွှေဘို)

၂၉ ရှမ်းပြည်နယ်မှာထင်ရှား ပင်းတယရွှေဥမင်ဘုရား
ကံဝင်း

၃၄ နေ့တိုင်းအံ့ရွတ် မချွတ်ချမ်းသာ သမ္ဗုဒ္ဓေဂါထာတော်
ဉာဏ်ထိနု

၃၉ စန္ဒမုနိကျောင်းတိုက်မှ ထူးဆန်းသော ဗုဒ္ဓကြေးသွန်းဆင်းတုတော်များ
စောထွီးသျှင်(မြောက်ဦး)

၄၉ မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာဆီသို့(၃)
မောင်ပွင့်ဉာဏ်(မောရ)

၅၈ အဘိညာဉ်
ဖျာပုံ-တင်နိုင်ဝင်း

၆၁ မဟာဗောဓိတစ်ထောင် ဆရာတော် ဘုရားကြီး၏ခယောင်းလမ်းမှသည်
သုဓောယျ

၇၁ ရတနာရွှေချိုင့်ဂါထာတော်နှင့် ရတနာရွှေချိုင့်ဆရာတော်
ရွှေစိုး

၇၆ ဝင့်ကြွေး၊ ကံကြွေး၊ အပြစ်ကြွေးများ ကျေစေရာ ဝန်ချတောင်မှာ ဝန်ချပါ
မောင်စိမ့်စမ်း(သဲကုန်း)

၈၂ ပထမံဗိုဒ္ဓာရေထွက်ရပ်ပေါက် လောကီ ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ တော်ဘုရားကြီး ဦးစန္ဒောဘာသ
ပထမံဆရာဦးအေးရွှေ

၁၉၁ ထူးခြားဆန်းပြား ကလေးမြို့ပေါ်က မြို့ချက်ကျောင်းအောင်မြေဘုရား
ကလေး-ဝင်းသူ

၃၀၅ သာမညဆရာတော်ကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)


## သုတရသဆောင်းပါး


၄၄ အရေးကြီးဆုံးအလုပ်
ချောင်းဆုံအုန်းသွင်

၉၅ သဲသောင်ပြင်ပေါ်က ဘိုဒိမ်ကလေးများ
မင်းဘူး-ဗိုလ်ဥတ္တမ

၁၀၁ ဆွမ်းဒကာမနှင့်သံဝေဂကဗျာ
အရှင်ဥဇ္ဇယ

၁၀၄ လူဝင်စားပြဿနာ
တိုးထက်

၁၀၇ သိထားသင့်သည့် ကင်ဆာဖြစ်စေသော လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့်ပစ္စည်းများ
စွမ်းထက်နောင်

၁၁၈ သမိုင်းကပြောသောနဂါး
လှမိုး(ပညာရေး)

၁၄၆ စာရေးဆရာနှင့်ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း
မေတ္တာရှင်(ရွှေပြည်သာ)

၁၅၁ အတက်အကျ
ချောင်းဆုံအုန်းသွင်

၁၇၅ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တုံးပုရွာနေ ရွှေမင် ဝံတောင်စွန်းရှိ ကျောက်လှုခြေရာ ကျောက်လိုဏ်ခေါင်း၊ ထူးခြားသော ဘုရားစေတီ တည်ရှိသည့် ကျောက် တုံးကြီး
မွှေးမွှေး(အင်းတော်)

၁၇၈ ကျွန်ုပ်နှင့်မဟာဂန္ဓာရီလမ်းပေါ်က ကြုံခဲ့သမျှ
ဘုန်းခေါင်

၂၀၃ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများမှ လက်ဖွဲ့ ယတြာ ဂါထာမန္တန်များ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၂၀၆ ကိုလိုနီခေတ် မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

၂၁၁ စစ်ကဲကြီးဦးထော်လေး၏ ဆွေစဉ်မျိုးဆက်များ
တင်နိုင်တိုး

၂၅၄ သွေးနှင့်မျက်ရည်
လျှမ်းထက်

၂၈၀ သုဝဏ္ဏဘူမိ၏တည်နေရာ(၃)
နိုင်ခင်မောင်လေး

၃၁၀ သီပေါမင်းလက်ထက်ကသကြိန်စာ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)


www.burmeseclassic.com

www.burmeseclassic.com


မြင်တင်တောင်ဘုရသေ့ကြီးနှင့်
ချီတော်(၃)
ဆောင့်ဝါ(ပျဉ်းမနား)
ရှင်လက် မြေတွေပြန်အပ်ခဲ့တဲ့
ဘကိုးမင်းခေါင်
အောင်သန်းချစ်
ယောင်းကျောက်စာထဲမှ
ပြုတော်များ
ဆာင်သန်းဆွေ(ထားဝယ်)
မျိုးသမီးများနှင့်ယောနိကင်ဆာ
ရီငွေး

## သုရဋ္ဌဝတ္ထုတို

ပါက်လေလား၊ ကြမ္မာလား
န်ဗြိုင်လယ်-စိန်ဝင်း
ရွာပြု၍မီးနတ်ကိုစကားပြောခြင်း
မောင်မောင်သန်းထွန်း
ချောင်းဖျားလိုက်တဲ့ . . . ည
ခင်းနန္ဒီရှိန်
သိုက်စာလော၊ ကျိန်စာလော
ဇာတ်ပုံ-မောင်မောင်အေး
ဘစ်သိန်းထဲက တစ်
ဝင်းသိန်း(နေပြည်တော်)
ကန်းကံရှင်နှင့်ရက္ခစိုးကြီး
ချပြည်စိုး(မိုးကုတ်)
အိမ်တစ်အိမ်အတွင်းမှ
ချောက်ချားဖွယ်ဖြစ်ရပ်
မြသိန်း
ကျိန်စာ
နေဝန်းနီ
ခရမ်းအိုင်ရွာသူမပန်းမြိုင်
ရောမြေ-ကျော်ဝေ
ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်၏
ရာဇဝင်
ဘင့်ထူး(ဇေယျာဝတီ)
ကမာပိုင်ဘုရားမှအလွမ်းစကား
ကျော်ဇင်ဖြူ
သရဏဂုံအင်းနှင့်ပုဏ္ဏကအင်း
စိုးထွန်း(ဥပဒေ)
ပျောက်ဆုံးသွားသော
ဂမ္ဘီရအိပ်မက်များ
ကောင်းသော်
ကျွန်ုပ်နှင့် အကြားအမြင်ပုဂ္ဂိုလ်ကြီး(၂)
စိုးဝေ
ဒဏ်ရာနှင့်လူ
မင်းမြင့်နိုင်(ဘူးသီးတောင်)
ကြုံခဲ့ဆုံခဲ့ရဖူးသော
ရင်နှင့်ဖွယ်ဇာတ်လမ်းတစ်ပုဒ်
နေဝင်းဝင်း(လွန်ဆေး)
ငါးသိုက်
ဝင်းထွန်းအောင်(မြင်းခြံ)



၂၅၀ အညို
လူရှိန်အောင်
၂၅၈ သုံးညနှင့်လေးရက်
လနယုန်မိုး
၂၆၆ တမလွန်မှဂိုးသမား
နွေဦးမွန်(ရေနံချောင်း)
၂၇၄ မျောက်နှင့်ခင်မောင်ကြည်
မိုးကုတ်ကျော်ကျော်စိုး
၃၀၂ မရဏမင်း၏တမန်တော်
မြနန်းရှင်
၃၁၄ သေကံမရောက်သက်မပျောက်
ရှစ်ခွင်ကျော်-ဖောင်တော်သီ
၃၂၆ နွားကျောင်းဘီလူးနှင့်ကိုစံဝ
မောင်မင်းယဉ်(ကူမဲ)
၃၃၄ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ပီတာမြဦး
၃၅၀ ဉာဉ်ဆိုးသောကားကြီး၏ဖြစ်ရပ်ဆန်း
ချစ်ဆိုင်
၃၅၆ ဂမ္ဘီရအိုးလေးနှစ်လုံး၏ရာဇဝင်
ရီရီငွေး

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၂၉၀ နားချမ်းသာ
အောင်ကျော်
၃၈၀ ဤလမ်းခရီးလွမ်းမပြီးနိုင်
ဖိုးကျော့

## သုရဋ္ဌတိုင်းရင်းဆေး

၁၀၀ ဆေးအစွမ်းထက်မြက်ပင်စိမ်းရွက်
မိုးသဲအောင်(ပန်းမြေ)
၁၀၃ အာခံတွင်းအပူထခြင်းအတွက်
ငုံဆေးနည်း
ငွေလင်းရောင်(နတ်မောက်)
၁၅၇ ကြွက်နို့ပျောက်ဆေးအလွယ်လေး
ဇော်လင်းရည်
၁၆၉ ခံတွင်းရောဂါ
နေစာမြက်ပြုတ်ရည်သောက်ပါ
သန္ဓါ(ဥပဒေ)
၁၈၆ သွားနာပျောက်ရန်ကုနည်းမှန်
သန္ဓါ(ဥပဒေ)
၂၂၅ ကြောင်ပန်းရွက်အသုံးပြုနည်းနှစ်ခု
ညွှန့်ဝင်း(နတ်တလင်း)
၂၆၁ အအေးမိ၊ ဖျားနာခြင်းအတွက်
ကျော်ဟိန်းထက်(ဥပဒေ)
၂၆၂ သိဒ္ဓိဝင်ဆေးမြင်းခွာပင်
မျိုးတင့်(ညောင်လေးပင်)
၃၁၂ ကွမ်းစား၍ထုံးပေါက်လျှင်
ကျော်ဟိန်းထက်(ဥပဒေ)
၃၂၄ မျက်စိဝေဒနာကင်းလွတ်အောင်
သန္ဓါ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



## သုရဿ ပညာရပ်


၁၀ မိုးပေါ်ကလာတဲ့အန္တရာယ်
**မောင်ကျောက်တိုင်**
၁၄၂ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**
၁၆၅ ကျပ်သိန်းသုံးသောင်းနီးပါး ထီပေါက်သွားသူ၏လက္ခဏာ
**ဆရာချမ်းမင်း(LL.B)**
ဂ၆ ဝေဲအစိန္တိယာဂါထာတော်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ
**တြိရတနာ-ဆရာဇေယျာလင်း**
၂၁၃ မွေးမဟာဘုတ်၏စရိုက်များ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၂၆ ဖြည့်သင့်သောကွက်လပ်လေးများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၃၁ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၂၄၃ အလယ်ခေတ် အနောက်တိုင်းအင်္ဂါရတ်ပညာနှင့် ဘိုင်ဇင်တိုင်းအင်္ဂါရတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၇၁ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
**မင်းမင်းမြတ်**
၂၈၅ ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များ
**တြိရတနာ-ဆရာဇေယျာလင်း**
၃၁၉ မြင်အောင်ကြည့်မှသိလာနိုင်သော
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၄၁ လူတိုင်းကြုံတွေ့ရမည့်ဘုမ္မိ
**ဒေါ်ခင်စံသူ(B.Sc)**
၃၅၃ သင့်အတွက် နေ့အလိုက်ဝတ်သင့်သော အရောင်များ
**မုဒိတာ(ကျိုက်လတ်)**
၃၆၅ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအား ကောင်းစေမည့်ဖုန်းရွှေဗျူဟာ-၁၆၈
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၃၇၁ စိတ်စွမ်းအင်စုံထောက်များ
**မနောသုတေသီ**
၃၇၃ လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်
**ဆရာဒလမင်းခေါင်**




## သုရဿလက်တွေ့အသုံးချ


၄၇ နမ်းဆီစစ်မစစ်စမ်းသပ်နည်း
**မိုးကုတ်ကျော်ကျော်စိုး**
၄၈ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၆၉ ရခိုင်ရိုးရာအဆိပ်ချမဟူရာကျောက်
**ဝတီထွန်း(ကျောက်ဖြူ)**
၇၉ ရန်အောင်မြင်ဆုတောင်းပြည့် ဗုဒ္ဓယတြာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၈၇ ကုန်ပစ္စည်း အပေါ် အရှုံးတွက်လိုလျှင်
**စိုးလင်းအောင်(မြန်အောင်)**
၃၀၀ မြေကိုင်ရောဂါမခက်ပါ
**ဇာတိဂုဏ်-မျိုးမြင့်အောင်**
၃၃၃ ၂၀၁၃ ခုနှစ်၊ ဇွန်လအတွက် စနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၃၄၅ ဣသရမှုလီနွယ်ပင်နှင့်ပတ်သက်၍
**စောဝေ(ပျဉ်းမနား)**
၃၇၉ ၂၀၁၃၊ ဇွန်လ စီးပွားရေးဗေဒင်ဆိုင်ရာဟောကိန်း
**မင်းရှိန်အောင်**
၃၈၆ ၂၀၁၃ ခု၊ ဇွန်လ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၃၉၀ ဘဝတစ်ဆစ်ချိုး နာမည်ရှင်များအတွက် သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၅ ၂၀၁၃ ခု၊ ဇွန်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**
၃၉၇ ၂၀၁၃ ခုနှစ်၊ ဇွန်လအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလုံလုံထွဏ်း
အောင်ကျော်ဆန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဘဏ္ဍာရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၃၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မန္တလေး တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်-**ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား-**ဂါနဒီ၊ မိလျံနာ
**ပဲခူး-** သဇင်စာပေ
**ဟင်္သာတ-**တာလေးမောင်၊ ရွှေမောင်း
**မကွေး -**ရွှေပြည်စိုး
**တောင်ငူ-**ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်-**လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# အမြွတ်ကြီးစားသမား၏ ခြေလှမ်း

- တန်းတူတွေ့လျှင် မေတ္တာဝင်
  ယှဉ်ပြိုင်မာန နှိမ်ပြီးသား…။
- ကိုယ့်အောက်ကဆို ကရုဏာပို
  ဝန်တိုမိစ္ဆာ နှိမ်ပြီးသား…။
- ကိုယ့်ထက်သာဆို မုဒိတာသို
  မနာလိုစိတ် နှိမ်ပြီးသား…။
- ချစ်လည်းမဖြုံ မုန်းမတုန်
  မုန်ယိုစိတ်ကို နှိမ်ပြီးသား…။
- ထိုသည့်လေးပါး လက်ကိုင်ထားဖြင့်
  ကျက်စားလောက ဖဝါးချသော်…
- ကင်းပရန်အေး နောင်ခုမေး
  အကြွေးဆပ်ရန် မလိုပါ။
- သန့်ပြန့်စိတ်ဖွေး ပြန်လှန်မွေး
  အတေးထားရန် မလိုပါ။
- မြင့်ထက်မြင့်နယ် လမ်းယှက်နွယ်
  အပါယ်သွားရန် မလိုပါ။

(၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊
ပဋိပတ်တောစခန်း)



www.burmeseclassic.com

www.burmeseclassic.com

(ဝနဝါသီဥဒေယျမမွှသာမိထေရ်)

ရေးသားတော်မူသည်

၄

# ပါရမီဘာဝ ကထာ
# ပါရမီဖြစ်စကား

(ယခင်လမှအဆက်)

**၃/ လူချင်းမရော တောထုတ်စိန်ခေါ်သည်**

**ဓမ္မေသက . . .**


- သင့်၌ ဒါနပွဲပေါင်းလည်း များလှပြီ။

သို့တိုင်လည်း ရှိရင်းစွဲ ရာဂတဏှာ၊ ဒေါသတဏှာ စသည်များကား ပါးမသွားသည့်အပြင် ပွားသထက်ပင် ပွားလာနေချေသေးတော့သည်။

- သင့်၌ သီလပွဲပေါင်းလည်း များခဲ့ပြီ။

သို့တိုင်လည်း အစွဲနာ တဏှာတွဲကား ခွဲမသွားသည့်အပြင် ပို၍ပင်မြဲ ပို၍လည်း ပြွတ်တွဲ တွဲလာနေချေသေးတော့သည်။ ယင်းကား-

- သတိ အသစ်ပေါင်းကြောင့်





www.burmeseclassic.com

www.burmeseclassic.com

တဏှာအဟောင်း ခေါင်းထောင်ထလာခြင်းပင်။

- ဓမ္မအာရုံထိများကြောင့် ကာမအာရုံ အငြိတက် အသက်ဝင်လာခြင်းပင်။

ဓမ္မေသက . . .

- သည့်အတိုင်းဆို သင့်အဖို့ -

- အာရုံတူ၊ ဝတ္ထုတူတို့၏ရှေ့သင့်စိတ် အတွေ့ခံပေး၍ မဖြစ်တော့ပြီ။

- လူချင်းမတွေ့၊ အာရုံချင်း မရောသော တော - တရားနှင့်ရောမှ ဖြစ်တော့မည်။

ဓမ္မေသက . . .

- နိက္ခမအတွက် တောထွက်ရာ၌လည်း -

က/ ရွာနေစဉ် တဏှာမနိုင်သဖြင့် ထိုတဏှာကိုင်ရန် လူက တဏှာကို တောထုတ်သတ်ခြင်း။

ခ/ ရွာနေစဉ် လူကိုမနိုင်သဖြင့် ထိုလူကိုင်တဏှာကပင် လူအား တောထုတ်ညှဉ်းခြင်း။

ဤသို့လျှင် တောထုတ်ရိုး နှစ်မျိုး ရှိနေချေ၏။ ထိုစဉ် -

- လူထူထူ သူပေါပေါ အာရုံကြောထဲ၌ သင် နေစဉ် -

- သီလ၏အာရုံစောင့်စည်းစိတ်ကလည်း ကာမဂုဏ်အာရုံဆိတ်ခြင်းကို အလိုရှိနေ၏။

- ကာမ၏ အာရုံလိုက်စားစိတ်ကလည်း ကာမဂုဏ်အာရုံကျင်းရာသို့ သွားလို၏။

- သို့ကြောင့် စောင့်စည်းစိတ်နှင့် လိုက်စားလိုစိတ် အကြိတ်အနယ်ဖြစ်၍ နေတော့ရာ လိုက်စားလိုစိတ် တဏှာကလည်း -

- သည်လူ အရင်ကဆို ငါက ကြံဖန်ပေးလိုက်တိုင်း မဆိုင်းဘဲသွားရောက်ပြီး ငါကြိုက်အာရုံတို့ကို လိုက်လံ ခံစားပေးခဲ့၏။ ယခုသော် -

-နှိုးပေးလည်း မထ၊ ဆွပေးလည်း မပြေး၊ ငေးတေးတေးလုပ်နေတော့၏။

- နေပစေဦး၊ နေပစေဦး။

သည်လူတော့ အာရုံမဲ့တော တစ်ယောက်တည်း လောပေးပြီး ညဉ့်သွေး၊ စရိုက်သွေးများကိုထိုး မရိုးမရွဖြစ်လာအောင် လုပ်ပြလိုက်စမ်းမယ်။

- ဤကား တဏှာက သင့်အား ကြိမ်းဝါးကာ တောထုတ်လိုက်ခြင်းပင်။ တစ်ဖန် သင်ကလည်း သင့်၌ သီလမဖြူစင်သေးသည်ကို အာရုံဝင်စားလျက်က-

- ကြည့်စမ်း၊ သည်တဏှာ ငါ သီလထိန်းမှ ကတိမ်းကပါး လိုက်စနေပြန်တယ်။ ဒါ လူထူထူသူရှုပ်ရှုပ်ကို ခြေကုပ်ယူပြီး ငါ့တန်ပြန်နေတာပဲ။

ရှိစေတော့၊ ရှိစေတော့။





www.burmeseclassic.com

www.burmeseclassic.com

- ဒင်းတော့လား အာရုံဆိတ်ရာ တိတ်တိတ်ခေါ်၊ အာရုံမျှော်သည်နှင့် ပိတ်သတ်သတ် ဒင်း အာရုံ ငတ်ငတ် ပြတ်ပြတ်နှင့် မတ်တတ်သေစေရမည်။

- ဤကား သင်က တဏှာအား ကြိမ်းဝါးကာ တောထုတ်လာခဲ့ခြင်းပင်။

**ဓမ္မသက . . .**

- ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ပမာ -

လူမရော သူမရောသော တောလယ်မှာ သင်နှင့် တဏှာ စိန်ခေါ်ပွဲဖြစ်လာပြီ။ ထိုစဉ် သင့်အဖို့ ပေနိုင်မှ ရာဇာ၊ အကင်းအညှာ အထာပေါက်မှ ဘိသိက်မြှောက်/ ထိရောက်သော အင်အားသုံးမှ လူလုံးလှမည်ကို သင် သတိပြုလေ။

- သည်နေရာ သတိသည် သင့်လက်နက်၊ သရဏဂုံသည် သင့်ကျည်ဆန်၊ အသေခံရဲခြင်းသည် သင့်သတ္တိ။ ဤအင်အားသုံးပါး သင်ပွဲတွေ့သုံး စစ်ကစားနိုင်မှသာ အသေခံတပ်သားအဖြစ်မှ အောင်ပွဲရတပ်သားအဖြစ်သို့ သင်ရောက်မည်ကို သင်သဘောပေါက်လေ။

**တပ်မကြီး (၁၀) ခုဖြင့် တောနင်းဝင်လာသော မာရ်နတ်ကြီး**

**ဓမ္မသက . . .**

- မာရ (မာရ်) သည် သူသတ်သမား၏အမည်။

- ယင်းသည် ဒေဝပုတ္တမာရ်၊ ကိလေသာမာရ် စသည် မာရ်ငါးမျိုးကွဲနေချေရာ တဏှာနှင့် သင်၏ ဤတောထုတ်ပွဲ၌ကား ကိလေသာ့မာရ်သည် အဓိကနေရာမှနေ၍ တာဝန်ယူသည်။ ဒေဝပုတ္တမာရ်ကား ဒုတိယလိုက်သည်။ ထိုစဉ် -


- ပါရမီအဆင့် ရင့်အောင်ကျင့်ဆဲ၌ ကိလေသာ့မာရ်က တားဆီးမည်။

- ပါရမီအရင့် ပွင့်အောင် ကျင့်ဆဲ၌ကား ဒေဝပုတ္တမာရ်က ဝင်လုမည်။

သည်သို့ မာရခေါ် ပါရမီယူ လူသတ်သမား၊ ကိလေသာ့-ဒေဝပုတ္တနှစ်ပါး တောဝင်သူနှင့် တောကစားလေ့ရှိကြရာ -

- တောသည် သူတို့ကြီးစိုးသောနေရာ ဖြစ်နေသည်အတိုင်း သူတို့သည် တောခြောက်ခြင်းဖြင့် ပြင်ပမှနေ တောဝင်သမားကိုလှန့်မည်။

စိတ်သည်လည်း တဏှာကြီးစိုးသောနေရာဖြစ်နေသည့်အတိုင်း စိတ်ချောက်ချားခြင်းဖြင့် ခန္ဓာ့အတွင်းဝင်ကာ



တောဝင်သမားကို မိမိစိတ်ကလည်း စစ်ကစားမည်။ သို့ဖြစ်ရာ -

၁/ ပထမတပ်မက သူ့ဆိုင်ရာ ကာမအာရုံကို ဂုဏ်တင်ပေးကာ ဝေဒနာကို အသက်သွင်းပေးကြမည်။ ယင်းသည် ဌာနေကတည်းက တွဲပါလာပြီး ဖြစ်ခဲ့ပြီ။

၂။ ဒုတိယတပ်မက ဓမ္မအာရုံအတွေ့ မမွေ့ချင်အောင် ဖြစ်ပေါ်လာစေကာ -

- ဌာနေတုန်းက ရပြီးသားစျာန်များဆိုက စျာန်အင်္ဂါများ ကတိမ်းကပါးဖြစ်သွားစေတော့သည်။

- ဌာနေတုန်းက ရပြီးသားဉာဏ်များဆိုကလည်း ဉာဏ်အပွင့်များ ကစဥ့်ကလျားဖြစ်သွားစေတော့သည်။

တောအရှိန်၏ဖိအား သတိထားအား ပြားပြားဝပ် ကျသွားခြင်းကြောင့်ပင်။

- ဤတပ်မနှစ်ခုအကြားရောက်ရှိသွားသော သင့်စိတ်ကလေးမှာ ဌာနေမှာတုန်းက တွေ့၍သာ စားသည်ဆိုသော တရုတ်ပဲငါးပိလေးကိုပင် ဤ၌အထူးတလည် သတိရနေပေရော့မည်။ အစားအသောက် ပြတ်လပ်လေ တွေ့ပြီးကြုံပြီးသော အစားအစာမျိုးစုံတို့ကို



www.burmeseclassic.com

www.burmeseclassic.com

အထူးသ လေလည်း ဖြစ်လာပေဦး တော့မ

ပုစဉ် တဏှာကား ကဲ - ငါ ပြေ ား ဘယ့်နှယ်ရှိစဖြင့် သင့်အား ထူ ပြုးပြလျက်ကသာ။

အကယ်တိတိ -

တောဝင်သမား သင်သည် အရ ခင်မှုမက လူခင်၊ ပစ္စည်းခင်အထိ ဦးသွားခဲ့ဖူးသူ ဖြစ်နေခဲ့ပါလျှင် -

သူမမြင်ရမှ သူနှင့်တွေ့လိုစိတ် များ တဖွားဖွားထကြွလာပေဦးရော့ မည်။

သူ့အတွက် ပြောစရာ၊ မှာစရာ စကားများကလည်း စိတ်ပါးစပ်များ များဝင်လာပါဦးတော့မည်။

ထိုအခါ တဏှာကား ကဲ - ငါ ပြောလား ဘယ့်နှယ်ရှိစဖြင့် သင့်အား ထော့ပြုံးပြုံး ရှုံးကြွေးချေလျက်ကသာ။ သည့်အတူ ဌာနေတုန်းက အသုံးမဝင် သဖြင့် မေ့ချင်ချင်ဖြစ်နေသော ပစ္စည်း များကလည်း ယခုသော် သူပါ သည်နေ ရာ အသုံးတည့်ပေ့ါဖြင့် အတွေးဝင်လာ ရော့မည်။ သူပါ သည်နေရာ စိတ်ချရ သည်ဖြင့်လည်း စိတ်မှတ်ချက်ချနေပေ ဦးတော့မည်။

ထိုအခါ တဏှာကား ကဲ - ငါ ပြောလား ဘယ့်နှယ်ရှိစဖြင့် သင့်ဘေး မှာနေ သင့်အား တို့လျက်စလျက်က သာ။ သည်အခါ ကာမကြောင့် မအီမ သာဖြစ်လာသော သင့်စိတ် ဓမ္မဘက် မျက်ရိပ်မပြတော့ပြီ။ ဓမ္မအပေါ် မမေ့ လိုခြင်း၊ မေ့လိုခြင်းတို့ဖြင့် သင့်စိတ် အလုပ်မဆင်းတော့ပြီ။

- ဓမ္မအလေ့ မမေ့လိုသော သင် တောဝင်သမား။

သူတို့၏ စစ်ပရိယာယ်ဖြစ်သော တောခြောက်ခြင်းကိုလည်း စင်းစင်းခံယူ ရပါမည်။

တဏှာ၏စစ်ပရိယာယ်ဖြစ်သော စိတ်ချောက်ချားခြင်းကိုလည်း စင်းစင်း ခံယူရပါတော့မည်။

- ရံတစ်ခါ လူအုပ်ကြီးတက်လာ ဟန့်အသံကြောင့် မျက်စိများပင် မမှိတ် ရဲပါ။

- ရံတစ်ခါ ဟိုမှသည်မှ အရောင် များ လက်ခနဲလက်ခနဲတို့ကြောင့် မျက် စိများပင် မမှိတ်ရဲပါ။

- ရံတစ်ခါ လူအုပ်ကြီး ငြာသံပေး ပြေးလာနေသည်ကြောင့် ထ၍ပင်ပြေးရ မတတ် ဖြစ်ပါသည်။

အချို့ သည်မှာတွင် တပ်ခေါက်



ပြန်လာခဲ့ကြရပြီး တဏှာ၏အလိုကျ တဏှာသို့ပန်းဘဖြင့်ပင် ဌာနေပြန်လည် ကာ ဝပ်ကျင်းဝပ်၊ ကာမအနှပ်ခံကြရရှာ သည်။

အချို့ကား တော၌ပင် မထူဇာတ် ခင်းကာ တဏှာအတွက် ပွဲတော်အုပ် ဆက်သွင်းပေးနေရရှာတော့သည်။

အကယ်တိတိ -

ပေနိုင်လွန်းသဖြင့် သူတို့၏ကစား ကွက် ကိုယ်နှင့်မပတ်သက်သလို နေပြပါ မူ -

- သူတို့သည် ကြောက်မှသာ ခြောက်သော အခြောက်တိုက်သမား များသာ ဖြစ်ကြချေရာ -

-သည်ကမမှုလျှင် သူတို့ကလည်း မတုတော့ပါ။

- သည်ကမယောင်လျှင် သူတို့က လည်း လက်ရှောင်တော့ပြီသာ။

- ထိုသို့ သူတို့နှင့် သင် ကင်းသွား သော်မှလည်း -

- မိမိအတွက် ရသမျှအချိန် ကုန်ခြေ ရစ္စာ အသုံးမချနိုင်သေးခြင်းကြောင့် စိတ် ဂနာမငြိမ် မမိရာ လိုက်လံချိန်နေတတ် ပြန်ပါသည်။ သည်အခါ-

၃/ တတိယမြောက်တပ်မ စိတ် ကစား အစားတောင်း ဆာလောင်ခြင်း က ခေါင်းထိုးဝင်လာပါတော့သည်။

ယင်းမှာ-

- ဝမ်းဟာလာသဖြင့် ဆာလောင် ခြင်း -

- စိတ်ပင်ပန်းလာသဖြင့် ဆာ လောင်ခြင်း -

- စားလိုရာစားခွင့်မရသဖြင့် ဆာ လောင်ခြင်း -

ဤဆာလောင်ခြင်းများက တတိ ယတပ်မကြီးတစ်ဖွဲ့အဖြစ် ဖွဲ့စည်းကာ သင်တောဝင်သမားအား ဆီးတား နှောင့်ယှက်ကြပါတော့မည်။ အတွေး များလေ ဆာလေ၊ စိတ်ကစားလေ ပို ပြင်းလေလေပင်။

- သင် ပေနိုင်လျှင်ပေ၊ မပေနိုင် ထေဖို့ရာသာကြံပေရော့။

**ဓမ္မေသက . . .**

- သင့်ပေနိုင်သည်ပဲ ထားဦး။

- တစ်ဖက်က ကာမကို သတိဖြင့် ပိတ်ဆို့ပြီးနောက် သည်ဘက်က ကျင့် လက်စ ဓမ္မမှာ စရဏကသာ ဖွံ့ဖြိုး ဝိဇ္ဇာ ကား ရှေ့တိုးမလာသော် -

- ဟာကွာ- တစ်ခါလာ မည်းပြာ ပုဆိုး၊ တောရောက်လာ ဘာမှလဲ မတိုး ဘူး။

- ဟာကွာ - ရွာတုန်းက စိုသ လောက်၊ ခုများဖြင့်ခြောက်လိုက်တာ။

ဤ သင့်အတွေးများက သင့်အား ငြာသံပေး၍ စာရေးဆိုနေကြတော့ရာ-

၄/ သင့်မှာ မပျင်းချင်ဘဲနှင့်ပျင်း၊ မဖျင်းချင်ဘဲနှင့်လည်းဖျင်းရပေဦးတော့ မည်။

ထိုစဉ် အပျင်းကား သဒ္ဓါသွေးကို အတွေးက ဘေးဖယ်ထားလိုက်သော ကြောင့် -

- အဖျင်းမှာ ဝီရိယဖဝါးကို အ တွေးက ရှေ့မှနေ ကြားထိုးခံထားလိုက် သောကြောင့် -

**ဓမ္မေသက . . .**

- ရှိရှိသမျှ ရန်ဘက်အားလုံးတို့ တွင် အတွေးရန်သည် ဘေးရန်ထက် အကြောက်ရဆုံး။

- ရှိရှိသမျှ အကြံပေးအားလုံးတို့ တွင် အတွေး၏ အကြံပေးသည် ဘေးရှိ အကြံပေးထက် အားကိုးစရာအကောင်း ဆုံး။

ဘာကြောင့် သင်မေးသော် -

- အတွေးတွင် ကောင်းရိပ်၊ ဆိုး ရိပ်၊ ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ် စေတသိက်အားလုံး အလိပ်လိုက်အလိပ် လိုက်လိုက်၍ တစ်ဖက်နှင့် ချိန်ကိုက်ပေး နေပြခြင်းကြောင့် - သို့ကြောင့် -

- ကြောက်စရာရှိ ကိုယ့်အတွေး ကအလုန့်က နှုတ်ခမ်းသတ်မရှိ ခြေဆန့် ပြနေခြင်းက အခြားထက် ပို၍ ကြောက် စရာကောင်း၏။ ပုန်းစရာမရှိလောက် အောင်ပင် လက်သံပြောင်၏။

- ကြိုက်စရာရှိ ကိုယ့်အတွေးက ပေးသော ကြိုက်စရာက ဘေးကလာ ပေးသော ကြိုက်စရာများထက် လက် ဆံရှည်၏။ ခဏနေပါပြီး ယူပေးပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com

စကားကိုပင် ပယ်အချခံရသေး၏။

**ဓမ္မေသက . . .**

-သို့ကြောင့် သင်၏တောဝင်သွေး အတွေးမပါမှ အရေးပြမည်ကို သတိပြုလေ။ သင်ကသာ အတွေးလက်မခံ၊ ဘေးဘက်ကရန်ကား ဟန်ပင် ပြသလိမ့်မည်မဟုတ်။

- ဧည့်သစ်တို့မည်သည် အိမ်ရှင် တံခါးဖွင့်ပေးမှသာ ဝင်ခွင့်ရသည်ကိုး။

အကယ်တိတိ -

- သင်က အတွေးကို အပေးလာသူထင်ပြီး သူမလာ ကိုယ်ကပင် မောက်ကြို့ကြို၊ သူလာသော် ကိုယ်ကလည်း ဖော်ဖော်ရွေရွေ အတွေးပို ပေးမိများနေပါက -

- အပျင်းက ဆင်းသက်လာသည်က အဖျင်း။ တစ်ဖန် -

၅/ အဖျင်းက ဆင်းသက်က အိပ်စက်ခြင်းကာမက သင့်ထိပ်ထက် တက်ရပ်ပြလာတော့သည်။

အင်း- ဘာမှအချိုးမပြောင်း အိပ်တာကမှကောင်းထင်ရဲ့ဖြင့် -

အင်း- အိပ်လိုက်မှ အားပြည့် ခါးခို့လည်း သက်သာလာမှာဖြင့် -

**ဓမ္မေသက . . .**

- သင်၏ဓမ္မအလုပ်လုပ်လိုခြင်း စေတနာဆန္ဒများဘက် အမှတ် (၅)၊ ထိနမိဒ္ဓတပ်မကြီး ချီတက်လာနေကြပြီကော။

- မာရ်မင်း၏တပ်မကြီးများဆို၍ ရုပ်ပြအမိန့်ခံ ကိုယ်ထင်ရန်များမဟုတ်ကြ။ သင့်စိတ်သို့ အမြကပ်နေကြသော အကုသိုလ်စေတသိက်များ၏အရိပ်ကျမျှသာ။

သို့ကြောင့် -

- ဤဆိုပြီးဆိုအံ့ မာရ်တပ်မကြီး ဆယ်တပ်တို့သည် လည်းကောင်း၊

- ပူးတွဲပါ ကာမစ္ဆန္ဒ စသည် အဆီးသမား အတားငါးဦးတို့သည်လည်းကောင်း -

- စိတ်ကပ်အကုသိုလ်များဖြစ်ကြလေသော လောဘ၊ ဒေါသ၊ မောဟ တပ်ပေါင်းစုကြီး၏ ရှေ့ပြေးတိုက်ကင်း အသေခံ အသင်းနှစ်သင်း ဖြစ်နေသည်ကို သင်ကြိုတင်သဘောပေါက်ထားလေဦး။

**ဓမ္မေသက . . .**

- သင်သည် တရားအားထုတ်မလို့ တောဝင်လာပါသည် ကြွေးကြော်ပြီးကာမှ -

၁/ အာရုံများအပေါ် ခင်မင်မှု အားကြီးနေမိခြင်းကြောင့်လည်းကောင်း၊

၂/ အာရုံရှင်များအပေါ် ခင်မင်မှု အားကြီးနေမိခြင်းကြောင့်လည်းကောင်း၊

**မှတ်ချက်** - *တောနေရှိ အာရုံသည် အစာမလုံလောက်ခြင်း၊ ကျောင်းမလုံလောက်ခြင်း နှစ်မျိုးရှိတတ်ကြသဖြင့် အာရုံရှင် ဆိုသည်မှာလည်း ယင်းဝတ္ထုနှစ်ပါးမျှသာ ဖြစ်တတ်သည်။*

၃/ ကိုယ့်ကိုယ်ကိုယ်ပင် ခင်မင်မှု (ညာတာမှု) အားကြီးနေမိခြင်းကြောင့်လည်းကောင်း၊

၄/ အအိပ်အစက်မက်နေမိခြင်း ကြောင့် လည်းကောင်း၊

ထိုစဉ် -

-ကျင့်စိတ်ကို လိုစိတ်က ပိတ်တားတားထားလေသောအခါ -

- ကျင့်စိတ်ကို ဖင့်စိတ်(မမွေ့စိတ်)က ပိတ်တားတားထားလေသောအခါ၊

- ကျင့်စိတ်ကို ဆာစိတ်က ပိတ်တားတားထားလေသောအခါ၊

- ကျင့်စိတ်ကို ပျင်းစိတ်က ပိတ်တားတားထားလေသောအခါ၊

တစ်ဖန်-

- ကျင့်စိတ်ကို အိပ်ချင်စိတ်က ထိပ်တက်၍ ပိတ်လျက်ကာဆီးနေသောအခါ တောခွင်အဝင်ဝ၌သာ ခြေချစဖြစ်နေသော ထိုသည့်သင် -

- ဗိုလ်များကလည်း မအား၊ အသွားစျာန်အင်္ဂါများကလည်း ခါးပြတ်နေသေးချိန်ဖြစ်သဖြင့် သည်အချိန် ထစ်ခနဲဆို တွေးစိတ်က ခြောက်၊ သစ်ရွက်ကြွေကျသည်ကိုပင် ခြေသံထင်ကြောက်နေတော့မည်။ ထစ်ခနဲဆို တွေးစိတ်က ဖန်ဆင်းပြ နေ့ခင်း၌ပင် အရိပ်မည်းကြီးများက တစ္ဆေကဲ့သို့ ပြသနေကြတော့သည်။

**ဓမ္မေသက . . .**

- ထိုကြောက်လန့်ခြင်းကို သင့်စိတ်က အဓိကနေရာမှနေ တာဝန်ယူပေးနေသည်။

- ခြောက်လှန့်ခြင်းကိုလည်း သင့်တွေးစိတ်ကပင် အဓိကနေရာမှနေ တာဝန်ယူပေးနေသည်။

- အခြားဘေးရန်များကား ဘေးမှနေ ရံပေးထားရုံမှတစ်ပါး သင့်အား တာဝန်မယူနိုင်။

ဤ၌ -

- သင်သတိထားသ[illegible]သာအရာတစ်ခု အားလုံးစု၍ မှတ်[illegible]ထားခဲ့ချင်သေး၏။ ယင်းမှာ အ[illegible]က်အလန့်သမားများ၏ ငယ်စာရင်း[illegible]ပြလိုခြင်းပင်။

ထိုသည် -

၁။ ကိုယ့်မပျော်စိတ်က ဟိတ်ခ၍ ခြောက်လှန့်ခြင်း၊

၂။ ဌာနေများ အခြေပျက် အနေခ[illegible]သဖြင့် ခြောက်လှန့်ခြင်း၊

၃။ နောက်ကြောင်းမကင်း နောက်ကြောင်းစာရင်းကိုင်က ဒိုင်လုပ်၍ ခြောက်လှန့်ခြင်း၊

၄။ မိမိကိုစောင့်ရှောက်နေသူကလည်း မိမိအရည်အချင်း စမ်းသပ်လိုခြင်းရှိသဖြင့် ခြောက်လှန့်ခြင်း။

**ဓမ္မေသက . . .**

- တောဝပေါက် အခြောက်ခံရခြင်းမှာ ဤလေးမျိုး တစ်မျိုးမျိုးကြောင့်ပင် ထို့ထက်လည်း မပို၊ ထို့ထက်လည်း မလျော့။ ထိုစဉ် . . .

**ဓမ္မေသက . . .**

- ကိုယ့်မပျော်စိတ်က ခြောက်တတ်ပုံကား အထက်ဆိုပြီးစကားဖြင့်ပင် နားလည်လောက်ပြီ။

ဤ၌ကား -

-တော၊တောင်၊မြေအမြဲနေသည့် ဌာနေများ၏ ခြောက်လှန့်ပုံက စ၍ပြောပြမည်။

- သူတို့သည် ဘုတရုပ်ထိန်းစေသည့် သင့်သီလ၏အရှိန်ကို မခံနိုင်ကြပါ။

- သူတို့သည် သင်ရှုလက်စ ဓမ္မသတ္တိဂုဏ်၏ အထုံအရှိန်ကို မခံနိုင်ကြပါ။

- ဘုရားလက်ထက်က တောကြီးဝင် ရဟန်းငါးရာကိုရှုပါ။ ထိုအခါ သူတို့၏လွတ်လပ်ရေး အဆုံးရှုံးမခံနိုင်သောကြောင့် သူတို့၏လွတ်လပ်ခြင်းကို -

- မေတ္တာဖြင့် လွတ်လပ်ရေးကြေညာမပေးခြင်းကြောင့်လည်း သင့်ကို အလိုမရှိကြပါ။

- သူတို့ရှိနေကြပါသည်ကို သင်က အသိမှတ်မပြုသောကြောင့်လည်း သင့်ကို အလိုမရှိကြပါ။ အလိုမရှိ အာခံ ရွာပြန်ပို့ရန်သာရှိတော့သည်။

ထိုအခါ -

- သင့်တွေးစိတ်ကို အရာရှိခန့်၍ သင့်အား ခြောက်လှန့်ခိုင်းကြပါလေ[illegible]မည်။



www.burmeseclassic.com

www.burmeseclassic.com

- ၄။တစ်ခု နောက်ကြောင်း မကောင်းတဲ့ ခြောက်လှန့်ခြင်း။

ၤ၅ ပြောစရာတစ်ဖုံ ကြုံလာပြီ။

၁င်းကား -

- နောက်ကြောင်းမကောင်းဆိုသည် မှာ ယိုက်နှင့်မကောင်းသည်ကို ရည်ညွှန်း၏ -

- သိုက်သည် မိမိ မိမိတို့ ခင်မင်စွဲပန်းရာ ငွေ သို့မဟုတ် ရွှေ စသည်များ မြှုပ်နှံထားရာဒေသတစ်ခု ဖြစ်၏။

- ထိုနေရာသို့ အလှည့်ကျစောင့်နေရသူများကား သိုက်စောင့် သို့မဟုတ် ဥစ္စာစောင့်များ ဖြစ်ကြ၏။ ယင်းကို -

- စာပေများ၌ ပြိတ္တာဟူ၍သုံးနှုန်း၏၊ ပြိတ္တာဆိုသည်ကား သေသည်၏ အခြားမဲ့၌ မိမိ ခင်မင်စွဲလမ်းရာ သားသမီး၊ ဇနီး စသည်များမှနေ အိုးအိမ်စသည် များပြားလှစွာသော ခင်ဘုတ်များကို သိမ်းကျုံး ပါဝင်စေ၏။

- ဤသိုက်၌ကား ရွှေငွေရတနာ ခင်မင်ရာတစ်ခုကိုသာ သီးခြားပြု၏။ သို့ကြောင့် ပြိတ္တာနှင့် သိုက်စောင့်သည် သစ်ပင်နှင့် သစ်ငုတ်ပမာ ဆင်၏။

- သစ်ပင်ကို ပြောခွင့်ရလျှင် သစ်ငုတ်ကိုလည်း ပြောခွင့်ရသင့်၏။ သို့စဉ်လျက် စာပေ၌မပါသော သိုက်အကြောင်း (ဥစ္စာစောင့်အကြောင်း) ပါလာသော် လက်မခံနိုင်ဆိုသော တစ်ယူပိတ်ဘာဏ်သည် တစ်ဖက်သတ်ဆန်လွန်းနေပြီ ဆိုရမည်။

ဤနေရာ၌ ကျေးဇူးရှင် ဝေဘူ ဆရာတော်ကြီးကား ငါတို့ကဲ့သို့ ဒွဲဖြင့်ထိုး၍ ဒွဲအတိုင်းစကားမပျိုးဘဲ သူတို့က သူတို့ကဖြင့်သာ ပြီးပြေစေ၏။

- သူတို့က ဆိုတာလည်း သိုက်စောင့်များပါပဲ။

-ပြိတ္တာဆိုတာလည်း သိုက်စောင့်များပါပဲ။

-ဝက်သားဟင်း၊ ကြက်သားဟင်း မပြောလိုက် မံသဟင်းပြောပြတိုင်းသည်နှင့် ဘာမှမခြားနား။

-ပြောစရာအတွက် ရှေ့ဆက်ကြဦးစို့။

**ခမွေ့သက . . .**

၁/ သင်သည် သိုက်ထွက်လူသားလည်း ဖြစ်နေမည်။

၂/ ထိုင်ထွက်ရပ်ထွက်ထွက်ခွင့်ရသူမဟုတ်။ အိပ်ထွက်ဖြင့်ထွက်လာခဲ့ရသူလည်းဖြစ်မည်။

၃/ သစ္စာကျိန်စာဆို၍ နဂိုနေရာမှန်ပြန်လာပါမည်ဟူ၍ ကတိခံခဲ့သူလည်း ဖြစ်နေမည်။

-ထိုသုံးချက်နှင့်ပတ်သက်နေပါက သင့်အား -

- အချိန်စေ့ ဂတိနိမိတ်ဝေ့၍လေ့ခေါ် မရမည်ကိုလည်း စိုးရိမ်သည်။

- လေ့ခေါ်၍လာ သူတို့ထက် အရှိန်ပါဝါ အာဏာသာမည်ကိုလည်း ထိတ်လန့်သည်။

- ယခု သင် သိက္ခာရှိန်ထက်လာပါက သူတို့မသက်သာမည်ကိုကား ပို၍ပင် တုန်လှုပ်နေကြပြီ။

ထိုအခါ -

- သင့်အတွေးစိတ်ကို ကိုယ်စားလှယ်ခန့်၍လှန့်ကြတော့မည်မှာမမွတာ။

-သင့်စိတ်ကြောက်၍သင်ကြောက်သူတို့ နောက်ထပ် ခလောက်မည်မှာလည်း ဧကန်သာ။

- နောက်တစ်မျိုး မိမိအား စောင့်ကြပ်နေသူများက သွေးတိုးစမ်းခြင်း -

- ယင်းကိစ္စကား အမိဌာန်ကာလပိုင်းများ၌ ပို၍ ရင်ဆိုင်ရတတ်၏။ ယင်းမှာ -

က - သင်သည် သင့်စကားသင် ဘယ်လောက်ရှိသေသနည်း။

ခ - သင်သည် ကျင့်ဆဲတရားတော်၏ဂုဏ်သတ္တိအပေါ် ဘယ်လောက် ယုံကြည်သနည်း။

ဂ - သင်သည် ဆရာသမားများ၏စကား ဘယ်လောက်နားဝယ်ထားသနည်း။

ဤသုံးချက် မှတ်ချက်ယူရန် ဖြစ်သည်။

- စောင့်ဖမ်းဖမ်း စမ်းတတ်သော နေရာမျိုးမှာ -

အဓိဌာန်ကာလ၏သုံးချိုးချိုး နှစ်ချိုးအထိ ခရီးပေါက်လာစဉ်မျိုး၌ပင် -

- စမ်းကြည့်ကြည့် ကလိတတ်သောအရာမျိုးကား -

- ထိုင်လက်စအချိန်ဝယ် မဖျက်လျှင် မဖြစ်နိုင်လောက်သည့် အရေးပေါ်ကြီးများလည်း ဖြစ်နိုင်သည်။

- အဓိဌာန်ကာလအကြား မသွားမဖြစ်နိုင်လောက်သည့်နောက်ပိုး အရေးပေါ်ကြီးများလည်းပေါ်ပေါ်လာနိုင်သည်။ ထိုအချိန်မျိုးဝယ် -

- မျက်စိမှိတ်၍ အဓိဌာန်ကိုသာ ဖက် အားလုံး ပြေညက်မည်။ အကယ်တိတိ - တစ်ဖက်ငဲ့ကွက်လျက် အဓိဌာန်ဖျက် အားလုံးပင် အခက်တွေ့တော့သည်။

သည်သို့သော ခွေးဖြူတောမတိုးမျိုး နောင်သောအခါ မည်သို့ပင် အဓိဌာန်ပွဲတိုးနေစေ မည်သူကမျှ ယုံတော့မည် မဟုတ်ချေ။

**ခမွေ့သက . . .**

- ဤဆိုခဲ့ပြီး ကြောက်လေးလုံးတို့သည် -

သင့်စိတ်တရား၌မမွေ့ခြင်း၊ ပျင်းရိခြင်း၊ ဆာလောင်ခြင်း၊ ထိုင်းမှိုင်းခြင်းများကို ခြေကုပ်ယူ၍ တစ်ဖက်လူ အကူဝင်လာခြင်းများပင်ဖြစ်ရာ သင့်အဖို့ -

- တောဝင်စမုဆိုး တောမကျွမ်းသေးက ဆင်တိုး၍ အသေဆိုးဝင်တော့သည့်ပမာလည်း ဖြစ်လာတတ်စွာ၏။ သို့တည်းမဟုတ် -

- တောဝင်စမုဆိုး တောအဝင်စိုင်သင်အပြ ယူခွင့်ရသောကြောင့် တောလည်းကျွမ်း၊ တောတောင်ကိုလည်းထမ်းပြန်ပမာလည်း ဖြစ်လာတတ်စွာ၏။

- အရေးကြီးဆုံးမှာ -

- သီလကို အခြေယူ၍ သင်ပေပေတေတေနေပြတတ်ဖို့သာ။

- ငပေငတေ လူလေလူလွင့်သာ အမည်ခံခွင့်ရှိသည်မဟုတ်။

ငပေငတေအမည် လူလေးနှင့် လူမြင့်လည်း ခံခွင့်ရှိသည်သာ။

**တောဝကနေ လက်မှတ်စစ်လေသူများ**

**ခမွေ့သက . . .**

- ဆိုခဲ့ပြီးသော အာရုံမင်မှ ကြောက်စိတ်ဝင်အထိ တပ်မခြောက်မျိုးတို့သည် တောဝင်စများကို တောစမှနေဆီးကြိုနေသည်များ ဖြစ်ကြသည်။

- သင့်နောက်၌ ဗိုလ်ငါးပါး ဖဝါးထပ် လိုက်၊ မလိုက် ဆီးကြိုနိုက်ကြည့်နေခြင်းများ ဖြစ်ကြ၏။

- သင့်လက်၌ ဈာန်အင်္ဂါငါးပါး ပြည့် ရှိ မရှိလည်း ဆုပ်ကြည့်၊ ဖြန့်ကြည့်နေကြ၏။ သင့်နောက်၌-

- ဗိုလ်မပါ လိုရာသွားခွင့်ပြုလိမ့်မည် မဟုတ်ချေ။

- ဈာန်အင်္ဂါမပြည့်ဝ နေလိုရာဒေသ နေခွင့်ရမည်လည်း မဟုတ်ချေ။

**ခမွေ့သက . . .**

-ထို ဗိုလ်နှင့် ဤ ဈာန်အင်္ဂါများသည် ပါရမီစခန်း မည်သည့်လမ်းက ဖမ်းတက်တက် သူတို့မပါ အဆင့်မတက်။



www.burmeseclassic.com

www.burmeseclassic.com

- ပါရမီသည် သူတို့တက်ရာလမ်း၊ သူတို့သွားရာစခန်း။

- ဗိုလ်နှင့် ဈာန်များကား စိတ်မည်းတူ ဖြူအောင် လေ့ကျင့်ပေးမည့် အမှုထမ်း။

**ဓမ္မသက . . .**

• ထိုသို့ ဗိုလ်နှင့် ဈာန် ပါရမီ၌အခြေခံရမည်ဖြစ်ရာ -

၁/ သဒ္ဓါအားအလွန်ကောင်းမှ ဝိတက်ဈာန် နေရာမှန်ရသည်။

၂/ စိတ် ဝီရိယ ကောင်းမှ ဝိစာရဈာန် ကပ်ယူ သုံးသပ်ပုံ နေရာမှန်သည်။

၃/ သတိအားပြည့်မှလည်း ပီတိဈာန် အရည်လျှံကာ တက်သာသည်။

၄/ သမာဓိအားရှိမှလည်း သုခဈာန် ဟန်ဟန်ပန်ပန် ဖြစ်လာမည်။

၅/ ပညာအခြေပါမှလည်း ဧကဂ္ဂတာဈာန် ရွှေရတနာပန်ရသည်။

- တစ်ဖန် ဈာန်ဖြင့်ခံ ဗိုလ်တို့ကို ဝေဖန်ရပါမူ -

၁/ ဝိတက်ဈာန်က အာရုံတစ်ခုထင်သထက်ထင်စွာ ပြုစုပေးမှ သဒ္ဓါက ဗိုလ်အရာခံရမည်။

၂/ ဝိစာရက အထင်မှ အထင်းအလင်းအထိ ဖြည့်စွက်ပေးမှ စိတ်၊ ဝီရိယ ဗိုလ်အရာရမည်။

၃/ ပီတိက အလုပ်အပေါ် နှစ်သက်အားရ သဘောကျလာမှ သတိလည်း ဗိုလ်အရာရှိဖြစ်ပါမည်။

၄/ သုခက ကိုယ်ချမ်းစိတ်အေးလုပ်ကွက်နှင့် အလုပ်သမားအားပေးနေမှ သမာဓိလည်း ဗိုလ်နေရာရှိမည်။

၅/ ဧကဂ္ဂတာက တစ်ခုဆိုတစ်ခု အထိုင်ချ၍ ရှုပေးနေမှလည်း ပညာမှာ ဗိုလ်အရာ ခံယူရရှိမည်။

- ဗိုလ်ဆိုသည်က စိတ်တန်ခိုး စိတ်သတ္တိများ၏အား။

- ဈာန်ဆိုသည်က စိတ်မည်းတူ ဖြူအောင် ချေးချွတ်ပေးသော ကိရိယာ။

သို့ကြောင့် -

- ဈာန်နိုးမှ ဗိုလ်ဖြစ်မည်။ ဗိုလ်ရှေ့တက်မှလည်း ဈာန်အင်္ဂါ ထက်မြက်မည် ဆိုသော ဈာန်နှင့်ဗိုလ်တို့၏ အပေးအယူကို သင်ကြည်ဖြူစွာလက်ခံပါလေ။

**ဓမ္မသက . . .**

- သင်သည် ဤဆိုခဲ့ပြီးသော ဗိုလ်နှင့် ဈာန်တို့ကို အခြေခံ၍ တောအခြေ လူမှန်နေရာမှန်ရရန် တောဝမှ နေကာ ဆီးကြိုစစ်မေးနေကြသည့် အထက်ပါ တပ်မကြီး ခြောက်မျိုးတို့



အပေါ် အမြောက်မိုးကြီးရွာချရန် သင်ကြိုးစားရတော့မည်။

ထိုသို့ ကြိုးစားရာတွင် -

၁/ သီလသည် သင့်သက်တော်စောင့်များကဲ့သို့ သဘောထား မွေးစားလေ။

- ရဟန်းဖြစ်က ရဟန်းသီလ စိတ် မညှိုး ကိုယ်မဖောက် နှုတ်မပေါက် အောင် စောင့်ရှောက်။

- လူဖြစ်က လူ့သီလ စိတ်မညှိုး ကိုယ်မယိမ်း နှုတ်ပါငြိမ်းအောင် ထိန်းသိမ်း။

၂/ တစ်ဖန် ဂုဏ်တော်နှင့် မေတ္တာကို အိတ်ဆောင်လက်နက်ကဲ့သို့ သင်အားကိုး။

၃/ ကျင့်မြဲကျင့်စဉ်ကိုကား ကွင်းလယ်တွင် တိုက်ပွဲဝင်နေသော လက်နက်ကြီး-သေးစုံများကဲ့သို့ မနေမနားစိတ်စားကျက် မပျက်အောင်ထား ပွားများ။

၄/ သတိ၊ ဝီရိယ၊ အသိ၊ သိက္ခာတို့ကိုကား သင်နှင့်အတူ တိုက်ပွဲဝင်ရဲသုံးဘော်လို လက်ကိုင်ထား။

**ဓမ္မသက . . .**

- ထိုကျင့်စဉ်ထဲ၌ ဈာန်များရောဗိုလ်များပါ ပါဝင်တိုက်ခိုက်ပေးနေကြသည်ကိုလည်း သင်သတိပြုခဲ့ဦး။ သို့မှသာ -

- သင်၏ တောဘက် ထွက်လာခြင်းသည် -

-တဏှာကတောထုတ်၍မဟုတ်၊ သင်၏ကိုယ်ပိုင်အလုပ်ဖြစ်လာပေတော့အံ့။

- တဏှာက သင့်ကို သတ်ရန်အလှည့်မဟုတ်။

- သင်ကသာ တဏှာကိုသတ်ရန် အလှည့် ဖြစ်လာပေမှာ။

**ဓမ္မသက . . .**

-တောပရိယာယ်သညင်ထက် အရာကျယ်၏။

- ဆင်က ဆင်ကြံကြံ၍ ဂဝင်မုဆိုးကို သတ်ဖို့ ကြံစည်ရာ၌ ဘစ်ကောင်းတည်းရှိ မောဟ ထိန်း ငေ့က် က ဆင်ဉာဏ်တစ်ခုမျှသာ သူ့၌ အငှါ ပါ၏။

- တောက တောဟိတ်ဆင်၍ တောဝင်ကိုသတ်ဖို့ (ဖျက်ဆီးဖို့) ကြံရာ၌ကား -

- သူတွင်မက အများလည်းပါ၏။ မောဟအသုတ်ချည်းမဟုတ်၊ ကျန်အသုတ်များလည်း ပါ၏။

သို့ကြောင့် -

- ထိုသင်သည် စစ်မြေပြင်ရောက်နေသော စစ်သားကောင်းတစ်ယောက်ပမာ စားစား သွားသွား နားနား နေနေ စိတ်ကိုကား မည်သည့်ကာလမျှ အနားမပေးလေနှင့်။

- သတိကိုကင်းစောင့်နေရာထား၍စား။

- ဝီရိယကို ကတုတ်ကျင်းတူးနေရာထား၍စား။

-အသိကို ရန်သူအကဲခတ်သမား နေရာထား၍စား။

-သည့်အတူ သွားရာ၊ နားနေရာများ၌လည်း သူတို့နှင့်စိတ် အမြဲတွဲချိတ်ထား။

- စစ်မြေပြင်ရောက် စစ်သားကောင်းတစ်ယောက်သည် -

- မျက်စိကိုလည်း အမြဲဖွင့်ထား၏။ နားကလည်း အမြဲစွင့်ထား၏။ ခြေသွားများကလည်း ဖွဖွနင်း သတိအမြဲသွင်းထည့်ထား၏။ လက်ညှိုးများကလည်း လက်နက်၏ခလုတ်ထဲ အမြဲသွင်းလျှိုပေးထား၏။ လက်နက်ကလည်း အသင့်ကျည်ထိုး၊ အသင့်ပြောင်းလှည့် ရန်သူဘက် အမြဲချိန်ထား၏။ စစ်မြေပြင်သည် အသက်ချင်းလဲရမည့်နေရာဖြစ်နေခြင်းကြောင့် ဆိုသည်ကို သင်သတိပြု။

- တောမကျွမ်းတောဖမ်းခံရမည်။

- ငပေ ငတေမပါ တောခါခံရပေဦးမည်။

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥဒေသချမ္မသာမိတော်)



www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း

# ဖုံ့စား
# လိုးစား
# မီးအပွား
# ဆိုးတားမထားလျှင်



နွေဦးတစ်ည နေခင်းတွင် ကျွန်တော့်တပည့် ရောက်လာပါသည်။ လက်ထဲတွင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးဖွဲ့သော 'ကဗျာ့ဘဏ်တိုက်' စာအုပ်ပါလာပါသည်။ ကျွန်တော်တို့သည် ဝါးရုံရိပ်တွင်ထိုင်လျက် စကားပြောကြပါသည်။ ကျွန်တော့်တပည့်က ဦးစွာ စကားစပါသည်။

"ကျွန်တော် မနေ့ညက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးဖွဲ့တဲ့ ကဗျာ့ဘဏ်တိုက်ထဲက 'လောင်မီးအမြိုက် လက်ပိုက်ကြည့်နေခဲ့သော်' ဆိုတဲ့ကဗျာကို ဖတ်ဖြစ်ခဲ့ပါတယ်။ အဲဒီကဗျာကို ဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် တာဝန်မကျေသလို ခံစားရပါတယ်"

"ကဗျာ့ခေါင်းစဉ်က အတော့်ကို စိတ်ဝင်စားဖို့ကောင်းတယ်။ 'လောင်မီးအမြိုက် လက်ပိုက်ကြည့်နေခဲ့သော်'တဲ့။ မီးလောင်တာ လက်ပိုက်ကြည့်နေရင် ဘာဖြစ်သွားမလဲ။ တာဝန်မကျေတဲ့သူဖြစ်သွားမှာပေါ့။ အဲဒီတော့ တာဝန်ကျေတဲ့သူဖြစ်ချင်ရင် တို့တစ်တွေဟာ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ မီးကို ငြိမ်းအောင်ငြိမ်းရမှာပေါ့။ ရေနဲ့လည်းပက်ရမှာပေါ့။ သဲနဲ့လည်းပက်ရမှာပေါ့။ ဆရာတော်ဘုရားကြီးက တို့တစ်တွေကို တာဝန်ကျေတဲ့သူတွေဖြစ်စေချင်လို့နေမှာပါ။

ကဲ - အဲဒီကဗျာကို ဖတ်ပြပါဦး"

"ဖတ်ပြပါ့မယ် ဆရာ။

## လောင်မီးအမြိုက်
## လက်ပိုက်ကြည့်နေခဲ့သော်

ဘုရားတိုင်းက ဆိုဆုံးမသည့်
အနုဝါဒ၊ နုယာတကြောင့်
ပညာ့အကျော်၊ မြတ်မဟော်တို့
စည်းကျော်လမ်းဖျက်၊သူလုပ်ရက်ကို
နှုတ်ထွက်ဖင့်နွေး၊ မဟာနဲ့သေးထင်။

❖ တို့လျှင် ကိုးစား၊ တို့ဘုရားလျှင်
များဖျင်လှိုင်လှိုင်၊ ဝါဒကိုင်တို့
ယှဉ်ပြိုင်ပုတ်ခတ်၊ သူ့အသတ်ကို
နှိပ်ကွပ်ရင့်ကြွေး၊ ဆုံးမပေးဖြင့်
ဆိုရေးရှိက၊ ဆိုအပ်စွရှင့်။

❖ တစ်ဖန်နောက်ရှိ မောဂ္ဂလိလည်း
သူ၏စက်ကွင်း၊ ပြိုင်ဘက်ခင်းအား
ဖယ်ရှင်းသောငှာ၊ ဉာဏ်မဟာဖြင့်
ကထာဝတ္ထု၊ ကျမ်းပေါင်းပြုလျက်
ထောင်းထုရင့်ကြွေး၊ ဆုံးမသေးရှင့်။

❖ ငါတို့မျက်မှောက်၊
တစ်ခေါ်လောက်က
ထွန်းတောက်ဉာဏ်ဆီ၊
ထက်ခေါင်ချီသည့်
လယ်တီဘုရား၊ ရှင်ချစ်သားလည်း
သူ့နားရှေ့မှာ၊ မြင်အပ်ရာတွင်
ဘာသာလည်းမှောက်၊
လူလည်းဖောက်လျက်
နှောင့်ယှက်မျိုးခြား၊ အကျင့်များကို
ရေးသားထက်မြက်၊
ကျမ်းလက်ထွက်ဖြင့်
ချေဖျက်ရင့်ကြွေး၊ ဆုံးမသေးရှင့်။

❖ ဤသို့ပင်လျှင်
ကိုယ်တွင်ကျလာ ကိုယ့်ဝန်တာကို
ဉာဏ်မှာကတုတ်၊ ချွန်းအုပ်အသိ
သတိတစ်ဖန်၊ ဘယ်ညာကန်လျက်
ဝိုင်းရံဖျက်ခင်း ဖယ်တွင်ရှင်းရန်
ကျွန်ခွင့်ပန်သည်
နောက်ခံမျိုးဆက် တက်ရန်ကို။

❖ အကယ်၍သာ
ကျရာတာဝန်၊ မကျေပွန်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

လူကွဲခြေထား၊ သူ့အလား၏
လမ်းသွားတုဖက် လူအတက်
ခါတွက် မတွက်လျှင်။
*ဖွဲ့စား လှီးစား မီးအပွား ဆီးတား မထား လျှင်*
နောင်စဉ်ကာလ လူ့ဘဝသို့
ခဏမျှသာ သင်ရောက်လာသော်
ဘာသာလည်းပျောက် မျိုးလည်းပျောက်
ကွန်းထောက်မတွေ့ပြီ"

"ကောင်းလိုက်တာ တပည့်ရယ်။ တို့သာသနာ၊ တို့လူမျိုးရဲ့ နောင်ရေးကို မျှော်တွေးပြီးရေးဖွဲ့တဲ့ကဗျာပဲ"

"ဒါထက်ဆရာ၊ ကဗျာထဲမှာပါတဲ့ 'ဘုရားတိုင်းက ဆိုဆုံးမသည့် အနုဝါဒ နူယာတကြောင့်' ဆိုတာကို ကျွန်တော် သဘောမပေါက်ဘူး ဆရာ"

"ဘုရားတိုင်းက ဆိုဆုံးမတဲ့ ဩဝါဒပါတိမောက် ဆိုတာ ရှိတယ်။ ဩဝါဒပါတိမောက်ရဲ့ တတိယဂါထာက -

အနူပဝါဒေါ၊ အနူပဃာတော၊
ပါတိပါမောက္ခေ စ သံဝရော၊
မတ္တညုတာစ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေစ အာယာဂေါ
ဧတံ ဗုဒ္ဓါနသာသနံ။

လို့ ဆိုထားတယ်။ အဲဒီဂါထာကို မဟာစည်ဆရာတော်ဘုရားကြီးက-

သူ့ကိုစွပ်စွဲ၊ ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ လုံးဝလုံစေ။
အစာ၌လည်း သိမြဲ တိုင်းရှည်၊
လူသူဆိတ်တောင်း တောကျောင်း မှာနေ၊
စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ
ဤခြောက်ပါးဘုရားဆုံးမပေ'

လို့ နိဿယပြန်ထားတယ်။ အဲဒီဂါထာမှာ 'အနူပဝါဒေါ အနူပဃာတော' ဆိုတာကို တပည့်သတိပြုမိမှာပေါ့။ အနူပဝါဒေါ ဆိုတာ နှုတ်နဲ့မစွက်ဖက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ အနူပဃာတော ဆိုတာ ကိုယ်,စိတ်တို့နဲ့ မညှဉ်းဆဲခြင်းလို့ အဓိပ္ပာယ်ရတယ်။ရဟန်းဆိုတာ သူတစ်ပါးကို နှုတ်နဲ့လည်း မစွက်ဖက်ရဘူးတဲ့။ ကိုယ်,စိတ်နဲ့လည်း မညှဉ်းဆဲရဘူးတဲ့။ ရှင်တော်ဘုရားက အဲဒီလိုဆုံးမထားလို့ ရဟန်းတော်တွေက သာသနာတော်ကို စည်းကျော်လမ်းဖျက် လုပ်လာတာကို မဟန့်တားသေးတာလားလို့ ဆိုလိုပါတယ်။ ဆရာတော်ဘုရားကြီးရေးဖွဲ့တဲ့ 'အနူဝါဒ၊ နူယာတကြောင့်'ဆိုတာ ဆရာ ရွတ်ပြခဲ့တဲ့ဂါထာမှာပါတဲ့ အနူပဝါဒေါ၊ အနူပဃာတောကို ဖွဲ့ထားတယ်လို့ ဆရာထင်တယ်"

"ရှင်းပြပါဦး ဆရာ"

"ပြောလက်စနဲ့ ဆရာပြောပါဦးမယ်။ တပည့်ပဲစဉ်းစားကြည့်လေ။ ဆိုရေးရှိက ဆိုအပ်လှသတဲ့။ ဆိုစမျှားလျှားထားပချေမိ ငါ့ဝန်ရှိခဲ့တဲ့။ ဆိုစရာရှိတာကို မဆိုဘဲထားခဲ့ရင် ကိုယ့်ဝန်ကိုယ့်တာဖြစ်မှာပါတဲ့။ ဘုရားရှင်တော်မှ ဝါဒပြိုင်လာတဲ့သူတွေကို ဟောချေချွတ်ရတာပဲတဲ့။ ဆရာတော်ဘုရားကြီးက အဲဒါကို ဖွဲ့ဆိုထားတာပါ။ သာသနာသမိုင်းကိုပြန်ကြည့်ပါ။ တာဝန်သိသူတွေက သာသနာတော်ကို နှောင့်ယှက်တဲ့ အနှောင့်အယှက်တွေကို တုံ့ပြန်တွန်းလှန်ခဲ့တာပဲ။ တပည့်ဖတ်သွားတဲ့ 'တစ်ဖန်နောက်ရှိ မောဂ္ဂလိလည်း' ဆိုတဲ့ အပိုဒ်ကို ပြန်ဖတ်ပြပါဦး"

"ဖတ်ပြပါ့မယ် ဆရာ။

*တစ်ဖန်နောက်ရှိ၊ မောဂ္ဂလိလည်း*
*သူ၏စက်ကွင်း၊ ပြိုင်ဘက်ခင်းအား*
*ဖယ်ရှင်းသောငှာ၊ ဉာဏ်မဟာဖြင့်*
*ကထာဝတ္ထု၊ ကျမ်းပေါင်းပြုလျက်*
*ထောင်းထုရင့်ကြွေး၊ ဆုံးမသေးရှင့်။*

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက သာသနာမှာပေါ်ပေါက်လာတဲ့ အနှောင့်အယှက်တွေကိုထောင်းထုဆုံးမခဲ့တယ်လို့ ရေးဖွဲ့ထားတယ်။

ဒါထက် ဆရာ၊ အဲဒီထဲမှာပါတဲ့ 'ကထာဝတ္ထုကျမ်းပေါင်းပြုလျက်' ဆိုတာကို ကျွန်တော် သဘောမပေါက်ဘူး ဆရာ"

"ကထာဝတ္ထု ဆိုတာ အဘိဓမ္မာ (၇) ကျမ်းမှာပါတဲ့ ကျမ်းတစ်ကျမ်းပေါ့။ အဘိဓမ္မာ (၇) ကျမ်းကိုတော့ တပည့်သိမှာပေါ့။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမကကျမ်းနဲ့ပဋ္ဌာန်းကျမ်းတွေပေါ့။ ကထာဝတ္ထုကျမ်းကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးကဟောခဲ့တာပါ"

"ပြောပြပါဦး ဆရာ"

"အာသောကမင်းတရားကြီးလက်ထက်မှာ သာသနာတော်မှာ ဖြစ်ပေါ်နေတဲ့ ရှုပ်ထွေးပွေလီမ်မှုတွေကို ဖြေရှင်းဖို့ ဂင်္ဂါမြစ်ညာမှာ သီတင်းသုံးနေတဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးကို ပင့်ပါတယ်။ သုံးကြိမ်သုံးခါပင့်တော့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးကြွလာပါတယ်။ မထေရ်ကြီးဟာ အသောကာရုံဝင်းတော်ကို မကြွသေးဘဲ ဥယျာဉ်တော (၇) ရက် သီတင်းသုံးပြီး မင်းတရားကြီးကို အယူဝါဒတွေ သင်ပေးပါတယ်။ နောက်မှ ကျောင်းတော်ကိုကြွပြီး သံဃာတော်အားလုံး စည်းဝေးစေပြီးနောက် သံဃာတစ်ပါးစီကို တင်းထိမ်အရံအတားကို ဝင်စေပြီး ဗုဒ္ဓဝါဒကို မေးမြန်းတော်မူပါတယ်။ 'မြတ်စွာဘုရားဟာ ဘယ်ဝါဒီလဲ' ဆိုတဲ့ မေးခွန်းကို မေးပါတယ်။ အဲဒီလိုမေးတော့ တိတ္ထိဘောင်ကဝင်လာတဲ့ ရဟန်းတွေက မိမိတို့ယူထားတဲ့အယူအတိုင်း ဖြေကြပါတယ်။ အဲဒီရဟန်းတွေရဲ့အဖြေကို ဗုဒ္ဓဝါဒကို သင်ယူတတ်မြောက်ပြီးဖြစ်တဲ့ အသောကမင်းတရားကြီး ကြားလေတော့ အဲဒီရဟန်းတွေကို ရဟန်းကောင်းမဟုတ်၊ မိစ္ဆာဒိဋ္ဌိအယူရှိသူတွေပဲဆိုပြီး အဝတ်ဖြူလဲစေပြီး နှင်ထုတ်စေပါတယ်။ 'မြတ်စွာဘုရားရှင်ဟာ ဝိဘဇ္ဇဝါဒီဖြစ်တယ်'လို့ ဖြေကြားတဲ့ ရဟန်းတွေကိုတော့ အဲဒီရဟန်းတွေဟာ ရဟန်းအစစ်တွေဖြစ်တော်မူတယ်ဆိုပြီး ကောင်းမွန်စွာ သီတင်းသုံးတော်မူပါတယ်။

အဲဒီလိုလုပ်ဆောင်လို့ သံဃာစင်ကြယ်သွားတဲ့အခါ ရဟန်းတော်တွေကို တညီတညွတ်တည်း ဥပုသ်ပြုစေပြီး အဲဒီအစည်းအဝေးမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က နောင်အခါမှာ သာသနာတော်မှာ မလိုလားအပ်တဲ့ ဘေးအန္တရာယ်တွေ မပေါ်ပေါက်စေဖို့ ကထာဝတ္ထုကျမ်းကို ဟောတယ်လို့ဆိုပါတယ်။ ဒါကြောင့်မို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'ကထာဝတ္ထုကျမ်းပေါင်းပြုလျက် ထောင်းထုရင့်ကြွေး ဆုံးမသေးရှင့်' လို့ ရေးဖွဲ့ခဲ့တာပေါ့"

"ဆရာ အခုလို ရှင်းပြမှပဲ သိပါတော့တယ် ဆရာ"

"ကထာဝတ္ထုကျမ်းကို တပည့်တို့ ဖတ်သင့်ပါတယ်။ ပါဠိတော်-မြန်မာပြန် ရှိနေပြီဆိုတော့ ဖတ်လို့ရပြီပေါ့။ ကထာဝတ္ထုကျမ်းထဲမှာ ပြောစရာဆိုစရာတွေ၊ ဆွေးနွေးမေးမြန်းကြတာတွေ၊ အငြင်းအခုံဖြစ်ရာ Points တွေကို ပြတာဖြစ်လို့ ယင်္ဂမျိုးမင်းကြီးက ဦးရွှေစံအောင်က Points of Controvensy လို့ မြန်မာပြန်ခဲ့တယ်"

"ကျွန်တော် ကြိုးစားပြီး ဖတ်ပါ့မယ် ဆရာ"

"နောက်တပည့်ဖတ်သွားတဲ့အ



www.burmeseclassic.com

www.burmeseclassic.com

# သွားရောက်ဖူးမြော်သင့်သော ဗန္ဓုသေလာဆံတော်ရှင်စေတီတော်

## တက္ကသိုလ်ဝင်းမြင့်

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်သည်မှာ အိန္ဒိယနိုင်ငံရှိ မဇ္ဈိမဒေသတွင် ဖြစ်ပါသည်။ မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော် ပေါ်ထွန်းခဲ့သော်လည်း နောက်မှောက်ကာလတွင် ဗုဒ္ဓသာသနာတော် အထွန်းကားဆုံးမှာ မြန်မာနိုင်ငံနှင့် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သာသနာအထွန်းကားဆုံးဖြစ်ရသည်မှာ မြန်မာနိုင်ငံသည် ရှေးရှေးသော ဘုရားရှင်တို့နှင့် ဂေါတမဗုဒ္ဓဘုရားရှင်တို့ကိုယ်တိုင် ကြွရောက်တော်မူရာ နယ်မြေဒေသများဖြစ်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင်းရှိ နယ်မြေဒေသအသီးသီးတို့သည် ဗုဒ္ဓဘုရားရှင် နှစဉ်တော်ကာလအတိတ်ဘဝတို့၌ ပါရမီဖြည့်ကျင့်ခဲ့ရာဒေသဖြစ်ခဲ့ခြင်း၊ ဘုရားရှင်၏ အတိတ်ဘဝများ၌ ဆွေမျိုးတော်စပ်ခဲ့သူများမှ ပေါက်ဖွားဆင်းသက်လာသူများ မြန်မာ့ရေမြေဒေသအသီးသီးတို့၌ ရှိနေကြခြင်းကြောင့် မြန်မာနိုင်ငံတွင် ဘုရားရှင်၏ သာသနာတော် အထွန်းကားဆုံးဖြစ်ရခြင်းဟူ၍ စာရေးသူခံယူမိပါသည်။

ဂေါတမဘုရားရှင်သည် မြန်မာနိုင်ငံအတွင်းရှိ နယ်မြေဒေသအသီးသီးသို့ အကြိမ်ကြိမ်ကြွရောက်တော်မူခဲ့ပါသည်။ စေတီပုထိုးသမိုင်းများ၌ ဘုရားရှင် တစ်ပါးတည်း ကောင်းကင်ခရီးဖြင့် ကြွရောက်လာသည်ဟူ၍လည်း ဖတ်ရှုရပါသည်။ မြတ်စွာဘုရားရှင်သည် ညီတော်အာနန္ဒာနှင့်တကွနောက်ပါရဟန္တာသံဃာ (၅၀၀) ဖြင့် ကောင်းကင်ခရီးမှ ကြွရောက်တော်မူသည်ဟုလည်း ဖတ်ရှုရပါသည်။ အချို့သမိုင်းများ၌ ဗြာဟ္မာ့ပုတ္တရမြစ်ဝှမ်းမှသည် တောင်ကြားလမ်းခရီးတစ်လျှောက် ခြေလျင်ခရီးဖြင့် ဒေသစာရီ ကြွရောက်တော်မူသည်ဟုလည်း ဖတ်ရှုရပြန်ပါသည်။

မွန်ပြည်နယ် သထုံဒေသ သုဝဏ္ဏဘူမိ သုဓမ္မဝတီနယ်မြေရှိ သမိုင်းမှတ်တမ်းများအရ သုဓမ္မဝတီ သထုံမြို့သို့ ဘုရားရှင် (၃) ကြိမ် ကြွရောက်တော်မူခဲ့ကြောင်းလည်း လေ့လာသိရှိရပါသည်။




သက္ကရာဇ်ခုနှစ်အားဖြင့် မူကွဲများရှိနေပါသည်။ စာရေးသူ လေ့လာ မှတ်သားရသည်မှာ သုဓမ္မဝတီသို့ မဟာသက္ကရာဇ် ၁၀၅ ခု (ဘုရားဖြစ်ပြီး ၂ နှစ်အကြာ နှစ်ဝါမြောက်)တွင် ပထမအကြိမ်၊ မဟာ

---

ပါတဲ့ 'ငါတို့မျက်မှောက်၊ တစ်ခေါ်လောက်က' ဆိုတဲ့ အပိုဒ်က ဆရာတို့ သိပ်မဝေးသေးတဲ့ လယ်တီဆရာတော်ဘုရားအကြောင်းကို ဖွဲ့ဆိုထားတာပါ။ လယ်တီဆရာတော်ဘုရားကြီးဟာ သာသနာမှာ ပေါ်ပေါက်လာတဲ့ ဘေးအန္တရာယ်တွေ၊ သာသနာတော်ကို ဝေဖန်တိုက်ခိုက်တာတွေကို အချိန်မဆိုင်းဘဲ ရောက်တဲ့နေရာကနေပြီး တုံ့ပြန်ရေးသားခဲ့တယ်။ တုံ့ပြန်ဟောပြောခဲ့တယ်။ တပည့် လယ်တီဆရာတော်ဘုရားကြီးရေးတဲ့ 'ခရစ်ယောပုစ္ဆာအဖြေပေါင်းချုပ်'ကို ဖတ်ကြည့်ပေါ့။ အဲဒီစာအုပ်ထဲမှာ 'ခရစ်ယာန်ဘာသာ ဧဝံဂလိပုစ္ဆာကို ဖြေဆိုတော်မူချက်။ ဗိုးကုန်းကြီး ခရစ်ယာန်မေးခွန်း(၁၆)ချက်ကို ဖြေဆိုတော်မူချက်၊ ခရစ်ယာန်ရွှေချိန်ခွင်အဆိုကို ရှင်းလင်းချက်ဆိုတာတွေ ပါတယ်။ ဒါကြောင့်မို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး 'နှောင့်ယှက်မျိုးခြား၊ အကျင့်များကို၊ ရေးသားထက်မြက်၊ ကျမ်းလက်ထွက်ဖြင့်၊ ချေဖျက်ရင့်ကြွေး၊ ဆုံးမသေးရှင့်' လို့ ရေးဖွဲ့ခဲ့တာပေါ့"

"ရှင်းပါပြီ ဆရာ"

"အဲဒီတော့ ခေတ်အဆက်ဆက်မှာ တာဝန်သိသူတွေဟာ တာဝန်သိတဲ့အလျောက် သာသနာတော်မှာ ပေါ်ပေါက်လာတဲ့ အနှောင့်အယှက်တွေကို တုံ့ပြန်တွန်းလှန်ခဲ့ကြတာကို တပည့်သိရပြီနော်"

"သိပါပြီ ဆရာ"

"အဲဒီတော့ ဘယ်သူ့တာဝန်ပဲ ကျန်တော့သလဲ"

"ကျွန်တော်တို့ တာဝန်ပဲ ကျန်ပါတော့တယ်"

"ဟုတ်တယ်၊ ဆရာတို့ တာဝန်ပဲ ကျန်တော့တယ်။ ဆရာတို့ တာဝန်မကျေဘူးဆိုရင် ဘာသာလည်းပျောက်၊ လူမျိုးလည်းပျောက်မှာပါတဲ့။ ဒါကြောင့်မို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက '*ဖွဲ့စား လီးစား မီးအပွား ဆီးတားမထားလျှင် နှောင်စဉ်ကာလ လူ့ဘဝသို့ ခထာမျှသာ သင်ရောက်လာသော် ဘာသာလည်းပျောက် မျိုးလည်းပျောက် ကွန်းထောက်မတွေ့ပြီ*' လို့ရေးခဲ့တာပေါ့။ သိပ်ကြောက်စရာကောင်းတယ်နော်"

"ကြောက်စရာကောင်းပါတယ် ဆရာ"

"အဲဒီတော့ မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး မိန့်ကြားသလို တာဝန်ရှိသူမှာ တာဝန်ပိပြီပေါ့"

"ဟုတ်ပါတယ် ဆရာ၊ တာဝန်ပိပါပြီ"

ထို့နောက် ကျွန်တော့်တပည့်သည် 'ကဗျာ့ဘဏ်တိုက်'စာအုပ်ကို ပိုက်လျက် ဆင်ခြင်စဉ်းစားကာ ပြန်သွားပါသတည်း။

မြဝင်း (ဒသသန)



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၁၁၉ ခုတွင် ဒုတိယအကြိမ်၊ မဟာသက္ကရာဇ် ၁၂၈ ခုတွင် တတိယ အကြိမ် ကြွရောက်တော်မူခဲ့သည်ဟုမှတ် သားရပါသည်။

ပထမအကြိမ် ကြွရောက်စဉ်က သူရိယစန္ဒာမင်းကြီးကို ဗုဒ္ဓကိုယ်စား ကိုးကွယ် ပူဇော်ရန် သွားတော် (၄) ဆူ ချီးမြှင့်တော်မူခဲ့သဖြင့် မဟာသက္ကရာဇ် ၁၁၁ ခုတွင် သထုံရွှေစာရံစေတီတော် မြတ်ကြီးကို ကကုသန်ဘုရားရှင်၏ ဆံ တော် (၈) ဆူ၊ ကောဏာဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်၊ ဂေါတမဘုရားရှင်၏ သွားတော် (၄) ဆူတို့ဖြင့် ဌာပနာလျက် တည်ထားခဲ့သည်ဟု သိရှိမှတ်သားရပါ သည်။

ဘုရားရှင်သည် ဂဝံပတိရဟန္တာ၏ ပင့်လျှောက်ချက်အရ နောက်ပါရဟန္တာ (၅၀၀) ဖြင့် သထုံပြည်သို့ ကြွရောက် တော်မူရာတွင် ဒိုးခလွန်းတောင်ဟု ခေါ် သော ကေလာသတောင်သို့ ခြေချတော် မူခဲ့ပါသည်။

ထိုအခါ ကေလာသတောင်တွင် တရားမွေ့လျော်နေသော တိလရသေ့၊ ဒိုးကုသိနာရုံခေါ် သီရိပဗ္ဗတတောင်နေ ဒိဗ္ဗစက္ခုရသေ့၊ ဒိုးကမော့ ခတွံဂလိုင် ခေါ် ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏ ရသေ့၊ ဂဏ္ဍဝဂီရိခေါ် ဇင်းကျိုက်တောင် နေ တိဿကုမာရရသေ့၊ ဗန္ဓဝဂီရိခေါ် ဇွဲကပင်တောင်နေ သီဟကုမာရရသေ့၊ နာဂပဗ္ဗတတောင်နေ မဲလံရသေ့၊ ကျိုက္က လို့ဒက်ခေါ် ကော့ယက္ခကျွန်းနေ နတ် ဘီလူး အကြီးအမှူးညီနောင်တို့ကို ဗုဒ္ဓ ဘုရားရှင်က ဆံတော်တစ်ဆူစီ ချီးမြှင့် ပေးအပ်တော်မူခဲ့ပါသည်။

အထက်တွင်တင်ပြခဲ့သည့် ဗုဒ္ဓဆံ တော်မြတ်တို့ကို ရသေ့ကြီးများက စေတီ တော်များ ကည်ထားခဲ့ရာတွင် ဘုရင်၊ မိဖုရား၊ မင်းပရိသတ်၊ လူပရိသတ်များ က ကုသိုလ်ပါဝင် ကူညီဆောင်ရွက်ခဲ့ကြ ပါသည်။ အထူးအားဖြင့် ဘိုးတော်သိကြား မင်းနှင့် သမ္မာဒေဝနတ်တို့က ကုသိုလ် ပါဝင် ဆောင်ရွက်ကြကြောင်းလည်း ဘုရားသမိုင်းများတွင် တွေ့မြင် ဖတ်ရှုရ ပါသည်။ ဗုဒ္ဓဉာဏရသေ့က ကေလာသ တောင်တွင် ဗုဒ္ဓဆံတော်ကို ဌာပနာ၍ စေတီတည်ထားရာ၌ ကေလာသတောင် ထိပ်ရှိ အကြီးဆုံးကျောက်တုံးကို သိကြား မင်းက သန်လျက်ဖြင့် သုံးတောင်တစ် မိုက်ဖောက်ပေးခဲ့သည်ဟု ဆိုပါသည်။




ထို့နောက် ရွှေကြုတ်တွင် ဆံတော်ထည့် သွင်း ဌာပနာခဲ့ကြောင်း မှတ်သားရပါ သည်။ အလားတူ မဲလံရသေ့က နာဂ ပဗ္ဗတတောင်ထွတ်၌ စေတီတည်ရာ ကျောက်တုံးသုံးလုံးကို တစ်လုံးပေါ်တစ် လုံးဆင့်၍ သဘာဝတည်နေသည်တွင် သိကြားမင်းက အပေါ်ဆုံးကျောက်တုံး ကို သန်လျက်ဖြင့် သုံးတောင်တစ်မိုက် လက်လေးသစ်အနက်ရှိ ဌာပနာတိုက် ပြုလုပ်ပေးခဲ့ကြောင်း သိရှိမှတ်သားရ ပါသည်။

နိုင်ငံတစ်ဝန်းလုံး လူသိများလှ သော ကျိုက်ထီးရိုး ဆံတော်ရှင်စေတီ တော်ကို တည်သောအခါတွင်လည်း ဘိုးတော် သိကြားမင်းက ပင်လယ်ရေ အောက်မှ အလှပဆုံး၊ အကောင်းဆုံး နှင့် တိဿရသေ့ကြီး၏ဦးခေါင်းတော်နှင့် ဆင်တူသော ကျောက်တုံးကြီးကိုဆောင် ယူ၍ ကူညီပေးခဲ့ကြောင်း အများသိကြ ပြီး ဖြစ်ပါသည်။ ဆံတော်ရှင် ကျိုက်ထီး ရိုးကို မဟာသက္ကရာဇ် ၁၁၈ ခုတွင် တည် ထားခဲ့ကြောင်း မှတ်သားရပါသည်။ နွား လပို့တောင်မှ ဗန္ဓုသေလာ ဆံတော်ရှင် စေတီအား တိဿရသေ့ကြီးနှင့်ညီတော် သီဟရသေ့ကြီးတို့က မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် တည်ထားခဲ့ကြောင်း သိ ရှိရပါသည်။

နွားလပို့တောင်ရှိ ဆံတော်ရှင် စေတီတော်သည် မွန်ပြည်နယ် သထုံ ခရိုင် ပေါင်မြို့နယ် ကျုံကကျေးရွာတွင် တည်ရှိပါသည်။ ကျုံကကျေးရွာမြောက် ဘက် (၄) မိုင်၊ (၂) ဖာလုံ ကွာဝေးသော နွားလပို့တောင်တန်းကြီးပေါ်တွင် ကိန်း ဝပ် စံပယ်တော်မူပါသည်။ ကျောက်တုံး သုံးတုံးတို့ ခပ်စောင်းစောင်းတည်ရှိရာ

အလယ်ကျောက်တုံးအဝ...ဒ္ဓဆံတော် ကို ဌာပနာတည်ထားခဲ့ပါ...။ စေတီ တော်၏ ဘွဲ့တော်မှာ ဗန္ဓု...ဟာ ဆု တောင်းပြည့် ဆံတော်ရှင်စေ...က်ဟု ခေါ်တွင်ပါသည်။ ဗန္ဓုသေ...သည် ကျောက်များဆက်စပ်နေသော...းဟု အဓိပ္ပာယ်ရပါသည်။ ကရင်ဘ... အားဖြင့် လုံးထိုမို - ကျောက်များရှိ...ဘုရား၊ မွန်ဘာသာအားဖြင့် ကျိုက်... ဂလ်ဟု ခေါ်ပါသည်။ (၅၂. ၅) ပေ လုံး ပတ်ရှိသော အောက်ခံ ကျောက်တုံးကြီး ၏အမြင့်မှာ (၇. ၅) ပေ ရှိပါသည်။ ထို ကျောက်တုံးကြီး၏အထက်ရှိ အလယ် ကျောက်တုံးမှာ အမြင့် (၁၀. ၅) ပေ ရှိ ပြီး လုံးပတ်အားဖြင့် (၄၂. ၇၅) ပေ ရှိပါ သည်။ အပေါ်ဆုံးကျောက်တုံးမှာ အမြင့် (၈. ၂၅) ပေ၊ လုံးပတ် (၂၅. ၅) ပေရှိပါ သည်။ ကျောက်တုံးပေါ်ရှိ စေတီတော် ၏ဉာဏ်တော်အမြင့်မှာ စိန်ဖူးတော်ထိ (၁၃. ၅) ပေ ဖြစ်ပါသည်။ ကျောက်တုံး များတည်ရှိရာ နွားလဘို့တောင်ကုန်း ထိပ်ပိုင်းသည် ပင်လယ်ရေမျက်နှာပြင် အထက် (၁၈၈၈) ပေ၌ တည်ရှိပါသည်။


တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်၍ ကျိုက်ထီးရိုးဘုရားဖူးပြီးလျှင် ဆက် လက်ပြီး နွားလပို့တောင်ဘုရားကို ဖူး သင့်ပါသည်။ သထုံကို ရောက်လျှင် အရှေ့ဘက်မြို့ထိပ်ရှိ သိင်္ဂနိက်တောင် ထိပ်မှ မြသပိတ်စေတီနှင့် မြို့တွင်းအ လယ်မှ သမိုင်းဝင် ရွှေစာရံစေတီတော် တို့ကိုလည်း ဝင်ရောက် ဖူးမြော်နိုင်ပါ သည်။ ကျုံကကျေးရွာ ကားလမ်းမကြီး ဘေးတွင် ဗန္ဓုသေလာဆုတောင်းပြည့် ဆံတော်ရှင်ဘုရားအဝင်မုခ်ဦးရှိပါသည်။ ကျိုက်ထီးရိုးတောင်ပေါ်တက်သည့်နည်း တူ ဘုရားဖူးများအန္တရာယ်ကင်းဘေး ရှင်းစွာဖြင့် လွယ်ကူစွာ တက်ရောက်နိုင် ရန် တောင်တက်ကားကြီးများကို ဂေါပ ကအဖွဲ့မှ စီစဉ်ထားရှိပေးပါသည်။ စာ ရေးသူရောက်ရှိစဉ် လိုက်လံပြ ရှင်းပြပေး ကြသော ဂေါပကအဖွဲ့ကို ထာဝရကျေး ဇူးတင်ပါသည်။ တောင်တက်ကားဂိတ် တွင် အနားယူရန်နှင့် အစားအစာများ စားသုံးနိုင်ရန် ဆိုင်တန်းလေးများလည်း သပ်ရပ်စွာ တည်ရှိပါကြောင်းနှင့် တစ်ခါ တစ်ခေါက်မက အကြိမ်ကြိမ်လာရောက် ဖူးမြော်နိုင်ကြပါရန် သာသနာတော်အ ကျိုးအတွက် နှိုးဆော် တိုက်တွန်းအပ်ပါ သတည်း။

တက္ကသိုလ်ငြိမ်းမြင့်



www.burmeseclassic.com

www.burmeseclassic.com




တောင်တက်လမ်းမှ လျောင်းတော်မူဘုရားကြီး

မိုးဖွဲလေးများကျနေသဖြင့် မြင်ကွင်းသည် ဇာပုဝါအဖြူရောင် ကာဆီးထားသကဲ့သို့ရှိ၏။ ကျွန်ုပ်က ဆိုင်ကယ်မောင်းနေသော လူငယ်အား သတိထားမောင်းဖို့ သတိပေးရသည်။ သာဝတ္ထိ - နေပြည်တော်ဖြတ်လမ်းသည် မိုးဖွဲဖွဲအောက်၌ သတိလစ်နေသော မြွေတစ်ကောင်ကဲ့သို့ ငြိမ်သက်စွာ လဲလျောင်းလျက်။

လမ်းဘေးဝဲ၊ ယာ၌ စပါးပင်တို့သည် ကျန်မာသန်စွမ်းသော (၁၆) နှစ်သမီး အပျိုမကဲ့သို့ အစွမ်းကုန်လန်းဆန်းလျက်ရှိသည်။ မကြာမီ ကျွန်ုပ်တို့စီးလာသော ဆိုင်ကယ်သည် နေပြည်တော်လမ်းဆုံသို့ ရောက်ပြီးနောက် ဇမ္ဗူသီရိမြို့နယ်တွင်းသို့ ရောက်လာသည်။ ရန်ကုန်-မန္တလေးကားလမ်းမဟောင်းကြီးကတော့ ရှေးမူမပျက် သူ့အလုပ်သူလုပ်ဆဲပင်။ ထိုလမ်းမကြီးအတိုင်း ခရီးဆက်ရင်းဖြင့် ကားလမ်းလက်ယာဘက်၌ 'လေ့ခွင်းတောင်စေတီတော်သို့'ဟူသော ဆိုင်း

# ကိုးမုခ်ပြန်ကပ်ကျော်ပတ္တမြားစေတီတော်
# သိသူဖော်စား၊ မသိသူကျော်သွား သို့မဟုတ်
# လေ့ခွင်းတောင်ဘုရား

သန္တိဇင်



လေ့ခွင်းတောင်
ကိုးမုခ်ပြန်ကပ်ကျော်ပတ္တမြားစေတီကြီး




www.burmeseclassic.com


www.burmeseclassic.com



ရဟန္တာရုပ်တုများနှင့် စေတီတစ်ဆူ



တောင်တက်လမ်းတစ်လျှောက် သာသနိကအဆောက်အအုံများ



ဘုတ်လမ်းညွှန်အား တွေ့ရသည်။ ဆိုင်ကယ်ကယ်ရီများတွေ့ရသဖြင့် ရှေ့ဆက်ရမည့်ခရီးစဉ်ကို စုံစမ်းမေးမြန်းရသည်။

ပေါင်းလောင်းအမှတ်(၁)ရေအား လျှပ်စစ်စက်ရုံသို့ သွားရာလမ်းအတိုင်း ခရီးဆက်လာခဲ့ကြသည်။ ထိုလမ်းသည် လှေခွင်းတောင်စေတီတော်သို့သွားရာ လမ်းပင်တည်း။ ဘီလပ်မြေသယ်သည့် ကားကြီးများ၊ စက်ယန္တရားကြီးများအား ရှောင်ကွင်းရင်းဖြင့် ကျီတောင်ကျေးရွာအားဖြတ်ပြီးနောက် လှေခွင်းတောင် စေတီတည်ရှိရာ တောင်ခြေသို့ ရောက်သည်။ တောင်သည် ပေ(၁၀၀၀)ခန့် အမြင့်ရှိပြီး တောင်၊ မြောက် အလျားလိုက်တည်ရှိ၏။ အရှေ့ဘက်ကပ်လျက်မှာတော့ ပေါင်းလောင်းချောင်းနှင့် ရှမ်းရိုးမစဉ်တန်းသည် မြူမှိုင်းဖွဲ့များအောက်၌ ကြွေ့ခြေဆောင်လျက် ငြိမ်သက်နေကြသည်။

တောင်ခြေ ကိုးခန်းကြီးကျောင်း အနီး တောင်ဘက်စောင်းတန်းမုခ်ဦးမှစ၍ တက်ကြရသည်။ လှေခွင်းတောင်သည် သဘာဝကျောက်တောင်ကြီး ဖြစ်ပြီး တချို့နေရာများ၌ ပဲ့ကျလာသော ကျောက်တုံးကြီးများက တောင်စောင်းများ၌ ယှဲ့ယှဲ့မျှ မေးတင်နေကြသည်။ ပြန်လည်ထိန်းသိမ်းထားရသော သစ်ပင်ပေါက်တို့ဖြင့် အရိပ်အာဝါသမဆိုးလှပါ။ တောင်မှမြောက်သို့ တဖြည်းဖြည်းမြင့်တက်လာသော စောင်းတန်းတစ်လျှောက် တက်လာကြရင်း မောလာသဖြင့် တောင်ခုလပ်ရှိ ဘုန်းကြီးကျောင်းဇရပ်မှာ ခဏနားရသည်။ ဇေစေတီကျောင်းဟု ဆိုသည်။ ကျွန်ုပ်တို့က ရောက်ခါနီးပြီလားဟု မေးတော့ ယခုမှ ခရီးတစ်ဝက်မျှသာ ရှိသေးသည်ဆို၍ ရှေ့ဆက်ဖို့ အားတင်းရပြန်ပါသည်။ တချို့နေရာများ၌ လှေကားသည်မတ်၍ တစ်ခါတစ်ရံ ပြေလျောသွားပြန်သည်။ တောကျေးတောငှက်လေးများ၏ မြည်ကြွေးသံများက အမောပြေစေပါ၏။ စောင်းတန်းတစ်လျှောက် ဘုန်းကြီးကျောင်းများအား တွေ့ရသည်။

တောင်ခြေမှ တောင်ထိပ်အထိ ဘုန်းတော်ကြီးကျောင်းပေါင်း (၅၀၀) ကျောင်း ရှိသည်ဟု သိရသည်။ ယခင်က တောထူ၍ လူသူအရောက်အပေါက်နည်းသော်လည်း ယခုအခါမှတော့ စည်ကားနေပါပြီ။ တောင်ထိပ်ပေါ်အရောက် ကားလမ်းကြမ်းဖောက်ထားသဖြင့် ဆိုင်ကယ်ဖြင့်တက်၍လည်းရ၏။ ဤသို့ဖြင့်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ခရီးဖော် ကိုအေးကြူသည် လေ့ခွင်းတောင်ထိပ်သို့ရောက်လာသည်။ အရှေ့ဘက်ကပ်လျက်မှာတော့ အမှတ် ၁ ပေါင်းလောင်းရေအားလျှပ်စစ်ဆည် ကမ်းကြီးမှ ရေကျသံများသည် တောင်ကြားတစ်လျှောက် ဆူညံလျက်ရှိသည်။ ပြည့်လျှံဖြိုးမောက်နေသော ဆည်ရေပြင်မှ ရေပိုများစီးဆင်းနေသည်မှာ ရေတံခွန်ကဲ့သို့တွေ့ရသည်။

ဟင်း - သည်လို ရေတွေပြည့်မှ လျှပ်စစ်မီးမှန်မှန်ရမှာပါပဲလေ။ တောင်ထိပ်စေတီတော်ကြီးနှင့် ကပ်လျက် အနောက်ဘက် တောင်ကမ်းပါးယံ၌ တောင်ကွဲကြီးအား တွေ့ရသည်။ တစ်ချိန်က နာမည်ကြီးခဲ့သော 'လေတွင်းကြီး' ဖြစ်သည်။ ထိုတောင်အကွဲကြီးအတွင်းမှ လေစိုင်လေပြင်းများ အဆက်မပြတ်မှုတ်ထုတ်နေ၍ 'လေတွင်းဟောင်'ဟု နောက်အမည်တစ်မျိုးဖြင့် ခေါ်ကြပြန်ပါသေးသည်။ တောင်ကွဲနှစ်ခု၏ထိပ်၌ ရွှေလှေ၊ ငွေလှေနှစ်စင်းအား တွေ့ရသည်။ ထိုလှေများပေါ်၌ စေတီလေးများ တည်ထား၏။ တောင်ကွဲအတွင်း သေချာစွာ ငုံ့ငမ်းကြည့်တော့ ဖုန်မှုန်သဲခဲများဖြင့် နှစ်ပေါင်းများစွာ စုစည်းလာ၍ တောင်ကွဲကြီးသည် (၁၀) ပေခန့်သာ နက်တော့သည်။ ပိတ်ဆို့သွားသဖြင့် လေပြင်းများထွက်ခြင်း မရှိတော့။ တစ်ချိန်က ဤလေတွင်းထဲသို့ လက်ကိုင်ပဝါ၊ ဦးထုပ်များပစ်ချလိုက်လျှင် လေစိုင်ခဲနှင့်အတူ ပြန်တက်လာပြီး ပြန်ရသည်။ ဤနေရာအား သိုက်နန်းရှင်တို့၏ နေရာပါပေတည်း။ မေတ္တာပို့၊ အမျှဝေပြီး စေတီတော်ကြီးအနီး တန်ခိုးကြီးကျောင်းသို့ ပြန်တက်လာခဲ့ကြသည်။

တန်ခိုးကြီးကျောင်း ဆရာတော် ဦးဂန္ဓသီရိသည် သက်တော် (၆၈) နှစ်၊ ဝါတော် (၂၄) ဝါရှိ တောထွက်ဆရာတော်တစ်ပါး ဖြစ်သည်။ သို့သော် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဤတောင်ပေါ်ရှိ ရသေ့ကြီးနှင့်အတူ နေခဲ့ရသဖြင့် တောင်အကြောင်းအကုန်အစင်းသိသော ရှေ့မီနောက်မီဖြစ်သည်။ ယခင်က လေ့ခွင်းတောင်စေတီတော်ကြီးအနီး၌ ဝါးတဲကျောင်းလေး ဆောက်ပြီး ရသေ့ကြီးတစ်ပါး သီတင်းသုံးခဲ့ပါသည်။ သက်တော် (၁၀၀) နှစ်မှာ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်က ထိုရသေ့ကြီး၏ တပည့် ဖြစ်သည်။ ယခုတော့ တိုက်ကျောင်း၊ သာသနိကအဆောက်အအုံများဖြင့် သာယာလျက်ရှိပါသည်။


တောင်ကမ်းပါးယံမှ စေတီငယ်



တောင်တက်စောင်းတန်းနံဘေးရှိ ရဟန္တာရုပ်တုများ


ပေါင်းလောင်းဆည်ကြီးနှင့် ပေါင်းလောင်းချောင်း



www.burmeseclassic.com


www.burmeseclassic.com



တန်ခိုးကြီးကျောင်းဆရာတော် ဦးဂန္ဓသီရိ



တောင်ကွဲနစ်ခုပေါ်မှ ရွှေလှေ၊ ငွေလှေနှစ်စင်း



လှေခွင်းတောင်အစွန်ရှိ တောင်ကွဲကြီး (ထိုအကွဲကြီးမှ လေစိုင်ဝဲများ ပေါ်ထွက်ခဲ့)



ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံရှိ ဆည်တာမံကြီး

ဆရာတော်က ကျွန်ုပ် သိလိုသမျှအား မိန့်ကြားသဖြင့် လှေခွင်းတောင်စေတီ သမိုင်းနှင့် လှေခွင်းတောင်ရာဇဝင်ကို သိလာရခြင်း ဖြစ်ပါသည်။ ရှေးဟောင်းကျောက်စာအထောက်အထားမရှိသော်လည်း ခေါင်းလောင်းကြီးတစ်လုံးမှ စာအရ မြန်မာနှစ် ၁၁၉၃ ခုနှစ်ဟု သိရသဖြင့် အင်္ဂလိပ် - မြန်မာစစ်ပွဲဖြစ်ပွားခဲ့သော ကုန်းဘောင်မင်းဆက် ဘကြီးတော်စစ်ကိုင်းမင်းခေတ်ဟု သိရပါသည်။

တန်ခိုးကြီးကျောင်းဆရာတော်၏ ဆရာဘရသေ့ကြီးသည် ဝိဇ္ဇာကြီးတစ်ပါးဟုလည်း ဆိုကြပါသည်။ ဘရသေ့ကြီး ပြောကြားခဲ့သဖြင့် ဤစေတီကြီးသမိုင်းနှင့် တောင်၏ ရာဇဝင်ကို သိခဲ့ရခြင်းပင်တည်း။

## လှေခွင်းတောင်စေတီတော်သမိုင်း

တောင်စဉ်တောင်တန်းလျှိုမြောင်များ၊ ကွေ့ပတ်စွာ စီးဆင်းနေသော ပေါင်းလောင်းချောင်းနှင့် ဤတောင်တော်တစ်ဝိုက်သည် ရှေးယခင်က စိမ့်ကြီးတောကြီးဖြစ်ခဲ့ပါသည်။ ယခုစေတီတော်ကြီးတည်ရှိရာ တောင်ထိပ်ရှိ ကျောက်တုံးကြီးတစ်တုံးမှာ အရောင်စုံများ ဖြာထွက်နေသည်။ အနောက်ဘက် တောင်စောင်းအကွဲကြီးအတွင်းမှလည်း လေစိုင်ဝဲများ မှုတ်ထုတ်လျက်ရှိသည်ကို နတ်သိကြားများက တွေ့ရှိသွားပြီး ဤ



www.burmeseclassic.com

www.burmeseclassic.com




လျှောင်းတော်မူဘုရား၌ ပတ္တမြားတရား ထာနာယူသော မြွေကြီး



ရန်ကုန်-မန္တလေး ကားလမ်းမကြီးမှ လေ့ခွင်းတောင်ဘုရားသို့



လေ့ခွင်းတောင်

တောင်သည် ထူးဆန်းသည့်နေရာ ဖြစ်သည်ဟုဆိုကြ၍ နတ်များက ညဥ့်နက်သန်းခေါင်ယံအချိန်၌ လူယောင်ဖန်ဆင်းကြပြီး အရောင်စုံထွက်နေသောကျောက်တုံးကြီးပေါ်တွင် စေတီငယ်တစ်ဆူတည်ကြသည်။ ဉာဏ်တော်အမြင့် ကိုးမိုက်၊ မုခ်ပေါက် ကိုးပေါက်ရှိသော စေတီငယ်အား တည်ထားရာ အရုဏ်တက်လင်းအားကြီးအချိန်၌ ပြီးစီး၏။ နတ်သိကြားများက ဘွဲ့ပေးခဲ့သည်မှာ 'ကပ်ကျော်ပတ္တမြားစေတီ မသိသူကျော်သွား သိသူဖော်စား ဟူ၍ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ ဤစေတီငယ်မှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးကွယ်လာပြီး ပျောက်ကွယ်ခဲ့ရသည်။

**ယခုလက်ရှိဉာဏ်တော်ဖြစ်ပေါ်လာခြင်း**

မည်သည့်အရပ်မှ ရောက်လာကြသည်မသိရသော တရုတ်လူမျိုးများသည် ရိုးမအနီးတောထဲ၌ ရသေ့ရဟန်းဝတ်၍ သမထကျင့်စဉ်များ ကျင့်ကြံရင်းဖြင့် သမထပေါက်၍ အကြားအမြင်စွမ်းအားများ ရရှိလာကြသည်။ ထိုအခါ သူတို့၏ အာရုံ၌ ဤတောဤတောင်များအတွင်း နတ်သိကြားများတည်ခဲ့သော ဘန်ခိုးကြီး စေတီတစ်ဆူရှိသည်ကို တွေ့လာကြသည်။ ရသေ့တစ်ပါးနှင့် ရဟန်းတစ်ပါးသည် သပိတ်လွယ်လျက် တောင်စဉ်တောအနှံ့လိုက်ရှာကြသော်လည်း စေတီငယ်အားမတွေ့ရဘဲ ယခုလေ့ခွင်းတောင်ဖြစ်မည့်တောင်အနီးသို့ ရောက်လာကြသည်။ ရသေ့၊ရဟန်းနှစ်ပါးသည် တောင်စောင်း၌ ကျောက်လိုဏ်ဂူများ ပြုလုပ်ပြီး သီတင်းသုံး နေထိုင်ရင်း သမထကျင့်စဉ်များကို ဆက်လက် အားထုတ်သည်။

ဤသို့ သီတင်းသုံးနေထိုင်ရင်းဖြင့် တောင်ထိပ်ပေါ်တက်၍ ချဉ်သီးရှာဖွေစဉ် ချုံနွယ်ပိတ်ပေါင်းများကြားမှအရောင်စုံထွက်နေသော ကျောက်တုံးကြီးပေါ်၌ စေတီငယ်အားတွေ့ရှိသွားပါတော့သည်။ ရသေ့ကြီးများ၏ အာရုံမှာပေါ်ခဲ့သော စေတီနှင့် ယခုတွေ့သောစေတီမှာ တစ်ထပ်တည်းဖြစ်နေ၍ ချုံနွယ်များအားရှင်းလင်း၍ သန့်ရှင်းမှုပြုပြီးသောအခါ ကျောက်တုံး၌ ဘုရားဘွဲ့တော်အားတွေ့ရပါသည်။

*'ကပ်ကျော်ပတ္တမြားစေတီတန်ခိုးကြီးဘုရား၊ သိသူဖော်စား မသိသူကျော်သွား'* ဟု တွေ့ရှိရသဖြင့် ဤစေတီသည် ပြည်သူအများအတွက် နတ်သိကြားများက တည်သွားတာ ဖြစ်ရမည်။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း ဤစေတီငယ်အားငုံ၍ စေတီကြီးတည်ပြီး သာသနာပြုလျှင်ဖြင့် ဝိဇ္ဇာများဖြစ်တော့မည့်အကြောင်း သမထတန်ခိုးဖြင့် သိရှိသဖြင့် မူလပုံစံအတိုင်း ဉာဏ်တော်အားမြှင့်၍ တည်ထားရာ ယခု ဖူးမြင်တွေ့ရသည့်အတိုင်း ဖြစ်ပါတော့သည်။

ဝိဇ္ဇာများဖြစ်သွားသော ထိုရသေ့၊ ရဟန်းများက စေတီအား ဘွဲ့အမည် အသစ် ထပ်မံပေးကြ၏။ အတွင်းက စေတီငယ်ကလည်း ဉာဏ်တော်ကိုးမိုက်၊ မုခ်ကလည်း ကိုးမုခ်ဖြစ်၍ 'ကိုးမုခ်ပြန် စေတီ' ဟု အမည်တွင်စေပါသည်။


ထိုအခါမှစ၍ စေတီဘွဲ့အမည်မှာ 'ကိုးမုခ်ပြန်ကပ်ကျော်ပတ္တမြားစေတီတော် မသိသူကျော်သွား၊ သိသူဖော်စား လှေခွင်းတောင်ဘုရား' ဟူ၍ အမည်တွင်လာပါတော့သည်။

## လှေခွင်းတောင်ဟု အမည်တွင်လာရသည့် သမိုင်း


ယခုတင်ပြမည့် လှေခွင်းတောင် သမိုင်းသည် ဒဏ္ဍာရီပုံပြင်ဆန်နေသော်လည်း မူလသက်တော်ရှည်ရသေ့ကြီးမှ ဆရာတော်အား ပြောပြခဲ့သဖြင့် စိတ်ဝင်စားစရာကောင်းလှသလို စာဖတ်သူများအနေနှင့်လည်း ယုံချင်မှယုံနိုင်ပါမည်။ သို့သော် ထိုဒေသရှိ လူအများကလည်း ထိုအကြောင်းအား ဘိုးဘွားစဉ်ဆက် ပြောလာခဲ့သဖြင့် ဒေသန္တရဗဟုသုတအနေဖြင့် တင်ပြလိုခြင်း ဖြစ်ပါသည်။ ဒေသန္တရဒဏ္ဍာရီက ဤသို့ ဆိုပါသည်။

❖

ဤဘဒ္ဒကမ္ဘာ၌ ဘုရားရှင်ငါးဆူ ပွင့်မည်ဟု ဗျာဒိတ်ရှိခဲ့ရာတွင် လေးဆူပွင့်ခဲ့၍ အရိမေတ္တေယျဘုရားရှင်တစ်ဆူသာ ပွင့်ရန်ကျန်ရှိနေပါသည်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင် သုံးဆူလက်ထက်၌ ဝိဇ္ဇာဟူ၍မရှိခဲ့ပါ။ ဂေါတမဘုရားရှင်လက်ထက်တော်ကျမှ ဝိဇ္ဇာရှစ်သောင်းဟူ၍ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ပြဒါး၊ အင်း၊ ဆေး၊ သံ၊ သမထဟူ၍ လောကီယဝိဇ္ဇာတွေရှိခဲ့ရာမှ အဘယ်မည်သော ဝိဇ္ဇာတစ်ပါးသည် အဂ္ဂိရတ်အတတ်ဖြင့် ပြဒါးအား လုံးအတွင်းထည့်၍ မီးကစားပြီး ဓာတ်လုံးထိုးသည်။ အဓိကမှာ ဓာတ်လုံးလိုချင်၍ မဟုတ်၊ မီးဖိုအတွင်းမှ မီးညွန့်အားကြည့်ပြီး မီးကသိုဏ်းရှုရာမှ သမာဓိတရားတွေ အားကောင်းလာပါတော့



တောင်ခြေမှ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသို့ သွားရာလမ်း၊



တောင်ပိုင်အမေညို (မယ်ညို) နတ်နန်း



မယ်ညိုနတ်နန်းအတွင်းမှ ရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သမာဓိအားကောင်းလာတော့ ထိုဝိဇ္ဇာ၏ လုပ်ရပ်တွေ မှန်ကန်လာပြီး ပြဒါးခဲတစ်လုံးအောင်၍ ထိုပြဒါးခဲတစ်လုံးမှ ထွက်ကျလာသော ပြဒါးပြာသည် အရောင်စုံဖြာထွက်နေပြီး ဝိဇ္ဇာက နှစ်သက်သဘောကျစွာဖြင့် ကြည့်၍သာ နေသည်။ ထိုပြဒါးပြာသည် မည်သည့် တန်ခိုးသတ္တိရှိသည်ကိုတော့ဖြင့် ထိုဝိဇ္ဇာများ မသိရှိကြပါ။ နည်းစနစ်ကို မှတ်မထားဘဲ ရမ်းလုပ်ရင်း ပြဒါးပြာဖြစ်၍နေပါ၏။

လိုချင်၍ ခတ်ထိုးခြင်းမဟုတ်ပါဘဲနဲ့ ခတ်လုံးအစွမ်းကြောင့် ထွက်ပေါ်လာသော ပြဒါးပြာအား ဝိဇ္ဇာများက တစ်ယောက်တစ်မျိုးသာဆိုနေကြသည်။ အကြောင်းရင်းကို မသိကြပါ။

သို့သော် -

သိသူတစ်ဦးကတော့ ရှိပါသည်။ ထိုသူမှာကား လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ကိုးကွယ်ရာ သုံးလူထွတ်ထား အနန္တတန်ခိုးရှင်မြတ်စွာဘုရားသခင်ပင်တည်း။ ဘုရားရှင်သည် ရွှေဉာဏ်တော်ဖြင့် လောကတစ်ခွင်အား ဖြန့်ကြက်ကြည့်ရှုသော် -

'ငါဘုရား၏အနန္တတရားတော်အား နှောင့်ယှက်မည့် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်မဂ္ဂင်လမ်းအား အဟန့်အတားဖြစ်ရာ အရာဝတ္ထုတစ်ခုအား တွေ့ခဲ့လေပြီ'

ဟု ရေရွတ်တော်မူပါသည်။

ထိုအရာကား ဝိဇ္ဇာများ မှန်းရမ်းလုပ်ရာမှ ပေါ်ထွက်လာသော ပြဒါးပြာပင်တည်း။ ထိုပြဒါးပြာသည် စားသုံးမိသူမှန်သမျှ စေတစ်လုံးတန်ခိုးများပိုင်ပြီး သက်တမ်းအားဖြင့် ဤကမ္ဘာကြီးပျက်စီးသည့်တိုင် နောက်ကမ္ဘာများစွာအထိ သက်တမ်းအား လိုသလိုဆွဲဆန့်၍ ရုပ်ပြောင်းရုပ်လွှဲအတတ်ဖြင့် ဗြဟ္မာကြီးများကဲ့သို့ သက်တမ်းရှည်လျားစွာ နေလို့ရသည့် အလွန်တန်ခိုးကြီးသော ပြဒါးပြာဖြစ်နေ၍ဖြစ်သည်။ တန်ခိုးကြီး၍ သက်တမ်းရှည်ကြာလာသောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား တည်းဟူသော အိုနာ၊ သေဘေး မမြဲသောတရားများအား မရှိဟုထင်လာပြီး မြဲသောတရား အတ္တဝါဒများဖြစ်လာနိုင်သည်ကို ဘုရားရှင်က ရွှေဉာဏ်တော်ဖြင့် သိမြင်သဖြင့် ဝိဇ္ဇာများအားလုံးကို ခေါ်ယူပါသည်။

ဝိဇ္ဇာများက -

"အရှင်ဘုရား၊ တပည့်တော်တို့အား မည်သည့်အတွက် ခေါ်ယူပါသနည်း"

ဟု လျှောက်ထားကြသည်။

ဘုရားရှင်က -

"အသင်ဝိဇ္ဇာတို့၊ သင်တို့ပြုလုပ်ထားသည့် ဤပြဒါးပြာအား ငါဘုရားအား လှူဒါန်းပါ"

ဟု မိန့်ကြားသည်။

ထိုအခါ ဝိဇ္ဇာများက စဉ်းစားကြသည်။ ဘုရားရှင်အလှူခံတာ ထူးဆန်းနေသည်။ ဘယ်အတွက် အလှူခံသည်ကို မေးမြန်း လျှောက်တင်ကြည့်မည်ဟု ဆုံးဖြတ်ကြပြီး -

"လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားကို ပြဒါးပြာအား ဘယ်အတွက်ကြောင့် အလိုရှိပါသနည်း"

ဟု မေးလျှောက်ထားရာ လိမ္မာခြင်းကင်းသော ဘုရားသည် အမှန်အတိုင်း ဖြေဆိုပါသည်။

"ငါဘုရား ဖြေဆိုမည်။ သင်တို့ သိရှိပြီးသောအခါ ပြဒါးပြာအား လှူလိုသောစိတ်ရှိမှ လှူပါ"

ဟု မိန့်ကြားရင်း ပြဒါးပြာ၏ အစွမ်းသတ္တိကို ထုတ်ဖော် ပြောကြားသောအခါ ဝိဇ္ဇာများအံ့သြကုန်ကြရ၏။ အစကနဦးတုန်းက သူတို့သည် ထိုအကြောင်းအား မသိရှိကြ၊ လှ၍သာကြည့်နေကြသည်။ ယခုတော့ ဤမျှတန်ခိုးကြီးသောပြဒါးပြာသည် သူတို့လက်ဝယ်ရောက်ရှိနေသဖြင့် လှူရာမှာ နှမြောနေကြရတော့သည်။

ဝိဇ္ဇာတို့၏အတွင်းစိတ်ကိုသိသော ဘုရားရှင်က -

"ငါဘုရားမိန့်ကြားမှ သင်ဝိဇ္ဇာတို့ လှူရမှ နှမြောမယ်ဆိုရင်လည်း နှမြောလောက်ပါပေသည်။ ဒါပေမယ့် သင်တို့ သဘောပေါက်အောင် ငါဘုရား ရှင်းပြဦးမည်။ အရှေ့အရပ်မှာ သတ္တဝါတွေ အဘယ်မျှရှိသနည်း"

ဝိဇ္ဇာများက -

"အနန္တစကြဝဠာမှာ အနန္တသတ္တဝါတွေပါ ဘုရား"

"ဒါဆိုရင် ရှေ့၊ နောက်၊ တောင်၊ မြောက်၊ ထက်၊ အောက် အရပ်ဆယ်မျက်နှာမှာ ဘယ်မျှရှိသနည်း"

"အနန္တသတ္တဝါတွေရှိကြပါသည် ဘုရား"

"ကျန်သည့်အရပ်တွေ ထားပါတော့၊ အရှေ့အရပ်တစ်ခုတည်းက သတ္တဝါတွေကို ဤပြဒါးအား စေ့ငှအောင် ကျွေးနိုင်ပါသလား"

"မကျွေးနိုင်ပါ ဘုရား"

"ဒါဖြင့် ကျွေးနိုင်အောင် သင်တို့ ပြဒါးပြာအား တိုးပွားအောင် လုပ်ကြလော့"

ထိုအခါ ဝိဇ္ဇာများသည် ထိုပြဒါးပြာအား မည်သို့ထပ်မံရရှိအောင် လုပ်ရမည်ကို မသိဖြစ်နေကြသည်။ လုပ်နည်းလုပ်ဟန်အား မှတ်ထားခြင်းမရှိဘဲ မီးကသိုဏ်းရှုနေရင်းဖြင့် မှန်းရမ်းထည့်သည့် ခတ်ပစ္စည်း အချိုးအစားအမျိုးအမည်များအား မမှတ်မိဘဲရှိကုန်၏။

"တပည့်တော်တို့ ထပ်မံလုပ်ဖို့ မတတ်နိုင်ပါဘုရား"

"သင်တို့ မလုပ်နိုင်တော့လို့ ငါဘုရား၏ သာသနာတော်အား နှောင့်ယှက်ဖျက်ဆီးမည့် ဤပြဒါးပြာများအား အလှူခံခြင်း ဖြစ်သည်။ အကယ်၍ သင်တို့ လုပ်နိုင်ခဲ့ရင်ဖြင့် ငါအလှူမခံပါဘူး"

ဟု မိန့်ကြားရာ ဝိဇ္ဇာများက ဘုရားရှင်အား ပြဒါးပြာများအား လှူဒါန်းကြပါသည်။

ဘုရားရှင်သည် ဤပြာများအား သူ့ထံအပ်နှံ၍ စောင့်ရှောက်ခိုင်းရမည်ကို စဉ်းစားကြည့်သောအခါ အရိမေတ္တေယျဘုရားရှင်လက်ထက် ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းဖို့ ရွှေငွေဥစ္စာရတနာများအား စောင့်ကြည့်နေရသော သိုက်နန်းရှင်ခေါ် ဘုမ္မစိုးများအား သွားတွေ့သည်။ ဘုမ္မစိုးနတ်သိုက်ချုပ်ကြီးများအားလုံးကို ခေါ်တော်မူ၍ -

"အသင်တို့၊ ယခုဤပြဒါးပြာများအား ငါဘုရားရှင်သာသနာတော်အပြင် နောက်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်သာသနာကွယ်သည်အထိ ဤပြာများအား စောင့်ရှောက်ကြရမည်"

ဟု မိန့်တော်မူပြီး အပ်နှံပါသည်။


ထိုပြာများအား စောင့်ရှောက်ရသော သိုက်နန်းသည် ရှမ်းပြည်နယ်မှ ရှမ်းသိုက်ဖြစ်နေပါသည်။ ရှမ်းပြည်နယ်မှ သိုက်နန်းရှင်တို့သည် ဘုရားလက်ထက်တော်မှစ၍ စောင့်ရှောက်လာကြရင်းဖြင့် တစ်နေ့သော် အလွန်တန်ခိုးကြီးသော သိုက်ဆရာတို့သည် သိုက်စာအရ ရှမ်းပြည်နယ်မှသိုက်တွင် လိုတရစေတစ်လုံးပိုင် သက်တမ်းအလွန်ရှည်သောပြဒါးပြာရှိသည်ကိုသိကြသဖြင့် ထိုပြဒါးပြာရှိရာ သိုက်ဆီသို့ လာကြကုန်တော့သည်။

အစွမ်းထက်သောသိုက်ဆရာများအား ရင်မဆိုင်ရဲကြသော သိုက်ချုပ်၊ သိုက်စောင့်၊ သိုက်နန်းရှင်တို့သည် သိုက်



www.burmeseclassic.com


www.burmeseclassic.com



တောင်အောက်မှ ပေါင်းလောင်းချောင်းနှင့် ကျေးရွာများအား တွေ့ရစဉ်



တောင်တက်လမ်းဘေးဝဲ,ယာမှ တောတောင်ရှုခင်း



လှေခွင်းတောင်အား အဝေးမှ ဖူးမြင်ရစဉ်

အတွင်းရှိ နောင်ပွင့်တော်မူမည့် ဘုရားရှင်အား ရည်စူး၍ လှူဒါန်းထားသော ရွှေငွေရတနာကျောက်သံပတ္တမြားအစုစုတို့နှင့် တန်ခိုးကြီးလှသော ပြဒါးပြာအား ရွှေလှေ၊ ငွေလှေနှစ်စင်းပေါ်တွင်တင်၍ ရှမ်းပြည်နယ်မှမြစ်ဖျားခံသော ချောင်းရိုးအတိုင်း စုန်ဆင်းလာကြပါတော့သည်။ သိုက်ဆရာတို့ကလည်း သိုက်ပြောင်းသွားသည်ကိုသိ၍ မြေပြင်တောတောင်စဉ်အတိုင်း ထက်ကြပ်မကွာ လိုက်လာကြသည်။

ဤသို့ဖြင့် ယခုလှေခွင်းတောင်ဟု အမည်တွင်လာမည့်နေရာ ချောင်းရိုးရောက်သော် တစ်ဦးသောသိုက်နန်းရှင်က ညည်းညူသည်။

"ငါတို့က ချောင်းရိုးအတိုင်း စုန်ဆင်းသည်၊ သူတို့က ချောင်းကမ်းဘေးမြေပြင်မှလိုက်နေကြသည်။ ငါတို့ လွတ်မည်မထင်တော့။ ဟိုညာဘက်တောင်ကြီးရဲ့နောက်မှာ အန္တရာယ်ကင်းမည့်နေရာရှိလျှင် ရေရှိရှိမရှိရှိပြေးလိုက်ချင်ရဲ့"


ဟု ရွတ်ဆိုလိုက်ရာ လှေပေါ်တွင်ပါလာသော ပြဒါးပြာ၏ တန်ခိုးသတ္တိအစွမ်းကြောင့် လှေနှစ်စင်းသည် ထိုတောင်ကြီး၏မြောက်ဘက်စွန်းကမ်းပါးအားထိုးခွဲပြီး အန္တရာယ်ကင်းလွတ်သည့်နေရာသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။ သိုက်ဆရာများသည် သိုက်နန်းရှင်တို့၏လှေအား မတွေ့ရတော့ဘဲ လက်လျှော့၍ပြန်ကြလေ၏။ ထိုတောင်အစွန်းသည် နှစ်ခြမ်းကွဲပြီးနောက် ထိုအကွဲအောက်မှ လေစိုင်ဝဲများပေါ်ထွက်လာပါတော့သည်။ထို့ကြောင့် ထိုတောင်ကြီးအား လှေခွင်းတောင် သို့မဟုတ် လေတွင်းတောင်ဟု ယခုတိုင်ခေါ်ဆိုနေကြခြင်း ဖြစ်သည်။

လောင်းလှေနှစ်စင်းပေါင်းပြီး စုန်ဆင်းလာသောချောင်းအား 'ပေါင်းလောင်းချောင်း' ဟု ယနေ့တိုင် ခေါ်တွင်ကြပါသည်။

**သိသူဖော်စား မသိသူကျော်သွား**

လှေခွင်းတောင် စေတီတော်မှာ လာရောက် လှူဒါန်း အဓိဋ္ဌာန်ဝင်၍ ဆုတောင်းသည်ဖြစ်စေ၊ ပုတီးအဓိဋ္ဌာန်ကျင့်စဉ်များဖြင့် ရက်ရှည်ပြုလုပ်သည်ဖြစ်စေ၊ ပြုလုပ်ပြီးတိုင်း စေတီတော်အား လက်ယာရစ်ကိုးပတ်ပတ်ရ၏။ ထိုသို့ ကိုးပတ်ပတ်ပြီးလျှင် လိုရာဆုတောင်းရသည်။ ကျွန်ုပ် သိရှိရသလောက် ထိုတောင်မှာ လှူဒါန်းအဓိဋ္ဌာန်ဝင်သွားသောသူတချို့


www.burmeseclassic.com



ဧစေတီကျောင်းဆရာတော် ဦးဝိမလ



တောင်တက်လမ်းမှာ စာရေးသူ အမှတ်တရ



ရှမ်းရိုးမကြီးနောက်ခံဖြင့် ဆင်ဖြူတောင်

သည် ယနေ့အချိန်အခါ၌ ဤနိုင်ငံမှာ ရာထူးကြီးကြီးမားမားဖြင့် ဩဇာအာဏာကြီးသော ပုဂ္ဂိုလ်ကြီးများ ဖြစ်နေကြသည်ကို တွေ့ရသည်။ တချို့ကတော့ စီးပွားရေးကို အဓိကထား၍ ဆုတောင်းသဖြင့် အလွန်ချမ်းသာသော သူဌေးကြီးများ ဖြစ်နေကြသည်ကို တွေ့နေရပါသည်။ အမည်နာမများကို ထုတ်ဖော်မပြောလိုပါ။ အခွင့်အခါသင့်လျှင်ဖြင့် သွားရောက်၍ လှူဒါန်း အဓိဋ္ဌာန်ပြု ဆုတောင်းကြစေလိုပါသည်။ ဝိဇ္ဇာလမ်းလိုက်သည့် ပုဂ္ဂိုလ်တွေကျတော့လည်း ဂန္ဓာရီခရီးမှာ ပေါက်ရောက်၍ ဆက်လှမ်းနေကြသည်ကို တွေ့ရပါသည်။

✣

တောင်ပေါ်နတ်နန်းတစ်ခု တွေ့ရသည်။ မယ်ညို၊ မယ်ဖြူနတ်နန်းဟု သိရသည်။ သူတို့သည် ဤနေရာရှိသိုက်များအား စောင့်ရှောက်နေကြသူများဟု ဆိုသည်။ မယ်ညိုသည် လှေ့ခွင်းတောင်အား စောင့်ရှောက်ရပြီး၊ မယ်ဖြူသည် တောင်ဘက်မလှမ်းမကမ်းရှိ ရေများဝိုင်းနေသော ဆင်ဖြူတောင်အား စောင့်ရှောက်နေကြသည်ဟု သိရသည်။ယခင်က တောကြီးတောင်ကြီးဖြစ်၍ လူသူအရောက်အပေါက် နည်းခဲ့ပေမယ့် ယခုအခါမှာတော့ ပေါင်းလောင်းရေအား လျှပ်စစ်စက်ရုံကြီး တည်ဆောက်လိုက်သဖြင့် ပတ်ဝန်းကျင်သည် စည်ကားလာသည်။ ကျီတောင်ရွာအုပ်စုသည် တိုက်နယ်ဆေးရုံ၊ ဈေးတန်းကြီးဖြင့် ဖွံ့ဖြိုးတိုးတက်လာ၏။

ကျီတောင်ရွာဇာတိ သံဃာတော်တစ်ပါးသည် အနယ်နယ်အရပ်ရပ်မှာ လောကုတ္တရာစာပေသင်ယူပြီး ဇာတိရွာမှ ပြန်ပင့်သဖြင့် လှေ့ခွင်းတောင်ခုလတ် ဧစေတီကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေပါသည်။ ဆရာတော်ဦးဝိမလနှင့် စကားပြောဖြစ်ခဲ့သည်။ ဆရာတော်သည် တောင်အကျိုး၊ ရပ်ရွာအကျိုးဆောင်ရွက်ရင်း လှေ့ခွင်းတောင် ဧစေတီကျောင်း ပရိယတ္တိစာတင်တိုက် ဖြစ်ပေါ်လာစေရန် ကြိုးစားနေသည်ကို တွေ့ရှိခဲ့ရပါသည်။

လှေ့ခွင်းတော်စေတီဘုရားပွဲတော်သည် နှစ်စဉ် တန်ခူးလဆန်းမှ (၁၀)ရက်အတွင်း ကျင်းပသည်။ အစည်ကားဆုံးနေ့ကတော့ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည်။ တောင်တစ်ခွင်လုံး လူအုပ်ကြီးကဖွေးဖွေးလှုပ်စည်ကားနေသည်။ ဒေသခံများကလည်း ဆိုကြသည်။ လှေ့ခွင်းတောင်ဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းလျှင် အလွန်ဆုတောင်းပြည့်သည်တဲ့။

ကျွန်ုပ်နှင့်ကိုအေးကြူတို့ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြပါသည်။ မနီးမဝေး ပေါင်းလောင်းဆည်တမံကြီးပေါ်မှ ရေကျသံများက တဝုန်းဝုန်း၊ ပေါင်းလောင်းချောင်းကား ကွေ့ကာဝိုက်ကာဖြင့် ဆက်လက် စီးဆင်းပြီး ငလိုက်ချောင်းဖြင့် ပေါင်းဆုံသွားပါသည်။ စိမ်းစိုသော လယ်ကွင်းများ၊ တောင်တန်းများနှင့် စီမံကိန်းအဆောက်အအုံများက ဟိုသည်တစ်စုစီဖြင့် အကွက်ကျလျက်။ ဟိုးအဝေးတစ်နေရာတွင် ပျပျမှုမြင်တွေ့နေရသော နေပြည်တော် ဥပ္ပာတသန္တိစေတီတော်ကြီးအား ဖူးမြော်ဆုတောင်းရင်းဖြင့် ပြန်ခဲ့ကြပါတော့သတည်း။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဆရာကြီး ဦးဂိုအင်ကာနှင့်အတူ နိုင်ငံခြားသားယောဂီ (၆၀၀) တို့ မြန်မာနိုင်ငံသို့ လာရောက်ကြပါသည်။ စာရေးသူတို့ ရွှေဘိုမြို့သို့လည်း ထိုယောဂီ (နိုင်ငံခြားသား) များ လာရောက်ကြပါသည်။ ဆရာကြီး ဦးဂိုအင်ကာ၏ ဓမ္မဆရာကြီးဖြစ်သူ ငွေစာရင်းမင်းကြီး ဦးဘခင်၊ ထိုဦးဘခင်၏ ဓမ္မဆရာဖြစ်သော ဝေဘူဆရာတော် (စာရေးသူတို့ ရွှေဘိုမြို့မှာတော့ အောင်မြေဆရာတော်၊ ခင်ဦးမြို့ (ရွှေဘိုခရိုင်) မှာတော့ အင်ကြင်းပင်ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ကြီး)၏ဓမ္မခေတ်များ

နှင့်ပတ်သက်သော ကြည်ညိုဖွယ်ရာများကို စာရေးသူတို့မိသားစုမှ ရှင်းလင်းပြောပြရပါသည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က အရှင်အာနန္ဒာ မထေရ်က သံဃာများ သင်္ကန်းကို စနစ်တကျ သုံးစွဲပုံကို ရှင်းလင်းပြသကဲ့သို့ အောင်မြေဆရာတော်ကြီးသည် စည်းစနစ်ကြီးစွာဖြင့်နေထိုင်ကြောင်း သောက်ရေကိုပင်လျှင် ကုန်နိုင်ရုံ (မိမိသောက်လောက်ရုံ) သာခပ်ပြီး သောက်စေကြောင်း အကယ်၍ ရေပိုနေသေးပါက မြေပြင်တွင် အလကား သွန်မပစ်စေဘဲ အနီးအနားရှိ သစ်ပင်ပန်းပင်များကို လောင်းစေကြောင်းတို့ကို ပြောပြရပါ

# အောင်မြေဆရာတော်
## ဝေစည်(ရွှေဘို)

ကိန်းအောင်းရာ ရွှေဘိုအောင်မြေဌာန၊ ခင်ဦး အင်ကြင်းပင်ဌာနတို့ကို သွားရောက် ကြည်ညိုကြရန် လာကြခြင်းဖြစ်ပါသည်။ ထိုနေရာများတွင် တစ်နာရီတိတိ အောင်မြေ/ဝေဘူဆရာတော်ကြီး၏နည်းအတိုင်း အာနာပါန ရှုမှတ်ခြင်းကို ပြုလုပ်ကြရန် ဖြစ်ပါသည်။

ထိုယောဂီတို့သည် Tour guide များဖြင့် လာကြသည်လည်း ရှိပါသည်။ သို့သော် Tour guide မပါဘဲလာသော အဖွဲ့တစ်ဖွဲ့(ငါးဦး)တွင် အကြောင်းအားလျော်စွာ စာရေးသူတို့နှင့် ခင်မင်ရင်းနှီးသော မြန်မာအမျိုးသမီး မမီးမီး ပါရှိလာပါသည်။ သူတို့အထဲတွင် ဂီတဆရာ မစ္စအင်ဒရီယာ၊ စိုက်ပျိုးရေးဆရာမ ရှယ်လီနှင့်သူ့ခင်ပွန်း၊ နောက် မမီးမီး၏အမျိုးသားတို့ ဖြစ်ကြပါသည်။ သူတို့အဖွဲ့အား အောင်မြေဆရာတော်ကြီး သီတင်းသုံးခဲ့သည့် ထွဋ်ခေါင်စံကျောင်းတော်ပေါ်တွင် အာနာပါနရှုမှတ်ခွင့်ရရန် အောင်မြေကျောင်းအုပ်ဆရာတော် ဦးအဂ္ဂထံ ခွင့်ပန်ပေးရပါမည်။ ဆရာတော်ဦးအဂ္ဂမှ ဝမ်းပန်းတသာဖြင့် ဆရာတော် သီတင်းသုံးတော်မူခဲ့သော စံကျောင်းတော်ဘုရားခန်းရှေ့ အောင်မြေဆရာတော်ဘုရားကြီးကျိန်းစက်ခဲ့သော ခုတင်ဘေးတွင် တရားရှုမှတ်ကြပါသည်။ တစ်နာရီတိတိ ရှုမှတ်ကြပါသည်။

အောင်မြေ/ဝေဘူဆရာတော်ကြီး

သည်။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးတိုင်း ကျေးငှက်သာရကာများနှင့် ခွေးများကို ဆရာတော်ကြီးကိုယ်တိုင် ကျွေးမွေးကြောင်း ပြောပြပါသည်။

၁၃၁၂ ခုနှစ်တွင် ရွှေဘိုမြို့ကြီး မီးဘေးသင့်ပါသည်။ ထိုအခါ အောင်မြေကျောင်းဝင်းအတွင်း ကမ္မဋ္ဌာန်းကျောင်းမှာနေသော သီလရှင်ဒေါ်စိတ္တ(ဒေါ်စိတ္တမှာ အသက်ငယ်ငယ်နှင့် အလွန်သွက်သွက်လက်လက်ရှိပါသည်။)နှင့် ဒေါ်တင်တင်လှ (အ-ထ-က ၁ ရွှေဘိုကျောင်းအုပ်ဆရာမကြီး)၏ မိခင်တို့က ဆရာတော်အား-

"ကယ်ပါဦး ဘုရား၊ ကယ်ပါဦး ဘုရား။ ရွှေဘိုမြို့ကြီး မီးလောင်နေပါပြီ ဘုရား"

ဟု ဆရာတော့်ကျောင်းသို့အပြေးသွား၍လျှောက်ထားကြရာ ဆရာတော့်ကျောင်းတံခါးမှာ ချက်ချင်းပွင့်လာပါသည်။ ဆရာတော်ကမူ ခုတင်ပေါ်တွင် ထိုင်တော်မူလျက်ရှိနေပါသည်။ အကယ်၍ ဆရာတော်ကိုယ်တိုင် ခုတင်ပေါ်မှဆင်းပြီး ဖွင့်လျှင်လည်း ဆရာတော်ကို တံခါးအနီးသာ တွေ့မြင်ရမည်ဖြစ်သော်လည်း ဆရာတော်ကို ခုတင်ပေါ်တွင် တရားရှုမှတ်လျက် တွေ့ရသဖြင့် အလွန်အံ့သြသွားကြပါသည်။

ဆရာတော်မှ -

"မီးငြိမ်းသွားမှာပါ ပြန်ကြ၊ပြန်ကြ"

ဟု ဆိုသဖြင့် နှစ်ဦးသား ပြန်ကြရန်ပြင်၍ ဆရာလေးဒေါ်စိတ္တက ကျောင်းနံရံအပေါက်သေးသေးမှ ချောင်းကြည့်လေသော် ဆရာတော်သည် မြတ်စွာဘုရားရှင်အား ဖယောင်းတိုင်မီးများ ညှိထွန်းပူဇော်ကာ ရှိခိုးကန်တော့ပြီး တရားရှုမှတ်နေတာကို မြင်ရကြောင်း ပြောပါသည်။

ရွှေဘိုမြို့ ဝန်တော်အိမ်ရပ်မှ ဦးအကောက်အိမ်တွင် (အောင်မြေဆရာတော်ကြီးအား သင်္ကန်းအသစ် ကပ်လှူ



ပြီး သင်္ကန်းဟောင်းကိုစွန့်ပါရန် လျှောက်ထားတောင်းပန်သဖြင့်) ဆရာတော်ကြီးမှ စွန့်ထားသော သင်္ကန်းတော်တစ်စုံ (ယနေ့အထိ ရှိနေပါသေးသည်) ရှိနေပါသည်။ ဦးအကောက်၏ဇနီး ဒေါ်လှရင်၏မိခင် ဒေါ်စက်ဟုပ်မှ ဘုရားကန်တော့ပြီး အောင်မြေဆရာတော်ကြီးအား -

"အောင်မြေဆရာတော်ကြီးဘုရား မီးတွေလောင်နေပါပြီ၊ တပည့်တော်တို့အိမ်ကြွပြီး ကယ်ပါဦးဘုရား"

ဟု လျှောက်ထား တောင်းပန်လေသော် ထိုဦးဘကောက်၏ အရှေ့ဘက်လမ်းရှိ အိမ်များ၊ မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မှ အိမ်များအားလုံး မီးထဲပါသော်လည်း ဦးဘကောက်၏အိမ်မှာ မီးဘေးမှကင်းလွတ်ခဲ့ပါသည်။

အောင်မြေဆရာတော်ဘုရားကြီး၏ဝေယျာဝစ္စကို အသက်ထက်ဆုံး လုပ်ကျွေးခဲ့သော၊ လုပ်အားဒါန လှူခဲ့သော ဦးမှတ်ကြီး၊ ဒေါ်ခင်ပုတို့၏နေအိမ်၊ ဆွမ်းအမ ဒေါ်ရင်၏နေအိမ်တို့မှာ မီးလောင်ပြင်ထဲတွင် ထီးထီးကျန်နေခဲ့ပါသည်။

ထိုစဉ်က မီးသတ်သမားများပြော



www.burmeseclassic.com

www.burmeseclassic.com



၂၇
သူရဿမဂ္ဂဇင်း
၂၀၁၃ ခုနှစ် ဇွန်လ အတွဲ (၁၃) အမှတ် (၆)

www.burmeseclassic.com

www.burmeseclassic.com



ဝေဘူဆ    ာ်နှင့်
အိတာလီဘုန်းဓ    ဉ်းလောကနာထ

ပြချက်အရ    ာင်ဘက် အောင်မြေ ကျောင်းဆီမှ  ပိတ်လုံးခန့်ရှိသော လ ပြည့်ဝန်းကဲ့သို့သော အလုံးကြီးတစ်လုံး ပေါ်တက်လာပြီး ရွှေဘိုမြို့ ထောင်ကြီး၏ တောင်ဘက် (ယခု မြို့ကစ်စုရပ်၊ ရှမ်းစုရပ်၊ သခ္ခတ္တာရပ်) အရောက်တွင် ထီးကြီးဖြန့်ချလိုက်သကဲ့သို့ ဖြစ်သွားပြီး မီးများလည်း ငြိမ်းသွားသည်ဟု သိရပါသည်။

ဆရာမ ဒေါ်ကြိုင်ကြိုင်တို့ အလှူပေးစဉ်က ဆရာတော်၏ ထူးခြားအံ့သြကြည်ညိုဖွယ်ရာကို တွေ့ရကြည်ညိုရပါသည်။ အလှူရက်အကြို ညနေပိုင်းတွင် အောင်မြေဆရာတော်ကြီးစံကျောင်းသို့ ရှစ်ပါးသီလခံယူရန်နှင့် မောင်ရင်လောင်း (ရှင်သာမဏေလောင်း) တို့အား ဆရာတော်၏ အဆုံးအမခံယူကြရန် သွားကြပါသည်။ ဦးပဥ္စင်းဦးခေမိန်မှ ဆရာတော်၏ကျောင်းတံခါးပိတ်ထားသဖြင့် -

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား။ အလှူရှင်များနဲ့မောင်ရင်လောင်းများ ဆရာတော်ကို ဖူးမြော်လာကြတာပါ ဘုရား"

လို့ လျှောက်လိုက်ကာနှင့် တစ်ပြိုင်နက်တည်း တံခါးပေါက်က 'ချောက်' ဆိုတဲ့အသံမြည်သွားပြီးပွင့်သွားသည်။ ကျောင်းထဲ ဝင်လိုက်ကြတော့ ဆရာတော်က ခုတင်ပေါ်မှာ တရားရှုမှတ်နေတဲ့ပုံစံနှင့် ဖြစ်ပါသည်။ တကယ်တမ်း ဆရာတော်ကိုယ်တိုင် ဖွင့်ခဲ့တာဆိုလျှင်လည်း တံခါးဖွင့်သံကြားရပြီး ခုတင်ပေါ်

သွားရဖို့ အချိန်မရနိုင်ဘူးလို့ တွေးကြရပြီး ဆရာတော်ကြီး၏ကြည်ညိုဖွယ်ဂုဏ်ကို ကြည်ညိုရင်း ပီတိတွေပွားနေကြပါသည်။

သီလရှင်လေး ဒေါ်စိတ္တနှင့် ယောဂီအဘွား (ဆရာမကြီး ဒေါ်တင်တင်လှ၏မိခင်) တို့က ဘုရားကျောင်းလေးပေါ်မှ ညဥ့်သန်းခေါင်ယံကျော်ကျော်တွင် အခင်းလေးရှိရန် ကျောင်းအပြင်သို့ထွက်ကြပါသည်။ ထိုစဉ် ဆရာတော် သီတင်းသုံးရာကျောင်းခေါင်မိုးပေါ်မှ စိမ်းဖန့်ဖန့် အလုံးကြီးတစ်လုံးကို တွေ့နေရပြီး ထိုအလုံးကြီးသည် အောင်မြေဘုရားရှေ့သို့ ရောက်လေသော် သင်္ကန်းရုံထားသော ရဟန်းတစ်ပါးအသွင်ဖြင့် ဝင်ရောက်လေရာ သင်္ကန်းတော်အောက်ပိုင်းနှင့် ခြေဖဝါးတော်တို့ကို ဖူးတွေ့လိုက်ရပါသည်။

ထိုအကြောင်း နောက်နေ့အရုဏ်ဆွမ်းစားအပြီး ဆရာလေး ဒေါ်စိတ္တမှ ဆရာတော်အား ထိုအကြောင်းလျှောက်ထားလေရာ -

"အင်းဗျ၊ အင်းဗျာ ဖူးလိုက်ကြရသလား။ ကောင်းတာပေါ့ဗျာ၊ ကောင်းပါ့ဗျာ"

ဟု မိန့်တော်မူပါသည်။

ရွှေဘိုမြို့ပေါ်မှ ဆရာဝန်ကြီးတစ်ယောက် (ဘာသာခြားဖြစ်ပါသည်) ကလည်း ဆရာတော်ထံ သွားရောက်ဖူးမြော်ရာ -

"တံခါးဖွင့်ခွင့် ချီးမြှင့်ပါဘုရား"

ဟု လျှောက်ထားတာနှင့်တစ်ပြိုင်နက် တံခါးဆီမှ ချောက်ခနဲ အသံမြည်ပြီး တံခါးပွင့်သွားပါသည်။ ဆရာတော်မှာမူကား ခုတင်ပေါ်တွင် တရားရှုမှတ်လျက် အံ့သြကြည်ညိုဖွယ်တွေ့ရသည်ဟု ဆိုပါသည်။

ဤစာရေးသူသည် ၁၉၇၀ ပြည့်နှစ်၊ မတ်လအတွင်းက စာရေးဆရာကြီး ဦးကိုကိုမောင်အား အောင်မြေဆရာတော်ကြီးထံ လိုက်ပို့ပါသည်။ အောင်မြေကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းနေသော ဘုန်းတော်ကြီးတစ်ပါးအား -

"အောင်မြေဆရာတော်ဘုရားကြီး ရှိပါသလား"

ဟု လျှောက်လိုက်ရာ -

"ရှိပါတယ်၊ ရှိပါတယ်။ အဲဒီကျောင်းထဲဝင်သွားကြ"

ဆို၍ ဝင်သွားလိုက်ရပါသည်။

ကျောင်းခန်းထဲမှ ကုလားထိုင်



ပေါ် (ခုတင်ပေလား ကောင်းစွာ မမှတ်မိတော့ပါ) တွင် ဆရာတော်ကို တွေ့ရပါသည်။ ကျွန်မတို့က ကန်တော့ကြပြီး ငါးပါးသီလပေးသဖြင့် ငါးပါးသီလခံယူဆောက်တည်ကြပါသည်။ ဆရာတော်ကြီးအား မျက်နှာတော်ကို သေသေချာချာ မော်၍ဖူးမြော်လေမှ ကျွန်မတို့ဝင်လာစဉ်က တံမြက်စည်းလှည်းနေသော ဘုန်းတော်ကြီးသည်ပင် ဤအောင်မြေဆရာတော်ကြီးပါတကားဟု ကြက်သီးဖိမ့်မျှ အံ့သြကြည်ညိုမိပါသည်။ အသံတော်ရော ရုပ်အဆင်းပါ လုံးဝတူနေသဖြင့်သာ အောင်မြေဆရာတော်ကြီးဟု သိရပါသည်။ တံမြက်လှည်းသောနေရာနှင့် ကျောင်းသခ်မ်းသည် ကိုက် (၅၀) ခန့် ဝေးပါသေးသည်။

ဤသည့် အကြောင်းခြင်းရာများကို စာရေးသူတို့မိသားစုက ဩစတေးလျနိုင်ငံသားများအား ရှင်းပြကြပါသည်။ စာရေးသူတို့၏မွေးမိတ်ဆွေများကလည်း စိတ်ဝင်တစား နားထောင်ကြပါသည်။

အောင်မြေ/ ဝေဘူဆရာတော်ကြီး၏ကြည်ညိုဖွယ်ရာများကို မသိသေးသူများလည်းသိရှိပြီး ကြည်ညိုနိုင်ကြရန်နှင့် သိရှိပြီးသောသူများသည်လည်း ထပ်မံ ကြည်ညို သဒ္ဓါပွားများနိုင်ကြပါရန် ရေးသားလိုက်ပါသည်။

*(ဩစတေးလျနိုင်ငံရောက် မမီးမီးနှင့် ဩစတေးလျနိုင်ငံသူ ရှယ်လီ၊ အင်ဒရီယာတို့သို့)*

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com




နေရာလပ်မရှိ ဖူးမြင် ရွှေဥမင်ဘုရားများ

# ရှမ်းပြည်နယ်မှာထင်ရှား ပင်းတယရွှေဥမင်ဘုရား ကံဝင်း


စာရေးသူတို့အဖွဲ့ ရှမ်းပြည်နယ် တောင်ပိုင်းရောက်နေသည်မှာ (၃)ရက် တိုင်ခဲ့ပြီ ဖြစ်ပါသည်။ (၃) ရက်တာ မှာ ညောင်ရွှေဟိုတယ်မှာ အထိုင်ပြုပြီး ၁-၁၁-၂၀၁၂ နေ့ နံနက်ပိုင်းက အုံ့မခန်း လှိုင်ကြူ ထမ့်စမ်းလိုဏ်ဂူသို့ သွားရောက် ဖူးမြော် ကုသိုလ်ယူနိုင်ခဲ့ကြပါ၏။ မနက် စာကို ဟိုပုံးကိုယ်တော်ကလေး၏ သိဒ္ဓိ ထမင်းသိဒ္ဓိဟင်းကို ပျော်ပျော်ပါးပါးစား ကြပြီး မွေတော်ကက္ကူသို့ ခရီးဆက်ခဲ့ကြ ပါ၏။ ည (၇) နာရီမှာ ညောင်ရွှေ ပြန် ရောက်ကြပြီး ဟိုတယ်မှာ နားကြ၏။ နောက်တစ်နေ့ ၂-၁၁-၂၀၁၂ ရက်နေ့။ အဲဒီနေ့က ဖောင်တော်ဦးဘုရားများ စံကျောင်းဝင်ပွဲနေ့ ဖြစ်တာမို့ နံနက်စော စော စက်လှေတွေစီးပြီး အင်းလေးဖောင် တော်လှေကြီး ကြွချီတော်မူမည့် ရေသာ ချောင်းဆီ ဦးတည်ခဲ့ကြပါသည်။ နံနက် ပိုင်း (၉)နာရီ ကရဝိက်ဖောင်တော်ဆီ သွား၍ ဒေသစာရီကြွချီသည်ကို အား ပါးတရကို ဖူးခဲ့ကြ၏။ ၎င်းနောက် ရွှေ အင်းတိန်ဘုရားများ သွားရောက်ဖူးမြော် ကြခြင်း၊ အလိုတော်ပေါက်ဘုရားဖူးခြင်း များ ပြုလုပ်ပြီးသောအခါ အင်းလေး ဒေသ သာလေးရပ်မြောက်ကျောင်းဆရာ တော်ကြီးနှင့်တပည့်အများက ဖိတ်ကြား ၍ စာရေးသူနှင့်အတူပါ ဘုရားဖူးခမ္မ



ဥမင်အတွင်းက တစ်နေရာ



တံခွန်တိုင်ဘုရားများ



သမ္ဗုဒ္ဓေဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပျားအုံဘုရားများ



ပင်းတယဂူအတွင်းသို့ လမ်းညွှန်

မိတ်ဆွေ (၄၀) ဦးအား မေတ္တာအနန္တဖြင့် နေ့လယ်စာ ထမင်း၊ အချိုမုန့်တွေနှင့် သဒ္ဓါယိုဖိတ် ခင်မင်သောစိတ်များဖြင့် ဧည့်ခံ ကျွေးမွေးကြလေ၏။ စားလို့ အလွန်ကောင်းကြပါသည်။

ပြန်ခါနီး ဖောင်တော်ဦးဘုရားရုပ်ပွားတော်များ သွားရောက်ဖူးမြော် ရွှေသက်န်းတော်များ ကပ်လှူပြီးနောက် ခေတ္တတည်းခိုရာ ညောင်ရွှေကို ပြန်လာခဲ့ကြပါသည်။ ဟိုတယ်မှာ ခေတ္တခဏတာနား၊ ကျေးဇူးရှင် လှိုင်ကြူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော် နှုတ်ဆက် ကန်တော့ပြီးနောက် စင်းလုံးငှားလေအိတ်ကားကြီးဖြင့် (၂) ညတာ နားခိုကြမည့် ကလောမြို့ဆီ ဦးတည်လာခဲ့ကြပါသည်။ ဟဲဟိုးရောက်တော့ အောင်ရတနာကျောင်းမှာ ခေတ္တခဏနားကြရင်း (ပါးစပ်) စပ်စုတတ်သော စာရေးသူ၏ လျှောက်ထား မေးမြန်းမှုကြောင့် ကထိန်အာနိသင်မရသေးသော အောင်ရတနာကျောင်းအား ကထိန်မ,တည်ဒကာအဖြစ် စုပေါင်းခံယူလိုက်ကြလေ၏။ (၁၀၀၀၀) ကျပ်တန်၊ (၅၀၀၀) ကျပ်တန်တွေ ဖလားတစ်လုံးအပြည့် အလှူခံရရှိပါသည်။ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ဖြူစင်သန့်ရှင်း မိုးကျသက်န်းကို အမှတ်မထင် လှူဒါန်းခွင့်ရကြ၍ စာရေးသူနှင့်မမှ မိတ်ဆွေတွေ ဝမ်းမြောက်နုမော် သာဓုခေါ်ခဲ့ကြ၏။ ကထိန်သက်န်း ဆိုသည်ကား ကျောင်းထိုင်ဘုန်းတော်ကြီးက မိဘရင်းချာကိုပင် 'ကျုပ်ကျောင်း ကထိန်ဒကာမပေါ်သေးဘူး' မပြောရ။ မိမိကျောင်းကထိန်အာနိသင်မရသေးတာ၊ ကထိန်မဖြစ်သေးတာကို ပြောဆိုအလှူ



ဂူအတွင်းက ရွှေဥမင်ဘုရား



ရွှေထွက်ရုပ်ပွားတော်



ပင်းတယဂူ ရွှေဥမင်ဘုရားများ



www.burmeseclassic.com

www.burmeseclassic.com

ခံတာမျိုး ဘယ်သူ့ကိုမှ မစည်းရုံးရ။ အလျှူရှင်က သဒ္ဓါပေါက်စွာ 'ကထိန်ခင်းပါရစေဘုရား' လျှောက်ထားမှ လက်ခံရတာမျိုး ဖြစ်၏။ မိမိက မစည်းရုံးပါဘဲ အလိုလို မိုးပေါ်ကကျသကဲ့သို့ သဒ္ဓါကြည်လင် အလျှူရှင်များလျှူဒါန်း ကထိန်သင်္ကန်းကို 'မိုးကျသင်္ကန်း' ဟု ခေါ်ကြလေ၏။ မိုးကျသင်္ကန်း ရပြီဖြစ်သော ဗုဒ္ဓမြတ်၏ သားတော် အောင်ရတနာကျောင်းဆရာတော်၏ သာခုခေါ်သံက စာရေးသူနှင့် ဓမ္မမိတ်ဆွေများရင်ထဲမှာ ဝှမ်းဆီထိသလိုမျိုး ပီတိတွေဖြစ်ပေါ်ခဲ့ရပါသည်။

ကလောမြို့ကိုရောက်ခါနီး အောင်ပန်းမြို့ကို ကျော်လာပြီ ဆိုသည်နှင့် ဆောင်းမင်းသမီးရဲ့ ပွေ့ဖက်ဆီးကြိုဆိုခြင်းကိုခံလိုက်ရပါပြီ။ ဆောင်းမင်းသမီး၏ ရေခဲထက် အေးစက်တဲ့ လက်တွေနှင့် ဆီးကြိုခြင်းကိုခံလိုက်ရသည်နှင့် အသည်းထဲအထိ အေးစိမ့်ခြင်းနှင့်အတူ 'ကလောမြို့က ကြိုဆိုပါ၏' ဆိုသော စာသားကို တွေ့မြင်လိုက်ရ၏။

တောင်ကြီး ညောင်ရွှေအင်းထဲတို့ ထက်အေးလှတဲ့မြို့။ ကလောမြို့ကလေးက မီးရောင်စုံထိန်ထိန်နှင့်ပေ့ါ။ စာရေးသူတို့တည်းရမည့်ဟိုတယ်က နယူးရှိုင်းဟိုတယ်။ ပြည်ထောင်စုလမ်းမကြီးနံဘေး ဗဟိုလမ်းမကြီးဘေးကပ်လျက်မှဟိုတယ်ကြီး။ ဟိုတယ်အနီးက သုမောင် ထမင်းဆိုင်မှာ ညစာစား။ ကလောည၊ကလောသဘာဝကို ခံစားရင်း 'မောင့်ရင်ထဲက ကလောမြို့' လို့ အမည်ရတဲ့ သီချင်းကို ဆိုပြီးညည်းနေမိခဲ့၏။

၃ - ၁၁ - ၂၀၁၂ နံနက်စောစော ဟိုတယ်ကဧည့်ခံတဲ့ ပေါင်မုန့်ကြက်ဥကြော်၊ ကော်ဖီနှင့် အချိုပွဲ ဟိုတယ်ဧည့်ဆောင်မှာ သွားရောက်၍မဆင်နွှဲဖြစ်ကြတော့ပါ။ အဖွဲ့ခေါင်းဆောင် ဓမ္မဝံဒေါ်မေရီခင်၏ ဆွဲဆောင်မှုနှင့်အတူ -

"ကလောရောက်ရင် မလိုင်နဲ့နံပြားစားမှဖြစ်မယ်"

ဟု ကြွေးကြော်ကြလျက် ဈေးလမ်းဘက်သို့ အဖွဲ့လိုက်ချီတက်ခဲ့ကြ၏။ *ဈေးလမ်းပေါ်မှာရှိတဲ့ မလိုင်နံပြားဆိုင်* က တစ်ဆိုင်၊ အဲဒီဆိုင်ကိုကျော်ပြီး ဈေးလမ်းဆုံရောက်တော့ ဘယ်ဘက်ကိုချိုး၊ အဲဒီမှာ မလိုင်ရတဲ့ ဆိုင်တစ်ဆိုင်၊ ယိုနှစ်ဆိုင်ကို စာရေးသူတို့လူအုပ်မျှဝင်ထိုင်၍ အဝအပြ မလိုင်နံပြားဆွဲကြပါတော့သည်။ အာလူးပူရီ၊ ချပါတီလည်းရတော့ တချို့က မှာစားကြ၏။ နံနက် (၈) နာရီထိုးတော့ အဖွဲ့ခေါင်းဆောင် ဒေါ်မေရီခင်၏ ဟမ်းစပီကာလူခေါ်သံ 'တင်းတောင်. . . တင်းတောင်' ပေါ်ထွက်လာ၏။ ထိုအသံက လူစုခေါ်သံ။ ကားကြီးပေါ် တက်ကြ၏။ လူစုံပြီ ဆိုသည်နှင့် ရွှေဥမင်ဘုရားများ တည်တော်မူရာ ပင်းတယသို့ ဦးတည်လျက် ဘုရားဖူးထွက်ခဲ့ကြ၏။

ခရီးက မဝေးလှပါ။ ကလောမှ အောင်ပန်းက (၆) မိုင်၊ အောင်ပန်း-ပင်းတယက (၂၄)မိုင် ကွာဝေးပါသည်။ ခရီးကမဝေးသော်လည်း လမ်းကကျဉ်းသဖြင့် မျက်နှာချင်းဆိုင်က ကားတွေ့တိုင်း အရှိန်လျှော့ လမ်းဘေးချရပ်နေရသည်နှင့် ခရီးဖင့်ရလေသည်။ နံနက် (၁၀း၃၀) မှ ပင်းတယဈေးကြီးထိပ်ကို ရောက်တော့၏။ ထိုမှ ညောင်ညိုပင်တန်း ဖြတ်သန်း၊ ပင်းတယတောင်ပေါ်တက်၊ ပင့်ကူကြီးရင်ပြင် လေအိတ်ကားကြီးရောက်တော့ (၁၁) နာရီနီးပါးရှိပါပြီ။

## လိုဏ်ဂူဝမှာဖူးမြင် ရွှေဥမင်

ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၅၀၀၀) နီးပါးရှိ ပင်းတယတောင်တော်မှာ ရာသီဥတုက မပူမအေး မျှမျှလေးမို့ တောင်တက်ခရီးလမ်းက မပန်းလှပါ။ အတူဘုရားဖူးလာ ဓမ္မမိတ်ဆွေတချို့က ဓာတ်လှေကားဖြင့် ဘုရားပေါ်တက်ကြ၏။ ဘုရားရင်ပြင်တော်ရောက်ပြီဆိုရင်ဖြင့် ဦးစွာပထမ လိုဏ်ဂူဝမှာ ဖူးမြင်ရသည်က ရွှေတဝင်းဝင်းနှင့် ရွှေဥမင်ဘုရားကြီးပါ။ ပင်းတယဂူအတွင်း တည်ရှိသမျှ စေတီဘုရားများ၌ ဉာဏ်တော်အမြင့်ဆုံးစေတီတော် ဖြစ်တော်မူပါသည်။ ဉာဏ်တော် အတောင် (၅၀) မြင့်တော်မူ၍ မူလဘုရားဒါယကာမှာ သိရိဓမ္မာသောကမင်းတရားကြီး ဖြစ်တော်မူပါသည်။

## ဇမ္ဗူပတိဘုရား

ရုပ်ပွားတော်များအနေဖြင့် ထူးထူးခြားခြား ရုပ်ပွားတော်မြတ်ကြီးကားလိုဏ်အတွင်း ဝင်ဝင်ချင်း ဦးစွာပထမ ဖူးမြင်ရသည့် ဇမ္ဗူပတိရုပ်ပွားတော်ကြီး ဖြစ်ပါသည်။ မကိုဋ်တော်ကြီးမားစွာဖြင့် လှလှပပ အနုစိတ်အနုပညာရသမြောက်စွာ ဖူးမြင်ရ၏။ နားကင်းတော်၊ စလွယ်ကြိုးနှင့် တရားမင်းအဖြစ် ဖော်ညွှန်းထားမင်းဝတ်တန်ဆာများဖြင့် လွန်စွာ ဖူး၍ မဝအောင်ဖြစ်ရပါသည်။

ရုပ်ပွားဆင်းတုတော်နှင့် ရဟန္တာအရှင်မြတ် ရုပ်တုတော်များသည် နံရံကျောက်သားတွင် နေရာလပ်မရှိအောင် ပြည့်ကျပ်လျက်တည်တော်မူနေကြသည်မှာ စိတ်မှာကြည်နူးချမ်းမြေ့ခြင်းများစွာဖြင့် ဖူး၍မဝနိုင်အောင်ရှိလှ၏။

## ထူးထူးခြားခြား ပျားအုံဘုရား

ထူးထူးခြားခြား ဖူးမြင်ရသော မြင်ကွင်းက ဘုရားဥမင်အဝင် လက်ယာဘက်ခြမ်း မြောက်ဘက်နံရံတွင် တစ်လက်မခန့် ဉာဏ်တော်အမြင့်သာရှိ ရုပ်ပွားတော်ငယ်များ တစ်ဆူနှင့်တစ်ဆူ စုတန်းပြီး ပျားအုံကဲ့သို့အုံခဲကာ သီတင်းသုံးတော်မူနေသော ရွှေရောင်တဝင်းဝင်းနှင့် ပျားအုံဘုရားများ ဖူးမြင်ရခြင်းက လွန်စွာထူးခြားလှ၏။ ဖူးမြင်ရခြင်း ရခဲလှပါ၏။ ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် အကြိမ်ကြိမ်ရှိခိုးဦးတင်မိပါ၏။

## ဆုတောင်းပြည့်ဘုရား ဘေသဇ္ဇရုပ်ပွားတော်များ

ပုံသဏ္ဌာန်အမျိုးမျိုးရှိသော ရုပ်ပွားတော်များထဲတွင် ဆူရေ (၇၀)ကျော်မျှ ပါဝင်နေသည်ကား ဘေသဇ္ဇဂုရုရုပ်ပွားတော်များ ဖြစ်ပါ၏။ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူနေကြသော ထိုရုပ်ပွားတော်များ၏ ဝဲဘက်လက်ဝါးတော်ထက်တွင် အမြိုက်ရေစင်အိုး ရှိ၏။ လက်ယာဒူးတော်မှာ ဖြန့်ချထားသော လက်တော်တွင် ဖန်ခါးသီးရှိနေ၏။ ဖန်ခါးသီးကို ကိုင်ထားရာတွင် လက်ညှိုး၊ လက်မတို့ဖြင့် ကိုင်သည်လည်း ရှိ၏။ လက်မ၊ လက်ခလယ်တို့ဖြင့် ကိုင်သည်လည်း ရှိ၏။ လက်ညှိုးနှင့် လက်ခလယ် ညှပ်၍ ကိုင်သည်လည်း ရှိ၏။

လက်ညှိုး၊ လက်ခလယ် နှစ်ချောင်းနှင့် လက်ဖဝါးညှပ်၍ ကိုင်သည်လည်းရှိ၏။ လက်ညှိုး လက်ဖဝါးညှပ်၍ ကိုင်ထားသော လက်အောက်တွင် ဆင်ကလေးတစ်ကောင် ပါရှိသော ဆင်းတုတော်ကိုလည်း ဖူးတွေ့ရ၏။ စိတ်ရှည်လက်ရှည် အချိန်ယူ၍ရှာဖွေပါလျှင် ဤဘေသဇ္ဇဂုရုဆင်းတုတော်များကို တွေ့နိုင်ပါသည်။

ဤဆင်းတုတော်မှာ ပါရှိသော အမြိုက်ရေစင်သည် ပြန်လည် နုပျိုခြင်း၊ အသက်ရှည်ခြင်းကို ရည်ညွှန်းပါသည်။ ဖန်ခါးသီးက ဆေးဝါးပစ္စည်းအားလုံးသို့ ကိုယ်စားပြုသည့်အတွက် အနာရောဂါပျောက်ကင်းခြင်း၊ ကျန်းမာခြင်းတို့ကို ရည်ညွှန်းပါသည်။ ဆုလာဘ်ကို လိုလားသူများက ဤပုံတော်ရှေ့မှာ ဆုတောင်းပါ။ ဆုတောင်းပြည့်ဝကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### တံခွန်တိုင် သမ္မုဒ္ဒေဘုရား

ကျောက်၊ အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်ထားသော ရုပ်ပွားတော်ကြီးများကြား ကျဉ်းမြောင်းလှသောလမ်းကလေးများအတိုင်း လျှောက်၍ဖူးမြော်ကြရာ တစ်နေရာတွင် သစ်သားလက်ရာ ရုပ်ပွားတော်များကို ဘွားခနဲတွေ့ကြရပါသည်။ ထိုရုပ်ပွားတော်များကို ကျွန်းပြားကြီးပေါ်မှာ ထွင်းထုထား၏။ ကျွန်းပြားတစ်ပြားပေါ်မှာ ရုပ်ပွားတော်အဆူ(၆၀) ရှိပါသည်။ ထိုပျဉ်ပြားကြီး (၆) ချပ်ကို တစ်မျက်နှာထားကာ ပျဉ်ပြား(၂၄)ပြားဖြင့် စေတီတော်၏ အောက်ခံ အမာခံတိုက်သဖွယ် ပြုလုပ်ထား၏။ ထိုတိုက်ပေါ်တွင် လက်ရာမြောက်သော တံကဲတစ်ခုနှင့် ဘုရားတစ်ဆူ ပူဇော်ထားပါသည်။ ထိုရုပ်ပွားတော်၏ ကျောဘက်မှ နေ၍ တံခွန်တိုင်သဖွယ် စေတီရှည်ရှည်တစ်ဆူရှိရာ ထိုစေတီတော်မှာလည်း ရုပ်ပွားတော်များ ထွင်းထုထား၏။ ဦးထိပ်တွင် ထုံးစံအတိုင်း ရွှေထီးတော်တင်ထားပါသည်။ ဘုရားကိုယ်တော်ကလေးတွေ အတန်းလိုက် အစီအရီရှိနေသည်ကို အကြောင်းပြု၍ 'တံခွန်တိုင်သမ္မုဒ္ဒေဘုရား' ဟု ခေါ်ဝေါ်လာကြပါသည်။

### ချွေးထွက်ဘုရား

လိုဏ်အဝင် အတွင်းလမ်း၌ ချွေးထွက်ဘုရားကို ဖူးမြော်ကြရပါလိမ့်မည်။ အမှန်အားဖြင့် ဘုရားကိုယ်တော်က ချွေးထွက်နေခြင်း မဟုတ်ပါ။ ဘုရားကိုယ်တော်၌ ကိုင်ထားသော သစ်စေးသရိုးမှာ အင်မတန်သိပ်သည်းချောမွတ်လှ၏။ ထို့ပြင် လိုဏ်ဂူတော်ကြီးထဲမှာ မြေဓာတ်နှင့် တိုက်သွင်းထားသကဲ့သို့ ရှိနေ၍လား မဆိုနိုင်ပါ။ ကိုယ်တော်ကို လက်ဝါးနှင့် အုပ်ကြည့်သောအခါ အေးစက်စက် စိုစိစိ တွေ့ထိရသကဲ့သို့ ခံစားရပါသည်။ ထို့ကြောင့် ချွေးထွက်ဘုရားဟု ခေါ်ဝေါ်ကြဟန်တူပါသည်။

### ဆင်မြင်းချည်တိုင် ကျောက်စို့နှင့် ကျောက်နို့

သွားလေရာ လမ်းတစ်လျှောက်တွင် ဦးဝိမလစာရ လက်ထက်တုန်းက အင်္ဂတေလမ်းခင်းပေးထားသဖြင့် ဘေးကင်းရန်ကွာ ဆင်းနိုင်၊တက်နိုင်ကြပါ၏။ ထိုမှ အနောက်ဘက်သို့ ခပ်ပြေပြေဆင်းသွားကြသောအခါ ဆုတောင်းပြည့်ဘုရားနှင့် ဆင်ချည်တိုင်၊ မြင်းချည်တိုင်တို့ကို ရောက်ပါသည်။ ဆင်ချည်တိုင်၊မြင်းချည်တိုင် ဆိုသော်လည်း အဟုတ်တကယ် ဆင်တွေ၊ မြင်းတွေ ချည်ခဲ့ကြ၍ ဟုတ်မည်မထင်ပါ။ ဘုရင်များ၊ မင်းသမီးများ၊ မင်းသားများ ဘုရားဖူးလာကြသောအခါ သူတို့၏ဆင်များ၊ မြင်းများကို ဤနေရာတွင် ချည်ထားပေလိမ့်မည် ဟူသော သဘောဖြင့် ပြောဆိုခဲ့ကြခြင်းသာ ဖြစ်ပါလိမ့်မည်။

အထက်မှတစက်စက်ကျနေသော ထုံးကျောက်ရည်များမှ အနည်အနှစ်များ ထပ်ကာထပ်ကာ စုဝေးလာရာမှ ကျောက်သားဖြစ်ကာ ပေါက်နေကြခြင်း ဖြစ်ပါသည်။

ထို့အပြင် ရှင်ဥပဂုတ်နှင့် မံဘုရားကြီးအနီးမှာလည်း ဂူ၏ခေါင်မိုးမှ တွဲကျနေသော ကျောက်မောင်းကြီးများ ရှိကြ၏။ ကျောက်စို့ကဲ့သို့ပင် အမိုးပေါ်မှ တစက်စက်ကျနေသော ထုံးကျောက်ရည်တို့ စုဝေးကာ တွဲခိုကျလာခြင်း ဖြစ်ပါသည်။ အခြားနေရာ၌ ကျောက်နို့ဟူ၍ ခေါ်ဝေါ်ကြပါသည်။ ထိုကျောက်မောင်းကြီးများကို အသင့်ရှိနေသော ဝါးလုံးကြီးများဖြင့် ထိုးလိုက်သောအခါ မောင်းသံလိုလို တုန်ဟည်းသံထွက်ပေါ်လာပါသည်။

### စိတ်ကူးနဲ့ဖောက် ပုဂံပေါက်

ထိုမှတစ်ဆင့် မြောက်ဘက်သို့ ဆင်းသွားပြန်သော် လက်ဝဲဘက်တွင် ချိုင့်ခွက်တစ်ခုထဲမှ မြင့်တက်နေသော ကျောက်ဖျာတစ်ခု တွေ့ကြရ၏။ ဇော်ဂျီ ဆေးကြိတ်သောနေရာဟု အဆိုရှိ၏။ ထိုမှဆက်လက်၍သွားသောအခါ လက်ယာဘက်တွင် ရတနာမာန်အောင်စေတီနှင့် နတ်သမီးယက္ကန်းစင်သို့ ရောက်နိုင်၏။ ထိုမှ နောက်ကြောင်းပြန်လှည့်၍ လမ်းအတိုင်း မြောက်ဘက်သို့လိုက်လျှင် ကမ္ဘာအေးစေတီသို့သွားရာ လမ်းခွဲကို တွေ့ရ၏။စေတီတော်ကို ဦးချပြီး လမ်းမအတိုင်းပြန်လျှောက်လျှင် ဂူမြောက်ဘက်အဆုံးတွင် ပုဂံပေါက်ဟု ခေါ်သော အပေါက်သို့ ဆိုက်ရောက်သည်။ ဤအပေါက်အတိုင်းဝင်၍လျှောက်သွားလျှင် ပုဂံသို့ ရောက်သွားလေမည်လော ဟူသော တွေးတောမှုဖြင့် မှည့်ခေါ်ထားကြခြင်း ဖြစ်ပါလိမ့်မည်။

ထိုပုဂံပေါက်ကို ခေတ်အဆက်ဆက် ပုဂံထိပေါက်သည်ဟု ဆိုရိုးစကားရှိသော်လည်း လောကဓာတ်ဆရာတချို့က စိတ်ကူးဖြင့်ဖောက်ခဲ့ဟန်တူသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ပုဂံအထိရောက်ခဲ့သည်ဟု မကြားခဲ့ရပါ။ စာရေးသူနှင့် ဓမ္မမိတ်ဆွေများ ဂူအတွင်းမှာ တည်ထား ဗုဒ္ဓမြတ်ဘုရားရုပ်ပွားတော်များ ဖူးမြော်ကန်တော့ပြီးချိန်မှာတော့ နောက်ကြောင်းပြန်လှည့် ရွှေဥမင်ဘုရားဆီသို့ ဦးတည်ခဲ့ကြပါတော့သည်။

### ဂူအတွင်း လမ်းမီးအစ စာရေးဆရာမ ဒဂုန်ခင်ခင်လေးက

ရှေးအခါက ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်များ သွားရောက် ဖူးမြော်လိုပါက ဓာတ်မီးများဖြင့်သာ ဝင်ရောက်ဖူးမြော်ကြရ၏။ လွန်ခဲ့သော နှစ်ပေါင်း (၅၅) နှစ်ကျော်ကာလ မြန်မာနှစ် ၁၃၁၆ ခုနှစ်က စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး လာရောက်၍ ဘုရားဖူးစဉ် ရွှေဥမင်မှာ သီတင်းသုံးတော်မူသော ကိုရင်ကြီးတစ်ပါးက စာရေးဆရာမကြီးအား ဓာတ်မီးအလင်းရောင်ဖြင့် လိုက်ပြသ၏။ ဝိုးတဝါးဖြင့် ရွှေဥမင်ဂူအတွင်း



ပင့်ကူကြီးနှင့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးရင်း စာရေးဆရာမကြီးသည် လျှပ်စစ်မီးကြိုးများသွယ်တန်း မီးအလင်းပွင့်များ လျှံဒါန်းရလျှင် ကောင်းလေစွဟု စိတ်ကူးပေါ်သဖြင့် မြို့နယ်အုပ်ချုပ်ရေးလူကြီးများထံ သွားရောက် တင်ပြခဲ့လေ၏။ မြို့နယ်တာဝန်ရှိလူကြီးများ၏ ကူညီမှုဖြင့် လျှပ်စစ်ရှိရာဌာနမှ တောင်ပေါ်အရောက် မီးကြိုးများ သွယ်တန်းလျက် အာရုံခံပြာသာဒ်ကြီး အပါအဝင် ဂူအတွင်းလမ်းတစ်လျှောက် လျှပ်စစ်မီးအပွင့်ရေ (၁၅၀၀) ကျော်ကို ထွန်းညှိပူဇော်၍ ရေစက်သွန်းချ လျှုဒါန်းခဲ့ကြောင်း သိရပါသည်။ ထိုအကြောင်းအရာများကို ထိုခေတ်ထိုအခါက နာမည်ကြီးလှသော ဗမာ့ခေတ်သတင်းစာတွင် ခရီးသွားဆောင်းပါးအဖြစ် ရေးသားဖော်ပြခဲ့သည်ကို လေ့လာ သိရှိရပါသည်။

**ပင့်ကူရမှ ပင်းတယ**

စာရေးသူနှင့်အတူပါ ဓမ္မမိတ်ဆွေများ၏ ပင်းတယဂူမှ ရွှေဥမင်ဘုရားများ ဖူးမြော်မှုအစီအစဉ်သည် ရွှေဥမင်စေတီရင်ပြင် ပြန်ရောက်ချိန်တွင် အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ပါပြီ။ ဘုရားများ စုံညီစွာ ဖူးမြော်ပြီးခဲ့ပြီမို့ ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ရန်သာ ရှိပါသည်။ သို့သော်လည်း မိမိတို့ဖူးမြော်ရှုပ်ပွားစေတီတော်များ သီတင်းသုံးရာ ပင်းတယဂူအကြောင်း သမိုင်းအကျဉ်းမျှ ဖော်ပြပေးမှ ပြီးပြည့်စုံမှာမို့ လေ့လာတွေ့ရှိ သမိုင်းအကျဉ်းကို တင်ပြအပ်ပါသည်။

ပင်းတယဂူသမိုင်း၏ အဓိကကတော့ ကုမ္ဘာဘယမင်းသားနှင့်ငွေတောင်ပြည်နတ်မင်းကြီး၏ သမီးတော် (၇) ပါးအနက်မှ အထွေးဆုံး ရှင်မိယာတို့၏ တွေ့ဆုံကြုံ အချစ်ဇာတ်လမ်းမှတ်တမ်းဖြစ်ကြ၏။ လေ့လာမိသမျှ ဖတ်ကြားခဲ့ရ သမိုင်းအထောက်အထားဟုဆိုရမည့် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ပင်းတယနှင့်ပတ်သက်သမျှ စာအုပ်များမှ တစ်သဝေမတိမ်း တစ်ဆိုတည်း တစ်မိန့်တည်း တစ်သံတည်း ထွက်လာသည်ကတော့ -

မင်းသမီး (၇) ဖော် ပုန်းတလုတ်ကန်တော်မှာ ရေလာကစားကြရင်း ငွေတောင်ပြည်ပြန်ရန် အချိန်လင့်ခဲ့ပြီမို့ တစ်ညတာ အိပ်စက်ကြဖို့ နေရာရှာသောအခါ ဂူကြီးတစ်ဂူ သွားတွေ့ကြ၏။ ထိုဂူ၌ တစ်ညတာ အိပ်စက်နေကြစဉ် ထိုဂူဝန်းကျင်၌ ကျင်လည်ကျက်စားနေရသော ပင့်ကူကြီးက ဂူဝကို ပင့်ကူမျှင်များဖြင့် အထပ်ထပ် ပိတ်ဆို့ထားလိုက်၏။

ကုမ္ဘာဘယမင်းသားသည် ပုန်းတလုတ်ရေကန်အနီး ရှုခင်းရှုကွက်များကြည့်ရင်း၊ လေကောင်းလေသန့်ရှူရင်း အပန်းဖြေနေခိုက် မိန်းမပျိုတစ်စု၏ တစ်ယောက်တစ်ခွန်းအော်သံများကို ကြားလိုက်ရ၏။ သို့ဖြင့် မင်းသား ကုမ္ဘာဘယသည် လက်စွဲတော် လေးနှင့် မြားကို အသင့်အနေအထားဖြင့် အသံလာရာဆီသို့ လိုက်လံ ရှာဖွေရာ တောင်ဘက်လိုဏ်ဝကို သွားတွေ့လေ၏။ အသံလာရာလိုဏ်ဝတွင် လူလက်မောင်းလုံးခန့် ပင့်ကူမျှင်ကြီးများဖြင့် ဂူဝတွင် ပိတ်ဆို့ထားခြင်းခံရသော နတ်သမီး(၇)ဖော်ကို သွားတွေ့လေ၏။ နတ်သမီးများက ဖြစ်ကြောင်းကုန်စင် ရှင်းပြပြီးနောက် ပင့်ကူကြီးလက်ထဲမှ သူတို့အား ကယ်တင်ပေးပါရန်နှင့် ကယ်တင်ပြီးပါက ညီမအထွေးဆုံး အချောဆုံး ရှင်မိယာကို မင်းသားအား ဆက်သပါမည်ဟု ကတိပြုလေ၏။

မင်းသားကလည်း -

"ညီမတော်များ အပူမများကြနှင့်တော့။ သူ၏မြားသည် မကောင်းမှု ဟူသမျှ ဖယ်ရှားရှင်းလင်း ရန်ပုံခွင်းမြားဖြစ်၍ ပင့်ကူကြီးလက်က လွတ်ရပါစေမည်ဟု ကတိပြုလျက် ပင့်ကူကြီးအား မြားဖြင့်နှိမ်နင်းလေတော့၏။ ပင့်ကူကြီးသည် အကောင်ကြီးလှသည်နှင့်အမျှ ထိုးထိုးထောင်ထောင် အမွေးကြမ်းကြီးများနှင့်အတူ အဆိပ်ရည်များ သိုမှီးထားအစွယ်ကြီးများကလည်း ပြူးထွက်နေလေရဲ့။

ပင့်ကူကြီးကလည်း မင်းသားကို မြင်လျှင် အတိတ်ဘဝက ရန်ငြိုးရှိခဲ့မှန်းကောင်းကောင်း သိမြင်လိုက်သည်နှင့် ပိုမို ဒေါသပေါက်ကွဲကာ ကျောက်တုံးများကို ကန်ကျောက်၊ ကျောက်မောင်းဆင် ဦးစွာတိုက်ခိုက်၏။ ကုမ္ဘာဘယမင်းသားကလည်း ကျောက်တုံးကျောက်ချွန်များ ရှောင်ရင်း -

"ဟယ် - ပင့်ကူမိစ္ဆာ ငယုတ်မာ၊ သင့်မှာသာ အစွမ်းရှိသည်မဟုတ်။ ငါရဲ့အစွမ်းကိုလည်း ယခုပင်လျှင် သင်သိစေတော့မည်"

ဟု ဆိုကာ ပင့်ကူကြီး၏နားရင်းသို့ မြားဖြင့် ပစ်ခွင်းလေ၏။ ဆက်လက်ပြီး ထိုနားရင်းကိုပင် မြားပစ်သွင်းပြန်ရာ ပင့်ကူကြီးသည် မည်သို့မျှ ပြန်လှန် အန်တုနိုင်စွမ်းမပြုနိုင်ရှာဘဲ မြေပြင်ပေါ် ဗုန်းဗုန်းလဲတော့၏။ အသက်ထွက်ခါနီး၌ -

"ဤရန်သူသည် ဂဠုန်ဘဝတုန်းက သူ၏ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရသည်။ ယခုဘဝမှာလည်း ထိုသူ၏ လက်ချက်ဖြင့်သေရပါတော့မည်။ နောင်ဘဝကာလ၌ ကျွန်ုပ်သည် ထိုရန်သူကို အမြဲနှိမ်နင်းအနိုင်ရသော ဘီလူးကြီးဖြစ်ရပါစေသတည်း"

ဟု ကျိန်ဆိုရင်း အသက်ထွက်သွား၏။

ကုမ္ဘာဘယမင်းသားက ပင့်ကူကြီးသေဆုံးသောအခါ ပင့်ကူကြီးအား အနိုင်ရပြီဖြစ်၍ လက်ခမောင်းခတ်လျက် -

"ပင့်ကူ ရပြီ၊ ပင့်ကူ ရပြီ"

ဟု (၃) ကြိမ် ကြွေးကြော်လိုက်ရာ မင်းသမီးများကလည်း-

"ပင့်ကူ ရပြီ"

ဟု ဟစ်ကြွေးကြလေ၏။

မင်းသမီး(၇)ဖော်လည်း အသက်ဘေးမှ ချမ်းသာရပြီဖြစ်၍ ကတိကဝတ်အတိုင်း ကုမ္ဘာဘယမင်းသားအား ညီမအထွေးဆုံး ရှင်မိယာနှင့် လက်ဆက်ပေးပြီးနောက် ကျန်မင်းသမီးများသည် ငွေတောင်ပြည် (ယခု ကယားပြည်) သို့ပြန်သွားကြလေ၏။

ပင့်ကူရ ဟူသော မင်းသား၏ကြုံးဝါးဟစ်ကြွေးသံကို စွဲပြု၍ ထိုနေရာကို၊ ထိုလိုဏ်ဂူကို ပင့်ကူရဟု ခေါ်ခဲ့ကြ၏။ နှစ်ပေါင်းများစွာ ကြာလာသောအခါ ပင့်ကူရမှ ပင်းကယ၊ ထိုမှ ပင်းတယ အမည်တွင်ခဲ့ပါကြောင်း နောက်ခံသမိုင်းကြောင်းကို အကျဉ်းမျှတင်ပြရင်း ရှမ်းပြည်နယ်မှာထင်ရှား ပင်းတယ ရွှေဥမင်ဘုရားဖူး အတွေ့အကြုံများကို ဉာဏ်မီသမျှ ရေးသား တင်ပြအပ်ပါသည်။

*မေတ္တာများစွာဖြင့်*

ကံဝင်း

**ကျမ်းကိုး -**

ဒေါက်တာသန်းထွန်းရေး -
*ရွှေဥမင် ပင်းတယဂူသမိုင်း*
သီလဝရေး -
*ပင်းတယနယ်မြေ*
*ရွှေဥမင်ဘုရားသမိုင်း*
ဒေါ်ဒဂုန်ခင်ခင်လေးရေး -
*ဗမာ့ခေတ် သတင်းစာ*
*ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အသက်(၄)နှစ်မှစ၍ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူခဲ့ရသူ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဝစနတော်များ၊ ဂါထာတော်များ၊ သရဏဂုံ၊ သီလ၊ မေတ္တာ၊ သစ္စာတို့၏ ထူးထူးခြားခြား တန်ခိုးထက်မြက်ပုံတို့ကို ကိုယ်တွေ့ကြုံသူတို့က ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီးကိုလျှောက်ထားကြသည်ကိုကြားရခြင်း၊ ကျွန်ုပ်တို့ကျောင်းသားများကို ရတနာသုံးပါးအပေါ် အားထားစေရန် ပြောပြခြင်း၊ သူတို့အချင်းချင်း ပြောဆိုသည်ကို ကြားရခြင်းတို့ကြောင့် ရတနာသုံးပါး၏တန်ခိုးထက်မြက်ပုံ၊ အားကိုးထိုက်ပုံတို့ကို သူရဋ္ဌမဂ္ဂဇင်းကြီး၌ ဝတ္ထုပုံစံနှင့် တင်ပြနိုင်ခြင်း ဖြစ်လေ၏။

ကျွန်ုပ်သည် ရေနံချောင်းမြို့ မြို့မြောက်ရပ် ရတနာမဥ္ဇူဘုရားလမ်း အမှတ် (၉၂၀) တွင် မွေးဖွားခဲ့၏။ ရေနံချောင်းမြို့ မြို့မြောက် သပြေတန်းရပ် ဖောင်းလင်းကျောင်းတိုက် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် အရှင်ဦးကောဝိဒသည် ကျွန်ုပ်မိခင်နှင့် ဆွေမျိုးတော်စပ်သူ ဖြစ်၏။ ကျွန်ုပ်ကို (၄) နှစ်သားအရွယ်ကစ၍ ထိုဘကြီးတော်စပ်သော ဆရာတော့်ကျောင်းတွင် ပညာသင်ယူစေခဲ့၏။

ကျွန်ုပ် (၇) နှစ်သားအရွယ်တွင် ရှင်ပြုခဲ့ရာ သာမဏေပေါက်စနလေး ကျွန်ုပ်က သီလပေးပြီး အနုမောဒနာတရားအကျဉ်းကို (အလွတ်ကျက်ထားသည့်အတိုင်း) ဟောခဲ့ရ၏။ ထို့ကြောင့် ဆရာတော့်ကျောင်းတွင် မြို့ပေါ်မှ နေ့ကျောင်းသား (၆၀) ခန့် ရောက်လာလေ၏။

ဆရာတော့်ကျောင်းတွင် မြို့ပေါ်မှ တက်ရောက် ပညာသင်ယူသူ နေ့ကျောင်းသားများရှိသလို ကျေးလက်တောရွာတို့မှ ကျောင်းအိပ်ကျောင်းစားလာနေကြသူ ကျောင်းသားများလည်း ရှိကြသည်။ ကျေးလက်တောရွာတို့မှ ဆရာတော့်ကျောင်းတွင်နေပြီး အတန်းကျောင်းတက်နေကြသူ ကျောင်းသားကြီးများလည်း ရှိကြ၏။ ဆရာတော်ထံ လောကုတ္တရာစာပေ သင်ယူစာဝါလိုက်နေကြသော ရဟန်းတော် ဦးပဥ္စင်းနှင့် သာမဏေများလည်း ရှိကြလေ၏။

တစ်နေ့တွင် ကျွန်ုပ်တို့ကျောင်းတွင်နေပြီး တန်းကျောင်းတက်နေသည့် ကျောင်းသားကြီးတစ်ဦးထံ သူနှင့် ဆွေမျိုးတော်စပ်သူတစ်ဦးရောက်လာပြီး ထိုကျောင်းသားကြီးကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးလေ၏။ ကျွန်ုပ်မှာ ထိုစဉ်က ကိုရင်လူထွက်စ။ နံနက်ပိုင်းနှင့် ညနေပိုင်းရောအဖိတ်၊ ဥပုသ်နေ့များတွင်ပါ ဆရာတော့်ကျောင်း၌ လောကုတ္တရာစာပေများကို သင်ယူရပြီး နေ့လယ်ပိုင်းတွင် သပြေ အ-လ-က (၂) ၌ တတိယတန်းတွင် တက်ရောက် ပညာသင်ယူနေရ၏။ ထိုစဉ်က အတန်းကျောင်းမှာ စနေ၊ တနင်္ဂနွေ မပိတ်။ အဖိတ်၊ ဥပုသ်နေ့များတွင်သာ ကျောင်းပိတ်၏။

ထိုနေ့က ဥပုသ်နေ့ဖြစ်၍ ဆရာတော်ကို မြို့ထဲမှ ဆွမ်းဘုဉ်းပေးရန် ပင့်ထားသဖြင့် ဆရာတော် မြို့ထဲကြွနေစဉ် ကျွန်ုပ်မှာ အတန်းကျောင်းသားကြီး၏ အခန်းတွင် ခေါ်မ(ဂရိ)နတ်ဘုရားများအကြောင်း စာပေဗိမာန်မှထုတ်သည့် စာအုပ်ကို သွားရောက် ဖတ်နေ၏။

ကျောင်းသားကြီး၏ဧည့်သည်က ကျွန်ုပ်ကို-

"ခေါ်မနတ်ဘုရားတွေရဲ့ တန်ခိုးဆိုတာတွေက စိတ်ကူးယဉ်တာတွေကွ ကလေးရ။ တို့ရဲ့ ရတနာသုံးပါးတန်ခိုးတော်ကမှ တကယ့် တန်ခိုးအစစ်ကွ။ ကိုလူကလေး သမ္ဗုဒ္ဓေဂါထာ ရလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ရပါတယ်ခင်ဗျ"

"အေး - သမ္ဗုဒ္ဓေဂါထာတော် ဆိုတာ ဘုရားရှင်ပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူခဲ့ကြတဲ့ ဘုရားရှင်အနန္တနဲ့ တရားတော်အနန္တ၊ သံဃာတော်အနန္တတွေကို ရှိခိုးတဲ့ ဂါထာပေါ့ ကိုလူကလေးရာ။ ကိုလူကလေး သိတယ်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟ ၁- ထွေးလေးရေ၊ ဒီကောင်က ရှင်ပြုတုန်းက ကိုရင်အသစ်ကျပ်ချွတ်ပေါက်စနဲ့ သီလပေး တရားဟောလုပ်လာတာဗျ။ ဒီကောင် စာသိပ်တော်တာ။ ဆရာတော့်ရဲ့ အချစ်တော်လေ။ ဒီကောင် ဒါတွေသိပ်သိတာပေါ့"

ကျောင်းသားကြီးက သူ့ဧည့်သည်ကို ပြောပြ၏။

"ဪ- ကိုရင်လေး ဉာဏ်နှ ဆိုတာ ဒီကလေးလား။ ထွေးလေးတို့ရွာမှာ အောင်မယ်လေး - သူ့အကြောင်းပြောကြတာများ အမောဗျား။ အေးအေး - ဒါဆို ကိုလူကလေး ဉာဏ်နှကို ထွေးလေးအကြောင်းပြောပြရဦးမဗျား။ ဒီလိုကွ ကိုလူကလေး ဉာဏ်နှရ"

(မှတ်ချက် - ထွေးလေး ဆိုသည်မှာ အဖေ့ညီတော်တူကို ခေါ်ခြင်းဖြစ်၏။ ဘထွေးဟုလည်းခေါ်၏။ အဖေ့အစ်ကိုကို ဘကြီး၊ အမေ့အစ်ကိုကို ဦးကြီး၊ အမေ့မောင်ကိုဦးလေး။ အဖေ့အစ်မကို အရီးကြီး၊ နှမကို အရီးလေး၊ ဒွေးလေး။

**ဉာဏ်နှ**
**နေ့တိုင်းအံ့ရွှတ် မချွတ်ချမ်းသာ**
**သမ္ဗုဒ္ဓေဂါထာတော်**



www.burmeseclassic.com

အမေ့အစ်မကို ဒေါ်ကြီး၊ ညီမကို ဒေါ်လေးဟု ခေါ်၏။ ယခုခေတ်တွင် အန်ကယ်နှင့် အန်တီကိုသာ မည်သို့တော်စပ်စပ် အသုံးများနေ၏။)

"ဟာ - ထွေးလေးကလည်း၊ ဒီအကြောင်းကြီးမပြောပါနဲ့ဗျာ။ ရှက်စရာကြီး"


"ဟကောင်ရ၊ ဒါရှက်စရာမဟုတ်ပါဘူးကွာ။ အရှင်အင်္ဂုလိမာလမထေရ်မြတ်ကြီးဟာ ရဟန္တာမဖြစ်ခင်က ပါဏာတိပါတကံကို အကြီးအကျယ် ကျူးလွန်ခဲ့တာကွာ။ တုသိတာနတ်ပြည်မှာ သောတာပန်နတ်သားဖြစ်သွားတဲ့ သရဏာဥပသကာဟာ လူ့ဘဝနဲ့ပဲ ရဟန္တာဖြစ်ပရိနိဗ္ဗာန်ပြုသွားတဲ့ သန္တတိအမတ်ကြီးဟာ ရဟန္တာမဖြစ်ခင်မှာ အရက်အရမ်းသောက် ကာမဂုဏ်အရမ်းခံစားခဲ့တာပေါ့ကွာ။

ဒီတော့ ထွေးလေးဘဝကို ပြောရတာ ရှက်စရာမဟုတ်ပါဘူး မောင်ရာ၊ ဂုဏ်ယူစရာပါကွာ။ ကဲ - ကိုလူကလေးညာကိန္ဒ၊ ထွေးလေး အခု ရွာမှာ ကျောင်းဒကာ, ရဟန်းဒကာ။ ဒီလို တူသားလိုကလေးတွေကို ပညာရေးနဲ့ စားဝတ်နေရေးပါ ထောက်ပံ့ပေးနေတာ။ ရွာမှာ လူချမ်းသာပေါ့ကွာ"

✥

"တော့်ကိုယ်တော် လူချမ်းသာများထင်နေလား ကိုထွန်းတင်။ နေ့တိုင်းအရက်ကလေးတမြမြနဲ့၊ အကောင်းကစားချင်သေးတယ်။ တော်ဒီလိုမျိုဖွိ့ဆိုဖို့ကျုပ်ရှာစာနဲ့မလောက်ဘူးလေ။ တော့်အလုပ်ထွက်လုပ်ဦးလေ"

"အေးပါ မယ်လှရယ်၊ မချောင်သေးလို့ပါကွ။ ချောင်းနေတာ၊ ချောင်း





www.burmeseclassic.com

www.burmeseclassic.com

နေတာ။ ချောင်တဲ့နေ့ချောင်သလိုလုပ်မှာပေါ့ဟာ။ အလုပ်ဖြစ်တော့လည်း နင့်အကြွေးတွေအကုန်ဆပ်။ ပြီး-အေးအေးဆေးဆေးနှပ်နေနေကျဥစ္စာပဲဟာကို။နင်ကလည်း မပူစမ်းမကျွက်စမ်းပါနဲ့ဟာ"

"ကြွေးတွေများနေပြီတော့။ ဒီအချိန်က ယာထဲမလည်း အလုပ်ကရှိတာမဟုတ်ဘူး"

"အေးပါဟာ၊ ထွန်းတင် ဆိုတဲ့ နင့်လင်က မယားအလိုက်သိတဲ့လူပါဟ။ အရက်ကတော့ နင်နဲ့မရခင်ကတည်းက သောက်လာတာ နင်လည်း အသိသားနဲ့ဟာ။ ဒါကို လူကြားအောင်ထည့်ထည့် မပြောစမ်းပါနဲ့"

အိမ်နောက်ဘေး ရေကပြင်ပေါ်တွင် ညက ကိုထွန်းတင်ရလာသည့် ယုန်တစ်တုတ်ကိုကိုင်နေသော မယ်လှက အိမ်ရှေ့ခန်းတွင် ဒူးပေါ်ပေါင်ပေါ်ထိုင်ရင်း စောစောစီးစီး တောအရက်တစ်လုံးနှင့်ငြိမ့်နေသည့် ကိုထွန်းတင်ကို ဗျစ်တောက်ဗျစ်တောက်ပြောနေခြင်းဖြစ်၏။

"တော့်ကိုထွန်းတင်၊ ရှင်သတိဝီရိယထားတာလည်း ထားတာပေါ့။ ကျုပ်တွေ့တွေ့ပြီးအကြောက်သားတော့။ တော့်ကိုအလုပ်ပြောင်းစေချင်ပါပြီတော်။ တစ်ခုခုပြောင်းလုပ်ဖို့စဥ်းစားပါလားဟင် ကိုထွန်းတင်"

"လာပြန်ပြီ မယ်လှ၊ နင့်မလည်း ဒီဗျစ်တောက်မန္တန်ပဲရွတ်နေတယ်။ ဘယ်မလဲယာ၊ ဘယ်မလဲချောင်း၊ ဘယ်မလဲနွား၊ ဘယ်မလဲ ရင်းနှီးနှီးဖို့ ထွန်ဖိုး၊ ထယ်ဖိုး၊ မျိုးဖိုး။ နော်- မယ်လှ ငါ့ရှာကျွေးတာ အသာစား၊ ငါဖြစ်ငါခံမယ်။ အေး-ငါရလာတာတော့ နင်လည်းစံပေါ့ ဟုတ်လား။ ကဲပါဟာ၊ ယုန်တစ်တုတ်ကိုင်တာ ဒီလောက်ကြာရသလား။ မြန်မြန်လုပ်ပါ၊ ငါလည်းဆာလှပြီ"

"ဟင်း. . ."

မယ်လှက ကိုထွန်းတင်ကို မျက်စောင်းကြီးတစ်ချက်ထိုးလိုက်ရင်း သက်ပြင်းရှည်ကြီးကို ကိုထွန်းတင်ကြားအောင် တမင်အကျယ်ကြီးချလိုက်၏။ ပြီးလျှင် ယုန်ကိုချက်ဖို့ပြုတ်ဖို့ ခုတ်ထစ်နေလေတော့၏။

✣

"မယ်လှရေ၊ ဒီနေ့ဘာတွေချက်ပြုတ်ထားတုံးဟေ့"

"တော့်ကိုထွန်းတင်၊ ဘာချက်ရမတုံး။ ခရီးကဆွတ်ရတဲ့ ဂုံရွက်ဟင်းချိုနဲ့ပေါ့"

"ကဲကဲ- ရော့မယ်လှ၊ ရေကြည့်ဦး (၂၇၅) ကျပ်ဗျား။ နင့်ဂုံရွက်ဟင်းချိုနဲ့ လူးထမင်း ခဏဖယ်ထားပါဦးဟာ။ တို့ ဆန်ထမင်းမစားရတာ ကြာပေါ့။ ဒီနေ့တော့ ဆန်ထမင်းလေးနဲ့ အသားမရလည်း အခြောက်အခြမ်းလေးပေါ့ဟာ ချက်ပေါ့။ နင့်ကြွေးလည်းဆပ်။ အဲ အဲ- ငါဖို့လည်း ဖိုးတောတို့တဲက အရက်တစ်လုံးဆွဲခဲ့ဟာ လုပ်၊ လုပ်"

"နေပါဦး - တော့်ကိုထွန်းတင်၊ အဲဒါကဘာတုံး။ ထရံမှာကပ်မလို့လား"

"ဩော်- ကိုလှဦးတို့ဆိုင်က လက်ဆောင်ပေးလိုက်တာပါဟာ။ သမ္ဗုဒ္ဓေဘုရားပုံတော်နဲ့သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတဲ့။ အဲဒါရအောင်ကျက်ပြီး နေ့တိုင်းဘုရားရှိခိုးတဲ့။ အဲဒါကြောင့် ဒီခေါင်းရင်းမှာ ကပ်ထားပြီး ငါ အရကျက်မလို့ဟ"

"အို - တော်ကစာဘယ်လောက်တတ်လို့တုံး"

"ကိုလှဦးက အသံထွက်တွေရော စာလုံးဆင့်ဖတ်နည်းတွေပါ သင်ပေးလိုက်ပါတယ်ဟ။ နင်ကလည်း မြန်မြန်လုပ်စရာရှိတာလုပ်ပါဟ။ ငါမှာဖြင့် ဆာလှပြီ"

"ကဲကဲ - သွားပါပြီတော်"

မယ်လှ ပုဆိုးအနွမ်းလေးတစ်ထည်ကို ခေါင်းပေါင်း၍ ပြုံးရွှင်သော မျက်နှာနှင့် ပျာကသီပုံစံဖမ်းကာ ထွက်သွားလေ၏။

(မှတ်ချက် - ထိုစဥ်က ဆန်တစ်ပြည် (၁၀) ပြား၊ (၁) မတ် (၂၅ ပြား) ဆိုသော်လည်း လူတိုင်း ဆန်ကောင်းမစားနိုင်ပါ။ ကျေးလက်တောရွာ (အညာမှ) များတွင် ဆန်ကွဲပင်မစားနိုင်။ ယာထွက် လူး၊ ဆပ်၊ ပြောင်းတို့ကိုသာ ထမင်းအဖြစ် စားကြရ၏။ ဆန်ကုန်သည်များက ဆန်တစ်ပြည် (၁၀)ပြား မှ (၁)မတ်သို့ ဈေးတက်ရောင်းရာ အစိုးရက ဆန်များကိုဝယ်ပြီး ဌာနဆိုင်ရာ ကိုယ်စားလှယ်များမှတစ်ဆင့် (၁၀)ပြားနှင့်ရောင်း၏။ ထိုစနစ်ကို (OGL) အိုဂျီအယ်(လ်) စနစ်ဟု ခေါ်၏။ အမှန်မှာ နိုင်ငံတော်၏ စုဆောင်းငွေကို ထိခိုက်၍ နိုင်ငံခြားဆန်ကုန်သည်များသာအမြတ်ထွက်၏။ ယခုအခါတွင် လူး၊ ဆပ်၊ ပြောင်းတို့ကို တချို့ ကြားပင်မကြားဘူးကြတော့။ မျိုးကောင်းမျိုးသန့် နိုင်ငံခြားမှ အထူးမက်သော စပါးနက်ဆန် စသည်တို့ကိုလည်း တချို့ ကြားပင်မကြားဘူးကြတော့။)

ကိုထွန်းတင် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ပုံကို ခေါင်းရင်းထရံတွင်ကပ်ပြီး ပုံတော်ကို လက်အုပ်ချီရှိခိုးရင်း ပုံတော်အောက်နားမှ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတော်ကို အ,ထစ်အ,ထစ်နှင့်ဖတ်ရင်း အရကျက်နေလေတော့၏။

အပြင်မှပြန်လာသော မယ်လှက ပုဆိုးစုတ်နှင့်ထုပ်ယူလာသော ချက်စရာပြုတ်စရာများကို ကြမ်းပေါ်သို့ချရင်း ကိုထွန်းတင်ကိုမဲ့ပြုံးပြုံးကြည့်လိုက်ကာ-

"တော့်ကိုထွန်းတင်၊ တော်နဲ့သမ္ဗုဒ္ဓေ ဘာဆိုင်လို့ကျက်နေသတုံး။ ဟင်းဟင်း - တော်ဟာလေ၊ ပြောတော့မိုး ထိုးတော့ မြေကြီး ဆိုသလိုပဲ အရက်သောက်၊ အကောင်ပလောင်ထောင်၊ သတ်။ ပြီးတော့. . . တော့. . ."

"ဟာ - မယ်လှ၊ နင်သေတော့မယ်။ နင့်ပါးစပ်ပိတ်ထားစမ်း။ ငါ့မှာ (၃) ရက်လုံးလုံး ပင်ပန်းလာရတဲ့ကြားထဲ။ လုပ်စရာမြန်မြန်လုပ်။ ပေး- ငါ့ပုလင်း။ ရေခပ်ပေးခဲ့ဦး၊ မြန်မြန်လုပ်"

ကိုထွန်းတင် တကယ်စိတ်ထွက်ပြီကိုသိသည်နှင့် မယ်လှ ဘာစကားမှ မပြောတော့။ လုပ်စရာတို့ကိုသာ ပျာပျာလောင်လောင်နှင့်လုပ်နေတော့၏။

✣

ကိုထွန်းတင် ပုံစံပြောင်းလာ၏။ ယခင်ကလို ပျာပျာလောင်လောင်မရှိ ခပ်အေးအေးပုံစံနှင့်ဖြစ်လာ၏။ အရက်သောက်ရင်းလည်းငိုင်ငိုင်တွေတွေ။ မယ်လှက ဘာတွေပြောပြော တစ်ခါတစ်ရံ ဘာမှပြန်မပြော။ ကိုထွန်းတင် မိုးညှင်းသမ္ဗုဒ္ဓေစေတီပုံတော်ကိုရှိခိုးရင်း သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာကို အရကျက်ပြီးပြီ။ အလွတ်ရနေသော်လည်း ပုံတော်ကို လက်အုပ်ချီရှိခိုးရင်း ဂါထာတော်ကိုနှုတ်တက်ရွရွရွတ်နေသည်ကို ကိုထွန်းတင် အလွန်ပင်ကျေနပ်နေ၏။ပီတိဖြစ်နေ၏။

ကိုလှဦးက သမ္ဗုဒ္ဓေစေတီတော်ပုံတော်ကို လက်ဆောင်ပေးရင်း မိုးညှင်းတောရဆရာတော်ကြီး အရှင်ဦးသုမနအကြောင်းကိုပါ ပြောပြလိုက်သည်ကို ကိုထွန်းတင် ပြန်လည် ကြားယောင်နေမိတတ်၏။

"မိုးညှင်းတောရ ဆရာတော်ကြီး အရှင်ဦးသုမနက တရားအလုပ်ကို ပြင်းပြင်းထန်ထန်လုပ်ခဲ့တာဗျ။ လုံ့လဝီရိယလည်း ကြီးတော်မူတယ်။ မနက်တိုင်း (၃) နာရီ အိပ်ရာကထလေ့ရှိသတဲ့ဗျ။အင်း- သူတော်ကောင်းများဟာ အပြစ်ကို သိပ်ကြောက်ကြတာဗျ။ အဲ- ဘာတဲ့ ဝါငြိ



www.burmeseclassic.com

www.burmeseclassic.com

သို့က အဲ-အဟမ်း အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီတဲ့ဗျ။ အဏုမြူလောက် အပြစ်ကလေးပဲဖြစ်စေ' ဘေးရန်ကြီးအဖြစ်နဲ့ မြင်တော်မူကြသတဲ့ဗျ။

ဆရာတော်ဘုရားကြီး ငယ်ငယ်က အမျှားသွားတဲ့လမ်းက အုတ်ခဲတစ်ခဲကိုယူပြီး သူ့ကိုဟောင်တဲ့ခွေးတစ်ကောင်ကို ပစ်ခဲ့ဖူးသတဲ့ဗျ။ အဲဒီအပြစ်ပဲ သူ့ဘဝမှာ အမှားရှိဖူးသတဲ့။ အဲဒါအကျွတ်အလွတ်တောထွက်တော့မယ်ဆုံးဖြတ်တော်မူတော့ ပြုခဲ့ဖူးတဲ့အမှားတွေကို ပြန်စဉ်းစားပြီး ဒီအမှားလေးကို တွေ့တော်မူသတဲ့။

အဲဒါနဲ့ သူ့ဇာတိရွာကိုပြန်ပြီး သူအုတ်ခဲဖဲ့ယူခဲ့ဖူးတဲ့လမ်းကို ပြုပြင်တော်မူသတဲ့ဗျာ။ အများပိုင်လမ်း ဆိုတော့ ပိုအပြစ်ကြီးတာပေါ့ဗျာ။ ဒီလိုသိတော်မူကြတာကိုးဗျ။

ဟင်းဟင်း - ကျုပ်တို့များတော့ အများပိုင်ပဲ ကိုယ်လည်းပိုင်တယ်ဆိုပြီး လုပ်ချင်ရာလုပ်ကြတာ။ ငရဲဇီဇာကျပြီးသားပေါ့ဗျာ ဟားဟားဟားဟား'

ကိုထွန်းတင် နားထဲစွဲနေသည်က 'အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ- အဏုမြူလောက်အပြစ်ကလေးလည်း ငရဲသွားဖို့ ဘေးရန်အကြီးကြီးပဲ။ အဏုမြူလောက်အပြစ်လည်း ဘေးရန်ပဲ'

"တော့် ကိုထွန်းတင်၊ ရှာဦးဖွေဦးတော့။ အရက်တစ်ပုလင်းနဲ့ ငိုင်နေလို့ ငါးပြားတစ်စေ့ဝင်လာမှာမဟုတ်ဘူးတော့်။ အကြွေးတွေများနေပြီနော်"

"အေးပါဟာ၊ အေးပါ"

"အေးပါ၊ အေးပါနဲ့ အေးနေလို့မရဘူးတော့်"

"ကဲပါဟာ၊ ငါကြံနေပါတယ်"

ကိုထွန်းတင် ရင်ထဲတွင် လွန်ဆွဲနေသည်ကို မယ်လှ သိသည်မဟုတ်။ ခါတိုင်းကဲ့သို့ပင် မြည်တွန်တောက်တီးမန္တန်ကြီးကို ရွတ်နေခြင်း ဖြစ်၏။ မိန်မပူလျှင် ယောကျ်ားမခံနိုင်သည့်ထုံးစံအတိုင်းပင် ကိုထွန်းတင် ကြံရစည်ရ ကြိုးပမ်းရလေတော့၏။

ယခုကိုထွန်းတင်ကြံစည်နေသည့်အိမ်က ယခင် သူကြီးဟောင်း ဦးဘရှင်း၏အိမ်။ ဦးဘရှင်းကား ယာတွေလက်ညှိုးထိုးမလွဲပိုင်ဆိုင်ထားသူ။ ခိုင်းနွားကြီးတွေ (၆) ကောင်နှင့် နွားမ (၁၀) ကောင်ခန့်ရှိပြီး ဆိတ်အုပ်ကပင် အကောင်(၆၀)ခန့် ရှိ၏။ သူပိုင်ထန်းတွေကလည်း နည်းနည်းနောနော မဟုတ်။ သူပိုင် ရေကန်၊ သူပိုင် ရှားတောနှင့် ရွာမှာ အချမ်းသာဆုံး။

ဦးဘရှင်းနှင့် ဒေါ်မိလေးတို့ပိုင် အတွင်းပစ္စည်း ရွှေလက်ဝတ်လက်စားတွေနှင့် အပေါင်ခံ ရွှေလက်ဝတ်လက်စားတို့ကို သီးသန့်ကျွန်းသေတ္တာငယ်လေးနှင့်ထည့်ပြီး သူတို့အိပ်သည့် ကွပ်ပျစ်အောက် ခေါင်းရင်းပိုင်းမှာထားသည်ကို ကိုထွန်းတင် သူ့အရီးလေး ဒေါ်အေးမေနှင့် လက်စွပ်သွားပေါင်စဉ်က သတိထားမိခဲ့၏။

ဦးဘရှင်းကား ညစာမစားမီ တောအရက်တစ်လုံးသောက်လေ့ရှိသူဖြစ်၏။ ဖိုးတောအရက်ထဲမှ ညနေတိုင်း ဦးဘရှင်းအတွက် အရက်တစ်လုံးပို့ပေးရလေ့ ရှိ၏။

ဦးဘရှင်းနှင့်ဒေါ်မိလေးတို့၏သားသမီးများမှာ ရေနံချောင်းမြို့နှင့် ရန်ကုန်တို့တွင် အခြေချနေထိုင်နေကြသည်။ ဦးဘရှင်းတို့အိမ်တွင် ယာသူရင်းငှား သာမောင်နှင့် သာအောင်တို့ ညီအစ်ကိုနှစ်ယောက်က ညအိပ်ညနေရှိနေကြ၏။ ညတွင် သူတို့ညီအစ်ကိုက နွားတဲတွင်အိပ်ကြ၏။

ညနေတိုင်း ကိုထွန်းတင် ဦးဘရှင်းအိမ်ကို အရက်သွားပို့သည့်တာဝန်ကိုယူထားသဖြင့် ဖိုးတောက ကိုထွန်းတင်ကို ကျေးဇူးတင်နေ၏။တစ်လခွဲကျော်ကျော် အရက်ပို့နေကျ ကိုထွန်းတင်ကို ဦးဘရှင်းအိမ်မှ ခွေးကြီးနှစ်ကောင်ကခင်၍ပင်နေပြီဖြစ်၏။ ကိုထွန်းတင်က သူထောင်၍ရသည့် ယုန်တို့၊ တောကြောင်တို့၏ ခြေထောက်ရိုး၊ ခေါင်းရိုးတို့ကို ခွေးကြီးနှစ်ကောင်အား ချကျွေးလေ့ရှိရာ ခွေးကြီးများမှာ ကိုထွန်းတင် ရွတ်ခနဲအသံပေးလိုက်လျှင် အမြီးနှန့်ပြီး ပြေးလာနှုတ်ဆက်လေ့ရှိ၏။

ယနေ့ကား ဦးဘရှင်း၏အရက်ကို ဦးရေစစ်စစ်ထည့်ပေးလိုက်၏။ သာမောင်နှင့် သာအောင်တို့ကို ဦးဘရှင်းမသိအောင် ကိုထွန်းတင်က အရက်ဝယ်ပေးနေကျဖြစ်သဖြင့် ယနေ့သူတို့အရက်ကိုလည်း ပြင်းအောင်စပ်ပေးလိုက်၏။ ဖိုးတော၏အရက်အိုးတို့ကို ကိုထွန်းတင် စိတ်ကြိုက်နှိုက်ခွင့်ရလေ၏။ကိုထွန်းတင် ကြိုးစားခဲ့သည်မှာကြာပြီ။ ယနေ့ကား သူ့အကြံအောင်သည်ဟုပင် ဆိုကြရမည်ဖြစ်ပေ၏။

ကိုထွန်းတင် အားလုံးကိုပြင်ဆင်ပြီးသော်လည်း ညကိစ္စအတွက် စိုးရိမ်စိတ်က ကြီးစိုးနေ၏။ 'ရွာသမုတ်လျှင်သစ်ငုတ်သော်မှ ကျားဖြစ်ရ' ဆိုရိုးစကားရှိသည်မို့ ရွာအသမုတ်လည်းမခံရအောင် ကိုယ့်ရွာကိုယ်လက်ရှောင်ရသည်မှာ ညမင်းသားတို့၏စည်းပင် ဖြစ်၏။ ကိုထွန်းတင် ဤစည်းကို မစောင့်ချင်တော့။ ကိုထွန်းတင် သူ့အရီးလေး ဒေါ်အေးမေနှင့် လက်စွပ်သွားပေါင်စဉ်က ဦးဘရှင်းတို့၏ ရွှေထည်ထည့်ကျွန်းသေတ္တာကလေးကို တွေ့ရပြီးကတည်းက ထိုသေတ္တာလေးမှာ သူ့မျက်စိထဲမှမထွက်။ တစ်သက်စာထိုင်စား၍ပင်ရနိုင်လိမ့်မည်။

ကိုထွန်းတင် စိုးတထိတ်ထိတ်နှင့်ပင် သူ့အလုပ်သူလုပ်ရန်ပြင်ဆင်နေမိ၏။ သူ့မှာ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတော်ကို အရကျက်ရန် တိုက်တွန်းခဲ့သည့် ကိုလှဦး၏ရှင်းပြချက်တို့က ညအလုပ်ကိုမလုပ်လိုသောစိတ်ကို ဖြစ်ပေါ်ခဲ့၏။ သို့သော် မယ်လှ၏ ပူပူညံညံတိုက်တွန်းသံတို့က သူ့စိတ်ကို မိုက်မဲမှုဘက်သို့ တွန်းပို့ပေးခဲ့၏။

✣

သူ့စိတ်ကို သူ့ဘာသာ တွန်းပို့အားပေးရင်း ညအမှောင်ထုကို အားကိုးပြီး ကိုထွန်းတင် ထွက်လာခဲ့၏။ အကျႌလုံချည် အရောင်ရင့်ရင့်နှင့် လုံချည်စုတ်အရောင်ရင့်ကို ခေါင်းပေါင်းထားခြင်းကြောင့် ရုတ်တရက် သူ့ကို မမြင်နိုင်။

ကိုထွန်းတင် စိတ်မလှုပ်ရှားစဖူး စိတ်လှုပ်ရှားလှသဖြင့် ဦးဘရှင်းတို့ ခြံစည်းရိုးအတွင်းဘက်ရောက်ပြီမှ အခင်းကြီးသွားလိုလှသောကြောင့် ခရိုးအနီး မှောင်ရိပ်ခိုရင်း အခင်းကြီးသွားလိုက်ရသေး၏။

ဦးဘရှင်းတို့ခြံနားရောက်ကတည်းက ကိုထွန်းတင် ရွတ်ခနဲ ရွတ်ခနဲ အသံပေးထားသဖြင့် ခွေးကြီးနှစ်ကောင်က မဟောင်သည့်အပြင် အခင်းကြီးသွားနေသည့် ကိုထွန်းတင်အနားမှာပင် အမြီးလေးတွေ တနှန့်နှန့်နှင့်။

ကိုထွန်းတင် အခင်းကြီးသွားပြီး တုတ်ခနောင်းသုံးကာ သန့်ရှင်းလိုက်ပြီး ခွေးကြီးတွေ၏ခေါင်းတွေကို ပွတ်သပ်ပေးရင်း ထရပ်လိုက်၏။ ပြီး ကိုထွန်းတင် ကိုဘရှင်း၏အိမ်ဘက်သို့ ထွက်လာ၏။

ကိုထွန်းတင် အခက်အခဲမရှိဘဲ ကျွန်းသေတ္တာလေးကို ယူလိုက်နိုင်၏။ ကိုထွန်းတင်ပြန်လှည့်အထွက် အိပ်ရာမှနိုးလာသည့် ဒေါ်မိလေးက ဘယ်သူလဲဟုမေးရင်း သူ့ကို လှမ်းဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းတင် ဒေါ်မိလေး၏လက်ကို ရိုက်ချလိုက်ပြီး လှေကားအတိုင်း ပြေးဆင်းလာခဲ့၏။

"သူခိုးပါတော့၊ သူခိုး. . . သူခိုး။ လာကြပါတော့ သူခိုး. . . သူခိုး"

ဒေါ်မိလေး၏ စူးစူးဝါးဝါးအသံက ကျယ်ကျယ်လောင်လောင်ထွက်လာ၏။ မှုးပြီးအိပ်နေသော ဦးဘရှင်းလည်း နိုးပြီ။ နွားတဲထဲမှ သာမောင်တို့၊ သာအောင်တို့လည်းနိုးပြီ။ ဒေါ်မိလေးအော်သလိုပင် ဦးဘရှင်းကလည်း သူခိုးအော်ရင်း ခေါင်းရင်းထရံတွင်ထိုးထားသည့် ဓားရှည်နှင့် လက်နှိပ်ဓာတ်မီးတို့ကိုယူပြီး သူခိုးပြေးဆင်းရာနောက်သို့လိုက်၏။

သာမောင်နှင့် သာအောင်တို့ကလည်း တစ်ယောက်က လှံနှင့်၊ တစ်ယောက်က နှစ်ခွခက်ရင်းနှင့် နှုတ်ကလည်း သူခိုးအော်ရင်း မည်းမည်းမြင်ရာ လက်နှိပ်ဓာတ်မီးနှင့်ထိုးပြီး သူခိုးကိုရှာ၏။

ဦးဘရှင်းတို့လေးယောက်အော်သံကြောင့် တစ်ရွာလုံးနိုးကုန်ပြီ။ အချင်းချင်းလည်း 'သူခိုးတဲ့၊ သူခိုးတဲ့။ ဦးဘရှင်းတို့အိမ်ဘက်က' ဟု သတိပေးပြောဆိုရင်း ဦးဘရှင်းတို့အိမ်ဘက်သို့ အဘက်ဘက်ကပြေးလာကြ၏။ လူတိုင်း လက်နက်ကိုယ်စီနှင့်။ အချို့က လက်နှိပ်ဓာတ်မီးပါ၏။ အချို့ကမပါ။

ကိုထွန်းတင် ကျွန်းသေတ္တာလေးကိုပိုက်ရင်း သူပြင်ဆင်ထားခဲ့သည့်ထွက်လမ်းရှိရာခရိုးဘက်သို့အပြေး သာမောင်တို့ဓာတ်မီးရောင်က သူ့ကိုယ်ပေါ်အကျ 'ဟိုမှာ၊ ဟိုမှာ' ဟု အော်သံနှင့်အတူ သာမောင်ပစ်လိုက်သော နှစ်ခွခက်ရင်းက ကိုထွန်းတင်ရှေ့ မြေကြီးမှာ စိုက်ဝင်သွား၏။ ကိုထွန်းတင် နှစ်ခွခက်ရင်း၏ အရိုးရှည်ကြီးကို တိုက်မိပြီး ရှေ့နှစ်ပတ်ခန့်လိမ့်ထွက်သွား၏။ သူ့လက်ထဲမှ ကျွန်းသေတ္တာလေးကလည်း လွင့်ထွက်သွား၏။

သူကျွန်းသေတ္တာလေးဆီပြေးပြီး ကောက်မည်အပြုမှာပင် သာအောင်က လှံနှင့် လှမ်းပစ်လိုက်ရာ ကိုထွန်းတင် သေတ္တာလေးကို မကောက်နိုင်တော့။ ခရိုးပေါက်ဆီသို့ လက်လွတ်ထွက်ပြေးရလေတော့၏။

အပြင်တွင်လည်း ရွာသားများက ငြာသံပေးပြီး လက်နက်ကိုယ်စီနှင့် ဦးဘရှင်းအိမ်ဝိုင်းရှိရာသို့ ပြေးလာနေကြပြီ။ အဘက်ဘက်ကပြေးလာနေကြခြင်းဖြစ်ရာ ကိုထွန်းတင် မည်သည့်ဘက်သို့ ပြေးရမည်မသိ ဖြစ်နေ၏။ မည်သည့်ဘက်ကိုမှ ပြေး၍လွတ်မည် မဟုတ်။

ကိုထွန်းတင် ဦးဘရှင်းအိမ်ဝိုင်းနှင့် မျက်နှာချင်းဆိုင်ဝိုင်း၏ ခြံစည်းရိုးတွင်ပေါက်နေသည့် ကြက်ဆူပင်ကလေးအောက်သို့ ပြေးဝင်လိုက်၏။ သူပြေးမိပြေးရာ ပြေးမိခြင်းသာ။

ကြက်ဆူပင်ကလေးမှာ သူ့တစ်ထိုင်စာလွတ်ရုံ။ သူကြက်ဆူပင်လေးအောက်တွင် ဆောင့်ကြောင့်ထိုင်ရင်း တုန်နေ၏။ လူတွေ စုရုံးရောက်လာကြပြီ။ ဖမ်းမိလျှင်မူ သေရုံသာ။

✣

ဦးဘရှင်းတို့အိမ်ဘက်က သူခိုးအော်သံကြားကတည်းက မယ်လှ တုန်နေပြီ။ မယ်လှ ဘာလုပ်ရမည်မသိ။ မယ်လှ အိပ်ခန်းကြမ်းပြင်ပေါ်မှထပြီး အိမ်ရှေ့ခန်းသို့ ကတုန်ကယင်နှင့်ထွက်လာမိ၏။ မယ်လှ အိမ်ခေါင်းရင်းထရံတွင် ကပ်ထားသည့် သမ္ဗုဒ္ဓေစေတီတော်ပုံတော်ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ချလိုက်၏။

"သမ္ဗုဒ္ဓေ၊ သမ္ဗုဒ္ဓေ၊ သမ္ဗုဒ္ဓေပါဘုရား။ သမ္ဗုဒ္ဓေဘုရား ကယ်တော်မူပါဘုရား"

မယ်လှ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတော်ကို မရ။ သမ္ဗုဒ္ဓေကို ကြားဖူးထား၍ သမ္ဗုဒ္ဓေ၊ သမ္ဗုဒ္ဓေဟုသာ အထပ်ထပ်ရွတ်ဆိုနေမိ၏။

မယ်လှမှာ ကိုထွန်းတင် အသက်ဘေးနှင့် ရင်ဆိုင်ကာ သူ့ကို ရှာဖွေကျွေးမွေးနေပါလားဟုလည်း သိလိုက်၏။ မယ်လှ မျက်ရည်တွေတွေစီးကျလာ၏။

✣

"တကယ့်ကို မျက်ရည်တွေကျ၊ တုန်တုန်ယင်ယင်နဲ့ပေါ့ ကိုလူကလေးဉာဏိန္ဒရယ်။ ဒီမှာအကျင့်ပါနေတဲ့ဝစီက နှုတ်ကပေါ့ကွယ်။ သမ္ဗုဒ္ဓေဂါထာတော်ကို တိုးတိုးလေး ရွတ်နေမိတာပေါ့ ကလေးရာ"

"ထူးဆန်းလိုက်တာ၊ ဒီကြက်ဆူပင်လေးက ထွေးလေးကို ဘယ်လိုလုံအောင် ဖုံးပေးနိုင်မှာလဲ။ လူ လေး၊ ငါး၊ ခြောက်ဆယ်လောက် လက်နှိပ်ဓာတ်မီးတွေ တဝင်းဝင်းနဲ့။ 'ဒီနားတင် ပျောက်သွားတာကွ၊ ဒီနားတင်။ စောစောက ငါမြင်လိုက်သေးတယ်' နဲ့ ပိုက်စိပ်တိုက်ရှာနေကြတာနော်"

"ထွေးလေးကို သူတို့ လုံးဝမတွေ့ကြဘူး မောင်ရာ။ အိုး- ရွာသားတွေဆို တက်တခေါက်ခေါက်နဲ့ပေါ့ ကိုလူကလေးရာ။ အကြာကြီးကြာမှ လူစုခွဲပြီးပြန်သွားကြတာ။ ဒီတော့မှ ထွေးလေးလည်း အိမ်ကိုပြန်တာပေါ့ကွာ။

အိမ်ရောက်တော့ မယ်လှခမျာ ထွေးလေးကိုဖက်ပြီး ချုံးချင်တော့တာပေါ့ကွာ။ တိုးတိုးတိုးတိုးနဲ့ ဒီအလုပ်ကို မလုပ်တော့ဖို့ ပြောပြောပြီး ငိုရှာတာပေါ့ကွာ။

အဲဒီနေ့ကစပြီး ထွေးလေး ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲခဲ့တာပါပဲ ကိုလူကလေးရာ။ မယ်လှရော ထွေးလေးပါ သမ္ဗုဒ္ဓေဂါထာတော်ကို နှုတ်တိုက်ဖြစ်ဖြစ်၊ စိတ်တိုက်ဖြစ်ဖြစ် မရွတ်ရမနေနိုင် ရွတ်လာခဲ့ကြတာပေါ့ မောင်ရာ။

ဒီလိုနဲ့ ယာကူလီလိုက်၊ ထန်းအလုပ်လည်းလုပ်ပေါ့။ အဲ- ထန်းရည်ခါးတော့ မလုပ်ဘူးလေ၊ ထန်းလျက်ပဲ။ ဒီလိုနဲ့ သမ္ဗုဒ္ဓေဂါထာရဲ့တန်ခိုးပါပဲ မောင်ရာ။ (၅) နှစ်လောက်အတွင်းမှာ ယာနဲ့ချောင်းနဲ့ဖြစ်လာရာက ခုတော့ ရွာမှာ လူချမ်းသာစာရင်းဝင်လာတော့တာပေါ့ မောင်ရာ။

ခုတော့ ကုသိုလ်ပဲ။ ကျောင်းဒကာ၊ ရဟန်းဒကာ။ စားဝတ်နေရေးခက်ခဲတဲ့လူတွေ ကူညီနဲ့ပေါ့ ကိုလူကလေး ဉာဏိန္ဒရာ"

"ဟို-ဘဒွေးက ဦးဘရှင်းကိုကော သွားဝန်ခံသေးလား"

"ချက်ချင်းတော့ ဝန်မခံပါဘူး ကလေးရာ။ (၅)နှစ်၊(၆)နှစ်လောက်ရှိမှ သွားကန်တော့ရင်း ဝန်ခံတော့တာပေါ့။ မင်းအရီးဘရှင်းလည်း တို့သွားကန်တော့ဝန်ခံကတည်းက အရက်ပြတ်ပြီး သူလည်း ကုသိုလ်ကောင်းမှု လက်နဲ့မပြတ်ပေါ့ မောင်ရာ။

"ကဲ- ဒါပါပဲ ကိုလူကလေးဉာဏိန္ဒရေ။ ကလေးလည်း သမ္ဗုဒ္ဓေတော့ သတိရတိုင်းရွတ်ပေ့။ တကယ့်ကိုအကျိုးပေးသကွ။ ဪ - ဝဋ်ကြွေးမရှိရင်ပေါ့ ကလေးရာ-နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"နေ့တိုင်းအံ့ရွတ် မချွတ်ချမ်းသာ သမ္ဗုဒ္ဓေဂါထာပေါ့ မောင်တို့ရာ"

*ချမ်းသာကြပါစေ*

ဉာဏိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

# စန္ဒမုနိကျောင်းတိုက်မှ ထူးဆန်းသော ဗုဒ္ဓကြေးသွန်းဆင်းတုတော်များ

စောဝင်းချင် (မြောက်ဦး)



၁၃၇၁ ခု၊ ပြာသိုလပြည့်ကျော် ရက်၊ (၇-၁-၂၀၁၀)၊ ကြာသပတေး နေ့။ ထိုနေ့တွင် ကျွန်တော်နှင့် မြေး မောင်သန်းဝင်းကျော်တို့သည် နံနက် စောစော (၇) နာရီချိန်တွင် ဆိုင်ကယ်နှင့် စန္ဒမုနိကျောင်းတိုက်သို့ ဘုရားဖူး လှေ လာရေးသွားကြလေ၏။ စန္ဒမုနိကျောင်း တိုက်သည် နန်းတော်ကုန်းမှ တောင် ဘက် (၁) မိုင်ခန့်အကွာတွင် တည်ရှိပါ သည်။ ကျွန်တော်တို့၏နေအိမ် ဝါဈေး ရပ်ကွက်မှ စတင်၍ ထွက်ကြလေ၏။ ကျွန်တော်တို့သည် မြင်းစိုင်းပြင်ရပ်ကွက်၊ ထိုမှတစ်ဖန် တောင်ဘက်သို့ တောင်ရပ် ရပ်ကွက်၊ မင်းထွက်ဆည်တံတား၊ ထို တံတားဆုံးလျှင် ဗန္ဓုလရပ်ကွက်၊ ထိုမှ တစ်ဖန် ပန်းကုံးသိမ်ဘုရား (ဆုတော်ပန် ဘုရား) ထိုဘုရား၏ တောင်ဘက်တွင် ကပ်လျက် ပန်းစီးမြောင်းရှင်ပင်ဘုရားတို့ ကို စိတ်ဖြင့်မှန်းဆ၍ ဖူးမြော်ခဲ့ကြလေ သည်။ ထိုမှဆက်၍သွားသော 'စန္ဒမုနိ ဘုရားကြီးသို့' ဟူသော လမ်းညွှန်ဆိုင်း ဘုတ်ကို ဖြတ်သန်း၍ မောင်းနှင်ခဲ့ကြပြီး စန္ဒမုနိဘုရားကြီးရှိရာ တောင်ခြေသို့ ဆိုက်ရောက်ကြပါသည်။


ထို့နောက် လှေကားအတိုင်း ဆက်တက်လာရာ စန္ဒမုနိကျောင်းတိုက် သို့ ရောက်ရှိပါလေသည်။ သို့သော် စန္ဒ မုနိကျောင်းတိုက်သို့မဝင်သေးဘဲ စန္ဒမုနိ ဘုရားကြီးရှိရာ ဘုရားသိမ်တော်သို့ဆက် ၍ သွားကြပါသည်။ (ယခင် ဗန္ဓုလ ကျောင်းတိုက်ဟု ခေါ်တွင်နေရာမှ ယခု စန္ဒမုနိဘုရား ဟူ၍ အထင်အရှားခေါ် တွင်လာရာမှ ဘုရားအမည်ကိုယူ၍ ယခု အခါ စန္ဒမုနိကျောင်းတိုက်ဟူ၍ ပြောင်း လဲ ခေါ်တွင်ခဲ့ကြပါသည်။) စန္ဒမုနိဘုရား သိမ်တော်သို့ ရောက်သောအခါ ဘုရား ကို ထိခြင်းငါးပါးဖြင့် ရှိခိုးကန်တော့ကြ လေသည်။ စန္ဒမုနိကျောင်းတိုက်မှ ထူး ဆန်းသော ဗုဒ္ဓကြေးဆင်းတုတော်များ အကြောင်းကို မရေးသားမီ စန္ဒမုနိဘုရား အကြောင်းကို အနည်းငယ် ဖော်ပြလိုပါ သည်။

## မုနိအစ ဓည၀တီက

သာသနာတော်၌ ၂၂၂ ခုနှစ်တွင်



ခြေတော်ရာ



မြတ်စွာဘုရား ရေအစုံ၊ မီးအစုံ ပြာဋိဟာပြနေပုံ



www.burmeseclassic.com

www.burmeseclassic.com



အံတော်ဓာတ်



စန္ဒမုနိကျောင်းရှိ ဘုရားတစ်ဆူ



ဘုရားဆိုက်ပုံ



မြတ်စွာဘုရား ဦးတော်နှစ်လုံးနှင့် ပြာဋိဟာပြနေပုံ

စန္ဒသူရိယမင်း၏အနွယ်တော် (၆) ဆက်မြောက် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းလက်ထက်တွင် ပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာမင်းကြီး၏လျှောက်ထားတောင်းပန်ချက်အရ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန်နှင့် ဓညဝတီ ရခိုင်ပြည်မှ မဟာမြတ်မုနိရုပ်ရှင်တော်ပုံကို ကူးယူရန် ကြွရောက်လာကြသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အရှင်ဗာဟုလမထေရ်မြတ်တို့ဦးဆောင်သော ရဟန္တာများထံမှ စန္ဒမုနိ၊ သကျမုနိ၊ ရာဇမုနိ၊ ဒေဝမုနိ၊ စူဠမုနိ ဆိုသော မုနိငါးဆူကို ပုံတူကူးယူပြီး ဘေးလောင်းတော် စန္ဒသူရိယမင်းလက်ထက်မှ မဟာမုနိရုပ်ရှင်တော်မြတ်ကိုသွန်းလုပ်ခဲ့စဉ်က ကြွင်းကျန်ရစ်သော ရတနာတို့ဖြင့် အဆိုပါ မုနိငါးဆူကို သွန်းလုပ်တော်မူခဲ့လေသည်။ ဤပထမဆုံးသော မုနိငါးဆူစလုံးသည် လည်ရစ်သုံးရစ်ပါရှိခြင်း၊ ကေသရာဇာခြင်္သေ့မင်း၏ ရင်အုံကဲ့သို့ ရင်အုံတော် မို့မောက် ဖြိုးဝေခြင်း၊ ထက်ဝယ်ဖွဲ့ ခွေစံပယ်တော်မူခြင်း၊ ကြာသင်္ကန်းတော်ကို တစ်ကိုယ်လုံး ဝတ်ဆင်ထားခြင်း၊ စမ္မခဏ်တော်မှာ လခြမ်းသဏ္ဍာန်ရှိတော်မူခြင်း စသော အင်္ဂါရပ်များနှင့် ပြည့်စုံကြသည်။ သူရိယစက္ကမင်းတရားကြီးသည် မဟာကျန်မုနိငါးဆူအား မဟာမြတ်မုနိ၏ မဏ္ဍိုင်ငါးရပ်အဖြစ် သရီချောင်းမြစ်၏ လက်ဝဲ၊ လက်ယာကမ်းတစ်လျှောက် တည်ထား ကိုးကွယ်ခဲ့လေသည်။ တစ်နည်းအားဖြင့် မဟာမြတ်မုနိဘုရားကြီးနှင့် မဟာကျန်မုနိငါးဆူကို မဟာမုနိစက်ဟူ၍ ရခိုင်တို့က ကဝိဂြိုဟ်ပြုကြသေးသည်။ မဟာမုနိစက်တွင် ပါဝင်သော ဤစန္ဒမုနိသွန်းစက်တော်မြတ်ကို သူရိယစက္ကမင်းမြတ်သည် မဟာမုနိကုန်းတော်၏ တောင်ဘက်အရပ် ဒီပါပဗ္ဗတ (ယခု မြောက်ဦးမြို့နယ် တောင်ဦးကျေးရွာ၏ မြောက်ဘက်အနီး စန္ဒမုနိကုန်းတော်) တောင်ကုန်းပေါ်တွင် ကျောက်လိုဏ်ဂူပြုလုပ်၍



www.burmeseclassic.com

www.burmeseclassic.com




စန္ဒမုနိဘုရားအဝင်ထမ်း



ထက်ရှိ စန္ဒမုနိဘုရားကြီး တည်ရှိရာနေရာ

တိုးကွယ်ခဲ့လေသည်။ သွန်းစက်တော်မြတ်မှာ ရွှေစင်အတိဖြင့် သွန်းလုပ်ထားဘိသကဲ့သို့ သပ္ပာယ်လှပြီး ရွှေရည်များတစက်စက်ယိုဖိတ်နေသည့်အလား ထင်မိယောင်မှား ဖူးမြော်ရပါသည်။ သွန်းစက်တော်များမှာ (၁၁၈) ပါးအတွက် အင်္ဂါရပ်များနှင့်အညီ ရခိုင်ဗိသုကာ ပန်းတဉ်းပညာရှင်များ၏ အံ့မခန်းလက်ရာကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ပါသည်။ ဆင်းတုတော်မြတ်၏ ဉာဏ်တော်အမြင့်မှာ (၄) ပေ၊ (၁၀) လက်မနှင့် ဒူးစွန်းနှစ်ဖက်အကျယ်(၄)ပေတို့ ဖြစ်ကြပါသည်။

ထို့နောက် ကျွန်တော်တို့သည် စန္ဒမုနိရင်ပြင်တော်မှပြန်လာခဲ့ကြပြီး စန္ဒမုနိကျောင်းတိုက်ပေါ်သို့ ဘုရားများဖူးရန်တက်သွားကြပြီး လက်ဆယ်ဖြာထိပ်ပေါ်တွင်မိုး၍ ရှိခိုးကန်တော့ကြလေသည်။

**ယမကပြာဋိဟာဗုဒ္ဓကြေးသွန်းဆင်းတုတော်**

ကျွန်တော်တို့သည် မှန်ဗီရိုထဲ၌ ကိန်းဝပ် စံပယ်လျက်ရှိသော ဆင်းတုတော်များကို လည်း၍ ရှိခိုးကန်တော့ကြပါသည်။ ကျွန်တော်တို့သည် အရှေ့ဘက်မှစ၍ဖူးကြရာ အနောက်ဘက်မှန်ဗီရိုထဲ၌ ထူးဆန်းသော ဗုဒ္ဓကြေးသွန်းဆင်းတုတော်နှစ်ဆူကို ဖူးမြော်ခဲ့ကြရပါသည်။

တစ်ဆူမှာ ယမကပြာဋိဟာဟုခေါ် ဆိုသော ရေအစုံ၊ မီးအစုံကို တန်ခိုးပြနေသောပုံ ဖြစ်လေသည်။ ယာဘက်လက်မှ ရေအစုံထွက်ပြီး ဘယ်ဘက်လက်မှ မီးအစုံထွက်လေသည်။ ယာဘက်လက်မှာ အောက်သို့ မတ်မတ်စိုက်ထားပြီး ရေအစုံထွက်နေပုံဖြစ်ပြီး ဘယ်ဘက်လက်မှာ ဦးခေါင်းပေါ်သို့ တံတောင်ဆစ်မှကွေးပြီး ဦးခေါင်းအထက်နား၌ မီးအစုံထွက်နေပုံ ဖြစ်လေသည်။

ပုံတော်မှာ-

၁။ ဉာဏ်တော်အမြင့် (၉. ၇၅) လက်မ
၂။ မျက်နှာတော် (မေးစေ့မှဆံစထိ) (၁. ၂) လက်မ
၃။ ဦးတော်တစ်ခုလုံး (၂) လက်မ
၄။ ပလ္လင်အမြင့် (၂. ၂) လက်မ
၅။ မီးအစုံထွက်နေပုံ (၆) လက်မ
၆။ ရေအစုံထွက်နေပုံ (၄) လက်မ

ယင်းကို နိုင်ငံတော် ဗုဒ္ဓသာသနာ့မဟာဗုဒ္ဓဝင် တတိယတွဲစာမျက်နှာ (၇၈ မှ ၈၉) အထိတွင် ဤသို့ ဖော်ပြထားပါသည်။ 'စာလုံးပေါင်းသတ်ပုံမှာ မဟာဗုဒ္ဓဝင်စာအုပ်အတိုင်း' ဖြစ်ပါသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအမှူးပြုသော သာကီဝင်မင်းအပေါင်းတို့သည် မြတ်စွာဘုရားသခင် ကပိလဝတ်နေပြည်တော်သို့ ဆိုက်ရောက်တော်မူလာလျှင် 'ငါတို့၏ဆွေမျိုးမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြော်ကြရကုန်တော့မည်' စည်းဝေးပွဲကို ကျင်းပကြ၍ ရှေးဦးစွာ မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ နေရာဌာနကို တိုင်ပင်ဆွေးနွေးကြကုန်သည်ရှိသော် 'နိဂြောဓသာကီဝင်မင်း၏အရံဉယျာဉ်တော်သည် မွေ့လျော်ဖွယ်ရှိ၏။ အရိပ်ရေစမ်းနှင့်ပြည့်စုံ၏။ မြို့နှင့် မဝေးလွန်း၊ မနီးလွန်းခြင်း၊ သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း၊ အလိုရှိတိုင်းသောသူတို့သွားရောက်ဖို့ရန်လွယ်ကူခြင်း၊ ဆိတ်ငြိမ်ခြင်း တည်းဟူသော ဘုရားရှင်တို့နှစ်သက်အပ်သည့် အင်္ဂါရပ်များနှင့်ပြည့်စုံ၏။ ထို့ကြောင့် ထိုနိဂြောဓသာကီဝင်မင်း၏အရံဉယျာဉ်တော်သည် မြတ်စွာဘုရား နေထိုင်သီတင်းသုံးတော်မူသော လျော်ကန်လျောက်ပတ် ကောင်းမြတ်သောနေရာဖြစ်၏'ဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ် သတ်မှတ်အတည်ပြုကြပြီးလျှင် ထိုဉယျာဉ်တော်၌ ပြုပြင်ဖွယ်ကိစ္စအဝဝကို ပြုပြင်စေကြပြီးနောက် ကိုယ်စီကိုယ်င နံ့သာပန်းတို့ဖြင့် လက်စွဲကြကုန်လျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုမှု ပြုလုပ်ကြကာ -

(က) အဆင်တန်ဆာအပြည့်အစုံဆင်ယင်ကြပြီးသော အသက်ငယ်ရွယ်သူ (မြို့နေလူထု၏သမီးသား) သူငယ်ချင်းများ၊ သူငယ်များကို ရှေ့တန်းမှ နေရာချထားကြလေသည်။

(ခ) ထို့နောက်မှ အဆင်တန်ဆာအပြည့်အစုံ ဝတ်ဆင်ကြပြီးသော မင်းသား၊ မင်းသမီးတို့ကို လိုက်ပါစေကြသည်။

(ဂ) ထိုမင်းသား၊ မင်းသမီးတို့၏နောက်မှ အခြားမရှိ မိမိကိုယ်တိုင် နံ့သာပန်း၊ နံ့သာမှုန့် စသည်တို့ဖြင့် ပူဇော်ကုန်လျက် မြတ်စွာဘုရားကို ပင့်ဆောင်၍ နိဂြောဓာရုံဉယျာဉ်သို့ သွားကြလေကုန်သည်။

နိဂြောဓာရုံဉယျာဉ်သို့ရောက်လာသောအခါ မြတ်စွာဘုရားသည် ရဟန္တာအပေါင်းနှစ်သောင်း ခြံရံလျက် သာကီဝင်မင်းတို့ ကြိုတင်စီစဉ် ခင်းထားအပ်သည့် မြတ်သောဘုရားနေရာ ဗုဒ္ဓါသန



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မပလ္လင်၌ သီတင်းသုံး နေထိုင်တော်မူလေ၏။ ထိုအခါ သာကီဝင်မင်းတို့သည် ဇာတိမာန်ခက်ထန်သူများဖြစ်ရကြောင်း 'သိဒ္ဓတ္ထမင်းသားသည် ငါတို့အောက် အသက်အရွယ်အလွန်ငယ်သူများ ဖြစ်လေ၏။ ငါတို့၏ ညီငယ်၊ တူငယ်၊ သားငယ်၊ မြေးငယ် ဖြစ်ပေသည်' ဟု ကြံစည်ကြ၍နေကုန်သောမင်းသားတို့ကို -

"အမောင်တို့ ရှိခိုးကြကုန်လော့။ ငါတို့ကား အမောင်တို့နောက်မှ ထိုင်နေကြကုန်အံ့"

ဟူ၍ ပြောဆိုကြကုန်လေ၏။

ဤဆွေတော်မျိုးတော်ဖြစ်ကြသည့် သာကီဝင်မင်းတို့ မြတ်စွာဘုရားကို ရှိမခိုးဘဲ မင်းသားငယ်တို့၏နောက်ကွယ်မှ ထိုင်နေကြကုန်လတ်သော် မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ ဇာတိမာန်ပြင်းပြ အတွင်းစိတ်ဆန္ဒကို သိမြင်တော်မူပြီးကာ -


'ဤငါ၏ဆွေမျိုး မာနအိုးတို့သည် ကိုယ်ကျိုးမပြီး အချည်းနှီး အိုမင်းကြသဖြင့်' ငါ့ကို ရှိမခိုးကြကုန်။ ဤငါ၏ဆွေမျိုး မာနအိုးတို့သည် ဘုရားမည်သည် ဤသို့သဘောရှိသောသူပါတကား၊ ဘုရားရှင်တို့၏ အားအစွမ်းမည်သည် ဤသို့သဘောရှိစွတကား ဟူ၍ လည်းကောင်း လားလားမျှမသိကြကုန်။ ကိုင်း-ယခုအခါ ငါဘုရားသည် ဘုရားခွန်အားစွမ်းပကားကို ထင်ရှားဖော်ပြကာ ရေအစုံ၊ မီးအစုံကို တန်ခိုးပြာဋိဟာကိုလည်း ပြုပေအံ့။ အဇ္ဈောပြင် မိုးကောင်းကင်၌ စင်္ကြာဝဠာတိုက်တစ်သောင်း ကျယ်ပြန့်သော ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းပြီးလျှင် ထိုရတနာစင်္ကြံထက်၌ စုန်၊ ဆန်တုံ့ခေါက် စင်္ကြံလျှောက်၍ ရောက်ဆိုက်လာသမျှသော ဝေနေယျာအား အဇ္ဈာသယကိုကြည့်ကာ ဓမ္မဒေသနာမိုး ပြည့်ဖြိုးရွာသွန်းပေအံ့'

ဟု ကြံစည် ဆုံးဖြတ်တော်မူပြီးလျှင် စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကြွေးကြော်သာခုခေါ်ကြလေကုန်၏။

မြတ်စွာဘုရားသခင်သည် ကြံစည် ဆုံးဖြတ်တော်မူပြီးသည့် အခြားမဲ့မှာပင် ဩဒါတကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာသမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှထတော်မူပြီးကာ 'စကြာဝဠာပေါင်း တိုက်တစ်သောင်းအနှံ့ အလင်းရောင်ပြန့်စေသတည်း' ဟု မိန့်ဩာန်တော်မူလေသည်။ မိဋ္ဌာန်တော်မူပြီးသည်နှင့်



မူလ စန္ဒမုနိဘုရား တည်ရှိရာနေရာ



စန္ဒမုနိဘုရားတက်လမ်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်နက် မိဋ္ဌာန်ချက်အတိုင်း စကြာဝဠာတိုက်တစ်သောင်း အလင်းရောင်လွှမ်းမွမ်းညောင်း၍ လူပေါင်းများစွာ နတ်ဗြဟ္မာတို့ ကြည်သာရွှင်လန်းဝမ်းမြောက်ဝမ်းသာရှိနေကြစဉ် အသိဉာဏ်စတုတ္ထစျာန်ဖြင့် ကောင်းကင်မိုးယံသို့ ပျံတက်၍ (၁)အထက်နှင့်အောက်၊ (၂)ရှေ့နောက်ရှုပကာ၊ (၃) ဝဲယာနှစ်ဖော်မျက်စိတော်၊ (၄) နားတော်၊ (၅) နှာတော်၊ (၆) ပခုံးတော်၊ (၇) လက်တော်၊ (၈) နံပါးတော်၊ (၉) ခြေတော်၊ (၁၀) လက်ချောင်း၊ ခြေချောင်းတော်နှင့်အကြားအကြား၊ (၁၁) တစ်ဆူတစ်ဆူသော မွေးညင်းတော်၊ (၁၂) တစ်ခုတစ်ခုသော မွေးညင်းတွင်းတော် ဤ (၁၂) ဌာနအစုတို့၌ ခု - မီးအလျှံ၊ ခု - ရေလျှံ၊ ခု - ရေအလျှံ၊ ခု - မီးအလျှံ အပြန်ပြန်ပြောင်းလွှဲ ဖူးတိုင်းဖူးတိုင်း အဆင်ကွဲစေလျှက် အံ့ဩချီးပ၍ မဝမဆိတ် သာကီဝင်မင်းအပေါင်းတို့၏ ဦးထိပ်၌ တရိပ်ရိပ်တဖုံဖုံ ကိုယ်တော်မြတ်၏ ခြေတော်မှုန်ကို တသုန်သုန်တဖွဲဖွဲ ကြဲချသည့်ပမာ များစွာလူနတ် ပရိသတ်၏အလယ်၌ ရေမီးအစုံစုံကို တန်ခိုးပြာဋိဟာ ကောင်းစွာလှလှ ပြသတော်မူလေ၏။

ဤသည်မှာ ယမကပြာဋိဟာပြနေသော ရုပ်တုတော်၏ပုံတော် ဖြစ်လေသည်။

**ဦးတော်နှစ်လုံးနှင့် အဥ္ဇလီမုဒြာ ဗုဒ္ဓကြေးသွန်းဆင်းတုတော်**

ဤပုံတော်မှာ ဦးတော်နှစ်လုံးရှိပြီး လက်မှာ အဥ္ဇလီမုဒြာ ရှိလေသည်။ ပုံတော်မှာ -

၁။ ဉာဏ်တော်အမြင့်
(၁၁. ၁၂) လက်မ
၂။ မျက်နှာတော် (မေးစေ့မှဆံစထိ)
(၁. ၃) လက်မ
၃။ ဦးတော်တစ်ခုလုံး (၂. ၄)လက်မ
၄။ ပလ္လင်အမြင့် (၂. ၄) လက်မ
၅။ လက်တော် (ချထားဟန်)
(၄. ၄) လက်မ
၆။ အဥ္ဇလီ (ရှိခိုးနေဟန်)
(၅) လက်မ

ယင်းကို ဂေါပကအဖွဲ့ဝင်ကျောင်းဒကာများက အောက်ပါအတိုင်း ရှင်းပြလေသည်။

မြတ်စွာဘုရားရှင်သည် နိမ္မိတရုပ်ပွားတော် ဖန်ဆင်း၍ တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားကို ဝါတွင်းသုံးလပတ်လုံး တရားဟောပြလေသည်။ ဆွမ်းခံချိန်ရောက်ပြန်လျှင် ပကတိ ရှင်တော်ဘုရားက အောက်ရပ်လူ့ပြည်သို့ ဆင်း၍ ဆွမ်းခံကြွလေ၏။ အောက်ရပ်လူ့ပြည်သို့ ဘုရားသခင်ကိုယ်တိုင် ဆွမ်းခံခြင်းဖြစ်ပြီး နိမ္မိတကိုယ်ပွားရုပ်တုတော်မှာ တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားကိုတရားဟောနေပုံ ကိုယ်ပွားရုပ်တုတော် ဖြစ်လေသည်။

ဦးတော်နှစ်လုံးနှင့် ပတ်သက်၍ ရုပ်တုတော်အကြောင်းကို ရှင်းပြလေသည်။သို့သော် နိုင်ငံတော် ဗုဒ္ဓသာသနာ့မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ (၅၂၉ မှ ၅၃၀) အထိ 'ကိုယ်တော်ပွားနိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူခြင်း' တွင် ဤသို့ဖော်ပြထားပါသည်။

**ကိုယ်တော်ပွား နိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် များပြားသော ပရိသတ်အစည်းအဝေးကြီး၌ ကိုယ်တော်မြတ်၏ စိတ်အလိုကို ရယူကာ ပြဿနာမေးလျှောက်မည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ၍ နိမ္မိတဘုရားကိုယ်တော်ပွားတို့ကို ဖန်ဆင်းတော်မူလေသည်။ ဖန်ဆင်းတော်မူသည်ရှိသော် တစ်ဆူ၊ နှစ်ဆူ၊ သုံးဆူ၊ လေးဆူစသည်ဖြင့် အစဉ်အတိုင်း တိုးပွားစေကာ အရာမက များစွာ နိမ္မိတရုပ်ပွားမြတ်စွာဘုရားတို့ကို ဖန်ဆင်းတော်မူလေ၏။

ထိုနိမ္မိတရုပ်ပွားမြတ်စွာဘုရားတို့က မေးအပ်သော ပြဿနာကို ပကတိဓာတ်သား ရှင်တော်ဘုရားက ဖြေကြားတော်မူ၍ ပကတိ ဓာတ်သားရှင်တော်ဘုရားက မေးအပ်သော ပြဿနာကို နိမ္မိတရုပ်ပွားမြတ်စွာဘုရား ဖြေကြားတော်မူလေသည်။ ဣရိယာပုတ်အနေအားဖြင့်လည်း နိမ္မိတရုပ်ပွားမြတ်စွာဘုရားတို့မှာ အချို့ကား ရပ်တော်မူကြကုန်လျက်၊ အချို့ စင်္ကြံကြွတော်မူကြကုန်လျက်၊ အချို့ကား လျောင်းစက်တော်မူကြကုန်လျက်၊ အချို့ထိုင်တော်မူကြကုန်လျက် ဣရိယာပုတ်လေးပါးလုံးပင် နိမ္မိတဘုရားပေါင်း များစွာ တည်ရှိကြလေကုန်သည်။

ထိုအခါ ပကတိဓာတ်သားကိုယ်တော်ဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည် လည်းကောင်း၊ နိမ္မိတရုပ်ပွား မြတ်စွာဘုရားတို့၏ ရောင်ခြည်တော် ခြောက်သွယ်တို့သည် လည်းကောင်း၊ မီးအလျှံ, ရေအယဉ်တို့သည် လည်းကောင်း၊ နိမ္မိတရုပ်ပွားအရာမကသော မြတ်စွာဘုရားတို့သည် လည်းကောင်း ကောင်းကင်တစ်ပြင်လုံး ရောထွေး ပြွမ်းယှက်ကြကာ သာဝကတို့နှင့် မဆက်ဆံ နှိုင်းစံဖွယ်ရာမရှိအောင် ပြုကုန်၍ ကောင်းကင်အပြင်ကို လွန်စွာတင့်တယ်စေကြလေကုန်၏ဟူ၍ ဖော်ပြပါရှိလေသည်။

အချုပ်အားဖြင့်ဆိုရသော် ယမကပြာဋိဟာမုဒြာဗုဒ္ဓဆင်းတုတော်နှင့် ဦးတော်နှစ်လုံးနှင့် လက်မှာ အဥ္ဇလီမုဒြာဆင်းတုတော်တို့မှာ ဝေသာလီခေတ်မှ ကြေးသွန်းလက်ရာ ဖြစ်ဟန်တူသည်။ ယမကပြာဋိဟာမုဒြာဆင်းတုတော်မှာ ယာဘက်လက်ကို အောက်သို့ မတ်မတ်စိုက်၍ချထားပြီး ရေအစုံထွက်နေဟန်ဖြစ်ပြီး ဝဲဘက်လက်သည် တံတောင်ဆစ်မှ အပေါ်သို့ကွေးပြီး ဦးခေါင်းအထက်နား၌ မီးအစုံထွက်နေဟန် (ပြာဋိဟာ)ပုံ ဖြစ်သည်။ နားတော်များမှာနားပေါက်များပါရှိပြီး ယင်းနားပေါက်တော်များမှာ ဥရုဝေဠ၊ မဟာကဿပရသေ့ကြီးနှင့် ကျင်လည်ခဲ့ဖူးသော ဘဝဖြစ်စဉ်ကို ဖော်ညွှန်းနေသည်။

ဦးတော်နှစ်လုံးနှင့် လက်မှာ အဥ္ဇလီမုဒြာဆင်းတုတော်မှာ မြတ်စွာဘုရားသည် နိမ္မိတကိုယ်တော်ပွားကို ဖန်ဆင်းတော်မူလေသည်။ ထိုနိမ္မိတရုပ်ပွားမြတ်စွာဘုရားက မေးအပ်သော ပြဿနာကို ပကတိဓာတ်သားရှင်တော်ဘုရားက ဖြေကြားတော်မူ၍ ပကတိဓာတ်သား ရှင်တော်ဘုရားက မေးအပ်သော ပြဿနာကို နိမ္မိတရုပ်ပွားမြတ်စွာဘုရားက ဖြေကြားတော်မူပုံကို ကြေးသွန်းပညာရှင်က ဉာဏ်ကွန့်၍ သွန်းလုပ်ထားခြင်း ဖြစ်လေသတည်း။

စောထွီးရှင် (မြောက်ဦး)

**ကျမ်းကိုး -**


၁။ နိုင်ငံတော် ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင် တတိယတွဲ
(ကောဇာ ၁၃၅၅ ခု)
၂။ စောထွီးသျှင် (မြောက်ဦး) ရေးသားသော 'မြို့မြောက်ဦးမှ ထူးခြားဘုန်းရှိ စန္ဒမုနိ' (၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၊ သုရဿွတီမဂ္ဂဇင်း အထူးထုတ်)
၃။ စာရေးသူ၏ ကွင်းဆင်းလေ့လာချက်များ




www.burmeseclassic.com

www.burmeseclassic.com



# အရေးအကြီးဆုံး အလုပ်

ချောင်းဆုံအုန်းသွင်

မျက်မှောက်၊ သံသရာ နှစ်ဖြာသော ဘဝများတွင် ကောင်းကျိုးချမ်းသာများကို ခံစားနိုင်ဖို့ အရေးကြီးဆုံးအလုပ်မှာ မိမိကိုယ်ကိုကောင်းအောင်ဆောက်တည်ခြင်းပင် ဖြစ်ပါသည်။

ဤအချက်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မင်္ဂလသုတ်တွင် (၆)ပါးမြောက်မင်္ဂလာအဖြစ် ဟောကြားတော်မူခဲ့ပါသည်။

'အတ္တသမ္မာ ပဏိဓိ' ဟူ၍ ဖြစ်ပါသည်။ အတ္တ - မိမိကိုယ်ကို၊ သမ္မာ - ကောင်းစွာ၊ ပဏိဓိ- ဆောက်တည်ခြင်း ဟူ၍ ဖြစ်ပါသည်။

မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်မှုမပြုဘဲ သံသရာခရီးသွားသူ သံသရာခရီးသည်အဖို့ ခိုင်ခံ့စွာကြိုးတုပ်မထားသောဖောင်ဖြင့် ရေလမ်းခရီးသွားသူကဲ့သို့ ဖောင်ပျက်ပြီး ဒုက္ခရောက်ရပါမည်။ ကောင်းရာသုဂတိဘုံကိုမရောက်ရဘဲ၊ ကောင်းကျိုးချမ်းသာ မခံစားရဘဲ ဒုဂ္ဂတိဘုံများတွင်သာ တဝဲလည်လည်ဖြစ်နေရပေမည်။

ထို့ကြောင့် မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများတွင် ကောင်းကျိုးချမ်းသာများကို ခံစားလိုသူသည် မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်ရပေမည်။

မိမိကိုယ်ကိုကောင်းအောင် မည်ကဲ့သို့ ဆောက်တည်ရမည်နည်း၊ မည်သည့်အရာများကို ဖြည့်ဆည်းရမည်နည်း။

မိမိကိုယ်ကိုကောင်းအောင်ဆောက်တည်နိုင်ဖို့အတွက် မြတ်စွာဘုရားက အချက်(၄)ချက် ညွှန်ပြထားပါသည်။ ၎င်းတို့မှာ-

၁။ သဒ္ဓါ၊
၂။ သီလ၊
၃။ စာဂ၊
၄။ ပညာ

ဟူ၍ ဖြစ်ပါသည်။

**သဒ္ဓါ**ကို အများအားဖြင့် ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းဟု ယူဆကြပါသည်။ 'ဒီလူသဒ္ဓါတရားကောင်းလိုက်တာ။ ရက်ရက်ရောရောကျွေးမွေးတာပဲ၊ ပေးကမ်းတာပဲ' ဟု ပြောလေ့ရှိကြပါသည်။

သဒ္ဓါ၏ အဓိပ္ပာယ်မှာ ယုံကြည်ခြင်း ဟူ၍ ဖြစ်ပါသည်။ ရတနာသုံးပါး၌ ယုံကြည်ခြင်း၊ ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်း ဖြစ်ပါသည်။ သဒ္ဓါသည် ဒုလ္လဘတရား (၅) ပါးတွင် ပါပါသည်။ သဒ္ဓါသမ္ပတ္တိဒုလ္လဘော- ရတနာသုံးပါး၌သက်ဝင်ယုံကြည်ခြင်း၊ ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းသည်လည်း ရခဲ၏ဟူ၍ ဖြစ်ပါသည်။

ရတနာသုံးပါးကို ယုံကြည်မှုသာ ဗုဒ္ဓ၏အယူဖြစ်သော ကံ,ကံ၏အကျိုး ကောင်းမှုပြုက ကောင်းကျိုးရ၏၊



www.burmeseclassic.com

www.burmeseclassic.com

မကောင်းမှုပြုက မကောင်းကျိုးရ၏ဟူသည်ကို ယုံကြည်မည် ဖြစ်ပါသည်။

ကံ၊ကံ၏အကျိုးကို ယုံကြည်မှသာ ဗုဒ္ဓဘာသာဝင်ဖြစ်ပါမည်။ ထို့ကြောင့် မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများတွင် ကောင်းကျိုးချမ်းသာကို ရရှိခံစားလိုသူအဖို့ ရှေးဦးစွာ သဒ္ဓါတရားနှင့် ပြည့်စုံရပါမည်။

ဒုတိယပြည့်စုံရမည့် အချက်က **သီလ** ဖြစ်ပါသည်။ သီလ၏အဓိပ္ပာယ်မှာ ကောင်းမြတ်သောအကျင့်ဟူ၍ ဖြစ်ပါသည်။

သီလ ဟူသည် 'သီသ' ဟူသော ဝေါဟာရမှ ပြောင်းလာခြင်း ဖြစ်သည်။ သီလ၏အဓိပ္ပာယ်မှာ ဦးခေါင်း ဖြစ်ပါသည်။ လူတို့သည် မိမိတို့၏ဦးခေါင်းကို အမြတ်တနိုး ထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ သီလကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရမည်။ ဦးခေါင်းပြတ်သော် လူသေသကဲ့သို့ သီလပျက်သော် ဘဝသေသည်။ ကောင်းကျိုးချမ်းသာကို မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများတွင် မရနိုင်တော့ချေ။ ဤသို့ သီလသည် သီသ ဟူသော ဝေါဟာရမှ ပြောင်းလဲလာခြင်းဖြစ်ကြောင်းနှင့် သီလ၏ အကြောင်းအကျယ်ကို ဗုဒ္ဓဘာသာလက်စွဲကျမ်းတွင် ဖော်ပြထားပါသည်။

သီလ (၂) မျိုး ရှိပါသည်။ ၎င်းတို့မှာ-

၁။ မကောင်းဘူး, အပြစ်ရှိတယ်, မလုပ်ရဘူး, ရှောင်ကိုရှောင်ရမယ်။

၂။ ကောင်းတယ်, အကျိုးကောင်းရတယ်, လုပ်သင့်တယ်, ဆောင်ရမယ်, ဆောင်ပါ။

ဟူ၍ ဖြစ်ပါသည်။

လူတို့အတွက် ရှောင်ရမည့်သီလမှာ ငါးပါးသီလဖြစ်ပြီး ထပ်ဆင့်ဆောင်ရမည့်သီလမှာ ရှစ်ပါး၊ ကိုးပါး စသည့် သီလများ ဖြစ်ပါသည်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးဟု ပမာနှိုင်းထားပါသည်။ လူ (ကျား၊ မ) မှာ ပုဆိုး၊ ထဘီ မဝတ်၍ မရပါ။ ဝတ်ကိုဝတ်ရပါမည်။ ဟိရီ (မကောင်းမှုပြုခြင်းကိုရှက်ခြင်း)၊ ဩတ္တပ္ပ (မကောင်းမှုပြုခြင်းကိုကြောက်ခြင်း)ရှိသူသည် လောကတွင် ပုဆိုး၊ ထဘီမဝတ်က ရှက်စရာအကောင်းဆုံးဟုယူဆထားကြသကဲ့သို့ ငါးပါးသီလ ချိုးဖောက်ရမည်ကို ရှက်ကြ၊ ကြောက်ကြပေသည်။ ထို့ကြောင့် လူတို့အဖို့ ငါးပါးသီလသည် အဟိရိက-အနောတ္တပ္ပ တည်းဟူသော မကောင်းမှုပြုရမှာမရှက်ခြင်း၊ မကောင်းမှုပြုရမှာ မကြောက်ခြင်းတို့မှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးသောတရားဖြစ်သည်။

ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့ကိုလည်း အခါအားလျော်စွာ စောင့်ထိန်းနိုင်သမျှ စောင့်ထိန်းပါ။ ပို၍ပို၍သော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရပါသည်။

သဒ္ဓါ တည်းဟူသော ယုံကြည်မှုက သီလ တည်းဟူသော မျိုးစေ့ကောင်းကိုချပေးပါသည်။ ဥပမာပြရလျှင် လောကတွင် (ရှေးအခါက) အကောင်းဆုံးအသီး ဆိုသော ဇမ္ဗူရသရက်သီးမှ ဒေါင်ဒေါင်မြည်အောင်မြင်သော သရက်စေ့(မျိုးစေ့)ကို ချပေးလိုက်ခြင်း ဖြစ်ပေသည်။ ထိုသရက်စေ့ကို မြေကောင်းတွင် သင့်တင့်သော ရေလောင်းပြီး စိုက်ပျိုးလိုက်က သန်စွမ်းသောအပင် (ပျိုးပင်) ပေါက်လာပါမည်။

ထိုသရက်စေ့သည် မြေပေါ်သို့ အစို့အညှောက်ပေါက်ခြင်းနှင့် မြေအောက်သို့ အမြစ်ဆင်းခြင်း အလုပ်နှစ်ခုကို တစ်ပြိုင်နက်ပြုလုပ်ခြင်း ဖြစ်သည်။

ကောင်းမှုပြုက ကောင်းကျိုးရ၏၊ ဆိုးမှုပြုက ဆိုးကျိုးရ၏ ဟူသော ကံ,ကံ၏အကျိုးကိုယုံကြည်ခြင်း ဟူသော သဒ္ဓါက ဆိုးမှုမပြုသော သီလမျိုးစေ့ကို ထုတ်လုပ်ပေးလိုက်သဖြင့် ပျိုးချလိုက်သော သီလမျိုးစေ့မှ သီလမြစ်နှင့် သီလအညွန့်တို့ ထွက်လာကြ၏။ သီလအမြစ်သည် ကောင်းခြင်းတည်းဟူသော မြေဆီဩဇာနှင့် ရေတို့ကိုစုပ်ယူပြီး သီလအညွန့်ကို သန်မာ ထွားကျိုင်းသည့် သီလပင်စည်ကြီး ဖန်တီးပေးလိမ့်မည်။

ထိုသီလပင်စည်ကြီးမှ စာဂတည်းဟူသော အကိုင်းအခက်၊ အရွက်များနှင့် ပညာတည်းဟူသော အပွင့်၊ အသီးတို့ကို ထုတ်လုပ်ပေးမည် ဖြစ်ပါသည်။ ဤအကျိုးကျေးဇူးတို့၏ အရင်းခံမှာ သဒ္ဓါဖြစ်သည်။

တတိယအချက်မှာ **စာဂ** ဖြစ်ပါသည်။ စာဂ ဟူသည် ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းဟု အဓိပ္ပာယ်ရပါသည်။

လူသည် သဘာဝအားဖြင့် အစုအဖွဲ့ဖြင့်နေပါသည်။ အစုအဖွဲ့ဖြင့်နေသောသူသည် အစုအဖွဲ့(အခြားလူများ)နှင့် သင့်တင့်အောင် နေရပါမည်။ သို့မှသာ အပြန်အလှန် ကျေးဇူးပြုထောက်ပံ့ကြပြီး ချမ်းသာစီးပွားကိုဖြစ်စေပါသည်။ ထိုသို့သင့်တင့်ရန်မှာ အတ္တဟိတ တည်းဟူသော ကိုယ်ကျိုးတစ်ခုတည်းကို ကျင့်သုံးသူမဖြစ်ရပါ။ အတ္တဟိတသမားကို မည်သူမျှ သဘောမကျပါ။ ပရဟိတ တည်း ဟူသော အခြားသူများ၏ အကျိုးစီးပွားများအတွက်ပါကြည့်ပြီး အတ္တ-ပရ မျှတစွာ ကျင့်သုံး နေထိုင်တတ်မှသာ ပတ်ဝန်းကျင်နှင့် သင့်တင့်အဆင်ပြေပါမည်။

ထို့အတွက် စာဂသည် အရေးကြီးပါသည်။ အခြားသူအတွက် လိုအပ်ချက်ကို မိမိတတ်အားသမျှ ဖြည့်ဆည်းပေးခြင်းသည် စာဂ ဖြစ်ပါသည်။ အနည်းဆုံး သင်္ဘောပေါ်တွင် ဖျာတစ်ချပ် (တစ်ယောက်ထိုင်၊ သို့သော် ကျုံ့ထိုင်လျှင် နှစ်ယောက် ထိုင်နိုင်သည်။) ဝယ်ထိုင်နေသူသည် ဖျာမရှိတော့သဖြင့် သို့မဟုတ် ခင်းစရာနေရာမရှိတော့သဖြင့် မထိုင်ရဘဲ ရပ်နေရသောမိမိအနားမှလူကို ဖိတ်ခေါ်ပြီး မိမိဖျာပေါ်တွင် တစ်ဝက်မျှထိုင်စေခြင်းသည်လည်း စာဂ ဖြစ်ပါသည်။ ဤမျှဆိုလျှင် စာဂ၏သဘောကို သိသာပါပြီ။

ကြီးပွား ချမ်းသာခြင်း ဟူသည် ပတ်ဝန်းကျင် (အခြားသူများ) တွင်သာ ရှိပါသည်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံခြင်းအားဖြင့်သာလျှင် ကြီးပွားချမ်းသာကို ရနိုင်ပါသည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေမှသာလျှင် ကြီးပွားချမ်းသာနိုင်ပါသည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေရန်မှာ အတ္တ-ပရ မျှတစွာ ကျင့်သုံးတတ်ရပါမည်။ ဤအချက်ကို စာဂက အဓိကထောက်ပံ့ပါလိမ့်မည်။

စတုတ္ထနှင့် နောက်ဆုံးအချက်မှာ **ပညာ** ဖြစ်ပါသည်။ ဤနေရာ၌ ပညာဟူသည် (၁၀) တန်းအောင်၊ ဘွဲ့ရ ပါမောက္ခ စသည်တို့ကို ဆိုခြင်းမဟုတ်။ အကြောင်းအကျိုး၊ အကောင်း,အဆိုး၊ အမှန်,အမှားတို့ကို ပိုင်းခြားဝေဖန်တတ်သည့် အသိဉာဏ်ကိုဆိုခြင်း ဖြစ်သည်။

ဤအသိပညာမရှိဘဲ မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများအတွက် ကောင်းကျိုးချမ်းသာရအောင် ဖန်တီးနိုင်မည် မဟုတ်ပါ။

ထိုအသိဉာဏ်ပညာသည် မွေးကတည်းကပါလာသည်မဟုတ်၊ အလိုလိုတတ်သိလာမည်လည်းမဟုတ်။ လေ့လာဆည်းပူးမှုရပါမည်။ ကြားနာခြင်း၊ လေ့လာဖတ်ရှုခြင်း စသည့် သုတမယဉာဏ်ဖြင့် သိစရာများကို သိလာရပေမည်။ ထိုအသိများသည် အမှန်၊ အမှားကို ပိုင်းခြားဝေဖန်သုံးသပ်ဆုံးဖြတ်နိုင်သည့် စိန္တာမယဉာဏ်ကို ရလာပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအချက်များကို ကျောင်းစာသင်သလို တစ်တန်းအောင်မှ တစ်တန်းတက်သင်ရခြင်းမျိုးမဟုတ်ဘဲ တစ်ပြိုင်နက် ဖြည့်ဆည်းရမည် ဖြစ်ပေသည်။ သုတာမယ စိန္တာမယဉာဏ် တိုးပွားလာသည်နှင့်အမျှ မျက်မှောက်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးကို ဖြစ်စေမည့် ကုသိုလ်ကမ္မပထတရား ဆယ်ပါး၊ အကုသိုလ်ဒုစရိုက်တရား ဆယ်ပါး စသည်တို့ကို တိုးတက်သိမြင်လာပြီး ဒါနမှု၊ ဘာဝနာမှုများ၏ အကြောင်းအကျိုးများကိုပါ သိလာ၊ ဆောင်လာ၊ ရှောင်လာတတ်ခြင်းဖြင့် အပါယ်လေးပါးသို့ မကျရောက်ရဘဲ လူ့ချမ်းသာ၊ နတ်ချမ်းသာများကို ခံစားရမည် ဖြစ်ပေသည်။

အမှန်၊ အမှားကို မသိခြင်းကို မြတ်စွာဘုရားက အဝိဇ္ဇာဟုဟောတော်မူပါသည်။ အဝိဇ္ဇာသည် အမှန်၊ အမှားကို ခွဲခြားမသိခြင်းကြောင့် အမှားချည်းသာလုပ်မိချေသည်။ ထို့ကြောင့် အမြဲဆိုးကျိုးကိုသာ ရရှိပါသည်။

ထိုအဝိဇ္ဇာကြောင့် လုပ်သင့်တာကိုမလုပ်မိခြင်း၊ မလုပ်သင့်တာကိုလုပ်မိခြင်းများ ဖြစ်ပါသည်။

မလုပ်သင့်တာကို လုပ်မိသူအားလူတို့သည် အမှားလုပ်မိသူဟု သတ်မှတ်ကြပါသည်။

အမှားလုပ်မိခြင်းသည် မလုပ်သင့်တာကို လုပ်မိခြင်းသာမဟုတ်၊ လုပ်သင့်တာကို မလုပ်မိခြင်းသည်လည်း အမှားလုပ်မိခြင်းပင် ဖြစ်ပါသည်။

မလုပ်သင့်တာကို လုပ်မိသဖြင့် ဆိုးကျိုးရသလို လုပ်သင့်တာကို မလုပ်မိခြင်းအားဖြင့်လည်း ရရှိရမည့်ကောင်းကျိုး လက်လွတ်ဆုံးရှုံးရလေသည်။

ထို့ကြောင့် မလုပ်သင့်တာကိုလုပ်မိခြင်းမရှိအောင်၊ လုပ်သင့်တာကို လက်လွတ်ခြင်းမရှိအောင် အသိဉာဏ်ပညာလိုပါသည်။ အသိဉာဏ်ပညာရှိသော 'ပညာရှိ'သည် မလုပ်သင့်တာကို မလုပ်သလို လုပ်သင့်တာကိုလည်း ဘယ်တော့မှ လက်လွတ်မခံချေ။

ဤဆောင်းပါးကိုအဆုံးမသတ်မီ ဖြည့်စွက်စကား အနည်းငယ်ဆိုပါရစေ။ သီလနှင့်စာဂအပိုင်းတုန်းက ကျန်ခဲ့သော စကား ဖြစ်ပါသည်။

ချမ်းသာစီးပွားကို ရှာဖွေရာတွင် တစ်ပါးသူများနှင့် မလွှဲမသွေ ပေါင်းသင်းဆက်ဆံရပေမည်။ ထိုသို့ ပေါင်းသင်းဆက်ဆံရာတွင် မိမိအတွက်အကျိုးစီးပွားဖြစ်နိုင်သူ ဟုတ်၊ မဟုတ်ကို ရှေးဦးစွာ သတိပြု လေ့လာရပေမည်။ ထိုသို့ လေ့လာရာတွင် သာမန်အားဖြင့် အချက် (၅) ချက်အပေါ် အခြေပြုပြီး လေ့လာရပေမည်။ ၎င်းတို့မှာ-

၁။ ထိုသူသည် သူတစ်ပါးအပေါ် သနားညှာတာမှုကင်းမဲ့သူ, ရက်စက်ကြမ်းကြုတ်သတ်ဖြတ်တတ်သူ ဟုတ်-မဟုတ်။

၂။ ထိုသူသည် ကောက်ကျစ်စဉ်းလဲသူ, သူတစ်ပါးပစ္စည်းကို မတရားယူတတ်သူ ဟုတ်-မဟုတ်။

၃။ ထိုသူသည် ကာမဂုဏ်နှင့်ဖောက်ပြန် မှောက်မှား လိုက်စားတတ်သူ, လူမှုရေးသိက္ခာမဲ့သူ ဟုတ်-မဟုတ်။

၄။ ထိုသူသည် ကတိမတည်သူ, လိမ်လည် လှည့်ဖြားတတ်သူ ဟုတ်-မဟုတ်။

၅။ ထိုသူသည် မူးယစ်သောက်စားတတ်ပြီး စကားကို သုံးခွက်တစ်ခွက်တင်ပြောတတ်သူ, မူးယစ်သောက်စားခြင်းကို ဦးစားပေးသူ ဟုတ်-မဟုတ်တို့ ဖြစ်ပေသည်။

ကိုယ်တွေ့ သာဓကတစ်ရပ်ကို တင်ပြပါမည်။

၁၉၆၀ ပြည့်နှစ်လောက်က ကျွန်တော် ပြည်ထောင်စု နေ့စဉ် သတင်းစာတိုက်တွင် အယ်ဒီတာလုပ်ပါသည်။ အယ်ဒီတာချုပ်မှာ ဦးသန်းတင့်(မူဝံ)ဖြစ်ပြီး တာဝန်ခံအယ်ဒီတာမှာ ဦးဉာဏ်ဝန်ဖြစ်ပါသည်။ ဦးဉာဏ်ဝန်သည် လူတော်တစ်ယောက် ဖြစ်ပါသည်။ သို့သော် ကျန်းမာရေးမကောင်းသဖြင့် ခဏခဏ ခွင့်ယူရပါသည်။ ဝါရင့်အယ်ဒီတာများဖြစ်ကြသည့် ဦးသန်းဖေနှင့်ဦးသိန်းမောင်တို့ ထွက်သွားကြသဖြင့် ကျွန်တော်နှင့် နိုင်ငံခြားသတင်းအယ်ဒီတာ ကိုအုန်းတို့သာကျန်ပါသည်။ ကျွန်တော်က ကိုအုန်းထက် စီနီယာကျပါသည်။ ထို့ကြောင့် ဦးဉာဏ်ဝန်၏အလုပ်ကို ကျွန်တော်လုပ်ရပါသည်။ လုပ်လည်းလုပ်နိုင်ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် တစ်ခါတစ်ရံ လုပ်ငန်းပြီးချိန်၌ အရက်သောက်တတ်ပါသည်။ ဦးဉာဏ်ဝန်သည် နောက်ပိုင်းတွင် လုံးဝအလုပ်မဆင်းနိုင်တော့ပါ။ ဦးဉာဏ်ဝန့်ရောဂါမှာ အရက်နာ ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာဦးသန်းတင့်က ကျွန်တော့်ကိုခေါ်ပြီး-

"ကိုအုန်းသွင်၊ ကိုဉာဏ်ဝန်နေရာ လူစားခန့်ရတော့မယ်။ လောလောဆယ် ခင်ဗျားလုပ်နေတယ်။ ခင်ဗျားနဲ့ သင့်တော်တယ်။ ဒါပေမယ့် တကယ်စဉ်းစားရမယ်ဆိုရင် ခင်ဗျားတို့နှစ်ယောက်အနက် ကျွန်တော် ကိုအုန်းကို စဉ်းစားမယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားက အရက်သောက်တတ်တယ်။ ကိုအုန်းက အရက်မသောက်တတ်ဘူး။ လူတော်တစ်ယောက်ဖြစ်တဲ့ ကိုဉာဏ်ဝန်ကို အရက်ကြောင့် ကျွန်တော် ဆုံးရှုံးသွားရတယ်။

ခင်ဗျား အခု အလုပ်ပြီးမှ တစ်ခါတစ်ရံသောက်တယ်။ နောက် အလုပ်ပြီးတိုင်း အမြဲသောက်လာလိမ့်မယ်။နောက် လုပ်ငန်းထဲမှာပါ သောက်လာလိမ့်မယ်။ နောက် ကိုဉာဏ်ဝန်လို ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ခင်ဗျားကို ကျွန်တော် မစဉ်းစားဘူး"

ဟု ပြောပါသည်။ ဆရာဦးသန်းတင့် ကျွန်တော့်ကို အရက်ဖြတ်ခိုင်းခြင်း ဖြစ်ပါသည်။

မိမိနှင့် စီးပွားဖက်ဆက်ဆံရမည့်သူကို အနည်းဆုံး အထက်ပါ ပြစ်ချက် (၅) ချက် လွတ်၊ မလွတ် လေ့လာပြီး လွတ်မှဆက်ဆံရပေမည်။ သို့မဟုတ်က စီးပွားဖြစ်ထွန်းရန် မလွယ်ကူပေ။ သို့ဆိုက မိမိကဲ့သို့ အသိဉာဏ်ရှိသူက မိမိနှင့် စီးပွားဖက် ဆက်ဆံရမည်ဆိုလျှင် မိမိကဲ့သို့ပင် လေ့လာဆန်းစစ်ပေလိမ့်မည်။

ထို့ကြောင့် အကျိုးစီးပွားဖြစ်ထွန်းရန်မှာ ကောင်းမွန်သော အကျင့်စရိုက် (သီလ) ရှိဖို့ အထူးလိုအပ်ပါသည်။

မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများတွင် ကောင်းကျိုးချမ်းသာများကို ခံစားနိုင်ဖို့ အရေးအကြီးဆုံးအလုပ်မှာ မိမိကိုယ်ကို ကောင်းအောင်ဆောက်တည်ခြင်း ဖြစ်ပါသည်။ ထိုသို့ဆောက်တည်နိုင်ရန်အတွက် ဖော်ပြပြီးခဲ့သော -

၁။ သဒ္ဓါ၊

၂။ သီလ၊

၃။ စာဂ၊

၄။ ပညာ

တို့နှင့် ပြည့်စုံအောင် ဖြည့်ဆည်းရပေမည်။

ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ပြီးလျှင် မျက်မှောက်၊ သံသရာ နှစ်ဖြာသောဘဝများတွင် ကောင်းကျိုးချမ်းသာများကိုသာ ရရှိခံစားနိုင်ကြပါစေဟု ဆန္ဒပြုလျက်။

ချောင်းဆုံအုန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

# နှမ်းဆီစစ်၊ မစစ် စမ်းသပ်နည်း

## မိုးကုတ်ကျော်ကျော်ဖိုး

'အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတဲ့တလည်လည် အောက်မေ့ကြတယ်' ဆိုတဲ့စကားလိုပါပဲ ခေတ်သစ်သိပ္ပံဆေးနည်းတွေ ဘယ်လိုကောင်းကောင်း အဟောင်းဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးနည်းလို့ခေါ်ကြတဲ့ ဗိန္ဒောဆေးဟာလည်း တိမ်ကောပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ သိပ္ပံနည်းနဲ့ကုမရတဲ့အခါ နောက်ဆုံး မျှော်လင့်ချက်အနေနဲ့ တိုင်းရင်းဆေးဆီ တစ်ကျော့ပြန်လာကြရတဲ့အဖြစ်တွေ အများအပြားရှိခဲ့ကြပါတယ်။

မြန်မာ့တိုင်းရင်းဆေးတွေမှာလည်း သောက်ဆေး၊ လိမ်းဆေး၊ ရှူဆေး ဆိုပြီးတော့ကာရှိပါတယ်။ လိမ်းဆေးဆိုတဲ့နေရာမှာ အုန်းဆီနဲ့လိမ်းရတာ ရှိတယ်၊ မုန်ညင်းဆီနဲ့လိမ်းရတာ ရှိတယ်၊ နှမ်းဆီနဲ့ လိမ်းရတာ ရှိတယ်။

အဲဒီလို လိမ်းဆေးညွှန်တဲ့အခါ အုန်းဆီစစ်ဖို့၊ မုန်ညင်းဆီစစ်ဖို့၊ နှမ်းဆီစစ်ဖို့ အထူး လိုအပ်ပါတယ်။ မစစ်ရင် လိမ်းဆေးဟာ စွမ်းသင့်သလောက် မစွမ်းဘဲရှိနေမှာပါ။ ဒါဆိုရင် ရောဂါပျောက်နှေးပါလိမ့်မယ်။ အညွှန်းအတိုင်းမှန်မှသာ ဆေးစူးပါတယ်။

နှမ်းဆီဆိုရင် ဆေးဖက်မှာ အတော်အသုံးဝင်ပါတယ်။ နှမ်းဆီစစ်စစ်နဲ့ ညွှန်းတဲ့ဆေးတွေ အများအပြားရှိပါတယ်။ ဒါပေမယ့် ခုလို အလွန်တိုးတက်နေတဲ့ခေတ်ကြီးမှာ နှမ်းဆီစစ်စစ်ရဖို့ဆိုတာ ပျားရည်စစ်စစ်စစ်ရဖို့ထက်တောင် ခက်ပါလိမ့်မယ်။ ပျားရည်စစ်စစ်ကို မြန်မာ့ဆေးဆိုင်ကြီးတွေမှာ အချိန်မရွေး ရနိုင်ပါတယ်။ ဒါပေမယ့် သဘာဝပျားတော့ မဟုတ်ပါဘူး။ မွေးမြူရေးခြံကထွက်တဲ့ ပျားရည်တွေပါ။

ကျွန်တော် နေပြည်တော်ပြန်ရောက်တော့ စားကုန်ရောင်းကုန်ဆိုင်ကြီးတစ်ဆိုင်မှာ ဆီတွေ ပုံးကြီးတွေနဲ့ တန်းစီချထားတာ တွေ့ရပါတယ်။ ဆီတွေက ရောင်စုံပါ။ အဲဒီမှာ ညိုညစ်ညစ်နဲ့ ဆီပုံးကိုမြင်တော့ နှမ်းဆီနဲ့တူလို့ ဒီဆီက ဘာဆီလဲလို့ မေးကြည့်ပါတယ်။ နှမ်းဆီတဲ့။ ကျွန်တော့်ရင်ထဲမှာ ကြည်နူးသွားတယ်။ ဒီဒေသမှာ နှမ်းဆီရှိနေသေးတာပဲ။ ငါ မိုးကုတ်ပြန်ရင် ဆေးသုံးဖို့ တစ်ပုလင်းလောက်တော့ ဝယ်သွားရဦးမယ်လို့ မုဒိတာစိတ်နဲ့ တွေးမိပါတယ်။

မိုးကုတ် ဆိုတာ ပတ္တမြားကလွဲရင် ဘာမှထွက်တာမှမဟုတ်တာ။ နှမ်းဆီဆိုတာတော့ ပိုဝေးတာပေါ့။ ဆေးသုံးလိုရင် ပခုက္ကူ မြိုင်နယ်က ဦးချိုအိမ်မှာ ပြေးပြေးတောင်းရတာ ◌ ◌ းနာစရာတောင်ကောင်းတယ်။ ဦးချိုတို့ကျတော့ သူတို့ရွာကဆုံမှာကြိတ်တဲ့ တကယ့်နှမ်းဆုံဆီစစ်စစ်ပါ။ သူတို့လည်း ဆေးသုံးဖို့ တကူးတက သယ်လာကြခြင်းပါ။ မြိုင်နယ်နဲ့ မိုးကုတ်ဆိုတာ ခရီးအဆင့်ဆင့်ကူးရတာပါ။ အဝေးကြီးဆိုပါတော့။

မြန်မာနိုင်ငံဟာ ဆီထွက်သီးနှံအဖြစ် နှမ်း၊ မြေပဲ၊ နေကြာ၊ စားအုန်းဆီပင်ဆိုပြီး စိုက်ပျိုးပါတယ်။ မကွေးတိုင်းဒေသကြီးဆိုရင် မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးလို့တောင် တင်စားထားတာပါ။ ဒါပေမယ့် မြန်မာနိုင်ငံ စားသုံးလောက်အောင်ထွက်ခြင်း မရှိပါဘူး။

ထွက်သမျှနှမ်းတွေ၊ မြေပဲတွေဟာ အကုန်လုံး ဆီအဖြစ် ပြောင်းလဲသွားတာ မဟုတ်ပါဘူး။ မီးဖိုချောင်သုံးပစ္စည်းအဖြစ် မြေပဲကြော်၊ မြေပဲလှော်အဖြစ် အသုံးပြုပါတယ်။ အလှော်ကိုသုပ်ရာမှာ သုံးတာပါ။ နှမ်းလည်း ထို့အတူ မီးဖိုချောင်သုံးပါတယ်။

မြန်မာ့ရိုးရာစားစရာဖြစ်တဲ့ လက်ဖက်ပွဲတွေမှာ မြေပဲနဲ့ နှမ်းဟာ မပါမပြီးတဲ့ဖက်အစားအစာတွေပါ။ ပြီးတော့ မြေပဲယို၊ နှမ်းယို၊ မြေပဲလိပ် စတဲ့ အစားအစာတွေ မြေပဲဆားလှော် စတဲ့ အစားအစာတွေဟာလည်း အများအပြားရှိပါသေးတယ်။ ဒီတော့ ထွက်တဲ့နှမ်း၊ မြေပဲတွေဟာ ဆီအပြည့်အဝမဖြစ်ကြပါဘူး။

ဆီထွက်နေကြာ ဆိုပြီးတော့ ဆီအတွက် ရည်ရွယ်ပြီး အရင်ခေတ်မှာ နိုင်ငံတော်က စိုက်ခိုင်းပေမယ့် ထွက်သမျှနေကြာတွေဟာ ဆီဖြစ်မလာဘဲ အပျင်းပြေစားကြတဲ့ နေကြာစေ့လှော်ထုပ်တွေဖြစ်ကုန်ကြပါတယ်။ တံဆိပ်အမျိုးမျိုးနဲ့ အပြိုင်အဆိုင်ပါပဲ။

ဒီအခါမှာ ဆီထွက်သီးနှံတွေ အထိုက်အလျောက်ထွက်ပေမယ့် ဆီဘဝကို မရောက်ကြတဲ့အခါ စားသုံးဆီဟာ နိုင်ငံတစ်ဝန်းအတွက် လိုမြဲလိုလျက်ရှိပါတယ်။ အဲဒါကြောင့် လိုအပ်တဲ့ စားသုံးဆီကို နိုင်ငံခြားက မှာယူတင်သွင်းနေရပါတယ်။ အဲဒီနိုင်ငံခြားက မှာယူတင်သွင်းတဲ့ဆီတွေဟာ ပြည်နဲ့အဝန်း ဆိုင်တိုင်းမှာ နေရာယူထားပါတယ်။

ပြန်ကပြေးလို့ ရှေးကခေါ်ခဲ့တဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်က ကုန်စုံဆိုင်ကြီးတစ်ဆိုင်မှာ နှမ်းဆီရတယ်ဆိုတော့ ကျွန်တော်ဝမ်းမသာရှိပ့်မလားဗျာ။ ကျွန်တော့်အထင် နေပြည်တော်ဝန်းကျင် ဆီစက်တွေကထွက်တယ်ပဲထင်တာပေါ့။ ဒီနှမ်းဆီကိစ္စကို ကျွန်တော့်အသိ ဈေးကုန်သည်တစ်ဦးကို ပြောပြမိတဲ့အခါမှာတော့ ကျွန်တော့်အထင်နဲ့အမြင်ဟာ တက်တက်စင်လွဲနေတာကို သိရပါတော့တယ်။ ဝမ်းသာတဲ့စိတ်လေးတောင် ဘယ်ဆီရောက်လို့ ဘယ်ဆီပေါက်တယ်မသိတော့ပါဘူး။

"ကျွန်တော်တို့ မြန်မာတွေဟာ နိုင်ငံခြားကလာတဲ့ စားအုန်းဆီ၊ ဟင်းရွက်ဆီတွေထက် ပြည်တွင်းဖြစ် မြေပဲဆီနဲ့ နှမ်းဆီကို ပိုကြိုက်ကြပါတယ်။ အချို့ဒေသတွေမှာ အမှန်အကန်တွေရှိပေမယ့် အချို့ဒေသတွေမှာကျတော့ အကြံအဖန်တွေ ဖြစ်ကုန်ကြပါပြီ။

နိုင်ငံခြားကလာတဲ့ ဆီအကြည်ကို မြေပဲဆီနဲ့ တူအောင် ခပ်နောက်နောက်လေးလည်း လုပ်လို့ရတယ်။ နှမ်းဆီနဲ့တူအောင် ညိုညစ်ညစ်လေးလည်း လုပ်လို့ရတယ်။ အရောင်အသွေးကွာတာကလွဲရင် ဆီဟာအတူတူပါပဲ"

လို့ ပြောပြတော့ နှမ်းဆီဝယ်ချင်စိတ်ပျောက်သွားပါတော့တယ်။ အဲဒီမှာ ကျွန်တော် ဘာကိုပြေးပြီးမြင်ယောင်မိသလဲဆိုတော့ ကျွန်တော်တို့ ကလေးဘဝ၊ ဘုန်းကြီးကျောင်းသားဘဝကို ပြေးပြီးမြင်ယောင်မိပါတယ်။

ကျွန်တော်တို့ ပြန်ကပြေးရွာကြီးရဲ့ မှန်ကျောင်းဘုန်းတော်ကြီးဟာ ကျောင်းသား၊ ကိုရင်တိုင်းရဲ့ အိမ်တွေကို တစ်နှစ်မှာ နှမ်းဆီတစ်ပိဿာလှူဖို့ အ



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
( ရ င် ကို အေ း မြ စေ သ ာ း )

(၂၉၃) ကြိမ်မြောက် -

ထီဖွင့်ပွဲကြီးတွင် ထင်ရှားစွာ ထွက်ပေါ်လာတော့မည့် သိန်းကြွယ်၊ သန်းကြွယ်၊ ကုဋေကြွယ် သူဌေးကြီးများအား ဂုဏ်ယူစွာဖြင့် ချမ်းသာခြင်းများစွာကို ပွားစီးလာစေမည့် ဂဏန်းလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

မေလတွင် ၇၊ ၈၊ ၂၁၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား နေ့စဉ် ဆွမ်း (၃) ပွဲကပ်လှူပြီး သရဏဂုံ-၃၀ကို အဓိဋ္ဌာန် ပုတီးစိပ်၍ အနည်းဆုံး (၉) ရက်ခန့် ကံမြှင့်ကံဖွင့်ပြီးမှ ထီထိုးပါ။

ဇွန်လတွင် ၃၊ ၉၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

မေလတွင် ၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

အိမ်နှင့်နီးသော ဘုရားစေတီသို့ ခြေကျင်သွား၍ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှ ထီထိုးပါ။

ဇွန်လတွင် ၁၊ ၂၊ ၉၊ ၅၊ ၄ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

မေလ ၉၊ ၂၀၊ ၂၃၊ ၂၄ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပန်းပေါင်းစုံ (၃) မျိုးနှင့် ကပ်လှူပူဇော်ပါ။ (၉) ရက်ခန့် ပူဇော်ပြီးလျှင် ထီထိုးပါ။

ဇွန်လမှာ ၃၊ ၉၊ ၆၊ ၁ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မေလမှာ ၇၊ ၂၁၊ ၂၄၊ ၂၅ ရက်များမှာ ထီထိုးပါ။

နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ဘုရားဖူးခရီးတစ်ခုခုထွက်လိုက်ပါ။ ပြန်လာသည့်အခါမှာ ထီထိုးပါ။

ဇွန်လမှာ ၁၊ ၃၊ ၅၊ ၄ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

မေလတွင် ၈၊ ၁၉၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၃) ဆူ ပြည့်အောင်သွားဖူးပါ။ အပြန်မှာ ထီထိုးပါ။

ဇွန်လတွင် ၃၊ ၂၊ ၉၊ ၁၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

မေလမှာ ၉၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

အိမ်သစ်ဆောက်နေသော အနီးအနားအရောက် ထီသည်ကအသွား လှမ်းမြင်လိုက်သည်နှင့် ထီထိုးပါ။

ဇွန်လတွင် ၁၊ ၃၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

မေလမှာ ၆၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားဖူးခရီးဝေးတစ်ခုခုကိုသွားကြရန် ပြင်ဆင်နေသံကြားလျှင် ထီထိုးပါ။

ဇွန်လတွင် ၂၊ ၉၊ ၁၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

☆ ဤလတွင် ကဆုန်လဆန်း ၁ ရက်၊ မေလ ၁၀ ရက်၊ သောကြာနေ့တွင် ခုနစ်ရက်သားသမီး မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

လျှုခံပါတယ်။ အဲဒီမှာ တောင်သူလယ်သမားအများစုဖြစ်ကြပေမယ့် အိမ်တိုင်းဟာ နှမ်းမစိုက်နိုင်ကြပါဘူး။

နှမ်းစိုက်တဲ့အိမ်တွေကျတော့ နွားနဲ့ကြိတ်တဲ့ ဆီဆုံတွေမှာ သွားကြိတ်ကြပါတယ်။ ဒီတော့ နှမ်းဆီစစ်စစ်လှူနိုင်ပါတယ်။ နှမ်းဆီဟာ ညိုပျစ်ပျစ်အရောင်ပါ။ လျှာနဲ့တို့ကြည့်ရင် ခါးသက်သက်အရသာရှိပါတယ်။ ဘုန်းတော်ကြီးဟာ လျှာနဲ့တို့ကြည့်ရုံမကပါဘူး။ အသင့်လုပ်ထားတဲ့နှီးကွင်းကလေးနဲ့ ဆီထဲနှစ်ကြည့်ပြီး နှီးကွင်းမှာ ဆပ်ပြာလို အမြှေးတား၊ မတားကြည့်တာပါဘဲ။ အမြှေးတားနေမှ နှမ်းဆီစစ်ပါတယ်။ အမြှေးမတားတဲ့ ဆီဆိုရင် ပြန်ပေးလိုက်လေ့ ရှိတယ်။ လာသမျှဆီတွေ စဉ့်အိုးကြီးထဲ အကုန်ထည့်တာဆိုတော့ နှမ်းဆီစစ်စစ်တွေ ပျက်ကုန်မှာစိုးလို့ပါပဲ။ အဲဒီနှမ်းဆီစစ်စစ်တွေဟာ နှစ်ဘယ်မျှထားထား အနံ့အရသာ မပျက်ပါဘူး။

အဲဒီနှမ်းဆီကို နှစ်ပတ်လည်စားသုံးတဲ့အပြင် ဆေးဖော်ရာ၊ စတုမဓုဖော်ရာ၊ ဆီမီးခွက်ထွန်းရာတွေမှာလည်း သုံးပါတယ်။ သီတင်းကျွတ်တိုင်း စေတီမှာ ဆီမီးပူဇော်ပါတယ်။

နှမ်းဆီဟာ ဆမ်းစားဖို့ သာကောင်းပါတယ်။ ချက်တဲ့အထဲ ထည့်ဖို့ သာသင့်ပါတယ်။ ကြော်မယ်ဆိုရင်တော့ အမြှုပ်တစီစီနဲ့ ကြော်တဲ့ပစ္စည်း ရေမာတ် မခန်းမချင်း အမြှုပ်ထနေတတ်ပါတယ်။ အဲဒီအခါ ကြော်တဲ့ပစ္စည်းကို မမြင်ရတတ်တော့ အခက်ကြုံရပါတယ်။ အဲဒီလိုကြော်တဲ့အခါ အမြှုပ်တစီစီထနေရင်လည်း နှမ်းဆီစစ်ပါတယ်။

မြန်မာမှုရဲ့ မြန်မာ့ရိုးရာဆေးနည်းတွေကို ကိုင်တွယ် သုံးစွဲကြမယ်ဆိုရင် နှမ်းဆီစစ်စစ် ဆောင်ထားသင့်သလို ပျားရည်စစ်စစ်လည်း ဆောင်ထားသင့်ကြောင်း နှမ်းဆီစမ်းသပ်နည်းနဲ့တကွ တင်ပြလိုက်ရပါတယ်။

ချမ်းမြေ့ကြပါစေ
မိုးကုတ်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာသို့ ၄

## မောင်ပွင့်ဉာဏ်(မော်ရ)

(သခင်လမှအဆက်)

*ဖွားရာ ပွင့်ရာ စက်လှည့်ရာ၊*
*စံရာဤလေးမည်၊*
*သံဝေဇနိယ လေးဌာန၊*
*ဖူးကြအလီလီ၊*
*အပါယ်လေးဝ မလားရ၊*
*လားရာ လူ့နတ်ပြည်။*

သံဝေဇနိယ လေးဌာနကို ဘုရားဖူးရောက်ပြီးရင် အပါယ်မကျတော့ဘူး ဆိုပြီး ဘုရားဖူးအဖွဲ့တွေက ကြော်ငြာပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဗာရာဏသီဆရာတော်က အခုလို မိန့်ကြားပါတယ်။

"ဒီလိုသာဆိုရင် ဗုဒ္ဓဂယာက ကုလားတွေ တစ်ယောက်မှ အပါယ်ကျတော့ဘူးပေါ့"

ပိဋကတ်တော်မှာ လာတဲ့ ဘုရားရှင်ရဲ့ ဟောကြားတော်မူချက် အပြည့်အစုံကို ကြည့်ရအောင်ပါ။

"ချစ်သားအာနန္ဒာ၊ ဤလေးဌာနတို့ကား **သဒ္ဓါတရားရှိသောအမျိုးကောင်းသားတစ်ဦးအတွက် သွားရောက်ဖူးမြော်သံဝေဂယူသင့်သောဌာနတို့** ဖြစ်ကုန်၏။


ချစ်သားအာနန္ဒာ၊ နောင်အခါ၌ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့။

(၁) မြတ်စွာဘုရား ဖွားတော်မူရာ **လုမ္ဗိနီဥယျာဉ်၊**
(၂) သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူရာ **ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်၊**
(၃) ပဥ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦး ဓမ္မစကြာ ဟောမြွက်တော်မူရာ **မိဂဒါဝုန်၊**
(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လမင်းတို့၏ **ကုသိနာရုံ အင်ကြင်းရဂုံ၊**


ချစ်သားအာနန္ဒာ၊ အကြင်လူတို့သည် ဘုရားဖူးခရီးလှည့်လည်မှုကိုပြု၍ **ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။** ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

အထက်ပါ ပါဠိတော်ကို ထောက်ရှုပြီး ရတနာမြတ်သုံးပါးမှာ ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့ ဗုဒ္ဓဂယာကို ဘုရားဖူး



ဘုရားဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးနှင့် ပထမဆုံးတွေ့ရာနေရာ ချောက်ခန္ဓီစေတီ





www.burmeseclassic.com

www.burmeseclassic.com



မူလဂန္ဓကုဋိတိုက်အတွင်းရှိ ရုပ်ပွားတော်

ရောက်သူတွေဟာ မြတ်စွာဘုရားရှင်ရဲ့ **'ဗျာဒိတ်ရပုဂ္ဂိုလ်'** တွေ ဖြစ်တယ် ဆိုတာ သံသယဖြစ်စရာမလိုပါ။ သံဝေဇနိယ လေးဌာနကို ရောက်ဖူးရုံတင် သွားတာ မျိုးမဟုတ်ဘဲ သံဝေဂယူတတ်ရပါမယ်။ ရတနာမြတ်သုံးပါးကို ကြည်ညိုတဲ့စိတ်နဲ့ သေလွန်မှသာ အပါယ်မကျဘဲ ကောင်းရာဘုံဘဝတွေကိုရောက်မှာဖြစ်တယ် ဆိုတာ သေချာပါတယ်။

## ဗာရာဏသီသို့

(၁၅-၁၁-၁၂) ရက်နေ့ မနက် (၇) နာရီမှာ ဂယာကနေ ဗာရာဏသီကို ထွက်ခဲ့ကြပါတယ်။ ဗာရာဏသီ (Varanasi (or) Benares) ဟာ ဂေါတမမြတ်စွာ ဘုရားရှင်လက်ထက်က ရာဇဌာနီ (မင်းနေပြည်) မြို့တော်ကြီး ဖြစ်ပါတယ်။

အနာဂတ်မှာ -

"ဗာရာဏသီမြို့သည် အရိမေတ္တေယျမြတ်စွာဘုရားရှင် ဖွားမြင်ရာ ကေတုမတီမြို့ကြီး ဖြစ်လိမ့်မည်"

လို့ ဗုဒ္ဓဝံသကျမ်းမှာ ဖော်ပြထားပါတယ်။

ဗာရာဏသီမြို့ဟာ ဂင်္ဂါမြစ် (Ganges River) ရဲ့ အနောက်ဘက်ကမ်းမှာ ရှိပြီး ဂင်္ဂါမြစ်ကို အမွန်အမြတ်အနေနဲ့ ရှိခိုးကြ၊ အကုသိုလ်တွေတင်းစင်အောင် ဂင်္ဂါမြစ်ရေကိုချိုးကြတဲ့ ဟိန္ဒူလူမျိုးတွေရဲ့ အထင်ကရမြို့တော်ဖြစ်လို့ တစ်နှစ်ပတ်လုံးလိုလို ဟိန္ဒူလူမျိုးတွေနဲ့ စည်ကားနေပါတယ်။ လူသေတဲ့အခါ ရုပ်အလောင်းကို ဂင်္ဂါမြစ်ကမ်းမှာပဲ မီးသင်္ဂြိုဟ်




ဓမ္မေခစေတီတော်ပေါ်မှ ကနုတ်ပန်းများနှင့် ဂျီဩမေတြီဒီဇိုင်းများ




www.burmeseclassic.com

www.burmeseclassic.com



မူလဂန္ဓကုဋိနန္ဒိယကျောင်း (မိဂဒါဝုန်)



ယသသသတို့သားနှင့် အပေါင်းပါများ ရဟန္တာဖြစ်ရာနေရာ

ပြီး ပြာကို ဂင်္ဂါမြစ်ထဲမျှောရင် ကောင်းဘုံဘုံဘဝရောက်စေတယ်လို့လည်း ယုံကြည်ကြပါတယ်။ ဂင်္ဂါမြစ်ကမ်းရဲ့ သုံး၊ လေးနေရာမှာ ထင်းတွေပုံပြီး မီးသင်္ဂြိုဟ်နေတာ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ဘုရားဖူးအဖွဲ့မှာပါတဲ့ ဟိန္ဒူတမီ(လ်)လူမျိုး(၃)ယောက်ဟာ ဗာရာဏသီကိုရောက်တော့ ဂင်္ဂါမြစ်ရေချိုးဖို့ ခွဲထွက်သွားပါတယ်။

ဂယာက ဘီဟာပြည်နယ်မှာရှိပြီး ဗာရာဏသီက ဥတ္တရာပရာဒေ့(ရှ်) (Uttar Pradesh - UP) ပြည်နယ်မှာ ရှိပါတယ်။ UP ဆိုတာ အိန္ဒိယမှာ လူဦးရေအများဆုံး Union Province လို့လည်း ဆိုပါတယ်။ ပါဠိလို ဥတ္တရာပရဒေသ (မြောက်ပိုင်းအရပ်) ဖြစ်ပါတယ်။ ဂယာနဲ့ ဗာရာဏသီဟာ (၁၇၅) မိုင် ကွာဝေးလို့ နေ့တစ်ဝက်ခရီးဖြစ်ပါတယ်။ အဝေးပြေးလမ်းမကြီးက အင်မတန်ကောင်းပါတယ်။ မကောင်းတာက မနက်စောစောမြင်ကွင်းက ကြည့်မကောင်းပါ။ အသွား၊ အပြန်နှစ်လမ်းသွားလမ်းမကြီးနှစ်ခုကြားက ကွန်ကရစ်ရေနုတ်မြောင်းမှာ သူတို့နိုင်ငံသားတွေ ရေခွက်ကိုယ်စီနဲ့ ငုတ်တုတ်ကလေးထိုင်နေကြပါတယ်။ ယိုသူမရှက် မြင်သူရှက် ဆိုတာ ဒါမျိုးကို ပြောတာဖြစ်ပါ၏။

သူတို့တစ်တွေ အပေါ့အလေးသွားတာ စည်းကမ်းမရှိပါ။ လူမြင်ကွင်းမရှောင်သွားနေကြပါတယ်။ ကျေးလက်ဒေသဆိုရင် ထားပါတော့။ နယူးဒေလီမြို့လယ်ကောင်က ပန်းခြံမြက်ခင်းထဲမှာလည်း (ကန်တော့ပါရဲ့) တင်ပါးပြောင်ပြောင်နဲ့ထိုင်နေတာ တွေ့ခဲ့ရပါ၏။ လူစည်ကားတဲ့ ဈေးလိုနေရာ လမ်းမတန်းမှာ ယောကျ်ားတွေ အပေါ့သွားဖို့နေရာကို အကာအရံမရှိ အကန့်ကလေးတွေနဲ့ လုပ်ပေးထားပါတယ်။ ဂယာမှာဆုံခဲ့တဲ့ တရုတ်ကြီးတစ်ယောက်ကတော့ အခုလို မှတ်ချက်ချပါတယ်။

"အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးအိမ်သာကြီးပဲ"

ပြောမယ့်သာ ပြောတာပါ။ ခရီးကလည်းဝေး၊ အဲယားကွန်းကလည်း အေး ဆိုတော့ ကျွန်တော်တို့လည်း နှစ်နာရီခြား တစ်ခါလောက် 'ပေါက်တော' မှာ ရပ်ပြီး ပေါ့ပေါ့ကြီးသွားခဲ့ကြပါတယ်။

မြို့အဝင် မရောက်ခင်တွေမှာ ဓာတ်ဆီဆိုင်ကြီးတွေရှိပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးမှာ India Oil, HP, Bharat Petroleum ဆိုပြီး ကုမ္ပဏီအမည်သုံးမျိုးလောက်သာ တွေ့ရပါတယ်။ ကျွန်တော်တို့မြို့မှာတော့ ဓာတ်ဆီဆိုင်တွေအားလုံးကို နာမည်မမှတ်မိလောက်အောင် ကုမ္ပဏီ (၁၀) ခုလောက်ရှိပါတယ်။ အားလုံးမျှဝေစားကြတာကောင်းပါတယ်လေလို့ မုဒိတာပွားရပါ၏။

ဗာရာဏသီ ရောက်ခါနီး (၁၁) နာရီကျော်လောက်မှာ အဝေးပြေးလမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်က စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာစားကြပါတယ်။အဖွဲ့မှာ သံဃာတော်နဲ့ သီလရှင်တွေပါလာတာကြောင့်ဖြစ်ပါ၏။ အဖွဲ့က ထမင်းဘူးတွေဝေပေးပါတယ်။ လမ်းမှာ နေ့လယ်စာစားရင် ပါနေကျ ကြက်သားကြော်နဲ့ပါ။ ဒါကြောင့် ဗုဒ္ဓဂယာဘုရားဖူးသွားရင် ကြက်ရယ်၊ ကားရယ်၊ ကုလားရယ်က မမြင်ချင်မှအဆုံးလို့ ဆိုပါတယ်။ ချိုင့်ကြီးတွေနဲ့ ထည့်လာတဲ့ ခရမ်းချဉ်သီးချက်နဲ့ ငါးပိကြော်ကို လိုက်ထည့်ပေးပါတယ်။ စားသောက်ဆိုင်ကတော့ ပဲဟင်းမှာပေးပါတယ်။

အများနဲ့သွားတာဖြစ်လို့ အစားအသောက်ကြေးများသူတွေအနေနဲ့ စားနိုင်မှာ မဟုတ်ပါ။ ဒါကြောင့် ငါးခြောက် ငါးခြမ်း စတာတွေကို ယူဆောင်သွားသင့်ပါတယ်။ မနက်၊ နေ့လယ် လက်ဖက်ရည်တိုက်တယ်ဆိုပေမယ့် တစ်ခါတလေ ပလတ်စတစ်အကြည်ခွက်သေးသေးလေးတွေနဲ့ ကျဲကျဲဖျော်ထားတာ တစ်ငုံ၊ နှစ်ငုံစာလောက်ပဲရှိပါတယ်။ ကျွန်တော်က လက်ဖက်ရည်ဖြစ်ရင်ပြီးရော ဆိုပြီး အရသာမခံဘဲ ဂွပ်ခနဲ ကုန်အောင်သောက်ချနိုင်ပေမယ့် ဇနီးသည်က အရသာမရှိရင် မသောက်နိုင်ပါ။ သူ့အခန်းဖော်တွေက ဝေမျှပေးတဲ့ ကော်ဖီမစ်အထုပ်လေးတစ်ဝက်လောက် ရောဖျော်ပြီး သောက်



အသောကကျောက်စာတိုင်ထိပ်ပိုင်း

ရပါတယ်။

နေ့လယ်(၁)နာရီလောက်မှာ တည်းခိုမယ့် ဆေးဝက်ဘာမြန်မာကျောင်းကို ရောက်ပါတယ်။ ကျွန်တော်တို့ တည်းရတဲ့အဆောင်က လေးထပ်အဆောက်အအုံသစ်ဖြစ်ပြီး အပေါ်ဆုံးတစ်ထပ် မပြီးသေးပါ။ ပတ်လည်ကြွေပြားကပ်အခန်းတွေက ဟိုတယ်ခန်းတွေလို အင်မတန်မှ သားနားပြီး လေးယောက်တစ်ခန်းတည်းရပါတယ်။ ဗာရာဏသီမှာ မြန်မာကျောင်းနှစ်ကျောင်းရှိပြီး နောက်တစ်ကျောင်းက မိဂဒါဝုန်မြန်မာကျောင်းဖြစ်ပါတယ်။

**မိဂဒါဝုန်**

မိဂဒါဝုန်နဲ့ ဗာရာဏသီက (၆)မိုင်ပဲဝေးပါတယ်။ 'မိဂဒါဝုန်'ဟာ 'မိဂ-ဒါယ-ဝန'ကလာပြီး 'သားကောင်တို့ကို ဘေးမဲ့ပေးရာတော' လို့ အဓိပ္ပာယ်ရပါတယ်။ မိဂဒါဝုန်ကို 'ရသေ့ရဟန်းများတရားကျင့်ရာတော' ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'ဣသိပတနတော'လို့လည်းခေါ်ပါတယ်။

မိဂဒါဝုန်ရဲ့ အခုခေတ်အခေါ်က ဆာရ်နတ်(Sarnath) ဖြစ်ပါတယ်။ 'ဆာရ်နတ်'က 'သရင်္ဂနာထ-သရနာထ' ကလာတာဖြစ်ပြီး 'သမင်အပေါင်းကို ကယ်တင်သူ'လို့ အဓိပ္ပာယ်ရပါတယ်။ ဘုရားအလောင်းသမင်မင်းက မိမိအသက်ပေးပြီး မျိုးနွယ်တူသမင်ကို စောင့်ရှောက်ကယ်တင်ခဲ့တဲ့ဇာတ်ကြောင်းရှိပါတယ်။ ပါဠိဝေါဟာရစကားလုံးတွေရဲ့ဇာစ်မြစ်ကို သိရတာဟာ အင်မတန်မှ စိတ်ဝင်စားစရာကောင်းပါတယ်။

တစ်ရံရောအခါက ဗာရာဏသီအနီးတောအုပ်ကြီးမှာ ဘုရားအလောင်းတော်နဲ့ ဒေဝဒတ်အလောင်းတော်တို့ဟာ သမင်တွေရဲ့ ခေါင်းဆောင်ဖြစ်ပြီး သမင်ပေါင်းတစ်ထောင်ကို ငါးရာစီခွဲပြီး အုပ်ချုပ်ကြပါတယ်။

တစ်နေ့တော့ ဗာရာဏသီ ဗြဟ္မ



အနုတ္တရလကၡဏသုတ် ဟောတော်မူရာ ဓမ္မေခစေတီကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘုန်မင်းဟာ အဲဒီတောအုပ်ကြီးဆီကို တောကစားထွက်ဖို့ လာခဲ့ပါတယ်။ မင်းကြီးတောကစားရင် သားကောင်တွေနဲ့ တောပါ ပျက်စီးမှာကို ဘုရားအလောင်းတော်ကမြင်လို့ -

"ဒီနေ့ကစလို့ တောလည်းမပျက်စီးအောင်၊ သမင်တွေလည်း မပျက်စီးအောင်၊ မင်းလည်း လတ်ဆတ်သောအသားကိုစားနိုင်အောင် နေ့တိုင်း သမင်တစ်ကောင် ဆက်သပါမယ်"

လို့ ပြောပြီး မင်းကြီးကို တောကစားခြင်းမပြုဖို့ တောင်းပန်ပါတယ်။

မင်းကြီးလည်း နှစ်သက်လို့ မြို့ကိုပြန်သွားပါတယ်။ အဲဒီနေ့ကစပြီး နေ့တိုင်း မင်းကြီးထံကို သမင်တစ်ကောင် ဆက်သရပါတယ်။ တစ်နေ့တော့ ဒေဝဒတ်အလောင်းပိုင်တဲ့သမင်အုပ်က ကိုယ်ဝန်အရင့်အမာနဲ့ သမင်မက သေရမယ့်အလှည့်ကျလာလို့ ဒေဝဒတ်အလောင်းသမင်အား -

"အို-အရှင်၊ ကျွန်မ သေလှည့်ကျတာမှန်ပေမယ့် လောကရဲ့လေကို မရှူရသေးတဲ့ ကျွန်မသားငယ်အလှည့်မကျရောက်သေးပါ။ထို့ကြောင့် ကျွန်မအစားအခြားသမင်ကိုထည့်ပေးစေချင်ပါတယ်။ ကျွန်မ ကလေးမွေးဖွားပြီးမှ ကျွန်မကိုယ်တိုင် အပ်နှင်းပါရစေ"

လို့ တောင်းပန်ပေမယ့် ဒေဝဒတ်အလောင်းသမင်က နားမထောင်ပါ။


ဒါနဲ့ သမင်မဟာ ဘုရားအလောင်းတော်သမင်ကို တောင်းပန်တဲ့အခါ -

"သမင်မ၊ သင့်စကားဟာ အထူးဝင် ဝမ်းနည်းဖွယ်ကောင်းလှပါတယ်၊ ဒါကြောင့် ငါဟာ သင့်အစား သေပွဲဝင်ပေးပါမယ်"

လို့ ပြောပြီး ဘုရားအလောင်းသမင်ဟာ ဗာရာဏသီမြို့ကိုသွားကာ သားသတ်သမားတွေကို လည်စင်းပေးပြီး အသတ်ခံပါတယ်။ ဒီအကြောင်းကို သိတဲ့အခါ မင်းကြီးဟာ ဘုရားအလောင်းတော်သမင်ကို အသက်ချမ်းသာခွင့်ပေးလိုက်သလို အဲဒီနေ့ကစပြီး ကျန်တဲ့ သမင်(မိဂ)အပေါင်းကိုလည်း ဘေးမဲ့(ဒါယ)ပေးလိုက်ပါတယ်။ ဘုရားအလောင်းသမင် 'သရင်္ဂနာထ' (သရင်္ဂ-သမင်ကို၊ နာထ-ကယ်တင်သူ) အမည်ကို အစွဲပြုပြီး အဲဒီတောကိုလည်း 'သရင်္ဂနာထ'ခေါ် ရာမှ သရနာထ၊ ဆာရ်နာတ် (Sarnath) လို့ ခေါ်ဆိုလာခြင်း ဖြစ်ပါတယ်။ မိဂဒါဝုန်မှာ အခုထိလည်း တော



ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောတော်မူနေဟန် (မြန်မာပန်းပုလက်ရာ)



ဆေးဝက်ဘာမြန်မာကျောင်းမှ ရှင်ဥပဂုတ္တနှင့် ရှင်သီဝလိရုပ်တုတော်များ





မိဂဒါဝုန် မြန်မာကျောင်းတိုက်




www.burmeseclassic.com


www.burmeseclassic.com



ဓမ္မရာဇိကစေတီတော်အသယ်တွင် ဘုရားဝတ်ပြုနေသူများ



မိဂဒါဝုန်မှ အသောကကျောက်စာတိုင်



အုပ်တစ်ခုဖန်တီးပြီး သမင်တွေကို ဘေး မဲ့ပေးကာ မွေးထားပါတယ်။

ဒီအကြောင်းကိုပြောရင်း မဟာ ဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရဲ့စကားတစ်ခွန်းကို အမှတ်ရမိပါတယ်။

“ဘုန်းကြီးက ဘုရားရှင်ကို ဘုရား ဖြစ်မှုကြည်ညိုတာမဟုတ်ဘူး၊ အလောင်း တော်ဘဝကတည်းက ကြည်ညိုတာ။ အဲဒါ တို့ဘုရားအလောင်းတော် ဆိုပြီး တော့လေ”

ဘုရားအလောင်းသမင်ဇာတ်လမ်း က တကယ့်ခေါင်းဆောင်ဆိုတာကို မီး မောင်းထိုးပြသွားတာ ဖြစ်ပါ၏။

**မိဂဒါဝုန်ရှုခင်း**

နေ့ခင်း တည်းခိုဆောင်မှာနားနေ ကြပြီး ညနေ(၃)နာရီလောက်မှာ မိဂဒါ ဝုန်ကိုထွက်ခဲ့ကြပါတယ်။ ချောက်ခဏ္ဍီ စေတီကို အရင်ဝင်ဖူးပါတယ်။ တရား အလုံးစုံကိုသိမြင်တဲ့ သဗ္ဗညုတရွှေဉာဏ် တော်ကိုရလို့ ဘုရားအဖြစ်ကို ရောက် တော်မူပြီးနောက် မြတ်စွာဘုရားရှင်ဟာ တရားဦးဟောဖို့ မိဂဒါဝုန်ကို ကြွလာ တော်မူလာတဲ့အခါ ပဥ္စဝဂ္ဂီငါးဦးက ဘုရား ရှင်ကို ခရီးဦးကြိုဆိုကြတဲ့နေရာ ဖြစ်ပါ တယ်။ (အိန္ဒိယတိုင်းသားတွေကတော့ ‘ချောက်ခဏ္ဍီ’ကို ‘ကျောက်ခဏ္ဍီ’လို့ခေါ် မှ နားလည်ကြပါတယ်။)

ဒီနေရာမှာ အထိမ်းအမှတ်အနေနဲ့ တည်ထားတဲ့ မူလဘုရားရဲ့ဒါယကာက သီရိဓမ္မာသောကမင်းကြီး ဖြစ်ပါတယ်။ ဘာသာခြားတွေ ဖျက်ဆီးတာခံရပြီး နောက် ကျန်ခဲ့တဲ့ အုတ်ပုံပေါ်မှာ ရှစ် မြှောင့်ပုံမျှော်စင်တစ်ခု တည်ဆောက် ထားပါတယ်။ မျှော်စင်ထိပ်အထိ (၈၄) ပေ မြင့်ပါတယ်။ မူလက ဗုဒ္ဓဘာသာ စေတီဖြစ်ပေမယ့် နောက်တော့ အဲဒီ အပေါ်မှာ ဟိန္ဒူက ဘုရားကျောင်းတည် လိုက်၊ နောက်တစ်ခါ အစ္စလာမ်ဘာသာ ဝင်တွေက မျှော်စင်ယောင်ယောင်၊ ဗလီ ယောင်ယောင်ထပ်ပြီးတည်လိုက်နဲ့ မူလ အခြေအမြစ်ကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့ ကြတာကြောင့် ဒီနေရာကို ဗုဒ္ဓဘာသာ ဝင်တွေက လေ့လာကြည့်ရှုရုံကလွဲလို့ ရှိခိုးဦးချခြင်းမပြုတော့ဘူးလို့ သိရပါ တယ်။

ချောက်ခဏ္ဍီစေတီကနေ မြတ်စွာ ဗုဒ္ဓက ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစက္ကပဝတ္တန သုတ္တန်၊ (ဓမ္မစကြာတရားတော်) ဟော ကြားတဲ့နေရာကိုလာခဲ့ကြပါတယ်။ အဲဒီ နေရာမှာ မူလက ဓမ္မရာဇိကစေတီ တည်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး အခုတော့ အုတ်ခုံအဝိုင်းကြီး ကျန်ရှိပါတော့တယ်။ မူလ ဓမ္မရာ စေတီရဲ့အမြင့်ဟာ မလှမ်းမကမ်းက စေတီအမြင့်လောက်ရှိမယ်လို့ ခန့် ကြပါတယ်။ အုတ်ပုံအလယ်မှာ ထိပ်တုံးတိတိ ကျောက်တိုင်အတို တစ်ခု ရှိပါတယ်။ အုတ်ခုံပေါ်ကို သမီးတွေ မတက်ရဘဲ အမျိုးသား တက်ရောက် ဦးတိုက် ရှိခိုးကာ သုက ချကြပါတယ်။

အတ်ခုံပေါ်ကဆင်းလာတဲ့ ကျွန် ခေါင်းကိုကြည့်ပြီး အဖွဲ့ခေါင်း ဆောင်တစ်ဦးဖြစ်တဲ့ မနုသီက အခုလို ရယ်ပါတယ်။

"ဆရာက ဘုရားကို ရှိခိုးရုံတင် မဟုတ်ဘဲ ဘုရားကရွှေကိုလည်း ခေါင်းနဲ့ပွတ်ပြီးခွာလာတယ်နော်"

**သောကကျောက်စာတိုင်**


ဓမ္မရာဇိကစေတီနေရာမှာ ဦး ဆောင်ဆရာတော်နဲ့ အဖွဲ့သားများ အားလုံး ဓမ္မစကြာဒေသနာတော်ကို ရွတ်ဆိုပြီး ငါးမိနစ်မျှ တရားရှုမှတ် ပွား များကာ ဘုရားရှင်ကို အမြတ်ဆုံးကျင့် ဝတ် ပဋိပတ်ဖြင့် ပူဇော်ခဲ့ကြပါတယ်။ ဒီကနေ မလှမ်းမကမ်းမှာရှိတဲ့ကျောက် စာတိုက်တစ်ခုကို သွားကြပါတယ်။


ကျောက်စာတိုက်ကို ကျောက်ပြား ထားပြီး သံတိုင်တွေနဲ့ ကာရံထားကာ အထဲမှာ ကျောက်စာတိုင်အကျိုးအပဲ့သုံး ခု ရှိပါတယ်။ အကောင်းပကတိအတိုင်း တွေ့ရှိခဲ့တဲ့ ကျောက်စာတိုင်ထိပ်ပိုင်းကို ဆာရ်နတ်သ်ပြတိုက်မှာ ပြသထားပါ တယ်။ ဒီကျောက်စာတိုင်ကို မိဂဒါဝုန် ကျောက်စာတိုင်လို့ သတ်မှတ်ခေါ်ဝေါ် ကြပါတယ်။ ခြသေ့်လေးကောင်ခြံရံထား ပြီး ဓမ္မစကြာစက်ဝိုင်းပါတဲ့ အသောက မင်းကြီးရဲ့နိုင်ငံတော်တံဆိပ်ဟာ လက်ရှိ အိန္ဒိယနိုင်ငံရဲ့တံဆိပ်လည်း ဖြစ်ပါတယ်။

မြတ်စွာဘုရား တရားတော်ဟာ အရပ်လေးမျက်နှာ စကြဝဠာအနှံ့ ပြန့် ပွားခြင်းကို ထိပ်ဆုံးက ခြသေ့်(၄)ကောင် နဲ့ ပုံဖော်ထားပါတယ်။ လှူခန္ဓာကိုယ် (သို့) ဘဝတစ်ခုကို ကြာပွင့်တစ်ခုနဲ့ ပုံ ဖော်ထားပြီး ကြာပွင့်ပေါ်မှာ ၃၂-ကော ဋ္ဌာသကို ရည်ညွှန်းတဲ့ လိုင်း(၃၂)ကြောင်း ပါရှိပါတယ်။ သစ္စာလေးပါးကို ရည်ညွှန်း တဲ့ စက်ဝိုင်း(၄)ခုပေါ်မှာတော့ ပဋိစ္စသမု ပါဒအနုလောမ(၁၂)ပါးနဲ့ ပဋိလောမ (၁၂) ပါးကို ရည်ရွယ်တဲ့ လိုင်းကြောင်း (၂၄) ခု ပါရှိပါတယ်။



ဘုရားရှင်ဝါဆိုခြင်းအထိမ်းအမှတ် မူလမဟာဂန္ဓကုဋိဝိဟာရအဝင်ဝမုခ်ဦး





ဗာရာဏသီမြို့ ဂင်္ဂါမြစ်ကမ်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com


ဝိပဿနာရှုပွား တရားအားထုတ်ရာ၌ အဓိကဦးဆောင်တဲ့တရားများဖြစ်တဲ့ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ တရားလေးမျိုးကိုရည်ရွယ်ပြီးတော့ မြင်း၊ နွား၊ ဆင်၊ ခြင်္သေ့ စတဲ့ အာဇာနည်တိရစ္ဆာန်တွေနဲ့ ပုံဖော်ပြသထားပါတယ်။ တစ်နည်းအားဖြင့်လည်း အလောင်းတော်သန္ဓေတည်ခြင်းကို ဆင်၊ တောထွက်ခြင်းကို မြင်း၊ ဓမ္မစကြာတရားဦးဟောတော်မူခြင်းကို ခြင်္သေ့၊ ပရိနိဗ္ဗာန်စံဝင်ခြင်းကို နွားရုပ်ဖြင့် ရည်ညွှန်းပြတယ်လို့လည်း ယူဆကြပါတယ်။ ခေတ်အဆက်ဆက်မှာ ဒီအထိမ်းအမှတ်ကျောက်စာတိုင်လိုမျိုး အနုပညာပြောင်မြောက်တဲ့လက်ရာ မရှိဘူးလို့တောင် ဆိုကြပါတယ်။

ကျောက်စာတိုက်ရဲ့အနီးမှာ နန္ဒိယကျောင်းတိုက်ဟောင်းနေရာ ရှိပါတယ်။ မြတ်စွာဘုရားရှင် ပထမဝါကပ်တော်မူတဲ့ကျောင်း ဖြစ်ပါတယ်။ ဗာရာဏသီမြို့သား နန္ဒိယသူဌေးသားဟာ မြတ်စွာဘုရားကို ကျောင်းဆောက် လှူဒါန်းတဲ့အခါ စေတနာထက်သန်လွန်းတာကြောင့် မသေခင်ကတည်းက နတ်ပြည်မှာ ဘုံဗိမာန်ပေါက်နေတယ်လို့ ဆိုပါတယ်။ ဇနီးလောင်း နတ်သမီးတွေက လူ့ပြည်က လင်လောင်း နန္ဒိယကို နတ်ပြည်မြန်မြန်ရောက်လာအောင် 'သေဟဲ့-နန္ဒိယ' လို့ ဆုတောင်းကြတာကို စာထဲမှာ ဖတ်ရပါ၏။ အတော်ဆိုးတဲ့နတ်သမီးတွေပါပဲ။ ကျောင်းတော်ရဲ့ အလယ်က ပလ္လင်ပေါ်မှာ ဘုရားရှင်ဟာ နေ့စဥ်လိုလို တရားဓမ္မဟောကြားတော်မူလို့ 'မူလဂန္ဓကုဋိနန္ဒိယကျောင်း'လို့လည်း ခေါ်ပါတယ်။

အဲဒီနေရာနဲ့ မလှမ်းမကမ်းမှာ ကျောက်ပြားမိုးအုတ်တိုက်တစ်ခု ရှိပါသေးတယ်။ ယသသတို့သားကို ဘုရားရှင် ချေချွတ်တော်မူလို့ ရဟန္တာတွေဖြစ်နေရာပါ။ ယသသတို့သား ဆိုတာကလည်း ဘုရားရှင်ကို ယနာနို့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့တဲ့ သုဇာတာသူဌေးသမီးရဲ့သား ဖြစ်ပါတယ်။ ဗာရာဏသီမြို့မှာ နာမည်ကြီးသူဌေးသားတစ်ဦးပါ။ လောကီစည်းစိမ်တွေကို ငြီးငွေ့လို့ နတ်တွေပြတဲ့လမ်းနဲ့ ဘုရားရှင်ဆီကို ရောက်ခဲ့တာပါ။ယသသူဌေးသားကို အကြောင်းပြုပြီး သူ့ရဲ့အပေါင်းပါ သူဌေးသား (၅၄) ယောက်တို့ဟာလည်း ကိလေသာအာသဝေါတွေ ကုန်ခန်းလို့ ရဟန္တာတွေဖြစ်ကြပါတယ်။ ဒါကြောင့် ဒီနေရာဟာလည်း ဘုရားရှင် သာသနာတော်မှာ



အဝေးပြေးလမ်းမပေါ်မှ မြင်တွေ့ရသည့် ဗာရာဏသီမြို့ရှုခင်း




ဘယ်တော့မှ ဆောက်လို့မပြီးတဲ့ မြို့လယ်ကောင်က တိုက်တွေ



ဗာရာဏသီ ဆေးဝက်ဘာမြန်မာကျောင်းက လေးထပ်တည်းခိုဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရာဇိကစေတီတော်ပတ်လည်တွင် ဘုရားဝတ်ပြုနေသူများ

သမိုင်းဝင်နေရာတစ်ခု ဖြစ်ပါတယ်။

ပဥ္စဝဂ္ဂီငါးပါးနဲ့ပေါင်းရင် အားလုံး ရဟန္တာခြောက်ကျိပ်(အပါး၆၀)ရှိလာပြီး သူတို့နဲ့အတူ ဘုရားရှင်ဟာ မိဂဒါဝုန်မှာ ပဲ ပထမဝါကပ်တော်မူပါတယ်။ ပထမ ဝါမှ ထမြောက်တော်မူတဲ့အခါ ရဟန္တာ အပါး (၆၀) ကိုခေါ်ပြီး-

"ရဟန်းတို့၊ နတ်၊လူတို့၏အကျိုး စီးပွားချမ်းသာခြင်းအကျိုးငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့။ တစ်ကြောင်း တည်းသောခရီးကို နှစ်ပါးမသွားကြကုန် နှင့်၊ ကောင်းမြတ်သောတရားတို့ကို လူ တို့အား ဟောကြားကြကုန်"

ဆိုပြီး သာသနာပြုစေလွှတ်တော် မူပါတယ်။

မိဂဒါဝုန်ကို 'ဦး ၅ ဦး' ဌာနလို့ ခေါ်ဆိုကြရာမှာ (တစ်) တရားဦးဟော တော်မူရာ၊ (နှစ်) ဘုရားရှင်၏ ပထမဆုံး ဝါဆိုဦး၊ (သုံး) သံဃာရတနာဦး၊ (လေး) ရဟန္တာဦး၊ (ငါး) သာသနာပြုဦးလို့ မှတ် သားကြရပါ၏။

**ဓမ္မေခစေတီ**

မိဂဒါဝုန်မှာ အထင်ရှားဆုံးက တော့ ဓမ္မေခစေတီတော်ကြီးပဲ ဖြစ်ပါ တယ်။ ဉာဏ်တော်(၁၀၄)ပေရှိလို့ တစ် မိုင်လောက်အကွာအဝေးကတောင် ဖူး တွေ့နိုင်ပါတယ်။ ဘုရားရှင်က ပဥ္စဝဂ္ဂီ ငါးဦးတို့ကို အနတ္တလက္ခဏသုတ် ဟော ကြားတော်မူတဲ့နေရာဖြစ်ပါတယ်။ ဝါဆို လပြည့်နေ့က ဓမ္မရာဇိကစေတီနေရာမှာ မြတ်စွာဗုဒ္ဓက ဓမ္မစက္ကပဝတ္တနသုတ္တန် ဟောကြားလို့ ပဥ္စဝဂ္ဂီငါးဦးအစဉ်အတိုင်း သောတာပန်ဖြစ်ကြပါတယ်။ နောက်ငါး ရက်အကြာ ဝါဆိုလပြည့်ကျော်(၅)ရက် နေ့မှာ နေရာနည်းနည်းရွှေ့ပြီး ဒီဓမ္မေခ စေတီနေရာမှာ အနတ္တလက္ခဏသုတ် ဟောတော့မှ ပဥ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာ ဖြစ်ကြပါတယ်။

ဓမ္မေခစေတီတော်ကြီးဟာ ထုထည် ကြီးမားပြီး စေတီတော်ပတ်လည်မှာ ကနုတ်ပန်းတွေ၊ အပြောက်အမွမ်းတွေ နဲ့ တန်ဆာဆင်ထားပါတယ်။ 'ဓမ္မေခ' အမည်ဟာ 'ဓမ္မိက' ဒါမှမဟုတ် 'ဓမ္မေ မုခ' ပါဠိပုဒ်က ဆင်းသက်လာတာလို့ ယူဆရပါတယ်။ (ဓမ္မိက - တရားနှင့်ညီ သော၊ ဓမ္မမုခ - တရား တည်းဟူသော နှုတ်ခံတွင်း) စေတီတော်ခြေရင်းမှာ ကျွန်တော်တို့အဖွဲ့ အနတ္တလက္ခဏသုတ် ရွတ်ဖတ်ပူဇော်ပြီး (၅) မိနစ်ခန့် တရား ထိုင်ကာ ဘုရားရှင်ကို ကျင့်ဝတ်ပဋိပတ် ဖြင့် ပူဇော်ခဲ့ကြပါတယ်။

ဓမ္မေခစေတီတော်ကနေ ဘုရား ရှင် ဝါဆိုခြင်းအထိမ်းအမှတ် မူလဂန္ဓ ကုဋီဝိဟာရဆီကို လာခဲ့ကြပါတယ်။ သီ ဟိုဠ်(သီရိလင်္ကာ)နိုင်ငံသား အနာဂါရိက ဓမ္မပါလ ဦးစီးတဲ့ မဟာဗောဓိအသင်းက ၁၉၂၂ ခုနှစ်မှာ တည်ဆောက်ခဲ့တာပါ။ မြန်မာနိုင်ငံက အလှူရှင်တွေလည်း အများကြီး ပါဝင်ခဲ့ကြပါတယ်။ စုလစ် မွမ်းချွန် အထွတ်တင်ထားတဲ့ ပြာသာဒ် ဆောင်ကြီးက ပေ (၁၁၀) မြင့်ပါတယ်။ ဂန္ဓကုဋီတိုက်ထဲက ရုပ်ပွားတော်ရဲ့ အောက်မှာ ဓာတ်တော်တိုက်ရှိပါတယ်။ ဒီဓာတ်တော်တိုက်ထဲမှာ တက္ကသီလာက ရတဲ့ ဗုဒ္ဓရဲ့ ဓာတ်တော်မွေတော်များကို ဌာပနာထားပြီး ဓာတ်တော်ကြုတ်ကို မြန်မာနိုင်ငံက ဒေါ်ဂွမ်းက လှူထားတာ ဖြစ်ပါတယ်။ နှစ်တိုင်း ကျောင်းတော် နှစ်ပတ်လည် အထိမ်းအမှတ်နေ့ဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ ဓာတ် တော်ဖွင့်ပွဲ ပြုလုပ်ပါတယ်။ ဒီနေရာမှာ လည်း နိုင်ငံတကာက ဘုရားဖူးတွေနဲ့ စည်ကားလို့နေပါတယ်။

မူလဂန္ဓကုဋီဝိဟာရဝင်းထဲမှာ မြန် မာပြည်က လှူဒါန်းထားတဲ့ ဘုရားရှင် ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာဟော တော်မူနေဟန်ရုပ်ပွားတော်များနှင့် တန် ဆောင်းကို မြန်မာ့ဗိသုကာလက်ရာနဲ့မြင် တွေ့ကြရပါတယ်။

ဘုရားဝင်းထဲက ထွက်လာတော့ (၆) နာရီကျော်လို့ မိုးချုပ်တော့မှာ ဖြစ် ပါတယ်။ အဖွဲ့ခေါင်းဆောင် ဦးမြင့် သောင်းက 'ဈေးဆိုင်တွေသွားဦးမှာလား' လို့မေးတော့ အမျိုးသမီးထုက ထောက် ခံမဲအပြည့်ပေးပြီး ချီတက်ကြပါတယ်။ ဆရာတော်တစ်ပါး မှာကြားလိုက်တဲ့ စကားကို သတိရလိုက်မိပါ၏။

"ဒကာ၊ ဒကာမတွေ ဗုဒ္ဓဂယာ ရောက်ရင် ဘုရားနှစ်ခါရှိခိုးရတတ်တယ်။ မနက်ပိုင်းမှာ 'နမောတဿ' ဆိုပြီး ည ဘက်ရောက်တော့ ဈေးဝယ်တာ ဈေး ကြီးတွေမိလို့ 'နှမြောတဿ' လို့ ဆိုကြရ တယ်"

မောင်ပွင့်ဉာဏ် (မောရဲ)




ဗာရာဏသီက မြန်မာဆိုင်းဘုတ်နဲ့ မြန်မာစကားပြောတဲ့ ဈေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



# အဘိညာဉ်

## ဖျာပုံတင်နိုင်ဝင်း

အဘိညာဉ်ဟူသည် သာမန်လူတို့ ထက်သာလွန်သော အထူးထူးအဆန်းဆန်းကိုဖန်ဆင်းနိုင်သည့် ဉာဏ်ပညာမျိုးကို ဆိုလိုသည်။ ကျမ်းဂန်တို့၌ အဘိညာဏ၊ အဘိညာဏ် ဟူ၍ ရေးသားကြ၏။ အဘိညာဉ်၏သဘောမှာ စိတ်ကို တည်ငြိမ်စွာထား၍ ကျင့်ကြံပွားများရာမှ အတိတ်ဘဝမှကံတရားများနှင့် ပေါင်းစည်းလာခြင်းကြောင့်ဖြစ်ပေါ်လာသော တန်ခိုးစွမ်းအားဉာဏ်ပညာများကို ဆိုလိုသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်မတိုင်မီကတည်းက ရှေးရသေ့ကြီးတို့သည် လောကီအဘိညာဉ်များ ရရှိလျက် မြေလျှိုးမိုးပျံခြင်း၊ ကြိုတင်ဟောကိန်းထုတ်ခြင်း စသည့် တန်ခိုးပြာဋိဟာများ ပြသနိုင်စွမ်းရှိခဲ့ကြသည်။ ထိုအဘိညာဉ်တန်ခိုးပြမှုများသည် ဘုရားပွင့်တော်မူသည့်တိုင်အောင် ခေတ်စားနေရာမှ ရဟန်းသံဃာသို့တိုင်အောင် ကူးစက်ပျံ့နှံ့လွန်ကဲလာသောကြောင့် ဗုဒ္ဓမြတ်စွာက ရဟန်းတော်တို့အား အဘိညာဉ်များဖြစ်သော ဣဒ္ဓိဝိမပြာဋိဟာခေါ် တန်ခိုးပြာဋိဟာမပြုရ၊ အာဒေသနာခေါ် အတပ်ဟောခြင်းပြာဋိဟာကို မဟောရဟု ဝိနည်းပညတ်တော်မူရသည်အထိ ဖြစ်ခဲ့ရလေသည်။

ထိုသို့ ဗုဒ္ဓဘုရားရှင်က တန်ခိုးပြာဋိဟာမပြုရ၊ အတပ်မဟောရဟု ရဟန်းတို့အား ပညတ်တော်မူခြင်းသည် အခြားသူများ အဘိညာဉ်ကို လုံးဝ အသုံးမပြုရဟု ဆိုလိုခြင်း မဟုတ်ပေ။ အလကားနေ မြေလျှိုးမိုးပျံ လောကီဆန်ဆန်အဘိညာဉ်ကို အသုံးပြုနေခြင်း၏ အကျိုးမဲ့ပုံကို မြင်တော်မူသောကြောင့် ရဟန်းတို့အား တားမြစ်ခဲ့ခြင်း ဖြစ်၏။ (လူပုဂ္ဂိုလ်တို့အား တားမြစ်သည်ကို ကျမ်းဂန်တို့၌ မတွေ့ရချေ။) အကယ်၍ လောကီအကျိုး, လောကုတ္တရာအကျိုး



www.burmeseclassic.com

www.burmeseclassic.com

...ည်ဆိုလျှင် လည်းကောင်း၊ ကိစ္စ...ယ်အတွက် လိုအပ်လာလျှင်သော်...ကောင်း အဘိညာဉ်ကို ရဟန်း...မှအပ အခြားပုဂ္ဂိုလ်များ လိမ္မာပါး...ရှာ အသုံးပြုအပ်သည်သာ ဖြစ်၏။

ဤ၌ အဘိညာဉ်သည် (၂) မျိုး ...၏၊ လောကီအဘိညာဉ်နှင့် ...ကုတ္တရာအဘိညာဉ်ဟူ၍ဖြစ်သည်။ ...ကီအဘိညာဉ်သည် သမထဘာဝ ...ကို ကျင့်ကြံပွားများရုံမျှဖြင့်ရနိုင်သော ...ကြောင့် သမထအဘိညာဏ (သမထ အဘိညာဉ်) ဟု ခေါ်၍ လောကုတ္တရာ အဘိညာဉ်ကား ဝိပဿနာဘာဝနာပွား များမှသာ ရနိုင်သောကြောင့် ဝိပဿနာ ...ကျမ်းစာတွင်မူ အဘိညာဏ်သည် (၁) သမထအဘိညာ၊ (၂) ဓမ္မအဘိညာ ...၍ နှစ်ပါးရှိသည်ဟု ပြဆိုထား၏။

ဤ၌ ဝိပဿနာအဘိညာဉ်နေရာ တွင် ဓမ္မအဘိညာဟု အစားထိုး ပြဆို ထားခြင်း ဖြစ်သည်။ မှန်ပေသည်။ ဝိပ ဿနာအလုပ်သည် ပရမတ္ထ (ဝါ) ဓမ္မသို့ တိုင်ခရီးပေါက်သောကြောင့် လောကုတ္တ ရာအဘိညာဉ်ကို ဓမ္မအဘိညာဟု ပြဆို ထားခြင်းသည် ပို၍ ထိရောက်၏။ အချို့နေရာ၌ အကြောင်းရင်းကိုလိုက်၍ အဘိညာဏ်ဟု သုံးထားပြန်သည်။ ထို့ ကြောင့် ကျွန်ုပ်အနေဖြင့် အဘိညာဉ် အကြောင်းလေ့လာတင်ပြရာ၌ လယ်တီ ဆရာတော်ဘုရားကြီး၏သမထအဘိညာ နှင့် ဓမ္မအဘိညာ ဟူသော ဝေါဟာရ၊ အဘိညာဏ်ဟူသော ဝေါဟာရကိုသာ ယူ၍ ရှေ့၌ ရေးသား ပြဆိုပါမည်။

ဆရာတော်ဘုရားကြီး၏ ကျမ်း၌ အဘိညာဏ်ဆိုသည်ကား ပကတိသော လူအပေါင်းတို့၏ဉာဏ်ကိုလွန်၍ အထူး ကြီးအမွန်ကြီးဖြစ်သော ဉာဏ်၏ကိစ္စကို ဆိုလိုသည်ဟု ရေးပြပါရှိပါသည်။

ထိုအဘိညာဏ်သည် (၁) သမထ အဘိညာဏ်၊ (၂) ဓမ္မအဘိညာဏ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတွင်-

**၁။ သမထအဘိညာ** ဆိုသည်မှာ စိတ်ကို အာရုံတစ်ခုတည်းပေါ်၌ တည် ငြိမ်အောင်ထား၍ကျင့်ရသော သမထ ကမ္မဋ္ဌာန်းနည်းမှရအပ်သည့် တန်ခိုးဉာဏ် ပညာကို ဆိုလိုသည်။ ထိုတန်ခိုးဉာဏ် ပညာမျိုးတို့တွင် -

၁။ ဣဒ္ဓိဝိဓဉာဏ်၊
၂။ ဒိဗ္ဗသောတဉာဏ်၊
၃။ စေတောပရိယဉာဏ်၊
၄။ ပုဗ္ဗေနိဝါသဉာဏ်၊
၅။ ယထာကမ္မုပဂဉာဏ်

တို့ ပါဝင်သည်။ (၎င်းဉာဏ်ငါးမျိုး ကို အဘိညာဉ်ငါးပါးဟု ခေါ်၏။)

၁။ ဣဒ္ဓိဝိဓအဘိညာဏ်ဆိုသည် မှာ ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း၊ ရေပေါ်၌လမ်းလျှောက်ခြင်း စသောတန် ခိုးအထွေထွေပြခြင်းမျိုး၊ တစ်ယောက် တည်းကို အများဖြစ်အောင် ဖန်ဆင်း ခြင်း၊ အများကိုတစ်ယောက်တည်းထင် အောင် ဖန်ဆင်းခြင်း၊ ဆင်, ကျား, ဘီလူး စသည့် ကြောက်မက်ဖွယ်ရာများကို ဖန် ဆင်းပြသနိုင်သောတန်ခိုးစွမ်းအားများကို ဣဒ္ဓိဝိဓအဘိညာဏ်-အရာရာတန်ခိုးဖြင့် ပြီးစေအပ်သော အဘိညာဏ်ကို ဆိုလို သည်။ (စကားချပ် - ဤကဲ့သို့ တန်ခိုးပြ ဖန်ဆင်းခြင်းသည် မျက်လှည့်ပြခြင်းကဲ့ သို့သော အတတ်ပညာမျိုး မဟုတ်။ စူဠ ဂန္ဓာရီ၊ လောကီဂမ္ဘီရ၊ ဝိဇ္ဇာဓရ၊ စုန်း၊ အောက်လမ်း စသော လောကီအတတ် ပညာများကဲ့သို့ မဟုတ်။ လောကီအ တတ်ပညာများသည် သင်ကြားခြင်းဖြင့် ရနိုင်သော်လည်း သမထအဘိညာဏ်တို့ ကား သင်ကြားရုံမျှဖြင့် မရ။ ကျင့်ကြံ အားထုတ်မှသာ ရ၏။

၂။ **ဒိဗ္ဗသောတအဘိညာဏ်** ဆို သည်မှာ နတ်တို့၏ နားကဲ့သို့ ကြားနိုင် သော ဉာဏ်ပညာစွမ်းအားများကို ဆိုလို ၏။ ယူဇနာပေါင်းများစွာဝေးသော နေ ရာမှအသံကိုကြားနိုင်ခြင်း၊ လိုဏ်ဂူ, မြေ အောက်တို့၌ ဖုံးကွယ်နေသောအသံမျိုး ကို ကြားနိုင်ခြင်း၊ တိုးလွန်း, ကျယ်လွန်း သော အသံများကိုလည်း ကြားနိုင်သည့် သဘော ဖြစ်သည်။ (စကားချပ် - သာ မန်လူတို့၏နားသည် တိုးလွန်းသောအသံ ကို မကြားနိုင်သကဲ့သို့၊ ကျယ်လွန်းသော အသံကိုလည်းမကြားရဟု ဆို၏။ ဥပမာ မိမိဦးခေါင်းပေါ်၌ ပြင်းထန်လွန်းသော မိုးကြိုးကြီးပစ်ပါက ပထမဦးဆုံးသော မူ ရင်းလျှပ်စစ်ပေါက်ကွဲသံကြီးကို သာမန် လူ၏နားဖြင့် မကြားရ။ ကြားရသည်မှာ နောက်မှဖြစ်သော အားပျော့သည့် ပဲ့ တင်သံများကိုသာ အဆက်မပြတ် ကြား လိုက်ရခြင်း ဖြစ်သည်ဟု သိပ္ပံလေ့လာ ချက်၌ ဆို၏။ ၎င်းပထမဆုံးသော မူရင်း မိုးကြိုးပစ်သံကြီးကိုမူ အသံတိုင်းကိရိယာ ဖြင့်သာ တိုင်းတာရယူနိုင်သည်ဟု ဆိုပါ သည်။)

၃။ **စေတောပရိယအဘိညာဏ်** ဆို သည်မှာ သူတစ်ပါး၏စိတ်အကြံကို သိ နိုင်သော ဉာဏ်ပညာစွမ်းအားများကို ဆို လိုပါသည်။ သာမန်လူတို့အဖို့ တစ်ဦး၏ အကြံအစည်ကိုပြောမပြလျှင် တစ်ဦးက သိနိုင်ခဲသည်။ ဤအဘိညာဏ်ရထား သူကား ထိုသူ၏စိတ်၌ မည်ကဲ့သို့ တွေး တောကြံစည်နေသည်ကို သိနိုင်စွမ်း၏။ (စကားချပ်- သိပ္ပံလောကတွင် စိတ်လှုပ် ရှားနေသောလူတစ်ယောက်၏ဦးနှောက် ကို ခေတ်မီစာတ်မှန်ဖြင့် ရိုက်ယူစောင့် ကြည့်ရာ စိတ်လှုပ်ရှားတိုင်း ဦးနှောက် ကြွက်သားများလှုပ်ရှားနေကြောင်း တွေ့ ရှိထား၏။ စိတ်လွန်စွာလှုပ်ရှားလျှင် ဦး နှောက်ကြွက်သားများထဲရှိ ကလာပ် စည်းတစ်သျှူးများလည်း လျင်မြန်စွာ ပျက်စီးသွားကြောင်း သိရသည်။ ထို့ အပြင် စိတ်လှုပ်ရှားမှုအပေါ် မူတည်၍ နှလုံးခုန်ခြင်းအခြေအနေ ပြောင်းလဲနေ သည်ကိုလည်း လေ့လာ စမ်းသပ်နေကြ ပါသည်။ ဤသို့ စမ်းသပ်ပြုလုပ်နေကြ ခြင်း၏သဘောမှာ စိတ်လှုပ်ရှားတိုင်း ကိုယ်တွင်းအင်္ဂါတို့ လှုပ်ရှားသည်ကို ထောက်၍ ကိုယ်တွင်းအင်္ဂါတို့ မည်သို့ လှုပ်ရှားလျှင် ထိုသူ၏ စိတ်သည် မည် သည့်အရာကို ကြံစည်နေသနည်းဟု သိ ရန်ဖြစ်သည်။ စေတောပရိယဉာဏ်ရရန် သိပ္ပံနည်းဖြင့် တီထွင်နေကြသလောဟု ရယ်စရာတွေးမိ၏။ သို့သော် စေတော ပရိယစသော အဘိညာဏ်မှန်သမျှသည် အတတ်(သိပ္ပံ)ဖြင့်မရနိုင်။ အကျင့်(စရ ဏ) ဖြင့်သာရသော ဝိဇ္ဇာခေါ် အလင်း ဉာဏ်မျိုး ဖြစ်သည်ကို တထစ်ချမှတ်ပါ လေ။

၄။ **ပုဗ္ဗေနိဝါသအဘိညာဏ်** ဆို သည်မှာ ရှေးရှေးသောဘဝတို့ကို သိနိုင်၊ မြင်နိုင်သော ဉာဏ်ပညာစွမ်းအားများကို ဆိုလိုသည်။ လွန်ခဲ့သည့် တစ်ဘဝ၊ နှစ် ဘဝမှစ၍ ဘဝပေါင်းများစွာ ပြန်လည် ဆင်ခြင်သိမြင်နိုင်သော ဉာဏ်ပညာကို ဆိုလိုသည်။ (စကားချပ်- သာမန်လူတို့ တွင်လည်း လူဝင်စားများသည် လွန်ခဲ့ သော တစ်ဘဝ၊ နှစ်ဘဝတို့ကို ပြန်ပြော ပြနိုင်၏။ သို့သော် ၎င်းလူဝင်စားများ သည် ပုဗ္ဗေနိဝါသအဘိညာဏ်ရ၍ပြော ပြနိုင်ခြင်းမဟုတ်။ ဇာတိဿရခေါ် နောင် ဘဝဇာတိကို ပြန်လည် သတိရသော ဉာဏ်တစ်မျိုး မွေးကတည်းက ပါလာ၍ ပြန်ပြောပြနိုင်ခြင်း ဖြစ်သည်။ ထိုဇာတိ ဿရဉာဏ်မျိုးသည် အတိတ်ကံသက် သက်ကြောင့်ဖြစ်သော ဉာဏ်မျိုးဖြစ်၍ ပစ္စုပ္ပန်ဘဝတွင်အမှတ်ရနေသော နောင် ဘဝနှင့်ပတ်သက်သည့် အတွေးအကြံ၊ အပြောအဆိုနည်းသွားသည်နှင့်အမျှ ထို ဉာဏ်ကွယ်ပျောက်သွားတော့၏။ သိပ္ပံ လောကတွင်မူ ရှေးဘဝကို လေ့လာဆန်း



www.burmeseclassic.com

www.burmeseclassic.com

စစ်ရန် စိတ်ကူးယဉ်တင်ပြချက်များစွာ ရှိသော်လည်း လက်တွေ့တွင် စမ်းသပ်ရန် သိပ္ပံပညာတစ်ခုတည်းနှင့် မဖြစ်နိုင်ချေ။)

၅။ **ယထာကမ္မူပဂအဘိညာဏ်** ဆိုသည်မှာ ကံပစ်ချရာဘဝသို့ ကျရောက်ကုန်သော သတ္တဝါတို့အား လည်းကောင်း၊ ပစ်ချသောကံကိုလည်းကောင်း မြင်နိုင်သော ဉာဏ်ပညာစွမ်းအားမျိုးဖြစ်သည်။ သတ္တဝါတို့သည် စေတနာအဆိုး, အကောင်းတို့ဖြင့် ပြုလုပ်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့ကြောင့်လားရောက်ရသည့်ဘဝတို့ကို မြင်နိုင်စွမ်းခြင်း၊ ထိုဘဝတို့ကို လားရောက်စေသော ပြုခဲ့ပြီးသည့် ကုသိုလ်ကံ, အကုသိုလ်ကံတရားတို့ကို မြင်နိုင်စွမ်းသော အဘိညာဏ်မျိုးဖြစ်သည်။ (စကားချပ် - အချို့ပုဂ္ဂိုလ်တို့သည် ကံကို ဘုရား၊ ရဟန္တာမှ မြင်သည်ဟု ဆိုကြ၏။ သို့သော် ယခု ပြဆိုနေသော လောကီအဘိညာဏ်တစ်မျိုးဖြစ်သည့် ယထာကမ္မူပဂအဘိညာဏ်ဖြင့်ပင် ကံကိုမြင်နိုင်စွမ်းကြောင်း ထင်ရှားလာပါသည်။ ၎င်းအဘိညာဏ်သည် လောကီသမထကိုပွားများရုံဖြင့် ပုထုဇဉ်ဘဝနှင့်ပင် ကံကိုမြင်နိုင်သော ဉာဏ်ပညာစွမ်းအားကြီး ဖြစ်သည်။ အချို့က လည်း လုံထမ်းလာတာ မြင်ရ၏။ ကံထမ်းလာတာ မမြင်ရဟု ဆိုပြန်သည်။ ကံထမ်းလာသည်ကို မမြင်ခြင်းကား မျက်ကန်းပုထုဇဉ်များကိုသာ ဆိုလိုပါသည်။ ယထာကမ္မူပဂအဘိညာဏ် ရထားသောပုထုဇဉ်များကား လုံထမ်းလာတာရော ကံထမ်းလာသည်ကိုပါ မြင်ရပါ၏။)

၂။ **ဓမ္မအဘိညာ** ဆိုသည်ကား သမုတိသစ္စာကိုလွန်၍ ပရမတ္ထသစ္စာကို ပိုင်းခြားထင်ထင် သိမြင်နိုင်စွမ်းသော ဉာဏ်ပညာထူးကိုဆိုလိုသည်။ လောကီအသိစွမ်းအား တန်ခိုးပညာများထက် သာလွန်သော၊ လောကီမှ လွတ်မြောက်ရာကို သိနိုင်သော လောကုတ္တရာဉာဏ်ပညာထူးကြီးကို ဆိုလိုသည်။

ထိုဓမ္မအဘိညာတွင် -

၁။ သုတမယဉာဏ်၊
၂။ စိန္တာမယဉာဏ်၊
၃။ ဘာဝနာမယဉာဏ်

ဟူ၍ လောကုတ္တရာအဘိညာဏ် (၃) ပါး ရှိ၏။။

၁။ သုတမယဉာဏ် ဆိုသည်မှာ ရုပ်တရား၊ နာမ်တရား၊ ပရမတ္ထသစ္စာတရားတို့ကို သင်ယူလေ့လာ နာကြားခြင်းဖြင့် လည်းကောင်း၊ ကိုယ်တိုင်ကျင့်ကြံ တွေ့ကြုံမှတ်သားခြင်းဖြင့် လည်းကောင်း ရရှိအပ်သော လောကုတ္တရာဆိုင်ရာ ဉာဏ်ပညာထူးကြီးကို ဆိုလိုသည်။ ဥပမာ ရုပ်တရားတို့၌ ဓာတ်ကြီးလေးပါး၊ နာမ်တရားတို့၌ စိတ်၊ စေတသိက်ဟု ဗဟုသုတအနေဖြင့် ပိုင်ပိုင်နိုင်နိုင် မှတ်သား နားလည်ထားသည့် ဉာဏ်မျိုး ဖြစ်သည်။ ပရိယတ္တိစာပေ ကျွမ်းကျင်သောပုဂ္ဂိုလ်များ၊ တရားများ စွာနာကြားထားသူများ၊ တရားထိုင်သည့် အတွေ့အကြုံများရရန်ကျင့်ပွားနေသူတို့ ၎င်းသုတမယဉာဏ်ကို ရတတ်၏။

၂။ စိန္တာမယဉာဏ် ဆိုသည်မှာ ရုပ်တရား၊ နာမ်တရားတို့သည် ဖြစ်လာတိုင်း ပျက်စီးသွားတတ်ပါတကားဟု ကြံစည်တတ်သော လောကုတ္တရာဆိုင်ရာ ဉာဏ်ပညာထူးကြီး ဖြစ်သည်။ ဤရုပ်၊ နာမ်ခန္ဓာကြီးသည် မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ စက်ဆုတ်ရွံရှာဖွယ်သဘော၊ အစိုးမရသောသဘာဟု သုံးသပ်ဆင်ခြင်နိုင်စွမ်းသော ဉာဏ်ထူးကြီး ဖြစ်သည်။ သမထဘာဝနာဖြင့် သမာဓိအားကောင်းစွာရရှိထားသောသူများ၊ အာရုံအပေါ်၌ စိတ်ဝင်စားမှုခိုင်မြဲသူများသည် ဤစိန္တာမယဉာဏ်ထူးကို ရရှိနိုင်ကြသည်။

၃။ ဘာဝနာမယဉာဏ် ဆိုသည်မှာ ရုပ်တရား၊ နာမ်တရားတို့၏သဘောသဘာဝများ ထင်ရှားအောင် အထပ်ထပ်အခါခါ ပွားများရှုကြည့်နိုင်သော လောကုတ္တရာဆိုင်ရာ ဉာဏ်ပညာထူးကြီးကို ဆိုလိုသည်။ ထိုဉာဏ်သည် ခန္ဓာကို ပရမတ္ထသစ္စာဆိုက်အောင် သိနိုင်စွမ်းသောကြောင့် မဂ်ဖိုလ်ရကြောင်းဉာဏ်ထူးဟု ဆိအပ်၏။ ထိုဘာဝနာမယဉာဏ်သည် နှစ်မျိုး ရှိ၏။

(က) အနုဗောဓဉာဏ်- ဟုတ်မှန်သော ဓမ္မသဘောအားလျော်စွာ အစဉ်အတိုင်းသိသောဉာဏ်ထူးကြီးဖြစ်သည်။ အနိစ္စာနုပဿနာဉာဏ် (အနိစ္စကိုအစဉ်အတိုင်းရှုခြင်း)၊ ဒုက္ခာနုပဿနာဉာဏ် (ဒုက္ခကိုအစဉ်အတိုင်းရှုခြင်း)၊ အနတ္တာနုပဿနာဉာဏ် (အနတ္တကို အစဉ်အတိုင်းရှုခြင်း) ဟူသော ဉာဏ်စဉ် (၃) ပါး ပါဝင်၏။ အောက်ဉာဏ်စဉ်များမှစ၍ သစ္စာဆိုက်သည်အထိ အဆင့်ဆင့်သိနိုင်စွမ်းသော လောကုတ္တရာဉာဏ်မျိုး ဖြစ်သည်။

(ခ) ပဋိဝေဒဉာဏ် - သောတာပတ္တိ၊ အသဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တဟူသော လောကုတ္တရာမဂ်ဉာဏ်လေးပါးကို ဆိုလိုသည်။ တစ်နည်း သောတာပန်ပုဂ္ဂိုလ်မှ ရဟန္တာအထိ ရရှိထားသော မဂ်ဉာဏ်လေးပါးကို ဆိုလိုသည်။ ထိုမဂ်ဉာဏ်သည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အစရှိသော ကိလေသာအမိုက်တရားတို့ကို အမြစ်ပါမကျန်အောင် ပယ်သတ်ခုတ်ထွင်နိုင်သောဉာဏ်ထူးမျိုး ဖြစ်သည်။ ပုထုဇဉ်ဘဝမှ ကျွတ်လွတ်နိုင်သော ဉာဏ်ပညာမျိုး ဖြစ်သည်။

ဤတွင် လောကီ၊ လောကုတ် အဘိညာဉ်နှစ်ပါးဖြစ်သော သမထအဘိညာနှင့် ဓမ္မအဘိညာတို့အကြောင်း သင့်လျော်ပေပြီ။

ပုထုဇဉ်တို့သည် လောကီကိစ္စကိုသာ ခုံမင်တတ်ကြသည့်အားလျော်စွာ လောကီအဘိညာဉ်များကို မက်မောမိကြပေလိမ့်မည်။ သို့သော် မိမိတို့သည် ဘဝပေါင်းအသင်္ချေ ကျင်လည်ခဲ့သည့်နည်းတူ လောကီစျာန်အဘိညာဉ်ကို ဘဝပေါင်းများစွာ ဆည်းပူးခဲ့ကြရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ အဘယ်ကြောင့်ဆိုသော် လောကီအဘိညာဉ်ပညာသည် သာသနာကွယ်သလိုကွယ်ခြင်းမျိုးမရှိဘဲ အချိန်အခါမရွေးရှိနေခြင်းကြောင့် ကျွန်ုပ်တို့နှင့် ဘဝပေါင်းများစွာကြုံကြိုက်ခဲ့မည်မှာ မလွဲပေ။ ထိုလောကီအဘိညာဉ်မျိုးသည် ပုထုဇဉ်ဘဝကို မကျွတ်လွတ်နိုင်သောကြောင့် သံသရာလည်ခြင်းသာ အဆုံးရှိ၏။

ဓမ္မအဘိညာခေါ် လောကုတ္တရာအဘိညာဉ်သာ ပုထုဇဉ်ဘဝကို ကျွတ်လွတ်စေလျက် ဒုက္ခအပေါင်းမှငြိမ်းအေးနိုင်၏။ သို့သော် လောကုတ္တရာအဘိညာဉ်သည် ဘုရားရှင်တို့ပွင့်တော်မူမှ လူ၊ နတ်၊ ဗြဟ္မာတို့ ရရှိနိုင်သော ရနိုင်ခဲသည့် အရာကြီးဖြစ်သည်ကို သတိပြုသင့်ပါသည်။ ထို့ကြောင့် သာသနာ့ထွန်းလင်းခိုက် ဒုက္ခခပ်သိမ်းမှချုပ်ငြိမ်းစေရန် ဤလောကုတ္တရာအဘိညာဉ်ဖြင့် မဂ်လမ်း၊ ဖိုလ်လမ်းဖွင့်လျက် * နိဗ္ဗာန်ခရီးအပြီးရောက် လျှောက်လှမ်းသင့်ကြပြီ ဖြစ်ကြောင်း နှိုးဆော်လိုက်ရပေသည်။

ဗျာပုံ-တင်နိုင်ဝင်း

**မှီငြမ်းကိုးကား-**

*လယ်တီဒီပနီပေါင်းချုပ်*
*(ဝိပဿနာဒီပနီ)၊*
*နိဗ္ဗာန်ဆိုင်ရာတရားတော်*
*(မဟာစည်ဆရာတော်)*



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ခန္ဓာဝန်မချမီ (၁) ... (၂) နှစ်လောက်အတွင်းမှာ တပည့် ...ကအချို့ကို မိန့်ကြားခဲ့တဲ့ စကား ... ဆရာတော်ကြီးရဲ့ အပြုအမူတွေ ... ထူးထူးခြားခြား မှတ်သားစရာတွေ ... နောက်ဆုံးချိန်ရဲ့ ရွှေ့ပြောင်းနိမိတ် ...လို့ပဲ ဆိုလေမလား။

**...က်မှတ်ဖြတ်ပြီးပြီ**

ဆရာတော်ကြီး၏ ငယ်တပည့် ...ဘချစ်က ကျွန်တော့်ကို အခုလို ပြော ...ခဲ့ပါတယ်။

"ဘချစ်ရ၊ ငါလက်မှတ်ဖြတ်ပြီးပြီ ...ဆရာတော်က စကားအဆက်အစပ် ...ဘဲ ကျုပ်ကို အဲဒီလိုမိန့်ခဲ့တယ်။ ကျုပ်ကလည်း တော်တော်နားဝေးသွား။ ဆရာတော် ဘာဆိုလိုမှန်းမသိဘူးဗျာ။ ဆရာတော် ခန္ဓာဝန်ချပြီးတဲ့အခါမှ တစိမ့်စိမ့်တွေးရင်း ဆွေးမိပါတယ်ဗျာ" တဲ့။

**ငါ့လက်ထက်မှာ အပြီးသတ်မှာမဟုတ်ဘူး**

၂၀၀၃ ခုနှစ်မှာ ဆရာတော်ဟာ အမေရိကန်ကို ကြွခဲ့ပါတယ်။ အဲဒီမှာ ဒေါ်ငယ် ဆိုတဲ့ ဒကာမကြီးကို အခုလို အမိန့်ရှိခဲ့ဖူးပါတယ်။

"ငါ့လက်ထက်မှာ ဘုရားကြီးအပြီးသတ်မှာ မဟုတ်ဘူး"

အဲဒီအကြောင်းကို ဆရာတော်ကြီးရဲ့တပည့်ရင်းတစ်ပါးဖြစ်တဲ့ ဦးဥတ္တမ (အမေရိကန်)က ကျွန်တော့်ကို မိန့်ခဲ့ပါတယ်။ အဲဒီ ဒကာမကြီး မကြာမီကပဲ ကွယ်လွန်သွားခဲ့ပါပြီ။

**ငါ့ကိုနောက်ဆုံးအနေနဲ့**

ရပ်တော်မူကြီး (၂၇) ထပ်ပြီးလို့ တရုတ်ပညာရှင် မစ္စတာစွန်ခုန်း ပြန်သွားတဲ့နောက်မှာ ဦးခေါင်းတော်ကြီးကို အပြီးသတ်ဖို့ကိစ္စဟာ ဦးအောင်သန်းထွန်း(အင်ဂျင်နီယာ)အပေါ် ရောက်လို့လာပါတယ်။ ဦးအောင်သန်းထွန်းမှာလည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ အင်မတန် အလုပ်များနေတဲ့အချိန်ဖြစ်ပါတယ်။ ဆရာတော် အခါခါမှာလို့ ဦးအောင်သန်းထွန်း ဆရာတော့်ဆီကို ရောက်တဲ့အခါ ဆရာတော် မိန့်ကြား

မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ခယောင်းလမ်းမှသည်

# နောက်ဆုံးအချိန်၏ ရွှေ့ပြောင်းနိမိတ်များ

သုတေကာယျ



ရပ်တော်မူဘုရားကြီးအား လှည့်လည်ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့စကားက -

"မင်းကွယ်၊ ငါ့ကို နောက်ဆုံးအနေနဲ့ ဒါလေးလုပ်မပေးနိုင်ဘူးလား"

တဲ့။

အဲဒီအခါမှာ ဆရာတော်ကြီးကို ဦးအောင်သန်းထွန်း လျှောက်ထားခဲ့တဲ့စကားကတော့ -

"တပည့်တော် ဆရာတော်ခိုင်းတာကို လုပ်ပေးပါမယ် ဘုရား။ တပည့်တော်ရဲ့ လုပ်လက်စလုပ်ငန်းတွေကိုရပ်ဖို့နဲ့ ဖျက်ဖို့အတွက် (၃)လလောက်တော့ စောင့်ပေးပါ ဘုရား"

ဒီတော့ ဆရာတော်ကြီးက-

"အေး - ရပါတယ်ကွယ်၊ စောင့်ပေးရမှာပေါ့။ ဒါပေမယ့် (၃) လထက် စောနိုင်ရင်မင်းစောပြီးလာခဲ့ပါ"

လို့ မိန့်ခဲ့ပါတယ်။

## ဘုရားကြီးဘယ်တော့ပြီးမှာလဲ

စစ်ကိုင်းမြို့ ရွာထောင်က ငွေထည်၊ ကြေးထည်ပညာရှင် ဦးတင်ထွန်းအောင်ဟာ ဦးအောင်သန်းထွန်းကို အကြောင်းပြုပြီး ရပ်တော်မူဘုရားကြီးရဲ့ နဖူးသင်းကျစ်တော်နဲ့ ဥဏ္ဏာလုံကို တာဝန်ယူလုပ်ပေးခဲ့ရတဲ့ပညာရှင် ဖြစ်ပါတယ်။

တစ်နေ့မှာ ဆရာတော်ကြီးက ဦးတင်ထွန်းအောင်ကို အခုလိုမေးပါတယ်။

"မင်းတို့ ဘုရားကြီး ဘယ်တော့ အပြီးသတ်မှာလဲဟ"

ဒီတော့ ဦးတင်ထွန်းအောင်က-

"၂၀၀၇ ခုထဲမှာတော့ ပြီးပါလိမ့်မယ် ဘုရား"

လို့ ပြန်လျှောက်ခဲ့ပါတယ်။

အဲဒီအခါမှာ ဆရာတော်မိန့်လိုက်တဲ့စကားက -

"ဒါဆိုရင် ငါက မသေချာတော့ဘူး"

ဆရာတော်ကြီးမိန့်တာကို ဦးတင်ထွန်းအောင်က အလေးအနက် မတွေးမိဘဲ-

"အရှင်ဘုရား၊ အလတ်ကြီးရှိပါသေးတယ်"

လို့ ဆရာတော်ကို ရင်းရင်းနှီးနှီး ပုံစံမျိုးနဲ့ ရယ်ရယ်မောမော ပြန်လည်လျှောက်ခဲ့ဖူးပါတယ်။

(၂၀၀၆ ခုနှစ်ကုန်ခါနီး ၂၂-၁၁-၂၀၀၆ တွင် ဆရာတော်ကြီး ခန္ဓာဝန်ချတော်မူခဲ့ပါသည်။)

## ငါရှိချိန် ငါ ဘုရားကြီးကို ဖူးချင်တယ်

ရပ်တော်မူဘုရားကြီး အုတ်မြစ်ချတဲ့ အချိန်ကစပြီး (၁၅)ထပ်မြောက်အထိ ဆရာတော်ကြီးကို ပါရမီဖြည့်ခဲ့တဲ့ ပုဂ္ဂိုလ် (၂) ဦးကတော့ ဘုတလင်မြို့က သံချည်သံကွေး ဂဟေပညာရှင် ဦးရဝေနဲ့ သူ့အစ်ကို ဦးဆိတ်တင်တို့ (၂) ဦးပါပဲ။ သူတို့ (၂) ဦးနဲ့ ကျွန်တော်တွေ့ဆုံတဲ့အခါမှာ ဦးရဝေက သူကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ဖြစ်ရပ်ဆန်းနဲ့ ဆရာတော်ကြီး မိန့်ခဲ့တဲ့စကားတွေကို အခုလို ပြောကြားခဲ့ပါတယ်။

တစ်နေ့မှာ ဓာတ်လှေကားတိုက်ရဲ့ အရှေ့ဘက်ထောင့်ကို ပျားစွဲနေတာ တွေ့ပါတယ်။ ပျားအုံကတော်တော်လေးကြီးပါတယ်။ ဒါနဲ့ ကျွန်တော်က အလုပ်သမားတွေကို ပျားအုံကိုမဖွပ်ကြနဲ့။ ငါ ဆရာတော်ကြီးကို သွားလျှောက်မယ် လို့မှာခဲ့ပြီး ဆရာတော်ကြီးကိုသွားလျှောက်ပါတယ်။

အဲဒီအခါမှာ ဆရာတော်ကြီးက-

"အေး- ဟုတ်ရဲ့လားကွယ်"

လို့ မိန့်ပြီး ကြက်သွန်ဖြူနဲ့ ထန်းလျက်သုံးလုံးပေးပြီး အခုလိုမိန့်ပါတယ်။

"ဖျဉ်းအိုးအသစ်တစ်လုံးဝယ်ပြီး ရေကြည်ထည့်၊ ဖျဉ်းအိုးထဲကို ကြက်သွန်ဖြူနဲ့ ထန်းလျက်သုံးလုံးထည့်၊ အပေါ်က ဝါးခြမ်းလေးတွေ ကန့်လန့်ခံထား။ အဲဒီအိုးကို ပျားအုံအောက်သွားထားလိုက်"

ကျွန်တော်လည်း ဆရာတော်ကြီးမှာကြားတဲ့အတိုင်း တိတိကျကျ လုပ်ပါတယ်။ နောက်နေ့ကျတော့ ပျားတွေမရှိကြတော့ဘူး။ ဆရာတော်ကြီးကိုယ်တိုင်လည်း လာကြည့်ပါတယ်။


အဲဒီအချိန်မှာ ဆရာတော်ကြီး ပြောလိုက်တဲ့စကားတွေကို ကျွန်တော် ခုထိ မှတ်မိနေပါတယ်။

"ခန္ဓာကိုယ်ကတော့ ရှိတာပေါ့ကွယ်။ ဒါပေမယ့် ငါက အာမခံချက်မရှိဘူး။ ငါရှိချိန် ငါ ဘုရားကြီးကို ဖူးချင်တယ်။ ငါ့အသက်မီအောင်လုပ်"

ကျွန်တော်လည်း ဆရာတော်ကြီး အဲဒီလိုမိန့်တဲ့အချိန်ကစပြီး မြန်မြန်ပြီးအောင် တွန်းလုပ်တော့တာပါပဲ။ ဆရာတော်ကြီးရဲ့ဆန္ဒကိုပြည့်စေချင်လို့ ကျွန်တော်တွန်းလုပ်ခဲ့တဲ့အတွက် လုပ်ငန်းခွင်မှာ အလုပ်သမားတွေနဲ့ ပြဿနာတွေ တက်ခဲ့ရပါတယ်။အဲဒီကိစ္စတွေကို ဆရာတော်ကြီးက ဖြေရှင်းပေးခဲ့ပါတယ်။

## ထူးထူးခြားခြား ဖူးမြော်ကြည်ညို

ဦးပဥ္စင်းခင်မောင်မြင့်(ဦးကေသရ) ဟာ ဆရာတော်ကြီးရဲ့အလိုက်ကိုသိပြီး ဆရာတော်ကြီးရဲ့ ဝေယျာဝစ္စကိုစွပ်ဝဝ




www.burmeseclassic.com

www.burmeseclassic.com

ကို ဆောင်ရွက်ပေးရတဲ့ ဦးပဥ္စင်းတစ်ပါး ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ မန္တလေးကို ဆေးဝါးကုသဖို့ မကြွရောက်မီ (၁၀) ရက်လောက်မှာ နေ့စဉ် ထူးထူးခြားခြားပြုမူခဲ့ပုံကို ဦးပဥ္စင်းခင်မောင်မြင့်က အခုလို ပြောပြခဲ့ပါတယ်။

"မန္တလေးကို ဆေးကုသမကြွခင် (၁၀) ရက်လောက်ကတည်းက မနက်အရုဏ်တက်တာနဲ့ ဆရာတော်က ဦးပဥ္စင်းကိုခေါ်ပြီး ရပ်တော်မူဘုရားကြီးကို နေ့တိုင်းသွားခဲ့တယ်။ ပြီးတော့ လက်အုပ်ချီပြီး ဘုရားကြီးကို အကြာကြီးစူးစူးစိုက်စိုက် ကြည်ညိုဖူးမြော်နေတယ်။ အဲဒီလို ဆရာတော် ထူးထူးခြားခြား နေ့စဉ်ပြုမူခဲ့ပုံတွေကို ဆရာတော်ကြီးခန္ဓာဝန်ချပြီးတော့မှ ဦးပဥ္စင်းလည်း သဘောပေါက်ခဲ့ရတယ်"

**ထူးထူးခြားခြားအိပ်မက်များ**

ဆရာတော်ကြီး ဆေးဝါးကုသဖို့အတွက် မန္တလေးကို ကြွသွားတဲ့အချိန်ကာလအပိုင်းအခြားတွေမှာ ဆရာတော်ကြီးရဲ့ တပည့်သာဝကတွေ ကျွန်တော်အပါအဝင် အတော်များများဟာ အိပ်မက်တွေ မက်ခဲ့ကြပါတယ်။ ဆရာတော်ကြီး မကျန်းမမာဖြစ်လို့၊ ဆရာတော်ကြီးလေဖြတ်လို့၊ ဆရာတော်ကြီး ပျံလွန်တော်မူလို့ အစရှိတဲ့ အိပ်မက်ဆိုးတွေပါပဲ။ အဲဒီအိပ်မက်ဆိုးတွေမက်ခဲ့ကြတဲ့သာဝကတွေဟာ ပြည်တွင်းမှာရော ပြည်ပမှာပါ ဖြစ်ပါတယ်။

*(ကျွန်တော့်ရဲ့ ထူးခြားတဲ့ အိပ်မက်အကြောင်းကို ၂၀၀၉ ခုနှစ်လထုတ် သူရဇ္ဇမဂ္ဂဇင်း 'ဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီးနှင့် ညာတင်ကုတ်' ဆောင်းပါးမှာ အကျယ်ဖတ်ရှုနိုင်ပါသည်။)*


**မင်းဆရာတော် ကြာတော့ဘူးကွယ့်၊ ထွက်မှာ**

ဆရာတော်ကြီးကို ယနေ့အထိ ချစ်ခင် ကြည်ညို လေးစားယုံကြည် ကိုးကွယ်နေတဲ့ အင်ဂျင်နီယာ ဦးဝင်းသိန်းနဲ့ ဇနီး ဒေါ်အိအိစမ်းတို့က ကျွန်တော့်ကိုပြောပြခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ အကြောင်း ဖြစ်ပါတယ်။

အင်ဂျင်နီယာ ဦးဝင်းသိန်းဟာ ရပ်တော်မူဘုရားကြီးရဲ့ RC စနစ်ကနေပြီး STEEL STRUCTURE စနစ်ကို ကူးပြောင်းခဲ့တဲ့ (၉) ထပ်မြောက်ကနေပြီး (၁၆) ထပ်မြောက်အထိ တာဝန်ယူလုပ်ဆောင်ပေးခဲ့ရတဲ့ ဦးရဲအောင် သာဓုသုန္ဒရီကုမ္ပဏီက ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ပါတယ်။

"ဦးရယ်၊ ဆရာတော်ကြီးအကြောင်း ပြောရမယ်ဆိုရင် ပထမဦးဆုံး ကျွန်တော်တို့ဇနီးမောင်နှံနဲ့ အဘ ဦးမြင့်ဝင်း အကြောင်းကိုပြောမှ ဦးသဘောပေါက်မယ် ထင်တယ်။


ကျွန်တော်တို့ ဆရာတော်ကြီးနဲ့



ဦးပဥ္စင်းခင်မောင်မြင့်



ဦးတင်ထွန်းအောင် (စစ်ကိုင်း)



ဦးအောင်သန်းထွန်း (မုံရွာ)



ဦးဆိုက်တင် (ဘုတလင်)



ဦးရစေ (ဘုတလင်)




ဦးဘချစ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငယ် (အမေရိကန်)



ဦးစိန်ဝင်း + ဒေါ်ကြည်သန်း (မုံရွာ) (အရှထ်ဆွမ်းကပ်)



ဦးဝင်းသိန်း + ဒေါ်အိအိစင်း (မြောက်ဒဂုံ၊ ရန်ကုန်)

မတွေ့ဆုံမီကတည်းက ကျွန်တော်တို့ ယုံကြည်ကိုးကွယ်နေတဲ့ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့ပါတယ်။ အဲဒါက ကျွန်တော် စောစောက ပြောခဲ့တဲ့ အဘ ဦးမြင့်ဝင်းပါပဲ။

အဘ ဦးမြင့်ဝင်းအကြောင်း အကျဉ်းချုပ်ပြောရရင် မင်္ဂလာဒုံ ထောက်/ပို့တပ်ရင်းက အရာခံဗိုလ် မွတ်စလင်ဘာသာဝင်တစ်ဦး ဖြစ်ပါတယ်။ အိမ်ထောင်လည်းရှိ၊ သားသမီးတွေလည်းရှိပါတယ်။ တစ်နေ့သောအခါမှာ အဘဦးမြင့်ဝင်းဟာ အသည်းရောဂါနဲ့ မင်္ဂလာဒုံစစ်ဆေးရုံမှာ တက်ရောက် ကုသရပါတယ်။ ရောဂါက လွန်နေပြီ ဆိုတော့ ဆရာဝန်တွေက လက်လျှော့လိုက်ပါတယ်။

အဘဦးမြင့်ဝင်း သတိလွတ်ပြီး မြောနေချိန်မှာ သူ့ကိုလာပြောသတဲ့။ ငါ ခိုင်းတာလုပ်၊ ဗုဒ္ဓဘာသာပြောင်းတယ် ဆိုရင် မင်းရောဂါပျောက်စေရမယ်။ အဲဒီလို အပေးအယူလုပ်တာကို သူက သဘောတူ ကတိပေးလိုက်သတဲ့။ အခု ဘာရောဂါမှမရှိတော့ဘဲ အထက်က ညွှန်ကြားတဲ့အတိုင်း ကျင့်ကြံအားထုတ် သာသနာပြုလုပ်ငန်းတွေလုပ်နေပါတယ်။

ကျွန်တော်တို့ အိမ်ထောင်ကျခါစ ကျွန်တော့်အသက် (၃၈) နှစ်မှာ အဘကို သွားကန်တော့တဲ့အခါ -

"ငါ့သား၊ မင်းအသက်(၄၀)ကျော်ရင် ဘုရားတည်တဲ့အလုပ်ကိုလုပ်ရမယ်" တဲ့။

ကျွန်တော်ထင်တာကသိန်း(၃၀၀) များပေါက်ခဲ့ရင် (အဲဒီတုန်းက သိန်း ၃၀၀ ဆု ထွက်ပါသည်) တော့ ဘုရားဒကာဖြစ်လောက်တယ်ပေါ့။ဆရာတော်ကြီးရဲ့ ရပ်တော်မူဘုရားကြီးကို တည်ရတဲ့ အင်ဂျင်နီယာတစ်ဦး ဖြစ်လာလိမ့်မယ်လို့ ဘယ်လိုမှအိပ်မက်တောင်မမက်ခဲ့ပါဘူး ဦးရာ။

အဘဦးမြင့်ဝင်း အဲဒီလိုကြိုပြောခဲ့တဲ့အတိုင်း ဦးရဲအောင် သာမုသုန္ဒရီကုမ္ပဏီမှာ လခစားဝင်လုပ်လို့ (၆) လအကြာမှာပဲ ရပ်တော်မူဘုရားကြီး တည်ဆောက်ရတဲ့ ပထမဆုံး အင်ဂျင်နီယာ ဖြစ်ခဲ့ပါတယ်။

အဘကို ကျွန်တော်တို့နှစ်ဦးဟာ ကျွန်တော့်မွေးနေ့ စက်တင်ဘာလ ၂၀ ရက်နေ့ဆိုရင် သွားကန်တော့ကြတယ်။ မှတ်မှတ်ရရ ဦးရယ်၊ ၂၀-၉-၂၀၀၆ ခုနေ့မှာ အဘကိုသွားပြီးကန်တော့တဲ့ အခါကျတော့ အဘက လွှတ်ခနဲ ခုလို ပြောလိုက်ပါတယ်။

"မင်းဆရာတော် ကြာတော့ဘူးကွယ့်၊ ထွက်မှာ"

ကျွန်တော်လည်း အဘပြောတာကို ဘာမှပြန်မမေးဘဲ နားထောင်ပြီးပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ကိုကျော်မိုး (ရာမညစားသောက်ဆိုင်) ကို ဖုန်းလှမ်းဆက်တယ်။ ဆရာတော်ကြီး နေကောင်းရဲ့လားပေါ့။ကိုကျော်မိုးက ဆရာတော်ကြီး နေကောင်းပါတယ်ဗျာတဲ့။ အဘကပြောတော့ ကြာတော့ဘူးကွယ့်၊ ထွက်မှာ။ ကိုကျော်မိုးက ပြောတော့လည်း ဆရာတော်ကြီး ကျန်းကျန်းမာမာကြီး။ ဒါပေမယ့် မကြာပါဘူး ဦးရာ၊ အောက်တိုဘာ ၂၆ ရက်မှာ ဆရာတော်ကြီး ဆေးဝါးကုသဖို့ မန္တလေးကြွသွားတဲ့ သတင်းဆိုး မုံရွာကကြားရတော့တာပဲ။

www.burmeseclassic.com

ဒါနဲ့ အဲဒီသတင်းဆိုးကြောင့် ကျွန်တော်တို့နှစ်ဦးစလုံး အရမ်းစိတ်ပူသွားတယ်။ ဒါပေမယ့်လည်း တစ်စိတ်က ဘယ်လိုတွေးမိသလဲဆိုတော့ ငါတို့ဆရာတော်ကြီးက လူတကာရဲ့ အသက်ပေါင်းများစွာကို ကယ်ခဲ့တယ်။ ဘာမှမဖြစ်နိုင်ပါဘူးပေါ့။

'မင်းဆရာတော် ကြာတော့ဘူးကွယ့်၊ ထွက်မှာ' ဆိုတဲ့ အဘဦးမြင့်ဝင်းပြောတဲ့စကားကို သတိရပြန်တော့လည်း ထိတ်လန့်တုန်လှုပ်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း အဘဆီကို ကိုယ်တိုင်သွားဖို့ အဆင်မပြေဖြစ်နေတာနဲ့ အဘဆီကို ဖုန်းဆက်လိုက်တယ်။

"အဘ၊ ဆရာတော်ကြီးတော့ ဆေးဝါးကုသဖို့ မန္တလေးရောက်နေပြီလို့ သတင်းရတယ်။ အဲဒါ အဘ ဘာဖြစ်နိုင်တုံး"

ဒီတော့ အဘက သူ ပထမပြောတဲ့စကားအတိုင်းပဲ အခိုင်အမာ ထပ်ပြောလိုက်တယ်။

"မင်းဆရာတော်က ထွက်ကိုထွက်မှာ။ ဒါပေမယ့် အချို့ပုဂ္ဂိုလ်တွေလို လွတ်လွတ်ကျွတ်ကျွတ်ကြီး ထွက်သွားမှာမဟုတ်ဘူး။ လူ့သာသနာတော့ပြုပြီးပြီ။ အထက်စည်းမှာလူလိုနေတယ်။ တစ်ဆင့်မြင့်ဘုံမှာ သာသနာ့တာဝန်ကိုထမ်းဆောင်လိမ့်မယ်"

အဘဦးမြင့်ဝင်း ကြိုတင်ပြောခဲ့တဲ့အတိုင်းပါပဲ။ ဆရာတော်ကြီးဟာ ၂၆-၁၀-၂၀၀၆ မှာ မန္တလေးကို ဆေးဝါးကုသဖို့ကြွခဲ့ပြီး ၂၂-၁၁-၂၀၀၆ မှာ ခန္ဓာဝန်ချခဲ့ပါတယ်။

**ပထမဆုံးဓာတ်ပုံတစ်ပုံနှင့် နောက်ဆုံးဓာတ်ပုံများ**

ဆရာတော်ဘုရားကြီးကို ပထမဆုံး ဓာတ်ပုံရိုက်ခဲ့တာက ၁၉၉၈ ခုက ဖြစ်ပါတယ်။ နေ့ရက်တော့မမှတ်မိတော့ပါဘူး။ နောက်ဆုံးရိုက်ခဲ့တဲ့ ဓာတ်ပုံတွေရဲ့ နေ့ရက်တွေကတော့ ၁-၉-၂၀၀၆ နဲ့ ၁၃-၉-၂၀၀၆ ခု တို့ ဖြစ်ပါတယ်။ ဆရာတော်ကြီး ခန္ဓာဝန်မချမီ (၂)လကျော်လောက်က ရိုက်ခဲ့တာပါ။

ကျွန်တော်ဟာ ဓာတ်ပုံရိုက်ဝါသနာတဲ့အပြင် ဆရာတော်ကြီးအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသား ပူဇော်လိုကြောင်း ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က လျှောက်ထားခဲ့ဖူးပါတယ်။ အဲဒါကြောင့် ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကို အခွင့်သာရင်သာသလို ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါတယ်။ ဓာတ်ပုံတွေလည်း စုဆောင်းထားခဲ့ပါတယ်။ တစ်နေ့သောအခါမှာ ဆရာတော်ကြီးကို ကျွန်တော် လျှောက်ထားခဲ့တဲ့အတိုင်း ဆရာတော်ကြီးအကြောင်းကို ရေးသားပူဇော် ကျေးဇူးဆပ်ချင်ပေမယ့် ဆရာတော်ကြီး သက်ရှိထင်ရှားချိန်မှာ ပူဇော်ကန်တော့ဖို့ခွင့်မသာခဲ့ဘဲ ခန္ဓာဝန်ချပြီးမှ ပူဇော်ကန်တော့ခွင့် ရရှိခဲ့ပါတယ်။

**ပထမဆုံးဓာတ်ပုံ**


ပထမဆုံးဓာတ်ပုံက နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ မဟာဗောဓိတစ်ထောင်စေတီထီးတော်တင်ပွဲကြွဖို့ ဆရာတော်ကြီးအတွက် ပတ်(စ်)ပို့လျှောက်တဲ့အခါမှာ အသုံးပြုဖို့ ဓာတ်ပုံကို ကျွန်တော်ကိုယ်တိုင် ဗောဓိတစ်ထောင်သွားပြီး ရိုက်ကူးခဲ့တဲ့ဓာတ်ပုံ ဖြစ်ပါတယ်။

**နောက်ဆုံးဓာတ်ပုံများ**

ခန္ဓာဝန်မချမီ နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဓာတ်ပုံများကတော့ ကျွန်တော် ဗောဓိတစ်ထောင်ကို ရောက်ရှိနေတုန်း ဆရာတော်ကြီးဟာ ရပ်တော်မူဘုရားကြီးလုပ်ငန်းပြီးစီးမှုတွေကို လှည့်လည်ကြည့်ရှုဖို့အသွားမှာ ကျွန်တော့်ကိုခေါ်လို့ အဲဒီနောက်ဆုံးဓာတ်ပုံတွေ ကျွန်တော် မှတ်တမ်းတင် ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ ကျွန်တော့် ရည်ရွယ်ချက်နဲ့ ဆန္ဒကို ပြည့်မြောက်အောင် ကျွန်တော့်ကို နောက်ဆုံးအချိန်မှာ ချီးမြှင့်တော်မူခဲ့တယ်လို့ ကျွန်တော် ယုံကြည်နေမိပါတယ်။

**ကက်ဆက်လေးထဲက နှုတ်ဆက်တရားခွေ**

ဆရာတော်ကြီး ခန္ဓာဝန်မချမီ (၃) လလောက်အလိုမှာ ကျွန်တော် ဗောဓိတစ်ထောင်ကို ရောက်ခဲ့ပါတယ်။ အဲဒီအခေါက်မှာ ဆရာတော်ကြီးက ကျွန်တော့်ကို ထူးထူးခြားခြား မှတ်သားစရာတွေ အမိန့်ရှိခဲ့ပါတယ်။ ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ 'စမ' တွေ ရေးပြပြီး စမရေးနည်းတွေ သင်ပေးခဲ့ပါတယ်။ ညနေဘက် ဆရာတော်ကြီး ကျောင်းပေါ်တက်တော့ ဆရာတော်ကြီးနဲ့အတူ




**ယောဆရာတော်၏ နှုတ် + ဆက် = မင်္ဂလာ**



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပေါ် လိုက်သွားခဲ့ပါတယ်။ ကျွန်တော့်ရဲ့ကက်ဆက်လေးကိုယူပြီး နေ့လယ်က ဆရာတော်ကြီး အမိန့်ရှိခဲ့တာတွေကို အသံသွင်းပါရစေလို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ ဆရာတော်ကြီးက-

"မင်းကက်ဆက်ကောင်းသလား"


လို့ မေးပါတယ်။

"မကြာခင်ကမှ ဝယ်ထားခဲ့တာဘုရား"

လို့ ကျွန်တော်ကလျှောက်တော့-

"ပြစမ်းပါဦးကွာ"

ဆိုပြီး ကက်ဆက်ခွေတစ်ခုကို ထည့်ပြီးဖွင့်ပါတယ်။ ထူးထူးခြားခြား မှတ်မှတ်ရရ ကက်ဆက်ခွေက တောင်တွင်းက အောင်သင်းရဲ့ ဟောပြောပွဲ အသံခွေပါ။ ဆရာတော်ကြီးက ကက်ဆက်ကို အစကနေပြီး အဆုံးထိအောင် ဖွင့်ပြီး နားထောင်ခဲ့ပါတယ်။ ကက်ဆက်ခွေဆုံးသွားတဲ့အခါ ဆရာတော်ကြီး ဘာများအမိန့်ရှိမလဲလို့ ကျွန်တော်လည်း စောင့်မျှော်နေပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးက ဘာတစ်ခွန်းမှမပြောဘဲ -



ဆရာတော်၏မှတ်စုစာအုပ်

"ကိုင်း- နားကြဦး။ ပြန်ကြ၊ ပြန်ကြ"


လို့ အမိန့်ရှိတာနဲ့ ကျွန်တော်အပါအဝင် အခြားဒကာတွေလည်း ကျောင်းအောက်ပြန်ဆင်းခဲ့ပါတယ်။

နံနက်အရုဏ်တက်တော့ ဆရာတော်ကြီးကို ကျွန်တော်သွားဖူးပါတယ်။


"ဆရာတော်ဘုရား၊ ကက်ဆက်ကောင်းပါရဲ့လား"

လို့ ကျွန်တော်က စကားစပြီး မေးလျှောက်လိုက်တော့ ဆရာတော်ကြီးက-

"အေး"



ကိုမျိုးမြင့်သို့ ပေးသောစာ



ရွှေပြစ်ဟောစာတမ်း

www.burmeseclassic.com

လို့ တစ်ခွန်းတည်း မိန့်ပါတယ်။

ဒါနဲ့ ကျွန်တော်က ဆရာတော်ကြီးကို ထပ်မံ လျှောက်ထားပါတယ်။

"ဆရာတော်ဘုရား၊ မကြာခင်က ဝယ်ခဲ့ပေမယ့် သုံးထားတဲ့အတွက် အသစ်ရယ်လို့ မဆိုနိုင်ပါဘူး ဘုရား။ ဆရာတော်ဘုရားအတွက် အပ်စပ်မယ်ဆိုရင် တပည့်တော် လှူပါရစေ ဘုရား။ အလှူခံတော်မူပါ"

လို့ လျှောက်လိုက်တဲ့အခါ ဆရာတော်ကြီးက-

"အေး"

လို့ ပထမတုန်းကလို တစ်ခွန်းတည်း မိန့်ကြားပါတယ်။

ဒါနဲ့ ကျွန်တော်လည်း အဲဒီကက်ဆက်လေးကို လှူပြီးတဲ့နောက် ရေခြားမြေခြားခရီးကို ထွက်ခွာသွားခဲ့ပါတယ်။

ကျွန်တော် ရေခြားမြေခြားကို ရောက်ပြီး တစ်လကျော်လောက်မှာ ဆရာတော်ကြီး ပျံလွန်တော်မူပြီလို့ အိပ်မက်မက်ခဲ့ပါတယ်။ *(၎င်းအိပ်မက်အကြောင်းကို သုရဿမဂ္ဂဇင်း ၂၀၀၉ ခု၊ ဇွန်လ 'မဟာဇောတိတစ်ထောင်ဆရာတော်ကြီးနှင့် ညာတင်ကုတ်' ဆောင်းပါးတွင် အကျယ် ဖတ်ရှုနိုင်ပါသည်။)*

ရန်ကုန်လှမ်းပြီးဖုန်းဆက်လိုက်တဲ့အခါမှာ ဆရာတော်ကြီး မန္တလေးမှာ ဆေးဝါးကုသလျက်ရှိကြောင်း သိခဲ့ရပါတယ်။ ဒီအပြင် ဦးပဥ္စင်း ခင်မောင်မြင့် (ဦးကေသရ) နဲ့ ဆက်သွယ်မိတဲ့အခါ ဆရာတော်ကြီးဟာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရတဲ့ကြားထဲက ကက်ဆက်လေးတစ်ခုနဲ့ တရားခွေတွေဖွင့်ပြီးနာနေခဲ့တယ် ဆိုတာ သိရှိခဲ့ရပြန်ပါတယ်။

ဆရာတော်ကြီးရဲ့ အန္တိမစျာပနပြီးဆုံးတဲ့နောက် ဇောတိတစ်ထောင်ကို ကျွန်တော် ရောက်ခဲ့ပြန်ပါတယ်။ ဦးပဥ္စင်း ခင်မောင်မြင့်နဲ့တွေ့တော့ ကက်ဆက်လေးအကြောင်းကို မေးမိပါတယ်။ ကျွန်တော် လှူထားခဲ့ဖူးတဲ့ ကက်ဆက်လေးများဖြစ်နေမလားဆိုတဲ့ အတွေးနဲ့ပေါ့။ ဦးပဥ္စင်းခင်မောင်မြင့်က နာယကဆရာတော် (၃) ပါး (ဦးသောဘိတ၊ ဦးကဝိန္ဒ၊ ဦးဝိစိတ္တ) ရဲ့ရှေ့မှာပဲ ဆရာတော်ကြီးသုံးခဲ့တဲ့ ကက်ဆက်တွေကို ထုတ်ပြခဲ့ပါတယ်။ အဲဒီကက်ဆက်တွေ အများကြီးထဲက ကျွန်တော်လှူထားခဲ့တဲ့ ကက်ဆက်လေးကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း နာယကဆရာတော် (၃) ပါးကို အခုလို လျှောက်ခဲ့ပါတယ်။

"ဟောဒီကက်ဆက်ကလေးဟာ ဆရာတော်ကြီး ခန္ဓာဝန်မချမီ နောက်ဆုံးအချိန်မှာ အဲဒီကက်ဆက်နဲ့ တရားတွေနာခဲ့တယ် ဆိုတာ တပည့်တော်သိရလို့ တပည့်တော် ဝမ်းသာ၊ဝမ်းနည်းဖြစ်မိပါတယ် ဘုရား။

ဆရာတော်ကြီးရဲ့လက်နဲ့ကိုင်ပြီး သုံးခဲ့တဲ့ပစ္စည်းလေးဖြစ်လို့ ဖြစ်နိုင်ရင် တပည့်တော် အမှတ်တရ မြတ်မြတ်နိုးနိုး သိမ်းထားချင်ပါတယ်ဘုရား။ အဲဒီကက်ဆက်လေး တပည့်တော်ကို ပြန်စွန့်ပါ ဘုရား"

လို့ တောင်းပန် လျှောက်ထားခဲ့ပါတယ်။ ဆရာတော်များက ကျွန်တော် အခုလို အကြောင်းအကျိုးနဲ့ လျှောက်ထားခဲ့တဲ့အတွက် ကက်ဆက်လေး ပြန်စွန့်ခဲ့ပါတယ်။

အိမ်ပြန်ရောက်လို့ ကက်ဆက်လေးကိုဖွင့်လိုက်တဲ့အခါ ကက်ဆက်ထဲမှာ ကက်ဆက်ခွေလေးတစ်ခုရှိနေတာကို အမှတ်မထင် တွေ့လိုက်ရပါတယ်။ တိပိဋကဓရဆရာတော်ဦးသီရိန္ဒာဘိဝံသရဲ့တရားခွေဖြစ်ပြီး တရားရဲ့ခေါင်းစဉ်က 'နှုတ်ဆက်မင်္ဂလာ' တဲ့။

အဲဒီနှုတ်ဆက်မင်္ဂလာတရားခွေကို လက်ထဲမှာကိုင်ရင်း ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာပြီး ကျွန်တော် အခုလို ရေရွတ်ခဲ့မိပါတယ်။

"ဩော်- ဆရာတော်ကြီးက ငါ့ကို နှုတ်ဆက်ခဲ့ပါလား"

ကျွန်တော့်ဘာသာ ကျွန်တော် တွေးပြီး ဆွေးမိခဲ့ပါတယ်။ အဲဒီနောက် တိပိဋကဓရ ဓယာဆရာတော် ဦးသီရိန္ဒာဘိဝံသရဲ့ တရားခွေကိုနာပြီး တရားစာအုပ်ကို ဖတ်လိုက်မိတဲ့အခါမှာတော့-

'ဘချစ်ရေ ငါလက်မှတ်ဖြတ်ပြီးပြီ' လို့ မိန့်ခဲ့တဲ့ ဆရာတော်စကားရဲ့ ပဟေဠိအဖြေကိုသိခဲ့ရပါတော့တယ်။

ဒီအပြင် ဆေးရုံပေါ်မှာ ဝေဒနာပြင်းထန်စွာ ခံစားနေရတဲ့ကြားက ဒကာ၊ ဒကာမ သာဝကတွေအတွက် ဆရာတော်ကြီးရေးဖွဲ့ခဲ့တဲ့ အောက်ပါ သံဝေဂလင်္ကာလေးနဲ့ ဓယာဆရာတော် ဦးသီရိန္ဒာဘိဝံသရဲ့ နှုတ်ဆက်မင်္ဂလာတရားတော်တို့ရဲ့ ကြောင်းကျိုးဆက်သွယ်မှုကို ကျွန်တော် သိမြင်လာခဲ့ရပါတယ်။

စားလိုက်၊ သွားလိုက်၊
သောက်လိုက်၊ ပေါက်လိုက်၊
ဝတ်လိုက်၊ ချွတ်လိုက်၊
ထိုးလိုက်၊ နှုတ်လိုက်နှင့်
အကျိုးယုတ် မိုးချုပ်လေတော့
သတည်း။

*ဇောတိတစ်ထောင်ဆရာတော်*
*(၁၂-၁၁-၂၀၀၆၊ ဝ၅း၄၅ နာရီ)*

**နှုတ်ဆက်မင်္ဂလာတရားတော်**

"လူတွေ နေ့စဉ်လုပ်နေတဲ့ အလုပ်တွေကို တူရာပေါင်းလိုက်ရင် နှုတ်ဆက် (၂) ခုတည်းပဲ။ လောကနှုတ်ဆက်၊ ဓမ္မနှုတ်ဆက်လို့သာ (၂) မျိုးကွဲတာပေါ့။

မနက် ဝအောင် စားလိုက်တယ်။ ညနေ စားပြန်ရော။ ဒါ နှုတ်တာ။ ဆာတော့ ညစာပြန်စားရပြန်တယ်။ ဒါက ဆက်တာ။ နှုတ်လိုက်၊ ဆက်လိုက်၊ ဆက်လိုက်၊ နှုတ်လိုက်နဲ့ ပြီးမယ့်နေ့လည်းမရှိဘူး။

ပြီးတော့ ဝတ်ရေး၊ နေရေးလည်း ဒီအတိုင်းပဲ။ ဟောင်းလိုက်၊ လဲလိုက်၊ လဲလိုက်၊ ဟောင်းလိုက်၊ စုတ်လိုက်၊ ချုပ်လိုက်၊ ပေါက်လိုက်၊ ဖာလိုက်၊ ပြင်လိုက်၊ ဖျက်လိုက်၊ ဖျက်လိုက်၊ ပြင်လိုက် နှုတ်ဆက်အလုပ်ချည်းပဲ။ ပြီးနိုင်တယ်လို့မရှိဘူး။

*တိပိဋကဓရ ဓယာဆရာတော်*
*ဦးသီရိန္ဒာဘိဝံသ၏*
*နှုတ်ဆက်မင်္ဂလာတရား*
*စာမျက်နှာ (၇-၉)*

"ဘချစ်ရေ ငါလက်မှတ်ဖြတ်ပြီးပြီ"

လို့ ငယ်တပည့် ဦးဘချစ်ကို မိန့်ခဲ့တဲ့ ဆရာတော်ကြီးရဲ့စကား ပဟေဠိအဖြေကိုလည်း တိပိဋက ဓယာဆရာတော် ဦးသီရိန္ဒာဘိဝံသရဲ့ နှုတ်ဆက်မင်္ဂလာတရား စာမျက်နှာ(၅၀၊ ၅၁၊ ၈၀)တွေမှာ အခုလို တွေ့ခဲ့ရပါတယ်။

'အစမထင် သံသရာကစ မောင်းနှင်လာခဲ့သော ဘဝခန္ဓာရထားတွဲကြီးဟာ ယခုလူ့ဘဝဘူတာမှာ ဆိုက်ရောက်ရပါတယ်။ ရထားရပ်ချိန် ခဏလေးပါ။ မကြာခင်ပဲ ရထားပြန်ထွက်တော့တယ်။ အိုတာနဲ့ နာတာ ဆိုတဲ့ သတိပေးဥသြ (၂) ချက်ဆွဲနေပြီ။

လောကဘူတာတွေမှာ ရထားရပ်ကြတာဟာ အမြဲနေဖို့ ရပ်တာမဟုတ်ဘူး။ အတင်အချလုပ်ရုံလေးရပ်တာ။

ဒီဘူတာကအစ လက်မှတ်တစ်စောင်တည်းပဲဖြတ်ရမှာဖြစ်တယ်။ နိဗ္ဗာန်လက်မှတ်တစ်စောင်တည်းဖြတ်ရင် လုံလောက်ပါပြီ။ နိဗ္ဗာန်မရောက်ခင် ကြားဘူတာတွေမှာ အတင်အချလုပ်ရုံ ခဏပဲရပ်မှာပေါ့။ ကြားဘူတာတွေအတွက် လက်မှတ်သီးခြားဖြတ်စရာမပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

**(၇၅) နှစ်အတွင်း အားရင်လာခဲ့၊ အဆင်ပြေရင် လာခဲ့**

ဦးစိန်ဝင်း၊ ဒေါ်ကြည်သန်း (ကွယ်လွန်) မိသားစုဟာ ဆရာတော်ကြီးရဲ့ အင်မတန်ရင်းချာတဲ့ မုံရွာမြို့က ဒကာမတွေ ဖြစ်ကြပါတယ်။ ဗောဓိတစ်ထောင် ဆရာတော်ရယ်လို့ မထင်ရှား မကျော်ကြားခင်ကတည်းက ဆရာတော်ကြီးကို ကိုးကွယ်ဆည်းကပ်ခဲ့ကြပြီး ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက်နဲ့ စိတ်အားထက်သန်စွာ ကူညီပါရမီဖြည့်ခဲ့တဲ့မိသားစု ဖြစ်ပါတယ်။ အဲဒီမိသားစုရဲ့ ထူးထူးခြားခြား ဒါနကုသိုလ်တစ်ခုကတော့ မနက်ဝေလီဝေလင်းထပြီး မုံရွာမြို့က ဆရာတော်ကျောင်းအရောက် အရုဏ်ဆွမ်းကပ်ခဲ့တာဟာ ဆရာတော်ကြီး ခန္ဓာဝန်ချတဲ့အထိ နှစ်ပေါင်း (၂၀) ကျော်ခဲ့ပါတယ်။ ဆရာတော်ကြီးဟာ ခန္ဓာဝန်မချမီ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၃) နှစ်က တစ်ကြိမ်၊ (၁၉) နှစ်ကတစ်ကြိမ် ထူးခြားတဲ့စာ (၂) စောင်ကို သူ့လက်ရေးနှင့် နေ့စွဲတပ်ပြီး ဦးစိန်ဝင်း၊ ဒေါ်ကြည်သန်းမိသားစုကို ပေးခဲ့ဖူးပါတယ်။ အဲဒီ စာ (၂) စောင် အနက်မှာ တစ်စောင်က ဦးစိန်ဝင်း၊ ဒေါ်ကြည်သန်းကို ပေးခဲ့တဲ့စာဖြစ်ပြီး ကျန်တစ်စောင်က သား ကိုမျိုးမြင့်ကို ပေးခဲ့တဲ့စာ ဖြစ်ပါတယ်။ စာတစ်စောင်နဲ့တစ်စောင် (၃) နှစ်လောက် ကွာပါတယ်။

အဲဒီစာ(၂)စောင်ထဲမှာ ထူးထူးခြားခြား ဖော်ပြထားတာကတော့ -

"၇၅ နှစ်အတွင်း အဆင်ပြေ လာခဲ့ပေါ့"

"၇၅ နှစ်အတွင်း အားရင်လာခဲ့ပေါ့"

ဆိုတဲ့ ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့စကားပါပဲ။ သစ်သားကျောင်းမှာ သီတင်းသုံးစဉ်၊ ပတ္တမြားဗိမာန်နဲ့ ဗုဒ္ဓရွှေကျောင်းတို့မှာ သီတင်းသုံးစဉ်ကာလတွေမှာလည်း '(၇၅) နှစ်' ဆိုတဲ့စကားကို မကြာခဏ မိန့်ခဲ့ဖူးကြောင်း ကိုမျိုးမြင့်က ပြောကြားခဲ့ပါတယ်။

**ဦးစိန်ဝင်း၊ ဒေါ်ကြည်သန်းသို့ ပေးခဲ့သောစာ**

*၁၃၄၅ ခု၊ တော်သလင်းလဆန်း ၉ ရက်။*

*'မောင်စိန်ဝင်း၊ မကြည်သန်း မိသားစု ဆီဈေး၊ ဆန်ဈေးတန်သည်။ ကျောင်းသို့ ဆွမ်းပို့ နေ့စဉ် မလာခဲ့နဲ့။ လာတောင် (၇၅) နှစ်အတွင်း အဆင်ပြေလာခဲ့ပေါ့။ သုခိတာဟောထ၊ ဒုက္ခာမုစ္စထာ၊ ချမ်းသာကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ။'*

**သား ကိုမျိုးမြင့်သို့ ပေးခဲ့သောစာ**

*၁၃၄၉ ခု၊ နယုန်လဆန်း ၁၃ရက်။*

*'မောင်မျိုး၊ ကျောင်းသို့ မလာခဲ့နဲ့။ ဆီဈေးတန်သည်၊ မေတ္တာဈေးလည်း တန်သည်။ လာတောင် (၇၅)နှစ်အတွင်း အားရင် လာခဲ့ပေါ့။ မအားရင်လည်း လာရန်မလို။ သုခိတာဟောထ၊ ဒုက္ခာမုစ္စထာ။ ချမ်းသာကြပါစေ။ မေ့မေ့လျော့လျော့။'*

**မှတ်စုစာအုပ်ထဲက ရှေးဖြစ်ဟောစာတမ်းလေးတစ်ခု**

*၆၇-၇၆-၈၅-၉၄ နှစ်တို့တွင် ထူးထူးခြားခြား အံ့ဩဖွယ်ကောင်းလောက်အောင် ပြောင်းလဲနေသည်ကို တွေ့ရပါလိမ့်မည်။ ကောင်းကျိုးများဖြစ်စေ၊ ဆိုးကျိုးများဖြစ်စေ ထိုနှစ်ပိုင်းများ၌ ဖြစ်လာပါလိမ့်မည်။ စိန်၊ နီလာ၊ ကြောင်၊ ဥဿဖရားကောင်းပါသည်။*

*အဖြူ၊ အစိမ်း၊ အဝါ ဆောင်ဘာလေ။ အဝါရောင်ပန်းမျိုးစုံ မွေ့ရာခင်း လှူပါလေ။*

အထက်ပါ ရှေးဖြစ်ဟောစာတမ်းလေးကို ဆရာတော်ကြီးရဲ့မှတ်စုစာအုပ်လေးတစ်ခုထဲမှာ အမှတ်မထင် တွေ့ရှိခဲ့ပါတယ်။ အဲဒီဟောစာတမ်းအတိုလေးဟာ ဆရာတော်ကြီးရဲ့ သက်တော် ၆၇၊ ၇၆၊ ၈၅၊ ၉၄ တို့နှင့် ပတ်သက်ပြီး ယေဘုယျဟောကြားချက်များလို့ ဆိုနိုင်ပါတယ်။

ဟောပြောတဲ့ပုဂ္ဂိုလ်ရဲ့အမည်ကို မတွေ့ရတဲ့အတွက် ဟောပြောတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူဘယ်ဝါ ဆိုတာ မသိရပါဘူး။ ဒါပေမယ့် ဟောပြောတဲ့ ပုဂ္ဂိုလ်ဟာ သင်္ချာဗေဒ (NUMEROLOGY) နဲ့ နက္ခတ္တဗေဒပညာ (ASTROLOGY) နှစ်ရပ်ကို အခြေခံဟောခဲ့ပုံရတယ်လို့ ယူဆပါတယ်။

ဟောစာတမ်းမှာ ဖော်ပြထားတဲ့ သက်တော် (၅) ခုထဲက ရှေ့ဂဏန်းနဲ့ နောက်ဂဏန်း (၂) လုံးကို ပေါင်းလိုက်ရင် ပေါင်းရကိန်းအားလုံးဟာ (၁၃) ဂဏန်းဖြစ်နေကြောင်း ထူးထူးခြားခြား တွေ့ရပါတယ်။

၆၇ (၆ + ၇) = ၁၃
၇၆ (၇ + ၆) = ၁၃
၈၅ (၈ + ၅) = ၁၃
၉၄ (၉ + ၄) = ၁၃

(၁၃) ဂဏန်းကို လူအတော်များများ မနှစ်မသက်ကြတဲ့အပြင် ကြောက်လည်း ကြောက်ပါတယ်။ (၁၃) ဂဏန်းဟာ နက္ခတ္တပညာရပ်အရ ပလူတိုဂြိုဟ်နဲ့ ဆက်နွှယ်မှုရှိပါတယ်။ တစ်နည်းအားဖြင့် (၁၃) ဂဏန်းဟာ ပလူတိုဂြိုဟ်ကို ကိုယ်စားပြုတဲ့ကိန်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ဒါကြောင့် ပလူတိုဂြိုဟ်ရဲ့ ဩဇာ၊စွမ်းအား၊ပါဝါရဲ့သဘောသဘာဝတွေဟာ (၁၃)ဂဏန်းကို စိုးမိုးနေတယ်လို့လည်း ပြောနိုင်ပါတယ်။ ပလူတိုဂြိုဟ်ဟာ နားလည်ရန်ခက်တဲ့၊ ပဟေဠိဆန်တဲ့ဂြိုဟ်တစ်ခု ဖြစ်ပါတယ်။ လျှို့ဝှက်ဆန်းကြယ်မှုတွေ၊ ထိတ်လန့်အံ့ဩဖွယ်တွေဟာ ပလူတိုဂြိုဟ်ရဲ့ သဘောလက္ခဏာများလို့ ဆိုပါတယ်။

သေဆုံးခြင်း၊ ပြန်လည် မွေးဖွားခြင်း၊ ပြီးဆုံးခြင်း၊ အပြီးသတ်ခြင်း၊ အစပြုခြင်း၊ အသစ်တစ်ဖန်ဖြစ်ပေါ်ခြင်း ဆိုတဲ့ ဖြစ်ပျက်ပြောင်းလဲမှုတွေဟာ ပလူတိုဂြိုဟ်ကို အကြောင်းခံပြီး ဖြစ်လာတဲ့ အကျိုးဆက်တွေလို့လည်းဆိုကြပါတယ်။ ဒါကြောင့် ပလူတိုဂြိုဟ်ကို ခေါင်း၊ ပန်းတစ်ဖက်စီပါတဲ့ ဒင်္ဂါးပြားနဲ့ ပမာနှိုင်းပြီး ကောင်း,ဆိုးနှစ်တန်ကို ဖန်တီးတတ်တဲ့ ဂြိုဟ်လို့သတ်မှတ်ကြပါတယ်။ဒါကြောင့် ဆရာတော်ကြီးကိုဟောခဲ့တဲ့ ပုဂ္ဂိုလ်ဟာ (၁၃) ဂဏန်းနဲ့ ပလူတိုဂြိုဟ်ကို အခြေခံပြီး ဂမ္ဘီရသဘောအရ ထူးထူးခြားခြား အံ့ဩဖွယ်ကောင်းအောင် ပြောင်းလဲနေသည်ကို တွေ့ရပါလိမ့်မည်။ ကောင်းကျိုးများဖြစ်စေ၊ ဆိုးကျိုးများဖြစ်စေ ထိုနှစ်ပိုင်းများ၌ ဖြစ်လာပါလိမ့်မည်လို့ ကြိုတင် ဟောကိန်းထုတ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ပါရမီရှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဟာ အနာဂတ်ကာလရဲ့ နောက်ဆုံးအချိန်ကို ကြိုတင်သိမြင်နိုင်စွမ်း ရှိကြပါတယ်။

အဲဒီလို ကြိုတင်သိမြင်နိုင်စွမ်းရှိတဲ့အတွက်လည်း နောက်ဆုံးအချိန် မတိုင်မီကာလအပိုင်းအခြားအတွင်းမှာ မိမိတို့ ပြုသင့်ပြုထိုက် ပြုဖွယ်ကိစ္စအဝဝကို အချိန်မီ ပြီးစီးအောင်မြင်အောင် မိမိတို့ရဲ့ သီလ၊ သမာဓိ၊ စရဏ၊ မေတ္တာ၊ စွမ်းအားတွေနဲ့ ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါတယ်။

*မဟာဗောဓိတစ်ထောင်*
*ဆရာတော်ဘုရားကြီးအား*
*ခြေတော်ဦးခိုက်လျက်*

သုဓောယျ



www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်ရိုးရာအဆိပ်ချ မဟူရာကျောက်


ဝတ်ထွန်း(ကျောက်ဖြူ)



မဟူရာ-တွင်းထွက်ကျောက်

စာရေးသူ အသက် (၈) နှစ်အရွယ် ဘုန်းတော်ကြီးကျောင်းသားဘဝမှာ၌ အဆိပ်ချ မဟူရာကျောက်ကို စတင်တွေ့မြင်ဖူးပါသည်။ မိမိမွေးရာဇာတိ ကျောက်ဖြူမြို့နယ် ဇင်ချောင်းတောင်ရင်းရွာ ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားနေချိန် ဖြစ်သည်။

ထိုစဉ် ကျောင်းထိုင်ဆရာတော် ဦးဓမ္မသာရတွင် အဆိပ်ချ မဟူရာကျောက်တစ်လုံး ရှိပါသည်။ ကျောင်းသား, သာမဏေများကို ဖြစ်စေ၊ ရပ်ထဲရွာထဲမှတစ်ဦးဦးကို ဖြစ်စေ၊ ခွေး,ကင်း,မြွေ စသည် ကိုက်ခံရလျှင် အဆိပ်ချမဟူရာကျောက်ငယ်ဖြင့် အစွယ်ဒဏ်ရာ



မဟူရာ-ချက်ကျောက်

တွင်ကပ်ပေးထားခြင်းဖြင့် အချိန်နာရီအတော်ကြာ အဆိပ်များအား သံကို သံလိုက်နှင့်ကပ်ထားသလို ဆွဲစုပ်ထားသည်ကို ကိုယ်တိုင် တွေ့မြင်ဖူးပါသည်။ အဆိပ်များကုန်ဆုံးသွားချိန်တွင် အဆိုပါ အဆိပ်ချ မဟူရာကျောက်ငယ်သည်လည်း သူ့အလိုလို ပြုတ်ကျပါတော့သည်။ လူနာတွင်လည်း ကိုက်ခဲနာကျင်မှု သက်သာသွားသည်ကို တွေ့ရှိရပါသည်။ ဤသို့ မဟူရာကျောက်ဖြင့် အဆိပ်ချပေးသော နည်းစနစ်မှာ ရှေးက ရခိုင်တိုင်းရင်းဆေးသမားတော်ကြီးများ တီထွင်အသုံးပြုခဲ့သော အဆိပ်ဖြေ၊ အဆိပ်ချနည်းတစ်မျိုး ဖြစ်ကြောင်း ဆရာတော်ပြောပြ၍ ကြားဖူးနားဝမှတ်သားခဲ့ရပါသည်။ ဤ၌ မဟူရာကျောက်နှင့် အဆိပ်အမျိုးမျိုးရှိပုံ၊ အဆိပ်ချပုံကိုဆက်လက် တင်ပြပါမည်။

## မဟူရာကျောက် (၃) မျိုး

မဟူရာကျောက်ကို လေ့လာကြည့်လျှင် သုံးမျိုးရှိကြောင်း သိရှိရပါသည်။ မြေသယံဇာတ မဟူရာကျောက် (မြေထဲမှာ သဘာဝအလျောက်ဖြစ်လာသော တွင်းထွက် မဟူရာကျောက်)၊ ရှေးက ဆရာတော်ကြီးများ၊ တိုင်းရင်းဆေးဆရာကြီးများ ကြံစည်၍ တီထွင်ချက်လုပ်ခဲ့သော မဟူရာ ချက်ကျောက်နှင့်ပျားအုံ (ပျားတူအုံ) ထဲမှာ သူ့အလိုလို သဘာဝအလျောက် ဖြစ်လာသော မဟူရာကျောက် ဟူ၍ သုံးမျိုးရှိကြောင်း သိရှိရပါသည်။ အချို့ ပျားတူအုံထဲမှ မဟူရာကျောက်တစ်မျိုးကို ရှားရှားပါးပါး တွေ့ရှိရတတ်သည်ဟု ဆိုပါသည်။ ပျားတူအုံတိုင်းမှာလည်း အဆိုပါ မဟူရာကျောက်မျိုး မဖြစ်၊ မတွေ့ရဟု ဆိုကြပါသည်။ အဆိုပါ ကျောက်များသည် မဟူရာကျောက် ဆိုသည့်အတိုင်း အနက်ရောင်ကျောက်များ ဖြစ်ပါသည်။

ဖော်ပြပါ မဟူရာကျောက် သုံးမျိုးစလုံးဖြင့် အဆိပ်ဟူသမျှကို ချပေးနိုင်ပါသည်။ မဟူရာကျောက် မရှိသော အရပ်၊ ကျေးရွာအချို့တွင် မဟူရာကျောက်အစား မန်ကျည်းစေ့ဖြင့် အဆိပ်ချပေးသော အလေ့အထတစ်ခုလည်း ရှိပါသည်။ သို့သော် မန်ကျည်းစေ့အဆန်ဖြင့်အဆိပ်ချခြင်းသည် မဟူရာကျောက်ဖြင့် အဆိပ်ချခြင်းလောက် အစွမ်းသတ္တိထက်မြက်မှု မရှိဟု ဆိုကြပါသည်။

## ဆေးကျမ်းအဆို အဆိပ်များ

အဆိပ်များအား လေ့လာကြည့်လျှင် ထာဝရအဆိပ်နှင့် ဇင်္ဂမအဆိပ်ဟူ၍ နှစ်မျိုးရှိကြောင်း တွေ့ရပါသည်။ ရှေးဟောင်းဆေးကျမ်းတစ်စောင် ဖြစ်သော 'သာရကောမုဒီ' ဆေးကျမ်း (မူရင်း) တွင် ဤကဲ့သို့ ဖွင့်ဆိုရှင်းပြထားသည်ကို တွေ့ရပါသည်။

'အဆိပ်မျိုးကား ထာဝရအဆိပ်၊ ဇင်္ဂမအဆိပ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အသက်မရှိသော သစ်ပင်မျိုး၊ ဓာတ်မျိုး၌ဖြစ်သော အဆိပ်သည် ထာဝရအဆိပ် မည်၏။ အသက်ရှိသော မြွေအစရှိသည်၌ ဖြစ်သော အဆိပ်သည် ဇင်္ဂမအဆိပ် မည်၏။ ထာဝရအဆိပ်ကား အောက်သို့သက်တတ်၏။ ဇင်္ဂမအဆိပ်ကား အထက်သို့ တက်၏။ ဤသို့ အသွားထူးသတည်း။ ထာဝရအဆိပ်သည်လည်း အမြစ်၊ အရွက်၊ အသီး၊ အပွင့်၊ အခေါက်၊ အရည်၊ အနှစ်၊ အစေ့၊ အဉ ဓာတ်မျိုးအားဖြင့် ဆယ်ပါး အပြားရှိ၏။ ဇင်္ဂမအဆိပ်လည်း မြွေ၊ မာန်ကွက်၊ ပင့်ကူ၊ ငါးကြ (ငါးကျည်း)၊ ဖားပြုပ်၊ ခွေးရူး၊ ပျား၊ နကျယ် အစရှိသည်များသောအပြားရှိ၏'

ဟူ၍ ဖော်ပြထားပါသည်။

အဆိပ် အဆိပ်ချင်း ဆေးဖြစ်ပုံကိုလည်း-

'ထာဝရအဆိပ်မျိုး အောက်သို့သက်၏။ ဇင်္ဂမအဆိပ်မျိုးသည်ကား အထက်သို့ တက်၏။ ထို့ကြောင့် ထာဝရအဆိပ်မျိုးသည် ဇင်္ဂမအဆိပ်မျိုးကို ပျောက်စေတတ်၏။ ဇင်္ဂမအဆိပ်မျိုးသည် ထာဝရအဆိပ်မျိုးကို ပျောက်စေတတ်၏။ တစ်ပါးအသွားကို တစ်ပါး ပယ်၍ ရင်ဆိုင်သွားသောကြောင့် အချင်းချင်းပင် ဆေးဝင်ဖြစ်သည်ဟု အမိပ္ပာယ်ကို ကြံကြလေ'

ဟူ၍ ဖော်ပြထားကြောင်း တွေ့ရသည်။

## မဟူရာကျောက် အစွမ်းသတ္တိထက်မြက်ပုံ

ဤ၌ မဟူရာကျောက် အစွမ်းထက်မြက်ပုံ၊ အဆိပ်နိုင်ပုံကို ဆေးအဘိ



www.burmeseclassic.com

www.burmeseclassic.com

ခန်ကျမ်းတွင်-

'မဟူရာသု စ- မဟူရာကျောက်၏၊ ဂုဏ်ပန- ဂုဏ်ကျေးဇူးကား၊ ဘေသဇ္ဇဝိသနာ- ဘေးအဆိပ်ကို လည်းကောင်း၊ သဗ္ဗဘောဇန ဘူဇကာ- ခပ်သိမ်းသော အစာမှားမျိုးတို့၌ အဆိပ်ကိုလည်းကောင်း၊ သဗ္ဗတိရစ္ဆာနဘူဇာ- ခပ်သိမ်းသော တိရစ္ဆာန်သတ္တဝါတို့၏ အဆိပ်မျိုးတို့ကို လည်းကောင်း၊ သမတိ- ငြိမ်းစေတတ်၏'

ဟူ၍ တွေ့ရှိရပါသည်။

ကျွန်တော်သည် မဟူရာကျောက်ဖြင့် အဆိပ်ချပေးနိုင်ပုံကို ကိုယ်တိုင်သိရှိထားသူဖြစ်ရာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရခိုင်ရိုးရာ မဟူရာကျောက်ဖြင့် အဆိပ်ချနည်းကို ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မျှဝေခံစား ဗဟုသုတပွားရအောင် ရေးသားဖော်ထုတ်ရန် ရည်ရွယ်ထားသည့်အတိုင်း ဤဆောင်းပါးကို တင်ပြရခြင်းဖြစ်ပါသည်။

စာရေးသူတွင် ပျားတူအုံမှရရှိသော မဟူရာကျောက်မျိုးမရှိပါ။ ရှေးလူကြီးမိဘများ ပြောသံဆိုသံ အစဉ်အလာစကားကြားဖူးရုံမျှသာ ဖြစ်ပါသည်။ သို့သော် ရှေးက ရခိုင်တိုင်းရင်းဆေးသမားတော်များဖော်စပ်ခဲ့သော မဟူရာချက်ကျောက်သုံးလုံးဆောင်ထားရာ အဆိပ်ဒဏ်သင့် လူနာများ၏အဆိပ်ဒဏ်၌ ကပ်ပေးထားရာ လူနာအိမ်သို့ ကျောက်များကပ်ပါသွားသည်လည်း ရှိတတ်ပါသည်။ ထိုအခါမျိုးတွင် အချို့လူနာများသည် အနာဒဏ်ရာ၌ ကပ်ပေးလိုက်သောကျောက်ကို ဂရုမစိုက်၊ သတိမထားမိဘဲ ဟိုဟိုဒီဒီ သွားလာခိုက် အဆိပ်ချကျောက်မှာ ဒဏ်ရာမှကွာကျသွားတတ်ပါသည်။ ထိုအခါမျိုးတွင် အဆိပ်ချကျောက် မည်သည့်နေရာမှာ ကျမှန်းမသိ ရှာမရဘဲ ပျောက်ရှသွားတတ်ကြပါသည်။ ဤသို့ဖြင့် အဆိပ်ချချက်ကျောက်နှစ်လုံး ပျောက်သွားပြီဖြစ်၍ ယခု တစ်လုံးတည်းသာရှိပါတော့သည်။ နောင်တွင် လူနာထံသို့ ကျောက်ကို ထည့်မပေးတော့ပါ။ ယခု စာရေးသူတွင် သဘာဝတွင်းထွက် မဟူရာကျောက်လေးလုံး၊ ချက်ကျောက်တစ်လုံး၊ စုစုပေါင်း ငါးလုံး အသင့်ဆောင်ထားလျက်ရှိပါသည်။

**မဟူရာကျောက်ဖြင့် လက်တွေ့အဆိပ်ချပေးပုံ**

ကျွန်တော်နေထိုင်ရာ ရပ်ကွက်အနီးပတ်ဝန်းကျင်များမှ ငါးကျည်း, ငါးခူစူး၊ ခွေးကိုက်, ကင်းကိုက် စသော လူနာများ ရောက်ရှိလာတတ်ကြပါသည်။ ထိုအခါမျိုး၌ လူနာ၏ခန္ဓာကိုယ်အစိတ်အပိုင်း တစ်နေရာရာတွင် အဆိပ်ဒဏ်ရာဒဏ်ချက် တစ်နေရာ၊ နှစ်နေရာ စသည် ပါရှိတတ်သည်။ ဒဏ်ရာတစ်ချက်ဆိုလျှင် အဆိပ်ချမဟူရာကျောက်တစ်လုံး၊ ဒဏ်ရာနှစ်ချက်ဆိုလျှင် မဟူရာကျောက် နှစ်လုံး စသည်ဖြင့် အဆိပ်သင့်ဒဏ်ရာအခြေအနေပေါ် မူတည်၍ အဆိပ်ချကျောက်ကို အနာဒဏ်ရာတည့်တည့်မှာ ကျောက်၏ဝမ်းဗိုက်ဘက်ဖြင့်ကပ်ပေးထားပါသည်။ လက်မဝက်ခန့်အရှည် မျှော့ဝမ်းပုံစံရှိ (အထက်ခုံး၊ အောက်ဘက်ပြား)မဟူရာကျောက်ငယ်သည် သံကို သံလိုက်နှင့် ဆွဲကပ်ထားသလို အဆိပ်များကို ဆွဲစုပ်ထားသည်။ အဆိပ်များ ခန္ဓာကိုယ်အနှံ့သို့ ပြန့်မသွားနိုင်အောင် ဆွဲစုပ်ထားခြင်း ဖြစ်ပါသည်။ မြင်ရသူများမှာ မယုံကြည်နိုင်လောက်အောင် တအံ့တသြရှိကြပါသည်။ အဆိပ်အနည်း၊ အများကိုလိုက်၍ နှစ်နာရီ၊ သုံးနာရီ စသည် အချိန်ကြာတတ်သည်။ အဆိပ်ချကျောက် ကပ်ထားစဉ် လူနာ၏ခံစားချက်မှာ အဆိပ်လျော့ကျလာသည်နှင့်အမျှ နာကျင်ကိုက်ခဲမှုမှာလည်း ဖြည်းဖြည်းချင်း သက်သာပျောက်ကင်းလာပါသည်။ အဆိပ်အားလုံး ကုန်စင်သွားမှသာ အဆိပ်ချ မဟူရာကျောက်သည်လည်း သူ့အလိုလို အနာဒဏ်ရာမှ ပြုတ်ကျပါတော့သည်။ အချို့လူနာများတွင် အဆိပ်ကုန်စင်သွားသော်လည်း အဆိပ်ဒဏ်ရာမှာ ရောင်ရမ်းကျန်ရစ်ခဲ့သည်လည်း ရှိတတ်ပါသည်။ ဤမဟူရာကျောက်၏အစွမ်းသတ္တိ ထက်မြက်ပုံကို လေ့လာကြည့်လျှင် မြွေ၊ ခွေး၊ ကင်း စသောအဆိပ်များကိုသာမက ဆေးမှား၊ အစာမှား အဆိပ်များကိုပါ ပယ်နိုင်ကြောင်း သိရှိရပါသည်။ သို့သော် ကျွန်တော့်အတွေ့အကြုံမရှိ၍ ဆေးမှား၊ အစားမှား လူနာမျိုးကို မဟူရာအဆိပ်ဖြေကျောက်ဖြင့် မည်သို့မည်ပုံ ကုသပေးနိုင်သည်ကို လမ်းစမမြင်အဖြစ်မျိုးနှင့် ကြုံနေရသည်။ ဆေးမှား၊ အစားမှားလျှင် မဟူရာကျောက်ကို ရေဖြင့်သွေး၍ တိုက်ရမည်လော သို့မဟုတ် ဆန်ဆေးရည် စသည် တစ်ခုခုဖြင့် တိုက်ရမည်လော စသည့် စိတ်ကူးရုံမျှသာ ရှိသည်။ ဆိုလိုသည်မှာ ဆေးမှား၊ အစားမှားသူများကို မဟူရာအဆိပ်ချကျောက်ဖြင့် တစ်နည်းတစ်ဖုံ ကုသပေးနိုင်မည် ဆိုပါက တိုင်းရင်းဆေးဖြင့် ပြည်သူ့ကျန်းမာရေးကို တစ်ဖက်တစ်လမ်းကအထောက်ကူပြုပေးနိုင်မည် ဖြစ်ပါသည်။ မဟူရာကျောက်ဖြင့် အဆိပ်ဟူသမျှ ပယ်နိုင်ကြောင်းကို သက်သေပြနိုင်ရန် စိတ်ပါဝင်စားသူ သုတေသီများကလည်း ဆက်လက် သုတေသနပြုလုပ်ပေးနိုင်မည်ဆိုလျှင် (ခေတ်မီနည်းစနစ်များဖြင့်)အဆိပ်ဖြေ အစွမ်းထက်ဆေးတစ်လက် မလွဲမသွေ ထွက်ပေါ်နိုင်မည်ဟု စာရေးသူယုံကြည် လက်ခံထားလျက် ရှိပါသည်။ ဆက်လက် သုတေသနပြုလုပ် ဖော်ထုတ်နိုင်ကြပါစေဟုလည်း တိုက်တွန်းနှိုးဆော်ရပါသည်။ ဤမျှသော စကားအစဉ်ဖြင့် ရခိုင်ရိုးရာ အဆိပ်ချ မဟူရာကျောက်အကြောင်း တစေ့တစောင်းကို စာရေးသူသိရှိသမျှ ဖော်ထုတ် တင်ပြလိုက်ရပါသည်။

ဝတီထွန်း(ကျောက်ဖြူ)

**မှတ်ချက်**

ရှေးက မဟူရာကျောက်ချက်လုပ်ဖော်စပ်ခဲ့သော ရခိုင်ဆေးဆရာကြီးများဆိုစကားတစ်ခုမှာ အဆိပ်ချပြီးနောက် မဟူရာကျောက်ကို နွားနို့ဖြင့် ခဏတာစိမ်ထားရသည် သို့မဟုတ် နွားနို့တိုက်ပေးရသည်ဟု အမှာစကားတစ်ခုလည်းရှိသည်။ စာရေးသူမှာ မဟူရာကျောက်ချက်လုပ်ဖော်စပ်နည်းတစ်မျိုး ရရှိထားသော်လည်း ကိုယ်တိုင်ကိုယ်ကျ ချက်လုပ်ဖို့ မတတ်သေးပါ။ မဟူရာကျောက်ချက်လုပ်ဖော်စပ်ခဲ့သော ဆရာတော်တစ်ပါးမှာလည်း ပျံလွန်တော်မူသွားပြီဖြစ်၍ ဆရာတော်တွင် ကျန်ရစ်ခဲ့သော မဟူရာကျောက်အချို့နှင့် ဆေးနည်းတစ်မျိုးကိုသာ စာရေးသူလက်ခံရရှိထားခြင်းဖြစ်ပါသည်။ မဟူရာတွင်းထွက်ကျောက်လေးလုံးကို စမ်းချောင်း (ရန်ကုန်) နေပန်းထိမ်ဆရာကြီး ဦးအောင်စော (ကျွန်တော့်ဆွေမျိုး) ထံမှ ကျေးဇူးပြု ရရှိထားခြင်း ဖြစ်ပါသည်။ မဟူရာကျောက်ထွက်ရှိရာဒေသခံများအနေဖြင့်လည်း မဟူရာကျောက်ကို ဆောင်ထားခြင်းဖြင့် ကင်းဆိပ်၊ မြွေဆိပ် စသော အဆိပ်အန္တရာယ်ကို မဟူရာကျောက်ဖြင့် ကုသကာကွယ်နိုင်ကြပါစေဟုလည်း ဆန္ဒပြုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရတနာရွှေချိုင့်ဂါထာတော်နှင့် ရတနာရွှေချိုင့်ဆရာတော်

ရွှေစိုး

ရတနာရွှေချိုင့် ဂါထာတော်နှင့် ရတနာရွှေချိုင့်ဆရာတော်အကြောင်း တင်ပြမည့်ဆောင်းပါး ဖြစ်ပါသည်။

ရတနာရွှေချိုင့်ဂါထာတော်မြတ်ကို ဘာသာတရား လိုက်စားသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း နှုတ်ငုံဆောင်ပြီး၊ ဖတ်ကြားဖူးပြီး၊ နာယူဖူးပြီး ဖြစ်ကြပါလိမ့်မည်။

စင်စစ်အားဖြင့် ထိုရတနာရွှေချိုင့်ဂါထာတော်မြတ်သည် ဘုန်းကြီးကျောင်းပညာရေးများနှင့်အတူ ပျောက်ကွယ်သွားနီးပါးဖြစ်နေပါပြီ။ သို့သော်လည်း 'နမောဗုဒ္ဓါယသိဒ္ဓံ အ. အာ. ဣ. ဤ' စသည့် အရေးအအံတွေကစပြီး ဘုန်းတော်ကြီးသင်ပညာရေးကို ထဲထဲဝင်ဝင် သင်ယူခွင့် ရရှိလာခဲ့ကြသည့် စာပေအကျော် ဆရာတော်များနှင့် ပညာရှိကြီးများကတော့ ဤရတနာရွှေချိုင့်ပရိတ်တော် သို့မဟုတ် ရတနာရွှေချိုင့်ဂါထာတော်မြတ်ကို မှတ်မိနေကြပါလိမ့်မည်။

ရတနာရွှေချိုင့်ဂါထာတော်မြတ်ဟာ ဆယ်စောင်တွဲသင်ရိုးမှာ စတုတ္ထမြောက် သင်ယူကြရသည့် ဂါထာတော်၊ ပရိတ်တော် ဖြစ်ပါသည်။ ယနေ့ခေတ်မီပညာတတ်လူငယ်အများစုကတော့ မေ့ထားလိုက်လောက်ကြပါပြီ။

ယနေ့ မြန်မာတို့ မမေ့ပျောက်လောက်အောင် 'ရတနာရွှေချိုင့်ဂါထာတော်မြတ်' ကို ရွှေစိုး အစဖော်ထုတ်လိုက်ပါရစေ။

ယနေ့မြန်မာတို့က မေ့မေ့ပျောက်ပျောက်ထားခဲ့ကြသည့် ထိုရတနာရွှေချိုင့်ဂါထာတော်ကို ယနေ့ထိုင်းလူမျိုးဗုဒ္ဓဘာသာဝင်တွေက မေ့မေ့ပျောက်ပျောက် မထားကြပါ။ ထိုင်းလူမျိုး ဗုဒ္ဓဘာသာဝင်အများစုဟာ ရတနာရွှေချိုင့်ဂါထာတော်မြတ်ကို အလွတ်နှုတ်ငုံရရှိကြပါသည်။ အခါကြီးရက်ကြီးတွေမှာဆိုလျှင် စုပေါင်းရွတ်ဆိုကြသည့်လူရွယ်လူငယ်တွေလည်း ရှိကြပါသည်။ ရပ်ထဲရွာထဲ၊ ဈေးထဲတွေမှတွေ့ရတတ်သည့် အလှူခံကားကြီးတွေပေါ်မှာ အသံချဲ့စက်တွေကိုတင်ပြီး ဘုန်းတော်ကြီးတစ်ပါးကဖြစ်စေ၊ ဘုန်းတော်ကြီးများကဖြစ်စေ ရွတ်ဆိုနေသည့် ရတနာရွှေချိုင့်ပရိတ်ဂါထာတော်ကို နာလိုသည်ဖြစ်စေ၊ မနာလိုသည်ဖြစ်စေ ရပ်ကွက်သူရပ်ကွက်သား ဈေးသူဈေးသား ဈေးဝယ်အားလုံး ကြားနေကြရသည်။

ထိုင်းဘာသာရေးမဂ္ဂဇင်း၊ စာစောင်အသီးသီး၊ ကြော်ငြာစာစောင်၊ ဂါထာမန္တန်စာအုပ်များတွင် အပတ်စဉ်၊ လစဉ်နီးပါးမျှ ဖော်ပြကြသည်။ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီတိုင်းလိုလိုတွင် ထိုဂါထာတော်၊ ပရိတ်တော်တို့ကို ရွတ်ကြဖတ်ကြစမြဲ ဖြစ်သည်။ အမြဲဝတ်ပြုဝတ်တက်မဟုတ်တောင် ကြုံကြားရွတ်ဖတ်ပူဇော်တတ်ကြသည်။

ထိုရတနာရွှေချိုင့်ဂါထာတော်ကြီးသည် နှယ်နှယ်ရရ ဉာဏ်ဟာယ်ဖွဟာယ်အဆင့်အတန်းထဲက မဟုတ်။ ဂါထာတော်အဓိပ္ပာယ်က မြင့်မြတ်လှသည်။ ဂါထာတော်ကို လောကသုံးပါး၏ အထွတ်အထိပ်များ၊ သိဒ္ဓိရှင်များ၊ နတ်မင်းကြီးများနှင့် ဖွဲ့စည်းထားသည်။ ထိုပုဂ္ဂိုလ်ကြီးများ မြင်အောင်၊ ကြားအောင် ရွတ်နိုင်












www.burmeseclassic.com

www.burmeseclassic.com



ဂျိနဘာန် ချူန် (ရတနာရွှေချိုင့်) ဂါထာတော်ဖြင့် ပတ်လည်ရေးဖွဲ့ထားသော အဆောင်ပဝါ



မည်ဆိုပါက တကယ်ပင် တန်ခိုးရှိမည့် ဂါထာတော်ကြီးဖြစ်၏။ ထိုမျှထက်မြက်သည့်ဂါထာတော်ကို တတ်နိုင်သမျှ ရွတ်ကြစေလိုပါသည်။

*'သန့်စင်ထက်မြက်၊ ကမ္ဘစက်နှင့် အနမတဂ္ဂ၊လက္ခဏာသုတ်၊ရွှေနုတ်ဟောချီ၊ သတိပဋ္ဌာန်၊ စောင့်ရန်မက္ခာ၊ ရတနာရွှေချိုင့်၊ တံတိုင်းအထု၊ စောင့်ရန်ပြုလျက်'*

ကျေးဇူးရှင် ရှင်မဟာရဋ္ဌသာရ၏ ရတုတစ်ပုဒ်တွင် ရတနာရွှေချိုင့်နှင့် တန်ခိုးကြီးသုတ္တန်တို့ကို ရွတ်ဖတ်လျက် မိမိ၏ အကာအကွယ်ကို အရယူကြောင်း ဖော်ပြထားပါသည်။

ရတနာရွှေချိုင့် ဂါထာတော်တွင် မည်သည့်ပုဂ္ဂိုလ်မြတ်တို့ကို ရည်ညွှန်းတိုင်တည်ထားသည်ကိုပြပါမည်။

ဘုရား၊ တရား၊ သံဃာတော်ဟု ဆိုအပ်ကုန်သော ရဟန္တာအရှင်သူမြတ်ကြီးများ စသော ပရမတ္ထသံဃာတော် အရှင်သူမြတ်ကြီးနှင့် သုမုတိသံဃာတော် အရှင်သူမြတ်ကြီးများ၏ တန်ခိုးတေဇော် အာနုဘော်တော်များ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်များကို မိမိတို့ခန္ဓာကိုယ်၏မြင့်မြတ်ရာအစိတ်အပိုင်းတို့တွင် သီတင်းသုံးစေခြင်းဖြင့်လည်း သုတ်တော်၊ ပရိတ်တော်များကိုလည်း အရှေ့၊ နောက်၊ တောင်၊ မြောက် စသော အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ စသည်တို့တွင် မဟာတံတိုင်းများသဖွယ် ကာရံပြီးနောက် အမိ၊ အဖ၊ ဆွေမျိုးတို့အလယ်တွင် အိပ်မွေး၍နေရသော သူငယ်တစ်ယောက်ပမာ လုံခြုံအေးချမ်းသောဘဝကို အရယူအပ်သော ဂါထာတော်မျိုးဖြစ်၏။

ထိုဂါထာတော်မြတ်ကို အဓိဋ္ဌာန်ထား၍ ရွတ်ဖတ် ပူဇော်သူတို့ထဲတွင် လောကီစီးပွားရေး၊ ပညာရေး၊ လူနေမှုအဆင့်အတန်း စသည့် လူမှုရေးရာများ တိုးတက် အောင်မြင်ကြသူများသာမက နိဗ္ဗာန်ရွှေပြည်ကို ရစေသည်အထိ အထောက်အပံ့ပြုအပ်သော သမထဝိပဿနာတရားတို့ကိုပါ အဆင့်တစ်ဆင့်ရောက်သည်အထိ အထောက်အပံ့ပြုကြောင်း ရှေးစိုး ကြားရသိရပေသည်။

ထိုသူတို့အထဲမှ ရှေးစိုး၏ဒုက္ခအား အထင်အရှား ချီးမြှင့်မှု၊ ကယ်တင်မှုခံရမှုကိုပေးသနားတော်မူခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာကျော်ကစ၍ ယနေ့တိုင်အောင် ထင်ရှားလျက်ရှိတော်မူသော သိဒ္ဓိရှင် ဆရာတော်ကြီးတစ်ပါးသည် ထိုရတနာရွှေချိုင့်ဂါထာတော်အစီအစဉ်များဖြင့် သိဒ္ဓိရှင်ဖြစ်တော်မူခဲ့ပုံကို အကျဉ်းမျှ တင်ပြလိုပါသေးသည်။

ထိုသိဒ္ဓိရှင်ဆရာတော်အရှင်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကား လုံဖော့ဗုဒ္ဓဂျန်ထို (LONGPHO BHUDDHA JARN TOH) ပင် ဖြစ်ပါသည်။ နောင်တွင် စတုတ္ထမြောက် ရာမမင်းက ဖုမ်မရမ်ဆီ(PHOMMARANSI) ဟူသော တော်ဝင်ဘွဲ့ကို ချီးမြှင့် ပူဇော်တော်မူသည်ဟု သိရပါသည်။

ဂျိနဘန်ချွန် (ရတနာရွှေချိုင့်) ဂါထာတော်ဆရာတော်ကြီးဖရဗုဒ္ဓဂျန်ထို (PHRABUDDHACHARNTOH) အလောင်းအလျာလေး၏ ငယ်မည်မှာ 'ထို' ဖြစ်၏။ ငယ်မည်ကို အထူးပြုကာ ရဟန်းဖြစ်လာချိန်တွင် ဒကာ၊ ဒကာမများက အာဂျန်ထိုဟု အတိုခေါ်ကြ၏။ အာဂျန်မှာ ဆရာ ဟူ၍ အဓိပ္ပာယ်ရ၏။

ဆရာတော်လောင်းလျာကို ယိုးဒယားသက္ကရာဇ် ၂၃၃၁ ခုနှစ်၊ ကြာသပတေးနေ့တွင် မွေးဖွားတော်မူ၏။ ဆရာတော်မွေးဖွားရာဇာတိဌာနကို အယုဒ္ဓယဟူ၍လည်းကောင်း၊ အယုဒ္ဓယတိုင်းတွင်ရှိ ကန်ဖန်ဖက်(KANGHPANPHET)ရွာဟူ၍လည်း ဆိုကြ၏။ မည်သို့ပင်ဖြစ်စေ လုံဖော့ဗုဒ္ဓဂျန်ထိုသည် အယုဒ္ဓယသားဖြစ်၏။ ငယ်စဉ်ကာလကတည်းက ဆရာတော်လောင်းမောင်ထိုလေးသည် အနေအထိုင် သပ်ရပ်ပြီး အလွန် တည်ငြိမ်လှသည်။ လိမ္မာယဉ်ကျေးမှုအပြည့်ရှိသည်။ ဉာဏ်ကောင်းသည်။ မင်းမျိုးမင်းနွယ်ဖြစ်၍လည်း လွန်စွာ ခံ့ညားလှ၏။ အချို့က ယိုးဒယားရာမမင်း (ပထမမြောက်) ၏ သားတော် ဖြစ်သည်ဟုပင် ဆိုကြ၏။

မောင်ထို အသက်(၁၃)နှစ်အရွယ်သို့ရောက်သောအခါ ရှင်သာမဏေဝတ်ရ၏။ရှင်သာမဏေဘဝမှာပင် ဗုဒ္ဓစာပေများကို အခြေခံသင်ရိုးကုန်အောင် တတ်ကျွမ်းခဲ့၏။ အသက် (၂၁) အရွယ်တွင် ဝပ်ဘန်ဂလွန်ဖွန်ဟုခေါ်သော ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်ကြီး အရှင်ဘန်ဝန်ဝိရိယကေရအား ဥပဇ္ဈာယ်ဆရာအရာထား၍ ရဟန်းဖြစ်ခဲ့သည်။ ရဟန်းဘဝတွင် မကြာမီ ပါဠိပိဋကတ်စာပေများကို ကျွမ်းကျင်တော်မူခဲ့လေသည်။

ဆရာတော်ကြီးလုံဖော့ဗုဒ္ဓဂျန်ထိုသည် ဗုဒ္ဓစာပေကျမ်းဂန်များကိုသာမက လောကီစာပေများတွင်လည်း နှံ့စပ်လှသည်။ ဗေဒင်ယတြာ၊ အင်းအစီအရင်ပညာရပ်များကိုလည်း ဝါသနာထုံတော်မူ၏။ ဆရာတော်ကြီးသည် ဝိနည်းသိက္ခာပုဒ်များ ကျိုးပေါက် ပျက်စီးမှာ အလွန်စိုး၏။ ထို့ကြောင့် ရဟန်းတို့၏ အသက်ဖြစ်တော်မူသော ဝိနည်းကို သက်တမျှ စောင့်ရှောက်တော်မူခဲ့လေသည်။ ဘုရား၊ တရားနှင့် သံဃာတော်များကို အလွန် ရိုသေသူ၊ ယုံကြည်သူဖြစ်၏။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကိုလည်း မပြတ်အောင် ပွားထုံတော်မူ၏။

တစ်နေ့တွင် အနန္တမေတ္တာတော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်မြတ်တို့ဂုဏ်ကျေးဇူးတို့ကို အထူးဆပ်လိုသဖြင့် ထင်ရှားလှသော ကျောင်းတော်ကြီးများမှ အောင်မြေများ၊ အောင်ပန်းများ၊ အောင်ရေစင်များကို စုဆောင်းပြီး ဗုဒ္ဓရုပ်ပွားတော်ပါသော အဆောင်ပြားလေးများ (၈၄,၀၀၀) လုပ်ရန် အကြံပေါ်လေသည်။ အုတ်ချပ်ရုပ်ပွားတော်လေးများပမာ ဖြစ်၏။

အဆောင်ဟူသည် အစွမ်းရှိရမည်ဖြစ်သည်။ထိုအဆောင်လေးများ အစွမ်းသတ္တိရှိရန် မည်သို့လုပ်ဆောင်ရပါအံ့ဟု တွေးနေဆဲ တစ်ညတွင် ဆရာတော်ကြီးသည် အိပ်မက်တစ်ခုမက်လေ၏။

အိပ်မက်ထဲတွင် အသားအရေအလွန်စိုပြည်ဝင်းဝါလျက် အရပ်ထောင်ထောင်မောင်းမောင်းဖြင့် ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးတစ်ဦးက ဆရာတော်အား အကြံပေါ်သည့်အတိုင်း အဆောင်များကိုပြုလုပ်ရန် တိုက်တွန်းလေသည်။ ထိုအခါ ဆရာတော်က အဆောင်ပြုလုပ်ပြီး အဆောင်အစွမ်းထက်ရန် မည်သို့ သိဒ္ဓိတင်ရမည်ကိုမသိပါကြောင်း ပြန်မိန့်တော်မူလေသည်။

ထိုအခါ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးက 'သည်အတွက်ဖြင့် ကိုယ်တော် မပူလေနှင့်။ ဂျိနဘန်ချွန် (JINA-BANCHON) ဂါထာတော်ဖြင့် ရွတ်ဖတ်သဒ္ဓိတင်လေ' ဟု မိန့်တော်မူလေသည်။ ထိုဂျိနဘန်ချွန်ဂါထာတော်မြတ်ကိုလည်း နှုတ်တိုက်သင်ကြားသွားလေသည်။ ထို့အပြင် ထိုသူတော်စင်ကြီးသည် ဂျိနဘန်ချွန်ဂါထာတော်ကို စောင့်နေရကြောင်း၊ ဂျိနဘန်ချွန်ရွတ်တိုင်း သူတော်စင်ကြီးကြွလာပြီး ရွတ်ဖတ်ကြည်ညိုသူတို့အား





www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်သော အကူအညီ အကျိုးစီးပွားများကို ပေးလေ့ရှိကြောင်း၊ သူစီရင်သမျှသော အစီအရင်မှန်သမျှတို့ကို သိဒ္ဓိတင်ရာဝယ် ဂျိနဘန်ချွန်ဂါထာတော်မြတ်ကို အမြဲရွတ်ဖတ်ကြောင်း၊ ဤသို့ရွတ်ဖတ်လေလျှင် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီး ကြွလာပြီး ဆရာတော်စီရင်ထားသော အဆောင်များကို သိဒ္ဓိသွင်းပေးသွားကြောင်း ဆရာတော်ကြီးက မိန့်တော်မူပြီး ၎င်း၏တပည့် ဒကာ၊ ဒကာမများကိုလည်း ဂျိနဘန်ချွန်ဂါထာတော်မြတ်ကြီးကို အမြဲရွတ်ရန် တိုက်တွန်းတော်မူကြောင်း ရှေးမိနောက်မီပုဂ္ဂိုလ်များက ပြောကြပါသည်။

ဤသို့ဖြင့် ဆရာတော်အရှင်မြတ်ကြီးသည် ရည်ရွယ်ထားသည့်အတိုင်း အဆောင်အချပ်ပေါင်း (၈၄,၀၀၀) ကို ပြည့်အောင် စတင် စီရင်ဆောင်ရွက်တော်တော်မူလေသည်။ သို့သော် ဆရာတော်ကြီး သက်တော်ထင်ရှားရှိဆဲကာလတွင် ပြီးမြောက်ပြည့်စုံရန် ဆရာတော်ကြီး တတ်နိုင်အံ့ ကိုယ်တော်တိုင် မထင်မှတ် စိတ်မကောင်းဖြစ်နေလေသည်။ ထိုအခါ ဝပ်ဘန်ခန်ဖွန် (WATBANGKH-UNPHOM)ကျောင်းတော်ရှိ ဒကာတစ်ယောက်၏ အကြံပေးချက်အရ ဆရာတော် စီရင်တော်မူထားသော ပြီးသမျှအဆောင်ပြားတို့ကို ရတနာမြတ်သုံးပါး အာရုံပြုလျက် ကိတ်ချိုင်ယို (KATE CHAIYO) စေတီတော် တည်ဆောက်နေရာတွင် ပြုလုပ်သော အဆောင်ပြားများ၏ ပထမသုတ်အဖြစ် ဌာပနာတော်သွင်း၍ ပူဇော်လိုက်လေသည်။

ထိုသို့ဌာပနာတော်သွင်းပြီးနောက်အဖို့လည်း ဆရာတော် အရှင်မြတ်ကြီးသည် မိမိ ရည်မှန်းထားသည့်အတိုင်း အရေအတွက် ပြီးပြည့်မြောက်အောင် ဆက်၍စီရင်တော်မူပြန်သည်။ထို့နောက် ဆရာတော်အရှင်မြတ်ကြီး ပျံလွန်တော်မူလေတော့၏။ ဆရာတော်အရှင်မြတ်ကြီးပျံလွန်တော်မူသောအခါ၌ အဆောင်ပြားပေါင်း (၈၄၀၀၀) ပြည့်၊ မပြည့် ဆရာတော်မှလွဲ၍ မည်သူမျှသိလိမ့်မည်မဟုတ်ပေ။ ဆရာတော်ပျံလွန်တော်မမူခင်ပြုလုပ်ခဲ့သော အဆောင်ပြားများက ကျန်ရစ်ခဲ့လေသည်။ ထိုကျန်ခဲ့သော အဆောင်ပြားများမှအချို့ကို ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဈာပနအဖွဲ့ဝင်လူကြီးများက သက်ဝင်ယုံကြည်သူတို့ကို ဆရာတော်ကြီး၏ ဈာပနကုသိုလ်စရိတ်အချို့အလို့ငှာ ရောင်းချကြသည်ဟု ကြားသိရ၏။ ရောင်းချ၍ရသော ငွေကြေးတို့ကို ဈာပနစရိတ်အဖြစ် အသုံးကြ၏။ ယင်းသို့ ရောင်းချလိုက်သော အဆောင်ပြားများအပြင် ကျန်ရစ်ခဲ့သေးသောအဆောင်ပြားများကား ရှိသေး၏။ ရောင်း၍ပိုသော အဆောင်ပြားအချို့ကို ဈာပနလာသူအချို့နှင့် နောင်တွင်မရှိနွမ်းပါးကြသော ဒကာ၊ ဒကာမတို့အား စွန့်ကြဲဝေငှပေးခဲ့သည်ဟု ကြားသိရ၏။ ယင်းကို ဒုတိယနှင့် တတိယသုတ်အဆောင်ပြားများဟု သတ်မှတ်ကြသည် ဆို၏။ ထို့နောက် လုံဖော့ဗုဒ္ဓဂျန်ထိုအရှင်မြတ်ကြီးအား ဆက်ခံတော်မူသည့် ဆရာတော်၊ သံဃာတော်အရှင်မြတ်ကြီးများ ရသေ့သူတော်စင်၊ လူသူတော်စင်ပုဂ္ဂိုလ်ကြီးများက ဆက်လက်၍ စီရင်ကြသော ဗုဒ္ဓဂျန်ထိုအမည်ဖြင့် အဆောင်များကား ယနေ့တိုင်အောင် ထွက်ပေါ်ဆဲဖြစ်၏။ အားလုံးကို လုံဖော့ဗုဒ္ဓဂျန်ထိုနည်းအတိုင်း စီရင်တော်မူကြသည်ဟု ဆို၏။ သိဒ္ဓိတင်ဂါထာတော်မှာလည်း ထိုဆိုအပ်ပြီးခဲ့သော ဂျိနဘန်ချွန်ဂါထာတော်ပင် ဖြစ်၏။

ထိုဂျိနဘန်ချွန် (JINABANCH-ON) ဂါထာတော်သည် မြန်မာဗုဒ္ဓဘာသာဝင်တို့လောက၌ 'ရတနာရွှေချိုင့်'ဟု ထင်ရှားတော်မူသော ဂါထာတော်မြတ်ဖြစ်၏။

ထိုဂါထာတော်မြတ်စာသားကိုယ်တိုင်ကပင် အလွန် တန်ဖိုးထက်မြက်သည့် အဆောင် ဖြစ်၏။ ရတနာရွှေချိုင့်ဂါထာတော်ကို နေ့စဉ် ရွတ်ဆိုပွားများခြင်းဖြင့် မိမိခန္ဓာကိုယ်တစ်ခုလုံးအား သိဒ္ဓိတင်ပြီးဖြစ်သကဲ့သို့ ဆိုခဲ့ပြီးသော ဂျိနဘန်ချွန်ဘိုးဘိုးကြီးနှင့် လုံဖော့ဗုဒ္ဓဂျန်ထိုအရှင်မြတ်ကြီးတို့က မပြတ်မသွေ စောင့်ရှောက်တော်မူကြပေလိမ့်မည်။ ထို့ပြင် ထိုရတနာရွှေချိုင့်ဂါထာတော်ဖြင့် မိမိတို့၏ အဆောင်ဟူသမျှကို မန်းမှုတ်သိဒ္ဓိတင်ပါကလည်း အဆောင်များအလိုက် သက်ဆိုင်ရာတန်ခိုးသိဒ္ဓိများ နိုးကြလိမ့်မည် ဖြစ်ပေသည်။ သို့သော် မိမိတို့ (ဝါ) ရွတ်ဖတ်သောသူတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့ကို ထည့်သွင်း စဉ်းစားသင့်၏။

ထို့ကြောင့် ရတနာရွှေချိုင့်ဂါထာတော်ကြီးကို နှစ်လိုကြသည်ဖြစ်၍ ရွတ်ဖတ်ကြလိုသူတို့ ရွတ်ဖတ်နိုင်ကြစေဖို့အတွက် ထိုရတနာရွှေချိုင့်ဂါထာတော်ကြီးကို အနက်အဓိပ္ပာယ်နှင့်တကွ ဖော်ပြလိုက်ပါသည်။ ထိုရတနာရွှေချိုင့်ဂါထာတော်ကို ယိုးဒယားဗုဒ္ဓဘာသာဝင်များက (သိသမျှ) နတ်ပေးပရိတ်တော်၊ နတ်ပေးဂါထာတော်ဟု ဆိုကြ၏။

မြန်မာဗုဒ္ဓဘာသာဝင်တို့က သီဟိုဠ်သာသနာတော်ဝင်ဟု ဆိုကြ၏။ အသေးစိတ် သိတော်မူ၍ မူရင်းကို အထင်အရှား ဖော်ထုတ်ပေးပါက နာယူလိုပါသေးတော့၏။

## ရတနာရွှေချိုင့်ပါဠိ

၁။ ဇယာသနဂတာ ဗုဒ္ဓါ၊ ဇေတွာ မာရံ သဝါဟနံ။
စတုသစ္စာမတရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော နောသိ၊ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊ မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘင်္ကရော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၇။ ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိ နန္ဒ သီဝလီ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။

၉။ တေဟိ သေသာ မဟာထေရာ၊ ဇိယဝန္တော ဇိနောရသာ။
ဇလန္တာ သီလတေဇေန၊ အင်္ဂမင်္ဂေသု သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာ



www.burmeseclassic.com

www.burmeseclassic.com

ဋ္ဌိယသုတ္တံ
အာကာသေ ဆဒန္တံ အာသိ၊ သေသာ အာရက္ခာ ရသဏ္ဌိတာ။

၁၂။ ဇိနာဒံ ဗလသံယုတ္တော၊ ဓမ္မပါကာရ လင်္ကာတေ
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓ ပဥ္စရေ။

၁၃။ ဝါတပိတ္တာဒိ သဥ္ဇာတာ၊ ဗာဟိရစ္ဆုတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တ ဂုဏတေဇသာ။

၁၄။ ဇိနပဥ္စရမဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ တေ မဟာပုရိသာ သဘာ။

၁၅။ ဣစ္စေဝ မေကန္တ ကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိသံဃော သံဃဿ၊ တေဇေ ဂုဏောဿ။

*ရတနာရွှေချိုင့်ပါဠိ နိဋ္ဌိတံ။*

## ရတနာရွှေချိုင့်မြန်မာပြန်

၁။ အောင်မြင်ခြင်း၏အနီး (အပရာဇိတပလ္လင်) သို့ ရောက်တော်မူကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ထက်သည်း မြတ်တော်မူကုန်သော ဘုရားရှင်တို့သည် စစ်သည်နှင့်တကွ မာရ်နတ်သားကို အောင်တော်မူပြီး၍ သစ္စာလေးအမြိုက်ရသာကို (တပည့်သား သာဝကတို့အား) သောက်စေတော်မူကုန်ပြီ။

**မှတ်ချက်** - ဇယာ သနာ ဂထာဟုရှိခဲ့သော် အောင်နေရာခွင် အပရာဇိတပလ္လင်သို့ ရောက်တော်မူကုန်သော ဟု မြန်မာပြန်ဆိုပါလေ။

၂။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ် ဖြစ်တော်မူကုန်သော ရသေ့၊ ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သော ရသေ့၊ ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သော တဏှာကိရာ အစရှိသော နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့သည် အကျွန်ုပ်၏ဦးခေါင်းထက်၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၃။ ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူသော အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားသည် အကျွန်ုပ်၏ဦးခေါင်း၌ သီတင်းသုံးတည်နေတော်မူပြီ (တည်နေတော်မူပါစေ)၊ ကိုးပါးသော လောကုတ္တရာတရားတော်သည် အကျွန်ုပ်၏မျက်စိနှစ်ဖက်၌တည်နေတော်မူပြီ(တည်နေပါစေ)၊ ရှစ်ယောက်သော အရိယာသံဃာတော်သည် အကျွန်ုပ်၏ရင်၌တည်နေတော်မူပြီ (တည်နေပါစေ)။

၄။ အရှင်အနုရုဒ္ဓါသည် အကျွန်ုပ်၏ နှလုံးသား၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်သာရိပုတ္တရာသည် အကျွန်ုပ်၏လက်ယာဘက်၌ တည်တော်မူပြီ(တည်တော်မူပါစေ)၊ အရှင်ကောဏ္ဍညသည် အကျွန်ုပ်၏နောက်အဖို့၌တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်မောဂ္ဂလာန်သည် အကျွန်ုပ်၏ လက်ဝဲဘက်၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၅။ အရှင်အာနန္ဒာနှင့် အရှင်ရာဟုလာတို့သည် အကျွန်ုပ်၏လက်ယာနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)၊ မဟာကဿပနှင့် မဟာနာမ်အရှင်နှစ်ပါးတို့သည် ကျွန်ုပ်၏လက်ဝဲဘက်၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၆။ နေမင်းကဲ့သို့အရောင်ကို ပြုတတ်သော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ ရဟန်းမြတ်ဖြစ်တော်မူသော သောဘိတအရှင်သည် အကျွန်ုပ်၏ ဆံပင်အဆုံး ကျောက်ကုန်းအဖို့၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၇။ သီလက္ခန္ဓ စသည့် ကျေးဇူးဂုဏ်အထူးကို ရွှင်မြူးဝမ်းသာရှာတော်မူလေ့ရှိထသော၊ ဆန်းကြယ်သောတရားစကားကိုဆိုတော်မူတတ်သော၊ ကျေးဇူးတော်အပေါင်း၏ တည်ရာဖြစ်တော်မူသော ကုမာရကဿပမထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၈။ အရှင်ပုဏ္ဏ၊ အရှင်အင်္ဂုလိမာလ၊ အရှင်ဥပါလိ၊ အရှင်နန္ဒ၊ အရှင်သီဝလိ ဤမထေရ်ငါးပါးတို့သည် အကျွန်ုပ်၏နဖူးပြင်၌ မှန်ကူကဲ့သို့ တည်တော်မူကုန်ပြီ (တည်တော်မူပါစေ)။

၉။ ထိုဆိုအပ်ပြီးသော မထေရ် (၁၅) ပါးမှ ကြွင်းကျန်ကုန်သော၊ ကိလေသာရန်ကိုအောင်ကုန်ပြီး၍ သီလတန်ခိုးအားဖြင့် ထွန်းတောက်ပကုန်သော ဘုရားသားတော် မထေရ်ကျော်တို့သည် အကျွန်ုပ်၏မြတ်သောအင်္ဂါတို့၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

(၁၀၊ ၁၁) - (၁) ရတနသုတ်ပရိတ်တော်သည် အကျွန်ုပ်၏ရှေ့မှတည်တော်မူပြီ။

(၂) မေတ္တသုတ်ပရိတ်တော်သည် အကျွန်ုပ်၏လက်ယာ၌ တည်တော်မူပြီ။

(၃) ဓဇဂ္ဂသုတ်ပရိတ်တော်သည် အကျွန်ုပ်၏နောက်မှ တည်တော်မူပြီ။

(၄)အင်္ဂုလိမာလသုတ်ပရိတ်တော်သည် အကျွန်ုပ်၏လက်ဝဲ၌တည်တော်မူပြီ။

(၅) ခန္ဓသုတ်၊ မောရသုတ်၊ အာဋာနာဋိယသုတ် ပရိတ်သုံးစောင်သည် အကျွန်ုပ်၏အထက်ကောင်းကင်၌ ထီးသဖွယ် တည်တော်မူပြီ။

(၆) ကြွင်းကုန်သော မင်္ဂလသုတ်၊ ဝဋ္ဋသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်လေးစောင်တို့သည် တံတိုင်းသဖွယ် တည်နေတော်မူပြီ (တည်နေတော်မူကြပါစေ)။

၁၂၊ ၁၃။ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏အားတော်ဆယ်ပါးနှင့်ယှဉ်သော တရားတည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင် ကာရံထားသော မြတ်စွာဘုရား တည်းဟူသော ရွှေချိုင့်၌ မငြိုမငြင်နေရသော အကျွန်ုပ်အား လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော အပြင်ရန်၊ အတွင်းရန်တို့သည် မြတ်စွာဘုရား၏ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တကြောင့် အကြွင်းအကျန်မရှိ ပျောက်ပျက်ခြင်းရောက်ပါစေ။

၁၄။ မြတ်စွာဘုရား တည်းဟူသော ရွှေချိုင့်အလယ်၌ နေရသော အကျွန်ုပ်ကို မြေအပြင်၌ ကြီးမြတ်ကုန်သော ယောကျ်ားမြတ်အားလုံးတို့က အခါခပ်သိမ်း စောင့်ရှောက်ကြပါစေ။

၁၅။ ဆိုခဲ့ပြီးသောနည်းဖြင့် ငါသည် ကောင်းသော အစောင့်အရှောက်ကို ပြုအပ်ပြီ။

(၁) မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘေးရန်အပေါင်းကို ပယ်သတ်နိုင်ရပါလို၏။

(၂) သီလ၊ သမာဓိ စသော ဂုဏ်ကျေးဇူးအပေါင်းတို့၏တည်ရာဖြစ်သော ပရမတ္ထသံဃာတော်၏ တန်ခိုးကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏။

**မှတ်ချက်** - ဆယ်စောင်တွဲစာအုပ်များ၌ ဟရိတသံဃော၊ မာရိတသံဃော၊ ဟထာရိသံဃော ဟူ၍ ပါဠိအမျိုးမျိုးရှိနေသည်။ သဒ္ဒါအနက်အသင့်လျော်ဆုံးဖြစ်သည့် ဟတာရိသံဃောပုဒ်ကို ထည့်သွင်း ဖော်ပြပါသည်။

ရတနာရွှေချိုင့်ပါဠိနှင့် မြန်မာပြန်ပြီး၏။

[မာဂဓီ*(သာစည်)၏ ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်းမှ ကူးယူဖော်ပြပါသည်။]

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

# ဝဋ်ကြွေး၊ကံကြွေး၊အပြစ်ကြွေးများ ကျေစေရာ ဝန်ချတောင်မှာ ဝန်ချပါ

မောင်စိမ့်စိမ်း(သဲကုန်း)

လူတိုင်းတွင် ဝဋ်တုံ့ဝဋ်ကြွေးများ ရှိကြသည်။ အနည်းနှင့် အများသာ ကွာ၏။ စာရေးသူတို့၏ သုံးလူထွတ်ထား မြတ်ဗုဒ္ဓပင်လျှင် တင်လာသည့်ဝဋ်ကြွေး များကို ကျေသည်အထိ ပေးဆပ်ခဲ့ရ ကြောင်း ဝိပါက်တော် (၁၂) ပါးအရ သိနိုင်မည် ဖြစ်သည်။ ထို့အတူ ခင်ပွန်းကြီး (၁၀) ပါးအပေါ် ပြစ်မှားမိသည့် အပြစ်များလည်း ရှိကြမည်သာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ -

ထိုထင်နေသော ဝဋ်တုံ့ဝဋ်ကြွေးများ၊ အပြစ်များ ကျေရာကျေကြောင်း၊ ပြေရာပြေကြောင်း ဝန်ချတောင်းပန်လျှင် ရနိုင်ပါသည်။ ရသည်၊ မရသည် အပ်ကျမပ်ကျမသိနိုင်သော်လည်း ရလိုရငြား ဝန်ချတောင်းပန်ကြည့်စေချင်ပါသည်။

တစ်ခုတော့ရှိသည်။

ဤကိစ္စအား ဆောင်ရွက်ရန် ခေတ္တရာ အသရေမချို့သည့် ပြည်မြို့ကိုတော့ မလွဲမသွေ လာရလိမ့်မည် ဖြစ်ပါသည်။ အကြောင်းမှာ အခြားမဟုတ်။ ပြည်မြို့တွင် သုဒဿနတောင်၊ မင်းကြီးတောင်၊ ယုန်ဖြူတောင်၊ ကြက်တင်းတောင်၊ စကားတောင်၊ ဝန်ချတောင် စသည်ဖြင့် တောင်များရှိသည်။ ဝန်ချတောင်တွင် ဉာဏ်တော်(၁၈)တောင်ခန့် မြင့်သည့်စေတီတော်တစ်ဆူရှိပြီး 'သမိုင်းဝင် ဗျာဒိတ်ရ ဝန်ချတောင် ဆုတောင်းပြည့်တောင်စေတီ' ဟူ၍ပင် ဘွဲ့မည်နာမ ခေါ်တွင်ကြသည်။

ထူးခြားသည်မှာ ထိုစေတီတော်၌ အခြားစေတီများမှာကဲ့သို့ ဂြိုဟ်(၈)ခွင်မက (၉)ခွင် (တနင်္လာနှင့်အင်္ဂါကြားတွင် ကိတ်ဂြိုဟ်) ရှိခြင်းပင် ဖြစ်သည်။

နောက်တစ်ချက် [illegible]သည်။

ဝန်ချတောင်းပန်ကုသိုလ်ပြုသည့် ကိစ္စများပြီးပါက ထိုးရမည့်ခေါင်းလောင်း (ဝဋ်ကြွေးကော်ပြေခေါင်းလောင်း) မှာလည်း ထို ဝန်ချတောင် စေတီတော်၏ စနေထောင့်တွင် တည်ရှိချိတ်ဆွဲထားခြင်းပင် ဖြစ်ပါသည်။

ဆောင်ရွက်ပုံအဆင့်ဆင့်မှာ ဤသို့ဖြစ်၏။

ဝန်ချတောင်သို့ တနင်္လာနေ့တွင် သွားရမည်။ နံနက်၊ နေ့လယ်၊ ညနေ ဟူ၍ သတ်မှတ်ချက်တော့ မရှိပါ။ ရောက်လျှင် ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်အားလုံးဖြစ်စေ၊ တစ်ခုခုဖြစ်စေ ဆက်ကပ် လှူဒါန်း ပူဇော်ရမည်။ ဒါနကုသိုလ်အား ဦးစွာပြုလိုက်ခြင်း ဖြစ်သည်။ အချို့က ဂြိုဟ်တိုင်အားလုံးတွင် ပြုကြသည်။ မိမိနိုင်သလောက်၊ စွမ်းသလောက် ဖြစ်၏။

နောက်တစ်ဆင့် လုပ်ဆောင်ရမည်မှာ ပဋိကံပြုရန် ဖြစ်သည်။

ပဋိကံပြုရာတွင် သတ်မှတ်ချက်ရှိ၏။ မိမိဂြိုဟ်ခွင်မှ ခြောက်ခုမြောက် ဆပ္ပတ်ဂြိုဟ်ခွင်တွင် ပြုလုပ်ရမည်။ ဦးစွာ အင်္ဂါ (၉) တန်နှင့် ပြည့်စုံတော်မူသော ကိုးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ခြင်းဖြင့် သီလကုသိုလ်ပြုလုပ်ရမည် ဖြစ်သည်။ သီလခံယူပြီးနောက် ရွတ်ဆိုရမည်မှာ -

'(၉)ပါးသောဂုဏ်တော်၊ (၁၈)ပါးသော အာဝေဏိကဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား



ပြည်မြို့ဝန်ချတောင်ပေါ်ရှိ သမိုင်းဝင် ဗျာဒိတ်ရ ဝန်ချတောင် ဆုတောင်းပြည့်အောင်စေတီ



www.burmeseclassic.com

www.burmeseclassic.com

…ရှင်တို့၏ ဥဏ္ဏာလုံမွေးရှင်တော်၊ ဆံတော်၊ နှုတ်တော်၊ သွားတော်၊ အံတော်၊ ဓာတ်တော်အစုစုတို့နှင့် အသုံးအဆောင် အမွေတော်တို့သည် ဤဝန်ချတောင်စေတီတော်မြတ်၏ဌာပနာတော်တိုက်အတွင်းတွင် ဇေတ,ဝနေ ဇေတဝန်ကျောင်းအမှတ်ဖြင့် သီတင်းသုံး စံပယ်တော်မူကြပါကုန်ဘုရား။

ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ ဟောကြားတော်မူခဲ့သည့် တရားဓမ္မဒေသနာတော်မြတ်တို့သည် ဤဝန်ချတောင်စေတီတော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်း ဇေတ,ဝနေ ဇေတဝန်ကျောင်းအမှတ်ဖြင့် သီတင်းသုံး စံပယ်တော်မူကြပါကုန်ဘုရား။

ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်တို့တွင် မိခင်၊ ဖခင်၊ ဆရာသမားများအဖြစ် တော်စပ်ခဲ့ကြ၍ တတ်သည့်၊မြတ်သည့်၊မှန်ကန်သည့် လောကပါလ၊ ဓမ္မပါလ၊ သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဖြစ်နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းနှင့် ရှိသေသင့်ရှိသေထိုက်သော မယ်တော်အပေါင်းတို့သည် ရတနာမြတ်သုံးပါးအား ဝန်းရံလျက် ကြွရောက်တော်မူကြပါရန် ပင့်ဖိတ်လျှောက်ထားအပ်ပါ၏။

ဘုရားတပည့်တော်/မ (xxx)နေ့၊ (xxx)နံ့ဖွား၊ (xxx) နှင့် -

[ကွင်းများထဲတွင် မိမိအား မွေးသည့်နေ့နံနှင့် မိမိ၏အမည်အား ထည့်သွင်းရွတ်ဆိုရန်]

ပဋ္ဌာန်းဆက်ပါရမီဆက်ရှိကြကုန်သော တတ်သည့် မြတ်သည့် မှန်ကန်သည့် အရိယာနွယ်ဝင် သိဒ္ဓိရှင်မဟိဒ္ဓိရှင် ဆရာတော်အရှင်သူမြတ်များ၊ ဝိဇ္ဇာအပေါင်းနှင့် မယ်တော်အပေါင်းတို့သည် ရတနာမြတ်သုံးပါးအား ဝန်းရံလျက် ကြွရောက်တော်မူကြပါရန် ပင့်ဖိတ်လျှောက်ထားအပ်ပါ၏'

ဟု ဖြစ်သည်။

ဤသို့ ပင့်ကံပြုပြီးလျှင် ဝဋ်ကြွေး၊ ကံကြွေး၊ အပြစ်ကြွေးများအား ချေဖျက်ရန် -

'ဘုရားတပည့်တော်/မ (xxx) နေ့၊ (xxx) နံ့ဖွား၊ (xxx) သည် ဘဝများစွာ သံသရာကျင်လည်ခဲ့သည်မှစ၍ ယခုဘဝ၊ ယခုကာလထိတိုင် ခုနစ်နေ့ကိုးနံ့ဖြစ်တည် မွေးဖွားကြကုန်သော (၃၁) ဘုံသားအားလုံးတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ပြစ်မှားမိသမျှ၊ ကျူးလွန်မိသမျှ အပြစ်တို့အား အကုန်အစင် ခွင့်လွှတ်ပါ၏။ သည်းခံပါ၏။ ကျေအေးပါ၏။

ဘုရားတပည့်တော်/မအားလည်း ခုနစ်နေ့ကိုးနံ့ဖြစ်တည် မွေးဖွားကြကုန်သော (၃၁) ဘုံသားတို့အနေဖြင့် ဘဝများစွာ သံသရာကျင်လည်ခဲ့သည်မှစ၍ ယခုဘဝ၊ ယခုကာလထိတိုင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ပြစ်မှားမိသမျှ၊ ကျူးလွန်မိသမျှ အပြစ်တို့အား ခွင့်လွှတ်ပေးကြပါရန်၊ ကျေအေးပေးကြပါရန် ဝန်ချအပ်ပါ၏။ တောင်းပန်အပ်ပါ၏' ဟူ၍ ဆက်လက် ရွတ်ဆိုရပါမည်။


ပြီးလျှင် သစ္စာပြုရန် ဖြစ်၏။ ရွတ်ဆိုရန်မှာ -

'ဘုရားတပည့်တော်/မ မှ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းသည် မှန်ကန်ပါ၏။ ခွင့်လွှတ် သည်းခံပေးရန် ပန်ကြားတောင်းပန်ခြင်းသည်လည်း မှန်ကန်ပါ၏။ ဤမှန်သောသစ္စာတို့ကြောင့် (xxx) နေ့၊ (xxx) နံ့ဖွား ဘုရားတပည့်တော်/မ (xxx) နှင့် (၃၁) ဘုံသားတို့အကြား ဝဋ်ကြွေး၊ ကံကြွေးများနှင့်တကွ အပြစ်ဟူသမျှတို့သည် မြူမှုန်မျှပင် မကျန်ရှိစေဘဲ အကုန်အစင် ကင်းစင်ရပါလို၏ အရှင်ဘုရား' ဟု ဖြစ်သည်။

အထက်ပါအတိုင်း ရွတ်ဆို သစ္စာပြုပြီးပါက ဘာဝနာကုသိုလ် ဆက်လက်ပြုလုပ် ဆောင်ရွက်ရမည် ဖြစ်သည်။ ဘာဝနာကုသိုလ် ပြုလုပ်ခြင်းကိုမူ ခုနစ်နေ့ကိုးနံ့ ဖြစ်တည်မွေးဖွားကြကုန်သော သားသမီးများအတွက် ဖော်ပြပါ ဂြိုဟ်ခွင်လှည့်ဇယားအတိုင်း -

**ဟေီမန်၊ ဟေီလာဘ၊ ဟေီမတ္တံ၊ ဟေီသုခံ၊ အာဂစ္ဆာဟိ၊ ယျကပ် ဟေီ, ဟေီ။**

ကို ခေါက်ရေ (၉၊ ၁၈၊ ၂၇၊ ၃၆၊ ၄၅၊ ၅၄၊ ၆၃၊ ၇၂၊ ၈၁၊ ၉၀၊ ၉၉၊ ၁၀၈) စသည်ဖြင့် မိမိအသက်ထက်ကျော်သော နဝင်းကိုက် အရေအတွက်အား ရွတ်ဆို


ဆုတောင်းပြည့် အောင်စေတီ တန်ဆောင်နှင့် အင်္ဂါဂြိုဟ်ကြားရှိ ကိတ်ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

| စဉ် | နေ့၊ နံသား၊ သမီး | လှည့်ရန်ဂြိုဟ်ခွင် |
|---|---|---|
| ၁ | တနင်္ဂနွေသားသမီး | ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကိတ် |
| ၂ | တနင်္လာသားသမီး | ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ကိတ် |
| ၃ | အင်္ဂါသားသမီး | သောကြာ-စနေ-တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-တနင်္ဂ နွေ-ကြာသပတေး-အင်္ဂါ-ကိတ် |
| ၄ | ဗုဒ္ဓဟူးသားသမီး | တနင်္ဂနွေ-ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-ကိတ် |
| ၅ | စနေသားသမီး | တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-ကိတ် |
| ၆ | ကြာသပတေးသားသမီး | အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပတေး-ကိတ် |
| ၇ | ရာဟုသားသမီး | ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ရာဟု-ကိတ် |
| ၈ | သောကြာသားသမီး | စနေ-တနင်္လာ-ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပ တေး-အင်္ဂါ-သောကြာ-ကိတ် |
| ၉ | ကိတ်နံဖွားသားသမီး | ရာဟု-ဗုဒ္ဓဟူး-တနင်္ဂနွေ-ကြာသပတေး-အင်္ဂါ-သောကြာ-စနေ-တနင်္လာ-ကိတ် |

ပုတီးစိပ်ရမည် ဖြစ်ပါသည်။

(ဥပမာ- စာရေးသူအင်္ဂါသား၏ အသက်မှာ (၆၁) နှစ်ဖြစ်၍ မိမိအသက်ထက်ကျော်သော နဝင်းကိုက်အရေအတွက်မှာ (၆၃) ခေါက်၊ ပုတီးလုံး (၆၃) လုံးရအောင် သောကြာဂြိုဟ်ခွင်မှစ၍ စိပ်ရမည် ဖြစ်ပါသည်။ ပြီးလျှင် စေတီတော်အား လက်ယာရစ်ပတ်၍ စနေဂြိုဟ်ခွင်ရှေ့တွင် အထက်ပါအတိုင်း ထပ်မံစိပ်ပွားရမည်ဖြစ်ပါသည်။

ဤနေရာတွင် သုံးစွဲသည့်ပုတီးနှင့်ပတ်သက်၍ စာရေးသူ၏ ထင်မြင်ယူဆချက်အရ အကြံပေးလိုသည်မှာ စိပ်ရမည့် ပုတီးရေမှာ နဝင်းကိုက်ဂဏန်းများချည်းဖြစ်ခြင်းကြောင့် (၁၀၈) လုံး၊ (၃၂) လုံးပုတီးများထက် (၉)လုံးပုတီးကို အသုံးပြုလျှင် ပိုမိုလွယ်ကူအဆင်ပြေလိမ့်မည်ထင်ပါသည်။)

မည်သည့်နေ့နံသားမဆို ဘာဝနာကုသိုလ်အလုပ် စသည့် ဂြိုဟ်သာ မတူကြသော်လည်း ပြီးသည့်ဂြိုဟ်မှာ အတူတူပင် ဖြစ်သည်။ ကိတ်ဂြိုဟ်တွင် ဘာဝနာကုသိုလ်အလုပ် ပြီးကြမည်။ ပြီးလျှင် ထိုကိတ်ဂြိုဟ်၌ပင် အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ခြင်းများ ဆက်လက် ပြုလုပ်ရပါမည်။

ရွတ်ဆိုရမည်မှာ-

'ဘုရားတပည့်တော်/မ၏ ဘဝအဆက်ဆက် သံသရာအဆက်ဆက်၌ ပြုခဲ့သမျှသော ဒါနကုသိုလ်၊သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့နှင့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ပါရမီဖြည့်ခဲ့သော ကုသိုလ်အစုစုတို့အား စကြဝဠာအနန္တရှိ ခုနစ်နေ့ကိုးနံ (၃၁) ဘုံသားအားလုံးတို့အား ပေးအပ်ပါ၏'

ဟု ဖြစ်ပြီး အမျှ (၉) ကြိမ်ပေးဝေရန်ဖြစ်ပါသည်။

ဆက်လက်၍ -

'ပါရမီရှင်အပေါင်းတို့၏ ပါရမီဖြည့်ခဲ့ကြကုန်သောကာယကံမှုကုသိုလ်၊ ဝစီကံမှုကုသိုလ်၊ မနောကံမှုကုသိုလ်၊ သိဒ္ဓိကုသိုလ်၊ မဟိဒ္ဓိကုသိုလ်တို့အား ဘုရားတပည့်တော်/မ သာဓုခေါ်ဆိုအပ်ပါ၏'

ဟု ရွတ်ဆိုပြီး သာဓု (၉) ကြိမ်ခေါ်ရန် ဖြစ်ပါသည်။

နောက်ဆုံးအဆင့်သို့ ရောက်ပြီဖြစ်၏။

လုပ်ဆောင်ရမည်မှာ အခြားမဟုတ်။ ဝင်္ကြွေးတော်ပြေခါင်းလောင်းထိုးရန် ဖြစ်၏။

မိမိ၏ ဤစေတီတော်ရင်ပြင်တွင် ပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့အား ရင်ပြင်တော် စနေထောင့်တွင် ချိတ်ဆွဲတပ်ဆင်ထားသည့် ဝင်္ကြွေးတော်ပြေခါင်းလောင်းအား (၉) ကြိမ်ထိုးကာ အမျှ (၉) ကြိမ် ထပ်မံပေးဝေရပါမည်။ မိမိမှလည်း ဤဝန်ချတောင်စေတီတော်၌ အဓိဋ္ဌာန်ပြုနေကြသော ပါရမီရှင်တို့၏ ကုသိုလ်တို့အား



စောင်းတန်းလှေကားထိပ် လက်ဝဲဘက်ရှိ တောင်ပိုင်ဘိုးဘိုးကြီး



စေတီတော်ရင်ပြင် စနေထောင့်ရှိ ဝင်္ကြွေးတော်ပြေခါင်းလောင်း

သာဓုအနုမောဒနာ (၉) ကြိမ်ခေါ်ရမည်ဖြစ်ပါသည်။

အထက်ပါအတိုင်း တစ်ပတ်လျှင် တနင်္လာနေ့တစ်ရက်နှင့် သီတင်း (၉) ပတ်၊ (၉)ရက်ဆက်တိုက် အဓိဋ္ဌာန်ဝင်၍ ပြီးမြောက် အောင်မြင်သွားပြီဆိုပါက မိမိပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့၏ အကျိုးထူးများသာမက တင်နေသည့် ဝဋ်တုံ့ဝင်္ကြွေးများလည်း ကျေသင့်သလောက် ကျေပျောက်သွားပါလိမ့်မည်။ ရှိနေသည့်အပြစ်များလည်း ပြေသင့်သလောက် ပြေပျောက်သွားပါလိမ့်မည် ဟူသော စေတနာမွန်ဖြင့် ဆန္ဒပြုရင်း ဝန်ချတောင်တွင် အဓိဋ္ဌာန်ဝင်နိုင်ရန် လမ်းညွှန်လက်ကမ်းစာရွက်ပေးပါသော ရွှေလက်လှရပ်ကွက်မှ ဦးတင်အောင်လွင်၊ ဆရာမ ဒေါ်ခင်စိန်ရီ မိသားစုအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်စိမ့်စမ်း (သဲကုန်း)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ရန်အောင်မြင်ဆုတောင်းပြည့် ဗုဒ္ဓယတြာ

## နမောတေအင်းဖယောင်းတိုင်

### နမောတေဂါထာ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။

ဤဂါထာတော်သည် ဘုရားဟော ဂါထာတော် ဖြစ်သည်။ ၎င်းဂါထာတော်ကို ရွတ်ဆိုပူဇော်၍ နမောတေဂါထာတော်ကို အင်းဆန်သွင်း အင်းချပြီး ဘုရားရှင်အား ထွန်းညှိပူဇော်ဆုတောင်းပါ။

အင်း၏အလယ်(၄)ကွက်ထဲတွင် မိမိလိုရာဆုတောင်းကို ထည့်သွင်းနိုင်သည်။

ဥပမာ - အမှုနိုင်စေ။

အင်းချထားသော စာရွက်ကို ဖယောင်းတိုင်တွင်ပတ်၍ ပူဇော်ပါ။

### နမောတေအင်းတော်

| | | | | | |
|---|---|---|---|---|---|
| န | ဗု | ရ | ဝိ | တ္တော | ဗ္ဗ |
| ဝီ | အ | မော | သ | မှု | ပ္ပ |
| တေ | တ္ထု | ဒ္ဓ | မု | ဓိ | သိ |
| တ | သ | ဘ | သ | ပ | န္နော |
| ဏံ | စေ | ဿ | ပ | နိုင် | မ္ဗာ |
| မေ | ဝ | ရ | ဓ | သ္မိ | ဋိ |

စီးပွားရေးအကျပ်အတည်းများ၊ မကောင်းသော အနှောင့်အဖွဲ့၊ အကျဉ်းအကျပ်၊ အခက်အခဲအမျိုးမျိုးတို့မှ လွတ်ကင်း ထွက်မြောက်ပြီး ရန်အပေါင်းကို အောင်မြင်နိုင်ပါသည်။

ဗုဒ္ဓယတြာ နမောတေအင်းဖယောင်းတိုင်ကို အောက်ပါနေ့များနှင့် အချိန်အခါများမှာ ထွန်းညှိ ပူဇော် ဆုတောင်းပါ။

ရန်အောင်မြင် ဆုတောင်းပြည့် ဗုဒ္ဓယတြာအား နေ့ (၇) နေ့တွင် မည်သည့်နေ့မဆို ပုဏ္ဏား နတ်သမီးရကိန်းနှင့် မုဆိုးရွှေအိုးရကိန်းအခါများ၌ ထွန်းညှိပြီး ပူဇော်ဆုတောင်းပါလေ။

ကြယ်ပွင့်ပြထားသော ပုဏ္ဏား နတ်သမီးရကိန်းနှင့် မုဆိုးရွှေအိုးရသောကိန်းအခါများတွင် ရန်အောင်မြင် ဆုတောင်းပြည့် နမောတေ အင်းဖယောင်းတိုင်ထွန်းခြင်း ဗုဒ္ဓယတြာကို မိမိတို့ လိုလား တောင့်တအပ်သောဆုများ တောင်းယူ၍ ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာသုခများကို ပြည့်စုံစွာ ရရှိကြပါစေသတည်း။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

### ဖြစ်တော်စဉ်နေ့နှင့်အခါအချိန်ပိုင်းခြားပုံ

| နေ့အခါ | နံနက် | မွန်းလတ် | မွန်းတည့် | မွန်းတိမ်း | နေဝင် |
|---|---|---|---|---|---|
| နာရီ | နံနက် ၆ နာရီ မှ ၈ နာရီ ၂၄ မိနစ် | ၈ နာရီ ၂၅ မိနစ် မှ ၁၀ နာရီ ၄၈ မိနစ် | ၁၀ နာရီ ၄၉ မိနစ် မှ ၁ နာရီ ၁၂ မိနစ် | ၁ နာရီ ၁၃ မိနစ် မှ ၃ နာရီ ၃၆ မိနစ် | ၃ နာရီ ၃၇ မိနစ် မှ ၆ နာရီတိတိ |
| တနင်္ဂနွေနေ့ | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း | သွေးအန်ကိန်း |
| တနင်္လာနေ့ | သွေးအန်ကိန်း | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း |
| အင်္ဂါနေ့ | ကွက်လပ်ကိန်း | သွေးအန်ကိန်း | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ |
| ဗုဒ္ဓဟူးနေ့ | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း | သွေးအန်ကိန်း | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း |
| ကြာသပတေးနေ့ | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း | သွေးအန်ကိန်း | ☆ ပုဏ္ဏား နတ်သမီးရကိန်း |
| သောကြာနေ့ | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း | သွေးအန်ကိန်း |
| စနေနေ့ | သွေးအန်ကိန်း | ☆ ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ်ကိန်း | ☆ မုဆိုးရွှေအိုးရ | ကွက်လပ်ကိန်း |



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျောက်တိုင်

မိုးပေါ်ကလာတဲ့ အန္တရာယ်

အိမ်ပေါ် ခဲကျတယ်၊ ခဲနဲ့ထုတယ်၊ လူကိုခဲနဲ့ပစ်တယ်ဆိုရင် ရာဇဝတ်မှုထိုက်တယ်။ လူကပစ်တာမဟုတ်ဘဲ မိုးပေါ်ကနေ ခဲတွေ၊ သံချောင်းတွေ အလိုလိုကျလာရင်ကော ပြစ်မှုထိုက်ပါသလား။

မိုးတွေ သဲကြီးမဲကြီးရွာတာကို အင်္ဂလိပ်စကားနဲ့ ကြောင်တွေ၊ ခွေးတွေ ကျလာသလို ရွာတယ်လို့ ပြောကြတယ်။ ကြောင်တွေ၊ ခွေးတွေ ကျ, မကျတော့ မသိ။ ခဲတွေ၊ သံချောင်းတွေ၊ ငါးတွေ၊ ဖားတွေ၊ မိုးသီးကြီးတွေ၊ ကျောက်တုံးကြီးတွေ မိုးပေါ်ကကျလာတာတော့ မှတ်တမ်းတင်ထားရတာတွေ ရှိတယ်။

မိုးရွာတာမဆန်းပေမယ့် ဒီလို ခဲတွေ၊ သံချောင်းတွေ၊ ဖားတွေ၊ ငါးတွေ၊ ကျွတ်တွေ မိုးပေါ်ကကျလာကတော့ ဆန်းတယ်။ ဟိုးရှေး နှစ်ပေါင်း (၅၀၀၀) လောက်က ဆူမာရီးယန်းပြည်မှာ မိုးကောင်းကင်က မီးတောက်တွေကျခဲ့ဖူးတယ်လို့ မှတ်တမ်းရှိတယ်။ မိုးပေါ်ကကျတဲ့မီးတောက်ဆိုတာကို ကျွန်တော်တို့ဆီမှာ လောင်မီးလို့ ခေါ်ပါတယ်။ 'လောင်မီးကျလျက် နတ်တို့စက်' ဆိုပြီး စက်ကြီးတစ်ဆယ့်သုံးပါးမှာ ပါတယ်မဟုတ်လား။ မိုးပေါ်ကကျလာတဲ့ မီးကို နတ်တွေက ချလိုက်တဲ့ လောင်မီးလို့ ဆိုလိုဟန်ရှိတယ်။ လူရှို့တဲ့မီးမဟုတ်ဘဲ အိမ်ခေါင်မိုးပေါ်မှာ အလိုလိုမီးလောင်တာဟာ လောင်မီးလို့ လူကြီးသူမများက ပြောကြတယ်။

လောင်မီးလို ကြောက်စရာမကောင်းပေမယ့်လို့ မိုးပေါ်က ခဲတွေ၊ သံတိုသံစတွေ၊ ဖားတွေ၊ ငါးတွေ၊ ကျွတ်တွေကျလာတာကို ကမ္ဘာနေရာ အနှံ့အပြားမှာ တွေ့နေရတယ်။

၁၉၆၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ဟတ်ဖီးမြို့မှာနေတဲ့ အိမ်ရှင်မ မစ္စက်ရှ(သ်)ဟာ ဈေးဝယ်သွားမလို့ ကားမောင်းပြီး ထွက်လာတယ်။ ရာသီဥတုက ဖြန်းခနဲ အေးလာပြီး သူမရဲ့ ကားစက်ခေါင်းအဖုံးပေါ်မှာ တစ်စုံတစ်ခု ဖုတ်ခနဲ ကျလာတယ်။ လှမ်းကြည့်လိုက်တော့





www.burmeseclassic.com

www.burmeseclassic.com



…င်းလောက်ရှိတဲ့ ငါးတစ်ကောင် မိုး …ကျလာတာဖြစ်တယ်။ မကြာခင် …ားအမိုးပေါ်ကို ငါးတစ်ကောင် …နေ ကျလာပြန်တယ်။ အနီးအနား …တွေ ကစားရင်း ပစ်လိုက်တာ …ကြည့်လိုက်တော့လည်း လူစ …မှမမြင်ရဘူး။ နောက်ထပ် ငါး …င်ကျလာတော့ သူမရဲ့ ခင်ပွန်း …က အိမ်ထဲက ထွက်လာတယ်။ … ထွက်လာတော့ ကျွန်မလည်း …ကထွက်မလို့ ခေါင်းမြှုကြည့် … ငါးတွေ တစ်ပြုံကြီး မိုးပေါ်က …တယ်။ ကျွန်မရဲ့ ခေါင်းပေါ် … ငါးတွေကျလာတယ်။ နောက် …းအကောင်(၂၀)လောက်ကျလာ …့ မစ္စက်ရှ(သ်)ကပြောတယ်။

…ျလာတဲ့ငါးတွေဟာ စုစုပေါင်း …သာလောက် ရှိမယ်။ အားလုံး …တ်ဆတ်ဆတ်ငါးတွေချည်းပါပဲ။ …မိုးပေါ်ကမေ ငါးတွေကျဖူးတာကို …ရှ(သ်)ရဲ့မိဘတွေ ငယ်စဉ်ကလည်း …တယ်။ ကျွန်မအဖေရဲ့ ခေါင်းပေါ် …တွေ၊ ဖားတွေကျလာလိုက်တာ …းဘူးလို့ အဖေက ပြောဖူးကြောင်း …က ဆက်ပြောတယ်။

ဒီလို မိုးပေါ်က အထူးအဆန်း …ကျလာတာကို သတင်းစာဆရာ …လ်)ဖို့(ဒ်)က သဲကြီးမဲကြီး လေ့လာ …ယ်။ သူ့ဘဝတစ်လျှောက်လုံးလိုလို …ဒီလိုထူးဆန်းတဲ့ဖြစ်ရပ်တွေကို လိုက် …စဆောင်းပြီး ‘ထူးထွေတည့်အံ့ရာ …’ ဆိုတဲ့ စာအုပ်ရေးခဲ့တယ်။

ဒီစာအုပ်ထဲမှာဖော်ပြထားတဲ့မှတ် …မ်းတွေကတော့-

အေဒီ ၂၀၀၀ ပြည့်နှစ်က အာဆီ …ယားကျွန်းပေါ်မှာ မိုးပေါ်က ကျွတ်မိုး …တွေရွာချတယ်။ ဒါဟာ ပထမဆုံး မှတ် …မ်းတင်ထားတဲ့ ကျွတ်မိုးပါပဲ။

၁၅၇၈ ခုနှစ်မှာ ဆွီဒင်က ဘာဂင် …မှာ အဝါရောင်ကျွတ်တွေ မိုးပေါ်က …ကျလာပြီးတော့ ပင်လယ်ကမ်းစပ်ဆီကို …သွားပြီး ပင်လယ်ထဲ ကူးသွားကြ …ယ်လို့ ဆိုတယ်။

၁၈၆၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ …ကပူမှာ ငလျင်လှုပ်ပြီးတဲ့နောက် မိုး …က ကျွတ်တွေကျလာတာ လက်ဆွဲ …ဘစ်ပုံးစာလောက်ရှိတယ်။

၁၈၈၂ ခုနှစ်၊ ဇွန်လမှာ အိုင်အိုဝါ …နယ်မှာ နှင်းမုန်တိုင်းကျပြီးနောက် ရေ …တုံးလောက်ရှိတဲ့ မိုးသီးတွေကျလာ တယ်။ မိုးသီးကြီးတွေထဲမှာ ဖားတလက် (ဖားလတက်)တွေ ပါလာတာ တွေ့ရတယ်။

၁၈၈၁ ခုနှစ်၊ ဝိုတက်စတာမှာ လေပြင်းမုန်တိုင်းတွေ တိုက်ခတ်ပြီးတဲ့နောက် မိုးပေါ်က ချုပင်တွေ တစ်ပြုံကြီး လမ်းမပေါ်ကျလာတယ်။ ဒီချုပင်တွေဟာ အခုအထိ ရှင်သန်နေကြတယ်လို့ ဆိုတယ်။

၁၉၇၃ ခုနှစ်၊ စက်တင်ဘာလမှာ ပြင်သစ်ပြည် ဘရစ်ဂနိုး(စ်) မြို့ပေါ်ကို မိုးပေါ်က ဖားပြုပ်တွေ ကျလာတယ်။ ရုတ်တရက် လေပြင်းတိုက်ပြီး ကျလာတာ ဖြစ်တယ်။

မြွေတွေ၊ ကျွတ်တွေ၊ ပိုးမွှားကောင်တွေ၊ ချော်ခဲတွေ၊ ဘဲကောင်တွေပါ ကျလာတယ်လို့ မှတ်တမ်းတင်ထားတယ်။ ကိုယ်တွေ့ကြုံဖူးသူတစ်ဦးက -

‘ပထမတော့ မိုးသီးတွေ ကျလာတာလို့ ကျွန်မထင်မိတယ်။ မကြာပါဘူး၊ မိုးသီးတွေထဲက ဖားတလက် (ဖားလတက်) လေးတွေ ထွက်လာပြီး ခုန်ဆွခုန်ဆွနဲ့ လမ်းပေါ်သွားနေတော့မှ ဖားတွေဆိုတာ သိလိုက်ရတယ်။ လေပြင်းမုန်တိုင်းတိုက်နေစဉ်မှာ ကျွန်မခင်ပွန်းရဲ့ ဦးထုပ်ပေါ်မှာ ဖားကလေးတွေ ကျလာတယ်ရှင့်’

လို့ ပြောတယ်။

များသောအားဖြင့် ဒီလိုကျလာတဲ့ ဖားတွေဟာ ဖားတလက်လို အကောင်သေးကလေးတွေသာ ဖြစ်တယ်။ လေပြင်းမုန်တိုင်းတိုက်လို့ ရေထဲက ဖားတွေ လေထဲပါလာတာ ဖြစ်မယ်လို့ထင်ခဲ့ကြတယ်။ ဒါပေမယ့် အနီးအနား ရေကန်တွေထဲမှာ ဒီလိုဖားတလက်တွေမရှိဘူး။

ဂရိ(စ်)ကျွန်းမှာ မိုးပေါ်က ငါးတစ်ကောင်ကျလာပြီးတော့ ကုန်းမြေပေါ်မှာ (၃) ရက်အထိ အသက်ရှင်နေတယ်လို့ မှတ်တမ်းရှိတယ်။ လေတိုက်လို့ပါလာတဲ့ မြစ်ထဲက ငါးဟာ ဘယ်နည်းနဲ့မှ ကုန်းပေါ်မှာ အသက် (၃) ရက် မရှင်နိုင်ဘူး။ လေပြင်းရဲ့ဒဏ်ကြောင့် မြေပေါ်ကျလာတာပဲ မသက်သာလှဘူး မဟုတ်လား။

ခေတ်သစ်မှာ လေယာဉ်ပျံတွေဟာ လေထဲမှာ ကူးကယ်ခေါက်ကယ် ကူးသန်းနေတော့ လေယာဉ်ပေါ်က ရေခဲတုံးတွေ အောက်ကိုကျတယ်ဆိုတာ ဖြစ်နိုင်တယ်။ လေယာဉ်ပျံတွေ မပေါ်ပေါက်မီက ကောင်းကင်က ရေခဲတုံးကြီးတွေကျလာတယ်ဆိုရင်တော့ စဉ်းစားစရာဖြစ်လာတယ်။

ရှေးလူကြီးတွေကတော့ ရေခဲတုံးကြီးတွေ၊ ငါးတွေဟာ အခြားဂြိုဟ်တွေ၊ နက္ခတ်တွေဆီလာတာလို့ ထင်ကြေးပေးကြတယ်။ရှာလီမိန်းဘုရင်ကြီးလက်ထက်ကကျလာတဲ့ ရေခဲတုံးကြီးဟာ (၁၆× ၁၇×၁၁) ပေတောင်ရှိတယ်။ (၁၅)ပေပတ်လည်လောက် ကြီးမားတယ်လို့ဆိုရမှာပါပဲ။ အိမ်ပေါ်ကျရင် အိမ်အမိုးတွေ ပျက်စီးမယ်။ လူပေါ်ကျရင်တော့ ပွဲချင်းပြီးပဲ။

၁၈၄၉ ခုနှစ်က စကော့တလန်ပြည် အော့မြို့မှာကျလာတဲ့ ရေခဲတုံးကြီးဟာ (၁၉) ပေလောက်ရှိတယ်လို့ မှတ်တမ်းတင်ထားတယ်။

၁၉၇၆ ခုနှစ်၊ မတ်လက ဗာဂျီးနီးယားပြည်နယ် တင်ဗာဇီးမြို့မှာ ဘောလုံးအရွယ်ရှိ ရေခဲတုံးကြီးဟာ အိမ်ခေါင်မိုးပေါ်ကျလာတယ်။ ဝုန်းခနဲ ကျလာတဲ့ အသံကြောင့် အိမ်နီးချင်းတွေက ဘာဖြစ်တာလဲဆိုတာသိရအောင် အပြင်ထွက်ကြည့်ကြတယ်။ဘောလုံးအရွယ်လောက်ရှိတဲ့ နောက်ထပ်ရေခဲတုံးကြီးတစ်တုံး သူတို့မျက်စိရှေ့မှာကျလာတာ မြင်လိုက်ရတော့မှ လန့်ဖျပ်သွားကြတယ်။

မိုးပေါ်ကကျလာတာတွေဟာ ရေခဲတုံးတွေ၊ကျွတ်တွေ၊ဖားတွေ၊သံချောင်းတွေသာမကပါဘူး။ မီးတွေပါကျလာတာလည်းရှိတယ်။ မိုးပေါ်က မီးတွေသာကျလာရင်တော့ မြေပေါ်ကလူတွေ၊ အဆောက်အအုံတွေပါပျက်စီးနိုင်တယ်။ ဒါကြောင့်ထင်ပါရဲ့။ စက်ကြီး(၁၃)ပါးထဲမှာ ‘လောင်မီးကျလျက် နတ်တို့စက်’လို့ ဆိုတာ ဖြစ်နိုင်ပါတယ်။

မောင်ကျောက်တိုင်

Ref: *Supernatural.*



www.burmeseclassic.com

www.burmeseclassic.com

# ကျေးရူးရှင်စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ





(ယခင်လမှအဆက်)

**မားကြိမ်းကြိမ်းသော ဦးတိသ**

နတ်ပွဲတွင် နတ်ဝင်စီးပြီး ထိုနတ်တို့ ပြန်မထွက်သဖြင့် ဆရာတော်ဦးတိသတို့ အကျဉ်းအကျပ်တွေ့ပြီး လူအများ ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် စစ်ကွင်းဆရာတော်သည် အတူပါလာသည့် ရဟန်းကိုခေါ်ဆောင်ကာ ကျောင်းအပြင်ဘက် အမိုးအကာလွတ်သည့်နေရာသို့ ထွက်လာခဲ့၏။

အပြင်သို့ရောက်သောအခါ စစ်ကွင်းဆရာတော်သည် အသင့်ပါလာသော ဇော်ဂနီရုပ်ကိုထုတ်ပြီး လက်ဝါးပေါ်တင်လိုက်ကာ -

"သာဗိန္ဒဇော်ဂနီနတ်ကြီး၊ စစ်ကွင်းက မယ်တော်ကြီးကို ယခုပင် အမြန်သွားခေါ်လာခဲ့ပါ။အမြန်လာပါလို့လည်းပြောပေးပါ"

ဟု ပြောလိုက်သောအခါ ဇော်ဂနီအရုပ်လည်း ဆရာတော်၏လက်ပေါ်မှ တစ်မုဟုတ်ချင်းပင် ပျောက်ကွယ်သွားလေတော့၏။

အချိန် (၁၅) မိနစ်မျှအကြာတွင် စစ်ကွင်းမှ မယ်တော်ကြီးသည် ရောက်ရှိလာခဲ့လေ၏။ ခရီးရောက်မဆိုက်ပင် မယ်တော်ကြီးက စစ်ကွင်းဆရာတော်အား-

"မောင်ပဥ္စင်း၊ ဒီရေကို ယူသွားပြီးတော့ ဟိုမှာနတ်ဝင်ပူးပြီးပြန်မထွက်တဲ့လူတွေကို သွားတောက်လိုက်ပါ။ ပူးနေတဲ့နတ်တွေဆက်မနေနိုင်ဘူး ထွက်သွားလိမ့်မယ်"

ဟု ရေကို ပေးကာ ပြောဆိုမှာကြားပြီးသောအခါတွင် မယ်တော်ကြီးလည်း ပျောက်သွားလေတော့၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း မယ်တော်ပေးသည့်ရေကိုယူလာပြီး ဝင်ပူးနေသည့်နတ်များ ပြန်မထွက်ဘဲ ဒုက္ခရောက်နေသည့် နတ်ဆရာကြီး လေးယောက်တို့အား ထိုရေဖြင့်တောက်ပေးလိုက်၏။ ရေတောက်လိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် နတ်ဆရာကြီးလေးယောက်၌ ပူးဝင်ကပ်နေသောနတ်တို့သည် ထွက်သွားလေတော့၏။

ထိုအခါ နတ်ပွဲဦးစီးပုဂ္ဂိုလ် ဆရာတော် ဦးတိသသည် အလွန်...



www.burmeseclassic.com

www.burmeseclassic.com

သည်းရှက်လှ၏။ ပရိသတ်အလယ် မျက်နှာပျက် အရှက်ရစေသော ဘောဖြစ်သဖြင့် ဒေါသလည်းထွက် အော်ကြီးဟစ်ကျယ် ပေါက်ကွဲ ၏။ သူ၏နှုတ်မှလည်း-

"တိဿကို ဒီလိုပုံစံမျိုးနဲ့ လာစမ်း ဘာရမလဲ"

ဟု ခပ်ထန်ထန် စကားလုံးများ ဆိုသုံးစွဲ စိန်ခေါ်လေတော့၏။

ထိုအခါတွင် စစ်ကွင်းဆရာတော် ကလည်း မနေသာတော့ဘဲ -

"ဆရာတော် စိတ်မရှိပါနဲ့။ ကျုပ် ပညာစမ်းတာမဟုတ်ပါဘူး။ ပညာ ယူတာသာ ဖြစ်ပါတယ်"

ဟု ပြန်လျှောက်လေ၏။

(မှတ်ချက် - ဤနေရာ၌ ဆရာ သမားများက ပြောကြားခဲ့သည်မှာ ကဝေတို့သည် နတ်ကို ပိုင်ကြောင်း၊ ထို့ ကြောင့် နတ်တို့သည် ကဝေနှင့် ပတ် သက်လျှင် ကဝေသာရသာ ရှိကြောင်း၊ ဆရာသာရဟူ၍မရှိကြောင်း မိန့်ကြားခဲ့ ဖူးပါသည်။ သို့ပါ၍ ကဝေကစွမ်းသွား ခြင်းသာ ဖြစ်ပါသည်။)

ထိုအခါ ဆရာတော် ဦးတိဿ သည် ဒေါသဖြစ်ပြီး -

"တိဿကို ဒီလိုစမ်းလို့ဘာရမလဲ၊ ဘာမှတ်လို့လဲ"

ဟု ကြိမ်းဝါးပြီး ခြေတွေ၊ လက်တွေ ကို အပေါ်သို့ ပစ်မြှောက်ကာ ခေါင်းဖြင့် ခြင်းခတ်သကဲ့သို့ခတ်ပြလေ၏။

ထိုအခါတွင် စစ်ကွင်းဆရာတော် လည်း စိုးရိမ်၍ လန့်ဖျပ်သွားပြီး အဖော် ရဟန်းကိုပါ ခေါ်ကာ ပြေးမိပြေးရာ ထွက်ပြေးတော့၏။ မှောင်ကလည်း မှောင်နေပြီ ဖြစ်၏။ သူတို့၏နောက်မှ ငြာသံပေး၍ လိုက်လာသောအသံများ ကိုလည်း အသည်းတုန်အူတုန်စဖွယ် ကြားနေရ၏။ ထိုကြားရသောအသံ များမှာ-

"ဟေ့- မင်းတို့ တိဿရဲ့နယ်မှာ အရှင်ထွက်လို့မရဘူး၊ အသေပဲထွက်လို့ ရမယ်။ လွတ်လမ်းမရှိဘူး။ လိုက်ဟေ့၊ လိုက်ကြ"

ဟူသော ကျယ်လောင်သည့် ကြိမ်းမောင်းသံများကို ကြားရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

စစ်ကွင်းဆရာတော်တို့လည်း ကြောက်ကြောက်နှင့် မှောင်မှောင်မည်းမည်းထဲတွင် ပြေးရင်းလွှားရင်း၊ ကျော်ရင်းခုန်ရင်းဖြင့် မူလနေရာမှ တော်တော်ဝေးကွာသောနေရာသို့ ရောက်ရှိလာခဲ့၏။ အနီးပတ်ဝန်းကျင်အား ဝေ့ဝိုက်ကြည့်လိုက်ရာ မည်သည့်အရာမျှမရှိသည်ကို တွေ့ရသဖြင့် အဝေးသို့ မျှော်ကြည့်လိုက်ရာ တစ်နေရာတွင် မီးလေး မှိတ်တုတ်မှိတ်တုတ်နှင့် တဲလေးတစ်လုံးကို လှမ်းမြင်ရလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်တို့သည် အားတက်လာကာ အဖော်ရဟန်းကိုပါ ခေါ်ဆောင်ပြီး မီးရောင်မြင်ရသည့် တဲလေးဆီသို့ အပြေးအလွှား သွားရောက်ခဲ့ကြလေသည်။

အဆိုပါ တဲလေးဆီသို့ ရောက်ရှိသောအခါတွင် တဲအတွင်းမှ ရဟန်းအိုကြီးတစ်ပါး ထွက်လာလေ၏။ ထိုရဟန်းအိုကြီးသည် ထွက်လာပြီးလျှင် စစ်ကွင်းဆရာတော်တို့ကို သေချာစွာကြည့်ကာ စစ်ကွင်းဆရာတော်တို့က မည်သည့်စကားမျှ မပြောရသေးမီတွင် ရဟန်းအိုကြီးက -

"မင်းတို့ သိပ်ကံကောင်းတယ်၊ ဒါတိသနယ်ပဲ။ တိသနယ်ထဲက မထွက်သေးဘူး။ တိသကို တော်ရုံလူ အန်မတုနိုင်ဘူး။ တိသက နတ်ကို တော်တော်ပိုင်တယ်။ ဒါက ငါ့ကျောင်းမို့လို့ မင်းတို့ သက်သာရာရသွားတာ"

ဟု ပြောဆိုပြီး သူ့တဲလေးအတွင်းသို့ စစ်ကွင်းဆရာတော်တို့ကို ခေါ်ဆောင်ကာ စောင့်ရှောက်ထားလေ၏။

နောက်ရက်သို့ရောက်သောအခါတွင်ကား ရဟန်းအိုကြီးသည် စစ်ကွင်းဆရာတော်တို့ကို စစ်ကွင်းမြို့အထိ ရောက်အောင် လိုက်ပါ ပို့ဆောင်ပေးခဲ့သဖြင့် စစ်ကွင်းဆရာတော်တို့လည်း ဘေးမသီရန်မခဘဲ ကံကောင်းထောက်မစွာဖြင့် ပြန်လည် ရောက်ရှိကြလေ၏။

ဆရာတော်တို့စစ်ကွင်းပြန်ရောက်ပြီးနောက်ပိုင်းတွင် ငယ်ဆရာတော်ဖြစ်သည့် ဘိုးဝဏ္ဏနှင့် ရဟန်းအမကြီးတို့က စစ်ကွင်းဆရာတော်အား ဤပုံစံအတိုင်း မည်သည့်လုပ်ငန်းမျှမရှိဘဲ အချိန်ကုန်မည်ကိုစိုးသဖြင့် စာပေပရိယတ္တိ ထွန်းကားရာ မန္တလေးမြို့ကြီးသို့ သွားရောက်၍ စာပေသင်ကြားစေလိုကြ၏။ ထို့ကြောင့်လည်း ဆရာတော်ဦးစန္ဒောဘာသသည် ငယ်ဆရာနှင့် ရဟန်းအမကြီးတို့၏ ဖြစ်စေလိုသောဆန္ဒအတိုင်း မန္တလေးမြို့သို့ စာပေပရိယတ္တိ သင်ကြားရန် ထွက်လာခဲ့လေ၏။

ဦးစန္ဒောဘာသသည် မန္တလေးရောက်သောအခါ စာသင်တိုက်တစ်တိုက်တွင် စာသင်သားအဖြစ် ဝင်ရောက်၍ စာပေပရိယတ္တိ သင်ယူလေ၏။ သို့သော် ထိုစာသင်တိုက်တွင် စာသင်သားသံဃာတော် များပြားလှသဖြင့် ဆွမ်း၊ ကွမ်းကိစ္စသည် စာလိုက်သံဃာများအဖို့ အဓိကအခက်အခဲဖြစ်လာ၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း မပျော်ပိုက်ဘဲ ဖြစ်လာလေတော့၏။ သို့သော်လည်း ဆရာတော်သည် ကြိတ်မှိတ်၍ သည်းခံပြီး လုပ်မြဲအလုပ်ကိုပင် မပျက်အောင်ထိန်း၍ ဆက်လက်နေထိုင်ခဲ့၏။ သို့သော် အခြေအနေကား ဆိုးသည်ထက်ဆိုးလာသည့်အဆုံး စစ်ကွင်းဆရာတော်သည် စာသင်တိုက်မှ ထွက်လာခဲ့လေ၏။ ထိုသို့ထွက်လာပြီးနောက်ပိုင်းတွင် ဆရာတော်သည် စစ်ကွင်းသို့ ပြန်ရန် ဆုံးဖြတ်လိုက်၏။ ထိုသို့ဆုံးဖြတ်ချက်အတိုင်း မန္တလေးဆိပ်ကမ်းတွင် ဆင်း၍ အညာဆန်သင်္ဘောကြီးကို စီးကာ စစ်ကွင်းသို့ ပြန်လာခဲ့လေတော့၏။ ထိုသို့ အညာဆန်သင်္ဘောကို စီးလာစဉ် သင်္ဘောပေါ်၌ ရဟန်းတော်တစ်ပါးနှင့် ခင်မင်ပြီး အဖွဲ့ကျသွားလေ၏။ ထိုအခါ စစ်ကွင်း ဆရာတော်က ထိုရဟန်းတော်အား-

"အရှင်ဘုရားဘွဲ့ ဘယ်လိုခေါ်ပါသလဲ"

"ဦးသီလ"

"အရှင်ဘုရား ဘယ်ကိုကြွမလို့ပါလဲ"

"တပည့်တော် ပုပ္ပားကို ကြွမလို့ပါ"

ဟု ဆရာတော် ဦးသီလက ဖြေလိုက်ရာ ဦးစန္ဒောဘာသလည်း ပုပ္ပားဟူသောအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ထိတ်ထိတ်ပျာပျာဖြစ်သည့် အမူအရာသို့ ပြောင်းသွားပြီး ချက်ချင်းပင်-

"ဟာ - ကိုယ်တော် ပုပ္ပားသွားမယ် ဟုတ်လား။ အမလေး - ပုပ္ပားကို မသွားနဲ့နော်။ ပုပ္ပားက ဆရာတော် ဦးတိသ ဆိုတာက တော်တော်ဆိုးတယ်၊ တော်တော်လေးလည်း ကြမ်းတယ်"

ဟု ပြောသောအခါ ဆရာတော် ဦးသီလက -

"ကျုပ်သွားမှာက ပုပ္ပားပါပဲ။ ဒါပေမယ့် ဦးတိသဆီကို သွားမှာမဟုတ်ဘူး"

ဟု ပြောပြီး သူ့တွင်ပါလာသော စာတစ်စောင်ကို ဦးစန္ဒောဘာသအား ထုတ်ပြလေသည်။ ထို့နောက် ဆရာတော် ဦးသီလသည် သူ၏ စကားစကို ခေတ္တရပ်နားပြီး ချိန်ချိန်ဆဆ အမူအရာမျိုး ဖြစ်နေလေ၏။ ထို့နောက် ဦးသီလသည် တစ်စုံတစ်ရာကို ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချပြီးသောဟန်ဖြင့် သူ့စကားစကို ဆက်လေ၏။

"ကျုပ်သွားရမယ့်နေရာက ဝိဇ္ဇာခရ လောကီပညာကို တတ်ကျွမ်းတော်မူတဲ့ ဆရာတော်ကြီးတစ်ပါးဆီကို သွားမှာပါ။ အဲဒီဆရာတော်ကြီးကတော့ ပုပ္ပားတောင်မကြီးဘက်မှာ သီတင်းသုံးနေတော်မူတဲ့ ဆရာတော် ဦးကန္တာသဖ ဆီကို သွားမှာပါ။ အဲဒါကြောင့် ကိုယ်တော့်အနေနဲ့ စိတ်ဝင်စားမယ်ဆိုရင် လိုက်ချင်လိုက်ခဲ့လို့ရတယ်"

"ဝိဇ္ဇာခရလောကီပညာတွေတတ်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့ စိတ်ဝင်စားတယ်။ တွေ့ချင်တယ်၊ လိုက်ခဲ့မယ်"

ဟု စစ်ကွင်းဆရာတော်ကလည်း စိတ်ပါလက်ပါပင် ချက်ချင်း မဆိုင်းမတွသဘောတူလိုက်တော့၏။

**ပုပ္ပားတောင်သို့ ဒုတိယမ္ပိ ထပ်မံရောက်ရှိခြင်း သို့တည်းမဟုတ် ဝိဇ္ဇာမိုရ်လောကသို့ ပထမခြေလှမ်း**

စစ်ကွင်းဆရာတော်သည် သူစိတ်ပါဝင်စားလှသော အလွန်တရာ သင်လိုလှသည့် ဝိဇ္ဇာခရလောကီပညာကို ရနိုင်ရန် အခွင့်အလမ်းတစ်ရပ်၏ လမ်းစကို တွေ့ရသဖြင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့၏။ ထို့ကြောင့်လည်း စစ်ကွင်းဆရာတော်သည် ဖြစ်လိုရာဖြစ်စေတော့၊ ဤလောကီပညာကို မရ,ရအောင်ယူမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ စစ်ကွင်းဆရာတော် အနေဖြင့် ဤဆုံးဖြတ်ချက်ကိုချမယ့်သာ ချလိုက်ရသည်။ လောကီပညာဘယ်နှမျိုးရှိမှန်း၊ မည်သို့သော အတိမ်အနက်ကွာခြားမှန်းပင် ရေရေရာရာ မသိသေးပေ။

ထိုပညာရပ်ဆိုင်ရာတို့၏ အကြောင်းခြင်းရာကို လည်းကောင်း၊ ထိုပညာရပ်တို့၏ သဘောသဘာဝကိုလည်းကောင်း နှစ်သက်လွန်း၍သာ ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ သို့အ

www.burmeseclassic.com

www.burmeseclassic.com

တ်ကြောင့်လည်း စစ်ကွင်းဆရာတော်သည် သူ့မူလရည်ရွယ်ခဲ့သော စစ်ကွင်းသို့ပြန်ရန် ရည်ရွယ်ချက်ကိုဖျက်ကာ ပုပ္ပားတောင်မကြီးရှိ ဝိဇ္ဇာခရလောကီပညာများ တတ်ကျွမ်းသည့် ဆရာတော်ကြီးနှင့် တွေ့ဆုံရန် ဦးတည်လိုက်တော့၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်နှင့် ဆရာတော် ဦးသီလတို့သည် ပုပ္ပားတောင်မကြီးဘက်သို့ ထွက်ခဲ့ကြလေတော့၏။ ပုပ္ပားတောင်မကြီးသို့ ရောက်သောအခါ ဆရာတော် ဦးက္ကန္ဒာသမသီတင်းသုံးရာ ဂူတစ်ဂူအား ရှာဖွေပြီး သွားခဲ့ကြလေ၏။

ထိုဆရာတော်ကြီး၏ဂူမှာ ဥမင်ဂူ၏အနောက်ဘက်ရှိ တောင်မကြီး၏ ဂူတစ်ဂူထဲတွင် သီတင်းသုံးခြင်း ဖြစ်၏။ ထိုဂူကြီးဆီသို့ ဆရာတော် ဦးစန္ဒောဘာသတို့ ရောက်ရှိသွားသောအခါ ဂူဝင်ပေါက်ကို ရှာမရချေ။ ဂူကြီးကို အသေအချာ တွေ့နေရသော်လည်း ဂူပေါက်ဝပျောက်နေခြင်းပင် ဖြစ်၏။ တစ်စုံတစ်ဦးကို မေးမြန်းအကူအညီတောင်းရန်ကလည်း မလွယ်ပေ။ အနီးအနား၌ လူသူဆို၍ အရိပ်အယောင်ကိုမျှ မမြင်ရမတွေ့ပေ။ ထို့ကြောင့် ဦးစန္ဒောဘာသတို့လည်း မည်သို့ပြုလုပ်ရမည်ကိုမသိဘဲ အကြံအိုက်လျက်ရှိကြလေ၏။

ခေတ္တမျှကြာသောအခါ အဆိုပါဂူအနီးဝန်းကျင်မှ သျှောင်တစောင်းနှင့် အဘိုးကြီးတစ်ဦးထွက်လာသည်ကို တွေ့ရလေ၏။ ထိုအခါ ဦးစန္ဒောဘာသတို့သည်း အားတက်ပြီး စိတ်ထက်သန်စွာဖြင့် ထိုအဘိုးကြီးကိုကြည့်နေကြလေ၏။ ထိုအခါတွင် သူတို့သည် ထူးဆန်းသောအဖြစ်အပျက်တစ်ရပ်ကို အံ့ဩဖွယ်တွေ့ရလေ၏။ထိုအဖြစ်အပျက်ကား ဦးစန္ဒောဘာသတို့ကြည့်နေရင်းပင် ထိုသျှောင်တစောင်းနှင့်အဘိုးကြီးသည် တဖြည်းဖြည်း အဘိုးကြီးအသွင်ပျောက်ပြီး ရဟန်းတစ်ပါးအသွင်ပေါ်လာလေတော့၏၊ ဆရာတော်ဦးစန္ဒောဘာသတို့သည် ထိုကဲ့သို့ အချိန်တိုအတွင်းတွင် ရုတ်ခြည်းပြောင်းလဲသွားသည့် အဖြစ်အပျက်ကြောင့် လွန်စွာပင် အံ့ဩကြရ၏။

တစ်ချိန်တည်းတွင်ပင် စစ်ကွင်းဆရာတော်၏စိတ်ထဲ၌ ဤဆရာတော်ကြီး၏လောကီပညာသည် အတော်စွမ်းသည့်ပညာပါလားဟု တွေးမိလေ၏။

ဤသို့ဖြင့် ဆရာတော်ကြီး သူတို့ထံရောက်လာသောအခါ ဆရာတော်ဦးသီလက ဆရာတော်ဦးက္ကန္ဒာသဖအား သူယူလာသည့်စာကို ဆက်ကပ်လိုက်၏။ ထိုအခါ ဆရာတော်ကြီးက စာကို ဖွင့်၍ ဖတ်လိုက်၏။ ထို့နောက် ဆရာတော်ကြီး ဦးက္ကန္ဒာသဖက-

"စာယူလာတဲ့ ကိုယ်တော်က ဘယ်သူလဲ"

ဟု မေးလေ၏။

ထိုအခါ စာယူလာသော ဆရာတော်ဦးသီလက -

"တပည့်တော်ပါ"

ဟု လျှောက်လိုက်၏။

ထိုအခါ ဆရာတော်ကြီးက မှရှင်းလင်းသော အမူအရာဖြင့် ဆရာတော်ဦးသီလဘက်လှည့်ပြီး -

"ဘယ်လိုလဲ ကိုယ်တော်ရဲ့၊ အခု ဒီစာထဲမှာ ရဟန်းတစ်ပါးတည်းရဲ့ကိစ္စကို ရေးထားတယ်။ အခု ဒီမှာရောက်နေတာက ရဟန်းနှစ်ပါးတောင် ဖြစ်နေတယ်"

"မှန်ပါ့ဘုရား၊ ဒီကိုယ်တော်ကလည်း အခုလို ဝိဇ္ဇာခရလောကီပညာတွေကို အလွန်အင်မတန်မှ စိတ်ပါဝင်စားပြီး သင်ယူချင်ပါတယ်ဆိုလို့ တပည့်တော်ခေါ် လာတာပါ"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီး ဦးက္ကန္ဒာသဖသည် စစ်ကွင်းဆရာတော်အား လှည့်ပြီး သေသေချာချာ စူးစူးစိုက်စိုက် ကြည့်ရှုလေ၏။ ခေတ္တမျှကြာသောအခါတွင်မှ ဆရာတော်ကြီးက စစ်ကွင်းဆရာတော်တို့နှစ်ပါးစလုံးအား -

"ကဲ - လာလာ"

ဆိုပြီး ဂူကြီးထဲသို့ ခေါ်သွားလေ၏။ ဂူထဲသို့ရောက်သွားကြသောအခါ ဆရာတော်ကြီးက စစ်ကွင်းဆရာတော်တို့အား -

"ကိုယ်တော်တို့နှစ်ပါး ဒီမှာနေကြပါ။ ဘုန်းကြီး ကိစ္စရှိလို့ အပြင်ကို သွားလိုက်ဦးမယ်"

ဟု ပြောပြီး ဂူတံခါးကိုပိတ်ကာ အပြင်သို့ ထွက်သွားလေ၏။

ထိုအခါ ဂူအလုံပိတ်ကြီးထဲတွင် စစ်ကွင်းဆရာတော်တို့နှစ်ပါးသာ ကျန်ခဲ့လေတော့၏။ ထိုသို့ရှိနေစဉ် မကြာမီတွင် ဗိုက်ဆာလာသောကြောင့် ဂူအတွင်းပိုင်းအထိ ဝင်လာပြီး စားစရာရှာလေ၏။ ထိုအခါ မည်သည့်စားစရာတစ်စုံတစ်ရာမျှ ရှာ၍မတွေ့ပေ။ သို့သော် ဂူအမိုးပေါ် မှ တစ်စက်တစ်စက်ဖြင့် ကျနေသည့်ရေကို ကျောက်ခွက်တစ်လုံးနှင့် ခံထားသည်ကိုတွေ့ရသဖြင့် ထိုကျောက်ခွက်ထဲမှရေကိုသာ ဆရာတော်နှစ်ပါးစလုံးတို့ သောက်သုံးကြပြီး ဆရာတော်ကြီး ဦးက္ကန္ဒာသဖပြန်အလာကို စောင့်မျှော်နေခဲ့ကြလေ၏။

စစ်ကွင်းဆရာတော်တို့သည် ဆရာတော်ဦးက္ကန္ဒာသဖ ပြန်အလာကို စောင့်မျှော်နေခဲ့ကြရာ တစ်ရက်ပြီးတစ်ရက်သာ ကုန်သွားခဲ့၏။ ဆရာတော် ဦးက္ကန္ဒာသဖကား ပြန်ကြွလာတော်မမူခဲ့ချေ။ ဤသို့ဖြင့် ရက်မှသည် လကူးသွားတော့၏။ ထိုသို့အချိန် တစ်လခန့်ကြာသောအခါတွင်မှ ဆရာတော်ကြီး ဦးက္ကန္ဒာသဖ ပြန်ကြွလာလေ၏။ ဆရာတော်ကြီး ပြန်ရောက်ရှိပြီး ခရီးရောက်မဆိုက်ပင် စစ်ကွင်းဆရာတော်တို့အား-

"မင်းတို့မှာ ငွေပါသလား"

မေးပြီး ပွဲထိုးရန် ပြင်ဆင်ခိုင်းလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း သူ၌ပါလာသည့် ငွေတို့ကို ငွေဒင်္ဂါးနှင့်လဲလှယ်ပြီး ဝါးဆစ်ပိတ်လေးများထဲတွင် ထည့်ကာ ပွဲထိုးကြလေ၏။

ထိုကဲ့သို့ ပွဲထိုးပြီးသောအခါတွင်ကား ဆရာတော်ကြီး ဦးက္ကန္ဒာသဖသည် အင်းများကို စီရင်လေ၏။ အင်းတို့ကို စီရင်ပြီးသောအခါ ထိုအင်းများကို ပြချပြီး စစ်ကွင်းဆရာတော်တို့အား တိုက်လေ၏။ အင်းများသောက်ရာတွင် ထူးခြားစွာ တွေ့ရှိရသည်မှာ အင်းများတွင် ချိုသောအင်းများက ချို၏။ ခါးသောအင်းများက ခါး၏။ ချဉ်သောအင်းများက ချဉ်ကြလေ၏။ ဤအခါတွင်မှ စစ်ကွင်းဆရာတော်လည်း အင်းတို့၏ ထူးခြားမှုသဘာဝကို လက်တွေ့ မျက်တွေ့ တွေ့လိုက်ရသဖြင့် လွန်စွာ သဘောကျနှစ်ခြိုက်အံ့ဩခြင်းဖြစ်ရလေတော့၏။

ထို့နောက် ဆရာတော် ဦးက္ကန္ဒာသဖက စစ်ကွင်းဆရာတော်တို့နှစ်ပါးအား ပထမံလမ်းစဉ်ဆိုင်ရာ အင်းစမပညာများကို သင်ကြားပေးလေ၏။ ထိုသို့ အင်းစမပညာကို သင်ပေးပြီးနောက် ဆရာတော်ကြီး ဦးက္ကန္ဒာသဖက စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသကို ကျိုက်ထီးရိုး ရသေ့တောင်၌ အင်းသွားသောက်ရန် တာဝန်ပေးလိုက်၏။

(ရှေ့လဆက်ဖတ်ရန်)

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဝံအစဉ်ဆက်ဂါထာတော်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ

△ ကြည့်ရတနာသာရာရေးလှမြင်း



ဂန္ဓာရီဝိဇ္ဇာမယ ဟူ၍ ဆိုလိုက်လျှင် အလွန် နက်နဲ ရှုပ်ထွေးလှပြီး သာမန်လူတို့ အပေါ်ယံကြောကြည့်ရုံမျှဖြင့် လက်လှမ်းမမီ၊ ဉာဏ်မမီနိုင်သော ပညာနယ်ပယ်ကြီး ဖြစ်ပါသည်။ အပြောကျယ်လှသော မဟာသမုဒ္ဒရာကြီးသည် ကမ်းမမြင်လမ်းမမြင်နိုင်လောက်အောင် ကြီးမားကျယ်ပြန့် နက်ရှိုင်းလှသကဲ့သို့ ဂန္ဓာရီဝိဇ္ဇာပညာရပ်နယ်ပယ်မှာလည်း ဆုံးစမထင်နိုင်လောက်အောင် နက်နဲခက်ခဲ သိမ်မွေ့ကျယ်ပြန့်လှသော ပညာရပ် နယ်ပယ်ကြီးတစ်ခုဖြစ်သဖြင့် အချို့ ပညာရှင်များက ဂမ္ဘီရဝိဇ္ဇာမယပညာရပ်ဟု ဝိဂြိုဟ်ပြု၍ ခေါ်ကြပါသည်။ ဤတွင် အချို့က ဂမ္ဘီရပညာများဟုအလွယ်တကူ အဖျားဆွတ်ခေါ်လေ့ရှိကြပြီး ဂမ္ဘီရတွင် ဝိဇ္ဇာမယပညာ (ဝါ) ဝိဇ္ဇာဓရပညာတို့ ကျန်ရစ်လျက် ဂမ္ဘီရသာ တွင်ကျယ်နေလေတော့သည်။စင်စစ် ဂမ္ဘီရဟူသည် အလွန်ခက်ခဲနက်နဲသောဟူသော အနက်အဓိပ္ပာယ်ကိုဆောင်ပါသည်။သို့ဖြစ်သောကြောင့် ဤလောကတွင် ဂမ္ဘီရစင်စစ်ဧကန်ဖြစ်သောအရာတို့သည်ကား သုံးလောက ထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားသခင်မြတ် ဟောကြားတော်မူခဲ့သော သစ္စာလေးပါး၊မဂ္ဂင်ရှစ်ပါး၊ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး၊ ဓမ္မခန္ဓာရှစ်သောင်းလေးထောင်၊ ပိဋကတ်သုံးပုံတို့သာလျှင် ဖြစ်ပါသည်။ ဤကား လောကုတ္တရာနယ်တွင် ဂမ္ဘီရစင်စစ်အမှန်ဖြစ်သော အကြောင်းခြင်းရာကို ဖော်ညွှန်းပြလိုခြင်း ဖြစ်ပါသည်။

လောကီနယ်တွင်ကား ဂန္ဓာရီဝိဇ္ဇာမယပညာတို့သည် အလွန် ရှုပ်ထွေးနက်နဲ ခက်ခဲလှသဖြင့် ဂမ္ဘီရနှင့် အထူးပြု တွဲယှဉ်အပ်သော ပညာရပ်နယ်ပယ်တစ်ခုဖြစ်ပါချေသည်။ ထိုလောကီဂမ္ဘီရဝိဇ္ဇာမယပညာတို့ကို လေ့လာကြည့်သောအခါ ပြဒါးသေ၊ သံသေ လုပ်ရတ်လမ်းဖြစ်သော အဂ္ဂိရတ်ပညာ၊ ရုက္ခမူသစ်ပင်၊ သတ္တုအမျိုးမျိုး၊ သက်ရှိ၊သက်မဲ့ပစ္စည်းအမျိုးမျိုးတို့ကို စုစည်းပေါင်းစပ်လျက် လိုအပ်သောအကျိုးတန်ခိုးသိဒ္ဓိကို ရယူရန် စီမံဖော်စပ်လုပ်ဆောင်ရသော ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာ၊ အက္ခရာစမ, ဂဏန်းနံပါတ်မျိုးမျိုး, ဂါထာမန္တန်ပေါင်းများစွာတို့ကို သတ်မှတ်ထားသော အင်းကွက်ဇယား, ရုပ်ရုပ်ပုံစမအမျိုးမျိုးတို့၌ရေးသွင်းစီရင်ရသော အင်းအတတ်ပညာ၊ ဥ၊,ခြောင်း,ခြော် စသည်တို့ဖြင့် အစချီလျက် လည်းကောင်း၊ ယင်းအစပြုအဟိန်းအက္ခရာဝလိမပါရှိဘဲ လည်းကောင်း ရွတ်ဆိုမန်းမှုတ်လျက် လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိရရှိရန် အားထုတ် ဆောင်ရွက်ရသော ဂါထာ၊ မန္တန်၊ မန္တရားအတတ်ပညာ စသဖြင့် အဓိကပညာရပ်ခက်မကြီးသုံးဖြာရှိကြောင်းတွေ့ရပါသည်။ ထိုဂန္ဓာရီဝိဇ္ဇာမယပညာရပ်မျိုးတို့တွင် လူအများ သင့်တင်ကျွမ်းဝင်ရင်းနှီးကြသည်ကား ဂါထာမန္တန်အတတ်ပညာပါတည်း။ ဂန္ဓာရီဝိဇ္ဇာမယပညာရပ်တို့ကို မည်သို့ပင် အယုံအကြည်မရှိဟုပြောတတ်ကြသူများပင် အရေးကြုံအခက်တွေ့သောအခါ ဟိုဂါထာလေးထရွတ်၊ ဒီမန္တန်လေးထရွတ်ဖြင့် ကောင်းနိုးရာရာ ခလုတ်ထိ အမိတ ဆိုသလိုလုပ်တတ်ကြကြောင်း ကျွန်ုပ်မကြာခဏတွေ့ဖူးပါသည်။

ဤဂါထာမန္တန်တို့ကို ကျွန်ုပ်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုသည် ယုံကြည်သက်ဝင်ဆောင်ယူရွတ်ပွားလေ့ရှိကြပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများမျှသာ မဟုတ်ပါ။ အခြားတိုင်းပြည်နိုင်ငံများမှလူများလည်း ကမ္ဘာအနှံ့ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ထွန်းကားနေသော လောကီပညာများအလိုက် သူတို့နည်းသူတို့ဟန်ဖြင့် ဂါထာ၊ မန္တန်များကို ဆောင်ယူရွတ်ပွားလေ့ရှိကြသော ဂါထာမန္တန်များကို အကြမ်းအားဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်သောအခါ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသည့် ဂါထာမန္တန်များနှင့် လောကီပညာသက်သက်ဖြင့် စီရင်သီကုံးထားသော ဂါထာမန္တန်များ ဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများ အများဆုံး ဆောင်ယူရွတ်ပွားလေ့ရှိကြသော ဂါထာမန္တန်အများစုမှာ များသောအားဖြင့် သဝေမပါကိုးဂါထာဟု ဆိုအပ်သော သရဏဂုံဂါထာတော်၊ ဘုရားဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာ၊ အချို့က ရှင်သူငယ်ပရိတ်တော်ဟုလည်းကောင်း၊ တချို့ လောကီပညာဂါထာမန္တန်ကျမ်းများတွင် ပါကာရသဒ္ဒိသဂါထာတော်ဟုလည်းဆိုသော ဂါထာ၊ ရှင်သီဝလိဂါထာ စသည် စသည် များစွာသော ရတနာသုံးပါးနှင့် စပ်လျဉ်းသည့် ဂါထာမန္တန်များသာ များပါသည်။ ထိုသို့ လေ့လာကြည့်ရာတွင် သာမန်လူများသာမက ဗုဒ္ဓဘာသာဝင်များပင် ဖြစ်ကြကုန်သော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးတို့ကလည်း ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာအစီအရင်များတွင် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂါထာမန္တန်တော်များကိုသာ အများဆုံး အသုံးပြု စီရင်လေ့ရှိကြသည်ကို တွေ့ရပါသည်။ ဤတွင် သာမန်လူများနှင့် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ ဂါထာမန္တန်တို့ကို အသုံးချပုံအသုံးချနည်းနှင့် ရည်ရွယ်ချက်တို့ မတူညီကြပါ။

သာမန်လူတို့ ဂါထာမန္တန်တို့အား ရွတ်ဆိုကြပုံမှာ ဂါထာမန္တန်သက်သက်တို့ကို ရွတ်ဆိုရုံမျှ ရွတ်ဆို ဆောင်ယူလေ့ရှိကြပါသည်။ ဂန္ဓာရီဝိဇ္ဇာမယပညာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်တို့မှာ ထိုသို့မဟုတ်ပါ။ ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်တို့၏ ဂါထာမန္တန်တို့အား ဆောင်ယူပုံဆောင်ယူနည်းမှာ ယင်းတို့ထိအပ်သော အကျိုးတန်ခိုးသိဒ္ဓိတို့ကို ရရှိစေရန် အင်းကွက်များအဖြစ် လည်းကောင်း၊ မီးထွန်းအင်းအစီအရင်များအဖြစ် လည်းကောင်း၊ ရုပ်ရုပ်ပုံအက္ခရာစာအမျိုးမျိုးတွင် အရံဂါထာအဖြစ်လည်းကောင်း စသည်ဖြင့် စနစ်ကျနစွာ အသုံးချ ဆောင်ယူလေ့ရှိကြပါသည်။ ထိုသို့ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်များ အသုံးပြုဆောင်ယူလေ့ရှိသော ဂါထာမန္တန်တို့အား လေ့လာကြည့်သောအခါ အချို့သော ဂါထာမန္တန်တို့ကို အစီအရင်တစ်မျိုး တစ်ခုတည်းအတွက်သာ အသုံးချလေ့ရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် ခြွင်းချက်အဖြစ် အချို့သော ဂါထာမန္တန်တို့ကိုမူကား အကြိမ်ကြိမ်အဖန်ဖန်စီရင်သုံးစွဲလေ့ရှိသည်ကိုလည်း တွေ့ရပါသေးသည်။ ထိုသို့ ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်များ အကြိမ်ကြိမ်အဖန်ဖန် စီရင်သုံးစွဲလေ့ရှိသော ဂါထာမန္တန်များမှာ ထိုပညာရှင်များအနေဖြင့် 'ထိုဂါထာမန္တန်တို့သည် အလွန်ယုံကြည်အားထားရသော၊အလွန်ထက်မြက် သိဒ္ဓိတန်ခိုး အကျိုးကြီးစေသောဂါထာမန္တန်များ' ဟု ယုံကြည်လက်ခံယူဆသောကြောင့်သာ မကြာခဏလက်ကိုင်ထား သုံးစွဲကြခြင်းဖြစ်မည်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်ကြလိမ့်မည်ဟု ထင်ပါသည်။

သို့ဖြစ်ရာ ထိုကဲ့သို့ ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်ကြီးများ ယုံကြည် ကိုးစားအားထားလျက် အကြိမ်ကြိမ်အထပ်ထပ် အစီအရင်အမျိုးမျိုးတို့ ထည့်သွင်း သုံးစွဲဆောင်ယူလေ့ရှိသော သိဒ္ဓိတန်ခိုးအကျိုးကြီးမား များပြားစွာ ပေးစွမ်းနိုင်သော ဂါထာလည်းဖြစ်၊ ဘုရား, တရား, သံဃာရတနာသုံးပါးတို့နှင့်လည်းစပ်လျဉ်းသော ဂါထာမန္တန်မြတ်တစ်ပုဒ်အား ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်အကျိုးစီးပွားအလို့ငှာ ဖော်ထုတ်တင်ပြလိုက်ပါသည်။ ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်ကြီးများ အထူးယုံကြည်ကိုးစားအားထားစွာ အစီအရင်မျိုးစုံတို့တွင် မကြာခဏ လက်ကိုင်ထား သုံးစွဲလေ့ရှိသော ဂါထာမန္တန်မြတ်တစ်ပုဒ်ဖြစ်သဖြင့် မည်သည့်ဂါထာမန္တန်မျိုးကို စွဲစွဲမြဲမြဲ ဆောင်ယူ ရွတ်ပွားရမည်ကို မဆုံးဖြတ်နိုင်ဘဲ ဟိုဂါထာကောင်းနိုး၊ သည်ဂါထာကောင်းနိုးဖြင့် ဇဝေဇဝါဖြစ်နေကြသူများ၊ ထူးခြားထက်မြက်သော ဂန္ဓာရီဝိဇ္ဇာမဃအစီအရင်ထူးတို့ကို ရှာမှီးဆောင်ယူလိုသော ဝါသနာရှင်များ၊ သုတေသီများအားလုံး ယုံကြည်စိတ်ချအားကိုးလောက်စွာဆောင်ယူသင့်သော ဂါထာမန္တန်မြတ်တစ်ခုဖြစ်သည့် ဤဆောင်းပါးခေါင်းစီးပါ 'ဧဝံအစိန္တိယာ' ဂါထာမြတ်နှင့် ထိုဂါထာမြတ်ကို အသုံးပြု စီရင်ထားသော ဂန္ဓာရီဝိဇ္ဇာမဃလောကီပညာ အစီအရင်တို့အား အောက်ပါအတိုင်း ဖော်ထုတ်တင်ပြလိုက်ပါသည်။

### ဧဝံအစိန္တိယာဂါထာတော်

၁။ ဧဝံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏော အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

အချို့သော မူကွဲဂါထာများ၌ 'ဝိပါကောဟောတိ' အစား 'ဝိပါကော ဟောတု' ဟု သုံးနှုန်းထားပါသည်။ သို့သော် သဘောအဓိပ္ပာယ်ချင်းကား အတူတူပါပေ။ တစ်ဖန်အခြားမူကွဲဂါထာတစ်ခုကိုလည်း အောက်ပါအတိုင်း တွေ့ရပါသေးသည်။

### 'ဧဝံအစိန္တိယာဂါထာတော်မူကွဲ'

၁။ ဧဝံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတု 'မမ' အစိန္တိယော။

၂။ ဧဝံအစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတု 'မမ' အစိန္တိယော။

၃။ ဧဝံအစိန္တိယာ သံဃာ၊ သံဃဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတု 'မမ' အစိန္တိယော။

### ဂါထာအနက်

၁။ **ဗုဒ္ဓါ**-ဘုရားတို့သည်၊ **ဧဝံ**- ဤသို့၊ **အစိန္တိယာ**- မကြံစည်နိုင်သောတန်ခိုးလည်းရှိကုန်၏။ **ဗုဒ္ဓဂုဏာ**- ဘုရားတို့၏ဂုဏ်တော်တို့သည်၊ **အစိန္တိယာ**- မကြံစည်နိုင်ကုန်၊ **အစိန္တိယေ**- ထိုသို့ မကြံစည်နိုင်သော ဘုရားရှင်၏ဂုဏ်တော်တန်ခိုးတော်၌၊ **ပသန္နာနံ**- ကြည်ညိုသော၊ **မမ**- ဘုရားတပည့်တော်အား၊ **အစိန္တိယော**- မကြံစည်နိုင်သော၊ **ဝိပါကော**- အထူးထူးအပြားပြားသော အကျိုးတရားတို့သည်၊ **ဟောတု**- ဖြစ်ပါစေသတည်း။

၂။ **ဓမ္မာ** - တရားတော်တို့သည်၊ **ဧဝံ**- ဤသို့ **အစိန္တိယာ**- မကြံစည်နိုင်သောတန်ခိုးလည်းရှိကုန်၏။ **ဓမ္မဂုဏာ**- တရားတော်တို့၏ဂုဏ်တော်တို့သည်၊ **အစိန္တိယာ** - မကြံစည်ကုန်၊ **အစိန္တိယေ**- ထိုသို့ မကြံစည်နိုင်သောတရားတော်တို့၏ဂုဏ်တော်တန်ခိုးတော်၌၊ **ပသန္နာနံ** - ကြည်ညိုကုန်သော၊ **မမ** - ဘုရားတပည့်တော်အား၊ **အစိန္တိယာ** - မကြံစည်နိုင်သော၊ **ဝိပါကော** - အထူးထူးအပြားပြားသော အကျိုးတရားတို့သည်၊ **ဟောတု**- ဖြစ်ပါစေသတည်း။

၃။ **သံဃာ** - သံဃာတော်အရှင်မြတ်တို့သည်၊ **ဧဝံ** - ဤသို့၊ **အစိန္တိယာ**- မကြံစည်နိုင်သောတန်ခိုးလည်းရှိကုန်၏။ **သံဃဂုဏာ**-သံဃာတော်တို့၏ဂုဏ်တော်တို့သည်၊ **အစိန္တိယာ** - မကြံစည်နိုင်ကုန်။ **အစိန္တိယေ**-ထိုသို့မကြံစည်နိုင်သောသံဃာတော်တို့၏ဂုဏ်တော်၊ တန်ခိုးတော်၌၊ **ပသန္နာနံ** - ကြည်ညိုကုန်သော၊ **မမ** - ဘုရားတပည့်တော်အား၊ **အစိန္တိယော**- မကြံစည်နိုင်သော၊ **ဝိပါကော**- အထူးထူးအပြားပြားသောအကျိုးတရားတို့သည်၊ **ဟောတု**- ဖြစ်ပါစေသတည်း။

ဤကား ဂန္ဓာရီဝိဇ္ဇာမဃပညာရှင်များ တန်ခိုးကြီးမားထက်မြက်လှသဖြင့် အစီအရင်အမျိုးမျိုးတို့တွင် အကြိမ်ကြိမ်ထည့်သွင်းလျက် ယုံကြည်ကိုးစား အားထားစွာ အသုံးပြု ဆောင်ယူလေ့ရှိသော ဂါထာတော်မြတ်တစ်ပုဒ်ဖြစ်သည့်အပြင် အနက်အဓိပ္ပာယ်မှာလည်း အလွန်ထင်ရှား ကောင်းမွန်လှပြီး တုန္ဒိုင်းမဲ့ ကြံစည်ခြင်းငှာပင် မစွမ်းနိုင်ရာသော၊ ဂုဏ်တော်တန်ခိုးတော်တို့နှင့် ပြည့်စုံသော ရတနာမြတ်သုံးပါးတို့ကို ပူဇော်ရှိခိုးလျက် မိမိ၌လည်း အထူးထူးအပြားပြား ကြီးမားလှစွာသော အကျိုးထူးအကျိုးတရားတို့နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း ရှိခိုးပူဇော်သည့်ဂါထာတော်ကြီးဖြစ်ပါသည်။ ဤဂါထာတော်၏ အနက်အဓိပ္ပာယ်ကို မြင်ရုံဖြင့်ပင် မည်မျှ တန်ခိုးကြီး အကျိုးကျေးဇူးများစေမည့် ဂါထာတစ်ပုဒ်ဖြစ်ကြောင်း ကောင်းစွာ ခန့်မှန်းသိရှိကြလိမ့်မည် ထင်ပါသည်။ ဤ ဧဝံအစိန္တိယာ ဂါထာတော်မြတ်ကို ရှေးက ထင်ရှားကျော်ကြားလှသော အင်းဝိဇ္ဇာအကျော်



www.burmeseclassic.com

www.burmeseclassic.com

ဗားမဲ့ဆရာတော်ကြီးနှင့် ဤမှာဘက်ခေတ်တွင် ဟိုယခင်က ထင်ရှားကျော်ကြားတော်မူခဲ့သော ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်အကျော် ဆေးဝဂ်ဘာ ဆရာတော်လည်း အမြဲဆောင်ယူရွတ်ပွားလေ့ရှိသည်ဟု သိရပါသည်။

ထို့ကြောင့်လည်း ဤဇဝံအစိန္တိယာဂါထာတော်မြတ်ကို ကျွန်ုပ်လည်း လွန်စွာ စိတ်ဝင်စားလှသဖြင့် လေ့လာကြည့်သောအခါ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များစွာတွင် ဤဂါထာတော်မြတ်ကို အကြိမ်ကြိမ်ထည့်သွင်းသုံးစွဲစီရင်ထားကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် ဤဇဝံအစိန္တိယာဂါထာတော်မြတ်ကြီးကို-

ဂါထာမန္တန်အဖြစ်လည်းကောင်း၊ ဝိဇ္ဇာမယသိဒ္ဓိအင်းအစီအရင်များတွင် ထည့်သွင်း၍လည်းကောင်း စီရင်ဆောင်ယူကြသည်ကို တွေ့ရပါသည်။ ဤဝိဇ္ဇာမယသိဒ္ဓိအင်းအစီအရင်များတွင်လည်း အထူးသဖြင့် ဒီပံအင်းအစီအရင်များစွာ ထည့်သွင်းအသုံးပြုထားကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများအနေဖြင့် ဤဇဝံအစိန္တိယာဂါထာတော်မြတ်၏တန်ခိုးတေဇော် အာနုဘော် ကြီးမားလှသည့်အဖြစ်ကို ကောင်းစွာ သိရှိနားလည် ယုံကြည် လက်ခံထားကြသဖြင့်သာ ဤဂါထာတော်မြတ်ကို အခြေခံ၍ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များစွာကို စီရင်ထားရှိခဲ့ကြခြင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါချေ။ သို့ဖြစ်ရာ ဤသို့ထူးမြတ်သည့် သိဒ္ဓိတန်ခိုးကြီးမားစွာ ပေးစွမ်းသော ဤဂါထာတော်မြတ်နှင့် ဤဂါထာတော်မြတ်နှင့် စီရင်အပ်သော ဂါထာမန္တန်တော်များ၊ ဝိဇ္ဇာမယအစီအရင်များကို ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များနှင့် အများပြည်သူတို့ အကျိုးငှာ ဖော်ထုတ် တင်ပြလိုက်ပါသည်။

### ၁။ ဇဝံအစိန္တိယာဂါထာတော်မြတ်ကို အခြေခံ၍ စီမံထားသော ဂါထာမန္တန်များ

#### ၁။ ဗားမဲ့ကျမ်းလာ လေးမြားဘေးမှ လွတ်သောဂါထာ

*ဇဝံအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာအစိန္တိယာ၊ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။ ဇဝံ အစိန္တိယာ ဗုဒ္ဓါ ဓမ္မာ သံဃာတိ ဘက်ရာ၊ သကလသရိယံ မယှံ၊ သမန္တပရိဝါရိတော။*

ဤဂါထာအား လေ့လာကြည့်ပါက 'ဇဝံအစိန္တိယာ' ဂါထာမြတ်ကို အခြေပြု၍ စီရင်သီဖွဲ့ထားသော ဂါထာဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ကျမ်းရင်းပါ စာလုံးပေါင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်။ ဤဂါထာတွင်း သတိထားကြည့်ပါက 'ဇဝံအစိန္တိယာဗုဒ္ဓါ' ပြီးနောက် 'ဗုဒ္ဓဂုဏာအစိန္တိယာ'အစား 'ဗုဒ္ဓဓမ္မာ အစိန္တိယာ'ဟု သုံးနှုန်းထားကြောင်း တွေ့ရပါသည်။ ကျမ်း၏အဆိုအရကား ဤဂါထာသည် လက်နက်လေးမြားဘေးနှင့် ဘေးရန်အန္တရာယ်အသွယ်သွယ်အပေါင်းတို့မှ လွတ်ကင်းစေသည်။ အကျိုးများစွာရှိသည်ဟု ဆိုထားပါသည်။

#### (၂) အစိန္တိယာဂါထာမန္တန်တော်

*ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဓမ္မာ အစိန္တိယာ၊*
*အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။*
*နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ စဇာမိ ဇီဝိတံ ဗုဒ္ဓံ၊ ဧတေန သစ္စဝဇ္ဇေန၊*
*အစိန္တိယံဖလံ ဟောတု၊ အန္တရာယော ဝိနဿန္တု။*

**ဗုဒ္ဓါ**- ဘုရားတို့သည်၊ **ဇဝံ**- ဤသို့၊ **အစိန္တိယာ**- မကြံစည်နိုင်သော တန်ခိုးလည်းရှိကုန်၏။ **ဗုဒ္ဓဓမ္မာ**- ဘုရားတို့၏ ဂုဏ်တော်တို့သည်၊ **အစိန္တိယာ**- မကြံစည်နိုင်ကုန်။ **အစိန္တိယေ** - ထိုမကြံစည်နိုင်သော ဘုရားရှင်၏ ဂုဏ်တော် တန်ခိုးတော်တို့၌၊ **ပသန္နာနံ**- ကြည်ညိုကုန်သောသူတို့အား၊ **အစိန္တိယော** - မကြံစည်နိုင်သော၊ **ဝိပါကော**- အကျိုးတို့သည် ဟောတိ ဖြစ်၏။

**မေ**- အကျွန်ုပ်အား၊ **အညံ**- ဘုရားမှတစ်ပါးသော၊ **သရဏံ**- ကိုးကွယ်ရာသည်၊ **နတ္ထိ**- မရှိ။ **ဗုဒ္ဓေါ** - ဘုရားသည်၊ **မေ**- ကျွန်ုပ်၏၊ **ဝရံ**- မြတ်သော၊ **သရဏံ**- ကိုးကွယ်ရာကည်း၊ **ဗုဒ္ဓံ**- ဘုရားကို၊ **ဇီဝိတံ**- အသက်ကို၊ **စဇာမိ**- စွန့်ပါ၏။ **ဧတေနသစ္စဝဇ္ဇေန**- ဤသို့ မှန်ကန်သောစကားကြောင့်၊ **အစိန္တိယမလံ** - မကြံစည်နိုင်သောအကျိုးသည်၊ **ဟောတု** - ဖြစ်စေသတည်း။ **အန္တရာယော** - ကိုယ်တွင်းကိုယ်ပနှစ်ဌာန၌ရှိသော ဘေးရန်အပေါင်းသည်၊ **ဝိနဿန္တု** - ကင်းစင် လွင့်ပျောက်ကြစေသတည်း။

အထက်ပါ အစိန္တိယာဂါထာမန္တန်တော်အားလေ့လာကြည့်ပါက ဂါထာ၏ ပထမပိုဒ်သည် 'ဇဝံအစိန္တိယာဂါထာ' ပင်ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ထို့အပြင် ဤဇဝံအစိန္တိယာဂါထာတော်မြတ်ကို အခြေခံ၍ စီရင်အပ်သောဂါထာများတွင် များသောအားဖြင့် 'ဗုဒ္ဓဂုဏာ အစိန္တိယာ' အစား 'ဗုဒ္ဓ ဓမ္မာ အစိန္တိယာ' ဟု သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ဂါထာမူကွဲပေလော သို့တည်းမဟုတ် ပုံနှိပ်စာလုံးအလွဲပင်လောမဆိုနိုင်ပါ။ သို့သော် အနက်သဘောမှာ များစွာ ကွဲလွဲချက်မရှိပါ။ ရှေးစာပေကျမ်းဂန်လာများဖြစ်သဖြင့် ကျွန်ုပ်ဉာဏ် တစ်ထွာတစ်မိုက်လောက်မျှဖြင့် ဝေဖန်ခြင်းငှာ မစွမ်းနိုင်ပါ။ ဤစာရေးသူ၏အလိုသော်ကား မူရင်းဂါထာပါအတိုင်း 'ဇဝံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာအစိန္တိယာ' ဟု ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပို၍ နှစ်ခြိုက်လှပါသည်။ ကိုယ်တိုင်လည်း ထိုနည်းအတိုင်းသာ ရွတ်ပါသည်။

ဤဂါထာတော်၏ အကျိုးကားနေ့စဉ် နံနက်၊ ည ရွတ်ဖတ်ပါက ဘုန်းတန်ခိုးကြီး၏။ စီးပွားလာဘ်လာဘတိုး၏။ နတ်၊ လူတို့ ချစ်ခင်၏။ ဘေးရန်အန္တရာယ်ဥပဒ္ဒဝေါတို့ ကင်းစင်လွင့်ပျောက်၏။

#### ၃။ သုခချမ်းသာဇဝံအစိန္တိယာဂါထာ

*အိန္ဒိုန လိန္ဒလိ, သိပ္ပံမောဓော ကောပမောတော၊ ရှင်ရှင်တန်လိုက်၊ သဝ် တလနောကံ, ကပ္ပံတိုး။*

*ဥုံ- ဗုဒ္ဓါနဝိရူလာယျ၊ ဥုံ- ဓမ္မာန ဝိ ရူလာယျ၊ ဥုံ သံဃန ဝိရူလာယျ၊ သိ ကိစ္စံ ပီယံ မမ၊ ဇဝံ အစိန္တိယာ, ဗုဒ္ဓါ အစိန္တိယာ, ဗုဒ္ဓါဗုဒ္ဓဂုဏာအစိန္တိယာ၊ အ န္တိယေ, ပသံနာနံ ဝိပါကော ဟော အစိန္တိယော ဒိတ္တာန မေတံ စိတ္တံ၊ ဗုဒ္ဓေ ရေ ပီယသိန္ဓေ၊ အဟံထေရဿ အာ တာဝေန သဒ္ဓါဟောန္တု ပီယံ မမ။*

ငင်းဂါထာနှင့် ဇဝံအစိန္တိယာအ ကို စက္ကူ၊ ပိတ်စလွယ်တို့၌ ဂမုန်းနှင့်ဖျော် ၍ရေးပြီး (၃၇) အုပ်စုတ်ပါ။ ထို့နောက် ဖယောင်းတိုင် ပြုလုပ်ပြီး မီးစာအ ထည့်ပြီးထွန်း။ မီးထွန်းစဉ် ထိုမန္တန် တတ်အားသမ္မုစုတ်ပြီး အလိုရှိရာ တောင်း၍ မီးထွန်းပါက စည်းစိမ် သာသုခတိုးတက်ပေမည်။ (မှတ်ချက် ကဝေသာရကျမ်းလာနည်းဖြစ်ပါသည်

အထက်ဖော်ပြပါ ဂါထာ သုံးပုဒ်တို့မှာ ဇဝံအစိန္တိယာဂါထာ အခြေခံ၍ မူပွားဆင့်တွင် စီရင်ထား သော ဂါထာမန္တန်များ ဖြစ်ကြပါသ ဆောင်ယူလိုသူများ ယုံကြည်အား ထိုက်သော ဂါထာမန္တန်တော်များဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြထားသော အကျိုးများထက် မလွဲသေချာ ပိုမို များပြားစွာသော အခြားသော အကျိုးထူးအမျိုးမျိုးကိုလည်း ရရှိခံစားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြစေလိုပါသည်။

မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းပညာတွင် အင်းအစီအရင်များကို ဆောင်အင်း၊ သောက်အင်း၊ ထိုးအင်း၊ မီးထွန်းအင်း၊ ခံအင်းများ ဟူ၍ အသုံးချပုံနည်းမျိုးစုံရှိပါသည်။ ဆောင်အင်း ဆိုသည်မှာ အင်းကို လက်ဖွဲ့အဖြစ် ဆောင်ခြင်း၊ အင်းချပ်များကို အိမ်တွင် ဆောင်ခြင်း၊ မိမိကိုယ်နှင့်မကွာ ထားရှိခြင်း စသည်ဖြင့် အသုံးချသည့် အင်းမျိုးများကို ဆောင်အင်းဟု ခေါ်ပါသည်။

သောက်အင်း ဆိုသည်မှာ အင်းတွက်၊ ရုပ်ပုံအက္ခရာစမအင်းတို့ကို ပြာပြု၍ဖြစ်စေ၊ အင်းကို လိပ်၍ဖြစ်စေ သောက်ခြင်းဖြင့် မိမိလိုလားသော မှော်တန်ခိုးသိဒ္ဓိရရှိရန်၊ ဂိုဏ်းစဉ်အဆင့်တက်ရန်၊ အမှောင့်ပယောဂများ၊ သူပြုလူပြုများအား ပျောက်စေရန်၊ ကိုယ်လုံကိုယ်ခံ အကာအကွယ်ရစေရန် စသည်ဖြင့် အသုံးချရသည့်အင်းမျိုးများကို သောက်အင်းများဟု ခေါ်ပါသည်။

ထိုးအင်း ဆိုသည်မှာ ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ဖြင့် စီရင်ထားသော မှော်ဝင်ဆေးများဖြင့် မိမိတို့လိုလားသော အကျိုးတန်ခိုးသိဒ္ဓိများရရှိစေရန် လူ့ခန္ဓာကိုယ်တွင်ထိုးနှံ့ရသော အင်းကွက်၊ ရုပ်ပုံ အက္ခရာစမအင်းမျိုးများဖြစ်ကြပါသည်။

ခံအင်းဆိုသည်ကား အထူးအားဖြင့် ဝိဇ္ဇာမယသိဒ္ဓိမှော်ဆေးဝါးများ စီရင်ရန်အတွက် ဆေးဝါးအမည်များ ကြိတ်ရသော ဆေးကျောက်ပျဉ်များ၌ ဆေးကြိတ်ခံအင်းများအဖြစ် စီရင်ရသော အင်းများကို ခံအင်းများဟု ခေါ်ပါသည်။ များသောအားဖြင့် စမ္ဗာနဝအင်းများ၊ သမ္ဗုဒ္ဓေအင်း၊ သုကိတ္တိမာအင်း စသော အင်းများသည် ထိုအခံအင်းအမျိုးအစားများအဖြစ် အများဆုံး တွေ့ရတတ်ပါလေသည်။ အခြားအခံအင်းမျိုးများလည်း များစွာရှိပါသေးသည်။

မီးထွန်းအင်း ဆိုသည်ကား ဆီမီးခွက်တွင် ရေးစီရရင်၍ လည်းကောင်း၊ စက္ကူ၊ အဝတ်စတို့တွင်ရေးစီရင်ပြီး မီးစာအဖြစ် အသုံးပြု၍လည်းကောင်း ဒီပံမီးထွန်းအစီအရင်များ၌ အသုံးပြုသော အင်းမျိုးများကို မီးထွန်းအင်းများဟု ခေါ်ပါသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းပညာနယ်တွင် ဤသို့သော မီးထွန်းအင်းမျိုးများကို အသုံးချရသော ဒီပံမီးထွန်းအစီအရင်မျိုးပေါင်း များစွာရှိပြီး တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းဆိုသလို စီရင်နည်း၊ စီရင်ပုံ၊ အသုံးပြုပုံများမှာလည်း များပြားလှစွာရှိပါသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများသည် ဤဒီပံမီးထွန်းအင်းအစီအရင်များကို အလွန်အလေးထား အားကိုးတကြီး အသုံးချတတ်ကြောင်း များစွာတွေ့ရပါသည်။ မီး ဆိုသည်မှာ အနွေဓာတ်ဖြစ်သဖြင့် ဘုန်းတန်ခိုးကြီးခြင်း၊ သိဒ္ဓိတန်ခိုးတို့ကို ပို၍ လျင်မြန်စွာ ထက်မြက်စေခြင်း စသည့် သဘောသဘာဝရှိသဖြင့် အရေးကြုံသည့်အခါများ၌ဖြစ်စေ၊ အထူးစီမံလုပ်ဆောင်ရန်ကိစ္စများ၌ဖြစ်စေ၊ ဆရာပြိုင်၊ ပညာပြိုင် အပြိုင်အဆိုင်များရှိလာသောအခါများ၌ ဖြစ်စေ ဤမီးထွန်းအင်းအမျိုးအစားများကို အသုံးပြု၍ ဒီပံမီးထွန်းအင်းအစီအရင်များကို စီရင်အသုံးပြုလေ့ရှိကြကြောင်း သာဓကများစွာ တွေ့ရပါသည်။ ဤသို့ မီးထွန်းအင်းများကို စီရင်၍ ဖယောင်းတိုင်များပြုလုပ်လျက် ပညာရှင်များက ဒီပံမီးအစီအရင်များ ထွန်းညှိကြသည်ကို သာမန်အရပ်သားများက 'ဆေးဖယောင်းတိုင်' ဟု လွယ်ကူစွာ ခေါ်တတ်ကြလေသည်။ စင်စစ်ကား 'ဒီပံမီးထွန်းအင်းဖယောင်းတိုင်' သို့မဟုတ် 'အင်းဖယောင်းတိုင်' ဟုသာ ခေါ်ဝေါ်သင့်ကြပေသည်။

ဤသို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ အထူး အားထား အလေးပြုစီရင် သုံးစွဲလေ့ရှိကြသော ဒီပံမီးထွန်းအင်းအစီအရင်များစွာတွင် အများဆုံး အသုံးပြုထားသော ဂါထာမန္တန်မှာ ယခုကျွန်ုပ် ဆွေးနွေး တင်ပြနေသော ဧဝံအစိန္တိယာဂါထာတော်မြတ်ပင် ဖြစ်ပါသည်။ မည်မျှအကြိမ်များစွာ သုံးထားပါလေသနည်းဟူလေမူ ကျွန်ုပ်လေ့လာတွေ့ရှိရသော ဒီပံမီးထွန်းအင်းအစီအရင်များ၏ (၄၀)ရာခိုင်နှုန်းခန့်သော အစီအရင်များတွင် ဤ 'ဧဝံအစိန္တယာဂါထာတော်မြတ်'ကို အင်းအကွက်အဖြစ်လည်းကောင်း၊ အင်းအရံဂါထာအဖြစ် လည်းကောင်း၊ အခြားသော ဂါထာမန္တန်များဖြင့် တွဲဖက်လျက် အင်းအဖြစ် လည်းကောင်း စီရင်အသုံးချထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့်လည်း မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်ကြီးများ အလွန်အလေးထား အားကိုးသော ဂါထာတော်ထူး ဖြစ်သဖြင့် ဤဆောင်းပါးဖြင့် ရေးသား ဖော်ထုတ် တင်ပြနေခြင်း ဖြစ်ပါသည်။ ဤ 'ဧဝံအစိန္တိယာ' ဂါထာတော်မြတ်မှာ ဆိုခဲ့သည့်အတိုင်း ဒီပံမီးထွန်းအစီအရင်များ၏ (၄၀) ရာခိုင်နှုန်းခန့်သော အစီအရင်များတွင် အသုံးပြုထားလေရကား ထိုဧဝံစိန္တိယာဂါထာတော်မြတ် ပါဝင်သော ဒီပံမီးထွန်းအင်းအစီအရင်များအားလုံးကိုသာဖော်ပြရပါလေက ဤဆောင်းပါးလောက်မျှဖြင့် ပြည့်စုံလေမည်မဟုတ်ဘဲ စာတစ်အုပ်၊ ကျမ်းတစ်ဆူမျှဖြစ်သွားပါလိမ့်မည်။ သို့ဖြစ်ရာ ဤဆောင်းပါးတွင် ဤ 'ဧဝံဒစိန္တိယာဂါထာတော်မြတ်' ကို အခြေခံစီရင်အပ်သော ဒီပံမီးထွန်းအင်းအစီအရင်များစွာထဲမှ စီရင်ရန်လွယ်ကူ၍ ရရှိခံစားရမည့် အကျိုးတန်ခိုးသိဒ္ဓိ ကြီးမားများပြားလှသည့် အစီအရင်အချို့ကိုသာ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

## ဧဝံစိန္တိယာဂါထာနှင့်စပ်ဆိုင်သော အင်းအစီအရင်များ


### ၁။ မဟာအတုလ အစိန္တေယျ သရဏဂုံ အင်းမြတ်အစီအရင်

ဤအင်းမြတ်အစီအရင်၏ မူရင်းပိုင်ရှင်မှာ အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ လွန်ခဲ့သော ရှေးနှစ်ပေါင်း လေးရာကျော်ကတည်းက ပေါ်ပေါက်ခဲ့ပြီး ယနေ့ခေတ်ကာလအထိ ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယပညာများကို ရှာမှီးအားထုတ်နေသော ပညာရှင်များအားလုံးအတွက် ဂန္ဓာရီဝိဇ္ဇာမယပညာရပ်များစွာကို ထားရစ်ပေးအပ်ခဲ့သော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်များအားလုံး လွန်စွာ အလေးဂရုပြုကျေးဇူးတင်ထိုက်သည့်ဆရာတော်ကြီးဖြစ်ပါသည်။ ယနေ့ခေတ် မည်သည့်ဂန္ဓာရီဝိဇ္ဇာမယကျမ်းများပင်ဖြစ်စေ ဗားမဲ့နည်း၊ ဗားမဲ့ဟန်၊ ဗားမဲ့အရိပ်အာဝါသများနှင့်မကင်းနိုင်ကြလောက်အောင် ကျေးဇူးကြီးစွာပြုခဲ့သော ဆရာတော်ကြီးပါပေ။ ယခုဖော်ပြခဲ့သော ဤ 'မဟာအတုလအစိန္တေယျ သရဏဂုံအင်းမြတ်အစီအရင်' မှာ ဗားမဲ့ဆရာတော်ဘုရားကြီးလက်ကိုင်ထား၍ စီရင်သုံးစွဲခဲ့သော အစီအရင်ကြီးတစ်ခုဖြစ်ပြီး များစွာ အကျိုးကျေးဇူး ကြီးမားစေသော သိဒ္ဓိတန်ခိုးအကျိုးများစွာပြီးစေနိုင်သည့် အစီအရင်ကြီးတစ်ခုဖြစ်သဖြင့် ဖော်ထုတ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




မဟာအတုလအစိန္တေယျသရဏဂုံအင်းပုံ

**၁။ အင်းဆန့်ဂါထာ**

(၁) အပေါ်အင်းကွက်- ဇဝံအစိတ္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာအစိတ္တိယာ၊ အစိတ္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိတ္တိယော။

(၂) အောက်အင်းကွက်- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

**အင်းအရံဂါထာများ -**

(၁) ဇဝံအစိတ္တိယာဓမ္မာ၊ ဓမ္မဂုဏာ အစိတ္တိယာ၊ အစိတ္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိတ္တိယော။

(၂) ဇဝံ အစိတ္တိယာ သံဃာ၊ သံဃဂုဏာ အစိတ္တိယာ၊ အစိတ္တိယေ ပသန္နာန ဝိပါကော ဟောတိ အစိတ္တိယော။

အထက်ဖော်ပြပါ မဟာအတုလအစိန္တေယျသရဏဂုံအင်းကို လေ့လာကြည့်ပါက 'ဇဝံအစိတ္တိယာဂါထာမြတ်ကို အဓိက အားပြုသုံးစွဲထားကြောင်း တွေ့ရပေမည်။ ထိုနေရာတွင် သတိထားကြည့်ရန်ကား ဇဝံအစိတ္တိယာဂါထာတော်၏ ပထမပိုဒ်ဖြစ်သော 'ဇဝံအစိတ္တိယာဗုဒ္ဓါ' အစချီဂါထာကို အင်းကွက်တွင်း၌ ထည့်သွင်းထားပြီး ကျန်နှစ်ဂါထာဖြစ်သော 'ဇဝံအစိတ္တိယာဓမ္မာ' နှင့် 'ဇဝံအစိတ္တိယာသံဃာ' အစချီဂါထာပိုဒ်များကိုကား အင်း၏ဝဲ၊ ယာနှစ်ဖက်တွင် အရံဂါထာများအဖြစ် ထည့်သွင်း စီရင်ထားကြောင်းပင် ဖြစ်သည်။ အင်းဆန်များ ရေးသွင်းသောအခါ၌ကား အပေါ်အင်းကွက်များ၌ 'ဇဝံအစိတ္တိယာဗုဒ္ဓါ' အစချီဂါထာမြတ်ကို အရင်ရေးသွင်းပြီးမှ အောက်အင်းကွက်များတွင် သရဏဂုံဂါထာတို့ကို လက်ဝဲမှ လက်ယာဘက်သို့ အစဉ်အတိုင်း ရေးသွင်းစီရင်ပြီးနောက် အရံဂါထာများကို ရေးသွင်းရပါမည်။

ဤအင်းစီရင်နည်းမှာ စက္ကူဖြူတွင် ဤမဟာအတုလအစိန္တေယျအင်းတော်ကြီးကို သပ်ရပ် ကောင်းမွန်စွာ အင်း (၃) အင်းချရမည်။ ထို့နောက် စစ်ပြီးသောပျားဖယောင်းနှင့် ဖယောင်းတိုင်သုံးတိုင်လုပ်ပြီး ဖယောင်းတိုင်တွင် တစ်အင်းစီ ထည့်သွင်းရပေမည်။ ဖယောင်းတိုင်မီးစာမှာ မိမိအလိုရှိသောသူ၏ မွန်မြတ်သောအဝတ်စကို ရေစင်စွာ သန့်ရှင်းဆေးကြောဖွပ်လျှော်ပြီးမှ ပေါင်းကျစ်လျက် မီးစာလုပ်ရပါမည်။ စီရင်သောနေ့ရက်မှာ ပြဿဒါးမကြုံသော ကြာသပတေးနေ့တစ်နေ့၊ ဝင်နက္ခတ်၊ အမြိတ္တစတ်ကြုံသောအခါတွင် စီရင်ရမည်။ စီရင်သောကာလ ရတနာသုံးပါးအား ကန်တော့ပွဲတစ်ပွဲနှင့် မုန့်အချိုဆွမ်းတို့ကို ကပ်လှူ ပူဇော်ရပါမည်။ အစီအရင်ဖယောင်းတိုင်သည် နှစ်ကျပ်နှစ်မတ်အလေးချိန်ရှိရပါမည်။

အစီအရင်အင်းကွက်၏ အောက်သုံးကွက်တွင် အလယ်၌ ကိုယ့်နံကိုထည့်ဘေးနှစ်ဖက်ကွက်လပ်များတွင် လိုသူ၏ နေ့နံများကို ထည့်သွင်းပါ။ အပေါ်အင်းကွက်တွင် ထက်အောက်ကွက်လပ်နှစ်ခုရှိရာအပေါ်ကွက်၌ ကိုယ့်နံကိုထည့်ပြီး အောက်အကွက်ကွက်လပ်၌ ထိုသူ၏ နေ့နံကိုထည့်ပါ။ ထို့နောက်-

(၁) အင်းနှင့် ဖယောင်းတိုင်သုံးတိုင်ကို သရဏဂုံဂါထာဖြင့် (၁၀၈) အုပ်စီစုတ်။

(၂) ထို့နောက် အောက်ပါဂါထာတို့ဖြင့် (၃၇) အုပ်စုပ်။

ဇဝံအစိတ္တိယာဗုဒ္ဓါ ဗုဒ္ဓဂုဏာအစိတ္တိယာ အစိတ္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိတ္တိယော။

ဇဝံအစိတ္တိယာဓမ္မာ ဓမ္မဂုဏာအစိတ္တိယာ အစိတ္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိတ္တိယော။

ဇဝံအစိတ္တိယာသံဃာ သံဃဂုဏာ အစိတ္တိယာ အစိတ္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိတ္တိယော။

(၃) တစ်ဖန် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈) ခေါက်စုတ်ရပါမည်။

အားလုံးပြီးလျှင် ပထမဖယောင်းတိုင်ကို သီလခံယူ၍ ဘုရားရှေ့တော်တွင် ထွန်းညှိ ပူဇော်ပြီးလျှင် အလိုရှိသောဆုကိုတောင်းရပါမည်။ ထိုသို့ထွန်းညှိပူဇော်စဉ်တွင် မိမိစိတ်ကို တည်ကြည်ငြိမ်သက်စွာထားလျက် မိမိစိတ်အလိုဆန္ဒအတိုင်း ပြည့်စုံလိမ့်မည်ဟု ယုံကြည်လျက် ဘုရားကိုအာရုံပြုရပါမည်။

ဒုတိယမီးတိုင်ကို သစ်ပင်ကြီးတွင် 'ရုက္ခစိုးနတ်ကို ပူဇော်ပ,သပါသည်' ဟုဆို၍ ထွန်းညှိပြီး လိုသောဆုကို တောင်းပါ။

တတိယဖယောင်းတိုင်မီးကို အိမ်တွင်းမင်းမဟာဂီရိကို ရည်စူးလျက် အိမ်ဦးခန်း ဦးရှုတိုင်တွင် ထွန်းညှိပူဇော်ပြီး ယခင်အတိုင်း လိုသောဆုကို တောင်းပါ။

ဤအစီအရင်၏အကျိုးကား လူ၊ နတ်အပေါင်းချစ်ခင်၏။ အထက်လူကြီး ဆရာသမားများ ချစ်ခင်မြှောက်စားခြင်းကိုခံရ၏။ ကြွက်ကိုလိုလျှင် သူ့နံကိုထည့်



www.burmeseclassic.com

www.burmeseclassic.com

ရှိထွန်း မုချ စွဲလမ်းစွာ ချစ်ခင်လာစေ ၏။ တာမေသုရှောင်၊ ပရဒါရကံကင်းစေ၊ သစ္စာရှိပါလေ၊ သစ္စာမရှိက ဘေးတွေ့ ပတ်သည်။ စီးပွားလာဘ်လာဘရွှင်၏။

အဝေးသို့ ထွက်သွားသောသူ၊ ပျောက်နေသောသူများ၊ ကိုယ့်ထံသို့လာ စေလိုသောသူများကို ဤအစီအရင်ဖြင့် ခေါ်ယူနိုင်၏။ လာစေနိုင်၏။ နီးသော ခရီးဖြစ်လျှင် အစီအရင်မီးတိုင်တစ်ဝက် ကျိုးခင်ရောက်၏။ ခရီးဝေးလွန်း၍ ရက်တရက် လာရန်ခက်ခဲသောသူများ အတွက် ရက်တရက် မလာရောက်နိုင် လျှင် ထပ်၍မထွန်းပါနှင့်။ ဒုက္ခရောက် တတ်သည်။ မီးထွန်းပြီဆိုကတည်းက ထိုသူများ မဖြစ်မနေ ပြန်လာကြမည် သာ ဖြစ်ပါသည်။

ဤအင်းအစီအရင်၏အကျိုးကား များလှ၏။ ဉာဏ်ရှိသလိုသုံး၍ရသည်ဟု ဆရာအမှာရှိပါသည်။ ဤအစီအရင် မြတ်ဖြင့် ရောဂါဝေဒနာအမျိုးမျိုးများနှင့် နာသွပ်သူများကိုလည်း ပျောက်ကင်းချမ်း သာစေနိုင်ပါသည်။ (မှတ်ချက်- ပီယတွင် လည်း ပွဲတွေ့အကျော်ဟု ကျမ်း၌ ဆိုပါ သည်။)

**၂ ငါးမာန်အောင်အင်းမြတ်အစီအရင်**

ဧဝံအစိန္တိယာဂါထာတော်မြတ်ကို အသုံးပြုစီရင်ထားသော ဒုတိယမြောက် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင် အဖြစ် ဖော်ပြလိုသည်မှာ ဤ'ငါးမာန် အောင်အင်းမြတ်အစီအရင်' ပင် ဖြစ်ပါ သည်။ ဤအင်းအစီအရင်မှာ အကျိုး ကျေးဇူးများစွာ ရရှိစေနိုင်သော အစီအ ရင်တစ်ခုဖြစ်ပြီး စီရင်ဆောင်ယူသင့်လှ သဖြင့် ဖော်ထုတ်တင်ပြလိုက်ရခြင်း ဖြစ် ပါသည်။

**အင်းဆန်ဂါထာ**

ဧဝံအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိ န္တိယာ၊ အစိန္တိယာ ပသန္နာနံ ဝိပါကော ဟောတု၊ အစိန္တိယော။

(ဤအင်းဆန်ဂါထာကို လက်ယာ ရစ် ခရုပတ်လှည့်၍ရေးသွင်းရပါမည်။)

**အရံအင်းဆန်ဂါထာ**

တုဋ္ဌေဟိ မမတုဋ္ဌေဟိ၊ ပီယေဟိ မမပီယေဟိ၊ သိန္နေဟံ မမသိန္နေဟံ။ ပြောင်း - သဗ္ဗရာဇာ ပုရိသက္ကတ္ထိပီယံ မှိုင်းမှိုင်း ဟုံ ဟုံ ပီယံ ဟောတု။

ဧဝံအစိန္တိယာဂါထာမြတ်ကို အ ခြေပြု စီရင်သောအင်းတို့တွင် ထူးခြား ၍ အကျိုးကျေးဇူးကြီးမားစေသောအင်း အစီအရင်တစ်ခု ဖြစ်သဖြင့် ရွေးချယ် ကောက်နုတ် တင်ပြလိုက်ခြင်း ဖြစ်ပါ သည်။ အထက်ပါ 'ငါးမာန်အောင်အင်း မြတ်အစီအရင်' ကို လေ့လာကြည့်ပါက အစီအရင်၏အလယ်တွင် ဧဝံအစိန္တိယာ ပထမဂါထာမြတ်ကို ထည့်သွင်း စီရင် ထားကြောင်း တွေ့ရပါလိမ့်မည်။


ဤအင်းကို ဝါရမိတ္တူ၊ ပြဿဒါး ရက်များကိုရှောင်၍ နေ့ကောင်းရက်မြတ်၊ အဝင်နက္ခတ်၊ သိဒ္ဓိစုတ်ကြိုက်သောအခါ ဘုရားရှင်ကို ကန်တော့ပွဲပေး၍ မုန့်၊ ယို၊ သစ်သီးများ ကပ်လှူပြီး သီလခံယူကာ စီရင်ရပါမည်။ စီရင်နည်းမှာ ဤအင်းကို စက္ကူတွင်ချပြီး ပျားဖယောင်း (၅) ကျပ် သားကို ဖယောင်းတိုင်ပြုလျက် ၎င်း ဖယောင်းတိုင်၏ မီးစာအဖြစ် မီးထွန်း သူ၏ သက်စေ့ထည့်၍ မီးစာလုပ်ပြီး အင်းကို တစ်ပါတည်း ထည့်ရပါမည်။ ထို့အပြင် ဘေးရန်အန္တရာယ် ပပျောက် စေလိုပါက ချည်မျှင်(၂၅)မျှင်ထပ်ထည့် ၍ ပူဇော်ရပါမည်။ အကယ်၍ (၉၆) ဖြာ အနာရောဂါ ကင်းဝေးလိုပါက ချည်မျှင် (၉၆) ထပ်ထည့်၍ ပူဇော်ပါ။

ဥပဒ်အန္တရာယ် ကင်းဝေးလိုပါ သော် ချည်မျှင် (၁၆) မျှင်ထည့်ပါ။ ဘေး ဆယ်ပါး၊ ဒဏ်ဆယ်ပါး ကင်းဝေးလိုပါ က ချည်မျှင်(၁၀)မျှင်ထပ်ထည့်ပါ။ (၃၂) ပါးသော ကံကြမ္မာကင်းဝေးစေလိုသော် ချည်မျှင် (၃၂) မျှင်ထည့်၍ မီးစာပြုလုပ် ပြီး ဘုရားရှင်ကို ထွန်းညှိ ပူဇော်ရပါမည်။ ထိုသို့ ပူဇော်ခါနီးတွင် ဧဝံအစိန္တိယာ ဂါထာနှင့် (၃၇) အုပ်စုတ်ပြီးမှ ပူဇော်ပါ။ အစီအရင် ထွန်းညှိပူဇော်ထားစဉ် ဧဝံ အစိန္တိယာဂါထာကို တတ်အားသမျှရွတ် ဖတ်သရဇ္ဈာယ်ပါလေ။

- အကယ်၍ စည်းစိမ်ဥစ္စာတိုးလို ပါက အင်းတွင် မိမိနံကိုထည့်လျက် တစ် အိမ်လုံးလင်းအောင် ထွန်းညှိပူဇော်ရပါ မည်။

- မင်းစိုးရာဇာနှင့် ပြောဆိုရန်ရှိ လျှင်၊ ရာထူးဌာနန္တရတိုးရန် အလိုရှိလျှင် အစီအရင် အင်းဖယောင်းတိုင်ကို နတ် စင်တွင် ကန်တော့ပွဲထိုး၍ မီးထွန်းပါ။

- လင်ကွဲ၊မယားကွဲများပြန်လည် ပေါင်းဖက်လိုပါက ယောကျ်ားအဝတ်စ၊ မိန်းမအဝတ်စနှစ်ခုမှာ အင်းချလျက် ယောကျ်ားနံက အပေါ်၊ မိန်းမနံက အောက်မှာထားလျက် စီရင်။ ပြီးလျှင် မိန်းမအဝတ်အင်းကို အတွင်းကထား၍ လိပ်ပြီး မီးစာပြုလျက် အင်းဖယောင်း တိုင်စီရင်ပါ။ ထို့နောက် ယင်းဖယောင်း တိုင်ကို ဧဝံ အစိန္တိယာဂါထာမြတ်နှင့် (၃၇) အုပ်စုတ်ပါ။ ထို့အပြင်-




ငါးမာန်အောင်အင်းမြတ်အစီအရင်

www.burmeseclassic.com

'ဦ့ တုဋ္ဌေဟိ မမတုဋ္ဌေဟိ၊ ပီယေဟိ မမ ပိယေဟိ၊ သိန္နေဟံ မမ သိန္နေဟံ၊ ဣတ္ထိ စိတ္တံ ပီယံ မှိုင်း မှိုင်း'

ဤဂါထာဖြင့် (၃၇) အုပ်စုတ်ပြီးမှ အင်းဖယောင်းတိုင်ကိုထွန်းညှိပါ။ မည်မျှ ကျောခိုင်း ဆန့်ကျင်နေသော လင်မယား မဟူ အမြန်လာရ၏။ ပြန်လည်နှစ်သက်ပေါင်းဖက်ကြရ၏။ ဤနည်းအတူ မိမိလိုသောသူများ မေတ္တာသက်ဝင်ချစ်ခင်လာစေရန် စီရင်၍ ရပါသည်။ သို့သော် ပရဒါရကံကင်းစေ၊ ကာမေသုကို ရှောင်ပါလေ။



ရာဇသဗ္ဗမီးထွန်းအင်း

ဧဝံစိန္တိယာဂါထာတော်မြတ်အား အခြေပြုစီရင်ထားသောတတိယမြောက် အစီအရင်အဖြစ် ဤ ရာဇသဗ္ဗ မီးထွန်းအင်းကို ဖော်ပြအပ်ပါသည်။ ဤရာဇသဗ္ဗမီးထွန်းအင်း အစီအရင်၌လည်း ဧဝံအစိန္တိယာဂါထာတော်မြတ်ကို အဓိကထား၍ ပင်တိုင်ပြု ရေးဆွဲစီရင်ထားသည်ကို တွေ့ရပါမည်။ အလွန်အသုံးဝင်အကျိုးများလှသည့် အစီအရင်တစ်ခုဖြစ်သည့်အပြင် ဤဆောင်းပါး၏ ရည်ရွယ်ချက်အတိုင်း ဧဝံအစိန္တိယာဂါထာမြတ်၏ အသုံးကျယ်လှပုံကို သာဓကအဖြစ် ဖော်ထုတ် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**၁။ အင်းဆန်ဂါထာ**

(၁) ဧဝံ အစိန္တိယာ ဗုဒ္ဓါ ဗုဒ္ဓဂုဏာ အစိန္တိယာ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတု အစိန္တိယော။

(၂) > ⸴ /<, ?ၔ, ^^
(အောင်ပ- ၁၅, ကုလား- ၂၄, ဆွေသား- ၃၆, တော်ရင်း- ၇၈ မိတ်နံများကို သုံးထားပါသည်။)

**၂။ အင်းအရံဂါထာ**

ဦ- ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဓမ္မောလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ သံဃောလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဧတေန ရတန တေဇေန သဗ္ဗဒါဟောတု ပီယံမမ။

ဤရာဇသဗ္ဗမီးထွန်းအင်းအား စီရင် အသုံးချနည်းမှာ ဤအင်းကို မိုင်းကိုင် စက္ကူ သို့မဟုတ် စက္ကူဖြူပေါ် တွင် သေချာစွာရေးသွင်းစီရင်ပါ။ ဖယောင်း (၅)ကျပ်သားကို ဖယောင်းတိုင်ပြုရမည်ဖြစ်ပြီး အင်းစက္ကူနှင့်မီးစာကိုတွဲ၍ထည့်ရမည်။ ထို့နောက် အင်းအရံဂါထာနှင့် (၃၇) အုပ် စုတ်ရပါမည်။ အခြေအနေအကြောင်း မကောင်းသင့်၍ ကွဲကွာနေသော လင်မယားတို့ ပြန်လည် ချစ်ခင်ကြင်နာ ပေါင်းဖက်လိုပါက သက်ဆိုင်ရာ ယောကျ်ားနှင့် မိန်းမနှစ်ဦးတို့၏အဝတ်စကောင်းများတွင် အင်းကို အသီးသီး ရေးသွင်းစီရင်ပါ။ အင်းတွင် မိမိနံကို အပေါ်ကထား လိုသူ၏နံကို အောက်ကရေးသွင်းပါ။ ယောကျ်ား၊ မိန်းမအတွက်ဖြစ်ပါက ယောကျ်ားနံက အပေါ်၊ မိန်းမနံက အောက်ကထားလျက်ရေးသွင်းစီရင်ပါ။ ထို့နောက် အရံဂါထာနှင့် (၃၇) အုပ် စုတ်လျက် မီးထွန်းညှိပါ။ ယောကျ်ားဖြစ် စေ၊ မိန်းမဖြစ်စေ အမှန်လာရ၏။ မေတ္တာသက်ဝင် ပြန်လည် ချစ်ခင်ကြင်နာလာ၏။

မိမိ၌ ဂြိုဟ်စီး၊ ဂြိုဟ်နင်း၊ ဒသာအစီးအနင်းမကောင်း ဇာတာစန်းလဂ်ညံ့နေပါက ဤအင်းကိုချ၍ အထက်ပါအတိုင်း အင်းဖယောင်းတိုင် ပြုလုပ်ပါ။ မီးစာချည်မျှင်အနေဖြင့် မိမိသက်စေ့ မီးအချည်မျှင်ထက် တစ်ပင်ပို၍ထည့်ပြီး ထိုအင်းဖယောင်းတိုင်ကို ဘုရားရှိ ဘုမ္မိအရပ်ထောင့်၌ထွန်းညှိပူဇော်ဆုတောင်းပါက မကောင်းသော အတိတ်နိမိတ်၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဒသာအညံ့အဆိုးများ ပြေပျောက်၍ ကံဇာတာများကောင်းမွန်လာပြီး မင်္ဂလာက္ခဏာရုံများနှင့်သာတွေ့ရပေလိမ့်မည်။


မင်းစိုးရာဇာ အထက်လူကြီးဆရာသမားများနှင့် ပြောရန်ဆိုရန် အရေးကိစ္စ အရေးကြုံလာခဲ့လျှင် မိမိမွေးနံထောင့်နှင့် တနင်္ဂနွေထောင့်တို့တွင် မီးထွန်း ပူဇော် ဆုတောင်းရပါမည်။ သို့မဟုတ် မိမိ၏တေဇအရပ်တွင် ထွန်းညှိပူဇော်လျက် လိုရာဆုကိုတောင်းပါလေ။ ရာဇသဗ္ဗအနုကိစ္စများကောင်းမွန်အောင်မြင်လွန်းလှစေ၏။

**၄။ ဣစ္ဆာသယ၊ ဘေးရန်ကင်းပ၊ လာဘ်ရမီးထွန်းအင်းအစီအရင်**

ယခုအထိ ဖော်ပြခဲ့ပြီးသော အထက်က ဝိဇ္ဇာမယသိဒ္ဓိ မီးထွန်းအင်းအစီအရင်များမှာ 'ဧဝံအစိန္တိယာဂါထာတော်မြတ်ကို အဓိကပင်တိုင်ထား၍ အခြေပြုစီရင်အပ်သော မီးထွန်းအင်းများဖြစ်ပြီး ယခု ဖော်ပြအံ့သော ဤ 'ဣစ္ဆာသယ၊ ဘေးရန်ကင်းပ၊ လာဘ်ရ မီးထွန်းအင်းအစီအရင်' သည်ကား 'ဧဝံအစိန္တိယာဂါထာတော်မြတ်'ကို အင်းဆန်အဖြစ် အသုံးပြုစီရင်ခြင်းမပြုဘဲ အရံအင်း၊အရံဂါထာအဖြစ် အသုံးပြုထားသော အစီအရင် ဖြစ်ပါသည်။ ဤအစီအရင်အား ဖော်ပြရခြင်း၏အဓိကရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်ကြီးများသည် ဤ 'ဧဝံအစိန္တိယာဂါထာတော်မြတ်'ကြီးကို မည်မျှ အားထားကြသနည်းဆိုသော် အင်းဆန်အဖြစ် မသုံးသည့်တိုင် အနည်းဆုံး 'အင်းအရံဂါထာအဖြစ် မလွတ်တမ်းအလေးပြု အားထား အသုံးပြုစီရင်ကြသည့်အဖြစ်ကို သက်သေသာဓကအဖြစ် တင်ပြလိုခြင်းကြောင့် လည်းကောင်း၊ ဤအစီအရင်မှာ စီရင်ရန် လွယ်ကူသလောက် အကျိုးများစေသော အစီအရင်မြတ်တစ်ခုဖြစ်ခြင်းကြောင့် လည်းကောင်း ရွေးချယ် ကောက်နုတ် ဖော်ပြလိုက်ရခြင်း ဖြစ်ပါလေသည်။



www.burmeseclassic.com



ဣန္ဒာသယ ဘေးရန်ကင်းပ
လာဘ်ရမီးထွန်းအင်း

**အင်းဆန်**

စမ္မာ- / ၊ နဝင်း- ⟩ ၊ ဇာလင်း- ၄ ၊ သတ္တ- ∧ ၊ ပဋ္ဌ- ၇ ၊ တြိ- ‹ ၊ ဆ- ၆ ၊ ဧက- > ၊ အဋ္ဌ- ∧ ဟူသော ဗမာနဝင်းအင်းဂဏန်းများကို အစဉ်အတိုင်းရထားသွားအင်းသွားဖြင့် ရေးသွင်းပါ။

**အင်းအရံဂါထာ**

(၁) ဧဝံအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊ အစိန္တိယေ ပသန္နာနံ၊ ဝိပါကောဟောတု အစိန္တိယော (အပြင်အရံဂါထာ)

(၂) ဥုံ တုဋ္ဌေဟိ မမတုဋ္ဌေဟိ၊ ပိယေဟိ၊ မမပိယေဟိ၊ မေတ္တာစိတ္တံ သွာဟုံ။

ဤအင်းကား ရေးဆွဲရန် လွယ်ကူရှင်းလင်းလှသဖြင့် အင်းရေးသွင်းနည်းကို အထူးပြောရန် လိုမည်မဟုတ်ပါ။ အထူးပြောရန်ကား ဤအင်းအစီအရင်တွင် အင်းရံဂါထာနှစ်မျိုးလုံးကို သုံးထားပြီး အပြင်အင်းအရံဂါထာမှာ မြင်တွေ့ရသည့်အတိုင်း 'ဧဝံအစိန္တိယာဂါထာတော်မြတ်' ပင် ဖြစ်သည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာယမပညာရှင်ကြီးများအနေဖြင့် 'ဧဝံအစိန္တိယာဂါထာတော်မြတ်' ကို အင်းဆန်အဖြစ် လည်းကောင်း၊ အင်းအရံအဖြစ် လည်းကောင်း အမျိုးမျိုး အားထားသုံးစွဲနေကြသည်ဟု တွေ့ရပါသည်။

ဤအင်းအစီအရင်ကို အဝင်နက္ခတ်ကြံ့သော နေ့ကောင်းရက်သာ အခါကာလများ၌ လာဘ၊ သိဒ္ဓိ၊ အမြိတ္တစသည့် ကောင်းမြတ်သော စုတ်ကြိုက်များနှင့် ကြံ့စဉ်ခိုက် စီရင်ရပါမည်။ စီရင်သောအခါ ကန်တော့ပွဲ စုံစွာပေး၍ ဤအင်းကို စီရင်ပြီး ပျားဖယောင်း (၃)ကျပ်သားဖြင့် မီးတိုင်ပြုရပါမည်။ ဂိုဏ်းစဉ်ဆေးများ ဆောင်နိုင်ကြသူများအတွက် ဤအင်းစီရင်သောအခါ ဂမုန်းပေါင်း၊ ပန်းပေါင်း၊ သူရဿတီဆေးပေါင်းတို့နှင့် ဆေးမှော်ရေးစီရင်နိုင်က သာ၍ကောင်းပါသည်။ ဤအင်း ဖယောင်းတိုင်ကို မိမိအိမ်က ဘုရားတွင် နံနက်အရုဏ်တက်၌ ထွန်းညှိပူဇော်ရပါမည်။ ပူဇော်သောအခါကာလ၌ အောက်ပါမန္တန်ဖြင့် (၃၇) အုပ်စုတ်ပြီး ပူဇော်ပါ။

'ဥုံ တုဋ္ဌေ တိ မမ တုဋ္ဌေဟိ၊ ပိယေဟိ မမ ပိဟေယိ၊ သိန္နေ ဟံ မမ သိန္နေဟံ၊ ရာဇ ပုရိသ ဣတ္ထိ စိတ္တင္ဂို သွာဟုံဟုံ'

ဤအစီအရင်၏ အကျိုးကား မကောင်းသော အတိတ်ဆိုး၊ နိမိတ်ဆိုး၊ အိပ်မက်ဆိုးများပပျောက်၏။ မကောင်းသော ဘေးရန်အန္တရာယ်တွေ ပပျောက်၏။ အထက်လူကြီး၊ မင်းစိုးရာဇာ၊ ဆရာသမားတို့ ချစ်ခင်စောင့်ရှောက်လာကုန်၏။ ယောက်ျား၊ မိန်းမတို့ ချစ်ခင်လေးမြတ်၏။ အရေးကြုံလျှင် ဤအင်းဖယောင်းတိုင်ကို ထွန်းညှိပူဇော်ပြီး လိုရာဆုတောင်းကပြည့်၏။ အင်း၏အပေါ်ဆုံးကွက်လပ် (နံ) နေရာ၌ ခုနစ်နေ့ ခုနစ်နံတို့ကို ထည့်သွင်းရေးစီရင်ရမည် ဖြစ်သည်။ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းများအတွက် စီးပွားတိုးတက် လာဘ်လာဘ ပေါများစေသည်။ ဉာဏ်ရှိသလို အသုံးချ၍ရပြီး အသုံးလည်းကျယ်သည့် အစီအရင်တစ်ခု ဖြစ်ပါသည်။

ယခုအခါ 'ဧဝံ အစိန္တိယာ ဂါထာတော်မြတ်' ကို အသုံးပြု၍ စီစဉ်ထားသော မီးထွန်းအင်းအစီအရင်များမှ လွယ်ကူ ရှင်းလင်း၍ အကျိုးတန်ခိုးသိဒ္ဓိကြီးမား ထက်မြက်သော အစီအရင်အချို့ကိုသာလျှင် နမူနာ ဥပမာအဖြစ် ကောက်နုတ်ဖော်ထုတ်တင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ အမှန်တွင် 'ဧဝံသိဒ္ဓိယာဂါထာတော်မြတ်' ကို အခြေခံအသုံးပြုစီရင်ထားသော အင်းအစီအရင်များစွာ ရှိပါသည်။ အချို့သော အစီအရင်များမှာ ရှုပ်ထွေးခက်ခဲနက်နဲလွန်းလှသဖြင့် ဖော်ပြသည့်တိုင် အများရယူအသုံးပြုရန် မလွယ်ကူခြင်းကြောင့် လည်းကောင်း၊ ဆောင်းပါးလေးအံ့စိုးသောကြောင့် လည်းကောင်း ဤမျှသာ ဖော်ထုတ် တင်ပြလိုက်ပါသည်။

ယခုတစ်ဖန် ဆက်လက်တင်ပြလိုသည်ကား ဤဧဝံအစိန္တိယာဂါထာတော်မြတ်ကို အခြေခံစီရင်ထားသော အင်းအစီအရင်များကို ပြုလုပ်ဆောင်ယူနိုင်ခြင်းငှာ အခက်အခဲရှိသူများနှင့် အများပြည်သူအားလုံးအတွက် အကျိုးထူးတရားများစွာ ရရှိစေနိုင်မည့် 'ဧဝံအစိန္တိယာဂါထာ' အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုပင် ဖြစ်ပါသည်။

## ၅။ ဧဝံအစိန္တိယာဂါထာအဓိဋ္ဌာန်ကျင့်စဉ်

ဦးစွာ ဤ 'ဧဝံအစိန္တိယာဂါထာ အဓိဋ္ဌာန်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်မည့်သူသည် အဓိဋ္ဌာန်ကာလအတွင်း သီလလုံခြုံ၍ သားကြီး၊ ငါးကြီးများ စားသောက်ခြင်းကို ရှောင်ကြဉ်ရပါမည်။ တတ်နိုင်ပါက သက်သတ်လွတ်စားသုံးနိုင်လျှင် ပို၍ကောင်းပါသည်။

- ဤကျင့်စဉ်ကို မုခ်လေးမုခ်ရှိသော တန်ခိုးကြီးဘုရားရှိ လေးမျက်နှာတွင် မုခ်တစ်မုခ်တစ်မျက်နှာလျှင် အောက်ပါ 'ဧဝံအစိန္တိယာဂါထာတော်ကြီး' ကို (၄ ပုဒ်လုံးကို) ပုတီး (၉) ပတ်စိပ်ဖြင့် (၉) ရက်အဓိဋ္ဌာန်စပြု၍ စိပ်ရမည်။

**အဓိဋ္ဌာန်ဝင် ဧဝံအစိန္တိယာဂါထာ**

၁။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၄။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဓမ္မာ သံဃာ ဟိသက်ရာ၊
သကလံ သရဏံ မယှံ၊ သမန္တာ ပရိဝါရိတော။

www.burmeseclassic.com

ဤ အဓိဋ္ဌာန်ဝင် ဇဝံအစိန္တိယာဂါထာတော်ကိုလေ့လာကြည့်လျှင် မူရင်းဇဝံအစိန္တိယာဂါထာသုံးပိုဒ်နှင့် ဂါထာအမှတ် (၄) ပိုဒ်ကို ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ကြောင်းတွေ့ရပါသည်။ အဓိဋ္ဌာန်ကျင့်စဉ်ကို အားထုတ်သူသည် ဤဂါထာ (၄) ပိုဒ်ဆုံးလျှင် ပုတီးတစ်လုံးချလျက် (၁၀၈) လုံးရှိသောပုတီးဖြင့် မုခ်တစ်မုခ် တစ်မျက်နှာစီ (၉) ပတ် ပုတီးစိပ် အားထုတ်ရမည်ဖြစ်ရာ မုခ်လေးမုခ်ဖြစ်သဖြင့် တစ်နေ့လျှင် ပုတီး (၃၆) ပတ်စိပ်ရမည် ဖြစ်ပါသည်။ ထိုအတိုင်း နေ့စဉ် ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ခြင်းကို ပြဿဒါး၊ ဝါရမိတ္တု စသည် ရက်ဆိုးရက်ယုတ်များမှ ကင်းသော မိမိ၏မွေးနေ့ နံနက် (၉)နာရီမှစ၍ အဓိဋ္ဌာန်ကျင့်စဉ်ကို စတင်ပြုလုပ်ရပါမည်။

- အဓိဋ္ဌာန်ဝင်သည့်နေ့တွင် ရတနာမြတ်သုံးပါးကို ရည်မှန်း၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းများ ကပ်လှူပူဇော်ပေးပါ။ အဓိဋ္ဌာန်ရက်အတွင်း အနည်းဆုံး ငါးပါးသီလ၊အာဇီဝဋ္ဌမကသီလတို့ကို ဆောက်တည်ပါ။ ရှစ်ပါးသီလ၊ နဝင်္ဂသီလတို့အား ဆောက်တည်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

-အဓိဋ္ဌာန်ကာလအတွင်း မေတ္တာဘာဝနာပွားများပါ။

- အဓိဋ္ဌာန်ကျင့်စဉ် (၇) ရက်မှ ကျော်လွန်လျှင် ရဟန်းအသွင်၊ သူတော်စင်အသွင်ဖြင့်ဖြစ်စေ၊ ရုပ်ရည်ရူပကာချောမောလှပတင့်တယ်သော ဣတ္ထိယရူပါရုံရှင်အသွင်ဖြင့်ဖြစ်စေ လာရောက်၍ နှောင့်ယှက် ဖျက်ဆီးတတ်ပါသည်။ အခြားသောပုံစံများဖြင့်လည်း အဖျက်အနှောင့်များပေါ်နိုင်ပါသည်။ ထိုအခါ မိမိ၏အဓိဋ္ဌာန်ကျင့်စဉ်အလုပ်ကို လုံးဝမပျက်စေရန် သတိပြုပါ။ မည်သည့်အကြောင်းပေါ်သည်ဖြစ်စေ ဣရိယာပုတ်ကို မပြောင်းမရွှေ့ မရွှေ့မိအောင် သတိထားပါ။ အဓိဋ္ဌာန်မပျက်ပါစေနှင့်။ အဖျက်ကြီးလေ မိမိအဓိဋ္ဌာန်ကျင့်စဉ်မှန်၍ အောင်မြင်မှုနီးပြီး ရရှိမည့်အကျိုးတန်ခိုးသိဒ္ဓိကြီးမားမည်ဟု မှတ်ယူပါလေ။ အနှောင့်အယှက်မှာ သူ့အလိုလို ပျောက်သွားပါလိမ့်မည်။

- ဤ 'ဇဝံအစိန္တိယာဂါထာအဓိဋ္ဌာန်ကျင့်စဉ်' (အချို့က ဣစ္ဆာသယလိုတိုင်းရ ဇဝံအစိန္တိယာဂါထာအဓိဋ္ဌာန်ကျင့်စဉ်ဟု ခေါ်ပါသည်။) အောင်မြင်ပြီးဆုံးပါက မယုံကြည်နိုင်လောက်အောင် အကျိုးပေးပါလိမ့်မည်။ ဤသုံးလောကၶ တုနိုင်းမဲ့ ကြံစည်၍မရနိုင်လောက်အောင်ကြီးမားသောဂုဏ်တော်၊ တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူကြသော ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးတို့အား ရှိခိုးပူဇော်လျက် သရဏဂုံ ဘာဝနာ ပွားများအားထုတ်သည်မည်သောကြောင့် မယုံကြည်နိုင်လောက်သော အကျိုးတရားများစွာ ရရှိမည်ဟု ဆိုထားခြင်းမှာ အကျိုးမဲ့အကြောင်းမဲ့ အဆိုမဟုတ်ပါ။ တကယ်လုပ်လျှင် အဟုတ်ဖြစ်နိုင်သည့်အဓိဋ္ဌာန်ကျင့်စဉ်ထူးတစ်ခု ဖြစ်ပါသည်။ တန်ခိုးကြီးမားသော သာသနာစောင့်နတ်မင်းကြီးများ၊ လောကပါလနတ်၊ သမ္မာဒေဝနတ်ကောင်းနတ်များနှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးများ ချစ်ခင်စောင့်ရှောက်ခြင်းအားခံရပါမည်။

လူ၊ နတ်အပေါင်းတို့ ချစ်ခင် လေးမြတ်သည်။ ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြီးသည်။ စီးပွားလာဘ်လာဘများ ပွင့်လန်းတိုးတက်သည်။ စိတ်လိုအင်ဆန္ဒတို့ ပြည်စုံ ပြည့်ဝလာသည်။ ဘုန်းကျက်သရေတိုး၍ ကောင်းကျိုးသုခအနန္တအမျိုးမျိုး ပေါ်ပေါက်ခံစားရရှိစေနိုင်သည့် အဓိဋ္ဌာန်ကျင့်စဉ်ထူးခြင်းဖြစ်သဖြင့် ဤမဂ္ဂဇင်းကြီး၏ စာဖတ်သူပရိသတ်အပေါင်း ကောင်းကျိုးချမ်းသာရကြစေရန် မေတ္တာဖြင့် အထူးဖော်ထုတ်တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

- အဓိဋ္ဌာန်မဝင်နိုင်ကြသည့်တိုင် ဤဂါထာတော်မြတ်ကို မပြတ် နေ့၊ ညရွတ်ဖတ် ပူဇော်ပေးပါက အမှန်မုချအကျိုးထူးများပေးမည်ဟု ယုံကြည်စွာဆောင်ယူ ရွတ်ပွားသင့်ကြကြောင်းကိုလည်း ကောင်းမြတ်သော မနသိကာရမေတ္တာစိတ်ဖြင့် အထူးအကြံပြု တိုက်တွန်းအပ်ပါသည်။

ယခုအခါ ကျွန်ုပ်သည် ဤ 'ဇဝံအစိန္တိယာဂါထာတော်မြတ်ကြီး' အားမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်ကြီးများ မည်မျှယုံကြည်ကိုးစား အလေးထား၍ များစွာသော ဝိဇ္ဇာမယသိဒ္ဓိအင်းအစီအရင်များအဖြစ် လည်းကောင်း၊ ဂါထာမန္တန်များအဖြစ် လည်းကောင်း၊ အဓိဋ္ဌာန်ကျင့်စဉ်အဖြစ် လည်းကောင်း ဆောင်ယူအသုံးပြုခဲ့ကြောင်း သက်သေသာဓကများဖြင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤလောကလူသား ယနေ့ခေတ်လူများပြောလေ့ပြောထရှိကြသည်မှာ 'မပိုင်လျှင်ခြင်တောင်မရိုက်ဘူး' ဟု ဆိုလေ့ရှိကြပါသည်။ ထို့အတူ ကျွန်ုပ်တို့၏ ရှေးဆရာ ဆရာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာယမပညာရှင်ကြီးများလည်း မသေချာ မပိုင်ဘဲ ဤ 'ဇဝံအစိန္တိယာဂါထာတော်မြတ်ကြီး'ကို အထပ်ထပ်အခါခါ အကြိမ်ကြိမ်အလီလီ ဤကဲ့သို့ ဝိဇ္ဇာမယပညာအစီအရင်များတွင် ထည့်သွင်း အသုံးပြုခဲ့ကြသည် မဟုတ်ပါချေ။

ထို့ကြောင့် ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ၊ မဟိဒ္ဓိသိဒ္ဓိရှင်ကြီးများပင် လက်မလွှတ်တမ်း ယုံကြည်ကိုးစား အားထားအလေးပြု သုံးစွဲစီရင်အပ်သော ဤ 'ဇဝံအစိန္တိယာဂါထာတော်မြတ်ကြီး' ကို ဟိုဂါထာလေးကောင်းနိုး၊ သည်ဂါထာလေးကောင်းနိုး၊ ဟိုလူပြောတာလေးရွတ်၊ သည်လူပြောတာလေး ရွတ်လိုက်ဖြင့် လက်စွဲဂါထာ သတ်သတ်မှတ်မှတ် မရှိသေးသောသူများအား ကျွန်ုပ်အကြံ ပြုတိုက်တွန်းလိုသည်မှာ ဤ 'ဇဝံအစိန္တိယာဂါထာတော်မြတ်ကြီး' ကိုသာ စွဲစွဲမြဲမြဲ ထုံမွှမ်းအောင် မပြတ်ဆောင်ယူ ရွတ်ပွားကြပါဟု မေတ္တာထား၍ အလေးအနက်ပြောကြားလိုပါသည်။ ကြံစည်တုနိုင်း၍မရလောက်အောင် ဂုဏ်တော်၊ တန်ခိုးတော်တို့နှင့် ပြည့်စုံသော ရတနာသုံးပါးတို့ကို ကြည်ညိုရှိခိုးခြင်းဖြင့် ကြံစည်၍ မရလောက်အောင် အကျိုးအနန္တတို့နှင့် ပြည့်ဝပါစေကြောင်း ရှိခိုးဆုတောင်းသော၊ အနက်အဓိပ္ပာယ်အနှစ်သာရနှင့်ပြည့်စုံသော ဤ 'ဇဝံအစိန္တိယာဂါထာတော်မြတ်ကြီး' ကို ရွတ်ပွားပူဇော်ခြင်းဖြင့် သရဏဂုံဆောက်တည်ရာရောက်ခြင်း၊ သရဏဂုံဘာဝနာပွားများသည်မည်ခြင်း၊ ရတနာသုံးပါးတို့၏ ဂုဏ်တန်ခိုးဟိတ်တို့ ကိန်းဝပ် လွှမ်းခြုံလာခြင်းတို့ကြောင့် ဤဂါထာတော်ကြီးကို ရွတ်ခြင်းဖြင့် ကောင်းကျိုးသုခ အနန္တအမျိုးမျိုး ပေါ်ပေါက် ခံစားရမည်မှာ လုံးဝ ယုံမှားသံသယဖြစ်စရာမရှိပါ။ ယုံကြည်စိတ်ချ ဆောင်ယူ ရွတ်ပွားကြခြင်းဖြင့် လောကီ၊လောကုတ္တရာကောင်းကျိုးချမ်းသာသုခအဖြာဖြာရရှိကြမှာ မလွဲပါ ဟုပြောကြားရင်း ဤမဂ္ဂဇင်းစာဖတ်သူအပေါင်း ဆောင်ယူ ရွတ်ပွားကြပါစေ ဟု ဆန္ဒပြုလျက်. . . ။

*သိသူဖော်စား မသိသူကျော်သွား*
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*
*မေတ္တာများဖြင့်*

တိပိဋကဓရ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်၊ နှိုဝင်ဘာလ (၆) ရက်နေ့ နံနက်ခင်း ဖြစ်သည်။ အင်းစိန်မြို့သစ်ရှိ အသိထံသို့သွားရန် အိမ်ကနေ ကျွန်တော် ထွက်ခဲ့သည်။ မကြာသေးမီက ရရှိထားသော သူရဇ္ဇမဂ္ဂဇင်းကို အသိအား ပေးရန် ဖြစ်သည်။ အသိက စာအုပ်အငှားဆိုင် ဖွင့်လှစ်ထားသည်။ ကျွန်တော်က ကျွန်တော်၏ဆောင်းပါးများ သူရဇ္ဇမဂ္ဂဇင်းတွင်ပါရှိက ပါရှိသော ဆောင်းပါးကို မိတ္တူကူး၍ လက်ခံအဖြစ် သိမ်းဆည်းသည်။ ပြီးတော့ သူရဇ္ဇမဂ္ဂဇင်းကို အသိထံ သွားရောက်ပေးသည့် ရည်ရွယ်ချက်က မြို့သစ်ရပ်ကွက်နေ စာဖတ်သူများ သူရဇ္ဇမဂ္ဂဇင်းဖတ်ရှုနိုင်ရန်ပဲ ဖြစ်သည်။ ဖတ်ချင်သောစာတစ်ပုဒ်၊ စာတစ်အုပ်နှင့် ပတ်သက်သော် စာဖတ်သူတစ်ဦးဖြစ်သော ကျွန်တော်က ကိုယ်ချင်းစာသည်။ ဒါကြောင့်ပဲ 'Brighten the corner where you are' (သင်ရောက်ရှိရာ တစ်ထောင့်တစ်နေရာ ထွန်းလင်း၍သာ ပေးလိုက်ပါ) ဆိုသော စကားအတိုင်း ကျွန်တော် တတ်စွမ်းသမျှကို ပြုခြင်းသာပဲ ဖြစ်သည်။

နံနက်စာ လက်ဖက်ရည်မသောက်ရသေးသည်မို့လည်း မဟာမြိုင်လမ်းနှင့် အောင်သပြေလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ကာ လက်ဖက်ရည်တစ်ခွက် မှာလိုက်သည်။ ဆိုင်က တီဗီကနေ ပုဂ္ဂိုလ်တစ်ဦး၏စကားပြောသံကို ကြားနေရသည်။ တီဗီကို ခပ်ကျယ်ကျယ်ဖွင့်ထားသည်။ ဆူညံသံကို ကျွန်တော် မနှစ်မြို့ပါ။ 'စောစောစီးစီးကွာ၊ ဆူလိုက်တာ' ဟု စိတ်ထဲတွင် အောက်မေ့မိသည်။ သို့သော် စကားပြောသံကို အသေအချာ နားထောင်လိုက်တော့ ဆရာ့အသံ ဖြစ်နေသည်။ ဆရာ၊ ဤဆရာကား အခြားသူ မဟုတ်ပါ။ ဆရာတော် အရှင်ဆေကိန္ဒ ဖြစ်နေသည်။ MRTV-4 ကနေ ဆရာတော်၏ တရားကို ဖွင့်နေခြင်း ဖြစ်သည်။ ဆရာသို့မဟုတ် ဆရာတော် အရှင်ဆေကိန္ဒ ဆရာတော်၏တရားပွဲပေါင်းများစွာတွင် ကျွန်တော် မသိသေးသော တရားတော်များစွာကို ဆရာတော်၏ထံပါးကနေ နာယူမှတ်သားခဲ့ရပါ၏။ လူ့စိတ်ဆိုတာ က ခက်သည်။ စောစောက ဆူညံသံမို့ မကြိုက်ခဲ့သော ကျွန်တော်သည် ဆရာ့အသံမှန်းသိတော့ ကြိုက်သွားပြန်ပါပြီကော။ စိတ်ဆိုတာ အဲဒါပဲ ဖြစ်သည်။ ယခု မည်းလိုက်၊ ယခု ဖြူလိုက်။ ပုထုဇနော ဥမ္မတ္တကောစိတ် ဖြစ်သည်။

# သဲသောင်ပြင်ပေါ်က ဘိုအိမ်ကလေးများ





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က 'ရေနစ်သူကို ဝါးကူမနှစ်ပါနဲ့' တရားတော်ကို မိန့်ကြားလို့နေသည်။ အဘိုး၊ အဖေ အဆက်ဆက်က ရေနစ်သူကို အသက်ကယ်ခဲ့ကြသည်။ ဆရာတော်၏လူဝတ်ကြောင်ဘဝတုန်းကလည်း ရေနစ်သူကို အသက်ကယ်ခဲ့ဖူး၏။ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအနက် ဤသို့ သူတစ်ပါး၏အသက်ကို ကယ်တင်ရခြင်းလောက် ကျေနပ်စရာကောင်းသော ကောင်းမှုမရှိတော့ပါဟု ဆရာတော်က မိန့်သည်။ ရေနစ်သူကိုကယ်လျှင် နောက်ကသာဆွဲရသည်ဟု ဆရာတော်ကနည်းလမ်းကိုပြောသည်။ မကြာမီမှာပဲ ဆရာတော်၏တရားက နိဂုံးချုပ်သွားသည်။ သို့ပေမင့် ဤလက်ဖက်ရည်ဆိုင် စားပွဲတွင် ဆက်ထိုင်ရင်း ကျွန်တော်၏အတွေးများက ဆက်လို့နေမိပြန်သည်။ လူ့ဘဝဆိုသည်နှင့် ပတ်သက်၍ ဖြစ်သည်။ ရုပ်နာမ်ဓမ္မ သင်္ခါရနှင့်ပတ်သက်၍ ဖြစ်ပါသည်။

ဆရာတော်သည် ဧရာဝတီမြစ်ညာရှိ ကသာမြို့တွင် ကြီးပြင်းခဲ့သူဖြစ်သလို ကျွန်တော်သည်လည်း ဧရာဝတီမြစ်ကမ်းပါး မင်းဘူး ဆိုသော မြို့လေးတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ ရေနစ်သူအကြောင်းကို ဆရာတော်က မိန့်တော့ ၁၉၆၃ ခုနှစ်၊ (၁၇) နှစ်သားအရွယ်တွင် ဧရာဝတီမြစ်၌ ရေနစ်ကွယ်လွန်ခဲ့သော (၁၀) တန်း တစ်တန်းတည်းသား အုန်းသော်ကို သတိရမိပြန်သည်။ အုန်းသော်သည် မင်းဘူးမြို့သား မဟုတ်ပါ။ မလှမ်းမကမ်းရှိ ရွာတစ်ရွာကနေလာပြီး မြို့ပေါ်က ဘုန်းကြီးကျောင်းတစ်ကျောင်းတွင်နေထိုင်ကာ ကျောင်းတက်သူ ဖြစ်သည်။ အုန်းသော် ရေနစ်သောသတင်းကိုကြားတော့ ကျွန်တော်က မြစ်ကမ်းပါးသို့ ရောက်သွားခဲ့သည်။ အလောင်းကိုဆယ်ယူပြီးတော့ သောင်ပြင်ပေါ်မှာချထားသည်။ သူ၏သက်မဲ့ခန္ဓာကိုယ်ကား ရေဝင်ထားသည်မို့ ပွရောင်းလို့နေသည်။ ဩော်- စောစောလေးကပဲ အသက်ရှိထင်ရှားသည့်ခန္ဓာကိုယ်သည် ယခုတော့ ရေတွေဝင်ပြီး ပွရောင်းလို့နေပါပကောလားလို့လည်း စဉ်းစားမိသည်။

ကျွန်တော်တို့ငယ်စဉ် ကလေးဘဝတွင် သည်သဲသောင်ကမ်းတွင် ဘိုအိမ်လေးများ ဆောက်ဖူးခဲ့ကြသည်။ ဘိုအိမ်လေးများကို သဲဖြင့်ဆောက်ဖူးပါသလား။ ကျွန်တော်ငယ်စဉ်က အကြိမ်များစွာဆောက်ခဲ့ဖူး၏။ ကလေးတို့သဘာဝ 'ဘိုအိမ်' ဟု ခေါ်ကြ၏။ သဲသောင်ကမ်းက ရေစပ်ရှိ သဲတို့သည် ရေလှိုင်းရိုက်ခတ်လို့ စိုနေသည်။ ဒီလို စိုနေသောသဲတွေကိုယူသည်၊ ပြီးတော့ ညာဘက်ခြေဖဝါးကို ထုတ်လိုက်ပြီး ဒီခြေဖဝါးပေါ်မှာ သဲတွေဖုံးသည်၊ အပေါ်ကနေ မာသွားအောင် လက်ဖဝါးဖြင့်လည်း သုံး၊ လေးချက် ရိုက်ပေးရသည်။ ပြီးလျှင် ခြေထောက်ကို အသာဖွဖွလေး ဆွဲထုတ်လိုက်သည်။ ထိုအခါ ဘိုအိမ်လေးတစ်လုံး ရသွားပြီ။ ကလေးတစ်ဦး၏စိတ်ကူးထဲက လှပသော ဘိုအိမ်လေးတစ်လုံး။ နောက်တစ်လုံးဆောက်မည်၊ နောက်ထပ်တစ်လုံးဆောက်မည်။ ဤသို့နှင့် သဲစိုအိမ်လေးတွေ လေး၊ ငါးလုံး ရသွားသည်။ မြစ်ကမ်းပါးရှိကလေးငယ်တိုင်းလိုလို ဤသို့သော ဘိုအိမ်လေးတွေ ဆောက်ဖူးကြပါသည်။

တချို့ကလေးက စိတ်ကူးကောင်းသည်။ ကမ်းပေါ်က သစ်ခက်တစ်ခက်ချိုးလာကာ သစ်ကိုင်းလေးများနှင့် သူ့ဘိုအိမ်လေး ပတ်လည်တွင် သစ်ပင်စိုက်သည်။ ဟော- သစ်ပင်ကလေးများ ခြံရံပေါက်နေသော လှပသည့်ဘိုအိမ်လေး။ တချို့ကလေးက နှီးစလေးများကိုရှာလာပြီး ချိုးဖဲ့၍ ခြံစည်းရိုးကာသည်။ ဟော- ခြံဝင်းထဲက ဘိုအိမ်လေး ဖြစ်လို့သွားပြီ။ ဒီလိုနှင့် နေအတော်မြင့်တော့ ထမင်းဆာသည်မို့ ဒီကလေးတွေ အိမ်ပြန်သွားကြသည်။ ညနေချမ်း နေအေးလျှင် သူတို့ တစ်ခေါက်ပြန်လာပြီး ဘိုအိမ်လေးများကို ကျေနပ်အားရစွာ ကြည့်ရှုကြမည်။ သို့ပေမင့် ညနေချမ်း သူတို့ပြန်လာတော့ သူတို့ရဲ့ဘိုအိမ်လေးများက မရှိတော့ပါ။ ဧရာဝတီမြစ်ကြောတွင် စက်အားကြီးသော သင်္ဘောကြီးတွေ ခုတ်မောင်းသွားသည်။ ထိုအခါ လှိုင်းများကြီးကာ ရေလှိုင်းတွေက သောင်ကမ်းပေါ်သို့ ရိုက်ခတ်သည်။ ဤရေလှိုင်းများအောက်တွင် ကလေးတို့၏ ဘိုအိမ်လေးများက ပြိုလဲပျက်စီးသွားသည်။ ဒါမှမဟုတ် မနက်ခင်းကဆောက်ခဲ့သော ဘိုအိမ်လေးများသည် နေ့လယ်ခင်း နေပူရှိန်ကို ကောင်းစွာခံရသည်။ သဲတွေကို ရေစိုနေ၍သာ ဤဘိုအိမ်လေးများကို ဆောက်၍ရသည်။ ပြင်းပြသော နေပူရှိန်အောက်၌ သဲများအတွင်းရှိ ရေတွေသည် အငွေ့ပြန်ကာ သဲတွေက ခြောက်သွေ့လို့သွားသည်။ ရေမရှိလို့ သဲတို့သည် တစ်ပွင့်၊ နှစ်ပွင့် စေးကပ်ခြင်းငှာ မတတ်သာတော့ပါ။ ထိုအခါ သဲဖြင့်ဆောက်သော ဘိုအိမ်လေးများသည် ပြိုကျပျက်စီးရပါတော့သည်။

မနုဿလူသားတို့၏ဘဝ၊ ၃၁ ဘုံသား ပုဂ္ဂိုလ်သတ္တဝါတို့၏ ခန္ဓာအိမ်ဟူ သရွေ့သည် ဤသဲဘိုအိမ်လေးများနှင့် တူလှပါပကော။

လက်ဖက်ရည်သောက်ပြီးသော် ရည်မှန်းရာ အင်းစိန်မြို့သစ်သို့သွားရန် ပြည်လမ်းဘက်သို့ ကျွန်တော်ထွက်လာခဲ့သည်။ ထိုအချိန်မှစကာ ကလေးဘဝတုန်းက တည်ဆောက် ဆော့ကစားခဲ့သော သဲဘိုအိမ်လေးများက ကျွန်တော့်ရင်မှာ တွယ်ငြိကပ်ပါလာခဲ့သည်။ ကျွန်တော့်အတွေးတွင် တွယ်ငြိ ကပ်ပါလို့လာခဲ့သည်။ သို့နှင့် ဤဆောင်းပါးကို ကျွန်တော် ရေးဖြစ်သည်။

သဲဘိုအိမ်လေး တစ်လုံးစီသည် လူတစ်ဦးချင်းစီ၏ သက်ရှိဘဝပဲ ဖြစ်သည်။ (အမှန်မတော့ ၃၁ ဘုံသားတို့၏ဘဝတစ်ခုချင်းစီသည်လည်း ယင်းတို့၏ဘဝသဲဘိုအိမ်ပါပဲ။ ဥပမာပေးရာတွင် ရှင်းစေရန်အတွက် လူတစ်ဦးချင်းစီလို့ပဲ သုံးပါသည်။) ဤသဲဘိုအိမ်ဘဝလေးတွေသည် မည်ကဲ့သို့ဖြစ်လာခဲ့ပါသလဲ။ ဘဝဟောင်းတွင် ထားရှိခဲ့သော စေတနာကံကို အကြောင်းပြု၍ ဘဝသစ်တစ်ဖန် (သို့) ရုပ်နာမ်သည် တစ်ဖန်ဖြစ်လာရသည်။ ပဋိစ္စသမုပ္ပါဒ်တွင် တဏှာဟု သုံးစွဲ၍ အဘိဓမ္မာတွင် လောဘဟု သုံးစွဲသည်။

'တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ' ဆိုသော ပဋိစ္စသမုပ္ပါဒ် တရားစဉ်ကို လူတိုင်း ကြားဖူးကြပါသည်။ လူသည် ဝဋ်(၃)ပါးတွင်လည်လို့နေသည်။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူ၍ ဖြစ်၏။ ကိလေသဝဋ် ဟူသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဖြစ်သည်။ ကမ္မဝဋ် ဟူသည် သင်္ခါရနှင့် ကမ္မဘဝ ဖြစ်သည်။ ဝိပါကဝဋ် ဟူသည် ဝိညာဏ်- နာမ်ရုပ်- သဠာယတန-ဖဿ-ဝေဒနာ ဖြစ်သည်။

ဘဝဟောင်းစေတနာကံကိုစွဲ၍ ဘဝသစ်၊ ခန္ဓာသစ်၊ ရုပ်နာမ်သစ်ကိုရကြသည်။ သက်တမ်းကုန်အောင်နေကြရသလားဆိုတော့ နေကြရသူလည်း နေကြရသည်၊ မနေကြရသူတွေလည်း မနေကြရပါ။ တချို့က ဥပစ္ဆေဒကကံနှင့် သေကြရသည်။ တချို့က အနာရောဂါနှင့် သေကြရသည်။ တချို့က အမိဝမ်းထဲမှာ၊ တချို့က အမိဝမ်းကကျွတ်လျှင်



www.burmeseclassic.com

www.burmeseclassic.com

ကွက်ချင်း၊ တချို့က ကလေးဘဝမှာ၊ တချို့က ဆယ်ကျော်သက်အရွယ်မှာ၊ တချို့က (၂၀) ကျော်၊ (၃၀) ကျော်မှာ၊ တချို့က (၄၀) ကျော်၊ (၅၀) ကျော်မှာ၊ တချို့က (၆၀) ကျော်မှာ လူ့ဘဝကို ကုန်ဆုံးလို့သွားကြသည်။

၁၉၆၃ ခုနှစ်၊ (၁၀) တန်းတွင် အောင်အောင်၊ ကိုတင်အောင်၊ တင်မောင်သိန်းနှင့် ကျွန်တော်တို့ တွဲခဲ့ကြသည်။ အောင်အောင်သည် မင်းဘူးသို့ ပြောင်းလာသော ခရိုင်ပညာဝန်၏သား ဖြစ်သည်။ အရာရှိကြီးသားလည်းဖြစ်၊ ရုပ်ရည်ကလည်း ဝင်းဦးလို ချောမောသောရုပ်မို့ စန်းပွင့်လှ၏။ အောင်အောင်သည် ၁၉၈၇ ခုနှစ်မှာပဲ အသက် (၄၀) ခန့်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ တင်မောင်သိန်းက (၁၀) တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်တက်ရောက်သည်။ ကျွန်တော်က မန္တလေးတက္ကသိုလ်သို့ တန်းသွားခဲ့သည်။ နှစ်ပေါင်း (၄၀)ကျော် ကွဲကွာနေခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဧပြီလ ပုလဲမြို့သစ်ကျောင်း ရေစက်ချပွဲ၌ ပြန်တွေ့ခဲ့သည်။ နောက် (၄) လအကြာ ထယ် သူ ကွယ်လွန်ခဲ့သည်။ စက်မှုဇုန်ထုတ် ကားကုမ္ပဏီပိုင်ရှင်မို့ သူကွယ်လွန်တော့ တခြားစက်မှုဇုန်ထုတ်ကားကုမ္ပဏီများက ဝမ်းနည်းကြောင်းကြော်ငြာတွေ သတင်းစာ၌ ဝိုင်းထည့်ကြရာ ပလူပျံနေ၏။ တင်မောင်သိန်းခေါ် အချိုက အသက် (၆၅) နှစ်မှာ ကွယ်လွန်သည်။

တင်မောင်သိန်း၏အသုဘပို့ရန် မြောက်ဥက္ကလာပလမ်းမကြီးကနေ ရေဝေးသို့ ဆိုက်ကားစီးကာ ကျွန်တော် သွားသည်။ (၁၀) တန်းတုန်းက တွဲခဲ့တဲ့ (၄) ယောက်ဟာ အခုဆို ကျွန်တော်နဲ့ နောက်တစ်ယောက်ပဲ ရှိတော့တယ်ဗျာ ဟု ဆိုက်ကားဆရာကို ပြောမိသည်။ ကျွန်တော် မသိ၍ ကိုတင်အောင်ကို ရှိသေးသည်ဟု ထင်နေမိခဲ့သည်။ ပြီးခဲ့သော စက်တင်ဘာလအတွင်းက မင်းဘူးက ရပ်ဆွေရပ်မျိုး အစ်မနှစ်ယောက်နှင့်တွေ့ရာ 'ကိုတင်အောင်က မရှိတော့ဘူးလေ၊ လွန်ခဲ့တဲ့ (၃) နှစ်လောက်ကပဲ ဆုံးသွားခဲ့ပြီ' ဟု ပြောလေသည်။ ကိုတင်အောင်နှင့် ကျွန်တော်တို့သည် မန္တလေးတက္ကသိုလ် ရွှေပြည်အေးဆောင်တွင် အတူနေခဲ့ကြသူများ ဖြစ်ပါသည်။

သြော် . . . မမြဲသော အနိစ္စရဲ့ သဘောပေပဲ။ ကိုယ့်အရင် ယခုတော့ သူတို့၊ သူတို့က ထွက်ခွာလို့သွားခဲ့ကြပါပကော။

သဲသောင်ပြင်ပေါ်က ရေစိုသဲဖြင့် တည်ဆောက်ထားသော ဘိုအိမ်လေးများသည် သဲပွင့်တစ်ခုနှင့်တစ်ခုကို ကပ်ငြိတွယ်တာထားစေသော ရေဓာတ်များ ခန်းခြောက်သွားသည်ရှိသော် ပြိုလဲပျက်စီးရဘိသကဲ့သို့ပင် ဘဝဟောင်းကအကြောင်းစေတနာကံကုန်သော် ဤရုပ်၊ ဤနာမ်တို့ တွဲ၍နေခြင်းငှာ မဖြစ်နိုင်တော့။ ဤခန္ဓာပျက်စီးရစမြဲ ဖြစ်ပါ၏။ အဲဒါကြောင့်ပဲ ကျွန်တော်က လူတစ်ယောက်၏ဘဝကို သဲဘိုအိမ်နှင့် တင်စားပြောခဲ့ခြင်း ဖြစ်ပါသည်။

တစ်ခါတုန်းကပေါ့။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကံမြင့်ဓမ္မာရုံမှာ ဖြစ်သည်။

"အနိစ္စဆိုတာ ဘာလဲ"

ဟု ဆရာတော် အရှင်ဆေကိန္ဒက မေးသည်။

ပရိသတ်က -

"အမြဲခြင်းပါဘုရား"

ဟု ဖြေသည်။

"မမြဲခြင်းဆိုတာ ဘာလဲ"

ဟု ဆရာတော်က ထပ်၍မေးသည်။

သည်တော့ ပရိသတ်က-

"အနိစ္စပါဘုရား"

ဟု ဖြေပြန်သည်။

ဆရာတော်က ရယ်သည်။ ထို့နောက် ဆရာတော်က မမြဲခြင်းဆိုသည်ကို ရှင်းပြသည်။

"မရှိရာကနေ ပေါ်လာပြီးတော့ ပျောက်ပျက်သွားတာကို မမြဲဘူးလို့ ခေါ်တယ်"

အနတ္တလက္ခဏသုတ်တရားတော်တွင် မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးပါးကို အမေး၊ အဖြေနှင့် တရားဟောသည်။

"ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ"

(ရုပ်သည် မြဲသလား၊ မမြဲဘူးလား)

ထိုအခါ ပဉ္စဝဂ္ဂီငါးပါးက-

"အနိစ္စံ ဘန္တေ"

(မမြဲပါ အရှင်ဘုရား)

"ယံ ပနာနိစ္စံ ဒုက္ခံ ဝါတံသုခံ ဝါတိ"

(အဲဒီ မမြဲတဲ့သဘောဟာ ဆင်းရဲသလား၊ ချမ်းသာသလား)

"ဒုက္ခံ ဘန္တေ"

(ဆင်းရဲပါတယ် အရှင်ဘုရား)

"ယံ ပနာနိစ္စ ဒုက္ခံ ဝိပရိနာမဓမ္မံ၊ ကလံနုတံသ မနုပဿိတုံ၊ ဧတံမမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ"

(မမြဲလို့ ဆင်းရဲပြီး ဖောက်လဲ့ဖောက်ပြန်သဘောရှိတဲ့ ဒီရုပ်ဟာ ငါ့ရုပ်ပဲ၊ ဒီရုပ်ဟာ ငါပဲ၊ ဒီရုပ်ဟာ ငါ့အတ္တပဲလို့ နှလုံးသွင်းဆင်ခြင်လို့ သင့်တော်ပါ့မလား)

"နော ဟေတံ ဘန္တေ"

(မသင့်တော်ပါ မြတ်စွာဘုရား)

ရုပ်နှင့်ပတ်သက်၍ မေးပြီးသော် မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးပါးတို့အား ဝေဒနာနှင့်စပ်လျဉ်း၍၊ သညာနှင့်စပ်လျဉ်း၍၊ သင်္ခါရနှင့်စပ်လျဉ်း၍၊ ဝိညာဏ်နှင့်စပ်လျဉ်း၍ အပိုင်းလိုက် အပိုင်းလိုက် တစ်ကဏ္ဍစီ မေးမြန်းတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးတို့လည်း ရှေးနည်းတူ ဖြေကြားကြလေ၏။

ဝဋ်သုံးပါးတို့မည်သည့် လည်ပုံကို မဟာစည်ဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပာဒ်တရားတော်တွင် အောက်ပါအတိုင်း ရှင်းလင်း ဟောကြားတော်မူခဲ့ပါ၏။

'ပဋိစ္စသမုပ္ပာဒ် တရားတော်တွင် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုသော ဝဋ်သုံးပါးလည်း ပါဝင်ပါတယ်။ ရှေးဘဝက မြင်မှု၊ ကြားမှု စသည်ကို အမှန်အတိုင်းမသိဘဲ ချမ်းသာတွေ၊ အကောင်းတွေလို့ ထင်ခဲ့တာက အဝိဇ္ဇာ။ အဲဒါတွေကို သာယာနှစ်သက်ခဲ့တာက တဏှာ။ စွဲလမ်းခဲ့တာက ဥပါဒါန်။ ဒီသုံးပါးကို ကိလေသဝဋ်လို့ ခေါ်တယ်။ အဲဒီကိလေသဝဋ်ဖြင့် အသိမှားပြီး သာယာစွဲလမ်းခဲ့တဲ့အတွက် ချမ်းသာ ကောင်းစားအောင် ရည်ရွယ်ပြီးပြုလုပ်ခဲ့တာက သင်္ခါရ။ အမှုကံပြီးမြောက်ခဲ့တာက ကမ္မဘဝ။ ဒီသင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ်လို့ ခေါ်တယ်။ ဒီကံသင်္ခါရကြောင့် ပဋိသန္ဓေခ,ခါမှစပြီး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ တရားငါးပါးဟာ ခဏမစဲမပြတ် ဖြစ်နေတယ်။ အဲဒီငါးပါးကို ဝိပါကဝဋ်လို့ ခေါ်တယ်။ ယခု မြင်လိုက်၊ ကြားလိုက် စသည်ဖြင့် ဒွါရ (၆) ပါးက ထင်ရှားပေါ်နေတဲ့တရားတွေပေါ့။

အဲဒီ ဝိပါကတရားကိုပင် ငါမြင်တယ်၊ ငါကြားတယ်၊ ငါတွေ့တယ်၊ ငါသိတယ်၊ ငါခံစားတယ် စသည်ဖြင့် ထင်ပြန်တယ်။ အဲဒါက အဝိဇ္ဇာပဲ။ အဲဒီလိုထင်တဲ့အတွက် သာယာနှစ်သက်ပြန်တယ်။ အဲဒါက တဏှာပဲ။ သာယာနှစ်သက်တော့ စွဲလမ်းတယ်။ အဲဒါက ဥပါဒါန်ပဲ။ ဒီသုံးပါးက ယခုဘဝမှာ ဝိပါကဝဋ်ကိုမှီပြီးတော့ တစ်ပတ်လည်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိလေသဝဋ်ပဲ။ အဲဒီလို စွဲလမ်းတော့ အားထုတ်ပြန်တယ်။ အားထုတ်တော့ အမှုကံပြီးမြောက်သွားပြန်တယ်။ သင်္ခါရနဲ့ ကမ္မဘဝပါပဲ။ ဒီနှစ်ပါးက ကိလေသဝဋ်မှ တစ်ဖန်လည်လာတဲ့ ကမ္မဝဋ်ပါပဲ။ အဲဒီ ကမ္မဘဝကြောင့် နောင်ဘဝမှာ ဇာတိပေါ်လာပြီး ဇရာ၊ မရဏ စသည်တွေ ဖြစ်ရတယ်။ အဲဒါတွေကတော့ တရားကိုယ်အားဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ဝိပါကဝဋ်တရားတွေ တစ်ပတ်လည်ပြီး ဖြစ်လာကြတာတွေပါပဲ။ အဲဒီကနောက်လည်း ရှေးနည်းတူပဲ မြင်မှု၊ ကြားမှု စသော ဝိပါကဝဋ်ကိုမှီပြီး ကိလေသဝဋ် ဖြစ်မယ်။ အဲဒီ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်မယ်။ အဲဒီ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်မယ်။ ဒီပုံဒီနည်းဖြင့် ကိလေသာ၊ ကံ၊ ဝိပါက် ဆိုတဲ့ ဝဋ်သုံးပါးဟာ တစ်ပြန်စီလည်ပြီး မပြတ်ဖြစ်နေပါတယ်'

*(မဟာစည်ဆရာတော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ်တရားတော် ဒုတိယတွဲ၊ စာ ၁၀၄-၁၀၅၊ မဟာစည်သာသနာ့ရိပ်သာ၊ ၁၉၉၅။)*

လူသတ္တဝါတို့၏ လားရာဂတိကို လယ်တီဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ်ဒီပနီတွင် ဟောကြားခဲ့သည်မှာ ရှင်းလင်းပြီး သံဝေဂရဖွယ်အတိ ဖြစ်ပါသည်။

'ဧတသ္မ အာနန္ဒ ပဋိစ္စသမုပ္ပါဒဿ အ,နုညာအပ္ပဋိ ဝေဓာတန္တာကုလသဇာတာ မုဉ္ဇ ပဗ္ဗဇ ဘူတာ သကုဏဂုဏ္ဍိက ဇာတာအပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တန္တိ'

အာနန္ဒ- ဧတဿ ပဋိစ္စသမုပ္ပါဒဿ- ဤပဋိစ္စသမုပ္ပါဒ်သဘောကို၊ အနုညာ- မသိကြခြင်းကြောင့်၊ အပ္ပဋိဝေဓာ- အသိဉာဏ် မပေါက်ကြခြင်းကြောင့်၊ ဣမေသတ္တာ- ဤသတ္တဝါတို့သည်၊ တန္တာကုလကဇာတာ- မသင်နိုင်သော ရက်ကန်းထွေး အပေါက်ကဲ့သို့ ထွေးရှုပ်၍နေကြကုန်၏။ မုဉ္ဇ ပဗ္ဗဇ ဘူတာ- ဖြူဆံမြက်တော ပိန်းမြက်တောကဲ့သို့ ထူထပ်ရှုပ်ထွေး၍နေကြကုန်၏၊ သကုဏဂုဏ္ဍိကဇာတာ - စာပေါင်းသိုက်ကဲ့သို့ ထွေးယှက်၍နေကြကုန်၏၊ အပါယံ- ချမ်းသာကင်းရာဖြစ်သော၊ ဒုဂ္ဂတိံ- မကောင်းသဖြင့် လားရာဖြစ်သော၊ ဝိနိပါတံ- အလိုဆန္ဒကင်း၍ ကျရာဖြစ်သော၊ သံသာရံ- သံသရာကို၊ နာတိဝတ္တန္တိ- မလွတ်နိုင်ကြကုန်။

တန္တာကုလကဇာတာ၊ မုဉ္ဇ ပဗ္ဗဇ ဘူတာ၊ သကုဏဂုဏ္ဍိက ဇာတာတို့၏ အဓိပ္ပာယ်ကား တစ်ယောက်ယောက်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ နှလုံးထဲ၌ (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိနှင့်တကွ ပြဆိုခဲ့သော အပြစ်ဒေါသမျိုးတွေ အသင်္ချေရှုပ်ထွေး၍နေသည်ဟု ဆိုလိုသည်။

*(သက္ကာယဒိဋ္ဌိ ၂၅၆ ပါးကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်း 'ဥပါဒါန်၏စေစားရာ' ဆောင်းပါးတွင် ဖော်ပြခဲ့ပါသည်။ စာရေးသူ)*

ဝိနိပါတံ သံသာရံ၏ အဓိပ္ပာယ်မှာ-

'ဤသို့ နှလုံးအတွင်း ရှုပ်ထွေးနေကြသော လူ၊ နတ်၊ ဗြဟ္မာ ပုထုဇဉ်သတ္တဝါတို့သည် ဘယ်ဘုံက စုတေ၍ ဘယ်ဘုံသို့ ငါသွားမည်ဟု မှန်းတန်း၍ သွားနိုင်ကြကုန်သည် မဟုတ်။ စုတေသည့်နောက် ရောက်လိုရာရောက်၊ ကျလိုရာကျ ကမ္ဘာသကာ ကံချရာဟု ပေါက်လွတ်မေ့တာ ထားကြရကုန်လေသည်။ တပေါင်း၊ တန်ခူးအခါ လေမုန်တိုင်းတိုက်၍ ကြွေကျကုန်သော သစ်ရွက်တို့သည် အညာကလွတ်လျှင် ကျစရာနေရာကို ရွေးချယ်၍ ဘယ်နေရာတွင် ငါကျမည်ဟု မှန်းတန်း၍ကျနိုင်ကြသည် မဟုတ်၊ ရောက်မိရောက်ရာရောက်၍ ကျမိကျရာ ကျလေကုန်သကဲ့သို့၊ ထို့အတူ သက္ကာယဒိဋ္ဌိတန်းလန်းရှိကြကုန်သောသူတို့သည် အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံကပင်သော်လည်း နေ့စေ့၍ စုတေသောအခါ ရောက်ချင်ရာရောက် ပေါက်လွတ်ချရကုန်သည်သာတည်း။ တပေါင်း၊ တန်ခူးအခါ လေပွေတိုက်၍ အထက်ကောင်းကင်သို့ ရောက်ကြကုန်သော သစ်ရွက်ခြောက်၊ မြက်ခြောက်၊ အမှိုက်သရိုက်တို့သည် သင့်တင့်ရာနေရာကို ရွေးချယ်၍ ဘယ်နေရာမှာ ငါတို့ကျမည်ဟု မှန်းတန်း၍ ကျနိုင်ကြကုန်သည် မဟုတ်။ ရောက်မိရောက်ရာရောက်၍ ကျမိကျရာကျကြလေကုန်သကဲ့သို့။ ထို့အတူ သက္ကာယဒိဋ္ဌိ တန်းလန်းရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည် တစ်ဘဝမှ တစ်ဘဝသို့ စုတေကျသောအခါ ရောက်မိရောက်ရာရောက်၍ ကျမိကျရာ ကျကြလေကုန်သည်သာတည်း။

ဤသို့လျှင် သက္ကာယဒိဋ္ဌိ (၂၅၆) ပါး တည်းဟူသော လေပြင်းမုန်တိုင်း လှိုင်းကြမ်း၊ ရေကြမ်းမှာ မျောပါ၍နေကြကုန်သော သတ္တဝါတို့၏ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းလဲမှု၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက် ပေါက်လွတ် လျောက်လျားနေကြမှုကို ဝိနိပါတံသံသရာဟု ဆိုသတည်း'

*(လယ်တီ ဆရာတော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ်ဒီပနီ၊ စာ- ၁၈/၁၉။)*

တစ်ခါက စာရေးဆရာ ဦးအေးမောင်က 'ဘဝအိုးအိမ်အကြိမ်ကြိမ်' ဟု လူဝင်စားတို့၏အဖြစ်ကို စာအုပ်ရေးခဲ့သည်။ ဘာကြောင့် ဘဝတို့သည် ခိုင်မြဲခြင်းမရှိရသလဲ သို့မဟုတ် သေချာခြင်းမရှိရသလဲ။ သောင်ပြင်ပေါ်က သဲရေစိုနှင့်ဆောက်သော ဘိုအိမ်လေးများ၏ အလား ပျက်စီးလွယ်ရပါသလဲ။ သောင်ပြင်ပေါ်တွင် ကလေးတစ်ဦးသည် သူ၏ စိတ်ကူးယဉ် သဲဘိုအိမ်လေးကို နံနက်ခင်း နေသာခိုက်မှာ ဆောက်ခဲ့သည်။ ဤသဲဘိုအိမ်လေးကိုကြည့်၍ ကလေးက ကျေနပ်လို့နေသည်၊ သာယာလို့နေသည်။ ကလေးတစ်ဦး၏စိတ်ကူးထဲက သဲဘိုအိမ်ကလေး၊ ညနေစောင်းတွင် သူ၏သဲဘိုအိမ်ကလေးကို လာကြည့်တော့ မရှိတော့။ အကြောင်းကြောင်းနှင့် ပျက်စီးလို့သွားခဲ့ပြီ။ မြစ်ရေလှိုင်းတိုက်ခတ်လို့ဖြစ်မည် သို့မဟုတ် နေပူရှိန်ကြောင့် သဲများကို စေးကပ်စေသော ရေများ ခြောက်သွေ့ အငွေ့ပြန်ကာ သဲများတစ်ပွင့်နှင့်တစ်ပွင့် စေးကပ်ဖို့ရာ အကြောင်း မရှိတော့ရာက သဲဘိုအိမ် ပြိုကျသွားလို့ ဖြစ်မည်။ ဆောက်လုပ်သောအရာကိုက မခိုင်မြဲသော သဲနှင့်ဆောက်သော ဘိုအိမ်လေးပဲလေ၊ မခိုင်မြဲတာ ဘာဆန်းလို့လဲ။ ရွှံ့ဖြင့်ဆောက်မည် သို့မဟုတ် အုတ်အင်္ဂတေဖြင့်ဆောက်မည်ဆိုလျှင်ဖြင့် ဤအိမ်လေးက ကာလတစ်ခုတော့ ခံနိုင်ကောင်းခံမည်။ အလားတူစွာပါပဲ။

လူ သို့မဟုတ် သတ္တဝါတို့၏ခန္ဓာအိမ်သည် စေတနာကံဆိုသော ကိလေသာသဲနှင့် ဆောက်လုပ်ခဲ့သည် မဟုတ်လား။ အကြောင်းက မကောင်း၍ အကျိုးက မကောင်းရတာ ဖြစ်သည်။ အကြောင်းက မခိုင်ခဲ့သည်မို့ အကျိုးက မခိုင်ခံ့ရတာပါ။ ဒါပေမယ့်လည်း လူပုဂ္ဂိုလ်သတ္တဝါတို့သည် မိမိတို့ရဲ့ဘဝအိုးအိမ် မမြဲခြင်းကို မမြဲဟူ၍ သတိပြုဆင်ခြင်နိုင်ခြင်း မရှိပါ။ ကလေးငယ်တစ်ဦးသည် သူ့စိတ်ကူးထဲက သဲဘိုအိမ်လေးကို တပ်မက်၍နေဘိသည့်အလား၊ လူပုဂ္ဂိုလ်သတ္တဝါ ၃၁ ဘုံသားတို့သည် မိမိတို့၏ရောက်ရာ၊ ရရာ ခန္ဓာအိမ်ကို တပ်



www.burmeseclassic.com

www.burmeseclassic.com

ကော်လို့နေကြသည်။ မြသည်ဟု အထင် ကြသည်။ ဤဘဝနှင့်စပ်လျဉ်းသော အမြင့်, အကြား, အနံ့, အရသာ, အထိ အတွေ့, အတွေးတို့မှာ သာယာလို့နေ ကြသည် နှစ်သက်၍နေကြသည်၊ ခံစား၍နေကြသည်။ ထိုအခါ လယ်တီဆရာ တော်ကြီး မိန့်တော်မူသော သက္ကာယ (၂၅၆) ပါးတို့သည် ရင့်သထက်ရင့်၍ ညွှဲသထက်မှည့်၍လာကြသည်။

ဤသို့နှင့် သက္ကာယနှင့်ယှဉ်သော ဤခန္ဓာပျက်စီးသော် ရောက်ချင်ရာသို့ ရောက်ကြပါလေ၏။ အမြင့်သို့ရောက် ၏၊ အနိမ့်သို့ရောက်၏၊ အမြင့်က တစ် ခါ အနိမ့်သို့ ရောက်၏။ နီးနီးမှာကျ၏, ဝေးဝေးမှာကျ၏။ နီးနီးကတစ်ဖန် ဝေး ဝေးသို့ လွင့်ပြန်၏။ မရေရာ မသေချာ သော သတ္တဝါတို့၏သဲဘိုအိမ်များ၊ ပျက် စီးလွယ်လေသော ဘဝခန္ဓာသဲဘိုအိမ် များပဲ ဖြစ်ပါ၏။

အယူတော်မင်္ဂလာ ဦးနိုးသည် အိန္ဒိယနိုင်ငံ ကောဏ္ဏည ပုဏ္ဏားမျိုးမှ မြန်မာပြည်သို့ ရောက်လာကာ အယူ တော်မင်္ဂလာဦးနိုး လောင်းလျာအဖြစ် မွေးဖွားသန့်စင်ခဲ့ပါ၏။ ရွှေတိဂုံဘုရား တန်ဆောင်းဒါယကာတစ်ဦးသည် အင် သန်မှာ လူသွားဖြစ်ကာ မြန်မာပြည်သို့ သာစဉ် တန်ဆောင်းကိုမြင်တော့ ဘဝ ဟောင်းကို ပြန်အမှတ်ရလေ၏။ မြန်မာ ပြည်မှာပဲ ရဟန်းဝတ်နှင့် ပြန်နေခဲ့၏။ (အရှင်ဇနကာဘိဝံသ၏ ပဋ္ဌာန်းတရား တော်စာအုပ်၌ ပါရှိခဲ့သည်။) မန္တလေး က သံယာတော်ကို ဆွမ်းမှန်မှန်လောင်း သော မသိန်းရှင်သည် ကွယ်လွန်တော့ စင်ကာပူမှာ လူပြန်ဖြစ်ခဲ့သည်။ ပဋ္ဌာန်း ဆက်ရှိရာ ထေရဝါဒဗုဒ္ဓဘာသာဝင် ပြန် ဖြစ်ခဲ့သည်။

လူ့ဘဝ၏ ထူးခြားဆန်းကြယ်လှ ဖြစ်ရပ်တစ်ခုကို ပြောပြလိုပါသေး သည်။

၁၉၅၆ ခုနှစ်တွင် မင်းဘူးမြို့ အ ဆက်တန်းကျောင်း ကျောင်းအုပ်ကြီး သည် တိုက်ကြီးမြို့သို့ ပြောင်းရွှေ့သွား ခဲ့သည်။ ဆရာကြီး၏နောက်သို့ တွယ် ကာခင်မင်ရာ တပည့် ကာစင်က လိုက် သလည်ပတ်သည်။ ကာစင်သည် တိုက် ကြီးမြို့ကနေ ရန်ကုန်သို့ တစ်ဖန် သွား သည်ပြန်သည်။ ဂျစ်ကားဖြင့်သွားရာ နောက်ခန်းက ကာစင်ထံသို့ ရှေ့ခန်းမှာ ထိုင်သောမိန်းမကြီးသောက်သည့် ဆေး ပေါ့လိပ်မီးပွားစဉ်သည်။ ကာစင်က စော ဒကတက်တော့ မိန်းမကြီးက ကာစင်ကို ရှေ့ခန်းသို့လာစေကာ သူက နောက် ခန်းသို့ပြောင်းသည်။ ရှေ့တစ်နေရာဝယ် ဂျစ်ကားသည် ရှေ့က လော်ရီကားကို ကျော်တက်ရင်း မျက်နှာချင်းဆိုင်ကလာ သောကားနှင့် ပြင်းထန်စွာတိုက်မိသည်။ ရှေ့ခန်းရောက် ကာစင် ပွဲချင်းပြီးသေ သွားခဲ့သည်။

နှစ်ကာလပေါင်းများစွာ ကြာမြင့် သွားခဲ့သည်။ ၁၉၇၆ ခုနှစ်၌ ပါတီ သုတေသနဌာနတွင် သုတေသနလက် ထောက် ကျွန်တော် ဖြစ်သည်။ ယင်း ဌာနတွင် အမျိုးသမီးအရာရှိတစ်ဦး သည် တိုက်ကြီးကမို့ ကာစင်အကြောင်း ကို ကျွန်တော့်အား ပြောပြသည်။ဒီ တော့ ယင်းအရာရှိအစ်မက 'အဲဒီမိန်းမ ကြီးဆိုတာ အစ်မရဲ့အမေပေါ့' ဟု ပြော သည်။ နောက် ယင်းအစ်မ၏မိခင်က ရန်ကုန်သို့လာရင်း ရုံးသို့ရောက်လာရာ အစ်မက ကျွန်တော်နှင့် မိတ်ဆက်ပေး သည်။ ၁၉၇၇ ခုနှစ်လော၊ ၁၉၇၈ ခုနှစ် လော၊ တစ်နှစ်နှစ် ဖြစ်လိမ့်မည်။ ကာစင် သေစဉ်က အသက်ဘေးမှလွတ်ခဲ့သော တိုက်ကြီးကအဒေါ်ကြီးသည် ရန်ကုန်သို့ အလာမှာ စီးလာသောဟိုင်းလတ်ကား ၏နောက်ခန်းသည် သစ်ပင်နှင့်ရိုက်မိ ကာ ကွယ်လွန်ခဲ့တော့၏။ ယင်းနေရာ သည် ကာစင်ကွယ်လွန်ခဲ့သောနေရာ ပင် ဖြစ်သည်။ ကာစင်သေသော ၁၉၅၉ ခုနှစ်တွင် ကျွန်တော်က (၆) တန်း ဖြစ် သည်။ ၁၉၇၇ ခုနှစ်တွင် အဆိုပါအစ်မ ၏မိခင် ကွယ်လွန်သွားချိန်၌ (၁၈) နှစ်၊ (၁၉) နှစ်ကြာခဲ့ပြီ ဖြစ်ပါ၏။ လောက တွင် ဤကဲ့သို့ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များစွာ ရှိ၏။ ရှိတတ်၏။ ဘာ ကြောင့်များ လွန်ခဲ့သော (၁၉) နှစ်ခန့် က အသက်ဘေးမှလွတ်ခဲ့သောနေရာ တွင် တစ်ဖန်ပြန်၍ သေဘေးကိုကြုံခဲ့ရ တာပါလဲ။

ဤစာကိုရေးနေရင်းဖြင့် မကာ အိုတွင် ခင်မင်သိကျွမ်းခဲ့ရသော အလုပ် အတူလုပ်ဖက် မိတ်ဆွေကြီး ဦးလေး နောင်ကို သတိရမိသည်။ ဦးလေးနောင် သည် စိတ်သဘောထား နူးညံ့သိမ်မွေ့ သူ ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ လယ်တွင် တာဝန်ထမ်းဆောင်ရင်း သူ ကွယ်လွန်ခဲ့သည်။ သမီး မိုးမိုးဝင်း။ သူ့ ကို မကာအိုမှာပဲ ကိုတင်မောင်တို့ ဇနီး မောင်နှံနှင့်ပတ်သက်ပြီး ခင်မင်ခဲ့ရ၏။ မိုးမိုးဝင်းသည် မကာအို၌ အလုပ်လုပ် ရင်း နေမကောင်းဖြစ်သည်။ ၁၉၉၉ ခုနှစ် ကုန်ခါနီး သူ ရန်ကုန်သို့ပြန်သွားခဲ့သည်။ ၁၉၉၉ ခု၊ နိုဝင်ဘာလအတွင်းမှာ သူ ကွယ်လွန်ခဲ့သည်။ ညီလေး ကိုမျိုးဆက် ကို မကာအိုမှာပဲခင်မင်ခဲ့၏။ ကျွန်တော် အပြီးပြန်လာတော့ လေဆိပ်သို့ သူ့ကား ဖြင့်လိုက်ပို့ခဲ့သည်။ ရန်ကုန်သို့ သူပြန် လာသည်ကြား၍ သူတည်းခိုရာသို့ သွား တွေ့သည်။ အတော်လေးကို ရွှဲနေပါပြီ။ ပြန်သွားပြီး မကြာခင်မှာပဲ သူကွယ်လွန် ခဲ့သည်။

ကိုအောင်သိန်းကို ပါတီသုတေ သနဌာနရောက်မှ ခင်မင်သိကျွမ်းခဲ့သည်။ စိတ်နှလုံးသား အေးချမ်းလှသူ၊ နှလုံး သားပျော့ပျောင်းသူမို့ပေပဲလား။ ဇနီး ကွယ်လွန်ပြီးတစ်လမပြည့်မီ ဇနီးနောက် သို့ သူလိုက်သွားခဲ့တော့သည်။ ညီမ လေး မခင်ပြုံးရည်။ အလုပ်တူလုပ်ဖက် ဖြစ်သည်။ ၁၉၈၆-၈၇ ခုနှစ်များတွင် ကျွန်တော့်မှာ အိမ်ထောင်ရေးပြဿနာ ဖြစ်တော့ နှမရင်းချာသဖွယ် အားပေး ခဲ့သူ။ သူကွယ်လွန်သည်ကို (၃) လခန့် လွန်မှသိခဲ့ရသည်။ ညီမလေး၏နောက် ဆုံးခရီးကိုပင် လိုက်လံ၍မပို့ဆောင်ဖြစ် ခဲ့ပါ။ ငါ့ကို ခွင့်လွှတ်ပါ ညီမလေးရေ။

ပြိုလဲပျက်စီးသွားသော ဘဝဘို အိမ်လေးများစွာ။ ဒါဖြင့်ရင် ကျွန်တော့် ရဲ့စိတ်ကူးထဲက သဲဘိုအိမ်ဆိုတဲ့ ရုပ် နာမ်ခန္ဓာကကော မပျက်စီးတော့ဘူးတဲ့ လား။ စေတနာကံကြောင့်ဖြစ်လာရလေ သောအရာ ဘာသားမို့လဲ၊ ပျက်စီးပါ လိမ့်မည်။ ဘယ်တော့ပျက်စီးမှာလဲ မ သိပါ။ သိနိုင်ကောင်းသောအရာမဟုတ် ပါ။ သေပြီးရင်ကော ဘယ်ဂတိကို လား မှာလဲ။ မသိပါ။ သိနိုင်ကောင်းသောအ ရာ မဟုတ်ပါ။ သက္ကာယ အပါး (၂၅၆) ဖြင့် ယှဉ်တွဲတည်ဆောက်ထားသောအ ရာ။ လယ်တီဆရာတော်ဘုရားကြီးမိန့် သလို ရောက်ချင်ရာသို့ ရောက်ပါလိမ့် မည်။ သောတပတ္တိမဂ်ဉာဏ် မဆိုက် သရွေ့ ဤကဲ့သို့ မရေရာမသေချာသော ဘဝနှင့် သံသရာခရီး လျှောက်လှမ်း ရမည်ဆိုခြင်းကမူ သေချာလှပါသည်။ ယခုအခါ ကျွန်တော့်အသက်သည် (၆၆) နှစ်အတွင်း ရောက်ရှိလို့နေပါပြီ။ မကြာ သေးမီကာလတစ်ခုမှာဖြင့် ကျွန်တော် ၏စိတ်ကူးထဲက သဲဘိုအိမ် ပြိုလဲပျက် စီးရပေလိမ့်ဦးမည်။ အနိစ္စ- မမြဲသော သဘောအတိုင်းသာ ဖြစ်ပါ၏။

မင်းဘူး-ဗိုလ်ဥတ္တမ



www.burmeseclassic.com

www.burmeseclassic.com

မိုးသဲအောင် (မန်းမြေ)

# ဆေးအစွမ်းထက်မြက် ပင်စိမ်းရွက်

ကျွန်ုပ်တို့ လူသားများနှင့် နီးနီးကပ်ကပ် အပ်စပ်နေသည့် သစ်ပင်ပန်းမန် အားလုံးသည် ဆေးဖက်ဝင်အပင်များသာ ဖြစ်လေသည်။ မြတ်စွာဘုရားရှင်လက်ထက် သမားတော် ဇီဝက ဆေးပညာသင်ယူစဉ်ကာလ ဆရာမှ တောထဲဝယ် ဆေးဖက်မဝင်သည့် သစ်တစ်ပင် ရှာနုတ်ခဲ့ပါဟု ခိုင်းစေရာ တစ်တောလုံး၊ တစ်တောင်လုံး လှည့်ပတ် ရှာဖွေရာ မတွေ့ဘဲ လက်ချည်းပြန်လာရသည်ဟု ကြားခဲ့ရဖူးလေသည်။

ပင်စိမ်းရွက်သည် မြန်မာမှုနယ်ပယ်တွင် မစိမ်းသော ဟင်းခတ်အမွှေးအကြိုင်အရွက်တစ်မျိုး ဖြစ်သည်။ ငါးကလေးအိုးကပ်ဟင်းအား ပင်စိမ်းရွက်လေး အုပ်ချက်လျှင် အနံ့၊ အရသာ ထူးကဲလျက် ထမင်းစားမြိန်စေသည့် ဟင်းတစ်ခွက် ဖြစ်၏။ သခွားသီးသုပ်တွင်လည်း ပင်စိမ်းရွက်လေး ရိတ်ရိတ်ပါအောင်လှီးထည့်ခြင်းဖြင့် အရသာကို ပိုမိုထူးကဲစေသည်။ မြန်မာမှုန်လျှင် ပင်စိမ်းရွက်ကြိုက်တတ်သည်ဆိုလျှင် မှားမည်မထင်ပေ။

လူအတော်များများမှာ ပင်စိမ်းရွက်နှင့်ပတ်သက်လျှင် ဟင်းခတ် အရံမယ်အဖြစ်သာ သိနေကြသည်။ ပင်စိမ်းရွက်သည် ဆေးဝါးအလို့ငှာ ထူးခြားလျက် ဆေးစွမ်းထက်စွာ ပျောက်ကင်းစေသည့် ရောဂါများ ရှိနေပေသည်။

ပင်စိမ်းရွက်အား အခြောက်ခံ နေလှန်း၍ လက်ဖက်ခြောက်ကဲ့သို့ ရေနွေးကြမ်းတွင် ခတ်သောက်လျှင် နှလုံးနှင့် ဦးနှောက်အားနည်းရောဂါ၊ ဘဏ်ကြော အားနည်းရောဂါ၊ သွေးကြောကြီးနံရံမာ ကျောရောဂါများကို ကာကွယ်ပေးနိုင်သည်။ ထို့အပြင် မှန်မှန်သောက်သုံးပေးပါက ဖျတ်ဖျတ်လတ်လတ် ရှိသည်၊ ရွှင်လန်းစေသည်။ ပင်စိမ်းရွက် လက်ဖက်ခြောက်ဖြင့် လက်ဖက်ရည်စွဲသူများ အစွဲကျွတ်သွားစေနိုင်သည်ဟု ဆိုပေသည်။

အဂတ္တသံဟိတာကျမ်း အဆိုအရ ပင်စိမ်းတောရှိသည့် နှစ်မိုင်ပတ်ဝန်းကျင်ရှိ လေထုတွင် ပင်စိမ်းနံ့ကြောင့် သန့်ရှင်းစင်ကြယ်လှသည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံ အဟာရဌနယ်တွင် ပင်စိမ်းရွက်များကို အိပ်ရာခင်းအောက်တွင်လည်းကောင်း၊ အနီးအနားတွင် လည်းကောင်း ထားပြီးလျှင် အိပ်သောကြောင့် ခြင်ထောင်မလိုဟု ဆိုသည်။ ပင်စိမ်းရွက်ပြုတ်ရည်ကို သုတ်လိမ်းထားလျှင် ခြင်မကိုက်ဟု ဆို၏။

အိန္ဒိယငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၏သုတေသနပြုချက်အရ ပင်စိမ်းနက်သည် ငှက်ဖျားရောဂါကို နိုင်စေ၏။ သိဂ်ဓရ ကျမ်းတွင်လည်း ပင်စိမ်းရွက်ရည်ကို ငရုတ်ကောင်းနှင့်ရော၍သောက်လျှင် ငှက်ဖျားရောဂါ ပျောက်ကင်းသည်ဟု ဆိုသည်။ အာယုဗ္ဗေဒကျမ်းများတွင်လည်း သာမန်အားဖြင့် ပင်စိမ်းပင်ကို အဆိပ်ဖြေရာတွင် သုံးကြောင်း၊ အထူးသဖြင့် မြွေဟောက်အဆိပ်ဖြေရာတွင် သုံးကြောင်း ဖော်ပြထားသည်။

သုံးသည်ဆိုရာဝယ် ပင်စိမ်းမြစ်ကို အဓိကထား၍သုံးခြင်း ဖြစ်သည်။ ရေသန့်သန့် သို့မဟုတ် အမျိုးသမီးနို့ရည်နှင့်သွေး၍ရသော ပင်စိမ်းမြစ်ရည်ကို မြွေဟောက်အဆိပ်သင့်ပြီး သတိမေ့နေသူ၏မျက်လုံးထဲသို့ မျက်စဉ်းခတ်ပေးလျှင် အသက်ချမ်းသာရာရသည်ဟုပင် ဆိုထားလေ၏။

စာရေးသူတို့တိုင်းပြည်မှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံထားသည့် တိုင်းပြည်မို့ လယ်ယာခွင်နှင့်လယ်သမားအမြဲ အပ်စပ်နေရတတ်ပေသည်။ လယ်ယာ၊ ချောင်းကန်၊ ဒိုက်တော၊ ချုံတော၊ ကိုင်းတောအတွင်း သွားရလာရနှင့် နှစ်စဉ် မြွေအန္တရာယ် ကြုံတွေ့နေကြရ၏။

မြန်မာနိုင်ငံ ရေမြေသဘာဝနှင့် အဓိကနေထိုင်ကျက်စား အန္တရာယ်ပေးတတ်သည်မှာ မြွေပွေးနှင့် မြွေဟောက် အန္တရာယ်ပင် ဖြစ်သည်။ မြွေကိုက်ခံရလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း အမြန်ပို့ကာ လိုအပ်သောဆေးဝါးကုသမှု ခံယူရမည် ဖြစ်သည်။ အချိန်နောက်ကျလျှင် အသက်ပါ ဆုံးရှုံးတတ်ကြပေသည်။

မြွေအန္တရာယ်နှင့် ကြုံတွေ့ကြရသည့် ဝေဒနာရှင် အများစုမှာ ဆေးရုံအချိန်မီရောက်၍ အသက်အန္တရာယ်ကင်းလွတ်ခွင့်ရကြသော်လည်း မြွေကိုက်သည့်ဒဏ်ရာမှာ ဆေးရုံမှဆင်းသည့်တိုင် မပျောက်ဘဲ ရှိနေတတ်ကြသည်။ ကိုက်သည်မြွေမှာ ကြီးရင် ကြီးသလောက် ဒဏ်ရာမှာ ပြင်းထန်၍ မပျောက်နိုင်ဘဲ သစ်ဆွေးနာပမာ မြုံနေတတ်ပေ၏။

မြေမသန့်သောနေရာ၊ နွားချေး၊ မြေဆီ၊ ရွံ့ဗွက်များနှင့် ထိတွေ့လျှင် အခါမရွေး ပြန်ပေါ်တတ်ပြီး တစ်ကျော့ပြန် အဆိပ်တက်တတ်၏။ အချို့ဆိုလျှင် မြွေကိုက်ခြင်းမှ အသက်ရှင်သန်ခြင်းရှိခဲ့သော်လည်း ဒဏ်ရာအကင်းမသေသည်မှ မေးခိုင်ပိုးဝင်ကာ သေဆုံးခဲ့ရသည့်လူများလည်း ရှိပေသည်။

စာရေးသူ၏မိတ်ဆွေသူငယ်ချင်းတစ်ယောက်မှာ ကျေးလက်နေ တောင်သူတစ်ဦး ဖြစ်၏။ လွန်ခဲ့သည့်သုံးနှစ်ခန့်က မြွေအန္တရာယ် ကြုံတွေ့ခဲ့ရပြီး ဒဏ်ရာမှာ မကျက်ဘဲ အမြင်အာရုံ ဝေဝါးကာ စိတ်ဓာတ်ကျနေခဲ့၏။ စာရေးသူနှင့် တစ်နေ့ တွေ့ဆုံခဲ့ပြီး မမှားနိုင်သည့် မြန်မာဆေးနည်းတစ်လက် လက်ဆောင်ပေးခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့ပေသည်။

ဆေးနည်းမှာ ပင်စိမ်းရွက် လက်တွင်းတစ်ဆုပ်အား အရည်ညှစ်ယူပြီးလျှင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် မျက်စဉ်းခတ်ပေးရုံသာ ဖြစ်၏။ တစ်ပတ်အတွင်းပင် မြွေဆိပ်မွှန်ခြင်းကြောင့် မှုန်ဝါးနေသောမျက်စိများမှာ အမြင်ဓာတ်ပြန်ကောင်းသွားခဲ့သည်။

မြုံနေသော မြွေကိုက်ဒဏ်ရာအတွက် ပင်စိမ်းပင် ပဥ္စင်းပါးအား အိုးနှင့်ဆူပွက်အောင်ပြုတ်ပါ။ အအေးခံ၍ ဖန်ရည်စိမ်သကဲ့သို့ စိမ်ရပါမည်။ သွေးသားအတွင်း ကျန်ရှိနေသော မြွေဆိပ်များ အနာဝဠ်စုကာ သားနံရည်နှင့်ရောပြီး ထွက်ကုန်ပါလိမ့်မည်။ လေးကြိမ်၊ ငါးကြိမ်စိမ်ရုံဖြင့် အနာမှာ သိသိသာသာ လျော့ကျလျက် အသားနုတက်ကာ သက်သာ ပျောက်ကင်းသွားပေတော့၏။ မိမိတို့နယ်တွင် သူငယ်ချင်းဖြစ်သူမှ တစ်ဆင့် မြွေကိုက်ခံရသူတိုင်း ဆေးနည်းလက်ဆင့်ကမ်းခဲ့ရာ ဆယ်ဦးထက်မနည်း သက်သာပျောက်ကင်းခဲ့ပေသည်။ သူငယ်ချင်းနည်းတူ ဘဝတူတောင်သူများအတွက် သူရဇ္ဇမဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ရပေတော့သည်။

မိုးသဲအောင် (မန်းမြေ)



www.burmeseclassic.com

www.burmeseclassic.com

# ဆွမ်းဒကာမနှင့် သံဝေဂကဗျာ

အရှင်ဥက္ကယ



၆-၁၀-၂၀၁၁ ခု၊ ကြာသပတေး နေ့ နံနက် (၆း၀၁) အချိန်။ စာရေးသူ ဟာ စည်သာရွာ အင်ပင်တောကျောင်း မှ ကြူချောင်းရွာသို့ ဆွမ်း၊ ဆွမ်းဟင်း ရရှိရန် အလှူခံသွားခဲ့တယ်။

ဆွမ်းခံသွားလမ်းတစ်လျှောက် ချောင်းထဲမှာ နောက်ကျုကျုရေတွေ တသွင်သွင်နဲ့ အဆက်မပြတ် စီးဆင်း နေတယ်။ တချို့နေရာတွေက 'ပလွတ် . . . ပလွတ်. . . ဖြော. . . ဖြော'ဆိုတဲ့ အသံတွေထွက်ပေါ်နေတယ်။

ရေအနက်က တချို့နေရာမှာ စာ ရေးသူ ခြေမျက်စိအထိ နက်တယ်။ တချို့နေရာမှာ စာရေးသူ ခြေသလုံး အထိ နက်တယ်။

ခြေသလုံးအထိနက်တဲ့နေ ရာတွေမှာ ရေစီးဖြတ်ကူးရင် သင်္ကန်းအနားစတွေ ရေစိုမှာစိုး လို့ လက်နဲ့ကိုင်မြှောက် မ,တင် ပြီး ဖြတ်ကူးပါတယ်။

စာရေးသူဟာ မေတ္တာ ပွားရင်း၊ ဘုရားဂုဏ်တော် ပွားရင်း သွားနေစဉ် မှာ ဟိုးချောင်း အောက်ဖျားမှ ခွေးကြီးတစ်ကောင် ပြေးလိုက်လာတယ်။ ရေထဲ ခြေထောက်ကျသံ တဗွမ်းဗွမ်း တဖြန်းဖြန်းနဲ့။

စာရေးသူအနားရောက်တော့ အ ပြေးနှုန်းကို လျှော့ချပစ်တယ်။ ခွေးကြီး နှုတ်ဖျားက ဟောဟဲဟောဟဲသံ ထွက်ပေါ်နေတယ်။သေချာကြည့် လိုက်တော့ တောကျောင်းသို့ ဆွမ်းကျန်လာစားဖူးတဲ့ စည်သာ ရွာက ဦးတင်ထွန်းရဲ့ ခွေးကြီး တုတ်ပေါ်ဖြစ်နေတာကို သိလိုက် ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြျချောင်းရွာထိပ်ရောက် တော့ တစ်ရွာလုံးကို အာရုံပြုပြီး မေတ္တာပို့ဖြစ်တယ်။ စိတ်ထဲကဆိုပြီး မေတ္တာပို့တာပါ။

"ကြျချောင်းရွာတွင် ရှိကြသော နတ်၊ လူသတ္တဝါအားလုံးတို့သည် ဘေးရန်ရောဂါ ကင်းစင်ကွာ၍ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ"

ဆွမ်း၊ ဆွမ်းဟင်းလှူမယ့်သူတွေကို အာရုံပြုပြီး မေတ္တာပို့ပေးတယ်။ စိတ်ထဲကဆိုပြီးပို့တာပါ။

"ဒီနေ့နံနက် ဆွမ်း၊ ဆွမ်းဟင်းလှူမည့်သူတွေ ဘေးရန်ရောဂါ ကင်းစင်ကွာ၍ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ"

မေတ္တာပို့ပြီးတာနဲ့ စာရေးသူ ရွာထဲသို့ဝင်တယ်။ ရွာလယ်လမ်းတစ်လျှောက် မျက်လွှာချ သပိတ်ပိုက်ပြီး မှန်မှန်လေးလှမ်းကာ ကြွသွားပါတယ်။

ဆွမ်း၊ ဆွမ်းဟင်းလှူမယ့်သူတွေက သူတို့အိမ်ရှေ့မှာ မတ်တတ်ရပ်ပြီး လောင်းလှူကြတယ်။ လှူပြီးတာနဲ့ ဦးသုံးကြိမ်ချ ရှိခိုးကြသေးတယ်။

ဒီနေ့နံနက် မသိန်းငွေးက သုံးဆင့်စတီးချိုင့်ငယ်နဲ့ မုန့်ဟင်းခါး လှူတယ်။ ဆပ်ပြာမုန့်တစ်ထုပ်၊ မုန့်ထုပ်ငယ်တစ်ထုပ်၊ ဖယောင်းတိုင်အထုပ်သုံးထုပ်၊ အမွှေးတိုင်တစ်ထုပ်၊ ကော်ဖီမစ်တစ်ခါသောက်တစ်ထုပ်၊ ကွေကာတစ်ခွက်ဖျော်တစ်ထုပ်လည်း လှူလိုက်သေးတယ်။

ကပ်လှူနေဆဲမှာ သူမရဲ့နှုတ်ဖျားက အသံအချို့ ခုန်ဆင်းလာတယ်။

"တပည့်တော်မရဲ့ မွေးလ၊ မွေးရက်အတွက် လှူပါတယ် ဘုရား"

စာရေးသူရဲ့စိတ်ထဲက အခုလို မေးမိတယ်၊ ပြောမိပါတယ်။

'မသိန်းငွေးရဲ့အသက် ဘယ်နှနှစ်ပြောက် မွေးလ၊ မွေးရက်အတွက် လှူတာလဲ။ ကျုပ်လည်း အသက် (၃၆) နှစ်ရှိပြီ။ တစ်ခါမှ မွေးလ၊ မွေးရက်၊ မွေးနေ့တွေ ထူးထူးကဲကဲအမှတ်တရကုသိုလ်တွေ မပြုဖူးသေးဘူး။ ခင်ဗျားကမှ ကိုယ့်မွေးလ၊ မွေးရက်မှာ သတိတရနဲ့ ကုသိုလ်ပြုဖြစ်တယ်၊ ကောင်းတယ်ဗျာ၊ သာဓုပါပဲ'

စာရေးသူဟာ ရွာလယ်လမ်းအနောက်ဖျားမှ အရှေ့ဖျားဆီသို့ ပြန်လည်လာတယ်။ အပြန်မှာ ဒကာမအချို့က ဆွမ်း၊ ဆွမ်းဟင်းနဲ့ မာလကာသီးတစ်လုံး၊ အဖြူရောင်အပွင့်မှာ အဝါရောင်အဖူးတံလေးတွေပါတဲ့ ပန်းထိမ်ငိုပန်းသုံးပင် လှူလိုက်သေးတယ်။

စာရေးသူဟာ ရွာအပြင်ရောက်တာနဲ့ မသိန်းငွေးက လှူလိုက်တဲ့ပစ္စည်းထုပ်ကို သေချာကြည့်လိုက်ပါတယ်။ ပလတ်စတစ်အထုပ်ထဲမှာ စာရွက်တွေပါလာတာ တွေ့ရတယ်။

ဘာစာရွက်ပါလိမ့်၊ သိချင်လာတယ်။ အထုပ်ထဲကယူပြီး ဖတ်ကြည့်မိတယ်။ အပြန် ခြေလှမ်းနေရင်း ဖတ်ဖြစ်တာပါ။

ပထမ ဗလာစာရွက်ကလေးတစ်ရွက်။ အပြာရောင်မင်နဲ့ရေးထားတယ်။ မသိန်းငွေးရဲ့လက်ရေးကောက်ကောက်ကွေးကွေး။

*နတ်မောက်မြို့မှ အစ်ကိုဖြစ်သူ၏ သံဝေဂကဗျာ စာရွက် (၃) ရွက်ကို အရှင်ဘုရားအတွက် ဓမ္မဒါနပြုပါတယ်ဘုရား။ အရှင်ဘုရားမှ အခြားသူများကို အဆင်ပြေသလို တစ်ဆင့် ဓမ္မဒါနပြုပေးတော်မူပါဘုရား။ အရှင်ဘုရား ကျန်းမာပါစေ၊ တရားဓမ္မဘာဝနာများ စဉ်ဆက်မပြတ် ပွားများ အားထုတ်နိုင်ပါစေ ဘုရား'*

နောက် စာရွက်(၃)ရွက်ရှိ ပထမဆုံးစာရွက်ပေါ်ကစာတွေကို ဖတ်ဖြစ်တယ်။ အဖြူရောင်စာရွက်အချောပေါ်မှာ ကွန်ပျူတာနဲ့စီထားတဲ့စာတွေ။ သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း။

**သံဝေဂကဗျာ**

- *မြတ်ဘုရားနဲ့ တရားသံဃာ*
  *မိဘနှစ်ပါး သင်ကြားဆရာ*
  *ဂုဏ်တော်ကျေးဇူး ဆံဦးတင်ကာ*
  *လက်စုံမိုး ရှိခိုးဝန္ဒနာ။*
- *နံနက်ကပဲ ပက်ပင်းမြင်သူ*
  *ညနေကျတော့ သေမင်းခေါ်ယူ*
  *နေ့မြင် ညပျောက် တစ်ယောက်မကျန်*
  *ငါတို့လည်း မလွဲသေမည့်သူ။*
- *မနေရလို့ သေရသောအခါ*
  *စုထားပစ္စည်း ဘာမှမပါ*
  *ဇနီး၊ ယောကျ်ား၊ သားသမီးမပါ*
  *ကုသိုလ်ပြု ကောင်းမှုပါတော့မှာ။*
- *ရာထူးကြီးလည်း သေမင်းခေါ်မှာ*
  *ချမ်းသာရင်လည်း မမြဲခန္ဓာ*
  *ရုပ်ဆင်းလှလည်း သေမင်းမညှာ*
  *မျက်နှာမလိုက် သေမင်းခေါ်တဲ့အခါ*

*နေ့စဉ်ကောင်းမှု ပြုတဲ့သူမှာ*
*သေမင်းခေါ်လည်း ရဲရဲလိုက်မှာ*
*ဒါန သီလ ဘာဝနာတွေကို*
*နေ့စဉ်ပြု ကောင်းမှုယူကြပါ။ ။*

*(ရေးစပ်သူ ကိုကျော်စွာ)*

*၁၃၇၂ ခု၊ ဝါခေါင်လဆုတ် ၆ ရက်*
*၁၁ - ၈ - ၂၀၁၀ နေ့ ကွယ်လွန်သည်။*
*မကွယ်လွန်မီ (၁၀) ရက်ခန့်တွင် ရေးစပ်သီကုံးပါသည်။*

*ကျန်ရစ်သူမိသားစုကောင်းမှု*

✣

စာရေးသူဟာ ကြျချောင်းရွာကတီပင်တောရကျောင်းမှာ သီတင်းသုံးစဉ်ကတည်းက ဆွမ်းဒကာမ မသိန်းငွေးကို သိခဲ့တာကြာခဲ့ပြီ။ သူတို့ရွာကို ဘယ်ရဟန်းပဲကြွလာလာ သဒ္ဓါထက်သန်စွာနဲ့ ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူလေ့ရှိပါတယ်။ အခြားသူတွေကိုလည်း လောင်းလှူကြဖို့ ဆော်ဩပြောပေးလေ့ရှိပါတယ်။

စာရေးသူဟာ စည်သာရွာ အင်ပင်တောကျောင်းမှာ သီတင်းသုံးတာ (၇) ဝါရှိခဲ့ပါပြီ။ ဒီ (၇) ဝါအတွင်းမှာ ကြျချောင်းရွာကို တစ်လတစ်ကြိမ် (၇) ရက် ဆွမ်းအလှူခံရောက်ခဲ့ပါတယ်။ ရောက်တိုင်း မသိန်းငွေးက ဆွမ်း၊ ဆွမ်းဟင်းများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မုန့်၊ သစ်သီးများ လှူလေ့ရှိတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ပြည့် ဝါတွင်းတုန်းက ဓာတ်ခဲအသစ်နှစ်လုံးပါတဲ့ လက်နှိပ်ဓာတ်မီးတစ်လက်၊ အမွှေးတစ်ခဲပါတဲ့ ဆပ်ပြာတစ်အုပ်၊ မျက်နှာသုတ်ပဝါတစ်ထည်၊ 'ရဟန်းဘာကြောင့်ပြုရတယ်' တရား စာအုပ်တစ်အုပ် လှူသေးတယ်။

ကြျချောင်းရွာဆွမ်းခံရောက်တိုင်း မသိန်းငွေးရဲ့အသံကိုကြားရစမြဲ။

'ဟော့ - ဟိုဘက်က မလင်းတို့ ဦးပဉ္စင်းလေးဆွမ်းခံကြွလာပြီ'

'အေးမြင့်သန်းရေ၊ ဦးပဉ္စင်း ဆွမ်းခံကြွလာပြီလို့'

သူမရဲ့အသံကို စာရေးသူ မှတ်မိနေပြီ။ သူမရဲ့မျက်နှာကို ခုချိန်ထိ တစ်ခါမှ မမြင်ဘူးသေး။

ဆွမ်းခံသွားတိုင်း သူမက ဆွမ်းလောင်းလှူနေစဉ် စာရေးသူက သူမမျက်နှာကို မော့မကြည့်ဖြစ်ခဲ့ပါ။ ဘုရားစကားကို နားထောင်လိုက်နာတဲ့အနေနဲ့ မကြည့်ခြင်း ဖြစ်ပါတယ်။ စိတ်ထဲကတော့ ကြည့်ချင်စိတ်ဖြစ်ခဲ့ပါတယ်။ သဒ္ဓါတရားကောင်းတဲ့ ဒကာမတစ်ဦးရဲ့မျက်နှာကို ကြည့်ချင်တာပါ။ ဖြူသလား၊ ညိုသလား၊ ချောသလား၊ အကျည်းတန်သလားဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

# အာခံတွင်းအပုပ်ထခြင်း အတွက်ငုံဆေးနည်း

လူ၏ ခန္ဓာကိုယ်အတွင်း အပူခိုး၊ အပုပ်ခိုးများ ကိန်းအောင်းကာ ဝမ်းချုပ်သည့်အခါ အပူငွေ့တို့ အထက်သို့ဆန်တက်ပါသည်။

ထိုအပူခိုးများ ဦးခေါင်းမှထွက်လျှင် ဆံပင်ဖြူမည်။ နားမှထွက်လျှင် နားအုံ၊ နားလေးဖြစ်မည်။ မျက်စိမှထွက်လျှင် မျက်စိမှုန်မှိုင်းခြင်း၊ မျက်စိစူးခြင်း မျက်စိတိမ်သလ္လာကပ်ငြိခြင်း ဖြစ်မည်၊ ပါးစပ်အာခံတွင်းမှထွက်လျှင် လျှာတွင် အပူဖုလေးများထပြီး လျှာကွဲကာ အရသာခံမရဖြစ်ခြင်း၊ နှုတ်ခမ်းကွဲခြင်းများ ဖြစ်မည်။ အပူငွေ့တို့သည် လည်ချောင်းမှတစ်ဆင့် ဖြတ်သန်းလာရခြင်းဖြစ်ရာ လည်ချောင်းယားယံခြင်း၊ လည်ချောင်းကွဲခြင်း၊ အသက်ရှူလေပြွန်ရောင်ခြင်းအထိ ဖြစ်တတ်သည်။ နှာခေါင်းမှ အပူငွေ့ထွက်သော် နှာခေါင်းသွေးယိုစီးခြင်း၊ နှာခေါင်းအတွင်း ဖွတ်စအိုနာဖြစ်ခြင်း၊ နှာခေါင်းပုပ်ခြင်းများ ဖြစ်တတ်ပါသည်။ သို့အတွက် အပူခိုး၊ အပုပ်ခိုးများကင်းစင်အောင် ရေများများ သောက်ခြင်း၊ ရေကို အချိန်မှန်ချိန်ဆချိုးခြင်းများ ပြုပေးသင့်ပါသည်။

အကယ်တန္တု အာခံတွင်း၊ လျှာ၊ နှုတ်ခမ်းတို့ကွဲခြင်း၊ အပူဖုထခြင်းတို့ဖြစ်ခဲ့သော် အောက်ပါ ငုံဆေးကို ပြုလုပ်သုံးစွဲပေးပါ။

ငုံဆေးဟု ဆိုသဖြင့် ခက်ခက်ခဲခဲ ပြုလုပ်ရန် မလိုပါ။ အလွန်ပင် လွယ်ကူလွန်းပြီး ကိုယ်တိုင် အမြန်ပြုလုပ် သုံးစွဲနိုင်ပါသည်။

* သံပရာသီးတစ်ခြမ်း အရည်ညှစ်ပါ။ သံပရာရည် ဟင်းသောက်ဇွန်းတစ်ဇွန်း။

* ဆူပွက်ပြီးသော ရေနွေးဖြူ ဟင်းသောက်ဇွန်း (၁၁) ဇွန်း ရောထည့်မွှေပါ။

* အာခံတွင်းတွင် ငုံနိုင်လောက်သောအပူချိန်တွင် ငုံနိုင်သမျှကြာကြာငုံပြီး ထွေးထုတ်ပေးပါ။ ဝမ်းထဲရောက်သွားလျှင်လည်း ဘာမှမဖြစ်ပါ။ ဘေးထွက်ဆိုးကျိုးမရှိပါ။ သုံးကြိမ်မျှ ငုံနိုင်သမျှ ငုံထွေးပေးခြင်းဖြင့် အာခံတွင်း၊ လျှာ၊ နှုတ်ခမ်းကွဲခြင်း၊ အပူဖုထခြင်းတို့ သက်သာပျောက်ကင်းသွားပါမည်။

ငွေသင်းခေါင်(နတ်မောက်)

---

(၇) နှစ်အတွင်း သူမမျက်နှာကို မကြည့်မိအောင် စောင့်ထိန်းနိုင်တဲ့ စာရေးသူရဲ့စိတ်ဓာတ်ကို ပြန်ပြီး ကြည်ညိုမိပါတယ်။

(ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော် မဟုတ်ပါ။ ဆက်စပ်နေလို့ ရေးပြခြင်း ဖြစ်ပါတယ်။)

မသိန်းဌေးရဲ့ အသက် ဘယ်လောက်ရှိပြီလဲ မသိပါ။ စာရေးသူထက် ကြီးမယ်ထင်ပါတယ်။ ဒါကြောင့် ကိုယ့်အစ်မလိုပဲ သဘောထားလိုက်ပါတယ်။ အရွယ်တူ၊ အသက်တူဆိုရင်တော့ သူငယ်ချင်းလို့ပဲ သဘောထားပါတယ်။ ကိုယ့်ထက်အသက်ငယ်ရင်တော့ ညီမလိုပဲ သဘောထားပါတယ်။

အခု သံဝေဂကဗျာ သီကုံးခဲ့သူ ကိုကျော်စွာ ဆိုတာ သူမရဲ့အစ်ကို ဆိုပါလား။

သူမရဲ့အစ်ကိုဟာ ဘာရောဂါနဲ့ ဆုံးတာလဲ၊ ဘယ်အရွယ်ရှိပြီလဲ၊ လူပျိုလား၊ လူအိုလား၊ မြို့ပေါ် ဘယ်ရပ်ကွက်မှာနေသလဲ၊ ပညာအရည်အချင်းဘယ်လောက်ရှိသလဲ။ ဘာဆိုဘာမှစာရေးသူ မသိပါ။

ကိုကျော်စွာဆိုတဲ့သူက မသေခင် (၁၀) ရက်ခန့်အချိန်မှာ သံဝေဂကဗျာကို ရေးစပ်သွားခဲ့တယ်။ သူသေတော့မှာကို ကြိုတင်သိနေလို့ ရေးခဲ့ပေသလား။ မသေခင်မှာဘာကုသိုလ်တွေပြုလုပ်သွားသလဲ။ မသေခင်ဘယ်လိုကြိုတင်ပြင်ဆင်သွားခဲ့သလဲ။ သူဟာ သေမင်းခေါ်ရာကို ကြောက်ကြောက်နဲ့လိုက်သွားသလား၊ ရဲရဲဝံ့ဝံ့နဲ့ လိုက်သွားသလား။ သေပြီးတဲ့အချိန် သူဘယ်ဘဝရောက်သွားသလဲ။ ကောင်းတဲ့ဘဝလား၊ ဆိုးတဲ့ဘဝလား။ ဒါတွေအားလုံး စာရေးသူ မသိပါ။

စာရေးသူသိတာတစ်ခုတော့ရှိပါတယ်။ ကိုကျော်စွာဟာ သူပိုင်ဆိုင်တဲ့ အရာအားလုံး၊ သူချစ်ခင်တဲ့အရာအားလုံးကို စွန့်ခွာသွားရသလို ငါလည်းပဲ တစ်နေ့မှာ သူလိုပဲ သက်ရှိ၊ သက်မဲ့တွေကို စွန့်ခွာပြီးသွားရမှာပါလားလို့လေ။

❖

စာရေးသူဟာ တောကျောင်းပြန်ရောက်တာနဲ့ ဘုရားကို ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်ဟင်းခါး၊ မာလာကာသီး၊ ပန်းများကပ်လှူပါတယ်။ အခုဘဝမှာ တရားထူးရရန် ဆုတောင်းပြီး အမျှဝေ သာဓုခေါ်ပါတယ်။

စာရေးသူ ဆွမ်းစားပြီးတာနဲ့ စည်သာရှာက ကိုဆန်းနိုင် ရောက်လာလို့ ထမင်း၊ ဟင်းတွေ ဒါနပြုတယ်။ ခွေးနှစ်ကောင်နဲ့ ကျီးကန်း၊ ဆက်ရက်ငှက်တွေကို အစာဒါနပြုတယ်။

❖

'သံဝေဂကဗျာ' ပါတဲ့ စာရွက်တစ်ရွက်ကို အင်ပင်တောကျောင်းအတွင်းရှိ တစ်ပါးကျောင်းငယ်လေးရဲ့ ဝါးထရံမှာ ကပ်ထားလိုက်တယ်။

ကျောင်းကို သီလစောင့်၊ တရားထိုင်၊ စာအုပ်ငှား၊အပ်၊ ရေလာသောက်သူတွေ ဖတ်ရှုပြီး ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ နေ့စဉ်ပြုနိုင်စေရန် ရည်ရွယ်ကာ ကပ်ပေးထားခြင်း ဖြစ်ပါတယ်။

တစ်ရွက်ကိုတော့ စာရေးသူရဲ့ ခမည်းတော်၊ မယ်တော်တို့ကို ဓမ္မဒါနပြုမယ်လို့ ရည်ရွယ်ပါတယ်။ ကျန်တဲ့တစ်ရွက်ကိုတော့ စာရေးသူရဲ့ အဒေါ် ဒွေးလေးမြကို ဓမ္မဒါနပြုမယ်လို့ တွေးထားလိုက်တယ်။

သေမင်းခေါ်တဲ့အခါ ရဲရဲလိုက်နိုင်ဖို့ ကောင်းမှုအများ နေ့စဉ်ပွား အားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြု တိုက်တွန်းရင်း. . . ။

အရှင်ဥဒ္ဒယ



www.burmeseclassic.com

www.burmeseclassic.com

လူ ဝ င် စ ာ း ပြ ဿ န ာ

# ခရစ်ယာန်ဘာသာ၏ လစ်နေသောကြိုးတစ်မျှင်

# ထိုးလက်



သမ္မာကျမ်း၏ပို့ချချက်တွင် ပြန်လည်ဝင်စားမှု ယူဆချက်ရှိသည်။

*Dictionary of All Scriptures and Myths*

ဤလောကကြီးသို့ နောက်ထပ်သံသရာဖြင့် ပြန်ရောက်လာသောအခါတွင် ယင်း၏ လျှို့ဝှက်ချက်များကို အောင်မြင်စွာ ရယူနိုင်မည် ဟူသောယုံကြည်မှုဖြင့် တစ်ရက်မှ တစ်ရက်သို့ တစ်သံသရာမှ တစ်သံသရာသို့ လုပ်ရပ်များ ရွှေ့ဆိုင်းမှုမပြုပါနဲ့။

ယေရှုခရစ်

*(နော့တစ်ကျမ်းစာ Pistis Sophia မှ)*

❂

ဘာသာရေးသမိုင်းမှတ်တမ်းများတွင် သွေးနှင့် စရိုက်ပျက်ကိစ္စရပ်များများပြားလှကြောင်းကို လူတိုင်းသိကြသည်။ သို့သော် ခရစ်ယာန်အတွေးအခေါ်နှင့်ခံယူချက်မှ လူဝင်စားသဘောတရားကို ပယ်ချခဲ့ခြင်းသည် အရင်ဆုံးနှင့် ရက်ဖွယ်အကောင်းဆုံးဖြစ်ရပ်ဖြစ်ကြောင်း သဘောပေါက်သူ နည်းပါးသည်။ တစ်ချိန်သောအခါက လူဝင်စားသဘောတရားကို ခရစ်ယာန်သာသနာက အလေးအနက်ထား သုံးသပ်ခဲ့ကြောင်း မျက်မှောက်ကာလ ခရစ်ယာန်ဘာသာဝင်အများစု မသိကြချေ။ ခရစ်ယာန်ဘာသာတရားသည် ရောမဧကရာဇ်များ၏ အင်ပါယာတည်ရန် ရည်ရွယ်ချက် အထမြောက်စေသည့် နည်းလမ်းတစ်ရပ်အသွင် မရောက်ရှိခင်က ဖိနှိပ်ခံ ခရစ်ယာန်များသည် ပြန်လည်မွေးဖွားမှုသဘောတရားကို ယုံကြည်ခဲ့သည်က အမှန်ပင်။

ဤခေတ်ဦးပိုင်း လူဝင်စားမှုသည် သမ္မာကျမ်းစာဟောင်းရော အသစ်မှာပါ ဖော်ညွှန်းထားသည့်ကိစ္စ ဖြစ်ပြီး ယေရှုခရစ်၏ ကိုယ်ရေးလွတ်မြောက်မှု အမြင်နှင့် အံဝင်ခွင်ကျရှိသည်ဟု ယူဆခဲ့၏။ ဘာသာရေးအကြီးအကဲ အတော်များများသည် ယေရှုခရစ်၏ဓမ္မတရားများကို ထိန်းသိမ်းဖြန့်ဝေရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သော နော့ (ပ်) တစ်ဂိုဏ်းဝင်များ၏လှုပ်ရှားမှုကို လက်ခံခဲ့ကြသည်။ ကမ္ဘာဦးကာလမှသည် လောကလူသားတို့သည် လူ့ဘဝအဖြစ်သို့ အခါခါရောက်ရှိရပြီး ထိုသို့ဝင်စားမှုအကြောင်းရင်းမှာ ဉာဏ်အလင်းရစေရန် ပုံစံသွင်းမှုတစ်ရပ်ဖြစ်သည်ဟု ရှေးခေတ် ခရစ်ယာန်ဘာသာဝင်များက ခံယူခဲ့ကြသည်။ သို့တိုင်အောင် ယေရှု၏ပုံကို တုပခြင်းဖြင့် သေခြင်း၊ ရှင်ခြင်းသံသရာမှလွတ်ကင်းပြီး ခန္ဓာဝန်ကင်းမဲ့စွာ ဘုရားနှင့် ပြန်လည်ပေါင်းစည်းရသည့်အနေသို့ ဆိုက်ရောက်နိုင်မည်ဟု ယူဆမှုလည်း ရှိခဲ့သည်။

ဤသဘောတရားကို အဓိကပုံစံတည်ပေးခဲ့သူမှာ အိုရီဂင်ဆိုသူ ဖြစ်၏။ သူ့အား တတိယရာစုနှစ် ခရစ်ယာန်ပညာမင်းသားအဖြစ် နေဆာမှ စိန့်ဂရေဂရီက တင်စား ဆိုညွှန်းခဲ့ပြီး Encyclopaedia Britannica က ဩဂတ်စတင်းမှအပ အထင်ရှားဆုံး သာသနာ့ဖခင်ကြီးတစ်ဦးဟု သူတို့ မှတ်တမ်းတင်ခဲ့သည်။ အိုရီဂင်သည် သမ္မာကျမ်းစာ စကားကို အဓိကထားသော်လည်း သူ၏ဇာတိ အလက်ဇန္ဒားမြို့တွင် နှစ်ပေါင်း (၄၀၀)မက လွှမ်းမိုးခဲ့သော ပလေတို၏ ဒဿနသီလကို ပြသခွင့်ရစေရန်အတွက် ဝိညာဉ်ကို ခန္ဓာကိုယ်တွင်း ထည့်သွင်းလိုက်သည် ဟူသော သဘောတရားကို လက်ခံခဲ့သည်။ ထို့ကြောင့် သူသည် "A Select Library of the Nicene Post-Nicene Fathers of the Christian Church" တွင် ဖော်ပြခဲ့သော သူ ရေးသားခဲ့သည့် စာတစ်စောင်တွင် အောက်ပါအတိုင်း တွေ့ရသည်။

'ရုပ်ဝတ္ထုအသွင် ကင်းမဲ့သော်လည်း ဆင်ခြင်ဉာဏ်ရှိသော သတ္တဝါသည် ခန္ဓာကိုယ်မှ ကင်းပစွာတည်ရှိနိုင်ပြီး ခန္ဓာကိုယ်ရှိနေခြင်းသည် ခန္ဓာကိုယ်ကင်းမဲ့နေသည်ထက် ပို၍ ဆိုးဝါးကြောင်း ပြသနိုင်ပါလျှင် ခန္ဓာကိုယ်များသည် ဒုတိယအဆင့်သာလျှင် အရေး[illegible]ပြီး ဆင်ခြင်ဉာဏ်ရှိသော သတ္တဝါတို့၏ ထွေထွေပြားပြား လိုအပ်ချက်တို့အ[illegible] အခါအားလျော်စွာ ပေါ်ပေါက်လာ[illegible]သာဖြစ်ကြောင်း ထင်ရှားပေသည်။ ခန္ဓာကိုယ် လိုသူတို့ကို ခန္ဓာကိုယ်ဆင်မြန်းပေ[illegible]ပြီး ပို၍ ကောင်းသောအဆင့်ကို [illegible] ဝိညာဉ်များမြောက်ကြွရသောအခါ ခန္ဓာကိုယ် ချေမှုန်းပစ်လိုက်ရသည်။ သို့ဖြ[illegible] ယင်းတို့သည် အမြဲတစေ ပျောက်ကွယ်သွားလိုက်၊ ပြန်ပေါ်လာလိုက် ဖြစ်နေသည်'

အိုရီဂင်သည် သူ၏ အဓိကလက်[illegible]ရာနှင့် ခရစ်ယာန်ဝါဒ၏ ပထမဦးဆုံး[illegible] စနစ်တကျ သဘောတရားဖြစ်သည့် [illegible] ပရင်စီပစ်တွင် အောက်ပါအတိုင်း ဆို[illegible]သည်။

'ဝိညာဉ်တိုင်းသည် ယခင်ဘဝ[illegible] အောင်ပွဲများဖြင့် အားပြည့်လျက်သော်လည်းကောင်း၊ ယခင်ဘဝက ရှုံးနိမ့်[illegible] များဖြင့် ချည့်နဲ့၍သော် လည်းကောင်း ဤလောကသို့ရောက်လာကြသည်။[illegible]



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် ယင်းဂုဏ်တင့် သို့မဟုတ် ဂုဏ်မတင့်သောအဆင့်သို့ ရောက်ရခြင်း၊ ရောက်ရခြင်းသည် ယခင်ဘဝက ကောင်းမှု သို့မဟုတ် မကောင်းမှုပေါ်တွင် မူတည်သည်။ ဤကမ္ဘာလောက၌ လုပ်ရပ်တို့က နောက်ကမ္ဘာလောကတွင် ယင်း၏နေရာကို ဆုံးဖြတ်ပေးသည်'

သူ၏ယုံကြည်ချက်ကြောင့် ဘဝ၏နောက်ဆုံးနှစ်များတွင် ရောမတို့၏ ညှဉ်းပန်းနှိပ်စက်မှုများနှင့် အကျဉ်းချမှုကြုံခဲ့ရသော အိုရီဂင်နှင့် ရောမမြို့၏ ပထမဦး ခရစ်ယာန်ကျောင်းကို တည်ဆောင်ခဲ့သူ ဂျပ်စတင်၏တရားကဲ့သို့သော အခြား သာသနာ့ဖခင်ကြီးများအတွက် သမ္မာကျမ်းစာသည် လိုသလို ဆွဲဆန့်နိုင်သော ဇာတ်လမ်းများဖြင့် ပြည့်ဝနေသောကျမ်းဟု အနက်ဖွင့်စရာ ဖြစ်ခဲ့သည်၊ အိုရီဂင်၏သံသရာလောကသဘောတရားအမြင်ကို သမ္မာကျမ်းစာအား အမြင်ကျဉ်းကျဉ်းဖြင့် ရှုမြင်သူတို့ ဘဝင်မတွေ့ခဲ့ချေ။ သို့သော် လူဝင်စားသဘောတရားအား ခရစ်ယာန်သဘောတရားက အဆန့်ကျင်ဆုံးဖြစ်ချက်တို့သည် ၄ ရာစုနှစ်ကာလကျမှ ဖြစ်ပေါ်ခဲ့သည်။ ခရစ်ယာန်ဘာသာဝင်အစုအစည်းတို့သည် အာဏာရှင်တို့၏ အုပ်ချုပ်ချယ်ခံ လျှို့ဝှက်အစုအစည်းများမှနေ၍ နိုင်ငံရေးအရ အရေးပါ အရာရောက်သော အင်အားစုတစ်ရပ် ဖြစ်လာသည့်အခါကျမှသာ သူတို့၏ခံယူချက်သည် ပြတ်ပြတ်သားသား တိုက်ခိုက်စရာခံယူချက် ဖြစ်လာသည်။

**ခရစ်ယာန်ဘာသာ၏ စော်ကားမော်ကား အပြု**

ပထမဆုံးသော ရောမဧကရာဇ် မဟာကွန်စတင်တိန်းက ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်လာပြီး ခရစ်ယာန်ဘာသာကို သူ ယုံကြည်ကိုးကွယ်သည်ကြောင့် ယခုကဲ့သို့ စစ်ရေးအောင်မြင်လာခဲ့သည်ဟု ခံယူလာခြင်းတွင် လူဝင်စားသဘောတရားကို ချေမှုန်းရေးမျိုးစေ့ပေါ်ရှိလာခဲ့သည်။ ၃၁၂ အေဒီတွင် မီလ်ဘင်တံတားတိုက်ပွဲ၌ မက်ဇန်တီအပ်၏ ပို၍ အင်အားကြီးမားသောတပ်များကို မအောင်နိုင်ခင်တွင် သူသည် နေပေါ်တွင် လက်ဝါးကပ်တိုင်ပုံ အလင်းတန်းတစ်ခု ထပ်ဆင့်မြင်ခဲ့ပြီး ထိုအမြင်ကြောင့်ပင်လျှင် သူ့ကိုယ်သူ ခရစ်ယာန်ဘုရားကရွေးချယ်သော ကာကွယ်စောင့်ရှောက်သူပင် မုချဖြစ်သည်ဟု ခံယူခဲ့သည်။ ဤကျေးဇူးတော်ကိုအသိအမှတ်ပြုသည့်အနေဖြင့် ပထမဦးဆုံးအကြိမ်အဖြစ် သူသည် လူသူအားလုံးကို ဘာသာရေးလွတ်လပ်ခွင့်ပေးခဲ့သည်။ ခရစ်ယာန်များက အာဏာပိုင်တို့သည် ယခုမှ သူတို့ကို လက်ခံနေပြီဟု ခရစ်ယာန်များ သဘောတွေ့စမှာပင် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်လိုက်ခဲ့သည်။ နှစ်ပေါင်း (၂၀) ကာလအတွင်းတွင် ခရစ်ယာန်ဘာသာသည် တရားမဝင်သော လူစုကျင့်ထုံးကျင့်သုံးသူတို့အားလုံး ဖမ်းဆီးကွပ်မျက်အညှဉ်းပန်းခံရသည့်အနေမှနေ၍ အင်ပါယာ၏ တရားဝင်ဘာသာ ဖြစ်လာခဲ့သည်။ သို့တိုင်အောင် ကွန်စတင်တိန်းက သာသနာကို ချီးမြှင့်သည့်လက်ဆောင်နှင့် မျက်နှာသာပေးမှုတို့အတွက် တန်ကြေး မြင့်မြင့်မားမား တုံ့ပြန်ခဲ့ရ၏။

သာသနာအုတ်မြစ်ကို ဧကရာဇ်အလိုကျ နိုင်ငံရေးပုံစံကျ တည်ခဲ့ရ၏။ ယဉ်ကျေးမှု၊ ယုံကြည်မှု၊ ဝတ်ပြုမှု အစရှိသော ထုံးစံတို့ထက် ကိုယ်ကျိုးနှင့် နိုင်ငံရေးအာဏာက ပဓာနကျခဲ့သည်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီးများကို ခန့်အပ်ခဲ့သည်မှာ မှန်သော်လည်း လောကုတ္တရာရေးတွင် ယင်းတို့ ဦးဆောင်ဦးရွက်ပြုနေနိုင်သည့် အတိုင်းအတာအတွက် မဟုတ်ပါဘဲ အင်ပါယာပေါင်းစည်းရန် ကွန်စတင်တိန်း၏အကြံစည်ကို အထောက်အကူပြုနိုင်သည့်အတိုင်းအတာအရသာ ချီးမြှောက်ခဲ့ရသည်။

သမိုင်းစဉ်တစ်လျှောက်လုံးတွင် ပထမဦးဆုံးအကြိမ်အားဖြင့် သာသနာသည် အမည်ခံခရစ်ယာန်ဘာသာဝင်တို့ကို ဆွဲဆောင်မှုပြုလာသည်။ အမှန်တရားအတွက် ဘာသာကို လိုက်နာသည်ထက် လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအကျိုးအတွက် ခရစ်ယာန်ဘာသာသို့ ဝင်လာကြသူများ ရှိသည်။

ကွန်စတင်တိန်းသည် ခရစ်ယာန်၏ တရားစစ် တရားမှန်ဟု သူ နားလည်သဘောပေါက်ထားချက်ကို စောင့်ရှောက်ရန်ဆန္ဒဖြင့် ခရစ်ယာန်ဘာသာ၏ ထုံးတမ်းစဉ်လာကို သတ်မှတ် အနက်ဖွင့်ဆိုရန်အတွက် ၃၂၅ အေဒီတွင် နိဆီဟာ ကောင်စီ အစည်းအဝေးခေါ်ခဲ့သည်။ ထိုအခါမှစ၍ ဧကရာဇ်၏ဆန္ဒဖြင့် အမြဲတစေ လွှမ်းမိုးခံထားခဲ့ရသော အင်အားကြီးမားသည့် သာသနာနှင့် နိုင်ငံတော်အဖွဲ့အစည်းသည် မည်သည့်အချက်ကို လက်ခံနိုင်သည်၊ မည်သည့်အချက်မှာ ဒိဋ္ဌိတရားဖြစ်သည်ဟု စီရင်ဆုံးဖြတ်မှု ပြုခဲ့သည်။ သမားရိုးကျ ခရစ်ယာန်ဝါဒက ဘဝနှစ်ခုကိုသာ ခွင့်ပြုခဲ့သည်။ တစ်ခုမှာ သဘာဝ ခန္ဓာကိုယ်တွင်းမှ ဘဝနှင့် နောက်တစ်ခုမှာ ပြန်လည်ရှင်သန်သည့်အနေဖြင့် နောက်တစ်ဘဝမျှသာ ဖြစ်သည်။ ကောင်စီ၏ သဘောထားနှင့်ဆန့်ကျင်သော ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့သည် တရားပျက်များဟုသတ်မှတ်ခံရပြီး လျင်မြန်စွာ ရှင်းထုတ်ခံခဲ့ရသည်။ ထိုစဉ်ကာလမှာပင် သာသနာကို အရပ်က ဝင်ရောက်ခြယ်လှယ်မှုကိုဘဝင်မကျသော တရားစောင့် ခရစ်ယာန်များသည် ယင်းတို့ကိုယ်ပိုင် ဘာသာရေးလှုပ်ရှားမှု ပြုခဲ့ကြသည်။ ယင်းတို့သည် လောကီအရေးထဲ ပါဝင်နေလွန်းသော သာသနာမှလွတ်မြောက်ရန်သာမက ကယ်တင်ရှင် ယေရှု၏ ဘဝကို တုပသည့် ဧကစာရီအကျင့်မျိုး ကျင့်သည့်သဘောမျိုးဖြင့် ကန္တာရများသို့ ထွက်ခွာအခြေချခဲ့ကြသည်။

ဤစောစောပိုင်း သာသနာအကဲ့ အပြုသည် ၃၈၀ အေဒီတွင် ပို၍ ပြင်းထန်လာခဲ့သည်။ အာဏာပိုင်များက လွတ်လပ်စွာ တွေးခေါ်နေသော ခရစ်ယာန်ဘာသာဝင်များကို တရားမဝင်ဟု သတ်မှတ်လာသည်။ ဧကရာဇ် သီအိုဒိုဆီအပ်(စ်)သည် သာသနာပိုင်များနှင့် တိုင်ပင် ဆွေးနွေးခြင်းမပြုဘဲ သက်ဆောလ်အိုနီကာအမိန့်ကို ပြဋ္ဌာန်းခဲ့၏။ ယင်းအမိန့်တွင် အောက်ပါအတိုင်း ဆိုညွှန်းထားခဲ့သည်။

'ငါတို့၏နိုင်ငံတော်တွင် နေထိုင်နေသူအပေါင်းတို့သည် ယေရှုခရစ်၏ တပည့်သာဝက ပီတာက ရောမတို့ထံ ဆင့်ပွားအပ်နှံပြီး မျက်မှောက်ကာလအထိ ဆက်လက် ထိန်းသိမ်းထားသော သမားရိုးကျအသွင် ခရစ်ယာန်ဘာသာကိုသာ လက်ခံယုံကြည်ရမည်'

အဆိုပါ အမိန့်တော်စာတမ်းက အောက်ပါအတိုင်း ဆက်လက် ဖော်ပြခဲ့သည်။

'ဤဘာသာတရား စည်းမျဉ်းတို့ကိုလိုက်နာသူတို့အား ကက်သိုလစ်ခရစ်ယာန်များဟု သဘောထား လက်ခံမည်ဖြစ်ပြီး ဤအယူနှင့်ဆန့်ကျင်သူတို့အား သူရူးများ၊ တိရစ္ဆာန်များဟု သတ်မှတ်၍ ယင်းတို့အား ဘုရားသခင်၏အပြစ်ဒဏ် ခံစားစေမည်ဖြစ်ပြီး ငါတို့မှတစ်ဆင့် သာသနာအာဏာပိုင်အဖြစ် အာဏာကို



www.burmeseclassic.com

www.burmeseclassic.com

အသုံးပြု၍ အပြစ်ဒဏ်ပေးမည်'

အနှစ်ချုပ်ဆိုရပါလျှင် ဒိဋ္ဌိဖြစ်နေခြင်းသည် အပြစ်ရှိရုံမျှသာမကခဲ့တော့ချေ၊ သေဒဏ်ထိုက်သော ရာဇဝတ်မှုဖြစ်လာသည်။ ၃၈၅ အေဒီတွင် လူဝင်စားသဘောတရား အာဇာနည် ပထမအသုတ်တစ်သုတ်သည် နိုင်ငံတော်နှင့် သာသနာ မဟာမိတ်အစု၏ ရိုင်းစိုင်းယုတ်မာမှုဒဏ်သင့်ခဲ့ရသည်။ ပရစ်ဆီလန်ဂိုဏ်းမှ စပိန် (၇) ဦးအား အယူလွဲများနေမှုကြောင့် ခရစ်ယာန်တရားသူကြီးတစ်ဦးက အပြစ်ဒဏ်ပေးလိုက်၏။ သို့တိုင်အောင် လူဝင်စားသဘောတရားကို ရှုတ်ချသည့် တရားဝင်အမိန့်တစ်ခုမျှ အင်ပါယာတစ်ခွင်တွင် နောက်နှစ်ပေါင်း (၁၅၀) အထိ မပေါ်ပေါက်ခဲ့ချေ။

နော့စ်တစ်များသာ အများစုဖြစ်သော ဤကန္တာရ ခရစ်ယာန်တို့သည် သာသနာ၏မူဝါဒကို အဓိက ချမှတ်နေသူတို့၏လက်မှ အနှောင့်အယှက်ကင်းသလောက်အနေဖြင့်ပင် အိုရီဂင်၏ သဘောတရားများကို လိုက်နာကျင့်သုံးနေနိုင်ခဲ့ကြသည်။ သို့သော် ၆ ရာစုနှစ်ကာလတွင် ပါလက်စတိုင်းဒေသရှိ အိုရီဂင်ဝါဒီနှင့် အိုရီဂင်ဝါဒ ဆန့်ကျင်ရေးသမားကြား ပဋိပက္ခကို တရားသူကြီးပြုလုပ်ပေးရန် ဧကရာဇ် ဂျန် (စ်) တင်တိုင်းပန်ကြားခံရသောအခါတွင် ပြဿနာကြီးထွားလာခဲ့သည်။ ဂျန် (စ်) စတင်တိုင်းသည် ၅၄၃ အေဒီတွင် ကွန်စတန်တီနိုဘယ်မြို့တွင် သာသနာညီလာခံတစ်ခုကျင်းပစေခဲ့ပြီး ထိုညီလာခံက အိုရီဂင်၏သဘောတရားများကို ရှုတ်ချခဲ့သည်။ (ဘီစီ ၅၂၉ ခုနှစ်တွင် ဂျပ် (စ်) စတင်တိုင်းသည် ခေတ်သစ် ပလေတိုသဘောတရားနှင့် လူဝင်စားသဘောတရား လေ့လာမှု အဓိကပြုရာ အေသင်တက္ကသိုလ်ကို ပိတ်ခဲ့သောကြောင့် ထိုသာသနာညီလာခံမှ မည်သို့ အဖြေထွက်မည်မှန်းဒွိဟ ဖြစ်စရာ မရှိခဲ့ချေ။) နောက်တွင် ဧကရာဇ်က အိုရီဂင်၏သဘောတရားနှင့်ပတ်သက်၍ သာသနာမှထုတ်ပယ်ခြင်းအပါအဝင် သာသနာမှ အပြစ်ပေးမှု (၁၅) ချက်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းတို့မှ (၄)ခုသည် ယခင်ဘဝကို တိုက်ရိုက်ညွှန်းဆိုထားခဲ့သော သဘောအရ လူဝင်စားသဘောတရားနှင့် ပတ်သက်ခဲ့သည်။ ထို (၄) ခုမှ ပထမအချက်က အောက်ပါအတိုင်း ဆိုညွှန်းခဲ့သည်။

'ဝိညာဉ်များသည် ယခင်က သက်ရှိခဲ့ဖူးပြီး နောင်လည်းပဲ ယင်းမှ ပြန်လည်ဖြစ်ထွန်းမှုရှိမည်ဟု ဆိုပါလျှင် ထိုသူအား ကျိန်စာသင့်စေ'

ဂျန် (စ်) စတင်တိုင်းသည် ဤတရားဝင်ကျိန်စာများကို ၅၅၃ ခုနှစ်တွင် ဖွဲ့ စည်းပုံဥပဒေအရ ဒုတိယကွန်စတန်တင်နိုပဲလ်ကောင်စီ၏ အကြိုအစည်းအဝေးသို့ တင်ပြခဲ့သည်။ (၈) နှစ်ကြာမျှ ဂျန် (စ်) စတင်တိုင်း၏ အကျဉ်းသားဖြစ်ခဲ့ရသော ပုပ်ရဟန်းမင်းကြီး ဗီဂီလီအပ်(စ်) သည် ထိုဆွေးနွေးပွဲကို တက်ရောက်ရန်ငြင်းဆန်ခဲ့သည်။ အာဏာရှင်ဆန်နေခဲ့သော ဧကရာဇ်၏အလိုဆန္ဒကို လိုက်လျောရန်ကိစ္စသည် အစည်းအဝေးတက်ရောက်နေသည့် ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့၏တာဝန် ဖြစ်သွားခဲ့သည်။ အဓိက အစည်းအဝေးတွင် ထိုလူဝင်စားကိစ္စကို ကျိန်စာအပြစ်ဒဏ်ပေးခြင်းအကြောင်း ဆွေးနွေးမှု ပြု၊ မပြု အထောက်အထားမရှိသော်လည်း ဒုတိယကောင်စီက ထိုစည်းမျဉ်းများကို လက်ခံအတည်ပြုခဲ့သည်ဟု သမိုင်းပညာရှင်များ ရာစုနှစ်ပေါင်း များစွာ မှားယွင်းယူဆခဲ့ကြသည်။ သို့တိုင်အောင် တရားဝင်အတည်ပြု၊ မပြုက အရေးမဟုတ်ချေ။ အရေးပါသည့်အချက်ကား ၅၅၃ ခုနှစ်၊ အေဒီကာလ သာသနာရေးကောင်စီကျင်းပပြီးနောက်တွင် သာသနာသည် လူဝင်စားသဘောတရားကို ရှောင်ကြဉ်လာခဲ့သည်ဟူသောအချက်ပင် ဖြစ်၏။

မည်သည့်အတွက်ကြောင့် အာဏာပိုင်များက လူဝင်စားခြင်းကို ယုံကြည်မှုအား ဘဝင်မတွေ့ရသည့်အကြောင်းကို ကြိုက်သလို သုံးသပ် ဆန်းစစ်နိုင်သည်။ လူဝင်စားသဘောတရားကို လက်မခံသည့် အဓိကအကြောင်းတရားမှာ ယင်းတွင် ကိုယ့်အားကိုယ်ကိုးသဘောထားပုံရိပ်ပေါ်နေ၍ ဖြစ်နိုင်၏။ ထိုစိတ်ဓာတ်သည် အာဏာရှင်သခင်တို့၏ဩဇာကို လျော့ကျစေနိုင်သော အနေအထား ရှိသည်။ လူဝင်စားဝါဒီတို့အား သုခဘုံဖြင့်လည်း ခြိမ်းခြောက်၍ မရနိုင်ခဲ့ချေ။ ဘုရားသခင်ထံသို့ နှင်သည့်ခရီးတွင် တည့်တည့်ဖြောင့်ဖြောင့်လျှောက်ရန် မည်သည့်ဘုန်းကြီး သို့မဟုတ် ခလေ့ထုံးစံ၏ သွန်သင်ညွှန်ကြားစည်းသတ်မှတ်မှု မလိုအပ်ခဲ့ချေ။ ကိုယ့်ဘဝကိုယ်ချွန်ရန်အနေအထားတွင် သာသနာက လူထုအပေါ် အလကားသက်သက် မှီခိုအမြတ်ထုတ်နေသည်ဟု မြင်စရာရှိလာသည်။ ဤသည်ကြောင့် သာသနာသည် ယင်းကို ဝပ်တွားရိုကျိုးမည်ဟု တပ်အပ် မသေချာသော သဘောတရားကို လက်ခံနိုင်စွမ်း မရှိခဲ့ချေ။

Patterns of Destiny တွင် ဟန် (စ်) ဟိုလ်ဇာက အောက်ပါအတိုင်း ရေးသားခဲ့သည်။

'သာသနာသည် ဘာသာဝင်တို့ စည်းမဖောက်စေရန်အတွက် နောက်ဆုံး တရားစီရင်သောနေ့ဟူသော ကြာပွတ်ပြချက်ကို လိုအပ်ခဲ့ပါသည်။ ထို့ကြောင့် ဘာသာဝင်များ လူဝင်စားသဘောတရားကို ယုံကြည်လက်ခံရန် ခွင့်မပေးနိုင်ခြင်းမှာ သာသနာအတွက် သေရေးရှင်ရေးကိစ္စတစ်ရပ်ပင် ဖြစ်ခဲ့သည်'

သို့တိုင်အောင် အစဉ်အလာ အထိန်းတော်များ ရက်စက်စွာ ဖိနှိပ်နေသည့်ကြားမှပင် ဒိဋ္ဌိသဘောတရားကို ဖက်တွယ်နေသော ခရစ်ယာန်ဂိုဏ်းများအား ချိုးနှိမ်၍ မရခဲ့ချေ။ သာသနာက ဘာသာရေးစစ်ပွဲအဖြစ် အကြမ်းဖက်ကွပ်မျက်နေသည်နှင့်အမျှ နောက်ဘဝသည်သာ တောင့်တဖွယ်ရာ ဖြစ်လာခဲ့သည်။ လူဝင်စားဝါဒီများ ဖြစ်သော အလ်ဘီဂျန်တို့အား ပိုင်ရာနိစ် ရှိသူတို့၏ မောင့်ဆီဂါ ခံတပ်တွင် ကလေး၊ လူကြီး၊ မိန်းမ တစ်ယောက်မကျန်ကို သုတ်သင်သတ်ဖြတ်ခဲ့သည်။ အေဒီ ၁၂၇၄ ခုနှစ်တွင် လီယွန်သာသနာကောင်စီသည် ဂျန်စတင်တိုင်း၏ကျိန်စာကို ထပ်မံအတည်ပြု၍ ဝိညာဉ်တို့သည် ချက်ချင်းပင် ကောင်းကင်ဘုံ၊ တမလွန် သို့မဟုတ် ငရဲသို့သွားရောက်ရသည်ဟု အတည်ပြုပြောကြားခဲ့သည်။ ဒိဋ္ဌိတရားများကို ချေမှုန်း ချေဖျက်မှု ပီပြင်လှခဲ့သောကြောင့် အိုရီဂင်၏ကြွင်းကျန်သမ္မာတမ်း ဆိုသည်များမှာ သူတို့အတိုက်အခံများ ဆိုညွှန်းချက်များတွင် တွေ့ရသည့် ကောက်နုတ်ချက်များသာ ဖြစ်သည်။ ဤကောက်နုတ်ချက် အများစုသည်လည်း သာသနာပိုင်အများ၏ အမျက်ကို မလိုက်သောကြောင့် ရေးထိုးပြန်ဆိုထားပါသည်ဟု ဆိုသော လက်တင်ဘာသာပြန်ဆရာ ရူဘီနပ်စ်၏လက်ရာတွင်သာ တွေ့ရသည်။ ၁၆ ရာစုနှစ်သို့ရောက်သောအခါတွင် လူဝင်စားအတွေးအခေါ်ကို လူမှုအသိမှ အမြစ်ကနုတ်ပယ်ခဲ့ပြီးဖြစ်ရာ ယင်းယုံကြည်မှုကို ခေတ်သစ်သို့ သယ်ဆောင်ရေးမှာ အဂ္ဂိရတ်ဆရာများနှင့် ရိုစီကရူရှင်းကဲ့သို့သော ဂမ္ဘီရအုပ်စုများ၏ လျှို့ဝှက်တာဝန်ဖြစ်လာခဲ့သည်။

တိုးထက်

*The Case For Reincarnation by Joe Fisher* ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# သတိထားသင့်သည့် ကင်ဆာဖြစ်စေသော လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့် ပစ္စည်းများ

စွမ်းထက်နောင်

၂၀၀၈ ခုနှစ်၌ ကမ္ဘာတစ်ဝန်းတွင် သဘာဝလောက ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်များမှရတတ်သော ကင်ဆာရောဂါဖြစ်ပွားမှုများ (ကာစီနိုဂျင်) ကို လေ့လာခဲ့ရာ လူပေါင်း (၁၂. ၇) သန်းသည် ကင်ဆာရောဂါကြောင့် လည်းကောင်း၊ (၇. ၆) သန်းသည် ရောဂါအသစ် အဆန်းများကြောင့် လည်းကောင်း စုစုပေါင်း (၂၀. ၃) သန်း သေဆုံးခဲ့ရသည်။ သေဆုံးခဲ့ရသော လူစုစုပေါင်း၏ (၁၉) ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် (၁. ၃) သန်းသည် လုပ်ငန်းခွင်မှရရှိသော ကင်ဆာရောဂါကြောင့် ဖြစ်ပါသည်။ ထိုအချက်အလက်များသည် ကမ္ဘာတစ်ဝန်းမှ ရရှိသော အချက်အလက်များ၏ (၆၃) ရာခိုင်နှုန်းမျှသာ ဖြစ်ပါသည်။ ထိုသူများသည် ပတ်ဝန်းကျင်ရှိ ကင်ဆာရောဂါဖြစ်စေသော အမှုန်အမွှားများ၊ အငွေ့များ၊ ဓာတုဗေဒအဆိပ်များ၊ အရည်များ၊ (UV) ဓာတ်ရောင်ခြည် ဖြာထွက်မှုများ၊ သန့်ရှင်းသောလေနှင့် ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်းတို့ကြောင့် ရောဂါဖြစ်ပွားသေဆုံးရပါသည်။

အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားသူ (၁၀)ဦးတွင် (၁)ဦးမှာ လုပ်ငန်းခွင်မှရသော အဆုတ်ကင်ဆာရောဂါကြောင့် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ အပြည်ပြည်ဆိုင်ရာ ကင်ဆာသုတေသနဌာနမှ လေ့လာမှုများအရ ကင်ဆာရောဂါ ဖြစ်ပွားစေသော ပစ္စည်းအမျိုးအစားပေါင်း (၁၀၇) ခုခန့်ရှိပါသည်။ လုပ်ငန်းခွင်ကြောင့် ဖြစ်ရသော ရောဂါအကြောင်းအရင်းများ အနက် ကင်ဆာရောဂါ ဖြစ်ပွားရသည်မှာ အဘတ်စတော့(စ်)(Asbestos)ကျောက်ဂွမ်းကြောင့် အဓိက အများဆုံး ဖြစ်၏။ ပတ်ဝန်းကျင်မှရရှိတတ်သော ကင်ဆာရောဂါတွင် သေဆုံးသူသုံးဦးလျှင် တစ်ဦးမှာ အဘတ်စတော့(စ်)ကြောင့် ဖြစ်ပွားကြောင်း တွေ့ရပါသည်။ နိုင်ငံတကာတွင် ဖြစ်ပွားသော ကင်ဆာရောဂါများ အနက် ဒုတိယအဖြစ်ပွားဆုံးမှာ အဆုတ်ကင်ဆာ ဖြစ်ပါသည်။ အဆုတ်ကင်ဆာ ဖြစ်ပွားရသည်မှာ လေထဲတွင်ပါဝင်သော အမှုန်အမွှားများကြောင့် ဖြစ်သည်။ ထိုပစ္စည်းများထွက်ပေါ်စေသည့် လုပ်ငန်းများမှာ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်တွယ်ခြင်း၊ အဘတ်စတော့(စ်) လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သံထည်လုပ်ငန်းများ ဖြစ်သော သံရည်ကျိုလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ သတ္တုရည်ကျိုလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ သင်္ဘောပြုပြင်ရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ကျောက်တူး၊ ကျောက်ခွဲရေးလုပ်ငန်း၊ လမ်းဖောက်ခြင်း၊ အမှုန်အမွှားများ၊ ဖုန်မှုန့် သဲမှုန့်များ လွင့်ပျံ့နေသော ပတ်ဝန်းကျင်များ၊ ဘက်ထရီနှင့် ခဲလုပ်ငန်းများ၊ အယ်ကာလီ၊ အက်စစ်ဖြင့် အသုံးပြုလုပ်ကိုင်ရသော လုပ်ငန်းများ၊ အရောင်တင်လုပ်ငန်းများ၊ ခရိုမီယမ်၊ နီကယ်၊ ရွှေရည်စိမ်၊ ငွေရည်စိမ်၊ ကြေးရည်စိမ်၊ ကြွေရည်သုတ်လုပ်ငန်းများ၊ အလူမီနီယမ်လုပ်ငန်း၊ ကျောက်မီးသွေးလုပ်ငန်းများ၊ နေပူထဲတွင် လုပ်ကိုင်ရသောလုပ်ငန်းများ၊ ရော်ဘာလုပ်ငန်းများ၊ ချည်ထည်နှင့်ချည်မျှင်လုပ်ငန်းများ၊ မိုးရေကာဖျင်လုပ်ငန်း၊ ဂုန်နီကော်ဇောလုပ်ငန်း၊ ရောင်ခြည်ဖြာထွက်သည့် လုပ်ငန်းများ (ဥပမာ-ဂဟေဆက်လုပ်ငန်း)၊ စိန် (အာဆင်းနစ်)၊ သောက်ရေသုံးရေထဲတွင်ပါဝင်မှု၊ ဆေးမှုတ်၊ ဆေးသုတ်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ တိရစ္ဆာန်များဖြင့် ထိတွေ့နေရခြင်း၊ ဆေးဝါးကုသခြင်း၊ ဆေးဝါးသုတေသနလုပ်ငန်းများ၊ ပိုးမွှားများဖြင့် သုတေသနပြုလုပ်ခြင်း စသည့် လုပ်ငန်းများ ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းတို့ရှိ သောက်ရေ၊ သုံးရေထဲတွင်လည်း ထိုပစ္စည်းများ ပါဝင်နေနိုင်ပါသည်။

ကင်ဆာဖြစ်ပွားစေသော အရာဝတ္ထုများ (ကာစီနိုဂျင်) ဆိုသည်မှာ လူသားများနှင့် တိရစ္ဆာန်များ ကင်ဆာရောဂါဖြစ်စေနိုင်သည့် အထက်ဖော်ပြခဲ့သောလုပ်ငန်းများတွင် ထွက်ပေါ်တွေ့ရှိရသည့် အရာဝတ္ထုများ ဖြစ်ပါသည်။ ထိုအရာဝတ္ထုများသည် ကင်ဆာရောဂါကိုဖြစ်ပေါ်စေခြင်းနှင့် ပိုမိုဆိုးဝါးစေခြင်း စွမ်းအင် ရှိပါသည်။ ကင်ဆာရောဂါဖြစ်ပွားနိုင်သောအရာများ များစွာရှိသည်။ ကင်ဆာရောဂါ တိုက်ရိုက်ဖြစ်စေသော အရာဝတ္ထုပစ္စည်းများမှာ ရေဒီယိုဓာတ်သတ္တုကြွပစ္စည်းများ၊ ရောင်ခြည်ဖြာ




သဲအမှုန်အမွှားများကြောင့် အဆုတ်စီလီကောဆစ်ရောဂါဖြစ်ပွားမှုပုံ



www.burmeseclassic.com

www.burmeseclassic.com

ထွက်မှုရှိစေသောပစ္စည်းများ၊ အသက်ရှူလမ်းကြောင်းမှဝင်ရောက်နိုင်သည့် အဘတ်စတော့(စ်) (Asbestos)၊ ဒိုအိုစင် (Dioxins) နှင့် ဆေးလိပ် အစရှိသည့်ပစ္စည်းများ ဖြစ်ပါသည်။ ထိုပစ္စည်းများသည် ကလာပ်စည်း (Genome) သို့မဟုတ် ဆဲလ်များ၏ဇီဝကမ္မဗေဒဖြစ်စဉ်ကို နှောင့်ယှက်ဖျက်ဆီးစေပါသည်။ ထိုနည်းတူ လူအများနှင့် နေ့စဉ်ထိတွေ့သုံးစွဲနေသော လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးဓာတုဗေဒပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်မှ ပစ္စည်းများသည်လည်း ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါသေးသည်။ မည်သည့်ကင်ဆာရောဂါမဆို ကလာပ်စည်း၊ ဆဲလ်များကို ဖျက်ဆီးခြင်းဖြစ်၏။ ဆဲလ်သေများ ကြီးထွားပျံ့နှံ့စေကုန်ခြင်း ဖြစ်၏။

အထက်ပါ ဖော်ပြခဲ့သော ကင်ဆာဖြစ်စေသည့် အရာဝတ္ထုများသည် ဇီဝကမ္မဖြစ်စဉ်လုပ်ဆောင်သည့် (ဆဲလ်များ) ကို ပျက်စီးစေခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားစေခြင်းပင် ဖြစ်ပါသည်။ ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအားလုံး၏လုပ်ငန်းဆောင်များကို နှောင့်ယှက် ဖျက်ဆီးခြင်းကို ပြုစေပါသည်။ သဘာဝ ကိုယ်ခံစနစ်မှ မထိန်းသိမ်းနိုင်ခြင်းကြောင့် အလုံးအကျိတ်အခဲများ စုဝေး ဖြစ်ပေါ်လာစေခြင်း ဖြစ်၏။ DNA ကိုဖျက်ဆီးစေ၍ (Apoptosis) (အေပရောကိုစစ်) စနစ်ကို ပျက်စီးစေခြင်း ဖြစ်၍ သဘာဝကိုယ်ခံစနစ်မှ ကင်ဆာဆဲလ်များကို ခုခံတိုက်ခိုက်ရန် မတတ်နိုင်တော့သဖြင့် ကင်ဆာရောဂါ ဖြစ်ပွားရပါတော့သည်။ အထက်ဖော်ပြခဲ့သော ကင်ဆာဖြစ်စေသည့် အရာဝတ္ထုများ၊ အမှုန်အမွှားများ၊ အဘတ်စတော့(စ်)များ ရှူရှိုက်မိ၊ တွေ့ထိမိခြင်းကြောင့် ဘဝတစ်ခုလုံးကိုခြိမ်းခြောက်သည့် ရောဂါ၊ သေစေနိုင်သည့် ရောဂါအဖြစ် အဆုတ်များ ရောဂါရခြင်း၊ ကြမ်းတမ်းခြင်း၊ အဆုတ်ကင်ဆာဖြစ်ပွားခြင်း ရင်ခေါင်းကင်ဆာ (Mesothelioma) စသည့် ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။

ကင်ဆာဖြစ်ပွားစေသော အရာဝတ္ထုများ (ကာစီနိုဂျင်) သည် Deoxy ribonucleic acid. (DNA) ကို အန္တရာယ်ဖြစ်ပွားစေရန် နည်းလမ်းများစွာဖြင့် ကင်ဆာရောဂါပြန့်ပွားစေရန် ပြုလုပ်ပေးသည်။ ကာစီနိုဂျင်များနှင့် ထိမိ၊ တွေ့မိတိုင်း ကင်ဆာရောဂါ ရစေသည် မဟုတ်ပါ။ တွေ့ထိရသည့်အကြိမ်၊ အချိန်ကြာမြင့်မှု ပမာဏ အနည်း၊ အများပေါ်မူတည်၍ ကင်ဆာဖြစ်ပွားရသည်။ ခန္ဓာကိုယ်၏ ခံနိုင်ရည်စွမ်းအား၊ အားအင်လျော့နည်းမှုပေါ် မူတည်ပါသည်။

ကျောက်ဂွမ်း (Asbestos)၊ ရေဒီယမ် (Radian)၊ ပိုးမွှားများကို သေစေသောဓာတုပစ္စည်းများ (Pesticides)၊ အာဆင်းနစ် စိန်ဓာတ်ပေါင်း (Arsenic) စသည့် အရာဝတ္ထုပစ္စည်းများ၏ အမှုန်အမွှားများနှင့် မီးခိုးငွေ့များ၊ ဆေးလိပ်မီးခိုးငွေ့များ နှာခေါင်းမှတစ်ဆင့် အဆုတ်ထဲသို့ ဝင်ရောက်ပြီး ရောဂါဖြစ်ပွားရ၏။

ထို့ကြောင့် အဆုတ်များ၏လုပ်ငန်းတာဝန်များကို သိရှိရန် ဖော်ပြလိုပါသည်။

လူတို့သည် မွေးဖွားလာသည့်အချိန်မှစတင်၍ အသက်ရှင်သန်နိုင်ရေးအတွက် အသက်ရှူကြရသည်။ လေထဲမှ အောက်ဆီဂျင်ဓာတ်ငွေ့ကိုရှူသွင်း၍ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ကို ပြန်ထုတ်ခြင်း ဖြစ်သည်။ ထိုသို့ အသက်ရှူ၊ ထုတ်နိုင်မှ အသက်ရှင်နိုင်သည်။ အသက် ရှူ၊ ထုတ်ခြင်းလုပ်ငန်း သို့မဟုတ် အသက်ရှိအောင် ပြုလုပ်ပေးခြင်းကို အဆုတ်က ပြုလုပ်ပေး၏။ အသက်ရှူလိုက်တိုင်း လေသည် နှာခေါင်းမှ လေပြွန်၊ လေပြွန်မှ အဆုတ်အတွင်းသို့ ရောက်သွား၏။ ရှူလိုက်သောလေထဲမှ အောက်ဆီဂျင်သည် လေအိတ်နံရံမှတစ်ဆင့် ဆံခြည်မျှင်သွေးကြောများအတွင်းသို့ရောက်သွားသကဲ့သို့ သွေးထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်သည်လည်း လေအိတ်အတွင်းသို့ စိမ့်ဝင်လာကြသည်။ လေအိတ်မှတစ်ဆင့် လေပြွန်များကို ဖြတ်ကျော်၍ ပြင်ပသို့ ရှူထုတ်ခြင်းခံရသည်။ ထိုသို့ ဓာတ်ငွေ့ဖလှယ်နိုင်ရန် အဆုတ်များသည် နံရိုးကြားကြွက်သားများ၏လုပ်ဆောင်မှုကို ဦးနှောက်ရှိ ဗဟိုချက် ကွပ်ကဲထိန်းချုပ်မှုအောက်တွင် ရှုံ့လိုက်၊ ပွလိုက်၊ လေဝင်လိုက်၊ လေထွက်လိုက်ပြုလုပ်သော လေစုပ်စက်ကဲ့သို့ သဏ္ဍာန်ဖြင့် လုပ်ဆောင်နေကြပါသည်။ တစ်မိနစ်လျှင် (၁၂) ကြိမ်မှ (၁၆) ကြိမ်အထိ လေသွင်း၊ လေထုတ် အသက်ရှူထုတ်လျက်ရှိပါသည်။ လေ့ကျင့်ခန်းပြုလုပ်သည့်အခါ၊ ခန္ဓာကိုယ်လှုပ်ရှားမှုပြုလုပ်သည့်အခါ အသက်ရှူနှုန်းမှာ တစ်မိနစ်လျှင် အကြိမ် (၄၀) မှ (၅၀) အထိ တိုးမြင့်သွားပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ခန္ဓာကိုယ်မှ အောက်ဆီဂျင်ဓာတ်များများရရှိစေရန် အသက်ပြင်းပြင်းရှူရခြင်း ဖြစ်သည်။


အဆုတ်များသည် ပြင်ပမှလေထုနှင့် အစဉ်ထိတွေ့နေရသဖြင့် ရောဂါပိုးအမျိုးမျိုးနှင့် အမှိုက်သရိုက်၊ ဖုန်မှုန့်များသည် လေနှင့်အတူ အဆုတ်ထဲသို့ ဝင်ရောက်နိုင်ပါသည်။ သို့သော် အဆုတ်များ အလွယ်တကူ မထိခိုက်မပျက်စီးရစေရန် သဘာဝက ကာကွယ်ပေးထား၏။ နှာခေါင်းထဲရှိ အမွေးအမှင်များသည် အမှိုက်သရိုက် ဖုန်မှုန့်များမဝင်ရန် ကာကွယ်ပေးကြ၍ နှာခေါင်း၊ လည်ချောင်းနှင့် လေဝင်ရာလမ်းကြောင်းတစ်လျှောက်ရှိ ဆံခြည်မျှင်အမွေးငယ်များမှ အသက်ရှူလိုက်တိုင်း လှုပ်ရှားလျက် အကျိအချွဲနှင့် အညစ်အကြေးတို့ကို အပေါ်ဘက် လည်ချောင်းထဲသို့ တွန်းပို့ပေးကြသည်။ ဆေးလိပ်သောက်လျှင် အလွန် ညစ်ညမ်းသော ဆေးလိပ်အငွေ့၊ မီးခိုးမှိုင်းများနှင့် အဆိပ်ဓာတ်ငွေ့ပါသော လေကို အစဉ်ရှူရှိုက်ရလျှင် ဆံခြည်မျှင်အမွေးငယ်များမှာ လုံးဝမလှုပ်ရှားနိုင်ကြတော့ပါ။ တစ်နည်းဆိုသော် မလှုပ်ရှားနိုင်တော့ဘဲ ပျက်စီးသွားခြင်းပင် ဖြစ်၏။ ကြာရှည်စွာ ဆေးလိပ်သောက်သုံးသူများ၏ ဆံခြည်မျှင်အမွေးငယ်များအားလုံး ပျက်စီးပျောက်ကွယ်လျက်ရှိပြီး လေဝင်ရာလမ်းကြောင်းမျက်နှာပြင်များမှာလည်း နဂိုအရွယ်ထက် ကြီးထွားပြီး အဆုတ်အတွင်းသို့ ရောဂါပိုးမွှားများ၊ အမှိုက်သရိုက် ဖုန်မှုန့်များ၊ အရည်များ အလွယ်တကူ ဝင်ရောက်ကာ အဆုတ်ရောဂါများ ရရှိနိုင်ပါသည်။ ဆေးလိပ်သောက်ခြင်းသည် လေပြွန်ကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်စေနိုင်သည့် ဗက်တီးရီးယားနှင့် ဗိုင်းရပ်(စ်) အမျိုးမျိုး အဆုတ်အတွင်းဝင်ရောက်မှုကြောင့် အဆုတ်ရောဂါ၊ အဆုတ်အအေးမိ စသည့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သစ်မှုန့်၊ ဖုန်မှုန့်၊ သံမှုန့်၊ သံမှုန့်၊ ကျောက်မီးသွေးမှုန့်၊ ထုံးမှုန့် စသည့် အမှုန်အမွှားများ ရှူရှိုက်ရသော လုပ်သားများသည် အဆုတ်ရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ အဆုတ် ကျန်းမာသန်စွမ်းရန် လေကောင်းလေသန့်ရှူရှိုက်၍ အဆိပ်အတောက်ဖြစ်စေသော ထုတ်ကုန်၊ ဆေးဝါးအမျိုးမျိုး၏ အမှုန်အမွှားများ ရှူရှိုက်ရခြင်း၊ မီးခိုးငွေ့များရှူရှိုက်ရခြင်း၊ သစ်မှုန့်, ဖုန်, သံမှုန့်များရှူရှိုက်ရခြင်းများမှ ကင်းဝေးရန် ရှောင်ကြဉ်သင့်သည်။ မိမိကျန်းမာရေးမထိခိုက်စေရန် ခန္ဓာကိုယ်အတွက် အရေးပါသော အဆုတ်ကို ရောဂါမရအောင် ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



အဘတ်စတော့(စ်)ကြောင့် အဆုတ်ကင်ဆာဖြစ်ပွားပုံ


ကင်ဆာဖြစ်ပွားစေသော အကင်စာများ

ကာကွယ်မှုပြုရန်မှာ အလွန် အရေးကြီးပါသည်။

လေထဲမှာ ပျံ့လွင့်နေသော အမှုန်အမွှားတို့သည် အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ပါက သွေးထဲသို့ ချက်ချင်းရောက်ရှိခြင်းကြောင့် အလွန်ဆိုးဝါးပါသည်။

ကာစီနိုဂျင်အော်ဂဲနစ်များကြောင့် ကင်ဆာရောဂါ ဖြစ်ရခြင်း အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(၁)ဘဝနေထိုင်မှုပုံစံများယွင်းခြင်း**

ကာစီနိုဂျင်အော်ဂဲနစ်များသည် ဘဝနေထိုင်မှုပုံစံများယွင်းခြင်းကြောင့်လည်း ဖြစ်ပေါ်နိုင်ပါသည်။ နေရောင်ခြည်ထဲတွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။ စားသောက်ပုံများယွင်းမှုများနှင့် ပလတ်စတစ် ပုလင်း, ဘူး, အိတ်များတွင် ထည့်ထားသော အရည်များ၊ အရာဝတ္ထုများတွင် ကာစီနိုဂျင် အော်ဂဲနစ်များ ပါဝင်၏။

ပလတ်စတစ်များဖြင့် ပြုလုပ်ထားသောပစ္စည်းများကို တာရှည်စွာ နှစ်ပေါင်းများစွာ သုံးစွဲခြင်း၊ ရှူရှိုက်မိခြင်းများကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကော်ရှူသူများသည် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ ကလိုရင်းဓာတ်ကို ပိုးမွှားကင်းစင်ရန် ရေထဲထည့်သုံးခြင်း၊ ရေချိုးခြင်း၊ သောက်သုံးခြင်း၊ ရေကူးကန်များတွင် ထည့်သွင်းခြင်း စသည်များသည် ကျန်းမာရေးကိုဆိုးဝါးစေပြီး နေထိုင်မကောင်းမှုနှင့် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။

**(၂)အသင့်စားသုံးရန်ပြုလုပ်ထားသော အစားအစာများ**

(Carcinogens in prepared food)

အသင့်စားသုံးရန် ပြုလုပ်ထားသော အစားအစာများတွင်လည်း ကင်ဆာရောဂါဖြစ်ပွားနိုင်သော အရာများ ပါဝင်နိုင်ပါသည်။ အပူချိန် မြင့်မားစွာ ချက်ပြုတ်ထားသော အစားအစာများ၊ ဥပမာအားဖြင့် အထက်မီး၊ အောက်မီးဖြင့် ကင်ထားသော အစားအစာများ၊ ကင်ထား၍ အညော်နံ့ထွက်နေသော တူးခြစ်နေသည့်အစားအစာများ၊ ပြည့်ဝဆီများကို ထပ်တလဲလဲ အသုံးပြုပြီး ကြော်ထားသည့်အစားအစာများ၊ မကြာခဏ ပြန်ကြော်စာများ၊ ကြိုတင်ချက်ပြုတ်သောအသားများ၊ အချိန်တိုအတွင်း မီးပြင်းပြင်းဖြင့် အပူပေး ကျပ်တိုက်ထားသော အသားများ၊ မီးပြင်းပြင်းဖြင့်ကြော်ထားသော အာလူးကြော်များ စသည်တို့ ဖြစ်ပါသည်။

**(၃) ဆေးလိပ်သောက်ခြင်း**

(Carcinogens in Cigarettes)

ဆေးလိပ်သောက်ခြင်းသည် အဆုတ်၏လုပ်ငန်းလုပ်ဆောင်ချက်ကို ဖရိုဖရဲဖြစ်စေပြီး အစာအိမ်ရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။

**(၄) ရင်သားကင်ဆာဖြစ်ခြင်း**

(Breast Cancer)

ညဘက်တွင် အလုပ်လုပ်ရသော အမျိုးသမီးများသည် ရင်သားကင်ဆာ ဖြစ်စေနိုင်ကြောင်း လေ့လာမှုအရ တွေ့ရှိရ၏။ ညအချိန်တွင် အလင်းရောင်ရရှိရန် ထွန်းထားသော မီးရောင်များကြောင့် Circadian disruption ဟော်မုန်း၊ မယ်လနင် ထုတ်လုပ်မှုကို ဖြစ်စေသည့်အတွက် ပင်ကိုခုခံအားစနစ်ကို လျော့နည်းစေသည်။ ထို့အပြင် ကင်ဆာရောဂါ ဖြစ်ပွားကျယ်ပြန့် ပျံ့နှံ့မှုကို တားဆီးနိုင်သော ပင်ကို ခုခံစနစ် အားနည်းလျော့နည်းစေပါသည်။

**(၅) ဓာတုဗေဒ ပစ္စည်းများဖြင့် တွေ့ထိခြင်း**

မျိုးရိုးဗီဇကြောင့်အပြင် မျိုးရိုးဗီဇ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မဟုတ်သော်လည်း ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ စိန်, ဓာတုဗေဒပစ္စည်းများဖြင့် တွေ့ထိခြင်း၊ ရှူရှိုက်မိခြင်း၊ ခရမ်းလွန်ရောင်ခြည်ဖြင့် ထိတွေ့ရခြင်း၊ ဗိုင်းရပ်(စ်)ရောဂါပိုးမွှားများ ကူးစက် ဝင်ရောက်ခြင်းကြောင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ စိန် (Arsenic) နှင့် စိန်ဓာတ်ပါဝင်သော ပစ္စည်းများကြောင့် အဆုတ်ကင်ဆာ၊ အရေပြားကင်ဆာ ဖြစ်ပွားနိုင်၏။ အဘတ်စတော့(စ်) (Asbestos) ဖြင့် တွေ့ထိခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများမှာ အဆုတ်များ ကြမ်းတမ်းခြင်း (Asbestosis) အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာ၊ အစာအိမ်လမ်းကြောင်းရောဂါ၊ အူမကြီးကင်ဆာများ ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ အိမ်မိုးကျောက်ပြား၊ မျက်နှာကြက်, အခန်းဖွဲ့စည်းခြင်း၊ ကြမ်းပြင်ခင်းခြင်း၊ မီးခံအုတ်ထုတ်လုပ်ခြင်း၊ အုတ်ထုတ်လုပ်ခြင်း၊ မော်တော်ကားများတွင် တပ်ဆင်ထားသော ဘရိတ်ဟုံးများ, ကလိပ်ပလိပ်များ, ဂစ်ကတ် (Gasket) လိုင်နာပြားများ ပြုလုပ်ခြင်း စသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေရသော လုပ်သားများ အထူးသတိပြုရပါမည်။


ဓာတ်ဆီ, ပိုးသတ်ဆေးများ ကိုင်တွယ်ထိတွေ့ခြင်း၊ ဆေးမှုတ်ခြင်း၊ ရော်ဘာလုပ်ငန်း၊ အဝတ်ခြောက်လျှော်ဖွပ်ခြင်း၊ နီကယ်စိမ်ခြင်း၊ ကြေးနီ, ကြေးဝါစိမ်ခြင်းလုပ်ငန်းများ၊ ဆပ်ပြာများ, အညစ်အကြေးသန့်စင်သည့် ဓာတုပစ္စည်းများဖြင့် လုပ်ကိုင် ထိတွေ့နေပါက သွေးကင်ဆာ၊ လည်ချောင်းကင်ဆာရောဂါများ ဖြစ်နိုင်ပါသည်။

**(၆) မီးခိုးငွေ့များ**
(Exhaust Gas)

ဒီဇယ်အင်ဂျင်မှထုတ်သော မီးခိုးငွေ့များ (Exhaust-Gas)၊ စက်ရုံ အလုပ်ရုံများမှ ထွက်ရှိသော မီးခိုးငွေ့များကို ရှူရှိုက်ရပါက အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာများ ဖြစ်နိုင်ပါသည်။

**(၇) ရောင်ခြည် ဖြာထွက်မှု**
(Radiation)

ရောင်ခြည်ဖြာထွက်မှု (Radiation) ကြောင့်လည်း ကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။ အယ်ဖာ (Alpha)၊ ဘီတာ (Beta)၊ ဂါမာ (Gamma)၊ နျူထွန် (Neutron) ရောင်ခြည်များ ဖြစ်ပါသည်။




**အဘတ်စတော့(စ်)ကြောင့် အသေခံပြီးတော်ဟု ဆော်တွင်ပုံ**

တစ်သျှူးများ ပျက်စီးစေပြီး ရောင်ခြည်ဖြာထွက်မှု အနည်း,အများ၊ ရောင်ခြည်ပြင်းထန်မှုပေါ် တည်၍ အန္တရာယ် ဖြစ်ပေါ်မှု အနည်း, အများ ဖြစ်နိုင်ပါသည်။ ဓာတ်ရောင်ခြည်ကြောင့် ကင်ဆာဖြစ်ပေါ်မှုမှာ ဓာတ်ရောင်ခြည်အမျိုးအစား၊ ပြင်းအား၊ ခန္ဓာကိုယ်အတွင်း ထိုးဖောက်ဝင်ရောက်မှုအပေါ် မူတည်ပါသည်။ ဥပမာအားဖြင့် အယ်ဖာရောင်ခြည်ဖြာထွက်မှုသည် ထိုးဖောက်စိမ့်ဝင်ရောက်မှုအားနည်း၍ ခန္ဓာကိုယ်ပြင်ပအတွက် ထိခိုက်မှုမရှိသော်လည်း အမှုန်အမွှားများကို အသက်ရှူလမ်းကြောင်းနှင့် ပါးစပ်မှ ဝင်ရောက်နိုင်ပါသည်။ ဓာတ်မှန် (X-ray) ရိုက်ခြင်းသည်လည်း ဓာတ်ရောင်ခြည်ပြင်းအားပေါ်တွင် မူတည်ပြီး ခန္ဓာကိုယ်အတွင်း ထိုးဖောက် စိမ့်ဝင်ရောက်မှု အနည်း၊ အများ ရှိပါသည်။

လျှပ်စစ်သံလိုက်စက်ကွင်း ရောင်ခြည်ဖြာထွက်မှုအားလုံး ကင်ဆာရောဂါ ဖြစ်စေနိုင်သည် မဟုတ်ပါ။ လျှပ်စစ်သံလိုက်စက်ကွင်း ရောင်ခြည်ဖြာထွက်မှု စွမ်းအင်လျော့နည်းခြင်း၊ ရေဒီယိုလှိုင်းများ၊ မိုက်ခရိုဝေ့ (ဗ်) လှိုင်းများ၊ ခရမ်းလွန်ရောင်ခြည်များ၊ မျက်စိဖြင့် မြင်နိုင်သော အလင်းရောင်များသည် ကင်ဆာရောဂါ မဖြစ်နိုင်သော်လည်း မြင့်မားသောရောင်ခြည်ဖြာထွက်မှု၊ ခရမ်းလွန်ရောင်ခြည်ဖြာထွက်မှု (Ultraviolet-ray)၊ ဓာတ်မှန်ရောင်ခြည် (X-ray)၊ ဂါမာရောင်ခြည်များသည် လုံလောက်စွာရရှိခံစားရပါက အများအားဖြင့် ကင်ဆာရောဂါ ရရှိစေနိုင်ပါသည်။

တွင်းထွက်ဆီလုပ်ငန်း၊ ဓာတုပစ္စည်းအရည်များထုတ်လုပ်မှု၊ အဘတ်စတော့(စ်) သစ်သားမှုန့်များ၊ ဒီဇယ်အငွေ့များ၊ မီးခိုးများ၊ သဲ(စီလီကာ) အမှုန်အမွှားများ စသည့် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်များတွင် လုပ်ကိုင်ရသော လုပ်သားများသည် အခြားသူများထက် (၈) ဆ ကင်ဆာ ပိုမိုဖြစ်နိုင်၏။

အခြား အကြောင်းအရင်းများ အနေဖြင့် နေရောင်ခြည်သင့်ခဲ့ရမှု၊ မီးခိုးငွေ့များ၊ ဆေးလိပ်အငွေ့ရှူရှိုက်ရမှု၊ သံမှုန်, သဲမှုန်များရှူရှိုက်ရမှု၊ သစ်မှုန်အမွှားများ ရှူရှိုက်ရမှုတို့တွင် ငါးဦးတွင် တစ်ဦး အဆုတ်ရောဂါ ရှိနေရပါသည်။ ထိုကဲ့သို့ ဖြစ်ပွားမှုတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု (၉၅) ရာခိုင်နှုန်း ရှိပါသည်။ လုပ်ငန်းခွင်မှရရှိတတ်သော လူအများတွင်ဖြစ်ပွားတတ်သည့် ကင်ဆာရောဂါသည် လူအများ သတိမထားမိသော ရောဂါများ ဖြစ်၏။ လုပ်သားများ သေဆုံးခြင်း၏သုံးပုံတစ်ပုံသည် ထိုရောဂါကြောင့် ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သော လုပ်ငန်းများတွင် လုပ်ကိုင်နေရသော လုပ်သားများသည် အဆုတ်ကင်ဆာ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကင်ဆာရောဂါများကို ရရှိခံစားရနိုင်ပါသည်။ ထိုကဲ့သို့ ပတ်ဝန်းကျင်မှရရှိနိုင်သော၊ ရရှိတတ်သော ကင်ဆာရောဂါများကို ကာကွယ်ရန်သာ အကောင်းဆုံးဖြစ်ပါသည်။ ကာကွယ်ခြင်းသည် အကောင်းဆုံး ကုသခြင်းပင်ဖြစ်ပါသည်။ ဖြစ်ပွားမှတော့ ကုသရန် မလွယ်ကူသောရောဂါ ဖြစ်ပါသည်။

ကင်ဆာရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ဆောင်ရွက်လျက်ရှိပြီး ကင်ဆာဖြစ်ပွားမှုလျော့ချရန် ကင်ဆာရောဂါ တိုက်ဖျက်ရေးအစီအမံများကို ပြုလုပ်လျက်ရှိပါသည်။

ဓာတုပစ္စည်းများ၏ အန္တရာယ်ဖြစ်နိုင်မှု၊ လုပ်ငန်းခွင်တွင် ဆေးလိပ်သောက်သုံးမှု၊ အရက်ပြင်းများထုတ်လုပ်သောက်သုံးနေမှု၊ ပြင်းထန်သော နေရောင်ခြည်ထဲ၌ အကာအကွယ်မဲ့ လုပ်ကိုင်နေရမှု၊ မကျန်းမမာဖြစ်စေသော, ကျန်းမာရေးကိုဆိုးဝါးစေသော အစားအစာများ စားသောက်နေရမှု၊ မသန့်ရှင်းသောပတ်ဝန်းကျင်တွင် လုပ်ကိုင်နေထိုင်ရမှုများ၊ လူများနားလည်သဘောပေါက်ရန် ပညာ

www.burmeseclassic.com

www.burmeseclassic.com

ပေးမှု၊ သင်တန်းပေးမှုများကို ပြုလုပ်ရန် လိုအပ်ပါသည်။

လုပ်ငန်းခွင်ပတ်ဝန်းကျင်မှ ဖြစ်ပွားတတ်သော ကင်ဆာရောဂါကို သိရှိသူ၊ ကြားဖူးသူ နည်းပါးကြပါသည်။ ဆေးလိပ်သောက်ခြင်းနှင့် အစားအသောက် မဆင်ခြင်သည့်ရလဒ်ဖြစ်သော ကင်ဆာရောဂါများကြောင့် ရောဂါခံစားပြီး သေဆုံးမှုများကိုသာ ဝမ်းနည်းဖွယ် ကြားဖူးကြမည် ဖြစ်ပါသည်။ အများအားဖြင့် ကင်ဆာရောဂါများ အဓိက ဖြစ်ပွားခြင်းကို သိရှိကြသည်မှာ ဆေးလိပ်သောက်ခြင်းနှင့် အစားအသောက် မဆင်မခြင် စားသောက်သည့်ရလဒ်ပင် ဖြစ်ပါသည်။ ကင်ဆာဖြစ်ပွားသူ (၁၀) ဦးမှာ (၁) ဦးသည် လုပ်ငန်းခွင်မှရရှိသော ကင်ဆာရောဂါကို ခံစားနေရပါသည်။ ထိုလုပ်ငန်းခွင်မှရရှိသော ကင်ဆာရောဂါများကို ကြိုတင်ကာကွယ်နိုင်ပါသည်။ အဘတ်စတော့(စ်)သည် လုပ်ငန်းခွင်အတွင်း၌ သေဆုံးမှုအများဆုံးဖြစ်စေသော လူသတ်သည့် အန္တရာယ်ပစ္စည်းများ ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး၏ (၆၀) ရာခိုင်နှုန်းကို စာရင်းဇယားပြုလုပ်ထားမှုအရ ကင်ဆာဖြစ်ပွားမှုကြောင့် တစ်ပတ်လျှင် လူထောင်ပေါင်းများစွာ သေဆုံးနေကြရ၏။ ငါးမိနစ်မှာ လူတစ်ဦး အနည်းဆုံး သေဆုံးနေကြ၏။

စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်ငန်းခွင်များတွင် ကင်ဆာရောဂါဖြစ်ပွားစေသော အရာဝတ္ထုများကို လုပ်သားများ ကိုင်တွယ် အသုံးပြုနေရသည့် အခြေအနေ များစွာရှိပါသည်။ ထိုပစ္စည်းများ အန္တရာယ်မဖြစ်စေရန် အသုံးပြုစေမှုများ၊ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုမှုများ၊ အကာအကွယ်ပစ္စည်းများ အသုံးပြုမှုများ၊ လုပ်ငန်းခွင်များ၌ အန္တရာယ်မဖြစ်စေရန် စီမံထိန်းချုပ်မှုများ နည်းပါးလျက်ပင် ရှိနေသေးပါသည်။

လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး ပြဿနာများသည် ပြီးခဲ့ပြီးသော အတိတ်မှ ယခု ပစ္စုပ္ပန်အထိ ဖြစ်ပွားနေဆဲပင် ဖြစ်ပါသည်။ လုပ်ငန်းခွင်၏ လုပ်ကိုင်ရသည့်နည်းလမ်း၊ လုပ်ငန်းစဉ်နည်းစနစ်နှင့် ပတ်ဝန်းကျင်ကြောင့် ကင်ဆာရောဂါဖြစ်စေသော အရာဝတ္ထုများပျံ့လွင့်နေမှုများကို ယနေ့တိုင် ရင်ဆိုင်ရဆဲ ဖြစ်ကြသည်။ ထိုအရာဝတ္ထုများကြောင့် အလုပ်သမားများ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပြီး နာတာရှည်ရောဂါဖြစ်ပွားမှုများ၊ မှီခိုနေရသည့် မိသားစုပြဿနာများ၊ ပတ်သက်နေသည့်အသိုင်းအဝိုင်းများ စိုးရိမ်ထိတ်လန့်မှုများကြောင့် လုပ်ငန်းမတွင်ကျယ်မှုများ၊ လုပ်ငန်းများ ဖျက်သိမ်းလိုက်ရသည်အထိ ပြဿနာများ ရှိလာနေပါသည်။ သန့်ရှင်းသောလုပ်ငန်းခွင်ဖြစ်ရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် လူသားများ၏ကြိုးပမ်းတီထွင်မှုများကြောင့် အသစ်အသစ်သော အရာဝတ္ထုများ၊ နည်းပညာသစ်များ ပေါ်ပေါက်နေဆဲဖြစ်ပြီး နောင်တွင် ပတ်ဝန်းကျင်စစ်ဆေးရေးနှင့် ကြိုတင်ကာကွယ်ရေးသည်လည်း မရှိမဖြစ်၊ မဖြစ်မနေ လိုအပ်ဆဲပင် ဖြစ်နေပါသည်။ ချမ်းသာသောနိုင်ငံများတွင် ယခုအခါ အဘတ်စတော့(စ်) ကို အသုံးမပြုရန် ဥပဒေဖြင့်တားမြစ်ထားပြီးဖြစ်သော်လည်း မြန်မာနိုင်ငံ အပါအဝင် ဆင်းရဲသောနိုင်ငံများတွင် လက်ရှိအသုံးပြုလျက်ပင် ရှိနေသေးပါသည်။

လုပ်သားများသည် ဓာတုပစ္စည်းပေါင်း (၁) သိန်းကျော်ကို လုပ်ငန်းခွင်တွင် ထိတွေ့ ကိုင်တွယ်နေကြ၏။ ထိုပစ္စည်းများကို ကိုင်တွယ်နေသူများ၏ (၄) ရာခိုင်နှုန်းသည် ကင်ဆာရောဂါဖြစ်ပွားနေပါသည်။ ကင်ဆာရောဂါသည် လူများစွာ သေဆုံးစေသော ခေတ်ပေါ်လူသတ်ရောဂါ ဖြစ်သည်။ စက်ရုံအလုပ်ခွင်များမှ အနားယူသောအခါမှ ဖြစ်ပွားတတ်သော ရောဂါမျိုးလည်း ဖြစ်၏။ ထိတွေ့ကိုင်တွယ်မှုများလေ၊ ရောဂါပိုမိုဖြစ်လေ ဖြစ်၏။ အခြားလူများထက် (၅) ဆ ပိုမို ဖြစ်ပွားတတ်၏။ ကမ္ဘာ့အလုပ်သမားအဖွဲ့အစည်းမှ နောက်ဆုံးထုတ်ပြန်ချက်အရ (၅၂) စက္ကန့်တွင် (၁) ဦး ထိုရောဂါကြောင့် သေဆုံးနေရ၏။ အထက်ဖော်ပြခဲ့သော လုပ်ငန်းများနှင့် ရော်ဘာစက်ရုံနှင့် အဘတ်စတော့(စ်) စက်ရုံလုပ်ငန်းများ အစရှိသော အမှုန်အမွှားထွက်ရှိသည့်လုပ်ငန်းများ၊ ပတ်ဝန်းကျင်မှလုပ်သားများသည် သေစေနိုင်သောပစ္စည်းများဖြင့် လုပ်ကိုင်နေရကြောင်း သိရှိစေရမည်ဖြစ်ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးအနက်ထား ဆောင်ရွက်ရပါမည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO) မှ ထုတ်ပြန်ချက်အရ လုပ်ငန်းခွင်မှရတတ်သော ကင်ဆာရောဂါများကို ဘဝရှင်သန်နေထိုင်ရေးအတွက် လုပ်ကိုင်နေသောလုပ်သားများ၌ ယောကျာ်း (၂၀ မှ ၃၀) ရာခိုင်နှုန်း၊ မိန်းမ (၅ မှ ၂၀) ရာခိုင်နှုန်း ရရှိခံစားနေရပါသည်။

လုပ်ငန်းခွင်မှရရှိသော ကင်ဆာရောဂါဖြစ်ပွားမှုများသည် လူမသိသူမသိ အချက်ပေးခေါင်းလောင်းမတီးဘဲ လုပ်သားများ၏ကျန်းမာရေးကို အနှောင့်အယှက်ပြုနေသည့် ရောဂါများ ဖြစ်သည်။ မည်သူကမျှ သတိမထားမိတတ်ကြပါ။ လုပ်သားများ၏ မိမိကိုယ်တိုင် သတိထားမိသည့်အချိန်တွင် ရောဂါကို ကုသရန် နောက်ကျနေပြီ ဖြစ်၏။ ထို့ကြောင့် လူ့ဘဝသက်တမ်းတစ်လျှောက် ကုသမရသည့်ရောဂါကြီးကို ကုသရန် နောက်ကျနေပြီ ဖြစ်၏။ ထို့ကြောင့် လူ့ဘဝသက်တမ်းတစ်လျှောက် ကုသမရသည့်ရောဂါကို ခံစားနေရရင်း မိမိ၏နောက်ဆုံးနေ့ကို စောင့်မျှော်ခံစားနေရသူများ အများအပြားရှိမည်မှာ ငြင်းပယ်စရာအကြောင်းမရှိပါ။ တချို့မှာလည်း မိမိ၏ရောဂါ နာတာရှည်မှုများကြောင့် မိမိကိုပြုစုနေရသည့် မိသားစု၏အတွက် ငဲ့ကွက်ပြီး မြန်မြန်ဒီဘဝက ဝင်္ကျွတ်ပါစေတော့ဟု ဆုတောင်းနေရပါသူများလည်း တွေ့ဖူးပါသည်။ လုပ်ငန်းခွင်သည် ဘဝအသက်ရှင် ရပ်တည်ရေးအတွက် ဖြစ်ပါသည်။ လုပ်ငန်းခွင်သည် အသက်သေစေသည့်နေရာ၊ အန္တရာယ်ပေါင်းစုံသော ပတ်ဝန်းကျင် မဖြစ်စေရပါ။ လုပ်ငန်းခွင်ကျန်းမာရေးကို လူအများ သတိပြုမှုနည်းခြင်းကို ပပျောက်ရန်နှင့် အမှုန်အမွှားများ၊ ဖုန်မှုန်၊ သံမှုန်၊ သဲမှုန်၊ ကျောက်မှုန် အဘတ်စတော့(စ်)များကို ကိုင်တွယ်မှု၊ ရှူရှိုက်ရမှုလျှော့ချထိန်းချုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကြိုတင်ကာကွယ်ရေး မည်သို့ပြုလုပ်နိုင်မည်နည်းကို အကြံဉာဏ်များ တောင်းခံခြင်း၊ သင်တန်းများ ပို့ချပေးခြင်းများကို စီမံခန့်ခွဲသူများမှ ဆောင်ရွက်ပေးရပါမည်။ ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိသော လုပ်ငန်းများနှင့်အဘတ်စတော့လုပ်ငန်းများကို ပတ်ဝန်းကျင်နှင့်သီးခြားလုပ်ကိုင်စေခြင်း၊ ပတ်ဝန်းကျင်တွင် အမှုန်အမွှားလွင့်ပျံ့စေခြင်းမရှိရန် ဥပဒေဖြင့် ထိန်းချုပ်ပြဋ္ဌာန်းခြင်း၊ မည်သို့ကာကွယ်ရမည်၊ မည်သို့ ကုသရမည် အကြံဉာဏ်များပေးခြင်း၊ သင်တန်းများပို့ချခြင်း၊ လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်နေပါကြောင်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်

*ကိုးကား- အင်တာနက်*

*(Occupational Safety and Health)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မန်းမြို့လယ်·စိန်ဝင်း

ဗိုက်လေလား၊ ကြမ္မာလား

တစ်နေ့ ကျွန်ုပ်၏ (STORE) ရုံးခန်းအတွင်းသို့ ဆီလိုအပေါက်ရှာပြီး ဘွေလီကာလီ စကားများတတ်သော မောင်အေးကြူ ဆိုသူ ရောက်လာ၏။ သူ့သည်အတွက် အပိုကုလားထိုင်မရှိသည်မို့ ခပ်တည်တည်ဖြင့် သေတ္တာပုံးတစ်လုံးအပေါ် တက်ထိုင်လိုက်ပြီး-

"ခပ်ထေ့ထေ့ငေါ့ငေါ့လေး ပြောရရင်တော့ အစ်ကိုရယ်၊ အခုကျွန်တော်ပြောပြချင်တဲ့ အကြောင်းအရာမျိုးတွေဆင်တူယိုးမှား ပြောကြ၊ ရေးကြလွန်းလို့ကြားရ၊ ဖတ်ရတာတွေတောင် ဖန်တစ်ရာတေပြီး ဆီသည်မ လက်နှီးစုတ်လိုဖြစ်နေလောက်ပြီ ထင်ပါရဲ့"

ရောက်မဆိုက်မှာပင် သူပြောလိုက်သည့် စကားက အဆက်အစပ်မရှိတုံးတိတိနှင့်။ ကျွန်ုပ်မှာလည်း ဝါသနာအရ မဂ္ဂဇင်းအချို့မှာ စာတွေရေးသားသူတက် ရှိနေပေရာ ကျွန်ုပ်ရေးသားပြီးခဲ့သည့် ဝတ္ထုဇာတ်လမ်းတစ်ခုခုအား ဝေဖန်ပြစ်တင်ပြီး ပြောနေသည်ဟုပင် ထင်မှတ်လိုက်မိပါ၏။

"ဟ-နေစမ်းပါဦးကွ မောင်အေးကြူရ၊ မင်းကလည်း ဆိုင်းမဆင့် စည်မဆော်ဘဲနဲ့ ရမ်းကလော်နေတာလားကွ။ ဘယ်စာတွေက ဖန်တစ်ရာတေလို့ ဘာတွေကိုမကျေနပ်ပြီး အထေ့အငေါ့တွေနဲ့ ပြောချင်နေရတုံး"

"စာတွေကို ဝေဖန်နေတာမဟုတ်ပါဘူးဗျာ၊ အခု ကျွန်တော်လာတာက စာရေးနေတဲ့ အစ်ကို့ကို ဇာတ်လမ်းပေးလို့ပါ။ ကျွန်တော်ပေးချင်တဲ့ ဇာတ်လမ်းက လံကြုတ်မဟုတ်ဘူး၊ ကျွန်တော်တို့မိသားစုနဲ့ပတ်သက်နေတဲ့ အဖြစ်မှန်ဇာတ်လမ်းမို့ပါ။ အဲဒါကို ပြောသင့်,မပြောသင့် ချင့်ချိန်စဉ်းစားရင်း အစ်ကို့ဆီကို ရောက်လာခဲ့တာပါ။ ကျွန်တော်ပြောမယ့် ဇာတ်လမ်းက ကိုယ်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်ပေမယ့် တခြားစာဖတ်သူတွေ တစ်စုံတစ်ယောက်အကျိုးရှိပြီး နမူနာယူလို့ လိုက်နာရှောင်ရှားကြသူတွေအတွက် အမြတ်ဖြစ်မယ်ဆိုရင်တော့ ပြောရကျိုးနပ်သလို အစ်ကိုလည်း ရေးရကျိုးနပ်မယ် ထင်ပါရဲ့ဗျာ"

"အေးပါကွာ မောင်အေးကြူရာ၊ အရင်ဆုံး နားထောင်ပါရစေဦး။ ပြည်သူကိုတင်ပြလို့ ဟုတ်မှန် နာလို အကျိုးရှိပြီး ရေးသင့်တာမျိုးဆိုရင်တော့ ရေးရတာပေါ့ကွာ"

အနို မောင်အေးကြူ ဆိုသူသည် ကျွန်ုပ်နှင့် ရထားစက်မှုဌာနတစ်ခုအတွင်းမှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတစ်ယောက် ဖြစ်သည်။ သူငယ်ချင်းလို၊ ညီအစ်ကိုလို ခင်မင်ရင်းစွဲလည်း ရှိနေသည်မို့ ပြောမနာဆိုမနာ။ မောင်အေးကြူက စာဖတ်တာ ဝါသနာပါသူ၊ စာဖတ်ခြင်းကြောင့် ထိုက်သင့်သည့် ဗဟုသုတတွေနှင့် ပြည့်စုံသူ၊ အတွေးအခေါ်ပိုင်းမှာလည်း ခေသူမဟုတ်လို့ပင် ဆိုနိုင်တဲ့သူ။

"အစ်ကို့အနေနဲ့ ဘဝသံသရာဆိုတာကို ဘယ်လို သဘောပေါက်သလဲ၊ အစ်ကိုမပြောခင် ကျွန်တော့်အထင်ကို အရင်ပြောကြည့်မယ်နော်။ ဘဝဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းရဲ့ ကြားကာလကိုခေါ်တာ။ သံသရာဆိုတာ မဆုံးနိုင်တာ၊ ရှည်လျားတာ၊ အဖန်ဖန်အထပ်ထပ် လည်ပတ်နေတာ။ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ နိဗ္ဗာန်မရောက်မချင်း ကျင်လည်ကြရမယ့် ဘဝအဆက်ဆက်ကို ပြောတာလို့တော့ သဘောပေါက်မိပါရဲ့ဗျာ"

"ဟုတ်တာပေါ့ကွာ။ ပမာဆိုရရင် အခုမွေးလိုက်လို့ အူဝဲဆိုပြီး ထွက်လာ၊ အပြင်ရောက်တာနဲ့ ခေါက်ခနဲ သေဆုံးသွားခဲ့ရင် သူ့မှာ ဘဝဆိုတာမရှိတော့ဘူးပေါ့။ မွေးပြီးလို့ အသက် (၈၀) ရောက်မှသေဆုံးခဲ့ရင်တော့ မွေးတဲ့အချိန်ကနေ အသက် (၈၀) အထိဟာ သူ့ဘဝပဲပေါ့။ သံသရာဆိုတာ မင်းပြောတာ ရှင်းပါတယ်၊ ဒါပေမယ့် ရှင်းနေတာကို ရှုပ်အောင်လုပ်တယ်တော့ မထင်လိုက်နဲ့၊ ဗဟုသုတအဖြစ် သိသင့်တယ်ထင်လို့ နည်းနည်းလေးရှည်လိုက်ဦးမယ်။

အဋ္ဌသာလိနီအဋ္ဌကထာမှာ-

'ခန္ဓာအာယတန ဓာတ်တရားတို့၏အဆက်မပြတ်သော ဖြစ်စဉ်သည် သံသရာမည်၏' တဲ့။

ပြီးတော့ မြတ်ဗုဒ္ဓဟာ ဘုရားဖြစ်ပြီးတဲ့နောက် ပထမဦးဆုံး ကျူးရင့်တော်မူတဲ့ ဝမ်းမြောက်စကား (ပထမဗုဒ္ဓဝစန) တော်ဟာ သံသရာနဲ့စပ်ဆိုင်တဲ့ စကားပဲကွ။ အဲဒီ ကျူးရင့်တဲ့ စကားက-

'အို တဏှာလက်သမား၊ သင့်ကိုမြင်သည့် သဗ္ဗညုတဉာဏ်ကို မရနိုင်သဖြင့် ဘဝများစွာ သံသရာမှာ ငါကျင်လည်နေခဲ့ရပေသည်။ အို, နာ, သေတရားတို့နှင့် ဆက်စပ်နေသဖြင့် အဖန်ဖန် ပဋိသန္ဓေနေရခြင်းကား ဆင်းရဲလှပါဘိ။ ယခု သင့်ကိုငါမြင်ရပြီ။ သင်သည် ခန္ဓာအိမ်အသစ်ကို ပြုခွင့်ရတော့မည်မဟုတ်။ သင်၏ အိမ်အခြင်အားလုံးကို ငါချိုးဖျက်ပြီးပြီ။ အိမ်အထွတ် (အဝိဇ္ဇာ) ကို ငါ ဖျက်ဆီးပြီးပြီ။ ငါ၏စိတ်ကား နိဗ္ဗာန်သို့ရောက်ပြီ။ အရဟတ္တဖိုလ်တရားကို ငါရပြီးပြီ'

လို့ ဆိုခဲ့ပေတယ်။

အဲဒါကြောင့် တို့ရဲ့မြတ်ဗုဒ္ဓဘုရားတောင်မှ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူခဲ့ရသေးတာပဲကွာ၊ ကျုပ်တဲ့တို့လို မင်းလို လူမျိုးတွေအဖို့ကတော့ ဘယ်လိုပြောရမယ်တောင်မသိနိုင်တော့ပါဘူး။ ပြီးတော့ မိလိန္ဒမင်းကြီးရဲ့အမေးကို အရှင်နာဂသေနမထေရ် ဖြေတာလေးတစ်ခု ပြောချင်တယ်။ အမေးက 'သံသရာဆိုတာ အဘယ်နည်း' ပေါ့။ ဒီတော့ အရှင်နာဂသေနက 'မင်းမြတ်-ဤအရပ်၊ ဤဘုံ၌ပင်ဖြစ်၍ ဤအရပ်၊ ဤဘုံ၌ပင် သေ၏။ ဤအရပ်၊ ဤဘုံ၌ သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသောဘုံ၌ပင် ဖြစ်ပြန်၏။ ထိုအရပ်၊ ထိုဘုံ၌ဖြစ်၍ ထိုအရပ်၊ ထိုဘုံ၌ပင် သေပြန်၏။ ထိုအရပ်၊ ထိုဘုံ၌သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ်- ဤကား သံသရာပင်ဖြစ်၏' လို့ ဆိုပေတယ်။

ကဲ- မင်းရဲ့ရှင်းနေတဲ့ကိစ္စ ပြန်ရှုပ်သွားပြီလား"

"မရှုပ်ပါဘူး အစ်ကိုရယ်၊ ဗဟုသုတထပ်တိုးတာပေါ့"

"ကဲကဲ- ဒါဆိုရင် မင်းပြောချင်တဲ့ အဖြစ်မှန်ဇာတ်လမ်းဆိုတာကို မခြွင်းမချန်ပြောစမ်းပါဦးကွာ"

ကျုပ်တို့မြို့ရဲ့ အဓိကလမ်းမကြီးတစ်ခုဖြစ်တဲ့ မြန်အောင်- ကြံခင်းသွားကတ္တရာလမ်းမကြီးရဲ့ဘေး မြို့စွန်မှာ အေးမြသာယာရပ်ကွက်သစ်တစ်ခု ရှိတယ်။ မြို့သစ်ရပ်ကွက် တည်စကပင် မြေနေရာဝယ်ယူပြီး အခြေတည်နေထိုင်သူတွေထဲမှာ ဦးညွန့်တင်တို့ မိသားစုလည်း အပါအဝင်ပါ။

ရပ်ကွက်အသစ်ဆိုပေမယ့် အနေကြာလာတော့ ဝန်းကျင်ပတ်ကုံးက ရပ်ကွက်သားတွေနဲ့ သိကျွမ်း ခင်မင်ရင်းနှီးကြရတာဟာ တကယ်တော့ မဆန်းပါ

www.burmeseclassic.com

ဘူး။ အိမ်နီးချင်းတွေအနေနဲ့ ဦးညွန့်တင်တို့မိသားစုအပေါ် ပိုကဲပြီး ဂရုတစိုက် အကဲခတ်လာကြတာကိုတော့ ထူးခြားတယ်လို့ ဆိုရပေမယ့် တကယ်ဂရုပြုသတိထား ဆက်ဆံခံရတာက ဦးညွန့်တင်ကို။

ထူးခြားတယ်ဆိုလို့ သူ့မှာ ခေါင်းတစ်လုံး၊ လက်တစ်ဖက်၊ ခြေတစ်ဖက် အပိုပါလာတာမျိုး မဟုတ်သလို ခန္ဓာကိုယ် ချို့ယွင်းချက် ရှိတာမျိုးလည်း မဟုတ်ပါဘူး။ လူထဲကလူအတိုင်းပါပဲ။

ထူးခြားချက်ကို ပြောရရင်တော့ သူ့ရဲ့စေတနာသဒ္ဓါတရား ခေါင်းပါးချို့တဲ့ခြင်းဆိုတဲ့အချက်ပါ။ တောင်းရမ်းစားသောက်တဲ့သူမှန်သမျှ သူ့အိမ်ရှေ့ ခြံပေါက်ဝရပ်ပြီး တောင်းတဲ့အသံ ကြားတာနဲ့ 'သွားပါဦးဗျို့၊ ရှေ့ဆက်လျှောက်ပါဦး' လို့ အော်လွှတ်တတ်တာ။ အဖိတ်နေ့တိုင်း ဆွမ်းဆန်စိမ်းအလှူခံထွက်တဲ့ သီလရှင် ဆရာလေးတွေကိုလည်း ဘယ်တော့မှ မလောင်းလှူဘူး။ 'ဒါနရှင်များ မေတ္တာရပ်ပါတယ်' လို့ ဆိုလိုက်တာနဲ့ စကားမှမဆုံးချင်သေးဘူး 'ကန်တော့ဆန်ပါ၊ ကန်တော့ပါသေးရဲ့' ဆိုပြီးပြောလွှတ်တတ်တာ။ ပြောရရင်တော့ အိမ်မှာ ဆွမ်းခံကြွတဲ့သံဃာတော်တွေကိုတောင် ဆွမ်းလောင်းချင်တာ မဟုတ်ဘူး။ ဆွမ်းခံအကြွ သူနဲ့များ ဆုံနေလို့ကတော့ လောင်းလှူစရာ ရှိရှိ၊ မရှိရှိ 'ကန်တော့ ဆွမ်း' လို့ ပြောလွှတ်တတ်တာ။ ကျန်တဲ့ သာရေး၊ နာရေး ဘာညာကွိကွ ကိစ္စမှန်သမျှကိုလည်း 'မတတ်နိုင်လို့ မထည့်နိုင်သေးပါဘူးဗျာ' ဆိုပြီး ငြင်းလွှတ်ပြီးသားပါပဲ။

ရပ်ကွက်လူကြီးကိုယ်တိုင် ပါလာတဲ့ မနိုင်ရင်ကန်ကိစ္စမျိုးဆိုရင်တောင် ဈေးဆစ်လိုက်ချင်သေးတာ။ မရတဲ့အဆုံးတော့ ထုတ်ပေးလိုက်ပြီး ကွယ်တာနဲ့ ဗျစ်တောက်ဗျစ်တောက် ပြောတော့တာ။ ခက်တာက ဦးညွန့်တင်ဟာ သူကိုယ်တိုင် အလှူအတန်းကို ဝါသနာမပါလို့ လှူဒါန်းပေးကမ်း စွန့်ကြဲတာမျိုး မလုပ်သလို သူ့အိမ်သားတွေ လှူဒါန်းပေးကမ်းတာကိုလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်တတ်ပါတယ်။

သူ့အိမ်သားတွေထဲက တစ်ယောက်ယောက်ကနေ သီလရှင်ဆရာလေးတွေကို ဆွမ်းဆန်စိမ်းပဲ ဖြစ်ဖြစ်၊ ဝတ္ထုငွေပဲဖြစ်ဖြစ် လောင်းလှူတာတွေ့ရင် 'အလကား- လင်မရလို့ ကတုံးတုံးပြီး သီလရှင်ဝတ်နေကြတာတွေ၊ တချို့ကလည်း လင်သေ ကြွေးပူ ဘေးအကူအညီ လွယ်လွယ်မရလို့ အလွယ်ထွက်ပေါက်ရှာပြီး သီလရှင်ဝတ်ကြတာတွေ' ဆိုပြီး မှိုချိုး မျှစ်ချိုးပြောတာ။ ပြောရရင် ဘုန်းကြီး ရဟန်းတွေကိုတောင် အလွတ်မပေးချင်ဘူး။ 'ငိုစားရယ်စားတွေဆိုပဲ။ အသုဘအိမ်၊ အလှူအိမ် ပင့်သမျှသွားတယ်၊ ကျွေးသမျှစားပြီး ပေးသမျှအကုန်ယူသွားကြတာ။ မလောင်းလှူကြနဲ့' ဆိုပြီး လက်ပံသား ဓားနဲ့ချိုင် ဆိုသလိုပါပဲ၊ သူကိုယ်တိုင်က အိမ်ထောင်ဦးစီးဖြစ်နေလေတော့ ကျန်တဲ့ ဇနီးနဲ့သားသမီးတွေကကော ဘာပြန်ပြောရဲတာမှတ်လို့။

ဦးညွန့်တင်ရဲ့အဓိကအလုပ်လား။ ဟုတ်တယ်၊ အဲဒါကို အဓိကထားပြီး ပြောချင်တာ။ အဓိက ဦးစားပေးအလုပ်ကတော့ ဝက်မွေးပါတယ်။ ဝက်နဲ့ပတ်သက်လို့ကတော့ သူ့ကို ဘယ်သူမှလာမစမ်းလေနဲ့၊ ရှစ်စပ်က ဂျင်ခြေလည်ပြီးသား။ သူမွေးတာက အသားတိုးဝက်တွေကို ဦးစားပေးမွေးတာ။ ဝက်ဖြန်းမတွေ သားတင်ရမယ့်အရွယ်ရောက်လို့ မြူးလာပြီ ဆိုတာနဲ့ သင်းပစ်လိုက်တာ။ သူ့ရဲ့ကျွမ်းကျင်မှုကတော့ အံ့မခန်းလောက်စရာ။ သူ့ဝက်မတွေမှန်သမျှ သူကိုယ်တိုင် ခွဲစိတ်ပြီး သင်းပါတယ်။ အခြား ဘယ်သူ့ကိုမှ ငှားမနေရပါဘူး။

နောက်ပိုင်းမှာတော့ ဝက်သင်းတာ ကျွမ်းကျင်အဆင့် ဖြစ်လာတော့တယ်။ လုပ်ငန်းက သင်သွားတာလို့တောင် ဆိုနိုင်တာပေါ့။ အကုသိုလ်အလုပ်နဲ့နာမည်ကြီးချင်လာတော့ ဝက်သင်းစပယ်ရှယ်လစ်လို့တောင် ဆိုရတော့မလိုလာခေါ်လိုက်ကြတာများ နားရတယ်ကို မရှိပါဘူး။

အခကြေးငွေပေးပြီး ခေါ်လို့ကတော့ ညွန့်တင်တို့က လိုက်ပြီးသား။ နောက်တော့ 'ဝက်ညွန့်တင်' ဆိုရင် ဒီနယ်တစ်ခွင် ပြုပြစင်မှာ မသိသူမရှိသလောက်ပေပဲ။ ဒါကတော့ ဦးညွန့်တင်ရဲ့ ဘဝတစ်စိတ်တစ်ဒေသလို့ ဆိုရပေမှာပေါ့။

❂

အကုသိုလ်အလုပ်တွေနဲ့ ဖက်တွယ်ပြီး သက်ဆိုးရှည်ခဲ့တဲ့ ဦးညွန့်တင်ဟာ အသက် (၈၀) ဆိုတဲ့ အရွယ်အထိ ဒါန၊ သီလ၊ ဘာဝနာ ဆိုတာတွေ ဘာမှ မရှိသေးပါဘူး။ မီးစာကုန် ဆီခန်းလို့ သက်တမ်းကုန်ဆုံးတဲ့အခါမှာတော့ သူ့နောက်ကို အကုသိုလ်တွေသာ အလုံးအရင်းနဲ့ ပါသွားခဲ့ရတော့တယ်။

ဒီနေရာမှာ ဆုံးပါးသွားတဲ့ ဦးညွန့်တင်ကိုအကြောင်းပြုပြီး မှတ်မှတ်ထင်ထင် သတိရလိုက်မိတာက ဒွါဒသမ မဟာနာယက သာသနာပိုင် ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တခမာဝုဓရဲ့ဩဝါဒကိုပါပဲ။ အဲဒါကတော့-

"ပြုသင့်ပြုအပ် ကိစ္စရပ်၌၊ ပြုလတ်သောခါ၊ သမ္မာရှေ့ထား သဒ္ဓါပွားလော့၊ အမှားမိစ္ဆာ သဒ္ဓါမရှိ၊ ငုံးတိတိနှင့် ပြုသည့်အလို နှောင်းထိုကာလ၊ ဖြစ်သမျှ၌ ဘဝမပြတ် ယုတ်မာတတ်၏။ လူ့နတ်ချမ်းသာ မရရာဘူး'

လို့ ဆိုပေတယ်။

ဘဝများစွာ သံသရာမှာ ခရီးမဆုံးသေးသမျှ ကာလပတ်လုံး ကျင်လည်မျောပါနေရပေဦးမယ်။ ဦးညွန့်တင်တစ်ယောက် ကုသိုလ်၊ အကုသိုလ်ကံအလျောက် ဘယ်ဘုံ၊ ဘယ်ဘဝ၊ ဘယ်သောင်ကမ်းဆိုက်နေပြီဆိုသည်ကိုတော့ မည်သူမျှ တိကျရေရာစွာ မပြောနိုင်ပါပေ။

ဇနီးနှင့်သမီးတွေကိုတော့ မကြာခဏ အိပ်မက်ပေးတတ်သည်ဟု ဆိုပါသည်။ သူတို့ ခင်ပွန်း၊ သူတို့ဖခင်သည် အိပ်မက်ထဲ၌ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲနေတာမျိုးနှင့် ညှိုးငယ်လို့နေတယ်ဆိုပဲ။ လှူမယ့်သူတွေကို ပိတ်ပင် တားဆီးလေတော့ အပါယ်ဘုံသားဘဝမှာ ဒုက္ခတွေနဲ့တွေ့ကြုံခံစားရပေမှာပေါ့။

သည်တော့ သေသူကိုအကြောင်းပြုပြီး ရှင်သူတွေက ရည်စူးလို့ ကောင်းမှုတွေအလီလီ လုပ်ပေးကြပါ၏။ အစားဆင်းရဲခြင်းဒုက္ခမှ သက်သာကင်းပစေဖို့ သံဃာတော် အရှင်သူမြတ်တို့ကို ဆွမ်းကျွေးအလှူပြုလုပ်ပေးကြပါ၏။ အဝတ်ဆင်းရဲရမှုဒုက္ခအတွက် သင်္ကန်းလှူပေးပါ၏။ အရိပ်အာဝါသ ယာဉ်ရထားအတွက် ထီး၊ ဖိနပ်တို့ကိုလည်း ကျန်ရစ်သူတို့က သဒ္ဓါတရားအပြည့်ဖြင့် ပေးလှူကြ၏။

အလှူဒါန၏ ကောင်းမှုကြောင့် ဘဝတစ်ခုမှာ သက်သာရာ သက်သာကြောင်း အထောက်အပံ့တစ်ခုတော့ ရနိုင်ကောင်းထင်ရဲ့။ ဖခင်မရှိမှ လွတ်လပ်စွာ လှူဒါန်းခွင့်ရကြတဲ့သူတွေကလည်း ဖခင်ကိုရည်စူးပြီး လှူကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာတော့ ဦးညွန့်တင်၏ မြေးမလေးကို အိပ်မက်ပေးခဲ့တယ်။ မြေးလေးတောင်မှ အိမ်ထောင်ကျပြီးနေပြီလေ။ အိပ်မက်ထဲမှာတော့ သူ့အဘိုးဟာ ဆင်းရဲပင်ပန်း ချို့တဲ့စွာနဲ့ သူ့ဆီကိုလာနေတယ်။ အားငယ်ညှိုးချုံးတဲ့မျက်နှာငယ်ကလေးနဲ့ အသနားခံနေသလိုပြီး၊ သူ့မြေးနောက်ကနေ တကောက်ကောက်လိုက်ပြီး 'မြေးလေးရယ်၊ အဘိုးလေ မြေးလေးဆီမှာ လာနေချင်တယ်ကွယ်။ မြေးလေး အဘိုးကိုလက်ခံမယ်ဟုတ်လား။ အဘိုးလာနေပါရစေနော်၊ အဘိုးက မြေးလေးဆီမှာ နေချင်လို့' ပြောတော့-

'ဩော်-အဘိုးရယ်၊ သမီးတို့ဆီလာတာများ ခွင့်တောင်းနေရသေးတယ်။ အဘိုးလာချင်ရင် အချိန်မရွေးလာခဲ့၊ သမီးဆီမှာနေပေါ့။ သမီးတို့က အဘိုးကို ဘာမှမပြောပါဘူးနော်' ဆိုတော့-

'ဝမ်းသာလိုက်တာ မြေးရယ်၊ အဘိုးလာခဲ့မယ်နော်။ လာခဲ့မယ်၊ လာခဲ့မယ်' လို့ ပြောပြီး တဖြည်းဖြည်းနဲ့ အသံတ ဝေးဝေးပြီး ပျောက်သွားတယ်ဆိုပဲ။

ဒီလိုနဲ့ ကျွန်တော့်သမီးလေးမှာ ကိုယ်လေးလက်ဝန် ဖြစ်လာပြီး သားယောကျ်ားလေးတစ်ယောက် မွေးဖွားလာခဲ့တော့တယ်။ ထူးခြားတာက ဒီကလေး ကျွန်တော့်မြေးလေးဟာ လူဝင်စားလေးပါ။ ဒါကိုလည်း အတပ်ပြောရဲပါတယ်။ ကျွန်တော့်သမီး အိပ်မက်မက်တာကလည်း တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် အဖေဆုံးတော့ အဖေ့ရဲ့ညာခြေဖဝါးကို အိုးမဲနဲ့ အမှတ်အသားမှတ်ပေးလိုက်တာ။ အခု ကျွန်တော့်မြေးလေး မွေးလာတော့ ညာဘက်ခြေဖဝါးမှာ အမည်းရာကြီးပါလာခဲ့တာပေါ့။ ဒီတော့ ဒီကလေးဟာ ကျွန်တော့်အဖေ လူဝင်စားပြန်ဖြစ်တယ်ဆိုတာ အသေအချာပဲပေါ့။

ဘဝသံသရာဆိုတာ တကယ်ပါပဲ အစ်ကိုရာ။ ဟိုဘဝမှာအဖေ၊ ဒီဘဝမှာ မြေးပြန်ဖြစ်ရတာမဆန်းလား။ သံသရာလည်နေသရွေ့တော့ ကရွတ် ကင်းလျှောက်ဆိုတာ အမှန်ပါပဲ။ ကျွန်တော့်မြေးကလေး မွေးစမှာ ပြည့်ပြည့်ဖြိုးဖြိုးလေးမို့ မောင်ပြည့်ဖြိုးလို့ မှည့်ခေါ်ကြပါတယ်။ သားအချစ် မြေးအနှစ်လို့ဆိုလေတော့ ကျွန်တော့်အတွက်တော့ အနှစ်ကလေးပေါ့။ ချစ်တာလား၊ ပြော



မပြတတ်အောက် တုန်နေပါတယ်ဗျာ။

❂

ဦးညွန့်တင်ဘဝမှ မောင်ပြည့်ဖြိုးဘဝ တစ်ဖြစ်လဲခဲ့ရပါပြီ။ ဝါသနာအရ ဗေဒင်မေးသမျှမှာတော့ မောင်ပြည့်ဖြိုးဟာ လူဝင်စားဖြစ်သလို မိခင်ဘက်မှ အကြီးအကဲ ဝင်စားတာဆိုတဲ့ ဟောချက်ကတော့မှန်နေပါတယ်။ ဦးညွန့်တင်ဘဝတုန်းက ကောင်းမှုကုသိုလ် အလှူဒါနတွေ မရှိသလောက် ဖြစ်ခဲ့ရပြီး အကုသိုလ်အမှုတွေသာ များခဲ့တာမို့ မိဘဘိုးဘွားတွေအနေနဲ့ မောင်ပြည့်ဖြိုးလေးအတွက် စိုးရိမ်သောကတွေတော့ ဖြစ်မိကြတယ်ပေါ့။

ပြောရရင်တော့ ဝိပါက်ကြမ္မာ ဆိုတာ နွားခြေရာနောက်က လှည်းဘီးပမာ ထက်ကြပ်မကွာ လိုက်ပါလာစမြဲလို့ ဆိုထားပေတယ် မဟုတ်လား။ တကယ်တော့ ဝဋ်ဆိုတာဟာ တန်ပြန်သက်ရောက်မှုတစ်ခုလို့ ဆိုရမှာပါ။ ဝဋ်ကြွေး သုံးမျိုးရှိတယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့ ကမ္မဝဋ်- ကံအကြောင်းတရားကြောင့် ပေးဆပ်ရသော ဝဋ်ကြွေး၊ ကိလေသဝဋ်- ကိလေသာ အကြောင်းတရားကြောင့်ပေးဆပ်ရသော ဝဋ်ကြွေး၊ ဝိပါကဝဋ်- ဝိပါက် တည်းဟူသော အကြောင်းကြောင့် ပေးဆပ်ရသော ဝဋ်ကြွေးတို့ပင် ဖြစ်ပါ၏။

ယခုပြောပြချင်သည့်အကြောင်းက တိုက်ဆိုင်တာပဲလား၊ အကုသိုလ်ကံကြွေး ဝိပါက ဝဋ်ပေပဲလား၊ မောင်ပြည့်ဖြိုးလေး၏ ကံကြမ္မာပေပဲလားတော့ မသိ။

မောင်ပြည့်ဖြိုးလေး တစ်နှစ်နှင့်သုံးလသားအရွယ်အရောက်မှာတော့ ဝမ်းမသွားနိုင်သည့် ဒုက္ခဆိုးကြီးနှင့်ကြုံတွေ့ရရှာလေပြီ။ အဝင်သာရှိ၍အထွက်မရှိလေတော့ ဝမ်းဗိုက်မှာ မြင်မကောင်းလောက်အောင် ဖောင်းကား၍လာခဲ့တော့သည်။ ဝမ်းမသွားနိုင်ခြင်းဒုက္ခဆင်းရဲကြောင့် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသရာ စအို အူလမ်းကြောင်းကျဉ်းလွန်းလှသည်မို့ ဝမ်းဗိုက်မှဖောက်၍ စအိုလမ်းကြောင်းလွှဲပေးလိုက်ရပါတော့သည်။

မောင်ပြည့်ဖြိုးလေး၏ ဒုက္ခကားမသေးလှပါ။ ရောဂါဝေဒနာအရ ခေတ်မီဆေးသိပ္ပံပညာဖြင့် ခွဲစိတ်ကုသခံထားရသည်ဟု ဆိုလင့်ကစား မိသားစုအမြင်မှာတော့ အတိတ်ဘဝက ဝက်တွေကို ဘေးဖောက်၍ သင်းခဲ့သည့် ဝိပါကဝဋ်ကြွေး ပေးဆပ်ရသည်ဟုသာ ဆိုရမည် ထင်ပါသည်။ အတိတ်ဘဝက ဒါနနည်းခဲ့လေသည်မို့ ယခုဘဝမှာလည်း ဆေးကုသဖို့ပင် ငွေကြေးအခက်အခဲများနှင့် ကြုံရပါသည်။ အနာဒုက္ခနှင့် ဆင်းဆင်းရဲရဲ နေရရှာပါဦးမည်။ ကလေး၏ကံကြမ္မာက ဘယ်လိုအဖြေထွက်လာမည်တော့မသိနိုင်ပါ၊ ကြားရသူတွေမှာတော့ ကလေးကို သနားနေမိတာပါပဲ။

❂

"အဲဒါပါပဲ အစ်ကိုရယ်၊ ဦးညွန့်တင်ဆိုတာ ကျွန်တော့်ရဲ့ဖခင် ဖြစ်သလို မောင်ပြည့်ဖြိုးလေးကတော့ မြေးလာဖြစ်နေတာပေါ့။ ဘာပဲဖြစ်ဖြစ်ပါ၊ အကောင်းဆုံးကတော့ မြေးလေး ခံစားနေရတဲ့ ဝဋ်ကြွေးက အမြန်ကျွတ်ပြီး ပုံမှန်ဓမ္မတာအတိုင်း ဝမ်းလမ်းကြောင်းပြန်တည့်အောင် ခွဲစိတ်ကုသနိုင်ပါစေလို့သာ ဆုတောင်းပေးကြရတော့မှာပေါ့"

*သဗ္ဗေသတ္တာ ကမ္မသကာ*

ပန်းမြိုင်လယ်-စိန်ဝင်း

*(မောင်အေးကြူ ပြောပြသည့် အဖြစ်မှန်ဇာတ်လမ်းအား ကာယကံရှင်၏ ခွင့်ပြုချက်ဖြင့် ရေးသီဖွဲ့ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

နတ်နာမည်မသိတာနဲ့ မီးနတ်လို့ မှတ်ရလွယ်အောင် အမည်တပ်လိုက်တာပါ။ ကိုယ့်ဘာသာမဟုတ်လို့ နတ်နာမည်ကို မရင်းနှီးတာလည်း ဖြစ်လိမ့်မယ်။ ကျွန်တော်က ဒီပွဲကို လှေလာသူအဖြစ်သွားခဲ့တယ်။ မီးနင်းတာထက် ဓားလှေကားတက်တာကို. မြင်ချင်တာပါ။ ဘယ်လိုဓားမျိုးလဲ၊ လှေကားက ဘယ်လိုဖန်တီးထားသလဲ။ အဲဒါတွေ လှေ့လာဖို့ မနက် (၉) နာရီကတည်းက အရောက်သွားလိုက်တယ်။

ဒီလိုစောစောသွားတာက ကျင်းပရေးကော်မတီက မနက်ထမင်းစားဖိတ်ထားလို့ စောစောသွားတာလည်း ပါပါတယ်။ ကျွန်တော်တို့က သုံးယောက်။ ဧည့်သည်တွေဖြစ်လို့ သီးသန့် ဘုရားဆောင်မှာ ကျွေးပါတယ်။ ထူးခြားတာက ဟိန္ဒူမလေ့အတိုင်း ငှက်ပျောဖက်နဲ့ စားရမယ်တဲ့။ လူတိုင်းလည်း ကျွန်တော်တို့စားသလိုပါပဲ။ ကုလားလူမျိုးက ဆိတ်သားဟင်းချက်တာနိုင်ပါတယ်။ အလှုမကျွေးဘဲ အဝကျွေးတဲ့ပွဲမျိုးကို စားခဲ့ရတာပါ။

နေ့လယ် (၁၂) နာရီသာကျော်ပေမယ့် ဓားလှေကားတက်တဲ့ပွဲက မစသေးပါဘူး။ ကျင်းပတဲ့ကွင်းထဲ သွားကြည့်တော့ ဝါးပိုးဝါးနှစ်လုံးမှာ ဓားကြီးတွေ တပ်နေတယ်။ စုစုပေါင်း (၃၂) ချောင်း၊ လှေကားတစ်ထစ်နဲ့တစ်ထစ် ဘာဖြစ်လို့ အကျဲကြီးထားတာလဲ မေးတော့ ဓားလှေကားတက်သူက မြွေလိမ်မြွေကောက်တက်မှာဖြစ်လို့ ခပ်ကျဲကျဲထားရတယ်လို့ ဖြေပါတယ်။ (၃) နာရီတီးတော့မှ ပြင်

# သစ္စာပြု၍ မီးနတ်ကိုစကားပြောခြင်း

## မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

ခင်တဲ့ကဏ္ဍ ပြီးသွားတယ်။

ဒါပေမယ့် ဗုံတွေသာ တီးနေတယ်၊ ခားလှေကားတက်မယ့်ဆရာက ဘယ်ရောက်နေမှန်းကို မသိပါဘူး။ ကျွန်တော်က ဘုရားကျောင်းထဲကြည့်လိုက်တော့ မျက်နှာနဲ့ ရင်အုပ်မှာ ဆေးအနီတွေသုတ်ပြီး အင်္ကျီမဝတ်ဘဲ ဒိုတီနဲ့ လူက ဆုံးခြားနေတယ်။ ဒီလူဟာ ခားလှေကားတက်မယ့်လူဖြစ်မယ်လို့ ကိုယ့်ဘာသာ တွေးကြည့်ရတာပေါ့။

သိမ်မကြာခင်မှာပဲ နှဲမှုတ်သံ၊ ဗုံတီးသံတွေနဲ့အတူ အထူးပြင်ထားတဲ့ ယွန်းဆွမ်းအုပ်လို အကြီးကြီးရွက်တဲ့လူက (၃) ယောက်၊ အတီးအမှုတ်ဆောင်ရွက်သူ (၄) ဦးနဲ့အတူ ဘုရားကျောင်းထဲက ထွက်သွားတယ်။ ကျွန်တော်က ဒိန်းကူးမားကို ဘယ်သွားကြတာလဲလို့မေးတော့-

“ခားလှေကားမတက်ခင် ဝေန်မြစ်မှာ ရေသွားချိုးတာ”

လို့ ဖြေပါတယ်။

ကျွန်တော်က စဉ်းစားကြည့်ပါတယ်။ ဝေန်မြစ် ဆိုတာ သဘောတွေ သွားအားကြီးလို့ ရေကနောက်တောက်တောက်။ ပြီးတော့ ကျွန်တော်တို့လူမျိုးက အမှိုက်ဆိုမြစ်ထဲပစ်ကြတယ်။ အစိုးရက မြစ်ရေသန့်ရှင်းအောင် မြစ်ထဲ အိမ်သာ မဆောက်ရလို့ တားပေမယ့် တိတ်တိတ်လေးတော့ ဆောက်ကြတာပါပဲ။ ဒါကြောင့် ရေတွင်းနဲ့ ရေတွင်းလောက်တော့ ဘယ်လိုမှ မသန့်ရှင်းနိုင်ပါဘူး။

စဉ်းစားရင်း အဖြေတစ်ခုရလိုက်တာက ဂင်္ဂါမြစ်မှာ ရေသန့်စင်တဲ့အထိမ်းအမှတ်အဖြစ် ချိုးတာဖြစ်မယ်လို့ တွေးမိ ဘဝင်ကျသွားတယ်။ (၁)နာရီကျော်ကြာမှ ပြန်ရောက်တယ်။ မယ်တော်ကျောင်းမှာ ဝတ်ပြုပြီ၊ လောပန်ကပ်ပြီး မီးနင်းမယ့်ကွင်းကို အတီးအမှုတ်နဲ့ လာပါတယ်။ ခားလှေကားက ဝါးပိုးဝါးခွက်လုံးကိုထောင်ပြီး တည်ဆောက်ထားတာဖြစ်လို့ မလှုပ်ရှားအောင် ကြိုးလေးကြိုးနဲ့ ဆိုင်းထားရတယ်။ မနည်းမြင့်တယ်လို့ ဆိုနိုင်ပါတယ်။

(၄)နာရီလောက်က ထင်းတုံးတွေမီးရှို့ထားလို့ (၅)နာရီလောက်မှာ မီးခဲကျန်ပါတော့တယ်။ မီးခဲကို ပြာလေးတွေအုပ်လောက်ချိန်မှာ နင်းကြတယ်။ အလားဥပုသ်စောင့်ထားတဲ့ လူငယ်၊ လူကြီးအားလုံးကို မနင်းခင် ဆရာလုပ်သူက စစ်ဆေးတယ်။ ပြီးမှ မီးနင်းကြပါတယ်။ မြေကြီးပေါ်ကို သက်သောင့်သက်သာလမ်းလျှောက်နေသလို နင်းနေကြတာပါ။

မီးနင်းပွဲပြီးတော့ ခားလှေကားကို စပြီးတက်ပါပြီ။ ခားအားလုံးကို သွေးထားပြီး ခားတစ်လက်ရဲ့အသွားပေါ်မှာ သံပရာသီးကို တစ်ဝက်လှီးပြီး စိုက်ထားတယ်။ ခားတစ်လက်မှာ သံပရာသီးနှစ်လုံး။ ခား (၃၂) လက်လုံးကို သံပရာသီးတွေစိုက်ပြီးသား။ ခားလှေကားတက်သူက ဖဝါးနဲ့ သံပရာသီးကို ဖိနင်းလိုက်တယ်။ ထက်နေတဲ့ခားသွားကြောင့် နှစ်ခြမ်းပြတ်ပြီး အောက်ကို ပြုတ်ကျလာတယ်။ အဲဒီသံပရာသီးကို မြေပေါ်မရောက်အောင် စောင့်ပြီးဖမ်းတဲ့လူက မနည်းမများသား။

ခားလှေကားတက်တဲ့လူက လှေကားပေါ် တစ်ဖက်တည်း ဖြောင့်ဖြောင့်တက်တာမျိုး မဟုတ်ဘူး။ ခားအသွားတွေကို မွှေလိမ်မွှေကောက် နင်းရင်းတက်ရတာ။ မနည်းခက်မယ့်သဘောပါတယ်။ လှေကား(၅)ထစ်မှာ ပန်းစည်းနဲ့ အမွှေးတိုင်ထုပ်တွေ ချည်ထားတယ်ဗျ။ ခားလှေကားတက်သူက ခားပေါ်မှာ ခွထိုင်ပြီး ချည်ထားတဲ့ ပန်းစည်းကို ဖြေရသေးတယ်။ သူ့လက်ထဲရောက်မှ အောက်ကို ကြည့်နေသူတွေကို ပစ်ပေါက်ပေးတယ်။ လုပြီးကောက်ကြတာပေါ့လေ။

ခားလှေကားတက်ချိန်မှာ ဘာပေးပေး ရတဲ့ပစ္စည်းဟာ လာဘ်လာဘလည်း ကောင်းတယ်။ အန္တရာယ်ကင်း ဘေးကင်းတယ်လို့ ယုံကြည်ကြောင်း ရေသိုးကုန်းမှာနေတဲ့ ဒိန်းကူးမားက ပြောပါတယ်။ အပေါ်ဆုံးရောက်ပြီးမှ အောက်ဆုံး ခားလှေကား ပြန်ရောက်တဲ့အခါ အပေါ်တက်စဉ်က သူ့ခြေဖဝါးနဲ့ နင်းလို့ ပြတ်ထွက်သွားတဲ့ သံပရာခြမ်းတွေကို အကုန်လုံး သူ့ကိုပေးရတယ်။

သူက ခားပေါ်မှာခွထိုင်ပြီး အရပ်ရှစ်မျက်နှာက ကြည့်နေတဲ့လူတွေကို နည်းနည်းချင်း ပစ်ပေါက်ပေးတယ်။ ဒီသံပရာခြမ်းကို (၁၀၀၀)တန်ငွေစက္ကူလုကောက်သလို အသည်းအသန်ကောက်ကြတယ်ဗျ။ သံပရာခြမ်းရတဲ့လူဆိုရင် သူတို့ဓလေ့အရ မဟာကံထူးရှင်ကြီး။ ပစ်တဲ့သူကလည်း လုနေတဲ့လူတွေ ငြိမ်သွားမှ ထပ်ပြီးပစ်ပါတယ်။

ကျွန်တော်က စဉ်းစားကြည့်ပါတယ်။ ငါက မြန်မာလူမျိုးပဲ၊ လေ့လာဖို့လာတာလေ။ ဒီလူတွေနဲ့တော့ ဒီပစ္စည်းကို ဒီလောက် သဲကြီးမဲကြီးလုစရာမလိုဘူး။ ဒါပေမယ့် အများရသလို သံပရာတစ်ခြမ်းလောက်တော့ လိုချင်တယ်။ ဘာလုပ်ရင်ကောင်းမလဲ။ ဒါက ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးနေတာ။

ဒါကြောင့် အတွေးသစ်တစ်ခု ရလာတယ်။

‘ခားလှေကားတက်သူဟာ နတ်ဝင်နေမှ ခားမရှမှာပေါ့။ တကယ်နတ်ဝင်နေတာမှန်ခဲ့ရင် ကျွန်ုပ်ဘက်သို့လှည့်၍ ကျွန်ုပ်ထံ သံပရာခြမ်းအားပစ်ပေါက်ပါစေသတည်း’

ဒီလိုပြောပြီး ကျွန်တော်က သူ့ကိုကြည့်နေတယ်။ သူကလည်း ပြုံးတုံးပြတုံနဲ့ ကျွန်တော်ရပ်နေတဲ့ဘက်ကို ဘာကိုရှာမှန်းမသိ ရှာနေတယ်။ ကျွန်တော်က သစ်မြစ်ဆုံကြီးပေါ်က ကြည့်တာဖြစ်လို့ အများထက် မြင့်တာပေါ့။ ပြီးတော့ အရပ်ရှည်တော့ ခားလှေကားတက်သူကို အကာအကွယ်မရှိ မြင်နေရတယ်လေ။

သူနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်အကြည့်ချင်းဆုံလိုက်တဲ့အခါ သူရှာတဲ့လူဟာ ကျွန်တော် ဖြစ်လိမ့်မယ်ထင်တယ်။ လက်ထဲမှာရှိတဲ့ သံပရာတစ်ခြမ်းကို အားနဲ့ပစ်ပေါက်ပေးလိုက်တယ်။ ကျွန်တော်က လက်ဝါးဖြန့်ထောင်ထားတယ်။ သံပရာခြမ်းလေးဟာ အခြမ်းဘက်ကနေ လက်ဝါးမှာ ဖတ်ခနဲ လာကပ်တယ်ဗျ။ ဘေးက ကုလားလေးတွေဆိုတာ ဟာခနဲ အံ့ဩတဲ့မျက်နှာနဲ့ ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။

ကျွန်တော်က ဒါဟာ တိုက်ဆိုင်တာဖြစ်လိမ့်မယ်။ ငါရပ်နေတဲ့နေရာက သစ်မြစ်ဆုံဆိုတော့ သူများထက်မြင့်လို့ ထူးထူးခြားခြား မြင့်နေတဲ့လူကို လှစ်ပြီးပစ်ပေးတာမျိုးကော မဖြစ်နိုင်ဘူးလား။

‘တကယ် နတ်ဝင်တာ မှန်ခဲ့ရင် ဒုတိယအကြိမ်လည်း ပထမအကြိမ်ကဲ့သို့ ပစ်ပေါက်ပြီး လက်ဝါးတွင် ကပ်စေသတည်း’

ဒီတစ်ကြိမ်တော့ အရပ်ရှစ်မျက်နှာမှာ တစ်ပတ်လှည့်ပြီးမှ ကျွန်တော့်ကို စူးစူးရဲရဲကြည့်ပြီးပစ်ပြန်တယ်။ သံပရာခြမ်းလေးဟာ လက်ဝါးမှာ လေနဲ့ စုပ်ထားသလိုကပ်နေပါတယ်။ ပရိသတ်က (၂၀၀) ကျော်ပါလိမ့်မယ်။ ဒီလောက်များတဲ့ လူတွေအထဲမှာ ကျွန်တော်က သစ္စာပြုပြီး သံပရာနှစ်ခြမ်းတိတိ ရရှိပြီးပါပြီ။

တကယ်ဆိုရင် ဒီလောက်နဲ့ တော်သင့်ပါတယ်။ ခားလှေကားတက်သူဟာ နတ်ဝင်နေတာ သေချာသွားပါပြီ။ ခက်




www.burmeseclassic.com

www.burmeseclassic.com

# လှမိုး(ပညာရေး)
# သမိုင်းကပြောသော နဂါး

ဥရောပတိုက်တွင် စစ်ရိပ်စစ်ငွေ့များ တလူလူ ထွက်လာခဲ့ပြီး အရှေ့တောင်အာရှသို့ ကူးစက်လာတော့မည့် အချိန် ဖြစ်သည်။ ကျွန်တော်သည် ပဌမတန်းကျောင်းသားတစ်ဦး ဖြစ်နေပါပြီ။ ထိုအချိန်က ထူးခြားဖြစ်စဉ် အချို့ကို ယနေ့ထိ မေ့မရ။ ၁၉၄၁ ခု၊ ဖေဖော်ဝါရီလဟု ထင်မိပါသည်။ ရက်ကိုမူ တိတိ



နေတာက ကျွန်တော့်စိတ်ကသိပ်ပြီးမယုံချင်သေးပါဘူး။ ဒီလို သံပရာခြမ်းရတယ်ဆိုတာ ကိုယ်ကသူ့ကြည့်၊ သူကကိုယ့်ကြည့်ချိန်မှာ အကြည့်ချင်းဆုံလို့ ပစ်ပေးတာကော မဖြစ်နိုင်ဘူးလား။ ဒါကြောင့် ကျွန်တော်က နောက်ဆုံးအကြိမ် သစ္စာပြုပြန်တယ်။

'အသင်မားလှေကားတက်သူသည် နတ်ဝင်နေတာမှန်ခဲ့လျှင် သင်ကိုယ်တိုင် ပစ်ပေါက်သော သံပရာခြမ်းအား ကျွန်ုပ်က လုံးဝမဖမ်းဘဲ အလိုအလျောက် ရစေသတည်း'

ကျွန်တော်က ဒီလိုလည်း တိုင်တည်ပြီးရော အရင်လိုလက်ဝါးမထောင်ဘဲ သတိဆွဲသလို ခန္ဓာကိုယ်ဘေးမှာ ကပ်ထားလိုက်ပါတယ်။ မားလှေကားပုဂ္ဂိုလ်က ဒုတိယအကြိမ်လိုပဲ အရပ်ရှစ်မျက်နှာကိုပတ်ပြီး သံပရာခြမ်းပစ်ပါတယ်။ ကျွန်တော်ရပ်တဲ့ဘက်ရောက်လာတော့ လုံးဝမကြည့်တော့ဘဲ ရမ်းပြီးပစ်လိုက်သလို လှုပ်ရှားတာကို တွေ့လိုက်တယ်။

ဒီတစ်ခါတော့ လွဲပြီထင်တယ်လို့ ကျွန်တော့်စိတ်တွေလျှော့လိုက်တယ်။ သံပရာခြမ်းလာရာလမ်းကြောင်းက အရင်လို မမြင့်ဘူး။ ပထမနဲ့ ဒုတိယအကြိမ်က ခပ်မြင့်မြင့်ပစ်တာဆိုတော့ ကျွန်တော့်လက်ဝါးနေရာကို အတားအဆီးအဟန့်အတားမရှိ ရောက်လာတာမျိုးကိုး။

အခု တတိယအကြိမ်က နည်းနည်းနိမ့်တော့ ကြည့်တဲ့လူတွေ လက်မြှောက်ဖမ်းရင် ရနိုင်တယ်လေ။ ငါ့ဆီကိုရောက်လာဖို့တောင် မလွယ်ဘူး။ ဒါက ကျွန်တော် စက္ကန့်ပိုင်းအတွင်းက အတွေးလေ။ လက်ရှိအနေအထားမှာ သံပရာခြမ်းကို လူတစ်ယောက်က ခုန်ဖမ်းတာ တွေ့လိုက်တယ်။ ဖြစ်ချင်တော့ သူခုန်တာနဲ့ သံပရာပြေးလမ်းနဲ့ တိုင်ပင်မကိုက်ဖြစ်သွားတယ်ဗျ။ ဒီလူရဲ့လက်ခလယ်ထိပ်နဲ့ထိပြီး သံပရာခြမ်းက အနည်းငယ် ပြေးလမ်းမြင့်သွားတာနဲ့ ကျွန်တော့်ဆီကို တန်းပြီးရောက်ပါလေရော။

လက်တွေ ဘေးမှာချထားလို့ သံပရာခြမ်းက ဘယ်ဘက်ရင်ညွန့်ကို လက်ဝါးမှာထိသလို ထိတာဗျ။ ရင်ထဲမှာ သံပရာထိတွေ့တဲ့အသိက ရင်တောင်ခုန်သွားတယ်။ ဒီလိုလည်း ရင်ညွန့်ထိပြီးပြုတ်ကျတော့ ကျွန်တော့်အင်္ကျီအိတ်ထဲ တည့်တည့်ပါပဲ။

"ဟာ- အလို"

ဆိုတဲ့ အာမေဍိတ်သံတွေ တော်တော်များများ ကြားလိုက်ရပါတယ်။ ကုလားတစ်ယောက်က ကျွန်တော့်ဘေး ရောက်လာပြီး-

"အဲဒီသံပရာခြမ်းကို တစ်ထောင်ပေးမယ်။ ကျွန်တော့်ကို ရောင်းပါ"

လို့ ဆိုလာတယ်။

ကျွန်တော်က ခေါင်းခါရင်း ငြင်းလိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ နတ်ဝင်တာ ယုံသွားပါပြီ။ သံပရာခြမ်းတန်ဖိုးကလည်း ငွေတစ်ထောင်ကျော်တန်ဖိုးမြင့်သွားတယ်။ ကျွန်တော့်အနေနဲ့ မီးနင်းပွဲကို လေ့လာရင်း သစ္စာပြုခြင်းနဲ့ သက်ဆိုင်ရာနတ်ကို ဆက်သွယ်စကားပြောခြင်းသီအိုရီကို စမ်းသပ်အောင်မြင်ခြင်းက တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတပဲ မဟုတ်ပါလား။

*(ပွဲတော်ကို ဖိတ်ကြားသူ ရေသိုးကုန်း ဒနီးကူးမားအတွက် အမှတ်တရ)*

မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မမှတ်မိတော့။ မင်းဘူးခရိုင် မန်းစက်တော်ဘုရားပွဲတော်ကြီး ကျင်းပနေသည့်အချိန် ဖြစ်ပါသည်။ ကျွန်တော်မှတ်မိသလောက်ဆိုလျှင် မန်းစက်တော်ပွဲတော်မှာ တစ်လတိတိ ကျင်းပသောပွဲတော်ကြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးများ ထောင်သောင်းချီ၍ လာလေ့ရှိသဖြင့် ပွဲတော်ကျင်းပသည့်ကာလအတွင်း မြို့ပိုင်(ယခုမြို့နယ်အုပ်ချုပ်ရေးမှူး) ရုံးစိုက်၍ ဂါတ်(စခန်း) ယာယီဖွင့်ကာ အုပ်ချုပ်ခဲ့ရ၏။

ထိုပွဲတော်ကျင်းပနေစဉ် မြွေနဂါးကြီးတစ်ကောင် အောက်စက်တော်ရာဘုရားခြေတော်ရာကို ဘုရားဖူးရောက်လာသည် ဟူသောသတင်း ထွက်လာ၏။ လူအများကမူ ပထမတွင် ကောလာဟလ ယုံတမ်းသတင်းလော၊ ပါးစပ်ပြောသတင်းလောဟု ထင်မှတ်ကြ၏။ သို့သော် ထိုသတင်းသည် တစ်စ တစ်စ အထောက်အထားပမာ ပျံ့နှံ့လာခဲ့ပြီး ထိုမြွေနဂါးကြီးအား မန်းချောင်းအတွင်း တွေ့မြင်ရသည်၊ မန်းစက်တော် အောက်ခြေတော်ရာဘုရားရှေ့ရှိ ရေအိုင်အတွင်းမှာ ရှိသည်ဟုဆိုကာ ဘုရားဖူးအများက အောက်ခြေတော်ရာဘုရား၏ တန်ဆောင်းသို့ စုဝေးရောက်ရှိလာကြပြီး စောင့်ကြည့်ကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ထိုစဉ်က မင်းဘူးခရိုင် အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အိုင်စီအက် မစ္စတာ အောချတ်နှင့်အဖွဲ့သည် မန်းစက်တော်ရာဘုရားပွဲတော်သို့ လာရောက်ခဲ့ကြ၏။ ဤတွင် အရေးပိုင်နှင့်အဖွဲ့ မြွေနဂါးကို လာရောက် ကြည့်ရှုသည်ဟု ဆိုကာ အုတ်အော်သောင်းတင်းဖြစ်သွားသဖြင့် 'မြွေနဂါး ဘုရားဖူးရောက်သည်' ဟု ဆိုသော သတင်းသည် ဟိုးဟိုးကျော်ခဲ့ရ၏။ ကျွန်တော်မှတ်မိသလောက် ထိုသတင်းသည် ရက်သတ္တပတ် နှစ်ပတ်ခန့်ကြာအောင် လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့သွားခဲ့ရပြီး သတင်းစာအချို့တွင် ဖော်ပြခဲ့သဖြင့် လူအများအအံ့တသြ ဖြစ်ကြရသည်။ သို့သော် သေသေချာချာ စုံစမ်းကြသောအခါ မြင်သူမျှ တိတိကျကျ ပြောမပြနိုင်။ ကျွန်တော် မှတ်မိသလောက် ထိုစဉ်က ပွဲတော်မှတာဝန်ရှိသူများကိုယ်တိုင် အချိန်ပြည့် စောင့်ကြည့်ခဲ့ကြသည်။ ထိုသတင်းသည် ရက်ကြာလာသည်နှင့် တဖြည်းဖြည်း ပျောက်သွားခဲ့တော့၏။

မှန်ပါသည်၊ ကျွန်တော်တို့အရှေ့တိုင်းသားများ အပါအဝင် နိုင်ငံတကာမှလူအများသည် ရှေးပဝေသဏီကပင် ပင်လယ်၊ သမုဒ္ဒရာတို့ကို ကြောက်ရွံ့ကြသည်။ အပြောကျယ်လှသော ရေထုကြီးအတွင်း ထိတ်လန့်ရင်တုန်ဖွယ်ရာ နဂါးကြီးရှိသည် ဟူ၍ လည်းကောင်း၊ အာခံတွင်းမှ မီးတဝင်းဝင်းထွက်၍ အဏ္ဏဝါပြင်အောက်ကြမ်းပြင်တွင် အိပ်ပျော်နေသော ကာလနဂါးကြီး ရှိသည် ဟူ၍ လည်းကောင်း၊ အလွန်ရှည်လျား၍ လှေ, သင်္ဘောများကို နှစ်မြှုပ်ပစ်နိုင်သော ပင်လယ်မြွေကြီးများ, ကျွန်းကြီးတစ်ကျွန်းဟု ထင်မှတ်ရသော ငါးကြီးများ, လျှာနှစ်ခွ တွဲလောင်းကျနေသော အမျိုးအမည်မသိရသည့် သတ္တဝါကြီးများ, ထာဝစဉ် မည်းမှောင်နေသော ပင်လယ်ပြင်များ, ပွက်ပွက်ဆူနေသော ပင်လယ်ပြင်များ, ရေသူမများ, ရေသူမတို့၏တိုင်းပြည်နှင့် နဂါးတိုင်းပြည်တို့သည် အဏ္ဏဝါပြင်ကြီးအောက်တွင် ရှိသည်ဟုလည်းကောင်း ယုံကြည်ကြ၏။

ကျွန်တော်တို့ ဗုဒ္ဓဘာသာကျမ်းဂန်များ၊ နိပါတ်များ၊ ဇာတ်တော်ကြီးများတွင်လည်း နဂါးအကြောင်း ပါဝင်ခဲ့သည်သာမက မြတ်ဗုဒ္ဓ၏အဖြစ်တော်များတွင် နဂါးပါဝင်ခဲ့သည်ကို ကျွန်တော်တို့ ဖတ်ရှု သင်အံ ကျက်မှတ်ခဲ့ရသည်။ မြန်မာရှေးသူဟောင်းတို့၏ အဆိုအမိန့်တစ်ခုတွင် 'နတ်နှင့်နဂါး မလှည့်စားနှင့်' ဟု ဆိုထား၏။ ထို့အတူ ခရစ်ယာန်ဘာသာဝင်တို့၏ ဒဏ္ဍာရီသမိုင်းများ၌ လူသားတို့အား ဘေးအန္တရာယ်ပြုသည့် နဂါးကြီးကို သူတော်စင် St. George က သုတ်သင်ရှင်းလင်းခဲ့ရပုံ ပါဝင်ပါသည်။ ထို့အတူ ဂရိပုံပြင်များ၊ သမ္မာကျမ်းစာပုံပြင်များတွင်လည်း အာခံတွင်းက မီးတောက်မီးလျှံများ တဝင်းဝင်းထွက်နေသော နဂါးကြီးများအကြောင်း ပါဝင်သည်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

ရှေးတရုတ်အမျိုးသားများ၏ ဒဏ္ဍာရီများတွင် နဂါးသည် သနားကြင်နာတတ်သည်ဟု ဆိုသည်။ သို့သော် စိတ်အပြောင်းအလဲမြန်သည်၊ အဏ္ဏဝါအတွင်း ကျရောက်သော လေပြင်းမုန်တိုင်းများကို ကျရောက်ခြင်းမရှိအောင် ခုခံကာကွယ်နိုင်သည် သို့မဟုတ် လေပြင်းမုန်တိုင်းတို့အား ထိန်းချုပ်ထားနိုင်သည်ဟု ဆိုသည်။ နဂါးများ ဒေါသအမျက်ထွက်လျှင် ပြင်းထန်သော လေမုန်တိုင်းများ ကျရောက်တတ်သည်ဟုလည်း တရုတ်အမျိုးသားများက ယုံကြည်ကြသည်။

နဂါးများကို သာမန်လူသားတို့ မြင်တွေ့ရန် ခဲယဉ်းသော်လည်း နဂါးတို့ကြောင့် ဖြစ်ပေါ်လာသော ထူးခြားဖြစ်စဉ်များကိုမူ လူသားတို့ ခံစားကြရ၏။ သာဓကအားဖြင့် နဂါးများ အဏ္ဏဝါထဲမှ ထက်ကောင်းကင်သို့ ပျံတက်သည့်အခါ လေဆင်နှာမောင်းများ၊ ရေဆင်နှာမောင်းများ၊ ကြီးမား၍ ထိတ်လန့်စရာ, ချောက်ချားစရာ ကောင်းသော ရေဝဲကတော့ကြီးများပေါ်ပေါက်လာစေသည် ဟူ၍လည်း ယုံကြည်ကြသည်။ အဏ္ဏဝါအောက်ကြမ်းပြင်ရှိ မီးတောင်များ၊ မြေပေါ်တွင်ရှိသော မီးတောင်များသည် နဂါးတို့၏ထွက်ပေါက်များ ဖြစ်သည်။ နဂါးတို့၏အာခံတွင်းမှ အလျှံတဝင်းဝင်းထွက်သော မီးတောက်မီးလျှံများသည် လူသားတို့အား လောင်မီးကျစေသည်ဟု သိရသည်။ အချို့ကမူ နဂါးတို့မျက်စောင်းထိုးလျှင် လူသတ္တဝါများ မီးလောင်ပြာကျသည်ဟု ဆိုသည်။

တရုတ်အမျိုးသားတို့ကမူ တရုတ်ဘုရင်များ၏ရာဇပလ္လင်ကို (Dragon Throne) နဂါးရာဇပလ္လင်ဟု ကင်ပွန်းတပ်လေ့ရှိပြီး တရုတ်နိုင်ငံ၏နောက်ဆုံးဧကရာဇ် ပူရိဘုရင်လေး၏ဘွားတော် ဇူဇီမိဖုရားကြီးကို နဂါးဒေဝီ (Dragon Lady) ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ သူတို့အဖို့ နဂါးသည် အမြင့်မြတ်ဆုံး၊ တန်ခိုးအထက်ဆုံးဟု ယုံကြည်ကြ၏။ အလွန်တန်ခိုးကြီးမားသော နဂါးမင်းသည် သမုဒ္ဒရာလေးစင်းအား အုပ်ချုပ်တော်မူသည်ဟု သိရ၏။

တရုတ်တို့၏ဒဏ္ဍာရီများတွင် ပစိဖိတ်သမုဒ္ဒရာကို စိုးမိုးအုပ်ချုပ်သော နဂါးမင်း၏အမည်မှာ လိုင်လန်(ဂ်) ဖြစ်သည်။ သူသည် တန်ခိုးအလွန်ကြီးမားပြီး ပစိဖိတ်သမုဒ္ဒရာကြီး၏အလယ်ရှိ အလွန်နက်သော ကြမ်းပြင်၌ ခမ်းနားတင့်တယ်သော ဘုံဗိမာန်ကြီးဖြင့် နေထိုင်သည်ဟု ဆိုသည်။ ရေအောက်နန်းတော်ကြီး၏ရေပြင် လေထုသည် ထာဝစဉ် လှိုင်းတံပိုးများ ထကြွနေပြီး ထူးဆန်းသော အလင်းရောင်တန်းများဖြင့် တောက်ပလျက်ရှိသည်ဟု သိရ၏။

ဂျပန်လူမျိုးများကမူ နဂါးအား အဏ္ဏဝါပြင်၏နတ်ဘုရားဖြစ်သည် ဟူ၍လည်းကောင်း၊ မြစ်များ၏နတ်ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည် ဟူ၍ လည်းကောင်း ယူဆထားပြီး ရှေးဟောင်းဂျပန်ပုံပြင်များတွင် လုပချောမောသော သမီးကညာများကို မြစ်များ၊ အဏ္ဏဝါပြင်များအတွင်း ပစ်ချ၍ နဂါးကို ပူဇော် ပ,သသည်ဟု ဖော်ပြလေ့ ရှိသည်။ ထို့အပြင် နဂါးသည် ဝိညာဉ်ပြောင်းလဲတတ်သောသတ္တဝါဖြစ်ပြီး အလွန်နက်သော အဏ္ဏဝါအောက်ကြမ်းပြင်တွင် ခွေ၍ အိပ်စက်နေလေ့ရှိကြသည်။ မုန်တိုင်းဖြစ်စေသော တိမ်တောင်တိမ်လိပ်များ တက်လာသည်နှင့် နဂါးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ နိုးထလာပြီး တိမ်တောင်တိမ်လိပ်များအတွင်း အကျောဆန့်လေ့ရှိသည် ဟူ၍လည်း မှတ်ယူထားကြ၏။ သူ၏လည်ဆံမွေးများကို ရေဝဲကတော့များတွင် ဆေးကြော သန့်စင်လေ့ ရှိသည်၊ လျှပ်စစ်လက်ခြင်းသည် နဂါးတို့၏လက်သည်းများမှ ထွက်လာခြင်းသာဖြစ်ပြီး ပြင်းထန်သောလေပြင်းမုန်တိုင်းများ တိုက်ခတ်နေသည့်အချိန်များတွင် နဂါးတို့၏ ကြောက်မက်ဖွယ်အသံများကို ကြားကြရလေ့ရှိသည် ဟူ၍ လည်းကောင်း၊ ထိုပြင်းထန်သော မုန်တိုင်းတိုက်ခတ်နေသောအချိန်များတွင် နဂါးများသည် လူအများမြင်အောင် ကိုယ်ထင်ပြသလေ့ ရှိသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေကာမူ ရှေးပဝေသဏီက စ၍ အဏ္ဏဝါအတွင်း သည်းထိတ် ရင်ဖိုဖွယ်ကောင်းသည့် နဂါး ဟူသော ခံတွင်းက မီးတောက်မီးလျှံများ ထွက်သည့် ရေသတ္တဝါကြီးရှိသည် ဟူသော အယူအဆမှာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ လူအများ လက်ခံယုံကြည်ထားသည်ကို သိရှိကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရှေးပန်းချီကျော်များရေးဆွဲခဲ့ကြသော ပန်းချီကားများတွင် နဂါးသတ္တဝါကြီးများ၏ပုံကို အမျိုးမျိုးရေးဆွဲလေ့ရှိ၏။ အနောက်တိုင်း ရှေးဟောင်းပန်းချီကားများ၌ နဂါးတို့တွင်အတောင်ပံများပါဝင်လေ့ရှိပြီး နတ်မိစ္ဆာ (Satan) အဖြစ် ယူဆထားသည်။ တန်ခိုးအစွမ်းလည်းထက်သည်၊ လူသတ္တဝါများကိုလည်း ဘေးအန္တရာယ်ပေးလေ့ရှိသည်ဟု ဆိုသည်။ သို့ဖြစ်၍ နဂါး ဆိုသည်မှာ စွမ်းအားထက်သော ရေသတ္တဝါကြီးဟု မှတ်ယူထားကြသည်။

ရှေးပဝေသဏီက ဥရောပတိုက် အနောက်မြောက်ပိုင်း အဏ္ဏဝါပြင်များ




တွင်စိုးမိုးသော ဗိုင်ကင်းလူမျိုးတို့၏စစ်အလံများတွင် နဂါးပုံများ ရေးဆွဲထားလေ့ရှိသည်ဟု သိရသည်။ ရောမတပ်မတော်များ၏ အောင်လံများတွင်လည်း နဂါးသတ္တဝါ၏ပုံကို ရေးဆွဲထားကြရပြီး နဂါးသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ စွမ်းအားရှိသောသတ္တဝါဟု သတ်မှတ်ထားခြင်းပင် ဖြစ်ပေမည်။

နဂါးသတ္တဝါကြီး တစ်ကောင်ကို လူအများ မျက်ဝါးထင်ထင် မြင်ရသည့်အကြောင်းကို စနစ်တကျ စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် အစောဆုံးမှတ်တမ်းတင်ခဲ့သူများမှာ ဆွီဒင်နိုင်ငံသားများ ဖြစ်ကြပါသည်။ ခရစ်နှစ် ၁၇၆၅ ခုတွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှ ထုတ်ဝေသည့် "Gentleman's magazine" တွင် အလွန်ကြီးမားသော နဂါးကြီးတစ်ကောင်အား ဆွီဒင်ရေလုပ်သားအများက မျက်ဝါးထင်ထင်တွေ့ရသည်ဟု ရေးသားဖော်ပြခဲ့၏။ ဆွီဒင်နိုင်ငံမှခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးပြုစုသော (Natural History) 'သဘာဝသမိုင်း' စာအုပ်တွင် နဂါးသတ္တဝါများအကြောင်းကို အသေးစိတ်ရေးသား ဖော်ပြခဲ့သည်။ ထိုစာအုပ်မှာ ခရစ်နှစ် ၁၇၇၆ ခုနှစ်က ထုတ်ဝေခဲ့ခြင်းဖြစ်လေရာ နဂါးသတ္တဝါများအကြောင်း သာဓက ခိုင်ခိုင်မာမာနှင့် တင်ပြထားသောစာအုပ်ဖြစ်သည်ဟု မှတ်တမ်းများအရ သိရသည်။

အင်္ဂလန်နိုင်ငံ ဆပ်ဖော့(စ်) ပြည်နယ်နှင့် အက်ဆက်ပြည်နယ်၌ နေထိုင်သူများ၏ ဒဏ္ဍာရီပုံပြင်နှင့်ပါးစပ်ပြောသမိုင်းများတွင် နဂါးများ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်သည့်အကြောင်းကို ဖော်ပြခဲ့ကြသည်။ အင်္ဂလန်နိုင်ငံ ဆူဆက်ပြည်နယ်၌ နေထိုင်ကြသူများ၏ ပါးစပ်သမိုင်းတွင်လည်း ခရစ်ယာန်ဘာသာဝင် သူတော်စင် စိန့်လီအိုနတ်သည် ထိုစဉ်က ယင်းပြည်နယ်တွင် မင်းမူနေသော နဂါးကြီးတစ်ကောင်အား တိုက်ခိုက်သုတ်သင်ခဲ့သည်ဟု ဆိုကြသည်။

ခရစ်နှစ် ၁၆၁၄ ခုနှစ်တွင် အထက်ဖော်ပြပါ ဆူဆက်ပြည်နယ်၌ပင် လူအများသည် အလွန် ကြီးမားသော နဂါးတစ်ကောင်အား မျက်ဝါးထင်ထင်တွေ့ကြရသည်ဟု ဆိုသည်။ လူအများ၏ပြောပြချက်အရ ထိုနဂါးသတ္တဝါကြီးမှာအတောင်ပံများပါရှိပြီး ခြေထောက်၌လည်း ချွန်ထက်သော ခြေသည်းကြီးများပါရှိကြောင်း၊ ထိုသတ္တဝါကြီး၏ပါးစပ်မှ မီးတောက် မီးလျှံများထွက်သည် ဟူ၍လည်း ဆိုသည်။

မည်သို့ပင်ဖြစ်စေကာမူ နဂါးသတ္တဝါအကြောင်းနှင့်ပတ်သက်၍ ရေးသား ဖော်ပြခဲ့ကြသော မှတ်တမ်းများ ဒဏ္ဍာရီများ၊ ဝတ္ထုများမှာ လက်ဆစ်ချိုး ရေတွက်၍မရအောင် ရှိခဲ့သည်။ အချို့မှတ်တမ်းများကမူ နဂါးသတ္တဝါများ ထက်ကောင်းကင်သို့ ပျံတက်နိုင်ကြခြင်းမှာ သူတို့သည် မီးတောက်မီးလျှံ အခိုးအငွေ့တို့ကို မှုတ်ထုတ်နိုင်သောကြောင့်ဟု ဆိုကြသည်။ စိတ်ဝင်စားစရာအကောင်းဆုံးနှင့် အငြင်းပွားဖွယ် အများဆုံးဖြစ်ခဲ့ရခြင်းမှာ နဂါးသတ္တဝါများ၏ ရုပ်ကြွင်းဟုယူဆရသော အလွန်ကြီးမားသည့် ကမ္ဘာဦးသတ္တဝါများ၏ အရိုးစုများကိုရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။ ထိုအရိုးစုများကို ကမ္ဘာ့နိုင်ငံအများ၌ ရှာဖွေ တွေ့ရှိခဲ့ကြ၏။ ထိုသတ္တဝါကြီးများ၏အရိုးများကို ဒိုင်နိုဆောသတ္တဝါကြီးများ၏အရိုးများ ဟူ၍ သဘာဝဝတ္တုပညာရှင်အများ ယူဆခဲ့ကြသော်လည်း အချို့ကမူ ထိုအရိုးစုအချို့မှာ ယခင်ဒိုင်နိုဆော သတ္တဝါကြီးများနှင့် ခေတ်ပြိုင် နဂါးသတ္တဝါကြီးများ၏အရိုးစုများ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ရှေးဟောင်းတရုတ်ဆေးပညာရှင်များကမူ နဂါးတို့၏အရိုးသည် အစွမ်းထက်သော ဆေးဖက်ဝင်အမည်တစ်မျိုး ဖြစ်သည်ဟု ယုံကြည်လာကြပြီး ၉၆ ပါးသောဝေဒနာများ ပျောက်ကင်းနိုင်သည်ဟု အယူရှိကြ၏။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် မင်းဘူးခရိုင် မန်းစက်တော်ဘုရ



www.burmeseclassic.com

www.burmeseclassic.com

အား ဘုရားဖူးလာသော နဂါးကြီးကို ချောင်းအတွင်း တွေ့ရသည်ဆိုသည့် သတင်း ရေးသားဖော်ပြခဲ့ပါသည်။ ဤ သတင်း ဘာဆန်းသလဲဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် သိပ္ပံပညာ အဲ့ ခေန်းတိုးတက်ပါသည်ဟူ၍ နိုင်ငံတကာ က ယူဆထားသော အမေရိကန်ပြည် ထောင်စုရှိ အီရီရေအိုင်ကြီးနှင့် ဝင်ကို ဆင်ပြည်နယ်ရှိ ရေကန်ကြီး အချို့တွင် နဂါးသတ္တဝါဟု ယူဆရသော အမျိုးအ ညေ်မသိရသည့် ရေသတ္တဝါကြီးများကို အများပြည်သူတို့ မြင်တွေ့ရသည်ဟု သတင်းမီဒီယာများက ရေးသားဖော်ပြ ခဲ့ကြသည်သာမက ရုပ်သံလွှင့်အစီအ စဉ်များကပါ ထုတ်လွှင့်ခဲ့ကြရာ နဂါး သတ္တဝါအကြောင်းမှာ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ရ၏။ အထောက် အထား အခိုင်မာဆုံးဟု မှတ်ယူရသည့် ဖြစ်ရပ်မှာ ၁၈၄၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ နံနက်စောစောတွင် အာဖရိက တိုက် တောင်ဘက်စွန်း မျှော်လင့်ချက် အငူ (Cape of Good Hope) ကမ်းလွန် ပင်လယ်ပြင်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ် ဆန်း ဖြစ်၏။

ဗြိတိသျှဘုရင့်အစိုးရ ရေကြောင်း ဝန်ကြီးဌာနနှင့် ကုန်သွယ်ရေကြောင်း ဌာနမှတ်တမ်းများတွင်လည်း အဆိုပါ ထူးခြားဖြစ်စဉ်ကို အထောက်အထား သာဓက ခိုင်ခိုင်မာမာနှင့် မှတ်တမ်းတင် ထားခဲ့သည်။ သို့သော် ထိုစဉ်က ဓာတ် ပုံရိုက် မှတ်တမ်းတင်မှု တီထွင်နိုင်ခြင်း မရှိသေးသဖြင့် သင်္ဘောပေါ်တွင် လိုက် ပါလာသော ပန်းချီဆရာများကသာ ပန်းချီဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို ထူးဆန်းသောဖြစ်ရပ်ကို မျက်ဝါးထင် ထင် တွေ့ကြရသူများမှာ ဗြိတိသျှဘုရင့် ရေတပ်မတော်မှ တိုက်ရေယာဉ်မှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ ဖြစ်ကြသည်။ ပန်းချီနှင့်မှတ်တမ်းတင် သူမှာလည်း အရာရှိတစ်ယောက် ဖြစ် သည်။ ထိုဖြစ်စဉ်ကို အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော လန်ဒန်ရုပ်စုံသတင်းစာ ကြီးနှင့် အခြား သတင်းစာကြီးများတွင် ရက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့သည်။

ထိုဖြစ်စဉ်ကား ဤကဲ့သို့ ဖြစ်ပါ သည်။

၁၈၄၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက် နေ့သည် တောင်အာဖရိကတိုက် 'ဂွတ် ဟုပ်' အငူ ပင်လယ်ပြင်တွင် ထူးထူး ခြားခြား လှိုင်းလေငြိမ်သက်လျက် ရှိနေ



သည်။ ဗြိတိသျှ ဘုရင့်ရေတပ်မတော်မှ တိုက်ရေယာဉ် 'ဒေးဒပ်လပ်' သည် တ ရိပ်ရိပ်ပြေးလျက် ရှိသည်။ တိုက်ရေ ယာဉ်မှူးကြီး ပီတာမက်ကွေးနှင့် အရာ ရှိများသည် သူတို့တိုက်ရေယာဉ်ဆီသို့ ဦးတည်လာနေသော အမျိုးအမည်မသိ ရသည့် ရေသတ္တဝါကြီးကို စူးစိုက်ကြည့် ရှုနေကြသည်။ အရာရှိ၊ အရာခံ၊ အ ကြပ်၊ တပ်သား အားလုံး သင်္ဘောနင်း ကြမ်းနှင့် ကုန်းပတ်ပေါ် ရောက်နေကြ ၏။ ရာသီဥတုသာယာ၍ ကြည်လင်နေ သဖြင့် ပင်လယ်ပြင် တစ်နံတစ်လျား ထင်ထင်ရှားရှား မြင်နေရသည်။ ထိုထူး ဆန်းသော ရေသတ္တဝါကြီး၏အလျား မှာ ပေ ၆၀ ခန့်ရှိပြီး အရောင်မှာ အညို ရောင်ရှိ၍ အလွန်ကြီးမားသောဦးခေါင်း ကြီးရှိရကား ဒဏ္ဍာရီပုံပြင်များတွင် ပါ ဝင်သော နဂါးကြီးတစ်ကောင်ဖြစ်မည် ဟု ရေတပ်မတော်သားများက ယူဆကြ သည်။

ထိုသတ္တဝါကြီးတွင် ငါးကြီးများ ကဲ့သို့ ကြီးမားသော ပါးဟက်နှင့် ဆူး တောင်များလည်း မပါ၊ မြေနှင့်လည်း မတူ၊ အံ့ဖွယ်သရဲ ဖြစ်ခဲ့သည်။ ထိုဖြစ် စဉ်အား တိုက်ရေယာဉ်မှူးနှင့်သင်္ဘော သား အားလုံးက မှတ်တမ်းတင်စေပြီး လက်မှတ်များ ရေးထိုး၍ ပန်းချီကျွမ်း ကျင်သူ အရာရှိတစ်ဦးက ထိုသတ္တဝါ ၏ပုံတူကို ပန်းချီဖြင့် မှတ်တမ်းတင်ကာ ဗြိတိသျှ ဘုရင့်ရေကြောင်းဝန်ကြီးဌာန သို့ ပေးပို့ခဲ့သည်။ ယင်းထူးခြားဖြစ်စဉ် ကို ဗြိတိသျှဝန်ကြီးဌာနက နောင်အခါ ခုံဖွဲ့၍ စစ်ဆေးခဲ့၏။ ထိုသတ္တဝါကြီးကို သတင်းမီဒီယာများကမူ 'နဂါးကြီး' ဟု ရေးသားဖော်ပြခဲ့ကြ၏။ ထိုစဉ်က မှတ် တမ်းများအရ အမေရိကန်ပြည်ထောင် စု ရေတပ်မတော်မှ မေရီအင် ရေတပ် သင်္ဘောပေါ်က အရာရှိ၊ အရာခံ၊ အ ကြပ်၊ တပ်သားများက အထက်ဖော်ပြ ပါ အဏ္ဏဝါပြင်တွင် ထူးဆန်းသောနဂါး ကြီးဟုယူဆရသော သတ္တဝါကို တွေ့ရ သည်ဟု ဆိုကြပြန်ရာ ထိုသတင်းမှာ လူ အများစိတ်ဝင်စားဖွယ် ဖြစ်ခဲ့ရ၏။ ဤ ကဲ့သို့ နဂါးဟု ယူဆဖွယ်ဖြစ်သော အ မျိုးအမည် မသိရသေးသည့် ရေမြွေကဲ့ သို့ သတ္တဝါကြီးအများကို သိပ္ပံပညာရှင် များ၊ အဏ္ဏဝါသုတေသီအများက မျက် ဝါးထင်ထင် အထောက်အထား သာဓ က ခိုင်ခိုင်မာမာနှင့် မှတ်တမ်းတင်ထား သည်များကို ကျွန်တော်များ ဖတ်ရှုခဲ့ရ ပါသည်။

မှတ်တမ်းများအရ ခရစ်နှစ် ၁၉၀၂ ခုနှစ်ကလည်း လူစီးကုန်တင် သင်္ဘော ချီလာဂိုးမှ သင်္ဘောသားများ၊ ခရီးသည်များသည် ဂျပန်နိုင်ငံနှင့်တရုတ် နိုင်ငံတို့အကြား ပစိဖိတ်အဏ္ဏဝါပြင်တွင် နဂါးဟု ယူဆရသော ရေသတ္တဝါကြီး တစ်ကောင်ကို တွေ့ရသည်ဟု ဆိုသည်။ ထို့အတူ ဒပ်(ချ်)အမျိုးသားပိုင် ဂျာဗာ ကုန်တင်သင်္ဘောကလည်း ထိုရေသတ္တ ဝါကြီးကို အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) အနီးတွင် တွေ့ရပြန်သည် ဟု ၁၉၀၇ ခုနှစ်ကထုတ်ဝေသော ကမ္ဘာ့ နိုင်ငံအသီးသီးမှ သတင်းစာကြီးများက ဖော်ပြခဲ့သည်။ ၁၉၇၇ ခုနှစ်ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်ဆိပ် ကမ်းမှ ထွက်ခွာလာသော ဂျော်ဂျီယာ သင်္ဘောမှ ရေယာဉ်မှူးနှင့်သင်္ဘောသား အများသည် နဂါးကြီးဟု ယူဆရသော ရေသတ္တဝါကြီးတစ်ကောင်အား ဂျပန် ကျွန်းစုတောင်ဘက် ပစိဖိတ်သမုဒ္ဒရာ အဏ္ဏဝါပြင်တွင် တွေ့ရသည်ဟု ဆိုကြ ပါကြောင်း။


လှမိုး(ပညာရေး)

*Ref; Mysterious Creatures.*



www.burmeseclassic.com

www.burmeseclassic.com



မင်းနန္ဒီရှိန်

## ချောင်းဖျားလိုက်တဲ့ ... ည

နေဝင်ပြီဆိုသည်နှင့် ဂုံညင်းတန်းမြစ်ရိုးတစ်လျှောက် အိပ်တန်းဝင်ငှက်ကလေးတချို့၏အသံက ဆူဆူညံညံ ကြားနေရ၏။ အနောက်ဘက် ခင်တန်းညို ဘက်မှ ဘုတ်မအီသံနှင့် မြစ်ထွေးငှက်ကလေးများက လူ့ပ်ရှားပျံသန်းရင်း နေနီလုံးကြီးကလည်း နိမ့်ဆင်းလာနေ၏။ အမှောင်ထုက တဖြည်းဖြည်း ကြီးစိုး၍ လာနေချေပြီ။

ကောင်းကင်ထက်တွင် မိုးတိမ်ရိပ်များ တရိပ်ရိပ်တက်လာ၍ လေနှင့်အတူ ရုန်းကန်လှုပ်ရှားနေ၏။ မြစ်ရေပြင်က အမှောင်နှင့်ရောထွေးသွားပြီး ပြာလဲ့လဲ့အသွင်သို့ ဖြစ်ပေါ် ပြောင်းလဲနေ၏။

'တောင်လေ ရေကျ၊ မြောက်လေ ရေတက်။

ပြဿဒါးရက်၊ ပင်လယ်အထွက်ခက်'

ဆိုရိုးရှိထားသည့် ရေလုပ်သားတို့၏အခါပေးပြက္ခဒိန်ကိုကြည့်၍ ရှေးရိုးအစဉ်အလာကိုသာ အလေးထားကြ၏။ ဆိုလိုသည်မှာ တောင်လေပြင်းထန်ချိန် ဒီရေကျနေပါက လှိုင်းကြီး၏။ မြောက်လေပြင်းများ ကြမ်းရမ်းချိန် ဒီရေတက်နေပါကလည်း လှိုင်းထန်၏။

ဤအခြေအနေမျိုးတွင် ရေလုပ်သားတို့က အန္တရာယ်ထူပြောသည့် ပြဿဒါးရက်ဟု သတ်မှတ်ပြီး ပင်လယ်ပြင်ကို ထွက်ရိုးထုံးစံမရှိ။ အကယ်၍ ထိုသို့မဟုတ်ဘဲ ဖောက်ဖျက်၍ထွက်မိပါက ပင်လယ်ပြင်ကြီးသည် အဆုံးအစမရှိသလို ဘဝနိဂုံးလည်း ပြန်လမ်းမဲ့ခဲ့သည်သာတည်း။

ထိုအခါ နီးစပ်ရာ ချောင်းမြောင်းအင်းအိုင်များ၌သာ ဝမ်းစာရှာဖွေစားသောက်ကြရသည်။

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း မြစ်ရိုးကိုအမှီပြုနေကြသော လမုဝ၊ သလိပ်ကြီး၊ ကန်ချောင်း၊ သလိပ်ကလေးရွာများမှ ရေလုပ်သားများအဖို့ မိုးတွင်းအခါ မိမိတို့အဆင်ပြေရာ ရေပြင်စားကျက်နယ်မြေများတွင် ပိုက်တန်းချ၍ အသက်မွေးဝမ်းကျောင်းမှုပြုကြရသည်။

ပိုက်တစ်ဖုံနှင့် အရင်းအနှီးပြု ဝမ်းစာရှာရသည့်ဘဝ။

သို့သော် တချို့ကတော့ လေလံဆွဲထားသောပိုက်ချက်များ၊ အင်းချောင်းများအတွင်း အလစ်အငိုက် ဝင်ရောက်ငါးခိုးဖမ်းခြင်း၊ ပိုက်ချခြင်းတို့ကို မိုက်မဲစွာပြုမူကြသည်။ ပိုက်ချက် အင်းသူကြီးများသိပါက ပြင်းထန်စွာ အရေးယူဆောင်ရွက်ကြသည်။

အလစ်အငိုက် ပိုက်ခိုးပစ်သူတို့သည် ညဉ့်အချိန်တွင် ဝင်ရောက်ပိုက်ဆွဲကြသည်။ လေလံအင်းသူကြီးကလည်းလျှင်သည်၊ ပါးနပ်သည်။ လမိုက်ညများတွင် ပိုက်ခိုးပစ်သူ (ချောင်းဖျားလိုက်သူ)များအား ဖမ်းဆီးခြောက်လှန့်ရန် မိမိလုပ်သားများကို ချောင်းဖျားလိုက်ခိုင်းလေ့ရှိ၏။

ချောင်းဖျားလိုက်ရသည်မှာ လွယ်ကူလှသည်မဟုတ်ပေ။ ပိုက်ချက်ခိုးဆွဲသူနှင့် အင်းသူကြီး၏ လေလံအဖွဲ့သားများ သူ့အသက်၊ ကိုယ့်အသက် အဆင်မသင့်လျှင် ပေးဆပ်ရသည်အထိ အန္တရာယ်က ကြီးမားလှသည်။

ယောက်ျားဖောင်စီး မိန်းမမီးနေ ဆိုသကဲ့သို့ ချောင်းဖျားလိုက်ကြရသည်ဆိုသည်နှင့် အိမ်ရှင်မများ အနည်းနှင့်အများ မျက်ခုံးလှုပ်ကြရသည်။

ချောင်းဖျားသမားများမှာ ဓား ရှုံ့သတ္တိနှင့် ပိုက်ဆွဲငါးဖမ်းခြင်း ထုံပ်၌

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကြသူများ မဟုတ်။ သူတို့တွင် အအုပ်အသင်းဖွဲ့ ဓား၊ လှံ၊ မှိန်း၊ ခွ၊ အဝေးပစ်လက်နက်ပုန်း၊ ဒူးလေး၊ ခဲသီးတပ်မြားစသည်တို့ ကိုင်ဆောင်ကြပြီး အခြေလှလျှင်လှ, မလှလျှင် အဝေးပစ်လက်နက်များသုံး၍ ထွက်ပေါက်ရှာ အလွတ်ရုန်းလေ့ရှိ၏။ ဤသည်မှာ ချောင်းဖျားလိုက်သူများ၏ ဓလေ့သဘာဝအချို့ ဖြစ်လေသည်။

တစ်ညတွင် ချောင်းဖျားလိုက်သူတစ်စု၏ အလစ်အငိုက် ပိုက်ချက်ဝင်ဆွဲရင်း သူ့အသက်၊ ကိုယ့်အသက် လုပွဲလေးတစ်ခုမှာ ယနေ့တိုင် မမေ့နိုင်အောင် ဖြစ်ခဲ့ရသည့်အကြောင်းကို တင်ပြလိုက်ရပါတော့သည်။

❂

'မုဆိုး လသာ၊ တံငါ လမိုက်' တဲ့။

လရောင်မဲ့တဲ့ည မြစ်ပြင်ကျယ်တစ်ခုထဲတွင် လှေကလေးများ တစ်စီးပြီးတစ်စီး ချောင်းပေါက်အသီးသီးထဲမှ ထွက်လာခဲ့ကြသည်။ ရိုးသားစွာ ပိုက်တန်းချသူများရှိသလို မသမာသူနှင့် ချောင်းဖျားလိုက် အလစ်သုတ်သူများလည်း ရောထွေးနေ၏။ သို့သော် မည်ကဲ့သို့ပင်ဆိုစေကာမူ ရေလုပ်သားတို့၏ စုရပ်ဖြစ်သည့် ကန်ချောင်ရွာနှင့်သလိပ်ကလေးရွာနယ်စပ် သချိုင်းဟောင်းအနီး ကုက္ကိုပင်နှင့် လမုပင်အုပ်အုပ်ဆီသို့၊ တချို့ကတော့ ဂုံညင်းတန်းမြစ်ဘက်သို့ ဆန်တက်နေကြ၏။

ညဉ့်ဦးပိုင်းက ကုက္ကိုပင်လှေဆိပ်သို့ရောက်ရှိနေကြသော ပိုက်လှေအချို့က ကောင်းကင်အနေအထားကို ကြည့်၍ ကြယ်က မပွင့်တပွင့်၊ တောင်လေအနည်းငယ် ပြင်းပြင်းတိုက်နေသည်ကို အကဲခတ်လျက် ပိုက်ချသင့်၊ မချသင့် ချိန်ဆနေကြ၏။

လေထဲတွင် မိုးစက်မိုးနံ့အငွေ့အသက်တို့ ပါလာကြသည်။ ချောင်းဖျားကြီးငပဲ၏လှေဦး တုံးထိပ်ရှိ မီးခွက်ကလေးမှာ လှိုင်းတစ်ချက်အပုတ်တွင် လှုပ်ယမ်းသွားပြီး မီးစာလေးများ တဖွားဖွားကြွေကျသွားသည်။

ကုက္ကိုပင်နှင့် ကြိုးတွဲချည်ထားသော လှေတချို့မှာ လှိုင်းကြောင့် လှုပ်ယမ်းသွားသဖြင့် လှေထဲတွင် ကန်ချောင်ချက်ဦးရည်နှင့် မှိန်းနေသော ဖိုးလင်းနှင့် အောင်သိန်းတို့မှာ လှေနံရံကိုကိုင်လျက် ထထိုင်လိုက်ကြသည်။

"ကိုကြီးငပဲ၊ ရာသီဥတု အခြေအနေက ဘယ်လိုလဲဗျ"

ငပဲကြီးက ကောင်းကင်ကို ကြည့်လျက်က တစ်စုံတစ်ခုကို တွေးလျက်ရှိ၏။ အောင်သိန်းက ဘာရယ် ညာရယ် မသိ၊ ငပဲကြည့်သလို လိုက်ကြည့်၏။

ကောင်းကင်တွင် တိမ်ငါးကြင်းကွက်တွေပျောက်နေသည်။ လေညင်းက တစ်ချက် တစ်ချက် နားသယ်စကို ဖြည်းညင်းစွာ ဖြတ်တိုးနေရာ သိမ့်ခနဲ၊ အေးခနဲ။ လှိုင်းကြက်ခွပ်လေးတွေ လှုပ်လှုပ်ရွရွ လှုပ်ရှားလာနေသည်ကိုကြည့်ပြီး ငပဲက-

"ရေတက်ဦး မိုးနဲ့ ငါးတက်လာပုံရတယ်။ ကဲ- လှေဦးပေါ် ရွံ့စာလုံးတွေ တင်ဟေ့"

လှေဦးတွင် ရွံ့အခဲလိုက် အတုံးလိုက်တင်ခြင်းမှာ လှေပေါက်လျှင် ယာယီယိုစိမ့်မှုကို ဖာရန်၊ ဖွဲနှင့်ပုစွန်ကျစ်စာလုံးရွှံ့နှင့်ရောပြီး အစာချရန် ဖြစ်၏။

"ဖိုးလင်း၊ ဒင်ကြီးတို့လှေကော"

"ရှိတယ် အစ်ကိုကြီးငပဲ။ စောစောကတောင် ငရွှေကြီးက ဂုံညင်းတန်းဘက်ဆင်းမလို့ခေါ်နေတာ၊ မသိချင်ယောင်ဆောင်နေလိုက်တယ်။ ဒီည ချောင်းဖျားဆင်းမလို့ဗျ"

"ရေထ,ရက် ဆိုတော့ ပိုက်ချက်တွေမှာ ငါး၊ ပုစွန်တွေ တအားဆင်းမှာကွ။ ဒါပေမယ့် အခုတစ်လော အကြီးကရင်တော ပိုက်ချက်ကကောင်တွေ ချောင်းဖျား တအားဆင်းလိုက်နေတယ်။ ဒီကောင်တွေ အဖွဲ့တွေကို မိုးလေအခြေအနေကြည့်ပြီး တတ်နိုင်သလောက်ရှောင်ပြီး ပိုက်ချက်ဝင်ဆွဲကြမယ်၊ ဘယ့်နှယ်လဲ"

ချောင်းဖျားငပဲကြီးစကားကို အဖော်တစ်စု ထောက်ခံသည့်အလား-

"ကိုကြီးပဲ သဘောပဲဗျာ" တဲ့။

ပြိုင်တူဖြေလိုက်ကြ၏။

မိုးကလည်း စိမ့်စိမ့်လေးစွေနေပါသည်။

ကမ်းစပ် လမုပင်၊ ကျူပင်၊ မြက်ရိုင်းစပ်စပ်ကြားတွင် ကံချောင်ဘက်က ပိုက်လှေတချို့ ယင်းပိတ်မည့် လှေတချို့ ယင်းများစိုက်ထူပြီး၍ အသာလှော်ခတ်သွားကြသည်။

တံငါလှေအစုကို ကျော်လျက် တက်သံမကြားအောင် လှော်လာသော ငပဲတို့ရဲ့လှေအနောက်တွင် ရေပွက်ကလေးများ ပလုံစီထကျန်ခဲ့သည်။

အ,ကာလညအချိန်။

မှောင်မိုက်သော မြင်ကွင်းထဲမှ သွားလာနေရသော မမြင်ရသည့်အန္တရာယ်များကို အမှုမထားနိုင်။ ဒီရေလမ်းခရီးနှင့် ငယ်စဉ်ကတည်းက ယဉ်ပါးကျွမ်းဝင်ပြီးသားမို့ သူတို့မှာ မြစ်ပြင်ကျယ်ကိုဂရုမမူတော့။ မိုးနှင့်မြစ်ချောင်းတို့အထက်ကို ကျေညက်နေသူများ ဖြစ်သည်နှင့်အညီ အင်းလေလံဆွဲထားသူအင်းသူကြီး၏ ရေကင်းအစောင့်လှေသမားများအရိပ်အခြည်ကိုကြည့်လျက် ရေတက်ဦးမိုးနှင့်အတူ ပိုက်ချက်ဆွဲထားသော ချောင်းထဲသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြသည်။

ငပဲတို့ ချောင်းဖျားဆင်းသည့်လှေနှစ်စင်းမှာ ချောင်းဝ ချွန်းထိပ်နားသို့ အမှောင်ရိပ်ခိုလျက်ရောက်လာခဲ့ကြသည်။

"ဂိ... ဂိ"

ရုတ်တရက် ငှက်ဆိုးတစ်ကောင် ဖြတ်ပျံရင်း အသံအစ်အစ် ပေးသွားသည်။ ပိုက်ဆွဲနေသော ငပဲ ဝန်းကျင်ကို ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်သည်။ မည်းမည်းလုံးလုံးအရာတစ်ခု ရေထဲကိုင်းကျနေသော သစ်ကိုင်းပေါ်သို့ တက်သွားသည်ကို တွေ့ရသည်။ တစ်လောတုန်းက ထိုနေရာလေးတွင် ကလေးတစ်ဦး ရေနစ်သေဆုံးဖူးသည်။ မကျွတ်မလွတ်ဘဲရှိနေသည်လားဟု စိတ်အတွေးက ရောက်သွားပြီး ရွံ့စာလုံးပြီး သုံး၊ လေးချက် လှမ်းပစ်လိုက်သည်။ ထို့နောက် ဘာထူးခြားမှုမှ မပြ။ ဇော်မြင့်ကလည်း ဒီညမှ လိုက်မလာ။ လမုဝက သူ့ကောင်မလေး မအေးကျင်နဲ့ မတင်တို့အိမ်မှာ ဝိုင်းကူနေသည်။

ထိုသို့ဖြင့် အချိန်တို့က တဖြည်းဖြည်း ကြာမြင့်လာသည်။

လှေဝမ်းထဲမှာ ငါးမျိုးစုံတို့ လက်ယှက်ထိုးလို့ ရှိနေချေပြီ။ မိုးက စွေရာမှ သည်းလာနေ၏။ ချောင်းဖျားကြီးငပဲ သူ့ပိုက်ကို အသာရုပ်ရင်း ဖိုးလင်းတို့လှေဆီသို့ မီးတစ်ချက် လှမ်းပြလိုက်သည်။ ချောင်းဖျားလိုက်သူဆိုတာ စည်းထားရသည်။ မှန်းချက်ကိုက်လျှင် ပြန်ရန်သင့်၏။ အချက်ပြလည်း ဟိုနှစ်ကောင်က တုတ်တုတ်မျှ မလှုပ်။

ချောင်းဖျားကြီးငပဲ ဒေါသထွက်သွားသည်။ ထို့ကြောင့် လှေကို ရေသံမကြားအောင် အောင်သိန်းကိုလှော်ခိုင်းလိုက်သည်။

လမုအိုင်အနားတွင် ဖိုးလင်းတို့လှေကို တွေ့လိုက်ရသည်။ ငပဲကြီးက အသံခပ်အုပ်အုပ်နှင့်-

"ဟေ့ကောင်-ပိုက်ရုပ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ- ကိုကြီးပဲကလည်း၊ ရုပ်မှာပေါ့။ ဒီမှာ စောစောက ရထားတဲ့ ငါး၊ ငွေနံတွေ လျော့လျော့သွားလို့၊ ဒီတစ်ခါ တော်ပြီးရင် တော်ပြီဗျာ"

"ငါးတွေက ဘာဖြစ်လို့လျော့တာလဲ"

"ဟိုကောင် အစိမ်းကောင် ဖိုးနီ ခိုက်တာနေမှာ"

"ဟာ- မဖြစ်နိုင်တာ၊ ကဲ- မြန်မြန်လုပ်ကြ။ ကရင်တောချောင်းဖျားလိုက်တဲ့အဖွဲ့က သတင်းပို့ရင်ပို့ထားမှာ၊ သတိမြန်မြန်လုပ်"

*(အစိမ်းကောင် ဖိုးနီ ဆိုသူမှာ ဒီချောင်းရိုးထဲတွင် သားစိမ်း၊ ငါးစိမ်း လှေများကို အနှောင့်အယှက်ပေးနေသည့် ဘီလူးဟု လက်ခံယုံကြည်ထားကြသည်။ ကျွတ်မလွတ်သော ဓားပြကောင် ဖိုးနီကို ဆိုလိုခြင်း ဖြစ်၏။)*

သို့သော်. . .

ဖိုးလင်းတို့ တုံ့ပြန်မှု၊ အသံက ခပ်အေးအေး ခပ်မာမာကြောင့် ငပဲကြီးက သူတို့၏ မျက်နှာထိ မျက်နှာထားကို သဘောမတွေ့လှသော်လည်း သတိတစ်ချက်ပြန်ထားလိုက်၏။

"ကျုပ်တို့ အချိန်ရပါသေးတယ်၊ ဆေးတန်းရခိုက်လေး အားစိုက်လိုက်ဦးမယ်"

"ဟေ့ကောင်တွေ၊ အခြေအနေနဲ့ အချိန်အခါ ရှိသေးတယ်လေ"

တစ်ရွာတည်းသားပေမယ့် လူတို့၏လောဘ အတ္တသလ္လာ ဖုံးလွှမ်းလာသည်နှင့် ဆရာတပည့်ဟု မမြင်တော့။ သူတို့စကားကို မလိုက်လျောပါက လမ္းတစ်ပင်ဝဲအတွင်း ပြန်လမ်းမဲ့ပေလိမ့်မည်။

နောက်ဆုံးတော့ အတွေ့အကြုံရှိသည့် လောကသားကောင်တွေကို ချောင်းဖျားလိုက်ဖို့ ခေါ်လာမိသည်မှာ မိမိအမှား။ ပေါက်တဲ့နဖူး မထူးတော့ချေပြီမို့ မီးစင်ကြည့်၍ ကရပေတော့အံ့။

မည်းမှောင် နက်ပြောင်နေသော ကောင်းကင်တွင် မိုးက ပြိုလာတော့မည့်ဟန် ဆင်နေပါသည်။ အနောက်တောင်ဘက်သို့ကြည့်ရာ အချိန်အခါမဟုတ် အလင်းတန်းများ တိမ်တောက်သည့်နှယ် လင်းလက်နေသည်။

ငပဲကြီးက ခနိုက်ုင်းနှစ်ကိုင်းခုတ်ပြီး ရွက်တိုင်ထူလိုက်သည်။ သို့သော်လေက ငြိမ်သက်နေ၏။ လှေရွက်ကို လာတိုးခြင်းကား မရှိ။ အခြေအနေက အပြောင်းအလဲတစ်ခု ဖန်လာသည်။ လမုအိုင်တောတန်းကွယ်လျက် ထွက်လာသော သူတို့လှေနှင့်ခပ်ဝေးဝေးတွင် လှေတစ်စင်းကို လျှပ်စီးရောင်နှင့် ဖျတ်ခနဲ တွေ့လိုက်ရ၏။

သူတို့လိုချောင်းဖျားလိုက်တဲ့ ပိုက်ခိုးပစ်သူလှေဟု ကြည့်နေစဉ်မှာ လှေကတစ်စင်း၊ နှစ်စင်း၊ သုံးစင်း. . . ချောင်းဖျားတက်မယ့်အဖွဲ့ကိုဖမ်းမယ့်လှေများ။

"ဟာ- ကိုကြီးပဲ၊ ဟိုမှာ ချောင်းဖျားလိုက်တဲ့အဖွဲ့တွေ ထွက်လာပြီနဲ့တူတယ်"

ငပဲကြီးကြည့်လိုက်တော့ ရွက်နှင့်၊ တက်နှင့် လူစုစုပါဝင်သော လှေသုံးစီး။ မဟုတ်မှလွဲရော ချောင်းဖျားအဖွဲ့တွေ လိုက်လာချေပြီ။

အင်းသူကြီး၏လှေက အင်အားကောင်းပုံရသည်။ လက်နှိပ်ဓာတ်မီးရောင်က တဝင်းဝင်း။ လှေတစ်စီးချင်းသာဆိုလျှင် အရှိန်နှင့်ဝင်တိုး၍ မြုပ်ကာ ရှောင်ပြေးနိုင်သော်လည်း ဒီချောင်းဖျားဆင်းဖမ်းတဲ့အဖွဲ့တွေက လှေနဲ့၊ လူ၊ လက်နက်အပြည့်နဲ့မို့ လှော်ပြေးရုံမှလွဲ၍မတတ်နိုင်တော့။ ချောင်းဝအထိ လှေကိုမျှားခေါ်ပြီး မြစ်ပြင်ကျယ်ထဲအထိ ရောက်သွားပါက စောင့်နေသည့် မိမိအဖွဲ့သားက အချက်သာပြလိုက်လျှင် နောက်မှလိုက်လာသည့် ချောင်းဖျားအင်းသူကြီး၏လှေသမားများ အနားတောင် မသီရဲဝံ့တော့ချေ။

"ဟေ့ကောင်တွေ - ချောင်းဝကိုရောက်အောင်သာ မြန်မြန်လှော်တော့"

အသက်အန္တရာယ်ဘေးနှင့်ကြုံရတော့မှ ငပဲကြီးပြောစကားကို နားမထောင်ဘဲ ပမာမခန့်ပြုခဲ့သည်ကို နောင်တရလို့မဆုံး၊ တက်ကုန်ဖွင့်၍ လှော်နေတော့၏။

ရှေ့မှာတော့ လှေနှစ်စင်း၊ ညအမှောင်ထဲတွင် လှော်ရင်း အသက်လုပြေးနေရသည်။

အင်းသူကြီးထက် သူ၏တပည့်လက်သားများ၏လက်စောင်းက ထက်လှ၏။ ဓား၊ လှံတွေက တဝင့်ဝင့်။ သူများပိုက်ချက်ကို ခိုးဝင်ဆွဲမှတော့ အသက်နှင့်ရင်းရပေတော့မည်။ ညတစ်ည၏ချောင်းဖျားလိုက်ပွဲက စပေပြီတည်း။

သည်းထိတ်ရင်တုန်ဖွယ်မြင်ကွင်း။ မတရားမှုပြုကျင့်သူတို့အတွက် ပေးဆပ်ရမည့်ဝဋ်ကြွေးက ဘဝမပြောင်း၊ အရှင်လတ်လတ် တွေ့နေရသည်။

တရားဥပဒေထက် ချောင်းဖျားလိုက်တဲ့သူတွေ၏အန္တရာယ်က လောလောလတ်လတ် လွတ်မြောက်နိုင်ဖို့ရာ အဓိကမို့ ပြေးပေဦးတော့ ချောင်းဖျားကြီးငပဲတို့ရေ. . .။

"ဝှီး. . . ဝှစ်"

"ဝှီး. . . ဒုတ်၊ ဝှီး. . ."

တစ်ချက် တစ်ချက် ငပဲကြီးတို့လှေနံရံကို လာထိသော ခဲသီးများနှင့် လောက်စလုံးများ။ လက်သံက ပြင်းလှသည်။ သံချောင်းကိုချွန်၍ မြားတံကဲ့သို့ ဒစ်ခံပြီး ပစ်သည့် လောက်လေးခွလက်နက်ဆန်းတစ်မျိုးကလည်း ချောင်းဖျားလိုက်သည့်လောကတွင် ခေတ်စားနေသည့်အချိန်။ ချောင်းဖျားလှေများဆီက ဓာတ်မီးရောင်လက်သည်နှင့် တဝှီးဝှီး၊ ဒေါင်ခနဲ, ဒုတ်ခနဲနှင့် ခဲသီး၊ မြားတံ၊ လောက်စာလုံးသီးများက မိုးရွာချသည့်အတိုင်း လာရောက်ထိမှန်၏။

ဖိုးလင်းနှင့် ဒင်ကြီးတို့ကလည်း ခမောက်ဆောင်းပြီး အဝေးပစ်လက်နက်များနှင့် ပြန်တုံ့ပြန်၏။

"ဝှီး. . . ဝှီး၊ ဒုတ် ဒေါင်"

တစ်ချက်ဆိုတစ်ချက် ဖိုးလင်းတို့၏လက်နက်စွမ်းကလည်း ထိရောက်သည်မို့ အင်းသူကြီးလှေအဖွဲ့သားများ လှေမှာတန့်သွားပြီး ဆဲဆိုကြိမ်းမောင်းသံများ ထွက်လာ၏။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ငပဲတို့လှေကကာပစ်ပြီး ပြေးလေတော့သည်။

"ဝှီး ဒုတ်. . . ပလုပ် ပလုပ်"

ချောင်းရေပြင်ထဲသို့ ခဲသီးနှင့်မြားတံများကျသလို လှေနံရံကိုလည်းထိမှန်၏။

"ဝှီး ဝှစ် ဒုတ်"

"အား"

ဖိုးလင်း ထိသွားပုံရ၏။ လက်ထဲက လောက်လေးခွ ပြုတ်ကျသွား၏။

"အား၊ အီး ကျွတ်. . . ကျွတ်"

"ဒင်ကြီးရေ ငါတို့ ထိထားတယ်။ လှေကိုထိန်းပြီးတော့ ချောင်းဝရောက်အောင် လှော်ပေတော့"

ပြောပြီး ပိုက်ကွန်ပေါ် လှဲချလိုက်၏။

ငပဲတို့လှေကလည်း ချောင်းဖျားလှေကို အဆက်မပြတ်ပစ်ပြီး အောင်သိန်းကို အတင်းလှော်ပြေးခိုင်း၍ ဖိုးလင်းတို့လှေမှာ သက်သာနေသည်။

ရှေ့မှာ ချောင်းဝ လွန်သည်နှင့် မြစ်ပြင်ကျယ်အလင်းက ရေပြင်နှင့် ရောင်ပြန်ပြေးနေ၏။

"ဝှီး. . . ခွပ်၊ ဒေါက်"

"ဟာ- ထိပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ခမောက်ဆောင်းထားလို့ နည်းနည်းခံသာသွားတာ။ ဒါတောင် နားရင်းထူပူသွားတယ် ကိုကြီးပဲရေ။ ခဲသီးဘောနဲ့ပစ်တာ"

ဟု အောင်သိန်းက ကျိန်ဆဲလိုက်၏။

မြစ်ပြင်ရောက်တော့မည်မို့ အင်းသူကြီးလှေသမားများက ဆက်မလိုက်တော့ဘဲ အဝေးပစ်လက်နက်များသာ သုံးနေတော့၏။

ချောင်းဖျားကြီးငပဲက လက်ဆန့်ပြီး ဓာတ်မီးကို လက်တစ်ကွာမှ မီးထိုး၊ မီးမှိတ်ပြလိုက်သည်နှင့် မကြာမီမှာပင် လောက်လေးခွသံ၊ ခဲသီးဘောများနှင့် ပစ်သည့်အသံများ ဆူညံစွာ ကြားရပြီး အင်းသူကြီး၏လှေသားများအား ထိမှန်ကုန်သည်။

ငပဲကြီးနောက်မှ လိုက်နေသည့် ဖိုးလင်းတို့လှေမှာ ရှေ့မှ မိမိတို့၏အဖွဲ့သားများ ရောက်လာပြီး ဝိုင်းကူပစ်နေသည့်အတွက် ချောင်းဝမှ မြစ်ပြင်ထဲသို့ သက်သောင့်သက်သာ ထွက်လာလေသည်။

"ကိုကြီး ငပဲ၊ အခြေအနေကောင်းရဲ့လား"

"ချောင်းဖျားလိုက်မှတော့ ကောင်းတယ်လို့ ရှိပ့ါမလားကွာ"

"အား. . . ကျွတ် ကျွတ်၊ ခုမှ ဒဏ်ရာတွေက နာလာတယ်။ ဟိုကောင်တွေလှေကော ကိုကြီးငပဲ"

"အနောက်မှာပါတယ် ငစိုးရေ၊ ဒါပေမယ့် ဖိုးလင်းတော့ ထိထားပုံရတယ်"

"ဟုတ်လား၊ ဒါဆိုရင် ကျုပ်သွားကူလိုက်ဦးမယ်။ ကျော်တင့်လှေဆီသွားပြီး ကိုကြီးငပဲ ဝန်ဖော့ထားရင်ထားပေါ့"

"အေးအေး- သွားလိုက်မယ်"

အနောက်တောင်လေပြင်းက ဟူးဟူးရားရား ဒေါမာန်သွင်းလာသည်မို့ ရွက်ကို ဆွဲနုတ်လိုက်၏။

မြစ်ပြင်ကျယ်က လှိုင်းခေါင်းဖြူဖြူတို့ မို့မောက်လာ၏။ ကျော်တင့်လှေနားရောက်တော့ လှေထဲမှ ငါး၊ ပုစွန်များကို တစ်ဝက်ခန့် ဝန်ဖော့တင်လိုက်သည်။ ထိုအချိန် လှိုင်းလုံးများက လှေနှစ်စီးကို လာရိုက်ခတ်ပြီး တဝုန်းဝုန်း။

လှေများ ကွဲကွာသွားသည်။

ငပဲက-

"ကျော်တင့်၊ လမုဝကို မြန်မြန်လှော်တော့"

လှိုင်းလုံးများကို ကျော်တက်ရန် မြန်မြန်လှော်တော့သည်။ ကောင်းကင်တွင် မုန်တိုင်းစ,တော့မည့် ရှေ့ရေစွယ်လှိုင်းတချို့ကို ကျော်နိုင်ပါမှဖြစ်မည်မို့။

ကံကောင်း၍သာ ကျော်တင့်နှင့် ဖိုးလင်းတို့လှေမှာ ရေစွယ်လှိုင်းခေါင်းဖြူတို့ကို ဖြတ်ကျော်နိုင်ပြီး ကန်ချောင်ချောင်းထဲသို့ ဝင်ခိုနိုင်ခဲ့သည်။

"ဝုန်း. . . ဝုန်း၊ ဗွမ်း. . . ဖြန်း"

"ဝေါ. . . ဝေါ. . . ဝေါ"

အခြေအနေက ကိုယ့်ဘက်မှာ မရှိ၊ နောက်ထပ် လှိုင်းခေါင်းဖြူတစ်လုံး ချီးလာသည်နှင့် ငပဲက လှေကို ခေါင်းထိုးပေးလိုက်ပြီး အောင်သိန်းက ပဲ့ထိန်းလိုက်၏။

လှိုင်းလုံးများက အဘက်ဘက်မှ လှေနံရံများကို ဝင်ရောက်ထိုးနှက်နေ၏။

ချောင်းဖျားဝိဇ္ဇာတို့ ပင်လယ်ဖျဲရေနစ်ကိန်း ဆိုက်တော့မည်။

အစမှ မတရားမှုနောက်ကွယ်က ပေးဆပ်မှုက ဆင့်ကဲ ဆင့်ကဲလို့ လာချေပြီ။

ရေပြင်အတွေ့အကြုံအရ ဒီတစ်ခါလေပြင်းကို ခံစစ်ထဲမှရုန်းထွက်နိုင်ရန် တစ်ခုတည်းသောအကြံက သူ့ခေါင်းထဲရောက်လာ၏။ ရေစက်ခွက်ကို ကြိုးဖြင့် အသေအချာ လှေတွင်ချည်နှောင်သည်။ အောင်သိန်းကို လှေထဲကပစ္စည်းများ အိတ်သွန်ဖာမှောက် သွန်ချခိုင်းသည်။

လှေထဲမှပစ္စည်းများကို ပစ်ချတိုင်း အောင်သိန်း ရင်နင့်အောင် ဆွေးတော့သည်။ အိမ်မှာ နေ့စေ့လစေ့ကိုယ်ဝန်နှင့်လှရီအတွက် မီးဖွားစရိတ်ထွက်ရှာခါမှ မှန်းချက်နှင့်နှမ်းထွက်မကိုက်။ လူမသေငွေမရှား လူစားကြီး ငပဲကတော့ ဘာမှမဖြစ်သလို။ ထိုအခိုက် သစ်တုံးကြီးတစ်တုံး လှိုင်းနှင့်မျောပါလာကာ လှေကို တိုက်လိုက်ရာ ငပဲနှင့် အောင်သိန်းတို့ လှေပေါ်မှကျသွားတော့သည်။ လှေလည်းမှောက်သွားသည်။ သတိရှိသော ငပဲက လှေနံရံကို ကိုင်လိုက်နိုင်သော်လည်း လေနှင့်လှိုင်းထဲ ပြုတ်ကျသွားသော အောင်သိန်းမှာ ပေါ်မလာတော့။ ရှေ့တစ်လံစာတောင် မမြင်ရသော အခြေအနေမို့ အောင်သိန်းကိုရှာဖို့ ငပဲစိတ်လျှော့ပြီး လှေနံကိုသာ မြဲမြဲကိုင်ထားမိတော့သည်။

လှိုင်းနှင့်လေ မိုးရေထဲမှာ လှေနှင့်လူ ကင်းကွာသွားက အသက်ရှင်နိုင်ဖို့ ကမလွယ်။ လှေမှောက်ခြင်းက တစ်ခုကံကောင်း၏။ မှောက်နေသော လှေသည် ရေအနက်သို့ လွင့်မျောနစ်မြုပ်ခြင်းမရှိ။

လှိုင်းလုံးများဆောင့်သည့်ဒဏ်ကြောင့် လှေနံရံကိုကိုင်ထားသည့်လက်များ နာကျင်ကိုက်ခဲလာ၏။ သတိဖြင့် ထိန်းချုပ်ရင်း ကိုယ်ကို ရေပေါ်တွင် အသာဖော့ထား၏။ အချိန်တွေကြာလာသည်နှင့်အမျှ လေနှင့်မိုးက အားပျော့လာ၏။

အနောက်တောင်လေက တိုက်စပြုလာချေပြီ။

ကောင်းကင်တစ်ပြင်တွင် မိုးစက်မိုးပေါက်များက ရေစက်၊ ရေမှုန်အသွင်ပြောင်း၍သွားပါသည်။

ထိုအခါ မှောက်နေသောလှေကို အားနှင့် လွန်းထိုးပြီးဖော်ဖို့လုပ်ရာ လှေက ရေများဖြင့် ပေါ်လာသည်။

လှေဝမ်းထဲကရေများ ကုန်စင်အောင် ပက်လက်ပေါ်နေသောလှေထဲမှရေများကို ပက်ခွက်ဖြုတ်၍ ပက်ထုတ်လိုက်၏။ ရေများကုန်စင်သွားမှ လှေပေါ်သို့ တက်လိုက်ကာ လှေဝမ်းထဲသို့ ပစ်လှဲလိုက်ပါတော့သည်။

စိတ်ကို ဖြေလျှော့လျက် မိုးကောင်းကင်ကြီးကို အဓိပ္ပာယ်မရှိ ကြည့်နေပါတော့သည်။

မိုးစက်ရေမှုန်တို့က မျက်နှာပေါ်သို့လာမှန်နေသည်။ ငပဲ၏အတွေးထဲမှာတော့ ချောင်းဖျားလိုက်တဲ့ သူတို့ဘဝ ဟန်မကျလိုက်ပုံများ တွေးရင်း နွမ်းနယ်မှုနှင့် သတိလစ်သွားပါလေတော့သည်။

❂

မြစ်ပြင်ကျယ်ကြီးထဲမှာ လူတစ်ယောက်နှင့်လှေတစ်စီး။

ပရိယေသန ဝမ်းစာအတွက်ဟု ဆိုငြား သူများပိုက်ချက်ထဲ ဝင်ရောက်ချောင်းဖျား အလစ်အငိုက် လိုက်ကြရာတွင် အသက်နှင့်ရင်းရသည့်တိုင်အောင် တစ်ခါတစ်ရံ အရှုံးနှင့်ရင်ဆိုင်ရတတ်လေသည်။ ငပဲတို့၏ညတစ်ညအဖြစ်အပျက်က သက်သေခံလျက် ရှိနေပါ၏။

မကြာမီ ထွက်ပေါ်လာမည့် အရုဏ်ဦးအလင်းက ရှေ့တော်ပြေး၍ လာချေတော့မည်။

သို့သော် ချောင်းဖျားလိုက်သမျှသူတို့ဘဝ အလင်းရောင်ကတော့ဖြင့် ဝေး၍ ဝေး၍ ရှိနေတော့မည်သာ ဖြစ်ပေတော့သည်။

မင်းနန္ဒဝိုင်း

*ဒေးဒရဲမြို့နယ် လမုဝရွာလေး၏ အမှတ်တရ။*



www.burmeseclassic.com

www.burmeseclassic.com

# သိုက်စာလော ကျိန်စာလော

တက်ပုံမောင်မောင်အေး



ရွှေတိဂုံစေတီတော် အရှေ့ဘက် စောင်းတန်းအောက်ခြေ မြောက်ဘက် ဘေးနားတွင် တစ်ခေတ်တစ်ခါက ဓမ္မစေတီမင်း လှူခဲ့သော ခေါင်းလောင်းတော်ကြီးရှိခဲ့ဖူးသည်ဟု စာပေတို့တွင် တွေ့ရှိခဲ့ရပါသည်။ ထို့အတူ မြန်မာနိုင်ငံ အရပ်ရပ်ရှိ စေတီပုထိုးများတွင်လည်း ခေါင်းလောင်း၊ ကြေးစည်၊ ကြေးဆင်းတုရုပ်ပွားတော်များကို မင်း၊ သူဌေး သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသော ဘတ်နိုင်သူ စေတနာရှင်အသီးသီးတို့က လှူဒါန်းခဲ့ကြပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာပြည် အောင်ပိုင်းကို ကျူးကျော် နယ်ချဲ့ကာ မတရားသိမ်းပိုက်ပြီးသောအခါ ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အအုံတို့တွင် လှူဒါန်းထားသော ခေါင်းလောင်း၊ ကြေးဆင်းတု၊ ကြေးစည်စသည်ဖြင့် ကြေးဖြင့်သွန်းလုပ်ထားသမျှ ပစ္စည်းများအား သူတို့ဘိုးဘွားပိုင် ပစ္စည်းများသဖွယ် ဖျက်ဆီးယူငင်ကာ အမြောက်, သေနတ် ကျည်ဆန်ခွံ ပြုလုပ်ခြင်း၊ အမှတ်တရပစ္စည်းအဖြစ် မိမိအိမ်သို့ယူဆောင်သွားခြင်းများဖြင့် ထင်ရာစိုင်းခဲ့ကြသည်။

ထိုသို့သော ကြေးသွန်းပစ္စည်းများထဲမှ အချို့သောပစ္စည်း အနည်းငယ်သည် ယူဆောင်သွားသောပုဂ္ဂိုလ်တို့ကို ဆိုးကျိုးများ ဖြစ်ပေါ်စေခြင်း၊ ရောဂါဘယဖြစ်စေခြင်း၊ ထိတ်လန့်နေရခြင်းကြောင့် မိမိနေအိမ်တွင် မထားဝံ့သဖြင့် ပြန်ပို့ခြင်း၊ အချို့လည်း စွန့်ပစ်ခြင်းအထိ လုပ်ကြရသည်။ ပမာအားဖြင့် ဇလွန်မှ ပြည်တော်ပြန် ရုပ်ပွားတော်ကြီး၊ ရွှေတိဂုံစေတီတော်မှ ပြည်တော်ပြန်ဘုရားတို့ ဖြစ်ကြသည်။

အချို့သော ပစ္စည်းတို့ကိုမူ ရှိရင်းစွဲနေရာမှ တစ်လက်မမျှ ရွှေ့လျားအောင်ပင် မပြုလုပ်ဝံ့သည်ထိ ကြောက်ရွံ့ကြောင်း ဖတ်ရှုဖူးသည်။ အထင်ရှားဆုံးသော သာဓကမှာ မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ပေါ်တန်း ကျိုက်သလ္လာန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်မှ ခေါင်းလောင်းကြီးတစ်လုံး ဖြစ်ပါသည်။ ထိုခေါင်းလောင်းကြီးကို ထိုင်းရဟန်းတော် 'တွန်ခေါင်း ' ဆိုသူက လှူဒါန်းထားခြင်း ဖြစ်သလို ခေါင်းလောင်းတွင် ရေးထိုးထားသည့် ခေါင်းလောင်းစာကလည်း ကျိန်စာတစ်ဝက်ပါ ရှိနေသည့်အတွက် ထိုကျိန်စာကို ထိတ်လန့်ကြောက်ရွံ့ကာ ခေါင်းလောင်းကြီးအား မဖျက်ဆီးဝံ့ကြချေ။ ထိုခေါင်းလောင်းစာကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ ကျိန်စာ၏အတိုချုပ်မှာ 'ကျွန်ုပ် တွန်ခေါင်း လှူဒါန်းထားသော ဤခေါင်းလောင်းအား ယူငင်ဖျက်ဆီးပါက ထိုသူသည် မဟာအဝီစိငရဲသို့ ကျပါစေသား' ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည့်အတွက် နယ်ချဲ့အင်္ဂလိပ်တို့ မတို့မထိရဲကြဟု ဆိုပါသည်။

ဤတွင် ကျိန်စာ ဟူသည် မကောင်းသောသဘောကို ဆောင်သည်ဟု အကြမ်းဖျင်း မှတ်ယူနိုင်သော်လည်း ကျိန်စာတိုင်း မကောင်းသောသဘောကို ရည်ရွယ်သည် မဟုတ်ပေ။ ကျိန်စာတွင် ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ မကောင်းမှုကို မလုပ်လျှင် ငရဲကျစရာ မရှိချေ။ ကျိန်စာပါအကြောင်းအရာကို ကြောက်ရွံ့၍ မဖျက်ဆီးဝံ့လျှင် လှူဒါန်းထားသော ပစ္စည်းအတွက် ကောင်းသည်သာ ဖြစ်၏။ ထို့ကြောင့် ဤကျိန်စာမျိုးကို ကျွန်တော့်အနေဖြင့် ကောင်းသောကျိန်စာဟု ခံယူပါသည်။

ထိုင်းဘုန်းတော်ကြီး တွန်ခေါင်း၏ ခေါင်းလောင်းကျိန်စာနှင့် စပ်မိသဖြင့် ကျွန်တော်၏ဇာတိမွေးရပ်မြေမှ ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော်၏ ဇာတိချက်မြှုပ်သည် ရန်ကုန်-ပြည် အဝေးပြေးလမ်းမကြီး ကားလမ်းဘေးတွင်ရှိ၍ ရန်ကုန်မှ မိုင် (၉၀) အကွာရှိ (---) ရွာကြီး ဖြစ်ပါသည်။

ကျွန်တော်တို့ရွာထိပ်တွင် အစိုးရ



www.burmeseclassic.com

www.burmeseclassic.com

မူလတန်းကျောင်းလေးရှိ၍ ကျောင်းလေး၏ အရှေ့ဘက် ပေ (၅၀၀) ခန့် အကွာတွင် ဆရာတော်ဦးလာဘ၏ရွာဦးတိုက်ကျောင်းကြီး တည်ရှိပါသည်။ ကျောင်းဝိုင်းအတွင်း၌ ဆရာတော်နှင့် သံဃာများ သီတင်းသုံး နေထိုင်သော နှစ်ထပ်တိုက်ကျောင်းကြီးတစ်လုံး၊ တိုက်ကျောင်းနှင့်ကပ်လျက် ထိပ်ဘက်တွင် အမိုးဘုံသုံးဆင့်ပါ သိမ်တစ်ဆောင်၊ တိုက်ကျောင်း၏မြောက်ဘက် ပေ (၅၀) ခန့်အကွာတွင် သစ်သားကျောင်းကြီး တစ်ဆောင်နှင့် ကျောင်းဝင်းအဝင်နားတွင် ဇရပ်ပျက်တစ်လုံးတို့ ရှိပါသည်။

ဇရပ်ပျက်အနီး ခြံစည်းရိုးတွင် အုပ်ဆိုင်းနေသည့်မန်ကျည်းပင်၌ သရဲရှိပါသည်။ ထိုမန်ကျည်းပင်မှသရဲသည် လူများအား ခြောက်လှန့်ခြင်းမပြုသော်လည်း တစ်ခုသောညနေတွင် ကျောင်းသို့ ညဉ့်အိပ်၊ ညဉ့်နေလာသော သားသည်မိခင်တစ်ဦးထံမှ ထမင်းဇလုံကို လုယူစားခဲ့ဖူးသည်။ ညဉ့်အိပ်လာရခြင်းမှာလည်း ထိုစဉ်ကာလက ရွာထဲတွင် ညဘက်များ၌ လူဆိုးဓားပြများ သောင်းကျန်းသောကြောင့် ဘုန်းကြီးကျောင်း၌ ခိုလှုံရင်း လာအိပ်ကြရခြင်း ဖြစ်သည်။

ညတွင် ဆရာတော်ဦးလာဘ၏ တိုက်ကျောင်းအတွင်း၌ လည်းကောင်း၊ ဘုရားသိမ်တိုက်အတွင်းတွင် လည်းကောင်း လာရောက်ခိုလှုံအိပ်ကြရခြင်းမှာ တောကြောင်ဓားပြဘေးရန်သာမက တစ်ခါတစ်ရံ အစိုးရတပ်နှင့် သောင်းကျန်းသူတပ်တို့ ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားရာ အိမ်တွင်နေထိုင်ရင်း ကံမကောင်း အကြောင်းမလှပါက ကျည်သင့်မည်ကိုကြောက်ရသောကြောင့် လုံခြုံသော တိုက်ကျောင်း၊ သိမ်တိုက်အတွင်း လာရောက်ခိုလှုံအိပ်ကြရခြင်း ဖြစ်သည်။

လာရောက်ခိုလှုံကြသူများထဲတွင် သားသည်မိခင်များလည်း ပါရှိရာ ညဘက်ကလေးဆာလျှင် ကျွေးရန်အတွက် စားစရာထမင်းဟင်းတို့ကိုပါ ယူဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအထဲမှ ဦးငြိမ်း၊ ဒေါ်မှတ်သာတို့ လင်မယားလည်း အပါအဝင်ဖြစ်ရာ သုံးနှစ်အရွယ် သမီးလေး မညွန့်စိန် စားရန်အတွက် အမဲသားဟင်းနှင့် ထမင်းကို သံဇလုံတစ်လုံးတွင်ထည့်ကာ ဒေါ်မှတ်သာ၏ခေါင်းပေါ်တွင် ရွက်လာခဲ့သည်။ ဦးငြိမ်းကား သမီးလေး မညွန့်စိန်ကိုချီလျက် ရှေ့က သွားသည်။ ကျောင်းခြံဝနားရောက်ချိန်တွင် မှောင်ရီသန်းနေပေပြီ။ ထိုစဉ်မှာပင် ဇရပ်ပျက်နားရှိ မန်ကျည်းပင်ကြီးပေါ်မှ လက်မည်းတစ်ဖက်သာပေါ်လာပြီး ဒေါ်မှတ်သာ၏ခေါင်းပေါ်မှ ထမင်းဇလုံကို ဆွဲယူလိုက်ရာ ဒေါ်မှတ်သာလည်း 'အမလေး- သရဲလက်ကြီးတော့' ဟု အော်၍ ကျောင်းဝိုင်းထဲ အပြေးဝင်ခဲ့ရပါသည်။

ကျွန်တော်ငယ်စဉ်က ကိုရင် (ရှင်သာမဏေ) ဘဝဖြင့် ဆရာတော်၏ ကျောင်းတွင် တစ်ဝါ ဆိုခဲ့ဖူးပါသည်။ ဇရပ်ပျက်ပေါ်တွင်လည်း နေ့လယ် နေ့ခင်း သွားရောက် အိပ်စက်ဖူးပါသည်။ ဇရပ်မှသော်လည်းကောင်း၊ မန်ကျည်းပင်ပေါ်မှ လည်းကောင်း သရဲခြောက်သည်ကို မကြုံဘူးပါ၊ ဒေါ်မှတ်သာထံမှ ထမင်းလုစားသော သရဲသည် ငတ်ပြတ်နေသည့် ပြိတ္တာသရဲသာ ဖြစ်မည်ဟု ထင်ပါသည်။ နောက်ပိုင်းတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ သရဲခြောက်သည်ဟု မကြားရပါ။

ထိုဇရပ်ပျက်သည် ကျွန်တော်ငယ်စဉ် အသက် (၉) နှစ်ခန့် ဒုတိယကမ္ဘာစစ်ကာလအတွင်းလောက်က ဇရပ်ပျက်ဘဝ မရောက်သေးပေ။ ကျွန်တော် လူပျိုလူရွယ်ဘဝဖြစ်လာတော့ အသက် (၁၈) နှစ်၊ (၁၉) နှစ်လောက်တွင် အတော်ပင် ပျက်စီးယိုယွင်းစပြုနေပြီ ဖြစ်ပါသည်။ ဇရပ်ပေါ်တွင်အုပ်ဆိုင်းနေသည့် မန်ကျည်းပင်မှအရွက်ကြွေများက သွပ်မိုးပေါ်တင်ပါများသောအခါ သွပ်ပြားများသံချေးတက်၍ ပေါက်ပြကုန်ခြင်း၊ ပေါက်ပြကုန်သော အမိုးများမှ မိုးရွာလျှင်ရေယို၍ အကာအခင်းများဆွေးမြည့်ခြင်း၊ ခြစားသည့်တိုင်များ ထိန်းသိမ်းပြုပြင်နိုင်မှုမရှိခြင်းတို့ကြောင့် ဇရပ်ပျက်ကြီးဘဝရောက်ရခြင်း ဖြစ်ပါသည်။

ရှေးခေတ်ဇရပ်ကြီး ဖြစ်သောကြောင့် ဇရပ်ဒကာ မည်သူမည်ဝါဟူ၍ တစ်ဆင့်စကားပင် ပြောနိုင်သူ မရှိချေတော့ပေ။ ဤသို့ဖြင့် ဇရပ်ကြီးသည် တဖြည်းဖြည်းဖြင့် မြေပေါ်သို့ လဲကျတော့မည့်အနေအထား ရောက်လာရာ ဤအတိုင်းပစ်ထား၍ လူတကာကဲ့ရဲ့စရာဖြစ်မည်ဟု ရွာလူကြီးများက ဆွေးနွေးတိုင်ပင်ကြပြီး ဖျက်သိမ်း၍ တစ်နေရာတွင် စုပုံထားရန် ဆုံးဖြတ်ကြပါသည်။

ဇရပ်ကြီးအား ဖြိုဖျက်မည့်နေ့တွင် ရွာမှကာလသား၊ ကာလသမီးများနှင့် ဝိုင်းဝန်းလုပ်အားပေးမည့်သူများ မနက် (၈) နာရီတွင် ကျောင်းဝင်းထဲ၌ စုမိကြပါသည်။ ဇရပ်ကြီးအား ဦးစီးဦးဆောင် ကွပ်ကဲ ဖြိုဖျက်မည့်သူမှာ လက်သမားဆရာကြီး ဦးချိန် ဖြစ်ပါသည်။ ဦးချိန် ညွှန်ကြားသည့်အတိုင်း တက်ညီလက်ညီ ဆောင်ရွက်ကြရာ မနက် (၁၀) နာရီတွင် တူးဖော်ဖြိုလှဲရန် ဘုရားခန်းမှ ခေါင်တိုင်တစ်လုံးသာ ကျန်ရှိပါတော့သည်။

## ကျိန်စာလော၊ သိုက်စာလော

ခေါင်တိုင်အား တူးဖော်ဖြိုလှဲရန်အတွက် ကျွန်တော်နှင့် မောင်ညိုအား တာဝန်ပေးသဖြင့် ကျွန်တော်တို့ နှစ်ယောက် ပေါက်ပြားတစ်လက်ဖြင့် တိုင်အခြေကို တူးဖော်ကြပါသည်။ သိပ်ပြီး မတူးလိုက်ရပါ၊ ခေါင်တိုင်ကြီးသည် အရှေ့မြောက်ဘက်သို့ လဲကျသွားပါတော့သည်။ ခေါင်တိုင်ကြီး ဝုန်းခနဲ လဲကျသံနှင့်အတူ အရင်းပိုင်းသည် တွယ်ကပ်နေသည့် မြေစိုင် မြေခဲအချို့ လွင့်စဉ်ထွက်သွားရာမှ ထူးဆန်းသည့်အရာတစ်ခု ကျလာပါသည်။

"ဟော့ဟော့- မောင်ကျော်နဲ့မောင်ညို၊ ဟိုတိုင်ခြေရင်းမှာကျသွားတာ ဘာလဲမသိဘူး။ ကောက်ကြစမ်း"

ဆိုသည့် လက်သမားဆရာကြီး ဦးချိန် စကားကြောင့် ကျွန်တော်က ကောက်ယူကြည့်ပါသည်။ လက်သမားဆရာကြီး ဦးချိန် ခေါ်လိုက်သော မောင်ကျော် ဆိုသည်မှာ ကျွန်တော်၏အမည်ပင် ဖြစ်ပါသည်။ ကောက်ယူလိုက်သော ပစ္စည်းမှာ လက်ဝါးသာသာခန့်ရှိ အထုပ်တစ်ထုပ်ဖြစ်ဟန်ရှိပြီး အပေါ်မှ ကတ္တရာစေးများ အထပ်ထပ် သုတ်လိမ်းထားသည်ကို ကြည့်ခြင်းအားဖြင့် အတွင်းရှိ ပစ္စည်းအား ရေဝင်၍ မပျက်စီးစေရန် စီမံထားပုံရပါသည်။

ဆရာတော်လည်း ဥရုတိုင်ခြေရင်းမှ ပစ္စည်းတစ်ခုရသည်ကြား၍ ကြွရောက်လာပါသည်။ ကတ္တရာစေး အထပ်ထပ်သုတ်လိမ်းထားသော အဆိုပါ အထုပ်ကလေးအား ဆရာတော်ထံ ကပ်လိုက်ပါသည်။ ဆရာတော်သည် ခေတ္တမျှသာ ကြည့်ကာ-

"ရော့- ဒကာကြီးဦးချိန် ဖွင့်ကြည့်စမ်း"

ဟု ဆိုကာ ဦးချိန်သို့ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ လုပ်အားပေးရောက်နေကြသူများအားလုံးပင် ဦးချိန်အနားတွင် ဝိုင်းအုံကြည့်နေကြပါသည်။ သုတ်လိမ်းထားသော ကတ္တရာစေးများကို ဆောက်ဖြင့်ခွာချလိုက်ရာ အတွင်းမှ ပိုးထည်စဖြင့် ရစ်ပတ်ထားသော အရာဝတ္ထုတစ်ခု ပေါ်လာသဖြင့် ရစ်ပတ်ထားသော ပိုးစများကို ဖြေရပြန်ပါသည်။ ပိုးစကုန်သောအချိန်တွင် အတွင်းမှ မိုင်းကိုင်ရှမ်းစက္ကူပတ်ထားသည်ကို ဆက်ခွာရာ ပေါ်ထွက်လာသည့်အရာမှာ အနံ (၂) လက်မ၊ အလျား (၅) လက်မခန့်ရှိ ကြေးပြားပုရပိုက် ဖြစ်နေသည်။ ဦးချိန်သည် ကြေးပုရပိုက်ကို မျက်လုံးနားကပ်ကြည့်၊ ခွာကြည့် လုပ်ရင်းမှ-

"ရော့- ကောင်လေး၊ ငါ့မျက်လုံး မသဲကွဲဘူး။ မင်းဖတ်စမ်း"

ဟု ဆိုကာ ကျွန်တော့်ကိုဖတ်ခိုင်းပါသည်။ ဖတ်ကြည့်သောအခါ-

*'ဥရှုတိုင်လဲမည့်မြောက်ဖျား*
*ထန်းပင်နား တဖူးပွင့်ငုံ*
*ဂဠုန်လက်သည်းရုံ၊*
*ထိုချုံကိုရှင်းကာတူး*
*တွေ့လိမ့်စဉ် ကြုတ်ဘူး*
*ကြုတ်ဘူးထဲမှ ရွှေဒင်္ဂါး*
*ဇရပ်ပြင်ဖို့ထား။*
*ဇရပ်မပြင် သင်စားလျှင်*
*လောဟကုမ္ဘီသွားဖို့ပင်*
*ဆင်ခြင်စဉ်းစား သတိထား*
*ရွက်ဆောင်နိုင်စေသား'*
*(ဇရပ်ဒကာ မောင်ကံသာ)*

ဟု ပါရှိပါသည်။

ကျွန်တော်၏ စာဖတ်သံ ဆုံးသွားသောအခါ လုပ်အားပေးသူများ တီးတိုးတီးတိုးဖြင့် သူတို့အမြင်ကို ပြောဆိုကြပါသည်။ ထိုစဉ်မှာပင် ဆရာတော်ထံမှ ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာပြီး-

"ဒကာကြီးဦးချိန်၊ ခု မောင်ကျော် ဖတ်သွားတာ ကြားရသမျှတော့ သိုက်စာပဲကွယ့်။ အေး- ဒါပေမယ့် သိုက်စာ သက်သက်မဟုတ်ဘူး၊ ဇရပ်ပြင်ဖို့မြှုပ်ခဲ့တဲ့ ရွှေဒင်္ဂါးတွေကို မိမိကိုယ်ကျိုးအသုံးပြုခဲ့ရင် လောဟကုမ္ဘိငရဲမှာကျပါစေလို့ ကျိန်စာတိုက်ခဲ့တာလည်း ပါတယ်"

ဟု မိန့်ပါသည်။

ဤတွင် ကျွန်တော်က လောဟကုမ္ဘိငရဲဆိုတာ ဘယ်လိုငရဲမျိုး ဖြစ်ပါသလဲဟု လျှောက်ထားရာ အလျား × အနံ × အမြင့် တစ်ယူဇနာစီ ရှိသော ကြေးနီပြားများ ကာရံပိတ်ဖုံး၍ အတွင်း၌ မီးလောင်တိုက်သွင်းကာ ငရဲသားတို့ ပြေးပေါက်မရှိဘဲ ခံနေရသောငရဲဖြစ်ကြောင်း ရှင်းပြသဖြင့်-

"အမလေး- မလွယ်ပါလား၊ ဒီ လောဟကုမ္ဘိငရဲတော့ မသွားပါရစေနဲ့"

ဟု ဆိုရင်း ဆရာတော် ညွှန်ပြသော ထန်းပင်နှင့်ရေတွင်းကြားမှ ဂဠုန်လက်သည်းပန်းချုံကိုကြည့်ရာ ရေတွင်းပတ်ပတ်လည်တွင် အလှစိုက်ထားသည့် ရွက်လှပန်းမျိုးစုံ၊ ခေါင်ရန်းပန်း၊ စွယ်တော်ပန်းတို့နှင့်အတူ စိုက်ထားသည့် အပင်တစ်မျိုးဖြစ်၍ အရွက်အရောင်မှာ စိမ်းဝါရောင်ဖြစ်ကာ ရွက်ဖျားများဖွာ၍ ချွန်လျက် ဂဠုန်လက်သည်းဝှက် လက်သည်းကဲ့သို့ရှိသော ပန်းပင်တစ်မျိုးဖြစ်ကြောင်း တွေ့ရပါသည်။

အလှစိုက်ထားသော ပန်းရုံဖြစ်၍ ခုတ်ထွင်ရှင်းလင်းမပစ်ဘဲ တူးဖော်၍ နေရာပြောင်းစိုက်ရန် တိုင်ပင်ကာ ဂဠုန်လက်သည်းပင်၏ပတ်လည်မှ မြေများ တူးဖော်ကြရာ 'ဝီ ဝီ ဝီ' ဟူသော အသံများ မြေထဲမှကြားရသဖြင့် တူးဖော်မှုရပ်ကာ နောက်ဆုတ်လိုက်ကြစဉ် တွင်းပေါက်မှ မြေပတူ (ပျားတူ) များ ထွက်လာကာ မြင်သမျှလူတို့ကို လိုက်တုပ်သဖြင့် ခြေဦးတည့်ရာ ပြေးကြရပါသည်။ ထိုနေ့အဖို့ လုပ်ငန်းလည်း ရပ်နားလိုက်ရပါသည်။

ညမှောင်ရီသန်းချိန်တွင် ဦးကြီးချိန်လာခေါ်သောကြောင့် ကျွန်တော်နှင့် မောင်ညိုတို့ လိုက်သွားကြပါသည်။ ဆရာတော်ကျောင်း ရောက်သောအခါ ကိုရင်ဥတ္တမက ဖယောင်းတိုင်နှင့် အမွှေးတိုင်တစ်ထုပ် ပေးပါသည်။ ဦးကြီးချိန်သည် ဖယောင်းတိုင်သုံးတိုင်နှင့် အမွှေးတိုင်အချို့အား သိမ်တိုက်အတွင်းမှ ရုပ်ပွားတော်ကြီး လေးဆူရှေ့တွင် ကပ်လှူပူဇော်ပြီး ကျွန်တော်တို့ နှစ်ယောက်ပါ ငါးပါးသီလခံယူကာ ဘုရားကန်တော့ကြပါသည်။

သိမ်တိုက်ထဲမှ ထွက်ခဲ့ကြပြီး မနက်ပိုင်းက ပတူတုပ်၍ ထားခဲ့ရသော ဂဠုန်လက်သည်းရုံသို့ လာခဲ့ကြကာ ပန်းရုံဘေးနားတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထပ်မံ ထွန်းညှိပူဇော်ပြီး ပုဗ္ဗဏှသုတ်တော်မှ 'ယံဒုန္နိမိတ္တံ' ဂါထာတော် သုံးပုဒ်နှင့် ခန္ဓသုတ်ပရိတ်တော် သုံးပုဒ် ရွတ်ဆိုပူဇော်ကာ မေတ္တာပို့၍ သိုက်စာအရ ဇရပ်ပြင်ရန် ဤနေရာ၌ တူးဖော်မည်ဖြစ်၍ အနှောင့်အယှက်မပြုရန် မေတ္တာရပ်ခံပါသည်။

မနက် (၈) နာရီတွင် ယခင်နေ့က အတိုင်းပင် လုပ်အားပေးသူများသာမက သတင်းကြား၍ လာကြည့်ကြသူများပါ စုံနေပါသည်။ ဤတစ်ကြိမ်တွင် ကျွန်တော်တို့နှစ်ယောက်သာမကဘဲ ကာလသားခေါင်း အစ်ကိုကြင်ယုံပါ တူးဖော်လုပ်အားပေးမည် ဖြစ်ပါသည်။ မနေ့က ပတူများ ထွက်လာသော တွင်းပေါက်အား စမ်းသပ်သည့်အနေဖြင့် တူးရွင်းဖြင့်ခေါက်ကြည့်ရာ အတွင်းမှ မည်သည့် အသံမျှ မကြားရချေ။

"ကဲ- စကြတော့"

ဆိုသည့် ဦးကြီးချိန်ထံမှ သတိပေးသံအဆုံး ဂဠုန်လက်သည်းရုံကို တူးရွှေ့သူကရွှေ့၍ ဂဠုန်လက်သည်းရုံ၏ အောက်ခြေကို ကျွန်တော်တို့သုံးဦးက တူးကြပါသည်။ ဝိုင်းဝန်းကြည့်နေသည့် လူအုပ်ကြီးလည်း အပ်ကျသံပင်လျှင် ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်၍ မျက်တောင်မခတ်တမ်း ကြည့်နေကြပါသည်။

သုံးပေခန့်အနက်ရောက်ချိန်တွင် အုတ်နှစ်ချပ်ဖြင့် ပိတ်၍ ဒေါင်လိုက် အုတ်လေးချပ် ပတ်ဝိုင်းထားသော လုံးပတ် ဘိလပ်ရည်ပုလင်းခန့်၊ အလျားလေးလက်မ ကျော်ကျော်ရှိ စဥ့်ကြုတ်ဘူးကလေးတစ်လုံး ပေါ်ထွက်လာပါသည်။ ထိုစဥ့် ကြုတ်ဘူးလေးကို ဦးကြီးချိန်လက်သို့ ပေးလိုက်ပါသည်။

စဥ့်ကြုတ်ဘူးအဖုံးကို ဘိလပ်မြေတို့ဖြင့် မံ၍ ပိတ်ထားသဖြင့် အလွယ်တကူဖွင့်မရပါ။ သို့ဖြင့် ပဲခွပ်အနှောင့်ဖြင့် ခပ်ဆတ်ဆတ်ထုခွဲလိုက်ရာ အတွင်းမှ ရွှေဒင်္ဂါးပြားများ ကျလာပါသည်။

ဝိုင်းကြည့်နေသည့် ပရိသတ်ကြီးမှ-

"ဟေး. . . အောင်ပြီကွ"

ဟု ကြွေးကြော်သံကြီး ဆူညံသွားပါတော့သည်။ အရောင်တလက်လက် တောက်ပနေသည့် ရွှေဒင်္ဂါး(၁၀) ပြားတိတိ ဖြစ်ပါသည်။

ထိုနေ့မှသည် နောက်ထပ်လေးလကြာသောအချိန်တွင် မူလနေရာ၌ ခမ်းနားထည်ဝါသော ဇရပ်အသစ်ကြီး တစ်ဆောင်ကို လူအပေါင်းတို့ တွေ့မြင်ရှုမော၍ သာဓုခေါ်ကြရပါသတည်း။

ခတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်လော သတင်းဂျာနယ်တွေထဲမှာ လူတွေရဲ့အကျင့်စာရိတ္တနှင့် ပတ်သက်ပြီး အရေးများလာကြသည်ကို တွေ့ရသည်။ လူမှုရှုထောင့်၊ ဥပဒေရှုထောင့် စသည့် ဘက်ပေါင်းစုံ အမည်အမျိုးမျိုးတပ်ပြီး ရေးနေကြ၏။ အဓိကကတော့ ကိုယ်ကျင့်တရားတွေ ဖြောင့်မတ်ရေးအတွက် ပြုပြင်ရေးစာပေများ ဖြစ်ကြသည်။

အရှေ့၊ အနောက် နှံ့စပ်သည့် ဆရာများက ခေတ်မီအတွေးများဖြင့် ရေးသားတင်ပြကြသလို ဓမ္မနွယ်သည့် ဆရာများက ဓမ္မအကြောင်းအရာများဖြင့် ဝေဝေဆာဆာ ရေးသားတင်ပြကြသည်။ ဖတ်စရာ၊ မှတ်စရာတွေများလာသဖြင့် ဖတ်ရ၊ မှတ်ရသလို ရှောင်ရန်၊ ဆောင်ရန်တွေလည်း များလာသည်။ ယခင်က သိသလိုရှိသည်များ ပိုပြီး သဲသဲကွဲကွဲသိလာရသဖြင့်လည်း ဆရာများကို အထူး ကျေးဇူးတင်မိပါသည်။

ခက်တာက သိတာတခြား၊ ကျင့်သုံးတာကတခြား ဖြစ်နေကြတာက များနေ၏။ အသိနဲ့အကျင့် တစ်ထပ်တည်း မကျတာတွေက စိတ်အထင် ရာခိုင်နှုန်း (၉၀) ကျော်မည် ထင်သည်။ (၁၀) ရာခိုင်နှုန်းမှာလည်း လူပုဂ္ဂိုလ်ထဲက အတော်နည်းမည် ထင်ပါသည်။

၁၃-၆-၂၀၁၂ Weekly Eleven ထဲက စာမျက်နှာ (၁၀) မှာပါတဲ့ ကာတွန်းလေးတစ်ခုတွင် ရေအိုးစင်က ရေခွက် သံကြိုးချည်ထားတာကို ဆရာက ထိထိမိမိလေး လှောင်ပြောင် ရေးဆွဲထားတာကို တွေ့ရသည်။ ကျွန်တော်ငယ်စဉ်က အတိတ်အကြောင်းအရာလေးတစ်ခု၊ ယနေ့ထိ ရင်ထဲစွဲနေတဲ့အကြောင်းအရာလေး မြင်ယောင်လာပါသည်။

၁၉၇၀ ပြည့်ဝန်းကျင်ခန့် မန္တလေးတွင်ရှိစဉ် ဟံသာဝတီသတင်းစာတိုက်က (၈၄) လမ်းတွင် ရှိပါသည်။ စနေနေ့တိုင်း နေ့လယ် (၁) နာရီတွင် စနေစာပေဝိုင်း ရှိသည်။ မည်သူမဆို တက်ရောက်နားထောင်နိုင်၏။ တက်ရောက်နားထောင်သူများကို လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ်တို့ဖြင့် ဧည့်ခံသည်။

ကျွန်တော်တို့က လူငယ်တွေ။ အရိုးသားဆုံးဝန်ခံရရင် ဧည့်ခံကျွေးမွေးတာကို စားချင်လို့ စနေနေ့တိုင်းလိုလို တက်ရောက် နားထောင်ဖြစ်၏။ ဟောပြောဆွေးနွေးကြသည့်ဆရာတွေက အများကြီး။ မှတ်မိသလောက် ဆရာကြီး လူထုဦးလှ၊ အမေ ဒေါ်အမာ၊ မောင်စွမ်းရည်၊ နှင်းဦး၊ ရွှေမင်းသားကံချွန်၊ . . . များတော့အများကြီး။ အသိနဲ့အကျင့်တစ်ထပ်တည်း မကျသူမို့ မမှတ်မိတော့ပါ။ နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်ပါသည်။

ထိုစဉ်က ဦးဆောင် ဟောပြောသည့် ဆရာများကို အခုမှ ကျေးဇူးတင်ရကောင်းမှန်း သိပါသည်။

စနေတစ်ရက် ဖြစ်ပါသည်။

ဖောက်သည်ချ ဆွေးနွေးသည့် ဆရာကို မမှတ်မိသော်လည်း ထိုဆရာပြောသွားသည့်အထဲမှ အဘိုး သခင်ကိုယ်တော်မှိုင်းပြောသည့် ဆရာ့စကားကိုတော့မှတ်မိနေပါသည်။ အဘိုးပြောသည့်စကားက 'မှတ်ထားကွ၊ တို့မြန်မာပြည် နေရာအနှံ့မှာရှိနေတဲ့ လမ်းဘေးရေချမ်းစင်က ရေအိုး၊ ရေခွက်၊ အဖုံးတွေ သံကြိုးချည်၊ သော့ခတ်လွတ်တဲ့နေ့ တို့မြန်မာပြည် တိုးတက်ပြီ' ဟူ၍ ဖြစ်သည်။

ယနေ့အခါမှာ ကမ္ဘာ့နိုင်ငံအတော်များများတွင် လမ်းဘေး သတင်းစာဆိုင်များတွင် အရောင်းဈေးသည်မရှိသော်လည်း ကျွန်တော်တို့နိုင်ငံအနှံ့အပြားက ရေအိုးစင်တွေမှာ သံကြိုးချည်၊ သော့ခတ် မလွတ်သေးပါ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေက ဟိုးလွန်ခဲ့သည့် အနှစ် (၅၀) လောက်ကနှင့်စာလျှင် အံ့မခန်း တိုးတက်ခေတ်မီလာသော်လည်း စိတ်ပိုင်းဆိုင်ရာတွေကတော့ နိမ့်ကျဆဲဟု (ကျွန်တော်တစ်ဦးတည်းအမြင်) ထင်သည်။

နိမ့်ကျမှုမရှိလျှင် ဥပဒေနှင့်မည်သို့တဲ့ အဂတိလိုက်စားကာ စီရင်ချက်ချမှတ်သည့် တရားသူကြီးများအား ထိရောက်စွာအရေးယူနိုင်မည့် ဥပဒေတွေ ရေးဆွဲရန်မလိုဟု ထင်သည်။ ကလေးဆန်လျှင် ခွင့်လွှတ်ပါ။ တရားသူကြီးတွေအားလုံး ပေါင်ချိန်တွေချည်းဆိုလျှင် ရေးဆွဲနေသည့်ဥပဒေသည် ထွက်လာစရာမရှိဟု ထင်သည်။


ကျွန်တော် ငယ်စဉ်" ကန်နား ကျောင်းသားဘဝတွင် ဆရာကြီးဦးအေးဆောင် (ပျဉ်းမနားအေးဆောင်)၏သား ကိုကြီး၊ ကိုလေးနှင့် ဘီအိုစီ ကိုကြီး၊ ကိုလေးဟု ညီအစ်ကို နှစ်တွဲရှိသည်။ ဘီအိုစီ ကိုကြီး၊ ကိုလေးတို့ညီအစ်ကိုတွင် အငယ် ကိုလေးသည် အစအနောက် အလွန်သန်သည်။ သူစ၍ ကျောင်းသူလေးတွေ ခဏခဏ ငိုရသည်။ ဆရာကိုတိုင်၍ ရိုက်လည်း အမှတ်မရှိ၊ နောက်မြဲ စ, မြဲပင်။ သူ အစအနောက်သန်၍လည်း ကျွန်တော် သူနဲ့ မတွဲဖြစ်ပါ။ သူငယ်ချင်းအဆင့်ထက် မပိုခဲ့။ တစ်နည်းအားဖြင့် အရပ်စကားပြောရလျှင် အပေါင်းအသင်းမလုပ်ခဲ့ပါ။

၁၉၈၈ ခုနှစ်၏ နေ့တစ်နေ့ ဖြစ်သည်။ ကျွန်တော့်အိမ်က သံရေအိုးစင်လေး ဒေါက်တစ်ဖက်ပြုတ်သွားသဖြင့် ဂဟေဆော်ရန် အလုပ်ပေါ်လာ၏။ ဆိုင်တွေသွားပြတော့ (၁၀၀၀)'



ဝင်းသိန်း(နေပြည်တော်)

တစ်သိန်းထဲက တစ်





www.burmeseclassic.com

www.burmeseclassic.com

တောင်းသည်။ ဂဟေအခေါ် Spot[illegible] သာလို၍ (၁၀၀၀) မတန်ဟု ထင်သည်၊ ဒီလိုနှင့် ယခု မြို့ရဲ့အထင်ကရ [illegible]ချုပ်ကြီး၏ တောင်ဘက်လမ်းဘေးရှိ [illegible]ဦးတွင်/သံဂဟေ' ဆိုင်ကို ပြုကြည့်[illegible] (၅၀၀) တွောင်းသည်။ ကျေနပ်[illegible] ပြင်ခိုင်းပါသည်။

ထိုစဉ် အလုပ်ရှင်၏အလုပ်စားပွဲ[illegible]တည့်တည့် White Board ပေါ်[illegible] ရေးထားသည့် စာတန်းကလေးက ကျွန်တော့်ကို အသိမှန်၊ အမြင်မှန်တစ်ခု [illegible]ပါသည်။ ထိုစာတန်းကြောင့်လည်း အလုပ်ရှင်ကို လေးစားမိပါသည်။ အလုပ်ရှင်ကတော့ အပြင်သွား၍ မရှိပါ။ [illegible]ထားသည့်စာက-

'*ကျွန်တော်တို့တွေ အူမတောင့်ဖို့အတွက် ဥပုသ်နေ့တိုင်း ဆိုင်ပိတ်ပါသည်'*

ကျွန်တော့်အလုပ်ပြီးသွားလို့ ပိုက်[illegible]နေချိန်မှာ အလုပ်ရှင်ရောက်လာပါသည်။ လုပ်ငန်း (အလုပ်) အခြေအနေကိုကြည့်ပြီး (၅၀၀) တောင်းသည့် [illegible] ယူသည်။ သူ့တပည့်ကို ပြောသည့်အထဲတွင် 'ဒါမျိုးက ဂဟေချောင်း အတိုအစနဲ့ဆော်ရင်ရတယ်။ မီတာခထက် နည်းနည်းပိုရရင် တော်ပြီ' တဲ့။

ကျွန်တော် ဆိုင်ရှင် (အလုပ်ရှင်) ကို ရဲရဲမကြည့်ရဲသလို မည်သူမည်ဝါလို့လည်း ပြောမထွက်ခဲ့ပါ။ ကျေးဇူးတင်ကြောင်းသာပြောပြီး ပြန်ခဲ့သည်။ ထိုအလုပ်ရှင်သည် တခြားလူ မဟုတ်ပါ။ ကျွန်တော် အပေါင်းအသင်း မလုပ်ခဲ့သည့် ဘီအိုစီကိုလေး (ဦးကိုလေး) ဖြစ်ပါသည်။

ယခု အများသိသည့် စာပေနယ်မှ တစ်တိုင်းပြည်လုံးသိအောင် တောင်းပန်ပါသည်။ ငယ်တုန်းက ကျွန်တော် အထင်မကြီးခဲ့သည့် သူငယ်ချင်း ကိုလေးရေ၊ မင်း ငါ့ထက် စိတ်ပိုင်းဆိုင်ရာအဆင့် ကိုယ်ကျင့်တရားတွေ အများကြီးသာလွန်းလို့ မင်းအပေါ် အထင်မှားခဲ့တာတွေကို ကျေနပ် ခွင့်လွှတ်ပေးပါ။ မင်းရေးထားတဲ့ စာတန်းကလေးနဲ့ မင်းရဲ့လုပ်ရပ်တွေကို ဂုဏ်ယူပါတယ်။ ဝမ်း[illegible] သူငယ်ချင်း အောင်မြင်ပါစေ။

အခုနောက်ပိုင်းကျမှ ဆရာ အတော်များများက ရေးလာ၊ ပြောလာကြသည့် 'အူမတောင့်မှ သီလစောင့်မည်' ဟူသော စကားသည် မလျော်ကန်ကြောင်း၊ 'သီလစောင့်မှသာ အူမတောင့်မည်' ဟု ဘာသာရေးအမြင်မှန်ကို ဆိုလာပါသည်။ တစ်ခုတော့ရှိသည်၊ ထိုစဉ်က ပါတီကြီး၏ ကျွန်ုပ်တို့ယုံကြည်ချက်ကြောင့် မရေးကြ၊ မပြောကြတာလည်း ဖြစ်နိုင်သည်။ ဘာပဲပြောပြော၊ ကျွန်တော့်ကို ဦးစွာ အမြင်မှန်ပေးသူကတော့ သူငယ်ချင်း ဦးကိုလေးသာလျှင် ဖြစ်သည်။

ကျွန်တော့်အသက် တတိယအရွယ်သို့ရောက်လာသော်လည်း ယနေ့ထိတော့ အသိနဲ့အကျင့် ထပ်တူမကျသေးပါ။ စာဖတ်တာဝါသနာပါသဖြင့် စာအသိတွေ တော်တော်များလာပြီဟု ထင်သည်။ စာအသိတွေ ဘယ်လောက်ပဲ တိုးလာ တိုးလာ၊ အကျင့်နဲ့လိုက်နာမှုက ကွာဟချက် ကြီးမားနေဆဲ ဖြစ်သည်။

ယနေ့အချိန်အထိ အကျင့်တရားနှင့်ပတ်သက်လာလျှင် လုံး၀ (လုံး၀) လိုက်မမီသေးသူတစ်ဦး ရှိခဲ့ဖူးသည်။





www.burmeseclassic.com

www.burmeseclassic.com

သက်ရှိထင်ရှားမရှိတော့၍ ရှိခဲ့ဖူးသည်ဆိုခြင်း ဖြစ်သည်။ သူက ကျွန်တော်နှင့် မယားညီအစ်ကိုတော်သည့် တပ်ကြပ်ကြီးဟောင်း ဦးမာဒင် ဖြစ်သည်။ ကျွန်တော့်ထက်ကြီး၍ လည်းကောင်း၊ မန္တလေးတွင် အနေကြာခဲ့၍ လည်းကောင်း သူ့ကို 'လေးလေး' လို့ ခေါ်သည်။ ကျွန်တော်သိသလောက်၊ ကြုံခဲ့ရသလောက် သူ့အကြောင်းတွေကို ဆွဲထုတ်ပေးပါမည်။

◎

လေးလေး၏မိသားစု စီးပွားရေးသည် မြင်းလှည်းထောင်ထားပြီး မြင်းလှည်းမောင်းသည်။ မြင်းလှည်းကို (၅) နာရီခန့်တွင် စ,ထွက်ပြီး ည (၁၀) နာရီ၊ (၁၁) နာရီဝန်းကျင် ပြန်သိမ်းသည်။ နေ့ခင်းတွင် ရပ်ကွက်သမဝါယမဆိုင်ဥက္ကဋ္ဌ တာဝန်ယူထားသည်။ ခေတ်အလျောက် ပါကီ/ကောင်စီတွင်လည်း အရေးပါသူ တစ်ယောက် ဖြစ်သည်။

ဖြစ်စဉ် (၁)- လေးလေး၏ သမဝါယမစာအုပ်မှ အထက်ဆင့် (အမျိုးသမီးထဘီ အထက် ဆင့်တပ်ထားသော အထည်စ) တစ်စ မဲပေါက်သည်။ ညနေဆိုင်သိမ်း ပြန်လာတော့ ထိုခေတ်က စတားဖြစ်သည့် ကာလတန်ကြေး (၁၀) ကျပ် ဝန်းကျင်ရှိ ပါတိတ်ထဘီကို တွေ့သည်။ ဆိုင်တာဝန်ခံကပေး၍ ဇနီးဖြစ်သူက ယူလာကြောင်း သိရ၏။ ချက်ချင်း ထဘီကို ခါးကြားထိုး၊ အကျီနဲ့ဖုံးဝတ်ပြီး ဆိုင်ပြန်သွားသည်။ အမှုဆောင်အားလုံးကို အရေးပေါ်အစည်းအဝေးခေါ်သည်။ လူစုံ၍ အစည်းအဝေးစ,တော့မှ ခါးကြားမှ ပါတိတ်ထဘီကို စားပွဲပေါ် တင်ပြီး ပွဲကြမ်းပါတော့သည်။ ထိုထဘီကို လုံးဝ မယူပါ။ မဲနှိုက်ပြီး ပေါက်သူကိုသာ ပေးစေပါသည်။

ဖြစ်စဉ် (၂)- ကလေးမိခင် နှစ်ယောက်လျှင် ကလေးသုံးပေါင်ဒါ တစ်ဘူးရသည်။ ကျွန်တော်က လေးလေးထံ ဂိုင်အိုလက်တစ်ဘူးတောင်းရာ 'ဟ- ကိုယ့်အမျိုးအရင်းကြီးပဲ၊ ရောင်းပေးမှာပေါ့' လို့ ပြောတဲ့အတွက် ဆိုင်သွားထုတ်တော့ 'နို့စို့ဖက်တစ်ဦး ရှာခဲ့ဦးလေ၊ ပေါင်ဒါက ခွဲမှမရောင်းဘဲ' လို့ ပြောလွှတ်သည်။ ကျွန်တော်က အကျင့်မမီသူဆိုတော့ စိတ်ဆိုးတာပေါ့။

ဖြစ်စဉ် (၃)- စာတစ်အုပ် ရေနံဆီ ဒဖြူ (၁၅) ကျပ်သား ရောင်းသည်။ ရပ်ကွက်ထဲ လူကြီးတစ်ယောက်၏ဇနီးက (ကလေးလွှတ်၍) ရေနံဆီ တစ်ဂါလန် လာထုတ်သည်။ (၁၅) ကျပ်သား ရောင်းကြောင်းပြော၍ ကလေးက ပြန်သွားသည်။ နောက်မကြာပါ၊ ကလေးက ပြန်လာပြီး 'မေမေက ရေနံဆီတစ်ဂါလန် ရောင်းပါ' လို့ ပြောသည်။ လေးလေး ဘာလုပ်မည် ထင်ပါသလဲ။ 'သား ခဏစောင့်နော်' လို့ပြောပြီး သ/မ ဥက္ကဋ္ဌအဖြစ်မှ နှုတ်ထွက်စာကို ရေးသည်။ ထိုကလေးနှင့်ပေးလွှတ်ပြီး ဆိုင်ပိတ်၍ အိမ်ပြန်သွားသည်။ ဖအေလုပ်သူ လူကြီးက တောင်းပန်မှ ဆက်လုပ်သည်။

ဖြစ်စဉ် (၄)- ထိုစဉ်က ရပ်ကွက် သ/မ ဆိုင်များကို တစ်နှစ်တစ်ခါ စာရင်းစစ်သည်။ အစားအသောက်တို့ဖြင့် ဧည့်ခံရသည်။ ကျွန်တော့်လေးလေး လုပ်ပုံက ဆိုင်တာဝန်ခံကို ပိုက်ဆံ တစ်မတ်ထုတ်ပေးပြီး 'တိုးနယားလက်ဖက်ခြောက်တစ်ထုပ်ဝယ်ပြီး ရေနွေးတည် တိုက်ပါ၊ အမှားအယွင်းရှိရင် ရဲခေါ်ပြီး အိမ်လာဖမ်းလှည့်၊ ငါ အိမ်မှာရှိမယ်' ဆိုပြီး အိမ်ပြန်နေပါသည်။ စာရင်းစစ်ဆေးမှုမပြီးမချင်း ဆိုင်ဘက်ကို လုံးဝ ခြေဦးမလှည့်ပါ။

ဖြစ်စဉ် (၅)- လေးလေးတို့အိမ်သည် ဟင်းကောင်း အင်မတန်စားရခဲသည်။ မြင်းလှည်းမောင်းသည့်ဝင်ငွေက မလောက်ငပါ။ ထိုစဉ်က ကျွန်တော်လည်း မြင်းလှည်းသမား။ လှည်းမောင်းထွက်ချိန် မတိမ်းမယိမ်းဖြစ်သော်လည်း အိမ်ပြန်ချိန် ကျွန်တော်က အမြဲစောသည်။ ထိုအချိန်က မြင်းလှည်းမောင်း၍ တစ်နေ့ဝင်ငွေ (၃၀)၊ (၃၅) ကျပ်လောက်ရလျှင် မိသားစုအတွက် လုံလောက်၏။ မြင်းစာအဖြစ် တစ်နေ့ မြက် (၂) ကျပ်ဖိုး၊ စပါးတစ်ပြည် ပြား (၆၀) ဆိုတော့ စပါးနှစ်ပြည် (၁)ကျပ် (၂၀) ပြား၊ မြင်းသံခွာတစ်လုံးမှ (၁) ကျပ် ဖြစ်သည်။ ဆိုင်ထုတ်ဆန်တစ်ပြည် (၆၅) ပြား၊ အပြင်ဈေးက (၁)ကျပ် (၁၅) ပြား၊ ဆီတစ်ပိဿာ (၅) ကျပ်ခန့်ဖြစ်၍ လောက်ငအောင် စားဖြစ်ပါသည်။ ဒါပေမယ့် လေးလေး မြင်းလှည်းမောင်းတာက တစ်လမှာ (၁၀) ရက်လောက်က ဈေးဦးမပေါက်ပါ။ ဈေးဦးပေါက်သည့်ရက် (၂၀) ကလည်း တစ်နေ့ရလှလျှင် (၅)ကျပ်၊ (၁၀) ကျပ်ထက် မပိုပါ။

ဈေးဦးမပေါက်ရသည့် သူ့ရဲ့ကိုယ်ကျင့်တရားကို ကြည့်ရအောင်။

ကျွန်တော်တို့ မြင်းလှည်းသမားတွေက အော်ဒါငှားရင် ပါစင်ဂျာရဲ့အခြေအနေကိုကြည့်ပြီး တောင်းတာ။ မြို့ထဲကနေ ပင်မ (မြို့မြောက်ဘက် ဘဲကုန်းရွာအနီးရှိ သစ်လုပ်ငန်း၏ ပင်မစက်ပြင်ရုံ) ကို ညဘက်ဆိုလျှင် အနည်းဆုံး (၅) ကျပ်မှမရလျှင် မပို့ပါ။ အခြေအနေကြည့်ပြီး ရသလိုတောင်းတာ။

တစ်နေ့ ဘဏ်ဂိတ်တွင် (ယခုခေတ်သစ် အိမ်ဆောက်ပစ္စည်းဆိုင်) ကျွန်တော်နှင့် လေးလေး လှည်းနှစ်စီးပဲ ရှိသည်။ ည (၈) နာရီခန့် ရှိမည်ထင်သည်၊ ခရီးဝေးပြန် ပါစင်ဂျာနှစ်ဦးနဲ့ လေးလေး ဈေးစကားပြောသည်။ ပါစင်ဂျာနှစ်ဦး ကျွန်တော့်ထံရောက်လာ၏။

"ပင်မ ဘယ်လောက်လဲ"

"ဂိတ်ဝဆိုလျှင် (၇) ကျပ်၊ လိုင်းခန်းထဲဆိုလျှင် (၁၀)"

"မများဘူးလား"

"ညဈေးပုံမှန်ပါပဲ"

ကျွန်တော်နှင့် ဈေးအဆင်မပြေသဖြင့် လေးလေးထံ ပြန်သွားသည်။ လေးလေးနဲ့ အဆင်မပြေ၍ ကျွန်တော့်ထံပြန်လာပြီး (၁၀)ကျပ်ဖြင့် ပင်မလိုင်းထဲ လိုက်ပို့ရပါသည်။

လေးလေးသည် ကျွန်တော်တို့နှင့် မတူ။ ရသင့်တာထက် လျှော့ပြီးယူတတ်သူ ဖြစ်သည်။ လျှော့ယူထားပါလျက် များသည်ထင်လျှင် မကြိုက်ပါ။ ထိုနေ့ကဖြစ်စဉ်တွင် ပင်မဂိတ်ဝထိ (၃) ကျပ်၊ လိုင်းထဲပို့ရလျှင် (၅) ကျပ် တောင်း၏။ ခရီးသည် ပါစင်ဂျာက များသည်ထင်ပြီး ကျွန်တော့်ဆီ ရောက်လာသည်။ ကျွန်တော်က (၇)ကျပ်၊ (၁၀)ကျပ်တောင်းတော့ များမှန်းသိ၍ လေးလေးဆီပြန်သွားပြီး လိုက်ပို့ပါ ပြောတော့-

"ကျွန်တော် လှည်းမအားပါဘူးဗျာ၊ အဆင်ပြေတဲ့လှည်းတစ်စီး ငှားသွားပါ"

"ဟာ- ဦးလေးကလည်း ဘယ်သူမှမရှိဘဲ။ လိုက်ပို့ပါ၊ (၂) ကျပ် ပိုပေးပါ့မယ်"

"ဟုတ်ကဲ့၊ အားနာပါတယ် ခင်ဗျာ။ လှည်းက လုံးဝ မအားတော့လို့ပါ"

ကဲ- ကျွန်တော့်လေးလေး ဈေးဦးမပေါက်တာ သိပြီနော်။

ဖြစ်စဉ် (၆)- တစ်နေ့သား ည (၁၂) နာရီလောက် လေးလေး မြင်းလှည်းသိမ်းပြီးပြန်လာသည်။ (၈၅) သံတံတား တောင်ဘက်ထိပ်တွင် အဝေးပြေးကားတစ်စီးမှ ကျကျန်နေတဲ့ ဆန်တစ်အိတ်တွေ့၍ တစ်ယောက်တည်း မနိုင်မနင်းနဲ့ မြင်းလှည်းပေါ် တင်ပါသည်။ ပြီးတော့ ရွာကောက်ကောင်စီရုံးတွင် အပ်နှံပါသည်။ ထိုစဉ်က ရွာကောက်ကောင်စီဥက္ကဋ္ဌသည် ဦးစိန်မြင့် ဖြစ်သည်။ လေးလေးအကြောင်းသိသူမို့ ရုံးရှေ့တွင် သင်ပုန်းစာရေးပြီး ကြေညာသည်။ တစ်လကျော်လည်း ပိုင်ရှင်မပေါ်ပါ။

ပိုင်ရှင်မပေါ်သည့်အတွက် ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com

ဆန်အိတ်ကိုယူရန် ပြောသော်လည်း ယူပါ။ ဥက္ကဋ္ဌကို အပ်ထားပြီးဖြစ်၍ ကြိုက်သလို စီမံခန့်ခွဲရန် ပြောသည်။ နောက်ဆုံး ဥက္ကဋ္ဌ (ဦးစိန်မြင့်) မှ ဆိုက်ကားခ (၂) ကျပ်စိုက်ပြီး ဗိုက်အာဏာ နင့်ပို့လိုက်မှသာ အိမ်သို့ရောက်ပါသည်။

ဖြစ်စဉ် (၇)- လေးလေး တပ်မတော်ထဲဝင်တာက မျိုးချစ်စိတ်အပြည့်နဲ့ဝင်တာ။ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသည်။ စံပြတွေ အလီလီရသည်။ တပ်ထဲရောက်စ, တစ်ရက်မှာ မသိ၍ အမှားတစ်ခု ကျူးလွန်မိသည်။ သူ့အထက်အရာရှိက မကျေနပ်။ မိမိအမှားအတွက် တောင်းပန်နေသည့်ကြားက သတိဆွဲစေကာ ပါးနားရိုက်သည်။ လေးလေးမှာက နာကြည်းမှုတစ်ခု ရှိသည်။ ဂျပန်တွေက မြန်မာအမျိုးသား၊ အမျိုးသမီးတွေကို ပါးနားရိုက်တာ လုံးဝ မကြိုက်။ လူလူချင်း ပါးနားရိုက်တာကို ရိုင်းပျသည့် အပြုအမူလို့ မြင်ထားသူ။ အခု ကိုယ်တိုင်ခံရတော့ ဘာပြောကောင်းမလဲ၊ သူ့အထက်အရာရှိကို ပြန်ထိုးပါလေရော။ သည့်အတွက် ရသည့်ဆုလဒ်က ကွာဘားတစ်ပတ်ချခံရသည်။

နောက် မကြာဘူး၊ မြန်မာပြည် အရှေ့မြောက်ဘက်ကို စစ်ဆင်ရေးတာဝန်ကျသည်။ ရှေ့တန်းလည်းရောက်ရော သူ့အထက်အရာရှိကို စက်ကလေးနဲ့ ရင်ဘတ်ထောက်ပြီး အပြန်အလှန်ပစ်စိန်ခေါ်သည်။ တစ်ဖက်အရာရှိကလည်း အငြိုးအတေးမထားတတ်သူတစ်ယောက်၊ တစ်ဖက်ကလည်း တိုင်းပြည်ချစ်လို့ တပ်ထဲဝင်လာသူတစ်ယောက်။

သည့်အတွက်လည်း နားလည်မှုတွေရပြီး ဆရာ၊ တပည့် ချစ်သွားလိုက်ကြတာ သူ့အသက်ကိုယ်ကယ်၊ ကိုယ့်အသက်သူကယ်နဲ့ အချင်းချင်း အပြန်အလှန် အသက်သခင်တွေ ဖြစ်သွားကြ၏။ လေးလေး တပ်ကထွက်လာတော့ ဆရာက တပ်ထဲမှာကျန်နေခဲ့ပြီး နောက်ဆုံး ဝန်ကြီးအဆင့်ထိ ရောက်သည်။

နေပြည်တော် ပျဉ်းမနားမှာရှိတဲ့ စစ်ပြန်/စစ်မှုထမ်းတွေနဲ့ ဝန်ကြီး လာတွေ့သည်။ ထိုစဉ်က အခွန်ကောက်လုပ်ငန်းများ (ဈေးကောက်လုပ်ငန်း၊ ဆက်ဘီးအပ်နှံလုပ်ငန်း၊ သားသတ်လုပ်ငန်း စသည့်) တော်တော်များများကို စစ်ပြန်/စစ်မှုထမ်းအဖွဲ့က လိုင်စင်ရသည်။ တပည့်ဖြစ်သူ မြင်းလှည်းမောင်းပြီး ဆင်းရဲနေတာတွေ့၍ ထိုအဖွဲ့ထဲတွင် တစ်နေရာ ဝင်ရောက်လုပ်ကိုင်ရန် ကြားဝင်ဆောင်ရွက်ပေးသည်။ ကျွန်တော့်လေးလေးအဖြေက တပ်မတော်သားထုံးစံအတိုင်း သတိဆွဲ အလေးပြုပြီး-

"ဗိုလ်ချုပ်စေတနာကို လေးစားပါသည်။ ဒါပေမယ့် ကျွန်တော် မြင်းလှည်းပဲမောင်းပါမည်"

ဖြစ်စဉ် (၈)- ရပ်ကွက်သ/မ အသင်းဆိုင်များအတွက် ခွဲတမ်းတွင် သွားထုတ်ကြရသည်။ ထိုစဉ်က အလွယ်ဆုံးယာဉ်သည် မြင်းလှည်းသာရှိ၍ မြင်းလှည်းများနှင့် သယ်ထုတ်ကြရသည်။ သ/မ ဥက္ကဋ္ဌတွင် မြင်းလှည်းရှိ၍ အစစအဆင်ပြေမည် ဖြစ်သော်လည်း လေးလေး ဥက္ကဋ္ဌသက်တမ်းတစ်လျှောက်လုံး သူ့မြင်းလှည်းကို (လုံးဝ) မသုံးစွဲခဲ့ပါ။ ကြုံရာမြင်းလှည်းကိုသာ ငှားရမ်းအသုံးပြုခဲ့သည်။ အထင်လွဲမှာကို အလျှင်းရှောင်ခဲ့သည်။ သူ့စိတ်ဓာတ်နှင့်လုပ်ရပ်ကို သဘောကျ၍ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဥက္ကဋ္ဌပြန်ခန့်သည်။ လေးလေး၏တုံ့ပြန်ချက်က-

"စားသုံးသူ အားလုံးကို ကျေးဇူးအထူး တင်ပါသည်။ ဒါပေသည့် ကျွန်တော့်ထက် သိနားလည်သူကို ရွေးကောက်စေချင်ပါသည်။ ကျွန်တော်ကတော့ မိသားစုစားဝတ်နေရေးအတွက် မြင်းလှည်းမောင်းခွင့်ပြုပါရန် အလေးအနက် တောင်းပန်ပါသည် ခင်ဗျာ"

❂

လေးလေးသည် သူ့ဘဝတစ်လျှောက်လုံး အသိနဲ့အကျင့်ကို တစ်ထပ်တည်းကျအောင် နေထိုင်သွားခဲ့ပါသည်။ သူ့ရဲ့လက်သုံးဆောင်ပုဒ်ကလည်း အတော်ရှားသည့် ဆောင်ပုဒ် ဖြစ်သည်။ 'ဘဝတွင် စိတ်ကောင်းမှတစ်ပါး မိတ်ကောင်း မရှိပါ' တဲ့။ ကျွန်တော့်ကို အသိပေးပြောကြားခဲ့သည့် စကားတစ်ခွန်းကလည်း လူသားအဖွဲ့အစည်းများအတွက် ဘယ်တော့မှ မရိုးနိုင်သည့် စကားတစ်ခွန်းဖြစ်သည့်-

'ဘယ်နေရာရောက်ရောက် မင်းသိထားရမှာက အသင်းအပင်း၊ အဖွဲ့အစည်းတစ်ခုအတွက် ခေါင်းဆောင်တစ်ယောက် ရွေးတော့မယ်ဆိုရင် အဲဒီခေါင်းဆောင်က (၁) လူကြီးရောဂါမရှိရဘူး၊ (၂) သူငယ်နာရောဂါလည်း မရှိရဘူး။

လူကြီးရောဂါရှိသူဆိုတာ နေရာမက်တဲ့လူစားမျိုးဖြစ်ပြီး သူ့နေရာတည်မြဲရေးကို ဦးစားပေးလို့ လုပ်ငန်းတွေ ဘယ်တော့မှမအောင်မြင်ဘူး။

သူငယ်နာရောဂါရှိသူဆိုတာ နေရာတကာမှာ ကြောက်ရွံ့နေပြီး မပြောရဲ မဆိုရဲ တုံ့ဆိုင်းနေတတ်လို့ လုပ်ငန်းတွေ ဘယ်တော့မှ မအောင်မြင်ဘူး။

သည်ရောဂါနှစ်ခုကင်းတဲ့ လူကြီးတွေ၊ အဖွဲ့ဝင်တွေရှိနေရင် လုပ်သမျှလုပ်ငန်းတွေ အောင်မြင်တိုးတက်မယ်။

နောက်တစ်ခု အရေးကြီးတာတစ်ခုရှိသေးတယ်။ မင်းလည်းသိတယ်၊ အားလုံးသိတယ်။ သေသွားပြီဖြစ်တဲ့ ရွှေမန်းတင်မောင် သီချင်းလုပ်ပြီး ဆိုသွားတယ်။ သရက်နှင့်မိုး၊ ကြွက်နှင့်အိုး ဆိုတာ။ မိုး (၄) မျိုး၊ သရက် (၄) မျိုး၊ ကြွက် (၄) မျိုး၊ အိုး (၄) မျိုး၊ လူ (၄) မျိုး ရှိတယ်။

၁။ ခြိမ်းလည်းခြိမ်းပြီး ရွာလည်း ရွာတဲ့မိုး။
၂။ အပြင်ကလည်း စားချင့်စဖွယ် အရောင်၊ အနံ့၊ အဆင်းနဲ့ ပြည့်စုံပြီး စားရင်လည်း အနံ့၊ အရသာနဲ့ ပြည့်စုံတဲ့ သရက်။
၃။ ကိုယ်တိုင်လည်းကျင်းတူးပြီး တွင်းလည်းအောင်းတဲ့ကြွက်။
၄။ အပြင်ကလည်း သောက်ချင့်စဖွယ်ရှိပြီး အတွင်းကရေကလည်း ကြည်လင်အေးမြနေတဲ့ ရေအိုး။
၅။ ပါးစပ်ကလည်းပြောပြီး ပြောတဲ့အတိုင်း အလုပ်လုပ်တဲ့သူ။

အေး- အဲဒီလို လူမျိုးတွေ အများကြီးလိုတယ်။ ဒါဆိုရင် အရာရာ အောင်မြင်ပြီပေါ့။

❂

လေးလေး မရှိတော့ပါ။ သူ့အဆုံးအမတွေလည်း မရတော့ပါ။ ဒါပေသည့် သိသမျှတင်ပြခဲ့တဲ့ ဖြစ်စဉ်တွေကတော့ ကျွန်တော်တို့အားလုံးနဲ့ တစ်ထပ်တည်းမကျမှာ သေချာပါသည်။ သူလိုလူမျိုးတွေက ရှာမှရှားလို့ 'တစ်သိန်းထဲ တစ်' လို့ အမည်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ စာပေဗဟုသုတ၊ အသိပညာတွေ ကြိုးစားပြီး လေ့လာဆည်းပူးရပါမည်။ ရရှိလာသည့် အသိပညာတွေနဲ့ လုပ်ရပ် အကျင့်တွေ ထပ်တူကျအောင် လုပ်ရပါမည်။ 'တစ်သိန်းထဲ တစ်သိန်း' ဖြစ်အောင် ကြိုးစားလုပ်ဆောင်ရပါမည်။ ဒါဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်ရမည်မလွဲဟု မျှော်တွေးရင်းဖြင့် . . .။

*လေးစားလျက်*

ဝင်းသိန်း(နေပြည်တော်)

*(သူ့ရဲ့စာဖတ်ပရိသတ်ကြီး အသိနဲ့အကျင့် ထပ်တူပြုနိုင်ပါစေ။ ဆက်ပြီးတော့လည်း 'တစ်သိန်းထဲက တစ်' တွေကို ရှာသားတင်ပြပါဦးမည်။)*



www.burmeseclassic.com

www.burmeseclassic.com

### ရှေးဘုန်းရှေးကံ


'ဘုန်း' ဟူသည် 'ပုည်း' မှ ဆင်းသက်လာကြောင်း၊ 'ပုည်း' သည်လည်း 'ပုည' မှ ဆင်းသက်သော ပါဠိပျက်စကားဖြစ်ကြောင်း၊ 'ပုည' ဟူသည်မှာ 'ကုသိုလ်တရား' ဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ ရှေးက ကုသိုလ်တွေပြုခဲ့သဖြင့် ကုသိုလ်တွေပါလာသူကို 'ပုည်းကြီးသူ'၊ ယခုခေတ်အခေါ် 'ဘုန်းကြီးသူ' ဟုခေါ်ဆိုကြောင်း ကျွန်ုပ် ငယ်စဉ် စာသင်သားဘဝတွင် စာချဆရာတော်တစ်ပါးက စာချရာမှာ ရှင်းပြဖူးပါသည်။

ကျွန်ုပ်တို့ မြန်မာ့ထုံးတမ်းစဉ်လာအရ မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့အား ကန်တော့လျှင် မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့က ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာမျိုး (၉၆) ပါးမှ ကင်းဝေးပါစေ စသည်ဖြင့် ဆုပေးကြသည်မှာ ထုံးစံဖြစ်သည်။

ထိုသို့ ဆုပေးရုံမျှဖြင့် ဘုန်းမကြီးနိုင်ပါ။ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံး ဘုန်းကြီးအောင် ကုသိုလ်ပြုမှ ရပါသည်။ ကုသိုလ် ဟူသည်မှာ ကောင်းသောအမှု၊ ကောင်းသောအလုပ် ဖြစ်သည်။ ကောင်းသောအလုပ် ဟူသည်မှာ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်းပင် ဖြစ်၏။

ရွှေပြည်စိုး(မိုးကုတ်)

## ဘုန်းကံရှင်နှင့် ရကန္တစိုးကြီး



ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အလှူပေးခြင်း၊ လမ်းတံတားတည်ဆောက်ပြုပြင်ခြင်း၊ ဆေးလှူခြင်း၊ ရေလှူခြင်း စသည်ဖြင့် များပြားလှရာ ထိုသို့လှူရာတွင် နည်းသည်၊ များသည် မဟူ သဒ္ဒါထက်ထက်ဖြင့်လှူရန် အရေးကြီးလှပါသည်။

ထိုသို့ လှူဒါန်းရာတွင် အလွန်အားကြီးသော ပထမဇောစေတနာ ဖြစ်ခဲ့ပါက သံသရာအထိပင် မစောင့်ဘဲ လက်ငင်း ပစ္စုပ္ပန်ဘဝ၌ပင်လျှင် အကျိုးပေးတတ်ပါသည်။ ပထမဇောစေတနာ မဖြစ်ခဲ့သော်မှ သံသရာတွင် ကုသိုလ်ကံပါလာသူ၊ ဘုန်းကြီးသူ ဖြစ်နိုင်ပါသည်။

### ကျောက်ဖျာရွာတည်ခြင်း

ကျွန်ုပ်တို့နေထိုင်ရာ မိုးကုတ်အနောက်ပိုင်းရှိ ကျောက်ဖျာရွာလေးသည် မြန်မာဘုရင် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း အင်္ဂလိပ်အုပ်ချုပ်ပြီးမှ တည်သောရွာလေးဖြစ်ကြောင်း သိရသည်။

ထိုခေတ် ထိုအခါသည် မြန်မာနိုင်ငံ၌ လှည်းခေတ်၊ လှေခေတ်ဖြစ်ရာ မိုးကုတ် ကျပ်ပြင်ကြား၌ တည်ရှိသော ဘုရားကုန်း တည်းဟူသော ရွာလေးမှ လူတို့သည် မိမိတို့၏နွားများ ကျောင်းရန် စားကျက်လိုက်ရှာကြရာ ကျောက်ပြဿဒ်ရွာ၏တောင်ဘက်မှ ကုန်းစောင်းပြန့်ကိုတွေ့ရသဖြင့် ထိုကုန်းစောင်းတွင် နွားများလာ၍ကျောင်းကြသည် ဆို၏။

ထိုဝန်းကျင်တွင် နွားများကျောင်းရင်း ကုန်းစောင်းပြန့်တွင် မိုးခိုရန်၊ နေခိုရန် တဲများဆောက်ကာနေကြသဖြင့် နောင်တွင် စားအိုးစားခွက်များပါယူလာကာ တဲများဖြင့် လူတို့ စတင်အခြေချနေထိုင်ကြလေသည်။

ထိုကုန်းစောင်းပြန့်၏အရှေ့ဘက်တွင် ရှည်လျားသော ငွေးပင်ချောင်းရိုးတည်ရှိ၏။ ထိုချောင်းရိုးတွင် ကျောက်တွင်းလုပ်သူတို့ရှိနေသဖြင့် တွင်းလုပ်ရန် အဆင်ပြေ၏။ တောင်ဘက်တွင် ငမုန်းချောင်းလုပ်ကွက် ရှိ၏။ အနောက်ဘက်တွင် သူရိန်တောင်တန်းကြီးနှင့် အခြားနေရာများစွာ ရှိ၏။ မြောက်ဘက်တွင် အမှီပြုစရာ ကျောက်ပြဿဒ်ရွာကြီး ရှိသည်။ ကျောက်ပြဿဒ်ရွာကား ရှေးမြန်မာဘုရင် လက်ထက်ကတည်းက တည်ထားခဲ့သောရွာ ဖြစ်၏။

ထိုသို့ ရေခံမြေခံကောင်းသော နေရာတွင် ရွာတည်ရသော် အဆင်ပြေ မည်ဟု ဆုံးဖြတ်ကာ ဘုရားကုန်းရွာမှ လူတို့သည် သူတို့ရွာဟောင်းကိုစွန့်ကာ ထိုကုန်းစောင်းတွင် ရွာလာတည်ကြ၏။

ရွာတည်သောအခါ ရွာအမည် လိုအပ်သဖြင့် ရွာ၏ဝန်းကျင်၌ ဆို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရာ ရွာ၏အလယ် တောင်ဘက် စွန်း၌ ကြီးမားပြန့်ပြူးသော ကျောက်ဖျာကြီးကိုတွေ့ရသဖြင့် ကျောက်ဖျာကြီးကို အစွဲပြုကာ 'ကျောက်ဖျာ' ရွာဟု အမည်တွင်ခဲ့ပါသည်။

ထိုသို့ ကျောက်ဖျာရွာ တည်ပြီးသောအခါ ဗုဒ္ဓဘာသာ မြန်မာတို့၏





www.burmeseclassic.com

www.burmeseclassic.com

ထုံးတမ်းစဉ်လာအရ မိမိတို့ ကိုးကွယ်ဆည်းကပ်ရန် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိမှဖြစ်မည်ဟု တိုင်ပင်ကာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်၍ ဘုန်းကြီးပင့်ကာ ကိုးကွယ်ကြလေ၏။

ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမတို့အား မိမိတို့၏ကုသိုလ် မမေ့မလျော့ရန် လည်းကောင်း၊ ကျောင်းဒါယကာဂုဏ်ပုဒ်ကို ချီးမွမ်းလိုသည်က တစ်ကြောင်းကြောင့် ဘိုးကျောင်း၊ ဘွားကျောင်းဟု ခေါ်တွင်ကြလေ၏။

ရွှေထီး၊ ကနက္ကဒဏ်ထီးဖြူတော် လှူသူတို့အားလည်း ဘိုးထီး၊ ဘွားထီးဟု ခေါ်ကြလေ၏။ ဇရပ်လှူသူတို့အားလည်း ဘိုးဇရပ်၊ ဘွားဇရပ်ဟု ခေါ်ဆိုကြကာ ကျောင်း၏အရံဖြစ်သောပစ္စည်းတို့ လှူခဲ့ပါမူ ထိုပစ္စည်းအမည်ကိုစွဲကာ ဂုဏ်တင်၍ ခေါ်ဆိုကြသောခေတ် ဖြစ်ပါသည်။

ရှင်ပြုသောအခါတွင်လည်း ငယ်နာမည် မည်သို့ရှိစေကာမူ ရှင်ပြုစဉ်က သာမဏေဘဝ၌ ဘုန်းတော်ကြီးပေးခဲ့သော ဘွဲ့အမည်သာလျှင် ရှင်လာဘမှသည် လူထွက်ခဲ့သော် မောင်လာဘ ဖြစ်ခဲ့လေ၏။ သို့ကြောင့် ရှေးလူအများစုသည် ရှင်ပြုခဲ့ဖူးသည် ဟူသည်ကို မမေ့မလျော့ ဂုဏ်ယူသောအားဖြင့် ရှင်ဘွဲ့ကို လူအမည်အဖြစ် ခေါ်ဝေါ်သုံးစွဲတတ်ကြလေ၏။ ထို့ကြောင့် ရှင်ဘွဲ့နှင့် ရှေးလူတို့ကို ကျွန်ုပ် အများအပြား မိခဲ့ဖူးလေ၏။ ဤသည်မှာ အလွန်ကောင်းမွန်သော မိုးကုတ်နေ ရှမ်းပလောင်တို့၏ရိုးရာဓလေ့ ဖြစ်သည်။

*(ယခုခေတ်တွင်မူ ထိုဓလေ့မှာ ပျောက်ကွယ်ခဲ့ပြီဖြစ်ပါသည်။ ရှင်အမည်ကို မသုံးစွဲတော့ပါ။)*

ထိုသို့ မိမိတို့ပြုခဲ့သော ကုသိုလ်အား လူတို့မှဝိသေသပြု၍ ခေါ်ဝေါ်သုံးစွဲနေသောအခါ အစဉ်မလပ်ပင် မိမိတို့ကုသိုလ်ကို ပြန်လည်သတိရ ဝမ်းမြောက်ခြင်း ဖြစ်ကြပေမည်။

ထိုသတိရခြင်းပင်လျှင် အပရ စေတနာ အဖန်ဖန် အထပ်ထပ်ဖြစ်ကာ ကုသိုလ်တရား ပွားများနေမည် ဖြစ်ပါသည်။ အတုယူဖွယ်၊ မှတ်သားဖွယ်သော ဓလေ့ထူးများ ဖြစ်ကြပါသည်။

**ဘိုးဇရပ်၊ ဘွားဇရပ်**

ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ ဇရပ် ဟူသော အင်္ဂါတို့ ပြည့်စုံမှသာလျှင် စည်ပင်ကာ တင့်တယ်သည်။ ထိုကျောင်း၏အဝန်းအဝိုင်း၌ ဉယျာဉ်ပန်းမန်များလည်း စိုက်ပျိုး၍ ကုသိုလ်ယူနိုင်ကြပါသည်။

ကျောက်ဖျာရွာ၏အနောက်ဘက် ကုန်းစောင်းအား ကျောင်းရာ မြေဖြန့်ခြင်းအလုပ်ကို တစ်ရွာလုံး လုပ်အားပေး ကုသိုလ်ယူကြပြီး ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။

ထိုကျောင်းကြီး ပြီးသောအခါ ကျောင်း၌ ဥပုသ်သည်များ နားနေရန် ဇရပ် လိုအပ်သဖြင့် ကျောင်း၏အရှေ့ဘက် ဆင်ခြေလျှောမြေကိုဖြန့်ကာ ဇရပ် ဆောက်လုပ် လှူဒါန်းကြပါသည်။ ထိုဇရပ်ဒါယကာ၊ ဒါယိကာမတို့အား သေတစ်ပန် သက်တစ်ဆုံး ဘိုးဇရပ်၊ ဘွားဇရပ်ဟုအမည်တွင်ကာ မူလအမည်များပင်လျှင် ပျောက်ကွယ်သွားခဲ့ရပါသည်။

ဘိုးဇရပ်၊ ဘွားဇရပ်တို့သည် ကျောက်ဖျာရွာလယ်ကွင်း၏ တောင်ဘက်တည့်တည့်တွင် ပျဉ်ထောင်အိမ်ကြီးနှင့် တင့်တယ်စွာ နေထိုင်ကြပါသည်။ ထိုစဉ်ကတည်းက ကျောက်ဖျာရွာသည် တစ်ရွာလုံး ကျောက်တွင်းကို အမှီပြုလျက် လုပ်ကိုင်စားသောက် နေထိုင်ကြလေ၏။ ယခင် ကူးသန်းရောင်းဝယ်ခြင်းပြုလုပ်ခဲ့သော လှည်းနှင့် နွားများကိုလည်း အပြီးတိုင် စွန့်လွှတ်ခဲ့ကြလေ၏။

ကျောက်တွင်း တည်းဟူသော ရတနာရှာဖွေသည့်အလုပ်ကို လုပ်ကိုင်ကြသည်နှင့် ကြက်၊ ဝက်၊ နွား စသော တိရစ္ဆာန်မွေးမြူခြင်းအလုပ်ကို လုံးဝ မလုပ်ကြတော့ပါ။ ရတနာရှာဖွေသော အလုပ်သည် အကုသိုလ်ကင်းရန် များစွာ လိုအပ်လှပေသည်။ အကုသိုလ်ကြီးသော် လာဘ်ပိတ်သည်ဟု အယူရှိကြသည်။ သို့ကြောင့် မိုးကုတ်နေ ဘာသာခြားများမှတစ်ပါး တိရစ္ဆာန်မွေးမြူခြင်း ပြုလေ့မရှိကြပေ။

ဖြူစင်စွာနေထိုင်၍ ဖြူစင်စွာ ရှာဖွေစားသောက်သော ဘိုးဇရပ်၊ ဘွားဇရပ်တို့သည် သားသမီးများ ဖွားမြင်သော်လည်း အဖတ်မတင်ဖြစ်ကာ အချိန်တန်၍ သက်တမ်းကုန်သော် သင်္ချိုင်း ရသဘောဖြင့် တစ်ဘဝ တစ်ခန္ဓာ ချုပ်သိမ်းကုန်ကြပါသည်။

ဘိုးဇရပ်၊ ဘွားဇရပ်တို့၏ အိမ်ကြီးနှင့်အတူ အိမ်နောက်ဖေးခြံမှသည် ချောင်းရိုးအထိ ကျယ်ပြန့်သော ကြီးမားသည့် ထင်းခြံကြီး ကျန်ရစ်ခဲ့လေ၏။

ထိုအိမ်ကြီးနှင့်ခြံအား တူဖြစ်သူ မောင်ကျော်ဝနှင့် တူမဖြစ်သူ မမုန်တို့မှ လူပျို၊ အပျိုများဖြစ်သဖြင့် ဆက်လက်အမွေခံယူကြပါသည်။

မောင်ကျော်ဝ (ဘိုးကျော်ဝ) တို့တွင် မောင်နှမ (၅) ဦးရှိကာ အကြီးဆုံးအစ်မသည် ကျောက်ကုန်သည် ဦးသုန်နှင့် အိမ်ထောင်ကျကာ (ကိုကျော်တင်၊ ကိုဘစိုးတို့မိခင် ဖွားငြိမ်း) မငြိမ်းကို မွေးဖွားပြီး ဆုံးပါးသွားခဲ့သည်။ ဦးသုန်မှ နောက်အိမ်ထောင်ပြုပြန်သည်။ နောက်အိမ်ထောင်မှ ဒေါ်ရင်၊ ဒေါ်ရွှေ၊ ဒေါ်ထွေးတို့ကို မွေးဖွားပါသည်။

ဒေါ်ကြီးမှ ဒေါ်စော၊ ဒေါ်ငွေးတို့ကိုမွေးဖွားပြီး ဒေါ်အေးမှာမူ ကျောက်ပြဿဒ်မှ ဦးဘိုးစိန်နှင့် အိမ်ထောင်ကျကာ ခင်သောင်းမြင့်၊ ခင်မေလွင်၊ ခင်မောင်လွင် ဟူသော သားသမီး (၃)ဦးကိုဖွားကာ နောင်တွင် ကျောက်ကြောများပေါက်သဖြင့် သူဌေးဖြစ်ကာ ကျပ်ပြင်သို့ ပြောင်းရွှေ့သွားပါသည်။

သို့ကြောင့် လူပျိုလူလွတ် မောင်နှမမှ အမွေကို ဆက်ခံရာ ဦးကျော်ဝသည် ပထမအိမ်ထောင်နှင့်လည်း သားသမီးမရ၊ ဒုတိယအိမ်ထောင်နှင့်လည်း သားသမီးမရချေ။ အပျိုကြီး ဖွားမုန်မှာ အသက် (၅၀) ကျော်တွင် လေဖြတ်ကာ အိပ်ရာထဲတွင် နှစ်များစွာနေနေရင်း ကွယ်လွန်သွားခဲ့ပါသည်။ ထိုအိမ်ကြီးတွင် ဦးကျော်ဝတို့ဇနီးမောင်နှံနှစ်ဦးသာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြပါသည်။ ဦးကျော်ဝ၏ ဇနီးအမည်မှာ ဒေါ်အိုင် ဖြစ်၏။

**ကျောက်ဖျာတီးဝိုင်း**

မငြိမ်းတို့အဖေ ကျောက်ကုန်သည် ဦးသုန်၏အိမ်တွင် ဓာတ်ပြားဖြင့် ဖွင့်ရသော ဓာတ်စက် ရှိ၏။ ထိုဓာတ်စက်မှာ ဓာတ်စက်တွင် စပီကာအဖြစ် ပဒိုင်းပွင့်စပီကာတွဲထားသောဓာတ်စက် ဖြစ်သည်။ နောင်ခေတ်တွင်ပေါ်သော ဘက်ထရီဓာတ်စက်များ မပေါ်သေးပါ။ စပီကာအကြီးကြီးများလည်း မပေါ်သေးပါ။

ထိုခေတ်သည် လေဘာတီမမြရင် မကြည်အောင် စသော ရှေးအဆိုတော်တို့ ခေတ်စားသည့် အင်္ဂလိပ်ခေတ် ဖြစ်သည်။ ထိုအဆိုတော်တို့၏သီချင်းများအား ဓာတ်ပြားသွင်း၍ ဖြန့်ချိရာ ထို သီချင်းတို့သည် ဦးသုန်၏ဓာတ်စက်



www.burmeseclassic.com

www.burmeseclassic.com

နေသဖြင့် ကျောက်ဖျာ တည်းဟူသော တောရွာလေးသို့တိုင် ခရီးဆန့်ခဲ့လေ၏။

ထိုဓာတ်စက်မှ သီချင်းတို့အား မငြိမ်းသည် အကုန် အလွတ်ရလေ၏။ ဂီတဝါသနာပါခဲ့ကြသော ကျောက်ဖျာမှ လူငယ်တို့သည် တီးဝိုင်း စတင်တည်ထောင်ကြလေ၏။

ဦးကျော်ဝက ဗုံခေါ် (၆) လုံးပတ်တီး၏၊ ဦးရွှေလှိုင်က သံပတ္တလားတီး၏။ ဦးစိန်က တယောထိုး၏။ ဦးဆိုက နှဲမှုတ်၏၊ ဦးလှဖေက စည်းဝါးနှင့် စည်တိုကိုင်၏၊ အကနှင့်အဆိုမှာ ဦးသုန်၏သမီး မငြိမ်းပင် ဖြစ်ပါသည်။

မငြိမ်းမှာ ဂုဏ်သရေရှိ ကျောက်ကုန်သည်ကြီး၏သမီးလည်းဖြစ်၊ ဆံပင်မှာ ဖြန့်ချထားလျှင် ဖနောင့်အထိတိုင် ရောက်အောင် အလွန်ကောင်းသည့် ဆံပင်ပိုင်ရှင်လည်းဖြစ်၊ လှလည်းအလွန်လှကာ အဆို၊အကမှာလည်း လွန်စွာကောင်းသူဖြစ်ရာ သူ၏ဂုဏ်သတင်းသည် မိုးကုတ်တစ်ခွင် ပြုံပြုံစင်အောင် ကျော်ကြားခဲ့လေ၏။

ကျောက်ဖျာတီးဝိုင်းမပါလျှင် ထိုခေတ်က ပွဲမဖြစ်အောင်ပင် နာမည်ကြီးရာ မင်္ဂလာပွဲတိုင်းတွင် လိုက်ပါတီးမှုတ်ကြရ၏။ ထိုစဉ်က မိုးကုတ်တွင် တီးဝိုင်းမရှိသေးသောခေတ်ဖြစ်ရာ ကျောက်ဖျာတီးဝိုင်းသည် မိုးကုတ်တွင် ရှေးအကျဆုံးသောတီးဝိုင်း ဖြစ်ခဲ့လေ၏။

ထိုကဲ့သို့ နာမည်ကြီးနေချိန်တွင် မငြိမ်းတို့အဖွဲ့ ကျောက်ဖျာအလှူတစ်ခု၌ မီးရှူးခံပွဲအပြီး ပန်းမော် မန်စီသားတွင်းသား မောင်ပန်းက မငြိမ်းအား ကောက်ယူပွေ့ချီကာ တောထဲသို့ထွက်ပြေးသဖြင့် မငြိမ်းမှာ မောင်ပန်းနှင့်အိမ်ထောင်ကျရလေ၏။

အိမ်ထောင်ကျသွားသောအခါ မငြိမ်းသည် က,ခွင့် မရတော့သဖြင့် ကျောက်ဖျာတီးဝိုင်းသည် အတီးသက်သက်ဖြင့်သာ ဧည့်ခံသော တီးဝိုင်းဘဝသို့ ပြောင်းလဲခဲ့၏။ မငြိမ်းလို ဝါသနာရှင်မင်းသမီးလည်း ထပ်မပေါ်တော့ဘဲ ခြောက်ကပ်ကပ်တီးဝိုင်းဖြစ်ကာ နားလိုက်ရလေတော့၏။

သို့သော် ရပ်ရေးရွာရေးရှိက ဝါသနာကိုမစွန့်လွှတ်နိုင်သေးဘဲ တီးလုံးဖြင့် ဧည့်ခံနိုင်ပါသေးသည်။ သို့နှင့်ပင် အချိန်တို့တရွေ့ရွေ့ကုန်ကာ မြန်မာနိုင်ငံသားတို့သည် လွတ်လပ်ရေးရရန် လှုပ်ရှားနေကြပြီ ဖြစ်ပါသည်။

## ကုသိုလ်ဇောအဟုန်ဖြင့်

ဦးပန်းနှင့် ဒေါ်ငြိမ်းတို့သည် သားသမီးအဖတ်မတင်ဘဲ ကလေးနှစ်ဦး ဆုံးပါးသွားခဲ့သည်။ တတိယသမီးကို ကျန်အောင် ဟူ၍ 'မကျန်' ဟု မှည့်ရာ အောင်မြင်၏။ နောက်မွေးသောသားအား တင်စေရန် 'ကျော်တင်' ဟု မှည့်ပြန်သည်။ ဂျပန်ခေတ် ဂျပန်တို့အား အင်္ဂလိပ်တို့က ဝင်တိုက်နေသောအချိန်တွင် တောထဲ၌ ကျောက်ဂူတွင် ပုန်းအောင်းရင်း ရွှေထွန်းကိုမွေးလေ၏။

ဦးပန်းနှင့် ဒေါ်ငြိမ်းတို့ကား ဆိုင်တည်၍ ဈေးရောင်းကြပါသည်။ ဦးပန်းသည် ကုန်များကို ကျောက်ဖျာရွာမှ မိုင် (၅၀)ခန့်ဝေးသော ဧရာဝတီအရှေ့ဘက်ကမ်းရှိ သပိတ်ကျင်းမြို့မှ ဝယ်ယူကာ မြင်းများဖြင့် ဖြတ်လမ်းအတိုင်းသယ်လေ့ရှိသည်။ ကားလမ်းမှာမူ ကွေ့ဝိုက်နေသဖြင့် ခရီးတာရှည်၏။ ဖြတ်လမ်းမှာ ခရီးတစ်ဝက်သက်သာပါသည်။

မောင်ရွှေထွန်း ပြေးလွှားဆော့ကစားနေသောအချိန်သို့ ရောက်သော် မငြိမ်းသည် အိပ်မက်တစ်ခုကို မြင်မက်၏။ ထိုအိပ်မက်မှာ သူတို့၏အဘိုးတော်သော ဘိုးဇရပ်သည် မငြိမ်းတို့အိမ်သို့ ရောက်လာကာ-

'ဟဲ့- မယ်ငြိမ်း၊ ငါ နင်တို့ဆီမှာ လာနေမယ်'

ဟု ပြောရာ အဘိုးဖြစ်သဖြင့်-

'လာနေပါ အဘိုးရယ်၊ အဘိုးတစ်ယောက်အတွက်နဲ့ တာဝန်မကြီးပါဘူး'

ဟု လက်ခံလိုက်လေ၏။ သူ၏ အိပ်မက်ထဲတွင် အဘိုးသေပြီးသည်ကို သတိမရဘဲ အသက်ရှင်လျက်သာ မြင်မက်ခဲ့ခြင်း ဖြစ်၏။

ထိုသို့ ဘိုးဇရပ်က အိပ်မက်ပေးပြီး မကြာမီပင် မငြိမ်းတွင် သန္ဓေတည်ပါသည်။ ထိုသို့ မငြိမ်းသည် ဘိုးဇရပ်ကို အိပ်မက်မက်သည့်နည်းတူပင် ကိုဖိုးစိန်၏ဇနီး မအေး (ဦးဘိုးစိန်၊ ဒေါ်အေး) သည်လည်း ဘိုးဇရပ်ကို အိပ်မက်မက်လေ၏။ ထိုသည်မှာ ဦးကြီးတော်သော ဘိုးဇရပ်သည် တူမဖြစ်သူ မအေးတို့အိမ်သို့ဝင်လာကာ-

'မယ်အေး၊ ငါ နင့်တူမ မယ်ငြိမ်းတို့အိမ် သွားနေတော့မယ်'

ဟု မြင်မက်လေ၏။

အဒေါ်ဖြစ်သူ ဒေါ်အေးနှင့် တူမဖြစ်သူ မငြိမ်းတို့သည် ရွယ်တူပင် ဖြစ်ကြပါသည်။ သို့ကြောင့် အဒေါ်နှင့်တူမ ဖြစ်စေကာမူ သူငယ်ချင်းများသဖွယ်နေကြ၏။ သို့ကြောင့် အိပ်မက်ချင်းဖလှယ်ပြောဆိုကြရာ မငြိမ်း လွယ်ထားသော သန္ဓေသည် ဘိုးဇရပ်ပင်ဖြစ်ကြောင်း သိရှိကြလေ၏။

ထိုသန္ဓေအား ၁၃၀၈ ခု၊ နတ်တော်လတွင် ဖွားမြင်ခဲ့ရာ ကြာသပတေးသားဖြစ်သဖြင့် အရာရာကို စိုးမိုးအောင်မြင်စေရန် 'မောင်ဘစိုး' ဟူ၍ အမည်ပေးလိုက်လေ၏။

ပြုခဲ့ဖူးသော ကုသိုလ်ဇောအဟုန်သည် ပြန်လည်အကျိုးပေးကာ ကျောက်ဖျာသို့ နောက်တစ်ခါရောက်ခဲ့ရပြန်ပေပြီ။ ထိုအချိန်တွင် ဦးကျော်ဝ၊ ဖွားအေး၊ ဖွားမုန်တို့ ဘိုးဇရပ် တစ်ဖြစ်လဲ မောင်ဘစိုးကို ချစ်ခင်တွယ်တာကြပါသည်။

## ဘွားဇရပ်လာပြီ

ကျောက်ဖျာရွာမှ လူတို့သည် ဘုရားကုန်းရွာမှ ရွှေ့ပြောင်းလာသူများဖြစ်ရာ တစ်ရွာလုံး ရပ်ဆွေရပ်မျိုးများသာ ဖြစ်ကြပါသည်။ သို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခွန်းကြီးခွန်းငယ် စကားများသည်ဟူ၍ မရှိခဲ့ကြပါ။ အများရှိခဲ့သော်လည်း သည်းခံခြင်းဖြင့်သာ ခွင့်လွှတ်လေ့ ရှိကြပါသည်။

ကျောက်ဖျာရွာမှ ဘွားကူသည် ဦးကန်၊ ဒေါ်ပိုး၊ ဦးလှမောင်၊ ဒေါ်ထွေးရင် ဟူ၍ မောင်နှမ (၄) ဦး မွေးဖွားပါသည်။

*(ဘွားကူကို ကျွန်ုပ် မီလိုက်ပါသည်။ ကျန်းကျန်းမာမာနှင့် အသက် ၈၀ ကျော် နေသွား၏။)*

ဦးကန်သည် ဒေါ်ကြာနှင့် အိမ်ထောင်ကျကာ သားသမီးတို့မွေးသော်လည်း အဖတ်မတင်ဖြစ်ကြပါသည်။ ထိုအခါတွင် မကြာသည် အိပ်မက်တစ်ခုကို မြင်မက်ပါသည်။ ထိုသည်မှာ ဘွားဇရပ်သည် အထုပ်ကလေးပိုက်လျက် 'အဲကြာ၊ ညည်းတို့ဆီမှာ ငါနေပါရစေအေ' ဟု နေခွင့်တောင်းရာ သဘောမနော အလွန်ကောင်းပြီး ကြင်နာတတ်သော မကြာသည် သနားသဖြင့် နေခွင့်ပေးလိုက်လေ၏။ ထိုသို့မက်ပြီး မကြာမီပင် မကြာတွင် သန္ဓေစ,လေတော့၏။

ထိုသန္ဓေရသည်နှင့် ဦးကန်တို့သည် စီးပွားရေးအဆင်ပြေကြလေ၏။ ထိုသန္ဓေသည် သမီးမိန်းကလေးမွေးဖွားရာ ယခင်ကလေးများကဲ့သို့ အဖတ်မတင်မည်စိုး၍ 'မတင်ကြည်' ဟု အမည်ပေးလိုက်ပါသည်။ စနေသမီးဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဖက်ပါသည်။

မတင်ကြည်ကို မွေးဖွားသည်နှင့် မကြာ၏အိပ်မက်အား တစ်ရွာလုံးသိရှိပြီးဖြစ်ရာ ဘွားဇရပ် ပြန်ရောက်လာပြီဟု အသိအမှတ်ပြုကြလေ၏။

မတင်ကြည်မှာ ထွားထွားကျိုင်းကျိုင်းနှင့် အထိုက်အလျောက် လုပသော မိန်းကလေး ဖြစ်သည်။ ၁၃၁၁ ခုနှစ်တွင် ဖွားရာ ကိုဘစိုးထက် (၃) နှစ်ငယ်ပါသည်။

မတင်ကြည်၏အောက်၌ မညွန့်မေ၊ မသန်းငွေး ဟူသော သမီး (၂) ယောက်ကို ဖွားမြင်ကာ မတင်ကြည်တို့သည် ညီအစ်မ (၃) ယောက် ရှိလေ၏။ အားလုံးပင် ဦးကန်နှင့်တူကာ ထွားကျိုင်းကြလေ၏။

**ရေးရေစက်**

ငှက်ဖြစ်လည်း တစ်ကိုင်းတည်းနားပါရစေ၊ ဆင်ဖြစ်၍ တစ်တောတည်းအတူနေပါရစေ၊ လူဖြစ်ရင်လည်း ရာသက်ပန်ပေါင်းဖက်ပါရစေ ဟူသော ဆုတောင်းတို့သည် အစဉ်အလာအားဖြင့် ရှိခဲ့ကြပါသည်။

ကိုဘစိုး၊ မတင်ကြည်တို့ ပြေးလွှားဆော့ကစား၍ စာသင်ရမည့်အရွယ်တွင် လွတ်လပ်ရေးပြီးစခေတ်ဖြစ်ရာ ကျောက်ပြဿဒ်တွင်သာ မူလတန်းကျောင်းဖွင့်နိုင်သေးသောအချိန် ဖြစ်၏။ ထို့ကြောင့် သူတို့သည် ကျောက်ဖျာဘုန်းတော်ကြီး ဦးအောင်ရထံတွင်သာ စာသင်ကြရပါသည်။

မှတ်မှတ်ရရ ကိုဘစိုးမှ မတင်ကြည်ကို ကျောက်ခဲဖြင့်ထု၍ စ,ရာ ကျောက်ခဲမှာ အမှန်တကယ်ပင် မတင်ကြည်၏နဖူးကို ထိမှန်လျက် နဖူးပေါက်သွားခဲ့ပါသည်။ ထိုအမာရွတ်သည် သေရာပါအမာရွတ်အဖြစ် မတင်ကြည်၏ နဖူးတွင် ရှိနေပါသည်။

ဦးပန်းသည် အငယ်ဆုံးသမီး မအုန်းမေကို မွေးဖွားပြီး မကြာမီပင် အကောင်းပကတိမှ ကောက်ကာငင်ကာ သေသွားပါတော့သည်။ မကျန်၊ ကိုကျော်တင်၊ ကိုရွှေထွန်း၊ ကိုဘစိုး၊ မအုန်းမေ ဟူသော အရွယ်မရောက်သေးသည့် ကလေး (၅) ယောက်ကျန်ခဲ့ရာ မငြိမ်းသည် ငြိမ်းချမ်းစွာ ဈေးမရောင်းနိုင်တော့ပါ။ ဈေးဆိုင်ရပ်နားလိုက်ရပြီး မြင်းတို့ကို ရွာထဲရှိ ဦးစံကျော်ကိုရောင်းလိုက်ရလေ၏။ ဦးပန်းဆုံးချိန်တွင် မငြိမ်းသည် အသက် (၄၀) မျှပင်

ရှိပါသေးသည်။

အားကောင်းမောင်းသန်အရွယ်ဖြစ်သော မငြိမ်းသည် ကနယ်ဆေးခြင်း၊ တွင်းနေ့စားလိုက်၍ဆင်ခြင်း ဟူသော အလုပ်တို့ဖြင့် ကလေးတို့ကို လူလားမြောက်အောင် လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ ထိုအချိန်က ကျောက်ပြဿဒ်အနောက်ရွာအနီးမှ လုပ်ခကင်တွင်းတွင် မိန်းကလေးများ၊ ယောက်ျားလေးများ နေ့စား တွင်းဆင်းအလုပ်ရှိရာ မငြိမ်းသည် ခဲထမ်း၊ ခဲသယ်အလုပ်ကို လုပ်ပါသည်။

ကိုကျော်တင်၊ ကိုရွှေထွန်း၊ ကိုဘစိုးတို့ကို ရှင်ပြုပြီးသောအခါ ကိုကျော်တင်သည် ကိုရင်ထွက်ပြီးနောက် (၁၆) နှစ်အရွယ်တွင် တွင်းစတင်လုပ်ကိုင်ကာ မိခင်ကို လုပ်ကျွေးပါသည်။ ကိုရွှေထွန်းက တွင်းနောက်လိုက်လုပ်၏။ ကိုဘစိုးကိုမူ ကိုရင်မထွက်စေဘဲ မန္တလေးသို့စာသင်ပို့၏။

(၁၄) နှစ်သားခန့်တွင် ပြန်ရောက်လာပြီး လူထွက်ကာ မိရိုးဖလာအလုပ်ဖြစ်သော ကျောက်မျက်တူးခြင်းအလုပ်အား အစ်ကိုကြီးဖြစ်သူ ကိုကျော်တင်၏နောက်သို့လိုက်ကာ စတင်လုပ်ကိုင်လေ၏။ မိုးကုတ်တွင် ကျောက်မျက်ရတနာတူးဖော်ရှာဖွေခြင်းအလုပ်ကိုသာ လုပ်ကိုင်သူ များလေ၏။ သို့နှင့်ပင် ကိုဘစိုး လူပျိုဖြစ်လာလေတော့၏။

ကိုရွှေထွန်းမှာမူ ထိုအချိန်မှစပြီး ကျောက်ပြဿဒ်ရှိ အဘွားတော်သူ ဦးဖိုးစိန်၊ ဒေါ်အေးတို့ထံတွင် နေထိုင်ကာ တွင်းဆရာ စတင်လုပ်ကိုင်ပြီး နောင်တွင် နာမည်ကြီးတွင်းဆရာ ဖြစ်၍လာလေ၏။

ထွားကျိုင်းသည့် မျိုးရိုးကြောင့်ပေလား မသိ၊ မတင်ကြည်သည် ငယ်ငယ်နှင့်ပင် ထွားကျိုင်းကာ အထိုက်အလျောက် လုပတင့်တယ်သောအပျို ဖြစ်လာခဲ့ပါသည်။

ရေးဘဝကပြုခဲ့ဖူးသောရေစက်၊ အကြင်လင်မယားကအဖြစ် အတူနေခဲ့ကြဖူးသော အကြောင်းကံတို့ကြောင့် ကိုဘစိုးနှင့် မတင်ကြည်တို့ ချစ်သူဘဝရောက်ခဲ့ကြရပြီး ကိုဘစိုး အသက်(၂၀)၊ မတင်ကြည် အသက် (၁၇) နှစ်အရွယ်တွင် ထိမ်းမြားမင်္ဂလာပြုကြကာ ကိုဘစိုးသည် ဦးကန်၏အိမ်တွင် သမက်တက်အဖြစ် ဆံထုံးနောက် သျှောင်ပါသွားလေ၏။

ဦးကန်သည် အရပ်အမောင်းထွားကျိုင်းသလို အားလည်း အလွန်ကောင်းကြောင်း နာမည်ကြီး၏။ သက်ငယ်ထုံး (၂) ထုံးကို ရှေ့နောက်ထမ်းခဲ့သော် ထိုသက်ငယ်ကိုပျစ်ပါက သက်ငယ်ပျစ် (၁၀၀) ထွက်သည်ဟု ပြောစမှတ်တွင်သလို ရထားသောဇနီး၏အမည်မှာလည်း ဒေါ်ကြာဖြစ်ရာ 'ကန်နှင့်ကြာ လိုက်ဖက်ပါပေသည်' ဟုလည်း ပြောစမှတ်ပြုကြပါသည်။ ကန်နှင့်ကြာ ဟူသော လိုက်ဖက်သည့် ဝေါဟာရဟူသည် အလွန်ပင တိုက်ဆိုင်ခဲ့သော ဝေါဟာရ ဖြစ်လေ၏။

**ပိုင်ရှင်များထံ ပြန်ပေးစေ**

ကိုဘစိုးသည် ဘိုးဇရပ်၏မြစ်အဖြစ် သံသရာလည်ကာ ပြန်ရောက်လာခြင်း ဖြစ်သည်။ ထိုအချိန်တွင် အဘွားတော်သူ ဦးဘိုးစိန်၊ ဒေါ်အေးတို့သည် ကိုကျော်တင်၊ ကိုရွှေထွန်းတို့ ဦးစီးဦးဆောင် သစ္စာရှိစွာ လုပ်ကိုင်ပေးခြင်းကြောင့်လည်းကောင်း၊ ရှေးဘဝကုသိုလ်ကံကြောင့် လည်းကောင်း ကျောက်နီကြော၊ ကျောက်ပြာခေါ် နီလာကြောများပေါက်ကာ ကျပ်ပြင်ဈေးရပ်သို့ ရွှေ့ပြောင်းသွားကြပြီး 'စိန်နီလာ' ဟူသော တိုက်ကြီးဖြင့် နေထိုင်၏။

ထိုအချိန်တွင် ဦးကျော်ဝနှင့် ဒေါ်အေးတို့ မောင်နှမနှစ်ဦးသာ ကျန်ပါတော့သည်။ သို့သော်လည်း ပိုက်ဆံချမ်းသာသော ဒေါ်အေးသာလျှင် ဆွေမျိုးများအားလုံးအပေါ် ဩဇာညောင်းလေ၏။

ကိုဘစိုး၊ မတင်ကြည်တို့ လက်ဆက်ပြီး လအတန်ကြာသော် ဘွားအေးသည် ဘိုးကျော်ဝကို ခေါ်ကာ ဤသို့ပြောလေ၏။

"အစ်ကိုကြီး၊ ဘိုးဇရပ်နဲ့ ဘွားဇရပ်တို့ ပြန်ရောက်လာပြီနော်။ အဲဒါ ခုဆို အကြင်လင်မယားတောင် ပြန်ဖြစ်နေကြပြီ။ လူ့ဘဝနဲ့ လူ့ကံတရားတွေဆိုတာ ဆန်းကြယ်လိုက်တာနော်။ မျက်စိအောက်မှာ ဘာမှကြာလိုက်မယ် မထင်ဘူး။ အဲဒါ အစ်ကိုကြီး၊ သူတို့ရဲ့အိမ်နဲ့ခြံကို ပြန်ပေးဖို့ အချိန်ကျပြီ ထင်တယ်"

"အေးပါ မအေးရာ၊ ဘိုးဇရပ်ဟာ ငါတို့ရဲ့ မြေးအဖြစ်နဲ့ ပြန်ရောက်လာတယ်ဆိုတာ ငါသိပါတယ်။ ငါလည်း ပေးမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ။ တကယ်တော့ ငါတို့က စောင့်ရှောက်ပေးထားသလိုပါပဲ။ ခုဆို ပြန်ပေးဖို့ အချိန်တန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ပေးလိုက်ပေါ့ အစ်ကိုကြီးရယ်၊ ဒါနဲ့ အစ်ကိုကြီးက ဘယ်မှာပြောင်းနေဖို့ စိတ်ကူးသလဲ။ ကျောက်ဖျာမှာပဲနေမှာလား။ အိမ်အတွက် ကျွန်မလည်း ကူညီပေးပါ့မယ်"

"မအိုင်က သူ့အမျိုးတွေရှိရာ သစ်ဆိမ့်ကုန်းမှာနေမယ်လို့ ပြောတယ်။ အဲဒါ သစ်ဆိမ့်ကုန်းရွာကို ရွှေ့ကြမယ်။ အဲဒီမှာ အိမ်တစ်လုံးဆောက်ရမှာပေါ့"

"ကောင်းပါတယ် အစ်ကိုကြီးရယ်၊ ကလေးတွေကတော့ သူတို့ဘဝဟောင်းကို သတိရပုံမပေါ်ပါဘူး။ အဲဒီ အိမ်နဲ့ခြံကိုလည်း မျှော်လင့်ကြမယ်မထင်ပါဘူး။ ဒါပေမယ့် ပိုင်ရှင်တွေပြန်ရောက်လာတော့ ကျွန်မတို့မှာ ပြန်ပေးရမယ့်တာဝန်ရှိလို့ အစ်ကိုကြီးကိုခေါ် ပြောရတာပါ"

"နင်မပြောလည်း ငါက ပြန်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ မအေးရာ။ ငါတို့ဟာ ဝိသမလောဘစိတ်မရှိပါဘူး။ ဥစ္စာရှင်းမှန်လို့ ပိုင်ရှင်ကိုပြန်ပေးရတာပဲ ငါဝမ်းသာလှပါပြီဟာ"

"သာဓုပါ အစ်ကိုကြီးရယ်၊ သာဓုပါ။ အစ်ကိုကြီး စားသောက်ပြီးမှ ဖြည်းဖြည်းပြန်နော်"

"အေးပါဟာ"

## အိမ်နှင့်ခြံလွှဲအပ်ပြီ

ဦးကျော်ဝသည် သစ်ဆိမ့်ကုန်းရွာတွင် အိမ်ဆောက်၍ပြီးသောအခါ ကိုဘစိုး, မတင်ကြည်တို့အား လည်းကောင်း၊ ရပ်မိရပ်ဖများဖြစ်ကြသော ဦးကန်၊ ဦးခဲ၊ ဦးသိန်းမောင်တို့အားလည်းကောင်း သူကြီးဦးထွန်းညိုအိမ်တွင် ဖိတ်ခေါ်လျက် လူကြီးများစုံရာရှေ့တွင် ရှေးအခါက ဘိုးဇရပ်၊ ဘွားဇရပ်တို့၏ အိမ်ကြီးနှင့်ထင်းခြံအား ကိုဘစိုးနှင့် မတင်ကြည်တို့ကို အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ကိုဘစိုး၊ မတင်ကြည်တို့မှ ဘိုးကျော်ဝအား (၈၀၀၀) ကျပ် [illegible] ပါသည်။ (ထိုအချိန်က ရွှေတစ်ကျပ်သား ၃၅၀ ကျပ်ခေတ် ဖြစ်ပါသည်။) သို့နှင့်ပင် ဦးကျော်ဝသည် ထင်းခြံပိုင်မြေနယ်နိမိတ်တို့ကို သစ်ပင်ကြီးများ၊ ကျောက်တုံးကြီးများ၊ မြောင်းများဖြင့် သင်္ကေတပြုကာ အသေအချာပြခဲ့ပြီး ပစ္စည်းပစ္စယများကို ဦးစံကျော်၏မြင်းများနှင့် သယ်ယူကာ သစ်ဆိမ့်ကုန်းရွာသို့ ရွှေ့ပြောင်းသွားပါတော့သည်။

ထိုအိမ်ကြီးအား ထိုခေတ်လူတို့က ဘိုးကျော်ဝအိမ်အိုကြီးဟု ခေါ်ကြပါသည်။ ကိုဘစိုးတို့မှာ အိမ်မခွဲသေးရာ ထိုအိမ်ကြီးပေါ်တွင် နေမည့်သူမရှိသေးပေ။

ထိုအချိန်တွင် ပခုက္ကူမြို့နယ် ဂျုတ်ကုန်းရွာမှ ဆရာချုပ်ခေါ် ဦးချိုနှင့် ဒေါ်သိန်းတို့သည် ကျောက်ဖျာရွာတွင် ဘုန်းတော်ကြီး ဦးဇဋိလခေါ် ဦးစိန်လွင်ကို အမှီပြုကာ ရောက်လာကြပြီး ရွာဇရပ်၌ ကျောင်းသားကျောင်းသူများကို စာသင်ပေးပြီး နေနေသောအချိန် ဖြစ်ရာ ရွာ၏ဆရာဖြစ်သဖြင့် ဆရာချိုတို့မိသားစုအား ကိုဘစိုး၊ မတင်ကြည်တို့မှ ထိုအိမ်ကြီးပေါ်တွင် ရွှေ့ပြောင်းနေစေ၏။

## ကျောက်ဖျာသို့ရောက်လာခဲ့သောကျွန်ုပ်

ကျွန်ုပ် အသက် (၂၀) ကျော်ကျော်တွင် သူငယ်ချင်းဖြစ်သူ ကိုမြင့်သိန်းကို အမှီပြု၍ ကျောက်ပြန်တူးရန် ကျောက်ဖျာသို့ ရောက်ခဲ့ပါသည်။ ထိုအချိန်သည် ဦးချို၊ ဒေါ်သိန်းတို့တွင် သိန်းနိုင်ဦး ဟူသော ပြေးလွှားတတ်စအရွယ်နှင့် သိန်းမြင့်ဦး ဟူသော နို့စို့အရွယ် သားနှစ်ယောက်ရှိနေပြီ ဖြစ်သည်။

ထိုဦးကျော်ဝ၏အိမ်အိုကြီး ဟူသော ပျဉ်ထောင်အိမ်ကြီးတွင် ဦးချိုမိသားစုနှင့် ဦးချို၏တူ ကိုမြင့်သိန်း၊ ကျွန်ုပ်တို့ နေထိုင်ကြပါသည်။ ကိုမြင့်သိန်းနှင့် ကျွန်ုပ်တို့မှာ ထက်ဝက်စားတွင်းသားများအဖြစ် နေထိုင်ကြရလေသည်။ တွင်းနေရာမှာ မဝေးလှသော ကျောက်ဖျာအောက်ရှိ ကျောက်ဖျာချောင်းရိုးတွင် ဖြစ်သည်။

ထိုသို့ ကျွန်ုပ်တို့နေနေစဉ် ကိုဘစိုး မတင်ကြည်တို့မှ အိမ်ခွဲမည်ဆိုသဖြင့် ဦးချိုတို့သည် ဦးအုန်းခိုင်၊ ဒေါ်ရင်တို့၏အိမ်တောင်ဘက် မြေကွက်လပ်တွင် ဦးအုန်းခိုင်ထံ မြေတောင်းကာ အိမ်ဆောက်ပြီး ပြောင်းရွှေ့ကြရပါသည်။

(၆) လ ကြာသောအခါ ကျွန်ုပ်သည် အရင်းအနှီးရပြီဖြစ်၍ ကိုယ်ပိုင်နေရန် ဆုံးဖြတ်ကာ မန္တလေးသား ကိုအေးနှင့် ကိုဘစိုးတို့၏အိမ်နောက်ဖေးခြံထဲတွင် တဲဆောက်ကာ နေထိုင်ပြီး မျောတွင်းလုပ်ကြပါသည်။

ထိုအခါ ရွယ်တူဖြစ်သော ကိုဘစိုးနှင့် သူငယ်ချင်းများဖြစ်ကြကာ ရင်းရင်းနှီးနှီး နေထိုင်ကြလေ၏။ ထိုအခါ အိမ်အိုကြီး၏လှေကားအဝင် အိမ်အတွင်းယောင့်၌ ဗုံများ ဆင့်လုပ်၍ တန်းစီတင်ထားရာ စိတ်ဝင်စား၍ မေးကြည့်သဖြင့် ရှေးခေတ်က ကျောက်ဖျာတီးဝိုင်းအကြောင်း သိရ၏။

ထိုမှနေ၍ ကိုဘစိုး၏မိခင် ဘွားငြိမ်းနှင့် သားကြီး ကိုကျော်တင်တို့ကိုလည်း မိသားစုများပမာ ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ဘွားငြိမ်းမှ လည်းကောင်း၊ ဘိုးဘွားတို့မှလည်းကောင်း ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လည်ပြောပြသဖြင့် အထက်ပါ ဘိုးဇရပ်၊ ဘွားဇရပ်တို့အကြောင်းကို စုံလင်စွာ သိရခြင်း ဖြစ်ပါသည်။

## ဗိုလ်အုန်းသီးကား ဝယ်ပေးခြင်း

ဘိုးဇရပ်၊ ဘွားဇရပ်တို့ တစ်ဖြစ်လဲ ကိုဘစိုး၊ မတင်ကြည်တို့သည် ဘိုးကန်အိမ်တွင်နေစဉ် ပထမဆုံး သမီးဦးလေး မွေးဖွားခဲ့သော်လည်း ဆုံးပါးသွားခဲ့၏။

ဒုတိယကိုယ်ဝန်အရတွင် အိမ်ခွဲခဲ့ခြင်းဖြစ်ကာ ထိုအိမ်ကြီးတွင် သားယောကျ်ားလေးဖွားမြင်၏။ ထိုကလေးအား 'မောင်ကျော်မင်း' ဟု အမည်ပေးလေ၏။

မျက်လုံးပြူးပြူးလေးနှင့်မို့ ကျွန်ုပ်က ချစ်စနိုး 'အပြူး' ဟု ခေါ်ပါသည်။ ကိုဘစိုးတို့ အိမ်နောက်ဖေးတွင်နေသည်ဆိုသော်လည်း ကျွန်ုပ်မှာ ချက်စားရုံမျှသာရှိပြီး အိမ်ကြီး၏ဧည့်ခန်းတွင်သာ အိပ်တာများပါသည်။ သို့ကြောင့် ကိုဘစိုး၏အသိုင်းအဝိုင်းနှင့် မတင်ကြည်၏အသိုင်းအဝိုင်းပါ ခင်မင်ကြပါသည်။

မကြာမီပင် မတင်ကြည်တွင် ကိုယ်ဝန်ထပ်ရပြန်ရာ နောက်ထပ် သားယောကျ်ားလေးတစ်ယောက် မွေးပြန်၏။ ထိုကလေး၏ဦးခေါင်းတွင် မွေးရာပါဒဏ်ရာတစ်ခုပါလာပြီး အမွေးမပေါက်ချေ။ ထိုကလေးလည်း တုတ်တုတ်ခဲခဲနှင့် ချစ်စရာကောင်းသဖြင့် ကျွန်ုပ်က 'အလူး' ဟု ခေါ်တွင်သည်။ သို့အမည်ကို 'မင်းဇော်' ဟု မှည့်သော်လည်း လူတွေက ဖိုးဇော်ဟု ခေါ်ကြပါသည်။

*(သံသရာအငြိုးရှိက ကျေပါစေ ဟူသော ဝတ္ထုတွင် ဆန်းကြယ်သော ဖိုးဇော်၏အကြောင်းကိုတင်ပြပါမည်။)*

ဘိုးကန်နှင့်ဒေါ်ကြာတို့သည် မြေးဦးများဖြစ်ရာ လက်ကချ,သည် မရှိပါ။ မတင်ကြည်မှာ ထိုအချိန်တွင် နာမည်ကြီး ကျောက်ကုန်သည်ဘဝသို့ ရောက်နေပြီ ဖြစ်သည်။

လင်ဖြစ်သူ တွင်းလုပ်၊ မယားဖြစ်သူ ကျောက်ကုန်သည်လုပ်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကုသိုလ်၏အရှိန်အဝါသည် အံ့ဩစရာကောင်းလောက်အောင် အကျိုးပေးသန်လှပေသည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဟူဘိသို့ စီးပွားဖြစ်ထွန်းကြ၏။ သို့ကြောင့်ပင် ဖိုးဇော်မွေးဖွားပြီး မကြာမီပင် ရှေးဟောင်းအိမ်အိုကြီးကိုဖျက်ကာ ပျဉ်ထောင်အိမ်အသစ်တစ်လုံးကိုဆောက်ခဲ့ပြီး ဆေးနီသုတ်ကာ လှလှပပ နေထိုင်ကြပါသည်။

မြေးကိုချစ်သော ဘိုးကန်သည် မြေးအတွက် ခြေနင်း၍စီးရသော ဗိုလ်အုန်းသီးဂျစ်ကားတစ်စင်းကို ဝယ်လာပေးပါသည်။ ဖိုးဇော်မှာ ရွာလယ်တွင် ဂျစ်ကားစီး၍ ပျော်နေလေတော့၏။

**ရက္ခစိုးမှ အိပ်မက်ပေးခြင်း**

ကိုဘစိုးသည် ကျွန်ုပ်ထက် တစ်လသာကြီးရာ ညီအစ်ကိုပမာ ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် ရှိကြ၏။ ထိုအချိန်တွင် ကိုဘစိုးသည် အစ်ကိုကြီးဖြစ်သူ ကိုကျော်တင်နှင့် မလုပ်တော့ဘဲ တစ်ဦးတည်းခွဲကာ မျောတွင်းလုပ်ကိုင်နေ၏။ မျောတွင်း ဟူသည် အလွန်ကြီးသော မျောတွင်း မဟုတ်ပါက တစ်ဦးတည်း လုပ်၍ရ၏။ အချိန်မှာ မိုးရာသီ ဖြစ်သည်။ မျောတွင်းကာလဟု ခေါ်ကြပါသည်။

"ကိုကျော်စိုး၊ ညက ကျွန်တော်အိပ်မက်မက်တယ်ဗျ။ အတော့်ကို ထူးဆန်းတယ်"

"ဘယ်အချိန်လဲ ကိုဘစိုး"

"လင်းအားကြီးဗျ"

"ကောင်းတဲ့အိပ်မက်ဆို ပြောဗျာ၊ မကောင်းတဲ့အိပ်မက်ဆို ပြောမနေနဲ့"

"ဘာဖြစ်လို့တုံး"

"အဲဒီ အိပ်မက်က (၇) ရက်အတွင်း အကျိုးပေးတတ်တယ်ဗျ"

"ဟုတ်လား၊ ဒါဆို ပြောမယ်ဗျာ။ ကျွန်တော့်အိပ်မက်ထဲမှာ မန်ဆော့ပင်ကို တွင်းသွားမယ်ဆိုပြီး ထွက်လာတော့ ရွာထိပ်ညောင်ပင်အရောက်မှာ ရုတ်တရက် လန့်သွားတယ်ဗျ"

"ဘာဖြစ်လို့လဲဗျ"

"ညောင်ပင်အောက်မှာ ကျွန်တော်တို့အရပ် နှစ်ဆလောက်ရှိတဲ့ ဘိုးသူတော်ကြီးက ရပ်နေလို့ဗျ။ သူက ကျွန်တော်သွားမယ့်လမ်းတည့်တည့်မှာ ပိတ်ရပ်နေတော့ ကျွန်တော်လည်း ရှေ့ဆက် မသွားရဲတော့ဘူးပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်က မေးတယ်။ အဘိုးက ဘယ်သူလဲဆိုတော့ ငါ ဒီညောင်ပင်က ရက္ခစိုးကြီးပဲကွလို့ ပြောတယ်။ ရက္ခစိုးဆိုတော့ ဩော်- ညောင်ပင်စောင့်နတ်ကလည်း ဘိုးသူတော်အသွင်နဲ့ပါလားလို့ စိတ်ထဲက သိလိုက်တာပေါ့။

ဒါနဲ့ ကျွန်တော်လည်း ငါ့ကိုပြောစရာရှိလို့ စောင့်နေတာနေမှာ ဆိုပြီး-

'အဘိုး ဘာပြောစရာရှိပါသလဲ'

လို့ မေးတော့-

'မောင်ဘစိုး၊ မင်း ကားဝယ်မစီးချင်ဘူးလား'

လို့ မေးပါတယ်။ ဒါနဲ့ ကျွန်တော်လည်း-

'စီးချင်တာပေါ့ အဘိုးရယ်'

လို့ ပြောလိုက်ကရော-

'မင်းအိမ်မှာ ကလေးကစားစရာကား ဝင်နေတယ်။ အဲဒီကားကို စွန့်လိုက်ပါ။ မင်းအိမ်မှာမထားနဲ့။ အဲဒီကားထွက်ပြီးရင် မင်း ကားဝယ်စီးနိုင်လိမ့်မယ်။ ငါပြောတာ မမေ့နဲ့၊ ကြားလား။ ကဲ- သွားတော့၊ သွားတော့'

ဆိုပြီး သွားခွင့်ပြုလိုက်ပါတယ်။ အဲဒီမှာ ကျွန်တော် လန့်နိုးတာပဲ။ မိုးတောင်လင်းစပြုနေပါပြီ"

"ဒါဆို ကိုဘစိုး၊ အဲဒီ ဘိုးကန်ဝယ်ပေးတဲ့ကားကို ဘိုးကန်အိမ်ပြန်ပို့ပေးလိုက်။ ဖိုးဇော်စီးချင်ရင် အဲဒီအိမ်မှာ သွားစီးလို့ပြောပြီး ဘိုးကန်အိမ်ပြန်ပို့လိုက်ပေါ့ဗျာ"

"သူတို့ စိတ်ကောက်သွားမှာကိုလည်း စိုးရတယ်ဗျ"

"ဒါများဗျာ၊ အိပ်မက်အကြောင်းကို အသေအချာပြောပြပေါ့။ ဒါဆို သူတို့ ခွင့်လွှတ်ကြမှာပါ။ ခင်ဗျားဆိုတာက ရှေးဘုန်းရှေးကံပါလာလို့သာ ခုလို ရက္ခစိုးကတောင် အိပ်မက်ပေးတာနေမှာဗျ"

"အေးဗျာ၊ ဒါဆိုလည်း အကျိုးအကြောင်းပြောပြပြီး သူတို့အဘိုးအိမ် ပြန်ပို့လိုက်တော့မယ်"

"ပို့လိုက်ပါ ကိုဘစိုး၊ ခင်ဗျား အကျိုးမယုတ်ပါဘူး"

ဟု ကျွန်ုပ်မှ အကြံပြုလိုက်ရပါသည်။ ထိုနေ့တွင်ပင် ကိုဘစိုးသည် ဗိုလ်အုန်းသီးဂျစ်ကားအား ဘိုးကန်အိမ်သို့ ပြန်ပို့ပေးလိုက်လေတော့၏။ လူမင်းဘုန်းကြီး နတ်မင်းမနေသာ ဟူဘိသို့ ဘုန်းကံကြီးသော ကိုဘစိုးအား ရက္ခစိုးနတ်ကြီးက အိပ်မက်ပေးခြင်း ဖြစ်ပေလိမ့်မည်။

**နီရဲသောပတ္တမြားအစစ်တစ်ပွင့်**

မန်ဆော့ပင်ရပ်ကွက်အား မြန်မာသံ မှန်သော့ပင်ရပ်ကွက်ဟု ခေါ်ကြ၏။ ဒေသခံတို့သည် ရှမ်းများ ဖြစ်ကြပါသည်။ ရှမ်းစကားသာ ပြောကြပါသည်။ ကျွန်တော်တို့ကို ရှမ်းလို မြက်မန်ဟု ခေါ်ကြပါသည်။

ကိုဘစိုးသည် မန်ဆော့ပင်ရပ်ကွက်တွင် တစ်ဦးတည်း မျောတိုက်၍ နေရာသဲရနေပြီဖြစ်၍ အိပ်မက်မက်ပြီး (၃) ရက်အရတွင် ဆေးပါသည်။ သို့သော် ကျောက်ကြီး ကျောက်ကောင်းဟူ၍ မပါဘဲ ထမင်းစားကျောက်ခေါ် အောက်ကျောက်များသာ ပါပါသည်။

'ဒီနေ့ ကျောက်ရကိုရရမည်' ဟု စိတ်ထဲက အလိုလိုသိသလိုဖြစ်နေသော်လည်း တကယ်တမ်းမရသောအခါ စိတ်ဓာတ်ကျသလိုဖြစ်သွားပြီး အချိန်ရှိသေးသော်လည်း တွင်းဆက်ဆင်းရန် စိတ်မရှိတော့သဖြင့် အိမ်အတွက် မျှစ်ချိုး၍ ပြန်မည်ဟု တွေးကာ ဓားနှင့်လွယ်အိတ်ယူပြီး မန်ဆော့ချောင်းမှ အရှေ့ဘက် ကုန်းပေါ် ဝါးရုံတောဆီ တက်ခဲ့ပါသည်။

မိုးကုတ်တွင် တောဝါးမျှစ်မှလွဲ၍ မည်သည့်မျှစ်မျှ မယူကြပါ။ တောဝါးမျှစ်တို့သည် ဝါးရုံကြီးပါက ခြေသလုံးပေါင်လုံးမျှသော မျှစ်ကြီးများ ထွက်ကြပါသည်။ ထို့ကြောင့် ဝါးရုံကြီးရှိရာဆီကို ဘစိုး ထွက်ခဲ့၏။

ကုန်းမို့မို့မှ ဝါးရုံတွင် မျှစ်ကြီးများ မြင်နေရသဖြင့် ထိုဝါးရုံဆီလာခဲ့ရာ မြေအနည်းငယ်ပွဲကျနေရာမှ နီရဲသောအရာဝတ္ထုကို လှမ်းမြင်နေရပါသည်။ သို့ကြောင့် မျှစ်ထက် နီရဲသောအရာကိုသာ အာရုံစိုက်မိပါတော့သည်။

မြေပွဲကျပြီး မိုးရိုက်လို့ ကျောက်ပေါ်နေတာနေမှာ ဟူသော အတွေးဖြင့် ထိုနီရဲနေသောအရာကို အနီးကပ် ကြည့်ရှုရာ အမှန်ပင် ပတ္တမြားတစ်ပွင့်ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့ရလေသည်။

သို့ကြောင့် (၅) ကာရက်ခန့်ရှိ ထိုပတ္တမြားအား ကောက်ယူကာ နေပဏ္ဏာတွင် ထောင်၍ကြည့်လိုက်၏။ ယိုစီးကျမတတ်သော ကျောက်ရည်သည် သွေးကဲ့သို့ ခြင်းခြင်းနီ၍နေလေသည်။ အပြစ်အနာအဆာမရှိသော ကျောက်စစ်ကျောက်ကောင်းတစ်ပွင့် ဖြစ်၍နေပေတော့ရာ ဝမ်းသာလွန်းသဖြင့် မျှစ်ပင်မခုတ်တော့ဘဲ တွင်းသို့ပြန်ဆင်းလာကာ ထမင်းချိုင့်ကောက်ထည့်ပြီး တွင်းပစ္စည်းများကို အနီးရှိချုံထဲတွင်ဖွက်ကာ အိမ်သို့ပြန်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

**ခြောက်လေးခွန်ကိုး ကိုဘစိုး**

ကိုဘစိုး ကျောက်ကြီးရခဲ့သောအခါ ကျွန်ုပ်တို့လည်း များစွာ ဝမ်းသာရပါသည်။ ထိုကျောက်ရောင်းပြီးသော် ၄/၆၇၇၉ ဟူသော ဆိုက်ဗားဝီလီဂျစ်ကားလေး ဝယ်စီးပါသည်။ ထို့ကြောင့် 'ခြောက်လေးခွန်ကိုး ကိုဘစိုး' ဟူ၍ ကားနံပါတ်ကိုစွဲ၍ အမည်တွင်ပါသည်။

ထိုအချိန်တွင် ကျောက်ဖျာရွာ၌ ကျောက်ရ၍ ဂျစ်ကားဝယ်စီးသူ ကိုမြင့်ဆွေ၊ ဦးခဲ၊ ကိုအောင်စောတို့ ရှိနေကြပြီဖြစ်ရာ ရွာသည် ဖွံ့ဖြိုးတိုးတက်ခဲ့ပါပြီ။

ကျပ်ပြင်ဈေးဆီသို့ အရှေ့-အနောက် တောင်းနှစ်လုံးကို ဝါးထမ်းပိုးထမ်း၍ ဈေးထမ်းစားရသောဘဝမှလွတ်မြောက်ကြပါပြီ။ ဦးခဲမှာမူ သူ့ကားဖြင့်ဈေးနေ့တွင် လိုင်းသဖွယ် အခကြေးငွေယူ၍ ပြေး၏။ ကိုဘစိုးမှာမူ မည်သူစီးစီးအခမဲ့ကုသိုလ်ယူသူ ဖြစ်၏။ ဇနီးမောင်နှံနှစ်ဦးစလုံးပင် သဘောဖြူ အစင်းကြသူများ ဖြစ်ကြပါသည်။ ကုသိုလ်ရေးတော် လက်နှင့်မကွာ ဟူဘိသို့ အလှူအတန်းများလည်း မကြာမကြာပေးတတ်သလို အရာရာတို့အား တွန့်တိုစိတ်မရှိဘဲ ရွာထဲတွင် တွင်းက ဘာမှမရ၍ ကျပ်တည်းနေသူများအားလည်း တတ်အားသမျှ ကူညီပေးကြသော ကုသိုလ်ကံပါရမီရှင်တို့ ဖြစ်ကြပါသည်။

**ရှေးဟောင်းကျောင်းဇရပ်**

ဘိုးဇရပ်၊ ဘွားဇရပ်တို့၏ ရှေးဟောင်းအတိတ်ကို စိတ်ဝင်စားသဖြင့် ကိုဘစိုးကို မေးကြည့်မိပါသည်။

"ကိုဘစိုးနဲ့ မတင်ကြည်ကို ဘိုးဇရပ်၊ ဘွားဇရပ်လို့ ရွာကလူကြီးတွေက ပြောကြတယ်။ အဲဒါ ကိုဘစိုးတို့ မှတ်မိတာရှိသလား"

"ကျွန်တော်တို့လည်း မိဘ၊ ဘိုးဘွားတွေပြောလို့ သိရတာ။ မှတ်မိတာ မရှိပါဘူး"

"အဲဒီ ဘိုးဇရပ်တို့ လှူသွားတဲ့ ဇရပ်ကိုကော မီလိုက်သေးလား"

"မီတာပေါ့။ ဘိုးကျောင်း၊ ဘွားကျောင်းတို့ လှူသွားတဲ့ ကျောင်းကြီးက ဟောင်းပြီးနေလို့ ကျားကန်ထားရတယ်။ ဘိုးဇရပ်နဲ့ ဘွားဇရပ်တို့ လှူသွားတဲ့ ဇရပ်ကြီးကိုလည်း မီလိုက်တယ်။ ဇရပ်အိုကြီး ဖြစ်နေပါပြီ။ ကျွန်တော်တို့ ကျောင်းသားငယ်ဘဝက အဲဒီဇရပ်မှာ ဘွားသီလအိုကြီးတစ်ယောက်တည်းနေတာဗျ။ တစ်နေ့မှာ ဇရပ်ထဲက စူးစူးဝါးဝါးအော်သံကြားလို့ သွားကြည့်တော့ ဘွားသီလကြီးဟာ လေးဖက်ဝပ်အနေအထားနဲ့ သေနေတာကို ကျွန်တော်တို့ တွေ့ရတယ်။ ဘာလို့သေတာလဲဆိုတာတော့ ကျွန်တော်တို့ မသိဘူး။ ဒါနဲ့ ဇရပ်အိုကြီးကို ရွာက ဖျက်ပစ်လိုက်ကြတယ်။ နောက်တော့ အခု စာသင်ကျောင်းနေရာမှာ ဥပုသ်ဇရပ်သေးသေးလေး ပြန်ဆောက်လိုက်ကြတာပဲ။ ကျောင်းအိုကြီးကျတော့ နေလို့သိပ်မဖြစ်တော့တာနဲ့ ဘုန်းကြီး ဦးအောင်ရလက်ထက်မှာ ကျောင်းအိုကြီးဖျက်ပစ်ပြီး အခုကျောင်းသစ်ကို စုပေါင်း ပြန်ဆောက်လိုက်ကြတာပဲ"

ဟု ပြောပြလေ၏။

ထိုဇရပ်နေရာတွင် ကျပ်ပြင်ဈေးမှ ဦးဘိုးစိန်၊ ဒေါ်အေးနှင့် သားသမီးတစ်စုတို့က သဟာယပုညကာရီစမ္မာရုံ ဟူသော နှစ်ထပ်တိုက်ကျောင်း ပြန်လည်ဆောက်လုပ်လှူဒါန်းထားပါသည်။

**ကံအောင်သူများ**

ကျွန်ုပ်သည် မဟာဘုတ် ၆ကြွင်း တနင်္လာသားဖြစ်ရာ အမှီအခိုကင်းမဲ့ တစ်ဦးတည်း စီးပွားရှာသော် အဆင်မပြေလှပါ။ ဦးချိုအိမ်တွင် စ,၍နေစဉ်က အဆင်ပြေ၏။ နောင် ကိုယ်ပိုင်လုပ်သော် အဆင်မပြေပါ။ နောင် ကိုကျော်တင်အိမ်တွင်နေမှ အဆင်ပြေ၏။ ထိုအခါ အိမ်ထောင်ကျ၏။

အိမ်ထောင်ကျ၍ ကိုယ်ပိုင်ကျောက်အရောင်းအဝယ်လုပ်သော် ကျွန်ုပ်နှင့်တွဲသူသည် ကံမအောင်သဖြင့် အဆင်မပြေဖြစ်ကာ ရောင်းဝယ်ခြင်းအလုပ်ကိုစွန့်၍ ကျောက်ဖျာပြန်ကာ ကိုဘစိုးနှင့် တွဲမိပြန်၏။ ထိုအခါ ဘယ်မှာလုပ်လုပ် အဆင်ပြေပြန်၏။

ရှေ့ကရရှိသည့် ကျောက်ပင် မရောင်းရသေးမီ နောက်ထပ် ကျောက်တွေက တစ်သီကြီးရပြန်၏။ လွယ်လိုက်သည်မှာ ပြောစရာမရှိပေ။ ထိုအခါကျမှ ကိုဘစိုး မည်မျှ ကံအောင်ကြောင်း နားလည်ရပါသည်။ ဒါနမျိုးစေ့ကား အံ့သြဖွယ်ပင် ဖြစ်သည်။

ဒေါ်တင်ကြည်မှာလည်း ခြေတစ်လှမ်း ငွေတစ်သန်းဟု ပြောလောက်အောင်ပင် အရောင်းအဝယ်က အောင်မြင်၏။ ထိုအခါ ပျဉ်ထောင်အိမ်ကိုဖျက်၍ (၄×၃) ခန်း၊ မြေပေါ်မှကြည့်လျှင် (၂)ထပ်၊ အောက်ချိုင့်မှကြည့်လျှင် (၃) ထပ်တိုက်ကြီး တည်ဆောက်ကာ အလှစီးဆလွန်းကား၊ သားများစီးရန် ဒီတီဆိုင်ကယ်ကြီးပင် ဝယ်နိုင်ကြလေ၏။ ကိုဘစိုးမှာ သူ့ဂျစ်ကားလေးကိုသာ အမြဲစီးလေ့ ရှိသည်။

ကျော်မင်းနှင့် ဖိုးဇော်တို့ အရွယ်ရောက်သော် ကျွန်ုပ်နှင့် ခွဲကြပါသည်။ ကိုဘစိုး၊ ဒေါ်တင်ကြည်တို့ လူထည့်လျှင်သော် လည်းကောင်း၊ ငွေစုထည့်လျှင်သော် လည်းကောင်း အဆင်ပြေသော်လည်း၊ ငွေနှင့်လူမထည့်လျှင် အဆင်မပြေဖြစ်ရပါသည်။

စီးပွားရေးမတွဲဖြစ်ကြသော်လည်း လူမှုရေးကား မိသားစုပမာဖြစ်ကြရာ ကျောက်ဖျာတွင် နေစဉ်ကာလပတ်လုံး ကျွန်ုပ်၏အခက်အခဲများအား အမြဲကူညီခဲ့ကြပါသည်။ ကျောက်ဖျာတွင် အနှစ်(၃၀)နေကာ ကျွန်ုပ် မိုင်းရှူးတွင်ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။

ကိုဘစိုး၊ မတင်ကြည်တို့တွင် အပြူး၊ အလူး ဟူသော ကျော်မင်းနှင့် ဖိုးဇော်မွေးအပြီးတွင် ကာလအတန်ကြာမှ ကြားတွင် မော်မော်စိုး ဟူသော သမီးကို မွေးသည်။ ထိုမှ ကာလအတန်ကြာသော် ငယ်ငယ်စိုးနှင့် အဲဝိုင်း ဟူသော သမီးနှစ်ယောက်ကို ဆက်တိုက် ဆိုသလို မွေးဖွားပြန်ပါသည်။ ထိုနှစ်ယောက်အား ကျွန်ုပ်က ချစ်စနိုးဖြင့် 'မယ်ပြူး' နှင့် 'မယ်လူး' ဟု မှည့်ခေါ်ပြန်၏။ ရှေ့မှမွေးသောအတွဲနှင့် ရုပ်ချင်းလည်းတူကြလေ၏။

ငယ်ငယ်စိုး၊ အဲဝိုင်းတို့သည် မန္တလေးတက္ကသိုလ်တွင် တက်ကြရာ ဘွဲ့အသီးသီးရခဲ့ကြပြီ ဖြစ်၏။ မော်မော်စိုးကမူ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရသူ ဖြစ်ပါသည်။ ကျော်မင်း၊ ဖိုးဇော်၊ မော်မော်စိုးတို့ အိမ်ထောင်ကျကုန်ပြီး ငယ်ငယ်စိုးနှင့် အဲဝိုင်းတို့မှာ လုပ်ငန်းခွင်ဝင်နေကြပေပြီ။ ကိုဘစိုးသည် ကျွန်ုပ်ကဲ့သို့တွင်းအလုပ် နားနေပြီဖြစ်သော်လည်း ဒေါ်တင်ကြည်မှာ ကျောက်ကုန်သည်အလုပ်ဖြင့် ရောင်းဝယ်ဖောက်ကား၍ကောင်းတုန်းပင် ရှိပေသတည်း။

*လူတိုင်း လူတိုင်း ကိုဘစိုး၊ မတင်ကြည်တို့ကို စံပြု၍ ကုသိုလ်ပြုနိုင်ကြပါစေ*

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)

*(မိုးကုတ် ကျောက်ဖျာမှ ကိုဘစိုး၊ မတင်ကြည် မိသားစုသို့ အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းတရားနှင့် လက္ခဏာ ဆရာသိန်းသန်းအောင်



Jenny



Barbara

Jenny နှင့် Barbara သည် အခင်မင်ဆုံးမိတ်ဆွေလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သည့်အပြင် တစ်ဦး၏လိုအပ်ချက်ကို တစ်ဦးက (အပြန်အလှန်) ဖြည့်ဆည်းပေးကြသူများ ဖြစ်သည်။ Jenny သည် များစွာသော မိသားစုဝင် (မောင်နှမများ) အနက် အငယ်ဆုံး ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် အိမ်ကိုစွန့်ခွာ၍ ပြင်သစ်နိုင်ငံရှိ ရုပ်ရှင်လုပ်ငန်းတစ်ခု၌ အလုပ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ရုပ်ရှင်လုပ်ငန်းနှင့်ပတ်သက်၍ ယခင်က အတွေ့အကြုံနှင့် လေ့ကျင့်မှု မရှိခဲ့သော်လည်း ပထမဆုံးအကြိမ် အင်တာဗျူးမှာပင် အလုပ်ခန့်အပ်ရန် ရွေးချယ်ခြင်းခံခဲ့ရသည်။ ယင်းမှာ Jenny ၏ တနင်္ဂနွေဂြိုဟ်ခုံနှင့် ၎င်း၏ကိုယ်စားပြုလက်ချောင်း (လက်သူကြွယ်) တို့၏ ဖွံ့ဖြိုးမှု အားကောင်းခြင်းကြောင့်ပင် ဖြစ်သည်။

Barbara သည် ရှေးရိုးစွဲဆန်သော မိသားစုအသိုင်းအဝန်းအတွင်း ကြီးပြင်းခဲ့သူ ဖြစ်၏။ သူမသည် Jenny ထက် မိမိကိုယ်မိမိ ဆန်းစစ်တတ်သူ ဖြစ်သည်။ ယင်းလက္ခဏာအနေအထားကို သူမ၏ သေးငယ်သော တနင်္ဂနွေလက်ချောင်းက ဖော်ပြသည်။ Jenny နှင့် လုပ်ငန်းခွင်တစ်ခုတည်း တူညီသော်လည်း ဖန်တီးနိုင်စွမ်း မြင့်မားသောကြောင့် Jenny ၏ လိုအပ်ချက်များကို လိုသလို ဖြည့်စွက်ပေးသူ ဖြစ်သည်။

**တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ပါရှိသော လမ်းကြောင်းနှင့် အမှတ်လက္ခဏာများ**


တနင်္ဂနွေဂြိုဟ်ခုံပေါ် ပါရှိသော လမ်းကြောင်းနှင့် အခြားအမှတ်အသားများသည် မိမိ၏သိစိတ်နှင့် ဝိညာဉ်စိတ်တို့အကြား လိုက်လျောညီထွေဖြစ်နိုင်မှု အဆင့်အတန်းကို ဖော်ပြသည်။ အများအားဖြင့် ဖွံ့ဖြိုးမှုညီမျှသော ဂြိုဟ်ခုံပေါ်၌ ပါရှိသော လမ်းကြောင်းနှင့် အမှတ်လက္ခဏာများသည် အကောင်းဘက်သို့ ဦးတည်နေတတ်ပါသည်။

**တစ်ကြောင်းတည်းရှိနေသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**


လက်ဝါးပြင်ပေါ်၌ တစ်ကြောင်းတည်းသော တနင်္ဂနွေဂြိုဟ်လမ်းကြောင်း



တစ်ခုတည်းသောတနင်္ဂနွေဂြိုဟ်လမ်းကြောင်း



တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ ကောင်းသော အမှတ်လက္ခဏာများ



တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ မကောင်းအမှတ်လက္ခဏာများ

www.burmeseclassic.com

www.burmeseclassic.com


ရှိနေပါက အများအပေါ် ညှို့ယူဆွဲဆောင်နိုင်ခြင်း၊တာဝန်သိ/ယူတတ်ခြင်း၊ အာရုံစူးစိုက်မှုအားကောင်းခြင်း၊ နှလုံးသားရေးရာနှင့် တိုက်ရိုက်ဆက်သွယ်မှုခြင်းတို့ကို ဖော်ပြသည်။ ၎င်းအပြင် ခိုင်မာတိကျသော ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ ကိုယ့်ကိုယ်မိမိ ယုံကြည်ခြင်းနှင့် စီးပွားဥစ္စာတိုးတက်မှုအတွက် စွမ်းဆောင်ရည်မြင့်မားခြင်းတို့ကိုပါ ကိုယ်စားပြုပါသည်။

**အစိတ်အပိုင်းများစွာပါဝင်သော တနင်္ဂနွေဂြိုဟ်လမ်းကြောင်းများ**




တနင်္ဂနွေဂြိုဟ်လမ်းကြောင်း များစွာ ပါရှိပုံ

တနင်္ဂနွေဂြိုဟ်လမ်းကြောင်း များပါရှိခြင်းသည် စွမ်းအင်ပျံ့နှံ့နေသည့်သဘောနှင့် ရည်မှန်းချက် တစ်ခုမက



Eddy



Louise

များပြားနေသည့်သဘောကို ကိုယ်စားပြုပါသည်။ ထိုအခါ အာရုံစူးစိုက်စရာများပြားနေခြင်းကြောင့် တစ်စုံတစ်ခုတည်းအပေါ် အာရုံမစူးစိုက်နိုင်ဘဲ ဗျာများနေတတ်မည်။ ၎င်းအပြင် မည်သည့်အကြောင်းကိစ္စတွင်မဆို မသေချာ၊ မရေရာခြင်းကြောင့် တစ်သက်တာ ဘဝရည်မှန်းချက်အတွက် ခိုင်မာမှုမရှိတတ်ပေ။ တစ်ဖန် မိမိဘဝအတွင်း ဝင်ရောက်လာသူကလည်း မိမိနည်းတူ ဘဝရည်မှန်းချက် မခိုင်မာသူ ဖြစ်နေတတ်သည်ကို သတိပြုရပါမည်။

**တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ကြယ်ပွင့်ပါရှိခြင်း**



တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ ကြယ်ပွင့်

အထက်ပါ လက္ခဏာ အနေအထားသည် ကောင်းသောဆက်ဆံရေးပုံစံဖြင့် ဆွဲဆောင်နိုင်ခြင်း၊ စိတ်ကူးအိပ်မက်များအား လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်း၊ ဘာသာရေး, နိုင်ငံရေးနှင့် အနုပညာလောကတို့၌ တစ်ဦးချင်း စွမ်းဆောင်ရည်ထုတ်ဖော်ပြသနိုင်ခြင်းတို့ကို ကိုယ်စားပြုသည်။ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ကြယ်ပွင့်ပါရှိနေသောကြောင့် တစ်ဖက်သား (လူအများ) ၏ နှလုံးသားရေးရာ (ရင်တွင်းခံစားချက်များ) ကိုပါ ထိတွေ့ခံစားနိုင်ခွင့်ရှိသူ ဖြစ်ပါသည်။

**တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ကြက်ခြေခတ်အမှတ်လက္ခဏာပါရှိခြင်း**

တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ကြက်ခြေခတ် အမှတ်အသားပါရှိပါက ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ သံသယများခြင်း၊ အရာရာ တုံ့ဆိုင်းတတ်ခြင်း၊ အောင်မြင်မှုရရှိရန် အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးရခြင်း ဟူသည့် မကောင်းသော




တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ ကြက်ခြေခတ်အမှတ်

အဓိပ္ပာယ်များကို ကိုယ်စားပြုပါသည်။ ၎င်းအပြင် ကြက်ခြေခတ်သည် မိမိ၏ ထိုးထွင်းဉာဏ်အပေါ် အယုံအကြည်မရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ပြန်ဖျက်ဆီးတတ်ခြင်းသဘောများကိုပါ ဖော်ပြသည်။

**Robert ၏လက်ဝါးပြင်**
**(လက်လွတ်ဆုံးရှုံးသွားသောအခွင့်အရေး)**

Robert သည် ငယ်ရွယ်သော ကျောင်းသားတစ်ဦးဖြစ်ပြီး Vicky နှင့် ချစ်ကြိုက်နေသူ ဖြစ်သည်။ Vicky မှာ Robert ၏ စိတ်ကူးအိပ်မက်နှင့် တစ်ထပ်တည်းကျသည့် မိန်းကလေး ဖြစ်သည်။ သူတို့နှစ်ဦးအနက် တစ်ယောက်ယောက် ထိပေါက်ခဲ့ပါက ကမ္ဘာအနှံ့ လည်ပတ်ရန် ရည်ရွယ်ချက်ထားခဲ့ကြသည်။ သူတို့နှစ်ဦးအတွက် မသေချာမရေရာသော ဘဏ္ဍာရေး အခြေအနေ အခက်အခဲများကြားမှပင် Vicky က



A cross on the Sun mount is a sign of indecision and doubt



www.burmeseclassic.com


www.burmeseclassic.com



**The cross on Robert's Sun mount reflects his inability to make a decision**



**An island on the Sun mount shows a blockage in magnetism**




Robert အား လက်ထပ်ရန် တောင်းဆိုခဲ့သည်။ Robert အနေဖြင့် ငွေကြေးအခက်အခဲကြောင့် လက်ထပ်ရန်ကိစ္စအပေါ် စိတ်မပါသလို တိကျသောတုံ့ပြန်မှုမပေးခဲ့ပေ။ ထိုသို့ ဆုံးဖြတ်ချက်မပြတ်သားသော အခြေအနေကြောင့် Vicky ဘက်မှ ၎င်းအား အဆက်အသွယ်ဖြတ်ကာ ချစ်သူဘဝဆက်ဆံရေး အဆုံးသတ်ခဲ့ရသည်။ မကြာမီ Vicky က သူမ၏ Supervisor တစ်ဦးနှင့်လက်ထပ်လိုက်သည်။ တစ်နှစ်ကြာပြီးနောက် Vicky က အိုင်ယာလန်ထိပေါက်ကာ သူမ၏ခင်ပွန်းသည်နှင့် ကမ္ဘာအနှံ့ (ရေကြောင်းဖြင့်) လည်ပတ်နေသည်ကို ရုပ်သံအစီအစဉ်ကြည့်ရာမှတစ်ဆင့် Robert သိရှိလိုက်ရ၏။ Robert ၏တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ ကြက်ခြေခတ်သည် စွမ်းဆောင်ရည်နည်းပါးသည့်သဘော၊ ဆုံးဖြတ်ချက် မပြတ်သားသည့်သဘောတို့ကြောင့် ချစ်သူနှင့်ကွေကွင်းရသည့်ပြင် စိတ်ကူးအိပ်မက်ဖြစ်သော ကမ္ဘာအနှံ့လည်ပတ်မှုအစီအစဉ်ကိုပါ လက်လွတ်ဆုံးရှုံးလိုက်ရကြောင်း အထင်အရှားဖော်ပြပါသည်။

**တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ကျွန်းခံနေခြင်း**


တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ကျွန်းခံနေခြင်းသည် တစ်ဖက်သားအပေါ် ညို့ယူဆွဲဆောင်မှု၌ အတားအဆီး အပိတ်အပင် ဖြစ်နေခြင်း၊ အထီးကျန်ရခြင်းသဘောများကို ကိုယ်စားပြုပါသည်။ လက္ခဏာရှင်အနေဖြင့် မိမိကိုယ်ကို ခွဲခြမ်းစိတ်ဖြာ၍ အခက်အခဲများကို ရင်ဆိုင် ဖြေရှင်းရဲခြင်းဖြင့် လက်ဝါးပြင်မှ ကျွန်းကို ချေဖျက်ပေးနိုင်ပါသည်။

**တနင်္ဂနွေဂြိုဟ်ကိုယ်စားပြု လက်ချောင်း (လက်သူကြွယ်) ပေါ်၌ ဒေါင်လိုက်မျဉ်းကြောင်းများ ပါရှိနေခြင်း**

လက်ချောင်း တစ်ခုချင်းစီအား Sattwa, Rajas နှင့် Tamas ဟူ၍ (ပုံပါအတိုင်း) အစဉ်လိုက် နယ်မြေခွဲခြားသတ်မှတ်၏။ လက်ချောင်းတစ်ချောင်းချင်းစီ၌ (လက်မမှ လွဲ၍) လက်ဆစ်ရိုးသုံးဆင့်စီပါရှိပြီး ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်ကိုယ်စားပြုလက်ချောင်း (လက်သူကြွယ်) ၏ အလယ်လက်ဆစ်ရိုး (Rajas) နယ်မြေပေါ်၌ ဖြောင့်တန်းနက်ရှိုင်း (ထင်ရှားသော) ဒေါင်လိုက်ပုံစံမျဉ်းများ ပါရှိပါက ၎င်းကို Leo Phalanx ဟု ခေါ်သည်။

Leo Phalanx ပေါ်ရှိ ဒေါင်လိုက် မျဉ်းများသည် ဝိညာဉ်စိတ်အရည်အ သွေးနှင့်ပတ်သက်၍ ရိုးသားဖြောင့်မတ် ခြင်း (သို့) ကလေးဆန်ခြင်းသဘောများ ကိုကိုယ်စားပြုသည်။ အဆိုပါ လက္ခဏာ ရှင်များသည် (ပရောဂျက်) လုပ်ငန်းကြီး များ၌ အများနှင့်တွဲဖက်လုပ်ကိုင်ရသည် ကို ပျော်ရွှင်ခြင်းရှိပြီး အများက နှစ်သ ဖွယ်ဖြစ်လာအောင် ပြောဆို ဆက်ဆံ တတ်ကြသည်။ အကယ်၍ Leo Phalanx ပေါ်၌ အလျားလိုက်မျဉ်းများပါရှိ ပါက မိမိစိတ်အတွင်း ခံစားချက်များ အား ထုတ်ဖော်မပြောပြနိုင်သူ ဖြစ်ပါ သည်။

ဆရာသိန်းသန်းအောင်



**The island on Jonathan's Sun mount isolates him from his own loving nature**

www.burmeseclassic.com

www.burmeseclassic.com

ဆီး၀မ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီး၀မ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆ၀က - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟေ့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ သိတပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး အကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ ပြီးဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟေ့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ တော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ ပေါ့ကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက သက်လက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော် တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်။ အကြောပြေပြီး ပေ့ါပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ်" "ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး။ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေ့ါပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟေ့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၅)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဂရာမင်းဘဏ်မှ ငွေချေးသူမှန်သမျှသည် ဂရာမင်းဘဏ်အဖွဲ့ဝင် ဖြစ်သွားသည်။ စင်စစ်အားဖြင့် ဂရာမင်းဘဏ်သည် ငွေချေးသူ ဆင်းရဲသားများပိုင်သောဘဏ်ပင် ဖြစ်သည်။ ၁၉၈၄ ခုနှစ်မှစ၍ ဂရာမင်းဘဏ်အဖွဲ့ဝင်များအတွက် အမိဋ္ဌာန် (၁၆) ချက် သတ်မှတ်ခဲ့ကြသည်။ ယင်းတို့မှာ-

၁။ ဂရာမင်းဘဏ်၏ သဘောတရားလေးရပ်ဖြစ်သော စည်းကမ်း၊ ညီညွတ်မှု၊ သတ္တိနှင့် လုံ့လကို ကျွန်တော်တို့၏ဘဝ ကဏ္ဍအစုံစုံတွင် လေးစားလိုက်နာ တိုးတက်အောင် ကြံဆောင်မည်။

၂။ ကျွန်ုပ်တို့မိသားစု တိုးတက်ကြီးပွားအောင် ဆောင်ရွက်မည်။

၃။ စုတ်ချာသောအိုးအိမ်တွင် ကျွန်ုပ်တို့နေထိုင်ခြင်းပြုမည် မဟုတ်ပေ။ ကျွန်ုပ်တို့အိမ်ကို ပြုပြင်၍ အမြန်ဆုံး အခွင့်အရေးရသည်နှင့် အိမ်အသစ်တစ်လုံး တည်ဆောက်ရေးကို ဦးတည်ကာ အလုပ်လုပ်ကိုင်မည်။

၄။ ကျွန်ုပ်တို့သည် တစ်နှစ်ပတ်လုံး သီးနှံများ စိုက်ပျိုးမည်။ ကျွန်ုပ်တို့သည် သီးနှံများကို ဝလင်အောင်စားသောက်၍ ပိုလျှံသည်များကို ရောင်းချမည်။

၅။ စိုက်ပျိုးရေး ရာသီကာလတွင် ကျွန်ုပ်တို့သည် ပျိုးပင်များ တတ်နိုင်သလောက် မြားမြောင်စွာစိုက်ပျိုးမည်။

၆။ ကျွန်ုပ်တို့ သားသမီး အနည်းငယ်သာယူမည်။ အသုံးစရိတ် အနည်းဆုံးလျှော့ချမည်။ ကျန်းမာရေးကို ဂရုစိုက်မည်။

၇။ ကျွန်ုပ်တို့သားသမီးများကို ပညာသင်ကြားပေး၍ သူတို့ပညာရေးအတွက် စရိတ်ရှာနိုင်အောင် ဆောင်ရွက်ပေးမည်။

၈။ ကျွန်ုပ်တို့သားသမီးများနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ကို အမြဲတစေ သန့်ရှင်းအောင်ထားမည်။

၉။ ကျွန်ုပ်တို့သည် အိမ်သာများတည်ဆောက်၍ အိမ်သာကျင်းများ အသုံးပြုမည်။

၁၀။ ကျွန်ုပ်တို့သည် ဘုံပိုင်ရေများ သုံးပါမည်။ ဘုံပိုင်ရေမရပါက ရေကိုကျိုချက်သောက်မည် သို့မဟုတ် ရေသန့်စင်စေရန် ကျောက်ချဉ်အသုံးပြုမည်။

၁၁။ ကျွန်ုပ်တို့၏ သားများ မင်္ဂလာဆောင်တွင် သတို့သားကြေး ယူမည်မဟုတ်ချေ။ ထို့အတူ ကျွန်ုပ်တို့သမီးများ၏မင်္ဂလာဆောင်တွင်လည်း သတို့သမီးကြေး ပေးမည်မဟုတ်ချေ။ အဖွဲ့အစည်းအား ထိုမင်္ဂလာကြေး ကျိန်စာသင့်မှုမှ လွတ်ကင်းစေပါမည်။ အရွယ်မရောက်သေးသော ကလေးများကို အိမ်ထောင်ပြုပေးခြင်းမှ ရှောင်ကြဉ်ပါမည်။

၁၂။ ကျွန်ုပ်တို့သည် မည်သည့်တရားပျက်မှုမျှ ကျူးလွန်မည် မဟုတ်သလို တရားပျက်ရန် ကြိုးစားသူတိုင်းကို ဆန့်ကျင်ပါမည်။

၁၃။ ဝင်ငွေ ပို၍ရရှိစေရန် ပို၍ကြီးမားသော ရင်းနှီးမြှုပ်နှံမှုကို စုပေါင်းဆောင်ရွက်မည်။

၁၄။ ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက်ကူညီရန် အမြဲတစေ အသင့်ရှိပါမည်။ တစ်စုံတစ်ဦး အခက်အခဲကြုံလျှင် ကျွန်ုပ်တို့ အားလုံး ဝိုင်းဝန်းကူညီပါမည်။


၁၅။ အဖွဲ့အစည်း ဋ္ဌာနတစ်ခုခုတွင် စည်းကမ်းဖောက်ဖျက်မှု တစ်ခုခုကို ကျွန်ုပ်တို့သိပါလျှင် ထိုဋ္ဌာနမှ ဖောက်ဖျက်မှုကိုပြုပြင်ရန် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကူညီမည်။

၁၆။ ကျွန်ုပ်တို့အဖွဲ့ဋ္ဌာန အားလုံးတွင် ကာယလေ့ကျင့်ခန်းဆောင်ရွက်မှုများ ပြုစေပါမည်။ လူမှုရေးကိစ္စမှန်သမျှတွင် ကျွန်ုပ်တို့အားလုံး စုပေါင်း ပါဝင်သည်တို့ ဖြစ်သည်။

ဆင်းရဲသား ဆင်းရဲတွင်းမှလွတ်အောင် လုပ်ပေးနိုင်သောအရာမှာ အတတ်ပညာနှင့် အသိပညာ ဖြစ်သည်ဟု နိုင်ငံတကာ (NGO) အဖွဲ့ခေါင်းဆောင်များက ယူဆသည်။ ယူနွတ်က ထိုသို့မယူဆ။ အရင်းအနှီးငွေများ မရှိသောကြောင့်သာဟု ယူဆသည်။

ငတ်ပြတ် တောင်းစားနေရသော ဆင်းရဲသားမိသားစုပေါင်း (၇) သန်းကျော်ကို အရင်းအနှီးငွေ အနည်းအငယ်ချေးပေးရုံနှင့် ဆင်းရဲတွင်းမှလွတ်မြောက်လာကြသည်ကို ထောက်ကြည့်လျှင် ယူနွတ်နည်းက လက်တွေ့ကျ၊ မှန်ကန်ပေသည်။ တချို့မှာ သင်တန်းပေးမည် ဟူသော နည်းများကြီးကို ဆက်လက်ကျင့်သုံးနေသဖြင့် အလှူရှင်များ၏ငွေများ အလဟဿကုန်ဆုံးနေရ၏။

အလှူငွေ ဒေါ်လာ(၁)သန်းသည်






www.burmeseclassic.com

www.burmeseclassic.com

...င်တန်းစရိတ်အတွက် ဒေါ်လာ (၉) ...င်းကျော်ခန့် ကုန်သွားရာ တကယ့် ...င်းရဲသားအတွက် ဒေါ်လာ(၁)သိန်း ...နဲ့သာ ကျန်တော့သည်။ လက်တွေ့မပါ ... စာအုပ်ကြီးထဲကအတိုင်း ဇွတ်လုပ် ...င်းလေ့ရှိသော ကမ္ဘာ့ဘဏ်၏ အကူ ...ညီဆိုလျှင် ယူနစ်ကက ခေါင်းခါလေ့ ...သည်။

၁၉၈၆ ခုနှစ်ခန့်က ကမ္ဘာ့ဘဏ် ...ရာမင်းအတွက် အတိုးနည်းချေးငွေ ...လာ သန်း (၂၀၀) ကို ယူနစ်ကက ...က်မခံခဲ့ပေ။ သူတို့ငွေကိုယူလျှင် သင် ...င်းတွေ ဖွင့်ရမည်၊ ကမ္ဘာ့အဆင့်မီ ...င်ဘန်းဆရာတွေ ခေါ်ရမည်၊ ကောင်း ...င်းကျွေးရမည်၊ ကောင်းကောင်း ...းရမည်။ ထိုသို့ မလိုအပ်သောကိစ္စ ...အတွက် ဒေါ်လာသန်းနှင့်ချီပြီး ...န်ကျမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ...ပညာသည် အတွေးအခေါ်ပညာနှင့် လက်တွေ့မပါသောကြောင့် အလှူရှင်များ၏ငွေကြေးများ အလကားဖြစ်ရပုံကို ယူနစ်က ဖိလစ်ပိုင်နိုင်ငံ နီဂရော့ကျွန်းအတွေ့အကြုံနှင့် သာဓကပြခဲ့သည်။

ကျွန်းသားကလေးငယ်များ အာဟာရချို့တဲ့မှု ဖြေရှင်းရန် ဒါလာမွန်စီမံကိန်းဟု အမည်ပေးထားသော အစီအစဉ်တစ်ခုကို ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုစီမံကိန်းတည်ထောင်သူ ဒေါက်တာ ဆီဆက်ဒက်ကပ်(စ်)တီလ်ကိုသည် ထိုစီမံကိန်းတည်ပြီး သုံး၊ လေးနှစ်အကြာတွင် အစီအစဉ်ကို တိုးချဲ့ရန် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ထံမှ ငွေကြေးအကူအညီတောင်းခံခဲ့သည်။

ထိုအဖွဲ့အစည်းသည် သူ၏တင်ပြချက်ကို စုံစမ်းလေ့လာ အကဲဖြတ်ရန် ကိုယ်စားလှယ်အဖွဲ့ (၄) ခု စေလွှတ်ခဲ့သည်။ (၅)နှစ်ကြာမျှ လေ့လာစစ်ဆေးနေရာ ထိုပညာရှင်များအတွက် လေယာဉ်စရိတ်၊ စားစရိတ်၊ နေစရိတ်များ ကုန်ကျငွေမှာ ဒေါ်လာ သိန်းချီကုန်ကျခဲ့ပေသည်။ သို့သော် ကျွန်းသားကလေးများအတွက် ငွေကြေးတစ်ပြားတစ်ချပ်မှ အကူအညီမရခဲ့ချေ။

ကုလသမဂ္ဂ ကွင်းဆင်းလေ့လာရေးအဖွဲ့အတွက် (၅) နှစ်စာ ကုန်ကျစရိတ်သည် နီဂရော့ကျွန်းပေါ်မှ ဆင်းရဲသားပေါင်း (၅၀၀၀၀) ကျော်၏ အသက်ကို ကယ်တင်နိုင်ပေလိမ့်မည်။ လွန်ခဲ့သော (၂၆) နှစ်တာ ကာလတစ်လျှောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံခြားအလှူရှင်များထံမှ ဒေါ်လာ ကုဋေ (၃၀) မက လက်ခံရရှိသည်။ သို့သော် ထိုငွေထဲမှ (၇၅) ရာခိုင်နှုန်းမှာ အလှူရှင်နိုင်ငံမှပစ္စည်းများ၊ ကုန်ပစ္စည်းများနှင့် အကြံပေးစရိတ်များအဖြစ် ကုန်ခဲ့သည်။ ကျန်သော (၂၅) ရာခိုင်နှုန်းမှာလည်း ဆင်းရဲသားများထံအကုန်ရောက်သည်မဟုတ်ဘဲ လက်တစ်ဆုပ်စာ ဒေသခံ ကန်ထရိုက်များ၊ ပစ္စည်းသွင်းသူများ၊ အကြံပေးများ၊ ကျွမ်းကျင်ပညာရှင်များ လက်ထဲသို့ ရောက်သွားခြင်း ဖြစ်သည်။

ဥပမာ- အလှူရှင်များက ဆင်းရဲသားရွာအတွက် လမ်းခင်းပေးမည်ဆိုလျှင် လမ်းက ဒေါ်လာ (၁) သိန်း ကုန်ကျသည်ဟု သတ်မှတ်လျှင် ဒေါ်လာ (၈၀,၀၀၀) ကျော်ကို အထက်ပါလူများက မျှစားသွားသည်။ လမ်းကား ဒေါ်လာ (၁၀,၀၀၀) ကျော်ဖြင့် အမည်ခံသာခင်းသွားသည်။

# စာရေးသူနှင့်ရင်ဘောင်တန်း၍ စာဖတ်သူတို့အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် သတင်းစာဆရာ တစ်ဦးသည် ယူနွတ်အပေါ် အတော်ခံပြင်းနေသည်။ အကြောင်းကား ယူနွတ် ကမ္ဘာ့ဘဏ်ကဲ့သို့သော ဖွံ့ဖြိုးရေး၊ အကူအညီပေးရေးအဖွဲ့ အတော်များများကို ယူနွတ်က လက်တွေ့ သဘာဝကျကျ ဝေဖန်ပြစ်တင်တတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် တစ်ရက်တွင် ယူနွတ်နှင့် လာပြီး အင်တာဗျူးသည်။

"ခင်ဗျား၊ အမြဲ အပြစ်ပြောနေမယ့်အစား ခင်ဗျားသာ ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌဖြစ်ရင် ခိုင်ခိုင်မာမာ ဘာလုပ်မလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မလား"

"ကျွန်တော် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဖြစ်ရင် ဘာလုပ်မလဲလို့ တစ်ခါမှမတွေးမိဘူး။ ဒါပေမယ့် တကယ်ဖြစ်ခဲ့ရင်တော့ ကျွန်တော် ပထမဆုံးလုပ်မှာက ဌာနချုပ်ကို ဒါကာမြို့ဆီ ရွှေ့လိုက်မယ်"

"ဘယ့်နှယ်ကြောင့် အဲဒီလို ရွှေ့ချင်တာလဲ"

"ဘာလို့လဲဆိုတော့ လူးဝစ်ပရက်စတွန် (ထိုစဉ်ကာလ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ) ပြောသလို ကမ္ဘာ့ဘဏ်ရဲ့ အဓိကရည်ရွယ်ချက်က ဆင်းရဲ ချို့တဲ့တဲ့ကမ္ဘာကို တိုက်ဖျက်ဖို့ဆိုရင် ကမ္ဘာ့ဘဏ်ဟာ အဆင်းရဲဆုံး၊ အချို့တဲ့ဆုံးနေရာ ပြောင်းရွှေ့အခြေစိုက်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ဒါကာရောက်ရင် ကမ္ဘာ့ဘဏ်ဟာ ပတ်ပတ်လည်မှာ ဆင်းရဲချို့တဲ့မှုတွေ၊ သောကဗျာပါဒ စိုက်နေတဲ့သူတွေ၊ ဒုက္ခရောက်နေတဲ့သူတွေကို တွေ့မယ်။

ပြဿနာနဲ့ အနီးကပ်နေရတော့ ဘဏ်အရာရှိတွေဟာ ဆင်းရဲ ချို့တဲ့တဲ့ ပြဿနာကို ပိုပြီး မြန်မြန်ဆန်ဆန်၊ ပိုပြီး လက်တွေ့ကျကျဖြေရှင်းနိုင်ပါလိမ့်မယ်"

အင်တာဗျူးဆရာသည် ခံပြင်းစိတ်များပျောက်သွားပြီး ခေါင်းတညိတ်ညိတ် ဖြစ်လာသည်။

"အဲဒါအပြင် ကမ္ဘာ့ဘဏ်ရုံးချုပ်ကို ပြောင်းလာခဲ့ရင် ဘဏ်ရဲ့ဝန်ထမ်း (၅၀၀၀) ကျော်လောက်ဟာ ဒါကာမြို့ကိုလိုက်ဖို့ ငြင်းကြမယ်။ ဒါကာမြို့က စိတ်ချမ်းသာစရာအရပ်လို့ မထင်ရှားဘူးလေ။ အဲဒါကြောင့် ဝန်ထမ်းအများအပြားက သူတို့ဆန္ဒနဲ့သူတို့ အငြိမ်းစားယူ၊ ဒါမှမဟုတ် အလုပ်ပြောင်းကြမယ်။

ဒီလိုလုပ်ကြရင် အချက်နှစ်ချက်ဖြစ်လာမယ်။ ပထမတစ်ချက်က ဆင်းရဲမှုတိုက်ဖျက်ရေးကို စိတ်မထက်သန်တဲ့သူတွေ ရှင်းသွားလိမ့်မယ်။ ဒုတိယတစ်ချက်ကတော့ ဈေးကြီးတဲ့ ဝါရှင်တန်ဒီစီမှာထက် ဒါကာလစာက အများကြီးလျော့နည်းမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေ နည်းသွားမယ်"

အင်တာဗျူး အဆုံးတွင်တော့ သတင်းထောက်က ယူနွတ်အား လက်ဆွဲနှုတ်ဆက်ပြီး ချီးမွမ်းစကားပြောလာလေသည်။

ယူနွတ်၏မှတ်သားဖွယ်ရာဒဿနတစ်ခုရှိ၏။ ထိုဒဿနမှာ ဘဏ်များက အာမခံပစ္စည်းတင်နိုင်သော လူချမ်းသာများကိုသာ ငွေချေးရမည်ဟု သတ်မှတ်လိုက်ခြင်းသည် လူဆင်းရဲများ၏ဘဝကို အသေသတ်လိုက်ခြင်း ဖြစ်သည်။ မှန်ပါ၏။ ကမ္ဘာ့ချမ်းသာဆုံးစာရင်းဝင် အမေရိကန်မှာပင် ဆင်းရဲသားများရှိနေသည်ကို ထောက်သောအားဖြင့် ထိုအဆိုမှန်ကန်ကြောင်း သိနိုင်ပေသည်။

အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှ သူဆင်းရဲမကြီးတစ်ယောက်နှင့် ယူနွတ်တို့၏အင်တာဗျူးကို လေ့လာကြည့်ပါ။ အသက် (၄၀) ခန့်အရွယ်ရှိ အမျိုးသမီးကို ယူနွတ်က စတင် မေးမြန်းလိုက်သည်။ ထိုရုပ်ကွက်သည် စပိန်-ပေါ်တူဂီကပြားရပ်ကွက် ဖြစ်သည်။ စပိန်စကားသာ ပြောကြသည်။

"ခင်ဗျားချုပ်တဲ့ ဂွမ်းကပ်တွေ၏ ထိုးဒီဇိုင်းတွေက သိပ်လှတာပဲ။ ဒီလိုလုပ်ငန်း စတင်ဖို့ ခင်ဗျား ဘယ်တုံးက စိတ်ကူးရလဲ"

သူမစကားထဲမှာပါသည့် ဂျယ်နီဟူသည် (WESP) ၏ ဝန်ထမ်းတစ်ဦးဖြစ်သည်။ ထိုအဖွဲ့သည် ဂရာမင်းဘဏ်ခွဲတစ်ခုပင် ဖြစ်သည်။

"ဂျယ်နီ ကျွန်မကို လာစကားပြောတော့ ကျွန်မ အရမ်းကြောက်ခဲ့တယ်။ သူ ကျွန်မကို တစ်ခုခုလာရောင်းနေတာမှတ်ပြီး ရှောင်တိမ်းခဲ့တယ်။ သူက နောက်တစ်ခါကျတော့ နောက်အမျိုးသမီးတစ်ယောက်နဲ့လာတယ်။ သူတို့က ကျွန်မကို စကားပြောဖို့ ကြိုးစားကြတယ်၊ ဒါပေမယ့် ကျွန်မနားမထောင်ရဲခဲ့ဘူး။

သူတို့ ကားလုပ်ငန်းအကြောင်း ပြောဆိုနေကြတယ်။ ကျွန်မက လုပ်ငန်းအကြောင်း နကန်းတစ်လုံးမှ မသိဘူး။ ကျွန်မယောကျ်ားရဲ့ဘဝက ကြမ်းတယ်။ သူက စက်ရုံမှာအလုပ်လုပ်တယ်။ တခြားလူတွေနဲ့ ကျွန်မ စကားပြောရင် သူအရမ်းစိတ်ဆိုးတယ်။ ကျွန်မ အိမ်ပြင်တစ်ယောက်တည်းထွက်တာကို မကြိုက်ဘူး။

ချီကာဂိုမြို့မှာ ကျွန်မအသိ တစ်ယောက်မှမရှိဘူး။ ကျွန်မယောကျ်ားနဲ့ မက္ကဆီကိုနိုင်ငံကနေ ပြောင်းလာကတည်းက ဒီမှာနေနေတာ (၁၅) နှစ် ရှိပြီ။ ဂျယ်နီက ခဏခဏလာတယ်။ ဟိုးအဝေးက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဂရာမင်းဘဏ်အကြောင်း ကျွန်မကိုပြောပြကြတယ်။ အဲဒီနိုင်ငံက အမျိုးသမီးတွေ သူတို့ဘဝကို ဘယ်လိုပြောင်းလဲပစ်ကြတယ် ဆိုတာ ပြောပြတယ်။

သူပြောတဲ့အကြောင်းအရာလေးတွေကို ကျွန်မ သဘောကျခဲ့တယ်။ အဲဒီနိုင်ငံက အမျိုးသမီးတွေလို ဖြစ်ချင်ခဲ့တယ်။ ဒါပေမယ့် ဒီမှာကြမ်းတယ်၊ ကျွန်မဘာသာကျွန်မ ဘာမှမလုပ်ရဲဘူး၊ ဒီလို အလုပ်လုပ်တာသိရင် ကျွန်မယောကျ်ားက သတ်မှာ။ ကျွန်မ ဂျယ်နီနဲ့ စ,စကားပြောတယ်။ သူက ကျွန်မကို ရပ်ကွက်ထဲက တခြားမိန်းမတွေနဲ့ မိတ်ဆက်ပေးတယ်။ ကျွန်မ သူတို့ပြောတာကို နားထောင်တယ်။

သူတို့က သူတို့ရဲ့ ခက်ခဲတဲ့ဘဝအကြောင်း၊ သူတို့ရဲ့သားသမီးတွေအကြောင်း၊ သူတို့လင်ယောကျ်ားတွေအကြောင်း၊ သူတို့မိဘတွေအကြောင်းတွေ ပြောပြတယ်။ ကျွန်မတို့ဘဝတွေ အတော်တူတာကို ကျွန်မ မြင်မိတယ်၊ ချေးငွေနဲ့ကျွန်မတို့ ဘာလုပ်ရင်ကောင်းမလဲလို့ စိတ်ကူးလာခဲ့ကြတယ်။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အားပေးပြီး အားလုံးအတွက် သတင်းအချက်အလက်တွေ စုဆောင်းကြတယ်၊ နောက်ဆုံး ကျွန်မတို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်တယ်။ နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ ငွေချေးခဲ့ကြပါတယ်၊ တစ်ယောက်လုပ်ငန်းမှာ တစ်ယောက်ဝင်ကူခဲ့တယ်။

ကျွန်မ ပထမအကြိမ် ချေးငွေ ဒေါ်လာ (၆၀၀) ကို ပြန်ဆပ်နိုင်ခဲ့ပြီး ခုဆို ဒုတိယအကြိမ် ချေးငွေအလယ်လောက်ရောက်နေပြီ။ ဒုတိယအကြိမ်မှာ ကျွန်မ ဒေါ်လာ (၁၀၀၀) ချေးခဲ့တယ်"

"ခင်ဗျားရဲ့ထုတ်ကုန်လေးတွေ ရောင်းရတာ အခက်အခဲရှိသလား"

"မရှိပါဘူး၊ ဘာအခက်အခဲမှမရှိဘူး။ ကျွန်မ မှာတာတွေတောင် အကုန် လုပ်မပေးနိုင်ဘူး။ ဒါ့ထက် ပိုရောင်းလို့



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ဒါပေမယ့် အားလုံးကို ကျွန်မ တစ်ယောက်တည်း လက်ချုပ်လုပ်ရတာ၊ ကျွန်မကိုကူညီမယ့်သူ မရှိဘူး။ ကျွန်မသားက ကျောင်းတက်တယ်။ အမြဲပဲ အပြင်ရောက်နေတယ်။ အိမ်မှာ ကျွန်မ တစ်ယောက်တည်းပဲ ရှိတယ်"

"ခင်ဗျားရတဲ့ဝင်ငွေနဲ့ စိတ်ချမ်းသာသလား"

"ကျွန်မမှာ ဝင်ငွေရှိလိမ့်မယ်လို့ ဘယ်တုံးကမှ မမျှော်လင့်ခဲ့ဘူး။ ကျွန်မယောကျ်ားက ကျွန်မကို အသုံးစရိတ်ငွေ ဘယ်တော့မှပေးတာ မဟုတ်ဘူး။ ဈေးသွားဝယ်ရင် အတူတူသွားဝယ်ကြတယ်။ သူက ကျသင့်ငွေကို ရှင်းတယ်။ ကျွန်မကိုယ်ပိုင်ပိုက်ဆံ ဘယ်တုံးမှမရှိခဲ့ဖူးဘူး။ ကျွန်မ အမေရိကန်နိုင်ငံမှာနေတဲ့ (၁၅) နှစ်ကာလမှာ ဘဏ်ငွေစာရင်းစာအုပ်တောင် ဘယ်တုံးမှမရှိခဲ့ဖူးဘူး။ အခုတော့ ကျွန်မမှာ ငွေရှိနေပြီ။ ကိုယ်ပိုင်ဘဏ်စာအုပ် ရှိတယ်၊ ချက်လက်မှတ်စာအုပ် ရှိတယ်။ ကျွန်မယောကျ်ားက ဒီအကြောင်း လုံးဝမသိသေးဘူး။ ကျွန်မ သူ့ကို ပြောမပြရသေးဘူး"

"WESP က (၅) ယောက်အုပ်စုခွဲပြီး တိုက်တွန်းတဲ့ စည်းမျဉ်းမရှိရင် ငွေချေးဖို့ ပိုလွယ်တယ်လို့ လူအတော်များများကပြောတယ်၊ ခင်ဗျား သဘောတူသလား"

"ကျွန်မ ဒီမှာနေထိုင်တဲ့ (၁၅) နှစ်ကာလမှာ မိတ်ဆွေတစ်ယောက်မှမရှိခဲ့ဖူးဘူး၊ ဘယ်သူနဲ့မှလည်း မသိဘူး။ တစ်ယောက်တည်း အထီးကျန်ပဲ။ အခု ကျွန်မ မိတ်ဆွေတွေအများကြီးရှိနေပြီ။ ကျွန်မတို့အဖွဲ့က မိတ်ဆွေ (၄) ဦးကိုလည်း ညီအစ်မအရင်းတွေလို ကျွန်မ ယူဆတယ်။ WESP က ကျွန်မကို ငွေမချေးပေးရင်တောင် အဲဒီအဖွဲ့က ကျွန်မအတွက်မှာမဟုတ်ဘူး"

**မအောင်မြင်ခြင်းရဲ့အဓိကသော့ချက်**

'လောက၌ အောင်မြင်မှုမရသူ အများစုသည် ကဲ့ရဲ့ဖို့သာသတိရပြီး ချီးမွမ်းဖို့ မေ့လျော့နေသူများသာ ဖြစ်သည်'

ဆင်းရဲသားမိသားစုပေါင်း (၇) သန်းကျော်ကို စားဝတ်နေရေး ပြည့်စုံအောင် လုပ်ပေးနေသည့်အတွက် ယူနွတ်ကို ဘင်္ဂလားဒေ့ရှ်ပြည်သူအားလုံးက ကြည်ညို လေးစားကြလိမ့်မည်ဟု ထင်သူက များ၏။ ကြည်ညိုသူရှိသလို မကြည်ညိုသူလည်း ရှိ၏။ ချီးမွမ်းသူရှိသလို ကဲ့ရဲ့သူလည်းရှိ၏။ ကွန်မြူနစ်ပါမောက္ခတစ်ဦးက ယူနွတ်ကို ယခုလို ဝေဖန်၏။

"ခင်ဗျား တကယ်လုပ်နေတဲ့အလုပ်က ဆင်းရဲသားတွေ ပိုပြီးကြီးကျယ်တဲ့နိုင်ငံရေးကိစ္စတွေမှာ မပါဝင် မပတ်သက်အောင် သူတို့ကို ဘိန်းနည်းနည်းစီ ခွံ့နေတာပဲ။ ခင်ဗျားရဲ့ မိုက်ခရိုသုညချေးငွေနဲ့ သူတို့ ငြိမ်းချမ်းစွာ အိပ်စက်ကြတယ်။ ဘာပူညံပူညံမှမလုပ်ကြတော့ဘူး။ သူတို့ရဲ့တော်လှန်ရေးစိတ်ဓာတ်အေးသွားတယ်။ ဒါကြောင့် ဂရာမင်းဟာ ပစ္စည်းမဲ့တော်လှန်ရေးရဲ့ရန်သူပဲ"

လက်ယာစွန်း သမားရိုးကျ မွတ်စလင်များက တစ်မျိုးဝေဖန်ကြ၏။

'ဂရာမင်းဘဏ်ဟာ အစ္စလာမ်ယဉ်ကျေးမှုနဲ့ အစ္စလာမ်ဘာသာကို ဖျက်ဆီးဖို့ အားထုတ်နေတဲ့ရန်သူ ဖြစ်တယ်'

မှန်ကန်ပြီး အများအတွက်အကျိုးရှိတဲ့ လုပ်ငန်းတစ်ခု ရေရှည်ရပ်တည်နိုင်ဖို့အတွက် ပါရမီ (၁၀) ပါးထဲမှ ဥပေက္ခာပါရမီနှင့် နိက္ခမပါရမီသဘောပါအောင် အားထုတ်သင့်၏။

ဥပေက္ခာပါရမီ ဟူသည် လျစ်လျူရှုခြင်း ဖြစ်၏။ အဘယ်အရာကို လျစ်လျူရှုရမည်နည်း။ အထက်ဖော်ပြပါကဲ့သို့ မိမိလုပ်ငန်းကို ကဲ့ရဲ့ရှုတ်ချသူများနှင့်ကြုံလာလျှင် ဒေါသမဖြစ်ဘဲ ကိုယ့်အလုပ်ကို ဆက်လုပ်နိုင်ရမည်။

မိမိလုပ်ငန်းအပေါ် ချီးမွမ်းမှုနှင့် ကြုံရလျှင်လည်း လောဘဖြစ်ကာ ခြေဖျားမထောက်ဘဲ တည်ငြိမ်ရမည်။ ဤကား ဥပေက္ခာပါရမီသဘောအရ လျစ်လျူရှုခြင်းပင် ဖြစ်၏။ နိက္ခမပါရမီ ဟူသည် တောထွက်ခြင်းဟု သိသူများသော်လည်း ကာမဂုဏ်လောဘမှထွက်မြောက်ခြင်းဟု ဘာသာပြန်မှ ကျင့်ကြံပုံကို လူတိုင်း နားလည်နိုင်မည်။

ပရဟိတလုပ်ငန်းကိုလုပ်သည့်အတွက် နာမည်ကြီးချင်သော လောဘ၊ နေရာပေးခံချင်သော လောဘ၊ နောက်ဘဝချမ်းသာချင်သော လောဘ၊ ဥက္ကဋ္ဌနေရာသာလုပ်ချင်သော လောဘ၊ လူသိချင်များချင်သောလောဘ၊ ထိုမှထွက်မြောက်နိုင်ရသည်။ မြို့နယ်တစ်ခုမှ စာရေးသူ ထောက်ပံ့ပေးထားသော သွေးလှူရှင်အသင်းတစ်သင်း ရှိသည်။ ထိုအသင်းမှ လူကြီး (၃) ဦးသည် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နယ်ကိုသွားကြ၏။

ဆိုင်ကယ်ဆီဖိုးကိုကား သွေးလှူရှင်အသင်းငွေထဲမှ ထုတ်သုံးကြသည်။ ထို့ကြောင့် သူတို့သုံးဦးကို အသင်းမှ ထုတ်လိုက်ရသည်။ အမှန်ဖြစ်သင့်သည်ကား သွေးလှူမည့်လူကို မိမိဆိုင်ကယ်နှင့် လိုက်ပို့ရာ၌ပင် ကုသိုလ်ကိုသာ ယူသင့်သည်။ ထိုမျှလောက်ငွေကိုကား အသင်းထဲမှ မထုတ်သင့်ပေ။ ဤသည်ကား လောဘမှမထွက်မြောက်နိုင်ခြင်းပင် ဖြစ်၏။

၂၀၁၁ ခုနှစ်က ရေဘေးကြောင့် ပခုက္ကူမြို့၊ ဆိတ်ဖြူ ပေါက် စသော မြို့များတွင် လူတွေသေကြသည်။ အိမ်တွေ ရေထဲပါသွားကြသည်။ စာရေးသူမှာ ကိုယ်တိုင်သွားလှူချင်သော်လည်း တရားပွဲရက်အား မရှိ။ (၁) နှစ်ကျော်၊ (၂) နှစ်နီးပါး ကြိုပင့်ထားသူများက စာရေးသူဘက်မှ တရားပွဲပျက်သည်ဟု ကြားသည်နှင့် ငိုယိုတတ်ကြ၏။

ထို့ကြောင့် တရားပွဲလည်းမပျက်၊ ဒုက္ခသည်များလည်း အလှူငွေရအောင် ဦးသုမင်္ဂလ (ဒယ်အိုး) ဆရာတော်တို့အဖွဲ့နှင့် သိန်း (၅၀) ထည့်လှူပေးလိုက်သည်။ တချို့က ဝေဖန်သည်။ ဆရာတော်ကိုယ်တိုင် သွားမလှူဘဲ တခြားကိုယ်တော်ကိုလှူခိုင်းတော့ အများက တခြားကိုယ်တော်လှူတာပဲ ထင်နေမှာပေါ့ ဟူ၏။ ဖြေလိုက်သည်။ ဦးဇဝနလှူတာသိဖို့ထက် ရေဘေးဒုက္ခသည်များ ချမ်းသာဖို့က အဓိကကျသည်ဟု။ ဤသည်ကား နာမည်ကျော်ချင်သောလောဘမှထွက်မြောက်ခြင်း နိက္ခမပါရမီပင် ဖြစ်၏။

ရန်ကုန်မှ ပရဟိတအဖွဲ့ တစ်ဖွဲ့သည် ရေဘေးအတွက် အလှူခံကြသည်။ သိန်း (၅၀) ကျော်လောက်ရသည်။ သူတို့ ရေဘေးအတွက် အသုံးပြုပုံကိုကြည့်ပါ။ လိုက်ထရက်ကား (၄) စီးငှားသည်က (၁၀) သိန်းလောက် ကုန်သွားသည်။ ထို (၄) စီးတွင် (၃) စီးက အဖွဲ့သားအကုန်စီးဖို့ ဖြစ်သည်။ လှူမည့်ပစ္စည်းကား ကားတစ်စီးစာသာ ရှိသည်။ လှူဖွယ်ဝတ္ထုက သိန်း (၂၀) ဖိုးလောက်သာရှိပြီး ရေဘေးအလှူမှတ်တမ်းရိုက်ရန်ဟုဆိုကာ သိန်း (၂၀) ခန့်တန်သော ဗီဒီယိုရိုက်စက်ကြီးပါ ဝယ်လိုက်သည်။

ကား (၃) စီးဖိုးငွေနှင့် ဗီဒီယိုစက်ဖိုး စုစုပေါင်း သိန်း (၃၀) ခန့် ရှိသည်။ ရေဘေးဒုက္ခသည်တွေထံ မရောက်ပေ။ သူတို့ကိုယ်ကျိုးအတွက် အသုံးချခြင်းသာ ဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုယ်တိုင် ကိုယ်ကျိုးသုံးမိသည် ဟူ၍ သတိမထားမိကြချေ။ ထိုအချိန်တွင် မူဆယ်၌ စာရေးသူ ဖွဲ့ပေးထားသော မေတ္တာရှင်ဖောင်ဒေးရှင်း (ကာယကံမေတ္တာ) အဖွဲ့တစ်ဖွဲ့ ရှိသည်။ ထိုအဖွဲ့ကလည်း သူတို့ အလှူခံထားသော ငွေသား ကျပ်သိန်း (၁၀၀)ကျော်နှင့် ပစ္စည်း သိန်း (၂၀၀) ကျော်ဖိုးကို စာရေးသူနှင့် အတူလိုက်လှူရန် ဆင်းလာဖို့ ပြင်ဆင်နေကြပြီဖြစ်ကြောင်း စစ်ကိုင်း ဦးကောဝိဒထံ ဖုန်းဆက်သည်။ အတွေ့အကြုံရှိနေပြီဖြစ်သော စာရေးသူက ထောက်ပံ့သူများ မရောက်သေးသော နေရာ ဘယ်နေရာရှိသေးသလဲဟု သေချာသိနိုင်ရန် ဦးကောဝိဒကို မူဆယ်အဖွဲ့မလာခင် ကြိုတင်ပြီးသွားကြည့်ဖို့လွှတ်လိုက်သည်။ ထိုရက်အတွင်း မန္တလေးမြို့ တရားပွဲနှစ်ပွဲမှရသော အလှူငွေ (၁၅) သိန်းကိုပါ ဒုက္ခသည်တွေအတွက် ချက်ချင်းလှူနိုင်ရန် ထည့်ပေးလိုက်၏။ ဦးကောဝိဒမှာကား ကားတစ်တန်၊ လှေတစ်တန်၊ ဆိုင်ကယ်တစ်တန်၊ ခြေကျင်တစ်တန်သွားပြီး ထောက်ပံ့ပစ္စည်း မရောက်ရောက်အောင် မရောက်သေးသောရွာများကို ရှာသည်။

စာရေးသူ ထည့်ပေးလိုက်သော (၁၅) သိန်းကိုလည်း လုံးဝ ထောက်ပံ့ရေးမရောက်သေးသောရွာတွင် လှူနိုင်ခဲ့သည်။ ထူးခြားချက်ကား ဦးကောဝိဒသည် စာရေးသူ လှူလိုက်သော ငွေ (၁၅) သိန်းထဲမှ ကားခ၊ ဆိုင်ကယ်ခ၊ လှေခ၊ စားသောက်ခ ဟူ၍ တစ်ပြားတစ်ချပ်မျှ ဖြတ်မယူခြင်းပါပေတည်း။ ခရီးစရိတ်၊ စားစရိတ်များကို သူ့ငွေဖြင့်သာ သုံးစွဲခဲ့သည်။ ဤသည်ကား မိမိကိုယ်ကျိုးအတွက် သုံးလိုသောလောဘမှ ထွက်မြောက်ခြင်း နိက္ခမပါရမီပါပေတည်း။

ထိုသို့ နိက္ခမနှင့် ဥပေက္ခာပါရမီပါအောင် ကြိုးစားသောကြောင့်လည်း ဦးကောဝိဒသည် မေတ္တာရှင်ဖောင်ဒေးရှင်းအတွက် သိန်း (၁၀၀)၊ စစ်ကိုင်းတောင်ရိုးဆွမ်းလောင်းအသင်းအတွက် ကျပ်သိန်း (၂၀၀) တို့ကို ဘဏ်မှာ ငွေပဒေသာအဖြစ် အပ်နှံနိုင်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံပ ကာရောက်နေသော မြန်မာများ၏ တစ်ခုတည်းသော ဆွမ်းလောင်းအသင်းဟု ဆိုရပါလိမ့်မည်။ တစ်လလျှင် (၄) ကြိမ် ဆွမ်းလောင်းဖို့ ရည်မှန်းထားသော်လည်း အလှူရှင်များ တိုးပွားလာသောကြောင့် တစ်ခါတစ်ရံတွင် (၁၅) ကြိမ်ခန့်အထိ လောင်းလှူနိုင်ခဲ့သည်။ ပရဟိတလုပ်မည့်သူများ အတုယူသင့်၏။ ယူနွတ်၏ဒသ နများကို ကောက်နုတ်ဖော်ပြရင်း မောင်အောင်ကြီးနှင့် ယူနွတ်တို့၏ ဆင်းရဲသားငွေချေးပေးရေး စီမံကိန်းအကြောင်းကို နိဂုံးချုပ်လိုက်ပေပြီ။

အလုပ်လက်မဲ့ခံစားခွင့်များကို ပံ့ပိုးပေးခြင်းသည် ဆင်းရဲချို့တဲ့မှုကိုဖြေဖျောက်ရန် အကောင်းဆုံး နည်းလမ်းတစ်ရပ်ဟု ကျွန်ုပ် မယုံကြည်ချေ။ ကျန်းမာကြံ့ခိုင်သော ဆင်းရဲသားများသည် သဒ္ဓါကြေးလည်း မလိုအပ်၊ သဒ္ဓါကြေးလည်း မလိုချင်ချေ။ ထိုသဒ္ဓါကြေးသည် သူတို့ကို ပို၍ စိတ်ညစ်စေသည်။ သူတို့၏ကိုယ်စွမ်းကိုယ်စ ဆောင်ရွက်လိုစိတ်ကို ခြစားစေသည်။ ပိုဆိုးသည့်အချက်မှာ ရှိသင့်သောမာန်ကိုပျက်စေသည်။ ဆင်းရဲချို့တဲ့မှုကို ဆင်းရဲသားတို့ ဖန်တီးခဲ့ကြသည် မဟုတ်ချေ။ လူ့အသိုက်အမြုံနှင့် လူ့အသိုက်အမြုံကကျင့်သုံးခဲ့သော (ဆင်းရဲသားကို ငွေမချေးသောဘဏ်ကဲ့သို့) မူဝါဒများက ဖန်တီးသည်။

(ယူနွတ်)

ပရဟိတ ရှေ့ဆောင်စီးပွားရေးလုပ်ငန်းသည် လောဘရှေ့ဆောင်သော စီးပွားရေးလုပ်ငန်းများကို ကျော်တက်နိုင်စွမ်းရှိသည်။

(ယူနွတ်)

စီးပွားရေးဖွံ့ဖြိုးမှု ဆိုသည် တစ်ဦးချင်းဝင်ငွေအပေါ် တည်သည်လား၊ တစ်ဦးချင်းစားသုံးမှုပေါ် မူတည်သည်လား၊ တစ်ဦးချင်း တစ်ခုခုအပေါ် တည်သည်လား။ ကျွန်တော်သည် ဖွံ့ဖြိုးမှုကို ဤသို့ ဖွင့်ဆိုချက်အား မည်သည့်အခါမျှ သဘောမတွေ့ခဲ့ချေ။ ဖွံ့ဖြိုးမှု၏အနှစ်သာရကို မျက်စိမှောက်ခြင်းသာ ဖြစ်သည်ဟုယူဆသည်။ ကျွန်တော်က မူ အောက်ခြေလူဦးရေ (၅၀) ရာခိုင်နှုန်း၏ ဘဝအရည်အသွေးကို မြှင့်တင် ပြောင်းလဲနိုင်ခြင်းသည်သာ ဖွံ့ဖြိုးမှု၏အနှစ်သာရ ဖြစ်သည်ဟု ယူဆသည်။ ပို၍ ပြင်းပြင်းထန်ထန် ဆိုရပါလျှင် အောက်ခြေလူဦးရေ (၂၅) ရာခိုင်နှုန်း၏ ဘဝအရည်အသွေးကို အာရုံစိုက်နိုင်ခြင်းက ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်ဟု ကျွန်တော် အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုပါသည်။

(ယူနွတ်)

ကျွန်တော်တို့သည် သဆင်းရဲတို့ကို ကူညီချင်သောအခါ ပေးကမ်းလှူဒါန်းလိုက်လေ့ရှိသည်။ အများအားဖြင့် ပြဿနာကို အသိအမှတ်ပြုအဖြေရှာခြင်းမှ ရှောင်တိမ်းရန်အတွက် အလှူအတန်းကို ခုတုံးလုပ်ပစ်သည်။ ပေးကမ်း လှူဒါန်းလိုက်ခြင်းသည် တာဝန်ကို ပခုံးမှခါပစ်လိုက်သည့် အသွင်ဆောင်သည်။ ပေးကမ်းလှူဒါန်းမှုသည် ဆင်းရဲချို့တဲ့မှုကို ဖြေရှင်းနည်းတစ်ရပ် မဟုတ်ချေ။

ပေးကမ်း လှူဒါန်းမှုသည် ဆင်းရဲသားတို့၏ လုပ်ကိုင်ကိုင်ချင်စိတ်ကို နုတ်ယူပစ်သဖြင့် ဆင်းရဲချို့တဲ့မှုကို သက်တမ်းရှည်စေသည်။ အလှူအတန်းသည် ဆင်းရဲသားတို့၏ ဘဝအကြောင်း မတွေးတော မပူပန်စွာ ကိုယ့်ဘဝကိုယ် ဆက်လက်ရပ်တည်စေသည်။ အလှူသည် ကျွန်တော်တို့၏လိပ်ပြာကို နှစ်သိမ့်ပေးသည်။

(ယူနွတ်)

***မှတ်ချက်***- *မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) မြန်မာပြန်ဆိုသော 'ဘဝအိပ်မက်များကို လှပစေသူ မိုဟာမက်ယူနွတ်' စာအုပ်မှ ကောက်နုတ်ချက်အချို့ကို ခံစားရေးဖွဲ့သည်။*

ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ခြင်း ဟူသည်မှာ မိမိ၏သန္တာန်၌ ဒုစရိုက်တရားများ ဖြစ်ပေါ်လာခြင်းမရှိရလေအောင်၊ မိမိပတ်ဝန်းကျင်လောကတွင်လည်း ဒုစရိုက်တရားများ ဖြစ်ပေါ်လာခြင်းမရှိရလေအောင် ထိန်းသိမ်းစောင့်ရှောက်တတ်သူ ဖြစ်ခြင်းပင်ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ တောင့်တသော နိဗ္ဗာန်အနက်မှာလည်း လောကဝေါဟာရအားဖြင့်ဆိုရလျှင် ဒုစရိုက်တရားများ အချင်းခပ်သိမ်း ကင်းငြိမ်းခြင်းပင် ဖြစ်၏။ ထို့ကြောင့် မိမိသန္တာန်၌ရော ပတ်ဝန်းကျင်လောက၌ပါ ဒုစရိုက်တရားများကင်းအောင် အားထုတ်တတ်လာခြင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်း၏ အကျိုးကျေးဇူးဖြစ်၏။

*(ဦးရွှေအောင်၏ စာဖတ်သူများ ၁၂ မှ)*

မေတ္တာရှင်(ရေးသိသော)

www.burmeseclassic.com



အတက်အကျ

ဆောင်းဆုံအုန်းသွင်

လွန်ခဲ့သည့် (၃၅) နှစ်ခန့်က ကျွန်တော်သည် မိတ်ဆွေတစ်ဦး၏ဆရာဖြစ်သော တိုင်းရင်းသမားတော်ကြီး ဦးတင်ဦး နေသော သယ်န်းကျွန်းဈေးအနီးက အိမ်သို့ ထိုမိတ်ဆွေနှင့်အတူ ရောက်ခဲ့ပါသည်။ အလည်အပတ်သဘောမျိုးဖြစ်၍ ထွေရာလေးပါးသာပြောကြပါသည်။ အတန်ကြာတော့ ကျွန်တော်က-

'ဆရာကြီး၊ ကျွန်တော့်မှာ ဓာတ်ချုပ်တဲ့ရောဂါ စွဲနေတယ်။ ဆေးမစားဘဲ ဝမ်းမသွားဘူး၊ ဝမ်းပျော့ဆေး အမြဲစားနေရတယ်'

ဟု ပြောလိုက်ပါသည်။ ဆရာကြီးက 'မှန်းစမ်း' ဆိုပြီး ကျွန်တော့်ဘယ်ဘက်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး သွေးစမ်းလိုက်ပါသည်။ ပြီးတော့-

'ခင်ဗျားမှာ အတွင်းလိပ်ခေါင်းရှိနေတာကိုး၊ ဒါ့ကြောင့် ဓာတ်ချုပ်တာ'

ဟု ပြောပါသည်။ ကျွန်တော်က-

'မရှိပါဘူး ဆရာ'

ဟု ငြင်းဆိုလိုက်ပါသည်။ ဆရာကြီးက-

'ဆေးခန်းမှာ စမ်းကြည့်ပြီးပြီလား'

ဟု မေးပါသည်။ ကျွန်တော်က မစမ်းဘူးကြောင်းပြောတော့ ဆရာကြီးက 'စမ်းကြည့်လိုက်ပါ၊ လွယ်ပါတယ်။ မှန်ပြောင်းနဲ့ကြည့်လိမ့်မယ်' ဟု ပြောပါသည်။ ထိုသို့ပြောရင်း သူ့ရှေ့ကကော်ပီစာအုပ်ကိုဖွင့်ပြီး တစ်စုံတစ်ရာရေးလိုက်သည်။ ပြီးတော့ ပြန်ပိတ်လိုက်ပါသည်။

ဆရာကြီးထံတွင် ဆရာဝန်တစ်ယောက် တိုင်းရင်းကုထုံးကိုလေ့လာနေပါသည်။ သူက လူနာတစ်ဦးနှင့် စကားပြောနေပါသည်။ ဆရာကြီးက 'ဆရာဝန်ကြီးဆီသွားပြီး သွေးပေါင်ချိန်လိုက်ပါ' ဟု ကျွန်တော့်ကို ပြောပါသည်။ ဆရာဝန်လည်း ကြားသဖြင့် သူ့ကိုထပ်ပြောရန်မလိုဘဲ ကျွန်တော့်ကို သွေးပေါင်ချိန်ပေးပါသည်။ ရသောအဖြေကို (၂) လက်မ ပတ်လည်လောက်ရှိသော စာရွက်ဖြူလေးပေါ်တွင် ရေးပေးလိုက်ပါသည်။ အောက်သွေး (၇၀)၊ အပေါ်သွေး (၁၀၀) ဟူ၍ ဖြစ်ပါသည်။ ဆရာကြီးဆီ ကျွန်တော်ပြန်လာတော့ ဆရာကြီးက ကော်ပီစာအုပ်ကိုဖွင့်ပြီး ကျွန်တော့်ကိုပေးပါသည်။ စာအုပ်တွင် 'ကိုအုန်းသွင်၊ အောက်သွေး (၇၀)၊ အပေါ်သွေး (၁၀၀)' ဟူ၍ ဖြစ်ပါသည်။ လိပ်ခေါင်းသွေးစမ်းရင်း သွေးပေါင်ချိန်ပါ မှတ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်သည် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ညွှန်ကြားရေးမှူးချုပ် ဆရာဦးဖေအောင်ထံတွင် ကျမ်းပြုသုတေသနအရာရှိသင်တန်း တက်နေပါသည်။ ဆရာ့ကိုပြောတော့ ဆရာက ဌာနကဖွင့်ထားသည့်ဆေးခန်းတွင် စစ်ကြည့်ရန် ဆရာဝန် ဒေါက်တာမောင်မောင်ခင်နှင့် ဆက်သွယ်ပေးပါသည်။ ဆရာဝန်က 'ဟုတ်တယ်၊ ရှိတယ်။ ဓာတ်ချုပ်မခံနဲ့၊ ဓာတ်ချုပ်လို့ အတိုက်ခံရပါများရင် အနာဖြစ်ပြီး သွေးကျလာမယ်' ဟု ပြောပါသည်။ ဆရာဦးတင်ဦးမှာ နားကြပ်လည်းမရှိ၊ သွေးပေါင်ချိန်သည့်ကိရိယာလည်း မရှိ၊ လိပ်ခေါင်းကြည့်သည့် မှန်ပြောင်းလည်း မရှိပါ။ သူ့မှာ 'လူပုဂ္ဂိုလ်အရည်အသွေး' သာ ရှိပါသည်။

လွန်ခဲ့သည့် (၁၅) နှစ်ခန့်က ကျွန်တော့်ဇနီးတွင် အင်ပျဉ်ပေါက်သလို ကိုယ်မှာ အပိမ့်ထွက်ပြီး ယားပါသည်။ အင်ပျဉ်ဟုထင်ပြီး အင်ပျဉ်ကုနည်းများဖြင့်ကုရာ မပျောက်နိုင်သဖြင့် အရေးပြားအထူးကုဆရာဝန်ထံ သွားပြသည်။ ဆရာဝန်အခန်းထဲတွင် ဆရာဝန်ရယ်၊ သူ့မျက်စောင်းထိုးမှာ စားပွဲငယ်ဖြင့် ထိုင်နေသည့် ဆေးခန်းစာရေးရယ်၊ နှစ်ဦးသာ ရှိပါသည်။ ဆရာဝန်စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်ပြီးနောက် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်ဇနီးက ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။ ဆရာဝန်က ဝစီပိတ်ကျင့်နေဟန်တူပါသည်၊ စကားတစ်ခွန်းမှမပြော။ သူမျက်စောင်းထိုးက စာရေးထံသွားရန် လက်ညှိုးထိုးပြပါသည်။ စာရေးကလည်း ကျွန်တော့်ဇနီး ဆရာဝန်ကိုပြောသံကြားကတည်းက ရေးထားသည်ထင်ရဲ့၊ ကျွန်တော်တို့ရောက်တော့ စာရွက်တစ်ရွက်ထိုးပေးပြီး 'ဓာတ်ခွဲခန်းမှာ သွားပြပါ၊ သူတို့စစ်ပေးလိမ့်မယ်။ အဖြေရဖို့ ရက်ချိန်းပေးလိမ့်မယ်။ ရပ်ချိန်းရတဲ့နေ့ အဖြေယူပြီး အဖြေစာရွက်လာပြန်ပြပါ' ဟု ပြောပါသည်။

ဓာတ်ခွဲခန်းရောက်လို့ စာရွက်ပေးလိုက်တော့ 'ဆီး၊ ဝမ်း၊ သွေး စစ်ရမယ်။ အာထရာဆောင်း ရိုက်ရမယ်။ (၈၅၀၀) ကျပါတယ်' ဟု ဆိုသည်။ ထိုအချိန်က (၈၅၀၀) မှာ မနည်းပါ။ ဝမ်းမှတစ်ပါး အကုန်စစ်ပြီးတော့ ဝမ်းကို ညနေမှ လာပို့ပါမည် ဆိုပြီး ပြန်ခဲ့ပါသည်။ သုံးရက်ခွာပြီး ချိန်းလိုက်ပါသည်။ သွေးပေါင်နှင့် ကိုယ်အလေးချိန်ပါ ချိန်လိုက်ပါသည်။ ဆရာဝန်က သွေးပေါင်ပင်မချိန်၊ နားကြပ်ဖြင့် နှလုံးခုန် ဘာညာ မစမ်းတော့ပါ။ အားလုံးကို ဓာတ်ခွဲခန်းက လုပ်ပေးသည်။ ကြာလျှင် ထိုဆရာဝန် သွေးပေါင်ချိန်၊ နားကြပ်ဖြင့်ရင်ဘတ်စမ်းအလုပ်ကို မေ့သွားမည်ထင်သည်။ ထမင်းပေါင်းအိုးပေါ်လာ၍ အိမ်ရှင်မများ ထမင်းမချက်တတ်တော့သလို ဖြစ်သွားပါမည်။ အဖြေရပြီး သွားပြတော့ ရေချိုးလျှင်ထည့်ချိုးဖို့ ဖန်ရည်မှုန့်လိုအမှုန့်နဲ့ ဘာမီတွန်လို သောက်ဆေးပြား ပေးလိုက်သည်။ တစ်ပတ်ကြာလို့ မသက်သာရင် ပြန်လာဟု ဆိုသည်။ (၈၀၀) ထပ်ထွက်သွားသည်။ တစ်ပတ်ကြာတော့ မသက်သာပေမယ့် ထပ်မသွားဝံ့တော့ပါ။

ဆရာက လူနာကို အာရုံ (အဆင်း၊ အသံ၊ အထိအတွေ့ စသည်) ဖြင့် မစမ်းသပ်တော့ဘဲ၊ ရောဂါမရှာဖွေတော့ဘဲ ဆန်းသစ်တီထွင်ထားသော စက်ကိရိယာများဖြင့်သာ စမ်းသပ်ရှာဖွေပြီး ဆန်းသစ်တီထွင်ပြီးပေါ်ထွက်လာသော ဆေးဝါးများဖြင့်ကုသရာတွင် ပို၍ ထိရောက်ကောင်းမွန်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် လူနာအတွက် စက်ကချည်းလုပ်ပေးနေတော့ ခေတ်မီတိုးတက်သည့်နိုင်ငံကြီးများမှာ လူလူပ်ရှားမှုများ နည်းသွားသဖြင့် အဝလွန်ရောဂါများရလာသလို ဆရာဝန်များလည်း အဝလွန်ရောဂါများ ရလာလေမည်လားဟု။ ထားပါတော့၊ ထမင်းပေါင်းအိုးကြောင့် အိမ်ရှင်မများတွင် ထမင်းချက်တတ်သည့်အရည်အသွေးကျသွားသလို (ပျော့သွားလျှင် ဘာလုပ်ရမလဲ၊ မာသွားလျှင် ဘာလုပ်ရလဲ၊ တူးသွားရင် ဘာလုပ်ရမလဲ မသိကြတော့သလို) အခြေအနေအရ လူနှင့်ဆေးပဲရနိုင်သည့်အချိန်တွင် အခက်တွေ့မည်လားဟု စိုးရိမ်မိသည်။ လူအိုပိပိ ကြံဖန်စိုးရိမ်ခြင်းဖြစ်မည် ထင်ပါသည်။ တကယ်လက်တွေ့မှာ အခက်တွေ့နေသူများကတော့ 'လူနာများ' ဖြစ်ပါသည်။

အချို့ ဆေးခန်းများနှင့် အချို့ လူနာများမှာ နှာစေး၊ ချောင်းဆိုးလောက်ကိုပင် သိန်းချီကုန်နေကြသူများရှိနေပေသည်။ တတ်နိုင်သူများ ကုန်ကြပါစေ၊ အချို့ ထိုဆေးခန်းမျိုး သွားနိုင်ခြင်းမှာလည်း ဂုဏ်ရှိခြင်းတစ်မျိုးဟု သဘောပိုက်ပြီး သွားနေကြသည်ကိုလည်း တွေ့ရသည်။ အဲ-မတတ်နိုင်သူများအတွက် မည်သို့နည်း။ မတတ်နိုင်သူများအတွက် အခမဲ့ဆေးရုံတွေ၊ ကုသိုလ်ဖြစ်ဆေးခန်းတွေ ရှိသည် မဟုတ်ပါလော။

ကုသိုလ်ဖြစ်ဆေးခန်းမှာ အချို့ တကယ် ကုသိုလ်ဖြစ်ပါ။ သို့သော် သူ့အားနှင့်သူ နိုင်သမျှသာ ကုသိုလ်လုပ်နိုင်ပါသည်။ အချို့ကုသိုလ်ဖြစ်ဆေးခန်းက မတတ်နိုင်သည့်အတွက် အသင့်အတင့် (တစ်ဝက်၊ သုံးပုံတစ်ပုံ စသည်) တော့ အလှူပြန်ခံရသည်၊ ပိုက်ဆံယူရပါသည်။

အခမဲ့ဆေးရုံကော တကယ့်အခမဲ့လော။ လွန်ခဲ့သည့် (၇) နှစ်ကျော်က ကျွန်တော် ဆီးကျိတ်ရောဂါကြောင့် ဆီးမသွားနိုင်သဖြင့် ဆေးရုံတက်ခဲ့ရသည်။ အခမဲ့ဆေးရုံပေါ့။ ဆေးရုံတွင် စာလုံးအကြီးကြီးဖြင့် ရေးထားသော စာကို ဖတ်ရပါသည်။ အကုန်တော့မမှတ်မိ၊ သဘောလောက်တော့မှတ်မိသည်။ ၎င်းမှာ ရှိသူက မရှိသူကို မျှဝေသောစနစ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပိုက်ဆံမတတ်နိုင်သူကို အခမဲ့ကုသပေးနိုင်ဖို့အတွက် ပိုက်ဆံတတ်နိုင်သူက ပေးကြပါဟူ၍ ဖြစ်ပါသည်။ ဆေးရုံတက်လာသူတိုင်း ပိုက်ဆံတတ်နိုင်သူချည်း (သတ်မှတ်ထား) ဖြစ်ဟန်တူပါသည်။ ကျွန်တော့်ပတ်ဝန်းကျင်တွင် စုံစမ်းသိရှိရသလောက် အခမဲ့ တစ်ယောက်မှမရှိပါ။ ကျွန်တော့်ကို အာထရာဆောင်းရိုက်ကြည့်တော့ ဆီးကျိတ်ပေါ်ပါသည်။ (သူ့ကြောင့် ဆေးရုံတက်လာရတာပဲ။)

'ဆီးကျိတ်ရှိတယ်။ ခွဲမယ်ဆိုရင် ဆက်နေပါ၊ မခွဲဘူးဆိုရင် ဆင်းနိုင်ပြီ'

ဟု ပြောပါသည်။

ဆီးပိုက်တန်းလန်း အခြေအနေပေါ့။ ကျွန်တော်က 'မိသားစုနဲ့တိုင်ပင်ကြည့်ပါဦးမယ်၊ အချိန်ပေးပါ' ဆိုတော့ 'မနက်ဖြန် ညနေ ဆရာဝန်လှည့်ကြည့်ချိန် အဖြေပေးပါ' ဆိုပါသည်။ ကျွန်တော့်ဘေးကုတင်က အမျိုးသားမှာ ဆီးကျိတ်ခွဲပြီး ချုပ်ရိုးဖြေရန် စောင့်နေသူဖြစ်ပါသည်။ သူ့ကို မေးကြည့်တော့ ခွဲတဲ့တစ်နေ့မှာပဲ တစ်သိန်းခွဲကုန်တယ်ဟုဆိုပါသည်။ နောက်တစ်နေ့ နံနက်တွင် မိသားစုနှင့်တိုင်ပင်ပြီး စာရင်းလုပ်တော့ (၆)သောင်းထက် ပိုထွက်မလာနိုင်တော့ပါ။ ပေါင်စရာလည်း မရှိပါ။

နောက်နေ့ နံနက်ကျတော့ ထိုဆေးရုံတွင် တာဝန်ထမ်းဆောင်သွားဖူးသည့် အသိတစ်ယောက် သတင်းမေးလာသည်။ သူ့ကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းသဖြင့် သူသွားမေးသည်။ 'ခွဲစိတ်အဖွဲ့ကို ကျွေးမွေးရသည့်စရိတ် လျှော့ပေးမယ် (၃၀၀၀၀) အခြားကတော့ ဝယ်ရမှာမို့ လျှော့၍မရပါ။ (၁၂၀၀၀၀) လောက်တော့ ကုန်ပါမယ်' ဟု အဖြေရသည်။ သူက ငွေ (၁၀၀၀၀) ပေးသွားသည်။ မိသားစု (၆၀၀၀၀) ဆိုသည်မှာ လက်ရှိမဟုတ်၊ ချေး၍ရနိုင်ခြင်းသာ ဖြစ်၏။ အကြံထုတ်နေကြတုန်း ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ကိုသန်းဝင်းနိုင် ရောက်လာပါသည်။ သူက အကြောင်းစုံသိပြီးတော့-

'အခု မခွဲလည်း နောင်ခွဲရမှာပဲ၊ ခွဲမယ်သာပြောလိုက် ဆရာ။ နှစ်ရက်၊ သုံးရက်တော့ ကြာဦးမှာပဲ။ ကျွန်တော် ရအောင် စီစဉ်မယ်'

ဟု ပြောသွားပါသည်။

ကျေးဇူးကြီးလှပါသည်။ ရှေးဦးစွာ ကျွန်တော်ရေးဖူးသော သီလဝ စသည့် စာပေတိုက်များကို သွားအလှူခံသည်၊ ပညာရွှေတောင်၊ ပညာအလင်းပြ စသည်တို့ကလည်း စိတ်ပါလက်ပါ လှူကြသည်။ သူသိထားသော ကျွန်တော့် ရေးဖော်ရေးဖက်များထံ သွားအလှူခံသည်။ ငြင်းသူ မရှိ၊ နိုင်သရွေ့လှူကြသည်။ ဝါမိုးအောင်ဆီ သွားတော့ ကိုခေတ်ထွန်းနှင့်တွေ့သည်။ ဝါမိုးအောင်လည်း လှူသည်။ ကိုခေတ်ထွန်းက ကိုယ်တိုင်လှူပြီးသည့်အပြင် ကိုသန်းဝင်းနိုင်ကိုခေါ်ပြီး ဦးမောင်မောင်အေး (ရွှေဥဒေါင်းဟေမာ) ထံ သွားအလှူခံပေးသည်၊



www.burmeseclassic.com

www.burmeseclassic.com

ောင်ပေးမှာက 'တစ်နယ်တည်းသား ချင်းကူညီရမှာပေါ့' ဟု ဆိုပြီး (၅၀၀၀၀) လှူလိုက်သည်။

သုံးရက်ခန့် ကိုသန်းဝင်းနိုင် လှုပ်ရှားလိုက်ရာ ငွေ (၂) သိန်းခွဲကျော်ရသည်။ ဆေးရုံမှာ (၁၈) ရက် ကြာသည်။ ငွေဖြင့်ပင် လုံလောက်သွားပါသည်။ တကယ့် ကျေးဇူးရှင်ကြီးပါပေ။ သူက ကျွန်တော့်ကဲ့သို့ပင် ထိုစဉ်က အလုပ်အကိုင်မရှိ၊ သူ့အမျိုးသမီးလုပ်စာ ထိုင်စားနေသူ ဖြစ်၏။ သို့သော် သူတို့ ဇနီးမောင်နှံကလည်း ငွေ (၁၀၀၀၀) လှူပါသည်။

ထိုစဉ်က မတွေးကောင်းသော အတွေးတစ်ခု ဝင်ခဲ့ဖူးပါသည်။ ၎င်းအတွေးထဲမှာ 'နောက်တစ်ခါဆို ဒီလိုမရတော့ဘူး၊ ဘယ်လိုလုပ်မလဲ' ဟူ၍။

ဈေးတော့သက်သာပါသည်။ အပြင်ဆေးခန်းများတွင် သွေးချိုစမ်းခ (၁၀၀၀)ကျပ် ပေးရသော်လည်း ဆေးရုံတွင် (၈၀၀) ကျပ်ပဲပေးရပါသည်။ ဝယ်သည့်စာရင်းကို မမှတ်မိတော့ပါ။ ရေသန့်ပုံးခွံ (၁၂) လုံး ပြန်ရသည်ကိုသာ မှတ်မိပါသည်။

ယခု (၂. ၁၀. ၁၂) အစိုးရသစ်ကို အားကိုးရပါတော့မည်။ ထိုခေတ်၊ ထိုကာလများက ဆေးရုံများအကြောင်းကို ယခု တာဝန်ရှိသူများနှင့်အတူ အများကြားသိ၊ ကြုံသိခဲ့ရပြီး ဖြစ်သဖြင့် အကျယ်မချဲ့လိုတော့ပါ။

"ကိုအုန်းသွင်၊ တိုင်းရင်းဆေးတွေ အရည်အသွေး စကျတာဟာ ပရဆေးဆိုင်မှာ ဆေးဖော်တဲ့အချိန်က စတယ်လို့ ကျွန်တော် ထင်တယ်။ ဆရာတွေကတော့ ဒီထက်နည်းနည်းပိုစောမလားဘဲ၊ ရှေးအခါက ဆေးပစ္စည်းကို ဆရာကိုယ်တိုင် တောထဲသွားရှာရတယ်။ ဆေးပင်တွေဟာ ရာသီဥတု၊ မြေအနေအရင့်လိုက်ပြီးတော့လည်း အရည်အသွေးကွာတယ်။ နွေ၊ မိုး၊ ဆောင်း စတဲ့ အချိန်ကို လိုက်ပြီးတော့လည်း ကွာသေးတယ်။ အခေါက်တို့၊ အရွက်တို့မှာဆိုရင် အရှေ့၊ အနောက် (နေထွက်၊ နေဝင်) အရပ်မျက်နှာလိုက်ပြီးလည်း ကွာတယ်။

ရှေးက တိုင်းရင်းဆေးဆရာတွေဟာ ဒါကိုသိပြီး တောထဲက သွားရှာလာတာတွေကို အဲဒီလို မှတ်သားပြီး ဆေးဖော်တော့ လျှော့တန်လျှော့၊ တိုးတန်တိုး လုပ်ရတာပေါ့။

ပြီးတော့ ဆေးဆရာတွေဟာလည်း တပည့်လုပ်မယ့်သူက ဆရာထံမှာ အနည်းဆုံး သုံးနှစ် ဆရာ့နောက်လိုက်အဖြစ် လက်တွေ့လိုက်ပြီး သင်ယူရတယ်။ ရုပ်ဆင်း၊ အသံ စတဲ့ ရုပ်လက္ခဏာတွေကို လေ့လာတယ်။ သွေးတိုး၊ နှလုံးခုန် စတာတွေကို စမ်းသပ်မှတ်သားရတယ်။ သလိပ်၊ တံတွေး၊ ဆီး၊ ဝမ်း စတာတွေကိုလည်း လေ့လာရတယ်။ နောက်ဆေးပစ္စည်းများရဲ့အာနိသင်များကို တစ်မျိုးချင်း လေ့လာရတယ်။ ပြီးတော့ ဘာတွေပေါင်းရင် ဘယ်လို အာနိသင်ဖြစ်တယ် ဆိုတာ လေ့လာရတယ်။ အချို့ဆိုရင် သုံးနှစ်မကဘူး၊ ဆရာက ခွင့်ပြုလို့ ကိုယ်တိုင်ကုရသည့်တိုင်အောင် ဆရာကို လက်မလွှတ်ကြသေးဘူး။ အခက်အခဲတွေ့ရင် ပြေးမေးရသေးတယ်၊ သင်ရသေးတယ်။

နောက်တော့ ဆေးကျမ်းတွေ ပေါ်လာတော့ ဆေးကျမ်းတွေလေ့လာပြီးဆရာဖြစ်လာသူတွေ ရှိလာကြတယ်။ ရှိရာကနေ နောက်တော့ များလာတယ်။ နောက်တော့ ဆရာ့နောက်လိုက်ပြီး သင်တယ်ဆိုတော့ မရှိတော့သလောက် ရှားပါးသွားတယ်။ ဒီအခါမှာ ဆရာအရည်အသွေးလည်း ကျသင့်သလောက် ကျလာတယ်။

နောက်ပိုင်း ဆေးပစ္စည်းကို တောထဲသွားရှာလို့ မရတော့ဘူး။ ဆေးပစ္စည်းဟာ စီးပွားရေးပစ္စည်း၊ စိုက်ရောင်းတဲ့ ပစ္စည်း ဖြစ်သွားပြီ။ ဒီအခါမှာ ကျွန်တော်တို့တိုင်းပြည်က အလုံအလောက် မထုတ်လုပ်နိုင်တာရယ်၊ ရာသီဥတုကြောင့် အရည်အသွေးကွာတာရယ်တို့ကြောင့် နိုင်ငံခြား (အထူးသဖြင့် အိန္ဒိယ)က တင်သွင်းရတယ်။ ဒီတော့ တိုင်းရင်းဆေးဆရာတွေဟာ ဆေးပစ္စည်းကို တောထဲသွားမရှာတော့ဘဲ ပရဆေးဆိုင်မှသွားရှာရတော့တယ်။ ဒါပေမယ့် ဆရာကြီးများဟာ ဆေးပစ္စည်းများကိုကိုက်ပြီး၊ လျှာနဲ့တို့ပြီး၊ နမ်းကြည့်ပြီးမှ ဝယ်ကြတယ်။ ဝယ်ခဲ့ပြီး အိမ်ပြန်ရောက်တော့ သံဆုံနဲ့ ကိုယ်တိုင်ထောင်း၊ ကျိုတာကျို၊ ချက်တာချက်၊ စိမ်တာစိမ်နဲ့ ဆေးဖော်ကြတယ်။ သိပ်မဆိုးသေးဘူး။

နောက်တော့ ဆေးဆိုင်မှာ အမှုန့်ကြိတ်စက်တွေ ပေါ်လာတယ်။ ဆရာကြီးတွေက ကိုယ်တိုင် စမ်းသပ်ရွေးချယ်ထားတဲ့ဆေးပစ္စည်းများနဲ့အတူ အတွင်းခန်းမှာရှိတဲ့ ကြိတ်စက်နား သွားစောင့်ပြီး ကြိတ်ပြီးယူခဲ့တယ်။ မဆိုးသေးဘူး။ နောက်တော့ ဆေးဆိုင်က ဧည့်ခံထားတာနဲ့၊ စကားပြောရမယ့်လူတွေ့တာနဲ့ ဆေးပစ္စည်းများကို ကြိတ်ဖို့ပေးလိုက်ပြီး လိုက်မကြည့်တော့ဘူး။ ဆိုးပြီ။ နောက်တော့ ကိုယ်တိုင်မသွားနိုင်လို့ ဖော်မယ့် ဆေးနည်းစာရွက်ကလေးကို လူလွှတ်ပြီး ဆေးဆိုင်ပို့လိုက်တယ်။ ဆေးဆိုင်က စာရွက်ပါနည်းအတိုင်း ဆေးဖော်ပေးလိုက်တယ်။ ပရဆေးဆိုင်မှာ ဆေးဖော်ပြီ။ ဆိုးပြီပေါ့။

တုံကင်အကန့်အသတ်နဲ့ ပေးလို့ မိုးမလင်းခင် တန်းသွားစီရတဲ့ အထူးကုဆရာဝန်များ ရှိသလို တိုင်းရင်းဆေးဆရာကြီးများလည်း ရှိခဲ့တယ်။ ဆရာလည်းစွမ်း၊ ဆေးလည်းစွမ်းပေါ့။ ဆရာကြီးကိုယ်တိုင် ပရဆေးဆိုင်များ၊ ကိုယ်တိုင်စမ်းသပ်ရွေး၊ ကိုယ်တိုင် ကြိတ်တဲ့နေရာလိုက်ကြည့်ပြီး ယူခဲ့တယ်ဆိုတော့ ဆရာလည်းစွမ်း၊ ဆေးလည်းစွမ်းပေါ့။

နောက်တော့ ဆရာကြီးတွေက အသက်အရွယ်အရရော၊ ကျန်းမာရေးအနေရော ကိုယ်တိုင်မသွားနိုင်တော့လို့ တပည့်၊ သားသမီးများကို လွှတ်တယ်။ ဆေးဆိုင်က လုပ်ပေးသရွေ့ပဲ၊ ဆရာကြီးကတော့ လူနာကို စမ်းသပ်ကုသနိုင်သေးတယ်။ ဆရာကစွမ်း၊ ဆေးကမစွမ်းပေါ့။ နောက်တော့ ဆရာကြီးများ မကုနိုင်တော့ဘူး။ တပည့်၊ သားသမီးများကိုပဲ လွှဲထားရတော့တယ်။ ဒီတော့ ဆရာလည်းမစွမ်း၊ ဆေးလည်းမစွမ်းဖြစ်ပြီး နောက်ဆုံး တိမ်ကောတဲ့ဘဝ ရောက်သွားတယ်"

ဟု ကျွန်တော့်ကျေးဇူးရှင်လည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သော တိုင်းရင်းဆေးသမားတော်ကြီး ဦးတင်အောင် (ကွယ်လွန်) က ကျွန်တော့်အား တစ်ခါက ပြောဖူးသည်ကို မကြာခဏသတိရမိပါသည်။

တိုးတက်ခြင်းသည် တစ်ဖက်က ကောင်းကျိုးတွေရှိသော်လည်း အခြားတစ်ဖက်က ဆိုးကျိုးများလည်း ရှိကြကြောင်း သတိပြုသင့်ပါသည်။ မည်သို့ဖြစ်စေ၊ တစ်ဖက်က ဆေးနှင့်ကိရိယာများ တိုးတက်လာသည်ကို ကြိုဆိုလက်ခံရင်း အခြားတစ်ဖက်က 'လူ့အရည်အသွေး' များကိုလည်း ထိန်းထားရပါမည်။

ထို့ပြင် တိုးတက်မှုများသည် ငွေကြေးတတ်နိုင်သူများအတွက်သာ မဟုတ်ဘဲ အများပြည်သူအတွက်ပါ ဖြစ်အောင် သက်ဆိုင်ရာများက ကြိုးပမ်းပေးကြပါဟု အထူးမေတ္တာရပ်ခံပါသည်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၁၉၅၈ ခုနှစ်က ဌာနကြီးတစ်ခု- အစိုးရဌာနကြီးတစ်ခုတွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားခြင်းခံခဲ့ရပြီး ဌာနဆိုင်ရာသင်တန်း တက်ရောက်ပြီးသောအခါ မေမြို့ (ယခုပြင်ဦးလွင်)ရှိ သင်တန်းကျောင်းတစ်ကျောင်းတွင် နည်းပြအရာရှိအဖြစ် တာဝန်ထမ်းရပါသည်။

၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ တောင်ငူမြို့ (---) သင်တန်းကျောင်းသို့ ကျောင်းအုပ်အဖြစ် တာဝန်ပေးခြင်းခံရပါသည်။

တောင်ငူမြို့နှင့် (၇) မိုင်ခန့်ကွာသောနေရာတွင် သင်တန်းရုံးနှင့် သင်တန်းဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်၍ သင်တန်းများ ပို့ချနေပြီဖြစ်သော်လည်း ကျွန်ုပ်နေရန်အိမ်မှာ မပြီးသေးသောကြောင့် ကျွန်ုပ်သည် မိသားစုနှင့်အတူ တောင်ငူမြို့ထဲရှိ ပြည်တော်သာတိုက်၌ အခန်းတစ်ခန်းငှား၍ နေထိုင်ရပါသည်။ (၂) လခန့်ကြာသောအခါမှ ကျွန်ုပ်အတွက်အိမ်ကို ဆောက်လုပ်ပြီးစီးပါသည်။ ပြီးပြီးချင်း ကျွန်ုပ်သည် ထိုအိမ်သို့ မိသားစုနှင့်အတူ ပြောင်းရွှေ့သည်။

အိမ်မှာ အင်တိုင်းပင်များအလယ်၌ တည်ရှိပါသည်။ သစ်သားတစ်ထပ်အိမ် ဖြစ်သည်။ အိပ်ခန်း (၃) ခန်း ရှိ၏။ တစ်ခန်းတွင် ကျွန်ုပ်တို့လင်မယား၊ အခြား တစ်ခန်းတွင် ကျွန်ုပ်၏သားနှစ်ယောက်နှင့် သမီးနှစ်ယောက် (သူတို့မှာ ၇ နှစ်နှင့် ၃ နှစ်အကြား)၊ တတိယအခန်းမှာ အိမ်ကူဖော်အမျိုးသမီးအတွက်ဟူ၍ နေရာချထားလိုက်ပါသည်။

ပထမညတွင် ည (၈) နာရီ၌ အိပ်ရာဝင်ကြရာ နံနက်မိုးလင်းသောအခါမှ နိုးကြပါသည်။

ဒုတိယညတွင် ည (၉) နာရီခန့်၌ ကျွန်ုပ်တို့၏အိပ်ခန်းတံခါးခေါက်သံကြောင့် ကျွန်ုပ်သည် မီးဖွင့်ပြီး တံခါးကိုသွားဖွင့်ရာ သားကြီးနှင့် သမီးကြီးတို့ကို တွေ့ရသည်။

"သားတို့ ဟိုအခန်းထဲမှာ မအိပ်ရဲဘူး"

ဟု ပြောပြီး အခန်းထဲဝင်လာပါသည်။ ကျွန်ုပ်က-

"ဘာဖြစ်လို့လဲ"

# မြသိန်း
# အိမ်တစ်အိမ်အတွင်းမှ ချောက်ချားဖွယ်ဖြစ်ရပ်





www.burmeseclassic.com

www.burmeseclassic.com

ဟု မမေးတော့။

ကျွန်ုပ်နှင့်ကျွန်ုပ်ဇနီးသည် ကလေးများ၏အိပ်ခန်းထဲသွား၍ သူတို့အိပ်ရာများကို ကျွန်ုပ်တို့၏အခန်းထဲသို့ရွှေ့ပြီး ကြမ်းပြင်ပေါ်တွင်အိပ်ရန် စီစဉ်လိုက်ပါသည်။

ကျွန်ုပ်သည် ဇနီးဖြစ်သူအား-

"တစ်ခုခုတော့ တစ်ခုခုပဲ"

ဟု ပြောရာ ဇနီးက-

"အိမ်သစ် ဆိုတော့ ဒီလိုပဲ ဖြစ်တတ်တယ်။ သစ်သားတွေက မခြောက်သေးတော့ ညဘက် ရှန်းတတ်တယ်။ အဲဒါကြောင့် အသံမြည်တာပါ"

ဟု ပြောသည်။

အိမ်ဖော် အဒေါ်ကြီးရှိရာ အိပ်ခန်းဘက်မှ မည်သည့်အသံမျှ မကြားရပါ။ ကျွန်ုပ်ရော ကျွန်ုပ်၏ဇနီးပါ ရတ်တရက် အိပ်မပျော်ကြ။ ည (၁၀) နာရီခန့်တွင်မှ ကျွန်ုပ်အိပ်ပျော်သွားသည်။ သို့သော် ညဉ့်သန်းခေါင်ယံကျော်ချိန်တွင် ရုတ်တရက် နိုးလာသည်။ အိမ်ထဲမှာ တစ်ယောက်ယောက်လမ်းလျှောက်နေသော ခြေသံသဲ့သဲ့ကို ကြားမိသည်။

ကျွန်ုပ်သည် မီးဖွင့်၍အပြင်ဘက်သို့ ထွက်ကြည့်သည်။ ဘာမှမတွေ့ရ။ ထို့ကြောင့် အိပ်ခန်းထဲပြန်ဝင်လာသည်။ မီးများမှိတ်ထားသော်လည်း အပြင်ဘက်မှ မှုန်မွှားမွှားအလင်းရောင်တို့သည် မှန်ပြတင်းများမှတစ်ဆင့် ဝင်လာ၏။

ကျွန်ုပ် ရုတ်တရက်အိပ်မပျော်ပါ။ မျက်လုံးဖွင့်၍ ပါးလွှာသောခြင်ထောင်မှတစ်ဆင့် အိပ်ခန်းထဲသို့ကြည့်နေခိုက် အိပ်ခန်းတံခါးဘက်မှ အသံတစ်သံ။

တံခါးချပ်အား ထိမိသံကြောင့် ကျွန်ုပ်သည် တံခါးဘက်သို့ ကြည့်လိုက်သည်။ တံခါးချပ်များ၏အပေါ်ပိုင်းတွင် မှန်များတပ်ဆင်ထားရာ အဆိုပါမှန်များနေရာ၌ မျက်လုံးနှစ်လုံး။ နီရဲနေသော မျက်လုံးကြီးနှစ်လုံးက အိပ်ခန်းထဲသို့ စူးစိုက်ကြည့်နေကြောင်း ကျွန်ုပ်တွေ့လိုက်ရသည်။

ကျွန်ုပ်သည် ငုတ်တုတ်ထထိုင်လိုက်သည်။ ရင်ခုန်နှုန်းကလည်း မြန်လာသည်။ ကျွန်ုပ်သည် မီးခလုတ်ကို ထဖွင့်၍ တံခါးဆီသို့သွားသည်။ ခပ်စောစောက ကျွန်ုပ်မြင်ရသောမျက်လုံးများကို မမြင်ရတော့။ ကျွန်ုပ်သည် တံခါးကိုဖွင့်၍ အပြင်သို့ကြည့်သည်။ မည်သူ့ကိုမျှ မတွေ့ရ။ တစ်အိမ်လုံးမှာ တိတ်ဆိတ်နေသည်။

'ငါ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူး'

ကျွန်ုပ်သည် စိတ်ထဲမှပြောလိုက်သည်။ ကြက်သီးများလည်း ထလာ၏။

ကျွန်ုပ်သည် တံခါးကိုပိတ်၊ မီးကိုပိတ်ပြီး အိပ်ရာသို့ပြန်လာသည်။ တံခါးဘက်သို့မကြည့်တော့။ တတ်သမျှဘုရားစာများကိုသာစိတ်ထဲမှ အထပ်ထပ်ရွတ်ရင်း သတ္တဝါများ၊ နတ်များကို မေတ္တာပို့





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ အချိန်အတန်ကြာသောအခါ ကျွန်ုပ် အိပ်ပျော်သွားသည်။ နောက်တစ်နေ့နံနက် (၇) နာရီထိုးတော့မှ အိပ်ရာမှ နိုးလာသည်။

ညကဖြစ်ရပ်ကို ကျွန်ုပ်သည် မည်သူ့ကိုမျှ မပြောပါ။

တတိယညတွင် ငြိမ်သက်နေ၏။

ကျွန်ုပ်၏ဇနီးသည်သည် ညအိပ်ရာမဝင်မီ ဘုရားရှေ့၌ (၁) နာရီနီးပါး ဘုရားရှိခိုးပြီး မေတ္တာသုတ်ကို ရွတ်ဖတ်ပါသည်။

သို့နှင့် ထိုအိမ်သစ်သို့ရောက်ပြီး တစ်ပတ်အကြာ ကျွန်ုပ်သည် နေ့လယ်စာစားချိန်၌ အိမ်သို့ပြန်ရန် ပြင်ဆင်နေခိုက် ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်၏ရုံးခန်းသို့ အမောတကောနှင့် ရောက်လာသည်။

*(အိမ်နှင့် ကျွန်ုပ်၏ရုံးခန်းမှာ ပေ ၁၀၀၀ ခန့် ကွာ၏။)*

"မောင်၊ ဒေါ်ကြီးလှ သူ့အိပ်ခန်းထဲမှာ မျက်လုံးပြူးပြီးလဲကျနေတယ်"

ဟု ပြောပါသည်။

"မောင်လာခါနီးပြီ၊ ထမင်းပွဲပြင်တော့လို့ပြောဖို့ သူ့အခန်းကိုအသွားမှာ အဲဒီလိုဖြစ်နေတာ တွေ့ရတယ်"

ဟု ဇနီးက ဆက်ပြောသည်။

"သူ ထမင်းဟင်းတွေကော ချက်ပြီးပြီလား"

"ချက်ပြီးပြီ၊ အဒေါ် ရေချိုးဦးမယ်လို့ပြောပြီး သူ့အခန်းထဲဝင်သွားတာပဲ။ တော်ရုံနဲ့ပြန်မထွက်လာတော့ ကျွန်မလည်း သူ့အခန်းထဲဝင်အသွား၊ အခန်းထဲက ကြမ်းပြင်မှာ မျက်လုံးပြူးနဲ့လဲနေတာတွေ့ရတာနဲ့ မောင့်ဆီပြေးလာတာ"

ကျွန်ုပ်သည် ကျွန်ုပ်၏လက်အောက်မှ ဝန်ထမ်းအချို့ကိုခေါ်၍ အိမ်သို့အမြန်သွားသည်။

ဇနီးပြောသည့်အတိုင်း အိမ်ဖော် ဒေါ်ကြီးလှမှာ မျက်လုံးများပြူးပြီး ကြမ်းပြင်ပေါ်လဲကျနေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် ဒေါ်ကြီးလှကို စမ်းသပ်စစ်ဆေးကြည့်ရာ အသက်မရှိတော့ကြောင်း တွေ့ရသည်။ ကျွန်ုပ်၏တပည့်အချို့ကလည်း စစ်ဆေးပြီး သေသွားပြီဟု ပြောကြသည်။

ထို့ကြောင့် ဒေါ်ကြီးလှကို ရုံးကားဖြင့် တောင်ငူမြို့ဆေးရုံသို့ ပို့လိုက်ရာ ဆရာဝန်ကြီးက စစ်ဆေးပြီး ရုတ်တရက် နှလုံးခုန်ရပ်ပြီး သေသွားခြင်းဖြစ်ကြောင်း ပြောပါသည်။

ဒေါ်ကြီးလှ ကျွန်ုပ်တို့၏အိမ်သို့ ရောက်လာသည်မှာ (၅) နှစ်ခန့် ရှိပြီ။ အသက် (၅၀) ကျော်ကျော်သာ ရှိသေးသည်။ ကျန်းမာရေးကောင်းသူဖြစ်ရာ ယခုကဲ့သို့ ရုတ်တရက် နှလုံးခုန်ရပ်ပြီး သေရခြင်းမှာ ထိတ်လန့်စရာတစ်ခုခုကို ရုတ်တရက် တွေ့လိုက်ရသောကြောင့်ဟု ကျွန်ုပ် ယူဆမိသည်။

မြန်မာတို့၏ရှေးရိုးစဉ်လာဓလေ့အတိုင်း ဒေါ်ကြီးလှ သေဆုံးသည့်နေ့မှစ၍ (၇) ရက်လုံးလုံး ကျွန်ုပ်တို့၏အိမ်တွင် ညလုံးပေါက် မီးများထွန်းကာ ကျွန်ုပ်၏တပည့်များက ညဘက်၌ အလှည့်ကျ နေပေးကြ၏။ ရက်လည်ဆွမ်းကျွေးသည့်နေ့တွင် ရဟန်းသံဃာတော်များက တရားစာများ ရွတ်ဖတ်ပေးပြီး မေတ္တာသုတ် စသည်များကို ရွတ်ဖတ်ပေးပါသည်။ မကောင်းဆိုးဝါးများရှိပါက ဝေးရာသို့သွားရန် မေတ္တာဖြင့် နှင်ထုတ်ပါသည်။

ရက်လည်သည့်ညတွင် အိမ်၌ လူရှင်းသွား၏။ ထိုညတွင်လည်း ကျွန်ုပ်သည် တစ်ညလုံး မီးများကိုဖွင့်ထားပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်ဇနီး၏အစ်ကိုသည် သူ၏ရုံးကားဖြင့် အိမ်သို့ရောက်လာသည်။ ရန်ကုန်၌နေသော ကျွန်ုပ်၏ယောက်ဖဖြစ်သူ ဦးလှစိန်သည် တောင်ငူသား သူ့တပည့်တစ်ယောက်နှင့်အတူ မန္တလေးသို့ အစိုးရအလုပ်ကိစ္စဖြင့်အသွား ရောက်လာခြင်း ဖြစ်သည်။ သူ့တပည့်သည် တောင်ငူမြို့ရှိ သူ့မိဘအိမ်တွင် ဆင်းနေခဲ့သည်။ ဦးလှစိန် ရောက်လာသောကြောင့် ကျွန်ုပ်တို့ဝမ်းသာသွားသည်။

သူ ရေမိုးချိုးပြီး ညစာစားအပြီး ဧည့်ခန်းတွင် ကျွန်ုပ်တို့နှင့် ထိုင်စကားပြောရင်း ကျွန်ုပ်က အိမ်၏ခြောက်ခြားဖွယ်ရာအကြောင်းကို ပြောလိုက်သည့်အခါ သူက-

"ငါ ဒါတွေမယုံဘူး။ မကောင်းဆိုးဝါးဆိုတာ မရှိဘူး။ စိတ်က ခြောက်ခြားတာပါ"

ဟု ပြောပါသည်။

"ကျွန်မတို့တော့ ဒီမှာမနေရဲဘူး။ မနက်ဖြန်ခါ ပြည်တော်သာတိုက်ခန်းပြောင်းမယ်၊ အခန်းငှားထားပြီးပြီ"

ဟု ဇနီးက သူ့အစ်ကိုကို ပြောသည်။

"မနက်ဖြန်ည ငါ ဒီအိမ်မှာ တစ်ယောက်တည်းအိပ်မယ်။ သန်ဘက်ခါမှ ငါ့တပည့်နဲ့အတူ မန္တလေးကိုဆက်သွားမယ်"

ဟု ပြောပါသည်။

ထိုညတွင်လည်း ကျွန်ုပ်တို့သည် ဤအိမ်၌ပင် ညလုံးပေါက်မီးဖွင့်ပြီးအိပ်ကြပါသည်။ ဇနီး၏အစ်ကိုက သားတို့သမီးတို့အတွက် ယခင်ကသတ်မှတ်ပေးထားသောအခန်း၌ အိပ်ပါသည်။

တစ်ညလုံး ဘာမှထူးထူးခြားခြား မဖြစ်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အိပ်ရေးဝဝအိပ်ကြရပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် တောင်ငူ ပြည်တော်သာတိုက်ခန်းသို့ ပြောင်းရွှေ့သည်။ ဦးလှစိန်က ဤညတွင် ဤအိမ်၌ သူတစ်ယောက်တည်းနေပြမည်ဟု ဟစ်ကြွေးလိုက်သည်။ သူသည် ညစာကို ကျွန်ုပ်တို့နှင့်အတူ ပြည်တော်သာတိုက်ခန်းတွင် စားပြီးနောက် မော်တော်ကားကိုမောင်း၍ ကျေးတောအိမ်သို့ သွားပါတော့သည်။

*(ယခု ကျွန်ုပ် ဆက်ရေးမည့် အကြောင်းအရာမှာ ကျွန်ုပ်၏ယောက် ဦးလှစိန် ပြန်ပြောပြသောဖြစ်ရပ် ဖြစ် ပါသည်။)*

❂

ကျွန်ုပ် ဦးလှစိန်သည် ခြောက်ခြားသည်ဆိုသော ကျေးတောအိမ်သို့ ညနေ နေဝင်ချိန်တွင် ရောက်လာ သည်။ အိမ်ထဲသို့ရောက်သောအခါ မီး များကိုဖွင့်လိုက်သည်။ ညဝတ်အကျီ လဲလိုက်ပြီး လွန်ခဲ့သောညက ကျွန်ုပ် အိပ်ခဲ့သောအခန်း၌ပင်အိပ်ရန် ဆုံးဖြတ် ၍ ညီမချန်ထားခဲ့သောအိပ်ရာကိုပြင် ပြီး ခြင်ထောင်ထောင်ထားလိုက်သည်။

ထို့နောက် ကျွန်ုပ်သည် ဧည့်ခန်း တစ်နေရာရှိ စာရေးစားပွဲပေါ်၌ ကျွန်ုပ် ၏လုပ်ငန်းဆိုင်ရာ လက်ဆွဲအိတ်ကိုတင် ပြီး အလုပ်လုပ်ရန် ပြင်ဆင်ပါတော့ သည်။ အချိန်မှာ ည (၈) နာရီထိုး မိနစ် (၂၀) ခန့် ဖြစ်၏။

လက်ဆွဲအိတ်ထဲမှ ဖိုင်တွဲအချို့ ကိုထုတ်၍ စားပွဲပေါ်တင်ရင်း အလုပ် များလုပ်နေပါသည်။ ကျွန်ုပ်သည် အ လုပ်တွင် စိတ်ဝင်တစားရှိနေစဉ် ကျွန်ုပ် ၏လက်ဆွဲအိတ်သည် ရုတ်တရက် စား ပွဲပေါ်မှ ကျသွား၏။ အိတ်ထဲမှ စာရွက် စာတမ်းများ ကြမ်းပြင်ပေါ် ပြန့်ကျဲသွား သည်။

ၓင်းအိတ်ကို ကျွန်ုပ်၏လက်ဖြင့် မတိုက်မိပါဘဲလျက်နှင့် အဘယ်ကြောင့် ကျသွားရသည်ကို ကျွန်ုပ် မသိ



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်နို့ပျောက်ဆေး အလွယ်လေး

စာရေးသူ၏မိတ်ဆွေ ဆရာမ ...တစ်ယောက်၏ ခြေခုံတွင် ကြွက်နို့ ...က်နေပါသည်။ မိန်းကလေးဆရာမ ...ယောက် အပျိုကြီးလည်း ဖြစ်ပြန် ... ရက်ရှာမပေ့။ စာရေးသူအိမ်ကို ...တိုင်း သူ အမြဲကုတ်ဖဲ့၍ ကြွက်နို့ကို ...မယ်ရှာ ညည်းညူနေပါ၏။ ဆေး ...လည်းစုံပြီတဲ့။ လမ်းဘေးဆေးက ...း စားကောင်းသောက်ကောင်း ...အောင် ပြောတာတဲ့။ အဲဒါနဲ့ အစ်ကို ... ကြွက်နို့ပျောက်ဆေး ရှာပေးဦးတဲ့။

စာရေးသူကလည်း စာသာရေး ... ဆေးမြီးတို နားမလည်ဘူး။ တစ်ည ... အိမ်က မဟေသီ ဆရာမကြီးက စာ ...သူကို ကြွက်နို့ပျောက်ဆေးတစ်ခုယူ ...ပါသည်။

သူတပည့်လေးတစ်ယောက် ခြေ ...ာက်တွေမှာ သွေးသားမသန့်ဘူးနဲ့ တူတယ်။ ကြွက်နို့တွေ တင်းကျမ်းပဲ။ အဲဒါ တစ်နေ့မှာ လူကြီးတစ်ယောက်က ကြွက်နို့သတ်တဲ့နည်း ပေးသွားတယ်။ အခု အစုလိုက်အပြုံလိုက် မရှိတော့ဘူး။

ဒါနဲ့ စာရေးသူက ဆရာမလေးကို ပြောလိုက်တယ်။ နည်းကတော့ လွယ်ပါတယ်။ ယုံရင်သုံး၊ မယုံရင် မသုံးနဲ့လို့ပေါ့။ ပျောက်ချင်သူ ဆိုတော့ကာ ယုံပါတယ်လို့ပြောပြီး အဲဒီနည်းကို သုံးတယ်၊ တစ်ပတ်ကြာမှာ ပျောက်သွားတယ်။ အရင်လို အိမ်လာရင် မညည်းတော့ဘူး။ နည်းကတော့ လွယ်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ သစ်သားမီးခြစ်ဆံတော့ ရအောင်ရှာပါ။ ကြွက်နို့သတ်နည်းက ဒီလို။

သစ်သားမီးခြစ်ဆံတစ်ချောင်းယူ၊ မရှိသေစကားပြောမယ်။ မိမိအိမ်သာတက်လို့ နောက်ဖေးသွားတဲ့အချိန်ကစပြီး မီးခြစ်ဆံခေါင်းနဲ့ ကြွက်နို့အမ (ပထမဆုံးပေါက်တဲ့ ကြွက်နို့) ကို ထိုးခြေပေးပါ။ နောက်ဖေးသွားလို့ ကိစ္စမပြီးမချင်း လုပ်ပါ။ နောက်ဖေးသွားပြီးရော မီးခြစ်ဆံခေါင်းနဲ့ ကြွက်နို့ကိုသတ်တာရပ်ပြီး မီးခြစ်ဆံခေါင်းကို နင်းနေခဲ့၊ ငါသွားတော့မယ်လို့ပြောပြီး လှည့်မကြည့်ဘဲ မစင်တွင်းထဲကို နောက်ပြန်ပစ်ချလိုက်ပါ။ မကောင်းတဲ့အညစ်တွေ ပါသွားသလိုပါ။ တစ်ပတ်အကြာမှာ မိမိရဲ့ကြွက်နို့ သိသိသာသာညှိုးပြီး ပျောက်ကင်းသွားတာကို တွေ့ရပါလိမ့်မယ်။ ဆေးနည်းကတော့လွယ်တယ်။ မီးခြစ်ဆံခေါင်းကတော့ရှာပေါ့။ အဆင်ပြေသွားရင် ကျေးဇူးတင် ဝမ်းမြောက်ပါတယ်။ ကြွက်နို့အတွက် စိတ်မညစ်ကြပါနဲ့လို့ ဆေးနည်းပေးလိုက်ရပါတယ်။

ဇော်လင်းရည်

---

...န်ပ်သည် စိတ်ကို တတ်နိုင်သမျှ ငြိမ်...ထားပြီး စာရွက်စာတမ်းများကိုလိုက် ...က်ကာ အိတ်ထဲထည့်လိုက်သည်။ ...ပေါ်မှဖိုင်တွဲများကို လက်ဆွဲအိတ် ... ထည့်လိုက်သည်။

ကျွန်ုပ်သည် အားတင်းပြီး-

"လက်ဆွဲအိတ်ကိုတော့ တွန်းမချ...နဲ့ ငါ့ကိုသာ တွန်းချ"

ကျွန်ုပ်၏နှုတ်မှ အသံထွက်သွား...သည်။

ထို့နောက် ကျွန်ုပ်သည် ဧည့်ခန်း ...တွင်း ခေါက်တုံ့ခေါက်ပြန် လမ်း ...လျှောက်နေမိသည်။ (၁၀) မိနစ်ခန့် ...လျှောက်ပြီးနောက် လက်ဆွဲအိတ်ကိုယူ... ကျွန်ုပ်အိပ်မည့်အခန်းထဲဝင်ကာ ...က်ဆွဲအိတ်ကို ခုတင်နံဘေးရှိ စားပွဲ...ယ်လေးပေါ် တင်ထားလိုက်သည်။ ထို့နောက် အပေ့ါသွားရန် အိပ်ခန်းထဲမှအ...ထွက် တံခါးဝအရောက်တွင် ကျွန်ုပ်၏ နောက်ကျောကို တစ်ယောက်ယောက်... တွန်းလိုက်သလို ခံစားလိုက်ရပြီး ...ကျွန်ုပ်မှာ မှောက်လျက်သား လဲကျသွား...ပါတော့သည်။

ကျွန်ုပ်သည် ထိတ်လန့်တကြား ...ပြန်ထကာ နောက်ကျောကို ကြည့်လိုက်သောအခါ အခန်းဝနား၌ ပြူးကျယ်ကျယ် မျက်လုံးကြီးနှစ်လုံးကို မှုန်ဝါးဝါးမြင်လိုက်ရသည်။ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးများထသွားသည်။ ကျွန်ုပ်သည် ကျောက်ရုပ်သဖွယ် မလှုပ်မရှား ဖြစ်သွား၏။ ခဏအကြာတွင် ကျွန်ုပ် ခပ်စောစောက မြင်လိုက်ရသော မျက်လုံးပြူးကြီးများကို မတွေ့ရတော့။

ကျွန်ုပ်သည် အခန်းအလယ်ရှိ ကျွန်ုပ်၏ပစ္စည်းများကိုယူပြီး အိမ်ထဲမှ ထွက်လိုက်သည်။ ကားပေါ်တက်ကာ ကားမောင်းပြီး တောင်ငူမြို့ထဲရှိ ကျွန်ုပ်၏ယောက်ဖနှင့် ညီမတို့ရှိရာသို့ အမြန်ထွက်ခွာလာပါတော့၏။

ကျွန်ုပ်သည် ကိုယ်တွေ့ကြုံတော့မှ ဤလောကတွင် နာမ်လောကသား၊ ဝိညာဉ်လောကသားများ ရှိသည်ကို ယုံသွားပါတော့၏။

❂

ကျွန်ုပ်သည် တောင်ငူတွင် (၃) နှစ်နီးပါး တာဝန်ထမ်းပြီးနောက် ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ခြင်းခံရပါသည်။ တောင်ငူတွင် ကျွန်ုပ်၏နေရာကို တာဝန်ယူရန်ရောက်လာသူမှာ ဗုဒ္ဓဘာသာဝင် မဟုတ်ပေ။

"ကျုပ်က တစ္ဆေ သရဲတွေကို မယုံဘူး"

ဟု ပြောပြီး ချောက်ချားဖွယ်ရာ အိမ်ကြီး၌နေရာ တစ်ပတ်ပင်မကြာပါ၊ သူသည်လည်း ထိုအိမ်မှဆင်းပြေးပြီး အခြားတစ်နေရာတွင် သွားနေသည်ဟု တောင်ငူကျေးတောမှ ရုံးအုပ်ကြီးက ကျွန်ုပ်ထံ စာရေး၍ အသိပေးပါသည်။

တောင်ငူမှပြောင်းခါနီးတွင် ကျေးတောရွာ၌နေသော သက်ကြီးရွယ်အိုတစ်ဦးက ကျွန်ုပ်တို့နေရန် ဆောက်လုပ်ထားသော အင်တိုင်းတောနေရာသည် ဂျပန်ခေတ်က ဂျပန်ထောက်လှမ်းရေး၏ လျှို့ဝှက်စခန်းတစ်ခုဖြစ်ခဲ့ပြီး ဂျပန်ကင်ပေတိုင်ထောက်လှမ်းရေးက လူအချို့ကို သတ်ခဲ့သည်ဟု ပြောပြပါသည်။

မည်သူမျှမနေရဲသော ထိုအိမ်ကို နောင်သောအခါဝယ် အထက်အမိန့်ဖြင့်ဖျက်၍ အခြားတစ်နေရာ၌ ဆောက်လုပ်လိုက်၏။ နေရာသစ်တွင် အသစ်ပြန်ဆောက်ခြင်းခံရသောအိမ်၌ ချောက်ချားမှုများမဖြစ်တော့ဟု ကျွန်ုပ် သတင်းရပါသည်။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကျွန်တော့်ထံသို့ ပဲခူးတိုင်းဒေသကြီး (န)ဇီးကုန်းမြို့နယ် ကန္တလီရွာမှ ဘုရားဒကာ၊ ကျောင်းဒကာဖြစ်သော မိတ်ဆွေဖြစ်သူ ဦးလှိုင်ဝင်း မမျှော်လင့်ဘဲ ရောက်လာသည်။

မတွေ့ရသည်မှာကြာပြီဖြစ်သည့်အတွက် ရှေးဟောင်းနှောင်းဖြစ်များ၊ တရားဓမ္မအကြောင်းများ ဆွေးနွေးပြောဆိုမဆုံး ရှိကြသည်။ ထိုမှတစ်ဖန် စာကြောင်းပေကြောင်းများ ရောက်သွားကြပြန်သည်။

ဦးလှိုင်ဝင်းသည် ဘာသာ သာသနာအတွက် အကျိုးဆောင်လုပ်ကိုင်နေသူ ဖြစ်သော်လည်း စာပေရေးရာနှင့် ပတ်သက်၍လည်း အတော်နှံ့စပ်၍ စာစုံဖတ်သူ ဖြစ်သည့်အတွက် ပြောရဆိုရ ဆွေးနွေးရ အလွန် အဆင်ပြေလှပေသည်။

ထိုမှ ဦးလှိုင်ဝင်းက-

"ဆရာ့စာတွေလည်း ကျွန်တော် တော်တော်များများကို ဖတ်ဖူးတယ်။ သဘောကျပါတယ်။ အထူးသဖြင့်တော့ ဂမ္ဘီရစာပေတွေ၊ သုတရသစာပေတွေက ကျွန်တော့်အကြိုက်ဆုံးတွေပါ။ မဂ္ဂဇင်းတွေကို စောင့်လည်းဖတ်ပါတယ်။ စာအုပ်အသစ်ထွက်လာရင် နေဝန်းနီပါလားလို့ ဦးဆုံးမေးရတယ်။ ဒါပေမယ့် ဆရာ့စာတွေက တစ်ခါတုန်းက အကြောင်းအရာတစ်ခုတည်းကို မဂ္ဂဇင်းစာမျက်နှာ နှစ်ခုလောက်မှာ ပါပါလာတာ သွားတွေ့ရတယ်"

ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်က-

"တချို့စာမူလေးတွေဆို ဦးလှိုင်ဝင်းပြောသလို ဖြစ်တတ်ပါတယ်"

ဟု ဝန်ခံလိုက်၏။

"အဲဒါ ဘယ်လိုဖြစ်လို့ မဂ္ဂဇင်းနှစ်အုပ်မှာ ပါရတာလဲ"

ဦးဝင်းလှိုင်က ဆက်မေးလာသည့်အတွက် ကျွန်တော်က အောက်ပါအတိုင်း ရှင်းပြလိုက်ပါသည်။

"ဒီလို ဦးလှိုင်ဝင်းရေ၊ ကျွန်တော်က ဝါသနာအရင်းခံထားပြီး စာပေရေးသားတဲ့အလုပ်နဲ့ ဘဝကို ရပ်တည်နေရတာ ခင်ဗျား သိပါတယ်။ ဒီတော့ ကျွန်တော်ရေးတဲ့ စာမူလေးတွေမပါမှာ သိပ်စိုးရိမ်တယ်။ စာမူတစ်ပုဒ်ဖြစ်လာဖို့ ရေးဖို့ဆိုတာကလည်း မလွယ်ပါဘူးဗျာ။ နောက်ပြီး စာမူလေး စာမျက်နှာပေါ် ရောက်လာမှလည်း စိတ်က ချမ်းသာတယ်လေ။ ဒါကြောင့် စာမူတစ်ပုဒ်ရေးပြီး မဂ္ဂဇင်းတိုက် တစ်တိုက်တိုက်ကိုထည့်လိုက်တာနဲ့ ဘယ်လပါမလဲ၊ ဘယ်လပါမလဲနဲ့ (၆)လ၊ (၇)လလောက် စောင့်ကြည့်တယ်။ (၆)လ၊ (၇)လလောက်ကြာလို့မှ ပါမလာတော့ စာမူကို ခေါင်းစဉ်ပြောင်း၊ အနည်းအပါးပြင်ပြီး နောက်တစ်တိုက်ကိုထည့်တယ်။ တစ်ခါတလေ ကိုယ်ရေးတာနဲ့ မဂ္ဂဇင်းရဲ့မူဘောင်နဲ့ မကိုက်ညီတော့ မပါဘူး၊ ပျောက်သွားရော။ တစ်ခါတလေတော့လည်း တစ်တိုက်တိုက်က ပါလာတယ်။ တစ်ခါတလေကျတော့လည်း ပထမတိုက်က မပါလို့ နောက်တစ်တိုက်ထည့်ပြီး (၄)လ၊ (၅)လကြာမှ ပထမထည့်တဲ့စာမူက ထွက်လာ၊ အဲဒီအချိန် နောက်ထပ်ထည့်လိုက်တဲ့တိုက်ကလည်း ထွက်ဆိုတော့ ဖြစ်တောင့်ဖြစ်ခဲ အကြောင်းအရာတစ်ခုတည်းကို မဂ္ဂဇင်းစာမျက်နှာ နှစ်ခုလောက်မှာ ပါသွားတတ်တော့တာပါပဲ။ စာရေးဆရာတွေ ဖြစ်လေ့ဖြစ်ထရှိတတ်ပါတယ်။ ဒါပေမယ့် မဂ္ဂဇင်းထုတ်ဝေသူတွေ၊ အယ်ဒီတာတွေက စာပေသမားတွေပါ။ စာရေးဆရာတွေရဲ့ဘဝကို နားလည်သူတွေပါ။ ဆရာတွေက အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးသူတွေ၊ သဘောပေါက်သူတွေပါ။ ခွင့်လွှတ်ကြမှာပါ။ ဘာဖြစ်လို့ အဲဒီအဖြစ်မျိုးဖြစ်ရတာလဲဆိုတော့ စောစောကပြောသလိုပဲ စာမူလေးပျောက်သွားမှာစိုးလို့ပါဗျာ။

ကျွန်တော့်မိတ်ဆွေ အယ်ဒီတာတစ်ယောက်ဆို သူ အယ်ဒီတာဘဝ မရောက်ခင် အတွေ့အကြုံလေးတစ်ခုကိုပြောပြပါတယ်။ စာမူလေးတစ်ပုဒ်ကို (၆) လစောင့်စနစ်နဲ့ မဂ္ဂဇင်းတိုက်ပို့တာ မဂ္ဂဇင်းတိုက် (၃) တိုက်လည်းပို့ပြီးရော (၂) နှစ် နီးပါး ကြာသွားတယ်လို့ ပြောတယ်။ ကျွန်တော်တို့က စာပေသက်သက်နဲ့ရပ်တည်နေရတာဆိုတော့ အဲဒီလိုအဖြစ်မခံနိုင်တဲ့အတွက် တစ်ခါတလေမှာ ခုလိုအဖြစ်မျိုးတွေနဲ့ ကြုံရတာပါ။ ဆရာတို့အနေနဲ့ ခွင့်လွှတ်နားလည်မှုပေးနိုင်ကြပါစေလို့လည်း ဆုတောင်းပါတယ်။ ဒါကလည်း တစ်ခါတလေမှဖြစ်တတ်တဲ့ ဖြစ်တောင့်ဖြစ်ခဲပါဗျာ"



နေဝန်းနီ

ကျိန်စာ



www.burmeseclassic.com

"ဒီလိုဆိုတော့လည်း ဟုတ်တာ ... ဆရာရယ်"


"ဟုတ်ပါတယ်ဗျာ၊ သက်သက် ...တာတော့ မဟုတ်ပါဘူး။ တချို့ ...တွေဆို (၁)နှစ်၊ (၂)နှစ်လောက်ကြာ ...လာတတ်တာ တွေ့ရပါတယ်။ ဒါ ...ည်း တိုက်အနေနဲ့ ဘယ်မဂ္ဂဇင်း တိုက်မှ အပြစ်မရှိပါဘူး။ အခြေအနေနဲ့ အချိန်အခါအရပဲ။ ကျွန်တော်တို့ကသာ အဲဒီလောက်စောင့်လို့မပါတော့ စာမူလေးပျောက်သွားပြီအထင်နဲ့ တခြားတိုက်ထပ်ပို့တာပါ။ ဆန္ဒစောတာတွေလည်း ပါပါတယ်"

"ဟုတ်ကဲ့၊ ရှင်းပါပြီ ဆရာ။ ဒါနဲ့ ဆရာက စာရေးတဲ့နေရာမှာ အလွန်ဂမ္ဘီရဆန်တဲ့သူဆိုတော့ ဆရာ့ကို ဇာတ်လမ်းလေးတစ်ပုဒ် ကြုံတုန်းပြောပြရဦးမယ်"

"ဟာ - သိပ်ကောင်းတာပေါ့ ဦးလှိုင်ဝင်းရယ်၊ ကျွန်တော်ကလည်း အဲဒီလိုလူ ရှာနေတာ။ လုပ်ဗျာ၊ မြန်မြန်သာပြော။ ဘယ်လိုဇာတ်လမ်းမျိုးလဲ၊ ဘယ်သူ့အကြောင်းလဲ"

"ဘယ်လိုဇာတ်လမ်းမျိုးလဲဆိုရင်တော့ ဇာတ်လမ်းကတော့ ဂမ္ဘီရဇာတ်လမ်းလေးပါ။ ဘယ်သူ့အကြောင်းလဲဆိုရင်တော့ ကျွန်တော့်ကိုယ်တွေ့အကြောင်းလေးပေါ့ ဆရာရယ်"

ထို့နောက် ဦးလှိုင်ဝင်းက ၎င်း၏ကိုယ်တွေ့ဇာတ်လမ်းလေးကို အောက်ပါအတိုင်း ပြောပြပါတော့၏။



www.burmeseclassic.com

ကျွန်တော်တို့ ဘော်ဘင်ရွာသည် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၏ အရှေ့ဘက် အလယ်ရိုးမကြီး၏တောင်ခြေ၌ တည်ရှိသော ချင်း၊ ကရင်၊ ဗမာ၊ ရှမ်း စသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာရွာကြီး ဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာရှိ ရွာသူရွာသားများသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ရာရွာဖြစ်သည်နှင့်အညီ အလုပ်မျိုးစုံ၊ လုပ်ငန်းပေါင်းစုံ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းသည့် ရွာကြီးဖြစ်ပါ၏။

နှမ်း၊ ပြောင်း၊ မြေပဲ၊ ငရုတ်၊ သခွား၊ ဖရုံ၊ ဖရဲ စသည့် တောင်ယာလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်များ လုပ်ကိုင်သူများရှိကြသလို အစိုးရဌာနန္တ ဝင်ရောက်လုပ်ကိုင်သူများ၊ သစ်ခုတ်ဝါးခုတ်သူများ၊ မီးသွေးဖုတ်သူများ၊ တောလည်အမဲလိုက်ဖြင့် မုဆိုးလုပ်ငန်း လုပ်ကိုင်ကြသူများ စုံလင်ကြပေသည်။

မုဆိုးလုပ်ငန်းလုပ်သည်ဟုဆိုရာတွင်လည်း သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်၊ တောဝက်၊ ဝံ စသည်ဖြင့် တောကောင်ကြီးများကို မိုင်ဇာကဲ့သို့သော တစ်လုံးထိုးသေနတ်များ၊ တူမီးကဲ့သို့ ယမ်းထောင်းထည့်ရသော သေနတ်များ၊ လင့်လေး၊ ဒူးလေး စသော လက်နက်များဖြင့် ပစ်ခတ်ဖမ်းဆီးသူများလည်း ရှိကြပေသည်။ အချို့က အမဲလိုက်ခွေးများမွေးပြီး အမဲလိုက်ကြ၏။ သို့သော် အချို့ကမူ ငှက်ထောင်၊ ဖွတ်ထောင်၊ ပုတတ်ထောင်၊ ပျားဖွပ်, ပျားထိုးလုပ်ငန်းကို ဇောက်ချလုပ်ကိုင်သူများလည်း ရှိကြပေသည်၊ ၎င်းအထဲတွင် ကျွန်တော်တို့မိသားစုလည်း အပါအဝင် ဖြစ်ပါသည်။

အဖေသည် သစ်တောဌာနတွင် နေ့စားအလုပ်ဝင်လုပ်၍ ကျွန်းပင်များ စိုက်ပျိုးခြင်း၊ ကျွန်းစိုက်ခင်းများပေါင်းသင်ခြင်း၊ ခုတ်လှဲခွင့်ရ သစ်များအား ခုတ်လှဲခြင်း၊ ကျွန်းပင်များသင်းသတ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်လျက် ရှိပေသည်။ အမေကမူ မီးသွေးဖုတ်လုပ်ငန်း၊ မီးသွေးအရောင်းအဝယ်လုပ်ငန်း၊ ထင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ကျွန်တော်တို့မိသားစု၌ သားသမီးတွေထဲတွင် ကျွန်တော်က အကြီးဖြစ်၍ မိဘတို့အား တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ကိုင်ရပေ၏။

မနှစ် (ယမန်နှစ်) က စ၍ ကျွန်တော် မိဘတို့အား ကူညီလုပ်ကိုင်ခဲ့ရာ ယခုနှစ်တော့ ဦးလေးသော်အောင်နှင့် အစ်ကိုဝမ်းကွဲများဖြစ်ကြသော အစ်ကိုသန်းစိန်၊ အစ်ကိုသောင်းရွှေတို့မှ ခုတ်ကြီးတောင် အရိုးမြောင်လျှိုကြီးဘက် ပုတတ်ထောင်ရန် ခေါ်သဖြင့် လိုက်ခဲ့ပေသည်။

❂

နံနက် ဝေလီဝေလင်းအချိန်ခန့်မှစပြီး ဦးလေးသော်အောင်၊ အစ်ကိုသန်းစိန်၊ အစ်ကိုသောင်းရွှေတို့နှင့် ခုတ်ကြီးတောင် အရိုးမြောင် လျှိုကြီးဆီသို့ စတင်ထွက်ခဲ့ကြရာ တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ကျော်ဖြင့် ခုတ်ကြီးတောင်သို့ မွန်းလွဲ (၁) နာရီလောက်တွင် ရောက်ကြပါသည်။

ခုတ်ကြီးတောင်မှာ ကျွန်တော်တို့ရွာ၏ အရှေ့ဘက်စူးစူးတွင်ရှိပြီး ရွာမှနေ၍ (၁၃) မိုင်နီးပါးခန့်မျှ ဝေးသည်ဟု ဦးလေးသော်အောင်က ပြောပြပါ၏။ ရွာမှစထွက်သည်နှင့် တောင်ဆင်းဝ၊ ခွေးလေးမြောင်၊ ဆင်အိပ်၊ ကွေ့လေး၊ ကွေ့ကြီး၊ အိုးကွဲ အစရှိသော တောင်တန်းတောင်ကြောများကို ဖြတ်ကျော်သွားရပြီး အကွေ့အကောက်၊ အတက်အဆင်းတွေများလွန်းသည့် ခက်ခက်ခဲခဲ သွားရသောခရီး ဖြစ်သည်။

ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ရုံး၊ ပျဉ်းမ၊ မျောက်ချော စသည့် အဓိကရသစ်ပင်ကြီးများနှင့် ဝါးပိုး၊ မျှင်၊ တင်း၊ ကြသောင်း၊ ကြခတ်၊ ဝါးနက်၊ ဝါးဖြူ စသော ဝါးတောကြီးများ ပေါက်ရောက်ရာဒေသ ဖြစ်၍လည်း နေပြောက်မထိုးလောက်အောင် အုပ်ဆိုင်း ဝေစည်လျက်ရှိပေ၏။

"ဒီတောင်ကြော တောင်တန်းကြီးတစ်ခုလုံးကို ခုတ်ကြီးတောင်လို့ ခေါ်တယ်။ ဟိုဘက်တောင်ကြော၊ ဒီဘက်တောင်ကြော အားလုံးကိုလည်း ခုတ်ကြီးတောင် ခေါ်ကြတယ်။ အဲဒီတောင်တန်းကြီးနှစ်ခုကြားထဲက နက်ရှိုင်းကျဉ်းမြောင်းနေတဲ့ မြောင်ကတော့ အရိုးမြောင် ဆိုတာပေါ့။ အရိုးမြောင်လျှိုက အခြားလျှိုတွေထက် ပိုလည်းနက်တယ်၊ ပိုလည်းကျဉ်းတယ်။

ဒီခုတ်ကြီးတောင်နဲ့ အရိုးမြောင်လျှိုကြီးဟာ မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီဘဝရောက်ခဲ့စဉ်က **'သုပဏ္ဏက ဂဠုန်ရာဇာ'** ဘွဲ့ခံ ဂဠုန်ဆရာစံ သာယာဝတီ အလံတောင်ဒေသကနေ လာရောက်ခေတ္တစခန်းချနေထိုင်ပြီး အင်္ဂလိပ်တွေကို တိုက်ခိုက်ခဲ့တဲ့ သမိုင်းဝင်နေရာတစ်ခုပဲ။ ဒီတောင်တန်းကြီးမှာ အခြေ ချပြီး အင်္ဂလိပ်တပ်ကြီး တစ်တပ်လုံးကို တစ်ယောက်မကျန် ချေမှုန်းခဲ့တယ်လေ။

ခေတ်မီ အမြောက် မီးပွား လက်နက်တွေ ကိုင်တက်လာတဲ့ အင်္ဂလိပ်တွေကို ဆရာစံနဲ့အဖွဲ့က တုတ်တွေ၊ ဝါးတွေ လုံတွေနဲ့ ဆီးကြိုခုခံတိုက်ခိုက် ခုတ်ထစ် ထိုးသတ်ခဲ့တာကို အစွဲပြုပြီး ခုတ်ကြီး တောင်၊ ခုတ်ကြီးတောင်နဲ့ ဒီတောင် ကြော တောင်တန်းကြီးတစ်ခုလုံးကို ခေါ် ခဲ့ကြတာပေါ့။

အရိုးမြောင် ဆိုတာကတော့ တောင်ကြော တောင်တန်းကြီး တစ် လျှောက် ပြန့်ကျဲသေနေကြတဲ့ အင်္ဂလိပ် အလောင်းတွေကို 'သုပဏ္ဏက' ဂဠုန် ဆရာစံရဲ့တပ်တွေက မြောင်ကြီးထဲ ဆွဲ ယူပစ်ထားခဲ့ကြတယ်။ မြောင်ကြီးတစ်ခု လုံး အင်္ဂလိပ်အလောင်းတွေ မြင်မ ကောင်း ရှုမကောင်းရှိခဲ့တယ်။ ကြာတော့ အလောင်းတွေက အသားကျပြီး အရိုး ကျဲကျဲတွေ ဖြစ်ကုန်တယ်။ အဲဒီလို အရိုး တွေကိုတွေ့တဲ့သူတွေက အရိုးမြောင် အရိုးမြောင်နဲ့ပြောကြရင်း ခုတော့ အရိုး မြောင် တွင်သွားတော့တာပဲ။ ဒီနေရာ တွေဟာ တောတောင်တွေ ထူပြော သလို နတ်ကြီးတဲ့အကြောင်း၊ တော တောင်ကြမ်းတဲ့အကြောင်း ရောက်ဖူး သူတိုင်း ပြောကြတယ်။ သူတို့အလိုမကျ ရင်ဘဲဖြစ်ဖြစ်၊ အမှားမှားအယွင်းယွင်းပြု ခဲ့မိရင်ပဲဖြစ်ဖြစ် ခြောက်လှန့်တတ်၊ ဖမ်း စားတတ်တယ်။ ဒါကြောင့် ဒီနေရာကို ရောက်လာသူတိုင်း သတိထားရတယ်၊ အပြောအဆို၊ အနေအထိုင်ကို ဆင်ခြင် ရတယ်"

ဦးလေးသော်အောင်က ခုတ်ကြီး တောင်၊ အရိုးမြောင်နှင့် ပတ်သက်၍ ဒေသသို့ တစ်ခါဖူးမျှမရောက်ဘူးသည့် ကျွန်တော့်အား ရှင်းပြပါသည်။

ထို့နောက် ခုတ်ကြီးတောင်၏အ ရှေ့ဘက်ကြော အရိုးမြောင်ထိပ် လှမ်း ကြည့်လျှင် မြောင်ကြီးတစ်လျှောက် အ တော်ဝေးဝေးအထိ မြင်နိုင်သည့် သစ် ရာပင်ကြီးတစ်ပင်၏အောက်၌ တဲလေး တစ်လုံးထိုးကာ စခန်းချလိုက်ကြသည်။

❂

ကျွန်တော်၏တာဝန်မှာ ဦးလေး သော်အောင်နှင့် အစ်ကို သန်းစိန်တို့ ပုတတ်ထောင်သွားလျှင် စခန်းစောင့်ရန် နှင့်ထမင်းဟင်းချက်ရန်၊ ၎င်းတို့ပြန်လာ ပါက ရရှိလာသောပုတတ်များကို ခြင်း ကြီး, ခြင်းငယ်များထဲ ထည့်လှောင်ရန် ပုတတ်ထောင်ရာတွင် အသုံးပြုသည်



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကွင်း (ကွင်းလျှော) လေးများ လုပ်ပေးရန်တို့ ဖြစ်၏။

ပုတတ်ထောင်ခြင်းမှာ တောင်ခြေ ခြေလျှောများတစ်လျှောက် စိမ့်ကောင်းရာအရပ်ရှိ မြေပြင်၌ ထောင်ခြင်း ဖြစ်လေသည်။ ပုတတ်ရှိပါက ချောနေသော ဒင်္ဂါးခန့် တွင်းလေး ရှိပေသည်။ ထိုတွင်းလေးများမှာ ပုတတ်များ ဝင်ထွက်ထားသဖြင့် ပြောင်ချောနေခြင်းဖြစ်ရကား ထိုတွင်းကလေး များကို ကယ်ပေါက်ခေါ်သည့် အခြား တစ်ဖက်မှ တိုးထွက်နိုင်သည့်အပေါက်၌ ကြိုးကွင်းချ၍ မူလဝင်ရာ၊ ထွက်ရာ အပေါက်မှ ဝါးနှာမောင်း ပျော့ပျော့ တတ်တံလေးဖြင့် တွင်းထဲသို့ထိုးမွှေပေးရသည်။ ပုတတ်များသည် မြေထဲ၌ အနက်ကြီးနေလေ့မရှိကြဘဲ ခပ်တိမ်တိမ်သာ နေလေ့ရှိကြပါသည်။ သို့ကြောင့် မူလဝင်ရာ၊ ထွက်ရာအပေါက်မှနေ၍ တုတ်နှင့် မွှေကလိပေးလိုက်သည်နှင့် ကယ်ပေါက်မှ တိုးထွက်ကြပါသည်။ ထိုအခါ ၎င်းကယ်ပေါက်တွင် ထောင်ထားသော ကြိုးကွင်း (ကွင်းလျှော) လေးကို တိုးမိပြီး လည်ပင်းကိုမိသွားပါတော့၏။ ဤသည်မှာ ပုတတ်ထောင်ခြင်းဖြစ်ပြီး ဤတာဝန်ကိုတော့ ဦးလေးသော်အောင်တို့ (၃) ယောက်က ယူကြပါသည်။

ဦးလေးသော်အောင်တို့ ပုတတ်ထောင်သွားတိုင်း စခန်း၌ တစ်ယောက်တည်းကျန်ခဲ့သည့် ကျွန်တော်သည် ဦးလေးသော်အောင်၏ ပြောစကားအရ တောင်တချမ်းချမ်း၊ ကြက်သီးတဖျဉ်းဖျဉ်း ကျန်ခဲ့လေ့ရှိသည်။ သို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အာရုံပြု၍ ဆရာဘုန်းကြီး သင်ပေးထားသော မေတ္တာသုတ်ကို ဦးလေးသော်အောင်တို့ ပြန်မချင်း ရွတ်ဖတ်နေလေ့ ရှိပါသည်။

သည်လိုနှင့်ပင် ရက်ကလေးတွေ ကြာမှန်းမသိ ကြာလာပါတော့၏။ သို့သော် ရက်လေးတွေကြာလာသည့်တိုင် တစ်စုံတစ်ရာ ထူးခြားမှု လုံးဝမတွေ့ရသဖြင့် အကြောက်ပြေစလည်းပြုလာပါသည်။ ထိုအခါ မေတ္တာသုတ်ကိုရွတ်ဖတ်ခြင်းလည်း မေ့လျော့စပြုလာပါတော့၏။

တစ်နေ့ ကျွန်တော်သည် ထမင်းဟင်းလည်းကျက်၊ ပုတတ်ထောင်ရန် ကြိုးကွင်းလေးများလည်း ကျစ်ပြီးသည်နှင့် သစ်ရာပင်အမြစ်ပေါ် ပင်စည်ကိုမှီထိုင်ရင်း အရိုးမြောင်လျှိုကြီးကို မျက်စိတဆုံးကြည့်ရင်း ဦးလေးသော်အောင်ပြောသော သုပဏ္ဏကဂဠုန်ရာဇာ ဂဠုန်ဆရာစံ၏ တောင်သူလယ်သမားတပ်ကြီးနှင့် အင်္ဂလိပ်တို့ တိုက်ခိုက်ခဲ့သည့် တိုက်ပွဲကို တွေးနေမိပါသည်။ မျက်စိထဲ၌ အင်္ဂလိပ်နှင့် ဂဠုန်တပ်တို့ကို မြင်နေသည်။ ထိုအချိန်တွင်ပင်-

'ဘာတွေတွေးနေတာလဲ'

ဟူသော အသံလေးကို အမှတ်မထင် ကြားလိုက်ရ၏။

ကြည့်လိုက်တော့ မည်သည့်အချိန်ကတည်းက ရောက်နေမှန်း မသိသော ကျွန်တော်နှင့် ရွယ်တူလောက်ပင် ရှိမည်ဟု ခန့်မှန်းရသော အသားညိုညို၊ ငါးရံ့ကိုယ်လုံးနှင့် မျက်ခုံးမွေးကောင်းကောင်း၊ မျက်လုံးချောချော၊ အထက်၊ အောက် အစိမ်းရောင် လုံချည်- အင်္ကျီ ခပ်နွမ်းနွမ်းကိုဝတ်ထားသည့် အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရပါသည်။

ထိုအမျိုးသမီးငယ်က ကျွန်တော်နှင့် လေး၊ ငါးတောင်လောက်အကွာရှိ ကျွန်တော့်ရှေ့၌ ရပ်နေခြင်း ဖြစ်ပါ၏။

ပထမတော့ ကျွန်တော်လည်း ကြောင်သွားပါသည်။ ဒီလောက် တောခေါင်ခေါင်နေရာမျိုး၌ ဒီအမျိုးသမီးက ဘယ်ကပါလိမ့်၊ မည်ကဲ့သို့ ဒီကိုရောက်လာရပါသနည်းဟုလည်း တွေးလိုက်မိပါသည်။ လတ်တလော တွေ့လိုက်ရတော့ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံချင်ဖြစ်သွားပါသည်။ သို့ကြောင့် မျက်စိကို ပွတ်သပ်ကြည့်လိုက်ပါ၏။

'ဘာလဲ၊ ရှင် ကျွန်မကို အံ့ဩနေတာလား။ ကျွန်မက ဒီမှာနေတာပါ။ ကျွန်မနာမည်က မိုင်းခင်လှလို့ ခေါ်တယ်လေ'

အမျိုးသမီးက ကျွန်တော့်ကို ကြည့်၍ ခစ်ခနဲ တစ်ချက်ရယ်လိုက်ရင်း သူ့ကိုယ်သူ မိတ်ဆက်ပြောကြားလာပါသည်။

'မိုင်းခင်လှတို့က ဒီမှာနေတာလား၊ ဒါမှမဟုတ် ဘာလာလုပ်တာလဲ'

ကျွန်တော်က နားမလည်နိုင်စွာဖြင့် မေးလိုက်ပါ၏။

'ဘာလာလုပ်တာလဲဆိုတော့ အစကတော့ ပုတတ်လာထောင်တာပေါ့။ ခုတော့ ဒီမှာပဲ အပြီးနေကြတာလေ။ ဟိုဘက်က ရွှေဂူကြီးမှာနေကြတာ။ အဲဒီမှာ အဖေနဲ့အမေလည်း ရှိတယ်'

မိုင်းခင်လှက ရှင်းပြပါသည်။ ထို့နောက် ကျွန်တော်ထိုင်နေရာ သစ်ရာပင်ကြီးအမြစ်၌ ကျွန်တော်နှင့်အတူ လာရောက် ပူးကပ်ထိုင်လိုက်၏။ မိုင်းခင်လှထံက ကိုယ်နံ့သင်းသင်းလေးက ကျွန်တော့်နှာခေါင်းသို့ တိုးဝင်လာကြပါသည်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း ရှိန်းဖိန်းတက်သွားပါ၏။ မှန်ရာကိုဝန်ခံရပါက ကျွန်တော်သည် အသက် (၁၈) နှစ်၊ (၁၉) နှစ်အရွယ်ရောက်လာသည့်တိုင် သူစိမ်းပြင်ပြင်မိန်းကလေးများနှင့် သာမန်ဆက်ဆံမှုမှလွဲ၍ ယခုကဲ့သို့ နှစ်ယောက်တည်း နီးနီးကပ်ကပ်မနေဘူးခဲ့ပါ။ ယခုလို မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသည့်အခါတော့ နေမထိထိုင်မသာဖြင့် တစ်ကိုယ်လုံး ရှိန်းဖိန်းတက်သွားရခြင်း ဖြစ်ပါသည်။ ရင်တွေကလည်း တဒိန်းဒိန်း။

မိုင်းခင်လှကတော့ မည်သို့မျှ ထူးခြားမှုလက္ခဏာများမတွေ့ရဘဲ စောင့်မျှော်နေသူတစ်ယောက်ကို ဆိုင်းမဆင့်ဗုံမဆင့် လတ်တလော တွေ့လိုက်ရသူတစ်ယောက်ကဲ့သို့ ဝမ်းသာနေသလို ပြုံးပျော်ရွှင်မြူးနေပါ၏။ ရေငတ်နေသူတစ်ယောက် ရေစမ်းလေးတစ်ခုတွေ့လိုက်ရသည့်ပုံစံမျိုး။

'မိုင်းခင်လှလေ၊ ဒီမှာ အဖော်မရှိဘာမရှိနဲ့နေရတာ ပျင်းနေတာ။ တစ်ယောက်တည်းဆိုတော့ ပျော်ပိုက်မှုမရှိဘူးလေ။ ဒါကြောင့် အမြဲတမ်း အဖော်တစ်ယောက်ရဖို့အတွက် မျှော်နေတာ။ ခုတော့ ရှင်ရောက်လာတာနဲ့ အတော်ပဲ။ ကျွန်မ အရမ်းဝမ်းသာတာပဲ။ ရှင်ကော ဝမ်းမသာဘူးလားဟင်။ ပြောပြစမ်းပါရှင်၊ မြန်မြန်ပြောပြစမ်းပါ'

ဟုလည်း အငမ်းမရ မေးလာပါသည်။

ကျွန်တော် ဘာပြန်ပြောရမှန်းမသိခင်ပင် မိုင်းခင်လှက ကျွန်တော့်လက်ကလေးကို လာရောက် ဆုပ်ကိုင်လိုက်ပါသည်။ နောက် ကျွန်တော့်အနားသို့ အသားချင်းထိသည်အထိ တိုးကပ်လာပါသည်။ အတွေ့အကြုံနည်းလှသော ကျွန်တော့်အတွက် မှန်ရာကိုပြောရလျှင် ကျွန်တော် ခံနိုင်စွမ်းအား မရှိခဲ့ပါ။ အခြေအမြစ်မဲ့စွာဖြင့် တောထဲတောင်ထဲမှာ ကျွန်တော် ချစ်သူတစ်ယောက်ရသလို ခံစားလိုက်ရပါ၏။ ထို့နောက်မှာတော့ နှစ်ယောက်သား ကြည်နူး၍မဆုံးနိုင်အောင် ရှိခဲ့ကြပါ၏။

❂

မိုင်းခင်လှသည် ကျွန်တော်တို့ စခန်းမှ သူတို့နေရာ ရွှေဂူကြီးရှိရာ တောင်သို့ ကျွန်တော့်ကိုခေါ် ခဲ့ပါသည်။

ရွှေဂူကြီးရှိရာတောင်သည် ခုတ်ကြီးတောင်နှင့် တဆက်တစပ်တည်းရှိ တောင်ကြီးတစ်တောင် ဖြစ်၏။ တောင်ကြီး၏အလယ်လောက်၌ သင်္ကေတ



www.burmeseclassic.com

www.burmeseclassic.com

သဖွယ်တည်ထားသည့် ကျောက်လုံးအိမ်ကြီးတွေ ရှိပါသည်။ ကျောက်လုံးအိမ်ကြီးသုံးလုံး၏အလယ်မှ ကျောက်အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် ကျောက်ဖျာတံခါးကြီးက တဂျိမ်းဂျိမ်းမြည်၍ ပွင့်သွားပါ၏။

ကျောက်ဖျာတံခါးကြီး ပွင့်သွားသည်နှင့် ဂူကြီး၏အတွင်းပိုင်းသွားရာလမ်းကို မြင်ရပါသည်။ ဂူကြီးမှာ ရွှေဂူကြီးဆိုသည့်အတိုင်း ဂူလမ်းတစ်လျှောက်နှင့် နံရံတစ်ခုလုံး ရွှေသားများအိနေကြပြီး အရောင်တလက်လက် တောက်ပနေကြသည်။ လမ်းကလည်း ဂူပေါက်ဝမှစ၍ လှေကားထစ်များသဖွယ် အဆင့်ဆင့် အထစ်များကိုနင်း၍ ဂူကြီး၏အတွင်းပိုင်းသို့ ဆင်းသွားရပါသည်။ အားလုံး ရွှေသားများချည်း ဖြစ်ပါသည်။

မိုင်းခင်လှက ကျွန်တော့်လက်ကို ဆွဲ၍ ရှေ့မှ ပျော်ရွှင်စွာ ခုန်ပေါက်သွားနေပါ၏။ ကျွန်တော်ကလည်း သူ့ကို အမီပြေးလိုက်ခဲ့ပါသည်။ ကျွန်တော့်စိတ်ထဲမှာလည်း ပေါ့ပါးနေပါသည်။

ဂူကြီးမှာ အလွန်ကျယ်ဝန်းလှပါ၏။ အတွင်းပိုင်းရောက်လေ၊ ကျယ်ဝန်းလေ ဖြစ်လာပါသည်။ ဂူကြီး၏တစ်နေရာ တစ်နေရာ၌တော့ ရွှေရောင်တောက်ပနေသည့်ဥယျာဉ်ကြီးတွေ၊ ရွှေရောင်စမ်းချောင်းလေးတွေ၊ ရွှေရောင်မြက်ခင်းလေးတွေကို တွေ့ရပါသည်။

မိုင်းခင်လှနှင့် ကျွန်တော်လည်း ရွှေရောင်မြက်ခင်းလေးပေါ်၌ ပြေးတမ်းလိုက်တမ်းကစားရင်း ပြေးလွှားနေမိကြပါ၏။ မမောနိုင်မပန်းနိုင်ပါပင်။ မှန်ရာကိုဝန်ခံရလျှင် ထိုအချိန်က မိုင်းခင်လှနှင့် ကျွန်တော်မှာ ချစ်သူများဘဝဖြင့် ချစ်မဝရှုမဝ ဖြစ်ခဲ့ကြပါ၏။ အချိန်တိုအတွင်း တွေ့ကြရသော်လည်း ကာလကြာရှည်ကပင် ချစ်ခဲ့ကြသလို ဖြစ်၏။

'ရှင် ဒီကပြန်ရင် ကျွန်မတော့ လွမ်းနေရတော့မှာပေါ့နော်။ အလွမ်းမင်းသမီးလေးအဖြစ်နဲ့ ကျန်ခဲ့ရတော့မှာပေါ့'

စမ်းချောင်းလေးဘေးရှိ ရွှေရောင်မြက်ခင်းလေးပေါ် အမောအပန်းဖြေထိုင်နေကြစဉ် မိုင်းခင်လှက မဝေးခင်က ဆွေးချင် ဆိုသလို ဝမ်းနည်းစကားလေး ဆိုလာပါသည်။ ကျွန်တော်သည် မိုင်းခင်လှ၏ခန္ဓာကိုယ်လေးကို ထွေးပွေ့လိုက်ရင်း-

'ကိုယ်လည်း ဒီလိုပဲနေမှာပေါ့ မိုင်းခင်လှရယ်။ ဒီက ရွာပြန်ရောက်ရင် အဖေနဲ့အမေကိုပြောပြီး မိုင်းခင်လှကို လာတောင်းပါ့မယ်။ စိတ်မကောင်းဖြစ်မနေပါနဲ့။ ကိုယ်လည်း ဘယ်ခွဲချင်ပါ့မလဲ။ နောက်ပြီး ခုလည်း ပြန်သေးတာမဟုတ်ပါဘူးလေ။ ဒီအတွင်းမှာလည်း ခဏခဏတွေ့ကြတာပေါ့'

ဟု ပြောလိုက်ရာ မိုင်းခင်လှက ပြုံး၍ ခေါင်းလေးကိုညိတ်ပြလိုက်ပါ၏။

နောက်-

'တကယ်နော်'

ဟုလည်း မေးလိုက်ပါသည်။

'တကယ်မကဘူး။ ဆယ်ကယ်၊ ဆယ့်ငါးကယ်'

ဟု ကျွန်တော်က အရွှန်းလေးဖောက်ပြောလိုက်ပြီး ရယ်လိုက်သဖြင့် မိုင်းခင်လှကလည်း တခစ်ခစ်လိုက်ရယ်လိုက်ပါ၏။

'ဆုံနိုင်ပါစေလို့ပဲ မိုင်းခင်လှ ဆုတောင်းနေပါ့မယ်ရှင်'

. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . .

"မောင်လှိုင်ဝင်း၊ မောင်လှိုင်ဝင်း"

ကျွန်တော်သည် မိုင်းခင်လှကို ဖက်ရင်း မွှေးမွှေးပေးရန်အလုပ်တွင်ပင် ခေါ်သံတစ်သံက နားစည်အတွင်း ဝင်လာသဖြင့် မိုင်းခင်လှကိုလွှတ်ပြီး အသံလာရာဆီကို ကြည့်လိုက်ရာ ခြင်းတွေ၊ ပလိုင်းတွေနှင့် ကျွန်တော့်ရှေ့ ရပ်နေသည့် ဦးလေးသော်အောင်ကို တွေ့လိုက်ရပါ၏။

"ဘာလဲ၊ မင်း အိပ်ပျော်နေတာလား"

ဦးလေးသော်အောင်က ထပ်မေးမှ ကျွန်တော်လည်း သစ်ရာပင်ကြီးမှီ၍ အိပ်ပျော်သွားရင်း အိပ်မက် မက်သွားသည့်အဖြစ်ကို သတိထားလိုက်မိပါ၏။

"ဟာ- ဟုတ်တယ် ဦးလေး၊ ကျွန်တော် အိပ်ပျော်သွားတယ်"

ဟုလည်း ပြောလိုက်မိပါ၏။

သို့သော် ကျွန်တော် မက်ခဲ့သည့် အိပ်မက်အကြောင်းကိုတော့ ဦးလေးသော်အောင်ကို လည်းကောင်း၊ အစ်ကိုသန်းစိန်နှင့် အစ်ကို သောင်းရွှေတို့ကိုလည်းကောင်း လုံးဝ ဖွင့်မပြောဖြစ်ခဲ့ပါချေ။

အိပ်မက်ကိုသာ ဖွင့်မပြောဖြစ်ခဲ့သော်လည်း ကျွန်တော်သည် အိပ်မက်ထဲ၌တွေ့ခဲ့ရသည့် မိုင်းခင်လှလေးကိုတော့ တသက်သက်တွေးရင်း ဆွေးသလိုဖြစ်နေမိပါတော့၏။ မိုင်းခင်လှလေးကို စွဲလမ်းနေမိပါသည်။ တစ်ခါတစ်ရံ တကယ်ဖြစ်ခဲ့တာလို့ပင် ထင်နေခဲ့မိပါသည်။

သို့ကြောင့် အိပ်တိုင်း မိုင်းခင်လှကို ပြန်လည်အိပ်မက်ရန် ဆုတောင်းနေမိပါ၏။ သို့သော် မည်မျှပင် စွဲလမ်း၊ မည်မျှပင် အိပ်မက် မက်ချင်လိုသော်လည်း နောက်ရက်များ၌ မိုင်းခင်လှနှင့် ပတ်သက်၍ လုံးဝ အိပ်မက်ခဲ့ခြင်းမရှိတော့ဘဲ ကျွန်တော်၏ဆုတောင်းမှာ အချည်းနှီးသာ ဖြစ်ရပါချေ၏။

❂

ကျွန်တော်သည် မိုင်းခင်လှကို အိပ်မက်မမက်တော့သော်လည်း အိပ်မက်ထဲမှ မိုင်းခင်လှကို နေ့စဉ်လွမ်းမော နေမိပါ၏။

သည်လိုနှင့်ပင် ကျွန်တော်တို့လည်း ပြန်ဖို့ရက် နီးကပ်လာပြီ ဖြစ်ပါသည်။ ဦးလေးသော်အောင်က နောက်တစ်နေ့၌ ရွာပြန်ကြမည်ဟု ပြောသောအခါ ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်သွားပါ၏။ အိပ်မက်ထဲမှ မိုင်းခင်လှလေးကို လည်းကောင်း၊ တစ်လနီးပါးခန့် နေလာခဲ့သော ခုတ်ကြီးတောင်နှင့်အရိုးမြောင်ကို လည်းကောင်း ခွဲရတော့မည် ဟူသည့် အသိကြောင့် ပို၍ ဝမ်းနည်းကြေကွဲ၍လာမိပါသည်။

သို့ကြောင့်ပင် ကျွန်တော်သည် ကလေး မဟုတ်သော်လည်း ကလေးကျင့်ကလေးကြံဖြင့် သစ်ရာပင်ကြီး၏အကိုင်းပေါ် တက်၍ ကလေးတစ်ယောက်လို-

"ခုတ်ကြီးတောင်နဲ့ အရိုးမြောင်ကြီးရေ၊ နောက်တစ်နေ့ မင်းတို့နဲ့ငါ ခွဲရတော့မယ်။ ရွှေဂူကြီးမှာနေပါတယ်ဆိုတဲ့ အိပ်မက်မင်းသမီးလေးကိုလည်း ခွဲရတော့မယ်။ အားလုံးကို ဝမ်းနည်းစွာနဲ့ ငါ နှုတ်ဆက်ခဲ့ပါတယ်။ ကံမကုန်ရင်တော့ ပြန်ဆုံချင်ပါသေးတယ်"

ဟု တေးသီချင်းတစ်ပုဒ်လို အော်ဟစ်ဆိုနေမိပါသည်။

"မောင်လှိုင်ဝင်း၊ ဘာတွေပေါက်ကရသီချင်းတွေ ဆိုနေတာလဲ။ တောထဲတောင်ထဲမှာ တွေ့ကရာမဆိုရဘူးကွယ့်"

ဦးလေးသော်အောင်က ဟန့်တားသတိပေးလိုက်မှ ကျွန်တော်လည်း သတိရပြီး သစ်ရာပင်ကြီးပေါ်မှ ဆင်းခဲ့ပါတော့၏။

ထိုညက ကျွန်တော် အစောကြီး အိပ်ရာဝင်ခဲ့ပါသည်။ အိပ်ပျော်သွားသည်နှင့် ကျွန်တော် ရွှေဂူကြီးထဲရောက်သွားပါသည်။ မိုင်းခင်လှက ရွှေဂူကြီးထဲမှ အသင့်စောင့်ကြိုနေပါသည်။ ကျွန်တော်က မိုးလင်းသည်နှင့်ပြန်ရောက်မည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ မိုင်းခင်လှကို လာရောက် နှုတ်ဆက်ကြောင်း ဝမ်းနည်းစွာနှင့် ပြောကြားသောအခါ မိုင်းခင်လှက ကျွန်တော့်ကိုဖက်၍ ငိုပါ၏။ ကျွန်တော်က တစ်ခါတည်း ကျွန်တော်နှင့်လိုက်ခဲ့ဖို့ ခေါ်သောအခါ၌ မိုင်းခင်လှက သူလိုက်လို့ မဖြစ်ကြောင်း၊ ကျွန်တော့်ကိုသာ ဆက်ဆက်ပြန်လာစေလိုကြောင်း ငိုယိုရင်း ပြောဆိုမှာကြားပါသည်။

ကျွန်တော် အိပ်ရာမှနိုးသောအခါ ထိုအိပ်မက်ကို တွေးနေမိပါသည်။ ယခင်အိပ်မက်နှင့် ယခုည မက်သည့် အိပ်မက်ကိုလည်း ဆက်စပ်နေမိပါ၏။ အိပ်မက်မှန်းသိသော်လည်း တကယ့်အဖြစ်အပျက်တစ်ခုလို ထင်နေမိသည်ကိုလည်း ဝေခွဲမရ ဖြစ်နေပါသည်။

မိုင်းခင်လှ ဆိုသည့် ဝိညာဉ်လောကအမျိုးသမီးတစ်ဦး ဤခုတ်ကြီးတောင်၌ အကယ်ပင်ရှိနေသလား၊ ငါမက်ခဲ့တဲ့ အိပ်မက်က နီးတစ်ဝက်မက်တဲ့ အိပ်မက်လား တွေးလေ၊ ရှုပ်ထွေးလေ ဖြစ်နေပါသည်။ သို့သော် အိပ်မက်ထဲမှ မိုင်းခင်လှကို စွဲလမ်းလျက် လွမ်းမောနေသည်ကတော့ အမှန်ဖြစ်ပါ၏။

“ဖြော. . . ဖြော. . . ဖြောဖြော”

ကျွန်တော်သည် အချိန်မည်မျှကြာအောင် တွေးတောနေမိသည်မသိ၊ မြေစာမှုန့်များ မျက်နှာပေါ်သို့ တဖြောဖြောကျလာမှ သတိရပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ မထင်မှတ်သည့်မြင်ကွင်းတစ်ခုကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပါတော့သည်။ အကြောင်းမှာ အစ်ကိုသန်းစိန်သည် မတ်တတ်ရပ်လျက် ငှက်ကြီးတောင်ဓားဖြင့် ကျွန်တော်၏လည်ပင်းဆီသို့ ခုတ်ပိုင်းရန် ဓားကို ကိုင်မြှောက်ထားသည်ကို ပြည့်ပြည့်ဝဝသာနေသော လရောင်ဖြင့် ထင်ရှားစွာ မြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။ ကျွန်တော်လည်း ထိုမြင်ကွင်းကြောင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်သွားသဖြင့်-

“ဦးလေးသော်အောင် လုပ်ပါဦး ဗျ၊ အစ်ကိုသန်းစိန်ရယ် ကျွန်တော့်ကို ဓားနဲ့ခုတ်မလို့လုပ်နေတယ်”

ဟု အလန့်တကြား ကုန်း၍အော်လိုက်ပါသည်။

ထိုအခါ ဦးလေးသော်အောင်နှင့် အစ်ကိုသောင်းရွှေတို့လည်း အိပ်ပျော်နေရာမှ ကျွန်တော့်အော်သံကြောင့် လန့်နိုးလာကြကာ အစ်ကိုသန်းစိန်ကို နှစ်ယောက်သား အတင်းဝိုင်းချုပ်၍ ဓားကို လုထားလိုက်ကြလေတော့သည်။ သည်တော့မှ အစ်ကိုသန်းစိန်လည်း သတိရကာ သက်မကြီးကို ဟင်းခနဲချ၍ ကျွန်တော့်ကိုဖက်ကာ-

“ညီလေးလှိုင်ဝင်း၊ မင်း ဘာမှမဖြစ်ဘူးနော်။ အမယ်လေး-တော်ပါသေးရဲ့ ညီလေးရယ်၊ ကံကြီးလို့သာပေ့ါ။ နို့မို့ မသေကောင်းမပျောက်ကောင်း”

ဟု ဆိုကာ စိတ်မကောင်းစွာ ငိုချလိုက်ပါ၏။ ဖြစ်ရသည့်အကြောင်းကိုတော့ အစ်ကိုသန်းစိန်က လောလောဆယ် ပြောမပြခဲ့ပါချေ။

အကယ်၍သာ ထိုညက ကျွန်တော် တောက်လျှောက်အိပ်ပျော်သွားပါက အသက်နှင့်ခန္ဓာ အိုးစားကွဲမည်မှာ အမှန် ဖြစ်ပါသည်။ ယခုတော့ မိုင်းခင်လှကိုအိပ်မက်ပြီး မိုင်းခင်လှအကြောင်း တွေးတောနေမိသဖြင့်သာ အသက်ချမ်းသာရခဲ့ခြင်း ဖြစ်ပါ၏။

ထိုသို့ ဖြစ်ပြီးသည်နှင့် ထိုညက တစ်ညလုံး မည်သူမျှ မအိပ်တော့ဘဲ ထင်းခြောက်၊ ဝါးခြောက်များဆွဲ၍ မီးဖိုကြီးများဖိုကာ မီးဖိုထဲသို့ ဝါးအစိုတွေထည့်၊ ဝါးပေါက်ကွဲသံများ တဖောင်းဖောင်းအသံပေးလျက် မိုးလင်းမည့်အချိန်ကိုသာ စိတ်ဆန္ဒစောစွာဖြင့် စောင့်နေမိကြပါတော့၏။

ထိုညက ထူးခြားသည်မှာ တစ်ညလုံးလိုလို ခုတ်ကြီးတောင်နှင့် အရိုးမြောင်လျှိုကြီးတစ်ခုလုံး ချောက်ချားဖွယ်ရာကောင်းလောက်အောင် လေပြင်းမုန်တိုင်းတွေ တရစပ်တိုက်ခတ်၍ သစ်ပင်ကြီးများနှင့် ဝါးတောကြီးများ မြေပေါ် ပြားပြားဝပ်သွားကြခြင်းနှင့် သစ်ပင်သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကာ တဝေါဝေါမြည်နေသော လေပြင်းတိုက်သံများနှင့်အတူ ယောကျ်ား,မိန်းမ ကလေး,လူကြီး ပေါင်းစုံတို့၏ ဆူညံစွာ အော်ဟစ်နေသံများလိုလို၊ တောရိုင်းတိရစ္ဆာန် သားကောင်မျိုးစုံတို့၏ အော်ဟစ်ပြေးလွှားနေကြသည့်အသံများလိုလို ကြားကြရခြင်းနှင့် အခါမဲ့ ညကြီးမင်းကြီး ကျီးတို့ တအားအား အော်မြည်ပြိုင်းဆင်းနေကြခြင်းပင် ဖြစ်ပါတော့သည်။

✿

ရွာပြန်ရောက်မှ အစ်ကိုသန်းစိန်က ထိုညက ဖြစ်ပျက်ခဲ့သည့်အဖြစ်ကို အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့ပါတော့၏။

အစ်ကို သန်းစိန်သည် ထိုညက တော်တော်နှင့် အိပ်မပျော်နိုင်ဘဲရှိသဖြင့် ပုတတ်ခြင်းများထမ်းရန် ပြုလုပ်ထားသည့် ဝါးထမ်းပိုးများကို တစ်ခုချင်းထပ်ကာ အိပ်ရာခေါင်းအုံးအောက်၌ အုံးခင်းအဖြစ်ထား၍ ခရီးကို တွက်ဆနေလေသည်။

ထိုအချိန် အစ်ကိုသန်းစိန်ဆီသို့ ချင်းအဘိုးအို မိသားစု (၃) ယောက် ရောက်လာပြီး အဘိုးကြီးက-

‘မနက်မိုးလင်းရင် မောင်ရင်လေးတို့ ရွာပြန်ကြတော့မယ်ဆိုတော့ ကိုလှိုင်လေးကို ဒီမှာထားခဲ့ပါကွာ။ ငါ့သမီး မိုင်းခင်လှနဲ့ ကိုလှိုင်လေးက သံယောဇဉ်တွေ တွယ်နေကြတာ။ ငါ့သမီးမှာ အဖော်မဲ့ ဘဝလေးဆိုတော့ မောင်လှိုင်လေးနဲ့ဆို အဆင်ပြေမှာမို့ပါ’

ဟု ပြောပါသည်။

‘ဟာ - ဘယ်ဖြစ်မှာလဲဗျ။ သူ့အဖေနဲ့အမေကို ကျုပ်တို့က အာမခံခေါ်လာရတာ၊ ဘယ်ထားခဲ့နိုင်မှာလဲ’

‘ထားခဲ့ပါကွာ၊ ငါတောင်းပန်ပါတယ်’

‘မဖြစ်ပါဘူး၊ မထားခဲ့နိုင်ဘူး။ နောက်ထပ်မပြောနဲ့၊ ဒါပဲ’

အစ်ကိုသန်းစိန်က ခပ်မာမာပြောလိုက်သည်။

ထိုအခါ အဘိုးအိုက-

‘ငါတို့ကို အုပ်ချုပ်တဲ့ ဂိုဏ်းချုပ်ကြီးကလည်း မောင်လှိုင်လေးကို ရအောင်ခေါ်ထားရမယ်လို့ ပြောထားတယ်။ မောင်လှိုင်လေးကိုခေါ်ပြီးရင် ရွှေဂူဗိမာန်ကြီးကို မောင်လှိုင်လေးကို လွှဲပေးမယ် ပြောတယ်’

ဟု ဆက်ပြောပြန်သည်။

‘အို- ဘယ်ကဂိုဏ်းချုပ်ကြီးလဲ။ ဒါတွေ ကျုပ်နားမလည်ဘူး၊ ကျုပ်ညီကို မထားခဲ့နိုင်ဘူး’

‘ဒါဆိုလည်း မောင်ရင်လေး ဂိုဏ်းချုပ်ကြီးနဲ့လိုက်တွေ့ပါ။ မောင်လှိုင်လေးကို မထားခဲ့နိုင်တဲ့အကြောင်း ဂိုဏ်းချုပ်ကြီးကိုပြောပြပါ။ သူကျေနပ်ရင် ပြီးပါတယ်၊ ဒါမှမဟုတ်ရင်တော့ ကျုပ်တို့က သူ့အမိန့်အတိုင်းပဲ အတင်းခေါ်ထားရမှာ။ ကျုပ်တို့က သူ့အမိန့်ကိုလွန်ဆန်နိုင်တာ မဟုတ်ပါဘူး။ သူ့အမိန့်အတိုင်း မလုပ်ရင် ကျုပ်တို့ ကျိန်စာတိုက်ခံရမှာပါ’

အဘိုးအိုက တောင်းတောင်းပန်ပန် ပြောပြနေသည့်အတွက် အစ်ကိုသန်းစိန်က-

‘ကောင်းပြီ၊ ဒါဆိုလိုက်ခဲ့မယ်’

ဟု ဆိုကာ ငှက်ကြီးတောင်ဓားကို ကျောမှာပိုးပြီး သူတို့ခေါ်ရာနောက်သို့ လိုက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

၎င်းတို့နောက်သို့ အစ်ကိုသန်းစိန် လိုက်ရသည်မှာ မြေပြင်တွင်သွားရသည့် ပုံစံမျိုးမဟုတ်ဘဲ ကောင်းကင်၌ ငှက်တစ်ကောင် ပျံသန်းသွားလာသကဲ့သို့ လေထဲတွင် လွင့်မျောသွားခြင်း ဖြစ်ပေသည်။ မပင်မပန်းဘဲ တောတောင် ချောက်ကမ်းပါးတို့ကို ကျော်ဖြတ်ကာ တောင်ထွတ်ကြီးတစ်ခုသို့ ရောက်ခဲ့၏။ တောင်ထွတ်ကြီး၏ တောင်အခြေတွင် ကျောက်လုံးအိမ်ကြီးသုံးခု ရှိလေသည်။ ချင်းအဘိုးအိုကြီးက ထိုကျောက်လုံးအိမ်များတွင် အလယ်မှကျောက်လုံးအိမ်၏ အပေါက်သို့ဝင်သွားသဖြင့် အစ်ကိုသန်းစိန်တို့လည်း အဘိုးအိုနောက်မှဝင်လိုက်ခဲ့ကြ၏။

ကျောက်လုံးအိမ်ထဲရောက်သည်နှင့် တောင်နံရံတွင် ကာပိတ်ထားသည့် ကျောက်ဖျာကြီးက တဂျိမ်းဂျိမ်းမြည်၍ ပွင့်သွားကာ ဂူကြီးတစ်ဂူကို တွေ့လိုက်ရပေသည်။ ဂူကြီးမှာ သာမန်ဂူမျိုး မဟုတ်ဘဲ ရွှေသားများဝင်းအိနေသည့် ရွှေဂူကြီး ဖြစ်နေပေတော့၏။

သူလည်း အဘိုးအိုသွားသည့်နောက်မှ တောက်လျှောက်လိုက်ခဲ့၏။ ဂူကြီးအတွင်းရှိ ရွှေရောင်ဥယျာဉ်များ၊ ရွှေရောင်စမ်းချောင်းများ၊ ရွှေရောင်မြက်ခင်းများကို ကျော်ဖြတ်ပြီးသည်နှင့် ရွှေတောင်ကြီးကို တွေ့ရလေ၏။ ရွှေတောင်ကြီး၏အပေါ်တွင်တော့ စုလစ်မွမ်းချွန်တို့နှင့် ဘုံအဆင့်ဆင့်ရှိ ဗိမာန်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ ဗိမာန်ကြီး၏ဘေးဘယ်ညာ၌ ရွှေရောင်တပြောင်ပြောင်နှင့် ရွှေသားပြာသာဒ်ကြီးများ ရှိလေသည်။

အဘိုးအိုက ပြာသာဒ် တစ်ခုပြီး တစ်ခုကျော်ဖြတ်ကာ ဗိမာန်ကြီးအတွင်း ဝင်ခဲ့လေသည်။ တစ်နေရာ၌ မြပလ္လင်ကြီးတစ်ခုပေါ်တွင် လက်ထဲ၌ သန်လျက်ကြီးကိုကိုင်၍ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲနှင့်ထိုင်နေသည့် ဂိုဏ်းချုပ်ကြီးဆိုသူကို တွေ့လိုက်ရလေသည်။

'ဂိုဏ်းချုပ်နတ်မင်းကြီး၊ မောင်လှိုင်လေးကို သွားခေါ်ပါတယ်။ ဒါပေမယ့် ဒီမောင်ရင်လေးက မထားခဲ့နိုင်ဘူးဆိုလို့ သူ့ကို ဂိုဏ်းချုပ်ကြီးဆီ ခေါ်ခဲ့ပါတယ်'

ဂိုဏ်းချုပ်ကြီးကိုတွေ့သည်နှင့် အဘိုးအိုက အစီရင်ခံလိုက်လေသည်။ ထိုအခါ ဂိုဏ်းချုပ်ကြီးက သန်လျက်ကိုဝင့်လိုက်ရင်း-

'အိမ်း- ငါ အားလုံးသိပြီးပေပြီ။ မောင်လှိုင်လေးကိုမထားခဲ့ရင်တော့ မင်းတို့အထဲက တစ်ယောက်ယောက်ကို ခေါ်ရမှာပဲ'

ဟု အသံနက်နက် ကွဲရှရှကြီးနှင့် ပြောလိုက်သည်။

'မောင်လှိုင်လေးလည်း မထားခဲ့နိုင်ဘူး၊ တစ်ယောက်မှလည်း မနေခဲ့နိုင်ဘူး'

'မရပေဘူး မောင်မင်း၊ ဒါနဲ့ မောင်လှိုင်လေးကို ဘာကြောင့်မထားခဲ့နိုင်ရတာလဲ'

'မောင်လှိုင်လေးရဲ့မိဘတွေက ကျုပ်တို့ကို အပ်ထည့်လိုက်တာဗျ'

'အိမ်း - ဒါဆိုလည်း မောင်မင်းကို ခေါ်ရမှာပဲ။ ဒါ ငါ့အမိန့်၊ ငါကျိန်စာတိုက်ရမှာပဲ'

'ဘာပြောတယ်၊ ကျုပ်က ခင်ဗျားတို့ခေါ်တိုင်း ခံမှာမို့လား။ ဘာကျိန်စာလဲ'

အစ်ကိုသန်းစိန်က ပြောပြောဆိုဆို နောက်ကျော၌ပိုးထားသော ငှက်ကြီးတောင်ဓားကို ရှမ်းခနဲနေအောင် ဆွဲထုတ်လိုက်ပြီး ဂိုဏ်းချုပ်ကြီးဆိုသူကို ခုတ်သတ်ရန် ဓားကို အားရှိပါးရှိ အပေါ်သို့ မြှောက်လိုက်လေ၏။ ထိုပုဂ္ဂိုလ်ကြီးကတော့ ပါးစပ်မှ တစ်စုံတစ်ရာရေရွတ်လျက် ရှိ၏။

❂

"တော်သေးတာပေါ့ကွာ၊ အဲဒီ ဂိုဏ်းချုပ်ကြီးသာ ခုတ်လိုက်ရင် ကြားထဲက မောင်လှိုင်ဝင်းကို ခုတ်မိမှာ အသေအချာပဲ။ ခုတ်ဖို့ရွယ်လိုက်လို့သာ သက်သာတာ"

ဟု ဦးလေးသော်အောင်က ကြားဖြတ်ပြောရင်း-

"နေစမ်းပါဦး မောင်သန်းစိန်၊ မောင်လှိုင်ဝင်းကိုလာခေါ်တဲ့ ချင်းအဘိုးအိုမိသားစုလို့ မင်းပြောတယ်။ သူတို့ကိုကော မင်းမှတ်မိလား၊ အဲဒါ ဘယ်သူတွေလဲ"

ဟု မေးလိုက်ပါ၏။

ထိုအခါ အစ်ကိုသန်းစိန်က ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ပြီး-

"သိပါသော်ကော ဦးလေးရယ်၊ မီးကောက်ပင်ရွာက ဆလိုင်းအုန်းသောင်းနဲ့ မိုင်းစိန်စိန်တို့၊ မိုင်းခင်လှတို့ မိသားစုပေါ့"

ဟု ဖြေလိုက်ပါ၏။

"ဘုရား. . . ဘုရား၊ ဟိုးလွန်ခဲ့တဲ့ (၅) နှစ်လောက်က ခုတ်ကြီးတောင် အရှိုးမြောင်ဘက် ပုတတ်ရွာတက်ကြရင်း တောဆင်တွေနဲ့ ပက်ပင်းတိုးလို့ သေခဲ့ကြတဲ့ မိသားစုသုံးယောက်ကိုး။ အခုထိ မကျွတ်ကြသေးထင်ပ့ါ"

အတန်ကြာမှ ဦးလေး သော်အောင်က စိတ်မကောင်းခြင်းများစွာဖြင့် အထက်ပါအတိုင်း သံဝေဂသံလေးနှော၍ ပြောလိုက်ပါသည်။ အစ်ကိုသန်းစိန်၏ပြောစကားအရ ကျွန်တော့်မိဘများ၊ ရွာကလူအချို့နှင့် အစ်ကိုသောင်းရွှေပါ တအံ့တဩဖြစ်၍ပါးစပ်အဟောင်းသား မျက်လုံးအပြူးသား ဖြစ်သွားကြရပါတော့၏။

သို့သော် ၎င်းတို့အားလုံးထက် ပိုမိုအံ့ဩ၊ ပိုမိုစိတ်မကောင်းဖြစ်ရသူက ခုတ်ကြီးတောင်၌ မက်ခဲ့သည့် အိပ်မက်ကို စွဲလမ်းတ,သ လွမ်းနေရသော ကျွန်တော်ကိုယ်တိုင် ဖြစ်ခဲ့ပါသည်။ ထိုအိပ်မက်ကြောင့်ပင် အတော်ဆေးဝါးကုသမှု ခံလိုက်ရပါ၏။

❂

တစ်ခါတစ်ရံ၌ တွေ့ကြုံခံစားခဲ့ရသည့် တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ်မှုများထက် ဆန်းကြယ်လျက် အံ့ဩဖွယ်ရာများ ဖြစ်တတ်ကြသည်ဟု ပြော၍ ယုံချင်မှယုံမည်ဖြစ်သော်လည်း ကြုံဖူးသူများ ရှိကြလိမ့်မည်။ ကြုံဖူး ကောင်း ကြုံဖူးကြလိမ့်မည်ဟု ထင်ပါသည်။

ခုတ်ကြီးတောင် အရှိုးမြောင်စခန်းမှ ပြန်မည့်ညက မက်ခဲ့သော ကျိန်စာတိုက်ခံရသည့်အိပ်မက်အကြောင်း ပြောပြခဲ့သည့် အစ်ကိုသန်းစိန်သည် တိုက်ဆိုင်မှုဟုပင် ဆိုရမည်လား သို့မဟုတ် ဂိုဏ်းချုပ်နတ်မင်းကြီး ဆိုသည့် ပုဂ္ဂိုလ်ကြီး၏ကျိန်စာပင် တကယ်သင့်ခဲ့တာလားတော့ မပြောတတ်ပါ၊ ရွာရောက်ပြီး (၇) ရက်အကြာတွင် ဘော်ဘင်ချောင်းမကြီးအတွင်း ဝါးဖောင်စီးရင်း ဝါးဖောင်ပေါ်မှ ရေထဲပြုတ်ကျကာ ရေနစ်သေဆုံးခဲ့ပါတော့သည်တကား။

နေဝန်း...

## မှတ်ချက်

ဦးလှိုင်ဝင်းမှအပ ကျန်သည့် အမည်နာမများကို လွှဲပြောင်း ရေးသားအပ်ပါသည်။

*(၎င်းအဖြစ်အား ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့ရသမျှ ပြောပြခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ကန္တလီရွာနေ ဦးလှိုင်ဝင်းအား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်)*




www.burmeseclassic.com

www.burmeseclassic.com

# ကျစ်သိန်းသုံးသောင်းနီးပါး ထီပေါက်သွားသူ၏လက္ခဏာ

ဆရာချမ်းမင်း
(LL.B)




၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၂) ရက်နေ့ နံနက်ခင်းတွင် ဖြစ်သည်။

ကြိုတင်ချိန်းဆိုထားသူများ စိုးစဉ်းမျှ ရောက်မလာကြသေး။ ချိန်းဆိုထားခြင်းမရှိသောသူများသာ ရောက်လာကြသည်။ အချိန်တိကျ သေချာစွာ ချိန်းဆိုထားပါလျက် ရောက်မလာကြသေးသည့်အတွက် ကျွန်ုပ်သည် လက္ခဏာဟောခန်းအပေါ် ထပ် မှန်ပြတင်းမှ ခြံဝင်းတံခါးဝသို့ လှမ်းကြည့်လိုက်၊ နာရီကြည့်လိုက်နှင့်. . .

အောက်ထပ်၌ ရောက်လျက်ရှိသော ပုဂ္ဂိုလ်တို့ကိုပဲ လက္ခဏာကြည့်ပေးလိုက်ရမလား၊ လက္ခဏာကြည့်နေစဉ် အခိုက်အတန့်အတွင်း၌ပင် ချိန်းဆိုထားသူများ ရောက်ရှိလာမည် ဆိုပါက လက်ရှိ ဟောစပြုနေသူကို အကျိုးအကြောင်းရှင်းပြပြီး ချိန်းထားသူတွေကိုပဲ လက္ခဏာဟောပေးရမည်လား၊ သို့လောသို့လောနှင့် စိတ်ထဲ၌ဝေခွဲမရ။

မတတ်သာသည့်အဆုံး၌ လက်ရှိစာရင်းပေးသွင်းပြီး အောက်ထပ်၌စောင့်နေသော ပုဂ္ဂိုလ်တို့ကိုပင် ဦးစားပေးအနေနှင့် လက္ခဏာဆွေးနွေးရန်အတွက် လူခေါ် ခေါင်းလောင်းမှတစ်ဆင့် ခေါ်လိုက်သည်။

မကြာမီအတွင်း၌ပင် စာရေးမလေး ဦးဆောင်၍ ကျွန်ုပ်ဟောခန်းအတွင်းသို့ လူလတ်ပိုင်းအရွယ် ဇနီးမောင်နှံနှစ်ဦး ဝင်လာသည်။ အရပ်အမောင်းမှာ တစ်ဦးနှင့်တစ်ဦးမတိမ်းမယိမ်း။ ဇနီးမောင်နှံဟုပင် ပြောရသော်လည်း မသိလျှင် မောင်နှမဟုဆိုက ယုံကြည်လက်ခံနိုင်မည့် ရုပ်ရည်ဆင်တူမျိုးပင်ဖြစ်သည်။ နှစ်ဦးစလုံး၏ အသားအရေမှာ စိုပြည်ရှင်းသန့်ပြီး ကြည်လင်လျက် ရှိသည်။ ကျက်သရေရှိသော ဥပမိရုပ်ပိုင်ရှင် ဟူ၍ ဆိုရမည် ဖြစ်သည်။ နှစ်ဦးလုံး အဖိုးတန် စိန်ရွှေရတနာများ စိုးစဉ်းမျှ ဝတ်ဆင်ထားခြင်း မရှိ။ တန်ဖိုးကြီးမားသော ဝတ္ထုပစ္စည်း ဟူ၍ အိမ်ရှေ့တွင်ရပ်ထားသော ကိုယ်ပိုင်ကားကိုသာ ဖော်ညွှန်းပြစရာရှိသည်။ ထိုစဉ်က တန်ဖိုးကြီးမားသောကားအမျိုးအစားပင် ဖြစ်သည်။

သို့သော် ၎င်းတို့၏အသားအရေ၊ ဥပမိရုပ်နှင့် ကိုယ်ဟန်အမူအရာများကို လျှပ်တစ်ပြက် ကြည့်လိုက်ရုံနှင့်ပင် ရတနာသုံးပါး ကိုင်းရှိုင်း၍ ဘာသာရေးကို ထဲထဲဝင်ဝင် ယုံကြည်သက်ဝင် ကိုးကွယ်ကြသူများဖြစ်မည်ကို သိနိုင်မည် ဖြစ်သည်။

ရေကန်၏ မျက်နှာပြင်ရေသည် လွန်စွာကြည်လင်နေမည်ဆိုပါက ယင်းရေကန်၏အောက်ခြေတွင် ရွှံ့နွံ၊ အမှိုက်သရိုက်၊ အညစ်အကြေးများ ဝပ်စင်းလျက်ရှိနေမည် ဖြစ်သည်။ ထိုကဲ့သို့ အ



www.burmeseclassic.com

www.burmeseclassic.com

ညစ်အကြေးများ ရေကန်၏အောက်ခြေကြမ်းပြင်တွင် အခိုင်အမာ ဖွဲ့တည်နေမည်ဆိုလျှင် ရေကန်၏မျက်နှာပြင်ရေသည် မြသား မြရောင်နှယ် စိမ်းလဲ့ကြည်လင်လျက်ရှိမည် ဖြစ်သည်။ ထိုနည်းနှင်နှင်ပင်၊ လူတို့၏ကိလေသာအညစ်အကြေးများဖြစ်သော လောဘ၊ ဒေါသ၊ မောဟစိတ်တို့သည် နက်ရှိုင်းသောနှလုံးသား၌ အနည်ထိုင်နေမည်ဆိုပါက ထိုပုဂ္ဂိုလ်တို့၏ဥပမိရုပ်မျက်နှာပြင်သည်လည်း ကြည်လင်လျက် ရှိနေမည် ဖြစ်သည်။ ထိုသူတို့၏မျက်နှာကိုမြင်လိုက်လျှင်ပင် မြင်သူ၏မနောအာရုံတွင် ရွှေရင်အေးမြ စိတ်ရွှင်ပျနေမည်ဖြစ်သည်။

ကျွန်ုပ်သည် အမျိုးသား၏လက္ခဏာကို ပထမဦးစွာ စတင်စစ်ဆေးရန်ပြင်ဆင်လိုက်သည်။ ယင်းပုဂ္ဂိုလ်၏မွေးသက္ကရာဇ်မှာ ဇွန်လ (၂၄)ရက်ဖြစ်သည်။ ထင်ရှားကျော်ကြားသော 'သူရဲကောင်းသုံးဦးနှင့် ရတနာသိုက်' တို့ကို ရေးသားခဲ့သည့် ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး အလက်ဇင်းဒါးဒူးမက်(စ်) (ALEXANDER DUMAS) ၏မွေးရက်နှင့် တစ်ရက်တည်းပင် ဖြစ်သည်။

မဟာဘုတ်ဗေဒင်အရ ဘင်္ဂဖွား ဖြစ်၍ ဆယ့်နှစ်ရာသီခွင်ဗေဒင်အရ ကရကဋ်ရာသီဖွားဖြစ်ကာ တနင်္လာ၊ နက်ပကျွန်းနှင့် သောကြာဂြိုဟ်တို့၏ လွှမ်းမိုးမှုအောက်တွင် မွေးဖွားလာသူဖြစ်သည်။ ခေတ်သစ်တရုတ်ဗေဒင်အရ ရေဓာတ် ကြီးစိုးသော ကြောင်နှစ်ဖွား (THE WATER CAT) ဖြစ်သည်။ ဂျပန်ဗေဒင်အရမူ ယုန်နှစ် (RABBIT) ဖွားဖြစ်သည်။

ထိုပုဂ္ဂိုလ်၏ ဘယ်,ညာ လက်ဝါးပြင်ကို လေ့လာလိုက်သောအခါ လေးထောင့်လက်ပုံစံ အမျိုးအစားတွင် အကျုံးဝင်လျက်ရှိသည်ကို တွေ့ရသည်။ စည်းကမ်းစနစ်ကျနခြင်း၊ မှန်ကန်တိကျခြင်း၊ တာဝန်ကျေပွန်ခြင်း၊ တရားမျှတခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် စိတ်ဓာတ် ခိုင်မာပြတ်သားခြင်းတို့ကို ဖော်ညွှန်းလျက် ရှိသည်။

သို့သော် လက်ဝါးပြင်ထက်စာလျှင် လက်ချောင်းတို့၏ရပ်တည်မှု အနေအထားသည် အတန်ငယ်တိုတောင်းပြီး အဖုအထစ်များကင်းလျက် ရှိသည်ကို တွေ့ရသည်။ ဘဝကို အဘိဓမ္မာအမြင်၊ ဒဿနအမြင်၊ နာမ်ပိုင်းဆိုင်ရာအမြင်ထက် လက်တွေ့ကျသော ရုပ်ပိုင်းဆိုင်ရာအမြင်ဖြင့်သာလျှင် ချဉ်းကပ်လေ့လာသုံးသပ်ပြီး လက်တွေ့အကောင်အထည်ဖော်တတ်သည်ကို ညွှန်းဆိုခြင်းဖြစ်သည်။

ဘယ်လက်ဝါးပြင်ရှိ ဉာဏ်လမ်းကြောင်း၏ အစပျိုးမှု အနေအထားကို စိစစ်ကြည့်လိုက်သောအခါ ဉာဏ်လမ်းကြောင်းသည် စနေလက်ချောင်း (လက်ခလယ်လက်ချောင်း) ၏အောက်တည့်တည့်အထိ အသက်လမ်းကြောင်းနှင့် လွန်စွာ ပူးယှဉ်၍ အစပျိုး ထွက်ရှိလာသည်ကို တွေ့ရ၏ (အမှတ် A)။ ယင်းအမှတ်အသားမှာ လိုအပ်သည်ထက် ပို၍ စိုးရိမ်စိတ်ကြီးမားခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ် လွန်စွာနည်းပါးခြင်း၊ ချီတုံချတုံဖြစ်ခြင်း၊ မပြတ်သားခြင်း တွေဝေခြင်း၊ ပွင့်လင်းမှုမရှိခြင်း၊ အရှက်အကြောက်ကြီးမားခြင်း၊ မရေရာ မသေချာသောအတွေးများ ရှိနေခြင်း၊ ပုံကြီးမချဲ့သင့်သည့်အရာများအား ပုံကြီးချဲ့လွန်းခြင်း၊ မြင့်မားသောရည်မှန်းချက်ပန်းတိုင်မရှိခြင်း၊ စိတ်အားထက်သန်မှု နည်းပါးခြင်း၊ စိတ်ဓာတ်ခွန်အား ပါးလျားခြင်း၊ ပြင်းပြသော စိတ်ဆန္ဒများ လျော့နည်းခြင်း၊ အပြစ်တင်ဝေဖန်ခံရမှုကိုကြောက်ရွံ့ခြင်းနှင့် ခေါင်းဆောင်မှုတာဝန်မယူနိုင်ခြင်း အစရှိသည်တို့ကို ဖော်ညွှန်းသော အမှတ်အသားပင် ဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအား အထူးပြောလိုသည်မှာ အကြင်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ကံကြမ္မာ (ဝါ) ဘဝပုံရိပ်ကို ရုပ်လုံးဖော်မည်ဆိုက လက္ခဏာအရေးအကြောင်းတစ်ကြောင်း၊ အမှတ်အသားတစ်ခုတည်းအပေါ်တွင်အားစိုက်ပြီး ဆန္ဒစောစွာ ဟောချက်မထုတ်မိရန် အထူးသတိချပ်ရမည်ဖြစ်သည်။

ထိုလက္ခဏာရှင်၏ လက်ပုံစံအမျိုးအစား၊ လက်မ ရပ်တည်မှု၊ လက်ချောင်းအနေအထား၊ ဂြိုဟ်ခုံ အနိမ့်၊ အမြင့်၊ ဘယ်,ညာလက်ဝါးပြင်ရှိ လက္ခဏာအရေးအကြောင်း အမှတ်အသားမှန်သမျှတို့ကို ယှဉ်တွဲဆက်စပ်၍ ထိုပုဂ္ဂိုလ်၏ သန္ဓေပါဗီဇ, ပါရမီစရိုက်, ဉာဏ်ရည်ဉာဏ်သွေး, အစွမ်းအစတို့ကို လေ့လာသုံးသပ် ကောက်ချက်ချရမည်ဖြစ်သည်။

ဤလက်ပုံစံရှင်၏ ဉာဏ်လမ်းကြောင်းအစပျိုးပုံနှင့် အဆုံးသတ်သွားပုံတို့ကိုကြည့်၍ ယင်းလက္ခဏာရှင်သည် လူပျင်း လူညံ့တို့၏ ကိုယ်ကျင့်,စိတ်ထားမျိုး ရှိနေမည်၊ ဘယ်လက်ဝါးပြင်တွင်လည်း ထင်ရှားပြတ်သား အားကောင်းသော ထီးရိုး(ဝါ)ကံလမ်းကြောင်းလည်း မတွေ့ရသောကြောင့် လက္ခဏာရှင်မှာ ငွေကြေးချို့တဲ့ခြင်း၊ အသိ အလိမ္မာ ဉာဏ်ပညာ နည်းပါးခြင်းတို့နှင့်အတူ ဆင်းဆင်းရဲရဲနှင့် နေထိုင်သွားရမည့်သူတစ်ဦးဟု ကောက်ချက်ချမိမည် ဖြစ်သည်။

သို့သော် လက်ပုံစံရှင်၏ လက်မသည် ခိုင်မာခြင်း၊ ဒုတိယဉာဏ်လမ်းကြောင်းတစ်ကြောင်းသည် လက်ခလယ်လက်ချောင်းတည့်တည့်၌ ထပ်မံ ပေါ်ပေါက်လာခြင်းနှင့် လက်ပုံစံသည် လေးထောင့်လက်ပုံစံအမျိုးအစား၌ အကျုံးဝင်လျက်ရှိခြင်းတို့ကို စုစည်း ဆက်စပ်၍ အဖြေ (ဝါ) ဟောချက်ထုတ်ရလျှင် အထက်ဖော်ပြပါ ချို့ယွင်းချက်၊ အားနည်းချက်၊ ပျော့ကွက် ဟာကွက်မှန်သမျှတို့သည် လွန်စွာ ပါးလျားသွားကာ ငွေကြေး စီးပွားနေဥစ္စာ ပြည့်စုံ၍ လူ့ဘဝတွင် အဆင့်အတန်းမြင့်မားစွာ နေထိုင်သွားနိုင်ခြင်းပင် ဖြစ်ပေမည်။

လေးထောင့်လက်ပုံစံ၌ အသစ်ထပ်မံ၍ ထွက်ပေါ်လာသော ဒုတိယဉာဏ်လမ်းကြောင်းသည် ကာယကံရှင်အား သိပ်သည်းကျစ်လျစ်၍ စနစ်ကျသော ဉာဏ်ရည်ဉာဏ်သွေး၊ စိတ်ကူးစိတ်သန်း၊ အတွေးအခေါ် အယူအဆတို့ကို မြင့်မားစွာ မြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည် (အမှတ် B )။


ဘယ်လက်ဝါးပြင်ရှိ ဦးခေါင်းလမ်းကြောင်း (ဝါ) ဉာဏ်လမ်းကြောင်းကို ·လေ့လာပြီးသည့်နောက် ညာလက်ဝါးပြင်ရှိ ဉာဏ်လမ်းကြောင်းကို ဆက်လက်စိစစ်လိုက်ရာ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ကြာသပတေးလက်ချောင်း(လက်ညှိုး)အောက်တည့်တည့်ရောက်သည်အထိ အစပျိုးထွက်ရှိလာပြီး (အမှတ် C ) အတန်ငယ်ကွေးညွှတ်လျက် အင်္ဂါအမ ဂြိုဟ်ခုံဝန်းကျင်အရောက်၌ ရပ်တန့်သွားသည်ကို တွေ့ရသည် (အမှတ် D )။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအား ကြားဖြတ်၍ ပြောလိုသည်မှာ လေးထောင့်လက်ပုံစံအမျိုးအစား၌ ဖြောင့်တန်းသောဉာဏ်လမ်းကြောင်းတို့နှင့်သာ ယှဉ်တွဲ ဆက်စပ်တွေ့ရလေ့ရှိသည်။ တိကျပြတ်သား၍ မမှားယွင်းနိုင်သော စိတ်ကူးပုံရိပ်တို့ကိုဖော်ညွှန်းသော



www.burmeseclassic.com

www.burmeseclassic.com




ဖြောင့်တန်းသော ဉာဏ်လမ်းကြောင်းသည် ယင်းစိတ်ကူးစိတ်သန်း၊ ဉာဏ်ရည်ဉာဏ်သွေးတို့ကို လက်တွေ့ စနစ်တကျ ဖော်ဆောင်လေ့ရှိသော လေးထောင့်လက်ပုံစံမျိုးနှင့်သာ များသောအားဖြင့် ယှဉ်တွဲနေတတ်သည်မှာ သဘာဝကျသည်ဟု ဆိုရမည် ဖြစ်သည်။

သို့သော် လေးထောင့်လက်ပုံစံမျိုးတွင် ကွေးညွတ်လျက်ရှိသောဉာဏ်လမ်းကြောင်းမျိုးနှင့်လည်း တွဲဖက် ရပ်တည်လျက်ရှိသည်ကို မကြာခဏ တွေ့ရလေ့ရှိသည်။ လေးထောင့်လက်ပုံစံနှင့် ကွေးညွတ်သောဉာဏ်လမ်းကြောင်း ပိုင်ရှင်တို့ကို စိတ်ကူးနှင့် လက်တွေ့ ပေါင်းစပ်၍ စနစ်တကျ လုပ်ကိုင်နေသော သိပ္ပံပညာရှင်များ၊ စာပေအနုပညာရှင်များ၊ ဆေးပညာရှင်များ၊ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များ၊ စစ်ရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များနှင့် လျှို့ဝှက်ဆန်းကြယ်သော လောကီပညာရပ်တို့ကို သိပ္ပံနည်းကျ အကောင်အထည်ဖော်သူများ၏လက်တွင် အများဆုံးတွေ့ရလေ့ရှိသည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအား ထပ်ဆင့် ပြောလိုသည်မှာ လေးထောင့်လက်ပုံစံနှင့် ကွေးညွတ်သော ဉာဏ်လမ်းကြောင်းတို့ကို ပြိုဟ်ခုံအနိမ့်အမြင့်၊ လက်ချောင်းများရပ်တည်မှုအနေအထား၊ ဉာဏ်လမ်းကြောင်းအစပျိုးပုံနှင့်အဆုံးသတ်ပုံ၊ အားအကောင်းဆုံး ပြိုဟ်ခုံ, အားအကောင်းဆုံးလက်ချောင်းတို့နှင့်အတူ လက်မ ဖွဲ့စည်းပုံနှင့် ဆက်စပ်၍ မှန်ကန်သော ဘဝရပ်တည်မှုပုံစံကို ရုပ်လုံးဖော်ထုတ်သွားရမည်ကို အထူးသတိချပ်သင့်သည်။

ဤလက်ပုံစံရှင်၏ ဘယ်,ညာလက်ဝါးပြင်ရှိ ထီးရိုး (ဝါ) ကံလမ်းကြောင်းတို့ကို တစ်ဆင့်တက်၍ ဆက်လက်စိစစ်ရာ လက်ဝါးပြင်နှစ်ဖက်စလုံးရှိ ကံလမ်းကြောင်းသည် ဘဝစစ်မြေပြင်ဟုအမည်ရသော (TEH BATTLE OF LIFE) အင်္ဂါလွင်ပြင်မှသည် ထင်ရှားပြတ်သား အားကောင်းစွာဖြင့် အစပျိုးထွက်ရှိလာခြင်းမျိုးမဟုတ်ဘဲ အပ်ချည်မျှင်သာသာ အနေအထားမှ အစပျိုးထွက်ရှိလာခြင်း ဖြစ်သည် (အမှတ် E)။

လေးထောင့်လက်ပုံစံအမျိုးအစားတွင် တွေ့ရလေ့ရှိသော ထီးရိုး (ဝါ) ကံလမ်းကြောင်းသည် ထင်ရှားပြတ်သား ပီပြင်ခြင်း မရှိဘဲ အပ်ချည်မျှင်ကဲ့သို့သော်လည်းကောင်း (သို့) ထို့ထက် ပို၍ သေးငယ်နေမည်ဆိုပါကလည်း ကာယကံရှင်အား ထိုက်တန်သော ငွေကြေးဓနဥစ္စာ တိုးတက်မှုကို ပိုမို မြင့်တင်ပေးနိုင်သည်ကို ယခင့်ယခင်က ရေးသားခဲ့သော ဆောင်းပါးများတွင် အခါအားလျော်စွာ ဖော်ပြ ရှင်းလင်းခဲ့ပြီး ဖြစ်သည်။ ဤလက်ပုံစံရှင်၏ညာလက်ဝါးပြင်ရှိ ထီးရိုး (ဝါ) ကံလမ်းကြောင်းကို တစ်ဖန် ထပ်မံ၍ အသေးစိတ် စိစစ်ကြည့်လျှင် ကံလမ်းကြောင်းသည် အသက် (၂၇) နှစ်မှစတင်၍ အသက် (၃၅) နှစ်အထိ အပ်ချည်မျှင်ပမာ အားနည်းစွာဖြင့် ထွက်ရှိလာသည်ကို တွေ့ရမည် (အမှတ် F)။

သို့သော် ထိုကံလမ်းကြောင်းသည် အသက် (၃၆) နှစ်မှစတင်၍ အသက် (၅၆) နှစ်ရောက်သည့်တိုင်အောင် အင်အား ကောင်းမွန်လာပြီး ထင်ရှားပြတ်သားစွာ ရပ်တည်လျက် ရှိသည်ကို တွေ့ရမည် ဖြစ်သည် (အမှတ် G )။ အထူးသဖြင့် အသက် (၃၉) နှစ်အရောက်တွင် ပိုမို အင်အားကောင်းလာခြင်း ဖြစ်သည်။ ယင်းအမှတ်လက္ခဏာမှာ ဤလက်ပုံစံရှင်သည် အသက် (၃၉) နှစ်မှစတင်၍ အသက် (၅၆) နှစ်တိုင်အောင် ငွေရှင်လာဘ်ရှင်၊ ငွေကံပွင့်၊ အလုပ်အကိုင် တိုးတက် မြင့်မားလာမည်ဟု ကောက်ချက်ချနိုင်သည်။

ဤနေရာ၌ လက္ခဏာဝါသနာရှင်များအနေနှင့် ဤလက်ပုံစံရှင်၏လက်အမျိုးအစားသည် လေးထောင့်လက်ပုံစံ အမျိုးအစားတွင် အကျုံးဝင်လျက်ရှိသည်ကို မျက်ခြည်ပြတ်သွားခဲ့မည် (သို့) မေ့လျော့သွားခဲ့မည်ဆိုပါက ငွေကြေးဆိုင်ရာ ကံကြမ္မာဟောချက်၌ အတိမ်အနက်၊ အလေးအပေါ့အနေအထားနှင့် စပ်လျဉ်း၍ မှားယွင်းသွားနိုင်မည် ဖြစ်သည်။

ဤလက်ပုံစံရှင်၏ကံလမ်းကြောင်းသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း အသက် (၃၉) နှစ်မှစ၍ ထင်ရှားပြတ်သားစွာ စနေဂြိုဟ်ခုံ (လက်ခလယ်အောက်ခြေ) ရှိရာသို့ ဦးတည်တက်လာရာမှ အသက် (၄၆ - ၄၇) နှစ်လောက်



www.burmeseclassic.com

www.burmeseclassic.com

အရောက်၌ ယင်းပင်မကံလမ်းကြောင်း၏အနီးမှကပ်၍ နောက်ထပ် ကံလမ်းကြောင်းအသစ်တစ်ကြောင်းသည် ပင်မကံလမ်းကြောင်းနှင့်အတူ မျဉ်းပြိုင်သဖွယ်ကပ်၍ စနေဂြိုဟ်ခုံပေါ် သို့အရောက်တက်သွားသည်ကို တွေ့ရမည် ဖြစ်သည် (အမှတ် H)။ ထိုအမှတ်လက္ခဏာသည် မမျှော်လင့် မထင်မှတ်ဘဲ ငွေကြေးအစုအပုံဝင်ရောက်လာခြင်း၊ ထီပေါက်ခြင်း သို့မဟုတ် အမွေအနှစ်ရရှိခြင်းတို့ကို ဖော်ညွှန်းသောအမှတ်အသားဖြစ်သည်။

ဤနေရာတွင် စကားဖြတ်၍ လက္ခဏာဝါသနာရှင်တို့အား ပြောလိုသည်မှာ ထိုအမှတ်လက္ခဏာသည် ငွေကြေးအစုအပုံဝင်ရောက်လာမည်၊ ထီပေါက်မည် (သို့) အမွေအနှစ်ရရှိမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ဖြစ်သည်။ မည်မျှအတိုင်းအတာခန့်အထိ ငွေအစုအပုံ ဝင်ရောက်လာမည်နည်း၊ မည်မျှ ငွေကြေးတန်ဖိုးရှိသော ထီဆုများပေါက်လာမည်နည်း၊ မည်မျှ ငွေအရေအတွက်ခန့်ရှိသောအမွေအနှစ်များ ရရှိလာမည်နည်းဟူသော မေးခွန်းမျိုးကို ကာယကံရှင်၊ လက္ခဏာရှင်က ပြန်လည်မေးမြန်းခဲ့မည်ဆိုပါက လက္ခဏာဝါသနာရှင်များအနေဖြင့် ထိုကံလမ်းကြောင်းမျိုးသည် လေးထောင့်လက်ပုံစံ အမျိုးအစားတွင် ရပ်တည်နေခြင်းလော၊ သို့တည်းမဟုတ် နာမ်ပိုင်းဆိုင်ရာ လက်ပုံစံအမျိုးအစား၌တည်ရှိနေခြင်းလော ဟူသောအချက်ကို ပထမဦးစွာ ပြန်လည်စိစစ်ရမည် ဖြစ်သည်။

အကယ်၍ ထိုကံလမ်းကြောင်းမျိုးသည် နာမ်ပိုင်းဆိုင်ရာလက်ပုံစံ အမျိုးအစားတွင်သော် လည်းကောင်း၊ အခြေခံလက်ပုံစံ အမျိုးအစားတွင်သော် လည်းကောင်း ရပ်တည်လျက်ရှိနေမည်ဆိုပါက ငွေကြေးတန်ဖိုး အထိုက်အလျောက် အသင့်အတင့် ဝင်ရောက်လာမည်ဟု ဟောချက်ထုတ်ရမည် ဖြစ်ပါသည်။ အကယ်၍ ထိုကံလမ်းကြောင်းမျိုးသည် လေးထောင့်လက်ပုံစံအမျိုးအစား၌ ရပ်တည်လျက်ရှိနေမည်ဆိုပါက ငွေကြေးတန်ဖိုးအရေအတွက်သည် အမြင့်မားဆုံးအနေအထားဖြင့် ဝင်ရောက်လာမည် ဖြစ်သည်ဟု ဟောချက်ထုတ်ရမည် ဖြစ်သည်။

ကျွန်ုပ်သည် ဤလက်ပုံစံရှင်၏ လက်ပုံစံအမျိုးအစား၊ လက်မ ရပ်တည်မှုအနေအထား၊ ဂြိုဟ်ခုံ အနိမ့်, အမြင့်၊ ဉာဏ်လမ်းကြောင်းနှင့် ကံလမ်းကြောင်း အစရှိသည်တို့ကို ကျေနပ်မှုရရှိသည်အထိ အဆင့်ဆင့် စိစစ်လေ့လာပြီးသည့်နောက် လက္ခဏာရှင်၏မျက်နှာကို ကြည့်၍ စကားစပြောရန် တာစူလိုက်သည်နှင့် တစ်ပြိုင်နက်-

"ဆရာ- ကျွန်တော် ထီပေါက်နိုင်သလား၊ ထီပေါက်မယ့်ကံကော လက္ခဏာမှာ ပါရဲ့လားဟင်"

ဟု လက္ခဏာရှင်က ဦးဦးဖျားဖျား စတင်မေးလိုက်ရာ သူ့အမေးကို ကျွန်တော်က ဖြေကြားခြင်းမပြုဘဲ-

"လွန်ခဲ့တဲ့ (၄)၊ (၅)လလောက်က ထီဆုကြီးတစ်ဆုလောက် ပေါက်ခဲ့ပြီးပြီလား"

ဟု ပြန်လည် မေးခွန်းထုတ်လိုက်သည်။

ယင်းကဲ့သို့ ပြန်လည်မေးရခြင်းမှာ ထိုစဉ်က လက္ခဏာရှင်၏ရောက်ဆဲအသက်မှာ အသက် (၄၇) နှစ်ပြည့်ပြီး တစ်လစွန်းရုံမျှသာ ရှိသေးသည်။ လက္ခဏာရှင်၏ ညာလက်ဝါးပြင်ရှိ ပင်မကံလမ်းကြောင်း၏နံဘေးမှကပ်၍ နောက်ထပ် ကံလမ်းကြောင်းသစ်တစ်ကြောင်းသည် ပင်မ ကံလမ်းကြောင်းနှင့်အတူ စနေဂြိုဟ်ခုံသို့ အင်အားကောင်းစွာဖြင့် မျဉ်းပြိုင်ပမာ တက်သွားသော ဒအသက်အပိုင်းအခြားမှာ အသက် (၄၆ - ၄၇) နှစ်၌ ဖြစ်ခြင်းကြောင့် အထက်ပါစကားဖြင့် ပြန်လည် မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။

'လွန်ခဲ့သော (၄)၊ (၅) လလောက်အတွင်းက' ဟူသော စကားကို သုံးနှုန်းလိုက်ရခြင်းမှာ လက္ခဏာရှင် ထိုပုဂ္ဂိုလ်၏ဖွားဇာတိကိုကြည့်၍ ပြောလိုက်ခြင်း ဖြစ်သည်။ လက္ခဏာရှင်၏ဖွားဇာတာခွင်တွင် ကြာသပတေးဂြိုဟ်သည် မိန်ရာသီ၌ ကသစ်အနေအထားအဖြစ် ရပ်တည်လျက် ရှိသည်။ ထို မူလကြာသပတေးဂြိုဟ်ကို ကောဇာ ကြာသပတေးဂြိုဟ်က လွန်ခဲ့သော (၄)၊ (၅) လခန့်က စီးနင်းခဲ့ခြင်း ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်၊ မေလ (၂) ရက်မှ မေလ (၁၉) ရက်အထိ ကောဇာ ကြာသပတေးဂြိုဟ်သည် မိန်ရာသီ၌ရပ်တည်၍ ပြုပ္ပဘဒြပိုဒ်နက္ခတ်ပိုင်အတွင်း ဖြစ်ပြီး ကြာသပတေးဂြိုဟ် စိုးမိုးလျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်၊ မေလ (၂၀) ရက်မှ လက္ခဏာရှင် လက္ခဏာ လာရောက်ဆွေးနွေးခဲ့သော ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၂) ရက်အထိ ကောဇာ ကြာသပတေးဂြိုဟ်သည် မိန်ရာသီ၌ရပ်တည်၍ ဥတ္တရာဘဒြပိုဒ် နက္ခတ်ပိုင်အတွင်း ကျရောက်ကာ စနေဂြိုဟ် စိုးမိုးလျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်သည် လက္ခဏာရှင်အား 'လွန်ခဲ့သော (၄)၊ (၅) လခန့်အတွင်းက ထီဆုကြီးတစ်ဆုလောက်ပေါက်ခဲ့ပြီးပြီလား' ဟု ပြန်လည် မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော်၏ အမေးကို လက္ခဏာရှင်သည် မဆိုင်းမတွပင်-

"လွန်ခဲ့သော နှစ်လကျော်ကျော်လောက်က ထီပေါက်ခဲ့ပြီးပါပြီ ဆရာ"

ဟု ပြန်ဖြေလိုက်သည်။

"ဆုသေးသေးလေးပဲ ဆိုရင်တော့ နောက်ထပ် ဆုကြီးကြီးတစ်ဆု ထပ်ပေါက်ဦးမှာ သေချာပါတယ်"

"ဆုကြီးကြီးပါပဲ ဆရာ"

"ဆုကြီးကြီးဆိုတာ ငွေအရေအတွက်အများကြီးကို ပြောတာနော်"

"ဟုတ်ပါတယ်ဆရာ၊ မြန်မာငွေကျပ်သိန်းပေါင်း သုံးသောင်းနီးပါး ဖြစ်ပါတယ်"

"စင်ကာပူထီပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ စင်ကာပူထီပါ"

"ဟာ- အံ့ဩစရာပါလား။ မျှော်လင့်တုန်း ကြော့ဆုံးပေါ်လာ ဆိုတဲ့ စကားလိုပဲ စင်ကာပူထီကို ကျွန်တော် စိတ်ဝင်စားနေတာကြာပြီဗျာ။ ရေငတ်တဲ့သူ ရေတွင်းထဲကျဆိုသလို ဖြစ်နေပြီ။ စင်ကာပူထီအကြောင်းကို ဂဃနဏ မသိသေးလို့ ရှင်းပြပါဦးဗျာ"

"စင်ကာပူမှာ ထီအမျိုးအစား သုံးမျိုးရှိတယ်။ တစ်လမှာ တစ်ကြိမ်ဖွင့်တဲ့ SWEEP လို့ခေါ်တဲ့ ထီအမျိုးအစားရယ်၊ တစ်ပတ်မှာ နှစ်ခါဖွင့်တဲ့ TO TO (တိုတို) ဆိုတဲ့ ထီအမျိုးအစားရယ်၊ 4 -D (DIGITS) လို့ခေါ်တဲ့ ထီအမျိုးအစားရယ်ဆိုပြီး သုံး မျိုးရှိပါတယ်။

SWEEP လို့ခေါ်တဲ့ ထီအမျိုးအစားက မြန်မာပြည်က အောင်ဘာလေသိန်းထီအတိုင်းပါပဲ။ တစ်လတစ်ကြိမ်ဖွင့်ပါတယ်။ လတစ်လရဲ့ ဗုဒ္ဓဟူးနေ့မှာ ဖွင့်တယ်။ ပထမဆုပေါက်ခဲ့ရင် စင်ကာပူငွေ (၂. ၂) သန်း၊ ဒုတိယဆုပေါက်ခဲ့ရင် စင်ကာပူငွေ (၅) သိန်း၊ တတိယဆုပေါက်ခဲ့ရင်တော့ (၂၅၀,၀၀၀) ဆိုပြီး ဆုတော်ငွေ ချီးမြှင့်ပါတယ်။

TOTO (တိုတို) လို့ ခေါ်တဲ့ ထီအမျိုးအစားက တစ်ပတ်မှာ နှစ်ကြိမ် ဖွင့်ပါတယ်။ တနင်္လာနေ့နဲ့ ကြာသ



www.burmeseclassic.com

www.burmeseclassic.com

...တွေမှာ ဖွင့်တယ်။ စုစုပေါင်း ...အရေအတွက်က နံပါတ် (၁) က ...(၄၅) အထိ ပါတယ်။ ဒါပေမယ့် ...ညက အောင်ဘာလေထီမျိုးလို ...D စတဲ့ အက္ခရာတွေ မပါဘူး။ ...နေ (၄၅) ရှိတဲ့အထဲက မိမိနှစ် ...ဂဏန်း (၆) လုံး ရွေးရတယ်။ ...ဏန်း (၆) လုံးအပြင် ကြိုက်ရာ ...ဏန်းတစ်လုံးလည်း တိုးပြီးရွေးရ ...ဂဏန်းနံပါတ် (၆) လုံးစလုံးတူခဲ့ ...ထမဆုပေါ့။ ဆုငွေကတော့ အ ...ခင်ကာပူငွေ (၃) သန်း၊ (၄) ...။ အနည်းဆုံးကတော့ စင်ကာ ...(၆) သိန်းပဲ။ မိမိစိတ်ကြိုက်ရွေး ...ဂဏန်း (၅) လုံးနဲ့ အပိုတစ်လုံး ...ဒုတိယဆု၊ ကိုယ်ရွေးထားတဲ့ ...ထဲက (၅) လုံးတူရင် တတိယ ...ကိုယ်ရွေးထားတဲ့ (၆) လုံးထဲက (၄) ...အပိုတစ်လုံးတူခဲ့ရင် စတုတ္ထဆု၊ ...ရွေးထားတဲ့ (၆) လုံးထဲက (၄) လုံး ...ညီတူရင်တော့ ပဉ္စမဆု ဆိုပြီး ...သီး သတ်မှတ်ထားပါတယ်"

"စကားဖြတ်ပြီး မေးရတာတော့ ...ပါတယ်ဗျာ၊ အကယ်၍ ထီ ...ကတဲ့လူတွေရဲ့ ထီနံပါတ်တွေ တူ ...ခဲ့ရင်ကော"

"အဲဒါမျိုးဆိုရင်တော့ ထီဆုငွေ ...အချိုးကျ ရှယ်ယာခွဲယူရတယ်"

"သြော်- ဒီလိုဆိုတော့လည်း ဟန် ...ပဲ။ အေးဗျာ၊ ကျန်တာလေးတွေ ...ပြောပါဦး"

"4-D (DIGITS) ကတော့ ဂဏန်း (၄) လုံးပါရှိတဲ့ ထီအမျိုးအစားပါပဲ။ ...နဲ့လျော့ပါတယ်။ တစ်ပတ်မှာ သုံး ...ဖွင့်တယ်။ စနေ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး ...တွေမှာ ဖွင့်တာ။ ဂဏန်းနံပါတ်တွေ (၀၀၀၁၊ ၀၀၀၂၊ ၀၀၀၃၊ ၀၀၀၄) ...ပြီး ၉၉၉၉ အထိ ထီလက်မှတ်တွေ ...လို့ရတယ်။ ပထမဆုက ဂဏန်း (၄) ...တူရမယ် (ဥပမာ- ၅၅၅၅)၊ ဒုတိယ ...ဂဏန်း (၄) လုံး တူရမယ်။ (ဥပ ...၄၄၄၄) ပေါ့။ တတိယဆုကတော့ ...ဏန်း (၄) လုံး တူရမယ်။ (ဥပမာ- ...) ဖြစ်ရမယ်"

သူသည် ပြောလက်စ စကားကို ...ရပ်ကာ ကျွန်ုပ်ကိုကြည့်ရင်း-

"ကဲ- ဆရာ၊ ကျွန်တော် အခုပြော ...တဲ့အထဲမှာ မရှင်းတာတွေများရှိ ...လား"

"ဟာ- ရှင်းတာမှ သိပ်ကိုရှင်းရှင်း ...လင်း သိလိုက်ရပါပြီ။ ကျေးဇူး အများကြီးတင်ပါတယ်"

ဟု ကျွန်ုပ်ကပြန်ပြောလိုက်သည်။

ထို့နောက် သူဇနီး၏လက္ခဏာကို စိတ်တိုင်းကျ ကျေနပ်သည်အထိ ဆစ်ပိုင်း ဆစ်ပိုင်း လေ့လာစိစစ်ပြီး ဟောချက်ထုတ်ခဲ့သည်။ ဇနီးမောင်နှံနှစ်ဦးသည် ကျွန်ုပ်၏လက္ခဏာဟောခန်းမမထွက်ခွာမီ ဇနီးဖြစ်သူက ကျွန်ုပ်၏ ဘုရားဆောင်တွင် ကိုးကွယ်ပူဇော်စံပယ်လျက်ရှိသော ဘုရားဆင်းတုတော်တို့ကို ကြည်ညိုဖူးမြော်ရင်း-

"ဆရာ- ဒီဘုရားဆင်းတုတော် ဟာ မြဘုရားလား"

ဟု မေးလိုက်ရာ-

"ဟုတ်ပါတယ်၊ ထိုင်းနိုင်ငံ ဗန်ကောက်က မြဘုရားပါ"

"ကျွန်မလည်း ထိုင်းကအပြန်မှာ ဘုရားဆင်းတုတော်တစ်ဆူကို ဝယ်ယူပြီး ပင့်လာသေးတယ်"

"ဆင်းတုတော်ရဲ့တန်ဖိုးက တော်တော်ကြီးမှာပဲနော်"

ကျွန်ုပ်သည် ဗန်ကောက်၊ ချင်းမိုင်နှင့်လန်းပန်းမြို့တို့တွင် ခေတ္တနေထိုင်ပြီး လက္ခဏာဗေဒင်ဟောပြောခဲ့ဖူးခြင်းကြောင့် ထိုသို့ မေးလိုက်ခြင်း ဖြစ်သည်။

"မြန်မာငွေနဲ့ဆိုရင် သိန်းတစ်ရာကျပ် ပေးရပါတယ်"

"ဟာ- ဒါဆိုရင် အင်မတန်သဗ္ဗာယ် ကြည်ညိုဖွယ်ရာကောင်းမှာပဲနော်"

"ဟုတ်ပါတယ်၊ ကျွန်မလည်း အဲဒီဘုရားဆင်းတုတော်ကို မြင်လိုက်ရရင်ပဲ ကြည်ညိုစိတ်တွေ တဖွားဖွားပေါ်လာတာနဲ့ အခုလို ဝယ်ယူပူဇော်လိုက်တာပါပဲ"

ဤနေရာတွင် သူမ၏ခင်ပွန်းသည်က-

"ကဲ ဆရာ- စကားပြောလို့တော့ ကောင်းပါရဲ့၊ ကျွန်တော်တို့လည်း ပြန်လိုက်ပါဦးမယ်။ မပြန်ခင် ဆရာ့အတွက် လိုအပ်မယ်ထင်ရင် ကျွန်တော့်လက္ခဏာကို ယူထားလိုက်ပါလား"

ဟု ပြောရာ 'ကတွတ်ပေါက်ကမ်းခြင်းစောင့်'နေသည့်ပမာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုပုဂ္ဂိုလ်၏လက်ပုံစံကို နှိပ်ယူကာ ယခုကဲ့သို့ လက္ခဏာဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် ရေးသား ဖော်ပြလိုက်ရပါသည်။

ဆရာချမ်းမင်း(LL.B)

# ခံတွင်းရောဂါ နေစာမြက်ပြုတ်ရည် သောက်ပါ

နေစာမြက်ပင်ကို လယ်ကန်သင်းများ၊ ယာခင်းများ၊ လမ်းဘေးများတွင် အခြား အလေ့ကျပေါက်ပင်များနှင့်ရောနှော၍ ဖြစ်စေ၊ သူချည်းသက်သက် ဖြစ်စေ တွေ့မြင်ရနိုင်ပါသည်။

နေစာမြက်ပင်ကို မြေစာမြက်ဟု ခေါ်ကြသလို ၎င်းမြက်ပင်ကို ဝါးကြည့်ပါက ချို ဖန်သောအရသာရှိသဖြင့် 'မြက်ချိုပင်' ဟုလည်း ခေါ်ကြပါသည်။ ဒေသအလျောက် အခေါ်အဝေါ် ကွဲပြားပါသည်။

နေစာမြက်ပင်သည် အလေ့ကျလမ်းဘေးပေါက်ပင် ဖြစ်သော်လည်း မြန်မာ့နယ်ပယ် ရိုးရာဓလေ့များ၊ လောကီအစီအရင်ကိစ္စများတွင် မပါမဖြစ် အသုံးပြုကြရသော အသုံးဝင်အပင် ဖြစ်ပါသည်။ မင်္ဂလာပွဲများ၊ ပရိတ်အိုးများ၊ အတာအိုးများ စသည့် မင်္ဂလာပြုကိစ္စများတွင် အဓိက အသုံးပြုကြပြီး တိုင်းရင်းမြန်မာဆေးအဖြစ်လည်း တစ်မည်တည်းဖြစ်စေ၊ အခြား ဆေးဖက်များနှင့် ပေါင်းစပ်၍ဖြစ်စေ အသုံးပြုကြသည်။

ခန္ဓာကိုယ်တွင်း အပူအပုပ် များခြင်း၊ ဝမ်းချုပ်ခြင်းတို့၏ အကျိုးဆက်အဖြစ် ပါးစပ်နံခြင်း၊ နှုတ်ခမ်းများခြောက်သွေ့ ကွဲအက်ခြင်း၊ လည်ချောင်းတွင်း၌ အပူနာများပေါက်ခြင်း စသည့် ခံတွင်းရောဂါများအတွက် နေစာမြက် လက်တွင်းတစ်ဆုပ်ခန့်အား ရေဆေးပြီး ရေမတ်ခွက်သုံးခွက်နှင့် တစ်ခွက်ကျန် ပြုတ်ပါ။ ထိုပြုတ်ရည်ကို တစ်နေကုန် တစိမ့်စိမ့် ပါးစပ်ထဲငုံပေးခြင်း၊ ပါးစပ်ထဲခဏငုံပြီးမှ တဖြည်းဖြည်းချင်း မျိုချပေးခြင်း ပြုလုပ်ပေးပါ။ နောက်တစ်နေ့ရောက်လျှင် နောက်ထပ် ဆေးအသစ်ပြုတ်၍ သောက်ပေးပါ။

ခံတွင်းတွင်ဖြစ်သည့်ကိစ္စရပ်များကို ခက်ခဲခြင်းမရှိ သက်သာ ပျောက်ကင်းသွားစေပါမည်။


သဒ္ဒါ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ငယ်စဉ် အလယ်တန်းကျောင်းသားဘဝတွင် နွေရာသီကျောင်းပိတ်ရက်များမှာ များသောအားဖြင့် အဖိုး၊ အဖွားများနှင့် ဦးကြီး၊ ဦးလေးများနေထိုင်သော သပြုဆိပ် သာယာကုန်းရွာသို့ အလည်အပတ်ရောက်ရှိခဲ့ရပါသည်။ သပြုဆိပ်နှင့်သာယာကုန်းရွာသည် အလယ်တွင် မြစ်မကျ၊ ချောင်းမကာဟုခေါ် ဆိုရမလောက်ပင်၊ မိုးရာသီတွင် လှေ၊ သင်္ဘောများခုတ်မောင်းသွားလာပါသော်လည်း နွေရာသီတွင် ရေအနည်းသာရှိသဖြင့် တစ်ရွာမှ တစ်ရွာသို့ သွားရာတွင် ကူးတို့လှေဖြင့် လွယ်ကူစွာသွားလာနိုင်ပါသည်။ ထိုရွာနှစ်ရွာသည် ကမ်းတစ်ဖက်တစ်ချက်စီတွင် ရှိကြသဖြင့် တစ်ရွာမှ တစ်ရွာသို့ လှမ်း၍ အော်ခေါ်လျှင်လည်း ကောင်းစွာ ကြားရပါသည်။ ကျွန်တော်၏ဘကြီး ဦးစံလှရင်က သာယာကုန်းရွာတွင် နေထိုင်သလို၊ ဦးလေး ဦးရွှေသီးတို့မိသားစုက သပြုဆိပ်ရွာတွင် နေထိုင်ကြပါသည်။ သာယာကုန်းရွာတွင် ဘကြီးဦးစံလှရင်နှင့် အဖွား ဒေါ်ဒွေးမြတို့က အစပြုပြီး ဦးလေးရောင်နီတို့မိသားတစ်စု၊ ဦးလေးသိန်းတို့ မိသားတစ်စုက ကျွန်တော်အလည်ရောက်တိုင်း ဂရုစိုက်ကြပါသည်။ တစ်ဖက်ကမ်း သပြုဆိပ်ရွာက ဆွေမျိုးများ လာရောက်ခေါ်သော်လည်း သူတို့က ကျွန်တော့်ကို မသွားစေလိုပါ။ အ-ဘယ်ကြောင့်ဆိုသော် ထိုအချိန်က သ-ပြုဆိပ်ရွာတွင် သောင်းကျန်းသူများ အ-ဝင်၊ အထွက်များသဖြင့် ကျွန်တော့်အ-တွက် စိုးရိမ်ခြင်းကြောင့်ပင် ဖြစ်သည်။ အစိုးရစစ်တပ်က သတင်းရ၍ သောင်း-ကျန်းသူများကို တိုက်ရန်အတွက် လာပါ-သော်လည်း သောင်းကျန်းသူများက ပါး-နပ်စွာဖြင့် ထွက်ခွာသွားသဖြင့် တိုက်ပွဲ-



ရောမြေ-ကျော်ဝေ

မရမ်းအိုင်ရွာသူ မပန်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com

...ကျ်ရပါ။ နာမည်ကြီး သောင်း ...ခေါင်းဆောင် စိုးကြီး၊ စိုးလေးတို့ ...စားနေသောအချိန် ဖြစ်သဖြင့် ရွာ ...သားများက နီးရာစားကိုကြောက် ...သည်။ တစ်နေ့တွင် ကျွန်တော် ...ဦးလေးရောင်နီတို့သည် ရွာနီးစပ် ...တွင် ငါးဖမ်းကြပါသည်။ ကျွန် ...က ပလိုင်းကိုလွယ်၍ ဓားရှည်ဖြင့် ...သွားသော ဦးလေး၏နောက်သို့ ...ကျ်ရပါသည်။ အင်းထဲတွင် ရေ ...င်း ငါးရံ့ကြီးသုံးကောင်ကို ဦးလေး ...ဓားရှည်ဖြင့် ကျွမ်းကျင်စွာခုတ်ပြီး ...တော်လွယ်ထားသော ပလိုင်းထဲသို့ ...ပေးပါသည်။ ငါးရံ့ကြီးများက နှစ် ...ကြီးများ ဖြစ်မည်ဟု ထင်ပါသည်။ ...ကောင်က တစ်ပိဿာရှိသလို တစ် ...ကောင်က (၉၀) သား၊ နောက်ဆုံးတစ် ...ကောင်က (၈၀) သား ဟူ၍ ကြီးစဉ်ငယ် လိုက် ဖြစ်ပါသည်။ ၎င်းအင်းထဲတွင် ကမ်းခြေရွံ့စပ်မှ လိပ်တစ်ကောင်လည်း ရပါသည်။ ဦးလေး ဦးရောင်နီက လိပ်ကို ရေစင်အောင်ဆေးပြီး ပုဆိုးလုံချည်ကွင်း ထဲသို့ထည့်ပြီး ပြန်ခဲ့ကြပါသည်။ လမ်း တစ်ဝက်သို့ရောက်သောအခါ ချုံပုတ် များကြားထဲမှ သေနတ်ကိုယ်စီဖြင့် သောင်းကျန်းသူများထွက်လာပြီး ကျွန် တော်နှင့် ဦးလေးကို သေနတ်များဖြင့် ချိန်ထားကာ (၅) ယောက်အနက် ရှေ့ ဆုံးမှလူက-

'ဟေ့ကောင်ရောင်နီ၊ မင်းတို့လာ တုန်းက အင်းရဲကြီးရွာနားမှာ အစိုးရတပ် တွေ တွေ့ခဲ့သေးသလား'

ဟု မေးသောအခါ ဦးလေးက-

'မတွေ့ခဲ့ပါဘူး လှဌေးရာ၊ ငါတို့ လည်း အင်းထဲက ငါးရှာပြီး တက်လာ ကြတာပဲ'

ဟု ဦးလေးက မကြောက်မရွံ့ ပြောသောအခါ သေနတ်နှင့်ဝိုင်း၍ချိန် ထားသော လူလေးယောက်ထဲမှ တစ် ယောက်သောသူက-

'ဟေ့လူ၊ ခင်ဗျား တယ်ရိုင်းပါ လား၊ ကျုပ်တို့နယ်မြေမှူးကို ခင်ဗျားက မလေးမစား လှဌေးလေး ဘာလေးနဲ့။ ဟေ့လူ၊ ဒူးထောက်'

ဟု ပြောသောအခါ နယ်မြေမှူး ဖြစ်သူ လှဌေးက-

'ဟေ့ကောင် သံချောင်း၊ မင်းတို့ သေနတ်တွေ ပြန်လွယ်ထားစမ်း။ မင်း မသိဘဲနဲ့ အရမ်းလျှောက်ပြောမနေနဲ့၊ ဒါက ငါနဲ့ကျောင်းနေဖက်သူငယ်ချင်း ရောင်နီ။ သူနဲ့ငါက ဆွေမျိုးသားချင်း မကင်းဘူး။ ဘုန်းကြီးကျောင်းမှာ အတူ နေပြီး ကြီးပြင်းခဲ့ကြရတာ။ မင်းတို့ မသိ ဘဲ ရမ်းမလုပ်နဲ့။ ကဲ ကဲ- ရောင်နီ သူ ငယ်ချင်း၊ မင်းလည်း ခပ်သုတ်သုတ် သွား။ ငါတို့လည်း ခပ်သုတ်သုတ်သွား မယ်။ တော်ကြာ အစိုးရတပ်နဲ့ ထိပ် တိုက်တွေ့ရင်မချောင်ဘူးကွ'

ဆိုပြီး လှဌေးက တပည့်လေး ယောက်နှင့်အတူ တောချုံတစ်ခုထဲသို့







www.burmeseclassic.com

www.burmeseclassic.com

တောတိုး၍ ပျောက်ကွယ်သွားကြသလို ကျွန်တော်တို့လည်း သာယာကုန်းရွာလေးဆီသို့ သုတ်ခြေတင်ခဲ့လေတော့သည်။

ဦးလေး၏ဇနီး ဒေါ်လေး မစမ်းကြည်က ဟင်းချက်ကောင်းသလို ငါးရံ့ဆီပြန်ဟင်းနှင့် လိပ်သားဟင်းကလည်း ကောင်းမှကောင်းဆိုသလိုပင်။ ထိုညစာအတွက် ထမင်းစား များသွားသဖြင့် ဦးလေးက ရေနွေးကြမ်းနှင့် ထန်းလျက်ခဲလေးများပေးသဖြင့် ဗိုက်တင်းခြင်းမှ အဆင်ပြေသွားလေတော့သည်။

လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဒေါ်လေး မစမ်းကြည်က-

'ကိုရောင်နီ့တူ ကျော်ဝေကြီးက ပျင်းနေမှာပေါ့။ မြို့လိုတော့ ဘိုင်စကုတ်ရုံတို့၊ စားသောက်ဆိုင်တို့၊ ဘတ်သီးမီးတိုင်တို့ တို့တောမှာ မရှိဘူး။ ရေနံဆီမီးခွက်တောင်မှ အနီရည်နဲ့ပဲ ထွန်းနိုင်တယ်။ ကိုရောင်နီ၊ တော့်ဦးလေး ကိုစံလှရင်အကြောင်းကို အပျင်းပြေ နားထောင်ရအောင် ကျော်ဝေကြီးကို ပြောပြလိုက်ပါတော်။ ဘာလဲ၊ ငရုတ်သီးခူးရင်း မိန်းမတစ်ယောက်ရတဲ့ အကြောင်းကိုလေ'

ဟု ဒေါ်လေး မစန်းကြည်မှ ပြောသောအခါ ဦးလေး ကိုရောင်နီက-

'ငကျော်- မင်းနားထောင်မလား၊ ငါပြောပြမယ်။ ပုံပြင်မဟုတ်ဘူး၊ တကယ့်အဖြစ်အပျက်ဖြစ်ရပ်မှန်'

ဟု ဆိုသောအခါ ကျွန်တော်ကလည်း-

'ဖြစ်ရပ်မှန်ဆိုရင် ပြောပြပါလား ဦးလေးရာ'

ဟု ဆိုသောအခါ ဦးလေးသည် ရေနွေးတစ်ခွက်ကို မော့သောက်ပြီး ဤကဲ့သို့ ပြောပြလေတော့သည်။

✿

ကိုစံလှရင်နှင့် ဒေါ်ဒွေးမြတို့သည် အိမ်ထောင်သက် (၅) နှစ်ပင်ဆိုသော်လည်း သားသမီးတစ်ယောက်မျှ မထွန်းကားပေ။ ကိုစံလှရင်ထက် ဒေါ်ဒွေးမြက (၅) နှစ် ကြီးသော်လည်း မောင်နှင့်နှမ၊ အမိနှင့်သားပမာ ချစ်ခင်ကြင်နာကြလေသည်။ သာယာကုန်းရွာတွင် ကိုင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းမှုပြုကြသလို အိမ်နောက်ဖေး ဈေးဆိုင်တည် ဆိုသကဲ့သို့ပင် မြေကွက်လပ်ကလေးတွင် ငရုတ်၊ နံနံ ပင်စိမ်း မြင်းခွာ၊ ချဉ်ပေါင်တို့ကို စိုက်ပျိုးထားလေသည်။ တစ်နေ့တွင် ကိုစံလှရင်သည် ညနေချိန် ထမင်းစားရာတွင် ချဉ်ပေါင်ဟင်းရည်ကျဲနှင့် ငါးပိရည်ကျို၊ အတို့အမြုပ်တို့ဖြင့် ထမင်းစားရာတွင် အစပ်လိုနေသဖြင့် ခံတွင်းမတွေ့ဖြစ်နေလေသည်။

'ဟဲ့- ဒွေးမြ၊ တို့ခြံထဲမှာ ငရုတ်သီးစိမ်းရှိသေးလား'

ဟု မေးသောအခါ မဒွေးမြကလည်း-

'ရှိပါရဲ့တော်။ တော် မစပ်ရင် ကာလီသီး သွားခူးပေါ့။ ကျုပ်ကတော့ ဒီအစပ်ဆိုရင် အနေတော်ပါပဲ'

ဟု ပြောပြီး ထမင်းပွဲ၌ ကိုစံလှရင် ငရုတ်သီးခူးပြီး ပြန်အလာကို စောင့်မျှော်၍နေလေသည်။

ကိုစံလှရင်သည် ကာလီသီးခူးရင်းဖြင့် လှေဆိပ်တွင် မျက်နှာစိမ်း အညာလှေတစ်စီးဆိုက်သည့်နေရာသို့ မထင်မှတ်ဘဲ ရောက်သွားခဲ့လေသည်။ လှေပေါ်၌ အညာပုံးရည်ကြီး၊ ရှင်မတောင်သနပ်ခါးတုံးနှင့် စလေဆီးသီး၊ ဆီးယိုတို့ကို ထိုလှေပေါ်တွင်ပါလာသူ မိသားစုလေးယောက်က ရှေးမြန်မာဆန်ဆန် ဝတ်စားဆင်ယင်မှုဖြင့် ကိုစံလှရင်ကို နမူနာပစ္စည်းများ ပြကြသည်။ ကိုစံလှရင်သည် အပေါ်ပိုင်းအကျီကမပါ၊ ပုဆိုးကွက်တုံး၏ခါးပုံစထဲတွင် ကာလီသီးများကိုထည့်ထားသည်။ သနပ်ခါးတုံးပိုင်ရှင် မပန်းမြိုင်အနီးသို့ ကပ်သွားပြီး ဇနီးဖြစ်သူ မဒွေးမြအတွက် ဝယ်ပေးမည်ဟု အကြံရကာ ဈေးမေးသောအခါ မပန်းမြိုင်က သွက်လက်စွာဖြင့်-

'တစ်တုံးကို တစ်ကျပ်ခွဲပါရှင်။ မောင်ကြီး များများစားစားယူရင် နှမလေးက လျှော့ပေးမှာပေါ့'

ဟု ဆိုသောအခါ ကိုစံလှရင်က-

'ကျွန်တော့်မှာ ယခု ပိုက်ဆံမပါသေးပါဘူး၊ ကျွန်တော် ကုန်းပေါ်တက်ပြီး ပိုက်ဆံပြန်ယူပါဦးမယ်'

ဟု ဆိုသောအခါ မပန်းမြိုင်၏ မောင်ဖြစ်သူ ကိုပန်းမွှေးက-

'ဟော့လူ ရောင်းရင်း၊ ကျုပ်ရဲ့ စလေဆီးသီးကိုလည်း အားပေးပါဦးဗျာ။ တစ်ထုပ်မှ ပြားငါးဆယ်တည်းပါ။ ကျုပ်တို့လှေပေါ်မှာပါတဲ့ ပစ္စည်းလေးမျိုးက မိသားစုလေးဦးစလုံး တစ်ယောက်ကို တစ်မျိုးစီရောင်းကြတာပါ။ အကုန်ဝယ်မှ ရောင်းရင်းကို လှေပေါ်ကဆင်းခွင့်ပြုမယ်'

ဟု ပြောဆိုပြီး ကိုစံလှရင်ရဲ့လက်ကိုဆွဲ၍ တစ်ဦးချင်း မိတ်ဆက်ပေးလေသည်။

'ဒီဘက်က အညာပုံးရည်ကြီးရောင်းတဲ့သူက ကျုပ်ရဲ့အဖေ ဦးမြတ်ဘုန်းခေါင်ပါ။ ဟောဟိုက အညာဆီးယိုရောင်းတဲ့သူက ကျွန်တော့်အမေ ဒေါ်ရွှေဘုံစံပါ'

ဟု မိတ်ဆက်ပေးပြီး ရှေးခေတ်သူဌေးစတိုင်ဟု ထင်မှတ်ရသော ထိုလေးဦးကို ကိုစံလှရင်သည် သေချာစွာကြည့်ပြီး-

'ကျွန်တော် အားလုံးကို လေးစားပါတယ်ဗျာ၊ ကျွန်တော့်မှာ ပိုက်ဆံကမပါသလို ကျွန်တော့်ဇနီး မဒွေးမြကလည်း ယူ မယူဆိုတာ သူ့သဘောကလည်းရှိပါသေးတယ်ဗျာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

ဟု ဆိုသောအခါ အညာလှေကြီးသည် မြစ်ပြင်ကျယ်ကြီးထဲသို့ရောက်၍နေပေပြီ။

ကိုပန်းမွှေးသည် သူတို့၏ဖာထဲမှ ပုဆိုးနှင့် အကျီတို့ကို ထုတ်ယူလာပြီး ကိုစံလှရင်ကို-

'ကဲ- ရောင်းရင်း၊ ခင်ဗျား ဘာမှအားမနာနဲ့။ ခင်ဗျားဝတ်ဖို့အတွက် ယူလာတာ။ ခင်ဗျား ဒီအကျီနဲ့ပုဆိုးကို ဝတ်လိုက်တာနဲ့ တစ်ပြိုင်တည်း စိတ်ချမ်းသာစေရမယ်'

ဟု ဆိုပြီး ပေးသောအခါ ကိုစံလှရင်သည် သွက်လက်စွာယူပြီး လှေနောက်ဘက်ခန်းတွင် အဝတ်အထည်များကိုလဲ၍ လှေဝမ်းဘက်အတွင်းသို့ ပြန်ရောက်သောအခါတွင် လှေသည် ဆိပ်ကမ်းကြီးတစ်ခုတွင် ဆိုက်ကပ်၍နေပေပြီ။ ဆိပ်ကမ်းသည် သာယာသလို ညနေ ဆည်းဆာ၏အလှသည်လည်း သာယာလှပလေသည်။ လှေပေါ်တွင် မပန်းမြိုင်နှင့် ကိုစံလှရင်တို့ နှစ်ယောက်တည်းသာ။ မပန်းမြိုင်က ကိုစံလှရင်၏ လက်ကိုဆွဲပြီး-

'လာ- မောင်ကြီး၊ ဘာငိုင်နေတာလဲ၊ မြိုင်လေးတို့ရွာကို ရောက်ပြီလေ'

ဟု ပြောပြီး နှစ်ယောက်အတူ လက်တွဲ၍ ကုန်းပေါ်သို့တက်သွားလေသည်။ ကုန်းပေါ်တွင် ထုံးဖြူဖွေးဖွေး ကိုးတောင်ပြည့်စေတီလေးက အထင်းသား။ ဆည်းလည်းသံလေးများကလည်း နားဝင်ချိုလှပါဘိ။ ကိုစံလှရင်က ထိုစေတီလေးအနီးတွင် ထိုင်ပြီး ရှိခိုးဦးခိုက်သော်လည်း မပန်းမြိုင်က မရှိခိုး။ ကိုစံလှရင်က မပန်းမြိုင်ကို ဘုရားရှိခိုးဦးခိုက်ဖို့ခေါ်ပါသော်လည်း မပန်းမြိုင်က ပြုံးရွှင်



www.burmeseclassic.com

www.burmeseclassic.com

ရယ်မောစွာဖြင့် ဒီဘုရားစေတီက ရင်းနှီး ဖြစ်သည့်အတွက် သူမအဖို့ရိုးအီ နေသဖြင့် မရှိခိုးလိုတော့ကြောင်းကို ပြောပြပါသည်။

ကိုစံလှရင်သည် မပန်းမြိုင်ကို ရုပ် ပြီး အပြောကောင်းသူတစ်ယောက် ရင်းနှီးပွင့်လင်းစွာ မြင်တွေ့ရပေ ဘုရားစေတီကို ဖူးမြော်ဦးမခိုက် ကိုတော့ ဘဝင်မကျလှ။ ဗုဒ္ဓဘာ မျိုးမှ ဟုတ်ပါလေစဟု စိတ်ထဲမှ သင်မှတ်မိလေသည်။ မပန်းမြိုင် ရာနောက်သို့ တကောက်ကောက် ပါသွားခဲ့ရပါသော်လည်း လှေပေါ် ပျောက်သွားသော မပန်းမြိုင်၏ မိခင်နှင့်အစ်ကိုကြီးတို့ သုံးဦးကို တွေ့မိသဖြင့် မပန်းမြိုင်ကို ဤကဲ့သို့ သည်။

'နှမလေး မပန်းမြိုင်၊ မင်းမိဘ နဲ့ အစ်ကိုတော်တို့ ဘယ်ရောက် ကြသတုံး'

ဟု မေးသောအခါ၊ မပန်းမြိုင်က-

'မောင်ကြီးပန်းမွှေးက သူ့အိုး သူ့ အိမ် သူ့ဇနီးနဲ့နေတာပါ။ အဖေနဲ့အမေ တော့ နှစ်ယောက်တစ်အိမ် နေပါ တယ်။ သူတို့နဲ့က တစ်ခါတစ်ရံ ကုန် ထွက်မှဆုံရတာပါ။ မောင်ကြီး မိလို့ပါ။ မောင်ကြီးနဲ့မြိုင်နဲ့က လင် လေ။ မောင်ကြီးက အတိတ်မေ့ သို့ပါ။ မောင်ကြီးရဲ့ဦးခေါင်းထက်က သျှောင်ထုံးကိုလည်း စမ်းကြည့် ပြီး'

ဟု မပန်းမြိုင်က ဆိုသောအခါ ကိုစံလှရင်သည် ဆံထုံးကို စမ်းကြည့်ပြီး မပန်းမြိုင်ပေးသော မှန်တစ်ချပ်ဖြင့် သူ လှပချောမွေ့သော ရုပ်ရည် ရူပကာ တွေ့ရပြီး မှန်ချပ်ထဲမှကိုယ်ပွားရုပ်က သူ့ကိုလက်ညှိုးထိုးပြီး-

'ဟေ့ကောင် သုတ၊ မင်းကိုယ် မင်း မှန်ကြည့်ပြီး သုတမှန်း မသိတဲ့ ကောင်။ မင်းနာမည် သုတ၊ မင်းမိန်းမ ပန်းမြိုင်။ မင်းကို အသက်တမျှ ချစ် ခဲ့တဲ့ပန်းမြိုင်ကို မင်း သတိရပြီလား။ မင်း စဉ်းစားစမ်း။ မင်းနေခဲ့တဲ့ မရမ်းအိုင် ရွာလေးက မပန်းမြိုင်လေးလေ'

ဟု မှန်ထဲမှကိုယ်ပွားရုပ်က ပြော သဖြင့် သုတအမည်ဖြင့် မပန်းမြိုင်နှင့် အိမ်ထောင်ကျခဲ့သည်ကို သတိရမိခဲ့လေ သည်။ ထိုတိုက်အိမ်ကြီးတွင် ကိုသုတ နှင့်မပန်းမြိုင်တို့ ဇနီးမောင်နှံနေထိုင်ကြ သော်လည်း မပန်းမြိုင်က ကိုသုတကို အလုပ်မှုမခိုင်း။ နေ့ဘက်တွင် အတူ နေပြီး ပျော်ပျော်ပါးပါး စားသောက်ပြီး ညဘက်တွင် မပန်းမြိုင်က 'မောင်ကြီး အိပ်ရေးဝဝအိပ်ပါ၊ နှမလေးတို့ ဆွေမျိုး တစ်စုက ညစဉ်ညတိုင်း ဝေဘာဂီမင်းကြီး အတွက် ပန်းစိမ်းတောင်က သစ်သီး၊ ပန်းမန်များကို သွားရောက်ခူးပြီး ဆက် သရပါတယ်' ဟု ပြောသောအခါ ကို သုတက သူလည်း မပန်းမြိုင်တို့နှင့်အ တူလိုက်ပြီး ကူညီလုပ်ကိုင်ပေးမည်ဟု ပြောသောအခါ မပန်းမြိုင်က တွင်တွင် ပင်ငြင်းလေသည်။

'မဖြစ်နိုင်ပါဘူး မောင်ကြီးရယ်၊ ဒီ အိမ်မှာပဲ ကျောမကွာ ရင်မကွာ အေး အေးလူလူနေပါ'

ဟု ပြောပြောဆိုဆိုဖြင့် ထွက်ခွာ သွားသော ရက်ပေါင်းက မနည်းလှ။

ကလေးသုံးယောက်ပင် ရသော် လည်း မပန်းမြိုင်၏အလှက နဂိုနေ ပင် ကိုအတိုင်းပင်။ ယောကျ်ားသားတစ်ဦး က အလုပ်မလုပ်ဘဲ မိန်းမလုပ်စာကို ခို စားနေခဲ့ရသည်ကို ကိုသုတက မနှစ်မြို့။ ကလေးထိန်း၊ အိမ်စောင့်ဖြစ်နေရသည် မှာ ကြာတော့ ငြီးငွေ့၍လာလေသည်။ ချစ်ဇနီး မပန်းမြိုင်ကိုလည်း ကြာတော့ သနားကြင်နာမိသဖြင့် တစ်ညတွင် ကလေးများ အိပ်ချိန် မပန်းမြိုင် ထွက် ခွာသွားရာနောက်သို့ နောက်ယောင်ခံပြီး လိုက်သွားခဲ့လေသည်။ မပန်းမြိုင်တို့ဆွေ စဉ်တစ်သိုက် ကြီးဝိုင်းထားသော ကွင်း ပြင်ကြီးထဲတွင် တစ်ရွာလုံးရှိလူများက အလှည့်ကျ မားတောင်ပေါ် သို့ တက်ရန် နေရာယူကြသလို အချို့က မီးပင်လယ် ကိုကူးဖို့ နေရာယူကြလေသည်။ မား တောင်ကို တက်မည့်အထဲတွင် မပန်း မြိုင်ကပါသလို မိခင်ဖြစ်သူ ဒေါ်ရွှေဘုံစံ လည်း ပါသည်။ အသွားထက်သောစား များက တောင်နံရံများတွင် လှေကား ထစ်သဖွယ်ရှိကြသဖြင့် တောင်တက်သူ များက ခြေဖဝါးများတွင် သွေးသံရဲရဲဖြင့် ခြေပြတ်၊ လက်ပြတ်များဖြစ်ကြပြီး နာ ကျင်စွာ အော်ဟစ်ခံစားကြရလေသည်။

ထိုနည်းအတူ မပန်းမြိုင်၏ဖခင် ဦးဘုန်းမြတ်ခေါင်နှင့် မိသားစုစာရင်းဝင် သားဖြစ်သူ ကိုပန်းမွှေးတို့ကလည်း ပူ လောင်ပြင်းထန်သော မီးပင်လယ်ကြီးကို ကူးခပ်နေကြသည်မှာ မြင်လိုက်၊ ပေါ် လိုက်ပင်။ သူတို့နှင့်အတူ အပေါင်းအပါ လူအများစုကလည်း မနည်းလှပါ။ ထို အဖြစ်အပျက်များကို ကိုသုတသည် ညောင်ပင်ကြီးအကွယ်မှကြည့်ပြီး စိုး ကြောက်မိလေသည်။

ဦးခေါင်းတွင် အချွန်အတက်ရှိ သောဦးထုပ်ကိုဆောင်းထားသည့် လူ ကြီးက ဗလကောင်းကောင်း၊ ထောင် ထောင်မောင်းမောင်း၊ အရပ်က ခပ် ကောင်းကောင်းဖြင့် ခိုင်းတတ်သူတစ် ယောက်ဖြစ်သလို သူ၏ဘေးတွင် ဦး ခေါင်းအချွန်အတက် ချိုနှစ်ဖက်ဖြင့် အရပ်ပုပု၊ ဝင်တိုတို လူတစ်ဦးက စာ ရွက်ကြီးကိုဖြန့်ပြီး လူများ၏အမည်နာမ များကို အစဉ်လိုက်ခေါ်ပြီး တန်းစီခိုင်း လေသည်။ ကိုသုတသည် သူ့နာမည် ပါမည်ကိုကြောက်သဖြင့် ခြေသံကိုလုံ အောင် ဖွဖွလေးနင်းပြီး နောက်ကြောင်း သို့ပြန်ပြေးမိရာတွင် ဝတ်ဖြူစင်ကြယ် ဖြင့် အဖိုးအိုတစ်ဦးကို ဝင်တိုက်မိလေ တော့သည်။ အဖိုးအိုက လက်ထဲတွင် (၁၀၈) လုံး ပုတီးတစ်ကုံးကို ကိုင်ထား ပြီး-

'ဟဲ့- လူကလေး၊ အသူရကာယ် ဘုံသားတွေနဲ့ တွေ့ခဲ့ပြီထင်တယ်'

ဟု ရယ်မောစွာဖြင့် အေးဆေး ဆိတ်ငြိမ်စွာ ပြောသောအခါ မောင် သုတ ခေါ် ကိုစံလှရင်သည် ထိုလူသူ တော် အဘကြီးကို လက်အုပ်ချီရှိခိုးပြီး-

'ဟုတ်ပါတယ် အဘ၊ ကျွန်တော် အသူရကာယ်ဘုံသားတွေရဲ့ လှည့်စား ခြင်းကို ခံရတာပါ အဘ။ ကျွန်တော့်ကို ကျေးဇူးပြုပြီး လမ်းပြပေးပါ အဘ'

ဟု ကိုစံလှရင်က ပြောသောအခါ အဘသည် တောင်ဘက်သို့ မျက်နှာမူ ပြီး-

'ဟောဟိုက ထုံးဖြူဖြူဖွေးဖွေး စေတီလေးကို မင်းတွေ့တယ် မဟုတ် လား'

ဟု အဘက လက်ညှိုးထိုးပြသော အခါ ကိုစံလှရင်သည် သေချာစွာကြည့် ပြီး-

'ဟုတ်မှဟုတ်ပဲ အဘ၊ ကျွန်တော် စပြီး ရောက်လာတဲ့နေရာကလေးပါပဲ အဘ'

ဟု ဝမ်းသာအားရစွာဖြင့် ပြော သောအခါ အဘကပင် ဆက်ပြီး လမ်း ညွှန်လေသည်။

'လူကလေး၊ မင်း အဲဒီ ဘုရားဖြူ လေးကို ရောက်အောင်သွား။ ရော့- ဒီပုတီးကုံးလေးကို လည်မှာဆွဲသွား။ ဟို ရောက်ရင် ဘုရားကိုဝတ်ပြု၊ မင်းကို ကူ ညီမယ့်သူက အဆင်သင့် စောင့်နေမှာ ပါ'

ဟု ပြောကြားပြီး အဘသည် တရွေ့ရွေ့ဖြင့် ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com




တော်တော်လေးရဲ့အထက်မှာ ကောင်းတာ ...လမင်းသ

လမင်းသစ္စာ

လေးဖက်နာသောက်ဆေးနှင့် သက်ရင်းရှောက်ပေါင်းဒဏ်ကြေးလိမ်းဆေ

ဝ၆၁၀ YR ဝဝ၇ဝ၆၆

ဝ၇၁ဝ YR ဝဝ၇၁

အကြောတက်၊ အဆစ်အမြစ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အရိုးကျိုးပေါင်းတက်၊ လေးဖက်နာနှင့် ဂေါက်ရောဂါဖြစ်လျှ

လမင်းသစ္စာ .... ဆေးကိုလိမ်း

လမင်းသစ္စာ .... ဆေးကိုသောက်.... ပျောက်

ပင်ရင်း-လမင်းသစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး- အမှတ် (၁၅၃/၄ဘီ)၊ ပဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း-ဝ၉-၅၁၃၁၆၄၃၊ဝ၉-၅ဝ၈ဝ၆ဝ၉၊ ဝ၁-၅
ရရှိနိုင်သောနေရာများ-ကောင်းမြတ်သစ္စာကုသမန်း၊ မအောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ပဟိုလမ်း၊ စမ်းချောင်း (ဖွင့်ရက်-အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)။
သိမ်ကြီးဈေး-လူထုမေတ္တာ၊ ကိုလှစိုး၊ အာရောဂျ၊ ဦးမြင့်ဆွေ၏သားများ၊ မိဘမေတ္တာ၊၁၅လမ်းနှင့် ကန်နားလမ်း-ကိုဝင်းမြင့်+မအေးဘီ။ မင်္ဂလာဈေး-သုခ
ကိုကျော်စိုး၊ ကိုသက်နိုင်၊ NEO၊ စံမတူ၊ မင်းသား၊ အာရောဂျ၊ အောင်၊ သံလျင်-သီဟ၊ မြို့မသုခ။
ပဲခူး-နေလ၊ မေတ္တာဦး၊ ဖိုးဒွားလေးဆေးဆိုင်။ တောင်ကြီး-လင်းဆေးဆိုင်။
မန္တလေးကိုယ်စားလှယ် - ဘဝသစ်၊ ကျော်၊ အောင်ရတနာ၊ ကောင်းသန့်ဆေးဆိုင် (ဈေးချို)၊ ဇဗ္ဗူလဆေးဆိုင် (ဈေးချို)
မထူး မရူး (မန်းမြန်မာပလာဇာ)


ကိုစံလှရင်သည် ဘုရားဖြူလေးတွင်ဝတ်ပြုနေစဉ် သူ၏ဘေးတွင် နှုတ်ခမ်းမွေးကားကားဖြင့် ဥပဓိရုပ်ကောင်းသော လူကြီးတစ်ဦးက ဝင်ထိုင်ပြီး ဘုရားကို ဝတ်ပြုကာ-

'မောင်ရင်က ဘယ်ကိုသွားမှာလဲ'

ဟု မေးသောအခါ ကိုစံလှရင်က-

'ကျွန်တော်က လူသားတစ်ယောက်ပါ ဦးရယ်။ ကျွန်တော်နေတဲ့ရွာကို ပြန်ချင်ပါတယ်'

ဟု ပြောသောအခါ ထိုလူကြီးကလည်း-

'ဦးကလည်း လူပါပဲ မောင်ရင်၊ မောင်ရင်သွားမယ်ဆိုရင် ပြည်တစ်ဖက်ကမ်းကို ဦးရဲ့ကူးတို့လှေနဲ့လိုက်ပို့ပေးပါ့မယ်။ ပိုက်ဆံပေးစရာ မလိုပါဘူးကွာ၊ ဒုက္ခရောက်သူကို ကူညီရမှာပေါ့'

ဟ ပြောပြောဆိုဆိုဖြင့် ပြည်ကမ်းဆိပ်သို့ ပို့လိုက်ပေးလေသည်။

ကိုစံလှရင်က ကျေးဇူးတင်စကားပြောဆိုပြီး ပြည်မှ မီးရထားဖြင့်တစ်ဆင့် ရန်ကုန်၊ ရန်ကုန်မှသာရဝေါ၊ သာရဝေါမှ သင်္ဘောဖြင့် ဟင်္သာတသို့၊ ဟင်္သာတမှ တစ်ဆင့် ရထားဖြင့် အင်္ဂပူတွင်ဆင်းပြီး မိမိမွေးရပ်မြေသို့ ပြန်ခဲ့လေတော့သည်။ ကိုစံလှရင် ဒေါ်ဒွေးမြနှင့်ကွဲကွာသွားသည်မှာ (၆) နှစ်တင်းတင်းပြည့်ခဲ့သော်လည်း ဒေါ်ဒွေးမြက နောက်အိမ်ရာထူထောင်ခြင်းမပြုဘဲ ကိုစံလှရင်အလာကို မျှော်တုန်းမျှော်ဆဲတွင် ကိုစံလှရင် ပြန်ရောက်လာသောအခါ တစ်ရွာလုံးက ဝမ်းသာကြလေသည်။ ကိုစံလှရင်က သူ၏အတွေ့အကြုံကို ဒေါ်ဒွေးမြအား ပြောပါသော်လည်း ပထမတော့ ဒေါ်ဒွေးမြက မယုံ၊ ကိုစံလှရင်၏ အင်္ကျီနှင့်ပုဆိုးက ရှေးဟောင်းအဝတ်အထည်များဖြစ်ကြခြင်းက သက်သေခိုင်လုံနေသဖြင့်သာ ယုံကြည်မိလိုက်ရတော့သည်။ ပိုပြီးယုံကြည်စေရန် ကိုစံလှရင် ငရုတ်သီးစိမ်းခူးသောခြံထောင့်ရှိ ဆွေးမြည့်နေသော ဝါးလုံးတိုင်တွင် ကိုစံလှရင် ထွက်သွားစဉ်က ဝတ်သွားသော ပုဆိုးကွက်တုံးနှင့် ထုပ်ထားသော ငရုတ်သီးစိမ်းလတ်လတ်ဆတ်ဆတ်တို့က ချိတ်လျက်သားဖြင့် ထူးခြားဆန်းပြားစွာ တွေ့မြင်ခဲ့ရသဖြင့် ဒေါ်ဒွေးမြသည် ကိုစံလှရင်ကို အပြစ်မဆိုသာတော့ဘဲ အချစ်ပင်ပိုခဲ့ရလေတော့သည်။

လူ့ဘဝတွင် ကြုံတောင့်ကြုံခဲ လူနှင့်အသူရကာယ်ဇာတ်လမ်းလေးသည် ကိုစံလှရင်အတွက် ကိုယ်တွေ့ဂမ္ဘီရဆန်သော ဖြစ်ရပ်မှန်လေးတစ်ခုပင်။ ကလေးသုံးယောက်ဖြင့် အသူရကာယ်ဘုံဘဝတွင် မရမ်းအိုင်ရွာသူချော မပန်းမြိုင်လေးကို ကိုစံလှရင်တစ်ယောက် ယခုဦးစံလှရင် ဘဝထက်တိုင်ပင် တွယ်တာမိသော အတွယ်အတာသံယောဇဉ်လေးများကို ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်နိုင်တော့ပါ။ ဤဖြစ်ရပ်မှန်ဇာတ်လမ်းကလေးကို ကျွန်တော်၏ဦးလေးဦးရောင်နီ (ခေါ်) ဦးဝင်းမောင်က ပြောပြခဲ့သဖြင့် ငယ်စဉ်ကဘဝကို ပြန်လည်သတိတရ အမှတ်တရအနေဖြင့် ကာလသီးခူးရင်း မယားတစ်ယောက်ရခဲ့ရသော အဘဦးစံလှရင်၏ ကိုယ်တွေ့အကြောင်းကို 'မရမ်းအိုင်ရွာသူ မပန်းမြိုင်' အမည်ဖြင့် ဝတ္ထုတိုလေးကို အဆုံးသတ်လိုက်ရပါတော့သည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဇရာမြေ-ဒေါ်ချော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ရှိ ကျောက်ဗိကျောင်းပုံသဏ္ဌာန်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တုံးပုရွာနေ ရွှေမင်းဝံတောင်စွန်းရှိ

# ကျောက်လှူခြေရာ၊ ကျောက်လိုဏ်ခေါင်း ထူးခြားသော ဘုရားစေတီတည်ရှိသည့် ကျောက်တုံးကြီး

**မွှေးမွှေး(အင်းတော်)**


စာရေးသူသည် ရွာနှင့် တစ်မိုင်ခန့် ဝေးသော ရွှေမင်းဝံတောင်သို့ တောရ ဆောက်တည်နေသောဆရာတော်အား ချဉ်းကပ်ရန် သွားရောက်ခဲ့ပါသည်။ စာရေးသူ၏ သူငယ်ချင်းနှစ်ဦးလည်း လိုက်ပါလာပါသည်။ ဆရာတော်အား ချဉ်းကပ် ဖူးမြော်ပြီးသည်နှင့် တောင်ပေါ်တွင် လှည့်လည်ကြည့်ရှုကြပါသည်။ တောင်ပေါ်ရှိ ထုံးဖွေးဖွေးဘုရားစေတီအား ဖူးမြော်ပြီးလျှင် ထိုတောင်ပေါ်မှ နေ၍ အရပ်လေးမျက်နှာပတ်ကြည့်ကြပါသည်။ အလွန်ပင် သာယာလှပသော တောင် ဖြစ်ပါသည်။ ရင်ထဲ၌ အေးမြပြီး သန့်ရှင်းသော သဘာဝလေကောင်းလေ သန့်ကို ရှူရှိုက်နိုင်ပါသည်။ တောင်ပေါ်မှ ကြည့်လျှင် သီလရွာ၊ တုံးပုရွာ၊ မြသီတာ



တောရ ဆောက်တည်နေသော ဆရာတော်ပုံ



ဒီးကွက်သဏ္ဌာန် ဘောတစ်ဖက်သို့ ဝိတ်များနေသော ကျောက်တုံးကြီး



လှုပျို၊ အပျိုဘုရား၊ တည်ထားရာ ထူးခြားသော ကျောက်တုံးကြီး




www.burmeseclassic.com

www.burmeseclassic.com

ရွာ၊ တောင်ချောင်းပေါက်ရွာ၊ ကျွန်တောရွာနှင့် အခြားသော ရှုခင်းမျိုးစုံကို ရှုမြင်နိုင်ပါသည်။ မဲဇာမြစ်မှာ ထိုတောင်အားကွေ့ပတ်၍ မြွေလိမ်မြွေကောက်သဏ္ဌာန်စီးဆင်းနေသဖြင့် တောင်ပေါ်မှကြည့်လျှင် လွမ်းမောဖွယ်ကောင်းလှပါသည်။ အင်းတော်-ဗန်းမောက်ကားလမ်းဘေးတွင် တည်ရှိနေသဖြင့် တရိပ်ရိပ်ပြေးလွှားနေသောကားမျိုးစုံကိုလည်း တောင်ပေါ်မှ ကြည့်ရှုနိုင်ပါသည်။ ထိုတောင်ပေါ်တွင် ထူးခြားသော အရာမျိုးစုံကို တွေ့ရှိနိုင်ပါသည်။

တောင်၏တည်နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တုံးပုရွာနှင့် (၁) ဖာလုံခန့်တွင် တည်ရှိခြင်းဖြစ်ပါသည်။ အမြင့်ပေ (၁၀၀) ကျော်ရှိနိုင်ပါသည်။ တောင်ပေါ်သို့ ခြေကျင်သာတက်၍ရပါသည်။ မိနစ်(၂၀)ခန့် တက်သည်နှင့် တောင်ပေါ်သို့ရောက်ပါသည်။ ရွှေမင်းဝံတောင်စွန်းရှိ ထုံးဖွေးဖွေးဘုရားစေတီကို ဖူးမြော်ပြီးသည်နှင့် တောရဆောက်တည်နေသောဆရာတော်အား ဖူးမြော်နိုင်ပါသည်။ ရှေးလူကြီးများစကားအရ ဝန်းသိုစော်ဘွားကြီး တပ်ချရာနေရာဟုလည်း သိရှိရပါသည်။ ထိုတောင်ပေါ်ရှိ ထူးခြားသောအရာများထဲမှတစ်ခုမှာ ကျောက်တုံးကြီးပေါ်၌ ထင်ကျန်ရစ်နေသော ကျောက်လူခြေရာကြီးပင် ဖြစ်ပါသည်။ ကျောက်လူခြေရာကြီးမှာ တစ်တောင်ခန့်ရှည်ပြီး ခြေဖနောင့်ရာအနက်မှာ တစ်လက်မခန့်ရှိပါသည်။ ခြေငါးချောင်းရာကိုလည်း သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ပါးစပ်ရာဇဝင်အရ ကျန်စစ်သားခြေရာဟု ပြောဆိုနေကြပါသည်။ စာရေးသူသည် ထိုခြေရာနှင့် ဘုရားပုံအား ဓာတ်ပုံရိုက်ယူခဲ့သော်လည်း ပုံဖျက်မိ၍ ဖော်ပြခွင့်မရခဲ့ပါ။ ထို့အပြင် (၂၅) ပေခန့်ရှည်သောသဘာဝကျောက်လိုဏ်ခေါင်းတစ်ခုကိုလည်း တွေ့ရှိရပါသည်။ ထိုလိုဏ်ခေါင်းထဲသို့ လူအများ ဝင်ရောက်နိုင်ပြီး ထွက်ပေါက်ရှိပါသည်။ ထူးခြားသောသဘာဝကျောက်ခွက်ကြီးကိုလည်း တွေ့မြင်နိုင်ပါသည်။ သဘာဝကျောက်မဏ္ဍပ်လည်းရှိသည်ဟု သိရှိရပါသည်။ ဘုရားစေတီမှ နတ်ရေတွင်းသို့သွားနိုင်ပါသည်။ ထိုသို့ နတ်ရေတွင်းသို့သွားသောလမ်းသည် ထိုလမ်းနေရာသာ စောင်းတန်းပမာတည်ရှိနေပြီး ဘေးနှစ်ဖက်လုံးမှာ ချောက်ကြီးဖြစ်ပါသည်။ ထိုနတ်ရေတွင်းမှာ တောင်ပေါ်တွင် တည်



ငုံးပုရွာ ဘုန်းတော်ကြီးကျောင်းရှိ ရသေ့ညီနောင်ဆင်းတုဘုရား



သဘာကျောက်လိုဏ်ခေါင်းရှည်



လူခြေရာကြီး ကျန်ရှိရာ ကျောက်တုံးကြီး



ဘုရားတောင်ရှိ ရှေးကျောက်ခွက်ကြီး




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သီတင်းသုံးရာ တောရကျောင်း





(၁၂) လရာသီလုံး ရေထွက်နေသော နတ်ရေတွင်း



ဘုရားမှ နတ်ရေတွင်းသို့သွားသော စောင်းတန်းပမာ လမ်း



တောင်ပေါ်မှ ကြည့်ရှုနိုင်သော ရှုခင်း

ရှိနေသော်လည်း ရေများခန်းခြောက်ခြင်းမရှိဘဲ (၁၂) လရာသီလုံး ရေရှိနေသည်မှာ ထူးခြားနေပါသည်။

ဘုရားစေတီမှ အရှေ့ဘက် (၂) ဖာလုံခန့်သို့ရောက်လျှင် ထူးခြားဆန်းကြယ်သော ကျောက်တုံးကြီးပေါ်ရှိ ဘုရားစေတီကို ဖူးမြော်နိုင်ပါသည်။ တုံးပုရွာမှ လူပျို၊ အပျိုများတည်ထားသဖြင့် လူပျို၊ အပျိုဘုရားဟု ခေါ်တွင်နေပါသည်။ ထိုဘုရားသို့သွားရာလမ်းတွင် သဘာဝကျောက်တုံးကြီးများမှာ မှိုဖူးသဏ္ဍာန်များ၊ မိကျောင်းသဏ္ဍာန်၊ လိပ်ပုံသဏ္ဍာန်ကြီးများကိုလည်း တွေ့မြင်နိုင်ပါသည်။ လူပျို၊ အပျိုဘုရားတည်ထားသော ကျောက်တုံးကြီးမှာ အလွန်ပင်ထူးခြားဆန်းကြယ်ပါသည်။ ကျောက်တုံးကြီးအား အရှေ့တောင်ဘက်မှကြည့်လျှင် ဇီးကွက်ကြီးတစ်ကောင် နားနေသကဲ့သို့ဖြစ်နေပြီး အနောက်ဘက်မှကြည့်လျှင် ညို့ညို့မှိုင်းမှိုင်းနှင့် ဧရာမကျောက်တုံးကြီးဖြစ်နေပါသည်။ ကျောက်တုံးကြီးမှာ အရှေ့တောင်ဘက်သို့ ဝိတ်များနေသော်လည်း မလဲဘဲတည်ရှိနေပါသည်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသကဲ့သို့ စိတ်ပါဝင်စား၍ လာရောက် ဖူးမြော်လိုသူများ မိမိကိုယ်တိုင် လာရောက် ကြည့်ရှု ဖူးမြော်နိုင်ကြပါသည်။ ဘုရားဖူးပြန်ပြီးသည်နှင့် တုံးပုရွာ ဘုန်းတော်ကြီးကျောင်းရှိ ရသေ့ညီနောင်ဘုရားမှ တူးဖော်ရရှိထားသော ရသေ့ညီနောင်ဆင်းတုဘုရားကိုလည်း ဖူးမြော်နိုင်ပါသည်။

မွှေးမွှေး (အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

**ထူးထူးခြားခြား ကန်တော့ပွဲများ**

နှစ်ဆန်း (၁) ရက်၊ အင်္ဂါနေ့။

ကောဇာနှစ် ၁၃၇၄ ခုနှစ်၏ နှစ်ဦး၊ လဦး၏ ရက်ဦးဖြစ်သော နှစ်ဆန်း (၁) ရက်နေ့သည် အင်္ဂါနေ့ ဖြစ်ပါသည်။ ကျွန်ုပ်သည် အရဏ်တက်ချိန်လောက်မှာ နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့၏နေ့စဉ်ဆောင်ရွက်ရသော လုပ်ငန်းကိစ္စများအား ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပါသည်။

ကျွန်ုပ်၏နေအိမ်နှင့် (၃) ဖာလုံအဝေးလောက်မှာတည်ရှိနေသော ပါဠိတက္ကသိုလ်အရှေ့တိုက် နာရီစင်က တီးလုံးနှင့် နာရီထိုးသံကို ကြားနေရပါပြီ။ နာရီမှာ (၆) နာရီအထိ ကြည်မြ ပီသစွာ ကြားနေရသည်။ ကျွန်ုပ်၏ဇနီးမှ မနက်အစောစာကို စီမံထားပြီးဖြစ်၍ ဝမ်းမီးငြိမ်းရန် အာဟာရ ဖြည့်တင်းလိုက်ရပါတော့သည်။

ကျွန်ုပ်သည် အလုပ်ခန်းနှင့်တွဲလျက် ဧည့်ခန်းတွင်ထိုင်နေပြီး အခါးရည်ကျကျကို သောက်နေခိုက်မှာပင် ဧည့်သည်ရောက်လာပါတော့သည်။ ရောက်ရှိလာခဲ့သောဧည့်သည်မှာ တစ်ယောက်တည်း မဟုတ်ပါ၊ နှစ်ယောက် ဖြစ်ပါသည်။ ဧည့်စိမ်းများတော့ မဟုတ်ပါ၊ ကျွန်ုပ်၏ ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြပါသည်။

ငယ်စဉ်အခါက 'လိုလို' သမားများ ဖြစ်ကြပါသည်။ စာချစ်သူမိတ်ဆွေများ နားရှင်းအောင် 'လိုလို' ဆိုသည့် အဓိပ္ပာယ်ကို ရှင်းပြပါမည်။ ကျောင်းသားတုန်းက လက်ဝဲစာအုပ်များကိုစိတ်ဝင်စားကြပြီးနောက် လုပ်ငန်းခွင်ရောက်တော့ ဘဝတစ်ဆစ်ချိုးအပြောင်းအလဲ ဖြစ်ပြန်ပါသည်။ အရှင်သခင်စိတ်၊ အရင်းရှင်စိတ်ပေါက်နေခဲ့ကြပြန်သည်။

အရွယ်လွန်လာပြီး အငြိမ်းစားဘဝရောက်လာကြတော့ နဂိုက အထင်ရောက်ခဲ့သော အတွေးအခေါ်တွေနှင့် ဘဝဖြစ်စဉ်တို့ ဆန့်ကျင်နေသည်ကို သိကြလေ၏။ ဇရာ၏စီမံခန့်ခွဲမှုကို ခံနေကြရတော့မှ 'ဆွေးနောက်လို့ဗျာကြွေ' ဖြစ်ရပြီပေါ့။ အခုတော့ အပူငြိမ်းစေတဲ့ ဆေးပေါ့။ သမထနဲ့ ဝိပဿနာကို ကြိုးစားချင်တော့ ဝမ်းစာကမရှိ ဖြစ်နေပြန်ရာ အခက်ကြုံရပြန်ပြီပေါ့။

ကျွန်ုပ်နှင့်ကျောင်းနေဖက်မို့ အကြောင်းသိချင်းဆိုတော့ သို့သွားချင်တဲ့ ခရီးနဲ့ ဘယ်လိုသွားရမည် ဆိုတဲ့ လမ်းပြမြေပုံနဲ့ ညွှန်ပြမှုအတွက် ကျွန်ုပ်ထံ ရောက်လာကြသူများ ဖြစ်ကြပါသည်။ ရောဂါဖြစ်မှ ဆေးဆရာ၊ ဆရာဝန်ဆီ ရောက်ကြသလို အခုလည်း သူတို့ဗိုက်နာလို့ ရောက်လာခဲ့ကြတာပါ။ အမြဲလာကြတာမဟုတ်တော့ ငယ်ပေါင်းတွေ ဆုံမိကြပြီဆိုတော့လည်း အတိတ်ကဖြစ်စဉ်များကို မမောတမ်း ပြန်လည်ပြောကြဆိုကြနှင့် နှစ်ပေါင်း (၄၀) လောက်တော့ ပြန်ငယ်သွားကြပါတော့သည်။ နောက် မိမိတို့ဖြတ်သန်းခဲ့ရသော လူမှု





www.burmeseclassic.com

www.burmeseclassic.com

ထဲမှ တွေ့ရကြုံရသောဖြစ်စဉ်တို့ကို လည်ပြောပြနေခဲ့ကြသည်။ ကျွန်ုပ် ငယ်စဉ်ကပင် ထုံနေခဲ့ပြီဖြစ်သော ခရ ဂမ္ဘီရပညာနယ်မှ ကြုံတွေ့ခဲ့ သည့် အံ့ဖွယ်သရဲဖြစ်စဉ်များကို ပြော တိုက်တွန်းကြသဖြင့် ပြောဖြစ်ပါ တော့သည်။

ကျွန်ုပ်သည် သူငယ်ချင်းများ၏ တောင်းဆိုချက်အရ ကျွန်ုပ် ဖြတ်သန်း သော ဝိဇ္ဇာရေဂမ္ဘီရနယ်မှ တွေ့ကြုံခဲ့ရ သောဖြစ်စဉ်များကို အောက်ပါအတိုင်း ည်လျှားစွာ ပြောပြလိုက်ပါသည်။

✪

ကိုယ့်အနေနဲ့ သဲကြီးမဲကြီးလုပ်နေ ငယ်တုန်း, သန်မာတောင့်တင်း ဆိုတော့ သီလစောင့်ထိန်းတဲ့အခါမှာ ရှည်ကြီး သီလထိန်းခဲ့တာပေါ့။ အ အသားလွတ် (ဆားဟင်းလျာ) နှင့် တာဆိုရင်လည်း နှစ်ပေါင်း (၁၇) နှစ်အကြာလောက် စားခဲ့တာပါ။

အကျင့်စရဏကဆိုရင် ရုံးတာဝန် တဲ့ ညပိုင်းမှာ ညတိုင်း မင်းကွန်း ဆရာတော်ကြီး၏ ဟောစဉ်တရားများ (၁) နာရီကြာ နာယူမှတ်သားပါ တယ်။ ထိုစဉ်အခါက ယခုခေတ်မှာလို ဆက်တွေက မပေါ်သေးတော့ ရီ တော်တာကိုပဲ အသုံးပြုတာပါ။ ရီကော် ခွေတွေက စီ-၆၀ နဲ့ စီ-၉၀ ခွေတွေ ဆိုတော့ တရားနာယူရာမှာ စီ-၆၀ ခွေ ဆိုရင် တစ်ဖက်စာ (တစ်မျက်နှာစာ) ကို အချိန် (၁)နာရီကြာတော့ အချိန်မပိုရ ဘူး။ စီ-၉၀ ဆိုရင်တော့ တစ်ဖက်စာ ကို အချိန်က (၁)နာရီခွဲ ကြာလေတော့ အချိန်ပိုပေးရပါတယ်။

တရားနာယူခဲ့ကြတဲ့ ဓမ္မမိတ်ဆွေ ကျွန်ုပ် အပါအဝင် (၅) ယောက် ရှိပါ တယ်။ အများသဘောတူ ညှိနှိုင်းထား တဲ့စည်းကမ်းချထားခဲ့တာပါ။ တရားနာ ယူရပုံစည်းကမ်းက မည်သည့်အခွေဖြင့် နာယူရသည်ဖြစ်စေ တစ်ညမှာ တစ်ဖက် စာကိုပဲနာယူခဲ့ရန်၊ နောက် တရားနာ ယူချိန်မှာ စကားပြောခြင်း၊ မေးမြန်းခြင်း လုံးဝ မလုပ်ရပါ။ အားလုံးက တရား ဆက်နာယူမည်ကို သဘောတူကြရင် နောက်နေ့မှာ ကျန်တဲ့တစ်ဖက်စာကို နာယူကြပါတယ်။ အဖွဲ့သားထဲက တစ် ယောက်က ရှေ့ဆက်မသွားချင်သေးဘဲ ပိုပြီး နားလည်အောင် ပြန်နာယူလိုတဲ့အ ကြောင်း တောင်းဆိုရင် အများက ဝမ်း မြောက်ဝမ်းသာနဲ့ သဘောတူပြီး နောက် နေ့မှာ ပြန်နာယူကြရပါတယ်။

ကျွန်ုပ်ကတော့ အချိန်ဇယားရေး ဆွဲထားတာ မဟုတ်ပေမယ့်လို့ သူ့အ ချိန်နဲ့ လုပ်ကိုင်ပါတယ်။ ကျွန်ုပ်၏ နေ့ စဉ်လုပ်ငန်းများကို ဖော်ပြရမည်ဆိုလျှင် မနက် စက်နာရီ (၄) နာရီမှာ အိပ်ရာထ ပါတယ်။ ကိုယ်လက်သန့်ရှင်းပြီးတာနဲ့ သရဏဂုံကို ဆောက်တည်ပြီး ရေတစ် ခွက်သောက်လိုက်ပါတယ်။ နောက် ဘုရားခန်းကို ဝင်ရောက်ခဲ့ပါသည်။

ဘုရားခန်းတွင် မနက်ပိုင်း၌ အောက်ပါအတိုင်း ပြုမြဲဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကို ပန်း၊ ရေချမ်း၊ နံ့ သာတိုင်၊ အလင်းတိုင်တို့ကို ကပ်လှူမြဲ ဖြစ်ပါသည်။ အထူးစီမံထားတာကတော့ ဆွမ်းဆန်စိမ်းကပ်လှူခြင်းနှင့် သစ်သီး ကန်တော့ပွဲကပ်လှူခြင်း ဖြစ်ပါသည်။

ဆွမ်းဆန်စိမ်းကပ်လှူပုံမှာ ယခင် က နာမည်ရခဲ့သော မောင်စိန်၊ မစိန် အမည်ပါသည့် သံသပိတ် ဖြစ်ပါသည်။ ထိုသပိတ်တော်ထဲတွင် ဆန်ထည့်ပြီး ကပ်လှူထားပါသည်။

သစ်သီးကန်တော့ပွဲလှူပုံမှာ-

၁။ အုန်းသီး (၁) လုံး

၂။ ငှက်ပျောဖီး (၃) ဖီး (ဖီးကြမ်းငှက်ပျောအစိမ်း)

၃။ ထီး (ရွှေထီးတစ်လက်၊ ထီးအ ဖြူတစ်လက်)၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ယပ်၊ ကြက်လျှာနှင့် သာသနာ့အောင်လံတို့ ဖြစ်၏။

၄။ အလင်းကပ်လှူရန် ဖယောင်း တိုင်ထုပ်၊

၅။ အနံ့ကပ်လှူရန် အမွှေးတိုင်ထုပ် ကို ကပ်လှူပါသည်။ ဇလုံကြီးထဲ တွင်ထည့်ပြီး ပြင်ရပါသည်။

ကျွန်ုပ် ကန်တော့ပွဲပြင်ပုံကို စာ ချစ်သူများ သုတဖြစ်စေရန်နှင့် သူငယ် ချင်းတို့သိရအောင် ပြောပြပါဦးမည်။ ကန်တော့ပွဲပြင်ရာမှာ ငှက်ပျော (၃) ဖီး ဆိုရင်တော့ ထူးခြားမှုမရှိလှပါဘူး။ ငှက် ပျောဖီး (၅) ဖီး, (၇) ဖီး စသည်ပေါ့၊ များလာရင် ပြုပြင်ရတဲ့စနစ် ရှိတယ်။

ပဒုမ္မာကြာပုံစံ၊ ဘုံဆင့်ဆင့်ခြင်း စသည်တို့ ပြင်ရပါတယ်။

# ဘုန်းခေါင်
# ကျွန်ုပ်နှင့်မဟာဂန္ဓာရီ
# လမ်းပေါ်ကကြုံခဲ့သမျှ



အရေးကြီးတာက အုန်းသီးတည် တာပါပဲ။ ကျွန်ုပ်ကတော့ အုန်းသီးတည် တဲ့နေရာမှာ အထူးပြုပြီး အရေးတယူ လုပ်ပါတယ်။

*(အုန်းသီးအလုံးမှာ အပြစ်ကင်း စေခြင်း၊ အုန်းသီး၏ခေါင်းပိုင်း ကြွက်မြီး အညွန့်မှာ သန်မာပြီး ဖြောင့်စင်းနေရ ခြင်း သို့မဟုတ် ထောင်မတ်နေသော ကြွက်မြီးများကိုသာ ရွေးပါသည်။ စာ ရေးသူ)*

ငှက်ပျောဖီးများ အပေါ်၌တည်



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ကြွက်မြီးသည် အပေါ်ကိုထောင်မတ်နေခြင်း သို့မဟုတ် (၃၀) ဒီဂရီမြင့်တက်နေသည့်အနေအထားရောက်အောင် ပြုပြင်ပါသည်။ အုန်းသီးရွှေးရာတွင် အုန်းရင့်၊ အရည်ကျကို ပိုပြီး နှစ်သက်ပါသည်။

မနက်ပိုင်းတွင် ဘုရားရှိခိုး ပူဇော်ကန်တော့ခြင်းမပြုခင် ဦးစွာ သမ္မာဒေဝနတ်များနှင့် ဝိဇ္ဇာများ၊ မဟိဒ္ဓိပုဂ္ဂိုလ်များကို ဖိတ်ကြားပါသည်။ နောက် ဘုရားဖူးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း ပြုလုပ်ပါသည်။ ပရိတ်များနှင့် ပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို ရွတ်ဖတ်ပူဇော်ပါသည်။ ရွတ်ဖတ်ပြီးသည်နှင့် (၁၀၈) လုံး ပုတီးကုံးနှင့် မြတ်စွာဘုရားရှင်၏ အာဝေနိကဂုဏ်တော်များမှ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ပါသည်။ ဂုဏ်တော်တစ်ပါးကို ပုတီးတစ်လုံးချနှင့် ပုတီးတစ်ပတ် ဂုဏ်တော်ကိုးပါးဖြစ်၍ (၉) ပတ်၊ အရဟံမှ ဘဂဝါ အဆုံးထိ ပုတီးတစ်လုံးချဖြင့် ပုတီး (၁) ပတ်ဆိုတော့ ပုတီး (၁၀) ပတ် စိပ်ရပါသည်။ ပုတီးစိပ်ပုံမှာ နှလုံးသွင်းနှင့်စိပ်ပါသည်။

နောက် အာနာပါနကမ္မဋ္ဌာန်းဖြင့် ရှုမှတ်ပါသည်။ အားလုံးပြီးတော့ ဝေနေယျများအားလုံးကို မေတ္တာပို့သခြင်းနှင့် ကုသိုလ်အမျှပေးဝေပါသည်။ နောက်ဆုံးကတော့ ကနဦးက ဖိတ်ကြားထားသူများကို နေရပ်ဌာနပြန်နိုင်ကြောင်း ပြန်ကြားပါသည်။

ညပိုင်းမှာလည်း မနက်ကကဲ့သို့ ဝင်ရောက်ပြီး လုပ်ကိုင်ဆောင်ရွက်မြဲဖြစ်ပါသည်။

(ကျွန်ုပ်ပြောသမျှ စိတ်ဝင်စားနေကြသော သူငယ်ချင်းများက ဆက်ပြောရန် တိုက်တွန်းကြပါသေး၏။)

**ကန်တော့ပွဲများမှ အံ့ဩဖွယ်ဖြစ်ရပ်ဆန်းများ**

*(ကျွန်ုပ် ယခု ကန်တော့ပွဲများမှ တွေ့ကြုံခဲ့ရသည့်အဖြစ်ဆန်းများမှာ အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်ဆန်းများဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် သစ္စာစကားအနေဖြင့် ရဲဝံ့စွာပြောပြခြင်း ဖြစ်ပါသည်။ စာရေးသူ)*

ကျွန်ုပ်သည် မိမိ၏သဒ္ဓါစိတ်ဖြင့်လည်း ကန်တော့ပွဲကပ်လှူသည်၊ တစ်ပါးသူတို့ကို ကူညီပေးရသောကြောင့်လည်း ကန်တော့ပွဲ ကပ်လှူရပါသည်။ ကန်တော့ပွဲများကပ်လှူရာတွင် ကောဇာနှစ် တစ်နှစ်တည်း၌ အထူးစီမံသော ကန်တော့ပွဲများကို ကပ်လှူရပါသည်။

တန်ခူးလပွဲ၊ ကဆုန်လပွဲ၊ ဝါဆိုလပွဲ၊ ဝါခေါင်လပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်မုန်းပွဲ၊ တပေါင်းပွဲတို့ဖြစ်၍ (၇) ပွဲ စီမံကပ်လှူပါသည်။ ကိစ္စလိုက်၍ အထူးပြုလုပ်စီမံရသော အာဏာတိက္ကမပွဲများလည်း တည်ဖြစ်ပါသည်။

ကျွန်ုပ်တွေ့ခဲ့ရသော ပွဲတွေ့များမှာ -

၁။ အခိုင်ခုတ် ငှက်ပျောသီးများပင်(၅) ရက်နှင့်မှည့်နေ၍ ငှက်ပျောစွန့်ပြီး ပွဲတည်ရခြင်း၊

၂။ အမိဋ္ဌာန်ထားသည့်အတိုင်း သတ်မှတ် မိဋ္ဌာန်ထားသည့် ရက်တိုင်အောင် ငှက်ပျောသီးများ အမှည့်လွန်ခြင်း၊ ပုပ်ခြင်း၊ ကြွက်ကိုက်ခြင်း စသည့် အပြစ်တစ်စုံတစ်ရာမရှိဘဲ ကျက်သရေရှိစွာတည်နေခြင်း၊

၃။ ကန်တော့ပွဲမှ အုန်းရည်များ အလိုအလျောက် လျှံထွက်ခြင်း၊
*(အုန်းသီးကွဲအက်၍ မဟုတ်ဘဲ ကြွက်မြီးအခြေမှ ရေများစိမ့်ထွက်ပြီး စီးထွက်နေခြင်း၊ သာမန်မဟုတ်ဘဲ ဖလားကြီး နှစ်လုံး၊ သုံးလုံးစာ ရေများထွက်ခြင်း။)*
နောက်တစ်မျိုးက အုန်းသီးကြွက်မြီးနေရာမှ အသံမြည်ပြီး အုန်းရည်များ ထောင်ပန်းထွက်လာခြင်းတို့ ကြုံတွေ့ရပါသည်။

၄။ ငှက်ပျောသီးများနှင့် အုန်းသီးများတွင် သင်္ချာဂဏန်းများ၊ အက္ခရာဗျည်းစာလုံးများ ပေါ်လာခြင်း၊

၅။ အလင်းပူဇော်သော ဖယောင်းတိုင်များသည် အရွယ်အစားအလိုက် ကြာမြင့်ရသော သာမန်အချိန်ထက် အဆမတန် ကျော်လွန်ပြီး ကြာနေခြင်းတို့ ကြုံရပါသည်။ (ဥပမာ- ၅ နာရီကြာခြင်း၊ ၇ နာရီကြာခြင်း။ အထူးကြာမြင့်သည်မှာ ည ၇ နာရီအချိန်က ကပ်လှူထားသော ဖယောင်းတိုင်သည် နောက်နေ့ ည ၉ နာရီအထိတိုင်အောင် ကြာနေခြင်း) တို့ကို မယုံနိုင်စရာ လွန်လွန်ကဲကဲ ကြုံတွေ့ရပါသည်။

၆။ ငှက်ပျောဖီးတစ်ဖီးတည်းမှ ငှက်ပျောသီးများ၏ အနံ့နှင့်အရသာတို့ (၃) မျိုးကွဲပြားပြီး ဖြစ်တည်နေခြင်း စသည်တို့ကို အံ့ဩဖွယ် ကြုံတွေ့ခဲ့ရပါသည်။

ထိုသို့ သဘာဝလွန်ဖြစ်ရပ်များကို ကြုံရတော့ ဘာဖြစ်သလဲလို့ မေးစရာဖြစ်လာပါသည်။ သဘာဝလွန်ဖြစ်ရပ်ဆန်းများ ဖြစ်လာပြီဆိုလျှင် ထိုသစ်သီးကန်တော့ပွဲ ကပ်လှူသော ဒါယကာတို့မိသားစုတွင်-

(က) မိမိတို့ မထင်သော အရောင်းအဝယ်ကောင်းပြီး လချင်း၊ နှစ်ချင်းအတွင်း စီးပွားဥစ္စာ အံ့မခန်း တိုးပွားချမ်းသာပါသည်၊

(ခ) ဝန်ထမ်းများဆိုလျှင် မမျှော်လင့်သော ရာထူးဌာနန္တရများကို ရရှိခြင်း. . .

စသည့် အကျိုးစီးပွားတို့ကို ရရှိခဲ့ကြပါသည်။

❂

"ကဲ-သူငယ်ချင်းတို့ ဒီနေ့မှာတော့ ဒီမျှနဲ့ပဲ နားကြစို့ကွာ။

မြတ်စွာဘုရားရှင်က မဂ်ဖိုလ်အရေးကိုသာ နှစ်သက် လိုလားတော်မူတာ အမှန်ပဲ။ လူတိုင်း၊ သတ္တဝါတိုင်းက အတိတ်ကံနှင့် မိမိတို့ ဆုပန်ကိစ္စများ ရှိနေကြတော့ လောကအရေးမှာလည်း သန့်ရှင်းသော အသက်မွေးမှုဖြစ်တဲ့ သမ္မာအာဇီဝနဲ့စီးပွားရှာရာမှာ လောကအကျိုးစီးပွားတိုးတက်အောင် ကြိုးစားအားထုတ်ပြီး တစ်ဖက်ကလည်း မဂ်လာတရားသုံးဖြာနဲ့ ညီညွတ်အောင်ပေါ့၊ လူမျိုးနဲ့ ဘာသာ သာသနာအကျိုးတို့ကို ထမ်းရွက်မည်ဆိုလျှင်လည်း ဘုရားရှင်၏အမွေခံသားသမီးထဲ ပါလာမှာပဲကွာ။

ကိုယ်ပြောချင်တာက ဇာတ်အတင်း မျက်ကန်းယုံတာမျိုး မဖြစ်စေဘဲ ယခုကိုယ်ပြောခဲ့တဲ့ ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှာ မဟာဂန္ဓာရီကြီးများ လျှောက်လှမ်းခဲ့ကြတဲ့ကျင့်စဉ်များ၊ နည်းကောင်းများကိုလည်း အတုယူပြီး ကြိုးစားအားထုတ်သင့်ကြောင်း အကြံပြုချင်တယ်"

ဟု ကျွန်ုပ်၏သူငယ်ချင်းများကို ရှည်လျားစွာသောစကားများဖြင့် မနားတမ်း ပြောလိုက်ရပါတော့သည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့်လည်း သုတရရှိကြမည်ဟု မျှော်မှန်းယုံကြည်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် ဖြတ်သန်းခဲ့ရသော မဟာဂန္ဓာရီလမ်းပေါ်က ကြုံခဲ့သမျှတို့အထဲမှ ကောင်းနိုးရာရာတို့ကို ဆက်လက် ရေးသားတင်ပြပါဦးမည်ဟု ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည့်စိုး လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 007565 (0714) လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး (၀၁၇၂)

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရုပ်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အတတ် ... ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ ... သွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက် ... ဆတတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း ...ဖြူခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသား ...နည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်း ... မှတ်ပုံတင်ထားသော **ပြည့်စိုး** လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ **ပြည့်စိုး** အမျိုးသား ...ဆေးတို့ကို သုံးစွဲပြီး အကြောများပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာ ...ကောက်ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

ပြည့်စိုး တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန

**အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

# " ကျားမှန်လျှင် အားသန်ရမည် "

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး ...ဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လူပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ ...ပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် ...မျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ...နာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ် ...က်ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် . . . ဆေးကုသက် ...၅) နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းအတွင်း အကြောပညာရှင် နေလဝိဇ္ဇာ ...ရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁) တို့က ...ကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည့်စိုး** တိုင်းရင်းအထူးကုဆေးခန်း

**အမှတ် (၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊**

**ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

www.burmeseclassic.com


www.burmeseclassic.com

စပါး၊ ပဲ၊ ပြောင်းတို့ တလင်းသိမ်း ပြီးသွားသဖြင့် တစ်နှစ်တာလယ်လုပ်ငန်းများက ပြီးဆုံးသွားခဲ့လေပြီ။

ယခုတော့ လှဖေက သူ၏ နွားတင်းကုပ်ဘေးရှိ နွားချေးအဆွေးများကို လယ်ကွက်များထဲသို့ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် တိုက်ချနေခဲ့သည်မှာ လှည်းစီးရေပင်အတော်ရခဲ့ပြီဖြစ်၍ နွားချေးအဆွေးများလည်း ကုန်သလောက်ဖြစ်နေပေပြီ။ လယ်ကွက်များအတွင်းသို့ နွားချေးများကို နှစ်စဉ် တလင်းသိမ်းပြီးသွားသည်နှင့် တိုက်ချပေးရသည်။ နွားချေးအဆွေးများက သဘာဝမြေဩဇာဖြစ်စေသဖြင့် စပါးထွက်ပို၍ကောင်းလေသည်။ လယ်ကွက်များအတွင်းသို့ ဟိုနားတစ်ပုံ၊ ဒီနားတစ်စီပုံ ချထားပေးရ၏။ မိုးဦးကျ မိုးဖွိုင်ဖွိုင်ရွာလာသည်နှင့် ထိုနွားချေးပုံများသည် ရေနှင့်နူးကာ လယ်မြေ ပပ်ကြားအက်များအတွင်းသို့ စိမ့်ဝင်သွားကြသည်။ ထိုလယ်ကွက်ကို ထယ်ထိုး၊ ထွန်မွှေလိုက်သောအခါ မြေအရောင်မှာ မည်းနက်နေပြီး စပါးစိုက်ခဲ့လျှင် စပါးပင်များ သန်သန်စွမ်းစွမ်း ပေါက်ထွက်လာကြကာ စပါးသီးများလည်းပြွတ်နေအောင်သီးလာကြသည်။ ထိုသဘာဝမြေဩဇာသည် စပါးစိုက်ပြီးသည်နှင့် အာနိသင် မကုန်ခန်းသေးဘဲ စပါးပြီး၍ ဆောင်းသီးနှံများ ဖြစ်ကြသော မတ်ပဲ၊ ပဲနောက်၊ ကုလားပဲ၊ အသင်းပဲ၊ ပြောင်း၊ နေကြာ၊ မြေပဲများကို ဆက်စိုက်ခဲ့လျှင်လည်း မြေဩဇာဆက်၍ပင် ကောင်းနေဆဲ ဖြစ်သည်။

လှဖေက သူ့လယ်ပွဲများကို အမြဲပင် နွားချေးတိုက်ချပေးခဲ့သည်။ အိမ်တွင် ကျွဲ၊ နွားများများမွေးထားလျှင် နွားချေးပိုရရှိ၍ လယ်ထဲသို့ တိုက်ချပါက တစ်ပတ်၊ ဆယ်ရက် ကြာတတ်သည်။

တချို့လယ်သမားက စပါးတလင်းသိမ်းပြီးသွားသည်နှင့် တစ်နှစ်တာလယ်စိုက်လုပ်ငန်းပြီးဆုံးပြီဟု သဘောထားကြသည်။ လယ်ကွက်ထဲ နွားချေးတိုက်ချရန် စိတ်မကူးကြ၊ အပျင်းထူတတ်ကြသည်။ မိုးအခါ သူ့သူကိုယ်ကိုယ် လယ်စိုက်ခဲ့ကြ၍ စပါးအထွက်ယှဉ်လိုက်သောအခါမှာ နွားချေးချထားသောလယ်ထွက်စပါးများနှင့် ယှဉ်မရအောင်



တင့်ထူး(ဇေယျဝတီ)

ဆုတောင်းပြည့်
ဗုဒ္ဓရုပ်ပွားတော်၏ရာဇဝင်

www.burmeseclassic.com

…ကျ်နည်းခဲ့လေသည်။ ထိုအခါ ပိုး…ညို့ ရေနစ်လို့၊ အပင်ပေါက်ညှံ့လို့ …၍ အရှက်ပြေ အကြောင်းပြတတ်ကြ…သည်။ လယ်လုပ်သည့် တောင်သူ…သမားတိုင်းမှာ လယ်ထဲတွင် တ…သည်နှင့် လိုအပ်သည်တို့ကို အမြဲ… လုပ်ဆောင်ပေးပါမှ အချိန်တန်… အလေအလွင့်မရှိ စပါးအထွက်…င်းလာမည်ပင် ဖြစ်လေသည်။

"ဟေ့- လှဖေရေ၊ မင်းတောတက်… ဒင်းတုံး မတိုက်ရသေးဘူးလားကွ"

"အေး-နောက်ချေး (နွားချေး) …းသွားလို့ ထင်းစပြီးတိုက်တော့မယ်…ကွာ"

"ဘယ်နေ့လောက် တောတက်…မလဲကွ"

"သန်ဘက်ခါ မနက်ကို သွားကြ…လေ၊ မင်းကော လိုက်မှာလား…နံးရ"

"ဟုတ်တယ်၊ မင်းနဲ့အတူလိုက်ဖို့ အဖော်လာစပ်တာပဲကွ"

ထို့ကြောင့် သန်ဘက်ခါ မနက် ဘက်ရောက်လာသောအခါ လှဖေနှင့် ငထွန်းတို့လည်း လွှ၊ တူ၊ သပ်များနှင့် ထမင်းပါထုပ်လာကာ ထင်းတုံးတက် ဖြတ်ရန် တောတက်လာခဲ့ကြလေသည်။

လှဖေတို့ရွာက ပဲခူးရိုးမတောင် တန်းကြီး၏အရှေ့ဘက် သုံးမိုင်ခန့်ဝေး သော တောင်ခြေနှင့် မနီးမဝေးရွာ ဖြစ် သည်။ ထင်း၊ ဝါးများခုတ်ကြလျှင် ပထမ တစ်ရက်တွင် လူလုံးချည်းတက်၍ ခုတ် ထား၊ ဖြတ်ထားခဲ့ရသည်။ နောက်တစ် နေ့ နံနက် လေးနာရီလောက် အိမ်မှ လှည်းပါမောင်းတက်လာပြီး ထိုတုံး၊ ဝါး တို့ကိုစွတ်ဆွဲချ၍ လှည်းစခန်း၌ လှည်း ပေါ်တင်ကာ ရွာသို့ မောင်းသယ်ကြရ လေသည်။

"ဟေ့- ငထွန်းရေ၊ ငါတို့ ဘယ် ကြောပေါ်တက်ကြမလဲကွ"


"အိုကွာ၊ ခပေါင်းပင်စခန်းအ ထက်က မြရာပင်ကြောပေါ် တက်ကြ မယ်လေကွာ။ အဲဒီကြောက သစ်မာပင် တွေပေါတယ်ကွ"

သူတို့နှစ်ယောက် မြရာပင်ကြော ပေါ်ရောက်လာကြကာ ထင်းကောင်း မည့်သစ်မာပင်ကို လိုက်ရှာကြသည်။

"ဟာ-လှဖေရေ၊ ဒီအပင်က သစ် ဆတ်ပင်ပဲကွ။ ထင်းတော်တော်ကောင်း တယ်၊ ခွဲရတာလည်း လွယ်တယ်။ ပြီး တော့ ထင်းဆိုက်ရင်လည်း မီးတောက် ကောင်းပြီး မီးကျီးခဲလည်း ရတယ်ကွ"

"အေး- ဒါဖြင့် ဒီအပင်ကို လှဲကြ မယ်ဟေ့"

နှစ်ယောက်သားမှာ သစ်ပင်လှဲချ





www.burmeseclassic.com

www.burmeseclassic.com

မည့်နေရာကိုကြည့်ကာ သစ်ပင်အရင်းနားမှစ၍ လွှနှင့်တိုက်ဖြတ်ကြသည်။ ပထမတွင် လွှတစ်ကြောင်းကို သစ်ပင်ပင်စည်၏ တစ်ဝက်ခန့် လွှဖြတ်လိုက်သည်။ ပြီးလျှင် သစ်ပင်လဲချမည့်ဘက်၏အပေါ်ဘက် တစ်ထွာခန့်အကွာမှ လွှတစ်ကြောင်းဖြတ်သည်။ ပြီးလျှင် လဲချမည့်ဘက်မှ ရဲတင်းနှင့်ပေါက်ထုတ်လိုက်သည်။

"ကဲဟေ့၊ သစ်ပင်လဲကျအောင် ကျောဘက်ကနေ လွှတိုက်ချမယ်ဟေ့။ သတိထားပြီး ဆွဲနော်"

နှစ်ယောက်သား သစ်ပင်၏ကျောဘက်မှလွှတိုက်ပေးကြရာ သစ်ပင်ကြီးမှာ တဖြည်းဖြည်း ဖြိုးဖြိုးဖျစ်ဖျစ် မြည်လာကာ လဲချမည့်ဘက်သို့ ယိုင်လာ၏။

"ဟေ့ ငထွန်း- သတိထားနော်၊ သစ်ပင်ကြီးလဲကျတော့မယ်ဟေ့"

"ဗြော. . . ဝုန်း"

ကျယ်လောင်သော အသံကြီးနှင့်အတူ သစ်ပင်ကြီး မြေပြင်ပေါ်သို့လဲကျသွားခဲ့လေသည်။

"ဟာ- ပင်စည်က တစ်ဖြောင့်တည်း တော်တော်ရှည်တာပဲကွ၊ မင်းနဲ့ငါ ထင်းတုံးနှစ်ဖြတ်စာစီရမယ်ကွ"

ထိုပင်စည်ကြီးအား ရှစ်တောင်စီလေးပိုင်း ပိုင်းဖြတ်ခဲ့ကြသည်။ ပြီးလျှင် ထိုဖြတ်ပြီးတုံးထိပ်တွင် သံကြိုးတပ်ချိတ်၍ စွတ်ဆွဲယူနိုင်ရန် သစ်နဖားဖောက်ထွင်းခဲ့ကြသည်။ သစ်တုံးအောက်ဘက်ကိုလည်း စွတ်ဆွဲချသည့်အခါ စွတ်လမ်းကြောင်းနှင့် မတိုက်နိုင်အောင် ရဲတင်းနှင့် လှူးချွန်ခဲ့ကြသည်။

"ကဲဟေ့၊ နောက်နေ့ မနက်ကို စွတ်နဲ့တက်လာပြီး စွတ်ဆွဲချဖို့ အဆင်သင့်ဖြစ်ပြီကွ။ မြောင်ထဲဆင်းပြီး ထမင်းစားကြမယ်၊ ပြီးတော့ မြောင်ထဲမှာ နေခို့နေပြီး ညနေစောင်းရင် ပြန်ကြမယ်ဟေ့"

နှစ်ယောက်သား မြောင်ထဲဆင်းလာကာ ရေစမ်းတစ်ခုဘေးတွင် ထိုင်၍ ပါလာသော ထမင်းထုပ်ကိုဖြေကာ စားဦးစားဖျား တင်မြှောက်ကြပြီး စားခဲ့ကြလေသည်။ ထိုရေစမ်းနားက ကျောက်တုံးပေါ်တွင် နေရိပ်ခိုကာ နားနေခဲ့ကြပြီး ညနေစောင်းတွင် ရွာသို့ပြန်လာခဲ့ကြလေသည်။

နံနက်ခင်း ကြက်ဦးတွန်လျှင် လှဖေတို့ လှည်းကောက်ကာ တောတက်လာကြသည်။ လှည်းစခန်းသို့ ဝေလီဝေလင်းအချိန်၌ ရောက်ကြသည်။ လှည်းဖြုတ်ထားပြီး စွတ်ထမ်းပိုးကောက်ကာ ထင်းတုံးဖြတ်ထားရာနေရာသို့ စွတ်လမ်းအတိုင်း မောင်းတက်လာကြသည်။

"ကဲဟေ့- တစ်ယောက်တစ်တုံးစီကို သံကြိုးချိတ်ပြီးဆွဲသွားကြမယ်"

သစ်တုံး တစ်တုံးစီကို စွတ်လမ်းကြောင်းအတိုင်း မောင်း၍ ဆွဲချလာခဲ့ကြရာ လှည်းစခန်းသို့ရောက်ခဲ့ကြသည်။ ထိုတုံးကို လှည်းမြီးတိုပေါ်သို့ တင်ကာ သံကြိုးပတ်၍ ခိုင်မြဲအောင် ဂျက်တုပ်ခဲ့ကြသည်။ အားလုံး အဆင်သင့်တင်ပြီးသွားလျှင် လှည်းကောက်၍ ရွာသို့ ပြန်မောင်းလာခဲ့ကြရာ နံနက် (၁၁) နာရီကျော်အချိန်တွင် အိမ်သို့ရောက်ခဲ့ကြတော့သည်။

❂

မနေ့ နေ့ခင်းက တလင်းထဲတွင် လှည်းပေါ်မှချထားသော ထင်းတုံးကို တစ်တောင်တိုစီ ပိုင်းဖြတ်ကြရသည်။ ထင်းတုံး ရှစ်ပိုင်းရခဲ့ကြသည်။

"သားရေ၊ အိမ်ပေါ်က ပုဆိန်ယူလာခဲ့ဟေ့"

"ဒီမှာ အဖေ၊ ပုဆိန်"

လှဖေလည်း ထိုထင်းတုံးအတိုများကို ပုဆိန်ဖြင့် ပေါက်ခွဲနေသည်။ သစ်ဆတ်သားဖြစ်၍ ထင်းခြမ်းများ ပေါက်ခွဲရသည်မှာ လွယ်ကူလှသည်။ ရလာသောထင်းခွဲခြမ်းများကို တလင်းထဲ နေပူပူတွင် နေလှန်းထားလေသည်။ လှဖေတို့အိမ်ထောင်စုအတွက် တစ်မိုးတစ်ဆောင်းစာထင်းက ထင်းတုံး လေး၊ ငါး၊ ခြောက်တုံး ခွဲပြီး ခွဲလှန်းထားမှ လောက်နိုင်မည် ဖြစ်သည်။ ကျေးလက်ဒေသဖြစ်၍ လျှပ်စစ်ဓာတ်အားမသုံးနိုင်ခြင်းကြောင့် ချက်ပြုတ်ရာတွင် ထင်းဖြင့်သာ သုံးစွဲကြရသည်။ ယခုလို နွေကာလ၌ ထင်းကို အလုံအလောက်တိုက်ကာ ခွဲခြမ်းခြောက်များလုပ်၍ ထင်းစင်တွင် ရေလုံ၊ မိုးလုံ ထားရသည်။ ချက်ပြုတ်ခါနီးမှ ထင်းခြမ်း သုံး၊ လေးခြမ်းကို ဖိုဝင်ထင်းချောင်းများထပ်စိတ်ကာ မီးဆိုက်ကြရသည်။ နွေကာလကတည်းက ထင်းလုံလုံလောက်လောက် မသိုလှောင်ထားပါက မိုးတွင်းအခါ ချက်ပြုတ်ရန် အခက်တွေ့ကြပေမည်။ အနီးအနားမှလည်း ဆွဲလွဲစရာ မရှိ။ ထင်းစိုနေလျှင် မီးခိုးအူထွက်ပြီး မီးမတောက်သဖြင့် အိမ်ရှင်မများ စိတ်ပျက်ကြရတော့သည်။

လှဖေနှင့် ငထွန်းလည်း ထင်းနှစ်တုံးစီဆွဲပြီးနောက် တောတက်လာကြပြန်သည်။ နောက်ထပ် ထင်းတုံးသုံးတုံးစီရလျှင် တစ်မိုး၊ တစ်ဆောင်းစာ ထင်းလောက်နိုင်ကြမည် ဖြစ်သည်။

"လှဖေရေ၊ ငါတို့ ဒီတစ်ခေါက်တော့ တောထဲမှာ ထင်းသုံးတုံးစီ ရ
အောင်လှဲထားခဲ့မှပဲကွာ"

"ဟုတ်တယ်ဟေ့၊ ဒါမှ ထင်းတုံး
တွေကို ဆက်တိုက်မောင်းသယ်နိုင်မယ်
ကွ"

သူတို့နှစ်ယောက် မြရာပင်ကြော
ပေါ်တွင် ဖြတ်လှဲမည့် ထင်းရမည့်အပင်
ကို ရှာဖွေကာ သစ်ပင်သုံးပင် ထပ်လှဲခဲ့
ပြီး ထင်းနှစ်တုံးစီ ဖြတ်ခဲ့ကြသည်။

ထိုထင်းတုံး သုံးတုံးစီကို ရွာသို့
ဆက်တိုက် သယ်ယူခဲ့ကြလေသည်။
ထင်းသုံးတုံးစီ သယ်ပြီးသွားသောအခါ
တောတက်သည့်ကိစ္စ ပြီးဆုံးခဲ့တော့
သည်။ အိမ်သို့ရောက်သော် ထင်းတုံးများ
ကို ပိုင်းဖြတ်ကာ ပေါက်ခြမ်းပြီး နေလှန်း
ရန်ပင် ဖြစ်သည်။

"အဖေ၊ လွှဆွဲရတာ တဂျစ်ဂျစ်နဲ့
အထဲက ဘာခံနေလဲ မသိဘူးဗျ"

"ဟာ- ဟုတ်ပါရဲ့၊ လွှစာထဲမှာ ဝ
ဝါအမှုန့်ကလေးတွေ ပါလာပါလား"

ထိုတုံးအား ဆက်မဖြတ်သေးဘဲ
တခြားနေရာကသာပိုင်းဖြတ်ခဲ့ကြသည်။

"သားရေ၊ ဒီထင်းတုံးအပိုင်းကို
ဆက်မဖြတ်ဘဲ သပ်နဲ့ခွဲထုတ်ကြည့်ကြ
မယ်ကွ"

မကြာမီ ထိုထင်းတုံးပိုင်းကို သပ်
ရိုက်၍ ခွဲခဲ့ကြသည်။

"ဟာ"

"ဟင်"

"ဘုရားရုပ်ပွားတော်လေးတစ်ဆူ
ပါလား"

"ကြေးရုပ်ပွားတော်လေးပဲကွ၊ လွှ
ကြောင်းတောင် နည်းနည်းထိသွားတယ်
ကွာ"

"ဟုတ်တယ်၊ ဒါကြောင့် လွှစာထဲ
မှာ ဝါဝါအမှုန့်ကလေးတွေပါလာခဲ့တာ
ပဲ"

"ဒါပေမယ့် မဆိုသလောက်လေး
ထိသွားခဲ့တာပါကွာ"

လှဖေက ထိုကြေးရုပ်ပွားတော်
ကလေးကို ရေသပ္ပာယ်ပေးပြီး တို
ချွတ်ပွတ်ပေးခဲ့ရာ ကြေးဝါရောင်ထွက်
လာကာ ကြည်ညိုဖွယ် ဖြစ်လာခဲ့သည်။

"အင်း- ဘုရားရုပ်ပွားတော်ကို
တော့ အနိမ့်မှာထားလို့မသင့်တော်ဘူး၊
ဘုရားစင်မှာတင်ထားပေးမှပဲ"

ထင်းတုံးထဲမှ ဘုရားရုပ်ပွားတော်
ကလေးတစ်ဆူရရှိကြောင်း ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

အတင်းပြန့်သွားသဖြင့် ရွာထဲမှလူများ က လာရောက်ဖူးမြော်ကြည်ညိုကြ၏။

"ဟယ်- လှဖေ၊ ဘုရားအတွက် ရည်စူးပြီး လှူနိုင်တန်းနိုင်အောင် အလှူခံသေတ္တာကလေး ဘာလေး ချထားပေးပါ ဟေ့။ ကြည်ညိုသဒ္ဓါရှိသူတွေက ထည့်ဝင်လှူဒါန်းကြတော့ ဘုရားအတွက် ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးနိုင်တာပေါ့ ကွယ်"

ရွာထဲမှ ဘုရားဖူးလာကြသည့် အသက်ကြီးကြီး အဒေါ်ကြီးတစ်ဦးက အကြံပေးလာသဖြင့် ဘုရားရှေ့စားပွဲတွင် အလှူငွေ ထည့်ဝင်လှူဒါန်းနိုင်ရန် ပြင်ဆင်ထားပေးခဲ့သည်။ ရွာထဲမှ ရွာသူ ရွာသားများ၊ အနီးပတ်ဝန်းကျင်ရွာများမှပါ ဘုရားလာဖူးကြကာ အလှူငွေများထည့်ဝင်လှူဒါန်းပေးကြလေသည်။

တစ်နေ့ခင်းတွင် ရွာဦးကျောင်းမှ ဆရာတော်က လှဖေအိမ်သို့ ကြွရောက်လာခဲ့သည်။

"ဟယ်- ဒကာလှဖေ၊ သစ်ပင်ရဲ့ အသားထဲက တွေ့ရတဲ့ဘုရား ဆိုတော့ ဒီဘုရားရုပ်ပွားတော်ကလေးဟာ ရှေးဟောင်းဘုရားရုပ်ပွားတော်တစ်ဆူ ဖြစ်ထိမ့်မယ်ကွယ့်၊ သစ်ပင်ပေါ်တင်ထားရင်း သစ်ပင်ကြီးလာခဲ့ပြီး ရုပ်ပွားတော်လေးကို ငုံမိသွားပြီး သစ်ပင်ထဲရောက်သွားခဲ့တာ ဖြစ်မယ်။ ဒါကြောင့် ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်လေးဖြစ်လို့ ရိုရိုသေသေနဲ့ ကျကျနနထားပြီး ယုံယုံကြည်ကြည်နဲ့ ပူဇော်ထားကွယ့်။ မင်းဘုရားရုပ်ပွားတော်ကလေးရဲ့ ဘုန်းတန်ခိုးအာနုဘော်ကြောင့် လူချမ်းသာဖြစ်လာပြီး အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းနိုင်တယ်ဟေ့"

"မှန်လှပါဘုရား၊ တပည့်တော် ယုံယုံကြည်ကြည်နဲ့ အလေးအမြတ်ထားပြီး ပူဇော်ပါ့မယ်ဘုရား"

"အိမ်း- သာဓု သာဓု သာဓု"

ကိုလှဖေလည်း ဘုရားဖူးများ အလွယ်တကူ ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် သူ့အိမ်ခေါင်းရင်း မြေကွက်လပ်တွင် ဘုရားရုပ်ပွားတော်ကလေးထားရန် ဂန္ဓကုဋီသဘောမျိုး အဆောက်အအုံကလေး သီးသန့်ဆောက်၍ ရုပ်ပွားတော်လေးကို အများမြင်သာအောင် ထားခဲ့လေသည်။

"ဟာ- ဒီကြေးရုပ်ပွားတော်ကလေးကိုဖူးမြော်ပြီး လိုရာဆုတောင်းတာ ဆုတောင်းပြည့်သဟေ့"

"ဟုတ်ပ့ါတော်၊ ကျုပ်ချောင်းဆိုးရောဂါရနေတာ ဆေးအမျိုးစုံအောင် သောက်ခဲ့တာလည်း ကြာပြီ၊ မပျောက်နိုင်ခဲ့ဘူးတော်။ အရင်တစ်ခေါက် ဒီရုပ်ပွားတော်ကလေးကို သောက်တော်ရေ ဆက်ကပ်ပြီး ပြန်စွန့်ယူသွားတဲ့ ဘုရားသောက်တော်ရေကို တစ်နေ့နည်းနည်း သောက်ပေးခဲ့တာ ကျုပ်ရဲ့ချောင်းဆိုးရောဂါပျောက်သွားလို့ ချောင်းတစ်ချက်မှ မဆိုးတော့ဘူးတော့်"

တစ်နေ့နံနက်တွင် သားငယ်အား ရှင်ပြုပေးနိုင်ရေးအတွက် ကိုလှဖေ မြို့တက်၍ စပါးရောင်းချခဲ့သည်။ နောက်ထပ် မတ်ပဲများ ရောင်းချပြီးပါက သားဖြစ်သူအား ရွာထဲက အလှူတွင် ရှင်တစ်ပါးထည့်ဝင်ကာ ရှင်ပြုပေးနိုင်မည်ပင် ဖြစ်သည်။

"ဟာ- သားလေးရှင်ပြုပေးရာမှာ ဖောဖောသီသီလေး ပေးလှူနိုင်အောင် ငါ ထီတစ်တွဲတော့ ထိုးသွားဦးမှာပဲ။ ရုပ်ပွားတော်ကလေးကို ကြည်ညိုသဒ္ဓါစိတ်နဲ့ ယုံကြည်စွာပူဇော်ခဲ့တဲ့အကျိုးကြောင့် ထီပေါက်ရပါလို၏ဘုရား"

ကိုလှဖေလည်း ထိုသို့ ဓိဋ္ဌာန်ကာ မင်္ဂလာမောင်နှံတစ်တွဲ ထိုးလာခဲ့လေသည်။

BURMESE CLASSIC .com

◎

အလှူရက်က နီးကပ်လာပြီဖြစ်၍ အလှူမဏ္ဍပ်ကြီးပင် ထိုးပြီးကြလေပြီ။ ပေါက်ပေါက်ဖောက်သူ၊ မုန့်ဆီကြော်ကြော်သူ၊ ပေါက်ပေါက်ဆုပ်လုံးသူများက မဏ္ဍပ်တွင်း၌ အလုပ်ရှုပ်နေကြလေသည်။

"ဟေ့ လှဖေ၊ ဒီမှာ မြို့က မင်းနဲ့ တွေ့ချင်လို့တဲ့"

"ကိုလှဖေဆိုတာ ဒီက ဦးလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ဘာကိစ္စများပါလိမ့်"

"ဩော်- ကျွန်တော်တို့က ဦး- ထီဆိုင်မှာထိုးထားတဲ့ထီပေါက်လို့ လာအကြောင်းကြားတာပါ ခင်ဗျာ၊ ဦးရဲ့ထီလက်မှတ်ကလေးလည်း ပြပါဦး"

ကိုလှဖေက သူ့အိမ်ရှိဘုရားရုပ်ပွားတော်ရှေ့တွင် တင်ပြီး သိမ်းထားသော ထီလက်မှတ်ကလေးကို ပြေးယူလာခဲ့သည်။

"ဟာ- ဦးလေးတော့ ပွတာပဲ၊ သိန်း (၁၅၀၀) ဆုကြီး ပေါက်နေပြီဗျ"

"ဟုတ်ရဲ့လား မောင်ရင်ရယ်"

"ဟုတ်ပါတယ် ဦးရဲ့၊ ဟောဒီ ထီပေါက်စဉ်နံပါတ်နဲ့ ဦးလက်မှတ်နံပါတ်တွေ တိုက်ကြည့်ပါလား။ အက္ခရာရောနံပါတ်ပါ အတူတူပဲလေ"

ထိုသို့ အသေအချာတွေ့မြင်ပြီးမှ ကိုလှဖေ ဝမ်းအသာကြီးသာခဲ့လေတော့သည်။

"ဟာ- ဒါဟာ ငါ သစ်ပင်ထဲက ရတဲ့ ကြေးဘုရားရုပ်ပွားတော်လေးကို သန့်စင်ပြီး ရိုရိုသေသေနဲ့ ယုံယုံကြည်ကြည်ပူဇော်ခဲ့လို့ ဒီလို အကျိုးထူးခဲ့ရတာပဲ"

သူ မြို့တက် စပါးရောင်းသွားစဉ်က သူ့သားအား ရှင်ပြုပေးနိုင်ရန် ရည်စူးပြီး ဗုဒ္ဓရုပ်ပွားတော်ကလေးကို ပူဇော်ရကျိုးနဲ့ ထီဆုကြီးပေါက်ရန် ရည်မှန်းပြီး ထီထိုးခဲ့ခြင်း ဖြစ်သည်။ သူ ထီလက်မှတ်ကို ဗုဒ္ဓကြေးရုပ်ပွားတော်လေးစံပယ်ရာ ဂန္ဓကုဋီတိုက်ထဲရှိ ရုပ်ပွားတော်ကလေး အောက်၌ ပူဇော်ပြီးထားခဲ့ခြင်း ဖြစ်သည်။ လကုန်ပြီးတစ်ရက်နေ့၌ ထီဖွင့်ရက်ဖြစ်သည်ကို သိခဲ့သော်လည်း ထီပေါက်စဉ်က မဝယ်ရသေး၍ တိုက်မကြည့်ရသေးသဖြင့် ထီပေါက်နေမှန်း မသိရှိခဲ့ပေ။ ယခု ထီဆိုင်မှ ထီပေါက်စဉ်ပါယူလာပြီး တိုက်ပြလာမှပင် အမှန်တကယ် ထီပေါက်နေကြောင်း သိရှိခဲ့ရတော့သည်။

"လှဖေရေ၊ ဒါဟာ မင်း ဗုဒ္ဓရုပ်ပွားတော်ကလေးကို ရိုရိုသေသေနဲ့ ယုံကြည်သဒ္ဓါပွားပြီး ပူဇော်ပေးရကျိုးပဲပေါ့ကွာ။ လှူမယ့်တန်းမယ့်ဆဲဆဲအချိန်မှာ အခုလို ထီဆုကြီးပေါက်ပြီး အကျိုးပေးလာလေတော့ မင်းအလှူမှာ စိတ်ကြိုက်လှူလို့ရပြီပေါ့ကွာ"

"ကဲကဲ- ကျွန်တော့်သား အပါအဝင် ဒီစုပေါင်းအလှူပွဲကြီးကို ကြီးကြီးကျယ်ကျယ်ဖြစ်အောင် ကျွန်တော်ကပဲ ထည့်ဝင်လှူပေးပါရစေဗျာ"

"မင်းက ဘယ်လိုတွေ ထည့်ဝင်ပေးချင်လို့လဲကွ"

"ဒီလိုဗျာ၊ ဒီအလှူမှာ အလှူအဝင်နေ့ ညဘက်မှာ အငြိမ့်ပွဲထည့်မယ်၊ နာမည်ကြီးဆိုင်းဝိုင်းငှားပြီး ပွဲကြီးနေ့မှာ ဆိုင်းဧည့်ခံတီးစေမယ်၊ မောင်ရင်လောင်းတွေကို ပခုံးနဲ့ထမ်းပြီးလှည့်မယ့်အစား မြင်းတွေငှားပြီး မြင်းနဲ့လှည့်မယ်၊ ပြီးတော့ အလှူပွဲကြွလာဧည့်ပရိသတ်တွေကို မုန့်ဟင်းခါးကျွေးပြီး ဧည့်ခံမယ့်အစား ဝက်သား၊ ကြက်သား၊ ဗာလချောင်ကြော်၊ သရက်ချဉ်သုပ်၊ ဟင်းချို၊ အတို့အမြုပ်စုံတွေနဲ့ ဧည့်ခံကျွေးမွေးပေး



www.burmeseclassic.com

www.burmeseclassic.com

# သွားနာပျောက်ရန် ကုနည်းမှန်

## သဒ္ဓါ(ဥပဒေ)

သွားနှင့် ပတ်သက်ပြီး ခံစားရသောဝေဒနာများတွင် သွားနာခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

သွားနာရခြင်း အကြောင်းရင်းများစွာ ရှိကြပါသည်။ မာကျောသော အစားအစာများကို လွန်စွာ စားသုံးမိခြင်းကြောင့် ဖြစ်စေ၊ အချို့ အလွန်မာသော ပုလင်းပိတ်ခွံများ၊ ကြိုးစများကို အမှတ်တမဲ့ အလွယ် သွားနှင့်ကိုက်ဖြတ်မိခြင်းများကြောင့် ဖြစ်စေ၊ ခန္ဓာကိုယ်တွင်းအပူများခြင်းကြောင့် အပူအထက်သို့မူတ်ပြီး သွားများကိုနာစေခြင်းကြောင့် ဖြစ်စေ စသည့် အကြောင်းအချက်များကြောင့် သွားနာမှုကို ဝေဒနာတစ်ခုအနေနှင့် ခံစားကြရပါသည်။

လူတစ်ဦး၏ ကျန်းမာရေးတွင် အစာကို ကြေညက်စွာ ဝါးစားပေးခြင်းလည်း ပါဝင်သဖြင့် သွားနာသည့်အခါ အစာကို ကြေစွာ ဝါးမစားနိုင်တတ်ကြပါ။ ဒီအခါ အစာမကြေခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းခဲခြင်း စသဖြင့် နောက်ဆက်တွဲ ခံစားလာရနိုင်ပါသည်။ ဒါကြောင့် သွားနာသည့်အခါ အတတ်နိုင်ဆုံး နူးညံ့ပျော့ပျောင်းသော အစားအစာကို ရွေး၍စားသုံးပေးပြီး ယခုဖော်ပြမည့်ဆေးနည်းကို အသုံးပြုပေးပါ။

ဆေးအချိန်မှာ လက်ချား (၁)ဆတွင် ကျောက်ချဉ် (၃) ဆ ရော၍ ပြုလုပ်ရပါမည်။ မိမိလိုသလို အတိုး၊ အလျှော့ပြုပါ။ အချိုးအစားမှာ (၁) ဆ၊ (၃) ဆ ဖြစ်ပါသည်။

လက်ချား (၁) ဆ၊ ကျောက်ချဉ် (၃) ဆအား သတ္တုခွက်တစ်ခုတွင် ထည့်၍ မီးခဲရဲရဲပေါ်တွင် တင်ထားပေးပါ။ မီးအပူရှိန်နှင့် မကြာခင် ဆေးများ ဆူပွက်လာပါမည်။ ဒီအတိုင်း ထားပေးပါ။ ဆူပွက်မှု ရပ်သွားချိန်ကျမှ ထိုခွက်ကို မီးဖိုပေါ်မှချ၍ အအေးခံပါ။ အေးသွားလျှင် အမှုန့်ပြု၍ လေလုံ သန့်ရှင်းသောဘူးတစ်ခုတွင် ထည့်ပါ။

ဤဆေးမှုန့်အား နာနေသောသွားများသို့ တို့ပေးခြင်း၊ သိပ်ပေးခြင်း ပြုလုပ်ပေးပါ။ ပွတ်တိုက်ရန် မလိုပါ။ တို့ပေး၊ သိပ်ပေးရုံနှင့် လုံလောက်ပါသည်။ အဖိုးနည်းဝန်ပါသော မြန်မာ့ရိုးရာ လက်သုံးဆေးတစ်လက်ဖြစ်ခြင်းကြောင့် အသုံးပြုနိုင်ကြရန် တင်ပြအပ်ပါသည်။

သဒ္ဓါ(ဥပဒေ)

[redacted]

မယ်။ ပင့်သံဃာတွေကို အလှူငွေ ငါးထောင့်ကျပ်စီအစား သံဃာတစ်ပါးကို ငါးသောင်းကျပ်စီ ဝတ္ထုငွေလှူပေးချင်ပါတယ်ဗျာ"

ကိုလှဖေ၏အလှူအတွက် တိုးချဲ့လှူပေးချင်သော ဆန္ဒကို ကျန်အလှူရှင်များကပါ သဘောကျ လက်ခံခဲ့ကြလေသည်။

မကြာမီရက်ပိုင်း၌ အလှူအဝင်နေ့ရောက်ခဲ့၍ ရှင်လောင်းများကို မြင်းများဖြင့် တသီတတန်းကြီး လှည့်လည်လာခဲ့လေသည်။ တစ်ရွာလုံးက ကွမ်းတောင် ပန်းတောင်ကိုင်များ၊ လူပျို၊ အပျို ကာလသား၊ ကာလသမီးများ၊ လူကြီး၊ လူလတ်၊ လူငယ်များ စည်ကားစွာ အတီးအမှုတ်၊ အကအခုန်များဖြင့် ရှင်လောင်းလှည့်ခဲ့သည်။ ကိုလှဖေ၏ဇနီးက ငွေဖလားထဲ၌ ငါးရာတန်အခေါက်များကို ပေါက်ပေါက်နှင့်ရောထည့်ကာ တစ်လမ်းလုံးကြဲပေးသဖြင့် ကလေးများက တပျော်တပါး လုကောက်ခဲ့ကြလေသည်။ နောက်နေ့ အလှူပွဲကြီးနေ့၌ ရွာထဲ ရပ်နီးရပ်ဝေးမှ အလှူတရားနာလာကြသည့် ဧည့်ပရိသတ်အား ကြက်သား၊ ဝက်သား ကြိုက်ရာစားဖြင့် လိုလေသေးမရှိ ပြည့်စုံအောင် ဧည့်ခံကျွေးမွေးပေးလေသည်။ ထမင်းစားပြီးပါက အချိုရည်တစ်ဘူးစီပါ ပေးခဲ့လေသည်။

"ဟာ- ဒီအလှူပွဲကတော့ကွာ၊ ငါတို့ဒေသဘက်မှာ ဘယ်အလှူပွဲနဲ့မှမတူအောင်ကို ကြီးကြီးကျယ်ကျယ်နဲ့ ထမင်းရည်ချောင်းစီးကို လှူပေးတဲ့ အလှူကြီးပါပဲကွာ"

"ဒါဟာ ကိုလှဖေ သစ်တုံးထဲက တွေ့ခဲ့တဲ့ ကြေးဗုဒ္ဓရုပ်ပွားတော်ကလေးကို ယုံယုံကြည်ကြည်နဲ့ ရိုသေစွာပူဇော်ခဲ့လေတော့ ဒီဌမေ့ အကျိုးပေးလာပြီး ထီဆုကြီး ပေါက်လာခဲ့တယ် မဟုတ်လား။ ဒီတော့ စိတ်ကြိုက် သဘောရှိ အလှူကြီး ပေးနိုင်ခဲ့တာပဲပေါ့ကွာ"

အလှူကြီးပြီးသွားပြီးနောက် တစ်လခန့်အကြာတွင် ထိုဗုဒ္ဓကြေးရုပ်ပွားတော်ကလေးကို အများသူငါ ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်ကြရန် ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းထဲ၌ ဘုရားစေတီကြီးတစ်ဆူတည်ကာ ဌာပနာသွင်း၍ ပူဇော်ခဲ့လေသည်။

ယခုအခါတွင်တော့ ထိုဘုရားစေတီအား 'ဆုတောင်းပြည့်စေတီတော်' ဟု အမည်နာမပေးထားခဲ့လေသည်။

ရပ်နီးရပ်ဝေး၊ မြို့ပေါ် ကျေးလက်ပါမကျန် ထိုဆုတောင်းပြည့်ဘုရားသို့ လာရောက် ဖူးမြော်ကြည်ညိုခဲ့ကြလေသည်။ ဘုရားတွင် တတ်အားသမျှဖေး လှူပူဇော်ကာ လိုရာဆုများတောင်းခဲ့ကြသည်။

ယုံကြည်သဒ္ဓါစိတ်နှင့် အလေးအနက်ထားကာ ပူဇော် ဆုတောင်းကြသူတိုင်း အနည်းနှင့်အများ ဆုတောင်းပြည့်ခဲ့ကြလေတော့သည်။ ထို့ပြင် ကိုလှဖေ သစ်တုံးထဲမှ ဗုဒ္ဓကြေးရုပ်ပွားတော်လေး တွေ့ရှိခဲ့သောနေ့ရက်ရောက်တိုင်း ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကိုလည်း နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ကြလေသည်။

တင့်ထူး(ဇေယျာထီ)



www.burmeseclassic.com

www.burmeseclassic.com

# ကုန်ပစ္စည်းအပါးအရှားတွက်လိုလျှင်

## စိုးလင်းအောင်

*နဝ၊ ဖွေး၊ ဇ၊ တစ်ဆယ်ရေး၊ သုံး*
*လေး ငါး ခြောက်၊ ခွန်နစ်ရောက်၊*
*ထို့နောက် ၂၀၊ ဆဲ့လေးသွယ်၊ ကိန်း*
*ဝယ်ပြီးမှ ကခဂဃင အဆုံးချ။*
*တွက်လိုကောဇာတည်ဖို့ပါ၊ လိုရာ*
*ကိန်းနှင့်လျှောက်၊ သုံးခုမြှောက်ကိုးခု*
*စား၊ သုဉ်းမူ အရှား၊ ဆကား အပေါ၊*
*တြိရောအလတ်၊ မှတ်ကြပြီးခါ ကြွင်း*
*သေသာကို သေချာရှုဆ၊ မြင်သမျှ*
*ဖြင့်၊ မုချဟောလေ မယွင်းတည်း*

စပါး၊ ဆန်၊ သစ်၊ ဝါး စသော ကုန်တို့၏ အပေါအရှားကို သိလိုသော် တွက်လိုသော ကောဇာနှစ်ကို တည်၊ စပါး စသော ကုန်တို့၏ အမည်အက္ခရာ ရှိရာ စ - အက္ခရာတို့ဖြင့်ပြသော (၄) ဂဏန်းကိုယူ၊ ပ - အက္ခရာဖြင့်ပြသော (၂၀) ဂဏန်းကိုယူ၊ ၎င်းနှစ်ခုပေါင်း (၂၄) ရ၏။ ပေါင်းကိန်းနှင့် တွက်လိုသော ကောဇာနှစ်နှင့်ပေါင်း၊ (၃) နှင့် မြှောက်၊ (၉) နှင့်စား၊ သုဉ်းလျှင် ၎င်းနှစ် စပါးရှားမည်။ လှောင်ထားသောသူများစွံမည်။ စားသုံးသူများလည်း လုံလောက်စွာ ဝယ်ယူထားသင့်သည်။ (၆) ကြွင်းလျှင် ၎င်းနှစ်စပါးပေါမည်။ (၃) ကြွင်းလျှင် အပေါမရှား (အလယ်အလတ်) စသဖြင့် စပါး၊ သစ်၊ ဝါး၊ ပဲအမျိုးမျိုး စသည်တို့ကို တွက်ကုန်ရာ၏။

ဥပမာ (၁) -

၁၃၇၄ ခုနှစ်မှာ စပါး အပေါ၊ အရှား တွက်ကြည့်လျှင်-

စ - ၄
(ပါး) ပ - ၂၀
၂၄

၁၃၇၄ - (သိလိုသောကောဇာနှစ်)
၂၄ - (စပါးပေါင်းလဒ်)
၁၃၉၈
၃ - (နှင့် မြှောက်)
၄၁၉၄

၉ နဲ့ စားလျှင်

```
      ၄၆၆
၉ | ၄၁၉၄
    ၃၆
    ---
     ၅၉
     ၅၄
     ---
      ၅၄
      ၅၄
      ---
      **
```

ဝကြွင်းသဖြင့် ၁၉၇၄ ခုနှစ်တွင် စပါးရှားမည်။ (ဈေးကောင်းမည်။)

ဥပမာ (၂) -

၁၉၇၄ ခုနှစ်မှာ မတ်ပဲ အပေါ၊ အရှား တွက်ကြည့်လျှင်-

မ - မတ် - ၁
ပ - ပဲ - ၂၀
၂၁

၁၃၇၄ - (သိလိုသောကောဇာနှစ်)
၂၁
၁၃၉၅
၃ - (နှင့် မြှောက်)
၄၁၈၅

၄၁၈၅ ÷ ၉ = ၄၆၅

ဝကြွင်းသဖြင့် ၁၃၇၄ ခုနှစ်တွင် မတ်ပဲရှား၍ ဈေးကောင်းမည်။

ဥပမာ (၃) -

၁၃၇၄ ခုနှစ်မှာ ရွှေဈေးကောင်း၊ မကောင်း တွက်ကြည့်လျှင်-

ရွှေ - ၇ = ၃
၃
၁၃၇၄ - (သိလိုသောကောဇာနှစ်)
၁၃၇၇
၃ - (နှင့် မြှောက်)
၄၁၃၁

၄၁၃၁ ÷ ၉ = ၄၅၉

ဝကြွင်းသဖြင့် ၁၃၇၄ ခုနှစ်တွင် ရွှေဈေးကောင်းပါမည်။

သမ္မာဆန္ဒပြည့်ဝကြပါစေ

**စိုးလင်းအောင် (မြန်အောင်)**

**ဝန်ခံချက်**

*(လောဟိတရာသီကျမ်းမှ ထုတ်နုတ် တင်ပြပါသည်။)*

ပုံသေဇယားကွက်

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၉ | ၂ | ၁ | ၁၀ | ၃ | ၄ | ၅ | ၆ | ၇ | ၂၀ | ၁၄ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည | ဋ |
| ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န | ပ | ဖ |
| ဗ | ဘ | မ | ယ | ရ | လ | ဝ | သ | ဟ | ဠ | အ |



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင်တော့ တိမ်သားငွမ်းစိုင်တို့ အလိပ်လိုက် အဆုပ်လိုက် ငါးကြင်းကွက်သဏ္ဍာန်ကို ဘော်ငွေရောင်အဆင်း လရိပ်ခင်းပေးထား၍ ပြည့်ပြည့်ဝဝ တွေ့ရှိနေရပါသည်။ မွှေးကြူသော ညမွှေးပန်းရနံ့က လေယူရာသို့ အလိုက်သင့်စွာ သင်းတပျံ့ပျံ့ရှိလှသည်။ ထိုအငွေ့အသက်ကိုခံစားရင်း ညှို့လေပြည်ညင်းကြောင့် မြသွေးနွယ်တစ်ယောက် မျက်ခွံများ မှေးစင်းလာပါတော့သည်။

သိစိတ်နှင့် မသိစိတ် နှစ်ခုတို့၏ ဆက်နွယ်မှုလေလား။ မျက်စိမှိတ်ထားသော်ငြား မျက်ဝန်းရိပ်ထဲတွင် မြင်တွေ့လိုက်ရသည်က စေတီတော်ကြီးတစ်ဆူ ထင်းထင်းလက်လက် မြင်တွေ့ရနေပါသည်။ တစ်ခုထူးခြားမှုအဖြစ် မြွေကြီးတစ်ကောင်က မင်းသမီးတစ်ဦးအား ပါးပျဉ်းမိုး၍ စေတီတော်ကို ဖူးမြော်နေ၏။ ရုတ်တရက် ထိုမြင်ကွင်းက ပျောက်ကွယ်သွားပြီး ရိုးချောင်းလေးတစ်ခုကို တွေ့လိုက်ရသည်။ လှေတစ်စင်းနှင့်သားအဖနှစ်ယောက် ကွန်ပစ်နေသည့် မြင်ကွင်းက ဝင်လာပြန်သည်။ မကြာမီ မြူမှုန်များနှင့် ဖုံးကွယ်သွားပြီး အရာရာသည် မှောင်အတိကျသွားလေတော့၏။

အဆက်အစပ်မရှိ မြင်ကွင်းပုံရိပ်တွေက တစ်ခုပြီးတစ်ခု ပေါ်လာ၏။ ထိုအခိုက် နားထဲတွင်ကြားလိုက်ရသည့် စကားက ထူးခြားလှပေ၏။

'အမေ၊ ကျွန်တော် အမေ့သား။ ရိုးချောင်းထဲမှာ ကွန်ပစ်ရင်း အဖေက ထားခဲ့တာ။ အခု ကျွန်တော် ကမာပိုင်



ဘုရားကြီးမှာ ရှိတယ်။ ကျေးဇူးဆပ်ချင်လွန်းလို့ အိမ်ပြန်လာခွင့်ပြုပါနော်'

ကလေးငယ်လေးတစ်ယောက်မှ ကြည့်နေရင်း မြွေနဂါးကြီးသဏ္ဍာန်အဖြစ် ပြောင်းလဲ ပျောက်ကွယ်သွားလေတော့၏။

ထူးဆန်းလိုက်တာ။ မြွေကြီးက တစ်ကောင်တည်း။ ပြီးတော့ အမေဆိုတာ ဘယ်သူလဲ။ စေတီတော်ကြီးက ဘယ်အရပ်မှာရှိလဲ။ ခက်သည်က အဆက်အစပ် ပြတ်တောက်၍နေသည်။ တိရစ္ဆာန်ဘဝပေမို့ အိပ်မက်ပေးပြီး အလှူဒါနပြုခိုင်းနေသည်လား။

မကြာခဏ မက်နေတဲ့အိပ်မက်။

အပြင်မှာ တကယ်များရှိနေရော့လား။ မပီဝိုးတဝါး အတွေးများနှင့် မြသွေးနွယ် အိပ်မရတော့။ ထိုအချိန် နှာသီးဝတွင် စွဲကပ်ငြိတွယ်လာသည်က မွှေးမွှေးပျံ့ပျံ့ စူးစူးရှရှရနံ့လေး။

အို- စိတ်စွဲတာများလားကွယ်။

အိပ်မက်ကလည်း စင်းလွန်းလှတယ်။ တစ်ခုခုတော့ ထူးခြားမှုရှိနေပြီ။ အစ်ကိုလေးနဲ့တိုင်ပင်ကြည့်ဦးမှပဲ အိပ်မက်အကြောင်းအား အတွေးနယ်ချဲ့နေမိသည်။

❂

"အစ်ကိုလေး"

"ဘာလဲ ညီမလေး"

"အစ်ကိုလေးက နယ်စုံခရီးထွက်နေသူမို့ ဗဟုသုတကြွယ်တယ် မဟုတ်လား"

ဟု အစချီကာ ညက အိပ်မက်အကြောင်းကို ပြောပြလိုက်လေသည်။

မြသွေးနွယ်၏စကားကြောင့် ကိုမြင့်ဆွေ တစ်ချက်တွေဝေသွားပါသည်။ ညီမဖြစ်သူသည် မွေးဖွားခဲ့စဉ်က ထူးခြားမှုများ ရှိခဲ့သည်။ မြသွေးနွယ်အား (၆) လသမီးအရွယ်၌ မိခင်ဖြစ်သူ မွေ့များကို မကြာခဏ အိပ်မက်မက်ခြင်း၊ မြွေကြီးတစ်ကောင်မှ မြသွေးနွယ်အား လာရောက် အယောင်ပြခြင်းတို့ ကြုံရလေ၏။

တတ်ကျွမ်းသော ဆရာတော်ကြီးများမှ အသက် (၂၀) မပြည့်ခင် အထူးသတိပေးသည်မှာ ဘဝပြောင်းပေးရန်ဖြစ်၍ ခေတ္တ လူဝတ်ကြောင်ကိုစွန့်၍ ယောဂီဝတ်နှင့်နေရန် အမိန့်ချမှတ်သသဖြင့် ယောဂီဝတ်ခဲ့ရသည်။ ထို့ကြောင့် ကိုမြင့်ဆွေ ညီမဖြစ်သူ၏စကားကို အလေးမထားဘဲမနေ။

"အစ်ကိုလေး မနက် ခရီးထွက်စရာရှိတယ်။ ကိစ္စပြီးတာနဲ့ ဖျာပုံက သူငယ်ချင်း ကိုရန်နောင်ကို စုံစမ်းကြည့်ခိုင်းမယ်။ သူက သမိုင်းသုတေသီဆိုတော့ အဆင်ပြေနိုင်ပါလိမ့်မယ်၊ ဟုတ်လား ညီမလေး"

"ဟုတ်ကဲ့ အစ်ကိုလေး"

နောက်တစ်နေ့တွင် ကိုမြင့်ဆွေသည် ခရီးထွက်လာခဲ့ရာ ကိစ္စများ ပြီးစီးသောအခါ သူငယ်ချင်း ကိုရန်နောင်အိမ်သို့ ရောက်ရှိလာပါသည်။ ကိုရန်နောင်တို့အိမ်သည် ဖျာပုံမြို့ (၉) ရပ်ကွက်ထဲတွင်ရှိပြီး အတော်အတန်ကျယ်ဝန်းသည်။ ကိုမြင့်ဆွေအား တွေ့သည်နှင့်-

"လာ- ကိုမြင့်ဆွေ၊ မတွေ့ရတာတောင် အတော်ကြာပြီ"

"မတွေ့ဆို ကျွန်တော်လည်း အလုပ်ကိစ္စနဲ့ မလည်ဘူးဖြစ်နေတယ်။ အခုတောင် ကိုရန်နောင်ကို ညီမလေးကိစ္စ တိုင်ပင်ချင်လို့ဝင်လာတာ"

"သြော် - တိုင်ပင်ပါ၊ ဘာအကူအညီပေးရမလဲ ပြောလေ"

"ဒီလို ကိုရန်နောင်ရေ"

ဟု စေတီတော်နှင့် မြသွေးနွယ်



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အကြောင်းကို ပြောပြလိုက်သသည်။

"စေတီတော်ဘွဲ့တော်များ သိရမလား"

"အင်း. . . ညီမလေးပြောတော့ ကမာပိုင်လား၊ ကမာပိုလား မသိဘူး။ ထူးခြားတာက စေတီတော်ကို မင်းသမီးတစ်ပါးက ဦးခိုက်နေတယ်တဲ့"

"ဒီလောက်သိရရင် ရပါပြီ။ မြသွေးနွယ်ပြောတဲ့ စေတီတော် တစ်ဆူတော့ ရှိတယ်။ ကမာပိုင် ဆိုတာ တယ်တော့ မှန်လိုခေါ်တာ။ မြန်မာဆိုရင် ထမင်းကန်စေတီပေါ့"

"ကိုရန်နောင် စေတီတော်သမိုင်းတော့ အနည်းအကျဉ်းသိမှာပေါ့"

"ကျွန်တော် သိသလောက်ပြောရင်တော့ ကမာပိုင်စေတီတော်ဟာ ဖျာပုံနဲ့ (၉) မိုင်လောက်ဝေးပြီး ဖျာပုံ-ကျုံကခွန်း ကားလမ်းဘေးမှာ ရှိတယ်။ ဒါပေမယ့် အစောင့်အရှောက်နည်းနည်းကြီးတယ်လို့ လူပြောများတယ်။ မြန်မာ ၉၁၂ က ဟံသာဝတီမင်း သုရှင်တာရှုတ်ပိရဲ့မိဖုရား ပုလဲဒါလီ တလပြည်သို့ တပင်ရွှေထီးကိုစစ်ရှုံးတော့ စစ်ရှောင်တိမ်းရင်း တဒင်္ဂဖြစ်ပေါ်လာတဲ့ စိတ်ကလေးနဲ့ တည်သွားခဲ့တဲ့ စေတီတော်ကြီးပဲ"

"မြွေနဲ့ပတ်သက်တာတော့ မကြားမိဘူး။ အဲ- တစ်ခုထူးခြားတာက အရှေ့တောင်ထောင့်က မိဖုရားကြီးရုပ်တုပဲ။ ဘာကြောင့်လဲမသိ၊ မထိရ မကိုင်ရလို့ တားမြစ်ထားတာ တွေ့တယ်"

"ဟင်-မိဖုရားရုပ်တုရှိတယ် ဟုတ်လား။ ဒါဆိုရင် ညီမလေးအိပ်မက်ထဲမှာ ဖူးတွေ့ရတဲ့ဘုရားကြီးများ ဖြစ်နေမလား"

"ပိုပြီးသေချာသွားအောင် မြသွေးနွယ်ကို အားတဲ့ရက်ခေါ်ပြီး ဖျာပုံကို လာလည်ကြပါလား"

"အဲဒီအစီအစဉ်လောက်ကောင်းတာ မရှိဘူး ကိုရန်နောင်ရေ"

ဟု ပြောလိုက်ရာ ကိုရန်နောင်မှာ ပြုံးပြုံးလေးနှင့် ကျေနပ်သွားမိလေတော့သည်။

❂

"အို. . ."

"ဟင်. . . ဟယ်"

"ဟာ. . ."

ကမာပိုင်စေတီတော်ကြီးကို ဖူးတွေ့လိုက်ပြီးနောက် မြသွေးနွယ်မှာ နှုတ်မှအသံထွက်သည်အထိ အံ့သြဝမ်းသာကြည်နူးမှုများနှင့် ပြောမပြတတ်နိုင်အောင် ပီတိဖြစ်နေမိ၏။

"ဟို. . . ဟို- အစ်ကိုလေး၊ ဒါ. . . ဒါ ညီမလေးအိပ်မက်မက်တဲ့စေတီတော်ကြီး။ မိဖုရားကြီးရုပ်တုက စေတီတော်ကိုလက်အုပ်ချီနေလိုက်တာ အိပ်မက်ထဲကအတိုင်းပါပဲလား။ ထူးဆန်းလိုက်တာနော်"

မြသွေးနွယ်မှာ စေတီတော်ကို စိတ်တိုင်းကျ လှည့်ပတ်၍ ဖူးမြော်နေမိသည်။ မကြာမီ ဘုရားဝေယျာဝစ္စ အလှူခံအဖွဲ့မှ ဓာတ်စက်သံ ထွက်လာပါသည်။

"ဘုရားအမ မြသွေးနွယ် ချွေးနဲ့စာဖြင့် စုဆောင်းငွေ သမိုင်းဝင် ထမင်းကန် ကမာပိုင်စေတီတော်ကြီး ဘက်စုံဖွံ့ဖြိုးမှုအတွက် ငွေကျပ် (၅၀၀၀) လှူဒါန်းပါသည်။ ဘုရားအမနှင့် ဓာတ်ဆက်၊ ပဋ္ဌာန်းဆက်ရှိသူအပေါင်းအား အလှူဒါနအတွက် ရရှိသော ကုသိုလ်ကောင်းမှုအား အမျှအတန်းပေးဝေပါသည်။ အားလုံး အမျှရရန် သာဓုခေါ်ဆိုနိုင်ကြပါစေ"

"သာဓု. . . သာဓု. . . သာဓု"

ထိုနေ့က သမိုင်းသုတေသီ ကိုရန်နောင်၏ညွှဝတ်ကျေပွန်မှုနှင့် မြသွေးနွယ်တို့မှာ ကမာပိုင်ဘုရားကြီးကို မျက်မြင်ဖူးတွေ့နိုင်ခဲ့၍ အိပ်မက်ထဲကတောင့်တခဲ့သောဆုတို့ ပြည့်ခဲ့လေပြီ ဖြစ်သလို မောင်ရန်နောင်နှင့် နှလုံးသားချင်းနီးစပ်ဖို့ အကြောင်းခွင့်ကြုံခဲ့သောကြောင့် ဖျာပုံမြို့မှအပြန် နှလုံးသားချင်း ရင်းနှီးခဲ့သော သူတို့နှစ်ယောက်အား နှစ်ဖက်မိဘများက အရှည်ကို ကြိုတွေးလျက် နွေရာသီတွင် အကျဉ်းချုံးမင်္ဂလာပွဲဆင်နွှဲခဲ့ရာ အကြင်လင်မယားအဖြစ်သို့ပါ



ကျော်ဇင်မြ

ကမာပိုင်ဘုရားမှ အလွမ်းစကား



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိခဲ့ပါလေတော့၏။

တစ်ည မြသွေးနွယ် ဘုရားရှိခိုးပြီး အိပ်ရာဝင်သောအခါ မောင်ရန်နောင် သူ၏စာကြည့်ခန်းထဲ၌ စာဖတ်နေ၏။

မကြာမီ မောင်ရန်နောင် အိပ်ရာဝင်ရန် အခန်းတံခါးဝရောက်သော် ခြေလှမ်းများ တုံ့ဆိုင်းသွား၏။ မြင်ကွင်းက မလှပ။ မြသွေးနွယ်၏ခုတင်ဘေးတွင် မြွေကြီးတစ်ကောင်ခွေနေသည်ကို တွေ့လိုက်ခြင်းကြောင့် ဖြစ်သည်။

ရုတ်တရက်မို့ မှင်တက်သွားမိသော မောင်ရန်နောင်မှာ သတိပြန်ဝင်လာပြီး စိုးရိမ်စိတ်နှင့် မြွေကြီးကိုဖယ်ရှားရန် သစ်သားတုတ်ကောက်ကိုလှမ်းအယူ-

"အစ်ကိုနောင်၊ သူ့ကို ရန်မပြုပါနဲ့။ မေတ္တာထားပါနော်"

မြသွေးနွယ်စကားကြောင့် မောင်ရန်နောင်မှာ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွား၏။

"နွယ်၊ ဒါ မြွေကြီးတစ်ကောင်လေ။ လူကို အန္တရာယ်ပြုရင် ဘယ်လိုလုပ်မလဲ"

"အစ်ကိုနောင်က အခုမှတွေ့လို့ကိုး။ သူရောက်နေတာ (၃) ရက်ရှိပြီ။ နွယ့်ကို အိပ်မက်ပေးတဲ့ မြွေကြီးလေ။ ကမာပိုင်ဘုရားကလာခဲ့တာတဲ့။ (၃)ရက်လုံးလုံး အစာမစားဘဲ ဥပုသ်စောင့်နေတာ။ ပဋ္ဌာန်းဆက်ရှိလို့ တွေ့ကြတာပဲလေ"

မြသွေးနွယ် ရှင်းပြလိုက်မှ မောင်ရန်နောင်ခမျာ စိတ်အေးလက်အေး အိပ်ရာဝင်နိုင်လေတော့သည်။ ထိုသို့ဖြင့် နောက်တစ်နေ့ မနက်ရောက်သော် မြွေကြီး မရှိတော့။ ညက မြွေကြီးခွေနေသည့်နေရာတွင် လူတစ်ရပ်သာသာခန့် မြွေအရေခွံကြီးသာ တွေ့ရ၏။

မောင်ရန်နောင်က တစ်နေရာရာတွင် ရှိမည်အထင်နှင့် ရှာရန်လုပ်မည်အပြု၌-

"အစ်ကိုနောင်၊ မြွေကြီးကို ရှာမနေနဲ့ပါတော့။ သူ နှုတ်ဆက်ပြီးပြန်သွားပြီ"

"အစ်ကိုနောင်တော့ ဘာမှနားမလည်နိုင်တော့ဘူး နွယ်ရယ်"

"အင်း. . . အတိတ်ကအကြောင်းတရားတွေပေါ့။ ဘဝအကြောင်း မကောင်းလို့ မြွေဘဝရောက်နေပေမယ့် လူ့ဘဝနဲ့ တော်တော်နီးစပ်တယ်။ ကမာပိုင်ဘုရား ထီးတော်တင်ပွဲကျရင် သူ့တွက် အလှူဒါနပြုဖို့ လာပြီးသတိပေးတာ"

မကြာမီ ကမာပိုင်စေတီတော်ကြီး ထီးတော်အသစ်တင်ပွဲနှင့် ဌာပနာပိတ်ပွဲကျင်းပရာ မြသွေးနွယ်နှင့် မောင်ရန်နောင်တို့ သွားရောက်ခဲ့ကြသည်။ တစ်သက်တစ်ခါ ကြုံရလေသော ကုသိုလ်ဒါနပွဲ၊ အကျွတ်အလွတ်ပွဲ၊ အမျှဝေပွဲမို့ လူတွေက ကြက်ပျံမကျ ရှိလှ၏။ နယ်ရှစ်ခွင်ကလည်း လာကြသည်။ တချို့ ပင်လယ်ပိုင်းအရပ်မှ ရှေးမြန်မာအဝတ်အစားများနှင့် ရောက်ရှိလာပြီး လက်စွပ်၊ နားတောင်း၊ ရွှေထည်များ လှူဒါန်းကြသည်။ နေရပ်မေးသော် ပဋ္ဌာန်းဆက်ရှိသူ ဆွေတော်မျိုးတော်များဟု ဖြေကြားကြ၏။

၎င်းအထဲတွင် ထူးခြားသည်ကား မြသွေးနွယ်တို့ ဇနီးမောင်နှံ အလှူငွေများ လှူဒါန်းနေချိန် ဒေါ်ငြိမ်း (ထော်ညီ) ရွှေအိမ်တော် မြို့ကုန်းဘက်ကဟု ဆိုပြီး လူငယ်နှစ်ဦးတို့ ထီးတော်တင်မည့် ဆရာတော်ကြီးကို လာရောက်လျှောက်ထားသည်မှာ ဘုရားအမ မြသွေးနွယ်ကောင်းမှု ဆိုပြီး ကျောက်ဖြစ်နေသော ဥကြီးနှစ်လုံးကို လာရောက်လှူဒါန်းပြီး ပြန်သွားကြသည်။ ဥများက အတန်ငယ်ကြီး၏။ ထို့ကြောင့် မြသွေးနွယ်မှ ဆရာတော်ကြီးကို မေးလျှောက်သောအခါတွင် 'ဥက နဂါးဥအမတေကွယ့်' တဲ့။ တိုတိုတုတ်တုတ် ဖြေ၏။ မကြာမီ ထီးတော်တင်ပွဲနှင့် ဌာပနာပိတ်ပွဲ မင်္ဂလာအချိန် ကျရောက်ပြီဖြစ်၍ ဆရာတော်ကြီးမှ ဓာတ်တော်များ အပါအဝင် နဂါးဥအမတေနှစ်လုံးအား တစ်ပါတည်း ဌာပနာပိတ်လိုက်ရာ-

"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"

ဟု အသံများ စီညံစွာထွက်လာပါတော့သည်။

မြသွေးနွယ်မှ နဂါးဥကြီးနှစ်လုံးအား အောင်မြင်စွာ ဌာပနာပိတ်ပြီးသောအခါ ဝမ်းသာလွန်း၍ ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာ၏။ ကြည်နူးပီတိဖြစ်မှုနှင့်အတူ ဘဝခြားသော်လည်း မေတ္တာမခြားသော မြွေမင်းသားလေးအတွက် အမျှပေးဝေလိုက်သည်။ တချို့ပဋ္ဌာန်းဆက်ရှိသူများက နတ်နဂါးများဝင်ပူးကာ သူတို့ဆန္ဒကို တောင်းဆိုပြီး သတိလစ် မေ့မြောသွားကြသည်။ ကမာပိုင်ဘုရားကြီးအား အာရုံညွတ်ဆုတောင်း မေတ္တာပို့လျက်ရှိသော မြသွေးနွယ်အား ခင်ပွန်းဖြစ်သူ မောင်ရန်နောင်မှ-

"နွယ်၊ ဘုရားဌာပနာပိတ်ပွဲ ပြီးသွားပြီ။ ပြန်ကြစို့နော်"

"ဟုတ်ကဲ့"

မြသွေးနွယ်နှင့် မောင်ရန်နောင်မှာ စေတီတော်ကြီးကို တဝဖူးမြော်၍ ဦးချကာ ထွက်ခွာလာခဲ့ကြပါသည်။ ထိုအချိန်မှစ၍ မြသွေးနွယ်သည် ရင်မှာပေါ့ပါးသွားပြီး ယခင်မြင်မက်နေကျ အိပ်မက်လည်း မမက်တော့ချေ။

ထိုသို့ဖြင့် တစ်လခန့်အကြာတွင် မြသွေးနွယ်မှာ ဖျာပုံမြို့ ပထမလမ်း သံလွင်ရပ်ရှော့ရှေ့ရှိ စန္ဒီမယ်တော်ထီဆိုင်၌ ထိုခေတ်က (၂) ကျပ်တန် အောင်ဘာလေထီ ထိုးခဲ့ရာ အောင်ဘာလေ သိန်းဆုကြီးဆွတ်ခူးခဲ့ပြီး ကမာပိုင်ဘုရားကြီးသို့ ထပ်မံ၍ လှူဒါန်းနိုင်ခဲ့လေတော့သည်။ သို့သော် ထိုညတွင် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် မြွေကြီးတစ်ကောင်က နဂါးဥနှစ်လုံးအား ကမာပိုင်ဘုရားကြီးသို့ လာရောက်လှူဒါန်းသွားပြီးနောက် တဖြည်းဖြည်း သစ်လွင်လှပသော အဝတ်အစားများနှင့် ချောမောလှသည့် လုလင်လေးအသွင်မြင်တွေ့ရပြီးနောက်-

'အမေ၊ သား အမေပေးတဲ့ အမျှဝေသံကိုရပြီး သာဓုခေါ်နိုင်ခဲ့လို့ ဒီဘဝက ဝဋ်ကျွတ်သွားပါပြီ။ အမေတို့လည်း ကမာပိုင်ဘုရားကြီးရဲ့ ကောင်းမှုရှင် မိဖုရားကြီး တလပရော်သမီးရဲ့ ဆု (၅) ချက်အဓိဋ္ဌာန်နဲ့ ကျေးဇူးဆပ်ခဲ့ပါတယ်'

ဟု ပြောရင်း ပျောက်ကွယ်သွားလေတော့သည်။

ရုတ်တရက် မြသွေးနွယ် အိပ်ရာကနိုးလာတော့ ဘာကြောင့်မှန်းမသိ ပါးပြင်မှာ ကြေကွဲမှုမျက်ရည်စတွေနှင့် ဝမ်းနည်းနေမိသလို-

'ဩော်. . . ဘဝ ဘဝက ပဋ္ဌာန်းဆက်တွေဟာ ဆန်းကြယ်လှပါလားကွယ်။ ဘဝခြားလည်း မေတ္တာမခြားလို့ အခုလို ကမာပိုင်ဘုရားက အလွမ်းစကားပါးခဲ့လေသလား မြွေမင်းသားလေးရယ်'

လို့ ရေရွတ်နေမိပါတော့သည်။

ကျော်ဇေဇြ

**မှတ်ချက်**

*ကိုမြင့်ဆွေ၏ဖြစ်ရပ်မှန်အား ရေးသားတင်ပြပါသည်။ မိဖုရားကြီးကောင်းမှုတော် ကမာပိုင်စေတီတော်သည် ဖျာပုံ-ကျုံကဒွန်းကားလမ်းဘေးတွင် ယနေ့တိုင် ရှိ၏။*



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းပြားကလေးမြို့ပေါ်က မြို့ချက်ကျောင်းအောင်မြေဘုရား

## ကလေးဝင်းသူ

**အောင်မြင်ရန် ဆုတောင်း၍ အောင်မြေကို နင်းပါ**

- အောင်မြေသည် ကလေးမြို့၏ မြို့လယ်ချက်မတွင် ဘူမိနက်သန် အဖြစ် နှစ်ပေါင်း (၄၀၀) ကြာ ရှည်ခဲ့သည်။
- ကောဇာ ၇၄၉ ခု အင်းဝ မင်းကြီး စွာ လက်ထက်တွင် ပယောဂစိမ်မှု ဖြင့် အောင်မြေကို နှိမ်ဘုရား တည်ခဲ့ရသည်။
- နှစ်ပေါင်း ၆၀၀ ကြာပြီး ကောဇာ ၁၃၄၂ ခုနှစ်တွင် စေတီဟောင်း အားဖြို၍ အောင်မြေကို ဖော် ထုတ်ခဲ့သည်။
- ပယောဂစိမ် အယုတ်အနိမ့် တိရစ္ဆာန်ခြေရာပါ အုတ်ချပ် (၃၀၀) ကျော်နှင့်အရိုးများ တွေ့ ရှိရသည်။
- ကောဇာနှစ် ၁၃၅၁ ခုနှစ်တွင် လ. ပ. ခ တိုင်းမှူးဗိုလ်ချုပ်ထွန်း ကြည်၏ကုသိုလ်တော် ပါဝင်၍ ဘုရားတည် ပြီးစီးသည်။
- ကောဇာနှစ် ၁၃၅၂ ခုနှစ်၊ တန်ခူး လဆန်း (၅) ရက် နေ့ (၂) နာရီ အချိန်တွင် ထီးတော်တင်ပြီးစီး သည်။

အထက်ပါ ကမ္ပည်းစာသားများ ကား ကလေးမြို့ မြို့ချက်ကျောင်းအ တွင်းရှိ အောင်မြေဘုရား အောင်မြေရှိ ရာ အတွင်းနံရံတွင် ရေးထိုးမှတ်တမ်း တင်ထားသော စာသားများ ဖြစ်ကြပါ သည်။

ကလေးမြို့ အောင်မြေရှိရာ မြို့ ချက်ကျောင်းသည် ကလေးမြို့ဦး ရွှေဘုံ သာဘုရားကြီးနှင့် ယောဆရာတော်၏ မဟာဝိသုဒ္ဓါရုံ စာသင်တိုက်အနောက် ဘက်တွင် ကပ်လျက် တည်ရှိပါသည်။

ကျွန်တော်သည် ကလေးမြို့၏ ပထမဦးဆုံးသော ကြေးမုံဂျာနယ် သတင်းထောက် ဦးသန်းဆွေ (၇၂ နှစ်) ၏အကြောင်း ဂျာနယ်တွင်ရေးသားနိုင် ရန် သွားရောက်တွေ့ဆုံခဲ့ပါသည်။ ထို သို့ တွေ့ဆုံမေးမြန်းပြီးသောအခါ ဦး သန်းဆွေက-

"ဦးဝင်းသူ၊ မြို့ချက်အောင်မြေ ဘုရားကို ပြုပြင်ထားပြီ။ သွားကြည့်ပါ ဦး၊ လိုက်ပြမယ်"

ဆိုကာ ကျွန်တော့်ကို ခေါ်သွားပါ သည်။

ကြာကြာ မသွားလိုက်ရပါ၊ မြို့ ချက်ကျောင်းနှင့် ဦးသန်းဆွေအိမ်မှာ မျက်စောင်းထိုးတွင်ရှိ၍ ခဏနှင့်ရောက် ပါသည်။ ကျောင်းဝင်းထဲ ဖိနပ်ချွတ်၍ ဝင်သွားကြပြီး ကျောင်းလေးတစ်ဆောင် ပေါ် တက်လိုက်ကြပါသည်။

"ကျောင်းထိုင်ဆရာတော်ရှိလား" ဟု ဦးသန်းဆွေက ကိုရင်လေး တစ်ပါးကိုမေးရာ-

"မရှိဘူး၊ ကလေးဝ ကြွသွားတယ်" ဟု ဖြေပါသည်။

"ဒီမှာ စာရေးဆရာရောက်တုန်း မြို့ချက်ဘုရား မှတ်တမ်းဓာတ်ပုံတွေ ပြ မလို့"

ဟု ပြောဆိုကာ-

"လာဗျာ- အောင်မြေဘုရားထဲ သွားကြမယ်"

ဆိုကာ ကျွန်တော့်ကို ခေါ်သွား ပါသည်။ အောင်မြေဘုရားမှာ မြို့ချက် ကျောင်းနှင့်ကပ်လျက် လမ်းအနောက် ဘက်တွင် တည်ထားပါသည်။

ကျွန်တော်တို့သည် ဘုရားစေတီ တောင်ဘက်ကဝင်၍ မြောက်ဘက်ကို လျှောက်သွားလိုက်သောအခါ အရှေ့ ဘက်ကို မျက်နှာမူ၍ အပေါက်ဖောက် ထားသော တံခါးဝကြီးမှဝင်လိုက်ကြပါ သည်။ ထိုဝင်ပေါက်က ဝင်ဝင်ချင်းပင် တွေ့ရသောအရာကား 'အောင်မြေနေ ရာ' ဖြစ်ပါသည်။

အောင်မြေနေရာသည် (၆) ပေ ပတ်လည် အကျယ်အဝန်း ရှိပါသည်။ အောင်မြေကို ဘိလပ်မြေ ကွန်ကရစ်ဖြင့် အကျအန ကျောက်ပြားစီကာ သပ်ရပ် စွာပြုလုပ် ကာရံထားပါသည်။ အောင် မြေထိပ်တွင် သောက်ရေအိုးတစ်လုံးရှိ ပြီး ဘုရားပန်းများကပ်လှူထားပါသည်။ ထိုဘုရားပန်းများထိပ် အပေါ်တွင်ကား အောက်ပါအတိုင်း ကမ္ပည်းရေးထိုးထား သည်ကို ဖတ်ရှုရပါသည်။


**နမော တဿ ဘဂဝတော၊ အရဟ တော၊ သမ္မာသမ္ဗုဒ္ဓဿ'**

**ဆုတောင်းပြည့် အောင်မြေ**

**သစ္စာအဓိဋ္ဌာန်**

'ဤအောင်မြေပေါ်၌ ရပ်တည်၍ သစ္စာပြုကြကုန်သော ပုဂ္ဂိုလ်မှန်သမျှ သည် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူ ၏မေတ္တာ တန်ခိုးတေဇော် အာနုဘော် တို့ကြောင့် လည်းကောင်း၊ ရဟန္တာအရှင် မြတ်များနှင့်တကွ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဆရာတော်ဘုရားများ၏ မေတ္တာတန်ခိုး အာဏာတော်ကြောင့် လည်းကောင်း၊ တောင်းသမျှဆု၊ ပြုသမျှအဓိဋ္ဌာန် တစ်ခု မကျန် ပြည့်ဝစုံလင်အောင်မြင်ခြင်းသည် မုချမသွေ ဖြစ်ပါစေသတည်း။

စတုမဟာရာဇ် နတ်မင်းကြီးလေး



ကလေးမြို့ဦးရှိ မြို့ချက်အောင်မြေဘုရား



www.burmeseclassic.com

www.burmeseclassic.com

'ပါးနှင့်တကွ ဗုဒ္ဓမြတ်စွာ ဘုရားသာသနာတော်ကို စောင့်ရှောက်တော်မူကြကုန်သော နတ်ဒေဝါအပေါင်းသည် အချိန်နာရီမဆိုင်း ဝိုင်းမ, စောင့်ရှောက်ကြပါစေကုန်သတည်း'

ဟု ရေးထိုးထားပါသည်။

ထိုအောင်မြေမှာ ရှေးက 'ကြက်မတစ်ဝပ်စာ' သာ ရှိသည်ဟု သိရသည်။ ထိုအောင်မြေသမိုင်းကား စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ အင်းဝမင်းများ လက်ထက်က ကလေးမြို့ကို လက်အောက်ခံ အခွန်ဆက်သ,ရန် အကြိမ်ကြိမ်တောင်းခံရာ မရ၊ မဆက်သ,လာသဖြင့် အကြိမ်ကြိမ် ချီတက်တိုက်ခိုက်ကြ၏။ သို့ရာတွင် တိုက်ခိုက်၍ မရ၊ မအောင်မြင်ဘဲ ရှိကြသည်။

ဆင်ကြီးက ကြွက်ကလေးမနိုင်သကဲ့သို့ အင်အားကြီးသူက အင်အားနည်းသူကို အဘယ်ကြောင့် မအောင်မြင်ရသနည်းဟု စုံစမ်းထောက်လှမ်းသောအခါ ကလေးမြို့ မြို့လယ်တွင် ကြက်မ တစ်ဝပ်စာခန့် အောင်မြေ ရှိနေသောကြောင့် ကိုယ်ဝန်ဆောင်မိန်းမများ ကျော်လွှားမိသဖြင့် လူစွမ်းကောင်းပေါက်ဖွား၊ လူစွမ်းကောင်း ထွန်းကားကာ လူစွမ်းကောင်းများလှသောကြောင့် မအောင်မြင်ရခြင်းဖြစ်ကြောင်း သိသွားလေသည်။

ထိုအခါ အင်းဝမင်းများက ပညာရှိများနှင့်တိုင်ပင်၍ လူရည်လည် ပညာရှိတစ်ယောက်ကို 'ကိုရင်ကြီး' အဝတ်ခိုင်း၍ သူလျှိုအဖြစ် ကာလေး(ကလေး)မြို့ကို စေလွှတ်လိုက်ကြသည်။ သူလျှိုကိုရင်ကြီးသည် ကာလေးမြို့၌ ယုံကြည်လောက်အောင် အတော်ကြာနေမိသောအခါ ကြက်မတစ်ဝပ်စာခန့်မျှရှိသော အောင်မြေနေရာကို စုံစမ်းသိရှိသွား၏။

ထိုအခါ ထိုအောင်မြေနေရာကို ကိုယ်ဝန်ဆောင်များ မကျော်လွှားနိုင်ရန်၊ လူစွမ်းကောင်းများ မပေါက်ဖွားနိုင်ရန် မြို့ကိုနှိမ်နှိမ်သောအားဖြင့် လောကီဆရာတို့နည်းအတိုင်း ယုတ်ညံ့သောအင်းများ၊ တိရစ္ဆာန်ပေါင်းစုံ၏ ခြေရာအုတ်များ၊ အရိုးစုများ ထည့်သွင်းမြှုပ်နှံ၍ အောင်မြေကိုငုံ၍ ဘုရားတည်လိုက်လေသည်။ ထိုသို့ ပဥ္စမံ ကိစ္စအဝဝ စီမံပြီးစီးသောအခါ အင်းဝသို့ ပြန်ကြွသွားလေသည်။

**ကာလေးမြို့ကို တိုက်ခိုက်အောင်မြင်ခြင်း**

ကောဇာနှစ် ၇၂၆ ခုနှစ်တွင် နန်းတက်သော သတိုးမင်းဖျားသည် အင်းဝ



ချုံနွယ်များကို ရှင်းလင်း၍ ဘုရားဟောင်းကို ဖြိုဖျက်ကြစဉ်



အောင်မြေအတွင်း နှိမ်ထားသော ပယောဂအစီအမံ အယုတ်အညံ့ တိရစ္ဆာန်ခြေရာပါ အုတ်ချပ်များနှင့် အရိုးစုများ ဌာပနာရုပ်ပွားတော်များအား တွေ့ရစဉ်



ယခု စေတီအသစ်တည်ထားသည့် အောင်မြေနေရာ
(၁၃၅၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်နေ့တွင် ပြန်လည်ပြုပြင်ထားသည်)



www.burmeseclassic.com


www.burmeseclassic.com



ဘုရားဟောင်းဖြိုဖျက်ပြီးနောက် တွေ့ရသော အောင်မြေနေရာ



နစ်ပေါင်းများစွာ ချုံနွယ်တို့ဖြင့် ဖိတ်ဖုံးနေခဲ့သော ကလေးမြို့ အောင်မြေဘုရား



ကလေးမြို့မြို့ချက်ကျောင်းအတွင်းရှိ မြို့ချက်အောင်မြေဘုရားစေတီအတွင်းက ဆုတောင်းပြည့်အောင်မြေနေရာ

...ပြည်တော်၌ စိုးစံနေစဉ် ကောဇာနှစ် ...၉ ခုနှစ်၌ ကာလေးမြို့စော်ဘွား 'ဖ... ...မိုင်း' သည် အင်းဝကိုတော်လှန်ပုန် ...၍ ချင်းတွင်းမြစ်အတိုင်း စုန်ဆင်း ...၏။ ထိုအကြောင်းကို သတိုးမင်း ...း ကြားသိတော်မူလျှင် ယောက်ဖ ...တော် မင်းကြီး စွာစော်ကဲအား နှိမ်နင်း ...က်ခိုက်ရန် စေလွှတ်တော်မူ၏။ မင်း ကြီးစွာစော်ကဲလည်း ဆင်တပ်၊ မြင်း ...ပ်၊ ရထားတပ်၊ ခြေလျင်တပ်တို့ကို စီ ...ကာ စစ်အင်္ဂါလေးပါးခင်းကျင်းလျက် ချင်းတွင်းမြစ်ရိုးအတိုင်း အထက်ချင်း ...င်သို့ ချီတက်တော်မူလာသည်။

ထိုသို့ ချီတက်လာစဉ် တစ်နေရာ ...က်သောအခါ ထူးဆန်းသော ရသေ့ ကြီးတစ်ပါး စစ်ဦးမှ ရုတ်တရက်ပေါ် ...ပြီးလျှင် မင်းကြီး စွာစော်ကဲအား အောက်ပါအတိုင်း အမိန့်ပေးလေသည်။

'အသင်မင်းကြီး၊ ရှေ့သို့ အနည်း ငယ်ရောက်၍ မြေပြန့်ကျယ်သည့်နေရာ ရောက်လျှင် စစ်ချီခြင်းကို ရပ်တန့်နား ပြီး အောင်စည်းခံဘုရားတစ်ဆူတည်ပါ။ ပေါင်းဝခေါင်းလောင်း ကြေးကိုးသောင်း ဟူသော တဘောင်အရ ကြေးချိန် (၉၀,၀၀၀) ရှိ ခေါင်းလောင်းကြီးကိုလည်း သွန်းလုပ်ပါ။ အင်းအိုင်၊ မန္တန်များလည်း စီရင်ပြုလုပ် စုတ်ပေးမည်။ ပြီးသောအခါ ရန်သူများကို အောင်နိုင်ပါစေသားဟု ဆုတောင်းပြီး ခေါင်းလောင်းကြီးကိုသာ ထိုးပေးတော့'

ဟု မိန့်ကြားကာ ပျောက်ကွယ် သွားလေသည်။

ထို ထူးဆန်းလှသော ရသေ့ကြီး အမိန့်အတိုင်း မင်းကြီး စွာစော်ကဲသည် လည်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ချင်းတွင်းမြစ်ကမ်းနဖူးက ပေါင်းဝရွာ မြေပြန့်၌ ဘုရားတစ်ဆူတည်ကာ 'အောင် စည်းခံဘုရား' ဟု သမုတ်တော်မူသည်။ ထို့နောက် ကြေးချိန် (၉၀,၀၀၀)ကိုလည်း ရအောင် ရှာဖွေ၍ ခေါင်းလောင်းကြီး သွန်းလုပ် လှူဒါန်းတော်မူလေသည်။

ထိုကဲ့သို့ အောင်စည်းခံဘုရားနှင့် ကြေးချိန်ကိုးသောင်းရှိ ခေါင်းလောင်းကြီး ကို အင်းအိုင်၊ မန္တရားတို့ဖြင့် စီမံပြုလုပ် ကာ 'ရန်သူများကိုအောင်နိုင်ပါစေသား' ဟု ဆုတောင်း၍ ခေါင်းလောင်းကြီး ထိုး လိုက်ရာ ကလေးမြို့ စော်ဘွားတပ်များ မှာ ခေါင်းလောင်းထိုးလိုက်၊ လန့်လိုက် ဖြင့် ကျားနံ့ရသော ကျွဲ၊ နွားပမာ ထိတ် လန့်၍ တပ်ခေါက်ပြန်ခဲ့ကြရသည်။ ဤ သို့ဖြင့် ကလေးမြို့ကို မင်းကြီးစွာစော်ကဲ သည် အလွယ်တကူသိမ်းယူနိုင်ခဲ့သည်။

ဤအကြောင်းကို မင်းကြီးစွာ စော်ကဲက သတိုးမင်းဖျားထံ သံတော် ဦးတင်၍ အင်းဝသို့ ပြန်လာရာ အင်းဝ ဘုရင် သတိုးမင်းဖျားမှာ နတ်ရွာစံ ကံ တော်ကုန်သဖြင့် မှူးကြီးမတ်ရာတို့က မင်းကြီးစွာစော်ကဲကို 'မင်း'အဖြစ် တင် မြှောက်လိုက်ကြသည်။ ထိုအချိန်မှစ၍ 'မရွှယ်ဘဲ စော်ကဲ မင်းဖြစ်' ဟူသော စကားပုံ ပေါ်ပေါက်လာရလေသည်။

နောင်သောအခါ ကလေးမြို့ စော်ဘွားများက သူလျှိုစေလွှတ်၍ စုံ စမ်းကာ 'ဆုတောင်းပြည့် ပေါင်းဝခေါင်း လောင်း ကြေးကိုးသောင်းကြီး' အား ကျွဲများဖြင့်တိတ်တဆိတ်ဆွဲ၍ ချင်းတွင်း မြစ်ထဲသို့ ပစ်ချလိုက်ကြသည်။ ထိုခေါင်း လောင်းကြီးကျရာနေရာသည် ချင်းတွင်း မြစ်ထဲ၌ ဝဲကြီးအဖြစ်ကျန်ရစ်လေသည်။

အင်းဝမင်းကြီး စွာစော်ကဲသည် လည်း စစ်အောင်နိုင်ခဲ့သော ပေါင်းဝ အောင်စည်းခံဘုရားကို ရွှေအပြည့်ချ ကာ ကိုးကွယ်သဖြင့် 'ရွှေစည်းခံဘုရား' ဟု အမည်တွင်သွားလေသည်။

ဤကား 'ကလေးမြို့ အောင်မြေ သမိုင်း' နှင့် ပတ်သက်၍ မှတ်သားဖွယ် ရာများ ဖြစ်ပါသည်။

'အောင်မြေနင်း၍ အောင်ဆုပန် လိုပါက ကလေးမြို့ဦးရှိ မြို့ချက်ဘုရား ကျောင်းရှိရာ အောင်မြေသို့ ကြွလှမ်း တော်မူခဲ့ကြပါ' ဟု ဖိတ်ခေါ်ရေးသား တင်ပြလိုက်ရပါသတည်း။

ကလေး-ဝင်းသူ

**စာကိုး**

ကာလေး အရှင်ပဒုမရေး 'ကာ လေးမြို့သမိုင်း'



www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့တဲ့လမှာ သရဏဂုံအင်းအကြောင်းကို အပြည့်အစုံ ဖော်ပြခဲ့ပါတယ်။ လေ့လာလိုတဲ့ ဝါသနာရှင်က ဆောင်းပါးမှာပါတဲ့အတိုင်း လိုက်ပြီး လုပ်မယ်ဆိုရင် အောင်မြင်ပါလိမ့်မယ်။ အခုဆောင်းပါးကတော့ သရဏဂုံအင်းကို အသုံးချပုံနဲ့ သက်ဆိုင်ပါတယ်။ အထူးသဖြင့် ကြမ်းတမ်းပြင်းထန်တဲ့ခြောက်လှန့်မှုကြောင့် စိတ်သောကရောက်နေတဲ့အိမ်ရှင်နဲ့ သရဏဂုံအင်းအကြောင်း ရေးမှာပါ။ ကျွန်တော်တို့မရောက်ခင် ဆရာနှစ်ယောက်လည်း အစွမ်းကုန်ကြိုးစားပြီးပါပြီ။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဆရာဆိုရင် အထင်သေးတဲ့အချိန်ရောက်မှ ကျွန်တော်တို့က သွားဖြစ်ခဲ့တာပါ။

ကျွန်တော့်ဆရာက အိမ်ရဲ့ဖြစ်ရပ်တွေကြည့်ပြီး-

'ဒါမျိုးက ပုဏ္ဏကတိုက်တဲ့သဘောဗျ။ အတွင်းလူကို ရန်သူလုပ်ခိုင်းထားတော့ ပိုပြီး ကြမ်းတမ်းသွားတာမျိုးပါပဲ'

ဒီလိုရှင်းပြခဲ့လို့ ဒီဖြစ်စဉ်လေးကို ကျွန်တော်က 'သရဏဂုံအင်းနှင့် ပုဏ္ဏကအိမ်' ခေါင်းစီးနဲ့ အဖြစ်မှန်ကို တစ်ကျော့ပြန်ပြီး ပြန်လည်ဖော်ပြမှာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းကို စ, ဖြစ်အောင် ဖန်တီးတဲ့ပုဂ္ဂိုလ်က ကျွန်တော်တို့ရဲ့ အလုပ်သင်ရှေ့နေဆရာပဲ ဖြစ်ပါတယ်။ သူနဲ့ ပုဏ္ဏကအတိုက်ခံရတဲ့ ပုဂ္ဂိုလ်ကြီးက သိပ်ခင်တဲ့လူတွေ။

တစ်နေ့ ဂေါက်ရိုက်နေရင်း-

'ကျုပ်အိမ်မှာ ထူးထူးခြားခြားအ
ဖြစ်တွေ ကြုံနေတယ်။ ကျုပ်ကတော့
မကြောက်တတ်ဘူး။ ခက်တာက သား
သမီးနဲ့ ကျုပ်အစ်မ အပျိုကြီးက သိပ်
ကြောက်နေတယ်။ ဘယ့်နှယ်ဗျာ၊ ည
ဦးပိုင်း တီဗီကြည့်နေတဲ့လူတွေအပေါ်
ရေစက်တွေကျတာမျိုး၊ သဲနဲ့ပက်တာ
မျိုး၊ စက္ကူဘူးလွှတ်နဲ့ပေါက်လိုက်တာမျိုး
တွေ ဖြစ်တယ်ဗျ။ ပိုဆိုးတာက မီးပလပ်
ခေါင်းတွေ ဆွဲအဖြုတ်ခံရတာမျိုးပါပဲ။
(ထိုအချိန်က တီဗီပေါ်စအချိန် ဖြစ်ပါ
သည်။) မှောင်မည်းသွားတော့ ကလေး
တွေကအော်၊ ကြည့်နေတဲ့ ပရိသတ်က

စိုးထွန်း(ဥပဒေ)

သရဏဂုံအင်းနှင့် ပုဏ္ဏကအိမ်






www.burmeseclassic.com

www.burmeseclassic.com

း ထိုင်နေရမလို့, ထပြေးရမလိုဖြစ်။ ားထဲ အပုပ်နံ့က ရလိုက်သေးသဗျ။ ခြတိတ်ပြီဆိုရင် ကြောင်အိမ်ကိုဖွင့် အိုးခွက်ပန်းကန်တွေဆွဲသံ၊ ကြောင် ထဲကပန်းကန်ကျကွဲတဲ့အသံ၊ အို- ဘူ။ ကလေးတွေဆိုရင် ညဘက်ဆို သာတောင်မသွားရဲတော့ဘူး။

ကျုပ်တပည့်တွေ ခေါ်လာလို့ ဆရာတစ်ယောက် ရောက်လာတယ်။ ဒီ ကိစ္စလောက်က အသေးအဖွဲလေးပါ ဆရာကြီးရဲ့ဆိုပြီး အစီအရင်တွေ၊ လက်ဖွဲ့တွေ လုပ်ပေးသဗျ။ ဆရာပြန်သွားပြီး တစ်ရက်လောက်ကတော့ ဟုတ်တုတ်တုတ်၊ နောက်နေ့ရောက်တော့ ဒုံရင်းက ဒုံရင်းပါပဲ။ ဆရာနှစ်ယောက်ရှိပြီ ခြောက်တာလှန့်တာ ပျောက်မသွားပါဘူး။ ကျုပ်တော့ အိမ်ရောင်းပြီးပြောင်းမှ အေးမယ်ထင်တယ်'



www.burmeseclassic.com

ဒီလိုပြောတော့ ကျွန်တော့်တို့ ဆရာက ဘာပြန်ပြောသလဲဆိုရင်-

'ကျွန်တော့်မှာ အလုပ်သင်ရှေ့နေလက်ခံထားတဲ့ တပည့် (၅) ယောက်ရှိတယ်။ အဲဒီအထဲက ကိုရဲ ဆိုတဲ့လူက ရှေ့နေအတတ်ပညာနဲ့ပတ်သက်ရင် သူက ကျွန်တော့်တပည့်၊ ဂမ္ဘီရပညာနဲ့ ပတ်သက်ရင် သူက ဆရာပဲ။ ကျွန်တော့် ယောက္ခမကြီး ပြင်သစ်ပြည်မှာ တစ်နေ့တာ ဖြစ်ပျက်သမျှကို မှန်အောင်ဟောနိုင်တယ်ဗျ။ သူ့ကိုမေးတော့ ရက္ခမော့် ဆိုလားမသိဘူး၊ အောင်ထားလို့ အကွယ်မြင်တာလို့ ပြောတယ်။ သူ့ကို ခေါ်ကြည့်မလား'

'အေးလေ၊ စမ်းကြည့်တာ မမှားပါဘူး။ မနက်ဖြန် လွှတ်လိုက်လေ'

အခုလို ပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ ပဋိသန္ဓာရစကားကြောင့် ကိုရဲတစ်ယောက် အဲဒီပုဂ္ဂိုလ်ကြီးအိမ် ရောက်ခဲ့တာပါ။ သူသွားတော့ ကျွန်တော်ကလည်း ပါလေစမြဲ။ ကျွန်တော့်ဆရာပြောသလို ရှေ့နေပညာရပ်မှာ ကျွန်တော်က သူ့ရဲ့ဆရာ၊ ဂမ္ဘီရပညာမှာတော့ ကျွန်တော်က သူ့တပည့်ပါပဲ။ ညီအစ်ကိုအရင်းလို ခင်နေလို့ သူ့ကိုကူညီရင်း သူသွားတဲ့ သန့်ရှင်းရေးလုပ်တဲ့အိမ်တိုင်း ကျွန်တော်က ပါလေစမြဲဖြစ်နေတာပါ။

ကျွန်တော်တို့နှစ်ယောက် အဲဒီပုဂ္ဂိုလ်ကြီးအိမ်ဝရောက်တော့ ဖိနပ်စီးဝင်ရမှာလား၊ ချွတ်ဝင်ရမှာလားလို့ ပထမဦးဆုံး ဇဝေဇဝါ ဖြစ်တော့တာပါပဲ။ အိမ်က ခမ်းနားထည်ဝါပြီး ကျွန်တော်တို့က အလုပ်သင် ရှေ့နေပေါက်စ ဆိုတော့ အရှိန်အဝါက သိပ်ကြွာနေတာကိုး။ လူခေါ်ဘဲ(လ်)လေးတီးလိုက်မှ ပုဂ္ဂိုလ်ကြီးရဲ့ဝန်ထမ်းလို့ ထင်ရသူက-

'အထဲလာထိုင်ပါ၊ ကျွန်တော်ခေါ်ပေးပါ့မယ်'

လို့ ပြောပြီး တံခါးဖွင့်ပေးတယ်။

သူတို့ ဖိနပ်စီးတာတွေ့မှ ကျွန်တော်တို့လည်း ဖိနပ်စီးပြီး ဝင်လိုက်ကြတာပေါ့။ ကျွန်တော်တို့ လက်ဖက်ရည်သောက်နေချိန်မှာ ပုဂ္ဂိုလ်ကြီးက အပေါ်ထပ်က ဆင်းလာတယ်။ မျက်နှာချင်းဆိုင်ထိုင်ခုံမှာဝင်ထိုင်ပြီး အထင်သေးတဲ့ မျက်လုံးနဲ့-

'ခင်ဗျားတို့ နှစ်ယောက်ထဲက ဘယ်သူက ဆရာလဲ'

လို့ မေးတော့ ကျွန်တော်က မနေနိုင်၊ ကိုရဲ မဖြေခင်-

'ဒီဘက်ကဆရာပါ ခင်ဗျာ။ ကျွန်တော်က သူ့ကိုစွတွေ လိုက်ပြီးကူညီဖို့ အခုလိုလာတာပါ'

'အင်း. . . ဦးလှအောင်ပြောသလို ဆရာက တော်တော်ငယ်တာပဲ။ ကျုပ်က ဆရာဆိုရင် တော်တော်လေး စိတ်ပျက်နေတဲ့လူဗျ။ ဦးလှအောင်ပြောပြထားလို့ အိမ်အကြောင်းတော့ သိလောက်ရောပေါ့။ အဲဒီကိစ္စကို ဆောင်ရွက်နိုင်ပါ့မလား။ မနိုင်ရင် မလုပ်နဲ့နော်၊ အခုအချိန်မှာ နောက်ဆုတ်လို့ရတယ်'

'ကျွန်တော် ဆောင်ရွက်နိုင်ပါတယ်။ အလုပ်မလုပ်ခင် မသိတာလေးတွေ မေးပါရစေ'

'အင်း. . . ဆောင်ရွက်နိုင်တယ်ဆိုရင်တော့ မေးပါ'

'ဆရာကြီးတို့အိမ်မှာ ဧပြီလက ဒီလိုမဖြစ်သေးဘူး၊ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'မေလ (၂၆) ရက်ကမှ အခုလို ခြောက်တာလှန့်တာ ပေါ်ပေါက်လာတယ် မဟုတ်လား'

'ရက်တော့ မှတ်မထားပါဘူးကွာ၊ မေလတော့ မှန်ပါတယ်'

'မေလမှန်တယ်ဆိုရင် ဆရာကြီး ဇနီးက ခြောက်တာလှန့်တာဖြစ်လို့ ဘာမှလုပ်မရဖြစ်နေတာပါ'

'ဟေ့- ဆရာလေး၊ စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ။ ကျုပ်ဇနီးဟာ နတ်ပြည်ရောက်နေတယ်လို့ ဆရာတိုင်းလိုလို ဟောထားတယ်။ ဒါကြောင့် သေသူကို အပုပ်မချနဲ့လေ။ နေရင်းထိုင်ရင်း တရားခံဖြစ်သွားမယ်နော်'

'ကျွန်တော့်အဆင့်က နတ်ပြည်လည်း မမြင်ပါဘူး၊ ငရဲပြည်လည်း မမြင်ပါဘူး။ အခု သတ္တလောကလောက်မြင်လို့ မြင်တာကိုပြောပြတာပါ'

'နေပါဦး၊ ခင်ဗျားမှာ ဘာအထောက်အထားရှိလို့လဲ'

'ဆရာကြီးဇနီး ခေါင်းမသွင်းခင်မှာ ထဘီအနားစကို (၁)လက်မလောက်ဖြတ်ယူပြီး အစီအရင်လုပ်ထားတာပါ။ အတွင်းလူကို ပြန်ခိုင်းတာကြောင့် နှင်မရဖြစ်နေတဲ့သဘောပါပဲ။ အဲဒီ အထောက်အထားနဲ့ ကျွန်တော် ပြောတာပါ'

'ကျုပ်က ပြောတိုင်းယုံတတ်တဲ့လူ မဟုတ်ဘူးနော်၊ လက်တွေ့သမားဗျ။ ဂူကိုဖောက်ပြီး မစစ်ဘူး မထင်နဲ့။ ဒီစကားက ကျုပ်ကို ထိခိုက်တယ်။ စစ်ဆေးလို့ မဟုတ်ရင် ဘာလုပ်ရမလဲ'

'ကျွန်တော့်ကိုဖမ်းပြီး ထောင်ချလိုက်ပါ'

'အင်း. . . အပြောကတော့မဆိုး ပါဘူး။ ကဲ- ဒီနေ့လုပ်မယ့် အစီအစဉ် တွေ ခဏရပ်လိုက်ပါဦး။ မနက်ဖြန် ကျုပ် လက်တွေ့ စစ်ဆေးမယ်။ ပြီးမှ တစ်ခုခု အဆုံးအဖြတ်ပေးမယ်။ အ ပြောနဲ့အဟော မညီရင်တော့ ခံရမယ် နော်'

အဲဒီ စကားတစ်ခွန်းနဲ့ ကျွန်တော် တို့လည်း သရဏဂုံအင်းရေးဖို့လာတာ မလုပ်ဖြစ်တော့ဘူး။ ကိုရဲအိမ်ကိုပြန်ပြီး တပ်ခေါက်ခဲ့ရတယ်။

သူ့အိမ်ရောက်တော့-

'ကိုရဲရေ၊ ဟောချက်က သေချာ လို့လား။ မသေချာရင် မနက်ဖြန် ကျွန် တော်တို့ အချုပ်နဲ့ရင်ဆိုင်ရမှာနော်'

လို့ သူ့ကိုပြောတော့ သူက-

'ကျွန်တော့်ရဲ့ ရက္ခမော့်ပညာဟာ မှားရိုးထုံးစံ မရှိဘူး။ တကယ်လို့ မှား သွားရင် ကျွန်တော်အချုပ်ထဲဝင်ပါမယ်။ ခင်ဗျားက ကူညီတဲ့လူပဲ၊ မပါစေရပါဘူး'

ဒီလိုနဲ့ နောက်နေ့အတွက် တွေး ပြီး ကျွန်တော်က ရင်လေးနေတယ်။ ညဘက် အိပ်လို့တောင်မပျော်ပါဘူး။

နောက်နေ့ နေ့လယ်ပိုင်းမှာ ကား စိမ်းတစ်စီး ကိုရဲအိမ်ရှေ့ ရောက်လာ တယ်။ ကျွန်တော်က သတင်းကို နားစွင့် နေချိန်ဖြစ်လို့ သူ့အိမ်မှာရောက်နေတယ် လေ။ ကားပေါ်က ကားဒရိုင်ဘာဆင်း လာပြီး-

'ဒီအိမ်ဟာ ဆရာကိုရဲအိမ် ဟုတ် ပါသလား'

လို့ မေးတယ်။ ကျွန်တော်က အ ပေါက်ဝရောက်နေလို့ ကိုရဲအရင် ဖြေ လိုက်ပါတယ်။

'ဟုတ်ပါတယ်၊ ကိုရဲအိမ်ပါ'

'ဒါဆိုရင် ကိုရဲကို ကျွန်တော့် ဆရာကြီးက အခုချက်ချင်း လိုက်ခဲ့ပါ လို့ မှာလိုက်တယ်။ မနေ့က ဆရာ့ ပြောသမျှတွေ ဟုတ်တယ်တဲ့။ အိမ်ကိစ္စ လုပ်ဖို့ ကျွန်တော်နဲ့ တစ်ခါတည်း လိုက် ခဲ့ကြပါဗျာ'

ဒီလိုနဲ့ ကျွန်တော်နဲ့ ကိုရဲ ဒုတိယ အကြိမ် ပုဂ္ဂိုလ်ကြီးရဲ့အိမ်ကို ရောက်ပြန် တယ်။ ဟိုရောက်တော့ ပထမတွေ့တုန်း က ဆက်ဆံတာမျိုးတွေ မဟုတ်တော့ ဘူး။ အိမ်ခေါင်းရင်းဘက် သူထိုင်နေကျ ခုံမှာ ကိုရဲကို ထိုင်ခိုင်းတယ်ဗျ။ ကြို သလိုသာ စီမံပါလို့ စိတ်ကြိုက်ခွင့်ပေး တော့တာပဲ။ ကျွန်တော်တို့ရောက်တဲ့ ချိန်က နေ့လယ် (၁) နာရီကျော်၊ ကိုရဲ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းမစသေးပါဘူး။ အစွဲကြီးနေ အမျိုးသမီးကို လွတ်လွတ်လပ်လပ် သွားနိုင်အောင် စီစဉ်ပေးပါ့မယ် ထမ တောင်းပန်တယ်။

တောင်းပန်တဲ့ကိစ္စ ပြီးသွားတော့ ခန်းမှာ သူရော ကျွန်တော်ပါ ယ၊ မေတ္တာပို့ အမျှဝေတာတွေလုပ် တယ်။ ပြီးတော့ သမထထူထောင် ယ်၊ အိမ်သန့်ရှင်းရေးလုပ်မယ့်သူဟာ ထထူထောင်တတ်ဖို့လည်း လိုပါ ယ်၊ လေ့ကျင့်ပါများရင် သမထစွမ်း ကြောင့် ကွယ်နေတဲ့ပရလောကကို ပ်သလို မြင်လာနိုင်ပါလိမ့်မယ်။ တော့မှ ခြံထဲက သစ်ကိုင်းတစ်ကိုင်း ခုတ်ယူလာပြီး ဧည့်ခန်းထောင့်မှာ လိုက်တယ်ဗျ။

သဘောက ညနေရောက်ရင် အဲ သစ်ကိုင်းကို သင့်တော်တဲ့နေရာ ပို့ မှာကိုး။ ညနေ (၅) နာရီကျော် တ်မှာ ဒီသရက်ကိုင်းကို ကပ်ကျော် ပေါင်းစုစေတီဘေးက ခရေပင်ကို မယ်လို့ ပုဂ္ဂိုလ်ကြီးကို ရှင်းပြတယ်။ လ်ကြီးအိမ်နဲ့ (၇)ဖာလုံလောက်ဝေး ပါ။ ဒါပေမယ့် ကားနဲ့သွားပို့မယ်ဆို ဒရိုင်ဘာကို အဆင်သင့်ပြင်ခိုင်းထား ယ်၊ ကျွန်တော့်သက်တမ်းမှာ ပရ လောကသားကို အခုလို ကားနဲ့ပို့ဖူးတာ တစ်ကြိမ်ပဲ ကြုံဖူးပါသေးတယ်။

အဲဒီ ခရေပင်ကိုရောက်တော့ ရက်ကိုင်းလေးကို ကိုရဲက ပင်စည်မှာ ထောင်ပြီး ထားလိုက်တယ်ဗျ။ ကျွန် တော်က ဘာဖြစ်လို့ ဒီနေရာကို ရွေးပို့ တာလဲမေးတော့ နီးရာညောင်ပင်က စောင့်စိုးကြီးမေးပြီး သူလမ်းညွှန်တဲ့နေရာ တာလို့ ပြောပါတယ်။ ဒီလို ပို့ပြီး ပြန် လို့ထွက်လာချိန်မှာ ပုဂ္ဂိုလ်ကြီးကျော ခဲပေါက်သဗျ။

'ဟာ- ဆရာ၊ ကျွန်တော့်ကျော ခဲနဲ့ပေါက်တာ ဘယ်သူလဲ'

သူက မေးလည်းမေး၊ ဟိုဟိုသည် သည် လှည့်ကြည့်ပေမယ့် ဘာမှမတွေ့ ပါဘူး။ ကိုရဲက-

'ကျွန်တော်တို့ ပြန်တော့မယ်ဆို တော့ ခင်ဗျားကို နောက်ဆုံးနှုတ်ဆက် တဲ့သဘောပါ။ ပရလောကသားဆိုတာ စကားမပြောနိုင်တော့ သူတတ်နိုင်တဲ့အ ရာဝတ္ထုနဲ့ အသိအမှတ်ပြုတဲ့သဘောပဲ။ ဆရာကြီးအိမ်မှာ တီဗီကြည့်ရင်း စက္ကူ ဘူးနဲ့ ပေါက်တတ်တဲ့ဓလေ့ရှိတယ် မ ဟုတ်လား။ အဲဒီ ဓလေ့ကြောင့် အခု ခဲနဲ့ပေါက်ပြနိုင်တာပါ'

အိမ်ကိုပြန်ရောက်တော့ ကိုရဲက ကျောက်ပျဉ်မှာ နံ့သာဖြူသွေးပြီး နံ့သာ ဖြူကညစ်နဲ့ သရဏဂုံအင်း မရေးဘူး။ အသင့်ယူလာတဲ့ မိုင်းကိုင်စက္ကူနဲ့ရေးဖို့ ဟန်ပြင်နေတယ်။ နံ့သာဖြူအမွှေးအ တွက်ကတော့ မီးသွေးရဲရဲလေးအပေါ် မှာ နံ့သာဖြူတုံးလေးတွေ ကျွန်တော်က ထည့်ပေးရင်း-

'ကိုရဲ၊ ဒီအိမ်မှာ ဘာလို့ ကျောက် ပျဉ်မသုံးတာလဲ'

လို့ သူ့ကို မေးလိုက်တယ်။ အင်း မရေးခင် သူက-

'အတိုက်အခိုက် အနု၊ အကြမ်း ပေါ် မူတည်ပြီး ပြောင်းလဲရေးတာပါ။ အိမ်တစ်အိမ်မှာ အသံပေးတာ၊ ရိုးတိုး ရိပ်တိပ်မြင်လိုက်တာမျိုးက အစွဲမကြီး ဘူး။ မီးလင်းရောင်အောက်မှာ လူတွေ ကြောက်လန့်အောင် သဲနဲ့ပက်တာ၊ ရေ နဲ့ပက်တာ၊ ခဲနဲ့ပေါက်တာ၊ မီးခလုတ်ပါ ပိတ်လိုက်တာတွေက အတိုက်အခိုက်ပါ နေတယ်။ ဒီလို ကြမ်းနေရင် မိုင်းကိုင် စက္ကူမှာရေးပြီး ပြတင်းပေါက်အလယ် မှာ ကော်နဲ့ကို ကပ်ပေးရတယ်ဗျ။

နံ့သာဖြူနဲ့ရေးတဲ့အင်းက ရေးပြီး တာနဲ့ စုလိုက်ပြီး ဖန်ခွက်ထဲထည့်လိုက် တယ် မဟုတ်လား။ ပြီးတော့မှ ပြတင်း ပေါက်ကို အမွှေးပေးသလို သပြေခက်နဲ့ ပက်ပေးရတယ်လေ။ ဒါကြောင့် နုရင် ရတယ်။ ကြမ်းရင်တော့ မိုင်းကိုင်စက္ကူနဲ့ ရေးမှ သင့်လိမ့်မယ်။ ပရလောကသား ကိုသွားပို့တယ်ဆိုပေမယ့် မျက်စိလည် ပြီး ပြန်ရောက်လာတတ်တယ်။ မိုင်းကိုင် စက္ကူအင်းက တစ်လခွဲလောက် အင်း နိုးဘယ်။ ဒါကြောင့် လာခဲ့ရင်တောင် ပြတင်းပေါက်က ဝင်လို့မရတော့ဘူး'

လို့ ရှင်းပြပါတယ်။

ပုဂ္ဂိုလ်ကြီးအိမ်က ပြတင်းပေါက် (၃၀) ရှိပါတယ်။ ဒါကြောင့် တစ်ပေါက် ဘစ်အင်းကပ်နိုင်အောင် ကိုရဲက သရ ဏဂုံအင်း (၃၀) ရေးလိုက်တယ်။ အင်း ကပ်ခါနီးမှာတော့ မီးခဲရဲရဲနဲ့ နံ့သာဖြူ ငွေ့ကိုပေးရင်းကပ်တဲ့အလုပ်ကို လုပ်ပါ တယ်။ အထူးသဖြင့် မီးဖိုဆောင်တံခါး တွေက ကျပ်ခိုးတွေရှိနေလို့ ကော်ကပ် လို့မရနိုင်ပါဘူး။ ဒါကြောင့် သံသေးသေး လေးတွေနဲ့ အင်းရဲ့အပြင်ဘက်မှာ ရိုက် ပြီး မြဲအောင် ဖန်တီးရပါမယ်။ အားလုံး ပြီးတဲ့အခါ ကိုရဲက-

'အခုလို သရဏဂုံအင်း ကပ်ပြီး ရင် ခြောက်တာ လှန့်တာတွေ မဖြစ် တော့ပါဘူး။ ဖြစ်တယ်လို့ထင်ရင် ကျွန် တော့်ကို လာခေါ်ပါ။ သဘာဝကြောင့် ဖြစ်တဲ့အသံလား၊ ပရလောကသားအ သံလား ဆိုတာကို ခွဲခြားပေးပါ့မယ်။ ဒီကြားထဲမှာလည်း ဆရာကြီးတို့က သံဃာတော်တွေပင့်ပြီး ကမ္မဝါဖတ်တာ တို့၊ ပရိတ်ရွတ်တာတို့၊ အမျှဝေတာတို့ လုပ်ပေးပါ။ မနက်နဲ့ ညဦးပိုင်းမှာ ပဋ္ဌာန်းတရားခွေလည်း ဖွင့်ပေးပါ။ ဒီလို ဘက်စုံကကာကွယ်မှ အိမ်က ပိုပြီးသန့် ရှင်းသာယာလာပါလိမ့်မယ်'

လို့ ရှင်းပြခဲ့တယ်။

ဒီပွဲပြီးတော့ ပုဂ္ဂိုလ်ကြီးက-

'ဆရာ အခုလို ဆောင်ရွက်ပေး တဲ့အတွက် ဘယ်လောက်ပေးရမလဲ။ လိုအပ်တာမှန်သမျှ ပြောသာပြောပါ'

လို့ လမ်းဖွင့်ပေးပါတယ်။

ကျွန်တော်တို့ အလုပ်သင်ရှေ့နေ ဆရာကလည်း အတွင်းစကားနဲ့ မှာ လိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) ကျော်က ဒီပုဂ္ဂိုလ်ကြီး လက်မှတ်တစ် ချက်ထိုးရင် မြေကွက်တို့၊ ဖုန်းတို့၊ မီတာ တို့ဆိုတာ ချက်ချင်း ရောက်လာတယ် တဲ့။ ကြိုက်တဲ့အရာကိုသာ ပြောလိုက်လို့ မှာခဲ့ပါတယ်။ ဒါပေမယ့် ဒီပွဲမှာ ကိုရဲ ကတော့-

'ကျွန်တော် ဘာမှမလိုချင်ပါဘူး'

ဆိုတဲ့ စကားနဲ့ ပြန်ထွက်လာခဲ့ တာပါ။ ဒီပွဲမှာ ကျွန်တော်တို့က ငွေလို ချင်လို့လုပ်ပေးတာမျိုး မဟုတ်ဘဲ ဂုဏ် သိက္ခာဆယ်တဲ့ပွဲဖြစ်လို့ ဘာအခွင့်အရေး မှမတောင်းခဲ့ပါဘူး။ ကျွန်တော် ကိုယ် တိုင် နံ့သာဖြူ (၁၀) သား အကုန်ခံပြီး အမွှေးပေးဖို့ ဖန်တီးခဲ့တာပါ။

နောက်ရက်တွေမှာ ချိုးချိုးခြောက် ခြောက်အသံတာ မကြားရတော့မှ ကိုရဲ အိမ်ကို ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ကြွလာပြီး ကျေးဇူးတင်စကားတွေ တဝကြီး လာ ပြောတယ်။ အိမ်မှာ လိုအပ်တာတွေ ကြည့်သွားပြီး မိသားစုစားဖို့ ပေါ်ဆန်း တစ်အိတ်၊ ပဲဆီတစ်ပုံး၊ ကိုရဲသားလေးစီး ဖို့ စက်ဘီးတစ်စီးပါ လက်ဆောင်ပေးခဲ့ တယ်ဗျ။ ကျွန်တော့်ဘဝမှာတော့ အ ကြမ်းဆုံးအိမ်ကို သရဏဂုံအင်းနဲ့ဆောင် ရွက်ပြတာကို လက်တွေ့မြင်ခဲ့ရလို့ ဒီအ တွေ့အကြုံဟာ အဖိုးမဖြတ်နိုင်အောင် တန်ပါတယ်။

*အိမ်တိုင်း အိမ်တိုင်း သန့်ရှင်း သာယာ စီးပွားတိုးသောအိမ်များ ဖြစ် ကြပါစေ*

စိုးထွန်း(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငယ်စဉ်က အိပ်မက် မက်လွန်းသောကြောင့် အိပ်မက်များရှင် ဟု အမည်ရခဲ့သည်။ အိပ်မက်ကို လူတိုင်းမက်ကြသော်လည်း ကျွန်တော်မက်သောအိပ်မက်များက သာမန်အိပ်မက်များမဟုတ်ဘဲ ဂန္ထဝင်တွင်သောအိပ်မက်များ ဖြစ်ခဲ့သည်။ ကျွန်တော်၏အိပ်မက်ဖြင့် လူတို့၏အသက်ပေါင်းများစွာ၊ အိုးအိမ် စီးပွားဥစ္စာ များစွာကို ကယ်တင်နိုင်ခဲ့သည်။ ကျွန်တော့်စကားက ကြွားသလို ဖြစ်သော်လည်း ပကတိဖြစ်ရပ်ကို မမီသေးဘဲ လိုတောင်လိုနေပါသေး၏။ မှတ်မှတ်ရရ စတုတ္ထတန်းသို့ရောက်ချိန်မှစ၍ အိပ်မက်များကို မက်ခဲ့ပါသည်။ ကျွန်တော်မြင်မက်သော အိပ်မက်သည် နောက်နေ့တွင် အမှန်တကယ်ဖြစ်လေ့ရှိသည်။ အိပ်မက်ထဲတွင် လူတစ်ဦး ကားမှောက်၍သေမည်ဟု မြင်မက်ပါက ထိုသူကို နောက်နေ့တွင် ကားမစီးရန်ပြောမိသည်။ ကားစီးပါက ထိုသူ တကယ်သေရပြီး ကားမစီးပါက ထိုသူ အသက်ဘေးမှ လွတ်ကင်းနိုင်သည်။ ထိုကဲ့သို့ တစ်ကြိမ်တစ်ခါမှန်ရုံမျှဖြင့် ဂန္ထဝင်အိပ်မက်မဖြစ်ခဲ့ပါ။ အကြိမ်ကြိမ်အခါခါ မှန်ကန်၍ သေဘေးမှလွတ်မြောက်လာသူအများအပြားက လက်ခံပြီး 'အိပ်မက်များရှင်' ဘွဲ့ကို ပေးခြင်း ဖြစ်ပါသည်။ ကျွန်တော့်အိပ်မက်များကို လူအများက လက်ခံလာသည်နှင့် ဂန္ထဝင်အိပ်မက်များ ဖြစ်လာပါသည်။

ထိုဂန္ထဝင်အိပ်မက်များကို လွယ်လွယ်ကူကူနှင့် မက်နိုင်ခဲ့ခြင်းမျိုးတော့ မဟုတ်ပါ။ ဆရာကောင်းထံ နည်းနာခံပြီး ကြိုးစားလေ့ကျင့်ယူရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့၏လမ်းထိပ်တွင် တောင်ကုန်းတစ်ခုရှိရာ တောင်ကုန်းပေါ်တွင် ကိုးတောင်ပြည့် ရွှေစေတီတစ်ဆူ ရှိပါသည်။ ရွှေစေတီ၏သမိုင်းကြောင်း တိကျစွာ မသိရသော်လည်း တစ်ချိန်က ဦးအောင်ချမ်းသာ အိပ်မက်အရ တည်ထားခဲ့သည်ဖြစ်၍ 'အိပ်မက်ပေးဘုရား' ဟု သိရသည်။

တစ်နေ့ ထိုဘုရားပေါ်သို့ အသက် (၆၀) ခန့် ဖိုးသူတော်တစ်ပါးရောက်လာသည်။ ဖိုးသူတော်သည် ဘုရားရှေ့တွင် ထိုင်ကာ အချိန်ပြည့်တရားမှတ်နေသည်ကိုတွေ့ရသည်။ ဆွမ်းကျွေးသူရှိက ဆွမ်းစားပြီး ရေတိုက်သူရှိက ရေသောက်သည်။ လာရောက်ပေးလှူသူ မရှိပါက ဘာမှမစားဘဲ တရားသာမှတ်နေသည်။ နောက်နေ့တွင် ကားကောင်းတစ်စီး ရောက်လာပြီး ချိုင့်ကြီး,ချိုင့်ငယ်များဖြင့် ယူဆောင်လာသော ဆွမ်းများ၊ မုန့်မျိုးစုံနှင့်အချိုရည်များ ဆက်ကပ်ကြသည်။ နောက်နေ့များတွင် ကားများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာပြီး အလှူရှင်များ တစ်နေ့ထက်တစ်နေ့ များပြားလာသည်ကို မြင်တွေ့ရပါသည်။ ကျွန်တော်က ကျောင်းသွား၊ ကျောင်းပြန် ဘုရားရှေ့မှ ဖြတ်သန်းရသဖြင့် နေ့စဉ်မြင်တွေ့နေရခြင်း ဖြစ်သည်။ ဘုရားဖူးလာသူများမှာလည်း အထူး များပြားပါသည်။ ဘုရားဖူးများနှင့် ပတ်ဝန်းကျင်၏ ပြောစကားများကို ကြားနေရသည်။

"ဦးသူတော်က အကြားအမြင်ရတယ်။ ပြောသမျှ ဟောသမျှ အကုန်မှ
တယ်"

"မေးတဲ့လူက များလွန်းလို့ ကို
အလှည့်ရောက်ဖို့တောင် ခက်ခဲတယ်"

"တရားကို အမြဲကျင့်နေတာ
တော့ မှန်မှာပေါ့"

ဦးသူတော်၏အကြောင်းကို
ကွက်ထဲတွင်ပြောကြသည်။ ဈေးတကာ
ဆိုင်တကာတွင် ပြောကြသည်။ အိမ်
ကျွန်တော့်မိဘများကလည်း ပြောနေ
သည်။ ဦးသူတော်၏အကြောင်းကိုကြ
နေရ၍ ဦးသူတော်ကို အားကျနေ
သည်။ ဦးသူတော်ကဲ့သို့ အကြားအမြ
ရချင်နေပါသည်။ ဦးသူတော်ထံတွင် အ
ကြားအမြင်ရနည်းကို သင်ယူရလျှ
ကောင်းမည်ဟု တွေးမိသည်။

တစ်နေ့ ကျောင်းကအပြန် ဦးသူ





www.burmeseclassic.com

www.burmeseclassic.com

ရှိရာ တောင်ကုန်းပေါ်သို့ တက်ခဲ့ အသင့်တွေ့ရသော ဦးသူတော် ကောင်မေးပါသည်။

"လူကလေး- မင်း ဘာကိစ္စရှိလို့"

"ဦးသူတော်က အကြားအမြင်ရ ဆိုတာသိလို့ လာခဲ့တာပါ"

"ဘာလဲ- လူကလေးက မေးချင်"

"မေးချင်လို့မဟုတ်ပါဘူး၊ အကြား မြင်ရတဲ့ပညာကို သင်ယူချင်လို့ပါ"

ဦးသူတော်သည် ကျွန်တော့်ကို ကြည့်ပြီး ပြောပါသည်။

"အတော်လာတဲ့ကောင်ပါလား။ ဦးသူတော်က ဒီနေရာကပြောင်းတော့မှာ၊ နောက်နေ့ လူကလေးလာရင် တွေ့ရမှာ မဟုတ်တော့ဘူး"

"ဘာလို့ပြောင်းမှာလဲ ဦးသူတော်ရယ်၊ ဒီမှာ ဦးသူတော်ကိုကြည်ညိုတဲ့လူတွေ များနေတာပဲ"

"လူတွေလာလွန်းလို့ မနေချင်တာ၊ လူတွေလာတော့ တရားအလုပ်ကိုအချိန်ပြည့်မလုပ်နိုင်တော့ဘူး"

"ကျွန်တော့်ကို ပညာသင်ပေးခဲ့ပါဦး ဦးသူတော်ရယ်၊ ကျွန်တော်က ဦးသူတော်ရဲ့ပညာကို သိပ်သဘောကျနေတာ"

ဦးသူတော်သည် သူ၏ပညာကို သင်မပေးနိုင်၍ စိတ်မကောင်းဖြစ်နေပြီးမှ ပြောပါသည်။

"ဒီပညာက သင်ပေးလို့ရတာမျိုး မဟုတ်ဘူးကွယ့်"

"ဦးသူတော်တောင် ကြိုးစားလို့ရခဲ့တာပဲ၊ ကျွန်တော်လည်း ရအောင်ကြိုးစားမှာပါ။ ကြိုးစားရမယ့်နည်းလမ်းသာ ညွှန်ပြပါ"

"မင်း ပုတီးစိပ်ဖူးသလား"

"အိမ်မှာ ကျွန်တော့်အဘွားစိပ်တာ နေ့တိုင်းမြင်နေရတာပဲ"

"စိပ်ကော စိပ်နိုင်ပါ့မလား"

"အဘွားနဲ့ အဖော်ရလို့ စိပ်နိုင်ပါတယ်၊ ဘာကိုစိပ်ရမယ်ဆိုတာသာ ပြောပါ"

"စိပ်ရမှာက မခက်ပါဘူး။ မင်း သရဏဂုံ ရသလား"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ- လား"


"အေး- ဟုတ်တယ်။ သရဏဂုံတစ်ပါးကို ပုတီးတစ်လုံးနဲ့ တစ်နေ့ကို ပုတီးကိုးပတ်စိပ်ရမယ်။ စိပ်နိုင်ပါ့မလား"

"စိပ်နိုင်တာပေါ့။ ဘယ်လောက်ကြာအောင်စိပ်ရမှာလဲ"

"အကြားအမြင်ရတဲ့အထိပေါ့၊"

"(၆) လလား၊ (၁) နှစ်လား"

"ဒါက လူကလေးအပေါ်မှာ မူ



ကောင်းသော်

ပျောက်ဆုံးသွားသော ဂမ္ဘီရအိပ်မက်များ



www.burmeseclassic.com

www.burmeseclassic.com

တည်တယ်။ လူကလေးကြိုးစားရင် (၃)
လနဲ့တောင် ရနိုင်တယ်။ အာရုံငြိမ်ဖို့
အရေးကြီးတာပါပဲ"

"ကျွန်တော် ကြိုးစားမှာပါ၊ တစ်
နေ့ကို ပုတီး (၂၇) ပတ် စိပ်ပါ့မယ်"

"လူကလေး ဒါလောက်စိတ်အား
ထက်သန်နေရင် ရနိုင်ပါတယ်"

"ဒါဆို ကျွန်တော် အကြားအမြင်
ရမှာပေါ့နော်"

"အကြားအမြင်မရခင် အိပ်မက်
တွေက နိမိတ်ပြလာလိမ့်မယ်။ အိပ်မက်
နိမိတ်တွေ ဆက်တိုက်မှန်လာပြီးရင် အ
ကြားအမြင်ရပြီပေါ့"

"အိပ်မက်မှာ ဘာကိုမြင်ရမှာလဲ"

"ဒါက အတိအကျပြောလို့ မရ
ဘူး၊. ကိုယ်တိုင်သိလာတာ ပိုကောင်း
တယ်။ လူကလေးကြိုးစားရင် မကြာခင်
သိလာမှာပါ"

"ဦးသူတော် ဒီကထွက်သွားရင်
ဘယ်ရက်လောက်ပြန်လာဦးမှာလဲ"

"လူကလေး တိုးတက်မှု ရှိ မရှိ
ကို သုံးလကြာရင် တစ်ခေါက်လာကြည့်
မှာပါ။ ရော့- ဟောဒီ ကြိမ်ပုတီးကို ယူ
ထားပါ။ ညစဉ် ပုတီး (၉) ပတ် စိပ်ပါ။
လူကလေးပြောသလို (၂၇) ပတ်စိပ်နိုင်
ရင် ပိုပြီးခရီးရောက်မှာပေါ့။ လူကလေး
အောင်မြင်အောင် ကျူပ် မေတ္တာပို့ပေး
ပါ့မယ်"

"ကျွန်တော် ဒီညကစပြီး ပုတီးစိပ်
ပါ့မယ်"

"လူကလေးကို မှာစရာရှိတယ်၊
ပုတီးစိပ်တာက လူတိုင်း စိပ်တတ်ကြ
တာပါ။ ကြိုးစားသူတိုင်းလည်း အောင်
မြင်ကြတာချည်းပါပဲ။ အရေးကြီးတာက
ကိုယ်ချင်းစာစိတ်ရှိဖို့လိုတယ်။ ပုတီးစိပ်
လို့ ဘယ်လောက်ပဲ သမာဓိအားတွေ
ကောင်းကောင်း၊ ကိုယ်ချင်းစာစိတ် မရှိ
ရင် အကြားအမြင်မရနိုင်ဘူး။ လူလေး
အဲဒါကို မြဲမြဲမှတ်ထားပါ။ ဘယ်သူ့ကို
သာစေ၊ ဘယ်သူ့ကို နာစေ ဆိုတဲ့ စိတ်
မျိုး လုံးဝ မမွေးပါနဲ့။ လူတိုင်းအပေါ်
စေတနာထားရမယ်။ နောက်ဆုံးမှာချင်
တာက အကြားအမြင်မရခင် အိပ်မက်
နိမိတ်တွေ အရင်တွေ့ရလိမ့်မယ်။ အိပ်
မက်နိမိတ်ပေါ်ပြီး မကြာခင် အကြားအ
မြင်ရပြီပေါ့"

ကျွန်တော် ဦးသူတော်ကို နှုတ်
ဆက်ပြီး ပြန်ခဲ့သည်။ အိမ်ရောက်သည်
နှင့် အဘွားကို ယနေ့ညမှစ၍ အဘွား
နှင့် ပုတီးစိပ်မည့်အကြောင်း ပြောပြရာ
အဘွား အလွန် ဝမ်းသာသွားကြောင်း
တွေ့ရပါသည်။ ကျွန်တော့်ထက် အငယ်
ညီမနှစ်ဦးရှိသော်လည်း သူတို့က အဖေ၊
အမေနှင့်အတူ အိပ်ပြီး ကျွန်တော်က
အဘွားနှင့်အတူအိပ်ရပါသည်။ အဘွား
က ယခင်က ပုတီးစိပ်ရန် ကျွန်တော့်ကို
တိုက်တွန်းခဲ့ဖူး၍ ယခု တကယ် ပုတီး
စိပ်တော့မည်ဟု သိရသောအခါ အ
လွန်ပျော်ရွှင်နေကြောင်း တွေ့ရပါသည်။
ထိုညက အဘွားနှင့်အတူ ပုတီးစိပ်ကြ
ရာ ကျွန်တော်က(၂၇)ပတ်ပြည့်အောင်
စိပ်သဖြင့် အဘွား အံ့ဩနေပါသည်။
ယခင်က အဘွားပုတီးစိပ်နေစဉ် ကျွန်
တော်က ထိုင်စောင့်နေခဲ့ရသော်လည်း
ယခုအခါ အဘွားက ကျွန်တော့်ကိုထိုင်
စောင့်နေရပါသည်။

ကျွန်တော် ပုတီးစိပ်ပြီးသောအခါ
အဘွားက ချီးမွမ်းစကားဆိုပါသည်။

"ငါ့မြေးက ပုတီး တော်တော်စိပ်
နိုင်တာကိုး"

"ဦးသူတော်က အကြားအမြင်ရ
ချင်ရင် ပုတီး(၉)ပတ်စိပ်ဖို့ပြောပေမယ့်
ကျွန်တော်က အကြားအမြင် မြန်မြန်ရ
ချင်လို့ (၂၇) ပတ် စိပ်ခဲ့တာပါ"

"သိပ်ကောင်းတာပေါ့၊ လိမ္မာတဲ့
ငါ့မြေးလေး လိုအင်ဆန္ဒ ပြည့်ဝပါစေ
ကွယ်"

ကျွန်တော်သည် အကြားအမြင်ရ
ချင်လွန်းသောကြောင့် ဦးသူတော်ပေး
သည့် ပုတီးစိပ်ကို တစ်နေ့လျှင် (၂၇)
ပတ် မပျက်မကွက်စိပ်ခဲ့သည်။ ညောင်း
ညာကိုက်ခဲသည်ကို ဂရုမစိုက်နိုင်၊ ပင်
ပန်းမှန်းပင်မသိဘဲ အဘွားနှင့်အတူ နေ့
စဉ် ပုတီးစိပ်ခဲ့ရာ တစ်လပြည့်မြောက်ခဲ့
ပါပြီ။ စိတ်ကြည်လင် ပေါ့ပါးသွက်လက်
ကာ စာကျက်၍ရလွယ်လာသည်။ မိမိ
၏တိုးတက်မှုကို စမ်းသပ်လျက် မနက်
ကျောင်းမသွားမီ ပုတီး (၉) ပတ်ရအောင်
စိပ်လိုက်သည်။ အဘွားက မြေးလိမ္မာ
အတွက် ဂုဏ်ယူမဆုံးအောင်ရှိနေပြီး လူ
တွေ့တိုင်း သူ့မြေးအကြောင်းချီးမွမ်းခန်း
ဖွင့်ခဲ့သည်။ ပထမအစမ်းစာမေးပွဲ ရှိ
သဖြင့် ပုတီးလျှော့စိပ်ပြီး ကျောင်းစာကို
ပို၍ကျက်ရန် အဘွားက သတိပေးသော်
လည်း ပုတီးပတ်ကို မလျှော့နိုင်ဘဲ စာ
ကို ပို၍ ကျက်ခဲ့သည်။ စာမေးပွဲမဖြေမီ
ပထမဆုံး ထူးခြားချက်ကို စတင်တွေ့
ရှိရသည်။ စာမေးပွဲတွင် မြန်မာစာကို
အရင်ဆုံးဖြေဆိုရမည်ဖြစ်ရာ မြန်မာစာ
မေးခွန်းကို မှန်းဆကြည့်ရင်း အိပ်ပျော်ခဲ့
စဉ် အိပ်မက်ထဲတွင် မြန်မာစာဖြေရ
သည်ကို အိပ်မက်သဖြင့် အိပ်မက်တွင်
တွေ့မြင်ရသောမေးခွန်းများကို ပြန်လည်
စဉ်းစားပြီး ထိုမေးခွန်းများမေးပါက ဖြေ
ဆိုရန် ပြင်ဆင်ခဲ့ပါသည်။

စာမေးပွဲခန်းထဲရောက်၍ မေးခွန်း
ကို မြင်လိုက်ရသောအခါ မယုံကြည်နိုင်
လောက်အောင် စိတ်လှုပ်ရှားသွား
သည်။ အိပ်မက်ထဲမှာတွေ့၍ သူ ဦးစား
ပေး ရွေးချယ်ကျက်မှတ်ထားသည့်
များကို ပြည့်ပြည့်စုံစုံ ဖြေလိုက်ရသဖြင့်
ဝမ်းသာခဲ့ရသည်။ နောက်နေ့ဖြေရမည့်
ဘာသာအတွက် စိတ်ကူး၍အိပ်လို
ရာ အိပ်မက်ထဲတွင် မေးခွန်းရပြန်သည်။
ထိုမေးခွန်းအတွက် ဦးစားပေးကျက်မှတ်
ခဲ့ရာ မေးခွန်းမှာ အိပ်မက်ထဲကအတိုင်း
'၏၊ သည်' မလွဲ ပါသဖြင့် ကောင်းစွာ
ဖြေဆိုနိုင်ခဲ့ပြန်၏။ နောက်နေ့ နော
နေ့များတွင်လည်း အိပ်မက်တွင် တွေ့
သောစာများကိုသာ ရွေးချယ်ကျက်မှတ်
ရာ ဘာသာတိုင်း အကောင်းဆုံးဖြေ
နိုင်ခဲ့ပါသည်။ ဦးသူတော်ပြောသည့်
အကြားအမြင်မရမီ အိပ်မက်နိမိတ်
အရင်ရလိမ့်မည် ဟူသော စကားကို အ
မှတ်ရလိုက်သည်။

ကျွန်တော်တို့အတန်းထဲ၌ ဝင်းနိုင်
က အမြဲ ပထမရပြီး ကျွန်တော်
ဒုတိယတစ်လှည့်၊ တတိယတစ်လှည့်
သာရခဲ့သည်။ ယခုတစ်ကြိမ်တွင်
ပထမရတော့မည်ဟု တွေးကာ ပျော်
မိသည်။ ဝင်းနိုင်က သူစာတော်သည်
ဂုဏ်ဖော်လွန်းသဖြင့် ဝင်းနိုင်ကို အနိုင်
ချင်နေပါသည်။ ပထမအစမ်းဖြေဆို
သော ဘာသာရပ်အလိုက် ဆရာများ
အမှတ်များကြေညာလေ့ရှိသည်။ ဆ
များ မကြေညာမီ အိပ်မက်ထဲတွင်
ရရှိသည့် ဘာသာရပ်များအလိုက် ရမှတ်
များကို သိလိုက်ရသည်။ ဆု ရ မရ
အတန်းပိုင်ဆရာအားမေးရာ မိမိ ဒုတိယ
သာရကြောင်းသိရ၍ စိတ်ပျက်မိသည်။
နောက်နေ့တွင် ဆရာက ဆုရသူများ
ကြေညာရာတွင် ဝင်းနိုင်က ပထမရ
ကျွန်တော်က ဒုတိယသာရကြောင်း
လိုက်ရသည်။ ဘာကြောင့် ဒုတိယဖြစ်
သည်ကိုသုံးသပ်ကြည့်ရာ သင်္ချာဘာသာ
တွင် အမှတ် (၁၀၀)ရရမည့်အစား (၉၀)
သာရသဖြင့် သင်္ချာဆရာကိုသွားရောက်
မေးမြန်းရာ ဆရာက ကျွန်တော်ဖြေ
သည့်အဖြေလွှာကိုထုတ်ပြရာ (၁၀)
ဖြေရမည့်အစား (၉) ပုဒ်သာ ဖြေ
ကြောင်းတွေ့ရ၏။ သို့သော် ကျွန်တော်
၏အိပ်မက်များက တိတိကျကျ မှန်
နေသဖြင့် ဒုတိယဖြစ်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

...နေမိသည်။ ဘာသသာရပ်အလိုက် ...များကို ဆရာများက မကြေညာမီ ...တော်က ကြိုတင် သိရှိထားသဖြင့် ...ယ်ချင်းများကို ပြောထားရာ ဆရာ ...ညာသည့်အခါ အတိအကျ မှန်ကန် ...သဖြင့် အလွန် အံ့သြအထင်ကြီးနေ ...ပါသည်။ ဝင်းနိုင်ကို မကျော်ဖြတ်နိုင် ...သည်ကလွဲ၍ အားလုံးကျေနပ်စရာ ...ည်း ဖြစ်ပါသည်။

ပထမဆုံး မိမိကိုယ်တိုင် အိပ်မက် ...တ်ရပြီးနောက်ပိုင်း ထူးခြားသောအိပ် ...နိမိတ်များ ဆက်တိုက်ရကာ ဂမ္ဘီရ ...ပ်မက်အထိ ထူးခြားခဲ့ပါသည်။ တိုး ...တ်မှုမြန်ဆန်ကာ အချိန် (၃)လကျော် ...သည်နှင့် ပို၍ အောင်မြင်ခဲ့သည်။ တစ် ...နေ့ အစ်ကိုဝမ်းကွဲတော်သူ ကိုကျော်ထူး ...အိမ်သို့ရောက်လာပြီး သူ ခရီးသွားမည့် အကြောင်း ပြောပါသည်။

"အစ်ကို နောက် (၂) ရက်ကြာရင် ...ကို မော်တော်ကြုံနဲ့သွားဖို့ရှိတယ်၊ ညီ ...လေး မှာချင်တာရှိရင် မှာလိုက်ပါ"

ထိုည၌ ဂမ္ဘီရအိပ်မက်ကို စတင် ...မက်ပါသည်။ ကိုကျော်ထူးလိုက်ပါသွား သည့်မော်တော်သည် လှိုင်းလေကြောင့် ...နစ်မြုပ်ပြီး လူအများ သေဆုံးကြောင်း အိပ်မက်ရပါသည်။

နံနက်လင်းသည်နှင့် ကိုကျော်ထူး အိမ်သို့ သွားခဲ့သည်။

"အစ်ကို- ခရီးသွားဖို့ကိစ္စ နောက် (...) ရက် ရွှေ့ဆိုင်းလိုက်ပါ"

"ငါ အားလုံးစီစဉ်ထားပြီးပြီ၊ ပြင် ...လို့မရတော့ဘူး"

"ဒါဆို တစ်ရက်တော့ နောက် ဆုတ်ပေးပါ အစ်ကို၊ ကျွန်တော်ပါ လိုက် ...ပါ့မယ်"

"အေးလေ- မင်းလိုက်မယ်ဆိုရင် တော့ တစ်ရက်ရွှေ့ပေးပါ့မယ်"

ကိုကျော်ထူး ခရီးမသွားဖြစ်ခဲ့ သည်မှာ မှန်ကန်ခဲ့သည်။ ထိုနေ့က ထွက်သော မော်တော် လေပြင်းမိပြီး ...တိမ်းမှောက်၍ ခရီးသည် များစွာ သေ ဆုံးခဲ့ပါသည်။ ကိုကျော်ထူးသည် ကျွန် တော့်ကြောင့် အသက်မသေသည်ကို ပြော၍မဆုံးတော့ပါ။ ကျွန်တော့်မိဘ များကမေးသည့်အခါ အိပ်မက်ကြောင့် ဟု ပြောမိသဖြင့် ကျွန်တော်၏အိပ်မက် သည် ဂန္ထဝင်တွင်ခဲ့ပါတော့သည်။

တစ်နေ့ အဖေ၏အစ်ကိုကြီးဖြစ် သူ ဘကြီးစံမြ အိမ်သို့ရောက်လာပြီး သစ်ပင်ခုတ်ရန် ခွင့်ဖက်လှ လာရောက် ...ငှားပါသည်။

"စက်ပိုင်ကြီးရဲ့အိမ်ရှေ့က သရက် ပင်ကို ခုတ်လှဲဖို့ လွှခဏငှားပါ"

ထိုသရက်ပင်သည် ရှက္ခစိုးသစ် ပင်ဖြစ်ပြီး လှဲသူတိုင်း ဒုက္ခရောက်ကြရ သည်ကို ကြားထားပြီးဖြစ်၍ ဘကြီးစံမြ ကို မလှဲစေလိုသဖြင့် လွှမပေးနိုင်ပါ။ လွှ မငှားနိုင်ကြောင်းပြောလိုက်ပါက ဘကြီး မကျေနပ်မှာစိုး၍ ကြည့်ပြောလိုက်ရပါ သည်။

"ဒီည ထင်းဖြတ်စရာ ရှိလို့ပါ၊ မနက်ဖြန်မနက် လွှကို ကျွန်တော်ကိုယ် တိုင် လာပို့ပါ့မယ်"

ဘကြီးစံမြ ပြန်သွားပါသည်။ ထို ညက ဘကြီးစံမြခုတ်လှဲမည့်သရက်ပင် ကို အာရုံခံကြည့်ရာ သရက်ပင်ကြီးလဲ ၍ လူများသေကြသည်ကို ထိုညက အိပ် မက်တွင် ထင်ထင်ရှားရှား မြင်မက်သည်။ နောက်နေ့ မနက်စောစော ဘကြီးစံမြ အိမ်သို့သွားရောက်၍ တောင်းပန်ရ၏။

"ဘကြီးရေ- ညက ဘုန်းကြီး ကျောင်းက လွှလာတောင်းလို့ ပေးလိုက် ရတယ်။ ဆရာတော်တောင်းတာဆို တော့ မပေးမဖြစ်လို့ ပေးလိုက်ရတယ်။ သုံးရက်ကြာရင် ပြန်ပို့မယ် ပြောတယ်။ သုံးရက်တော့စောင့်ပါ ဘကြီးရယ်၊ လွှ ရောက်ရောက်ချင်း လာပို့ပါ့မယ်"

နောက် (၂) ရက်အကြာတွင် သရက်ပင်ခုတ်သောအဖွဲ့ သရက်ပင်ပိ ၍ လူနှစ်ဦးသေဆုံးကြောင်း သိလိုက်ရ သည်။ မကြာမီ ဘကြီးစံမြရောက်လာ ပါသည်။

"ငါ့တူ လွှမပေးလို့ ဘကြီးမလုပ် ဖြစ်ခဲ့တာ ကံဖယ်တာပဲကွယ်။ ဘကြီးက ချက်ချင်း မလုပ်နိုင်တော့ စက်ပိုင်က နောက်တစ်ပွဲငှားလိုက်တာ၊ အဲဒီအဖွဲ့ ကံဆိုးတာပဲဟေ့"

"အခုမှ ဘကြီးကို တောင်းပန်ရ မယ်။ ဘကြီး ဒုက္ခရောက်မှာစိုးလို့ လွှ မပေးလိုက်တာပါ၊ လွှက ရှိပါတယ်။ ကျွန်တော့်ရဲ့အိပ်မက်မှာ သစ်ပင်ပိလို့ လူသေတယ်လို့ မက်ပါတယ်။ နောက်ပြီး ဒီသရက်ပင်က နာမည်ကြီးလို့ ဘကြီးကို လိမ်ခဲ့မိပါတယ်။ ကျွန်တော့်ကိုခွင့်လွှတ် ပါ ဘကြီး"

"ခွင့်လွှတ်ပါတယ်ကွာ၊ မင်း အိပ် မက်ကြောင့် အသက်မသေတာဘဲ။ ဒါနဲ့ ကျော်ထူးတုန်းက တစ်ကြိမ်၊ အခု တစ် ကြိမ် (၂) ကြိမ်ရှိပြီဆိုတော့ မင်းအိပ် မက်တွေက ဂန္ထဝင်အိပ်မက်တွေပဲဟေ့"

ကျွန်တော်၏ ထိုထူးဆန်းသော အိပ်မက်များကို အများသိအောင် ပြော မပြခဲ့သဖြင့် ပတ်ဝန်းကျင်က မသိကြ သော်လည်း ကျွန်တော့်မိသားစုနှင့် ကို ကျော်ထူး၊ ဘကြီးစံမြတို့မှတစ်ဆင့် သိရှိ ခဲ့ကြသဖြင့် အများ၏စိတ်ဝင်စားမှုကို ခံယူခဲ့ရသည်။ ကျွန်တော့်ကိုယ်တွေ့များ ကြောင့် ကျွန်တော့်အိပ်မက်ကို ကျွန် တော် ယုံကြည်မှုရှိခဲ့သည်။ အိပ်မက် နိမိတ်ကို မြင်ပြီးပါက အကြားအမြင်ရ တော့မည်ဖြစ်၍ ပုတီးကို ပိုမိုအားကိုး ကာ ပိုမို ကြိုးစားခဲ့ပါသည်။

တစ်နေ့ ကိုကျော်ထူး ရောက်လာ သည်။ သူ၏အသက်ကို ကယ်တင်နိုင်ခဲ့ သဖြင့် ကျွန်တော့်ကိုယုံကြည်အားကိုးပြီး ရောက်လာခြင်း ဖြစ်သည်။ ကိုကျော်ထူး က လာရင်းကိစ္စကို ပြောပါသည်။

"ညီလေး- မင်းကို မေးစရာတစ် ခုရှိလို့ လာခဲ့တာပါ။ ငါတို့ ဘုန်းကြီးလူ ထွက် ဦးမြသီးရဲ့အိမ်ကိုဝယ်ဖို့ လေ့လာ နေခဲ့တာ အိမ်ကလည်း ကောင်း၊ ဈေး ကလည်းချိုတော့ ဝယ်သင့်, မဝယ်သင့် သိချင်လို့လာခဲ့တာ။ မင်းအမြင်ပြောပါ ဦး"

ကိုကျော်ထူးက ကျွန်တော့်ကို ဆရာတစ်ဆူပမာ လေးလေးစားစား လာရောက်မေးသဖြင့် အံ့သြဝမ်းသာမိ ပါသည်။ ကိုကျော်ထူး၏စကားကို ချက် ချင်းအဖြေမပေးနိုင်သဖြင့် အချိန်တစ်ခု ယူရန် လိုအပ်နေပါသည်။

"ကျွန်တော် စဉ်းစားပါရစေ အစ်ကို၊ မနက်ဖြန် မနက် ကျွန်တော် အစ်ကို့ဆီလာပြီး ပြောပါ့မယ်"

ကိုကျော်ထူးကို ပြောလိုက်ပြီးဖြစ် သဖြင့် ထိုညတွင် အိပ်မက်ရရန် ဆန္ဒပြု ၍ အိပ်ခဲ့ရာ အိပ်မက်မက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် ကိုကျော်ထူး ဝယ်ရန် ရည်ရွယ်ထားသော အိမ်ကိုလည်း တွေ့ ပါသည်။ ရပ်ကွက်လူကြီးများ၊ ရဲများ ရောက်နေသဖြင့် ပြဿနာတစ်ခုခုတော့ ရှုပ်ထွေးနေပြီဟု ခန့်မှန်းရပါသည်။ ထပ် မံလေ့လာ၍မရတော့သဖြင့် နောက်နေ့ တွင် ကိုကျော်ထူးထံသွား၍ပြောခဲ့သည်။

"အစ်ကို- အစ်ကိုဝယ်ချင်တဲ့အိမ် က နောက်ကွယ်မှာ ရှုပ်ထွေးမှုတွေရှိပုံ ရတယ်။ ကျွန်တော့်သဘောအရပြောရ ရင်တော့ မဝယ်စေချင်ပါဘူး။ မဖြစ်မနေ ဝယ်မှဖြစ်မယ်ဆိုရင် အစ်ကို သေသေ ချာချာ လေ့လာဖို့လိုမယ်"

ကိုကျော်ထူးကို ထိုမျှသာပြောခဲ့ မိပါသည်။ နောက်သုံးရက်အကြာတွင် ထိုအိမ်၌ ပြဿနာတက်သည်ကို တွေ့ ရသည်။ ကိုကျော်ထူးက ကျွန်တော်၏



www.burmeseclassic.com

www.burmeseclassic.com

စကားကို ယုံကြည်သဖြင့် ထိုအိမ်ကို မဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ နောက်လူတစ်ဦး ထိုအိမ်ကိုဝယ်လိုက်ပြီး မိသားစုလိုက် ပြောင်းရွှေ့လာမှ ပြဿနာတက်တော့သည်။ အိမ်ကို သူဌေးတစ်ဦးထံတွင် အပေါင်ထားပြီး တတိ တတိ ငွေများ ယူသုံးခဲ့သဖြင့် အိမ်ကိုပိုင်နေပြီဖြစ်သော သူဌေးက လာရောက်တားဆီးခဲ့သည်။ ထိုအမှု တရားရုံးသို့ရောက်သည့်အခါ အိမ်ဝယ်သူ တရားရှုံးခဲ့သည်။ ထိုကိစ္စများပြီးစီးသည်နှင့် ကျွန်တော်သည် ဂန္ထဝင်အိပ်မက်ကို ပိုမို၍ ယုံကြည်မိပါတော့သည်။

တစ်ညတွင် အိပ်မက်တစ်ခုမက်ပြန်သည်။ ဖေဖေ၏ညီ လေးလေးစိုးကို တွေ့ရသည်။ လေးလေးစိုးမှာလည်း အဝတ်အစားများ သစ်လွင်တောက်ပပြီး ရွှင်လန်းနေသည်ကို တွေ့လိုက်ရသည်။

'ငါ ထီပေါက်တယ်ကွ၊ ဒါကြောင့် ဒါလောက်ချမ်းသာခဲ့တာပေါ့'

ထိုအိပ်မက်ကို မက်မိသော်လည်း လေးလေးစိုးနှင့် မတွေ့ရသဖြင့် မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ တစ်နေ့ မမျှော်လင့်ဘဲ လေးလေးစိုး အိမ်သို့ ရောက်လာသည်။

"မင်းဆီ အကြံတောင်းရအောင် လာခဲ့တာ။ ငါ့သမီးက ဈေးသက်သက်သာသာနဲ့ရလို့ ရွှေဝယ်ချင်နေတာ၊ အဲဒါ ဝယ်သင့်, မသင့် မင်းကို မေးချင်လို့။ အဲဒါ ပြောပါဦး"

ကျွန်တော်က မဆိုင်းမတွ ချက်ချင်း အဖြေပေးလိုက်ပါသည်။

"ကောင်းပါတယ် လေးလေးစိုး၊ လေးလေးစိုးတို့ ကြီးပွားတော့မှာ။ ရွှေဝယ်တာလည်း မှန်တယ်။ အဲဒါအပြင် လေးလေးစိုးတို့ ထီပေါက်ဖို့လည်း ရှိတယ်။ ထီလည်းပေါက်မယ်၊ ကြီးပွားချမ်းသာမယ်။ လုပ်သမျှ အကုန်အကျိုးပေးမှာ ဆိုတော့ ရွှေဝယ်တာ မှန်တာပေါ့"

"ဝမ်းသာလိုက်တာကွယ်၊ မင်းပြောသလို ထီပေါက်ရင် အလှူကြီးပေးပစ်လိုက်မယ်။ ထီမထိုးတာလည်းကြာပြီ၊ မင်းပြောမှ ထီထိုးရတော့မယ်"

"ထီလည်းထိုးပါ။ ထီပေါက်ရင်လည်း ပြောပါဦး"

လေးလေးစိုး ဝမ်းသာအားရ ပြန်သွားပါသည်။ နောက်လတွင် လေးလေးစိုး ထီဆုကြီးပေါက်ကြောင်း ကြားရသည်။ မြေးများ ရှင်ပြုပွဲကို ခမ်းနားစွာ ပြုလုပ်သဖြင့် သွားခဲ့ရသေးသည်။

ကျွန်တော်၏အိပ်မက်များသည် သာမန် မဟုတ်တော့ဘဲ လူတစ်ဦး၏ ဘဝကို ပြောင်းလဲသွားစေနိုင်အောင် တစ်ဖက်သား အမှတ်တရဖြစ်စေသဖြင့် ဂမ္ဘီရအိပ်မက်များဟု တင်စားပြောခဲ့ခြင်းဖြစ်သည်။ မိမိအိပ်မက် မည်မျှမှန်ကန်ကြောင်း ကြားဝါသည့်အနေဖြင့် ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့သော်လည်း ဆွေမျိုးအသိုင်းအဝိုင်းမှတစ်ဆင့်စကားဖြင့် တစ်စ တစ်စ လူသိလာခဲ့သည်။ အောက်ခြေဝန်ထမ်းများကို ကူညီခဲ့ဖူးသည်လည်း ရှိပါသည်။ တစ်ည ဆိုက်ကားသမားသံချောင်း အဖမ်းခံရသည်ဟု အိပ်မက်မက်သဖြင့် နောက်နေ့တွင် ကိုသံချောင်းကို ဆိုက်ကားမထွက်ရန် ပြောထားရသည်။ ကိုသံချောင်းသည် အခြားဆိုက်ကားသမားနှစ်ဦးနှင့်အတူ အလုပ်လုပ်ရန် စီစဉ်ထားပြီး ကျွန်တော်ကတားသဖြင့် ပထမ မကျေမနပ် ဖြစ်သေးသော်လည်း သူ့ကို စေတနာဖြင့် တားမှန်းသိ၍ တစ်နေကုန် ဆိုက်ကားမထွက်ဘဲ နေခဲ့သည်။ ညဘက်တွင် သတင်းအရ ရဲတပ်ဖွဲ့မှ လာရောက်ဖမ်းဆီးပါသည်။ အခြားဆိုက်ကားသမားနှစ်ဦးမှာ မူးယစ်ဆေးဝါး သယ်ယူမှုဖြင့် အဖမ်းခံရပြီး ကိုသံချောင်းမှာ ထိုအလုပ်တွင် ကိုယ်တိုင်မပါဝင်ကြောင်း စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်လွတ်မြောက်ခဲ့သည်။ နောင်တွင် ကိုသံချောင်းမှာ ထိုအဖြစ်အပျက်ကို ပြောမဆုံးနိုင်အောင် ရှိပါတော့သည်။ ထိုကဲ့သို့ လူတစ်ဦးတစ်ယောက် ဒုက္ခရောက်ရမည့်ကိစ္စရပ်များ၊ ဆုံးရှုံးနစ်နာနိုင်သည့် ကိစ္စရပ်များ၊ အသက်ဆုံးရှုံးရနိုင်သော ကိစ္စရပ်များတွင် ဂန္ထဝင်အိပ်မက်ကြောင့် ကယ်တင်နိုင်၊ ကူညီနိုင်ခဲ့သဖြင့် လူသိများလာခဲ့သည်။

ကျွန်တော်၏အိပ်မက်များ အရှိန်အဟုန်ကောင်းနေစဉ် စတုတ္ထတန်းစာမေးပွဲကြီးက နီးကပ်လာသည်။ အိပ်မက်များက မှန်ကန်လာသဖြင့် အိပ်မက်အပေါ် လုံးဝသံသယမရှိတော့ပါ။ မကြာမီ အကြားအမြင်ရတော့မည်ကိုလည်း ယုံကြည်နေမိသည်။ စာမေးပွဲကြီးအတွက်ကလည်း သိပ်ပူစရာမလိုပါ။ အိပ်မက်အားကိုးနှင့် အစွမ်းပြရတော့မည်။ ကျွန်တော်၏အိပ်မက်များအပေါ် သူငယ်ချင်းများက အားကျသူရှိသလို ကဲ့ရဲ့သူလည်း ရှိပါသည်။ ကဲ့ရဲ့သူများထဲတွင် ဝင်းနိုင်သည် အကဲဆုံး ဖြစ်သည်။

"ဒီမှာ ဖိုးသော်၊ မင်းရဲ့အိပ်မက်တွေ ဘယ်လောက်ပဲစွမ်းစွမ်း၊ ဒီစာမေးပွဲကြီးမှာ ငါ့ရဲ့ပထမနေရာကို မင်းမရနိုင်ဘူးမှတ်ပါ"

ဝင်းနိုင်၏စကားကြောင့် ဒေါသထွက်ရသော်လည်း မိမိဘာမှပြန်မပြောခဲ့ဘဲ ကြိတ်မှိတ်ခံခဲ့သည်။ မိမိကလည်း ယခုအထိ သူ့ကို မကျော်ဖြတ်နိုင်သေးသဖြင့် မိမိက သူ့ကို ဖက်ပြိုင်ပြောစရာစကားမရှိသေးပါ။ ဝင်းနိုင်ကို နိုင်လိုပါက စာမေးပွဲကြီးတွင် အပြတ်အသတ်ကျော်ဖြတ်နိုင်မှဖြစ်တော့မည်။ စာမေးပွဲကလည်း ရက်ပိုင်းသာလိုပါတော့သည်၊ တစ်ညတွင် အလွန်ထူးဆန်းသော အိပ်မက်ကိုမက်ခဲ့သည်။ ဝင်းနိုင်တို့လမ်းထဲတွင် မီးလောင်မှုဖြစ်သည်။ ကျွန်တော်အပြေးအလွှားသွားကြည့်သည်။ သူငယ်ချင်းဝင်းနိုင်ကို ကူညီချင်၍မဟုတ်ပါ၊ ဝင်းနိုင်အိမ် မီးလောင်သည်ကိုမြင်လို၍ဖြစ်သည်။ ကျွန်တော်၏ဆန္ဒ ပြည့်ဝပါသည်။ ကျွန်တော်ရောက်သည့်အခါ ဝင်းနိုင်တို့အိမ် ပြာကျနေသည်။ ဝင်းနိုင်၏အိမ် မီးလောင်ခံရခြင်းအတွက် ဝမ်းနည်းမှုမရှိသည့်အပြင် ဝမ်းသာခဲ့ရသည်၊ စာမေးပွဲနီးမှ ကျောင်းစာအုပ်များ ပါသွားခဲ့ပါမူ ဝင်းနိုင် ဒုက္ခတွေ့ပေရော့မည်။ နောက်နေ့တွင် ညကအိပ်မက်ကို ပြန်၍ စဉ်းစားသည်။ ထိုအိပ်မက်အကြောင်း ဝင်းနိုင်ကို ပြောသင့်, မသင့်၊ လမ်းထဲမီးလောင်မည်ဖြစ်၍ ကျောင်းစာအုပ်များသိမ်းထားရန်ကိစ္စ စဉ်းစားမိသော်လည်း လုံးဝ မပြောခဲ့ပါ။ ပြောခဲ့သော် ဝင်းနိုင် ယုံချင်မှယုံမည်၊ သူ့ကို လှောင်ချင်လှောင်နိုင်သည်။ ဝင်းနိုင် ပထမ မရအောင် မပြောဘဲနေခြင်းက အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

နောက်နှစ်ရက်အကြာတွင်, ထိုလမ်းထဲတွင် မီးလောင်မှုဖြစ်ပွားကာ ဝင်းနိုင်တို့အိမ် မီးထဲပါသွားလေသည်၊ ဝင်းနိုင်၏ ကျောင်းစာအုပ်များအားလုံး မီးထဲပါသွားကြောင်းသိရသည်ကို စိတ်မကောင်းမဖြစ်ဘဲ ဝမ်းသာနေမိသည်၊ မကြာခင် စာမေးပွဲဖြေဆိုကြရပါသည်၊ အောင်စာရင်းထွက်သောအခါ ကျွန်တော်က ပထမရ၍ ဝင်းနိုင်က သာမန်အဆင့်ဖြင့်သာ အောင်ခဲ့၏။ ကျွန်တော် အလွန်ကျေနပ်ပါသည်။ ကျွန်တော့်အပေါ် အမြဲအနိုင်ယူခဲ့သော ဝင်းနိုင်၊ သူ့ကိုယ်သူ အထင်ကြီးလွန်းသော ဝင်းနိုင် တစ်သက်လုံး ကျွန်တော့်အထက်မှာနေရလိမ့်မည်ဟု ယုံကြည်နေသည့် ဝင်းနိုင် ထိုဝင်းနိုင်ကို အနိုင်ရခဲ့ပါပြီ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများမှ လက်ဖွဲ့ယတြာ၊ဂါထာမန္တန်များ

## လှမြင့်(ရန်ကုန်တက္ကသိုလ်)



စာပေလွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်သော ဆရာကြီး သခင်ကိုယ်တော်မှိုင်း(ခရစ်နှစ် ၁၈၇၅-၁၉၆၃ ခုနှစ်) ရေးဖွဲ့ခဲ့သော လေးချိုးကြီးများတွင် ညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းများကို အခြေခံ၍ ရောင့်ရဲတင်းတိမ်ခြင်း၊ ခြိုးခြံချွေတာခြင်း၊ မတုန်လှုပ်ခြင်းဟူသော စိတ်စေတနာများအရင်းခံလျက် မြန်မာပြည်နှင့် မြန်မာနိုင်ငံသားများအကျိုးအတွက် ဒေါင်းအလံတင်ထားသော ကျောင်းသခ်မ်းမှတစ်ဆင့် ပြည်သူ့ဘ၀၊ ပြည်သူ့စာပေ၊ ပြည်သူ့ခေတ်ကိုယ်စားပြု ရေးဖွဲ့မှတ်တမ်းတင်ခဲ့၏။

ထို့ကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ယုံကြည် ကိုးကွယ်မှုများ၊ အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်များ၊ လက်ဖွဲ့၊ ယတြာ၊ ဂါထာ၊ မန္တန်အဆောင်များကို မြန်မာမှုနှင့် မြန်မာ့ယဉ်ကျေးမှုပြယုဂ်များအဖြစ် ကိုယ်စားပြု ဖော်ထုတ်ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

လက်ဖွဲ့ဟူသည် ဘေးရန်ကာဆီးရန် ရွှေပြား၊ ငွေပြား စသည်၌ အင်းချတာ လိပ်၍ ချည်ဖြင့် ထုံးဖွဲ့ထားသော အဆောင်ပစ္စည်း ဟူ၍ လည်းကောင်း၊ ယတြာ ဟူသည် ဖြစ်ပေါ်လာနိုင်သော မကောင်းကျိုးကို ပျက်ပြယ်စေရန် ဗေဒင်ပညာအရ ဆောင်ရွက်သော အစီအရင် (သက္ကတဘာသာစကား ယာတြာမှ ဆင်းသက်လာသည်) ဟူ၍ လည်းကောင်း၊ ဂါထာဟူသည် လိုအင်ဆန္ဒပြည့်ဝစေကြောင်း ရွတ်ရသောစာ၊ ဆန်းကျမ်းတွင်ပြဆိုထားသည့် စည်းကမ်းတို့နှင့်အညီ ရေးစီသော ပါဠိကဗျာ (ပါဠိဘာသာစကား၊ ဂါထာမှ ဆင်းသက်လာသည်။) ဟူ၍ လည်းကောင်း၊ မန္တန်ဟူသည် မန်းမှုတ်ရွတ်ဆိုရသော စကားစု (သက္ကတ ဘာသာစကားဖြစ်သော မန္တြမှ ဆင်းသက်လာသည်။) ဟူ၍ လည်းကောင်း မြန်မာအဘိဓာန်ကျမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများအနက် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်းတို့အား ဂုဏ်ပြုဖွဲ့ဆိုခဲ့သည့် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ယတြာ၊ ဂါထာ၊ မန္တန် ဘွဲ့ကဗျာ မဟာလေးချိုးကြီးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ပုဂံခေတ်မှ သိန်းခိုမင်း၊ ကွမ်းဆော်ကြောင်ဖြူမင်း၊ အင်း၀ခေတ်နှောင်းမှ စည်သူကျော်ထင်မင်း၊ ပဲခူးဟံသာ၀တီပြည့်ရှင် ဓမ္မစေတီမင်း၊ တောင်ငူခေတ်၏ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ ဆင်ဖြူများရှင်မင်း၊ ကုန်းဘောင်ခေတ်တည် အလောင်းဘုရားဘွဲ့ခံ ဦးအောင်ဇေယျတို့၏ ရွတ်ဖတ်သရဇ္ဈာယ်မှုပြုခဲ့သော ဂါထာမန္တန်များ၏အစွမ်းထက်မှု သာဓကများကို ဖော်ထုတ်တင်ပြရေးဖွဲ့ခဲ့သည်။

ပုဂံခေတ်ဦးပိုင်းတွင် သိန်းခိုမင်းသည် 'မုနိ မုနိ ယောသော' အစချီသည့် ဂဠုန်ပျံဂါထာကို အမြဲမပြတ် ရွတ်ဆိုမှုကြောင့်လည်းကောင်း၊ ပုဂံ အနော်ရထာမင်း၏ ဖခမည်းတော်ဖြစ်သော ကွမ်းဆော်ကြောင်ဖြူမင်းသည်လည်း သရဏဂုံနှင့် ငါးပါးသီလ၊ ဗုဒ္ဓါနုဿတိ (၁၀) ပါးတို့ကို ကျင့်ကြံဆည်းပူးခြင်း၊ သရ

---

အလွန် ၀မ်းသာစရာ ဖြစ်သော်လည်း ၀မ်းမသာနိုင်သည့်ဖြစ်ရပ်များကို ကြုံတွေ့လာရသည်။ ဂန္ဓ၀င်အိပ်မက်မျိုးကို မမက်တော့ခြင်း ဖြစ်သည်။ အိပ်မက် မက်ပြန်ပါကလည်း မရေမရာအိပ်မက်များဖြစ်၍ ၀ိုးတ၀ါးသာရှိခဲ့သဖြင့် သူတစ်ပါးကို ပြန်ပြောလောက်အောင် မဖြစ်နိုင်တော့ပါ။ ပို၍ဆိုးသည်မှာ မက်သည့်အိပ်မက်ကို နိမိတ်ပုံဖော်၍ မရတော့ခြင်း ဖြစ်သည်။ ကျွန်တော့်ထံ နောက်ဆပ်ရောက်လာသူများ၏ သိလိုသမျှမေးခွန်းတို့ကိုမဖြေနိုင်၍ စိတ်မကောင်းဖြစ်ရပါသည်။

တစ်ည အိပ်မက်ထဲတွင် မမျှော်လင့်ဘဲ ဦးသူတော်ကို တွေ့လိုက်ရ၏။ ကျွန်တော် ဦးသူတော်ကိုတွေ့ရ၍ ၀မ်းသာအားရ နှုတ်ဆက်လိုက်သည်။

'ဦးသူတော်ကို တွေ့ချင်နေတာနဲ့ အတော်ပါပဲ'

'ကျုပ်ကလည်း မောင်ရင့်ကိုတွေ့ချင်လို့လာခဲ့တာ'

'ကျွန်တော် ဘယ်တော့အကြားအမြင်ရမှာလဲ ဦးသူတော်'

'မောင်ရင် အကြားအမြင်ရဖို့ မလွယ်တော့ဘူး၊ အိပ်မက်တောင် နိမိတ်ပုံအိပ်မက်ကို မက်ဖို့မလွယ်တော့ဘူး'

'ဘာဖြစ်လို့လဲ ဦးသူတော်'

'အကြားအမြင်ရတဲ့လူ ဆိုတာ ကိုယ်ချင်းစာစိတ်နဲ့ မေတ္တာတရားရှေ့ထားနိုင်တဲ့လူတွေအတွက်ပါ။ ဒါကြောင့် ကျုပ် မောင်ရင်လေးကို သေသေချာချာ မှာခဲ့တာပေါ့။ ဒါပေမယ့် မောင်ရင်လေးက ကိုယ်ချင်းစာနာစိတ်မထားတော့ မှန်ကန်တဲ့အိပ်မက်တွေ မလာတော့တာပေါ့။ မောင်ရင်က ကိုယ်ကျင့်သိက္ခာကို ဖောက်ဖျက်လိုက်တော့ အကြားအမြင်နဲ့ ဝေးရပြီပေါ့ကွယ်'

ကျွန်တော် ၀မ်းနည်းကြေကွဲရပါသည်။ နောက်တစ်ကြိမ် အခွင့်အရေးပေးဖို့ ဦးသူတော်ကို တောင်းပန်ရန် စိတ်ကူးလိုက်သည်။ သို့သော် ရုတ်တရက် အိပ်ရာမှ လန့်နိုးခဲ့ရပါသည်။

အကြားအမြင်ရရန် မျှော်လင့်ခဲ့သော်လည်း ဂန္ဓ၀င် အိပ်မက်များပင် ပျောက်ဆုံးခဲ့ရပြီဖြစ်၍ ကျွန်တော်ကဲ့သို့ နောင်တမရကြစေရန် ရည်ညွှန်းလိုက်ရပါသည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

ဇာဂုံသုံးပါးကို တစ်နေ့လျှင် အခေါက် (၂၀၀၀) ပုတီးစိပ်ခြင်း တည်းဟူသော အဓိဋ္ဌာန် မပြတ် ပြုလုပ်ခဲ့ခြင်းကြောင့် လည်းကောင်း ကောင်းကျိုးချမ်းသာရရှိ ခံစားခဲ့ရမှုဖြစ်စဉ်ကို-

*'ပုဂံခေတ်၊ တစ်ကိန်း အလိုမှာတော့၊ သိန်းခိုဆိုတဲ့၊ လူ့နရိန်မှာ၊ မုနိ မုနိ၊ ယောသောဆိုသော၊ ဂဠုန်ပျံ ဂါထာကို၊ ဦခံကာတဖွဖွနဲ့၊ ခဏခဏ ဝတ်မပြတ်ဘဲ၊ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြောင်း'*

ဟူ၍ လည်းကောင်း၊

*'ပေါက္ကံခေတ်ဟောင်းက ကြောင်ဖြူရွာသား၊ ကွမ်းထမ်းသမားမှာလည်း တစ်ဖုံ၊ သရဏဂုံပဉ္စသီကို ဆောက်တည်ပြီး၊ ဤမည်, ထိုမည်သော၊ ဘုရားအလုပ်, တရားအလုပ် ·နုဿတိ (၁၀)ပါးကို၊ မနားသောအလေ့ဖြင့်၊ တစ်နေ့ တစ်နေ့ နှစ်ထောင်- နှစ်ထောင် စီးဖြန်းသနဲ့၊ ထီးနန်းတောင်ရဖူးလေသည်တဲ့'*

ဟူ၍ လည်းကောင်း ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့သည်။

ထိုနည်းတူ အင်းဝခေတ်နှောင်းတွင် စစ်ကိုင်း စည်သူကျော်ထင်မင်းသည်လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မောရပရိတ်တော် (ဥဒေါင်းမင်းပရိတ်တော်) ကို တစ်နေ့လျှင် ပုတီးအပတ် (၁၀၀၀) စိပ်၍ လောကီစည်းစိမ်ချမ်းသာခံစားခဲ့ရပုံကိုလည်း-

*'စစ်ကိုင်းမင်း စည်သူကျော်ထင်တို့ ဓလေ့မှာတော့၊ နေ့စဉ် နေ့စဉ် ဆုမွန်ကောင်းတောင်းပြီး၊ ရွှေဥဒေါင်းမင်း ပရိတ်ကြီးကို၊ စိပ်ပုတီး တစ်ထောင်-တစ်ထောင်စိပ်သတဲ့'*

ဟူ၍ ရေးဖွဲ့ခဲ့သည်။

ပဲခူး ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီးသည်လည်း 'အဓောဗျသီ၊ ကရာဝါတေ' အစချီသော ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်၍ အုန်းပုတီးဖြင့် အဓိဋ္ဌာန်ပြု ပုတီးစိပ်ခဲ့သော အကျိုးကျေးဇူးကြောင့် ရဟန်းဘဝမှ တစ်ဖြစ်လဲ၍ ဓမ္မစေတီမင်းအဖြစ် ဟံသာဝတီ ပဲခူးကို အုပ်စိုးခွင့်ရခဲ့မှုအား-

*'ဓမ္မစေတီရယ်လို့၊ တစ်လောထခဲ့တဲ့၊ စောနရမှာတော့၊ အဓောဗျသီ ကရာဝါတေ ဆိုတဲ့၊ ထိုတကဲ့ဂါထာကို၊ မကြာ မကြာ၊ တစ်လုံးပြီးတစ်လုံး၊ အုန်းပုတီးစိပ်တော်မူသည့်အတွက်၊ ဘုန်းကြီးလူထွက်စစ်စစ်ကတောင်၊ ရှင်ဘုရင်ဖြစ်ပြန်သတဲ့၊ သနစ်ကယ်နှင့်'*

ဟူ၍ ရေးဖွဲ့ မှတ်တမ်းပြုခဲ့သည်။

တောင်ငူခေတ်၏ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ ဘုရင့်နောင်မင်းတရားကြီးသည်လည်း သဒ္ဓမ္မကိတ္တိမထေရ်မြတ် စီရင်ရေးသားခဲ့သော သီရိဝိစိတ္တအလင်္ကာကျမ်းလာ-

'ဇနာတိ မာရာရိ ဇိနော ဒယာလ
ယော၊
ဇိနုတ္တ ဓမ္မောစ ဇိနေန ပူဇိတော၊
ဇိနော ရသော နန္ဒဇိနပ္ပသံသိတော၊
ဇိနာ ဒယော တေရိ ဇိတေ နမာ
မဟံ ပဒုမံ'

ဟူသော ဇိ (၉) ချက် ပဒုမဂါထာ ရွှေကြာအင်းသွား ဘုရားရှိခိုးကြီးကို စစ်ချီထွက်ရာတွင် လည်းကောင်း၊ ဓမ္မပဒပါဠိတော်လာ 'ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာ စန္ဒိမာ' အစချီသော ဓမ္မပဒဘုရားရှိခိုး ဂါထာတော်မြတ်ကို နေ့စဉ်မပြတ် အဓိဋ္ဌာန်ပြု ရွတ်ဆိုမှုပြုခဲ့ခြင်း၏ အကျိုးကျေးဇူးကြောင့် လည်းကောင်း လောကီနှင့် လောကုတ္တရာ အကျိုးနှစ်ဖြာ ပြည့်စုံခဲ့ရသည်ဟု လမ်းညွှန်ဖော်ပြ ရေးဖွဲ့ခဲ့သည်။

ကုန်းဘောင်ခေတ်အား စတင်တည်ထောင်ခဲ့သော အလောင်းဘုရားဘွဲ့ခံ ဦးအောင်ဇေယျသည်လည်း 'သောဘဂဝါ ဣတိပိ အရဟံ' ဂုဏ်တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်မှု အစဉ်အမြဲပြုခဲ့သောကြောင့် ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံခဲ့ရပုံကို-

*'ဦးအောင်ဇေယျ ဆိုတဲ့၊ ထိုတကဲ့ ရှင်ဘုရင်၊ သခင်အလောင်းဘုရားမှာလည်း၊ ဩော်- ဘုရားပုထိုး၊ ရှိခိုးတိုင်း ရှိခိုးတိုင်း၊ ကိုင်းရှိုင်းရိုသေစွာ ထောမနာပြီး၊ သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ အရဟံ ဆိုတဲ့၊ ဂုဏ်တော်ကြီးကိုလ၊ မငြီးနိုင်အောင်၊ ပုတီးတကိုင်ကိုင်စိပ်ပုံနှင့်၊ ဒိဋ္ဌလို ရာဇဝင်အမှာရဲ့ပြင်'*

ဟူ၍ ဖော်ထုတ်တင်ပြခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် လေးချိုးပေါင်းချုပ်ကြီး၌ သက္ကသံယုတ်လာ သိကြားမင်းတို့ မြတ်နိုးစောင့်ရှောက် ကူညီမ,စသည့် ကျင့်ဝတ် (၇) ဖြာဖြစ်သော မိဘကို လုပ်ကျွေးခြင်း၊ ကုန်းမချောခြင်း၊ မှန်သောသစ္စာစကားပြောဆိုခြင်း၊ နူးညံ့ပြေပြစ်စွာ စကားဆိုခြင်း၊ ကြီးသူကို ရိုသေလေးစားခြင်း၊ ဝန်တိုအမျက်ဒေါသကင်းစင်ခြင်းတို့ကို ကျင့်သုံး ဆောင်ရွက်ခြင်းကြောင့် သူတော်ကောင်းတရားကျင့်ဝတ်ပီသသူများ ဖြစ်လာစေရန်အတွက် သက္ကသံယုတ်လာ သိကြားမင်းတို့မြတ်နိုးဖွယ်ရာ ကျင့်ဝတ် (၇) ဖြာဘွဲ့လေးဆစ်ဖြင့်-

*'အလေးမူ ရှေးယူတာတ်သူတို့ ရှေ့ပကတူ သွေးတူဇာတ်ပေမို့၊ မွေးမြူအပ်မိဘကို။ ။ ဩော်- အဆုံးဟောမယ်လို့ ပြုံးပြုံးနဲ့ပြောလိုက်မယ်ကွယ့်၊ ကုန်းမချောမူ၍၊ မှန်သောသစ္စာနှင့်၊ နူးညံ့စွာ နှုတ်ပြေပြစ်တဲ့ပြင်၊ ကင်းလစ်ဝန်တို။*

*အမျိုးဝယ်- အရွယ်ကြီးလျှင်ဖြင့် ပုထိုးနှယ် တကယ်မှီပါလို့၊ ကျောက်ထီးသို့လေးမြတ်လို၊ အမျက်ကိုနှိမ်နင်း။ ခုနစ်အင် တရားစုံလင်က၊ ဝတ်ခွင် နတ်အပေါင်းသော်မှ၊ လူမနော် သူတော်ကောင်းပေလို့၊ ကျမ်းဟောင်း ရွှေသံယုတ်မှလ. . .'*

ဟူ၍ ရေးဖွဲ့ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာပြည်သူ ပြည်သားအားလုံးနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်းခြင်း၊ ရောင့်ရဲခြင်း၊ လောဘ, ဒေါသ, မာန်မာနနှင့် အမျက်ဒေါသအေး ငြိမ်းခြင်း၊ မေတ္တာတရားရှိစေခြင်းတို့အတွက် ရည်စူးလျက် အိပ်ရာဝင်သည့် ညချမ်းအချိန်တိုင်းတွင် 'ဗုဒ္ဓေါ မေ သရဏံ အညံ' အစချီသော ဂါထာတော်မြတ်ကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်၍ အဓိဋ္ဌာန်ဖြင့် စိပ်ပုတီး မှန်မှန်စိပ်ကြရန်လည်း ဤသို့ လမ်းညွှန်ခဲ့သည်။

*'တို့-ဘက်-မြန်မာနှင့်၊ ကမ္ဘာသူ ကမ္ဘာသားတို့မှာဖြင့်၊ တခြား ကိုးကွယ်ရာမရှိ၊ ဘုရားသာကိုးကွယ်ရာရှိတော့ တယ်လို့၊ သတိတမံ ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းနှင့်အုပ် ဆိုသော စကားလာနဲ့၊ ထိုရှောအခါ- ဆရာ ကျွန်ုပ်ပြော လိုက်မကွယ့်-*

*ဗုဒ္ဓေါ မေ သရဏံ အညံ၊*
*နာဿော မေ သရဏံ ဝရံ၊*
*ဧတေန သစ္စ ဝဇ္ဇေန၊*
*ဟောတု မေ ဇယမင်္ဂလံ၊*
*ဟောတု မေ အာယုဝဍ္ဍနံ၊*
*ဟောတု မေ သုခ ဝဍ္ဍနံ- လို့*
*အနှိုလို၊ အပြန်ပြန် အလှန်လှန်*

*အဖန်ဖန် ပုတီးစိပ်ရာက၊ အိပ်ရာအဝင်မှာ၊ နှိပ်ရှာချင်သူတွေ ရှင်းတဲ့ပြင်၊ မအိပ်ခင် ပရိတ်တွင်တွင်ရွတ်လျက်၊ ဝတ် မပျက်ရအောင် ဝတ်တက်စရာအမှာ'*

လှမြင့်(ရန်ကုန်တက္ကသိုလ်)

*ကျမ်းကိုး*

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏လေးချိုးပေါင်းချုပ် (ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com



**ဆရာချမ်းမင်းရဲ့** ၁၉၇၀ ခုနှစ်မှတောင်၍ လက္ခဏာဗေဒင် ဟောပြောခဲ့သူ **ချမ်းမင်းမှ**

အတွဲ ၂၉၊ အမှတ် ၃၊ ၁၉၇၅ ဇူလိုင်လတွင် ထုတ်ဝေသော ရှုမဝမဂ္ဂဇင်း၏ စာမျက်နှာ (၉၉)၌

မိမိစာတ်ပုံနှင့်အတူ ကြော်ငြာထည့်သွင်း၍ ယနေ့တိုင် လက္ခဏာဗေဒင်ဟောပြောခဲ့သူ၊

ထိုင်းနိုင်ငံ၊ ဘန်ကောက်၊ ချင်းမိုင်၊ လန်ပန်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၊ ပီနန်၊ စက်ာပူ၊

ဂျပန်နိုင်ငံ၊ အိုစကား၊ တိုကျိုမြို့တို့တွင် (၉)နှစ်ကြာ လက္ခဏာဗေဒင်ဟောပြောခဲ့သူ

သပြေ၊ ဇေတိသဝေ၊ နက္ခတ္တရောင်ခြည်၊ ရုပ်ရှင်အမြုတေ၊ ပေဖူးလွှာ၊ သုတသဘင်၊ ရုပ်ရှင်သရဖူ၊
သူရဇ္ဇ၊ Wellness မဂ္ဂဇင်းတို့တွင် လက္ခဏာဗေဒင်ဆောင်းပါးများကို ရေးသားလျက်ရှိသူ။

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား?** "မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ ...ံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာအဓိဋ္ဌာန်ဝင်ပြီးမှ ...ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊ လအထိ ...ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉-ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော်ဘုရားသက်တော် (၈၂)ထိသာ ...နိုင် မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ်ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇေတိသဝေ မဂ္ဂဇင်း အမှတ် ...က်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

"...ပန်နိုင်ငံမှာ (၈)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ ...ကို သတင်းစာထဲမှာတွေ့လို့ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ ... ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာ ဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ...က်ပိုင်းမှာ သန်းကြွယ်သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ ...လောက်သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။
(... - နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၃)

**အမှတ်တရရဲ့အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး တကရှိအိတိုစံကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက် ...ခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း အမှတ် (၅၇) ဇူလိုင်၊ ၂၀၀၂၊ စာမျက်နှာ - ၁၃၂-၁၃၃-၁၃၄-၁၃၅)

"...အကြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်ကထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီးအဆိုတော်သီချင်းရေးဆရာပရိုဂျူဆာ ကို ...ခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ ...လာဆယ်မှာ သူ့ဖခင် လေဖြတ်ဝေဒနာခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်း ...ခဲ့တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော် ...ဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာ့ပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း ...င်ခြည် ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ-၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်- ၂၈၈၊ စာမျက်နှာ-၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

... - ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၁ စံပယ်လမ်း (တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း)
ဝန်ထမ်းကြီးရိုပ်သာ (VIP) ရွှေပြည်သာမြို့။ (ညပုသ်နေ့မှအပ နံနက် (၇) နာရီ မှ ညနေ (၃) နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၃ ခုနှစ်က ဖြစ်၏။ မင်းဘူးတွင် ကျွန်ုပ်သည် မြို့မဝန်ထောက်ကြီးတာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ စလင်းနှင့်မင်းဘူးသည် (၃၇) မိုင်မျှသာ ဝေးသည်။ မင်းဘူးမှ စကု (၁၀) မိုင်။ သို့သော် နဘူးချောင်းရေလျှံသော် မင်းဘူးနှင့်စကုလမ်းမှာ ကားဆရာများမလာကြ၊ မမောင်းကြတော့။ လမ်းရေမကျော်ရန် တံတားငယ်ပေါင်း (၄၀) မျှ ရှိ၏။ ရေကြီးသော် တံတားငယ်တို့ပျက်တော့သည်။ အဘယ်မည်သော လူလွန်မသားက စပြောသည်မသိ၊ 'ရေကြီးသော် အေအီး ပျော်သည်' (AE. Asst. Engineer) ဟူသတည်း။ စလင်းအထိ (၃၇) မိုင်၊ ဆင်ဖြူကျွန်း (၄၂) မိုင် ကွာ၏။ ဤခရီးသည်မဝေးသော်လည်း စလင်းမှ မင်းဘူးသို့ ကားတစ်စီးသာ ထွက်သည်။ မစ္စတာ လာလဂျီးကား၊ နတ်အုံးဟူခေါ်သော ဦးအုန်းက တစ်စီး၊ ပေါင်းပင်းဇင်းက ကိုငွေရက ကားတစ်စီး၊ သူတို့က တစ်နေ့ တစ်စီးသာ အလှည့်ထွက်သည်။ မင်းဘူးနှင့်စလင်း တစ်ခါထွက်ပြီးသော် (၂) ရက်မျှ အချိန်ယူ ပြင်ဆင်သည်။ 'တပ်ပေါင်းစုကား' ဟု လူငယ်ကျောင်းသားများက ဆိုကြသည်။ ကားမျိုးစုံမှ ပစ္စည်းစုံကို စုလျက် တပ်ဆင်၍ ပြေးဆွဲစေသောကြောင့် တပ်ပေါင်းစု ဟူ၍ ဝိဂြိုဟ်ပြုခြင်း ဖြစ်၏။

(၄၃) မိုင်ခရီးတွင် မန်းချောင်း၊ မုန်းချောင်း (၂) ခုကို ဖြတ်ရ၏။ သို့ဖြစ်ရာ စလင်းသားများအတွက် မင်းဘူးသွားလိုလျှင် အလှည့်ကျကားကိုစီးရန် လုံ့လစိုက်ရ၏။ စလင်းကားများသည် သကြံန်ရက်အတွင်း ကားထွက်လေ့မရှိ၊ သို့ဖြစ်၍ စလင်းမှလူများနှင့်အဆက်ပြတ်နေသည်မှာ (၄) ရက်မျှ ရှိပြီ။

ယနေ့သော် စလင်းမြို့မှကားများလာသည်။ ကားများမှာ နံနက် (၁၀) နာရီဝန်းကျင်တွင် ရောက်သည်။ သူတို့နှင့်အတူ စလင်းမြို့ကို သောင်းကျန်းသူတို့ သကြံန်အတက်နေ့က ဝင်ရောက်[illegible] ရာ အကျအဆုံးများစွာနှင့် ဆုတ်ခွာခဲ့[illegible] သည်ဟု သိရသည်။ သို့သော် စလင်[illegible] ကားများထွက်ပြီးချိန်တွင် အလုပ်မပြီ[illegible] သေးသဖြင့် ကျွန်ုပ်ထံ ဝင်ရောက်တည[illegible] ခိုသူ စလင်းနယ်ပိုင်ဝန်ထောက်မင်းဒီ[illegible] မောင်ရှိန်း ရောက်လာသည်။ အောက်[illegible] တို့မှာ မောင်ရှိန်းပြောပြချက်ပေါ်တွင်[illegible] မူတည်၍ အငိုက်ဖမ်း၊ အပျော့နိုက်[illegible] ကြံသူနှင့် အတွေ့အကြုံအရ သတိရှိသူ[illegible] တို့အားပြိုင်ရာ ရလဒ်ကို မှတ်တမ်းတင်[illegible]



သကြံန်အတက်၊ နှစ်ဦးအကြို
အနောက်တံခါးမှူးမောင်မှူး

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း





www.burmeseclassic.com


www.burmeseclassic.com

ခြင်း ဖြစ်၏။

✿

ဧပြီလ ဟူသည် အလွှန်ပူသည်။ လင်းရာသီဖြစ်၍ ကားလမ်း သာ သည်။ စလင်းတစ်ဝိုက် ဖြူနီကြောင် များ မရှိ။ စလင်းမှာ တပ်ခွဲရုံးစိုက် သည်။ ယခင် (PWD) ဗိုလ်တဲတွင် တပ် ထား၏။ ယခင် ဒုတိယကမ္ဘာစစ်အ င်းက ဂျပန်တို့ ကတုတ်များ တည် ဆောက်ထားခဲ့ရာ အသစ်ပြုပြင်ပြီးတပ် ခြင်း ဖြစ်၏။ တပ်ခွဲရုံး ဗိုလ်တဲသည် တ္တရာသို့ (၄၂) မိုင်၊ ဆင်ဖြူကျွန်း (၆) မိုင်၊ မင်းဘူးသို့ (၃၇) မိုင် ဟူ၍ ပြပေးသော မိုင်တိုင်ရှိရာ လမ်းဆုံ သည်းမဝေး၊ လှမ်းမြင်နိုင်သောနေရာ တွင်ရှိ၏။ ဗိုလ်တဲရှေ့တွင် နယ်ပိုင်ဝန် ထောက်အိမ် ရှိသည်။ မြို့လယ် ရွှေ တန်ဆာဘုရားသည် နယ်ပိုင်ကြီးအိမ် တောင်ဘက်တွင် ရှိသည်။ စေတီတော် မှာ စလင်းမြို့ရိုးကြီးပေါ်တွင်တည်ထား သည်။ ဗိုလ်တဲမှာ မြို့ရိုးအပြင်ဘက်တွင် ရှိသည်။ ရဲစခန်းမှာ မြို့ရိုးအတွင်း၌ရှိ၏။ ရဲစခန်းမှ ညစဉ် ကင်းပုန်းချထားသည်။ ဘုရားပေါ်မှ ရဲကင်းသည် တပ်ခွဲရုံးနှင့် ရဲစခန်းကို ဘုရားရင်ပြင်တော်မှ ကြည့် နိုင်သည်။ လမ်းဆုံနားတွင်ရှိသော စာ တိုက်ကိုလည်း တပ်ခွဲရုံးမှ ကြည့်နိုင် သည်။ စာတိုက်နောက်ခြမ်းကို ဘုရား ကုန်းပေါ်မှကြည့်နိုင်၏။ ရဲစခန်းဘေး တွင် စုပေါင်းရုံး ရှိလေသည်။ စုပေါင်းရုံး နောက်ဘက်မှငွေတိုက်သို့ ဝန်ထောက် မင်း ငွေတိုက်အဖွင့်၊ အပိတ်ပြုနိုင်ရန် ဝင်ပေါက်ရှိသည်။

အကြမ်းဖျင်းပုံဖော်လျှင် ရှင်ပင် ရွှေတန်ဆာဘုရားကုန်း၏ အနောက် ဘက်တွင် ရဲစခန်း၊ ရဲစခန်း၏အနောက် ဘက်တွင် စုပေါင်းရုံး ရှိ၏။ ရဲစခန်း၏ မြောက်ဘက်တွင် ဈေးရှိ၏။ ဈေးရှေ့





www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် နယ်ပိုင်ဝန်ထောက်အိမ်ရှိ၏။ ဈေးနှင့်နယ်ပိုင်အိမ်ကို လမ်းခြားထား၏။ စာတိုက်၊ ရွှေတန်ဆာဘုရား၊ ရဲစခန်း၊ စုပေါင်းရုံးတို့သည် စလင်းမြို့မှ စေတုတ္တရာသွားရာလမ်း၊ နရပတိစည်သူလမ်းကို မျက်နှာပြုကြသည်။ တိုက်ပိုင်ရဲမှူးသည် ရဲစခန်းဝိုင်းအတွင်း၌ နေသည်။

နယ်ပိုင်ကြီး ဦးဝင်းမောင်သည် ရန်ကုန်တက္ကသိုလ်တွင် ဆရာလုပ်နေရာမှ မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း) [Burma Civil Service (senior service) B.C.S.sr.] အဖြစ် ကူးပြောင်း တာဝန်ထမ်းဆောင်လာသူ ဖြစ်သည်။ သူ၏ဇနီးသည်လည်း ရန်ကုန်တက္ကသိုလ်တွင် ဆရာမအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ စလင်းရှိ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ဆရာ၊ ဆရာမအဖြစ် လေးစားခြင်းခံရသူ ဖြစ်၏။ နယ်ပိုင်သည် ညနေပိုင်းတွင် စလင်းအထက်တန်းကျောင်းရှေ့ ဘောလုံးကွင်း၏အနောက်ဘက်ရှိ တင်းနစ်ကွင်းတွင် တင်းနစ်ကစားလေ့ရှိသည်။ ထိုနေ့က တက္ကသိုလ်ကျောင်းပိတ်ကာလဖြစ်၍ ဆရာမလည်း စလင်းရောက်နေရာ ခါတိုင်းထက် စောစီးစွာ ကွင်းမှမိမိနေအိမ်သို့ ပြန်လေသည်။

တိုက်ပိုင်ကြီး ဦးဘသန်းသည် စလင်းဇာတိ ဖြစ်သည်။ ကိုလိုနီခေတ်က မန္တလေး ဆပ်ကျောင်းခေါ် ရဲအရာရှိသင်တန်းကျောင်းဆင်း ဖြစ်လေသည်။ ဥရောပသားတို့၏ ထမင်းစားပွဲဓလေ့ထုံးစံ (Table manners) ကအစ ဆပ်ကျောင်းက ပုံစံသွင်းပေးထားသော ဦးဘသန်း (Law and Order) သည် အဓိကဟု မှတ်ယူထား၏။ မြန်မာပြည်တွင် အိန္ဒိယ ရာဇသတ်ကြီး ကိုဓဥပဒေ (Indian Penal Code) တစ်ခုတည်းနှင့် အုပ်ချုပ်နိုင်သည်ဟု သူ ကျမ်းကျေသော စာအုပ်ကြီးအတိုင်း လုပ်ဆောင်သူ ဖြစ်၏။ အရက်သေစာ သောက်စားခြင်းမရှိ ညနေတိုင်လျှင် နရပတိစည်သူလမ်းအတိုင်း ဝက်သည်းကန် ရွှေမုဋ္ဌောဘုရားသို့ ဘုရားဖူး၏။ ရဲသား မောင်ကျော်သောင်းက သင့်တင့်ရာအရပ်က လျှောက်ပတ်စွာ လိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားဖူးသွားတာ မင်းလိုက်စရာလိုသလားဟု ဆိုလေသည်။ စောင့်ရှောက်တယ်ဆိုတာ သူတစ်ပါးကို အနှောင့်အယှက်မဖြစ်စေရဘူးဟု ဆိုလေ့ရှိသည်။ သို့ရာတွင် ဘုရားဖူးသွားစဉ် လမ်း၌ရမ်းကားနေသော အရက်သမားလူရမ်းကား



**စလင်းမြို့အနောက်တံခါး (မင်းတစ်တံခါး) ရှိ မြို့ရိုးပေါ်မှ ဆုတောင်းပြည့်စေတီတော်**

တွေ့ပါက ထိမိ၊ မဆုံးမ၊ ဖ၊ မဆုံးမအား အမူးပြေသည်အထိ ဂါတ်တဲတွင် ချုပ်ထားသည်။ အများသူငါကို အနှောင့်အယှက်ဖြစ်တာကို လက်မခံနိုင်ဘူး၊ မကျေနပ်သူက လူရမ်းကားကို သတ်ပုတ်ရင်လည်း ရာဇဝတ်မှုတစ်ခုတိုးတာပဲ။ ရဲမှာ (Detection of Crime) ရာဇဝတ်မှုကို စုံစမ်းဖော်ထုတ် အရေးယူခြင်းနှင့် (Prevention of Crime) ရာဇဝတ်မှု မပေါ်ပေါက်အောင် ကြိုတင် တားဆီးစောင့်ရှောက်ခြင်းဆိုတဲ့ အလုပ် (၂) ခုရှိတယ်။ အမှုမဖြစ်စေရန် ကာကွယ်စောင့်ရှောက်တာဟု ဆို၏။ ထိုကဲ့သို့ ကိစ္စပေါ်လျှင် တပည့်ကျော်သည် သံပရာခြမ်းဦးထုပ်ဆောင်းလျက် သူ့ဆရာရှေ့တော်မှောက်သို့ ရောက်လေသတည်း။ သူများက ဘုရားသွားတာတောင် ပုလိပ်စိတ်ထားသေးတယ်ဟု နားမလည်သူတို့က ပြောသော်လည်း သူ့လုပ်ရပ် မှန်သည်ဟု ကျွန်ုပ်က ထောမနာပြု၏။ အရပ်ထဲ လူရမ်းကားတစ်ဦး ရမ်းကားနေစဉ် တာဝန်သိသော ရဲအရာရှိတစ်ဦးအတွက် မည်သို့ စိတ်ဖြောင့်တန်းစွာဖြင့် တရားမှတ်နိုင်မည်နည်း။ လူရမ်းကားလည်း ဒုက္ခမရောက်ရန်၊ ပြည်သူများလည်း အနှောင့်အယှက်မရှိစေရန် လုပ်သည်မှာ နည်းယူဖွယ် ဖြစ်၏။ အချိုပေါ် သကာလောင်းဆိုသလို ကိုလိုနီပုလိပ်ကြီးအား အတွေးသစ်၊ အမြင်သစ်ရစေရန် တပ်မတော်မှ ဝိုင်အိုစီ (Young Officers Course) ခေါ် အရာရှိငယ်သင်တန်းပေး၍ တိုက်ခိုက်ရေးပါ သင်ပေးလိုက်ရာ စလင်းမြို့တွင် ထိုအချိန်၊ ထိုအခါ၌ ယင်းသို့သော ရဲအရာရှိမျိုးရှိသည်မှာ လူမှန်၊ နေရာမှန် (The right man, the right place) ဆိုသော သိုးဆောင်းစကားကဲ့သို့ ပြောဆို မှတ်ချက်ပြုရမည်ပင် ဖြစ်ပါ ကြောင်း။

ထိုနေ့က တိုက်ပိုင်ကြီးသည် စလင်းမြို့အနောက်တံခါးရှိ မြို့ရိုးပေါ်တွင် တည်ထားသော ရှင်ပင်ဆုတောင်းပြည့်စေတီတော်ခြေရင်းရှိ ဇရပ်ပေါ်တွင် လက်နက်ကိုင်များ တွေ့ရသည်။ ထိုသို့ အချိန်တွင် တပည့်ကျော်သည် တိုက်ပိုင်ကြီးအနီးသို့ ရောက်လာ၏။ စုံစမ်းရာ စေတုတ္တရာမှ ဆင်းလာသော ဦးစ၏ ကာကွယ်ရေးတပ် ဖြစ်သည်။ ဦးစ အစည်းအဝေးလာခြင်းကို လိုက်ပို့သည်ဟု ဆိုသည်။ တိုက်ပိုင်ကြီးဆရာတပည့် (၂) ဦးတို့ ဝက်သည်းကန်အတွင်းရှိ ရွှေမုဋ္ဌောဘုရားကို ဖူးကြသည်။ နောက် ရဲစခန်းသို့ ရောက်ရှိသောအခါ ဦးစ စလင်းရောက်ကြောင်း သတင်းပို့မှု ရှိ မရှိကို တာဝန်မှူးအား မေးသည်။ ဂျူတီ၌ ပြထားခြင်းမရှိဟု အစီရင်ခံသည်။ တပ်ခွဲသို့ တယ်လီဖုန်းဖြင့်မေးသည်။ တပ်ခွဲမှလည်း ဦးစ သတင်းပို့ခြင်း မရှိဟု ဆိုသည်။ ထို့ကြောင့် စခန်းတွင်းမှ မည်သူမျှ အပြင်ထွက်ခွင့်မပြု (Stand by) အနေအထားသို့ တပ်လှန့်ထားလိုက်သည်။ ရွှေတန်ဆာဘုရားပေါ်တွင် ရဲတပ်ကြပ်ကြီး ကိုဆုရတို့ကို ကင်းပုန်းချထားသည်။ နောက်သတင်းတစ်ခု ဝင်လာသည်မှာ စေတီလှဘုရားဘက်ရှိ သချိုင်းဇရပ်ကြီးပေါ်တွင်လည်း လက်နက်ကိုင် ဦးစတပ် ဆိုသူများကို တွေ့ရသည်ဟု သတင်းရ၏။ မိမိရထားသော သတင်းတို့ကို တပ်ခွဲအား ပို့ရ၏။

ဦးစမှာ (ဗတလစ) အဖွဲ့ဝင်တစ်ဦး ဆက်သွယ်၍ ကာကွယ်ရေးတပ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ စေတုတ္တရာနယ်မြေသည် ရခိုင် ...တ်ဆင်းသော လမ်းများ ရှိသည်။ ...တုတ္တရာ နတ်ကြီးဘက်မှ ချောင်း၊ ...တ်များကိုအသုံးပြု၍ ရခိုင် မင်းပြား ...တ်သို့ဆင်းသောလမ်း၊ နွားဝန်တင်များ ... ကုန်သည်များသုံးသော လောင်း ... ကျင်ဒွဲ၊ မင်းပြား၊ မြောက်ဦး စသော ...များမှာ ဘုံဘောက်သာကျော်၊ ဘီ ...ကျော်မြ စသည့် ရခိုင်သောင်းကျန်း ...များ အသုံးပြုသည်။ နစ်ဖြူ၊ နစ်နီတို့ ...သည်း စေတုတ္တရာနယ်မြေထဲတွင် ရှိ ...သည်၊ ရဲတပ်ဖွဲ့၊ တပ်မတော်၊ နယ်ခံ ...သကာကွယ်ရေးတပ်တို့ဖြင့် ထိန်း ...ားရသည်။

ဦးစမှာ မင်းဘူးသို့လည်းကောင်း၊ ...တ်သို့လည်းကောင်း စလင်းကိုဖြတ် ... အစည်းအဝေးသွားသည်တို့လည်းရှိ ...သည်၊ နယ်မြေခံ အာဏာပိုင်အဖွဲ့ထံ ...တင်းပို့ရန်ရှိသော်လည်း ရောက်ရှိ ...ကြောင်း သတင်းမပို့သည်မှာ မိမိကို ...နှ့်မညားပြုသည်ဟုလည်း ယူဆ ...သည်၊ နောက်တစ်နည်း ယခုရောက်နေ ...တို့မှာ သောင်းကျန်းသူများ ဖြစ်လေ ...လားဟု စဉ်းစား သံသယဝင်လာ ...သည်၊ ညနေ (၇) နာရီထိုးပြီ၊ ယခုထိ ...တပ်မှ ထုံးစံအတိုင်းသတင်းပို့ခြင်း၊ ...ရောက်တွေ့ခြင်း မရှိ။ တိုက်ပိုင်ကြီး ...သန်းအတွက် လုပ်ဆောင်ရန်မှာ ...d by Stand to) သို့ တပ်လှန့်အမိန့် ...လိုက်သည်။ အားလုံး လက်နက်စွဲ ...ကြသည်။ တိုက်ပွဲဝင်ဝတ်စုံဝတ်ကြ ...သည်၊ ဂါတ်တဲထဲမှာ အသင့်၊ နောက် ...အမိန့် စောင့်ကြရသည်။

ည (၈) နာရီခွဲခန့်ရှိသော် မြို့ ...န်အဖျားဆီမှ ခွေးဟောင်သံများ ...ကြရသည်။ ခွေးဟောင်သံများ ...သည် မြို့အတွင်းသို့ ရောက်လာသည်။ ...တ်ပိုင်ကြီးက (Battle Station) တိုက် ...ဝင်ရန် နေရာယူဟု အမိန့်ပေးလိုက် ...သည်၊ လူသုံးဦးခန့်သည် စစ်ဝတ်စုံ... ...ခန်းတောင်ဘက်ပေါက်မှ ရဲစခန်းဝိုင်း ...တွင်းသို့ဝင်လာသည်။ စခန်းအပေါ် ...မှ တာဝန်ကျက ထုံးစံအတိုင်း မေး ...သည်။ တပ်ခွဲမှူး ဗိုလ်ကြီးက တိုက် ...ကြီးအခေါ် ခိုင်းလို့ဟု ပြောသည်။ ...ဝန်ကျရဲက 'စကားဝှက်' ဟု မေး ...သည်၊ ဝင်လာသူတို့ကား စကားဝှက် ... အနားရှိ သစ်ပင်ကို အကာအ ...ယ်ယူ၍ ပစ်တော့သည်။ စခန်းမှပြန် ...သည်။ ဝင်လာသူတို့ထဲမှ ကျဆုံးသူ ...ထား၍ ပြန်ဆုတ်သည်။ စခန်းမှ ပစ် ...တ်များမှာ တိကျသည်။

တန်ခူးလပြည့်ကျော် (၆) ရက်မှာ မိုးကောင်းကင်သည်တိမ်ကင်း၍ လသာသည်။ အမှောင်ကို အကာအကွယ်ယူရန်ဖြစ်သော်လည်း ယခုမူ ရွှေလကသာပြီ။ တပ်နှင့်ရဲတို့ သကြန်အတွင်းပျော်ပြီးပေါ့ဆမည့်အချိန် အငိုက်ဝင်၍ တိုက်ကြခြင်း ဖြစ်သည်။ ငွေတိုက်မှာ ရဲစခန်းအတွင်း၌ ရှိသည်။ ရဲစခန်းစီးမိလျှင် ငွေတိုက်ကိုရပြီ။ ငွေရလျှင် လက်နက်ဝယ်နိုင်သည်။ တပ်မှရဲစခန်းသို့ စစ်ကူမလာနိုင်ရန် စာတိုက်ရှေ့မှ လည်းကောင်း၊ လက်ပံပင်ကျောင်းရှေ့ ရှင်ပင်ချမ်းသာကြီးဘုရားတွင်းမှလည်းကောင်း တပ်စခန်းရှေ့ကနားရှိ တဘွင်မြောင်းကို ခံကတုတ်လုပ်၍ တပ်ခွဲရုံးဝိုင်းအတွင်းသို့ ပစ်ကြလျှင် ရဲစခန်းသို့ စစ်ကူမလွှတ်စေရန် တိုက်ပွဲအစီအမံ (Battle Plan) ဆွဲပြီးတိုက်ခြင်း ဖြစ်သည်။

ရဲစခန်းပြင်ပရှိ ကတုတ်များမှလည်း ရဲများက ပစ်ကြသည်။ ရွှေတန်ဆာဘုရားပေါ်ရှိ ကင်းပုန်းချထားသော ရဲတပ်ကြပ်ကြီး ဦးဆုရ၏အဖွဲ့မှလည်း အထက်စီး ရထားသဖြင့် ပစ်ကြသည်။ မကြာမီ သူတို့နှင့်မနီးမဝေးတွင် လာရောက်ပစ်ခတ်သော ယူနီဖောင်းဝတ်တစ်စုရောက်လာကြသည်။ ဦးဆုရအဖွဲ့ထဲမှ တစ်ဦးထံ ကျည်ကုန်ခါနီး၍ ကျည်ဆန်သွားတောင်းရာ အဆိုပါ ယူနီဖောင်းဝတ်တို့မှာ သောင်းကျန်းသူများဖြစ်ကြောင်း သိရပြီး အနီးကပ်တိုက်ခဲ့ကြရာ ရဲတပ်ကြီးခြေထောက်တွင် ဒဏ်ရာရသည်။ သောင်းကျန်းသူတို့လည်း ဘုရားရင်ပြင်တော်မှ ဆင်းပြေးကြတော့သည်။

တပ်ခွဲမှူးသည် မြို့မြောက်ပိုင်းမှ ခွေးများဟောင်သံကြားရသည်၊ သူ၏ အိုင်ဆာဂျင်က ဘောလုံးကွင်းဘက်မှဟု ပြောသည်။ နယ်ပိုင်ဝန်ထောက်ကြီးထံ တယ်လီဖုန်းနှင့်မေးရာ ဝန်ထောက်မင်း အိမ်နေသော မောင်ရှိန်နှင့် စကားပြောရသည်။ ဆည်ဝန်ထောက် ဦးသာကြည် အိမ်ဘက်ဆီမှ ခွေးများလည်း ဟောင်သည်ဟု ပြောသည်။ ဝန်ထောက်ကြီးကို သတိပြု၍နေရန် မှာကြားသည်။ ခွေးဟောင်သံတို့သည် မစ္စတာ လာလ်ဂျီး အိမ်နားရောက်သောအခါ ရပ်သွားသည်။ ဗိုလ်တဲစောင့်အိမ်မှလည်း စာတိုက်ဘက်၌ လူများမြင်သည်ဟု ဆို၏။

မိမိအမိန့် မရမချင်း မည်သူမျှ သေနတ်မပစ်ရဟု အမိန့်ပေးထားသည်။ ညစာ စောစီးစွာစားပြီး တိုက်ပွဲဝင်ရန် အသင့်အနေထားဖြင့် တပ်မတော်သားတို့သည် သိုသိပ်စွာ ကြိုတင်၍နေရာယူထားပြီး ပစ်မှတ်နယ်ကအစ ခွဲခြား၍ အသင့်စောင့်နေ၏။ တောကောင် ကျားအလာကို မုဆိုးသည် လင့်စင်ပေါ်မှ စောင့်လေပြီ။


တပ်မတော် တပ်ခွဲစခန်းကိုဖြိုရန်၊ ရဲစခန်းသို့ စစ်ကူမလွှတ်နိုင်ရန်, ဖြတ်တောက်ထားရန် သောင်းကျန်းသူများ ရည်ရွယ်သည့်အတိုင်း စစ်ဆင်ရန်လာကြသူအချို့တို့မှာ စာတိုက်ရှေ့ရှိ လမ်းပြမှတ်တိုင်ရှေ့သို့ရောက်သော် ရဲစခန်းဘက်တွင် သူတို့အမှတ်မထင်ဝင်ရောက်တိုက်ခိုက်မှုပြုရန် အကြံကို ရဲစခန်းမှ သိသွားရာ သေနတ်များဖြင့် တုံ့ပြန်တိုက်ခိုက်ခြင်းကို ခံရသည်။ သေနတ်သံများ ထွက်ပေါ်လာသောအခါ သောင်းကျန်းသူတို့မှာ တိုက်ပွဲဝင်ရန်အတွက် ရည်မှန်းထားသောနေရာယူ၍ မပြီးသေး။ သို့ဖြစ်၍ တပ်ခွဲရုံးကို ရောက်ရာနေရာမှ တိုက်ခိုက်ရတော့သည်။

ရဲစခန်းဘက်မှ သေနတ်သံများ ထွက်လာသည်နှင့် တစ်ပြိုင်နက် တပ်ခွဲရုံးအားလည်း ပစ်ခတ်ကြတော့သည်။ တပ်မှ ပြန်လည်တုံ့ပြန်မှုမရှိသောအခါတွင် တပ်ခွဲရုံးဝင်းအတွင်းဝင်ရန် အကာအကွယ်ယူရာမှ ထွက်လေတော့သည်။ လမ်းသုံးခွဆုံရာ ကားဆိပ်မှာ သစ်ပင်ကြီးများခြုံရံထား၍ မှောင်ရိပ်ကျသည်။ ထိုအပင်ကြီးများနှင့် လွတ်ကင်းသောနေရာသို့ ရောက်သောအခါ သောင်းကျန်းသူတို့ မမျှော်လင့်သောအရာကို တွေ့ရတော့သည်။ တပ်ဝန်းအလယ်မှ (၂) လက်မစိန်ပြောင်းသံ ကြားရလေသည်။ စိန်ပြောင်း ဘယ်ကပစ်သည်ကို မမြင်လိုက်ရ။ သို့သော် ကောင်းကင်ထက်တွင် အောက်လင်းဓာတ်မီးကြီးတစ်ခုထွန်းထားသကဲ့သို့ မီးကျည်သည် ညအမှောင်ကိုခွင်းလေသည်။ သစ်ပင်မှောင်ရိပ်အောက်မှထွက်၍ တပ်ဝန်းအတွင်းဝင်ရန် ကြိုးစားသူတို့မှာ အထိနာလေသည်။ ထိုနေရာတွင် ကျဆုံးသူ များသည်။ ဒဏ်ရာရသူများနှင့် ကျဆုံးသူတို့ကို သယ်သွားကြသည်။ တောင်တပ်ကုန်း (ယခင်မြို့ရိုးဟောင်း) အနီးရှိသူတို့က တပ်ရိုးပေါ်တွင်မြင်းဟီသံကိုကြားရသည်၊ သေနတ်သံများအကြားမှ မြင်းခွာသံများကြားရသည်ဟု ပြောကြသည်။ သောင်းကျန်းသူတို့ အထိအခိုက် များစွာနှင့် ဆုတ်ခွာသွားရသည်။ သောင်းကျန်းသူတို့သည် စေတီလှဘုရားဘက်သို့ ဆုတ်ခွာသွားကြသည်။ ထိုမှတစ်ဆင့် စလင်းချောင်းညာသို့ ထွက်ခွာသွားကြ



www.burmeseclassic.com

www.burmeseclassic.com




ရည်ညွှန်းချက်
၁။ ရွှေစေတီတိုက်
၂။ မရိုးရိုးတိုက်
၃။ လင်းကဘောတိုက်
၄။ မှန်ကင်းတိုက်
၅။ ရွှေမြင်ထင်တိုက်
၆။ ညောင်နှစ်ပင်တိုက်
၇။ အရှေ့ကန်ဆွယ်တိုက်
၈။ အရှေ့ငါးဆင်တိုက်
၉။ ရွှေကျောင်းတိုက်
၁၀။ မဟာသုနန္ဒာတိုက်
၁၁။ နေရာဝရဲကျောင်းတိုက်
၁၂။ မဟာရန်တိုက်
၁၃။ ကိုးဆောင်တိုက် (ထက်ပံပင်/ထယ်ဖြူ
၁၄။ စကုတိုက်
၁၅။ စိန်ပန်းတိုက်
၁၆။ မြို့တောင်တိုက်
၁၇။ မိုင်းကိုင်(အနောက်ငါးဆင်တိုက်)
၁၈။ အနောက်ကန်ဆယ်ဆွယ်တိုက်
၁၉။ ပထမတိုက်
၂၀။ ကျောက်အုံးတိုက်
၂၁။ ကာမွေတိုက်
၂၂။ ဥဿဘရောတိုက်
၂၃။ ယင်းမာပင်တိုက်
၂၄။ ခေမာဝံသကန်ချောင်တိုက်
၂၅။ ဘုန်းခေါင်တိုက်

သည်။ ရခိုင်မှသောင်းကျန်းသူ နစ်ဖြူများနှင့်ပူးပေါင်းပြီး တိုက်ကြသည်ဟု သိရသည်။ နယ်ပိုင်ဝန်ထောက်အိမ်သို့ သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ခြင်းမရှိ။ ရဲစခန်းနှင့်တပ်ခွဲရုံးတို့ကိုသာ တိုက်ခိုက်ခြင်း ဖြစ်သည်။ ရဲစခန်းရလျှင် ငွေတိုက်ကို ရမည်။ ရှေးယခင်ကသာဆိုလျှင် ငွေတိုက်ကိုဖွင့်ရန် သော့လိုမည်။ သို့သော် ယခုခေတ်တွင် သော့မလို၊ ယမ်းဘီလူးများနှင့် ဖွင့်မည်။ ငွေတိုက်သော့ရရန် နယ်ပိုင်နှင့် ငွေတိုက်စာရေးကြီးတို့ကို ရှာရန်မလိုတော့။ ဖွတ်မရ၊ ဓားမအဆုံး ဆိုသလို ငွေတိုက်မှ ငွေများရရန် ဝေးစွ၊ စာတိုက်ရှေ့နှင့် ရဲစခန်းရှေ့တွင် ကျဆုံးသူများကိုထားခဲ့ပြီး ဆုတ်ခွာသွားရတော့သည်။

သောင်းကျန်းသူတို့သည် ဦးစ၏ ကာကွယ်ရေးတပ် စလင်းသို့ မကြာခဏလာတတ်ကြသည်ကို သတိမမူမိကြသည်။ ဤအချက်ကိုယူ၍ အနောက်ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ပေါ်၌ တက်ရောက်စခန်းချသည်။ ၎င်းတို့လက်နက်လူသူ မည်မျှပါလာသည်ကို မသိရန် ဘုရားရင်ပြင်ပေါ်သို့ တက်သော လှေကားထိပ်ရှိ ဇရပ်ပေါ်တွင် အစောင့်ထား၍ ဦးစ အစည်းအဝေးသို့ လာရာ လိုက်ပို့သောတပ်သဏ္ဍာန် ယူလျက် နေကြသည်။ အစဉ်အမြဲ သတိထားတတ်သော တိုက်ပိုင်ကြီး ဦးဘသန်း၏ စူးစမ်းဆင်ခြင်မှုနှင့် တိုက်ရေးခိုက်ရေးပိုင်နိုင်သော တပ်မတော်သားတို့ကြောင့် သူတို့၏ရည်ရွယ်ချက် ပျက်ပြားပြီး အထိအခိုက်များစွာနှင့် ဆုတ်ခွာပြေးရခြင်း ဖြစ်သည်။ ထူးဆန်းသည်မှာ မြင်းဟီသံများကြားရခြင်းနှင့် မြင်းခွာသံများကြားရခြင်းကို စလင်းမြို့ရှိ လူတိုင်းကြားရကြောင်း ပြောဆို ဝန်ခံကြသည်။

စလင်း မြို့စောင့်နတ်များသည် ရှေးမြန်မာမင်း လက်ထက်ကပင် သူတို့အား တင်မြှောက်ပ,သရန်အတွက် သားဘိုးလယ် ဟူ၍ ရှိခဲ့သည်။ ထိုလယ်မှ ရသော အသီးအနှံ၊ အကျိုးအမြတ်တို့နှင့် နတ်တို့ကို ပ,သရသော အစဉ်အလာရှိပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဘိုးတော်ဘုရားလက်ထက် (၄၅-၆၄) ခု စလင်းစစ်တမ်းတွင် စလင်းတောင်လက်မြို့သူကြီး မဟာသမန်းဘွဲ့ခံ ဦးအေး၏ မြန်မာနှစ် ၁၁၄၅ ခု၊ ပြာသိုလဆန်း (၁၂) ရက်နေ့ ထွက်ဆိုချက်၌-

'မြန်မာနှစ် ၁၁၄၅ ခု၊ ပြာသိုလဆန်း (၁၂) ရက်နေ့၊ စလင်းမြေတိုင်မြို့သူကြီး မဟာသမန်းခံ၊ ငအေး၊ နံ (၆)၊ အသက် (၅၇) သူကိုမေးသော် ထွက်ဆိုသည်။ (---) မြို့ဝန် စစ်ကဲခန့်တော်မူလျှင် ရုံးသို့တက်၍ မြေ... မြို့သူကြီးနှင့် တရားစကား၊ ခိုးမှုရိုက်မှု... စီရင်သည်။ ဆင်မှု၊ ဆည်မှု၊ မြောင်း... စီးပွားဘဏ္ဍာတော်နှင့် စပ်ဆိုင်သ... များကို စီရင်ရသည်။ ရုံးတော်သို့ရော... ၍ မြို့ဝန် စစ်ကဲတို့စီရင်သည့် ကွမ်း... ကို မြို့ဝန် စစ်ကဲ တစ်ဝက်စား... ဆိုင်ရာ တစ်ဝက်စားရသည်။ စလင်း... တွင် မြို့ရှေ့မင်းကြီးနတ်ကို ပ,သရသ... ပ,သရန်မှာ သားဘိုးလယ်က စား... ရာကို အိုးသည်တို့မှာ အိုးကော... သည်။ ထန်းတိုင်က တင်လဲ၊ မြေ... ကလည်း ကျီစိုးတို့မှာ သွင်းရသ...

. . .

ဟု စစ်တမ်းတွင် မြို့စောင့်... များ ပ,သရန် သီးခြားလယ် ထ... ကြောင်း ပါရှိသည်။ သားဘိုးလယ်... ပြည့်ဝအင်းအနီး အောင်သာကြီး... နှင့်ဆက်စပ်လျက်ရှိသည်ဟု လယ်... များက ပြောကြသည်။ သို့ဖြစ်ရာ စ... မြို့မှနတ်များသည် မြို့ကိုစောင့်ရှော... တော်မူကြသည်ကို ကျွန်ုပ်သည် ... စွာ ယုံကြည်ပါကြောင်း။

အနောက်တံခါးမျှဝေ...

ကျမ်းကိုး

၁။ (၄၅-၆၄)ခု စလင်းစစ်တမ်း...
၂။ သူကောင်းဦးကြာစို၏ မ... စာစု။



www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်က ရန်ကုန်မြို့လယ် ပန်းဘဲတန်းမြို့နယ်အတွင်း၌ စစ်ကဲမောင်ထော်လေးလမ်း ဟူသော လမ်းတစ်လမ်း ရှိခဲ့ဖူးပါသည်။ ယခုတော့ လမ်းအမည်ကို စစ်ကဲမောင်ထော်လေးအမည်မှ ဗိုလ်ဆွန်ပက်လမ်းဟု ပြောင်းလဲထားပြီ ဖြစ်သည်။ စစ်ကဲမောင်ထော်လေးဟု ဗြိတိသျှတို့နှင့် အလိုတော်ရိများက ခေါ်ဆိုကြသော်လည်း ဂုဏ်ထိက္ခာအရ 'စစ်ကဲကြီး ဦးထော်လေး' ဟူသာ ခေါ်ဆိုသင့်ပါသည်။

စစ်ကဲကြီးဦးထော်လေးနှင့် ပတ်သက်၍ ရွှေတိဂုံစေတီတော်သမိုင်းတွင် စစ်ကဲကြီး၏ အမျိုးဘာသာ သာသနာအတွက် စွမ်းဆောင်ခဲ့ပုံများကို တွေ့ရှိရသည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကာလအတွင်းက ရွှေတိဂုံစေတီ ကုန်းတော်ထက်တွင် ဗြိတိသျှတို့ အကာအကွယ်ယူ တပ်စွဲကာ မြန်မာတို့အား တိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ်က အင်္ဂလိပ်စစ်သားများသည် စေတီတော်ကြီး၏ပထမ ပလ္လင်အထက် အရှေ့ အလယ်တည့်တည့်မှ ဇောက် (၄) တောင်၊ အနံ (၁) တောင်၊ အလျား (၆၆) တောင် (၂) မိုက်အထိ ဖောက်ထွင်း ဖျက်ဆီးခဲ့ကြသည်။

# စစ်ကဲကြီး ဦးထော်လေး၏ သွေးစဉ်မျိုးဆက်များ

စစ်ကဲကြီးဦးထော်လေး၏ သွေးစဉ်မျိုးဆက်များ

[illegible]နိုင်တိုး





www.burmeseclassic.com

www.burmeseclassic.com

ဤသတင်းကိုကြားသိရပြီးနောက် ဗုဒ္ဓဘာသာဝင်အများ များစွာ စိတ်မချမ်းမြေ့ ဖြစ်ခဲ့ကြရသည်။ ၁၈၅၃ ခုနှစ် စစ်ကြီးပြီးဆုံးသွားပြီးနောက် ရန်ကုန်မြို့ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ချိန်တွင် စစ်ကဲကြီးဦးထော်လေးက ကမကထပြုကာ မြို့သူ မြို့သားများနှင့်တကွ ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင်လည်း စစ်ကဲကြီးဦးထော်လေးသည် စေတနာ သဒ္ဓါတရားဖြင့် မြို့သူ မြို့သားများ၏ အကြီးအမှူးအဖြစ် ခံယူလျက် စေတီတော်ကြီး၏ ဝေယျာဝစ္စ ကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ကာ နေ့၊ ညမပြတ် ကောင်းစွာ ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

စစ်ကဲကြီးဦးထော်လေးသည် ဘာသာ သာသနာအပေါ် ဤသို့ ဤနှယ် စောင့်ရှောက်ခဲ့သော်လည်း နှောင်းခေတ်ကာလတွင် မည်သည့်အကြောင်းကြောင့် သူ၏အမည်ဖြင့် ဂုဏ်ပြုမှည့်ခေါ်ထားသော လမ်းအမည်ကို ပြောင်းလဲခေါ်ဆိုခဲ့ကြောင်း မသိရပေ။ ထို့ပြင် စစ်ကဲကြီးဦးထော်လေး၏အတ္ထုပ္ပတ္တိမှာလည်း တိမ်မြုပ်လွန်းလှသည်။ လမ်းအမည် ပြောင်းလဲခေါ်ဆိုရာ၌ စစ်ကဲကြီး ဦးထော်လေး အမည်ဖြင့် လမ်းသာမက စစ်ကဲကြီး၏သမက် စစ်ကဲ ဦးခိုင် (စစ်ကဲ မောင်ခိုင်) လမ်းပါ ပါသွားခဲ့သည်။

စစ်ကဲကြီးဦးထော်လေးကို ၁၇၇၆ ခုနှစ်တွင် ဖွားမြင်ကြောင်း အမှတ်အသားတွေ့ရှိရ၏။ ထိုအချိန်မှာ မြန်မာပြည်၌ ဆင်ဖြူရှင် (မြေဒူးမင်း) နတ်ရွာစံလွန်ပြီး စဉ့်ကူးမင်း နန်းတက်စ ဖြစ်၏။ ဦးထော်လေးသည် အရွယ်ရောက်လာသောအခါ မြန်မာဘုရင်က ခန့်အပ်ထားသော သန်လျင်မြို့ဝန် သမိန်မရူ၏လက်အောက်ခံ ဒလမြို့အုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ ဦးထော်လေး၏ ဘွဲ့အမည်မှာ မင်းကျော်သီဟ ဖြစ်၏။

မွန်အမျိုးသားဖြစ်သူ ဦးထော်လေးသည် သန်လျင်မြို့ဝန် သမိန်မရူဘွဲ့ခံ ဦးစပ် မြန်မာဘုရင်အား ပုန်ကန်ခြားနားစဉ် မော်လမြိုင်သို့ တိမ်းရှောင်ကာ ဗြိတိသျှလက်အောက် ခိုလှုံခဲ့၏။ ထိုစဉ် ဗြိတိသျှတို့က စစ်ကဲရာထူးပေးအပ်ခဲ့သည်။ စစ်ကဲကြီး ဦးထော်လေးသည် ဗြိတိသျှလက်အောက်၌ အမှုထမ်းရင်း အသက် (၉၁) နှစ်အရွယ် ၁၈၆၇ ခုနှစ်တွင် ကွယ်လွန်သွားပါသည်။ ဦးထော်လေးသည် ၁၈၅၄ ခုနှစ်တွင် ရွှေတိဂုံစေတီတော်အား ရွှေသင်္ကန်းကပ်လှူခဲ့သေး၏။

စစ်ကဲကြီးဦးထော်လေး၌ အိမ်ထောင်(၂)ဆက်ရှိရာ ပထမအိမ်ထောင်မှာ ဒေါ်မင်းသူ ဖြစ်၏။ ဒေါ်မင်းသူနှင့် သားသမီးများ ထွန်းကားခဲ့ရာတွင် အထွေးဆုံးသမီးက ဒေါ်မျှား ဖြစ်သည်။ စစ်ကဲကြီးဦးထော်လေး သမီးငယ် ဒေါ်မျှားက အခွန်ဝန် ဦးအုန်းရွှေနှင့် လက်ဆက်ကာ သမီး ဒေါ်မေကို ဖွားမြင်ခဲ့ပါသည်။ ဒေါ်မေသည် မော်လမြိုင်မြို့ ရမ္မာပူရ စာပုံနှိပ်စက်ပိုင်ရှင် ဦးထွန်းဖြူနှင့် လက်ဆက်ခဲ့သူ ဖြစ်၏။

ဦးထွန်းဖြူနှင့်ဒေါ်မေတို့မှ သမီး ဒေါ်သိန်းမြကို ဖွားမြင်ခဲ့ပါသည်။ စစ်ကဲကြီး ဦးထော်လေး၏ မြစ်တော်စပ်သူ ဒေါ်သိန်းမြသည် ၁၈၉၉ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးချုပ် ဦးမေအောင်နှင့်လက်ထပ်ခဲ့သူ ဖြစ်၏။ ဦးမေအောင်နှင့် ဒေါ်သိန်းမြတို့မှ သာဒိုးအောင်၊ ထွန်းလှအောင်နှင့် မမြစိန်ဆိုသူ သားသမီး (၃) ဦး ထွန်းကားခဲ့သည်။ သားကြီး သာဒိုးအောင်က အသက် (၂၀) ကျော်အရွယ် ဘီအေအောင်ပြီးစတွင် ကွယ်လွန်သွား၏။ သားလတ် ထွန်းလှအောင်က နောင်တွင် ရဲချုပ်ဖြစ်လာပြီး သမီးငယ် ဒေါ်မြစိန်က သမိုင်းပညာရှင်အဖြစ် ထင်ရှားခဲ့သည်။

ရဲချုပ် ဦးထွန်းလှအောင်သည် ဒေါ်ခင်ခင်နှင့် လက်ဆက်ကာ သမီး ဒေါ်သူဇာမြင့်ကို ဖွားမြင်ခဲ့သည်။ ဒေါ်ခင်ခင်မှာ မန္တလေးမြို့မှ အမိန့်တော်ရ အထက်တန်းရှေ့နေ ဦးဘကြည်နှင့် ဒေါ်ညွန့်ညွန့်တို့၏သမီး ဖြစ်ပါသည်။ တစ်ဖန် ဒေါ်သူဇာမြင့်က ဦးမြသောင်း (သာကီနွယ်) နှင့် လက်ဆက်ကာ ဒေါ်ခင်လှတင်၊ ဒေါ်ခင်စန်းမြင့်၊ မငွေးငွေးသောင်း၊ မောင်ထွန်းအောင်ကျော် (အရှင်ဓမ္မာနန္ဒ) တို့ကို ဖွားမြင်ခဲ့ရာ စစ်ကဲကြီးဦးထော်လေး၏မျိုးဆက်များ ဆက်လက်ထွန်းကား ပြန့်ပွားခဲ့သည်။ စစ်ကဲကြီးက ဘာသာတရားကိုင်းရှိုင်းသကဲ့သို့ စစ်ကဲကြီး၏ ပဥ္စမမျိုးဆက် ဖြစ်သော ဒေါ်သူဇာမြင့်နှင့် သမီးများသည်လည်း ဓမ္မဗျူဟာစာစောင်ကို တာဝန်ယူထုတ်ဝေခဲ့ကြသူများ ဖြစ်ပါသည်။

စစ်ကဲကြီးဦးထော်လေး၏ဒုတိယ အိမ်ထောင်က ထားဝယ်သူ ဖြစ်ပါသည်။ အမည်ကို ဒေါ်ညတွတ်ဟု မှတ်သားထားကြသည်။ စစ်ကဲကြီးဦးထော်လေးနှင့် ဒုတိယအိမ်ထောင်မှ သမီး ဒေါ်မြမေကို ၆၊ ဒီဇင်ဘာ၊ ၁၈၅၆ ခုနှစ်တွင် မော်လမြိုင်မြို့၌ ဖွားမြင်ခဲ့သည်။ သမီး ဒေါ်မြမေ အသက် (၁၁) နှစ်အရွယ်တွင် ဖခင် စစ်ကဲကြီး ကွယ်လွန်သွား၏။ စစ်ကဲကြီးက မကွယ်လွန်မီ သမီးဖြစ်သူအား တနင်္သာရီကော်မရှင်နာမင်းကြီးထံ အပ်နှံထားခဲ့သည်။

တနင်္သာရီ ကော်မရှင်နာမင်းကြီးက ၁၈၇၂ ခုနှစ်တွင် ဒေါ်မြမေကို ရန်ကုန် ကော်မရှင်နာမင်းကြီး၏ မွေးစားသား ဦးလှအောင်နှင့် လက်ထပ်ပေးခဲ့သည်။ ဦးလှအောင်မှာ မြန်မာတိုင်းရင်းသားများထဲတွင် ပထမဆုံး အိန္ဒိယငွေတိုက်မင်းကြီး ဖြစ်၏။ ထိုအချိန်မှစ၍ ဒေါ်မြမေကို 'မင်းကြီးကတော် ဒေါ်မြမေ' ဟုသာ ခေါ်ဆိုခဲ့ကြသည်။

ငွေတိုက်မင်းကြီး ဦးလှအောင်နှင့် မင်းကြီးကတော် ဒေါ်မြမေတို့မှ သား ဦးဘလှအောင်ကို ဖွားမြင်ခဲ့သည်။ ဦးဘလှအောင်သည် အင်္ဂလန်မှ ဝတ်လုံဘွဲ့ရရှိခဲ့သူ စစ်ကဲကြီးဦးထော်လေး၏ မြေး ဖြစ်ပါသည်။ ဦးဘလှအောင်ကို ၂၆ နိုဝင်ဘာ၊ ၁၈၇၄ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဦးဘလှအောင်ငယ်စဉ်က ကာလကတ္တားတွင် ပညာဆည်းပူးခဲ့သည်။ ကာလကတ္တား ဒိုဗီဟန်ကောလိပ်မှတစ်ဆင့် အင်္ဂလန်သို့သွားရောက်ကာ ပညာဆည်းပူးခဲ့ပြန်ပါသည်။

နောက်ပိုင်း ဝတ်လုံဘွဲ့ရရှိပြီးနောက် ဦးဘလှအောင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာကာ ညီအစ်ကို ဝမ်းကွဲတော်စပ်သူ ဦးမေအောင်နှင့်တွဲဖက်ပြီး ဝတ်လုံအလုပ် လုပ်ကိုင်ခဲ့၏။ သို့သော် မကြာမီ ကွယ်လွန်သွားဟန်ရှိပါသည်။ စစ်ကဲကြီးဦးထော်လေး၏ပထမဇနီး ဒေါ်မင်းသူမှ ဆင်းသက်လာသော အဆက်အနွယ်များကို ယနေ့တိုင် အထင်အရှား တွေ့ကြရဆဲ ဖြစ်ပါသည်။ သို့သော် ဒုတိယဇနီး ဒေါ်ညတွတ်၏အဆက်အနွယ်များကိုမူ ဆက်လက်မသိရအောင့်ပေ။

တင်နိုင်တိုး

**ကျမ်းကိုး**

၁။ မြန်မာလူကျော် (၁၀၀)
မောင်ဇေယျာ

၂။ (၂၅) နှစ်မြောက် ဓမ္မဗျူဟာ ငွေရတုစာစောင်

၃။ သမိုင်းဝင် စေတီ တစ်ဆယ့်နှစ်ဆူနှင့်ရဟန္တာသိမ်တော်ကြီးကိုးသိန်းမြတ်စျာန်



www.burmeseclassic.com

www.burmeseclassic.com

# မွေးမဟာဘုတ်၏ စရိုက်များ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



မြန်မာ့ဗေဒင်ပညာများတွင် နည်းပညာများ စုံလင်စွာရှိသည်။ ထိုနည်းပညာများစွာထဲမှ မဟာဘုတ်နည်းပညာကို လူတော်တော်များများ ကြားဖူးကြ၊ သိဖူးကြသည်။ ယခု ရေးသား ဖော်ပြသောမွေးမဟာဘုတ်တစ်ခွင်လုံး၏စရိုက်များမှာ ဗေဒင်ဝါသနာပါသူများအတွက် မဟာဘုတ်ဗေဒင်ပညာ၏အခြေခံအပိုင်းအဆစ်မျှသာ ဖြစ်ပါသည်။ ဗေဒင်ပညာရှင်များအတွက် အထူးအဆန်းတော့ မဟုတ်ပါ။ မဟာဘုတ်နည်းဖြင့် လူတစ်ဦးတစ်ယောက်အား တွက်မည်ဆိုပါက ထိုပုဂ္ဂိုလ်၏ မွေးဖွားသည့် မြန်မာနှစ်ကို (၇)ဖြင့်စား၍ အကြွင်းဂဏန်းကိုကြည့်ပြီးလျှင် (၁)ကြွင်းသူကို (၁)ခုကြွင်းမဟာဘုတ်၊ (၂)ကြွင်းသူကို (၂)ခုကြွင်း၊ (၀)ကြွင်းသူကို (၀)ကြွင်းသမားဟု စသည်ဖြင့် သတ်မှတ်ခေါ်ဆို တွက်ချက်ကြပါသည်။

မိမိသည် မည်သည့်အကြွင်းမဟာဘုတ်မွေးသူဟု သိလိုပါက မိမိ၏မြန်မာမွေးသက္ကရာဇ်ကို (၇)ဖြင့်စား၍ အကြွင်းကိုရှာပါ။ ဥပမာ ၁၃၀၅ ခုနှစ်ဖွားသူဆိုပါက ၁၃၀၅ ÷ ၇ = ၃ ကြွင်း ဖြစ်သည်။ ထိုဇာတာရှင်မှာ (၃)ကြွင်းသမား ဖြစ်ပေသည်။

## (၁)ကြွင်းဖွားများအတွက်

(၁) ကြွင်းသမားများသည် လူအများနှင့် စုပေါင်းပူးတွဲလုပ်ကိုင်ရသောလုပ်ငန်းများ၌ အဆင်မပြေ အကျိုးမရှိ။ လူမှုရေး၊ နိုင်ငံရေးအသင်းအဖွဲ့များနှင့် အကျိုးမပြု။ မိဘမောင်ဘွား၊ သားသမီး၊ အိမ်ထောင်ဖက်၏ချစ်ခင်ယုယကျေးဇူးပြုမှုကို မခံရခြင်း။

လူအများစုအတွက် နေရာတကာ အနစ်နာခံ၍ ကိုယ်ကျိုးစွန့်ကာ လုပ်ကိုင်ပေးရတတ်၏။

လူယုံမွေး၍မရ၊ ဆရာတပည့်ထား၍မသင့်ခြင်း၊ ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်မှသာစားရခြင်း၊ မိတ်ဆွေအပေါင်းအသင်းများသူဖြစ်ပါက မိတ်ဆွေအပေါင်းအသင်းကြောင့် ဂုဏ်ပျက်ခြင်း၊ သိက္ခာကျခြင်းများ ဖြစ်တတ်သည်။

ခံ့ညားထည်ဝါစွာနေထိုင်တတ်သူများ၊ အပေါင်းအသင်းများစွာဖြင့် လှုပ်ရှားသွားလာလုပ်ကိုင်တတ်သူများ ပို၍သိက္ခာကျတတ်သည်။ အထွန်း၊ သိုက်၊ ရာဇ အဓိပတိဖွားများ ဖြစ်ပါက ထိပေါက်လွယ်ခြင်း၊ အမွေအနှစ်ရရှိခံစားစေတတ်၏။

မည်မျှစိတ်ရင်းစေတနာထား၍ လုပ်ကိုင်ပေးစေကာမူ လူအများ၏မနာလိုမှု၊ ယှဉ်ပြိုင်မှု၊ ပြစ်တင်ရှုတ်ချ၊ ကဲ့ရဲ့သိက္ခာချမှုများကို တိုက်ဆိုင် ကြုံတွေ့စေတတ်သည်။

ဝါဆိုလ၊ တပို့တွဲလများတွင် အရေးကြီးလုပ်ငန်းများကို စတင်လုပ်ကိုင်ပါက ပျက်စီးဆုံးရှုံးတတ်၏။ အရေးကြီးလုပ်ငန်းများကို နယုန်လ၊ သီတင်းကျွတ်လများ၌ စတင်၍ လုပ်ကိုင်ပါက အောင်မြင်တတ်သည်။

နီလာကျောက်နှင့် အနက်ရောင်များ အသုံးပြုပါက ကံဇာတာပွင့်လင်းတိုးတက်လာမည်။

လိပ်ခေါင်းရောဂါ၊ လေရောဂါ၊ အစာအိမ်၊ ရင်ခေါင်း၊ ဝမ်းဗိုက်တို့တွင်ဖြစ်ပွားသောရောဂါများ၊ ယားယံသောရောဂါများ ကြုံတွေ့တတ်သည်။

ကံဇာတာပွင့်လင်းတိုးတက်အောင်မြင်လိုပါလျှင် လူမှုဆက်ဆံရေး၊ ပေါင်းသင်းရေးတို့တွင် မျှတစွာ ဆက်ဆံပေါင်းသင်းခြင်း၊ မိဘ, ဆရာသမား, သက်ကြီးရွယ်အိုများအား မကြာခဏ ပူဇော်ပါလေ။

## (၂)ကြွင်းဖွားများအတွက်

(၂) ကြွင်းသမားများသည် လူမှုဆက်ဆံပေါင်းသင်းရေးတို့တွင် ခေါင်းမာတတ်သူ၊ တစ်ယူသန်သူ၊ တစ်ဇွတ်ထိုးပြုမူဆောင်ရွက်တတ်သူဟု အထင်ခံရတတ်ခြင်း။

မိဘမောင်ဘွား အုပ်ထိန်းသူတို့၏ လမ်းညွှန်ဆိုဆုံးမမှုကို မခံယူဘဲ မိမိ၏စိတ်ဆန္ဒအလျောက် ဆောင်ရွက် လုပ်ကိုင်တတ်သူဖြစ်ခြင်း၊ ပတ်ဝန်းကျင်ကို ဂရုမထားဘဲ ကောင်းကောင်း၊ ဆိုးဆိုး လွန်ကဲစွာ တစ်ယူသန် ပြုမူပြောဆိုလုပ်ကိုင်တတ်ခြင်း။

လုပ်ရပ်တစ်ခုကိုမှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်တတ်ပြီး မိသားစုအိမ်တွင်းရေးကိစ္စများကို ပြန်လှည့်မကြည့်ခြင်း၊ မှားယွင်းစွာပြုလုပ်ခဲ့သော အလုပ်တစ်ခုကို မှားမှန်းသိလျက်နှင့် လုံးဝပြန်မပြင်နိုင်ခြင်း။

ပညာသင်ကြားချိန်တွင် အရေးကြီးသော အချိန်တိုင်း၌ ကျန်းမာရေးအညံ့ကြုံခြင်း၊ ပူပင်သောကတစ်ခုခု လာရောက် တိုက်ဆိုင်နေတတ်သည်။

ပညာတတ်များ ပို၍ခေါင်းမာခြင်း၊ တစ်ယူသန်ခြင်း၊ အတွေးအခေါ် အယူအဆ ပြတ်သားရဲရင့်စွာတွေးခေါ်တတ်မှုကြောင့် အများသူငါနှင့် အမြဲလိုလို ဆန့်ကျင်ဘက်ဖြစ်နေတတ်၏။

ကြာသပတေး၊ သောကြာသမီး



www.burmeseclassic.com

www.burmeseclassic.com

များ စိတ်ညစ်စရာကြုံတွေ့ပါက အဆိုပ်သောက်လွယ်တတ်သည်။ ဝါခေါင်လနှင့် တပေါင်းလတို့တွင် အရေးကြီးသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက ပျက်စီးတတ်သည်။ တန်ခူးလနှင့် တန်ဆောင်မုန်းလတို့၌ အရေးကြီးသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်တတ်၏။

ပတ္တမြားပန်းရောင်၊ ကြက်သွေးရောင်ကို ဝတ်ဆင်အသုံးပြုပါက ကံဇာတာ ပွင့်လင်းတိုးတက်စေ၏။ ဦးနှောက်၊ အာရုံကြော၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါများ ဖြစ်ပွားစေတတ်သည်။

တစ်ဇွတ်ထိုးပြုမူပြောဆိုလုပ်ကိုင်မှုကိုရှောင်ပြီး မိဘအုပ်ထိန်းသူတို့၏လမ်းညွှန်မှုကိုခံယူပြီး လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင် တိုးတက်မှုများ ရရှိပေလိမ့်မည်။

## (၃)ကြွင်းဖွားများအတွက်

(၃) ကြွင်းသမားများသည် ငယ်ရွယ်စဉ်မှစ၍ အပြောင်းအရွှေ့အပြောင်းအလဲများစွာကြုံတွေ့ရခြင်း၊ အပြိုင်အဆိုင် အပြေးအလွှားဖြင့် ရုန်းကန်လှုပ်ရှားနေထိုင်တတ်ရခြင်း။ စကားများများပြောမိပါက အတိုက်အခံဖြစ်ပြီး ငြင်းခုံရတတ်သည်။ မွေးတစ်နေရာ၊ ကြီးလျှင်တစ်နေရာနှင့် ကျော်ကြားလျှင် တစ်နေရာဖြစ်တတ်ပြီး ပြည်တွင်း၌ မြို့ရွာအနှံ့၊ နေရာအနှံ့ သွားရောက် နေထိုင်ရတတ်ခြင်း၊ နိုင်ငံရပ်ခြား ခရီးဝေးများ သွားရောက်ရန် လွယ်ကူခြင်း၊ မွေးမိဘ, ကျွေးမိဘများနှင့် တိုက်ဆိုင်ကြုံတွေ့စေတတ်ခြင်း။

အမှတ်မထင် ရုတ်တရက် အိမ်ထောင်ကျပြီး ရုတ်တရက် ကွဲလွယ်စေတတ်ခြင်း၊ ငွေကြေး ရုတ်တရက် ရလွယ်၍ ကြီးပွားချမ်းသာစေတတ်ခြင်း၊ ဘဝတစ်လျှောက် အငြိမ်မနေရဘဲ လှုပ်ရှားသွားလာပြေးလွှားနေရသောအလုပ်များနှင့်သာ တိုက်ဆိုင်ကြုံတွေ့တတ်ခြင်း။

အမျိုးသားများသည် ရုပ်ရည်လှပသော၊ အရည်အချင်းရှိသော၊ စီးပွားဥစ္စာဂုဏ်တစ်ခုခုပါတတ်သော အမျိုးသမီးများနှင့် အိမ်ထောင်ကျတတ်သည်။

အမျိုးသမီးများမှာ နိုင်ငံခြားသွား၍ အလုပ်လုပ်သူ သို့မဟုတ် ဘဝတစ်လျှောက်လုံး အငြိမ်မနေဘဲ ပြေးလွှားလုပ်ကိုင်နေရသော အမျိုးသားများနှင့်သာ အိမ်ထောင်ကျတတ်သည်။

အင်္ဂါ၊ သောကြာ၊ စနေ အမျိုးသားများသည် စိတ်ထင်ရာ တစ်ဇွတ်ထိုး လုပ်ကိုင်တတ်ကြပြီး စီးပွားဖြစ်နေသည်ဟု အထင်ခံရတတ်သည်။

အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့ဖွား အမျိုးသမီးများသည် စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်ကိုင်မှုကြောင့် မိဘမောင်ဘွားတို့၏ ပြစ်တင်ရှုတ်ချမှုကိုခံရခြင်း။

အသက် (၄၀) နောက်ပိုင်းမှသာ ပို၍ အေးငြိမ်းတည်ငြိမ်ပြီး အောင်မြင်တိုးတက်မည်။ နယုန်လ၊ တော်သလင်းလများတွင် စီးပွားစမလုပ်ရ။ ကဆုန်လ၊ နတ်တော်လများ၌ စီးပွားရေး စတင်လုပ်ကိုင်ပါက အောင်မြင်မှုရမည်။

စိမ်းနှင့်ရောယှက်နေသောရောင်စုံများကို မသုံးရ။ ပုလဲနှင့် အဖြူရောင်များကို ဝတ်ဆင်၍ အသုံးပြုပါ။ ဆီးရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ အာခံတွင်းနှင့် ခြေထောက်တွင်ဖြစ်ပွားသောရောဂါများ ဖြစ်ပွားစေတတ်သည်။

တည်ငြိမ်အေးဆေးစွာ လုပ်ကိုင်ဆောင်ရွက်ပြီး နှုတ်ချိုသာပါက အောင်မြင်တိုးတက်မည်။

## (၄)ကြွင်းဖွားများအတွက်

မည်သည့်အလုပ်ကိုမဆို အားလုံးနားလည်တတ်ကျွမ်းနိုင်သည့် သဘောသဘာဝများပါရှိ၏။ မည်သည့်လုပ်ငန်းကိုမဆို အားရကျေနပ်ခြင်းမရှိဘဲ စိတ်အပြောင်းအလဲမြန်စွာဖြင့် အမျိုးမျိုးပြောင်းလုပ်တတ်ခြင်း၊ ဘဝတစ်လျှောက်၌ အသက်အန္တရာယ်နီးသော ဘေးရန်ဥပဒ်များ ကြုံတွေ့စေတတ်ခြင်း။ (ကားမှောက်၊ ရေနစ်၊ ပြုတ်ကျခြင်းများ။)

လောဘ၊မာနတရားများဖြင့် လုပ်ကိုင်ဆောင်ရွက်ပါက ပို၍ ပျက်စီးမှုများကြုံတွေ့စေတတ်ခြင်း၊ လုပ်ငန်းအမျိုးမျိုးပြောင်းလုပ်ပါက အောင်မြင်မှုမရသည့်အပြင် ဆုံးရှုံးမှုနှင့်သာ ကြုံစေတတ်ခြင်း၊ မည်သည့်လုပ်ငန်းကိုမဆို အပြိုင်အဆိုင်အတားအဆီးများ, အခက်အခဲတစ်ခုခုနှင့် တိုက်ဆိုင် ကြုံတွေ့ပြီးမှ အောင်မြင်တတ်သည်။

ဖြတ်လမ်းစီးပွားရှာခြင်းမဟုတ်ဘဲ ကျွမ်းကျင်ဝါသနာပါရာ အလုပ်တစ်ခုခုကိုသာ ဇောက်ချလုပ်ကိုင်ပါက အောင်မြင်တိုးတက်စေမည် ဖြစ်ပါသည်။ အနေအထိုင် ပိရိသေသပ်လှပစွာ၊ ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်နေထိုင်တတ်သူဖြစ်ခြင်း၊ ပြင်ပတွင် သွားလာရာ၌ အပေါင်းအဖော်တစ်ဦးဦး သို့မဟုတ် ကိုင်တွယ်စရာတစ်ခုခုပါမှသာသွားလာတတ်ခြင်း။

ဝါဆိုလ၊ သီတင်းကျွတ်လတို့၌ စီးပွားစ,လုပ်ပါက ပျက်စီးတတ်၊ မအောင်မြင်နိုင်။ နယုန်လ၊ တော်သလင်းလတို့၌ စလုပ်ပါက အောင်မြင်မည်။

နီလာအနက်ရောင်များကို ဝတ်ဆင်ပါက ကံမကောင်း။ သန္တာကျောက်နှင့် အစိမ်းရောင်ကျောက်များကို ဝတ်ဆင်ပါက ကံဇာတာကောင်းမွန်မည်။

အမျိုးသားများ နှလုံးရောဂါ၊ အကြောရောဂါ၊ လေနာ၊ နားနှင့် ခြေထောက်တို့၌ဖြစ်သောရောဂါ၊ ဆံပင်ကျွတ်ရောဂါများဖြစ်ပွားစေတတ်ခြင်း။

အစစအရာရာ မသိသည်၊မတတ်သည်မရှိဘဲ စပ်စပ်စုစုနားလည်သိရှိနိုင်သည့် သဘောသဘာဝများ များစွာပါ
သူဖြစ်ပါက ကံဆိုးသောအသက်အစိတ်အပိုင်းများတွင် အိမ်ထောင်ပြိုကွဲခြင်း၊ အထိနာခြင်း စသော ဆိုးကျိုးများ တိုက်ဆိုင် ကြုံတွေ့တတ်၏။

လောဘ မာန မခံချင်စိတ်များ ယှဉ်ပြိုင်စိတ်များ မထားရှိဘဲ သည်းခံ
တရား လက်ကိုင်ထား၍ မိမိဝါသနာပါရာ လုပ်ငန်းတစ်ခုကိုသာ ဇောက်ချလုပ်ကိုင်ပါက အောင်မြင်မည်။

## (၅)ကြွင်းဖွားများအတွက်

(၅) ကြွင်းသမားများသည် သွား
လေရာ၌ အိမ်ထောင်ရေးပြဿနာတစ်ခုကို တိုက်ဆိုင်ကြုံတွေ့လွယ်ခြင်း။ အိမ်ထောင်ဖက်အုပ်စု အသိုင်းအဝိုင်းတို့နှင့် မကြာခဏ ဆန့်ကျင်မှုများကြုံတွေ့ခြင်း။

မိသားစုနှင့်ခွဲခွာ၍ ရပ်ဝေးထွက်ပြီး စီးပွားရှာဖွေ လုပ်ကိုင်ရတတ်ခြင်း။

မင်း၊ အစိုးရ အရာရှိကြီးများဖြစ်
လွယ်၍ အများအပေါ် ဩဇာပေးရသော အလုပ်များနှင့် တိုက်ဆိုင်ကြုံတွေ့လုပ်ကိုင်ရတတ်သည်။ အစိုးရအမှုထမ်းဘဝတွင် ရေရှည်တည်မြဲမှုမရှိ။ ရှိပါကလည်း အမြဲတမ်း အတိုက်အခံပြုသူများနှင့် ကြုံတွေ့ရတတ်၏။ နိုင်ငံခြားထွက်၍ စီးပွားရှာသောအလုပ်၊ အတတ်ပညာတစ်ခု
ဖြင့် စီးပွားရှာသောအလုပ်များနှင့် ကြုံတွေ့လုပ်ကိုင်ရတတ်ခြင်း။

ဘဝတွင် အိမ်ထောင်ရေး၊ အိမ်
တွင်းရေး၊ သားသမီးရေးတို့တွင် ဂုဏ်
သိက္ခာကျစရာများ၊ အထင်လွဲမှားမှုများ
ကြုံတွေ့စေတတ်ပြီး အိမ်ထောင်ရေး
ပြဿနာတို့သည် ဘဝတွင် အဓိက
သော့ချက်ကျသောနေရာတွင် ပါဝင်
သားသမီးရရန်ခက်ခဲခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ယောက်မှ သုံးယောက်အထိသာ ဖြစ်တတ်ခြင်း၊ ထို့ထက်ပိုပါက သားသမီးကြောင့် စိတ်သောကရောက်စရာများ ကြုံတွေ့ရခြင်း။

အိမ်ထောင်ဖက်သည် စီးပွားဥစ္စာ ဉာဏ်အဆင့်ရှိသူများ၊ လူမျိုးခြား၊ ဘာသာခြား သို့မဟုတ် ကပြားရုပ်သဏ္ဍာန်ရှိသူများ၊ ကျန်းမာရေးညံ့သူများ ဖြစ်တတ်သည်။

(၅) ကြွင်းသမားများသည် ဥပမိ ချွင်ကောင်းသူများ၊ ပုံပန်းသဏ္ဍာန် ခံ့ညားထည်ဝါသူများ ဖြစ်နေတတ်သည်။ ပညာရေးတွင် ခက်ခဲမှုကြုံတွေ့စေတတ်သော်လည်း ပညာတတ်ဖြစ်လွယ်၍ အတွေးအခေါ် နက်နဲပြီး ဖြတ်ထိုးဉာဏ်ကောင်းသူများဖြစ်တတ်ခြင်း။

ငွေကြေးစီးပွားကို မရရအောင် ရှာဖွေနိုင်သူများ၊ ထိပေါက်နိုင်သူများ ဖြစ်စေခြင်း။ ကြာသပတေး၊ သောကြာ၊ စနေ (၅)ကြွင်းသမားများ အိမ်ထောင်ရေးကိစ္စ၊ ပျော်ပါးမှုကိစ္စများတွင် အထင်သေးစရာများ ကြုံတွေ့နိုင်သည်။

စီးပွားရေးကိစ္စများကို ဝါဆိုလ၊ တပို့တွဲလများမှာ စတင်ပြုလုပ်ပါ။ တန်ဆောင်မုန်းလများတွင် မလုပ်ပါနှင့်။ ပတ္တမြားအနီရောင်ရှောင်၊ ရွှေနှင့် အဝါရောင် ဆောင်ပါ။

ကျားနှင့်မ ဆီး၊ မျက်စိ၊ ဦးနှောက်၊ အာရုံကြောရောဂါများ။ မ- သားအိမ်နှင့် မီးယပ်သွေးသားကြောင့်ဖြစ်သော ရောဂါများ ဖြစ်ပွားတတ်ခြင်း။

အသက် (၄၄) နှစ်မတိုင်မီ အိုးပိုင်အိမ်ပိုင်ဖြစ်ရန် ခက်ခဲမှုရှိပါကလည်း ရန်မရှာ ဘုမ္မိကျသောနှစ်များတွင် ပြိုကွဲပျက်စီးတတ်ခြင်း။

## (၆) ကြွင်းဖွားများအတွက်

(၆) ကြွင်းဖွားများမှာ ငယ်ရွယ်စဉ် တလေးဘဝမှာ ဟန်အမူအရာကောင်းခြင်း၊ သွက်လက်ချက်ချာခြင်း၊ စကားပြောကောင်းခြင်း၊ ဘဝအစပိုင်းမှာ ခက်ခဲကြမ်းတမ်းစွာ ဖြတ်ကျော်လာခဲ့ပြီး မိဘသားချင်းများနှင့် ခွဲခွာရသူများ၊ အချို့ဆိုလျှင် အမိ,အဘကိုပင်မမှတ်မိလိုက်သည်အထိ ဘဝကို ရင်နာစွာဖြင့် ဖြတ်သန်းလာရသူများ ဖြစ်တတ်သည်။

ဘဝအစပိုင်းတွင် ခက်ခဲကြမ်းတမ်းပြီး အိုဇာတာ၌ အောင်မြင်ကျော်ကြားသူများ၊ ငွေကြေးစီးပွားပြည့်စုံသူများဖြစ်တတ်ခြင်း၊ ငွေရလွယ်ပြီး ငွေကုန်ဆုံးမှုမြန်ဆန်တတ်၍ အိမ်ထောင်ကျပြီးနောက် နောက်ပိုင်း ငွေကြေးစီးပွားဖြစ်ထွန်းလွယ်ခြင်း။

မိမိ၏အတွင်းအဇ္ဈတ္တသန္တာန်တွင် ဖုံးကွယ်မှု၊ လျှို့ဝှက်မှုတစ်ခုခုပြုလုပ်နေရမှု စိတ်ကျေနပ်သည့် ဗီဇစရိုက်များပါတတ်ခြင်း၊ (၆) ကြွင်းသမား ကျား/မ အားလုံး ဟန်ပန်အမူအရာကောင်း၍ နူတ်ချိုပြီး ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်သောသူများဖြစ်ပါက ကတိပေးလွယ်သလောက် ကတိစကားပျက်ကွက်တတ်ခြင်း၊ အိမ်ထောင်ရေးရှုပ်ထွေးမှုများ တိုက်ဆိုင်ကြုံတွေ့လွယ်ခြင်း၊ ကတိတည်ပါက အောင်မြင်သောသူဖြစ်တတ်သည်။

စကားပြောနည်း၍ ပြောဆိုဆက်ဆံရာ၌ ဟန်အမူအရာမပါခြင်း၊ ကပိုကရိုဝတ်ဆင်နေထိုင်ခြင်း စသည့်အပြုအမူများသာပါရှိပါက ကံကောင်းနိုင်၍ နက်နဲသော အတွေးအခေါ်များရှိသူဖြစ်ပြီး အတတ်ပညာ၊ ဉာဏ်ပညာတို့ဖြင့် လုပ်ကိုင်နေရတတ်ခြင်း။

ဘဝတစ်လျှောက်တွင် ငွေအရင်းအနှီးမပါဘဲ အတတ်ပညာတစ်ခုခုဖြင့် လုပ်ကိုင်ပါက ပို၍ အောင်မြင်ခြင်း။

မိန်းကလေးများ အလွန်အလှအပ မက်၍ နုနုကြွကြွ လှလှပပ ဝတ်စားနေထိုင်ဆက်ဆံသူများဖြစ်ပါက မလွတ်လပ်သူများနှင့် အိမ်ထောင်ကျတတ်ခြင်း။

ဝါခေါင်လ၊ တပေါင်းလများမှာ စီးပွားစတင်လုပ်ဆောင်ပါက အောင်မြင်မည် ဖြစ်၏။ ကဆုန်လ၊ နတ်တော်လများတွင် စီးပွားစတင်လုပ်ကိုင်ပါလျှင် ဆုံးရှုံးတတ်သည်။

ပုလဲနှင့် အဖြူရောင် ဝတ်ဆင်ပါက ကံဇာတာကောင်းခြင်း၊ ဥဿဖရားနှင့် ဖြူမှိုင်းသောအရောင်များ ဝတ်ဆင်ပါလျှင် ကံဇာတာကောင်းစေခြင်း။

ရင်ကျပ်ရောဂါ၊ အကြောရောဂါ၊ အဆစ်အမြစ်ကိုက်ခဲသောရောဂါ၊ သွားရောဂါ၊ ထိခိုက်ဒဏ်ရာရမှုကြောင့်ဖြစ်သောဝေဒနာများကြုံတွေ့စေတတ်ခြင်း။

အောင်မြင်ကျော်ကြားမှု၊ ငွေကြေးပြည့်စုံကြွယ်ဝမှုများနှင့် တိုက်ဆိုင်ကြုံတွေ့နေစဉ် အရှက်တကွဲ ကံဇာတာပြန်လည်နိမ့်ကျမှု၊ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နိုင်၍ ကတိတည်ပြီး အားနာမှုမထားဘဲ ဖုံးကွယ်လျှို့ဝှက်ခြင်းမရှိဘဲ ပြတ်ပြတ်သားသား ပြုမူပြောဆိုလုပ်ကိုင်ပါက ဘဝတွင် အောင်မြင်လာပါလိမ့်မည်။

## (၀)ကြွင်းဖွားများအတွက်

(၀) ကြွင်းသမားများသည် စိတ်အပြောင်းအလဲမြန်ဆန်ခြင်း၊ သနားလွယ်သလောက် ရက်စက်မှုပြုလွယ်ခြင်း၊ စိတ်ဆောင်ရာသို့ လျှင်မြန်စွာ ပြောင်းလဲ လုပ်ကိုင်တတ်သည်။ ကျား/မအားလုံး ရုံးပြင်ကနားတစ်ခုခုကို၊ အမှုတစ်ခုခုကို တိုက်ဆိုင်ကြုံတွေ့လွယ်ခြင်း။

အမျိုးသမီးများ ရည်းစားဦးနှင့်ပြိုကွဲခြင်း၊ အိမ်ထောင်တစ်ဆက်တည်းနှင့် မမြဲခြင်း၊ မလွတ်လပ်သူများ, သက်ကြီးရွယ်အိုများနှင့် အိမ်ထောင်ကျလွယ်ခြင်း။

မင်း၊ အစိုးရ၊ အထက်လူကြီးများ၊ လူကုံထံများ၏ အကူအညီ အမအစရလွယ်ခြင်း၊ ၎င်းတို့ထံမှ အကျိုးခံစားမှုရလွယ်စေတတ်ခြင်း၊ အခက်အခဲတစ်ခုခုကို ကြိုတင်သိမြင်နိုင်သောစိတ်စွမ်းအင်များကို ရရှိစေတတ်ခြင်း။

နှုတ်ထွက်စကားများသည် အံ့ဩဖွယ်ရာ သွားရောက် တိုက်ဆိုင် ကြုံတွေ့လွယ်သောကြောင့် ဗေဒင်ဆရာ၊ အကြားအမြင်ဆရာ၊ ဘာသာရေးသမားများ ဖြစ်လွယ်ခြင်း။

စီးပွားရေးကျပ်တည်းချိန်၌ ကူညီမ,စမည့်သူပေါ်ခြင်း။

နယုန်လ၊ ပြာသိုလတို့တွင် လုပ်ငန်းစီးပွားရေး စတင် လုပ်ဆောင်ပါက ပျက်စီးဆုံးရှုံးမှုများတွေ့ကြုံစေတတ်ခြင်း၊ ကဆုန်လ၊ တော်သလင်းလတို့၌ လုပ်ငန်းစီးပွားစတင်လုပ်ဆောင်ပါက အောင်မြင်မှုများ ရရှိစေတတ်ခြင်း။

သန္တာကျောက်နှင့် အစိမ်းရောင်များ ဝတ်ဆင် အသုံးပြုပါက ကံဇာတာ ညှိုးမှိန်စေ၏။ စိန်နှင့် ရောနှောနေသော ကျောက်များ၊ ရောင်စုံများ၊ အဖြူရောင်များဝတ်ဆင်ပါက ကံဇာတာပိုကောင်းမွန်စေခြင်း။

နှလုံးရောဂါ၊ ဆီးရောဂါ၊ မျက်စိရောဂါ၊ ဇက်ကြောတက်ရောဂါနှင့် စိတ်ရောဂါများ ဖြစ်ပေါ်စေတတ်၏။

စိတ်ပိုင်းဆိုင်ရာများကို တည်ငြိမ်အေးဆေးစွာ ထိန်းသိမ်းပြုမူ ဆောင်ရွက်နိုင်ပါက အောင်မြင်မှုများ ရရှိခံစားနိုင်မည် ဖြစ်ပေသည်။

*ခုနစ်နေ့သားသမီးများအားလုံး*
*ကိုယ်ကျန်းမာ၍*
*စိတ်အေးချမ်းသာသာကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် အကြားအမြင်ပုဂ္ဂိုလ်ကြီး စိုးဝေ (၂)

ကျွန်ုပ်သည် အထက်ပါခေါင်းစဉ်ဖြင့် သူရဇ္ဇမဂ္ဂဇင်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ အတွဲ (၁၃)၊ အမှတ် (၂) တွင် ပုဂ္ဂိုလ်ကြီး ဖြေဆိုပေးခဲ့သော မေးခွန်းများအနက် အမှတ် (၁) မေးခွန်း ဖြေဆိုခဲ့ခြင်းအပေါ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

နောက်ထပ်မေးခွန်းများ ဖြေဆိုထားခဲ့ခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုရှိကြောင်း ဆက်လက် တင်ပြ ရေးသားသွားပါမည်။

ကျွန်ုပ်၏အလုပ်အကိုင်ဌာန အပြောင်းအရွှေ့ကိစ္စကို ယင်းပုဂ္ဂိုလ်ကြီး ဟောကြားထားသည့်အတိုင်း မြို့တွင်းနေရာဖြစ်သော ရန်ကုန် ယာယီအချုပ်စခန်း (ယခင် ရန်ကုန် ထောင်ဟောင်းကြီး) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။

ကျွန်ုပ်တို့မိသားစု နေထိုင်ရမည့် ဝန်ထမ်းအိမ်ရာသည် ယခင် ထောင်ဟောင်းကြီးမှ ကျန်ရစ်ခဲ့သော ဗဟိုစည်ရပ်ကွက်ထိပ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ ဖြစ်ပါသည်။ ယင်းအိမ်ကြီး၏ အပေါ်ထပ်တွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသည် လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်တွင် တည်ရှိနေသောကြောင့် ရုံးချုပ်တွင် တာဝန်ထမ်းဆောင်သည့် စာရေးကြီးနှစ်ဦးမှာ အပေါ်ထပ်နှစ်ခန်း၌ နေထိုင်ကြသည်။

ကျွန်ုပ်နှင့် စာရေးဆရာ ဗဟိုစော အမည်ခံ ဦးစောလှိုင်တို့ ထောင်မှူးနှစ်ဦးက အောက်ထပ်တွင် နေထိုင်ကြသည်။ ကျွန်ုပ်တို့နှစ်ဦးစလုံးမှာ ရန်ကုန် ယာယီအချုပ်စခန်းတွင် တာဝန်ကျနေသောကြောင့် ဗဟိုစည်ရပ်ကွက်မှာရှိသော ဝန်ထမ်းအိမ်ရာမှာ နေထိုင်ခွင့်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ထောင်မှူးမိသားစုများတွင် သားယောက်ျားလေးတစ်ဦးစီ ထွန်းကားလျက် ရှိသည်။ ကျွန်ုပ်၏သားလေး ဗိုလ်ဗိုလ်သိမ်းမှာ (၃) နှစ်ခန့်ရှိသဖြင့် မော်တင်လမ်းထိပ်ရှိ မူကြိုကျောင်းမှာ ကျောင်းထားခဲ့သည်။ ကျွန်ုပ်တို့နှစ်ဦး နေထိုင်ရသော ဗဟိုစည်အိမ်ရာနှင့် ရန်ကုန် ယာယီအချုပ်စခန်းမှာ ဗိုလ်ချုပ်လမ်းနှင့်စိန့်ဂျွန်းလမ်း ကျော်ချင်းကပ် ထောင်ဟောင်းနေရာဖြစ်သဖြင့် ရုံးသို့ လမ်းလျှောက်သွား၍ရလေသည်။

ကျွန်ုပ် တာဝန်ယူ ထိန်းသိမ်းရသော အချုပ်ရုံးလုပ်ငန်းတွင် အင်းစိန် ဗဟိုအကျဉ်းထောင်ထဲမှ မြို့ပေါ်ရုံးများဆီ ရုံးထွက်ကြရမည့် အချုပ်သားများအား ပြောင်းရွှေ့လက်ခံထားရခြင်း ဖြစ်ပါသည်။

နေ့စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ ရုံးထွက်ကြရမည့် အချုပ်သားများအား စနေနေ့မှာ ရဲအချုပ်ကားပြာကြီးဖြင့် ရွှေ့ပြောင်းပေးခဲ့သည်။ တစ်ဖန် ကြာသပတေး၊ သောကြာနေ့ ရုံးထွက်ကြရမည့် အချုပ်သား၊ အချုပ်သူများအား ဗုဒ္ဓဟူးနေ့တွင် ပြောင်းရွှေ့ပို့ပေးရလေသည်။


များသောအားဖြင့် (၃) ရက်စာ အချုပ်သား၊ အချုပ်သူများမှာ စုစုပေါင်း (၅၀၀) ခန့်လောက် ထားရှိနိုင်သော အချုပ်ဆောင်ကြီးတစ်ဆောင်ထဲမှာ ထိန်းသိမ်းထားရသည်။ အိပ်ခန်း (၈) ခန်းရှိပြီး အပေါ် (၄) ခန်း၊ အောက် (၄) ခန်း ရှိသည့်အနက်မှ အပေါ် (၃) ခန်းနှင့် အောက် (၃) ခန်းတွင် ယောက်ျား အချုပ်သားများကို ထားရှိလေသည်။

အစွန် (၄) ခန်းမြောက်အခန်းအား အပေါ်,အောက် သွပ်ပြားဖြင့်ကာရံ ပိုင်းခြားထားပြီး အမျိုးသမီးအချုပ်သူနှင့် နောက်မှ ရုံးထွက်ထောင်ကျသူများကို ထားရှိလေသည်။ အဆောင်ဝင်းကြီးတစ်ခုလုံးကို ယောက်ျားသီးသန့်၊ မိန်းမသီးသန့်ဖြစ်စေရန် သွပ်ပြားဖြင့် ပိုင်းခြားကာရံထားပေးသည်။

ကျွန်ုပ်မှာ အချုပ်ရုံးထွက်တာဝန်ခံထောင်မှူး ဖြစ်သောကြောင့် အချုပ်သား၊ အချုပ်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများကို ရဲစခန်းမှ ကားပြာကြီးဖြင့် လာရောက်ရုံးထုတ်ယူစဉ် မြို့နယ်ရုံးအလိုက် စိစစ်ပြီး တင်ပို့ပေးရလေသည်။ ထိုသို့ ရုံးထုတ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးနေရာမှ တစ်ပတ်စာ ရုံးထွက်ပြီးသွားသော အချုပ်သား၊ အချုပ်သူ၊ အကျဉ်းသား၊ အကျဉ်းသူများကို စနေနေ့တွင် အင်းစိန်ထောင်ကြီးမှ ပြောင်းရွှေ့ရောက်ရှိလာသည့် ရုံးထွက်လာသည့်လူများ ပို့ပြီး ပြန်တင်ပေးရသည်။ ယင်းသို့ အချုပ်ဟောင်းများကို ရုံးထုတ်ရက်ပြီးစီးသွားပါက ဗုဒ္ဓဟူးနေ့နှင့် စနေနေ့မှာ အင်းစိန်ထောင်ကြီးသို့ ပြန်လည်တင်ပို့ ပြောင်းရွှေ့ပေးရသည်။ နေ့စဉ် ရုံးထွက်သွားပြီးသော အချုပ်ဟောင်းများကို တစ်ရက်၊ နှစ်ရက်စာ ထိန်းသိမ်းထားရပြီး ဗုဒ္ဓဟူးနေ့ အင်းစိန်ထောင် ပြောင်းရွှေ့လမ်းကြောင်းကားနှင့် ပြန်တင်ပို့ပေးရသည်။ ထို့အတူ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ရုံးထွက်ပြီးသူများအား စနေနေ့ အပြောင်းအရွှေ့ကားဖြင့် တင်ပို့ရသည်။ ဒါကြောင့် တနင်္ဂနွေ တစ်ပတ်သာလျှင် အားလပ်ခွင့် ရလေသည်။

သို့သော်လည်း ရန်ကုန် ယာယီအချုပ်စခန်းမှာတာဝန်ကျနေသောထောင်မှူးနှစ်ဦးမှာ တာဝန်မှူးတာဝန်ကို တစ်ရက် တစ်ယောက်စီ တာဝန်ထမ်းဆောင်ကြရသည်။

ဒါကြောင့် ထောင်မှူးတစ်ဦးသည် မိမိအိမ်မှာ တစ်ရက်ခြားသာ အိပ်ခွင့်ရလေသည်။ ကျွန်ုပ်သည် နေ့စဉ် ရုံးထွက်နေသော အချုပ်သား၊ အချုပ်သူများကို သက်ဆိုင်ရာ မြို့နယ်တရားရုံး အသီးသီးသို့ အချိန်မီရုံးထွက်နိုင်ရန် ရဲတပ်ဖွဲ့မှ ရဲအုပ်ကြီးများနှင့်ညှိနှိုင်းပြီး ရုံးထွက်ကြရမည့်အချုပ်ဦးရေအလိုက် ချုပ်ရိမန်များ





www.burmeseclassic.com

www.burmeseclassic.com

ဘဝတံခါးကြီးထဲမှာ လွဲပြောင်းပေးရ ထို့အတူ ညနေပိုင်း ရုံးပြန်လာခဲ့ ရဲတပ်ဖွဲ့စခန်းမှ လမ်းကြောင်း နံခံ ရဲတပ်ကြပ်ကြီးများထံမှ ချုပ် များကို လမ်းကြောင်းအလိုက် ပြန် လက်ခံရလေသည်။

ဤကဲ့သို့ အချုပ်သားများ၏ရုံး နံးဆိုင်ရာများကို နေ့စဉ် လုပ်ကိုင် င်ရွက်နေရသောကြောင့် အလုပ် နေခဲ့လေတော့သည်။

ထိုစဉ်ကာလတွင် ကျွန်ုပ်တို့ အ ချုပ်ဦးစီးဌာနမှာရှိသော ထောင်မှူး အား တစ်ဆင့်မြှင့်ရာထူးဖြစ်သော င်မှူးကြီးရာထူးသို့ တက်ရောက်နိုင် စာမေးပွဲဖြေဆိုခြင်း၊ လူတွေ့မေး ခြင်းပြုလုပ်ပြီး စိစစ်ရွေးချယ်မည်ဟု ကြားစာ လက်ခံရရှိလာခဲ့သည်။

ထိုအခါ ကျွန်ုပ်သည် မိမိဘဝ ဘက် အောင်မြင်ရေးလမ်းစ ဖြစ် ထောင်မှူးကြီးရာထူးကို ရရှိရန် ပ်များနေသည့်ကြားမှ ဌာနဆိုင်ရာ ပ်ငန်းများနှင့် ပတ်သက်သော စာ ဗဟုသုတများကို အပြင်းအထန် လေ့လာ ကျက်မှတ်နေရသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည်မှာ (၃) နှစ်ခန့်ရှိနေပြီ ဖြစ်၏။ ကျွန်ုပ်နှင့်တစ်ပတ်စဉ်တည်း ထောင်မှူးများနှင့် အပြိုင်အဆိုင်ဖြေဆိုရမည်မို့ စာများကို အထူး အလေးထားကျက်မှတ်ပြီး ထောင်မှူးကြီးဖြစ်ရန် စိတ်အားထက်သန်နေခဲ့သည်။

ဒါကြောင့် ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခွင့်ရရှိနိုင်စေရန် ဌာနဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်သော အကျဉ်းထောင်လက်စွဲဥပဒေများကို လေ့လာကာ ကျက်မှတ်နေရသည်။ မကြာမီ ရာထူးတိုးတက်ရေးစာမေးပွဲကို ရုံးချုပ်တွင်





www.burmeseclassic.com

www.burmeseclassic.com

ဖြေဆိုခဲ့ရလေသည်။

ကျွန်ုပ်သည် အလုပ်နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံများကို အပတ်အကုတ် လေ့လာကျက်မှတ်ခဲ့သဖြင့် ရာထူးတိုးတက်ရေးစာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်လေသည်။ ဤသို့ ကောင်းစွာ ဖြေဆိုနိုင်သောကြောင့် ရာထူးတိုးတက်မည့်အလားအလာများ ပေါ်ပေါက်နေသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်ခံစားနေရသည်။

သို့သော်လည်း ကျွန်ုပ်ကို ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ကြိုတင်ဟောကိန်းထုတ်ခဲ့သည့် မေးခွန်း (၇) ဖြစ်သော ရာထူးဆက်တက်နိုင်မည့်အခြေအနေ ရှိပါ့မလား ဆိုသည့် မေးခွန်းအဖြေဖြစ်သော ရာထူးတိုးတက်နိုင်မည့် အခြေအနေ အခွင့်အလမ်းပေါ်လာပေမယ့် လောလောဆယ် တပည့်အတွက်နဲ့ ပြဿနာတက်ကိန်းရှိနေတယ်၊ သတိထား ဆင်ခြင်နေပါဆိုသည့် အဖြေပင် ဖြစ်ပါသည်။

ကျွန်ုပ်လည်း မိမိရာထူးတိုးတက်ရေးစာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့သောကြောင့် မုချ မလွဲမသွေ ရာထူးတက်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချနေခဲ့သည်။

သို့သော်လည်း မထင်မှတ်သော ပြဿနာတစ်ရပ်သည် မမျှော်လင့်ဘဲဖြစ်ပွားသွားခဲ့လေသည်။ ယင်းမှာ ကျွန်ုပ်၏အချုပ်ရုံး၌ အလုပ်လုပ်ခိုင်းစေထားသော အချုပ်သား ဗာရာတစ်ဦးနှင့် ပြဿနာဖြစ်ပွားသွားခဲ့လေသည်။

ကျွန်ုပ်၏အချုပ်ရုံးတွင် ခိုင်းစေထားသော တပည့်ဖြစ်သူ အချုပ်သား ကျော်ကျော်တိတ် ဆိုသူသည် မူးယစ်ဆေးဝါးအမှုဖြင့် အမှုရင်ဆိုင်နေရဆဲ အချုပ်တရားခံတစ်ဦး ဖြစ်သည်။

အင်းစိန် ဗဟိုအကျဉ်းထောင်မှ ရန်ကုန် ယာယီအချုပ်စခန်းသို့ ရုံးထွက်ရန် ပြောင်းရွှေ့လာနေစဉ် အချုပ်ယာဉ်ကားပြာကြီးပေါ်မှ ဆင်းလာပြီး ဘူးတံခါးထဲ ဝင်လာလေသည်။

သို့သော်လည်း ထိုစဉ်က မူးယစ်ဆေးဝါးလောကတွင် သုံးစွဲနေသော ဆေးပြားကို ပါးစပ်ထဲမှာ မျိုလာသည်။ ကျွန်ုပ်သည် တံခါးထဲမှာ အချုပ်သားအသစ်များ ပြောင်းရွှေ့လာသည်ကို လက်ခံနေခဲ့စဉ် ယခုလို ဆေးပေါက်ပြီး ဘူးတံခါးထဲဝင်လာသူ အချုပ်သား ကျော်ကျော်တိတ်အား အလုပ်ရှုပ်နေသည့်အထဲ ယခုလို စည်းကမ်းဖောက်ဖျက်လာသောကြောင့် ဒေါပွသွားကာ ဆုံးမသည့်အနေဖြင့် နားရင်းကို ဖြတ်ရိုက်ထည့်လိုက်သည်။

ယခုကဲ့သို့ အခြားအချုပ်သားများကြားတွင် မိမိရုံးခန်းမှာ အလုပ်လုပ်နေသော တပည့်ဖြစ်သူမှ ဆေးပေါက်လာပြီး အမူးသမားလို ဘူးတံခါးထဲမှာ ဆူပူနေသဖြင့် ရိုက်နှက်ဆုံးမခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ ပြုမူခဲ့သည့်ကိစ္စအပေါ် အချုပ်သား ကျော်ကျော်တိတ်မှ မကျေမနပ်ဖြစ်ကာ ၎င်း၏မိသားစု မြို့နယ်တရားရုံးတွင် ထောင်ဝင်စာတွေ့ဆုံလာခိုက် ပြောပြလိုက်သည်။

ယင်း အချုပ်သား ကျော်ကျော်တိတ် ဆိုသူမှာ ထိုစဉ်အချိန်က မှုခင်းဘက်ဆိုင်ရာ ပါရဂူဆရာဝန်ကြီး၏သား ဖြစ်သည်။ မူးယစ်ဆေးဝါးကို အမြဲမှီဝဲသုံးစွဲနေသဖြင့် အိမ်မှမနိုင်သောကြောင့် ထောင်ထဲထည့်ထားခြင်း ဖြစ်သည်။

ယခုလို ကျွန်ုပ် ရိုက်လိုက်သည့်ကိစ္စအပေါ် အချုပ်သားဘက်မှ မကျေမနပ်ဖြစ်သွားကာ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးတစ်ဦးအား ဂေါက်သီးရိုက်ကစားနေစဉ် တိုင်ကြား ပြောဆိုလိုက်သည်။

ထိုအခါ တာဝန်ရှိသူ ကျွန်ုပ်အပေါ် အရေးယူနိုင်ရန်အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးဖွဲ့ပြီး အရေးယူရန် ညွှန်ကြားလာခဲ့လေသည်။ ကျွန်ုပ်၏ အပြုအမူအပေါ် ညွှန်ကြားရေးမှူးမှ လုံးဝလက်သင့်မခံနိုင်ဘဲ တရားစွဲရန်ထိ စီစဉ်လာခဲ့လေသည်။

ရန်ကုန် ယာယီ အချုပ်စခန်းမှ အင်းစိန် ဗဟိုအကျဉ်းထောင်သို့ သွားရောက်ဖြေရှင်းနေရသည်။ ကျွန်ုပ်လည်း ယခုဖြစ်ပွားလာသော အမှုကိစ္စနှင့်ပတ်သက်၍ မည်သို့ ယတြာချေ ကာကွယ်ရမည်ကို ပုဂ္ဂိုလ်ကြီးနှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့လေသည်။

ထိုအခါ ပုဂ္ဂိုလ်ကြီးမှ လိုအပ်သော ယတြာအစီအရင်ဖြစ်သည့် သစ်သားဖြင့် ထုလုပ်ထားသော သန်လျက်ကြီးကို ဘုရားဆောင်ပေါ်တွင် ရွှေချလှူထားပေးရန် မှာကြားခဲ့လေသည်။ ကျွန်ုပ်လည်း သန်လျက်ကြီးကို ရွှေတိဂုံဘုရားစောင်းတန်းမှာ အမြန်ဆုံး ထုလုပ်စေလျက် ရွှေချထားခိုင်းသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ကြီးမှ မှာကြား ပြောဆိုလိုက်သည်မှာ မိမိအမှု စစ်ဆေးမည့်နေ့တိုင်း အိမ်မှ ဘုရားဆောင်ရှေ့ဝယ် စောစောပိုင်းက ပေးထားသော လှော်တက်၊ ပစ်တိုင်းထောင်နှင့် ခုံညင်းဒိုးယတြာများလုပ်ပြီး သန်လျက်ကြီးကို ညာလက်မှကိုင်လျက် 'ရန်ဟူသမျှ ဖယ်ရှားစေ၊ အတိုက်အခိုက်မှန်သမျှ အောင်မြင်စေ' ဟု (၉) ကြိမ်ရွတ်ဆိုပြီး လေထဲမှာ ရန်ပုံခွင်းသန်လျက်နှင့် ရှင်းလင်းခိုင်းခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုလုပ်သွားခဲ့ပါက မိမိ အပေါ်ကျရောက်လာမည့် ဌာနဆိုင်ရာ အရေးယူမှု၊ တရားရုံးမှာ တရားရင်ဆိုင် ဖြေရှင်းရမှုများအားလုံး ရေပေါ်မှာ အ ရုပ်ရေးသလို အလိုလိုပျက်ပြယ်သွား မည်ဟု မှာကြားခဲ့လေသည်။

ကျွန်ုပ်လည်း ပုဂ္ဂိုလ်ကြီးထံမှပြ လာခဲ့ပြီးနောက်ပိုင်း ၎င်းမှာကြားသည့် ယတြာအစီအရင်များကို မှန်မှန်လု ဆောင်နေခဲ့လေသည်။

ကျွန်ုပ်အား လက်ရှိတာဝန်ထမ်း ဆောင်နေသောတာဝန်မှ ခေတ္တရပ်ဆိုင်း လိုက်ပြီး ရာထူးချခဲ့သည့် အမိန့်စာ လက်ခံရရှိလေသည်။

ထို့နောက် ကျွန်ုပ်အား ဌာနဆိုင် ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့ပေး အချုပ်သားအား ရိုက်နှက်မှုကို စစ်ဆေး ခဲ့ကြလေသည်။ ကျွန်ုပ်လည်း ပုဂ္ဂိုလ်ကြီး ထံမှဟောပြောချက်များကို တရိုတသေ လိုက်နာဆောင်ရွက်နေခဲ့ပြီး ဖြစ်လာ မည့်ဘေးအန္တရာယ်အပေါင်းမှ ကြိုတင် ကာကွယ်သွားနိုင်လိမ့်မည်ဟု မိမိကိုယ် ကို ယုံကြည်စိတ်ချနေခဲ့သည်။

ထိုကဲ့သို့ ဌာနဆိုင်ရာ စုံစမ်း ဆေးရေးအဖွဲ့ဝင်များဖြင့် ကျွန်ုပ်အ အား စစ်ဆေးနေခဲ့ပြီးနောက် ပြစ် ပေါ်လွင်ထင်ရှားခဲ့၍လား၊ ဒါမှမဟု တရားလိုအချုပ်သား ကျော်ကျော်တိ ၏ဖခင်ကြီး အရှိန်အဝါကို မလွန်ဆန် နိုင်၍ထင်သည်၊ ကျွန်ုပ်ကို လမ်းမတော် မြို့နယ် တရားရုံးတွင် အချုပ်သား ရိုက်နှက်မှုဖြင့် အကျဉ်းဦးစီးဌာန ရုံးချု ရေးဌာနတာဝန်ခံအရာရှိဖြစ်သူ ထော ပိုင်အဆင့် (၂) ဦးတင်ဟုတ် ဆိုသူ 'ထောင်တွင်းတံခါးပိတ်ရိုက်နှက်မှု' ခေါင်းစဉ်တပ်ကာ အကျဉ်းထောင်လ စွဲ ဥပဒေ ပုဒ်မ ၅၄ (၁) အရ အမှုဖွင့် လေသည်။

ထိုအခါ ကျွန်ုပ်ဘဝမှာ အပြ ပြက်နှင့် နှာခေါင်းသွေးထွက်သည့်ကိ ဆိုက်နေသည်။ အကျဉ်းထောင်ကြီး ဝယ် ခေတ်အဆက်ဆက်မှာ ထောင် က အချုပ်သား၊ အကျဉ်းသားများ ထောင်အာဏာပိုင်တို့မှ တရားသည် စေ၊ မတရားသည်ဖြစ်စေ ရိုက်နှက်ခဲ့ ပါလျက် ကျွန်ုပ်ကျမှ ကံကွက်ကြား ကာ တရားစွဲခံခဲ့ရခြင်း ဖြစ်ပါသည်။

ထိုအချိန်ရောက်လာသည့်အ ကျွန်ုပ်လည်း ကံကိုသာလျှင် ယုံမယ် ယုံကြည်အားထားလျက် ရှေ့နေ ရှေ့ ငှားရမ်းကာ ဖြေရှင်းနေရလေတော့ ကျွန်ုပ် ဖြေဆိုထားခဲ့သော ရာထူး တက်ရေးစာမေးပွဲဝယ် အဆင့် (၅) အတွင်း ဝင်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ချန်ရစ်ခြင်းခံခဲ့ရသည်။

ကျွန်ုပ်မှာ အလုပ်မှရာထူးချထားခြင်းခံနေရသည့်အပြင် အာမခံပေးထားသောကြောင့် အချုပ်ခန်းထဲ မဝင်ရဘဲ ပြင်ပမှ အမှုကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ကျွန်ုပ်ဘဝအတွက် ကံဆိုးမိုးမှောင်ကျနေခဲ့စဉ်ကာလ ဖြစ်၏။ ကျွန်ုပ်သည် လောကဓံ၏အထုအထောင်းဒဏ်ကို ကြံ့ကြံ့ခံလျက် ပေဖြစ်နေသောဘဝတွင် တုတုခံနေရမည်ဟု ခံယူထား၏။ ထို့ကြောင့် ပုဂ္ဂိုလ်ကြီး ဟောပြော ညွှန်ကြားထားသည့်အတိုင်း ဘုရားတရားအလုပ်ကို ဇောက်ချလုပ်ကိုင်လာခဲ့၏။ နေ့နေ့ရောက်သည့်နေ့တိုင်း သက်သတ်လွတ်စားလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

နေ့စဉ် ရွှေတိဂုံဘုရားပေါ် မှန်မှန်သွားရောက်လျက် ရာဇမုနိဘုရားဆောင်တွင် ပုဂ္ဂိုလ်ကြီးပေးထားသော အရဟံဘဂဝါ သိဒ္ဓိအောင် ဂါထာကို သက်စေ့ ပုတီးစိပ်နေခဲ့သည်။ ကျွန်ုပ်ဘဝတွင် သာသာရေးဘက်ကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ပြီး ကျောင်းကန်ဘုရားများသို့သွားရောက်ခြင်း၊ လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များ လုပ်ဆောင်နေသည်။

ထိုကဲ့သို့ ဘုရားယတြာ၊ ဗေဒင်ယတြာများကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လာခဲ့ခြင်းကြောင့် ထင်ပါသည်၊ ကျွန်ုပ်အမှုအား လမ်းမတော်တရားရုံးတွင်အမှုစစ်ဆေးနေစဉ် တရားခံမှတရားသူကြီးများအားလုံးမှာ ကျွန်ုပ်အပေါ်တွင် မေတ္တာစေတနာရှေ့ထားလျက် အမှုကို စီရင်ဆုံးဖြတ်ပေးကြလေသည်။ နောက်ဆုံးမှာတော့ ကျွန်ုပ်အား ငွေမှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ငြိစွန်းမှုမရှိသောကြောင့် ဌာနဆိုင်ရာမှ စွဲဆိုသော အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ ၅၄ (၁) အရသာ အမှုကို ဆုံးဖြတ်ပေးခဲ့သည်။ ယင်းမှာ ကျွန်ုပ်အား ခံစားခွင့်ရနေသော လစာငွေ (၂၁၀) ကျပ်၏သုံးပုံတစ်ပုံကိုသာ ဒဏ်ငွေပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့လေတော့သည်။ ထိုအခါ ကျွန်ုပ်သည် တရားရုံးမှာရင်ဆိုင်ဖြေရှင်းနေရသော အမှုအခင်းမှ ကျွတ်လွတ်အောင်မြင်လာခဲ့သောကြောင့် မိခင်ဌာနဖြစ်သော အင်းစိန်ထောင်အကျဉ်းထောင်တာဝန်ခံအရာရှိထံ သတင်းသွားပို့ခဲ့ရလေသည်။

ထောင်ကြီးဘူးဝရုံးခန်းထဲသို့ ဝင်ရောက်၍ တရားရုံးတော်မှ အမှုစီရင်ချက်ကို ပြသ သတင်းပို့ပြီး အလုပ်ပြန်လည် ထမ်းဆောင်ခွင့်ရနိုင်ရန်အတွက် တင်ပြခဲ့လေသည်။ ထို့နောက် ထောင်ကြီးထဲရှိ ပုဂ္ဂိုလ်ကြီးထံ အမှုအခင်းကိစ္စများ ပြီးပြတ်သွားပြီဖြစ်၍ မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို တင်ပြပြောဆိုခဲ့သည်။

ထိုအခါ ပုဂ္ဂိုလ်ကြီးထံမှ ထပ်မံဟောကြားချက် ပေါ်ထွက်လာခဲ့ပြန်၏။ ယင်းမှာ-

"ဘယ်လိုလဲ ဆရာစိုး၊ ကျွန်တော်ဟောခဲ့သလို အမှုကိစ္စကတော့ ရေပေါ်မှာ အရုပ်ရေးသလို ဖြစ်သွားပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်မှာ အချုပ်သားတစ်ယောက်ကို စိတ်လိုက်မာန်ပါ ရိုက်နှက်မိခဲ့လို့ ဌာနဆိုင်ရာက အရေးယူခဲ့တဲ့အပြင် မြို့နယ်တရားရုံးမှာပါ- အမှုဖွင့် တရားစွဲဆိုခံရတော့ လက်ရှိအလုပ်ပြုတ်ပြီထင်ခဲ့တာ"

"ဟဲဟဲ - ဆရာစိုးရယ်၊ ကံအကြောင်းမလှတဲ့အခါ ဒီလိုပဲခံရပါတယ်။ ဝဋ်ကြွေးရှိလို့လို့ အောက်မေ့လိုက်ပါ။ ခင်ဗျားကို အလုပ်ကနေပြီး ထုတ်ပယ်လို့မရပါဘူးဗျာ၊ မကြာခင် အလုပ်ပြန်ဝင်ရမယ့်သတင်းကောင်း ကြားရပါလိမ့်မယ်။ အဲ- ဒါပေမယ်. . ."

"ဗျာ- ဆရာကြီး၊ ဘာများထပ်ဖြစ်ဦးမှာလဲဗျာ"

"ဒါပေမယ့် ဆိုတာ လက်ရှိမူလအလုပ်ရာထူးကိုတော့ ပြန်ရမယ်၊ လက်ရှိနေရာကနေ အဝေးကိုတော့ ပြောင်းရွှေ့ရလိမ့်မယ်ဗျ"

"ဟုတ်လား ဆရာကြီး၊ ဘယ်နေရာ ဘယ်ဒေသကိုများ ပြောင်းရွှေ့ရမှာပါလဲ ခင်ဗျာ"

"အင်း- ဒီတစ်ခါပြောင်းရွှေ့ရမယ့်နေရာက တော်တော်ကြီး ဝေးတယ်။ တကယ်လို့ ပြောင်းခဲ့ရရင်တော့ 'မ' ပါတဲ့မြို့တွေကို ပြောင်းရလိမ့်မယ်"

"ဟင်- ဒါဆို ရန်ကုန်နဲ့အဝေးဆုံးနေရာ ပြောင်းရမယ်ဆိုတော့ ယတြာကော ထပ်လုပ်ရဦးမှာလား"

"မလိုတော့ပါဘူးဗျာ၊ လူကြီးစိတ်မငြိုငြင်အောင် ခပ်ဝေးဝေးပို့ထားတာဖြစ်မှာပါ"

ကျွန်ုပ်လည်း ပုဂ္ဂိုလ်ကြီးထံမှ အလုပ်နေရာပြောင်းရွှေ့ခံရမယ့်နေရာဖြစ်မည့် 'မ' ပါသောမြို့များကို စဉ်းစားတွေးတောနေမိသည်။ ကျွန်ုပ်သည် နေ့စဉ်ဆောင်ရွက်ဖွယ်ရှိသည့် ကိစ္စရပ်များကို မပျက်မကွက် ဆက်လက် ဆောင်ရွက်နေခဲ့သည်။ မိမိမွေးနေ့ အင်္ဂါနေ့ရောက်တိုင်း သက်သတ်လွတ်စားပြီး အမိဌာန်ဝင်ကာ ပုတီးပတ်ကျင့်စဉ်များကိုဆောင်ရွက်သည့်အခါ မိမိမိသားစုနှင့် အတူတကွ နေထိုင်ရမည့် အကျဉ်းထောင်တစ်ခုခုသို့ ပြောင်းရွှေ့ရပါလို၏ဟု အဓိဋ္ဌာန်ကျင့်စဉ်ပြုပြီး မှန်မှန်ဆုတောင်းနေခဲ့လေသည်။

နောက်တစ်လခန့်ကြာသွားသောအခါ ကျွန်ုပ်အား ဌာနဆိုင်ရာမှ အမိန့်စာ ထွက်ရှိလာခဲ့လေသည်။ ယင်းမှာ ကျွန်ုပ်အား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြထားသည့် ဆုံးဖြတ်ချက်အရ-

၁။ ရာထူးတိုးတက်ခြင်း (၃) နှစ် ရပ်ဆိုင်းရန်၊

၂။ ရာထူးချထားစဉ်ကာလ မိမိခံစားခွင့် လစာငွေများကို ပြန်လည် ခံစားခွင့်ပြုရန်၊

၃။ မိုးကုတ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ရန်. . .

ဟူ၍ ဆုံးဖြတ်ချက်ပါရှိလာလေသည်။

ကျွန်ုပ်လည်း ဌာဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာခဲ့ရသည်။

ထိုအခါ မိမိအပေါ် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ထဲမှ မိုးကုတ် အကျဉ်းထောင်သို့ပြောင်းရွှေ့ရမည်ဟု ပါရှိလာ၍ မိသားစုမှာ ဝမ်းသာပျော်ရွှင်သွားခဲ့ကြသည်။

ကျွန်ုပ်မှာ ပုဂ္ဂိုလ်ကြီးဟောကြားထားသည့်အတိုင်း လက်ရှိ ထောင်မှူးရာထူးမှ ထောင်မှူးကြီးရာထူးသို့တိုးမြှင့်နိုင်သည့်အခြေအနေ ရရှိခဲ့ပါလျက် မိမိလက်အောက်မှ တပည့် အချုပ်သားတစ်ဦးကို တာဝန်အရ ဆောင်ရွက်ခဲ့သည်မှန်သော်လည်း လုပ်မှားကိုင်မှားဖြစ်ကာ အရေးယူခံခဲ့ရသည်။

ဒါကြောင့် ပုဂ္ဂိုလ်ကြီးဟောကြားချက်မှာ ပါရှိလာခဲ့သည့်အတိုင်း ရာထူးတက်နိုင်မလား ဟူသော အမေးအား 'တပည့်ကြောင့် ရာထူးမတက်နိုင်ဘဲ ပြဿနာဖြစ်နိုင်သည်' ဟူသော ဟောချက်က မှန်ကန်သွားခဲ့လေသည်။

နောက်တစ်ဖန် အမှုကိစ္စပြီးပြတ်သွားခဲ့ပါက 'မ' ပါသောမြို့သို့ ပြောင်းရွှေ့ရမည်ဆိုသော ဟောချက်မှာလည်း မိုးကုတ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရလေသည်။

နောက်ဆုံးမှာတော့ ကျွန်ုပ်တို့မိသားစုသည် 'မန်းနီလာ' ကားကြီးကိုစီးလျက် မိုးကုတ်အကျဉ်းထောင်ဆီ စိတ်လက်ပေါ့ပါးစွာ အရာရာကို ခွင့်လွှတ်ပြီး လိုက်ပါ စီးနင်းသွားခဲ့လေတော့သတည်း။

စိုးငွေ



www.burmeseclassic.com

www.burmeseclassic.com

'လူဝင်စား' ဟူသည် အသီးအခြား တစ်ပါးတစ်မျိုး မဟုတ်။ လူ့ဘဝသို့ ရောက်လာကြသူ အပေါင်းတို့တွင် ရှေးဘဝ (အတိတ်ဘဝ) ကို ပြန်၍သိနိုင်သူ အနည်းငယ်မျှသာ ရှိကြ၏။ ထိုသူတို့ကို လူဝင်စား ဟူ၍ ခေါ်ကြ၏။

*(အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ဘုရားကြီး၏ နိုင်ငံခြားပုစ္ဆာ အဖြေပေါင်းချုပ်)*

✪

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးပေါ်ရှိ နိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံတို့ကလည်း လူဝင်စား ဆိုသည့် ဖြစ်ရပ်အား လေ့လာဝေဖန်ပြီး မှတ်ချက်အမျိုးမျိုးပေးကြ၏။ လူဝင်စား ဟူသော အဖြစ်အပျက်ကို အိန္ဒိယမှ ဟိန္ဒူလူမျိုးများက ယုံကြည် လက်ခံကြသော်လည်း အနောက်တိုင်းသားများကမူ ကောင်းစွာ လက်မခံကြသေးချေ။

ကမ္ဘာပေါ်တွင် လူအမျိုးမျိုးတို့ ယုံကြည်ကိုးကွယ်သော ဘာသာကြီးများတွင် အဓိကအားဖြင့် မတူညီသော ဝါဒ နှစ်မျိုး ရှိ၏။ ဝါဒတစ်မျိုး၌ ပရလောက မရှိ၊ လူသေလျှင် နောက်တစ်ဖန် မည်သည့်ဘဝကိုမျှ ပြန်မဖြစ်၊ ဤဘဝနှင့်ပင် ပြီးဆုံးသည် ဟူ၍ ယုံကြည်လက်ခံထားသည်။ အခြားဝါဒတစ်ခုမှာ လူသေလျှင် မိမိပြုလုပ်ခဲ့သော ကောင်းကျိုး, ဆိုးကျိုးတို့ကြောင့် အကျိုးအကြောင်း နိယာမတရားအရ လူ၊ နတ်၊ ပြိတ္တာ၊ ငရဲ၊ တိရစ္ဆာန် အစရှိသော ဘုံဘဝများတွင် ဆက်ကာဆက်ကာ ခံစားရသည် ဟူ၍ ယုံကြည်လက်ခံထားသည်။

အရှေ့တိုင်းသားလူမျိုးများ၊ အထူးသဖြင့် ဟိန္ဒူဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်တို့သည် ဒုတိယအယူဝါဒကို ယုံကြည်လက်ခံကြသော်လည်း အများအားဖြင့် အနောက်နိုင်ငံ ခရစ်ယာန်များနှင့် အရှေ့အလယ်ပိုင်းဒေသရှိ မွတ်ဆလင်ဘာသာဝင်တို့က ပထမအယူကို ယုံကြည်လက်ခံကြလေသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် ဤလောက၌ လူ၊ နတ်၊ ပြိတ္တာ၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် အစရှိသော သတ္တဝါအပေါင်းတို့ ဖြစ်တည်ရာတည်း ဟူသော (၃၁)ဘုံဌာန၊ (၃၁)ဘုံရှိသည် ဟူသော အယူအဆကို လက်ခံပြီးဖြစ်ပေသည်။ ထို့အပြင် သတ္တဝါအားလုံးတို့သည် မိမိတို့ပြုလုပ်ဆောင်ရွက်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ကောင်းကျိုး, ဆိုးကျိုးများကြောင့် ယင်း (၃၁) ဘုံတို့တွင် လူးလာဆန်ခတ် ကူးသန်းသွားလာနေကြရသည် ဟူသော ဘဝသံသရာဝါဒကိုလည်း လက်ခံယုံကြည်ကြ၏။

ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် အရှေ့တိုင်းဘာသာဝင်များသည် သံသရာတည်း ဟူသော ဘဝဆက်ဝါဒကို မူလကပင် ယုံကြည်လက်ခံပြီးဖြစ်ကြသဖြင့် လူဝင်စားဖြစ်ရပ်များကို တကယ် ဟုတ်၊ မဟုတ် ဟူ၍ အချိန်ကုန် လူပင်ပန်းခံ၊ ငွေကြေးဖြုန်း၍ စုံစမ်းစရာမလိုဟု ယူဆကြသော်လည်း အခြား ဘာသာဝင် အနောက်နိုင်ငံသားတို့အတွက်မူ သေသည်၏အခြားမဲ့၌ ဘဝ ရှိသည်၊ မရှိသည် ဟူသော ပုစ္ဆာသည် အလွန်အရေးကြီးလျက် ရှိပေသည်။ ယင်း၏အဖြေကိုလည်း နည်းအမျိုးမျိုးဖြင့် သိပ္ပံနည်းကျကျ စုံစမ်းလေ့လာ ရှာဖွေနေသည်မှာ နှစ်ပေါင်း ရာကျော်ရှိနေပေပြီ။ လူဝင်စားဖြစ်ရပ် သုတေသနသည် ထိုပြဿနာကို တစ်မျိုးတစ်ဖုံ တစ်နည်းတစ်လမ်း ဖြေရှင်းခြင်းပင် ဖြစ်သည်။ ရုပ်ဝါဒကို စွဲမြဲစွာဆုပ်ကိုင်ထားပြီး တက္ကနှင့်သိပ္ပံကို အားကိုးအားထားသော အနောက်နိုင်ငံသားတို့သည် ရှေးဟောင်းစာပေကျမ်းဂန်များ ဘုရားဟောတရားပြောများနှင့် မပြီးနိုင်သေးဘဲ လက်ဆုပ်လက်ကိုင် သက်သေ သာဓကများက ထောက်ခံအတည်ပြုမှသာလျှင် ယင်းကိစ္စကို လက်ခံကြမည် ဖြစ်ပေသည်။ သို့ရာတွင် ယင်းဖြစ်ရပ်တို့သည် မျက်မြင်ဒိဋ္ဌ တိုက်ရိုက်တွေ့ထိ၍ မပြနိုင်သော အရူပ၊ ပရလောက၊ နာမ်ကိစ္စရပ်များဖြစ်၍ ရုပ်ဝါဒီတို့ ချက်ချင်း ယုံကြည် လက်ခံနိုင်ရန် မလွယ်ကူပါချေ။

အချို့သောပုဂ္ဂိုလ်များသည် မိ… တို့ဘဝဟောင်းများကို လုံးဝ ပြန်လည… မမှတ်မိ မသိရှိကြသဖြင့် သက်ရှိသ… ဝါတို့သည် ကွယ်လွန် သေဆုံးပြီးသော… အခါ၌ ရုပ်ရောနာမ်ပါ ချုပ်ငြိမ်းပျောက… ကွယ်သွားသောကြောင့် နောင်တမလွန… ဘဝမရှိ၊ တစ်သက်, တစ်ဘဝသာလျှ… ရှိသည် ဟူ၍ ယုံကြည်ကြလေသည်… ထို့ကြောင့်လည်း သူတို့သည် ဤတစ… သက်၊ တစ်ဘဝ ဥစ္ဆေဒဒိဋ္ဌိအယူဝါဒ… လုံးဝ ယုံကြည် လက်ဆုပ်လက်ကိုင်ထား… လျက် ရှိကြသည်။

လူဝင်စားဖြစ်ရပ်များအား အ… နောက်နိုင်ငံများမှ လေ့လာသုတေသ… ပြု၍ စာအုပ်အဖြစ် ရေးသားထုတ်ဝေ… ထားသောစာအုပ်များ အများအပြား…





www.burmeseclassic.com

၏၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ ဒေသအသီးသီး၌လည်း လူဝင်စားများအကြောင်း ကြားသိရသည်မှာ အများအပြားပင်။ စာအုပ်စာပေများတွင်လည်း ရေးသားဖော်ပြကြသည်မှာ အကြောင်းအရာ အမျိုးအစား စုံလင်လှသည်။ ယခု ကျွန်ုပ်ဖော်ပြမည့် လူဝင်စားအကြောင်းမှာ လွန်စွာ ထူးဆန်းသည်ဟု ထင်မြင်မိသောကြောင့် စာဖတ်သူများ သိရှိပါစေခြင်း အလို့ငှာ ရေးသားလိုက်ရပေသည်။

✪

အချိန်ကား ၁၉၅၉ ခုနှစ်အချိန်၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းတွင် သောင်းကျန်းသူများ ဆူပူသောင်းကျန်းနေသောအချိန်ကာလ။

တစ်ခုသောနေ့ ည (၈) နာရီအချိန်တွင် ဒေါင့်ကြီးမြို့နယ် ကိုင်းဝိုင်းရွာ ရွာသူကြီးဦးသောင်း၏ဇနီး ဒေါ်သက်စိန်သည် မိန်းမတို့၏သဘာဝ (၉)လ လွယ်၍ (၁၀) လပြည့်မြောက် ဖွားမြင်ချိန်ရောက်သဖြင့် ရွာလက်သည်၏ စောင့်ရှောက်မွေးမြူပေးမှုဖြင့် သားယောကျ်ားလေးကို အောင်မြင်စွာ ဖွားမြင်ခဲ့လေသည်။ ဖခင်ဖြစ်သူ ဦးသောင်းမှာ ဝမ်းသာမဆုံး ပျော်တပြုံးပြုံးဖြစ်နေလေ၏။ ဘယ့်အတွက်ကြောင့်ဆိုသော် ဦးသောင်းသည် ကိုင်းဝိုင်းအုပ်စုသူကြီးဖြစ်သောကြောင့် ယခုမွေးလာသော သူ၏သားမှာ သူ၏သူကြီးအရိုက်အရာကို ဆက်ခံမည့်မျိုးဆက်ဖြစ်သည့်အတွက် ရွာသူကြီးဦးသောင်း ပျော်ရွှင်နေခြင်း ဖြစ်၏။ ဇနီးဖြစ်သူ မသက်စိန် မွေးဖွားရာ မီးနေအခန်းတွင်းမှ ကလေးငိုသံကြားရပြီး အရပ်လက်သည် ဒေါ်ဖွားမိ ပြောလိုက်သည့်စကားသံကြောင့် သားယောကျ်ားလေးဖြစ်မှန်း သိလိုက်ရခြင်း ဖြစ်သည်။

မီးနေခန်းအတွင်းမှ လှုပ်ရှားသံများ ကြားနေရပြီး အချိန်အနည်းငယ်အကြာတွင် ဒေါ်ဖွားမိ၏အံ့ဩသံဖြင့် ပြောလိုက်သောစကားသံကြောင့် အိမ်ရှေ့ဧည့်ခန်းကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးသောင်း ထိတ်လန့်သွားရလေ၏။ ဒေါ်ဖွားမိ ပြောလိုက်သည်က-

"ဟယ်- ကလေးရဲ့ချက်တိုင်ဘေးမှာ အနာတစ်ခုပါလာတယ်တော့်။ အဲဒီအနာက သွေးတွေစိမ့်ထွက်နေတယ်။ ဘာအနာလဲ မသိဘူး"

ဒေါ်ဖွားမိ၏စကားသံအဆုံးတွင် မီးနေခန်းတွင်းရှိ မိန်းမများ၏အသံများ စီစီညံညံထွက်လာလေ၏။

"ဟုတ်တယ်ဟဲ့၊ ကလေးရဲ့ချက်ဘေးနားမှာ အနာတစ်ခုဟဲ့။ သွေးစိမ့်ထွက်နေတယ်"

မီးနေခန်းအတွင်းမှ စကားသံများကြောင့် ဦးသောင်းတစ်ယောက် စိုးရိမ်စိတ်များ ထိပ်တက်သွားလေ၏။ မိမိ၏ ရင်သွေး သားကလေးတွင် မွေးရာပါအနာပါလာသဖြင့် အသက်ဘေးစိုးရိမ်ရလေသလား၊ ဘယ်လိုအနာများလဲ သိချင်စိတ်များ တဖွားဖွားဖြစ်လာလေ၏။ ဦးသောင်းခမျာ ထိုင်မရထမရ ဖင်တကြွကြွဖြစ်နေလေသည်။ ကွမ်းတစ်ယာညက်ခန့်အကြာတွင် လက်သည် ဒေါ်ဖွားမိ မီးနေခန်းအတွင်းမှ ထွက်လာသောကြောင့် လှမ်းခေါ်လိုက်လေ၏။

"ဒေါ်ဖွားမိ၊ ဒီကိုလာပါဦးဗျ။ မသက်စိန်ကော နေကောင်းတယ်မဟုတ်လား။ သားလေးအခြေအနေကကော ဘယ်လိုလဲ ပြောစမ်းပါဦး"

မင်းမြင့်နိုင် (ဘူးသီးတောင်)

ဒဏ်ရာနှင့်လူ



www.burmeseclassic.com

"မသက်စိန် နေကောင်းပါတယ်။ ဒါပေမယ့် သူကြီး၊ ကလေးရဲ့ချက်တိုင်ဘေးနားမှာ အနာတစ်ခုပါလာတယ်။ အဲဒီအနာကသွေးထွက်နေတယ် သူကြီး"

လက်သည် ဒေါ်ဖွားမိ၏စကားအဆုံး ဦးသောင်းမှ-

"ဘယ်လိုအနာလဲ ဒေါ်ဖွားမိရဲ့။ ကြီးသလား၊ ဘယ်လောက်ရှိသလဲ"

"မကြီးဘူး သူကြီးရဲ့၊ ကျွန်မရဲ့လက်ညှိုးဖျားလောက် ရှိတယ်။ ကလေးရဲ့ချက်နဲ့ကပ်လို့ သွေးကလည်း စိမ့်ပြီးထွက်နေတဲ့ပုံစံမျိုးပဲ"

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ မွေးရာပါအနာ ပါလာတယ်ဆိုတာ တစ်ခါမှ မကြားဖူးသေးပါဘူး"

သူကြီးဦးသောင်းမှ ညည်းညူသံဖြင့်ပြောလိုက်ရာ လက်သည် ဒေါ်ဖွားမိမှ-

"ဟုတ်တယ်သူကြီး။ ကျွန်မလည်း ကလေးတွေမွေးပေးခဲ့တာ များလှပါပြီ၊ တစ်ခါမှ အခုလိုမျိုး မမြင်ဖူးသေးဘူးရှင့်"

"အေးဗျာ- ဘာတတ်နိုင်မှာလဲ၊ ကလေးရဲ့ကုသိုလ်ကံပဲပေါ့။ မနက်ဖြန်မနက်ကျမှ အနာကို သေသေချာချာ ကြည့်ပြီး ဒေါင့်ကြီးဆေးရုံ သွားပြသင့် ပြရမှာပေါ့။ ဒီညတော့ ဒေါ်ဖွားမိတို့ မသက်စိန်အနားမှာစောင့်ပေးကြပါဗျာ"

"စိတ်ချပါ သူကြီးရယ်၊ ကျွန်မတို့ စောင့်ပေးပါ့မယ်"

ရွာသူကြီးဦးသောင်းသည် လက်သည်ဒေါ်ဖွားမိအား ပြောဆို မှာကြား၍ အိမ်အပေါ်ထပ်သို့တက်ခဲ့ပြီး ဘုရားရှိခိုးကာ အိပ်ရာဝင်ခဲ့လေသည်။ သို့သော် ဦးသောင်းမှာ အိပ်မပျော်နိုင်ရှာပေ။ မွေးဖွားလာသော သူ၏ရင်သွေးငယ်အကြောင်း စဉ်းစားရင်းဖြင့် နံနက် (၃) နာရီအချိန်ခန့်ရောက်မှ အိပ်ပျော်သွားလေ၏။

နံနက် ဦးသောင်း အိပ်ရာမှနိုးသည့်အချိန်မှာ နံနက် (၉) နာရီရှိချေပြီ။ အိမ်အောက်ထပ်သို့ဆင်းပြီး မျက်နှာသစ်ကာ ကုလားထိုင်၌ ထိုင်လိုက်ချိန်တွင် လက်သည် ဒေါ်ဖွားမိသည် ကလေးထည့်ထားသော ဆန်ကောအား မ,ယူပြီး မီးနေခန်းအတွင်းမှ ထွက်လာကာ ဦးသောင်းရှိရာသို့ လျှောက်လာပြီး ဆန်ကောအတွင်းရှိ ကလေးငယ်အား ပတ်ထားသောအနှီးကိုဖြေ၍ ဦးသောင်းအား ပြသလေ၏။

ဦးသောင်းသည် သားငယ်၏ချက်အနီးရှိ အနာဆိုသောအရာကို ကြည့်လိုက်ရာ ချက်အနီး လက်တစ်လုံးခန့်အကွာတွင် လက်ညှိုးဖျားခန့်ရှိ အသားများနီရဲနေသော အနာတစ်ခုကို တွေ့လိုက်ရလေသည်။ သေချာစွာ ကြည့်လိုက်ရာတွင် အနာပေါက်သောအနာနှင့်မတူဘဲ တစ်စုံတစ်ခုဖြင့် ထိုးမိ၊ ထိမိသောဒဏ်ရာနှင့်သာ တူနေလေ၏။ အနာမှ သွေးများစိမ့်ပြီးထွက်နေသည်မှာလည်း ဒဏ်ရာမှထွက်နေသည့်ပုံစံနှင့်တူ၏။ ဦးသောင်းသည် သားငယ်အား ကြည့်ပြီးသည်နှင့်-

"ကလေးမှာပါလာတဲ့အနာက အနာနဲ့မတူဘဲ လတ်လတ်ဆတ်ဆတ်ဒဏ်ရာနဲ့တူနေတယ်။ ဒေါ်ဖွားမိတို့ တစ်ခုခုနဲ့ ထိမိခိုက်မိသေးလား"

"ဟာ-သူကြီးရယ်၊ ကျွန်မ ကလေးတွေမွေးပေးလာတာ မရေမတွက်နိုင်တော့ပါဘူးရှင်။ တစ်ခါမှ ထိမိခိုက်မိတယ်ဆိုတာ မရှိခဲ့ဖူးပါဘူး။ အခု သူကြီးသားက မွေးရာပါဒဏ်ရာပါ သူကြီးရယ်"

သူကြီးဦးသောင်း၏စကားကြောင့် လက်သည် ဒေါ်ဖွားမိမှာ ပျာပျာသလဲဖြင့် ပြောပြရှာလေသည်။ ရွာသူကြီး ဦးသောင်းနှင့် ဇနီး ဒေါ်သက်စိန်တို့၏ သားငယ် မွေးဖွားရာတွင် ပါလာသော အနာ (ဒဏ်ရာ) မှာ သွေးတစိမ့်စိမ့်ထွက်နေခြင်းကြောင့် ရက်သားအချိန်တွင်ပင် ဒေါင့်ကြီးမြို့ဆေးရုံသို့ သွားရောက်ပြသပြီး ဆရာဝန်ကြီးများ၏ကုသမှုကို ခံယူပါသော်လည်း မပျောက်ကင်းပါချေ။ ကလေးမှာ ရက်မှသည် လသို့တိုင်ခဲ့၍ တဖြည်းဖြည်း ကြီးပြင်းလာသော်လည်း ဝမ်းဗိုက်မှဒဏ်ရာမှာ သွေးတစိမ့်စိမ့်ထွက်လျက် အနာ ပျောက်ကင်းသွားသည်မရှိဘဲ တဖြည်းဖြည်း ကြီး၍သာလာလေ၏။

ဤသို့ဖြင့် ရွာသူကြီး ဦးသောင်းနှင့် သူကြီးကတော် ဒေါ်သက်စိန်တို့၏သားငယ် မောင်ချစ်ရွှေလေးသည် (၂) နှစ်သားအရွယ်သို့ရောက်ရှိလာပြီး စကားပြောတတ်စအရွယ်သို့ ရောက်လာခဲ့လေပြီ။ ထိုအခါမှ မောင်ချစ်ရွှေလေးသည် စကားမပီတပီဖြင့် ပြောလာသည့်စကားများကြောင့် ဦးသောင်းနှင့် ဇနီး ဒေါ်သက်စိန်တို့မှာ အံ့သြနေကြရလေသည်။

"ဟိုးအဝေးကြီးမှာ တားပေပေနဲ့မေမေ ရှိတယ်။ နီလေးနဲ့မမကြီးလည်း ရှိတယ်"

သားငယ်၏ပြောစကားကြောင့် ဦးသောင်းက-

"သားရဲ့ဖေဖေနဲ့မေမေက ဒီမှာလေ သားရဲ့။ ဘယ်က ဟိုးအဝေးကြီးမှာရှိတာလဲ သားရဲ့၊ ပြောစမ်းပါဦး"

"ဒီပေပေနဲ့မေမေက အခုပေပေနဲ့မေမေလေ၊ ဟိုးအဝေးကြီးက ပေပေနဲ့မေမေက အရင်က ပေပေနဲ့မေမေ"

သားငယ် မောင်ချစ်ရွှေ၏စကားများကြောင့် ဦးသောင်းနှင့် ဒေါ်သက်စိန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေ၏။ သားငယ်၏စကားများက မိဘနှစ်ယောက်အတွက် စဉ်းစားစရာများဖြစ်နေချေ၏။ ဦးသောင်းက သားငယ်အား မေးလိုက်သည်။

"ဒါနဲ့ သားသားရဲ့ဗိုက်မှာရှိတဲ့ ဒဏ်ရာက ဘယ်လိုဖြစ်တာလဲ၊ ပြောပြစမ်းပါဦး သားရဲ့"

"တားတားကို တနတ်နဲ့ဈစ်ရို့တား တေသွားတာ၊ ပေပေတို့ မသိဘူးရား"

သားငယ်၏ မပီကလာစကားကြောင့် ဦးသောင်းနှင့် ဒေါ်သက်စိန်တို့ နှစ်ယောက် အံ့သြသွားကြ၏။ သားငယ်၏ပြောစကားမှာ 'သားသားကို သေနတ်နဲ့ပစ်လို့ သားသေသွားတာ' ဆိုသည့်စကား။ ဦးသောင်း စိတ်အစဉ်ဝယ် လွန်ခဲ့သော (၃) နှစ်ခန့်အချိန်က ဤကိုင်းဝိုင်းရွာတွင် ကျန်းမာရေးအဖွဲ့ ရွာသို့ကွင်းဆင်းလာစဉ် စစ်သားတစ်ယောက်မှ အရက်မူးပြီး သေနတ်ကျည်ဆန်ထွက်သွားသောကြောင့် ထိုအဖွဲ့တွင်ပါသော ကျန်းမာရေးဝန်ထမ်း(ဆေးစပ်)တစ်ဦး ဝမ်းဗိုက်တွင် ကျည်ဆန်မှန်၍ သေဆုံးသွားခဲ့ရသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ဖူးလေသည်။ ဦးသောင်း စဉ်းစားမိသည်နှင့် သားငယ်အား-

"ဒီလိုဆိုရင် သားသားရဲ့နာမည်က ဘယ်လိုခေါ်လဲ၊ ပြောပြစမ်းပါဦးကွ"

"ဟို. . . ဟို- တားတားရဲ့နာမည်က ဟန်ရွှေရို့ ခေါ်တယ်"

ဦးသောင်းရော ဒေါ်သက်စိန်ပါ သိလိုက်ရပေပြီ။ ဟုတ်ပါသည်၊ လွန်ခဲ့သော (၃) နှစ်ကျော်အချိန်က ဖြစ်ပွားခဲ့သောဖြစ်ရပ်တွင် သေဆုံးသွားခဲ့သော ကျန်းမာရေးဝန်ထမ်း (ဆေးစပ်) ၏ အမည်မှာ ကိုဟန်ရွှေ ဖြစ်လေ၏။ သေချာပေပြီ။ သူတို့၏သားငယ်မှာ လူဝင်စားအမှန်ဖြစ်ပေမည်။

ဦးသောင်းသည် သားငယ်အား သေချာစေရန် မေးလိုက်ပြန်၏။

"သားသားကို ဘယ်နေရာမှာ သေနတ်မှန်သွားတာလဲကွ၊ ဖေဖေ့ကို ပြစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေရာကို မှန်တွားတာ။ ဒီနေရာကိုမှန်ရှိ တားတေတွားတာ၊ ဒီနေရာ"

သားငယ်က သူ၏အင်္ကျီအားလှန်၍ ဝမ်းဗိုက် ချက်အနီးရှိ မွေးရာပါဒဏ်ရာကို ပြသလိုက်ရာ မွေးချိန်မှစ၍ ပါလာသည့်ဒဏ်ရာမှာ ယခု အသက် (၂) နှစ်ကျော်အရွယ်ထိ သွေးတစိမ့်စိမ့်ထွက်နေဆဲ ဖြစ်သည်။ ဆရာမျိုးစုံ၊ ဆေးခန်းမျိုးစုံတွင် ပြသပြီး ကုသခဲ့သော်လည်း လုံးဝမပျောက်ကင်းဘဲ သွေးတစိမ့်စိမ့်ထွက်နေမြဲ ဖြစ်၏။ ဦးသောင်းသည် ဇနီးဒေါ်သက်စိန်အား-

"မသက်စိန်၊ အခု ငါ တစ်ခုစဉ်းစားမိတယ်။ ငါတို့သားလေး မောင်ချစ်ရွှေဟာ လူဝင်စားအမှန်ဖြစ်တယ်ဆိုတာ သေချာနေပြီ။ ဒါကြောင့် သေသွားတဲ့ ကိုဟန်ရွှေဟာ ဘယ်ရွာကလဲ၊ သူ့မိဘတွေ ရှိသေးလား စုံစမ်းကြည့်ရမယ်"

"ဟုတ်တယ် ကိုသောင်း၊ သေသွားတဲ့ ကိုဟန်ရွှေ အမှန်တကယ် ဝင်စားတာဆိုရင် ကိုဟန်ရွှေရဲ့မိဘကိုရှာပြီး သားလေးကို ခမည်းတစ်ခုခု ပေးခိုင်းလိုက်ရင် သားလေးရဲ့ဒဏ်ရာအနာဟာ ကောင်းသွားမှာ အမှန်ပဲ"

"ဒီလိုဆိုရင် မနက်ဖြန် ငါ ဒေါင့်ကြီးကိုသွားပြီး ဆေးရုံမှာ စုံစမ်းလိုက်မယ်"

❂

ဦးသောင်း ဒေါင့်ကြီးဆေးရုံတွင် စုံစမ်းသိရှိသည်မှာ လွန်ခဲ့သော (၃) နှစ်ခန့်က ကိုင်းဝိုင်းရွာတွင် သေဆုံးသွားသော ကျန်းမာရေးဝန်ထမ်း (ဆေးစပ်) ကိုဟန်ရွှေသည် လေးမျက်နှာမြို့နယ် ခမောက်စုရွာမှဖြစ်ပြီး မိဘ၊ အစ်မနှင့် ညီများရှိကြကြောင်း သိရှိခဲ့ရလေ၏။ ရွာသို့ပြန်ရောက်ပြီး ဇနီးမသက်စိန်အား ပြောပြကာ ခမောက်စုရွာသို့သွားသော လူကြုံအား စုံစမ်းလေ၏။ ထိုအချိန်က သောင်းကျန်းသူများ မငြိမ်မသက်လှုပ်ရှားနေသည့်အချိန်ဖြစ်လေသောကြောင့် ရွာသူကြီးဖြစ်သော ဦးသောင်းမှာ မိမိ၏ရွာမှ အဝေးသို့ ညအိပ်သွားရန်မဖြစ်သည့်အခြေအနေဖြစ်သဖြင့် လူကြုံရှာရခြင်း ဖြစ်၏။ ဦးသောင်းတို့ ကံကောင်းသည်ဟု ပြောရမည်။ အဘယ့်ကြောင့်ဆိုသော် ကိုင်းဝိုင်းရွာမှ ဒေါ်စောမြိုင်ဆိုသူ ကုန်သည်တစ်ယောက်ကို တွေ့ရလေ၏။ ဒေါ်စောမြိုင်မှာ ကိုင်းဝိုင်းအုပ်စုမှ ထွက်ကုန်များအားယူ၍ ခမောက်စုရွာသို့သွားရောက်ရောင်းချပြီး ခမောက်ရွာမှထွက်ကုန်များအားယူကာ ဒေါင့်ကြီးမြို့နှင့် အနီးအနားရွာများတွင် ပြန်လည်ရောင်းချနေသူ ဖြစ်၏။

ဦးသောင်းသည် ဒေါ်စောမြိုင်အား အဖြစ်အပျက် အစုံအလင်ကို အသေးစိတ်ပြောပြပြီး ခမောက်စုရွာတွင်နေထိုင်သည်ဆိုသော သေဆုံးခဲ့သူ ကိုဟန်ရွှေ၏မိဘများအား စုံစမ်း၍ အကြောင်းစုံ ပြောပြပေးရန် သေချာစွာမှာလိုက်လေသည်။ ဒေါ်စောမြိုင်သည် ခမောက်စုရွာသို့ရောက်ရှိပြီး ကိုဟန်ရွှေ၏မိဘများကို စုံစမ်း မေးမြန်းလေရာ ခမောက်စုရွာ ညောင်ပင်ပိုင်းရပ်ကွက်တွင်နေထိုင်ကြောင်း စုံစမ်းသိရှိရလေလျှင် ထိုအိမ်သို့ အရောက်သွားခဲ့လေသည်။ အိမ်သို့ရောက်၍ ဒေါင့်ကြီးမြို့နယ် ကိုင်းဝိုင်းရွာမှလာခဲ့ကြောင်းနှင့် ရွာသူကြီးဦးသောင်း ပြောပြသည့် အဖြစ်အပျက် အကြောင်းအရာများကို ပြောပြရာ ဒေါ်စောမြိုင်၏စကားသံဆုံးသည်နှင့် ကိုဟန်ရွှေ၏မိဘနှစ်ပါး၊ အစ်မကြီးဆိုသူနှင့် ညီဖြစ်သူများသည် မျက်ရည်များစီးကျလျက် ဝမ်းနည်းပူဆွေးနေကြလေသည်။ ထိုစဉ် ဖခင်ဖြစ်ဟန်ရှိသော လူကြီးမှ-

"ငါ့ညီမ ပြောပြလို့ အစ်ကိုကြီးတို့ သိရပါပြီလေ။ အစ်ကိုကြီးကတော့ သေသွားပြီဖြစ်တဲ့ သားကြီး မောင်ဟန်ရွှေရဲ့ အဖေ ဦးသီလလို့ ခေါ်ပါတယ်။ သူကတော့ သားကြီးရဲ့အမေ ဒေါ်စောတင်ပဲကွယ့်။ ဟိုမှာထိုင်နေတာကတော့ သားရဲ့အစ်မကြီး မတင်ကြည်၊ သူတို့ကတော့ သားရဲ့ညီလေး တကူကူးနဲ့ မောင်ထွန်းမြတ်တို့ပဲ။ သားကြီးက သေသွားပြီဖြစ်ပေမယ့် အခု ကိုင်းဝိုင်းရွာမှာ လူဝင်စားပြန်ဖြစ်နေတယ်လို့ ကြားရတော့ သားကြီးရဲ့လူဝင်စားဖြစ်တဲ့ ကလေးကို မြင်ချင်လိုက်တာကွယ်"

ကိုဟန်ရွှေ၏ဖခင်ဖြစ်သူ ဦးသီလသည် သေဆုံးသွားရှာပြီဖြစ်သော သားကြီးအကြောင်း ကြားသိလိုက်ရသောကြောင့် အဟောင်းများမှ အသစ်ဖြစ်သကဲ့သို့ ခံစားလိုက်ရလေသောကြောင့် ဝမ်းနည်းကြေကွဲစွာဖြင့် သူတို့မှာ အမေနှင့်အဖေဖြစ်ပြီး သူတို့ သူတို့မှာ အစ်မနှင့် ညီငယ်များဖြစ်ကြောင်း ပြောပြပြီး သားကြီး၏ ယခုဘဝ လူဝင်စားဆိုသော ကလေးငယ်အား တွေ့ချင် မြင်ချင်ပါကြောင်း ပြောပြလေရာ ဒေါ်စောမြိုင်က-

"အစ်ကိုကြီးတို့ လိုက်ခဲ့ကြပါလား။ ဦးသောင်းကလည်း မှာလိုက်ပါတယ်၊ တစ်ခါတည်းခေါ်ခဲ့ပါတဲ့၊ စားသောက်ရေးအတွက် ဘာမှမပူပါနဲ့လို့ မှာလိုက်ပါတယ်ရှင့်"

ဦးသီလက ဇနီးဖြစ်သူအား-

"ဘယ်လိုလဲ မစောတင်၊ သားကြီးဝင်စားတယ်ဆိုတဲ့ ကလေးကို ငါတွေ့ချင်တယ်ကွာ။ မင်းပါ တစ်ခါတည်း လိုက်ခဲ့ပေါ့။ ဒီက ညီမကြီးအပြန်မှာ လိုက်သွားကြမယ်"

"အမလေး- ကိုသီလရယ်၊ ကျွန်မက ဝမ်းနဲ့လွယ်မွေးရတဲ့ အမေပါရှင့်။ သားကြီးကိုယ်စား ကလေးကို သိပ်ပြီးမြင်ချင်တွေ့ချင်တာပေါ့ရှင်။ ရှင်မလိုက်လည်း ကျွန်မနဲ့ ဒီကလေးနှစ်ယောက်နဲ့ လိုက်သွားမယ်လို့ ဆုံးဖြတ်ပြီးသားပါနော်"

"ကိုင်း- ကြားတယ် မဟုတ်လား ညီမကြီးရေ၊ ညီမကြီးပြန်ရင် အစ်ကိုကြီးတို့မိသားစု တစ်ခါတည်းလိုက်ခဲ့ကြတော့မယ်"

"ကောင်းပါတယ်ရှင်၊ အစ်ကိုကြီးတို့မိသားစုလိုက်လာတာမြင်ရင် သူကြီးတော့ သိပ်ပြီးဝမ်းသာမှာပဲ။ ဒီတော့ ကျွန်မပြန်မယ့်ရက်ကို တစ်ရက်ကြိုတင်လို့လာပြောပါ့မယ်။ ခုတော့ ကျွန်မမှာ အလုပ်လေးတွေရှိသေးလို့ သွားပါဦးမယ်ရှင့်"

"ကောင်းပြီ ညီမကြီးရေ၊ အစ်ကိုကြီးတို့မိသားစု အဆင်သင့် ပြင်ထားလိုက်မယ်"

❂

ဦးသီလနှင့် ဇနီး ဒေါ်စောတင်၊ သမီးကြီး မတင်ကြည်၊ သားလတ် တကူကူးနှင့် မောင်ထွန်းမြတ်တို့မိသားစုသည် ဒေါ်စောမြိုင်နှင့်လိုက်ပါလာရာ ကိုင်းဝိုင်းကြီးရွာရှိ သူကြီးဦးသောင်း၏နေအိမ်သို့ရောက်ရှိသွားကြရာ ဒေါ်စောမြိုင်မှ-

"သူကြီး၊ ဒီမှာ ဧည့်သည်တွေ ပါလာတယ်"

"ဟဲ့ - ဘယ်သူတွေလဲ။ အိမ်အောက်ထပ်မှာထိုင်ကြဦးဟေ့၊ ငါတို့အခုပဲဆင်းလာခဲ့မယ်"

ဒေါ်စောမြိုင်၏ ခေါ်သံကြောင့် အိမ်အပေါ်ထပ်မှ သူကြီးဦးသောင်းက ပြန်ပြောရင်း အိမ်အပေါ်ထပ်မှ ဆင်းလာလေသည်။ ဦးသောင်းနောက်မှ ဒေါ်သက်စိန်သည် သားငယ်အား ခါးထစ်ခွင်ချီ၍ လှေကားမှဆင်းလာပြီး အိမ်အောက်ထပ် ထိုင်ခုံများရှိရာတွင်ထိုင်နေကြသူများအား အကဲခတ်ကြည့်ရင်း ထိုင်ခုံတွင် ဝင်ရောက်ထိုင်လိုက်ချိန်၌



www.burmeseclassic.com

www.burmeseclassic.com

ချိုပိုးထားသော သားငယ် မောင်ချစ်ရွှေမှ ထူးဆန်းစွာပြောလာသည့်စကားကြောင့် လူအားလုံး အံ့သြမှင်တက်သွားကြလေကုန်၏။

"ဟာ- ပေပေကြီးနဲ့ မေမေကြီး ရာတယ်၊ ဝမ်းသာရိုက်တာ"

မောင်ချစ်ရွှေလေးသည် ပြောလည်းပြော၊ မိခင်ခါးထက်မှလျှောဆင်းပြီး ဦးသီလနှင့် ဒေါ်စောတင်တို့ ထိုင်နေကြသော ထိုင်ခုံရှိရာသို့ လျှောက်လှမ်းသွားပြီး ဒေါ်စောတင်၏ပေါင်ပေါ်သို့ တက်ထိုင်လိုက်လေ၏။ ထိုအခါ ဦးသီလမှ သမီးကြီးနှင့် သားငယ်များအားလက်ညှိုးထိုးပြပြီး-

"သူတို့ကိုသိလားကွယ့် သားကြီးရဲ့၊ ဘယ်သူတွေလဲ သေချာကြည့်စမ်းပါဦး"

"တိတ်တိတာပေါ့။ တူက မမကြီး၊ တူတို့က တားရဲ့နီရေးတွေ။ ဟေး- အထုမှ တားတားမိသားစုနဲ့ ပြန်တွေ့ရပြီ။ ပျော်ရိုက်တာ"

မောင်ချစ်ရွှေလေးမှာ ဒေါ်စောတင်ရင်ခွင်ထက်မှ ဦးသီလ၏ရင်ခွင်ဆီသို့ ကူးပြောင်းပြီး ဦးသီလ၏ပါးပြင်အား နမ်းလိုက်လေ၏။ ပြီးမှ-

"ပေပေကြီးက တားတားဆီကို ခုမှရာတယ်။ တားတားက တတိရလို့ ဒီက ပေဂျီးနဲ့မေဂျီးကို ရှိုက်ပို့ခိုင်းတာ မပို့ဘူး"

မောင်ချစ်ရွှေသည် မိခင်နှင့်ဖခင်တို့အား လက်ညှိုးထိုးပြောပြီး ဦးသီလ၏ရင်ခွင်ထက်မှဆင်း၍ မတင်ကြည်၏ရင်ခွင်ပေါ်သို့တက်ပြီး မတင်ကြည်၏ပါးပြင်နှစ်ဖက်အား မွှေးမွှေးပေးလိုက်ပြီး တကူးကူးနှင့် မောင်ထွန်းမြတ်တို့ထံသွားကာ ပါးပြင်များအား နမ်းလိုက်ပြန်လေသည်။ ယခုဘဝ၏ မိခင်၊ ဖခင်တို့နှင့် အတူ ဘဝဟောင်းမှ မိဘနှင့် အစ်မ၊ ညီငယ်ဖြစ်သူတို့သည် မောင်ချစ်ရွှေလေး၏အပြုအမူ၊ အပြောအဆိုများကြောင့် ဝမ်းနည်းမိကြလေသောကြောင့် လူတိုင်းကိုယ်စီ မျက်ရည်စီးကျနေကြလေတော့သည်။ ဦးသောင်းက-

"ဒီက အစ်ကိုနဲ့ အစ်မတို့ မြင်ကြတွေ့ကြတဲ့ အတိုင်းပါပဲဗျာ။ သားလေး မောင်ချစ်ရွှေဟာ အစ်ကိုနဲ့ အစ်မတို့ရဲ့ သား မောင်ဟန်ရွှေ ဝင်စားတယ်ဆိုတာ ယုံကြရပြီပေါ့။ အစတုန်းက လူဝင်စားဆိုတာ မယုံခဲ့ဘူး၊ ခုမှ ကိုယ်တိုင် မျက်စိနဲ့ သေချာတပ်အပ်မြင်ရပြီဖြစ်လို့ မယုံလို့ မရတော့ဘူးဗျာ။ အစ်ကိုနဲ့အစ်မတို့က ကော ဘယ်လိုလဲ"

"ဟာ-ယုံပါတယ် ငါ့ညီရယ်။ တစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဘူးတဲ့ အစ်ကိုတို့ကို အဖေ၊ အမေမှန်းသိပြီး အစ်မနဲ့ ညီငယ်တွေကိုလည်း သိနေ၊ မှတ်မိနေမှတော့ ဒီသားငယ်ဟာ ဟိုဘဝဟောင်းက အစ်ကိုတို့ရဲ့သားကြီး မောင်ဟန်ရွှေဆိုတာ ယုံပါတယ်ကွာ"

"ဟုတ်ပါတယ်ရှင့်၊ ကျွန်မတို့ရဲ့ သားကြီး သေဆုံးလို့ ဒေါင့်ကြီးသုသာန်မှာသင်္ဂြိုဟ်ခဲ့ရပေမယ့် သားကြီးကို တစ်ခါမှ အိပ်မက်ထဲမှာတောင် မတွေ့ရလေတော့ ကျွန်မရင်ထဲမှာ ခံစားရတဲ့ ခံစားချက်ကို စဉ်းစားကြည့်ကြပါ။ ခုတော့ သားကြီးရဲ့ကိုယ်ပွား၊ ကိုယ်စား ဒီသားလေးကိုမြင်ရတော့မှ ကျွန်မရင်ထဲ ပျော်ရွှင်မိခဲ့ရပါတယ်ရှင်"

ဦးသီလနှင့် ဒေါ်စောတင်တို့၏ ကြေကွဲ လှိုက်လှဲသောအသံကို ကြားရသော ဦးသောင်းတို့ဇနီးမောင်နှံနှစ်ဦးမှာလည်း ထပ်တူထပ်မျှ ခံစားကြရလေတော့သည်။

"ဒါနဲ့ ငါ့ညီ၊ သားငယ်မှာပါလာတဲ့ မွေးရာပါဒဏ်ရာဟာ ခုအချိန်ထိ သွေးစိမ့်ထွက်နေတယ်ဆိုတာ ဟုတ်လား။ ပြစမ်းပါဦး"

ဦးသီလစကားအဆုံး ဦးသောင်းသည် သားငယ် မောင်ချစ်ရွှေ၏အင်္ကျီအား လှန်၍ ချက်အနီးတွင်ရှိနေသော မွေးရာပါဒဏ်ရာနှင့် သွေးတစိမ့်စိမ့်ထွက်နေ၍ စိုစွတ်နေသော အင်္ကျီအား ပြလိုက်လေသည်။ ထိုအခါ ဦးသီလမှ မောင်ချစ်ရွှေလေးအား အနီးသို့ခေါ်ယူလိုက်ပြီး သွေးစိမ့်ထွက်နေသော မွေးရာပါဒဏ်ရာအား သေချာစွာစူးစိုက်ကြည့်လိုက်ပြီး-

"ဟာ- သားလေးရဲ့ဒဏ်ရာက လတ်လတ်ဆတ်ဆတ်ရတဲ့ဒဏ်ရာနဲ့ တူနေတယ်နော်။ မသိတဲ့သူတွေမြင်ရင် အခုရတဲ့ဒဏ်ရာလို့ ထင်မိမှာ အမှန်ပဲ။ မစောတင် ကြည့်စမ်းပါဦး၊ သားကြီး မောင်ဟန်ရွှေ သေနတ်မှန်ထားတဲ့နေရာ အတိုင်းပဲကွယ့်"

"ဟုတ်ပါရဲ့ ကိုသီလရယ်။ အဲဒါကြောင့် ကျွန်မနဲ့ ကိုသီလတို့နှစ်ယောက် စတိ ခမည်းပေးလိုက်ကြရအောင်"

ဦးသီလနှင့် ဇနီး ဒေါ်စောဟင်တို့ နှစ်ယောက် မောင်ချစ်ရွှေ၏ဝမ်းပိုက်ရှိ မွေးရာပါဒဏ်ရာအား သေချာစွာကြည့်လိုက်ကြပြီး ဦးသီလသည် မောင်ချစ်ရွှေ၏ဒဏ်ရာပေါ်သို့ တံတွေးဖြင့်ထွေးလိုက်ပြီး ပြောလိုက်၏။

"ဖွ . . . ဖွ . . . ဖွ- ဒီသားငယ် မောင်ချစ်ရွှေသည် ဟိုဘဝဟောင်းက ငါတို့ရဲ့သား မောင်ဟန်ရွှေ အမှန်ဖြစ်ပါက ဒီဒဏ်ရာပျောက်ကင်းပါစေ၊ ဖွ . . . ဖွ . . . ဖွ"

ဦးသီလပြီးလျှင် ဒေါ်စောတင်မှလည်း ဦးသီလနည်းတူ ပြုလုပ်ပေးလိုက်သည်။ ထိုကဲ့သို့ ပြုလုပ်ပေးပြီးကြလျှင် ဦးသီလတို့ ဝယ်ယူလာခဲ့သောဘောင်းဘီတို့နှင့် အင်္ကျီလေးများအား မောင်ချစ်ရွှေကိုပေးလိုက်ကြလေ၏။ ဦးသီလတို့မိသားစုသည် ကိုင်းဝိုင်းရွာ ဦးသောင်းတို့အိမ်၌ (၅)ရက်မျှနေထိုင်ပြီး ခမောက်စုရွာသို့ ပြန်ခဲ့ကြသည်။ ၎င်းရွာတွင် နေထိုင်စဉ်အတွင်း မောင်ချစ်ရွှေမှာ အစ်မများ၊ ညီငယ်များအနီးတွင်သာ နေထိုင်ပြီး ညအိပ်သည့်အချိန်၌ ဘဝဟောင်းမှ မိဘများဖြစ်ကြသော ဦးသီလနှင့် ဒေါ်စောတင်တို့နှင့်သာ အတူအိပ်လေ၏။ ဦးသီလတို့မိသားစု ပြန်မည့်နေ့ကလည်း မောင်ချစ်ရွှေလေးမှာ အော်ဟစ်ငိုယိုပြီး လိုက်မည်ဟုပြောနေသောကြောင့် မိခင်ဒေါ်သက်စိန်မှ ချော့မော့ပြီး ရွာအတွင်းသို့ခေါ်သွားသောကြောင့်သာ ဦးသီလတို့မိသားစုပြန်လာ၍ရခဲ့ခြင်း ဖြစ်သည်။

မောင်ချစ်ရွှေတွင်ရှိနေသော မွေးရာပါဒဏ်ရာမှာ ဆရာစုံ၊ ဆေးစုံဖြင့် ကုသခဲ့၍ လုံးဝပျောက်ကင်းခြင်း မရှိခဲ့သော်လည်း ထူးဆန်းအံ့သြဖွယ်ကောင်းသည်မှာ ဟိုယခင်ဘဝဟောင်းမှ မိဘနှစ်ပါးမှ ဒဏ်ရာအား တံတွေးထွေး၍ ခမည်းပေးခဲ့သည့်နေ့မှ တစ်လအတွင်း လုံးဝပျောက်ကင်းသွားခဲ့လေ၏။

ဤအဖြစ်အပျက် ဖြစ်ပျက်ခဲ့သော ဒေါင့်ကြီးမြို့နယ် ကိုင်းဝိုင်းရွာရှိ အသက် (၆၀) ဝန်းကျင်လူများအားလုံး သိရှိခဲ့သော အဖြစ်မှန် ဖြစ်ပါသည်။ မောင်ချစ်ရွှေမှ ကိုချစ်ရွှေ၊ ထိုမှ ယခု အသက် (၅၂) နှစ်အရွယ် ဦးချစ်ရွှေအရွယ်အထိ ခမောက်စုရွာ၌ရှိကြသော ဘဝဟောင်းမှတော်စပ်ခဲ့ကြသည့် အစ်မ၊ ညီငယ်များကို ညီအရင်း၊ အစ်မအရင်းကဲ့သို့ ချစ်ခင်ကြင်နာလျက် ကိုချစ်ရွှေထက် အသက်ကြီးသော ဘဝဟောင်းမှ ညီဖြစ်သူ ဦးထွန်းမြတ်ကို ကိုချစ်ရွှေက 'ညီလေး' ဟုသာခေါ်ပြီး သူ့အား 'အစ်ကိုကြီး' ဟုခေါ်ခိုင်းခဲ့လေသည်။ ယခု အသက်အရွယ်ကြီးလာသည့်အချိန်ထိ ညီမ ညီငယ်များ သူ့ထံရောက်ရှိလာလျှင် လွန် ပျော်ရွှင်လျက်ရှိတတ်ပြီး ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ဝဲလျက် စိတ်မကောင်း ကျန်ခဲ့လေ၏။

ဦးချစ်ရွှေ၏ဘဝဟောင်းမှ မိဘ ဖြစ်သော ဦးသီလနှင့် ဒေါ်စော တို့မှာ ကွယ်လွန်သွားကြပြီ ဖြစ်၏။ သနှင့် ဒေါ်စောတင်တို့မှာ လူဝင် စ်သူ ဦးဟန်ရွှေ အပါအဝင် သား (၁၀) ယောက် မွေးဖွားခဲ့သော် ယခုအခါ သားသမီး (၅)ယောက် အသက်ထင်ရှား ရှိနေပါသည်။ မှာ ဦးထွန်းမြတ်၊ ဒေါ်ဝိုင်းကြီး၊ ဒေါ် ဒေါ်ညွန့်ရင်၊ ဦးသန်းအေး (ခ) တို့ ဖြစ်ကြသည်။ သူတို့သည် ဘဝ ်းမှအစ်ကို လူဝင်စား ဦးချစ်ရွှေ ကိုင်းဝိုင်းကြီးရွာသို့ နှစ်စဉ်သွား ်ပြီး တွေ့ဆုံကန်တော့ကြမြဲ ဖြစ် ဦးချစ်ရွှေကလည်း ဘဝဟောင်း ဘော်စပ်ခဲ့သော ညီငယ်၊ ညီမငယ် လာလျှင် မျှော်နေတတ်ပြီး ညီငယ်၊ ငယ်များရောက်ရှိလာလျှင် ပျော်ရွှင် န်းနေသည်။ ညီအရင်း၊ ညီမအရင်း သဖွယ် ချစ်ခင်ယုယလျက် စိုးရိမ် ဖြင့် ဆိုဆုံးမတတ်လေသည်။

တစ်ဘဝခြားခဲ့သော်လည်း လူဝင် အစ်ကိုနှင့် တစ်ဘဝတည်းပမာ ချစ် သ တွယ်တာနေကြသည့် ဦးချစ် ညီငယ်၊ ညီမငယ်တို့၏ သံယော နှောင်ကြိုးက သံသရာအဆက်ဆက် နေကြပေဦးမည်လား မပြောတတ် တော့ချေ။

မင်းမြင့်နိုင်(ဘုသီးတောင်)

*(ဤလူဝင်စားအဖြစ်အပျက်ဇာတ် သည် စာရေးသူမှ စိတ်ကူးဖြင့် ဖန် ရေးသားသော အဖြစ်အပျက် လမ်း မဟုတ်ပါ။ ဤအဖြစ်အပျက် ရှိသော ဦးသန်းအေး (ခ) ဦးဘဲဥ ိုင်ပြောပြသည်ကို ရေးသားခြင်း ဇာတ်လမ်းပါ ရွာအမည်နှင့် လူ များမှာ အမည်အမှန်များဖြစ်ပါ းနှင့် ထိုလူများသည် ယခု အ ထင်ရှားရှိပြီး ဇာတ်လမ်းတွင်ပါရှိ ရွာများတွင် နေထိုင်လျက် ရှိပါ အဖြစ်အပျက်အား ပြောပြသော း‌အေး (ခ) ဦးဘဲဥအား ကျေးဇူး ဘင်ရှိပါကြောင်း။ စာရေးသူ)*

ကိုး

ကိုယ်ပွားရုပ်သွင် လူဝင်စားနှင့် လွန် လောကီဖြစ်ရပ်ဆန်းများ ဘိုးထက်

# ကြောင်ပန်းရွက် အသုံးပြုနည်းနှစ်ခု

စာရေးသူသည် ကျောင်းဆရာ တစ်ဦး ဖြစ်ပါသည်။ တစ်နေ့တွင် စာရေးသူ၏စာသင်ခန်းသို့ တပည့်ဟောင်းတစ်ဦး ရောက်လာပါသည်။ ဆရာတပည့် နှစ်ဦး စကားပြောကြရင်း တပည့်ဖြစ်သူ၏လက်ကိုကြည့်ပြီး တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ ၎င်းမှာ အခြား မဟုတ်၊ တပည့်၏လက်တွင် ပေါက်နေသော ကြွက်နို့များကို တွေ့ရခြင်းပင်။

စာရေးသူက တပည့်ဖြစ်သူအား 'ကြွက်နို့များမသတ်ဘဲ ဘာကြောင့်ထားရသလဲ' ဟု မေးရာ တပည့်က-

"မပြောပါနဲ့ ဆရာရယ်၊ လက်လှမ်းမီသလောက် ဆေးမြီးတိုတွေနဲ့ သတ်တာပဲ။ မရပါဘူး ဆရာ"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူက-

"မင်း ယုံကြည်မယ်ဆိုရင်တော့ လုပ်ကြည့်ပါ။ ဆရာသိတဲ့ ကြွက်နို့သတ်နည်းတစ်ခု ပြောပြမယ်"

ဟု ဆိုလိုက်သောအခါ တပည့်က-

"ယုံယုံကြည်ကြည် လုပ်ပါ့မယ် ဆရာ၊ ပြောသာပြောပါ"

ဟု အားတက်သရော မေးရာသည်။ စာရေးသူက ကြွက်နို့သတ်နည်းကို အောက်ပါအတိုင်း ပြောပြလိုက်ပါသည်။

"ကြွက်နို့သတ်မယ်ဆိုရင် ပထမဆုံးပေါက်တဲ့ကြွက်နို့အမကို ကြောင်ပန်းပင်အကိုင်းတစ်ကိုင်းချိုးပြီး အဲဒီအကိုင်းက အရွက် (၇) ရွက်ကို အရင်း-အဖျား တစ်လှည့်စီထပ်လျက် အသက်အောင့်ပြီး အနာတည့်တည့် (၇) ကြိမ်တို့ပေး၊ တို့တဲ့အခါ နင်က ကြွက်၊ ငါက ကြောင်ပန်း ဆိုပြီး ပြောပေးရတယ်။ ပြီးရင် အရွက်တွေလွှင့်ပစ်လိုက်၊ ကြောင်ပန်းကိုင်းမြေမှာ ထိုးစိုက်ထား၊ ကြောင်ပန်းကိုင်းခြောက်သွားတာနဲ့ တစ်ခါတည်း ကြွက်နို့လည်း ကြွေသွားလိမ့်မယ်"

စာရေးသူ ပြောသည့်အတိုင်း တပည့်က ယုံကြည်စွာ ပြုလုပ်ခဲ့ရာ နောက်တစ်ကြိမ် ပြန်တွေ့ချိန်၌ ကြွက်နို့ ပျောက်သွားပြီ ဖြစ်ကြောင်း၊ ဆရာ့ကို ကျေးဇူးတင်ပါကြောင်း ဝမ်းသာအားရ ပြောဆိုပါသည်။

တစ်ခါလည်း အိမ်ထောင်သည် တပည့်မတစ်ဦးနှင့်လမ်းမှာဆုံဖြစ်သည်။ လက်ထဲတွင် နို့မှုန့်ဘူးတစ်ဘူး ပါလာသည်ကို တွေ့သဖြင့်-

"ဘယ်သူ့ကလေးအတွက်လဲ"

ဟု စာရေးသူက မေးလိုက်ရာ-

"သမီးရဲ့ သားလေးအတွက်ပါ။ သားဦးမို့လား မသိဘူး၊ နို့က သိပ်မလှိုင်ဘူး ဆရာ။ သားလေးခမျာ နို့ဝအောင် မစို့ရဘူး။ ဒါကြောင့် နို့မှုန့်ဘူးဝယ်လာရတာ"

ဟု ရှင်းပြသည်။

စာရေးသူလည်း တပည့်မ၏အဖြစ်ကို နားလည်သွားပြီး-

"သမီးကို နို့လှိုင်လှိုင်ထွက်တဲ့နည်း ပြောပြလိုက်မယ်။ အဲဒီနည်းကို စလေဆရာ ဦးပုညက ကဗျာလင်္ကာဖွဲ့ထားလို့ မှတ်ရလွယ်ပါတယ်။ ကဗျာက ဒီလို-

မီးတွင်းမိန်းမ၊ နို့မရ၍၊ သားက တစာစာ၊ မာတာကြုံလို့၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အဖြီး၊ သည်နွားမြီးကိုမီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင် နို့လုံးရွှင်သည်၊ သူ့လင်စို့တော့ မကုန်တည်း- တဲ့"

စာရေးသူက ကဗျာရွတ်ပြတော့ တပည့်မက ရယ်ပြုံးကြီး ပြုံးနေသည်။

"အမိပွားယ်က နွားမြီး မီးဖုတ်၊ တောက်တောက်စဉ်းပြီး ကြောင်ပန်းရွက်နဲ့ ဟင်းခါးချက်သောက်၊ နို့လှိုင်လှိုင်ထွက်သတဲ့"

တပည့်မက-

"ဟုတ်ကဲ့၊ သမီး ချက်သောက်ကြည့်ပါ့မယ်"

ဆိုပြီး ပြန်သွားပါသည်။

နောက် လူချင်းမတွေ့ရသော်လည်း တစ်ဆင့်စကားဖြင့် ပြန်လည်ကြားသိရသည်။ တပည့်မလေး နို့လှိုင်လှိုင်ထွက်၍ သားလေးကို အားရပါးရ နို့ချိုတိုက်ကျွေးနိုင်ပြီ ဟူ၍. . .။

ညွန့်ဝင်း(နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

(ရင်ကိုအေးမြစေသား)

## ဆရာဦးမောင်မောင်သန်း

# ဖြူစင်သော သက်ပြင်းများ

တစ်နေ့-

လူတစ်ယောက်နဲ့စကားပြောဖြစ်ခဲ့ပါတယ်။

ပြောတာမှ တော်တော့်ကို ကြာကြာပြောခဲ့တာပါ။

သူသိချင်တာလေးတွေ တော်တော်များများကို ပြောပြခဲ့တာမို့ သူက အားရဝမ်းသာ ခွင့်တောင်းပါတယ်၊

ရေးမှတ်သွားပါရစေပေါ့။

ဟုတ်ပြီ။

ဒီလို ပြောပြခဲ့တာလေးတွေကို သဘောကျလွန်းရင် ရေးတော့မှတ်မနေနဲ့တော့၊ ရေးမှတ်ရင် တစ်ဦးပဲသိမယ်။

တစ်ဦးထက်မက အများကြီးသိသွားကြရင်ကော ပိုမကောင်းဘူးလားဆိုတော့ ဟုတ်ကဲ့၊ တော်တော့်ကို ကောင်းမှာတဲ့။

ဒါဖြင့်-

ခင်ဗျား ရေးမသွားနဲ့တော့၊

ကျွန်တော်ပဲ ရေးလိုက်တော့မယ် ဆိုပြီး. . .

❂

တချို့လူတွေ သက်ပြင်း တော်တော်ချကြတာ ရှိပါတယ်။

သတိထားကြည့်လိုက်ပါ။

အကြောင်းမဲ့ကို သက်ပြင်းချကြတာ ရှိပါတယ်။

တော်ကြာနေရင်း ဟင်း၊ တော်ကြာနေရင်း ဟင်းနဲ့ အသက်ရှူတာ မဝသလိုကြီး ပုံစံမျိုး အားရပါးရရှူပြီး အားရပါးရ သက်ပြင်းချသူတွေကို တွေ့ဖူးကြပါလိမ့်မယ်။

သူတို့မှာ အပူတွေ မပြတ်တဲ့ သဘောပါ။

အပူများတဲ့သဘော။

အကြောင်းအရာတစ်ခုခုကို တွေးနေပြီး ပူနေတတ်တဲ့သဘော ရှိပါတယ်။

သူတို့ဟာ ရောဂါမဟုတ်ဘဲ ရောဂါရှိတတ်ပါတယ်။

အထူးသဖြင့် ရင်ထဲ ဝမ်းထဲတို့၊ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါတို့ ရှိလာတတ်ပါတယ်။

ရောဂါက ဒါလောက် မဟုတ်ပါဘူး၊ သက်ပြင်းချရင်း ချရင်းနဲ့ တကယ့်ကို အသက်ရှူမဝသလို ဖြစ်ကုန်ကြတာပါ။

အမှန်က အဲဒီလို အကြောင်းမရှိဘဲ သက်ပြင်းကြီးတချချ အကျင့်ကို ဖျောက်သင့်ပါတယ်။

သိလို့ပဲဖြစ်ဖြစ်၊ မသိလို့ဘဲဖြစ်ဖြစ် ဖျောက်သင့်ပါတယ်။

တချို့ တွေ့ဖူးပါတယ်။

ငွေကြေးပြည့်စုံပါလျက် ခုနပြောသလို သက်ပြင်းကြီးတွေ တချချနဲ့၊ ဘာဖြစ်လို့ သက်ပြင်းတွေ အလကားနေရင်း ချနေရတာလဲ ဆိုတော့ ရယ်နေတယ်။ အကြောင်းပြချက် မရှိဘူး။

ဒါပေမယ့်-

လက်တွေ့ ဖြစ်သွားတာကတော့



www.burmeseclassic.com

www.burmeseclassic.com



…တို့အိမ်ထောင်ရေးဟာ တစ်ယောက်
…တစ်ယောက် ကျောခိုင်းသွားတဲ့အထိ
…သွားကြရတာပါပဲ။

တွေ့ခဲ့ဖူးပါတယ်။

ဘာမှမဖြစ်ဘဲ၊ ဘာအကြောင်းမှ
…ဘဲ သက်ပြင်းတွေ တစ်ချတည်း ချ
…ရာကနေ အိမ်ထောင်ရေးပြိုကွဲသွား
…တဲ့အထိ ဖြစ်သွားကြတာကို အများ
ကြီးတွေ့ခဲ့ဖူးပါတယ်။

သက်ပြင်းတွေ အကြောင်းမဲ့ မချဖို့ သတိပေးခဲ့ပေမယ့် လူ့သဘာဝအတိုင်းပေ့ါ။ ဘာမှမဖြစ်သေးရင် သိပ်အယုံကြည်မရှိသလိုပါဘဲ။ ဖြစ်လာတော့မှ လုပ်ပါဦးဆိုလို့ ဘာမှမတတ်နိုင်တော့ပါဘူး။

မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းဟာ တကယ့်ကို အကောင်းဆုံးပါ။

ဆရာကလည်း သက်ပြင်းလေးဒါလေးချရုံနဲ့ ဒါလောက်အထိ ဖြစ်သွားနိုင်လို့လားဆိုတဲ့ မေးခွန်းတောင် နှစ်ခါ၊ သုံးခါ အမေးခံခဲ့ရဖူးပါတယ်။ မေးတာက လူငယ်လေး နှစ်ဦး၊ သုံးဦးပါ။

ခု သူတို့ရဲ့ မိဘနှစ်ပါးဟာ သူတို့





www.burmeseclassic.com

www.burmeseclassic.com

လမ်းတွေကို သူတို့လျှောက်သွားကြပါပြီ။ သူတို့လေးတွေခမျာလည်း ဟိုနေလိုက်၊ ဒီနေလိုက်ပေါ့။

လူတွေမှာ ကံဆိုတာ ရှိပါတယ်။

ဒါတွေဟာ သူ့ကံနဲ့သူလာတာပါလို့ ပြောလို့ရပါတယ်။

ဒါပေမယ့် မကောင်းတဲ့ကံတွေဆိုတာမျိုးဟာ မကောင်းတဲ့ အပြုအမူမျိုး များများပြုလုပ်ရင်း အသက်ဝင်မှုမြန်ဆန်လာတာမျိုး။

မကောင်းကံတွေကို နိုးကြားလာစေတာမျိုး။

မကောင်းမှုတွေဖြစ်ဖို့ တိုက်တွန်းသလို ဖြစ်သွားရတာမျိုးကိုတော့ သတိလေးထားရင် တွေ့နိုင်မှာပါ။

ကောင်းခြင်း၊ မကောင်းခြင်း ဆိုတာ ရှိပြီးသားပါ။

ကောင်းခြင်း ဆိုတာ ပွားစီးရပေမယ့် မကောင်းခြင်းကိုတော့ ရပ်တန်းကရပ်သင့်တာချည်းပါပဲ။

ဒါကြောင့်-

အကြောင်းမဲ့ သက်ပြင်းတချချဖြစ်နေသူတွေကိုတွေ့ရင် တစ်ဆင့်ပြောပြပါ။ ကူညီရာရောက်ပါတယ်။ ခင်မင်သူတွေကို ဆိုရင်ပေါ့။

မခင်မင်တဲ့သူမျိုးတွေဆိုရင်တော့ သူသိလာနိုင်ဖို့ မလွယ်ဘူးလေ။

ခင်မင်တဲ့သူတွေထဲမှာ တဖြည်းဖြည်း သိသထက် သိလာအောင် ကူညီပေးရင်းနဲ့ တစ်ဖက်သားရဲ့ရင်ကို အေးမြသွားစေတဲ့ ကုသိုလ်ပါ။

အိမ်ထောင်ရေးသောကတွေပဲ ကြုံရကြုံရ။

သားသမီး အပူတွေပဲ ကြုံရကြုံရ။

စီးပွားရေးသောကတွေပဲ ကြုံရကြုံရ။

ကျန်းမာရေး သောကပဲ ကြုံရကြုံရ။

ဘယ်အပူမှ မကောင်းပါဘူး။ ဒီအပူတွေကို အလွယ်တကူ ဝင်လာနိုင်အောင် လမ်းဖွင့်ပေးသလိုမျိုး ဖြစ်နေတဲ့ အမူအရာဆိုတာ ကြာရှည်လက်ခံမထားသင့်ပါဘူး။

သတိထားကြည့်ပါ။

ကိုယ်တိုင် အကြောင်းမရှိဘဲ သက်ပြင်းတချချ၊ တဟင်းဟင်း ဖြစ်နေပြီဆိုရင် ဘယ်လိုမှ အဖတ်ဆယ်မရတဲ့ ငွေကုန်ကြေးကျများခြင်း တွေ့ကြုံနေပြီဆိုတာ သတိထားမိပါလိမ့်မယ်။

ဟိုးတုန်းက-

အဲဒီလို သက်ပြင်းတချချ ပုဂ္ဂိုလ်တွေနဲ့ တော်တော်များများ စကားပြောခဲ့ရပါတယ်။

တိုင်ပင်ချင်လို့၊ ခင်လို့ လာကြတဲ့သူတွေချည်းပါပဲ။

ဩော်- ရင်ထဲမှာ အပူတွေများလှချေလားလို့ တစ်ခွန်းတည်း ပြောရုံရှိသေးတယ်၊ ဟာ- မှန်လိုက်တာ ဆရာရယ်၊ သားသမီးအပူထက်ပူတာ ရှိပါဦးမလား ဆိုသူတွေ။

ဟာ- ဒက်ထိပဲဆရာ၊ ရှိတာတွေလည်း ရောင်းစား ရောင်းစားနဲ့ ကုန်ခမန်းဖြစ်နေပြီ။ ဘာလုပ်စားလို့ စားရမှန်းတောင် မသိတော့ဘူး ဆိုသူတွေ။

ဟုတ်ပ့ါ ဆရာ၊ ဘယ်လောက်ရှာရှာ ဘယ်လိုမှ အဖတ်မတင်တဲ့အပြင် ကျွန်တော့်ဩဇာတောင် မညောင်းပါဘူး ဆိုသူတွေ။

ဟုတ်တယ်ဆရာ၊ တန်းနေတာပဲ။ ကျန်းမာရေးက ဘာတွေဖြစ်လို့ဖြစ်နေမှန်း မသိဘူး။ တစ်ခုပြီးတစ်ခု ဖြစ်နေတာပဲ ဆိုသူတွေ။

အများကြီးပါပဲ။

ဘာအကြားအမြင်မှလဲ မဟုတ်ပါဘူး။

ဘာမှသိလို့ ပြောတာလဲ မဟုတ်ပါဘူး။

ဘာမှ အကြောင်းမရှိဘဲ ဒါလောက် သက်ပြင်းကြီးတွေတဟင်းဟင်းချနေတာကိုကြည့်ပြီး ရုပ်ပိုင်းဆိုင်ရာ အပူကို သုံးသပ်လိုက်တာပါ။

ဒါ-

ဣနြ္ဒ၊ အနိဋ္ဌကို မြင်အောင်ကြည့်လိုက်တာပါပဲ။

ဒါကြောင့်-

ကိုယ်တိုင် သက်ပြင်းတဟင်းဟင်းဖြစ်နေရင်လည်း ဆင်ခြင်လိုက်ပါလို့ အကြံပြုရင်း နောက်ထပ်တစ်မျိုးဆီ ကြည့်လိုက်ရအောင်။

❂

သူငယ်ချင်းတစ်ယောက်ဆိုရင်-

တော်တော်လေး စားနိုင်သောက်နိုင်ပါတယ်။

ဒါပေမယ့် သူဟာ ဘာဖြစ်လို့လဲမသိဘူး၊ ခြေနင်း တော်တော့်ကို ကြမ်းလာတာ သတိထားမိလာတဲ့အချိန်လည်းကျရော ရှိတာရောင်းစားနေရပါပြီ။ သူ့ကိုပြောပါတယ်၊ ဒီခြေထောက်ဟာ ဒါလောက်နင်းစရာ အကြောင်းမရှိဘူးလို့။ ဒါပေမယ့် ငယ်သူငယ်ချင်းဆိုတော့ တဟားဟားနဲ့ ရယ်နေရုံကလွဲပြီးသိပ်တန်ဖိုးမထားဘူး။

တန်ဖိုးမထားတော့ ထပ်ပြီးမပြောဖြစ်တော့ပါဘူး။

သူဟာ တဖြည်းဖြည်းနဲ့ ဘာမှမလုပ်နိုင်တော့ဘဲ နောက်ဆုံး အိမ်ကြီးကနေ အိမ်လေးဖြစ်သွားရာက အခုဆိုအိမ်လေးကနေ တော်တော့်ကိုသေးတဲ့ အိမ်လေး ဖြစ်သွားပါပြီ။

တကယ် စိတ်ကောင်းရှိတဲ့ သူငယ်ချင်းပါ။

သူ ကောင်းစားစဉ်က သူ့အမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေကို အများကြီးထောက်ပံ့ကျွေးမွေးနိုင်ခဲ့ပေမယ့် ခုအချိန်မှာ သူ့အသိုင်းအဝိုင်းကိုရှာမတွေ့တော့ပါဘူး။ ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားပါပြီ။

သူ့ကိုမြင်တိုင်း သူ တဒုန်းဒုန်းနင်းခဲ့ဖူးတဲ့ ခြေနင်းကြမ်းတာကြီးကို သတိရနေမိပါရဲ့။

သူ့မှာ ရောဂါမရှိပါဘူး။

စိတ်တိုစရာ၊ စိတ်ညစ်စရာလည်း မရှိပါဘူး။

ခပ်အေးအေး ခပ်ပျော်ပျော်နေတတ်သူပါ။

ဒါပေမယ့် အဲဒီ တဒုန်းဒုန်းကို သူ မဆင်ခြင်နိုင်ခဲ့တော့ ဘဝကို အခိုင်အမာမရပ်တည်နိုင်ခဲ့ရှာဘူး။

တစ်ခါက အသက် (၁၃) နှစ်ကျော်ကျော်၊ (၁၄) နှစ်လောက်ရှိတဲ့ ကလေးမလေးတစ်ယောက်ကို ကြည့်ရင်း မင်းတို့ ရှာရဖွေရ ခက်နေပေမယ့် မင်းတို့ရဲ့သမီးကလေးဟာ တစ်နေ့ကျကောင်းစားလာလိမ့်လို့ ပြောခဲ့ဖူးပါတယ်။ အဲဒီလိုပြောခဲ့တာဟာ ငါးရက်တစ်ဈေးသာရှိတဲ့ တောရွာလေးတစ်ရွာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်ခဲ့ပါပြီ၊ (၃၀) နီးပါးပေါ့။

ခု အဲဒီ ကလေးမလေးဟာ ရန်ကုန်မြို့မှာပါ။

အငှားကားသုံးစီး ထောင်ထားတဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေပါပြီ။

သူ့ကို စတွေ့ခဲ့တဲ့ (၁၃) နှစ်၊ (၁၄) နှစ်အရွယ်လေးတုန်းကတည်းက သူဟာ ခြေလှမ်း လှမ်းတာကအစ ခြေသံ လုံး၀ မကြားရပါဘူး။

တကယ် အံ့ဩလို့ သူ့ခြေလှမ်းတွေကို လိုက်ကြည့်မိခဲ့ပါသေးတယ်။

စားပြီးသားပန်းကန်တွေကို ဆေးကြောတာကအစ တော်တော့်ကို သပ်သပ်ရပ်ရပ် နိုင်လှပါတယ်။

ဒါကြောင့် ဒီကလေး ကောင်း



www.burmeseclassic.com

www.burmeseclassic.com

စားလာလိမ့်မယ်လို့ ကြိုပြောနိုင်ခဲ့တာပါ။

ရှေးလူကြီးသူမတွေ ပြောသံကြားခဲ့ဖူးပါတယ်။

ဟဲ့- ခြေနင်းကြမ်းရင် ဆင်းရဲတတ်တယ် ဆိုတာ။

ကလေးဘဝတုန်းကတော့ အဓိပ္ပါယ်တမဲ့ပေါ့။

ကြီးလာတော့မှ ဟာ- တကယ် တတ်တာပါလား၊ ဒီလိုလူမျိုးတွေဟာ တကယ်ကို တဖြည်းဖြည်း ဆင်းရဲသွားကြတာပါလား ဆိုတာ တွေ့ရပါတော့တယ်။

ချမ်းသာကြွယ်ဝနေကြတဲ့သူတွေနဲ့ ခင်တာတွေ ရှိပါတယ်။

ပြောလို့ပြောတာ မဟုတ်ပါဘူး၊ တကယ်ပါ။ သူတို့ခြေလှမ်းတွေဟာ အသံတောင် မကြားရပါဘူး။ တစ်နေရာကနေ တစ်နေရာကို လူရွှေ့သွားလို့သာ ဩော်- သူ ဒီဘက်ကနေ ဟိုနားကို လျှောက်သွားတာပါလားလို့ သိလိုက်ရတာပါ။ ဘာသံမှကို မကြားပါဘူး။ ခြေသံလုံတယ်ပဲ ပြောပြော၊ နူးညံ့သိမ်မွေ့တယ်ပဲ ပြောပြော၊ သူတို့ရဲ့ခြေလှမ်းတွေဟာ အသံမထွက်ပါဘူး။

ဒါ ခြေလှမ်းတဲ့အနေအထားကို ကြည့်ရုံပဲရှိပါသေးတယ်။ ဒီပြင် လှုပ်ရှားပုံတွေဆိုရင်လည်း နူးညံ့ကြပါတယ်။

နေရာတစ်နေရာရောက်ပြီဆိုရင် သူတစ်ယောက်ရဲ့ ဘဝအနေအထားနဲ့ သူ့ခြေလှမ်းပုံ အမြဲ အကဲခတ်မိပါတယ်။

ချမ်းသာကြသူများရဲ့ခြေသံဟာ တကယ့်ကို နူးညံ့လိုက်ပါဘိ။

သူတို့ ခြေလှမ်းတာကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် ပြန်သတိထားကြည့်မိပါတယ်။ လိမ်ပြောတောင် မလုံချင်ပါဘူး။

ဟာ- ငါ့ခြေလှမ်းတွေများ ဘယ်လိုဖြစ်နေပါလိမ့်။ ဖနောင့်သံကြီးထွက်နေလား။ ရှပ်တိုက်များ သွားလား။ ခြေသံများပြင်းသွားလား ဆိုပြီး ချက်ချင်း သတိထားမိပါတယ်။

ဟိုးတုန်းကတည်းက၊ ခပ်ငယ်ငယ်ကတည်းက ခြေနင်းမကြမ်းဖို့ အမေအမြဲ ဆုံးမသွန်သင်ခဲ့ဖူးပါတယ်။ ခြေနင်းကြမ်းရင် ဆင်းရဲတာရှည်တတ်တယ် ဆိုတာ ဘာကို ပြောလို့ပြောနေမှန်း မသိပါဘူး။

အခုမှပဲ ဩော်- လူကြီးသူမတွေ ပြောပြောနေတဲ့စကားတွေဟာ တကယ် လက်တွေ့တွေ ဖြစ်လာတာပါပဲလားဆိုပြီး အံ့ဩရတာတွေ၊ လေးစားလွန်းလို့ ဦးတင်ရတာတွေ ဖြစ်လာရပါတော့တယ်။

တကယ်ပါ။

ဘယ်လောက်ပဲ ချမ်းသာနေ ချမ်းသာနေ၊ ခြေသံပြင်းပြင်းလှမ်းတတ်တဲ့သူတွေဟာ အကြောင်းအမျိုးမျိုးနဲ့ကို ဘဝတစ်ဆစ်ချိုးတွေ ပြောင်းသွားကြရတာများပါတယ်။

လူကြီးသူမတွေရဲ့ ဆိုဆုံးမမှုကြားမှာ ကြီးပြင်းလာခဲ့ရတဲ့အခါကျတော့ ဒါလေးတွေ သိရ၊ ဆင်ခြင်ရပါတယ်။

ဩော်- ဒါ မသင့်တော်ဘူး၊ ဒါ သင့်တော်တယ်။

ဒီလိုတွေ သိထားတော့ ဆင်ခြင်လို့ ရလာပါတယ်။

ခုလည်း တကယ်လို့များ သံယောဇဉ်ရှိရတဲ့သူတွေ၊ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ အသိတွေမှာများ အဲ့သလို ခြေသံ တဒုန်းဒုန်းနဲ့ လျှောက်တတ်တဲ့သူတွေတွေ့ရင် လက်တို့ပြီးပဲဖြစ်ဖြစ်၊ အကျိုးအကြောင်းလေး ရှင်းပြပြီးပဲ ဖြစ်ဖြစ် အကြံပေးလိုက်ပါ။

တစ်ယောက် သိပြီးရင် နောက်တစ်ယောက် ဆင့်ပွားလို့ရတာပေါ့။

မသိသေးရင် သိသွားမှာပေါ့။

လူတစ်ဖက်သားရဲ့ ကောင်းခြင်းအတွက် အကြံကောင်းပေးတာဖြစ်လို့ တကယ်လည်း ကုသိုလ်ရပါတယ်။

ပြောမယ်ဆို သူ့အကျိုးအတွက် ပေးတဲ့အကြံပဲ။

ကုသိုလ်ရပါတယ်။

ဒါဖြင့်. . .

ထပ်ပြီး ကောင်းခြင်းကလေးတွေ ပွားလိုက်ရအောင်။

❂

တချို့ မြင်ဖူးပါလိမ့်မယ်။

ထမင်းစားရင် ပလုတ်ပလောင်း စားတာ။

စားရုံတင်မကပါဘူး၊ ပလုတ်ပလောင်းကြီးနဲ့ ဝူးဝါး ဝူးဝါး စကားပြောကြတာ မြင်ဖူးမှာပါ။

ဒီလိုလူတွေကို လေ့လာကြည့်ပါ။

ဘဝကို ကြမ်းတမ်းခက်ထန်စွာနဲ့ လျှောက်လှမ်းနေကြရတဲ့သူတွေ များပါတယ်။ ဘဝမလှကြပါဘူး။

ဒီနိမိတ်ဟာ မကောင်းပါဘူး။

အတင်းပြူးပြဲပြီး ပါးစပ်ထဲ ထိုးသွတ်၊ ဝူးဝါးဝူးဝါးနဲ့ ပြောဆိုတာဟာ နောက်ကြောင်းမအေးသလိုမျိုးကြီး ဖြစ်နေလို့ပါပဲ။

ပူစရာ၊ ကြောက်စရာ၊ ထိတ်လန့်စရာ၊ ကျော့မလုံစရာတွေကြောင့် ဒါလောက်ကြီးဖြစ်နေရသလိုပါပဲ။

မှန်မှန်လေး စားတဲ့ စားသုတ်သုတ်ဆိုတာက တစ်မျိုးပါ။

ခုနလို ဝူးဝါး ဝူးဝါးကြီးဖြစ်အောင် စားကြ၊ ပြောကြသူတွေကို လေ့လာကြည့်ပါ။

အောင်မြင်ခြင်း၊ ကြီးပွားချမ်းသာခြင်းဆိုတာ သူတို့နဲ့မိုင်ပေါင်းများစွာဝေးနေသလိုပါပဲ။

မိဘတွေ တည်ထောင်ထားတဲ့ စီးပွားရှိခဲ့ရင်တောင် သူတို့လက်ထက်မှာ ကုန်တာများပါတယ်။

သူတို့ဟာ အကြောင်းမရှိဘဲနဲ့အကြောင်းရှာပြီး တွေးပူတတ်ကြတဲ့သူတွေပါ။ စဉ်းစားမှုများတဲ့သူတွေပါ။ ဘာမှမလုပ်ခင်ကတည်းက ဘာမှဖြစ်မလာနိုင်ပါဘူးဆိုပြီး ပျော့ညံ့ညံ့စိတ်တွေ ရှိသူတွေများပါတယ်။

တကယ်ကို ချမ်းသာ ကြီးပွားကြတဲ့သူတွေ ထမင်းစားပုံ တော်တော်များများကို မြင်ခဲ့ဖူးပါတယ်။ လေ့လာခဲ့ဖူးပါတယ်။ မြင်လည်းမြင်နေပါတယ်။ လေ့လည်းလေ့လာပါတယ်။

စားတာသောက်တာ အသံတောင် မကြားရပါဘူး။

နူးညံ့သိမ်မွေ့လိုက်တာမှ အဲဒီ သူစားနေတာကိုတောင် မေ့နေလောက်အောင်၊ သတိမရလောက်အောင် နူးညံ့ပါပေတယ်။

ဇွန်းသံ၊ ပန်းကန်သံများ ကြားဖို့အဝေးကြီး။

လက်ယူပုံ၊ စားပုံ၊ ဟင်းခပ်ပုံက အစ တော်တော်လေးကို သပ်ရပ်ပြီး နူးညံ့လွန်းလှပါတယ်။

အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ စီးပွားတက်ပြီးရင်း တက်ရင်းပါပဲ။

တဖြည်းဖြည်း ပြည့်လာကြတာချည်းပါပဲ။

ဒါကြောင့်-

လူကြီးသူမတွေနဲ့ ထမင်းစားတဲ့အခါ-

ဟဲ့- ပလုတ်ပလောင်းကြီးမစားနဲ့၊ အပူသည် စားသလိုမျိုးကြီး။ ဆင်းရဲတတ်တယ်။

ဟဲ့- ပလုတ်ပလောင်းကြီးနဲ့ စကားမပြောနဲ့၊ ဆင်းရဲတတ်တယ်။

ဟဲ့- လက်ကြီးထောက်ပြီး မစားနဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဟဲ့- ဘယ်လိုမစားနဲ့ ညာလိုမစားနဲ့ ဆိုပြီး ဆုံးမကြတာတွေ အများကြီး မှတ်သားခဲ့ရပါတယ်။

တကယ် ကျေးဇူးကြီးပါတယ်။

ဒီလို ဆိုဆုံးမစကားတွေကို လက်တွေ့ နာယူမှတ်သားလာတဲ့အခါ လက်တွေ့ ကောင်းကျိုးဝေဖြာလာတာတွေ၊ ဘဝအဆင့်ဆင့် မြင့်တက်လာတာတွေ အများကြီးပါပဲ။

သက်ပြင်းတွေကို အကြောင်းမရှိဘဲ တဟင်းဟင်းချနေတာကို ပြင်လိုက်တာနဲ့၊

ခြေသံတဒုန်းဒုန်းဖြစ်နေတာကြီးကို ဆင်ခြင်လိုက်တာနဲ့၊

ပလုတ်ပလောင်းနဲ့ ဝူးဝါး ဝူးဝါး စကားပြောဆိုတာကြီးကို ဆင်ခြင်လိုက်တာနဲ့. . .

ဘဝရဲ့အောင်မြင် တိုးတက်မှု တံခါးတွေ ပွင့်သွားသလိုပါပဲ။

မကြီးပွားရခြင်း အကြောင်းတွေ ကိုယ်နဲ့မဆိုင်တော့သလိုပါပဲ။

ကျော်ကြားမှု၊ အောင်မြင်မှု ဆိုတာတွေဟာ ဘယ်လိုဘယ်လို ဖြစ်လာတာပါလိမ့် ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အံ့သြနေရပါလိမ့်မယ်။

ဒါ လက်တွေ့အတွက် အကောင်းဆုံးပါပဲ။

ယုံကြည်ခြင်း၊ မယုံကြည်ခြင်း ဆိုတဲ့ စိတ်ကူးယဉ်တွေနဲ့ဆိုင်တဲ့ ကိစ္စ မဟုတ်ပါဘူး။ လက်တွေ့အကျိုးများတဲ့ အကြောင်းတွေပါ။

ကောင်းပါပြီ၊

ဒီလိုဆိုရင် မီးဖိုချောင်ဘက်ဆီ စောင်းငဲ့ကြည့်လိုက်ပါဦး။

စားလို့ မရတော့လောက်အောင် အနံ့တွေ ထွက်နေတဲ့ ဟင်းအသိုးတွေကို ထမင်းစားပွဲမှာ ဆက်ပြီး ရက်ကူးအောင်ထားထားတဲ့နေရာမျိုးရောက်ရင် အဲဒီအိမ်မှာ လေ့လာကြည့်လိုက်ပါ။

အိမ်ထောင်ရှင် အမျိုးသမီးဟာ တစ်ခုမဟုတ်တစ်ခုဆိုသလို ထူးခြားနေတာ တွေ့ရပါလိမ့်မယ်။

ကျန်းမာရေး ဟိုဟာဖြစ်လိုက်၊ ဒီဟာဖြစ်လိုက်နဲ့ ချူချာနေတာပဲနော်လို့ တစ်ခွန်းတည်း ပြောကြည့်လိုက်ပါ။

အံ့သြသွားပါလိမ့်မယ်။

ဒါ အံ့သြစရာ မဟုတ်ပါဘူး။

ထမင်းစားပွဲဆိုတာ အသိုးတွေ မရှိသင့်ပါဘူး။

မရှိအောင်ကို သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းထားရမယ့်နေရာပါ။

ဘာလို့လဲဆိုတော့ မိသားစုကျန်းမာခြင်းတွေ ပြည့်စုံအောင် ကောင်းမွန်သန့်ရှင်းတဲ့ အာဟာရတွေသာ ရှိနေရမယ့်နေရာမို့လို့ပါပဲ။ အင်မတန်မှ သန့်ပြန့်ရမယ့်နေရာပါ။

ဘာအနံ့အသက်မှကို မရှိအောင် သန့်နေရမယ့်နေရာပါ။

ဒီလို စားပွဲပေါ်မှာ အုပ်ထားတဲ့ အုပ်ဆောင်းကို ဖွင့်လိုက်တာနဲ့ အနံ့မခံနိုင်လောက် သိုးကျိနေတဲ့ဟင်းတွေ မရှိသင့်ပါဘူး။

အုပ်ဆောင်းကို မဖွင့်ဘဲ အနံ့ထွက်နေတာမျိုးလည်း မထားသင့်ပါဘူး။

ကောင်းမွန်သန့်ရှင်းတဲ့ အာဟာရဟာ ဣဋ္ဌပါပဲ။ ကောင်းခြင်းပါပဲ။ ဣဋ္ဌဆိုတဲ့ ကောင်းခြင်းရန့်တွေနဲ့သာ ပြည့်စုံနေရမယ့်နေရာမှာ အပုပ်အသိုး ရှိနေတာဟာ မကောင်းပါဘူး။

ပုပ်ခြင်း၊ သိုးခြင်းဟာ အနိဋ္ဌပါ။ မကောင်းပါဘူး။

လတ်ဆတ်ခြင်းတစ်ခု ရပ်ဆိုင်းသွားတာပါ။

ဒီလို ကောင်းမွန် သန့်ရှင်းတဲ့နေရာကို ဖန်တီးတာဟာ အိမ်ထောင်ရှင် အမျိုးသမီးဖြစ်တဲ့အတွက် ဒီလိုနေရာမျိုးမသန့်ရှင် သူနဲ့ဆိုင်သလို သက်ရောက်သွားတတ်ပါတယ်။ ဒါ့ကြောင့် ချူချာတတ်ပါတယ်။ အလိုမကျတွေဖြစ်တတ်ပါတယ်။

တစ်ခါက-

အိမ်တစ်အိမ်မှာ အဲဒီလိုမျိုးတွေ အမှတ်မထင်သွားတွေ့တော့ သူတို့အိမ်ကိုသွားတဲ့ အကြောင်းရင်း အဖြေကို ချက်ချင်း သိလိုက်ရပါတယ်။ အဲဒီ အိမ်က အိမ်ရှင်ရဲ့ဇနီးဟာ အမြဲလိုလိုချူချာနေလို့ ဘာများမှားနေလို့ပါလိမ့်ဆိုပြီး သွားတဲ့အသွားပါ။

ဟိုရောက်တော့ ခုနလိုမျိုး ဟင်းသိုးချန်တာတွေ တွေ့ရတော့ ဘာလုပ်ဖို့ထားတာလဲ ဆိုပြီး မေးကြည့်လိုက်ပါတယ်။

ရည်ရွယ်ချက်မရှိပါဘူး။

ဪ- မသွန်ဖြစ်သေးတာပါလို့ ပြောပြီးမှ ယူသွန်လိုက်ပါတယ်။ သူ့ခင်ပွန်းကပြောပါတယ်။ မနက် မနက်ဆို ဒီလိုပဲ၊ ဟင်းအသိုးနံ့တွေ အရမ်းထွက်တာပဲတဲ့။ ချက်ချင်း သွန်မပစ်ဘူးတဲ့။

ကဲ- နောက်နေ့ကစပြီး ဟင်းအသိုးတွေ မထားနဲ့တော့။ စားလို့မရတော့ဘူးဆိုရင် သွန်လိုက်တော့။ ထမင်းစားပွဲဟာ လတ်ဆတ်သန့်ရှင်းတဲ့ဟင်းရနံ့တွေနဲ့ပဲ မွှေးကြိုင်နေပါစေလို့ ပြောပြီးတဲ့နောက်ပိုင်း အဲဒီ အိမ်ထောင်ရှင် အမျိုးသမီးဟာ ကျန်းမာရေးကောင်းလာပါတော့တယ်။ အရင်လို ဟိုဟာဖြစ်လိုက်၊ ဒီဟာဖြစ်လိုက် မဖြစ်တော့ပါဘူး။ သူတို့ကိုယ်တိုင်လည်း တအံ့တသြနဲ့ ခုထိ ပြောလို့မဆုံးပါဘူး။

ဆရာ ဒါလေး ပြောလိုက်ပြီးတဲ့နောက်ပိုင်း တော်တော့်ကို ပြောင်းလဲသွားခဲ့ရပါတယ် ဆိုပြီး ခဏခဏ ပြောကြပါတယ်။ လူတွေ့တိုင်းလည်း ပြောကြတုန်းပါပဲ။

မှန်ပါတယ်။

ရုတ်တရက်ကြည့်ရင်တော့ ဒါလေးပါပဲ။ စကားလေးတစ်ခွန်းပါပဲ။ 'ဒီစားပွဲမှာ ဟင်းသိုးတွေ မရှိစေနဲ့' ဆိုတဲ့ စကားလေးတစ်ခွန်းပါပဲ။ ဒါပေမယ့် အဲဒီ ဒါလေးကို ပြောနိုင်ဖို့ နှစ်ပေါင်းများစွာ လေ့လာခဲ့ရပါတယ်။ စောင့်ကြည့်ခဲ့ရပါတယ်။ အချိန်တွေ အများကြီး ပေးဆပ်ခဲ့ရပါတယ်။

ပြောလိုက်တော့ တစ်ခွန်းတည်းပါပဲ။

အဲဒီလို ပြောပြောပြခဲ့ရတဲ့သူတွေ မနည်းတော့ပါဘူး။

ဒါလေးပါ။

ဘာမှ သိပ်ခဲခဲယဉ်းယဉ်း လုံ့လစိုက်ထုတ်လုပ်ရတာမျိုး မဟုတ်ပါဘူး။

ဒါပေမယ့် အကျိုးများလှပါတယ်။

ဒါ့ကြောင့်-

တစ်ဦးထက်မက အများကြီး သိသွားကြစေချင်လို့ မေတ္တာ များစွာနဲ့ အကြံပြုလိုက်ရတာ ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်ရော၊

ကိုယ့်ရဲ့အနီးဆုံးမှာပါ သက်ပြင်းတွေများ အကြောင်းမဲ့ တဟင်းဟင်းနဲ့ချနေသေးသလား။

ခြေနင်းသံ တဒုန်းဒုန်းနဲ့ ပြင်းလွန်းနေသေးသလား။

ပလုတ်ပလောင်းကြီး စားရင်း ဝူးဝါးဝူးဝါးနဲ့ စကားပြောဖြစ်နေသေးလား။

ကောင်းမွန် သန့်ရှင်းနေရမယ့် ထမင်းစားပွဲမှာ ဟင်းအသိုးတွေများထားနေသေးလား။

သတိလေးထား ကြည့်လိုက်မိပြီဆိုရင်ပဲ. . .။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

# ရာသီခွင်အလိုက် ဘာဝဖြစ်စဉ်များ

ဦးအောင်လှိုင်(သုဝဏ္ဏ)




## မေထုန်ရာသီ
## The Twins
## (Gemini)

**မေလ (၂၂) ရက်မှ ဇွန်လ (၂၁) ရက်အတွင်း မွေးဖွားသူများ**

ဆွေမျိုးဉာတိ၊ ဉာဏ်ပညာတို့ကို ကိုယ်စားပြုဖော်ပြသည်။ လူအများနှင့် ဆက်စပ်မှုကို ဖော်ပြသည်။ ခရီးတိုသွားခြင်း၊ စာပေရေးသားခြင်းတို့ကို ဖော်ပြသည်။ အရာရာကို နှစ်ခုရှာဖွေ၊ နှစ်ခုလုပ်တတ်သည့်သဘော ရှိသည်။ အချိန်မရွေး 'ပြောင်းလဲခြင်း' ဖြစ်နိုင်သော အသွင်မတူသော အရာနှစ်ခုကို ပိုင်ဆိုင်ထားသည်။ အမြွှာပူးရုပ်ပုံဖြင့်ဖော်ပြ၍ အင်အားချင်းညီမျှခြင်း၊ နှစ်မျိုးနှစ်ခွဖြစ်ခြင်းတို့ကို ဖော်ညွှန်းပါသည်။ ဝါယောလေဓာတ်ကို ကိုယ်စားပြုသည်။ ချစ်ခြင်းမေတ္တာဖလှယ်ခြင်း၊ စိတ်ကူးအတွေးများလဲလှယ်ခြင်း၊ စာနာထောက်ထားခြင်းတို့ကို ညွှန်ပြသည်။

မေထုန်ရာသီများ၏သဘာဝအရ ယနေ့ ဒီနေရာတွင် ရှိနေသော်လည်း နောက်တစ်နေ့၌ အခြားတစ်နေရာသို့ ရောက်ရှိနေတတ်သည်။ မေထုန်ရာသီဖွား Gemini သည် အဝတ်အစားပြောင်းလဲဝတ်ရုံသာမက အလုပ်အကိုင်၊ အချစ်ရေး၊ နေထိုင်ရာအိုးအိမ်မှအစ အရာရာ ပြောင်းလဲတတ်သည့်အပြင် စိတ်ထားအနေဖြင့်လည်း အပြောင်းအလဲအလွန်မြန်သူများ ဖြစ်ကြသည်။ စာအုပ်၌ စိတ်ဝင်စားပြီဆိုပါက နေ့၊ ည မနားတမ်း တောက်လျှောက် ပြီးပြတ်အောင် ဖတ်တတ်ကြသည်။

၎င်းရာသီဖွားတို့နောက်မှ (အကြောင်းကိစ္စဖြင့်) လိုက်ရသောသူသည် ၎င်း၏ စိတ်အပြောင်းအလဲမြန်ခြင်းဒဏ်ကို ကျိန်းသေ ခံစားရတတ်ပါသည်။

မေထုန်ရာသီဖွားများအနေဖြင့် စိတ်ပိုင်နိုင်စွာ မဆုံးဖြတ်နိုင်သူများအပေါ် လုံးဝ သည်းခံနိုင်စိတ် မရှိကြပေ။ မေထုန်ရာသီဖွားတို့သည် ခန္ဓာကိုယ်တည်ဆောက်ပုံအရ အများအားဖြင့် ပိန်သွယ်ပါးလျလျက် ပေါ့ပါးသွက်လက်ကြသူများဖြစ်ကာ အတော်အတန် အရပ်ရှည်တတ်ကြသည်။ အနည်းငယ်သော မေထုန်ရာသီဖွားများသာလျှင် အရပ်ပုတတ်သည်။ မေထုန်ရာသီဖွားများသည် နေနှင့်အနီးဆုံးဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်၏ စိုးမိုးခြင်းခံရခြင်းကြောင့် အစိမ်း၊ အပြာ၊ မီးခိုး အစရှိသော မျက်လုံးပိုင်ရှင်များဖြစ်တတ်သည်။

မေထုန်ရာသီဖွားတို့၏ စရိုက်လက္ခဏာအရ ၎င်းတို့မျက်လုံးအား အရာဝတ္ထုတစ်ခုတည်းအပေါ်တွင် ပုံသေအာရုံစိုက်ကြည့်ခြင်းမရှိတတ်ဘဲ စက္ကန့်ပိုင်းအချိန်အတွင်းမှာပင် ဘေးဝန်းကျင်ဝဲ, ယာသို့ မျက်လုံးကစားလေ့ရှိသည်။ အမြဲတစေ နိုးကြားဖျတ်လတ်မှုကို ဖော်ပြသည်။ မျက်လုံးကစားတတ်ခြင်း အလေ့အထကြောင့် ၎င်းတို့အား မေထုန်ရာသီဖွားများအဖြစ် လွယ်ကူစွာ ခွဲခြားသိနိုင်သည်။ အသားအရေဖြူရော်ရော် ရှိတတ်သည်။ နေလောင်လွယ်သည့်အသားအရေပင် ဖြစ်သည်။ ရေခဲပြင် (ဆီးနှင်းလျှော) စီးခြင်းကြောင့် လေပြင်းအတိုးခံရခြင်း၊ နွေရာသီ၌ အပြင်ထွက်ခြင်းကြောင့် အသားနေလောင်ခြင်းများ မကြာခဏ ဖြစ်ပွားတတ်သည်။

မေထုန်ရာသီဖွားတို့၏ ဆံပင်သည် မည်းနက်မှောင်ခြင်း (သို့) အရောင်ဖျော့ချင်း နှစ်မျိုးစလုံးရှိနိုင်သည်။ နှာတံ ဖြောင့်စင်းရှည်လျားတတ်သည်။ နဖူးပြင် မောက်တတ်သည်။ မေထုန်ရာသီဖွားတို့အား စကားစစ်ထိုးရန်၊ ဉာဏ်ပါသောပြိုင်ဆိုင်မှုတစ်ခုခုလုပ်ရန် စိန်ခေါ်သူအတွက် အမှားတစ်ရပ်ကို ကျူးလွန်လိုက်သည်ဟုပင် ဆိုနိုင်ပါသည်။ အကြောင်းမှာ ၎င်းရာသီဖွားများသည် နေရာအမျိုးမျိုးရောက်ဖူးခြင်းနှင့် အခြေအနေအမျိုးမျိုးတို့နှင့် ရင်ဆိုင် တွေ့ကြုံခဲ့ဖူးခြင်းကြောင့် အသိဉာဏ်ပညာမျိုးစုံရှိနေသောကြောင့်ပင် ဖြစ်သည်။

မေထုန်ရာသီဖွားတစ်ဦးနှင့် တွေ့ဆုံစကားပြောဖူးသူတစ်ဦး၏ အတွေ့အကြုံအရ ၎င်းရာသီဖွားများသည် စကားပြောရာ၌ ခေါင်းစဉ်တစ်ခုမှ အခြားခေါင်းစဉ်တစ်ခုသို့ပြောင်းလဲ၍ ရောက်တတ်ရာရာ (စိတ်ဝင်စားဖွယ်) ပြောနိုင်သူများဖြစ်ကြောင်း သိရှိရသည်။ အထူးသဖြင့် အချစ်ရေး၌ ၎င်းနှင့် ပတ်သက်မိသူမှန်သမျှ အံ့သြစရာများနှင့် တွေ့ကြုံရမည် ဖြစ်သည်။ မေထုန်ရာသီဖွားအမျိုးသမီးဖြစ်ပါက စိတ်ဝင်စားဖွယ်ကောင်းသော မျက်နှာအပြင်အဆင်ပုံစံနှင့် သွက်လက်ချက်ချာမှုကို အထင်းသား တွေ့ရပါမည်။

၎င်းရာသီဖွားတို့၏ ထူးခြားသောဂုဏ်အင်မှာ သာမန်လူတစ်ဦးအဖို့ အလုပ်တစ်ခုအား တစ်ချိန်တည်းတွင် ပြီးပြတ်အောင် အနိုင်နိုင်လုပ်နေရသော်လည်း မေထုန်ရာသီဖွားတို့က တစ်ချိန်တည်း၌ အလုပ်နှစ်ခုကို ပြီးပြတ်အောင် လုပ်နိုင်စွမ်းရှိကြခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် မိမိကလေး (ရင်သွေးငယ်) အား ထမင်းကျွေးရင်း တယ်လီဖုန်းပြောတတ်သူများပင် ဖြစ်သည်။ ထို့ကြောင့် မေထုန်ရာသီဖွားတို့သည် မွေးလာကတည်းက လက်အတွင်း၌ တယ်လီဖုန်းကိုင်လျက်ပါလာသူများဖြစ်သည်ဟု အချို့က တင်စားပြောဆိုကြသည်။

မေထုန်ရာသီဖွားတို့သည် အလုပ်ခွင်မှ အိမ်ပြန်ရာ၌လည်း နောက်ကျလေ့ရှိတတ်သည်။ အကြောင်းမှာ အိမ်အပြန်လမ်းတွင် မိမိစိတ်ကူးပေါ်လာရာ



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စအတွက် လည်းကောင်း၊ အခြားအာရုံစိုက်စရာ အလုပ်ကိစ္စတစ်ခုခုအတွက် လည်းကောင်း နေ့, ညမရွေ့ဘဲ တစ်ဆက်တည်း သွားရောက် လုပ်ကိုင်(လက်စသတ်)လေ့ရှိတတ်သောကြောင့်ပင် ဖြစ်သည်။ အကယ်၍ သင့်ထံ၌ မေထုန်ရာသီဖွားမိတ်ဆွေတစ်ဦး ရှိပါက ၎င်းနှင့်ပတ်သက်သမျှ အတွေ့အကြုံပေါင်းစုံ စုပြုံရရှိပါလိမ့်မည်။

မေထုန်ရာသီဖွားတို့အနေဖြင့် ၎င်းတို့၏ အလုပ်များစွာလုပ်ရသော ဦးနှောက်အား သာမန်ထက် ပိုမို အနားပေးသင့်ပါသည်။ အိပ်စက်အနားယူမှုနှစ်ဆ ပြုလုပ်ပေးခြင်းဖြင့် ဦးနှောက်ရှိဆဲလ်များ ပြန်လည် ရှင်သန်လာနိုင်စေပြီး လာလတ္တံ့သော ကိစ္စဝိစ္စအားလုံးအတွက် အရန်သင့်ဖြစ်နေပါမည်။ အတွင်းစိတ်အခြေအနေအရ စိတ်တိုတတ်သူများ ဖြစ်ပါသည်။ မေထုန်ရာသီဖွားတို့သည် စိတ်နှယ်ပယ်ချဲ့ထွင်တတ်သူများဖြစ်ကြသည်။ မျက်လုံးအစုံမှာစူးရှထက်မြက်ပြီး လိမ္မာကျွမ်းကျင်မှုများကလည်း အမျိုးစုံလှသည်။ ကြိုးစားစမ်းသပ်ခြင်းမပြုရသေးသော ကိစ္စရပ်များအား ဦးစားပေး ဆောင်ရွက်ရန် အဟောင်းဟူသမျှကို စွန့်ပယ်တတ်ပါသည်။

၎င်းရာသီဖွားများသည် မိမိအနီးဝန်းကျင်ရှိလူများထဲမှ မိမိအပေါ် နားလည်ပေးနိုင်သူကိုသာ ရင်တွင်းခံစားချက်များ ဖွင့်ဟတတ်ကြသည်။ အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ ငွေရောင်နှင့် မီးခိုးရောင် အစရှိသည့် အရောင်များကိုသာ ဝတ်ဆင်တတ်ကြသည်။

**မေထုန်ရာသီဖွား (အမျိုးသား)**

အချစ်ရေး၌ နွေးထွေးလုံခြုံမှုကို ရရှိသူ ဖြစ်သည်။ သင်သည် မေထုန်ရာသီဖွား ဖြစ်ပါက သင်အလိုရှိချိန်၌ သင်ဖြစ်စေလိုသောဆန္ဒနှင့် သင်တွေ့လိုသူတို့အား တစ်ခဏအတွင်း တွေ့ရမည် ဖြစ်သည်။ စရိုက်လက္ခဏာနှစ်မျိုးနှစ်စား ပိုင်ဆိုင်ထားသည့် မေထုန်ရာသီဖွားများသည် သည်းမခံတတ်ခြင်း၊ အဝေဖန်မခံနိုင်ခြင်း၊ စိတ်ကောက်ခြင်း၊ စိတ်ဆတ်တတ်ခြင်းသဘော ရှိပါသည်။

သင့်အနေဖြင့် မေထုန်ရာသီဖွား အမျိုးသားမိတ်ဆွေတစ်ဦးနှင့်အတူ ပန်းချီပြခန်းများ၊ ကပွဲရုံများ၊ ပြတိုက်များ၊ စာကြည့်တိုက်များသို့ အတူသွားရောက်လေ့လာ ကြည့်ရှုပါက ၎င်းရာသီဖွား၏ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝပုံနှင့် ၎င်းရာသီဖွား၏ အရာရာကို စိတ်ဝင်တစား ကျယ်ပြန့်စွာ လေ့လာတတ်ပုံတို့ကို အံ့သြဖွယ် တွေ့ရပါမည်။ မေထုန်ရာသီဖွားတို့အနေဖြင့် မနေ့တစ်နေ့က ကိစ္စရပ်များကို ပြန်လှန်သုံးသပ်နေခြင်းတရခြင်းမရှိသလို မလာသေးသည့် မနက်ဖြန်ဆိုသော အနာဂတ်အတွက်လည်း ကြိုတင်ပြင်ဆင် တွေးပူတတ်ခြင်း လုံးဝမရှိပါ။ အခြေအနေ အချိန်အခါအရ လိုအပ်လျှင် လိုအပ်သလို (ပုံသေမထားရှိဘဲ) ပြောင်းလဲပစ်နိုင်စွမ်းရှိသူများ ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ်၏သက်ရောက်စိုးမိုးမှုကိုခံရသော မေထုန်ရာသီဖွား အမျိုးသားများသည် ရုပ်ရှင်ထုတ်လုပ်သူ (သူဌေး) များဖြစ်တတ်ပြီး အမျိုးသမီးဖြစ်ပါက နာမည်ကျော် ရုပ်ရှင်မင်းသမီးများ ဖြစ်တတ်ကြသည်။

မေထုန်ရာသီဖွားတို့သည် မိတ်ဟောင်းဆွေဟောင်းများအား (မလိုအပ်သော) အချိန်၌ ခေတ္တဘေးဖယ်ထားတတ်သည်။ ယင်းမှာ နှလုံးသားမရှိသူကဲ့သို့ ဥပေက္ခာပြုခြင်းမဟုတ်ဘဲ ၎င်း၏ ပုံသေမရှိသော ပင်ကို စရိုက်လက္ခဏာအရ မရပ်မနားတမ်း ရှေ့သို့ ဆက်လက်၍ အသိုင်းအဝန်းချဲ့ထွင်တတ်ခြင်းပင် ဖြစ်သည်။ အတိတ်တစ်ချိန်က ရှိခဲ့ကြုံခဲ့ဖူးသော နေရာဟောင်း၊ အသိဟောင်း၊ မိတ်ဆွေဟောင်းများနှင့်အဖြစ်အပျက်ဟောင်းများအား တွယ်တာနေတတ်ခြင်း မရှိပေ။

မေထုန်ရာသီဖွား အမျိုးသားများသည် တစ်ကြိမ်ထက်မနည်း အိမ်ထောင်ပြုတတ်ကြသည်။ အိမ်ထောင်ပြုပါကလည်း မိမိထက် ငယ်ရွယ် နုပျိုသူများအား ရွေးချယ်တတ်သည်။ အထက်ပါ စရိုက်လက္ခဏာများအား မေထုန်ရာသီဖွား အများစုတွင် တွေ့ရတတ်သော်လည်း မေထုန်ရာသီဖွားအမျိုးသားတိုင်း ဇနီးနှစ်ဦး မရှိတတ်သည်ကို ခြွင်းချက်အဖြစ် လေ့လာတွေ့ရှိရပါသည်။

မေထုန်ရာသီဖွား အမျိုးသားတို့သည် မူကွဲအရည်အချင်းနှစ်မျိုး ပိုင်ဆိုင်ထားသည့်အလျောက် ကားနှစ်စင်း၊ အိမ်ခန်းနှစ်ခန်း၊ ဘွဲ့ဒီဂရီနှစ်ခု၊ အလုပ်အကိုင်နှစ်ခု၊ အိပ်မက်နှစ်မျိုး၊ အိမ်မွေးတိရစ္ဆာန်နှစ်ကောင်၊ ဝါသနာနှစ်ရပ်၊ ရည်ရွယ်ချက်နှစ်ခု စသည်ဖြင့် နှစ်မျိုးနှစ်စား ပိုင်ဆိုင်ထားသူများ ဖြစ်ကြသည်။ မေထုန်ရာသီဖွားများသည် အစပိုင်းတွင် လွန်စွာရက်ရောလျက် ပေးကမ်းစွန့်ကြဲမွေးလေ့ရှိကြသော်လည်း ရုတ်တရက် စိတ်ပြောင်းကာ ကပ်စေးနှဲသွားတတ်သည်လည်း ရှိပါသည်။

၎င်းရာသီဖွားများသည် ဖိလာဆန့်ကျင်ရသောကိစ္စ၊ ရောနှောရသောကိစ္စများကို လိုလားနှစ်သက်ကြသည်။ ဆန့်ကျင်ဘက်လိင်(အမျိုးသမီး)များကို ထူးထူးခြားခြား ဆွဲဆောင်နိုင်ကြသည်။

မေထုန်ရာသီဖွား (အမျိုးသား)များသည် ရုပ်ရှင်ထုတ်လုပ်သူများ၊ အဆိုတော်များ၊ သဘောသားများ၊ ရှေ့နေများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဖွဲ့အစည်း၏ဥက္ကဋ္ဌများအဖြစ် ထင်ပေါ်ကျော်စောကြသည်။

သင်သည် မေထုန်ရာသီဖွား မိန်းကလေးနှင့်ပတ်သက်ပါက သူမအနေဖြင့် သင့်ထံမှ သနားညှာတာမှုကိုသာ လိုလားပြီး ဒေါသကို လက်ခံမည်မဟုတ်ပေ။ ၎င်းရာသီဖွားမိန်းကလေးများသည် စွန့်စားစွာ လုပ်ရခြင်းကို သဘောကျသည်။ ဘဝတွင်ကြုံတွေ့ရသော လောကဓံအခက်အခဲများကို အတော်အတန်ခံနိုင်ရည်ရှိကြပြီး လောကဓံ၏ သားကောင်များ အဖြစ်မခံကြပေ။

**မေထုန်ရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွား အမျိုးသမီးတို့၏ စိတ်အစဉ်သည် အမြဲတစေ တည်ငြိမ်ခြင်းမရှိဘဲ လွင့်မျော လျှောက်သွားနေတတ်သည်။ ဆယ်ကျော်သက်အရွယ်က စိတ်ကစားတတ်ရုံသာမက အရွယ်ရောက်၍ ရင့်ကျက်မှုရှိလာချိန်အထိ အချစ်ရေးကို Game တစ်ခုသဖွယ် ဆော့ကစားတတ်ပါသည်။ သူမ(တို့)အတွက် အချစ်ရေးသည် ဆန့်ကျင်ဘက်လိင် (အမျိုးသား) တို့အပေါ် လွယ်ကူစွာကစားနည်းတစ်ရပ်အဖြစ် အသုံးပြုတတ်ကြသည်။

မေထုန်ရာသီဖွား (အမျိုးသမီး)များသည် လေယာဉ်စီးနိုင်နေသေးသည့်အခြေအနေ၌ ရထားစီးရန် လုံးဝစိတ်ကူး မရှိတတ်ပေ။ စကားပြောနိုင်နေသမျှ ကာလပတ်လုံး တိတ်ဆိတ်ငြိမ်သက်စွာ နှုတ်ဆိတ်နေမည် မဟုတ်ပေ။ သူတစ်ပါးအပေါ် ကူညီနိုင်သောအခြေအနေရှိသမျှကာလပတ်လုံး ရှောင်ဖယ်ပုန်းအောင်းနေတတ်မည် မဟုတ်ပေ။ ထို့အတူ သူမ ပြေးနိုင်သည့်အခြေအနေရှိနေသမျှတွင် လမ်းလျှောက်ရန် လုံးဝစိတ်ကူးမရှိပေ။ ၎င်းရာသီဖွားအမျိုးသမီးတို့၏စိတ်ထဲ၌ စိတ်ကူး အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းများစွာရှိသလို မျှော်လင့်ချက်များ လည်း များစွာ ရှိပေသည်။

**မေထုန်ရာသီဖွား (ကလေးငယ်)**

၎င်းရာသီဖွား ကလေးများသည် အရွယ်နှင့်မလိုက်အောင် သိနားလည် တတ်သည့်သဘောရှိသည်။ ဉာဏ်ရည် များ ထက်မြက်ပြီး စိတ်အားထက်သန် စွာစိုက်စွာ ပြုမူဆောင်ရွက်တတ်ကြပါ သည်။ ၎င်းကလေးငယ်များ၏ တစ်မူ ထူးခြားသော စိတ်ပိုင်းဆိုင်ရာ အခြေ အနေကြောင့် သာမန်လူတစ်ဦးအဖို့ ခေါင်းရှုပ်စရာ ဖြစ်နိုင်ပါသည်။

ကျောင်းနေစဉ်ကာလအတွင်း အ မြဲပြုလျှင် အကောင်မြင်တတ်သည့် ထက်မြက်သောဉာဏ်ရည်ကြောင့် စာ သင်ကြားမှု၌ အခက်အခဲ မရှိပါ။ ထူး ခြားချက်မှာ ၎င်းရာသီဖွား ကလေးများ သည် စာရေးရာ၌ ဘယ်လက်ကို အသုံး ပြုတတ်ပြီး ပုံဆွဲသောအခါ၌ ညာလက် ကို အသုံးပြုကြသည်။ တစ်ခါတစ်ရံ ထက်သည်းကိုက်တတ်သည်။ ၎င်းတို့၏ လက်ချောင်းကလေးများသည် သာမန် အားဖြင့် သေးသွယ်ကာ ပျော့ပျောင်း ညွတ်ကွေးလွယ်တတ်သည်။ ၎င်းသည် ရွှေလက်အတတ်ပညာနှင့် ဂီတ (တူရိ ယာပစ္စည်း) များတီးခတ်မှု၌ ကျွမ်းကျင် သောရှင်အထိ ပေါက်မြောက် အောင် မြင်နိုင်မှုကို ပြသည် သို့မဟုတ် နောင် တစ်ချိန်၌ နာမည်ကျော် ခွဲစိတ်ကုဆရာ ဝန်ကြီးများ၊ သွားဆရာဝန်များလည်း ဖြစ်နိုင်ပါသည်။ တစ်နည်းအားဖြင့် တစ် ဖက်သားအပေါ် ငေးမော ငေးငိုင်သွား အောင် (မထင်မှတ်သော) အံ့ဩစရာ များ လုပ်နိုင်သည့် စွမ်းရည်ကို ပိုင်ဆိုင် ထားသူများပင် ဖြစ်သည်။ အတွေးစိတ် ကူးသဘောနှင့် လက်တွေ့ဖြစ်ရပ်မှန်ကို ခွဲခြားနားလည်ထားသူများ ဖြစ်သည်။ မေထုန်ရာသီဖွားတို့၏ သဘာဝအရ ကလေးများသည် အိမ်စာလုပ်နေသည့် တစ်ချိန်တည်း၌ပင် ရေဒီယို၊ ကက်ဆက် နားထောင်တတ်သူများ ဖြစ်သည်။

အပတ်စဉ် အားလပ်ရက်၌ အပြင် ထွက်ပါကလည်း တစ်ခေါက်နှင့် တစ် ခေါက် တွဲသည့် အပေါင်းအသင်း မထပ် အောင် လူအမျိုးမျိုးနှင့်တွဲတတ်သည်။ အနာဂတ်ကာလအစီအစဉ်များနှင့် ပတ် သက်၍ တစ်ခုတည်းသောရည်ရွယ်ချက် မထားရှိဘဲ အကြိမ် (၁၀၀) မက အ မျိုးမျိုး ပြောင်းလဲလျက်ရှိသည်။ ကား မောင်းရာ၌ အနည်းငယ် ပိုမြန်တတ်



သည်။ မိန်းကလေးဖြစ်ပါက မျက်ရည် လွယ်တတ်သည်။ ထိုသို့သော မေထုန် ရာသီဖွား ကလေးများနှင့် အပေါင်းအ သင်းဖြစ်ရသူအဖို့ စိတ်ပျို ကိုယ်နုစေ သော၊ ရယ်ရွှင် ကြည်နူးစရာကောင်း သောအခြေအနေအမျိုးမျိုးနှင့် ကြုံတွေ့ ရပါမည်။

**မေထုန်ရာသီဖွား (သူဌေး)**

၎င်းရာသီဖွား သူဌေးများသည် ထူးချွန်ထက်မြက်သူ၊ အနားမနေတတ် ဘဲ အလုပ်ကြိုးစားသူ၊ စီမံခန့်ခွဲမှုပိုင်နိုင် သူများ ဖြစ်ပါသည်။ ကုမ္ပဏီအကြီးအ ကဲမှ နိုင်ငံတော်အကြီးအကဲ သမ္မတဖြစ် သည်အထိ တစိုက်မတ်မတ် ထက်မြက် စွာ လုပ်ရည်ကိုင်ရည်ကောင်းသူများ ဖြစ် သည်။ စားပွဲတစ်လုံး၌ တစ်နာရီကြာမျှ သာ ထိုင်နိုင်သော မျိုးမတူသောကိစ္စရပ် မျိုးစုံအား တာဝန်ယူ ကွပ်ကဲရသော သဘော ရှိသည်။ ကွယ်လွန်သူ သမ္မတ ဟောင်း ကနေဒီသည် မသေဆုံးမီကာ လအထိ ကြီးလေးသော တာဝန်များကို ထမ်း၍ နိုင်ငံအား ဦးဆောင်နိုင်ခဲ့သူ မေထုန်ရာသီဖွားတစ်ဦး ဖြစ်သည်။

မေထုန်ရာသီဖွားသည် ဝါယော (လေဓာတ်)အား ကိုယ်စားပြုထားသည် နှင့်အညီပင် တွန်းကန်ခြင်းသဘော၊ ထောက်ပံ့ခြင်းသဘော၊ ထိန်းချုပ်ညှိနှိုင်း ခြင်းသဘောတို့ကို ပိုင်ဆိုင်ထားသည်။ ၎င်းရာသီဖွား သူဌေးများသည် စီမံခန့်ခွဲ မှုဆိုင်ရာ အကြံပေး (အတိုင်ပင်ခံ) လုပ် ရသည်ကိုပင် ပို၍ နှစ်သက်တတ်ကြ သည်။ ၎င်းသူဌေးတို့သည် တစ်ခါတစ်ရံ လှေနံဓားထစ်ဆန်တတ်ပါသည်။ မိမိ အပေါ် မလိုမုန်းတီးသည့်သူများအပေါ် ၌လည်း ကြောက်ရွံ့ ဂရုစိုက်တတ်ခြင်း မရှိပေ။

၎င်းရာသီဖွား သူဌေးများသည် ဘဏ္ဍာရေး၊ စီးပွားရေးကိစ္စများ အောင် မြင်မှုရရှိပြီးနောက်ပိုင်း ရုတ်တရက် ငြီး ငွေ့သွားတတ်ကြသည်။ ၎င်းတို့ စီးပွား ရေးလောကမှအနားမယူမီအချိန်အထိ နောက်ထပ်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှု များအား ရင်ဆိုင်တတ်ပါသည်။

**မေထုန်ရာသီဖွား (အလုပ်သမား)**

လုပ်ငန်းခွင်တစ်ခုအတွင်း မေထုန် ရာသီဖွားအလုပ်သမားတစ်ဦး ရှိခဲ့ပါက ၎င်းသည် စကားမြန်မြန်ပြောတတ်ခြင်း နှင့် မြန်မြန်ဆန်ဆန် စဉ်းစားတွေးတော တတ်ခြင်းကို တွေ့ရပါမည်။ ရုံးဝန်ထမ်း ဖြစ်ပါကလည်း အလုပ်ခွင်အတွင်း အ များနှင့်မတူသော စဉ်းစားဆင်ခြင်ဉာဏ် ရှိသူဖြစ်ကြောင်း တွေ့ရပါမည်။ မျိုးကွဲ စရိုက်လက္ခဏာနှစ်ခုကို ပိုင်ဆိုင်ထား သော မေထုန်ရာသီဖွားသည် အခြား ရာသီခွင်များဖြစ်သည့် (Virgo) (ကန် ရာသီ)၊ Aries (မိဿရာသီ)၊ Leo (သိဟ် ရာသီ)၊ Scorpio (ဗြိစ္ဆာရာသီ) စသည့် ရာသီဖွားများနှင့်ပါ ပေါင်းဖော်လက်တွဲ လေ့ ရှိတတ်သည်။ အရေးကြုံလျှင် ကြုံ သလို ဆုံးဖြတ်ချက်ချနိုင်သူများ ဖြစ် သည်။ အကယ်၍ မေထုန်ရာသီဖွား (အ လုပ်သမား) သည် ပြစ်မှုတစ်စုံတစ်ရာ ကြောင့် အကျဉ်းကျနေသူ ဖြစ်ပါက လည်း အကျဉ်းထောင်အတွင်း အတူနေ သူများ၏ စိတ်သဘောထား မည်သို့ရှိ မည်ဆိုသည်ကို မိမိစိတ်အတွင်း သိလို စိတ်ဖြင့် စူးစမ်းလေ့လာနေတတ်သည်။ မေထုန်ရာသီဖွားအများစုသည် ဖျောင်း ဖျတိုက်တွန်းရန် လိုအပ်သော အမှုကိစ္စ များ၌ ရွှန်းရွှန်းဝေအောင် ပြောတတ်သူ (စကားတတ်သူများ) ဖြစ်ကြသည်။ မိမိ ကိုယ်တိုင် သုံးစွဲရန် စိတ်တိုင်းမကျသည့် ပစ္စည်းတစ်ခုအား မဝယ်ဝယ်ဖြစ်အောင် (ဝယ်ချင်စိတ်ပေါ်အောင်) အထိ တိုက် တွန်း ပြောကြားတတ်ကြသည်ကို ထူး ခြားသောဂုဏ်အင်တစ်ခုအဖြစ် လေ့ လာတွေ့ရှိရသည်။ ထိုအတွက် မေထုန် ရာသီဖွားအလုပ်သမား (ဝန်ထမ်း) တစ် ဦးဦးအား လူအများကြား ပစ္စည်းများ ရောင်းဝယ်ရေးကိစ္စ၌ တာဝန်ပေးအပ် ပါက လုပ်ငန်းအဆင်ပြေ တိုးတက်မှု ရှိ လာမည်။ မေထုန်ရာသီဖွားတို့အတွက် အဘက်ဘက်၌ စိန်ခေါ်မှုများရှိလာပါ က နောက်မတွန့်စတမ်း ရင်ဆိုင်ဖြေရှင်း ရဲကြသည်။

မေထုန်ရာသီဖွားတို့အဖို့ စိတ် ရောကိုယ်ပါ ပင်ပန်းမှုများကြောင့် အ စားထိုး နားနေအိပ်စက်ခြင်း မပြုနိုင်ပါ က အချိန်ကာလကြာလာသည်နှင့်အမျှ ဒဏ်ပိကာ အိပ်မပျော်သောရောဂါ စွဲ ကပ်လာနိုင်ပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ကြာခဲ့ပါပြီ။

(၁၉၇၃-၇၄) ခုနှစ် ဝန်းကျင်က ဖြစ်သည်။ ကျွန်တော်ကျောင်းသားဘဝ မြန်အောင်မြို့ နေခြည် အ. လ. ကတွင် ပညာရင်နို့သောက်စို့စဉ် ကာလ ဖြစ်သည်။ ကျောင်း၏တောင်ဘက်တွင် ထိုစဉ်တုန်းက နေခြည်ဘောလုံးကွင်း ရှိသည်။ မိုးရာသီကာလများ၌ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများ နှစ်စဉ်ပြုလုပ်နေကျ။ ခြောက်သွေ့ပွင့်လင်းရာသီတွင် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၊ နိုင်ငံတော်၏နေ့ကြီးရက်ကြီး အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်သည်။ ဇာတ်၊ ရုပ်ရှင်၊ အငြိမ့်ပွဲများ ရုံသွင်းပြသရာနေရာလည်း ဖြစ်ပါသည်။ နေ့ကြီးရက်ကြီး အထိမ်းအမှတ် အခမ်းအနားများ၌ မြို့နယ်ဌာနဆိုင်ရာများ၏ ပြခန်းများလည်း ခင်းကျင်းပြသလေ့ရှိသည်။

အဆိုပါ ပြခန်းများသို့ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာခဲ့ကြသည်။ စိတ်ဝင်စားစရာများစွာရှိသည့်အနက် ကျန်းမာရေးဌာနပြခန်းကို ယနေ့တိုင်မမေ့နိုင်သေး။ ပြခန်းထောင့်တစ်နေရာ စားပွဲပေါ်ရှိ အလုံပိတ် ဖန်ပေါင်းချောင်ထဲ၌ ဆေးရည်စိမ်ထားသော ကောက်ကောက်ကွေးကွေး မွေးကင်းစကလေးလေး ရှိသည်။ ကိုယ်လက်အင်္ဂါအစုံအလင်ပါသည်။ ထူးခြားသည်က ကလေး၏ဝမ်းဗိုက် ဖြစ်သည်။ ကလေး၏ဝမ်းဗိုက်ထဲတွင် အူ၊ အူမကြီး၊ အသည်း၊ အဆုတ်၊ နှလုံး စသည့် ဝမ်းတွင်းကလီစာများ မရှိ။ တွေ့မြင်ရသည်က သဲတစ်ဝက်၊ ရေတစ်ဝက်သာ ဖြစ်သည်။ ဘာကြောင့်ဆိုသည်ကို မသိခဲ့။ မေးမြန်း စုံစမ်းရကောင်းမှန်းလည်း မသိခဲ့။ ထူးဆန်းအံ့သြမှုနှင့်သာ ကြည့်ခဲ့၊ လေ့လာခဲ့ရသည်။ ယနေ့တိုင် မမေ့နိုင်အောင် မှတ်မိနေဆဲဖြစ်ပါသည်။

❂

တစ်ရက်တွင် ကျွန်တော်၏ဇနီးသည်က စကားဆိုလာပါသည်။

"တို့ ငယ်ငယ်တုန်းက လွတ်လပ်ရေးနေ့အခမ်းအနား ဘောလုံးကွင်းထဲမှာလုပ်တော့ ပြခန်းတွေပါတယ်။ အဲဒီမှာ ကျန်းမာရေးဌာနပြခန်းမှာ ဖန်ပေါင်းချောင်ထဲက ကလေးလေးကို ဆေးစိမ်ပြထားတာ ရှင်ကြည့်ခဲ့ဖူးတယ် မဟုတ်လား။ အဲဒီ ကလေးက တခြား မဟုတ်ဘူး၊ တို့ရပ်ကွက်ထဲက ဦးမြဘူးရဲ့ အရင်မိန်းမ ဒေါ်အေးစန်းရဲ့ကလေးပေါ့။ အဲဒီအကြောင်း သူရဇ္ဇမှာရေးပါလား"

"ဟေ-ဟုတ်လား။ ကြည့်ဖူးတာပေါ့ကွ၊ ကလေးလေးက မွေးကင်းစကလေး။ ကိုယ်လက်အင်္ဂါပြည့်စုံပေမယ့် ဗိုက်ထဲမှာကျတော့ သဲနဲ့ရေပဲရှိတာလေ၊ အေး- မှတ်မိတယ်"

ကျွန်တော်၏ဇနီးသည် ပြောပြခါမှ ဇာတ်ရည်လည်စွာ သိရတော့သည်။ ဇနီးသည်က အကြမ်းဖျင်းမျှသာသိသည်မို့ အသေးစိတ်၊ ခရေစေ့တွင်းကျသိသည့် ကျွန်တော်၏ယောက္ခမ အမေဒေါ်အုန်းမြင့်ကို တစ်ပတ်ခန့် အချိန်ယူ တွေ့ဆုံမေးမြန်းရတော့သည်။ အမေ ဒေါ်အုန်းမြင့်ကလည်း အသက် (၈၀) နီးနီးရှိပြီမို့ သတိရသည့်နေ့ သတိရတတ်ပြီး မေ့နေသည့်အခါများ၌ ရှေ့ဆက်မေးမရသည့် အခါများလည်း ရှိတတ်သည်။ ထိုအခါ အမေနှင့် တစ်ရပ်ကွက်တည်းနေ အမေ့သူငယ်ချင်း ဒေါ်ယဉ်လှကို မေးရသည်။ ယခုဖြစ်ရပ်မှန်ဇာတ်လမ်းလေးသည် အမေဒေါ်အုန်းမြင့်နှင့် ဒေါ်လေး ဒေါ်ယဉ်လှတို့ ပြောပြသည်များကို ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။

❂

မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက်၊ ဧရာသီတာလမ်း ရပ်ကွက်ကလေးသည် လမ်းအမည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြစ်ပါသည်။ ထိုရပ်ကွက်ကလေးကို ရှေးယခင်ကတော့ 'ကုလားတန်းရပ်' ဟု ခေါ်ခဲ့ကြ၏။ ဦးဖိုးချင်း ဟူသော ဆန်စက်သူဌေးတစ်ဦး၏ ဆန်စက်ဟောင်းမြေများဟုသိရသည်။ ရပ်ကွက်လေး၏အရှေ့ဘက်မှာ ရုံးလမ်း၊ မြောက်ဘက်မှာ ဆေးရုံတဲကြီးကုန်းလမ်း၊ အနောက်ဘက်နှင့်တောင်ဘက်မှာ တာကြီးကန်းလမ်း (ရေကာတာ) ရှိသည်။ မြို့နယ်ဆေးရုံနှင့် နီးကပ်စွာတည်ရှိသည်။ ဆေးရုံရှေ့ ဓားလွယ်ခုတ်လမ်းဆုံမှ ရပ်ကွက်အနောက်တောင်ထောင့်အရပ် တာတမံပေါ်အရောက် လမ်းတစ်လမ်း ရှိသည်။ ထိုလမ်းကို ယခင်က 'ဂျော့ရှင်းလမ်း'၊ နောက် 'ကျော့ရှင်းလမ်း' ဟု ခေါ်ခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က စည်ပင်သာယာမှ ကွန်ကရိလမ်းခင်းပြီး နောက်ပိုင်း ဧရာသီတာလမ်းဟု အမည် ပြောင်းခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည် ဧရာသီတာလမ်းနှင့် ရုံးလမ်းကြားတွင် ကျောခိုင်းအိမ်တန်းတစ်တန်း ရှိပါသေး သည်။

ထိုရပ်ကွက်ကလေး၏ အတွင်း ပိုင်းမှာ ရေကန်ကြီးတစ်ကန် ရှိသည် ရှေးတုန်းက အုတ်ဖုတ်ရာမှ မြေချိုင့်ကြီး ဖြစ်ခဲ့သည်ဟု သိရသည်။ ထိုရေကန်ကြီး သည် ကျွန်တော်တို့ငယ်စဉ်ကပင် တည် ရှိခဲ့သည်။ အမှိုက်သရိုက်များ စွန့်ပစ် ပုံရာဖြစ်ခဲ့ပြီး ယနေ့အချိန်တွင် တိမ် ကောနေပြီ ဖြစ်ပါသည်။ ရေကန်ပတ်



www.burmeseclassic.com

www.burmeseclassic.com

သည်တစ်လျှောက် ရေကန်ကို ကျော ခိုင်းဆောက်လုပ်နေထိုင်သည့် အိမ်က လေးများ အစီအရီရှိသည်။ လက်လုပ် လက်စား ကျပန်းလုပ်သား ဆင်းရဲသား အများစုနေထိုင်ပြီး စား၊ ဝတ်၊ နေရေး အရေးသုံးပါးအတွက် လက်လှုပ်၊ ခြေ လှုပ်မှ ပါးစပ်လှုပ်ကြရသည့်ဘဝများ ဖြစ် ကြသည်။

ဦးမြဘူး၊ ဒေါ်အေးစန်းတို့က ရေ ကန်ကြီးကို ကျောခိုင်းဆောက်လုပ်ထား သည့် သုံးပင် ကြမ်းခင်း ထရံကာ ဖက်မိုး အိမ်ကလေးမှာ နေထိုင်ကြသည်။ ဦးမြ ဘူးက ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ် သားတစ်ဦး၊ နေ့စဉ် ထမ်းရပိုးရ အလုပ် ကြမ်းသမားဘဝမို့ အသောက်အစား အ နည်းအကျဉ်း ရှိသည်။ ယနေ့ ဦးမြဘူး အလုပ်ကပြန်တော့ မှောင်ရီပျိုးစ။ ရေ မိုးချိုးပြီးချိန် ထမင်းစားရန် ဒေါ်အေး စန်းက ထမင်းပွဲပြင်ပြီးပြီ။

"ကဲ- ကိုမြဘူး၊ ထမင်းပွဲပြင်ပြီးပြီ။ စားကြစို့"

ထမင်းဝိုင်းတွင် လက်ဆေး ထိုင် ရင်း ဦးမြဘူးက ဇနီးသည်၏ နေ့စေ့ လစေ့ ကိုယ်ဝန်အရင့်အမာကို ကြည့် ကာ ပြောလိုက်သည်။

"စားကြတာပေါ့ကွာ။ မင်းလည်း မပေါ့မပါးကြီးနဲ့ အနေအထိုင် ဂရုစိုက် ဦးကွ၊ ကူဖော်လောင်ဖက်ရအောင် ငါ့ တူမ အေးဘုံကို ခေါ်ထားပါလားကွာ"

"နီးတော့လည်း ခေါ်တာပေါ့၊ ခု





နေဝင်းဝင်း(လွှန်ဆေး)

ကြုံခဲ့ဆုံခဲ့ရဖူးသော
ရင်နင့်ဖွယ် ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

တော့ ရပါသေးတယ်တော်"

"အင်း- မွေးဖို့ရက်က သိပ်မဝေး တော့ဘူးထင်တယ်။ မွေးရင် စရိတ်က လိုဦးမှာကွ၊ ရုံးကငွေချေးဖို့လည်း လုပ် ဦးမှ"

ပန်းကန်ထဲ ဟင်းခပ်ထည့်ရင်း ဦး မြဘူးက ပြောနေသည်။

"မနက်က ဗိုက်ထဲက ကလေးက လည်း ရုန်းလိုက် ကန်လိုက်တာတော်၊ ဒေါ်အေးစိန်ကြီးကလည်း စမ်းကြည့်ပြီး ကလေးကထွားလိုက်တာလို့ ပြောသေး တယ်"

ဒေါ်အေးစန်းသည် လက်တစ် ဖက်က ထမင်းစားရင်း တစ်ဖက်က ဗိုက် ကိုပွတ်ကာ လင်ဖြစ်သူကိုပြောပြနေ၏။ သူတို့အဖို့ ဘဝတွေ ကြမ်းတမ်းစွာ ရုန်း ကန်နေကြရသော်လည်း သားဦးကလေး မွေးဖွားရရှိတော့မည်ဖြစ်၍ ပျော်ရွှင် ကြည်နူးမှုဖြင့် ဘဝအမောဖြေကြရ သည်။

ထမင်းစားဝကြပြီမို့ ဦးမြဘူးက ရေနွေးကြမ်းငှဲ့သောက်နေတုန်း ဒေါ် အေးစန်းက စားပြီးသား ပန်းကန်တွေ သိမ်းဆည်းပြီး စားကြွင်းစားကျန်နှင့်ညစ် ပေနေသော ရေများကို အိုးလွတ်တစ် လုံးတွင်ထည့်ကာ ကန်စောင်းတွင် သွန် ရန်ထွက်လာခဲ့သည်။ ကန်စပ်အရောက် အားနှင့်လွှဲအသွန်၊ ခြေတစ်ဖက်က သစ် တုံးတစ်တုံးနှင့် ခလုတ်တိုက်မိကာ မြေ ကြီးပေါ် ခြေပစ်လက်ပစ် လဲကျသွား သည်။ လဲကျသည့်အရှိန်နှင့် သစ်တုံးကို ရိုက်မိသွားခဲ့သည်။ လွန်စွာမခံမရပ်နိုင် သော နာကျင်မှုဖြင့် ကျယ်လောင်စွာ အော်ခေါ်ရင်း သတိလစ်သွားတော့၏။

"အောင်မယ်လေး- ကိုမြဘူးရေ၊ လာပါဦးတော့"

ဒေါ်အေးစန်း၏ ငယ်သံငယ်ရင်း ပါအောင် အော်လိုက်သံကြောင့် ဦးမြ ဘူး အိမ်ပေါ်မှအပြေးဆင်းကာ ပွေ့ထူ လိုက်သည်။ အိမ်နီးချင်းများဖြစ်သည့် ဒေါ်ယဉ်လှ၊ ဒေါ်မြကြည်၊ ဒေါ်စိန်တင့် တို့ အပြေးရောက်လာကြကာ တတ်သ မျှမှတ်သမျှပြုစုကြသည်။

"ဟဲ့- မြဘူး၊ ငိုင်မနေနဲ့။ ဆေးရုံ မြန်မြန်ပို့ကြရအောင်"

ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ ဒေါ်အေးစန်းကို ချီပိုးကာ ဆေးရုံခေါ်သွားကြသည်။ ဆေးရုံရောက် တော့ ဆရာဝန်ကြီးက ချက်ချင်းစမ်းသပ် စစ်ဆေးကာ ခွဲစိတ်ရန် ပြင်ဆင်သည်။ ဒေါ်အေးစန်း သတိလစ်ဆဲနှင့် ခွဲစိတ် ခန်းထဲရောက်သွားပြီ ဖြစ်သည်။ ကလေး ကအဖတ်မတင်နိုင်၊ မိခင်၏အသက်ကို သာလုရမည့်အခြေအနေဟု အကြမ်း ဖျင်းသိနေကြပြီးဖြစ်သည့် ရပ်ကွက်သား များက အပြင်မှာ တရုန်းရုန်း။ ဦးမြဘူး က စိုးရိမ်သောကအထွေးသားနှင့် ငူငူ ကြီးထိုင်နေသည်။ ရပ်ကွက်ထဲက ဦးဘ ထွေး ဦးဆောင်၍ ရပ်ကွက်သားများ ဆီက တစ်ယောက် တစ်ယောက်လျှင် ငွေနှစ်ရာ၊ တစ်ရာ၊ ငါးဆယ်ကျပ် စသ ဖြင့် တတ်နိုင်သမျှ ဝိုင်းဝန်းထောက်ပံ့ ငွေများ စုဆောင်း၍ ဦးမြဘူးလက်ထဲ ထည့်ပေးသည်။

✪

ခွဲစိတ်ကုသမှုက တစ်နာရီကျော် ကျော် ကြာသည်။ ဆရာဝန်ကြီးနှင့် ဆရာမများ ခွဲစိတ်ခန်းထဲက ထွက်လာ ကြပြီ။ ကလေးကလည်း အဖတ်မတင်၊ မိခင်ကလည်း အသက်ပျောက်ခဲ့ရပြီ။

"မအေးစန်းရေ- မအေးစမ်းရဲ့၊ ဟီး ဟီး ဟီး"

ဦးမြဘူး၏ ဝမ်းနည်းစွာရှိုက်ငင် အော်ဟစ်ငိုကြွေးသံက စိတ်မချမ်းမြေ့ ဖွယ်ရာ ထွက်ပေါ်လာသည်။ အစောက မှ လင်နဲ့မယား ထမင်းအတူစား, စကား လက်ဆုံပြောဖြစ်ခဲ့ကြသေးသည်၊ ယခု ဒေါ်အေးစန်းတစ်ယောက် လူ့လောက ကြီးထဲက ကောက်ကာငင်ကာ ထွက်ခွာ သွားပါပကော။ သားလည်းဆုံး၊ မယား လည်းဆုံးရပြီ။ ဆေးရုံသို့လိုက်လာကြ သည့် အိမ်နီးနားချင်းများလည်း စိတ်မ ကောင်းဖြစ်ကာ ငိုကြသည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဖြစ်ကြရသည်။

"ဖြစ်မှဖြစ်ရလေ မအေးစန်းရယ်၊ ဖြစ်မှဖြစ်ရလေ မအေးစန်းရဲ့- ဟီး ဟီး ဟီး ဟီး"

ဦးမြဘူးက ဖြေမဆည်နိုင်အောင် ငိုကြွေးနေဆဲ၊ ကျန်သူများ သေသူ၏ ရုပ်အလောင်းကို အိမ်ပြန်သယ်ဖို့ လုပ် ကြရသည်။ အားလုံး တစ်ယောက်တစ် လက် ဝိုင်းဝန်းလိုက်တော့ မကြာမီပင် အသင့်ဖြစ်ခဲ့ပြီ။ ထိုစဉ် ဦးမြဘူးနှင့် ရပ် ကွက်သားများရှိရာသို့ ဆရာမတစ်ဦး ရောက်လာသည်။

"ဦးမြဘူးကို ဆရာဝန်ကြီးကခေါ် ပါတယ်ရှင်၊ လိုက်ခဲ့ပေးပါဦး"

ဆရာဝန်ကြီးက ခေါ်သည်ဆို၍ ဆရာဝန်ကြီးရုံးခန်းသို့ သွားရောက်တွေ့ ဆုံရသည်။

"ထိုင်ပါဦး ဦးမြဘူး၊ ကျွန်တော်တို့ လည်း ဂရုတစိုက် ကြိုးစားကုသခဲ့ကြပါ တယ်။ ကြိုးစားပေးခဲ့ပေမယ့် ခုလိုဖြစ်ရ တာ စိတ်မကောင်းပါဘူးဗျာ"

ဆရာဝန်ကြီးက ကရုဏာသက် စွာ လေးလေးမှန်မှန်ပြောနေသည်။ ရှေ့ စကားဆက်ရန်လည်း ချင့်ချိန်နေရ၏။ ဦးမြဘူးက ဝမ်းနည်းပူဆွေးငိုရှိုက်နေဆဲ

"နောက်ထပ် ပြောစရာတစ်ခ တော့ရှိတယ်၊ ဝမ်းနည်း စိတ်မကောင်း စရာကို ထပ်ပြီး ကြေကွဲစရာဖြစ်နေမှာ လည်း စိုးရိမ်ပါတယ်။ မပြောလို့က လည်း မဖြစ်ပါဘူး"

"ပြောသာ ပြောပါ ဆရာကြီး"

"ဟုတ်ကဲ့ပါ။ ကလေးက ခွဲလိုက် တော့သေနေပြီးသား၊ ကိုယ်လက်အင် အစုံအလင်ပါပါတယ်။ ထူးခြားတာ ကလေးဗိုက်ထဲမှာ အူသိမ်၊ အူမ၊ အ သည်း၊ အဆုတ်၊ နှလုံး စတဲ့ ကလီ တွေ မရှိဘူး။ အဲဒီအစား သဲတွေ၊ ေ တွေပဲ တွေ့ရတာပါ"

"ဗျာ-ဆရာကြီး၊ ဟုတ်ရဲ့လား ကျွန်တော့်အဖို့ ဒီကလေးဟာ သားဦ ရှုးခဲ့ရတာပါ။ ကျွန်တော့်မိန်းမဗိုက် မကြာခဏစမ်းကြည့်၊ နားထောင်ကြ လုပ်ခဲ့တာပါ။ ကလေး အထဲက လှုပ် နေတာ ကြားလည်းကြားတယ်၊ မြ လည်း မြင်ပါတယ် ဆရာကြီးရယ်"

ဦးမြဘူးက မယုံကြည်နိုင်စွာ ပြနေသည်။ ဆရာဝန်ကြီးက ဦးမြ ပြောပြနေသည်များကို နားထောင် သက်ပြင်းရှည်ချလျက် ဆက်ပြောသ

"ဒါကြောင့် ကျွန်တော်တို့လ အထက်ကိုတင်ပြဖို့ ရှိပါတယ်။ ကျ တော့်တစ်သက် ဒီအဖြစ်မျိုး မကြုံ ဘူး။ ဆရာမရေ- ယူခဲ့ပေးပါဦး"

ဆရာဝန်ကြီးက ဦးမြဘူး စားပွဲပေါ်သို့ ကလေးထည့်ထားသော ဖန်ပေါင်းချောင်ကို ဆရာမဆီမှ လှ ယူကာ ချပြ၏။ ဦးမြဘူးနှင့် ရပ်ကွ သားများ ဝိုင်းအုံကြည့်ကြ၏။ ဟုတ် သည်၊ ဖန်ပေါင်းချောင်ထဲမှာ မွေးကာ ပီဘိကလေးငယ်ကလေးက ကော ကောက်ကွေးကွေး။ ဗိုက်ကိုကြည့်တော့ ပါးလွှာလျက် အောက်ခြေမှာသဲ၊ အ မှာ ရေချည်းသာ။

ဖြစ်မှဖြစ်ရလေ သားလေးရ ဘယ်လို အကြောင်းတရားတွေကြော ဒီလို ဖြစ်ရပါလိမ့်။

"ကျွန်တော်တော့ နားမလည် တော့ပါဘူး ဆရာကြီးရယ်"

မျက်ရည်စိုစွတ်သော ဦးမြ



www.burmeseclassic.com

www.burmeseclassic.com




နှလုံးရောဂါ ကင်းဝေးအောင်
မုံရွာဆရာမိုး
အမှတ်တံဆိပ်
အမောလုံ
နှလုံးအားဆေးကိုဆောင်
• ဆေးလိုင်စင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆယလတိုး (၁၃၁၂)•

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ဆိုင်ရင်း - ဈ - ၃၅၆၊ မေဓာဝီလမ်းမကြီး၊ ဈ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ
ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁

အကြည့်များဖြင့် ဖန်ပေါင်းချောင်ကနေ မျက်လုံးအကြည့်မခွာဘဲ လေသံမျှဖြင့်သာ ဦးမြဘူး မြည်တမ်းနိုင်တော့သည်။

“ဒီလိုထူးခြားမှုတွေကြောင့် ဖြစ်စဉ်ကို အထက်ဌာနတင်ပြဖို့ရယ်၊ ပြီးရင် အများပြည်သူ ဗဟုသုတရရှိရန် ပြသဖို့ရယ်ရှိတာကြောင့် ဆေးရုံမှာထားခဲ့ပေးဖို့၊ တစ်နည်းအားဖြင့် ဒီကလေးရဲ့ အသက်မဲ့နေတဲ့ခန္ဓာကိုလှူခဲ့ပါလို့ တောင်းဆိုချင်တာပါ”

ဦးမြဘူးထံက တုံ့ပြန်စကားသံ ထွက်ပေါ်မလာ။ စားပွဲပေါ် မျက်နှာအပ်လျက် တရှုပ်ရှုပ်ငိုနေဆဲ။ ဘေးဘီဝန်းကျင်က ကြည့်နေသူများကလည်း အမျိုးမျိုးဝေဖန်နေကြသည်။

“ကြည့်ပါဦးဟယ်၊ ကလေးလေးက ထူးဆန်းလိုက်တာ”

“မဟုတ်ပါဘူးဟဲ့၊ ငါပဲ တစ်နေ့က မအေးစန်းဗိုက်ကို စမ်းခဲ့သေးတာ။ ကလေးက ကျန်းကျန်းမာမာ ကောင်းကောင်းမွန်မွန်ပါအေ၊ ဘယ့်နှယ်ဖြစ်ရပါလိမ့်”

“ဒါဟာ ရေကန်ကြီးမှာနေတဲ့ မကောင်းဆိုးဝါး နာနာဘာဝတွေရဲ့ ပြုစားခံရတာ ဖြစ်မယ်၊ ကြောက်ဖို့ကောင်းလိုက်တာဟယ်”

“ဒီရေကန်ကြီးက နှစ်တွေ မနည်းကြာမှပဲဟာ၊ အပင်းသွင်းတယ်လို့ ပြောရမှာလည်း အခက်ပါကွာ”

တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်ကြသည်များမှာ ဆရာဝန်ကြီး အသံကြောင့် တိတ်ဆိတ်သွားသည်။

“ဦးမြဘူး- ကျွန်တော်ပြောတာကြားလား။ အများအတွက်မို့ ကုသိုလ်လည်း ရပါတယ်၊ ကူညီပေးစေချင်ပါတယ်”

“ဟုတ်ပါတယ်တော်၊ ကိုမြဘူး- ဆရာဝန်ကြီးစကား နားထောင်လိုက်ပါတော်”

အားလုံးက ဝိုင်းဝန်းတိုက်တွန်းကြ၏။ ဦးမြဘူး မျက်ရည်အရွဲသားနှင့် ခေါင်းထောင်လာသည်။

“သဘောတူပါတယ် ဆရာကြီးရယ်၊ ဟီး ဟီး ဟီး ဟီး”

ဦးမြဘူးက ပြောပြောဆိုဆို ငိုကြီးချက်မနှင့် ဟီးချငိုလိုက်၏။ ဆရာဝန်ကြီးနှင့် ဆရာမများ၊ အိမ်နီးချင်းများ တွေ့မြင်ကြသူအပေါင်း စိတ်မကောင်း ဖြစ်ကြရသည်။ ရပ်ကွက်ထဲက ဦးကောက်ရဲ ဦးသဲရွှေ၊ ဦးစံတင်တို့က ဦးမြဘူးကို ဖေးမ ခေါ်ဆောင်ကာ ပြန်ခဲ့ကြသည်။ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ဒေါ်အေးစန်းနာရေးအတွက် အသုဘစရိတ်ငွေနှစ်ထောင်ကျပ် ဝိုင်းဝန်းထောက်ပံ့ပေးကြသည်။

ဒေါ်အေးစန်း၏ အသုဘလည်း မြေကျခဲ့ပြီ။ နှစ်များစွာ ကြာမြင့်သည်အထိ ဒေါ်အေးစန်း၏အဖြစ်ဆိုးအား ပြောမဆုံးကြသေး။ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေကြဆဲ။ ထိုမှနောက်ပိုင်း ကျွန်တော်တို့မြို့၏ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့် နိုင်ငံတော်နေ့ကြီးရက်ကြီး အခမ်းအနားများ ကျင်းပရာ နေခြည်ဘောလုံးကွင်းအတွင်း ကျန်းမာရေးအသိပညာပေး ပြခန်းတွင် ဒေါ်အေးစန်း၏ ရင်သွေးငယ်လေးကို ဖန်ပေါင်းချောင်ထဲမှာ ဆေးရည်စိမ်ပြသထားသည်ကို လေ့လာ တွေ့မြင်ရပါတော့သည်။

နေဝင်းဝင်း(လွန်ဆေး)

**မှတ်ချက်**

*ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။ ဦးမြဘူး၊ ဒေါ်အေးစန်းတို့၏ အမည်များကို လွှဲပြောင်းထားပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ဝင်းထွန်းအောင် (မြင်းခြံ)

ဝါးသိုက်

မွေးရပ်မြေအား ပြန်မရောက်ရသည်မှာ ကြာခဲ့လေပြီ။ အတိအကျဆိုရလျှင် စာသင်နှစ်တစ်နှစ်ကုန်ဆုံးချိန်အထိ ဖြစ်သည်။ စာသင်နှစ် တစ်နှစ်ဆိုကလည်း (၁၀) လတော့ ကြာမြင့်လေသည်။ ထို့ကြောင့် ကျွန်တော် ရွာသို့ ပြန်ရောက်ရောက်ချင်း ရွာရိုးကိုးပေါက် အနှံ့လျှောက်၍လည်ခဲ့သည်။ ညနေ မိုးစုံးစုံးချုပ်မှ အဒေါ်လိုက်ခေါ်၍ အိမ်ပြန်ခဲ့ရသည်။

ကျွန်တော်၏အဒေါ်မှာ ဒေါ်လှကြွယ် ဖြစ်ပြီး အသက် (၆၀) အရွယ်ရှိ အပျိုကြီး ဖြစ်သည်။ ကျွန်တော့်အမေ မွေးပြီး (၃) ရက်သားကတည်းက အဒေါ်က ပြုစုစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် တူလိုသာမက သားလိုပါချစ်သည်။ ကျွန်တော် ရွာမှာရှိလျှင် ကျွန်တော်မပါဘဲ ဘယ်တော့မှ ထမင်းမစား။

တစ်အိမ်လုံးတွင် နှစ်ယောက်တည်းရှိသည့် ထမင်းဝိုင်းတွင် လူစုံရန် အဒေါ်က ကျွန်တော် ရွာမှာရှိနေစဉ် နေ့စဉ်နေ့တိုင်း လိုက်၍ခေါ်ယူရမြဲ ဖြစ်သည်။ ညနေစာစားပြီးလျှင် တစ်ကြိမ်ထပ်မံ၍ ရွာထဲ လှည့်လည်ပြန်သည်။

အရှေ့ဘက်ပိုင်းမှ အစ်ကိုဝမ်းကွဲတော်သူ ကိုငွေးအိမ်သို့ စတင်သွားလိုက်သည်။ ကိုငွေးက ရွာမှာ ဆေးမှူးဖြစ်သည်။ ကျွန်တော်ရောက်၍ ထိုင်ပင်မထိုင်ရသေး၊ ရွာတောင်ပိုင်းမှ အောင်ရွှေနေမကောင်း၍ လာပင့်သည်နှင့် ကြုံရသည်။

"လာကွာ- မောင်ဝင်း၊ လူမမာအိမ်လိုက်ခဲ့ပါဦးလား။ အပြန်ကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ခင်ငွေးရေ- အမြည်းလုပ်ထားဟေ့"



www.burmeseclassic.com

www.burmeseclassic.com

ကိုငွေးက မခင်ငွေးအား မှာကြားရင်း ဆေးလွယ်အိတ်ပြင်နေသည်။ ကျွန်တော်က ကိုငွေးအား စောင့်ရင်း လူမမာရှင်ဖြစ်သည့် မြသန်းကို အခြေအနေ မေးလိုက်မိသည်။

"အောင်ရွှေက ဘာဖြစ်တာလဲကွ။ ညနေတုန်းက ငါလည်း မင်းတို့အိမ်ဘက်ရောက်ပါသေးတယ်၊ မတွေ့ခဲ့ပါဘူး"

"ညနေက နွားကျောင်းသွားနေတာလေကွာ။ နွားကျောင်းပြီးအပြန် မောမောနဲ့ ရေလည်းသောက်ပြီးရော မူးလို့ဆိုပြီး အိပ်နေတာ၊ ထမင်းစားရအောင်နှိုးတော့ ချွေးလုံးကြီးပြန်ပြီး တောပြော တောင်ပြောတွေ လျှောက်ပြောနေတယ်။ အဲဒါနဲ့ ရေမန်းတွေ၊ ပရိတ်ရေတွေတိုက်တယ်။ မရဘူး။ ကယောင်ကတမ်းတွေပြောနေလို့ ဦးသာခင်ပင့်ပြီး မန်းတယ်။ ဦးသာခင်ကတော့ တစ္ဆေကပ်တာလို့ ပြောတယ်။ တစ္ဆေက အတော်ကြမ်းလို့ သူလည်းမနိုင်ဘူးတဲ့။ ဒါကြောင့် ဆရာလာပင့်ရတာ"

"ဘာလဲကွ- တစ္ဆေကပ်တယ်ဆိုတာ၊ အဓိပ္ပာယ်မရှိတာ။ အဲဒီ အစွဲအလမ်းတွေ တို့ရွာကလူတွေမဖျောက်ကြသေးဘူးလား"

"ကဲ-လာပါ မောင်ဝင်းရာ။ တို့ရွာသူရွာသားတွေ၊ အဲ- တချို့တလေပေါ့ကွာ၊ အစွဲအလမ်းတွေမဖျောက်ကြသေးဘူး။ ဟိုရောက်မှကြည့်ကြသေးတာပေါ့"

ကိုငွေးက ဆေးလွယ်အိတ်ပြင်ပြီး ထွက်လာခဲ့ကြသည်။ မြသန်းတို့၊ အောင်ရွှေတို့မှာ ကျွန်တော်နှင့် ညီအစ်ကို (၂) ဝမ်းကွဲတွေ ဖြစ်သည်။ ရိုးသားသော်လည်း စာပေဗဟုသုတနည်းသဖြင့် အ. ကြသည်။

ကျွန်တော်တို့ရောက်သွားတော့ တောရွာခလေ့၊ လူတွေ ဝိုင်းအုံနေကြသည်။ နတ်ကတော်မေးရန် ပြောသူက ပြောသည်၊ အစိမ်းကြီးပက်တာပါဟု ဆိုသူက ဆိုသည်။ နင်းပေးသူ၊ နှိပ်ပေးသူ ဝိုင်းဝိုင်းလည်နေသည်။

အောင်ရွှေက အိပ်ရာပေါ်မှာ ရုန်းကန် လူးလိမ့်ပြီး အော်နေသည်။ အားလုံးကို ဖယ်ခိုင်းစေပြီး ကိုငွေးက အဖျားတိုင်းခြင်း၊ စမ်းသပ်ခြင်းများ ပြုလုပ်ပြီး လိုအပ်သည်များ ပြုလုပ်ပေးခဲ့သည်။ မှာစရာရှိသည်များ မှာကြားပြီး ပြန်ခဲ့ကြသည်။

ကျွန်တော်တို့ ကိုငွေးအိမ်ရောက်ရှိသည့်ချိန်တွင် ဘိုးကြီးစိန်က ရောက်သည်နှင့်နေသည်။ ဘိုးကြီးစိန်မှာ ကျွန်တော့်အမေကြီး၏ မောင်အရင်း ဖြစ်သည်။ ဗဟုသုတပြည့်စုံကြွယ်ဝ၍ အပြောကောင်းသူဖြစ်ရာ တစ်ရွာလုံးက လေးစားချစ်ခင်သူ ဖြစ်သည်။

"လှကြွယ်အိမ် သွားတာကွ။ မောင်ဝင်းရောက်နေတယ်၊ ငွေးအိမ်သွားတယ်ဆိုလို့ လိုက်လာတာ။ မင်းက တောင်ပိုင်းလိုက်သွားတယ်ဆိုလို့ စောင့်နေတာ။ မင်းရောက်တဲ့အိမ် လူစုမိမှာဆိုတော့ ညဥ့်နက်မှ အိမ်ပြန်မှာဆိုတာ သိနေလို့လေကွာ"

"အဟဲ- ဟုတ်ကဲ့၊ ကျွန်တော်ရောက်ရောက်ချင်းတော့ တစ်အိမ်ဝင် တစ်အိမ်ထွက် နှုတ်ဆက်ပါသေးတယ်။ ဘိုးကြီးစိန်တို့အပိုင်း မရောက်ခင် မမကြွယ်လိုက်ခေါ်လို့ ပြန်ခဲ့ရတာ"

"အေးပေါ့။ မင်းရောက်ရင် မင်းကိုလိုက်ခေါ်ရတဲ့အလုပ်တစ်ခု လှကြွယ်အတွက်တိုးတာပေါ့"

ကျွန်တော်နှင့် ဘိုးကြီးစိန် စကားပြောနေစဥ်မှာ မင်းရွာထဲမှလူငယ်များ တဖွဲဖွဲရောက်လာကြသည်။ ကျွန်တော်၏အမျိုးများပင် ဖြစ်သည်။ ရောက်လာသူတိုင်းအား နှုတ်ဆက်ရသည်။

ကျွန်တော်က ငယ်ငယ်နှင့်မိခင်သေဆုံးခဲ့သူဖြစ်၍ အမျိုးများက သနားချစ် ချစ်ကြသည်။ ထို့ပြင် မြို့သို့ကျောင်းနေခွင့်ရရှိသည့် တစ်ရွာလုံးထဲမှာ ထူးခြားသည့်သူဖြစ်နေခြင်းကြောင့်လည်း ပါသည်။

ကျွန်တော်က (၈)တန်းကျောင်းသားသာ ဖြစ်သည်။ ရွာမှ မြို့သို့ မည်သူမျှကျောင်းမထားကြ။ ကျွန်တော်တို့ရွာမှာ အိမ်ခြေ (၂၀) ခန့်သာရှိသည့် ရွာကလေး ဖြစ်သည်။ မြို့နှင့် (၁၈) မိုင်ဝေး၍ ချောင်ကျကျရွာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ကို အားကျခြင်း၊ ဂုဏ်ယူခြင်း၊ အထင်ကြီးကြခြင်းလည်း ဖြစ်သည်။

"မောင်ဝင်းရေ၊ မင်းရောက်နေတယ်ဆိုတာ တောင်ပိုင်းက အောင်ရွှေနေမကောင်းတဲ့နားရောက်မှ သိလို့ကွ။ ကျောင်းပိတ်ပြီပေါ့၊ ဟုတ်လား"

ကျွန်တော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲ မှုဟံက နှုတ်ဆက်ခြင်း ဖြစ်သည်။ တစ်ဝမ်းကွဲ ဆိုသော်လည်း အရင်းကဲ့သို့ ချစ်ခင်ကြသူများ ဖြစ်သည်။

"အေး၊ မင်းတို့လည်း နွားကျောင်းသွားရင် သတိထားကြကွ။ ထန်း (၆) ပင်ကုန်းတို့၊ အောင်လှသရက်ပင်တို့ မသွားကြနဲ့။ အောင်လှသရက်ပင်က သရက်သီးများ ယောင်လို့မှ သွားပြီး မဆွတ်ကြနဲ့၊ ဖိုးအောင်လှက သရဲ တစ္ဆေ တွေမွေးပြီး အစောင့်ထားတာတဲ့ကွ"

"ဟုတ်ကဲ့၊ ကျုပ်တို့ အဲဒီဘက်တွေ မသွားရဲဘူးဗျ"

"ဘာလဲဗျ၊ သရဲ တစ္ဆေတွေမွေးပြီး အစောင့်ထားတယ်ဆိုတာ"

"ဩော်-ဟိုဘက်ရွာက ဖိုးအောင် လှကြီးပေါ့ကွာ၊ လူပျိုကြီးဖြစ်ပြီး လော အတော်ကြီးတာ။ ရွာနဲ့ဝေးတဲ့တောင် ကုန်းကြီးမှာ သရက်ပင်သွားပြီးစိုက်ထား တယ်လေ၊ သူ့သရက်ပင် ဘယ်သူမှ ဆွတ်ရဲအောင် သရဲ တစ္ဆေတွေမွေးထား တာတဲ့လေ"

"မင်းတို့အယူအဆတွေ မဟုတ် သေးပါဘူးကွာ။ သရဲ၊ တစ္ဆေကို မွေး မရပါဘူးကွာ။ သူ့သရက်ပင်နား ဘယ် သူမှမလာရဲအောင်၊ ကြောက်ရွံ့အောင် ပြောတာပါ။ အောင်ရွှေကိုလည်း တစ္ဆေ ကပ်တယ်ဆိုတာ မဟုတ်ပါဘူး။ အ တကယ်ကတော့ တစ်နေကုန် နေပူ မှာနေခဲ့ပြီး အိမ်ရောက်တော့ မောမော ရေအဝသောက်လိုက်တယ်။ အပူနဲ့ အေးတွေ့တော့ ချွေးတွေပြန်လာတယ် အဲဒါကို ယပ်တောင်နဲ့ ယပ်ခတ်တော့ ချွေးငုပ်သွားတယ်။ အတွင်းဖျား တော့ ရင်တွေပူလာတော့တာပေါ့။ နေ့ စဥ်ရက်ဆက် ပင်ပန်းတဲ့ဒဏ်ကြောင့် အ ဖျားကြီးပြီး ကယောင်ကတမ်းပြောနေ တာပါ။ ကိုငွေးကိုသာ မေးကြည့်လိုက် အောင်ရွှေရဲ့ အဖျားဟာ အနည်းဆုံး (၁၀၁) ဒီဂရီ၊ (၁၀၂) ဒီဂရီရှိလိမ့်မယ်"

"အေး- ဟုတ်တယ်၊ (၁၀၂) ရှိ တယ်"

"ခန္ဓာကိုယ်ထဲတင် ငုပ်ပြီးဖျားတာ ဆိုတော့ အပေါ်မှာ မပူဘူးပေါ့ကွာ။ အဲဒီတော့ ရင်ထဲတင်ဗလောင်ဆူအောင် ပူနေတော့ သတိလစ်ပြီး လျှောက်ပြော နေတာကွ။ ဒီထက် ပိုပြီးဖျားလာရင် သတိတောင်မေ့သွားတတ်၊ တက်တတ် တယ်ကွ"

"ကဲ- ငါ့တူတို့ကြားတဲ့အတိုင်း အကျိုးအကြောင်းကို ဆက်စပ်တွေးခေါ် လိုက်တဲ့အခါ အဖြေမှန်ပေါ်လာတာ ဒါကတော့ စာပေပညာအပြင် အတွေ့ အကြုံ၊ ဗဟုသုတနဲ့လည်း ဆိုင်တာပေါ့ ကွာ။ မောင်ဝင်း မြို့မှာစာသွားသင်နေ တဲ့အသိုင်းအဝိုင်းဟာ ဆရာဝန်တွေ သူနာပြုတွေနဲ့တော့ နေ့စဥ်နဲ့အမျှ ဆိုနေကြတာကိုကြားတော့ သိလာတာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ တို့ရွာကလူတွေဟာ ပညာဆိုရင် ဘုန်းကြီးကျောင်းမှာ သင်ပုန်းကြီးကုန်ရင် တော်ပြီ၊ သေစာရှင်စာလောက် ဖတ်တတ်ရင် တော်ရောပေါ့ ဆိုပြီး ဆိတ်ကျောင်းခိုင်း၊ နွားကျောင်းခိုင်းတော့တာပဲလေ။ နေ့စဉ် ဆိတ်နဲ့၊ နွားနဲ့၊ သိုးနဲ့ နေကုန်နေပြီး တွေ့ရာအကောင်လေး တွေပစ်ခတ်ဖမ်းဆီး၊ မှိုရှာ မျှစ်ချိုးနဲ့ ဘာဟာသုတမှမရကြဘူးလေ။ နေမကောင်းတာကို နေမကောင်းတာမှန်းမသိ၊ စုန်း၊ နတ်၊ တစ္ဆေ၊ သရဲလို့ ထင်ကြ၊ ပြောကြတော့ ဒုက္ခတွေ့ကြရတာပေါ့။ နတ်ဆရာတော်ပြောတာကို ယုံကြ၊ ပယောဂဆရာပြောတာကို အဟုတ်ထင်နဲ့ အမှား အမှန် မခွဲခြားနိုင်တော့ဘူးပေါ့။

စကားစပ်မိတုန်း ဟောဒီရွာမှာ ဖြစ်ခဲ့ဖူးတဲ့ တစ္ဆေခြောက်တဲ့အကြောင်း ပြောပြရဦးမယ်။ သေသေချာချာ နားထောင်ကြဟေ့"

ဘိုးကြီးစိန်က စကားပြောကောင်းသူဖြစ်သည့်အတွက် အကြောင်းအရာပြည့်ပြည့်စုံစုံ၊ စီကာပတ်ကုံး ပြောပြပါတော့သည်။

❂

ညောင်ပင်ရိုးရွာမှာ ကုန်းခေါင်ခေါင်တွင် တည်ရှိသည်။ အနီးကပ်ဆုံး ဘောရွာနှင့်ပင် ကျေးလက်အခေါ် တစ်တိုင်၊ အမှန်တကယ် (၃) မိုင်ခန့် ဝေးသည်။ ဇီးတောရွာနှင့် ရိုးနှစ်ရိုး၊ ချောင်းနှစ်ချောင်း ခြားသည်။ ရှားလုံးကြီးရိုး၊ တပင်ယာရိုးနှင့် ဆပ်ပကျင်းချောင်း၊ ဇီးတောချောင်းတို့ ခြားထားသည်။

ရှားလုံးကြီးရိုးမှာ မိုးရာသီ၌သာ မိုးသည်းမှ ရေလာတတ်သည်။ ကျန်ရိုးနှင့်ချောင်းများမှာ စမ်းချောင်းများ ဖြစ်သည်။ တပေါင်းလ၊ တန်ခူးလများ၌သာ ရေခန်းတတ်သည်။

တပင်ယာရိုးမှာ စိမ့်စမ်းကောင်းသည့်တောင်ခြေမှ စီးဆင်းသည့်အတွက် ရေမပြတ်။ ထိုတပင်ယာရိုးမှာ ဒုံကြီးတစ်ခုရှိသည်။ ဒုံကြီးမှာ ကြီးမားသည့်အတွက် ကျွဲ၊နွားများ၊ ဒုံအကြောင်းမသိရှိသူ ခရီးသွားများ မကြာခဏ နစ်မြုပ်တတ်သည့်အတွက် ဒုံကြီးကို ကာထားသည်။

ဒုံကြီးအထက်ဘက်တွင် စမ်းရေအမြဲရှိပြီး ဒုံကြီးနေရာတွင် ရေပျောက်နေသည်။ ဒုံကြီး၏အောက်မှ စမ်းရေပြန်၍စီးဆင်းသည်။ ဇီးတောရွာနှင့် ညောင်ပင်ရိုးရွာသွားသောလမ်းမှာ ဒုံကြီး၏ အောက်နားမှ ဖြတ်၍ သွားရသည်။

ထိုတပင်ယာရိုးမှာ တစ္ဆေခြောက်လှသဖြင့် ဇီးတောရွာနှင့် ညောင်ပင်ရိုးရွာသားများ နေ့ခင်းအချိန်ပင်လျှင် အဖော်မပါဘဲ ခရီးမသွားရဲကြ။

သို့သော် ညောင်ပင်ရိုးရွာသား အေးမောင်တစ်ယောက်သာ အဖော်မပါ တစ်ကိုယ်တည်း နေ့၊ ညမရွေး ဖြတ်သန်းသွားလာလေ့ရှိသည်။ အေးမောင်က ထန်းရည်အလွန်ကြိုက်သည့် ထန်းရည်သမား ဖြစ်သည်။ ဗဟုသုတစုံသည်။ ဘုန်းကြီးစာ တော်တော်လေး သင်ဖူးသည်။ အင်္ဂလိပ်စာကိုလည်း စာရေးများ၊ ကျောင်းဆရာများထံမှာ မတောက်တခေါက် သင်ဖူးသည်။ သူ့နာမည်အား လက်မှတ်ထိုးသည်ပင်လျှင် အင်္ဂလိပ်လို ထိုးသည်။

ကျွန်တော်က သူ၏လက်မှတ် (Aung?) အား ကြည့်ပြီး မေးဖူးသည်။

"ဟာ- မင်းကလည်း၊ အဲဒါ ငါ့ လက်မှတ်လေကွာ"

"ခင်ဗျားနာမည်လည်း မဟုတ်ဘူး၊ ဘယ်လိုကြီးလဲဗျ"

"ဟ-ကောင်လေး မောင်ဝင်းရဲ့ (Aung) က ဘာလဲကွာ"

"အောင်ပေါ့ဗျ"

"အေး၊ နောက်ကဟာကကော ကွာ"

" (?) ကွက်ရှင်မှတ်ဗျာ"

"အေး- အဲဒါ ဗမာလို ဘယ်လိုခေါ်တုံး၊ အဲ- ဘယ်နေရာ သုံးလဲကွာ"

"ဟာ- ကွက်ရှင်မှတ်က ဗမာလိုပဲဗျ၊ အဲ- မေးတဲ့နေရာမှာ သုံးတယ်"

"အေး-အဲဒါပဲပေါ့ကွ။ (Aung) အောင်နဲ့ မေးနဲ့ပေါင်းတော့ အောင်မေး- အေးမောင်ပေါ့ကွ။ ငါ့နာမည်ပဲ"

ဟု အားပါးတရ ရယ်မော၍ ပြောတတ်သည်။ ရယ်မောပျော်ရွှင်စွာ စကားကတ်တတ်သူ ဖြစ်သည်။

အေးမောင်က တပင်ယာရိုး၏ တစ်ဖက်ကမ်းရှိ ကုလား၏ထန်းတဲသို့ ညနေတိုင်း သွားသည်။ မြူအိုးကောက်၊ ထင်းဖြတ်၊ ထန်းရည်ချိုနွေး၊ ထန်းလျက်ကျို စသည့်အလုပ်များ ကူညီလုပ်ကိုင်ပေးသည်။ ကုလားက အေးမောင်အတွက် ထန်းရည် (၂) မြူ လောင်းပေးထားသည်။ တစ်မြူက အိမ်သို့ယူပြီး ကျန်တစ်မြူကို ကုလားထန်းတဲမှာပင် အလုပ်လုပ်ရင်း သောက်သည်။

အိမ်ယူသည့်ထန်းရည်တစ်မြူမှာ မိုးလင်းမှစ၍ တစ်နေကုန်သောက်၏။ နေပူပူ၊ မိုးရွာရွာ ကုလား၏ထန်းတဲသို့ အေးမောင် အရောက်သွားသည်။ မိုးချုပ်ချုပ်၊ ညဉ့်နက်နက် အေးမောင် ရွာကိုရောက်အောင်ပြန်သည်။ အေးမောင်၏ဇနီး မဲတူက ကင်းခြေ ပိုးမွှားကြောင့် စိတ်ပူသည်။ မိုးချုပ်အောင်၊ မှောင်အောင်မနေဖို့ ပြောသည်။ မရ။ တစ္ဆေနှင့်ခြောက်၍လည်း မကြောက်။

"အို-အလကားပါ၊ တပင်ယာရိုးက သရဲ တစ္ဆေတွေနဲ့ အေးမောင်နဲ့က ရင်းနှီးနေပြီ၊ ခင်နေပြီ။ သွားနေကျ၊ လာနေကျဆိုတော့ ငါ့ကိုလုံးဝမခြောက်တော့ဘူး။ မဟုတ်မှလွဲရော၊ ငါ့ဆွေမျိုးတွေတောင် ဖြစ်ချင်ဖြစ်နေမှာ"

ဟုပင် ပြောဆိုတတ်သည်။

"အေးပါ- တော့်သာ အမျိုးတော်လို့၊ ခင်လို့ မခြောက်တာနေမှာ၊ ဇီးတောရွာက သံချောင်းနဲ့ဖိုးခွေးတော့ နေ့လယ်ခင်းကြီး ခြောက်လိုက်တာ ဖိနပ်ကျွတ်နေတာတောင်မကောက်ရဲဘူးတဲ့။ ဒီရွာကို ပြန်ပြေးလာကြတယ်"

"ငါပြောသလို သူတို့က တစ်ခါတစ်ရံလာတာကိုးဟ။ ငါက တစ်နေ့ (၂) ခေါက်သွားလာနေတာဆိုတော့ ခင်သွားပြီလေ။ ဒါနဲ့ နေပါဦး၊ သူတို့ကို ဘယ်လိုခြောက်တာတဲ့တုံး"

"နေ့လယ်ကြီးမှာ လေမတိုက်ဘာမတိုက်နဲ့ ဒုံအိုင်ရဲ့အောက်နားကလမ်းလည်းရောက်ရော တဝုန်းဝုန်းနဲ့ အသံတွေပေးတာတဲ့တော်"

"ဩော်- အသံပေး ခြောက်တာပေါ့။ ဒါမျိုးကတော့ အေးမောင်တို့က မကြောက်ရေးချာမကြောက်ဗျာ။ လက်တွေ့အကောင်အထည်ပြလို့ကတော့ သူပြူးပြရင် ငါလည်း ပြူးပြလိုက်မှာပဲ၊ သူပါးစပ်ဖြဲပြရင် ငါကလည်း ဖြဲပြမှာပဲ"

အေးမောင်က အမြဲထန်းရည်မူးနေတတ်သူဖြစ်၍ ကြောက်စိတ်မရှိသည်ကတော့ အမှန်ပင် ဖြစ်သည်။ စကားကတ်ပြောတတ်သူဖြစ်၍ သူတစ်ပါးစကားအားလည်း လွယ်လွယ်နှင့် မယုံကြည်တတ်။ စဉ်းစားချင့်ချိန်တတ်သည်။ ပေါက်ပေါက်ရှာရှာ စဉ်းစားတတ်ပုံတစ်ခု ကြားဖူးသည်။

အေးမောင်၏မိခင်ကြီးကွယ်လွန်ချိန်က ဖြစ်သည်။ ရက်လည်ဆွမ်းသွတ်ချိန်တွင် ဘုန်းကြီးက တရားဟောသည်။ အေးမောင်အား ထန်းရည်မမူးရန်နှင့် မိခင်ကြီးကဲ့သို့ ဘုရားတရားကြည်ညိုကိုးကွယ်ရန်၊ ယခု ကွယ်လွန်သူမိခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

မှာ နတ်ပြည်သို့ ရောက်ရှိနိုင်ကြောင်း ပြောသည်။

"ဘုန်းကြီးဘုရား၊ အမေ့ကို ပြောရရင် ပြောပေးပါဦး ဘုရား။ နတ်ပြည်များမသွားလေနဲ့လို့ပါ ဘုရား"

"ဟဲ့-နတ်ပြည်သွားတာ ကောင်းတာပေါ့။ မင်းက ဘာလို့မသွားလေနဲ့လို့ ပြောရတာတုံး"

"နတ်ပြည်က နတ်သားနည်းပုံပေါက်တယ်ဘုရား၊ နတ်သားတစ်ပါးကို နတ်သမီး တစ်ဖက် (၅၀၀) ထားတာတဲ့ ဘုရား။ အမေရောက်သွားရင် (၁၀၀၀) မြောက်အငယ်ဆုံးဖြစ်မှာ စိုးရိမ်လို့ပါ ဘုရား"

"ဟယ်-တယ်. . ဒီကောင်တော့"

ဟု ဘုန်းကြီးပင် အပြောခက်အောင် အတွေးနက်သူ ဖြစ်သည်။

အေးမောင်အတွက် အမှတ်တရဖြစ်စေခဲ့သည့်ရက်မှာ တပေါင်းလပြည့်ညက ဖြစ်သည်။ ကုလား၏ ထန်းတဲသို့ ဧည့်သည်များရောက်နေသဖြင့် ဇီးတောရွာမှ အရက်အား ဝယ်၍တိုက်သည်။ အေးမောင်ပါ သောက်သည်။ အေးမောင်က ထန်းရည်တစ်မြူပါ သောက်သဖြင့် တော်တော် မိုးချုပ်သွားသည်။ အေးမောင်လည်း အတော်လေးမူးနေပြီဖြစ်သည်။ နောက်တစ်နေ့စာ ထန်းရည်ဘူးအား ဆွဲ၍ ပြန်လာခဲ့သည်။

တပင်ယာရိုးထိပ်ရောက်သည့်အချိန်တွင် ထန်းပင်တစ်ဖျားခန့် မြင့်နေသည့်လမင်းကြီးအား မော့၍ကြည့်လိုက်မိလိုက်သည်။ လမင်းကြီးက ခုန်နေသည်ဟု အေးမောင် ထင်လိုက်သည်။ အသေအချာ စိုက်၍ကြည့်လိုက်မှ လမင်းကြီးနှစ်စင်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။ အေးမောင် မျက်စိနှစ်လုံး အမြန်ပိတ်လိုက်သည်။ သွားပြီ၊ ငါမူးပြီဟုသိလိုက်ချိန်မှာ နောက်သို့ပက်လက်လန်ကျသွားသည်။ တပင်ယာရိုးကမ်းပါးမှ တလိမ့်ခေါက်ကွေး ရိုးထဲသို့ကျပြီး အိပ်ပျော်သွားလေတော့သည်။

"ဝုန်း. . . ဖလမ်း ဖလမ်း"

"ဝုန်း. . . ဖလမ်း ဖလမ်း"

အသံများက အတော် ကျယ်လောင်သဖြင့် အေးမောင် လန့်နိုးသွားသည်။ ဘာသံတွေလဲဟု စဉ်းစားမိလိုက်သေးသည်။ ဘယ်ရောက်နေသလဲဟု စဉ်းစားရင်း ထ၍ထိုင်လိုက်သည်။ ပါးစပ်ထဲမှာ ရှုတတဖြစ်နေ၍ ထွေးထုတ်လိုက်ရာ သဲများဖြစ်ကြောင်း သိလိုက်သည်။

လမင်းကြီးကလည်း ထိန်ထိန်သာနေသည်။ အေးမောင် သတိရသွား၏။ သူ တပင်ယာရိုးထဲမှာ လဲ၍ အိပ်ပျော်သွားကြောင်း သိလိုက်သည်။ ခပ်လှမ်းလှမ်းမှ ထန်းရည်ဘူးအား ကောက်ယူလိုက်စဉ်-

"ဝုန်း. . . ဖလမ်း ဝုန်း ဝုန်း"

အသံတွေ ထပ်မံကြားလိုက်ရပြန်သည်။

ထန်းရည်ဘူးအားဖွင့်၍ တစ်မော့မော့သောက်လိုက်သည်။ တွေ့ပြီ၊ တပင်ယာတစ္ဆေနှင့် အေးမောင် တွေ့ပြီ။ လေမတိုက်ဘာမတိုက်နှင့် တဝုန်းဝုန်း အသံတွေပေးနေသည်။ မလှမ်းမကမ်းမှထင်းချောင်းတစ်ချောင်းအား လိုရမယ်ရ ပြေး၍ကောက်ယူလိုက်စဉ်မှာပင် အသံတွေ ထပ်၍ ကြားလိုက်ရသည်။ အေးမောင်က လက်ထဲမှထင်းချောင်းအား ပစ်ချပြီး ထန်းရည် တစ်မော့ မော့သောက်လိုက်ပြီး-

"ဟား ဟား ဟား ဟား- တပင်ယာတစ္ဆေ၊ တပင်ယာတစ္ဆေ- ဟား ဟား ဟား ဟား. . ."

ဟု အော်ဟစ် ရယ်မောလိုက်ပါလေတော့သည်။

✪

ဘိုးကြီးစိန်က ပြောလက်စ စကားအားရပ်၍ မီးသေနေသော ဆေးလိပ်ကို မီးညှိနေသည်။ ကျွန်တော်ရော လူငယ်အားလုံးပါ ဘိုးကြီးစိန် စကားအဆက်အား စောင့်ဆိုင်းနေကြသည်။

ကျွန်တော် မှတ်မိသလောက်မှာ ကိုအေးမောင် မရှုးပါ။ ကိုအေးမောင်သေဆုံးသည်မှာ (၃) နှစ်ခန့်သာ ရှိပါသေးသည်။

မှုဟ်က သိလိုဇောဖြင့် မေးသည်။

"ကိုအေးမောင် ရူးတော့မရူးပါဘူးနော် ဘိုးကြီးစိန်"

"မရူးပါဘူးကွ။ အေးမောင် ငမူးက အလွန်ပါးတာကွ။ အဲဒီညက အခြေအနေကို သေချာစဉ်းစားပြီးမှ အော်ပြီးရယ်ခဲ့တာကွ။ ဘယ်လောက်တောင် အေးမောင် လူလည်ကျသလဲဆိုရင် တပင်ယာရိုးထဲက သရဲက ဘယ်လိုကြမ်းတာ၊ သူတောင် လန့်တယ် ဘာညာနဲ့ လျှောက်ပြီးပြောသေးတယ်။ ဒါပေမယ့် ညနေတိုင်းတော့ သူက ကုလားထန်းတဲကို သွားမြဲသွားတယ်။ ငါကမယုံဘူး၊ ဒီကောင်အကြောင်းရှိမှာဆိုပြီး ချော့မေးတယ်။ အဲဒီကျမှ သူက ပြောတယ်။

ဘယ်သူ့မှမပြောပါနဲ့လို့ ကတိတောင်းလို့ ကတိတော့ပေးခဲ့ရတာပေါ့ကွာ။ အခုသူသေပြီးမှ၊ အဲ- စပ်လည်းစပ်မိလို့ ဖွင့်ပြောတာပါ။ အေးမောင်က ဘာပြောသလဲဆိုတော့ 'ဘိုးကြီးစိန်ရေ၊ တကယ်တော့ တပင်ယာရိုးသရဲ ခြောက်တာမဟုတ်ပါဘူးဗျာ၊ သိုက်ဗျ သိုက်။ အဲ-ရတနာသိုက်တော့မဟုတ်ဘူး။ ငါးသိုက်ဗျ၊ ငါးသိုက်။ စမ်းရေပေါချိန်မှာ ဒုံအိုင်ရဲ့အောက်မှာနေတဲ့ ငါးတွေဟာ ရေခန်းချိန်ရောက်တော့ ဒုံရဲ့အောက်မှာ အိုင်ဖွဲ့ပြီး စုနေကြတယ်။ ငါးကြီးတွေက လူပ်ရှားတော့ တစ်ကောင်နဲ့တစ်ကောင် ရုန်းကြ ကန်ကြလို့ ရေသံတွေနဲ့ တဝုန်းဝုန်း တဖန်းဖန်း အသံတွေ ထွက်နေတာဗျ။ နောက်တစ်ရက်မှာ ကျုပ်နဲ့ကုလားလိုဏ်ကိုတူးဖော်ပြီး ငါးတွေဖမ်းတာ အချိန် (၄၀)၊ (၅၀) လောက်ရတယ်။ နှစ်တိုင်း တစ်နှစ်ကို အချိန် (၂၀) တော့ ရတယ်ဗျ။ အဲဒါကို သိမှာစိုးရိမ်လို့ သရဲခြောက်တာကြမ်းတယ်လို့ ပြောတာနေတာပါဗျာ' လို့ ပြောတယ်"

"ဩော်- ဒီလိုလား"

"အေးပေါ့ကွာ။ ဒါကြောင့် ဘယ်အရာမဆို ပြောတိုင်းမယုံဘဲ ဆက်စပ်တွေးခေါ်ပြီးမှ ယုံကြည် လက်ခံကြဖို့ ပြောတာပေါ့။ စောစောက မောင်ဝင်းပြောသလိုပဲ ဖိုးအောင်လှသရက်ပင်မှာ သရဲ၊ တစ္ဆေတွေ မွေးထားတယ်ဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားကြည့်သင့်တယ်။ လူစောင့်မရှိတဲ့ သရက်ပင်ကို ဒီအတိုင်းထားရင် ကုန်မှာပေါ့။ ဒါကြောင့် သရဲ၊ တစ္ဆေတွေ မွေးထားတယ်ဆိုပြီး ခြောက်လိုက်တော့ သရက်ပင်နားမကပ်ရဲကြတော့ဘူး။ တကယ် ဟုတ်, မဟုတ်တော့မတွေးကြတော့ဘူး။ အခုလို သိသွားတော့ ကြောက်စရာမလိုတော့ဘူးပေါ့။ ဒါပေမယ့် သူတစ်ပါးရဲ့ပစ္စည်းကိုကာယကံရှင် မကျေနပ်ဘဲ နစ်နာဆုံးရှုံးအောင်တော့ မလုပ်ကြနဲ့ပေါ့ကွာ။

ကဲကဲ-ညဉ့်လည်းအတော်နက်ပြီ ကိုယ့်အိမ်ကိုပြန်ပြီးအိပ်ကြပေတော့"

ဘိုးကြီးစိန်၏ ဆုံးမစကားအားနားထောင်ပြီး ကျွန်တော်တို့ရွာမှ လူငယ်များ အသိတရားနှင့် သတိတရားရရှိကြပါစေဟု ကျွန်တော် ဆုတောင်းမိလိုက်ပါတော့သည်။

*အသိနှင့်သတိ အမြဲရှိကြစေရန်ရည်သန်လျက်*

ဝင်းထွန်းအောင်(မြေခြ)



www.burmeseclassic.com

www.burmeseclassic.com

# အလယ်ခေတ်အနောက်တိုင်း အဂ္ဂိရတ်ပညာနှင့် ဘိုင်ဇင်တိုင်းအဂ္ဂိရတ်ပညာ

ဆရာဆက်ထွန်းလင်း
(အာယုဗေဒ)

အလယ်ခေတ်နှင့် ၁၆ ရာစု၏မာ[illegible]ဗေဒပညာရပ်ဖြစ်သော အဂ္ဂိရတ်[illegible]ညာသည် အညံ့စားသတ္တုများကို ရွှေ[illegible]ဖြစ်သို့ ပြောင်းလဲစေခြင်း ဖြစ်၏။ ထို့[illegible]ပြင် အဂ္ဂိရတ်ပညာရှင်တို့သည် (၉၆)[illegible]သော ရောဂါပျောက်ဆေးကို အထူး[illegible]အာရုံစိုက်ခဲ့ခြင်း ဖြစ်၏။

ထိုမျှမက အဂ္ဂိရတ်ပညာနှင့်ပတ်သက်သည့် အခြားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ရှိသေး၏။ ၎င်းတို့မှာ-

၁။ အဂ္ဂိရတ်ပညာရပ်သည် အတိတ်၏ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်တစ်ရပ်ဖြစ်ခြင်း။

၂။ အဂ္ဂိရတ်ပညာရပ်သည် အတိုင်းအဆမရှိချမ်းသာစေခြင်း၊ အကန့်အသတ်မရှိ အသက်ရှည်စေခြင်းစသည့် ကောင်းကျိုးချမ်းသာကို အလိုရှိကြကုန်သော ပညာရှင်အပေါင်းတို့က ဖန်တီးခဲ့သည့် ဂမ္ဘီရဆိုင်ရာသဘောတရားတစ်ရပ်ဖြစ်ခြင်း။

၃။ အဂ္ဂိရတ်ပညာသည် အညံ့စားသတ္တုများကို အဖိုးတန်သတ္တုသို့ ပြောင်းလဲပေးနိုင်သည့် ရွှေခေတ်ဓာတုပုံစံတစ်မျိုးဖြစ်ခြင်း။

၄။ အညံ့စားသတ္တုများကို ရွှေ၊ ငွေဖြစ်အောင် ပြောင်းလဲစေခြင်းဖြင့် ဆေးပညာဆိုင်ရာ အကြိုရှေ့ပြေးပညာရပ်တစ်ခုဖြစ်ခြင်း. . .

စသည့် သဘောတရား၊ အတွေးအခေါ်များဖြင့် အဂ္ဂိရတ်ပညာကို ချဉ်းကပ်ခဲ့ကြ၏။ အဂ္ဂိရတ်ပညာနှင့်ပတ်သက်သည့် မှတ်တမ်းအများအပြားကို တွေ့ရ၏။ ထိုမှတ်တမ်းများအနက် ထင်ရှားသည့် မှတ်တမ်းတစ်ခုမှာ-

"The Art of transmutation" ဖြစ်၏။ ၎င်း၏အဓိပ္ပာယ်မှာ 'ဓာတ်တို့၏သဘာဝကို ပြောင်းလဲခြင်း' ဟူ၍ ဖြစ်၏။

အေဒီ ၉ ရာစုနှစ် အစ္စလာမ်ဒဿနပညာရှင်တစ်ဦးဖြစ်သူ အယ်ဖာရာဘီက ပြောခဲ့သည်မှာ-

'အဂ္ဂိရတ်သိပ္ပံပညာသည် အချို့အချို့သော အရာဝတ္ထုများကို မျိုးမတူသော အခြား ဝတ္ထုများသို့ ပြောင်းလဲသည့်အတတ်ပညာတစ်ရပ် ဖြစ်၏' ဟူ၍ ဖြစ်၏။

အဂ္ဂိရတ်ပညာသည် သတ္တုတစ်မျိုးမှတစ်မျိုးသို့ ကူးပြောင်းနည်းကို ညွှန်ကြား၏။ ဆိုလိုသည်မှာ ဓာတ်ပြောင်းလဲရာတွင် မူလဓာတ်၌ပါရှိလာသော အ





www.burmeseclassic.com

www.burmeseclassic.com

ညစ်အကြေး မသန့်စင်မှုများ၊ မလများ၊ အဆိပ်အတောက်များကို ပယ်ရှားပြီးမှ သတ္တုပုံစံအသစ်သို့ ကူးပြောင်းစေခြင်း ဖြစ်၏။ ဤသို့ဖြင့် ထိုသတ္တုကို သန့်စင်စေပြီးနောက်တွင်မူ ထိုသတ္တုကို ထပ်မံ ဖျက်ဆီးမရအောင် ဖြစ်စေ၏။

ဤနည်းဖြင့် တွင်းထွက်သတ္တုများကို သန့်စင်စေရ၏။ ဤသို့ သန့်စင်စေရာ၌ 'ဓာတ်ကြီး' ရှိမှသာလျှင် ကိစ္စပြီးမြောက်မှုကို ပို၍ ဖြစ်စေနိုင်၏။ ဤလုပ်ငန်းကြီး၏အခြေခံကို ဖွဲ့စည်းပေးသည်မှာ ဓာတုဗဟုသုတနှင့် သဘောတရား ဖြစ်၏။ အင်္ဂလိပ်လူမျိုး ရော်ဂျာဘေကွန်က အဂ္ဂိရတ်ပညာ၏သဘောတရားအကျယ်ကို ထုတ်ဖော်ခဲ့၏။ အဂ္ဂိရတ်ပညာသည် နောက်ပိုင်းတွင် ဆေးပညာဆိုင်ရာ ဓာတုနည်းစနစ်၏ အခြေခံပညာ ဖြစ်၏။

အညံ့စားသတ္တုများပင်လျှင် ဓာတ်ကြီး (ဝါ) ဓာတ်သေဓာတ်လုံးများနှင့်ထိတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် အဖိုးတန်သတ္တုများ ဖြစ်သွား၏။ ထိုပြောင်းလဲသွားသည့်သတ္တုများသည် အဖိုးတန်သတ္တုအဖြစ်သို့ ပြောင်းလဲသွားသည့် စွမ်းရည်အပြင် ဇရာဒုဗ္ဗလ ဖြစ်နေသည့် အိုမင်းနေသူကိုပင် ပြန်လည်၍ ငယ်ရွယ်နုပျိုစေနိုင်ခြင်း၊ ရောဂါပေါင်းစုံဖြစ်နေသူကို ရောဂါအားလုံးပျောက်ကင်းစေခြင်းဖြင့် အသက်ရာကျော် ရှည်စေနိုင်ခြင်းတို့ကိုလည်း စွမ်းဆောင်စေနိုင်သည်။

၁၄ ရာစုနှစ်တွင် ဖရန့်စစ်ဂိုဏ်းမှ ဘုန်းတော်ကြီးဂျွန်သည် အံ့ဖွယ်ဆေးတစ်မျိုးကို တွေ့ရှိခဲ့၏။ ထိုဆေးသည် ခန္ဓာကိုယ်တွင်းရှိ ရောဂါများကိုသာ ပျောက်ကင်းစေသည်မဟုတ်၊ အညံ့စားသတ္တုများဖြစ်သည့် နာ, သွပ်, ကြေးနီစသည်တို့သည် ၎င်းဆေးရည်နှင့် ထိရုံမျှဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းတွင်ပင် အဖိုးတန်သတ္တုများ ဖြစ်သည့် ရွှေ၊ ငွေအဖြစ်သို့ ပြောင်းလဲစေနိုင်ကြောင်း တွေ့ရှိရ၏။ ယနေ့ခေတ်တွင် လူတို့သည် အဂ္ဂိရတ်ပညာရပ်အားရွှေဖြစ်၊ ငွေဖြစ်နည်းနှင့် အသက်ရှည်နည်းအတွက်သာမကတော့ဘဲ ဆေးပညာနယ်ပယ်တွင် အမျိုးမျိုး အသုံးချနိုင်သည်ကို တွေ့ရှိလာခဲ့၏။

အဂ္ဂိရတ်ပညာကလည်း အထက်ဖော်ပြခဲ့ရုံမျှသာမက ထို့ထက်ပို၍အရေးပါသော ရှုထောင့်များကို ဖုံးကွယ်ထားသေး၏။ လက်တွေ့ လေ့လာမှုများကလည်း အဂ္ဂိရတ်ပညာသည် ထိုကဲ့သို့ မျက်မြင်မျှသာမကဘဲ ကျယ်ဝန်းနက်ရှိုင်းသည့်စွမ်းပကား ရှိကြောင်းကိုလည်း ပြသခဲ့ပေသည်။

အဂ္ဂိရတ်ပညာသည် လူသားနှင့် သဘာဝတို့၏ ပတ်သက်ဆက်နွယ်ပုံကို နားလည်သဘောပေါက်စေရန် ကြိုးပမ်းချက်တစ်ရပ်လည်း ဖြစ်ပေသည်။

၎င်းတွင်-

၁။ လုပ်နည်းကိုင်နည်းစနစ်၊
၂။ အဆင့်မြင့်အတွေ့အကြုံကို ရှာဖွေခြင်း၊
၃။ အကြားအမြင်ကို သံသယ မရှိ၊ အပိတ်အပင် အတားအဆီး မရှိ ဖြစ်စေနိုင်သော ရှုပ်ထွေးသည့် သိပ္ပံနည်းစနစ်တစ်ရပ်ဖြစ်ခြင်း၊
၄။ ၎င်းကိုကျင့်သုံးခဲ့သည့် ခေတ်ကာလသက်တမ်းများကို သုံးသပ်လျှင် သိနိုင်၏၊
၅။ ဤမျှလေးနက်သော ယဉ်ကျေးမှုဆိုင်ရာဖြစ်ရပ်တစ်ခုကို ရှေးခေတ်အတွင်း ၎င်းသည် ဝိဇ္ဇာပညာရပ်များကို ခြယ်လှယ်နိုင်ခြင်း၊
၆။ ယေဘုယျအားဖြင့် အဂ္ဂိရတ်ပညာသည် စာပေ၊ ဥပဒေ၊ နိုင်ငံရေး၊ နက္ခတ္တဗေဒနှင့် ဓလေ့ရိုးရာများကိုပင် လွှမ်းမိုးခဲ့ခြင်းတို့ပင် ဖြစ်၏။

သို့သော် ခေတ်သစ် ဓာတုဗေဒ တိုးတက်လာသည်နှင့်အမျှ 'အဂ္ဂိရတ်ပညာကို ယခုထက်ပို၍ တိကျလေးနက်စွာ စစ်ဆေးစမ်းသပ်ရန်မထိုက်တန်' ဟု အန်တိုနစ် လော့ရင့် လဗွိုင်ဆီယာ (၁၇၄၃- ၁၇၉၄) က ပြောခဲ့၏။

တစ်ဖန် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် အဂ္ဂိရတ်ပညာသည် လူများစု၏အာရုံစိုက်မှုကို ခံလာရပြန်သည်။ ဝိရောဓိတစ်ရပ်အနေဖြင့် မူလ မွိုင်ဆီယာ၏နောက်ပိုင်းမှ ပေါ်ပေါက်လာသော ဓာတုပညာရှင်များသည် အဂ္ဂိရတ်ပညာကို ပြန်လည်ဖော်ထုတ်လာခဲ့၏။ ထိုပုဂ္ဂိုလ်တို့သည် အဂ္ဂိရတ်ပညာကို ဓာတုဗေဒ၏ရှေ့ပြေးဟု သတ်မှတ်ကြပြီး အဂ္ဂိရတ်ဆိုင်ရာ စာပေမှတ်တမ်းများကို ရှာဖွေလေ့လာကြ၏။

ပြင်သစ်ဓာတုပညာရှင် မာစီလင် ဘာသီလော့ (၁၈၂၇-၁၉၀၇) သည် အဂ္ဂိရတ်ပညာ၏အရေးပါပုံကို ဦးစွာသိရှိသောပညာရှင် ဖြစ်၏။ ထိုပုဂ္ဂိုလ်ရေးသည့် အဂ္ဂိရတ်သမိုင်းနိဒါန်းကျမ်းတွင်-

'အဂ္ဂိရတ်ပညာ၏ မူလသည် အမှန်တကယ်တွင်မူ မှေးမှိန်လှ၏။ ဝေဝါး၏။ ဤသည်ကိုထောက်ရှု၍ ၎င်းပညာ ရပ်တွင် အခြေအမြစ်မရှိဟု မဆိုနိုင်ေ ရောမအင်ပါယာ ပြိုကွဲနေချိန်တွင် ေ ပေါက်လာသည်ဟု ယူဆရ၏။ အလ ခေတ်တစ်ခေတ်လုံး ဖွံ့ဖြိုးခဲ့ရာတွင် ဒ များနှင့်ယှဉ်တွဲ၍ ရပ်တည်ခဲ့ရသည်'

ဟု ဆို၏။ ထို့အပြင် သူက-

'အဂ္ဂိရတ်ပညာရပ်သည် အခြ သော ဂမ္ဘီရပညာရပ်တစ်ခုထက် များ သာလွန်နေ၏'

ဟု ဆို၏။ သို့သော် စစ်မှန်သော အဂ္ဂိရတ် ဒဿနပညာရှင်ကိုမူ ဟ ဆောင်သူများနှင့် လည်းကောင်း၊ လ လိမ်လူညာများနှင့်လည်းကောင်း၊ ဆိုးလူမိုက်များနှင့်လည်းကောင်း ခွဲခြ ရန် ခက်ခဲလှ၏။ ခေတ်သစ်ဝေဖန် စနစ်အရ သိပ္ပံပညာသည် ပညာရပ်တ ခုကို အစမှအဆုံးအထိ စစ်ဆေးပိုင်ခွ ရှိ၏။ များပြားလာသော ကျွမ်းကျင် ပါရဂူများကြောင့် ဘာသီလော့သည် စိတ်မပျက်ဘဲ များပြားလှသည့် စာ များနှင့်အတွေ့အကြုံများကြောင့် အ ရတ်ပညာကို ပို၍ စိတ်ဝင်စားစေ၏။

ရှေးခေတ်အဂ္ဂိရတ်ပညာရှင်မျ ပြုစုခဲ့သည့် စာပေပေါင်းစုံ၊ နည်းလ ပေါင်းစုံ၊ ရည်ရွယ်ချက်ပေါင်းစုံတို့ ရှိ ပေသည်။ သို့သော် သုတေသနကတော ဆက်လက်ရှိနေရပေမည်။ မည်သို့ပ ဖြစ်စေ အဂ္ဂိရတ်ပညာသည် အရပ်ဒေ မျက်နှာသို့ ရှေးရှုနေ၏။

အဂ္ဂိရတ်ပညာရပ်၏ အဖွဲ့တွင်တ သဘောတရားကို ခွဲခြမ်းစိတ်ဖြာ သုံး သပ်ကြည့်ပါက အောက်ဖော်ပြပါ အ တွင်းသရုပ်တို့ကို မြင်တွေ့ရမည် ဖြစ် သည်။

**(က) သိပ္ပံစနစ်ဖြစ်သော အဂ္ဂိရတ်ပညာ**

ဤကောက်ချက်ကိုကား သမိုင်း ပညာရှင်တို့ကိုယ်တိုင် လက်ခံသည့်အမြင် ဖြစ်၏။ ပညာရှင် ဘာသီလော့က ခံယူထားသည့်သဘောထား ဖြစ်၏။ အဂ္ဂိရတ်ပညာကို စနစ်တကျလေ့လာပါက အခြေခံအပိုင်းတွင်မူ သိပ္ပံအနှစ်သာရပေါ်တွင်သာ မီးမောင်းထိုးလျက် ရှိကြောင်း တွေ့မြင်ရမည် ဖြစ်၏။ သူတို့၏ရှေ့ပြေးဟုမြင်ထားသည့် စမ်းသပ်မှုများကို ပြုလုပ်ခဲ့ကြ၏။ သူတို့၏အာရုံစူးစိုက်ပုံမှာလည်း ရုပ်ပိုင်းနှင့်ဓာတ်ပိုင်းတွင်အခြေပြုခဲ့ပြီး ဘာသာရေးပိုင်းနှင့် ဝိဇ္ဇာပိုင်းကိုမူကား စိတ်ရှုပ်စရာကောင်းသည့် ဓလေ့ထုံးစံ အမွေအနှစ်များဟု



www.burmeseclassic.com

www.burmeseclassic.com

သူဆကာ ကျော်သွားခဲ့ကြ၏။ တကယ့်တကယ်တွင်မူ အဂ္ဂိရတ်ပညာ၏အဆင့်မြင့်ပိုင်းတွင် ထိုအပိုင်းတို့ မပါဝင်လျှင် မရနိုင်ပေ။

ထို့ကြောင့် သိပ္ပံပညာ၏အမြင်တွင် အဂ္ဂိရတ်ပညာသည် အယူသီးမှုများနှင့်လက်တွဲနေရမည်ဟု ထင်မြင်နေကြ၏။ ထို့ကြောင့်ပင် လက်ခံရန် ဝန်လေးနေကြခြင်း ဖြစ်၏။

**(ခ) ဒဿနနှင့် ဘာသာရေးပေါင်းစပ်ထားသော အဂ္ဂိရတ်ပညာ**

ကမ္ဘာပေါ်တွင် အဂ္ဂိရတ်ကိုကျင့်သုံးသည့်နေရာတိုင်း၌ အဂ္ဂိရတ်ပညာသည် ဒဿနဘာသာရေးတို့ဖြင့် အမြဲတမ်း တရင်းတနှီး ဆက်စပ်နေသည်။ သင်္ကေတအရရော အခြေခံယုံကြည်မှုပါ ပူးတွဲလျက် ရှိပေသည်။

အမှန်တကယ်တွင်လည်း အဂ္ဂိရတ်ပညာသည် တရုတ်ပြည်၌ တာအိုဝါဒနှင့်သော်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူယောဂ၊ ကုဏ္ဍလိနီဝါဒများနှင့်သော်လည်းကောင်း၊ ဟီဘရူးဝါဒ, နိုင်ဂိုအက်စတာဝါဒများဖြင့်သော် လည်းကောင်း၊ အရှေ့တိုင်းနိုင်ငံများတွင် ဗုဒ္ဓဝါဒဖြင့် လည်းကောင်း၊ အစ္စလာမ်နိုင်ငံများတွင် ဆူဖီဝါဒနှင့် လည်းကောင်း ဆက်နွှယ် ပတ်သက်နေကြ၏။

အဆိုပါ ဆက်နွှယ် ပတ်သက်မှုတို့သည် အပေါ်ယံသဘောမျှမဟုတ်ဘဲ အဓိက လိုအပ်ချက်တစ်ရပ်အနေဖြင့် ယှဉ်တွဲနေခြင်းပင် ဖြစ်၏။ ထိုသို့ လက်ခံသည့်အထဲတွင် အနောက်တိုင်းပညာရှင်များအနေဖြင့် မက်စီယာအဲလီဒီ၊ အန်ဒရေဂျိမ်း၊ ဖက်တူဂျင်နီ၊ ဟင်နရီကော့ဘင် စသည့် ပုဂ္ဂိုလ်များ ပါဝင်ပါသည်။

ထို့အပြင် အဂ္ဂိရတ်ဆိုင်ရာ လက်ရေးကျမ်း၊ စာမူများအားလုံးကို လျစ်လျူမရှုသင့်ပေ။ ဤအချက်သည် ဒုတိယအရေးကြီးဆုံး ဖြစ်၏။ မာစီယာအဲလီဒီက အောက်ပါအတိုင်း ရေးခဲ့၏။

'အဂ္ဂိရတ်ပညာ၏ လုပ်ထုံးလုပ်နည်းသည် ဓာတ်ခွဲခန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း မဟုတ်။ သို့သော် ဓာတုဗေဒ၏ရည်ရွယ်ချက်မှ ကွဲပြားသော ရည်ရွယ်ချက်၏နောက်သို့ လိုက်ပါကြ၏။

အဂ္ဂိရတ်ပညာသည် ဓာတုဗေဒအပေါ် ဩဇာသက်ရောက်မှုရှိသော်လည်း တစ်ဖက်တွင်မူ ဓာတုဗေဒသည် အဂ္ဂိရတ်အပေါ် ဩဇာမညောင်းနိုင်ဟု ဆိုလျှင် အငြင်းပွားရန် ခက်ခဲနိုင်လေသည်။

အဂ္ဂိရတ်ပညာရှင်၏ရှုထောင့်မှ ကြည့်လျှင် ဓာတုဗေဒသည် နောက်တစ်လှမ်းဆုတ်နေသည်ဟု မြင်၏။ ၎င်းက အဂ္ဂိရတ်ပညာသည် မြင့်မြတ်သော လောကီဆိုင်ရာ ပညာရပ်တစ်ခုအနေဖြင့် သိပ္ပံပညာရပ်မဟုတ်ဟု မြင်၏'

ဟု ရေးသားထားပါသည်။

**(ဂ) သဘာဝအတိုင်းမဟုတ်သော မှော်ဝင်ဝိဇ္ဇာနည်းကျ အဂ္ဂိရတ်ပညာ**

အဂ္ဂိရတ်ပညာ၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ အညံ့စားသတ္တုများကို တန်ဖိုးကြီးသတ္တု ဖြစ်စေခြင်းသာမကဘဲ သူကိုယ်တိုင် အရေးပါသော ဓာတ်ပြောင်းလဲမှုကို ခံယူရန် ဖြစ်၏။ ဖြစ်မြောက်အောင်မြင်သွားသော အဂ္ဂိရတ်ပညာရှင်သည် ဝိသေသ တန်ခိုးသိဒ္ဓိရှင်အဖြစ် လည်းကောင်း၊ တစ်ချိန်တည်းတွင်ပင် ဝိညာဉ်ပိုင်းဆိုင်ရာ အဆင့်မြင့်သိဒ္ဓိကိုရရှိထားသူအဖြစ် လည်းကောင်း မြင်တွေ့ရမည် ဖြစ်၏။

လက်ရေးစာမူတွင် ဖော်ပြသည့် ဓာတ်လုပ်နည်း၊ ဓာတ်ဖုတ်နည်းတို့သည် လူ့လောက၏ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာသဘောများကို ဖုံးကွယ်၍ သဘာဝလွန်၊ သိဒ္ဓိလွန်ကိစ္စများကိုသာဖော်ထုတ်ခြင်း ဖြစ်နေသည်ကများသဖြင့် လူအများစုတို့ နားလည်ရန်၊ သဘောပေါက်ရန်ခက်ခဲစေခြင်း ဖြစ်၏။

အချို့သော ပညာရှင်တို့၏ အဂ္ဂိရတ်ပညာအပေါ် သဘောထားတွင် ပုဂ္ဂိုလ်ရေးအမြင်အရ ကွဲပြားခြားနားမှုများ အသီးသီးရှိနေကြသော်လည်း အခြေခံသဘောတရားအပိုင်းကိုကား မြဲမြဲကြီး ဆုပ်ကိုင်ထားကြကြောင်း တွေ့ရ၏။ ထိုပုဂ္ဂိုလ်များမှာ ဂျူလီယပ်အီဗိုလာ၊ ရီနီအဲဒီယပ်နှင့် တစ်တပ်ဘတ်ဟက်တို့ ဖြစ်ကြ၏။

**(ဃ) စိတ်ကူးနယ်ပယ်တစ်ရပ်ဖြစ်သော အဂ္ဂိရတ်ပညာ**

ဤ 'စိတ်ကူးနယ်ပယ်' ဟူသော ဝေါဟာရကား အဂ္ဂိရတ်ပညာ၏ ပို၍သဘာဝမကျသောရှုထောင့် ဖြစ်၏။ စိတ္တဗေဒသဘောတရားအရ အာရုံကိုဖမ်းစားရမည့်နေရာဟု ဟာဘတ်ဆဲလ်ဘာကာဂွါတပ်ဂျန်နှင့် မာရီလွီက်၊ ဗွန်ဖရန့်တို့က ဆိုခဲ့ကြ၏။ အဂ္ဂိရတ်ဆိုင်ရာ များလှစွာသော လက်ရေးစာမူများသည် ၎င်းတို့အတွက် စိတ္တဗေဒဆိုင်ရာ လေ့လာစရာများ ဖြစ်နေသည်။ ထိုပုဂ္ဂိုလ်များအနက် ဂျန်၏သဘောတရားမှာ စိတ်ဝင်စားဖွယ်ကောင်း၏။ ဂျန်က-

'ဤအဂ္ဂိရတ်စာပေများသည် သူ၏စိတ်ရှည်သောအိပ်မက်နှင့် စိတ်ကူးယဉ်မှုတို့ကို အလွန် နီးစပ်စေသည်ဟု ဆို၏။ ထို့နောက် သူက အဂ္ဂိရတ်ပညာသည် လူတစ်ယောက်၏စိတ်ထဲတွင် ရှိနေသည့် မူလစိတ်အမျိုးအစား၊ မသိစိတ်အမျိုးအစားကို ရှာဖွေစူးစမ်းနိုင်သည်။

အဂ္ဂိရတ်ဆရာ၏လုပ်ရပ်က ခိုင်မာသော ဓာတုစမ်းသပ်မှုဖြစ်ကြောင်းကို သံသယ မရှိပေ။ တစ်ဦးချင်းစိတ်သဘောကို မသိနိုင်မီ တောင်းဆိုချက်အဖြစ် မှတ်သားရန် ဖြစ်၏။ ဤကားတိုးတက်သော မူလစိတ် အမျိုးအစားဖြင့် တစ်ဦးချင်း၏အတွင်းစိတ်ကို သိရှိအောင်နိုင်စေရန် ဖြစ်၏။ လူကို 'လူ' ဟူ၍မြင်ပြီး ဘဝမှန်၊ သရုပ်မှန်ကို ပေါ်လွင်စေလေ၏' ဟု ဆိုခဲ့၏။

အဂ္ဂိရတ်ပညာရှင်တို့က မြောက်မြားလှစွာသော မှတ်တမ်းမှတ်ရာများကို ပေးထားခဲ့သော်လည်း တစ်သက်လုံး စွဲမြဲလာသည့် အစဉ်အဆက် အတွေးအခေါ်ဟောင်းအသိတွင်မူ-

'အဂ္ဂိရတ်ပညာဆိုသည်မှာ ခဲကို ရွှေဖြစ်သယောင် ဟန်ဆောင်ပြခြင်းနှင့် အသက်ရှည်ဆေးရရှိခြင်း ဟူသော မိုက်မဲသည့်ဟန်ဆောင်မှုသာ ဖြစ်သည်'

ဟု ဆိုကြ၏။ တစ်ဖက်တွင်မူ ရှုထောင့်တစ်ခုတည်းမှကြည့်၍ ခွဲခြမ်းစိတ်ဖြာဝေဖန်ခြင်း၊ ပြောဆိုခြင်းများပြုလုပ်ရန် အလွန်ပင် ခက်ခဲလှပါသည်။

ထို့ကြောင့် အဂ္ဂိရတ်ပညာရပ်၏ ရှုထောင့်တိုင်းကို နားလည်နိုင်ရန်ဆိုပါက ဘာသာရေး၊ ဒဿန၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တုဗေဒ၊ ဓာတုဗေဒ၊ နက္ခတ္တဗေဒ၊ မှော်ဂမ္ဘီရဗေဒ စသည့် ကျယ်ပြန့်ကြီးမားလှသော ပညာရပ်ကြီးများအားလုံးကို ခြုံမိငုံမိမှသာ အဆိုပါ တိမ်ငုပ်နေသော အတတ်ပညာရပ်ကြီး၏သဘောကို သိနိုင်မည် ဖြစ်၏။

**အလယ်ခေတ် အဂ္ဂိရတ်ပညာ**

၄ ရာစုခေတ် ဇိုဆီမော့နှင့် ကလီယိုပါထရာတို့၏အဆိုများ၊ လက်တွေ့များကို သေချာစွာ လေ့လာသည်တွင် အဂ္ဂိရတ်ပညာသည် ယုံကြည်မှုတစ်ခုကို ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရ၏။ သတ္တုများကို ကိုင်တွယ်ရာတွင် ကိုင်တွယ်နည်းကို သိပ္ပံပညာဖြစ်လာမည့်အ



www.burmeseclassic.com

www.burmeseclassic.com

ခြေအနေက နောက်မှလွှမ်းမိုးလိုက်၏။

ဓာတု၊ ဒဿနနှင့် ဂမ္ဘီရတို့ စုပေါင်း၍ အခြေခံထားသော နည်းစနစ်ပေါ်တွင် ပညာရပ်ကို တည်ဆောက်လိုက်၏။ ၎င်း၏ရည်ရွယ်ချက်မှာ သတ္တုများတွင်သာမက လူသားများတွင်ပါ အမတသဘောတရားကို တည်ဆောက်ရန် ဖြစ်လေ၏။ ဇိုဆီမော့ခေတ် ကုန်ပြီးပြီးချင်းမှာပင် ဂရိ၊ အီဂျစ် အဂ္ဂိရတ်ပညာတို့သည် ရှုပ်ထွေးလာပြီးနောက် မည်သည့်တိုးတက်မှုမျိုးမျှ မတွေ့ရတော့ပေ။ ထိုအလယ်ခေတ်တွင် ကျော်ကြားသူ ဟူ၍ နှစ်ဦးသာပေါ်လာ၏။ ၎င်းတို့မှာ ဒေါ့စကူးရပ် (Dioscurus) နှင့် ဆိုင်နီစစ် (Synesis) တို့ ဖြစ်ကြ၏။ ၎င်းတို့၏ကျမ်းများသည်လည်း ကိုယ်တိုင်ရေးကျမ်းများ မဟုတ်ပေ။ သို့သော် သူတို့သည် ဘိုလော့ဒီမိုကရေတပ်၊ ဇိုဆီမော့နှင့် အခြားခေတ်ဦးပိုင်း အဂ္ဂိရတ်ပညာရှင်ကြီးများ၏ ကျမ်းဂန်တို့ကိုပင် ဝိုးတိုးဝါးတား ဝေဖန်၍ပင် ထားသေး၏။

ရှေ့ပိုင်း အဂ္ဂိရတ်ပညာပေါ်ပြီးနောက် နှစ်ပေါင်း (၁၀၀၀) ကျော်ကြာလာသည့်အခါတွင် ဆိုင်နီစစ်ခေါ် ဂရိပလေတိုနောက်ပိုင်းခေတ် ဒဿနပညာရှင်၊ ကဗျာစာဆိုများကိုသာသိကြတော့၏။ အဆိုပါ ဆိုင်နီစစ်သည် ၅ ရာစုနှစ်တွင် ခရစ်ယာန်ဂိုဏ်းအုပ်ဖြစ်ခဲ့ ဖြစ်၏။

အဂ္ဂိရတ်ပညာသည် သူ့ခရီးကိုသူလျှောက်ရာ၌ ရှေ့တစ်လှမ်းမတိုးမီ နောက်တစ်လှမ်းပြန်ဆုတ်ရခြင်း အခြေအနေမျိုး ရှိ၏။ အကြောင်းမှာမူ ဇိုဆီမော့ ထားရစ်ခဲ့သည့် အခြေအနေကို ဆက်လက်လုပ်ဆောင်နိုင်မည့် အရည်အချင်းရှိသော လူပုဂ္ဂိုလ်များမရှိ၍သာ မြင်ရသည်မဟုတ်ပေ။ ၄ ရာစုခေတ်တွင် ခရစ်ယာန်ဝါဒသည် ရောမ၌ ပျံ့နှံ့လာပြီး ရောမသားတို့၏ ခါးသီးပြင်းထန်သော တုံ့ပြန်မှုများကြောင့် မှော်ဝင်ပညာရပ်များ ရပ်ဆိုင်းခဲ့ရ၏။

အေဒီ ၃၁၉ ခုနှစ် ရောမဘုရင်ကွန်စတင်တိုင်း နတ်ရွာစံပြီးနောက် ရောမတွင် ပုဂ္ဂလိကနေအိမ်များ၌ ကြေကွဲသူတို့ကို အားပေးနှစ်သိမ့်ရန်အတွက် လာရောက်သူများအား ဝင်ရောက်ခွင့်လုံးဝမပြုသဖြင့် မှော်ဝင်အတတ်ပညာများနှင့် ဂမ္ဘီရပညာများ ရပ်ဆိုင်းသွားတော့၏။

ရောမဘုရင် ကွန်စတန်ရှပ်-၂ (အေဒီ ၃၁၈-၃၆၁) လက်ထက်တွင် အဆိုပါ ဘာသာရေးဆိုင်ရာ အားပေးနှစ်သိမ့်သူ နက္ခတ္တပညာရှင်များ၊ ဝိဇ္ဇာလမ်းစဉ် ကျင့်ကြံသူများကို သေဒဏ်ပေးခဲ့၏။ အကယ်၍ နေဝင်ပြီးနောက် သချိုင်းတစ်ခုခု၏ပတ်ဝန်းကျင် အနီးအနားတစ်နေရာရာ၌ အဆောင်လက်ဖွဲ့၊ ဆေးဝါး မန္တရားတစ်ခုခုကို ကိုင်ဆောင်ထားသူအား တွေ့ရှိပါက ထိုသူသည် မကောင်းဆိုးဝါးဖြစ်ကြောင်း သက်သေခံအထောက်အထားနှင့် ပြည့်စုံသူ ဖြစ်သွားတော့၏။ ထိုအခါတွင်ကား ထိုပညာရှင်တို့သည် ဒုက္ခတွေ့ကြရတော့၏။

ဤသို့ နှိပ်စက်ခြင်းကြောင့် သိပ္ပံအသစ်၏ပျံ့နှံ့မှုကို နှောင့်နှေးစေခြင်းမှာ ဖြစ်နိုင်ပေ၏။ ကျွန်ုပ်တို့ သိရှိကြသည့်အတိုင်း ကောင်းကင်တမန်များက ပေးသွားသည့် မှော်ပညာ၊ နက္ခတ်ပညာနှင့် အခြားသော ဝိဇ္ဇာသုတပညာရပ်များသည်ရှိနေပြီး ဖြစ်၏။ အာဏာပိုင်တို့က အဂ္ဂိရတ်ပညာကို သံသယမျက်စိဖြင့် ကြည့်ရှုပြီး အခြားသောအကြောင်းများဖြင့် ဝေဖန်စိစစ်နေကြ၏။ ထို့အပြင် အဆိုပါပညာရပ်သည် အညံ့စားသတ္တုများကို အဖိုးတန်သတ္တုဖြစ်သော ရွှေ၊ ငွေ အဖြစ်သို့ ပြောင်းလဲစေကြောင်းကိုလည်း ဆက်စပ်၍ သံသယရှိကြ၏။ တူရကီ သမိုင်းပညာရှင်များ၏ အဆိုအရမူ အဂ္ဂိရတ်ပညာသည် ဇိုဆီမော့ရှိစဉ်အခါကပင် ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်ဟု ဆိုကြ၏။

အေဒီ ၂၉၀ ပြည့်နှစ်တွင် ဧကရာဇ်ဘုရင် ဒိုင်အိုကလီရှင်က အီဂျစ်နိုင်ငံတစ်ခုလုံးတွင် တွေ့ရှိရသမျှ အဂ္ဂိရတ်စာပေအားလုံးကို ဖျက်ဆီးစေခဲ့သည်။ ရည်ရွယ်ချက်မှာ အဂ္ဂိရတ်မှ ဖြစ်ထွန်းလာသော ရွှေ၊ ငွေတို့ဖြင့် လူတို့သည် ဥစ္စာစည်းစိမ်ကို မစုဆောင်းနိုင်စေရန် ဖြစ်၏။ ဤအဖြစ်အပျက်၏ခိုင်မာမှုကို သံသယဖြစ်ဖွယ် ရှိပါသည်။

အကြောင်းမှာမူ ဧကရာဇ်ဘုရင်သည် ဤမျှ ထက်မြက်သော ပညာရပ်ကို စိတ်အားထက်သန်စွာဖြင့် ဖျက်ဆီးခိုင်းခြင်းမှာ မင်းကျင့်တရားဘောင်၏ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်ခဲ့သောကြောင့် ဖြစ်၏။ သို့သော် ဒိုင်အိုကလီရှင် ဘုရင်သည် တင်းကြပ်သောဝါဒကို ကျင့်သုံးသူ ဖြစ်၏။ အင်ပါယာ၏စီးပွားရေး အကျပ်အတည်းကို စစ်ဆေးပြီး ငွေကြေးစနစ်ကို ပြန်လည်ဖွဲ့စည်းရန် ရည်ရွယ်ပေသည်။

ဘုရင် ဒိုင်အိုကလီရှင်၏ ဖြစ်နိုင်သည့် သောကတစ်ခုမှာ အင်ပါယာအတွင်း အာဖရိကန်လူမျိုးတို့ ကျင့်သုံးသည့် လိမ်လည်မှုတစ်မျိုးကို ရပ်တန့်စေလိုပြီး ငွေကြေးအတုများ ပြန့်ပွားလာမည်ကိုလည်း မလိုလားသောကြောင့် ဖြစ်နိုင်ပေသည်။

ဟယ်လင်နစ် အဂ္ဂိရတ်ပညာ၏ နောက်ပိုင်းတွင် ကျော်ကြားသူတစ်ဦး ပေါ်လာ၏။ ၎င်း၏အမည်မှာ 'အိုလံပီယိုဒိုရပ်' ဖြစ်၏။ သူသည် အီဂျစ်နိုင်ငံ သီး(စ်)ဘီးမြို့၌ မွေးဖွားခဲ့၏။ သူသည် ၅ ရာစုနှစ်၏ ပထမ ရာစုဝက်ကာလတွင် နေထိုင်ပြီး အလုပ်လုပ်ခဲ့၏။ သူသည် စာတတ်ပေတတ်တစ်ဦး ဖြစ်၏။ ပရိယာယ်လည်း ကျွမ်းကျင်၏။

ထို့အပြင် ဇိုဆီမော့၏သဘောတရားများကို ရှေးခေတ် ဂရိပညာရပ်များ၌ ဆက်လက်အခြေပြုရန် သူ မည်မျှကြိုးပမ်းခဲ့ကြောင်းကို သူ့ကျမ်းများတွင် ဖော်ပြထား၏။ အိုလံပီယိုဒိုရပ်သည် ဓာတ်ကြီး (၄) ပါး သဘောတရားကို ပြန်လည်ဆန်းစစ်ပြီး အရာခပ်သိမ်းတို့၏ မူလဓာတ်ပစ္စည်းကို ရှာဖွေကြံဆခဲ့ကြောင်း သူရေးသားသည့်စာပေများအရ သိရလေသည်။ အဂ္ဂိရတ်နှင့်ပတ်သက်၍ ဇိုဆီမော့၏အဆိုကို ထုတ်နုတ်ဖော်ပြရပါမူ-

'အဂ္ဂိရတ်ပညာသည် စိတ္တရူပသဘောတရားဆိုင်ရာ ကျင့်စဉ်တစ်ရပ်ဖြစ်သည်ဟု အတိအကျ အသိအမှတ်ပြုထား၏။ အဆိုပါ ပညာရှင်သည် ရုပ်ရောစိတ်ပါ ငြိမ်းချမ်းနေပြီး သူ့ကိုယ်တွင်း၌ စိတ်ပိုင်းဆိုင်ရာ အဆင့်မြင့်မားမှုကို မျှော်လင့်စောင့်စားနေခြင်း ဖြစ်၏။ ထိုအဆင့်မြင့်မှုကိုရလျှင် သူသည် အားလုံးသောအရာများနှင့် သဟဇာတဖြစ်လိမ့်မည်' ဟု ဆိုခဲ့၏။

ဇိုဆီမော့ကဲ့သို့ပင် အိုလံပီယိုဒိုရပ်သည် ဓာတုနှင့်ဂမ္ဘီရရှုထောင့်တို့ကို ပူးပေါင်းခဲ့၏။ သူသည် ဆေးရည်အမျိုးပေါင်းများစွာကို ဖော်ပြပြီး တစ်မျိုးစီ၏ ဖော်စပ်ထုတ်လုပ်ပုံကိုလည်း ပြဆိုခဲ့၏။

စမ်းသပ်မှုအစစ်အမှန်ကို ဖော်ပြရန် ဝေါဟာရသုံးစွဲခြင်းနှင့် သင်္ကေတသဘောမျှသာ ဆိုလိုခြင်း ဖြစ်၏။ ထို့ကြောင့် ဝေါဟာရသုံးစွဲခြင်းတို့ကိုခွဲခြားရန် ခက်ခဲ၏။ စတက်ဟာနို (အေဒီ ၆၁၀-၆၄၁) သည် အလက်ဇန္ဒြီးယားခေတ်၏နောက်ဆုံးကျော်ကြားသူ ဖြစ်၏။ အဂ္ဂိရတ်၏မျိုးစေ့ကို စိုက်ပျိုးသူမှာ ထိုသူပင် ဖြစ်၏။ ၎င်းအဂ္ဂိရတ်ပညာမှ



www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန်ဂမ္ဘီရ၏ ဘာသာစကားနှင့် သင်္ကေတတို့ကို ရရှိခဲ့၏။

သူ့ရေးသားချက်များတွင် စတက်ဟာနိုသည် ဘိုလော့ဒီမိုကရေတပ်နှင့် ဒိုဆီမော့တို့ ပြောကြားခဲ့သည့် အဂ္ဂိရတ်ပညာ၏ စာတွေ့လက်တွေ့ ရှုထောင့်များကို သူက ပူးပေါင်းခဲ့၏။ ၎င်းအမြင်များသည် ရှေးခေတ် ဂရိဒဿနနှင့် ခေတ်ပြိုင် ပလေတိုဝါဒသစ်တို့ကို ပူးပေါင်းခြင်း ဖြစ်၏။ သို့ရာတွင် သူ၏ ဘာသာစကားသုံးစွဲပုံနှင့် သင်္ကေတသုံးစွဲပုံတို့သည် ခရစ်ယာန်ဝါဒ၏လွှမ်းမိုးမှုအောက်တွင် ရှိနေ၏။ ဥပမာ-စတက်ဟာနိုသည် အကွာဒီဗားနား (ကောင်းကင်ဘုံမှလာသော) တွင် မျဉ်းပြိုင်တစ်ခုကို တွေ့ရှိခဲ့၏။ ၎င်းမျဉ်းပြိုင်သည် အသက်ကိုပေး၏။ သတ္တုများကိုအသွင်ပြောင်းစေ၏။ ခရစ်တော်၏ဂုဏ်ကျက်သရေကို ဖြစ်စေ၏။ ၎င်းကောင်းကင်ဘုံမှလာသောရေ (အမတဆေးရည်)သည် လူသားတို့အား ထာဝရအသက်ကိုပေးနိုင်၏။

အေဒီ ၆၃၂ ခုနှစ်တွင် အလက်ဇန္ဒြီးယား၌ စတက်ဟာနိုသည် အဂ္ဂိရတ်ပညာရပ်များပို့ချနေစဉ်ကာလ ဖြစ်၏။ ထိုအချိန်၌ အစ္စလာမ်ဘာသာ၏တမန်တော် မိုဟာမက်သည် မဒီနာမြို့၌ ကွယ်လွန်ခဲ့၏။ ထိုမှ နောက်ပိုင်း နှစ်ပေါင်း (၁၀၀)အတွင်း၌ အာရပ်တို့သည် ပါရှား၊ အာရှမိုင်းနား (အရှေ့အလယ်ပိုင်း) ဆီးရီးယား၊ ပါလက်စတိုင်း၊ အီဂျစ်နှင့် ဥရောပတို့သို့ စပိန်မှတစ်ဆင့်ဝင်ရောက်သိမ်းပိုက်ခဲ့၏။

ထိုအခါ မွတ်စလင်တို့၏ အင်ပါယာချဲ့ထွင်တိုက်ခိုက်မှု အရှိန်အဟုန်ကို ချား (လ်) မာတယ်က အေဒီ ၇၃၂ တွင် ပိတ်တန့်စေခဲ့၏။ ထို့နောက်ပိုင်းတွင် ဂရိခရစ်ယာန် အဂ္ဂိရတ်ပညာရပ်သည် မူလပထမအခြေတည်ခဲ့ရာ အီဂျစ်နိုင်ငံ၌ ပျောက်ကွယ်ခဲ့ရတော့၏။ သို့သော် တူရကီအင်ပါယာတွင် ဆက်လက်ရှင်သန်နေ၏။ အမှန်တကယ်အားဖြင့် ဆိုရပါမူ တူရကီအဂ္ဂိရတ်ပညာရှင်များသည် ဒဿနပညာရှင်အစစ်များ မဟုတ်ကြပေ။ သို့သော် ၎င်းတို့သည် အလက်ဇန္ဒြီးယားအဂ္ဂိရတ်ပညာရှင်တို့၏ဩဝါဒဖြင့် ဆက်ခံလုပ်ကိုင်ကြသူများ ဖြစ်၏။ အဂ္ဂိရတ်ပညာကို ခရစ်ယာန်ဂမ္ဘီရပညာအဖြစ်သို့ ပြောင်းလဲစေရာ၌ သူတို့ရေးသားခဲ့သမျှသောစာပေများတွင် ဓာတ်ခွဲခန်းကို ရှုတ်ချခဲ့ကြ၏။ ဤသို့သော ဒဏ္ဍာရီနှင့်ဒဿနဆန်သော ရေးသားချက်များသည် တစ်ခါတစ်ရံတွင် နည်းပညာသဘာဝဖြင့် ရောယှက်နေခြင်းမှာ မှန်ကန်မှုတော့ရှိပါ၏။ သို့ရာတွင် အများစုမှာ ဖော်စပ်နည်းအစုအဝေးမျှသာ ဖြစ်၏။ ၎င်းတို့မှာ ဇိုဆီမော့၏အာဘော်ထက် လေဒင်နှင့် စတော့ဟုမ်းပေစာများက ပို၍ ထင်ပေါ်လေ၏။ ဤသို့ဖြင့် တူရကီတို့၏အော်တိုမန်အင်ပါယာနှင့်အတူ ဘိုင်ဇင်တိုင်း အဂ္ဂိရတ်ပညာသည် ပေါ်ထွက်လာခဲ့၏။

## ဘိုင်ဇင်တိုင်းအဂ္ဂိရတ်ပညာ

တရွေ့ရွေ့တိုးတက်လာသော တူရကီအဂ္ဂိရတ်ပညာသည် ခရစ္စတိုဖီး(လ်)တွင် ထင်ဟပ်လာ၏။ ရွှေဖြစ်သည့်နည်းများ ပါဝင်သော စာတမ်းငယ်တစ်ခုကို ရေးသားသူများမှာ တူရကီမှနိုင်ငံရေးသမားတစ်ဦးနှင့် ဒဿနဆရာတစ်ဦးတို့ ဖြစ်၏။

မိုက်ကယ်ဆီလပ် (၁၀၁၈-၁၀၇၈) သည် အဂ္ဂိရတ်ပညာရှင်တစ်ဦး မဟုတ်ပေ။ သူရေးထားခဲ့သော အဖွင့်နိဒါန်းကျမ်းကို သူဖတ်ဖူးသမျှ၊ ကြားဖူးသမျှအပေါ်တွင်သာ ပေါင်ခတ်၍ ရေးသားခဲ့၏။ ထိုကျမ်း၏အဖွင့်၌ အဂ္ဂိရတ်ပညာကို သူချဉ်းကပ်ပုံ မည်မျှနီးကပ်ကြောင်း ဖော်ပြထား၏။ အမှန်မှာမူ မိုက်ကယ်ကရိုလီယပ်သို့ ရည်ညွှန်းစာတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

'သင်ကြည့်လော့၊ ကျွန်ုပ်ဝိညာဉ်၏အရှင်သခင်နှင့် ပိုင်စိုးသောအရှင်သခင်သည် ကျွန်ုပ်အား ဒဿန၏အမြင့်ဆုံးအပိုင်းမှနေ၍ သတ္တုလုပ်သား၏ သာမန်ဘဝသို့ ဇွတ်အတင်းပြောင်းလဲစေခဲ့၏။ ရုပ်ဝတ္ထုအသွင်သဏ္ဌာန်ကို ပြောင်းလဲစေပြီး သဘာဝကို ပြုပြင်ခိုင်း၏။ သို့တည်းမဟုတ် ဤကိစ္စသည် သဘာဝပေါ်တွင်သာ မှီခိုပါသလား။ အများက ယုံကြည်နေကြသည်မှာ ၎င်းသည် လျှို့ဝှက်ပညာရပ်ဖြစ်ပြီး သဘာဝအလင်းလောက (ဝါ) အပြင်လောကတွင် မမြင်နိုင်သော လျှို့ဝှက်ချက်လည်း ဖြစ်သည်။ တစ်ဖက်တွင် လူအများပြောသည်ကို ဂရုမစိုက်ပါ။ အခြားတစ်ဖက်တွင်မူ ကြောက်မက်ဖွယ်ရာ ပညာတစ်မျိုးသာဖြစ်၏'

ဟု ဖော်ပြထား၏။

ထို့ကြောင့် ဆဲ(လ်)လပ်က အဂ္ဂိရတ်ပညာသည် ဒဿနလော၊ သဘာဝသိပ္ပံလော ဟူ၍ သံသယရှိပုံပေါ်၏။ ထို့အပြင် ၎င်းသည် စက်မှုနည်းပညာထက် အနည်းငယ်သာ ပိုလွန်သည်ဟု သတ်မှတ်ထား၏။ ထိုအကြောင်းကို ရေးသားထားသည့်အတွက် သိက္ခာချခြင်းသာ ဖြစ်သည်ဟု ပညာရှင်အချို့က တုံ့ပြန်ကြ၏။

အညံ့စားသတ္တုများမှ ရွှေနှင့်တူသောအရာသို့ ပြောင်းလဲပေးသည့်နည်းပညာသည် အဂ္ဂိရတ်ပညာသာလျှင် ဖြစ်သည်ဟု ယူဆထား၏။ ၎င်းတို့မှာ ဥပမာအားဖြင့် ဆေးဒန်း၊ ကန့်၊ ပြဒါးဆုန်း၊ ကြေးနီ၊ ဆန်ဒရက်၊ သံဆာလဖိတ်တို့ ဖြစ်၏။ လေဒင်နှင့် စတော့ဟုမ်းပေစာများကဲ့သို့ပင် ခရစ်ပိုပြီးက ရွှေနှင့်ရောမွှားနည်းကို ညွှန်းထား၏။ ထိုလုပ်ငန်းကို အနည်းဆုံးပမာဏမှစတင်ရမည် ဖြစ်၏။ ရွှေအစစ်ကို ဤနည်း၌ ထည့်ခြင်းမှာ ကြေးနီ သို့မဟုတ် အခြားသတ္တုများ၌ ရွှေအစစ်၏အရောင်ဝင်စေလို၍ ဖြစ်၏။

အဆိုပါ တူရကီအဂ္ဂိရတ်ပညာရှင်၏ အယူအဆ အတွေးအခေါ်သည် အလယ်ခေတ် အနောက်တိုင်းသို့ ပျံ့နှံ့သွား၏။ ထို့နောက် အေဒီ ၁၂- ၁၃ ရာစုအကြားတွင် အဂ္ဂိရတ်ပညာအပေါ်၌ ရှုပ်နေကြသော ဥရောပသည် များစွာရှုပ်ထွေးပွေလီသောဖြစ်စဉ်၏ရလဒ် ဖြစ်လာခဲ့၏။ လျှို့ဝှက်အတတ်ပညာက ထိုရှုပ်ထွေးမှုကို အဂ္ဂိရတ်အဖြစ်သို့ ပြောင်းလဲစေခဲ့၏။

အီဂျစ်ရှိ အလက်ဇန္ဒြီးယား အဂ္ဂိရတ်ဒဿနဂိုဏ်း မှေးမှိန်လာပြီးနောက်ပိုင်းတွင် အဂ္ဂိရတ်ပညာသည် ယခု ဆီးရီးယားနိုင်ငံတည်ရှိသောနေရာတွင် ပေါ်ပေါက်လာခဲ့၏။ ထို့အပြင် တူရကီနန်းတွင်း၌လည်း အဂ္ဂိရတ်ပညာသည် ပေါ်ပေါက်လာခဲ့၏။ ထို့အပြင် အက်ဟက်ဇာဒေသ၌လည်း ပေါ်ပေါက်လာ၏။ ထိုဒေသသည် တူရကီ၊ ဆီးရီးယားနယ်စပ်နှင့်ကပ်လျက်ရှိသောနေရာ ဖြစ်၏။ ထိုနေရာတွင် ရှေးခေတ်ကထင်ရှားခဲ့သော မြို့တော်ဟာရန် ရှိ၏။ ထိုနေရာသည် ကုလားအုတ်ဖြင့် ခရီးသွားလာရသော လမ်းကြောင်းအတွက် အရေးပါသည့် လမ်းဆုံလည်းဖြစ်၏။ လွန်ခဲ့သည့် ဘီစီ ၁၄၀၀ ကတည်းက ထိုဒေသနှင့်ထိုလမ်းများရှိခဲ့၏။

ဤနေရာတွင် အလယ်ပိုင်းနှင့် အရှေ့ဖျားဒေသ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့တွေ့ဆုံ၍ ရောယှက်သွား၏။ အဆိုပါ 'ဟာရန်' သည် ဂမ္ဘီရဆန်သော မှော်ဝင်မြို့တော်တစ်ခု ဖြစ်၏။ ဒဏ္ဍာရီ

www.burmeseclassic.com

တစ်ပုဒ်အရဆိုလျှင် ထိုနေရာသည် ဆီလီနာနတ်သမီး၏သချိုင်းနေရာ ဖြစ်၏။ အခြားသော အစဉ်အလာတစ်ခုမှ ဆိုသည်မှာ ကမ္ဘာဦးတွင် ရေလွှမ်းမိုးမှုပြီးသည့်နောက် ပထမဆုံးတည်ဆောက်သည့်မြို့ဟု အဆိုရှိ၏။ အခြား ဇာတ်လမ်းတစ်ပုဒ်တွင် ဤမြို့ကို အေဗရာဟမ်၏ညီက တည်ထောင်သည်ဟု ဆို၏။ အေဗရာဟမ်သည် ထိုမြို့မှ ထွက်ခွာခဲ့၏။ ထိုအချိန်က သူ ယုံကြည်ကိုးကွယ်သည့်ဘာသာသည် ကမ္ဘာတွင် ရှေးအကျဆုံးဘာသာ ဖြစ်၏။

ဟာရန်မြို့တွင် အနေကြာလာခဲ့သည့် ဆာဗီးယန်းတို့သည် အချင်းချင်း ဝိသေသဆက်သွယ်ခဲ့ကြပြီး ၎င်းတို့သည် ဂြိုဟ် (၇) လုံးအား ဂြိုဟ်တစ်လုံးချင်းစီအလိုက် ကျောင်းတော်ရာတစ်ခုစီကို သတ်မှတ်ကြသည်။ ဘုရားသခင်အား ချီးကျူးစကားတို့ကို ဘုန်းတော်ကြီးများကပြောကြားကြ၏။ ၎င်းဘုန်းတော်ကြီးများကသာလျှင် ဂြိုဟ်တို့၏မှော်ဝင်ဂုဏ်သတ္တိနှင့် နက္ခတ္တစွမ်းအင်များကို နားလည်ကြ၏။

ကြယ်တာရာများသည် ဘေဘီလုံ အယူဝါဒ၏အမွေအနှစ်တစ်ရပ်ဖြစ်၏။ ၎င်းတို့၏အယူဝါဒကား အပင်ဖြစ်စေ၊ အကောင်ဖြစ်စေ၊ သတ္တုဖြစ်စေ အားလုံးတို့သည် ကြယ်၊ ဂြိုဟ်၊ နက္ခတ်တာရာတို့နှင့်ဆိုင်သည်ဟု ယူဆထားကြ၏။ ထိုကြယ်ကို လူတို့က မှော်ပညာနည်းကျ ပ, သကြ၏။ ဆီးရီးယန်းတို့၏ယဉ်ကျေးမှုသည် နောက်ပိုင်း ခရစ်ယာန်နှင့် မွတ်စလင်တို့၏မူလမှ ဖြစ်ပေါ်လာ၏။

ချီးကျူးဖွယ်ရာကောင်းသည်မှာ ဟာရန်မြို့သည် လျှို့ဝှက်ပညာရပ်များဆုံရာအရပ်ဖြစ်ပြီး ဘေဘီလုံ၊ ပါရှားနောက်ခေတ် ဂရိ၊ ခရစ်ယာန်၊ အစ္စလာမ် ယဉ်ကျေးမှုများကိုလည်း စုစည်းပေးရာဒေသ ဖြစ်၏။ ဂမ္ဘီရဆန်သည့် ဟာရန်မြို့သည် ယဉ်ကျေးမှု၏ဗဟိုဌာန ဖြစ်၏။ ၎င်းသည် ဘီစီ ၅၂၈ တွင် ဆူမားရီးယန်း၊ ဟစ်တိုက်နှင့် ဘေဘီလုံ ယဉ်ကျေးမှုများဆုံစည်းရာ ဒေသလည်း ဖြစ်၏။

မြို့တော်သည် ပါရှန်အင်ပါယာ၏အလယ်ဗဟို ဖြစ်လာ၏။ အာဇီမန်နစ်ခေတ်တွင် အဆိုပါ ယဉ်ကျေးမှုများသည် ပြန့်ပွားကျယ်ပြန့်ခဲ့၏။ အီဂျစ်နှင့် ပါရှန်ယဉ်ကျေးမှုတို့ စုစည်း ဆုံစည်းရာလည်း ဖြစ်ခဲ့၏။ ဟယ်လင်နစ်ခေတ်က ထိုဒေသများသည် အဂ္ဂိရတ်ပညာရှင်နှင့် အတွေးအခေါ် ဒဿနဆရာများ၏စုစည်းရာလည်း ဖြစ်၏။ ၎င်းတို့၏တာဝန်မှာ ရှေးခေတ် ဂရိဒဿနနှင့် စာပေများကို လေ့လာ၍ ဘာသာပြန်ဆိုရန်ဖြစ်၏။ နောင်သောအခါ ခေတ်သစ်ပလေတိုဝါဒစာပေ၊ ဟာမစ်တစ်စာပေ၊ ဂျိုနိုစတစ်စာပေတို့ကို လေ့လာပြန်ဆိုခဲ့ကြ၏။

ဟာရန်သည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ဖြင့်လည်း အဆက်အသွယ်ရှိခဲ့၏။ ထို့ကြောင့်လည်း အရှေ့ဖျားနိုင်ငံများနှင့် အရှေ့တိုင်းနိုင်ငံတို့၏အယူအဆများသည် ဟာရန်တွင် လာရောက်စုစည်းပေါင်းစပ်ကြသည်ဆိုခြင်းမှာ ဖြစ်နိုင်ပါသည်။ ဟာရန်သည် ဒဿန၊ ဘာသာရေး၊ မှော်ဝင်ဂမ္ဘီရကျမ်းများအတွက် အရေးပါသည့် ဗဟိုဌာန ဖြစ်၏။ အဆိုပါကျမ်းတို့ကို မူလပြုစုသူများမှာ ပလေတို၊ ပိုက်သာဂိုရပ်နှင့် အရစ္စတိုတယ်တို့ဖြစ်ကြ၏။ ၎င်းတို့သည် ရှေးခေတ်ကျော်ကြားသည့် ဒဿနပညာရှင်ကြီးများ ဖြစ်၏။

ဟယ်လင်နစ်ဒဏ္ဍာရီထဲမှ ဟာမီးကို တစ်ခါတစ်ရံတွင် ဟာရန်မှမင်းသားဟုခေါ်၏။ ထူးခြားချက်မှာ ဆီးရီးယန်းတို့သည် ကျမ်းအတုများကိုပြုစုခဲ့ကြပြီး ထိုကျမ်းများကို ဟာမီးနှင့် ၎င်း၏တပည့်များက ရေးသားခဲ့ကြသည်ဟု ဆိုကြ၏။

ဟာမီးနှင့်ပတ်သက်သည့် ဒဏ္ဍာရီတစ်ခုကို ဖော်ပြလိုပါသည်။ ဟာမီးကဲ့သို့ ဝတ်ဆင်ထားကာ ပြဒါးကို ခွက်ထဲ၌ထည့်၍ ဆီနှင့် ဆော်ဒါပါ ရောထည့်လိုက်၏။ ထို့နောက် (၁) နှစ်ကြာပြီးသောအခါ ဟာမီး၏ဝိညာဉ်သည် ကံဆိုးသူပြဒါးထဲသို့ ကံဆိုးသူအား မံမီလုပ်၍ထားပြီး ၎င်းမံမီသည် အနာဂတ်ကိုကြိုတင်သိနိုင်၏။ ၎င်းသည် တမန်တော်ကဲ့သို့သော ဣဒ္ဓိပါဒ်မျိုးရှိသည်ဟု ယုံကြည်ကြ၏။ ထိုအယူအဆသည် အလယ်ခေတ်တစ်ခေတ်လုံး ရှိခဲ့၏။

အယ်ရာရစ်၏အဖြစ်အပျက်ကား ထူးဆန်းပါသည်။ ယခုအဖြစ်အပျက်သည် သူ့ထံသို့ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရောက်ရှိသော ဇာတ်လမ်း ဖြစ်၏။

အချိန်ကာလတစ်လျှောက် အဂ္ဂိရတ်စမ်းသပ်မှုတစ်ရပ်ကို သင်္ကေတအားဖြင့် လက်တွေ့ပြုလုပ်ခြင်း၊ သေဆုံးခြင်းနှင့် ပြန်လည်ရှင်သန်ခြင်း၊ အဂ္ဂိရတ်လုံးထဲမှ မသန့်ရှင်းစေသောပစ္စည်းကို သန့်ရှင်းစေခြင်း၊ အထူးဝိသေသဓာတ်ပစ္စည်းဖြင့် သန့်စင်စေခြင်း၊ မသန့်ရှင်းသောပစ္စည်းများကို ပြဒါးဖြင့် စုပ်ယူစေခြင်းစသည့် ကိစ္စရပ်အားလုံးတို့သည် ထိုခေတ် အဂ္ဂိရတ်ပညာ၏ လုပ်ထုံးလုပ်နည်း (ဝါ) ပြုလုပ်နေကျ ထုံးတမ်းစဉ်လာများပင် ဖြစ်၏။

ဟာရန်မြို့သည် အဂ္ဂိရတ်ပညာကို မွေးဖွားရာဒေသဖြစ်၏ဟု ဆိုလျှင် ရာနှုန်းပြည့်နီးပါး မှန်နိုင်ပေသည်။ ထိုမြို့သည် သတ္တုလုပ်သားများကြောင့် ကျော်ကြား၏။ ထိုလုပ်သားများသည် အာရှမိုင်းနား၊ ကာဒစ်စတန်ပါရှားတို့မှ တင်သွင်းသည့်ပစ္စည်းများကို သုံးကြ၏။ ၎င်းမြို့မှဆိုင်များသည် ရွှေ၊ ငွေ၊ ကြေးနီ၊ ဘင်၊ သံ၊ နာ၊ ကန့်၊ စိန်၊ ဆာလဖိုဒ်လက်ချား စသည့် ဓာတ်ပစ္စည်းများဖြစ်ကြောင်း အလီရာရှစ်က ပြောခဲ့၏။

ဟာမစ်တစ်ကျမ်းကို ဆီးရီးယားတွင် ပြုစုနေစဉ် ဟာရန်ကို အချို့သော အာရပ်ပညာရှင်တို့က အလားတူ ဂြိုဟ်များ၊ ပုံသဏ္ဌာန်များ၊ အရောင်များ၊ သတ္တုများ၊ ၇ နေ့ရက်များနှင့် ကိန်းဂဏန်းများတို့သည် အဂ္ဂိရတ်ထုံးတမ်းစဉ်လာတွင် လွန်စွာ လိုအပ်ပါသည်။ ၎င်းတို့ကို ရှေးဦးစွာ သတ်မှတ်ခဲ့ကြ၏။ အာရပ် အဂ္ဂိရတ်ကျမ်းတစ်စောင်တွင် ဇယားဖြင့် ဖော်ပြထား၏။

| | | | | | | |
|---|---|---|---|---|---|---|
| စနေ | သောရီ | ဆင္ဓဂံ | အနက် | နာ | စနေနေ့ | ၉ |
| ကြာသပတေး | ဂုရု | တြိဂံ | အစိမ်း | ဘင် | ကြာသပတေး | ၀ |
| အင်္ဂါ | ဘောမ | စတုရန်း | အနီ | သံ | အင်္ဂါနေ့ | ၄ |
| တနင်္ဂနွေ | သူရိယ | စတုရန်း | အဝါ | ရွှေ | တနင်္ဂနွေနေ့ | ၀ |
| သောကြာ | သောကြ | ထိပ်ချွန်ရှည်တြိဂံ | အပြာ/အဖြူ | ကြေးနီ | သောကြာ | ၅ |
| ဗုဒ္ဓဟူး | ဗုဒ္ဓ | အတွင်း၌ စတုရန်းရှိတြိဂံ | ရောင်စုံ | မျိုးစုံ | ဗုဒ္ဓဟူး | ၄ |
| တနင်္လာ | စန္ဒြာ | ပဥ္စဂံ | အဖြူနှင့် ရွှေ/အဖြူ | ငွေ | တနင်္လာ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

၅ ရာစုတွင် ဟာရန်သာမက ဆီးရီးယားတစ်နိုင်ငံလုံးသည် ယဉ်ကျေးမှုနှင့် သိပ္ပံပညာတွင်ပါ အရေးပါသည့် ဌာနကြီး ဖြစ်လာ၏။ ၂ ရာစုခေတ်က သူတို့က မမွှေဟောင်းနှင့်မမွှေသစ်ကျမ်းတို့ကို ဆီးရီးယန်းဘာသာသို့ ပြန်ဆိုခဲ့၏။

နောက်ထပ်ပေါ်ပေါက်လာသော ဒဿနကျမ်း၊ ဆေးကျမ်းနှင့် အဂ္ဂိရတ်ကျမ်းများကိုလည်း ဂရိဘာသာမှ ဆီးရီးယန်းဘာသာသို့ ပြန်ဆိုခဲ့၏။ တဖြည်းဖြည်းနှင့် ဆီးရီးယားအဂ္ဂိရတ်ပညာသည် အရေးပါသောအဆင့်သို့ ရောက်ရှိလာ၏။

တစ်ဖက်တွင်မူ ၎င်းပညာရပ်ကို ပြင်းထန်သည်စိစစ်၍ အဂ္ဂိရတ်ပညာ၏မှတ်တိုင်အဖြစ် သတ်မှတ်၏။ တစ်ဖက်တွင် မူ ၎င်းဘာသာထွန်းကားပြီး တီထွင်မှုများကိုပြုလုပ်ခဲ့၏။ ဂရိ၏မီးရှူးတိုင်ကို ဆီးရီးယားတွင် ထွန်းညှိခဲ့သည်ဟု မဆိုသာပေ။ ၆၇၃ ခုနှစ်တွင် အာရပ်တို့က ဆီးရီးယားနှင့် ပါရှားတို့ကို အောင်နိုင်သောအခါ ကာလစ်ဘုရင်သည် ထိုနှစ်နိုင်ငံမှပညာရှင်များကို သူ့အမှုထမ်း ဖြစ်စေခဲ့၏။

ဒဿန၊ ဆေးပညာ၊ နက္ခတ္တပညာ၊ သင်္ချာဗေဒနှင့် အခြားသော သိပ္ပံပညာရပ်များကို ဂရိမှ ပထမဆီးရီးယားဘာသာ၊ ထိုမှတစ်ဆင့် အာရဗီဘာသာသို့ ဘာသာပြန်ဆိုခဲ့၏။ ထိုအဆင့်တွင် အဂ္ဂိရတ်၏ဝေါဟာရသည် အက်ခမီ ဖြစ်သွား၏။ ၁၂ ရာစုတွင် ဘာသာပြန်သူက al kimia ၊ ၎င်းမှတစ်ဆင့် alquimia၊ ၎င်းမှ akhima၊ ၎င်းမှ alchemia စသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲလာခဲ့၏။ အာရပ်တို့၏ အဂ္ဂိရတ်အဓိပ္ပာယ်ကား ရှင်းပါသည်။

အေဒီ ၉၈၇ တွင် အန်နာဒင်သည် ကတ်တလောက်စာအုပ်ကို ပြုစုခဲ့၏၊

'အဂ္ဂိရတ်ပညာကို လိုက်စားသူသည် ရွှေဖြစ်၊ ငွေဖြစ်လုပ်ကြသူများ ဖြစ်သည်' ဟု ဆိုခဲ့၏။ အာရပ်များက ဤစကားလုံးကို လေးနက်သောအဓိပ္ပာယ်ဖြင့် ယူထားကြခြင်း ဖြစ်၏။

အာရဗီဘာသာစကားတွင် အဆိုပါဘာသာစကားကို မြင့်မြတ်သော အတတ်ပညာ၊ ကောင်းကင်ဘုံ၏အတတ်ပညာဟု အဓိပ္ပာယ်ရ၏။ ဂရိ-အီဂျစ်အသက်ဇာနည်းယား ဒဿနပညာရှင်များက အသုံးချခဲ့လေသလားဟု ယူဆဖွယ် ရှိ၏။

အယ်- ကမီးယား ဟူသော ဝေါဟာရတွင် Al သည် The ဖြစ်၏။ Kimiya သည် မူလအစ မသေချာသော အရာ ဟူ၍ ဖြစ်၏။ ၎င်းသည် အာရပ်၊ အာရဗီစကားလုံး မဟုတ်။ ထို့ကြောင့် ဤစကားလုံးသည် အီဂျစ် သို့မဟုတ် ဂရိမှ ဆင်းသက်လာသော စကားလုံး ဖြစ်၏။ ဤကိစ္စနှင့်ပတ်သက်၍မူ အီဂျစ်ပညာရှင်တို့က ဤသို့ ထင်မြင်ချက်ပေး၏။

၎င်းအမည်သည် Chem ဟူသည် ဝေါဟာရနှင့်ဆက်စပ်နေ၏။ The Land of the Black Soil ဟု အဓိပ္ပာယ်ရ၏။ အဓိပ္ပာယ်မှာ 'အနက်ရောင်မြေကြီးရှိသောကုန်းမြေ' ဟု အဓိပ္ပာယ်ရသည်။ နိုင်းမြစ်၏ မည်းနက်သော နုန်းမြေအရောင်ကို အစွဲပြု၍ ဤကဲ့သို့ခေါ်ခြင်း ဖြစ်၏။ သဲကန္တာရမြေ၏အနီရောင်နှင့် ဆန့်ကျင်ဘက် ဖြစ်လေ၏။ ဟီရိုဒိုတပ်က ဤအချက်ကို သိခဲ့၏။ အီသီယိုးပီးယားတွင် အပျက်အစီးအနေဖြင့် မြေကြီးများကို နိုင်းမြစ်မှ သယ်ဆောင်ရပြီး ဖြစ်ပေါ်ရသည့်ယဉ်ကျေးမှုနှင့် ပညာရပ်တစ်ခုဖြစ်သည်ဟု အဓိပ္ပာယ်ရ၏။

ဟီရိုဒိုတပ်၊ ပလူတပ်၏ နောက် ၄ ရာစုတွင် chem ၏ ဒွိအဓိပ္ပာယ်ဆောင်သောအမည်ကို ကြားဖူးကြ၏။ မျက်လုံး မျက်နက်ဝန်းဖြစ်သော ကယ်မီယာ (Chemia) သည် အီဂျစ်၏မြေအနက်နှင့် သဘောတရားချင်း တူကြောင်း အီဂျစ်တို့က သိရှိခဲ့ကြ၏။ ထို့ကြောင့် ၎င်းတို့သည် အယ်-ကမီရာကို အီဂျစ်၏အတတ်ပညာဟု အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ မလေ့ထုံးတမ်းကို ခိုင်မာစေခြင်း ဖြစ်၏။ ဂရိတို့၏အနုမာနသည် ပို၍ခိုင်လုံနေပေသည်။ ဘီစီ ၃ ရာစုကတည်းက ဂရိတို့သည် chyma ဟူသော ဝေါဟာရကို လက်ခံခဲ့ကြပြီး ၎င်းတို့သည် သတ္တုချောင်းဖြင့် တံဆိပ်ထုသည့်နည်းကို ကျင့်သုံးခဲ့ကြသည်။ နောင်သောအခါတွင် သတ္တုကိုပုံသွင်းခြင်း၊ ရောနှောခြင်းနည်းစနစ်များ ဖြစ်ပေါ်လာသည်။

ဂရိကျမ်းများက Chemeia (သို့) Chemia ဟူသည့် နောက်ပုံစံတစ်မျိုးကို ဖော်ပြခဲ့သည်။ တူရကီကျမ်းပြုဆရာဂျော့စစ်စီလပ်၏အဆိုအရ-

'ဇိုဆီမော့သည် CHEMEU အမည်ရှိ ကျမ်းတစ်စောင်အကြောင်း ပြောဆိုခဲ့ပြီး ၎င်းကျမ်းတွင် အဂ္ဂိရတ်ပညာ၏လျှို့ဝှက်ချက်များပါရှိသည်'

ဟု ဆို၏။

အကြိမ်ပေါင်းများစွာပင် ဇိုဆီမော့နှင့် အခြား ဂရိကျမ်းပြုဆရာများက ၎င်း Chèmes သို့မဟုတ် Chimes သို့မဟုတ် Chymès အား အဂ္ဂိရတ်ပညာ၏ မူရင်းမူလသူရဲကောင်း ဟူ၍ ချီးမွမ်းပြောဆိုကြ၏။ Chema နှင့် ၎င်းမှဆင်းသက်လာသော ဝေါဟာရတို့၏ စပ်ကြားတွင် ဆက်စပ်မှုရှိနေသည်မှာ ထင်ရှားလေသည်။ ထို့ကြောင့် အယ်-ကမီယာ ဆိုသည်မှာ အတတ်ပညာ သို့မဟုတ် သတ္တုများကို ရောစပ်နည်းပညာ ဟူ၍ အဓိပ္ပာယ်ရပေသည်။

အာရပ်အဂ္ဂိရတ်ပညာတွင် ပထမဆုံးစိတ်ဝင်စားသည့်ပုဂ္ဂိုလ်မှာ ရာဇစ်၏သားဖြစ်သူ မင်းသားခါလစ် ဖြစ်သည်ဟု ဆိုကြ၏။ ၎င်းသည် ဒီမိုကရေတပ်ခေတ်တွင် အသက်ရှင်နေထိုင်ခဲ့ပြီး အေဒီ ၇၀၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သူ ဖြစ်၏။ ကီတပ်အယ်ဖာလစ်က ခါလစ်၏သရုပ်သကန်ကို ပေါ်လွင်စေခဲ့၏။

'သူသည် တရားဟောဆရာ၊ ကဗျာစာဆို၊ သွက်လက်ချက်ချာပါးနပ်သူ၊ ခံစားမှုနှင့်ဉာဏ်ပညာ ကြီးမားသူလည်း ဖြစ်၏။ ဆေးပညာ၊ နက္ခတ္တနှင့် အဂ္ဂိရတ်ပညာကို ပထမဦးဆုံး ဘာသာပြန်ဆိုရန် တာဝန်ပေးခံရသူလည်း ဖြစ်၏။ ဤစကားသည် မှန်,မမှန်ကို အခြားသူများထက် ပို၍ ဘုရားသခင်က သိပေမည်။

အဂ္ဂိရတ်ဆိုင်ရာ နည်းပညာများကို ခါလစ် အမှန်တကယ် ရရှိကြောင်း သိနိုင်ပေသည်။ ဤဘာသာရပ်နှင့်ပတ်သက်၍ သူသည် ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ကို ရေးသားခဲ့ရုံသာမက ကဗျာများကိုပင် ရေးစပ်ခဲ့၏။ ကျွန်ုပ်သည် သူ၏ကဗျာပေါင်းများစွာကို တွေ့ရှိခဲ့ဖူးပြီး ဖြစ်၏။ ထို့အပြင် စာမျက်နှာပေါင်း (၅၀၀) ရှိ သူ၏အဆောင်လက်ဖွဲ့ကျမ်း၊ ထို့အပြင် ပေစာများနှင့်ပတ်သက်၍ ကျမ်းကြီး,ကျမ်းကျယ်များ၊ ထိုမျှမက အဂ္ဂိရတ်ပညာနှင့် ပတ်သက်၍ လက်တွေ့ကျမ်းကြီးတို့ကို သူ့သားအား ပေးအပ်ခဲ့၏။

*(ဆက်ရန်)*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

လူရှိန်အောင်

## အညို

(၁)

အမေ သိပ်ရက်စက်တာပဲ။

လုပ်ရက်တယ် အမေရယ်. . .။

အညို ငိုနေရပါပြီ။ အညို အမေ့ကို မုန်းတယ်။ သမီးက အမေ့ကိုမုန်းလို့ ငရဲကျမှာလား။

ဟုတ်တယ်၊ အညို့ရင်ထဲမှာ ငရဲကျနေရပါပြီ။

(၂)

အဖေဟာ အရက်ကို သူ့အသက်ထက် ပိုချစ် ခဲ့ပါတယ်။ မိုးလင်း၊ မိုးချုပ် သောက်တာ။ အရက်က အဖေ့ကို ပြန်မချစ်ခဲ့ပါဘူး။ စိမ်းကားရက်စက်ခဲ့တယ်လေ။ အရက်ဝိုင်းမှာ အဖေ အသတ်ခံခဲ့ရတယ်။

(၃)

အဖေ သေတာ တစ်လတောင် မပြည့်သေးပါဘူး၊ မိန်းမချောတစ်ယောက်ဖြစ်တဲ့ အမေဟာ နောက်ယောကျ်ားယူလိုက်တယ်။ တစ်ရွာလုံး ပါးစပ် အဟောင်းသားဖြစ်ကုန်ကြတယ်။

အမေ ယောကျ်ားယူတာကို အံ့ဩနေတာ မဟုတ်ပါဘူး၊ ယူလိုက်တဲ့ ယောကျ်ားကို အံ့ဩနေကြတာ။ အမေ့ရဲ့ ဒုတိယလင် အောင်ဗလဟာ အညို့ရဲ့ ရည်းစားဆိုတာ တစ်ရွာလုံးအသိ။

လူတွေရဲ့ လှောင်ပြောင်နေတဲ့မျက်လုံးတွေ၊ ကဲ့ရဲ့ အပြစ်တင်နေတဲ့ လက်ညှိုးတွေကို အမေ လုံးဝ ဂရုမစိုက်ပါဘူး။ အရှက်တွေနဲ့ အသက်ရှုမှားနေတဲ့ အညို့ကို-

"သမီးလေး"

အညို ပြန်မထူးဘူး။ အမေ့ကို သူစိမ်းတစ်ယောက်လို ငေးနေမိတယ်။

"အမေ့ကို ခွင့်မလွှတ်ပါနဲ့၊ အမေ့မှာ ရွေးချယ်စရာမရှိတော့လို့ပါကွယ်"

အဲဒါ အမေ့ရဲ့ဆင်ခြေဆင်လက်တွေပါ။ အဲဒီ ဆင်ခြေဆင်လက်တွေက အညို့ရဲ့အရှက်၊ မျက်ရည်တွေကိုဖျောက်ဖျက်ပေးနိုင်ပါ့မလား။ ဘာပဲပြောပြောလေ၊ ဖြစ်ပြီးသမျှဟာပြန်ပြင်လို့မရတော့ပါဘူး။ အညို့ရည်းစား အောင်ဗလဟာ အခုတော့ အညို့ပထွေး ဖြစ်နေပြီလေ။

(၄)

မိန်းမချောလေးတစ်ယောက်ဖြစ်တဲ့ အညိုကိုယ်တိုင်လည်း မိန်းမတွေရဲ့ စိတ်ကို နားမလည်နိုင်ခဲ့ပါဘူး။

အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးစစနဲ့ အောင်ဗလဟာ ယောကျ်ားပီသ ချောမောေ
မယ့် အကျင့်က ကောင်းတာမဟုတ်ဘူး
မကောင်းမှုမှန်သမျှကို ကန်ထရိုက်ဆွဲ
ထားတာ။ ခါးပြမှုနဲ့ ထောင်က လွတ်
လာတာ မကြာသေးဘူး။ အသက်က
လည်း အညို့ထက် (၁၀) နှစ်လောက်
ကြီးတာ။ အဲဒီယောကျ်ားကို အညိုချစ်ခဲ့
တာလေ။ အညို့ရဲ့အမေကတော့ ပြတ်
တယ်၊ လင်ဖမ်းတော်ပစ်လိုက်တာ။

အောင်ဗလဟာ အညို့ရဲ့ ပထွေး
ဖြစ်နေပါပြီလေ။

(၅)

စိတ်ဒဏ်ရာ အနာတရတွေနဲ့ အ
ညို့ရဲ့ကမ္ဘာလေးဟာ ကျဉ်းသည်ထက်
ကျဉ်းလာခဲ့ပါတယ်။ အမေတို့လင်မယား
ဟာ တစ်ခြံတည်းမှာ အိမ်ခွဲနေကြတယ်





www.burmeseclassic.com

www.burmeseclassic.com

ဆိုပေမယ့် အညိုနဲ့ အမေ့ဘဝဟာ ဝေးသည်ထက်ဝေး၊ ကမ္ဘာခြားခဲ့ပါပြီ။

အမေတို့လင်မယားကတော့ မိုးမမြင် လေမမြင် ချစ်နေလိုက်ကြတာ။ အောင်ဗလရဲ့အကြည့်တွေကို အညို မကြိုက်ဘူး။ မရိုးသားဘူး။ ဒါကြောင့် အညို့အနားမှာ ကိုင်းခုတ်ဓားကို ဆောင်ထားတာ။

အမေကလည်း အောင်ဗလသွားလေရာ ဖဲဝိုင်းတကာကို တကောက်ကောက်လိုက်လို့။ လင်တော်မောင်အောင်ဗလကို စိတ်မချဘူး ထင်ပါရဲ့။ သေချာပါတယ်၊ အမေ့ရဲ့ဘဝမှာ အညိုဆိုတဲ့သမီးဟာ မရှိတော့ပါဘူး။

(၆)

အညို တောင်ယာစိုက်ခင်းဆီကို ထွက်လာခဲ့ပါတယ်။

အညို ရွာမှာ မပျော်တော့ဘူး။ အိမ်မှာလည်း နေချင်စိတ် မရှိတော့ပါဘူး။ လူတွေနဲ့လည်း မပတ်သက်ချင်တော့ဘူး။ အညို သွားလေရာကို ခွေးကလေး ရန်လုံက တကောက်ကောက်လိုက်လို့။ ရန်လုံက အညို့အချစ်တော်ခွေးလိမ္မာလေးလေ။

အညိုဟာ တောင်ယာမှာ အသီးအနှံတွေစိုက်တယ်။ တောင်ယာတဲမှာပဲ ချက်ပြုတ်စားတယ်။ နေ့လယ်နေ့ခင်း အိပ်တယ်။ ရောင်စုံတောပန်းတွေ ကမ်းပါးသွတ်ပွင့်နေတဲ့ ချောင်းကလေးမှာ ရေချိုးတယ်။

ချောင်းရေပြင်အထက် ငေါထွက်နေတဲ့ သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်ပြီး ငေးမျှားတယ်။ စိတ်ပါလက်ပါရှိတဲ့အခါ ကျေးလက်သီချင်းတွေ ဆိုတယ်။ မိုးကြီးချုပ်မှ ရွာကိုပြန်တယ်။

အဲဒါ. . . အညို့ရဲ့ကမ္ဘာ ဆိုပါတော့။

(၇)

အဲဒီနေ့က အညို တောင်ယာကို မသွားနိုင်ဘူး။ ဖျားလို့။ ဆေးသောက်၊ စောင်ပါးလေးခြုံပြီး အိပ်နေလိုက်တယ်။ အညို အိပ်ပျော်သွားတယ်။ အညို အိပ်မက်တွေမက်တယ်။

အညို ထန်းတောထဲ ရောက်နေတယ်။ ထန်းရည်အနံ့တွေက ရွံဖို့ကောင်းလိုက်တာ။ အညို မျက်လုံးကို ဖွင့်ကြည့်လိုက်တယ်။ အိပ်မက်မှ မဟုတ်တာ။ လှုပတဲ့ အညို့ခန္ဓာကိုယ်ပေါ်မှာ အောင်ဗလရဲ့ ရမ္မက်ထန်နေတဲ့ မျက်နှာကြီးက ယိမ်းထိုးနေတယ်။

အညို အသက်ရှူကျပ်လာတယ်။ မျက်လုံးတွေ ပြာလာတယ်၊ ယုတ်မာလွန်းတဲ့ အောင်ဗလဟာ အညို့ရင်ဝကို ဓားနဲ့ထောက်ထားတယ်။

"မအော်နဲ့"

အညို မအော်နိုင်ပါဘူး။ အညို့ပါးပြင်မှာ မျက်ရည်စတွေ။ အညို ရှိသမျှအားကို စုစည်းလိုက်တယ်။ လက်တစ်ဖက်က ကိုင်းခုတ်ဓားကို စမ်းမိတယ်။ ဓားသွားက မြည့်နေတာ။

"လူယုတ်မာ"

အားကုန် ခုတ်ချလိုက်တယ်။

"အား. . ."

အော်သံ၊ ကြောက်မက်ဖွယ်အော်သံများသည် အမိုးပွင့်မတတ်။ အောင်ဗလသည် နားကိုအုပ်ကာ သွေးရူးသွေးတန်း ထွက်ပြေးသွားသည်။ အညို့ခန္ဓာကိုယ်မှာ သွေးတွေ မြင်မကောင်း။

ပြတ်ကျ ကျန်ရစ်သော အောင်ဗလ၏နားရွက်တစ်ဖက်သည် ကြမ်းပြင်ပေါ်မှာ။ အကြောမသေသေး၊ ဆတ်ဆတ်တုန်လို့။

အညို သတိလစ်သွားပါသည်။

လောကသည် မှောင်အတိ။

(၈)

ခဏကြာတော့ အမေ ရောက်လာပါတယ်။

အသိစိတ်ကင်းမဲ့သောအရှုံးမကြီးတစ်ယောက်လို ဖြစ်နေတာ။ ဆံပင်ဖားလျားနှင့် အော်ဟစ်နေ၏။ အိမ်နီးချင်းတွေက ဝိုင်းဝန်းဖျောင်းဖျတယ်။ အမေဟာ အော်ပြီး ငိုနေလေရဲ့။

အံ့ဩဖို့ကောင်းလိုက်တာ။ အမေဟာ အညို့ကို ရှင်းပြခွင့် လုံးဝ မပေးဘူး။ အမေဟာ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားတယ်။ အညို သိတာပေါ့။ သူ့လင် အောင်ဗလကို ဓားနဲ့ခုတ်လို့, နားရွက်ပြတ်သွားလို့ အညို့ကို စိတ်နာ ဒေါသထွက်နေတာ။

အမေ အိမ်ပေါ်ကပြေးဆင်းသွားတယ်။ အညို တားတယ်၊ မရပါဘူး။ အမေက လှည့်တောင်မကြည့်ဘူး။

"အောင်ဗလ. . . အောင်ဗလ"

ထွက်ပြေးသွားတဲ့ လင်ကို အော်ခေါ်နေတာ။ အမေ့ခေါ်သံတွေဟာ အညို့နားထဲမှာ သံရည်ပူတွေလိုပါပဲ။

ခြံထောင့် ပိတောက်ပင်အိုကြီးအောက်မှာ အညို ငိုနေမိတယ်။ ရှိုက်ကြီးတငင်။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . ."

"ဟင်"

ဘယ်လိုဖြစ်တာပါလိမ့်။ အညို့အချစ်တော် ခွေးကလေး ရန်လုံက အညို့ကို ထိုးဟောင်နေပါလား။ ရန်သူကြီးတစ်ယောက်လို ဟောင်နေတာ။ အညို ဒေါသထွက်သွားတယ်။ ခဲနဲ့ ကောက်





www.burmeseclassic.com

www.burmeseclassic.com

ပေါက်လိုက်တယ်။

"ကိန်. . . ကိန်. . . ကိန်. . . "

(၉)

အမေဟာ အညို့ကို ပိုပြီး သူစိမ်းဆန်လာခဲ့ပါတယ်။ အမေဟာ ငိုင်တိုင်တိုင်နဲ့၊ သူ့ယောကျ်ားကို သတိရနေတာနေမှာပေါ့။ လူယုတ်မာ အောင်ဗလကို မတွေ့ရတာ ကြာပြီ။

သူ့အပြစ်သူကြောက်လို့ ပုန်းနေတာ နေမှာပေါ့။ အမေဟာ အိမ်သိပ်မကပ်တော့ပါဘူး။ ညဘက်လည်း ပြန်အိပ်ချင်မှ အိပ်တာ။ အောင်ဗလကို လိုက်ရှာနေတာလေ။ လှတဲ့၊ ချောတဲ့ အမေဟာ ကျန်းမာရေးချူချာလာတယ်။ ပိန်လာတယ်။ အညို စိတ်မကောင်းဘူး။ အညို့အတွက်တော့ အမေဟာ အမေပါပဲလေ။ အမေ့အတွက် ရေငင်ပေးတယ်။ အမေက ရေမချိုးဘူး။ မျက်နှာတောင် မသစ်ဘူး။ အမေကြိုက်တဲ့ဟင်းတွေ ချက်ပေးတယ်၊ လုံးဝကိုမစားတာ။

အမေ. . .

အညို့ကို အဓမ္မကျင့်ခဲ့တဲ့ လူယုတ်မာကို အညို ဓားနဲ့ခုတ်တာလေ။ အညို မှားလား။ အမေ အညို့ဘက်က နေရမှာလေ။ ဒါသတွေ ပြေပါတော့ အမေရယ်၊ အညို မနေတတ်လို့ပါ။ အမေ့ကို အညို သိပ်ချစ်ပါတယ်။

(၁၀)

အမှောင်တွေဟာ အိမ်မပြန်ကြသေးပါဘူး။

နှင်းကျသံဖြောက်ဖြောက် ကြားနေရတယ်။ အမေ့ဟောက်သံကို ကြားရတယ်။ အညို အိပ်ရာက ထလိုက်တယ်။ အညို တောင်ယာတဲဆီသွားဖို့ ပြင်ဆင်တယ်။ ဘာကြောင့်မှန်းမသိဘူး၊ အညို ရွာကလူတွေရဲ့မျက်နှာကိုမကြည့်ချင်တော့ဘူး။

ဒါကြောင့် လူတွေမနိုးခင် တောင်ယာကိုသွားဖို့ ဆုံးဖြတ်ထားတာ။ ခြံဝရောက်တော့ ခွေးကလေး ရန်လုံကို အဖော်ခေါ်ကြည့်သေးတယ်။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . "

စူးစူးဝါးဝါးကို ထိုးဟောင်နေတာ။

"အစုတ်ပလုတ်ကောင်၊ မလိုက်ရင်နေပေါ့"

အညို မီးခွက်ကြီးကိုကိုင်ကာ ရွာအပြင်သို့ ထွက်လာခဲ့တယ်။ ဝန်းကျင်သည် မှောင်နှင့်ပိန်းပိန်း။ လူတစ်ရပ်မကမြင့်သော ကိုင်းတောလမ်းယောင်ယောင်ကလေးအတိုင်း လျှောက်လာခဲ့တယ်။

မီးခွက်မှ အလင်းရောင်တို့သည် ကိုင်းတောအထက် လျှံထွက်လို့။ ဆွယ်တာအနီပါးပါးလေးကို ဝတ်ထားသဖြင့် အညို့ခမျာ ချမ်းလို့။ အညို့နှုတ်ခမ်းရဲရဲကလေးများသည် ဆတ်ဆတ်တုန်ခါနေပါသည်။

နှင်းသီးသော မြက်ခင်းစိမ်းစိမ်းများကြားတွင် ဖြတ်လျှောက်သွားရသဖြင့် အညို့ထဘီအောက်နားစတို့သည် ရွှဲစိုနေပါသည်။ အညို့ခြေသံကြောင့် ဝပ်နေသော ငှက်ကလေးများသည် လန့်ကာ ပြေးလေပြီ။ ခပ်လှမ်းလှမ်းမြစ်ကွေ့ဆီမှ မော်တော်စက်သံသဲ့သဲ့ကို ကြားရသည်။ ရွာမှ ကုန်စိမ်းသွားပို့သည့် မော်တော်ပင် ဖြစ်၏။ အညိုတို့ရွာကလေးသည် မြို့နှင့် သိပ်မဝေး။

အညို အဖေ့ကို သတိရမိတယ်။ အဖေက အညို့ကို သိပ်ချစ်တာ။ အညို့ကို မြို့သို့ မကြာခဏ ခေါ်တတ်တယ်။ အညို ပူဆာလျှင် တကူးတက လိုက်ပို့ပေးတတ်တယ်။

ရုပ်ရှင်ပြတယ်၊ ခေါက်ဆွဲကြော်ကျွေးတယ်၊ ဖာလူဒါတိုက်တယ်၊ အဝတ်အစားလှလှလေးတွေ ဝယ်ပေးတယ်။ အဖေ့ကို သတိရလို့ အညို မျက်ရည်ဝဲလာတယ်။ အင့်ခနဲ ရှိုက်မိတယ်။

အဖေရှိရင် သိပ်ကောင်းမှာ။

ကိုင်းတောလွန်တော့ နှင်းထုကကွဲလူလူ။ အညို့တောင်ယာစိုက်ခင်းကလေးနှင့် တောင်ယာတဲကလေးကို လှမ်းမြင်နေရပြီ။ အညို မီးခွက်ကို မှုတ်လိုက်တယ်။

"ဟင်"

အညို့လက်ထဲမှ မီးခွက် လွတ်ကျသွားတယ်။ အညို့ရဲ့နှုတ်ခမ်းရဲရဲကလေးတွေ ကွေးတွန့်သွားတယ်။ မျက်လုံးလှလှကလေးတွေ ဝိုင်းစက်သွားတယ်။ အံ့အားသင့်သွားတာ။

အညို့တောင်ယာတဲကလေးမှာ မီးခိုးအူနေတာကိုး။ ဘယ်သူလဲ။ အညို ရင်တွေ တဒိတ်ဒိတ် ခုန်နေပါတယ်။ အောင်ဗလလား။ အညိုသည် ကျောတွင်သိုင်းထားသည့် ကိုင်းခုတ်ဓားကြီးကို အသင့်ကိုင်ထားလိုက်တယ်။

နှင်းတို့ဖြင့် ဝေဝါးဆဲဖြစ်သော တောင်ယာတဲဆီသို့ တိုးကပ်သွားလိုက်တယ်။ အညို့ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့်။ တောင်ယာတဲနားသို့ကပ်ကာ စိုက်ခင်းဘက်သို့ လှမ်းကြည့်လိုက်တယ်။

"ဟင်"

အညို့ရဲ့ အံ့အားသင့်မှုတို့က အ ထွတ်အထိပ်သို့ ရောက်သွားလေပြီ။ စိုက်ခင်းထဲတွင် အလုပ်လုပ်နေသောလူ တစ်ယောက်။ ကျောပေးကာ ပေါက်တူး ပေါက်နေတာ။

"ဘယ်သူပါလိမ့်"

အညို ဖွဖွကလေးရေရွတ်မိတယ်။ ကိုင်းခုတ်ဓားကို တင်းတင်းဆုပ်ကာ လူ စိမ်းဆီသို့ တိုးကပ်သွားတယ်။ ဓားတစ် ကမ်းစာအရောက်-

"သမီးလေး ရောက်လာပြီလား"

အညို့လက်ထဲက ကိုင်းခုတ်ဓား ကြီး လွတ်ကျသွားပြီ။

"အဖေ"

"သမီးလေး"

သားအဖနှစ်ယောက် ပွေ့ဖက် ထားလိုက်ကြ၏။ အညိုက အဖေ့ကို ယုံနိုင်စွာ မော့ကြည့်ကာ-

"အဖေ"

"ဘာလဲ သမီးလေးရဲ့"

"ဘာလဲဆိုတော့ ဟို. . . ဟိုလေ အဖေက သေပြီမဟုတ်လား"

အဖေက သဘောကျစွာ ရယ် တယ်။ နဖူးပေါ်တွင် ဝဲကျနေသော အ ညို့ရဲ့ဆံနွယ်စလေးတွေကို ကြင်နာစွာ သပ်တင်ပေးကာ-

"သမီးအတွက်ဆိုရင် အဖေက ဘယ်တုံးကမှ မသေခဲ့ပါဘူးကွယ်။ ဒီ သမီးလေးအနားမှာ ထာဝရရှိနေမှာ ကွယ့်"

ဘာပဲပြောပြောလေ၊ အညိုပျော် ပါတယ်။ အညို အားရှိတာပေါ့။ ထူးထူး ခြားခြားမြင်ကွင်းကို အညို တွေ့လိုက် ရပါတယ်။ ရောင်စုံလိပ်ပြာလေးတွေဟာ ပျံဝဲနေကြတာလေ။ အများကြီး။

အညိုက ရောင်စုံလိပ်ပြာလေး တွေကို ငေးကာ-

"အမေ မကောင်းဘူး အဖေ သမီးကိုလည်း အနိုင်ကျင့်သလို အဖေ့ ကိုလည်း သစ္စာဖောက်တယ်။ အမေ နောက်ယောကျ်ား ယူလိုက်ပြီ"

အညိုက ကလေးတစ်ယောက်လို အဖေ့ကို တိုင်တယ်။ အဖေက ဘာမှ မပြော။ တစ်နေရာဆီသို့ ဦးတည်ပျံသွား သော ရောင်စုံလိပ်ပြာကလေးများကို ငေးလို့။

"သမီးနံဘေးမှာ အဖေ ရှိနေပြီ လေ။ စိတ်ညစ်စရာတွေ တွေးမနေပါနဲ့ တော့ သမီးလေးရယ်"

အဖေ့စကားကို အညို ကျေနပ် သွားတယ်။ အညို သဘောကျစွာ ဟား



www.burmeseclassic.com

www.burmeseclassic.com

ကြိုက် ရယ်မောလိုက်တယ်။ အညို့ရင်ထဲတွင် သောကဆိုတာမရှိတော့။ အညို့အားမှာ အဖေ ရှိနေပြီလေ၊ ဘာလိုသေးလဲ။

သားအဖနှစ်ယောက် ပျော်ရွှင်စွာ အလုပ်လုပ်ကြတယ်။ အဖေက ငါးများတယ်။ သီချင်းတောင် ဆိုလိုက်သေး။ အညိုက တောင်ယာတဲကလေးမှာ ထမင်းချက်တယ်။

ပြီးတော့ ပျော်ရွှင်စွာ ထမင်းစားကြတယ်။ ညနေစောင်းတော့ နှင်းတွေဆနေပါပြီ။ အဖေက ကောင်စုံတောပန်းများကိုခူးကာ အညို့အား ပေးတယ်။ အညိုက တောပန်းဝါဝါလေးကိုပန်ကာ-

"လှလား အဖေ"

"သိပ်လှတာပေါ့ကွယ်"

အညိုက အဖေ့လက်မောင်းတွင် ကလေးတစ်ယောက်လို တွဲလောင်းခိုကာ-

"အဖေ"

"ပြောလေ သမီးလေး"

"သမီးနဲ့ အိမ်ပြန်လိုက်ခဲ့"

အဖေ့မျက်နှာ ကွက်ခနဲဖြစ်သွားတာကို အညိုသတိထားမိပါတယ်။ ဘာကြောင့်မှန်းလဲတော့ အညို မသိပါဘူး။

"အမေက သမီးကို စကားမပြောဘူး အဖေရဲ့။ အဖေ သမီးနဲ့နေပေါ့။ နော်. . . လိုက်ခဲ့ပါ အဖေရယ်. . နော်"

အညိုက ကလေးတစ်ယောက်လို ဆိုးဆိုးကာ ပူဆာတယ်။

"သမီးကို ချစ်တယ်ဆို"

"သိပ်ချစ်တာပေါ့ သမီးလေးရယ်"

"ချစ်ရင် အိမ်ကို လိုက်ခဲ့ရမယ်၊ မလိုက်ရင် အဖေ့ကို သမီး မခေါ်တော့ဘူး"

အဖေက တောအုပ်တစ်နေရာသို့ ငေးကြည့်နေတယ်။ ပင့်သက်ကိုချကာ ဖျော့တော့သောလေသံဖြင့်-

"လိုက်ခဲ့ပါ့မယ် သမီးလေးရယ်"

(၁၁)

မြူနှင်းတို့ဖြင့် ဝန်းကျင်သည် မှိုင်းသည်။ အညိုတို့သားအဖ ရွာအဝင်ဝကိုရောက်တော့ တော်တော်လေး မှောင်နေပါပြီ။ အဖေ့ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် အမေ အံ့သြသွားမှာလား။ အညို မသိ။ သေချာတာကတော့ အညို အရမ်းပျော်နေတာ။ အညို့မှာ အားကိုးရာ အဖေ ရှိနေပြီလေ။

ဘာကြောင့်မှန်း မသိ၊ အဖေသည် ရွာအဝင်ဝတွင် တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေပါသည်။

"အူ. . . အူ. . . အူး. . . "

အညိုတို့သားအဖကိုမြင်တာနှင့် ခွေးများ အူကြလေပြီ။ ဘာကြောင့်မှန်း မသိ၊ ထူးဆန်းလိုက်တာ။ ခွေးအူသံတို့သည် တစ်ရွာလုံးပဲ့တင်ထပ်နေ၏။

"ဟာ. . . ခွေးစုတ် ခွေးနာတွေ ကျက်သရေယုတ်လိုက်တာ၊ ကဲဟာ"

ရွာသားများက ခွေးများကို တုတ်နှင့်ရိုက်၊ ခဲများဖြင့် ပစ်ပေါက်ကြသည်။ ပွက်လောရိုက်နေတာ။

အညိုက အဖေ့လက်ကိုဆွဲကာ-

"လာပါ အဖေရဲ့"

အိမ်ဘက်သို့ လျှောက်လာခဲ့ကြတယ်။ ခြံဝရောက်တော့-

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . "

ရန်လုံသည် စူးစူးဝါးဝါးထိုးဟောင်လေတော့သည်။ အညိုတို့သားအဖကို ဟောင်တာ မဟုတ်။ ထိုစဉ်မှာပင် လူတစ်ယောက်သည် အညိုတို့အနားမှ ခြံထဲသို့ ပြေးဝင်သွားလေ၏။ အညို သိတာပေါ့။

လူယုတ်မာ အောင်ဗလလေ။ အောင်ဗလ အိမ်ပေါ်တက်သွားတယ်။ အညို ခြံထဲဝင်ရန် ပြင်လိုက်တယ်။ အဖေက အညို့လက်ကိုဆွဲထားတယ်။ ဘာဖြစ်လို့လဲ။ အိမ်ထဲမှ ဆူညံသံများကြားရတယ်။

အသံဗလံတို့သည် ပို၍ကျယ်လာသည်။ ဒေါသသံတွေ၊ နာကြည်းသံတွေ။ အဖေ တားထားတဲ့ကြားမှ အညိုသည် ခြံထဲဝင်ရန် ပြင်စဉ်-

"မလုပ်ပါနဲ့ မမရဲ့"

အောင်ဗလသည် ငယ်သံပါအောင် အော်ကာ အိမ်ပေါ်မှ ပြေးဆင်းလာခဲ့တယ်။ ခလုတ်တိုက်ကာ လဲကျသွားတယ်။ အောင်ဗလရဲ့ခန္ဓာကိုယ်မှာ သွေးတွေ မြင်မကောင်းဘူး။ ဆံပင်ဖားလျားချထားသော အမေ့ရဲ့လက်ထဲမှာ သွေးစွန်းနေသော ငှက်ကြီးတောင်ဓား။

မြင်ကွင်းကိုကြည့်ကာ အညို အံ့အားသင့်နေ၏။ ဘာတွေဖြစ်ကုန်တာလဲ။ အောင်ဗလကို အမေချစ်လို့ယူထားတာ။ အညို့ဆီက လုယူထားတာလေ။

"အသက်ကို ချမ်းသာပေးပါ မမရယ်၊ ကျွန်တော် မှားခဲ့ပါတယ်"

ပြေးပေါက်ပိတ်နေသော အောင်ဗလသည် တတွတ်တွတ် တောင်းပန်လေ၏။ အမေက ဓားကိုမိုးကာ နာကြည်းသံကြီးဖြင့်-

"လူယုတ်မာ၊ တိတ်စမ်း"

အမေသည် အရူးတစ်ယောက်လို ဟားတိုက်လေပြီ။ အညိုတောင်ကြောက်တယ်။

"အောင်ဗလ"

အောင်ဗလသည် ကြောက်စိတ်မွန်ကာ ဆတ်ဆတ်တုန်နေ၏။

"မကောင်းမှုမှန်သမျှ အကုန်လုပ်တဲ့ကောင်၊ ငရဲသွားမယ့်ကောင်။ အေး-နင့်လို အမှိုက်ကောင်နဲ့ ငါ့သမီးလေးကို သဘောတူစရာလားဟဲ့။ ငါ့သမီးလေးရဲ့ အမုန်းကိုခံပြီး နင့်ကို ငါယူခဲ့တယ်။ ချစ်လို့ထင်လား နွားရဲ့"

အောင်ဗလ ထွက်ပြေးရန်ကြံ၏။ အမေ့ရဲ့ဓားက အောင်ဗလရဲ့ဇက်ကိုမိုးထားတယ်။ အောင်ဗလ မလှုပ်ဝံ့တော့ဘူး။

"လုပ်ရက်တယ် အောင်ဗလရယ်၊ သမီးလေးက ငါ့ကို အမုန်းတွေနဲ့ ထားသွားပြီဟဲ့။ အီး. . . "

အမေ ရှိုက်ကြီးတငင် ငိုတယ်။ အမေ ဘာတွေပြောနေတာလဲ။ အညို အမေ့ကို ထားမသွားဘူးလေ။ ခြံဝမှာ ရပ်နေတာလေ။ နောက်ပြီး အညို အမေ့ကို မမုန်းတော့ပါဘူး။

"အယုတ်တမာကောင်၊ ငါ့သမီးလေးကို အဓမ္မကျင့် သတ်ပစ်ခဲ့တယ်"

"ဟင်"

အညို့ခေါင်းထဲမှာ မိုက်ခနဲ။ အညို အသတ်မခံရပါဘူး။ မသေပါဘူး။ အညို ဒီမှာရှိတယ်လေ အမေရဲ့။

အညို ငိုလေပြီ။

"ခွေးကောင်- ကဲဟာ"

"အား. . . "

အမေ့ဓားချက်တွင် အောင်ဗလ အသက်ပျောက်ခဲ့ရလေပြီ။ အမေသည် အမှောင်ထုထဲသို့ ပြေးထွက်သွား၏။ အဖြစ်အပျက်တို့က မယုံနိုင်စရာ။

အညိုက မျက်ရည်အဝဲသားဖြင့်-

"ဒါ. . ဒါဆို သ. . သမီးက. . "

အဖေက အညို့ကို ကြင်နာစွာ ဖက်ကာ-

"အဖေတို့ ပြန်ကြပါစို့ သမီးလေးရယ်"

သားအဖနှစ်ယောက် ရွာအပြင် အမှောင်ထုဆီသို့ ထွက်လာခဲ့ကြသည်။

ခွေးကလေး ရန်လုံ၏ဟောင်သံသည် တိုး၍. . . တိုး၍. . . ။

လူရိုန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဤဆောင်းပါးနှင့် ပတ်သက်၍ ကျွန်တော့်အဖို့ စာဖတ်သူများကိုတင်ပြရန် အချက် (၂) ချက်.ရှိပါသည်။ ပထမအချက်မှာ ဆောင်းပါး၏အမည်နှင့်ပတ်သက်ပါသည်။ 'သွေးနှင့်မျက်ရည်' ဟူသောဆောင်းပါး၏အမည်မှာ နှစ်ပေါင်း (၅၀) ကျော်လောက်က မြန်မာစာပေလောက၌ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ကြား လူသိများပြီး နှုတ်ခမ်းနီမကလေးများ၏အသည်းစိုင်ကို ဆွဲကိုင်လှုပ်နိုင်သူဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခံရသော ကွယ်လွန်သူ စာရေးဆရာကြီး တင့်တယ်၏ မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်အမည် ဖြစ်ပါသည်။ ဤအမည်ကို ပြန်လည် အသုံးပြုသဖြင့် ကျွန်တော့်အား စာဖတ်သူများက ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။

မှန်ပါသည်။ ထိုစဉ်က စာရေးဆရာတင့်တယ်၏မဂ္ဂဇင်းဝတ္ထုရှည်များဖြစ်သော သွေးနှင့်မျက်ရည်၊ လိုက်တော်မူခဲ့၊ လာလုလုငေးနှင့် ဖြေလျှော့ခွေတို့မှာ ကျွန်တော်တို့ ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ရသော မဂ္ဂဇင်းဝတ္ထုရှည်များ ဖြစ်ကြပါသည်။ ယင်းဝတ္ထုရှည်ကြီးအချို့ကို ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားကြီးများ ဖြစ်ကြပါသည်။

ဆရာတင့်တယ်မှာ စာရေးအားကောင်းသူတစ်ယောက် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး ထုတ်ဝေသော မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် သူ့ဆောင်းပါးများနှင့်ဝတ္ထုများ အမြဲတမ်းတွေ့ရ၏။


ထိုစဉ်ကမှတ်တမ်းများအရ ဆရာတင့်တယ်မှာ ကလောင်ခွဲ (၂၅) ခု ရှိသည်ဟု ဆိုကြသည်။ သူ၏ပင်ကိုအမည်ဖြင့်ပင် 'ကမ္ဘာ့သမိုင်း' ကျောင်းသုံးစာအုပ်တစ်အုပ် ရေးသား ထုတ်ဝေခဲ့ဖူး၏။

ဆရာတင့်တယ်သည် သွေးနှင့်မျက်ရည်ဝတ္ထုကို ၁၉၄၈ ခုနှစ်ခန့်က ရှုမဝမဂ္ဂဇင်းတွင် မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ၌ ကွဲအက်ရေးနှင့် ခွဲထွက်ရေးဝါဒသမားများကြောင့် မုန်တိုင်းထန်နေသည့်အချိန် ဖြစ်သည်။ မီးခိုးနံ့၊ ယမ်းနံ့များသင်းနေပြီး သွေးချောင်းစီးခဲ့ပြီ ဖြစ်၏။ တစ်ချိန်က လွတ်လပ်ရေးအတွက် အသက်ပေး၍တိုက်ခဲ့ကြရသော ရဲဘော်ရဲဘက် ညီအစ်ကိုများသည် တစ်ဦးနှင့် တစ်ဦး ရန်သူသဖွယ် ပစ်ခတ် သတ်ဖြတ်ခဲ့ကြ သေး၏။ မှတ်မှတ်ရရ ကျွန်တော်တို့ အထက်တန်းကျောင်းမှ စစ်ကြိုခေတ် ကျောင်းသားသံမဏိတပ်ဖွဲ့မှ ကျောင်းသားကြီးများသည် လမ်းခွဲကြကာ ပစ်ခတ်တိုက်ခိုက်ကြသဖြင့် ကျွန်တော်တို့ တစ်တွေမှာ မျက်ရည်နှင့် သောက ဒနာအဖြာဖြာ ကြုံတွေ့နေရသည့်အချိန် ဖြစ်သည်။ ဤအချိန်တွင် ဤမီးခိုးနံ့ ယမ်းနံ့သင်းပြီး သွေးချောင်းနှင့်မျက်ရည် တွေ လျှံနေသော ပတ်ဝန်းကျင်အား နောက်ခံထား၍ ဆရာတင့်တယ်က သူ ၏သွေးနှင့်မျက်ရည် မဂ္ဂဇင်းဝတ္ထုရှည်ကို ရေးသားခဲ့သဖြင့် ကျွန်တော်တို့ ကျောင်းသားလူငယ်များ တမ်းတမ်းတတ မမေ့ နိုင်သောဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ဤ အမည်ကိုပင် ယနေ့ထိစွဲလမ်းနေခဲ့သဖြင့် ပြန်လည် အသုံးပြုခြင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ ယခု ရေးသား ဖော်ပြမည့် ၁၉၄၃ - ၁၉၄၄ ခုနှစ် ပြ သစ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော နာ ဂျာမန်တော်လှန်ရေးနှင့် ပတ်သက်သည့် အချက် ဖြစ်ပါသည်။ ဤထူးခြားဖြစ်ရပ်

# သွေးနှင့်မျက်ရည်

## လျှမ်းထက်








www.burmeseclassic.com

www.burmeseclassic.com



VÖLKISCHER BEOBACHTER

Erste Maßnahmen der Reichsregierung Hitler



တွင် ပါဝင်ခဲ့ရသူများမှာ ပြင်သစ်နိုင်ငံမှ ကျောင်းသူများ အပါအဝင် လူတန်းစား အလွှာအသီးသီးမှ မျိုးချစ် အမျိုးသမီး (၂၃၀) တို့၏ သည်းထိတ်ရင်ဖိုဖွယ်ရာ ရုန်းကန်ခန်းဟုလည်း ဆိုနိုင်ပါသည်။ ထို အမျိုးသမီး (၂၃၀) တို့တွင် တက္ကသိုလ် ကျောင်းသူများ၊ အထက်တန်းကျောင်း သူများ၊ ဆရာမများ၊ ဆရာဝန်မများ၊ အ ညာရှင်များ၊ ရုံးဝန်ထမ်းများ၊ စာရေး ဆရာမများ၊ သာမန်အိမ်ထောင်ရှင်မ များ ပါဝင်ကြပါသည်။

သူတို့သည် ရက်စက်ယုတ်မာ၍ ဆန်သော နှိပ်စက်ညှဉ်းပန်းခြင်း အ မျိုးမျိုး ပြုလုပ်ကြသည်။ နာဇီဂက်စတာ များ၏ အရေးယူ စစ်ဆေး ညှဉ်းပန်းခံ ရသည့်ဘေးကိုပြေးတွေ့ခဲ့ကြသူများ ဖြစ် ပါသည်။ မိမိနိုင်ငံတော်နှင့် လူမျိုးအ တွက် မည်သည့်အကျိုးအမြတ်ကိုမျှ မျှော်ခေါ်တွေးဆခြင်းမရှိဘဲ မိမိဆွေမျိုး တောများ၊ ချစ်သူများကို ကျောခိုင်း၍ အ သက်စွန့်ပြီး နာဇီတော်လှန်ရေးသမား များနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သူ များ ဖြစ်ကြပါသည်။

သူတို့၏ ရင်သိမ့်တုန် ကြုံတွေ့ရ မှုများကို အထက်ဖော်ပြပါ အညတရ သူရဲကောင်း (၂၃၀) အနက် အသက် ရှင်သေ ကြွင်းကျန်ရစ်သူများအား နာမည် ကျော် သတင်းစာဆရာမနှင့် စာရေး ဆရာမ ကာရိုလင်းမိုအာဟက်က တွေ့ ဆုံမေးမြန်း စုံစမ်း၍ ၁၉၁၁ ခုနှစ်က 'A Train in Winter' (ဆောင်းရာသီအ တွင်းမှမီးရထား)အမည်ဖြင့် စာအုပ်တစ် အုပ် ရေးသားထုတ်ဝေခဲ့ရာ သောက် သောက်လဲရောင်းချရသော၊ အရောင်းရ ဆုံးနိမ့်တင်ခဲ့သော စာအုပ်တစ်အုပ်ဖြစ် ခဲ့သည်။ ဤအညတရသူရဲကောင်းဟု ဘွဲ့တင်ပွန်းတပ်ခံရသောသူမှာ ပြင်သစ်အ မျိုးသမီး စာရေးဆရာမ မေရီကလော်ဒီ ဖြစ်ပါသည်။ မေရီကလော်ဒီမှာ ဒုတိယ ကမ္ဘာစစ်မီးကြီး မတောက်လောင်မီက ပြင်သစ် ပြည်သူ့လွှတ်တော်တွင် အမျိုး သမီးအမတ်တစ်ယောက်အဖြစ် ရွေး ချယ် တင်မြှောက်ခြင်းခံခဲ့ရသူ ဖြစ်ပါ သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် နာဇီ တို့၏ သေမင်းတမန် အကျဉ်းစခန်းမှ လွတ်မြောက်လာခဲ့ရသူဖြစ်ပြီး ပြင်သစ် နိုင်ငံတော်အစိုးရက နိုင်ငံ့ဂုဏ်ရည်အ မြင့်ဆုံးဘွဲ့ ချီးမြှင့်ခြင်းခံရသူ ဖြစ်၏။

သူသည် ဒုတိယကမ္ဘာစစ်မီးကြီး မတောက်လောင်မီကပင် ဖက်ဆစ်ဝါဒ ကို ရှေ့တန်းမှ တိုက်ဖျက်ခဲ့သူဖြစ်သဖြင့် သူ၏နာမည်သည် ပြင်သစ်နိုင်ငံ နယ် နိမိတ်ကိုကျော်လွန်၍ ဥရောပနိုင်ငံအ များတွင် ဟိုးဟိုးကျော်ခဲ့သူ ဖြစ်ပါသည်။ သူကြုံတွေ့ရသည့် သည်းထိတ်ရင်ဖိုဖြစ် စဉ်ကား အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပွားလာခဲ့သော ဒုတိယကမ္ဘာစစ်ကြီး သည် ၁၉၄၁ ခုနှစ် ကုန်ဆုံးခါနီးသို့ ရောက်လာသောအခါ နာဇီဂျာမနီတို့အ ဖို့ အောင်ပွဲခံရန် သေချာနေပြီ ဖြစ်၏။ နာဇီဂျာမန်တို့၏ စကြာတံဆိပ် အလံ တော်ကြီးသည် ဥရောပတိုက်နိုင်ငံအသီး သီးရှိ အဆောက်အအုံများပေါ်တွင် တ လူလူလွင့်ခဲ့ပြီ ဖြစ်သည်။ ဩစတြီးယား နှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံတို့မှာ သေနတ်တစ်ချက်မှ ပစ်ခတ်ခဲ့ခြင်းမရှိဘဲ နာဇီတို့၏လက်အောက်သို့ ရောက်သွား ခဲ့ရသည်။ ဒိန်းမတ်နိုင်ငံမှာ တစ်ရက်အ တွင်း လက်နက်ချ အရှုံးပေးခဲ့ရသည်။ ဟော်လန်နိုင်ငံ၊ ဘယ်(လ်)ဂျီယန်နိုင်ငံ တို့မှာလည်း ရက်အနည်းငယ်အတွင်း လက်နက်ချခဲ့ရသည်။ ပိုလန်နိုင်ငံမှာမူ ဒုတိယကမ္ဘာစစ်ကြီးမစမီကပင် နာဇီဂျာ မန်တို့က သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်။ အ ခြား ဥရောပနိုင်ငံအများမှာလည်း ရက် သတ္တပတ်တစ်ပတ်အတွင်း ခုခံနိုင်ကြပြီး နာဇီတို့၏ လျှပ်တစ်ပြက် စစ်ဆင်ရေး ဗျူဟာကြောင့် လက်နက်ချ အရှုံးပေးခဲ့ ရသည်။ အစဉ်အလာကြီးမားခဲ့သော ဗြိတိသျှ ဘုရင့်ကြည်းတပ်နှင့် လေတပ် မတော်တို့မှာ နာဇီဂျာမန်တို့၏ ကြည်း တပ်နှင့် လေတပ်တို့၏တိုက်ခိုက်မှုဒဏ် ကို လည်စင်းခံခဲ့ရပြီး ဥရောပမှ အောင် မြင်စွာဆုတ်ခွာနိုင်ရန် ဒန်ကပ်ကမ်း ခြေသို့ ကစဉ့်ကလျား ဆုတ်ခဲ့ရသည်။

ကမ္ဘာ့သမိုင်းတွင် ၁၉ ရာစုက ဟိုး ဟိုးကျော်ခဲ့သော စစ်ဧကရာဇ် နပိုလီ ယန်၏ ပြင်သစ်နိုင်ငံတော်ကြီးမှာလည်း ရက်သတ္တပတ် (၃) ပတ်ခန့်အတွင်း နာ ဇီတို့ထံ လက်နက်ချခဲ့ရသည်။ မှတ်တမ်း အရ လျှပ်တစ်ပြက်အတွင်း စစ်ဆင် လာသော နာဇီတို့၏ သံချပ်ကာတပ် များ၊ ခြေလျင်တပ်များကြောင့် ပြင်သစ် စစ်သည်တော် (၁) သိန်းမှာ နိုင်ငံအ တွက် အသက်ပေးလှူခဲ့ရပြီး (၂) သိန်း မှာ ထိခိုက်ဒဏ်ရာရခဲ့၍ စစ်သား (၁) သန်းနီးပါး လက်နက်ချခဲ့ကြရသည်။ ပထမကမ္ဘာစစ် ပြင်သစ်သူရဲကောင်း စစ် သေနာပတိ အငြိမ်းစား မာရှယ်ပေထိန် သည် နာဇီတို့နှင့်လက်တွဲ၍ နာဇီအလို တော်ရိ ပြင်သစ်အစိုးရ ထူထောင်လိုက် ရသည်။ နာဇီထိပ်သီးခေါင်းဆောင် ဟစ် တလာကိုယ်တိုင် ပြင်သစ်တပ်မတော် ကြီး၏လက်နက်ချပွဲသို့ တက်ရောက်ခဲ့ သည်။

ပြင်သစ်စစ်ဧကရာဇ် နပိုလီယန် တည်ဆောက်ခဲ့သော အောင်ပိမာန်အ ဆောက်အအုံကြီးပေါ်တွင် နာဇီတို့၏



www.burmeseclassic.com

www.burmeseclassic.com

စကြာတံဆိပ် အလံတော်ကြီးမှာ တလူလူလွင့်လျက် ရှိနေသည်။ ပြင်သစ်အမျိုးသားတို့၏ဂုဏ်ယူဖွယ်နှင့် အမျိုးသားအထိမ်းအမှတ်ဟု ဆိုရမည်ဖြစ်သော အီဖယ်(လ်)မျှော်စင်ကြီးပေါ်တွင်လည်း နာဇီဂျာမန်တို့၏စကြာတံဆိပ် အောင်လံကြီးမှာ တလူလူလွင့်လျက် ရှိသည်။ စစ်ဧကရာဇ် နပိုလီယန် တည်ဆောက်ခဲ့သော အောင်ဗိမာန်အဆောက်အအုံရှေ့တွင် အောင်မြင်ခြင်းသရဖူဆောင်းခဲ့ကြသော နာဇီကြည်းတပ်မတော်မှ တပ်ခွဲတစ်ခွဲနှင့် ဘင်ခရာစစ်တီးဝိုင်းသည် နေ့စဉ် နံနက် (၆) နာရီထိုးသည်နှင့် ဂျာမနီနိုင်ငံ၏ အမျိုးသားသီချင်းကို သီဆိုတီးမှုတ်၍ စစ်ရေးပြခဲ့ကြသည်။ ဤမြင်ကွင်းနှင့် တလူလူလွင့်နေသော နာဇီတို့၏စကြာတံဆိပ်အလံများကို နိစ္စဓူဝမြင်တွေ့ရသော ပြင်သစ်နိုင်ငံသူ၊ နိုင်ငံသားများအဖို့ အခဲမကျေ ဖြစ်ခဲ့ရ၏။

သို့သော် နာဇီတို့သည် ဗြိတိသျှတို့အား ဥရောပတိုက်မှမောင်းနှင်ထုတ်ခဲ့ရာ အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံ ဖြစ်သွားသည်။ နာဇီတို့၏ စစ်သေနင်္ဂဗျူဟာကို နိုင်ငံတကာမှ စစ်ရေးအကဲဖြတ်သူများကိုယ်တိုင် တအံ့တသြဖြစ်ကြရသည်။ နာဇီတို့သည် ပြင်သစ်နိုင်ငံကို သိမ်းပိုက်ပြီးသည်နှင့် ပြင်သစ်နိုင်ငံတွင် နေထိုင်ကြသော ဂျူးအမျိုးသားပိုင်ပစ္စည်းများ၊ ဂျူးအမျိုးသားဆိုင်များကို နာဇီဂျာမန်တပ်သားများက လုယူခြင်းများ ပြုလုပ်ခဲ့ကြတော့သည်။ ဂျူးလူမျိုးများနှင့် ယခင် ဖက်ဆစ်ဆန့်ကျင်ရေးအသင်းအဖွဲ့ဝင်များ၊ နာဇီဝါဒကိုဆန့်ကျင်ခဲ့ကြသော ပြင်သစ်တက္ကသိုလ်ကျောင်းသူ, ကျောင်းသားများ၊ စာနယ်ဇင်းသမားများကို ဖမ်းဆီးခဲ့တော့၏။

ဤအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး၏စစ်ရိပ်စစ်ငွေ့များ ယှက်သန်းနေချိန်က နာဇီဂျာမနီနိုင်ငံနှင့် အခြား နာဇီဂျာမန်နိုင်ငံ၏ သြဇာခံနိုင်ငံများမှ အကြောင်းအမျိုးမျိုးဖြင့် ထွက်ပြေး တိမ်းရှောင်လာကြသူ စစ်ပြေးဒုက္ခသည်ပေါင်း (၁)သိန်းတို့မှာ ပြင်သစ်နိုင်ငံတွင် နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ယောင်ဖျောက်နေကြ၏။ ဂျူးလူမျိုးအမြောက်အမြားမှာလည်း ပြင်သစ်နိုင်ငံရှိ ဂျူးလူမျိုးများနှင့် ပူးပေါင်း နေထိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ပြင်သစ်နိုင်ငံ လက်နက်ချပြီး ရက်သတ္တပတ် လေး၊ ငါးပတ် ကြာမြင့်လာသည်နှင့် နာဇီတို့သည် လက်စွမ်းပြခဲ့ကြတော့၏။ ဂျူးများ၊ နာဇီဝါဒကိုဆန့်ကျင်သူများ၊ ပြင်သစ်မျိုးချစ်လူငယ်များ၊ နာဇီဝါဒကို ယခင်က ဆန့်ကျင်ရေးသားခဲ့ကြသော စာနယ်ဇင်းသမားများ၊ သိပ္ပံပညာရှင်များ၊ အတတ်ပညာရှင်များ၊ တက္ကသိုလ်ကျောင်းတိုက်အသီးသီးမှ ပါမောက္ခများနှင့် ဆရာ, ဆရာမများ၊ လက်နက်ချစစ်သားများနှင့် အခြား ဖမ်းဆီးရရှိထားသော မဟာမိတ်စစ်သုံ့ပန်းများအားလုံးတို့အား ပြင်သစ်၊ နာဇီဂျာမန် အာလိုတော်ရိများ၏အကူအညီနှင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်ဆင်နွှဲခဲ့ရတော့သည်။ အင်္ဂလန်နိုင်ငံ အား အဘက်ဘက်မှ ထောက်ပံ့ကူညီ သည့်အတွက် အင်္ဂလန်နိုင်ငံမှာ နာလ ပြန်ထူလာသည်။ ပြင်သစ်နိုင်ငံမှ အ လန်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့သည် ဗိုလ်ချုပ်ကြီး ဒီဂေါ(လ်) ခေါင်းဆော သော ပြင်သစ်တပ်မတော်မှ တပ်သ များသည် မဟာမိတ်တို့နှင့် ပူးပေါင်း ပြင်သစ်ပြည်အား နာဇီတို့လက်အော မှတိုက်ခိုက်သိမ်းပိုက်ရန် စီမံဆောင်ရွ လာခဲ့ကြသည်။ ပြင်သစ်နိုင်ငံတွင်းမှ ချစ် တော်လှန်ရေးသမားများကိုလည် အစွမ်းကုန် အကူအညီပေးခဲ့ကြသ လက်နက်ခဲယမ်းများ၊ ဖောက်ခွဲ ပစ္စည်းများသာမက မျိုးချစ်တော်လ ရေးသမားများအား လက်နက်ငယ်သ တန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းမျ ကို ဆောင်ရွက်နိုင်ရန် သင်တန်း မည့် ဆရာများကိုလည်း တိတ်တဆိ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့နိုင်သ နာဇီတို့၏ စစ်မီးရထားများ၊ စစ်အ အဆောက်ပစ္စည်းများ သိုလှောင်သ ကုန်လှောင်ရုံများ၊ ဆက်သွယ်ရေးရုံး နာဇီတို့၏စစ်စခန်းများ၊ လမ်းတံ များကို ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ခဲ့ကြသဖြင့် နာဇီ ဂက်စတာပို သည် ပြင်သစ်မျိုးချစ်များ၊ လူငယ် မျိုးသား, အမျိုးသမီးများကို ပြင် နာဇီအလိုတော်ရိများ အကူအညီ ထောင်သောင်းချီ၍ ပြင်သစ်နိုင်ငံ အတွင်းရှိ အကျဉ်းထောင်များတွင် ဆီးထိန်းသိမ်းထားခဲ့သည်။

နာဇီဂျာမန်တို့သည် ၁၉၄၁ ခု ဇူလိုင်လကပင် စတင်၍ ဖမ်းဆီးရမိ သော ဂျူးလူမျိုးများကို အစုလိုက် လိုက် နည်းလမ်းအမျိုးမျိုးဖြင့် သုတ် ရှင်းလင်းခဲ့ကြသည်။ ဤကဲ့သို့ ရှင်း သုတ်သင်ရာတွင် ပြည်သူများ၏ ကွယ်တွင်သာ ပြုလုပ်ခဲ့ကြသည်၊ လူမျိုးများနှင့် နာဇီဝါဒဆန့်ကျင် သူများ၊ စစ်သုံ့ပန်းများကို စနစ်တကျ ရာချထားပေးသည်ဟုဆိုကာ အ စခန်းများကို ဂျာမနီနိုင်ငံ၊ ပိုလန်နိုင် နာဇီတို့သိမ်းပိုက်ထားသော နိုင်ငံ တွင် ဖွင့်ခဲ့ကြသည်။ အမှန်အားဖြ အကျဉ်းစခန်းများမှာ ငရဲခန်းမျ ဖြစ်ကြသည်။ ဤစခန်းများတွင် လူမျိုးများအား အစုလိုက် အပြုံ မာတ်ငွေ့ပေး၍ သတ်သည်။ ဆန့်ကျင်သူများနှင့် မဟာမိတ်စစ်သုံ့





www.burmeseclassic.com

www.burmeseclassic.com

များကိုလည်း ဤစခန်းများတွင် ရက်ရက်စက်စက် လူသားမဆန်သော နည်းလမ်းများဖြင့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြသည်။ ထိုအကျဉ်းစခန်းများတွင် ပိုလန်နိုင်ငံ အောဇဝစ်မြို့ရှိ အောဇဝစ်ငရဲခန်းသည် ကမ္ဘာကျော်အောင် နာမည်ဆိုးခဲ့သော ငရဲခန်း ဖြစ်သည်။ နာဇီတို့ အာဏာရခဲ့သည့် ခေတ်တစ်ခေတ်လုံး ထိုငရဲခန်းမှာ လူလူချင်း ရက်စက်ညှဉ်းပန်းမှုတွင် စံချိန်တင်ခဲ့သော ငရဲခန်း ဖြစ်၏။ လူသားများအား နည်းလမ်းအမျိုးမျိုးဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး ထိုစခန်းမှ ကံကောင်းထောက်မ၍ အသက်မသေဘဲ ကြွင်းကျန်ခဲ့သူများ၊ ထိုစခန်းမှူးများနှင့် ထိုစခန်းမှတာဝန်ရှိသူ နာဇီဂက်စတာပို လူသတ်သမား၏ဖြောင့်ချက်အရ ထိုစခန်းတွင် (၂၄) နာရီအတွင်း ဂျူးအမျိုးသား၊ အမျိုးသမီး လူ (၉၀၀၀) ကျော် အဆိပ်ဓာတ်ငွေ့ပေး၍ သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ မြင်ရသူတိုင်း ကြေကွဲစရာ၊ ရင်နာစရာ။ အချို့အကျဉ်းသားများကို သိပ္ပံနည်းကျ သုတေသနလုပ်ငန်းအတွက်ဟု ဆိုကာ အရှင်လတ်လတ် ခွဲစိတ်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုက်ဖွိုက် အူရောင်ရောဂါများနှင့် ဆိုးဝါးသောအနာကြီးများဖြစ်ပွားအောင် ရောဂါပိုးများ၊ အနာပိုးများကို အကျဉ်းသားများ၏အစားအစာများ၊ သောက်ရေများတွင်ထည့်၍ တိုက်ကျွေးပြီး သုတေသနပြုလုပ်ခဲ့ကြ၏။

ပြင်သစ်နိုင်ငံ ပါရီမြို့ ဂါဒီလီယန် ဘူတာကြီးမှ ပြင်သစ် နာဇီဆန့်ကျင်ရေးသမားများဟု ပြင်သစ် နာဇီအလိုတော်ရိများနှင့် နာဇီ ဂက်စတာပိုများက သင်္ကာမကင်းဖြစ်ခဲ့ကြသော အမျိုးသမီး(၂၃၀)အား ယာယီထိန်းသိမ်းထားသည့် ပြင်သစ်အကျဉ်းထောင်များမှ ခေါ်ယူခဲ့ပြီး အထူးရထားဖြင့် ပိုလန်နိုင်ငံ အောဇဝစ်အကျဉ်းစခန်းသို့ ပို့ဆောင်ခဲ့သည်။ ထိုနေ့မှာ ၁၉၄၃ ခု၊ ဇန်နဝါရီလ (၂၃) ရက်၊ ည (၉) နာရီ ဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ ဆောင်းရာသီသည် စိတ်ပျက်ငြီးငွေ့ဖွယ် ဖြစ်သည်။ အရိုးကွဲမတတ် ခိုက်ခိုက်တုန်နေသော ရာသီဥတုကို ပို၍ အေးချမ်းစေသည့် အလား မိုးက တစိမ့်စိမ့်ရွာနေသည်။ အောဇဝစ်ငရဲခန်းသို့ ပို့ဆောင်ခြင်းခံရသူများတွင် အသက် (၁၅) နှစ်အရွယ် အထက်တန်းကျောင်းသူကလေးမှ အသက် (၆၈) နှစ်အရွယ် လွိုင်မြို့ဆင်ခြေဖုံးမှ လယ်သမားတစ်ဦး၏ဇနီးအထိ အရွယ်အမျိုးမျိုး၊ အလွှာအမျိုးမျိုးမှ အမျိုးသမီးများ ပါဝင်ကြသည်။ ဤဆောင်းပါးတစ်နေ့ ၂တွင် ဖော်ပြခဲ့သော ပြင်သစ် ပြ ်သူ့လွှတ်တော်အမတ် မေရီကလော်ဒီလည်း ပါဝင်ခဲ့သည်။ အမျိုးသမီးများ လိုက်ပါမည့်တွဲများမှာ ယခင်က တိရစ္ဆာန်မျ- ဘင်သောတွဲများသာ ဖြစ်သည်။ ခိုက်ခိုက်တုန်အောင်ချမ်းနေသော်လည်း တွဲများတွင် ကောက်ရိုးများမှအပ အအေးဒဏ်ကို ကာကွယ်နိုင်မည့် အကာအကွယ်မရှိ။

အပြင်တွင်လည်း ပိန်းပိတ်အောင် မှောင်နေပြီ။ နာဇီအစောင့်တို့၏ တွဲပိတ်သံ၊ ဖိနပ်သံ၊ အော်သံ၊ ဆူသံနှင့် မီးရထားစက်ခေါင်းမှ တရှိန်ရှိန်မြည်နေသော ရေငွေ့အသံသာ ကြားရသည်။ မီးရထားကိုလည်း မဟာမိတ်ပုံးကြလေယာဉ်များရန်မှ ကင်းဝေးရန် ညမှောင်ရိပ်ခို၍ ထွက်မည်ဖြစ်သည်။ (၉) နာရီတိတိတွင် ခရာသံကြားရပြီး ဂါဒီလီယန်ဘူတာမှ အမျိုးသမီးအကျဉ်းသား(၂၃၀) သယ်ဆောင်လာသော အထူးစစ်ရထားသည် တဖြည်းဖြည်း ထွက်လာသည်နှင့် အကျဉ်းသားအမျိုးသမီးအားလုံးသည် ပြင်သစ်အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြတော့သည်။ အရွယ်အမျိုးမျိုး၊ အလွှာအမျိုးမျိုးမှ အမျိုးသမီးများသည် ရဲဘော်ရဲဘက်စိတ်ဖြင့် ကူညီရိုင်းပင်းကြကာ အသက်စွန့်ရန် တညီတညွတ်တည်း ဆုံးဖြတ်ထားကြသည်။

သူတို့အဖွဲ့မှ အချို့ အမျိုးသမီးများကိုမူ အခြား ထရီဗလင်ကာ၊ ဘူကင်ဝေါ စသော အကျဉ်းစခန်းများသို့ ခွဲ၍ ပို့ခဲ့သော်လည်း မေရီကလော်ဒီနှင့် အမျိုးသမီးအများစုမှာမူ အောဇဝစ်ငရဲခန်းသို့ရောက်ခဲ့ရပြီး သွေးချောင်းစီး၍ မျက်ရည်ကျခဲ့ရသည့် မြင်ကွင်းများကို မျက်မြင်တွေ့ခဲ့ရ၏။ သူတို့၏ဖြောင့်ဆိုချက်များအရ အောဇဝစ်အကျဉ်းစခန်းသို့ ဂျူးလူမျိုးများ၊ စစ်သုံ့ပန်းများနှင့် အခြား အကျဉ်းသားများ ပါလာသောရထားတွဲများရောက်လာသည်နှင့် အောဇဝစ်ငရဲခန်းမှ သံစုံတီးဝိုင်းက တီးမှုတ်ပြီး ကြိုကြရသည်။ ထိုတီးဝိုင်းမှာ တီးမှုတ်သီဆိုကြရသောသူအများမှာ ချောချောလှလှနှင့် အသက်ငယ်ရွယ်သူများ ဖြစ်ကြသည်။ သူတို့သည် အကျႌအဖြူများ၊ အပြာရောင်စကတ်များ ဝတ်ဆင်ထားပြီး မြူးကြွသောသီချင်းများကို သီဆိုတီးမှုတ်ကြရသည်။ အပြင်လူများအနေဖြင့် အလုပ်သမားစခန်းဟု သတင်းလွှင့်ထားသည်နှင့် လျော်ညီစွာ ဟန်ဆောင်ကြိုဆိုရသော မရဏတီးဝိုင်းသာ ဖြစ်သည်။

သို့သော် နောက်တစ်နေ့တွင်မူ ဂျူးအမျိုးသမီးငယ်များ၊ အဘွားအိုများ၊ ကလေးအမေများ၊ ကလေးငယ်များအားလုံးအား အဝတ်အစားများ ချွတ်စေ၏။ ဤဂျူးအမျိုးသမီးများ၊ ကလေးများ အဝတ်အစားချွတ်ရာတွင် ကူညီရန်ကိုမူ ပြင်သစ်အကျဉ်းသူများအား ခိုင်းစေခဲ့သည်။ ဤသို့ အဝတ်အစားများချွတ်နေစဉ် ကြောက်လန့်တကြား အော်ဟစ်ငိုကြသူများ၊ မိမိဆံပင်ကိုဆောင့်ဆွဲကာ ရှိုက်ကြီးတငင် ငိုနေသော အမျိုးသမီးများကိုလည်း တွေ့ရ၏။ ကလေးငယ်များနှင့်အမျိုးသမီးတို့ကို အထူးဆောက်လုပ်ထားသော အခန်းအတွင်းဝင်စေပြီး အဆိပ်ဓာတ်ငွေ့များ လွှတ်လိုက်တော့၏။ သတ်မှတ်သည့်အချိန်စေ့၍ ထိုအခန်းကြီးကိုဖွင့်လိုက်သည်နှင့် မမြင်ရက် မရှုရက်စရာ အဆိပ်ငွေ့သင့်ကာ သေဆုံးနေသော အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးငယ်များ တစ်ယောက်ပေါ်တစ်ယောက်ထပ်၍ အတုံးအရုံး လဲကျသေဆုံးနေတော့၏။

သေဆုံးသူများ၏ တောင်လိုပုံနေသော အဝတ်အစားများ၊ ဖိနပ်များကို အခြား ချွေးတပ်စခန်းမှ အလုပ်သမားများအတွက်ပေးပို့ပြီး ငွေသားများ၊ မရေမတွက်နိုင်သော လက်ပတ်နာရီများကိုမူ ရှေ့တန်းစစ်မျက်နှာမှ နာဇီစစ်ဗိုလ်များအတွက် ပေးပို့ပြီး သေဆုံးသူများထံမှ ချွတ်ယူထားသော ရွှေသွားများအား အရည်ကျို၍ ဆွစ်ဇာလန်နိုင်ငံဘဏ်မှ တစ်ဆင့် တင်ပို့ရောင်းချသည်။ တောင်လိုပုံနေသောဆံပင်များကိုမူ ဘာလင်သို့ ပို့၍ မွေ့ရာများပြုလုပ်သည်ဟု သိရ၏။ ဤသို့ ရက်စက်မှုများကို ကြုံတွေ့ခဲ့ရသော ပြင်သစ်အမျိုးသမီးများသည် သူတို့တွေ့ရ ကြုံရမှုကို နိုင်ငံတကာ စစ်ခုံရုံးတွင် ထွက်ဆိုခဲ့ကြပါကြောင်း။

လျှမ်းထက်

Ref:

A Train in Winter.

By- C. Moor- Head.



www.burmeseclassic.com

www.burmeseclassic.com



လနယုန်မိုး

သုံးညနှင့် လေးရက်တိုင်တိုင်

ဦးထွန်းပ- တဲ့၊ သူ့နာမည်က။ အသက်က (၅၀)လောက်။ ဖြူဖြူ ထောင်ထောင်မောင်းမောင်းနဲ့။ ငယ်ငယ်က အားကစားလိုက်စားခဲ့တဲ့ပုံပါ။ ခုထိကိုယ်ခန္ဓာက တောင့်တင်းနေတုန်း ရှိသေးတယ်။ အရင်တုန်းက စစ်တပ်မှာ အမှုထမ်းခဲ့ဖူးသလိုလို ပြောကြတယ်။ ကျွန်တော်နဲ့ခင်မင်ကြတော့ သူက ဖက်စပ်အကွက် အမှတ် (၂၀၉) မှာ မန်နေဂျာလုပ်နေပေ့ါ။ ကျွန်တော် ကျောက်အရောင်းအဝယ်လုပ်ရင်း ဦးထွန်းပနဲ့ တွေ့တာပါ။ တကယ်က ကျောက်အရောင်းအဝယ်သမားနဲ့ ဖက်စပ်ကွက်မန်နေဂျာက တွေ့စရာအကြောင်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖက်စပ်ကွက်ထဲက ကျောက်တွေ ဘယ်နည်းနဲ့မှအပြင်ထုတ်မရောင်းရပါဘူး။ ကျောက်ကွက်ထဲက ထွက်သမျှကျောက်တွေ ချိပ်စည်း၊ ချိန်တွယ်ပြီးမှ ကျောက်မျက်ရုံးအပ်။ အဲဒီကမှ ကျောက်မျက်ရတနာပြပွဲ တင်ရောင်းကြရလို့ပါပဲ။

ကျောက်မဲသားချင်းမို့ ဦးထွန်းပနဲ့ ကျွန်တော်က ခင်မင်ကြတာပါ။ စာပေဝါသနာပါကြတယ်။ သူ့မှာရှိတဲ့ စာအုပ်၊ ကိုယ့်မှာရှိတဲ့စာအုပ်ကို အပြန်အလှန်လဲဖတ်ကြရင်းက ခင်မင်ကြတာပါ။ ဦးထွန်းပရဲ့ ထူးခြားချက်က ဥပမိရုပ်ခံ့တယ်၊ တည်ကြည်တယ်။ အများက လေးစားလောက်တဲ့ ရုပ်ရည်ပါ။ စာဖတ်တဲ့အပြင် ဘာသာရေးလည်း ကိုင်းရှိုင်းပါတယ်။ ရဟန်းသံဃာတွေကိုလည်းကြည်ညိုတယ်။ ဒီတော့ ကျောက်ကွက်လောပန်တွေက တော်တော့်ကိစ္စဆို ဦးထွန်းပနဲ့ လွှဲထားလိုက်ကြတာပါပဲ။ သူဌေးတွေ၊ လောပန်တွေက ယုံကြည်လေ၊ ဦးထွန်းပက ပိုစည်းကမ်းကြီးလေပါပဲ။

"ကြားပြီးပြီလား၊ ခင်ဗျားမိတ်ဆွေ ဦးထွန်းပသတင်း"

"ဟာ- ဘာဖြစ်လို့တုံး။ ကျုပ် မကြားရသေးဘူး"

"ဝတပ်သားတွေက ဖမ်းသွားလို့တဲ့၊ ချုပ်ထားကြတယ်"

"ဟာ- ဘာဖြစ်လို့တဲ့လဲဗျာ။ သူက ဘာလုပ်လို့တဲ့လဲ"

"ဦးထွန်းပကတော့ ဘာမှမလုပ်ပါဘူး၊ သူ့တပည့်တစ်ယောက်က ဝတပ်သားတစ်ယောက်ကို ရိုက်လိုက်လို့တဲ့"

"ဒီတော့. . ."

"ဝအဖွဲ့တွေက ဖက်စပ်ကွက်ထဲလာဝိုင်းကြတယ်။ သူ့တပ်သားကိုရိုက်တဲ့လူ အခုထုတ်ပေး၊ မပေးရင် မီးရှို့မယ် လုပ်ကြတာတဲ့။ ဦးထွန်းပက အဲဒီလူ ဖက်စပ်ကွက်ထဲမရှိပါဘူးလို့ ကာကွယ်တော့ ဒါဖြင့် မင်းလိုက်ခဲ့ဆိုပြီး ခေါ်သွားကြတာ။ ဟိုရောက်တော့ ဝက်ဝံလှောင်ထားတဲ့ခြံထဲ ကျဉ်းကျဉ်းကျုတ်ကျုတ် လှောင်ထားကြသတဲ့"

"ဟာ-ဥပဒေရှိတာပဲဗျာ။ ရဲစခန်းဘာညာခေါ်သွားဆို ဟုတ်သေး။ ပြီးတော့ ဦးထွန်းပမှာမှ အပြစ်မရှိတဲ့ဟာ"

"ကျုပ်က ခင်ဗျားကြားပြီးပြီမှတ်တာ"

"အောက်မိုင်းရှူး ဆင်းနေတာနဲ့ ခုမှသိတာ။ သွားကြည့်လိုက်ပါဦးမယ်ဗျာ"

အဲဒီလိုဖြစ်တာဟာ မိုင်းရှူး လှိုင်ဆောင်ထောက်တောင်ပေါ်မှာ ဖြစ်တာပါ။ ၁၉၉၀-၉၁ ခုနှစ်လောက်က နိုင်ငံတော်အစိုးရက တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ရေး အစီအစဉ် လုပ်လိုက်တော့ ကချင်၊ ကရင်၊ မွန်၊ ပအိုဝ်၊ ပလောင်၊ ရှမ်း၊ ဝ စတဲ့ တိုင်းရင်းသားတောတွင်း သောင်းကျန်းသူတွေဟာ အလင်းဝင်လာခဲ့ကြပါတယ်။ အဲဒီ အလင်းဝင်လာတဲ့မိသားစုတွေကို အစိုးရက စီးပွားရေးလုပ်ငန်းအမျိုးမျိုး နေရာချပေးပြီး ကူညီတော့ ကျောက်မျက်လုပ်ငန်းတွေမှာလည်း ပါဝင်လာကြပါတယ်။ တချို့က သူတို့ကိုယ်တိုင် ကျောက်မျက်ကုမ္ပဏီထောင် တူးတာရှိသလို တချို့ကတော့ ငွေကြေးတတ်နိုင်တဲ့ ကုမ္ပဏီကြီးတွေနဲ့ပူးပေါင်းပြီးမှ ကျောက်လုပ်ငန်းမှာ ပါလာခဲ့ကြတာ ရှိပါတယ်။ U.W.S.A ဝပြည်သွေးစည်းညီညွတ်ရေး တပ်ပေါင်းစု ဆိုပါတော့။ တချို့က ကုမ္ပဏီထောင် ကျောက်တူးတယ်။ တချို့တပ်ဖွဲ့က ကျောက်ကွက်လုံခြုံရေးတွေမှာ ပါဝင်ပူးပေါင်းကြတယ်။ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ တောထဲ တောင်ထဲမှာ အနေကြာခဲ့ကြသူတွေပီပီ အခု အလုပ်ထဲမှာလည်း ကြမ်းချင် ရမ်းချင်ကြတာပါပဲ။ ပြဿနာတစ်ခုခု ပေါ်တာရင်



www.burmeseclassic.com

www.burmeseclassic.com

တုတ်တုတ်ချင်း၊ မားမားချင်းယှဉ်ချင်ကြတာပါ။ ဦးထွန်းပ တာဝန်ယူရတဲ့ ကျောက်ကွက်က အဲဒီ ဝဖက်စပ်ကွက်နဲ့ စည်းရိုးချင်းသာ ခြားနေတော့ ပြဿနာကြုံရတော့တာပါပဲ။

တာမြင်ရလို့ တစ်ယောက်နဲ့တစ်ယောက် စကားများကြရင်းက ဦးထွန်းပရဲ့လူက တစ်ဖက်လူကို ရိုက်ပစ်လိုက်တာပါ။

အစောက ပြောသလိုပါပဲ၊ ဦးထွန်းပတို့ရဲ့ဖက်စပ်ကွက်ကို လာဝိုင်းကြတာပါ။ အဲဒီလူကို ချက်ချင်းထုတ်ပေးပါ၊ မကျေနပ်ဘူး ဘာညာပေါ့။ ဖြစ်စဉ်ကို အစအဆုံးသိတဲ့ ဦးထွန်းပကတော့ လူကြီးပီပီ မဖြစ်သင့်တာ မဖြစ်ရလေအောင် အဲဒီလူကို ထောက်ပံ့ကြေးပေး၊ ပြန်လွှတ်လိုက်ပါပြီ။ ဒါကြောင့် အဲဒီလူတွေလာကြတော့ လူအုပ်ကြီးကို ထွက်တွေ့ပြီး ခင်ဗျားတို့ရှာတဲ့လူ မရှိပါဘူး လုပ်တော့ မရှိရင် မင်းလိုက်ခဲ့ကွာဆိုပြီး ခေါ်သွား၊ သူတို့အကွက်ထဲရောက်တော့ အရင်က ဝက်ဝံပေါက်စလေး တောထဲကဖမ်းလာပြီးမှ လှောင်တဲ့ လှောင်အိမ်အဟောင်းထဲ ဦးထွန်းပကို ကျဉ်းကျဉ်းကျပ်ကျပ်ထည့်ထားလိုက်ကြတာ သုံး၊ လေးရက်တောင် ကြာပါတယ်။





ကျောက်ကျင်းတွေဆိုတာ ခဲကျောက်ကျင်းတွေပါ။ အဲဒီ လွိုင်ဆောင်ထောက်တောင်ကြီးဆိုတာ ပေ (၄၅၀၀) ကျော်မြင့်ပြီး ဒီအရပ်ဒေသမှာ ထူးခြား ထင်ရှားတဲ့ တောင်ကြီးပါ။ ကျောက်ကလည်း အဲဒီမှာမှ ထွက်နေတာပါ။ ကျောက်မျက်လုပ်ငန်းရဲ့ အရေးကြီးတဲ့ အချက်တစ်ချက်က ရေပါ။ လူသုံးတဲ့အပြင် ကျောက်ကို ရေနဲ့ ဆေးကြောပြီးမှ ပတ္တမြားရှာကြရပါတယ်။ တောင်ထိပ်မှာ ရေအခက်အခဲရှိတော့ ရေရှိတဲ့ တောတွေ၊ တောင်တွေထဲက ရေထွက်အထိ လိုက်ရှာ။ တွေ့တော့ ကောင်းကင်ပိုက်တွေနဲ့ ဖက်စပ်ကွက်ထဲ ရေအရောက် သွယ်ကြရပါတယ်။ ဒီလို ရေသွယ်ကြတဲ့နေရာမှာ ဖက်စပ်ကုမ္ပဏီတစ်ခုနဲ့တစ်ခုက ရေလုကြရတဲ့ အခါ ရှိပါတယ်။ အဲဒီနေ့က ဖြစ်တာကလည်း ဦးထွန်းပ တာဝန်ယူရတဲ့ ဖက်စပ်ကွက်နဲ့ ဝတာပ်ဖွဲ့က ဖက်စပ်ကွက် ရေလုကြရင်းက ဖြစ်တာပါ။ ရေရရှိရေးမှာ တာဝန်ကျတဲ့ ဦးထွန်းပရဲ့ လူက ပိုက်တွေကိုလိုက်ကြည့်တော့ လမ်းခုလတ်တစ်နေရာမှာ ဝတာပ်ဖွဲ့ဝင် တစ်ယောက်က ရေပိုက်ကို ဖောက်ပြီး ယူနေ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကာလက ကျောက်မျက်ဖက်စပ်တွေ ပြဿနာပေါ်ရင် ဖြေရှင်းပေးတဲ့ ကျောက်မျက်ရုံး ဆိုတာ ရှိပါတယ်။ အလုပ်သမားကိစ္စ၊ လျော်ကြေးဘာညာဖြေရှင်းပေးတဲ့ မော်ရုံး ဆိုတာလည်း ရှိပါတယ်။ နောက်တော့ ရပ်ကွက်ရုံး၊ နယ်မြေရုံး၊ ရဲစခန်း၊ လုံခြုံရေးဂေတ်တွေ ဆိုတာလည်း ရှိပါတယ်။ အဲဒီတုန်းက ဦးထွန်းပ လှောင်အိမ်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ (၄) ရက်လား နေခဲ့ရပါတယ်။ မိုးရွာရွာ၊ နေပူပူ အမိုးအကာမရှိ ဒုက္ခခံခဲ့ရတာပါ။ နောက် သက်ဆိုင်ရာ လုံခြုံရေးတွေက လိုက်လာပြီး ဖြေရှင်းပေးတော့ ဦးထွန်းပလွတ်လာခဲ့ပါတယ်။ စဉ်းစားကြည့်၊ လှောင်အိမ်ထဲမှာ မတ်တတ်ရပ်လို့က မရ၊ ခြေထောက်ဆန့်ချင်လို့မှ ဆန့်လို့မရ၊ အေးကလည်း အေး၊ မှက်, ခြင်, ယင်တွေက ကိုက်နဲ့ ဦးထွန်းပ ပြန်လွတ်လာပြီး ကျွန်တော်နဲ့တွေ့ကြတော့ သူ့အဖြစ်ကို ပြန်ပြောပြပါတယ်။

တရားသမား ဦးထွန်းပကတော့ ဘယ်သူ့မှ အပြစ်မတင်ပါဘူး။ ဘယ်သူမပြု မိမိမှုပါပဲ။ အချုပ်အနှောင်ခံရတယ်ဆိုတာကလည်း တစ်ချိန်က မိမိပြုခဲ့ဖူးတဲ့ အမှုကြောင့်သာ တန်ပြန်ခံရတဲ့ သဘောလို့ ယူဆပါတယ်။ နောက်ပြီး သူကိုယ်တိုင်က သူ့တပည့်တစ်ယောက်အတွက် အနစ်နာခံ ကူညီလိုက်ရလို့ ကျေနပ်ပီတိဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူမှာ အပြစ်ရှိရှိ၊ မရှိ မတော် အဲဒီလူကိုသာ သူတို့တောင်းသလို ထုတ်ပေးကြည့်ပါလား။ ဒါတွေတွေးမိလို့ ဦးထွန်းပက ကြိုတင်စီမံကာကွယ်လိုက်တာပါ။ ဦးထွန်းပရဲ့ ရဲရဲတောက် စိတ်ဓာတ်နဲ့ လက်အောက်ငယ်သားအပေါ် အနစ်နာခံလိုစိတ်တွေ မြင်ရ၊ သိရတော့ ကျောက်ကွက်ထဲက အလုပ်သမားတွေဟာ ဦးထွန်းပကိုဆိုရင် တိုးပြီး ကြည်ညိုလေးစားကြပါတယ်။

"ကျွန်တော့်ဝဋ်ကြမ္မာရဲ့ ထူးခြားချက်ကို ပြောပြရပါဦးမယ်။ ခင်ဗျားက စာရေးဆရာဆိုတော့ နောင် လူအများ သိရှိဆင်ခြင်နိုင်ကြရအောင်လို့ပါ"

ပင်းတယမှာ ကုံလုံဆရာတော်ဘုရားကြီးဟာ ထူးခြားထင်ရှားသလိုပါပဲ၊ ဟောဒီ တောင်ပေါ်မှာကလည်း ခုံလုံဆရာတော်ဘုရားကြီးဟာ သီလ သမာဓိဂုဏ်နဲ့ ကြွယ်ဝတဲ့ ရဟန်းတော်ကြီးတစ်ပါးပါ။ သက်တော် တစ်ရာနီးပါးရှိတာမို့ တောင်ပေါ်အလှူခံကြွရင် ထမ်းစင်နဲ့ကြွရပါတယ်။ ပလောင်တိုင်းရင်းသား ဆရာတော်ပါ။ ခုံလုံ ပလောင်ရွာကျောင်းမှာ သီတင်းသုံးနေရာက 'ခုံလုံ ဆရာတော်ဘုရားကြီး' လို့ နာမည်ကျော်ခဲ့ပါတယ်။ ဆရာတော်ရဲ့ဂုဏ်သတင်းတစ်ခုကတော့ မိုးရွာထဲ လှန်းထားမိတဲ့ ဆရာတော်ရဲ့သင်္ကန်းဟာ မိုးမစိုတဲ့ ထူးခြားချက်ပါပဲ။ ဖက်စပ်ကွက်ထဲ အလုပ်ပိတ်ရင်တော့ ဦးထွန်းပဟာ သူတို့ ကျောက်ကွက်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ခုံလုံကျောင်းကို ဘုရားဖူးထွက်ပါတယ်။ အဲဒီမှာ ဆရာတော်ဘုရားကြီးရဲ့ဝေယျာဝစ္စတွေကို ရွာသူရွာသားတွေနဲ့ စုပေါင်းဝတ်ဖြည့်ရင်းက ကုသိုလ်ယူခဲ့တာ အကြိမ်ကြိမ်ပါ။

တစ်နေ့မှာတော့ ဆရာတော်ဘုရားကြီးဟာ ဦးထွန်းပနဲ့ ရွာသားတွေကို ကျောင်းနဲ့မလှမ်းမကမ်းက စေတီပုထိုးပျက်ကြီးကို လမ်းညွှန်ပြပြီးမှ စေတီတစ်ဆူ ကုသိုလ်ယူစေချင်တာနဲ့ ဒကာတွေ လုပ်အားပေး ရှင်းကြပါတယ်။ အဲဒီမှာ ဌာပနာတိုက်ကြီးတွေ့ရှိပြီး ရွှေဟောင်း ဘုရားရုပ်တုအဆူဆူကို ဖူးရတယ်။ တရော်ကင်ပွန်းတွေနဲ့ရေသပ္ပာယ်ပြီး ကျောင်းကိုသယ်၊ ဆရာတော်ဘုရားကြီးဆီ အပ်ကြပါတယ်။ နောက် လပြည့်လကွယ် အလုပ်ပိတ်ရက်တိုင်းလည်း ဦးထွန်းပ ရောက်ပါတယ်။ ဆရာတော်ဘုရားကြီးမိန့်သလို ဘုရားတစ်ဆူအသစ်တည်နိုင်ဖို့ ဦးထွန်းပက ကျောက်ကွက်တွေထဲကနေ စေတနာကြေးကောက်၊ ဆရာတော်ကြီးနဲ့ ဂေါပကကိုအပ်တော့ ဆရာတော်ကြီးက ပီတိဖြစ်ရပါတယ်။

'ရော့- ဒကာကြီးထွန်းပ၊ မင်းရဲ့ လုပ်အားအလှူအတွက် ဆရာတော်ကြီးက ပြန်စွန့်ကြတာ။ အိမ်မှာယူသွား၊ ကိုးကွယ်ချေ'

အနားရောက်လာတဲ့ ဦးထွန်းပကို ခုံလုံဆရာတော်ဘုရားကြီးက (၈) လက်မ၊ (၉) လက်မလောက် ဉာဏ်တော်အမြင့်ရှိမည့် ကြေးဆင်းတု ရွှေဟောင်းရုပ်ပွားတော်တစ်ဆူကို ကိုးကွယ်ဖို့စွန့်ကြတော့ ဦးထွန်းပ ဝမ်းသာအားရ တုန်တုန်ယင်ယင်လက်တွေနဲ့ မျက်ရည်တွေကျပြီးမှ ဆင်းတုတော်ကို ဝမ်းသာအားရ လက်ခံပါတယ်။ ကျောက်ကွက်ထဲ ပြန်ရောက်တော့ ဦးထွန်းပရဲ့ အိပ်ခန်း၊ ဧည့်ခန်းမှာ ဘုရားပုံတော်တွေ ရှိပါတယ်။ ရွှေဟောင်းဆင်းတုကို စင်မြင့်တော်မှာတင် ကိုးကွယ်ပါတယ်။ ခက်တာ ဒီဖက်စပ်ကွက်မှာက ဦးထွန်းပဟာ မန်နေဂျာဆိုပေမယ့် လခစားပါ။ တာဝန်ပြီးဆုံးတဲ့တစ်နေ့ ပြောင်းရွှေ့ရ သွားရဦးမှာပါ။ ဒီတော့ ဆရာတော်ဘုရားကြီးချီးမြှင့်တဲ့ ဒီရွှေဟောင်းရုပ်ပွားတော်ကို ကျောက်မဲက သူ့မိသားစုရှိတဲ့အိမ်မှာ ကျောင်းဆောင်၊ ဆီမီး, ပန်းမန်တွေနဲ့ အကျအန ပူဇော်ချင်တာပါ။ ပြောရရင် ကျောက်မဲအိမ်မှာကလည်း သစ်သားဆင်းတု၊ ကျောက်ဆင်းတုကလွဲလို့ အခုလို ကြေးဆင်းတုက မရှိသေးပါဘူး။ နောက်ပြီး ဉာဏ်တော်လည်းဒါလောက် မမြင့်ပါဘူး။ ဒီတော့ ဦးထွန်းပဟာ ရွှေဟောင်းဘုရားကို ကျောက်မဲလူကြုံနဲ့ပို့ဖို့ စီစဉ်ပါတယ်။

ခရီးစဉ်က မိုင်းရှူး၊ မိုင်းနောင်၊ ကျေးသီး၊ မိုင်းရပ်၊ မိုင်းပွန်၊ လားရှိုး၊ သီပေါကနေ ကျောက်မဲ ရောက်မှာပါ။ ခရီးစဉ်က ရှည်လျားပါတယ်။ အဲဒီကြားမှာလည်း လုံခြုံရေးဂိတ်တွေက ရှိသေးတော့ မတော် ကိုယ်က ရွှေဟောင်းဘုရားကို ကိုးကွယ်ဖို့ အိမ်ပေးလိုက်တာဖြစ်ပေမယ့် လမ်းဂိတ်တွေရောက်တော့ ကိုယ်လူကြုံထည့်ပေးလိုက်တဲ့လူကို မှတ်ပုံတင်စစ်၊ ပစ္စည်းစစ်ရင်းက ဘယ်ကပြန်လာတာလဲ၊ ဘာလဲ ညာလဲနဲ့ သက်သေမပေါ်ရင် အိတ်တွေဘာတွေက ဖွင့်စစ်တော့ ကိုယ်ပေးလိုက်တဲ့ ရွှေဟောင်းဘုရားကို တွေ့ပါပြီတဲ့။ မင်း ဒါ ဘယ်ကရတာလဲ၊ ဌာပနာဖောက်လာတာမဟုတ်လား။ မလိုချင်ဘူး၊ စခန်းရောက်မှရှင်းဘာညာနဲ့. . . ဦးထွန်းပကတော့ လူကြီးပီပီ ဖြစ်နိုင်တာကို ကြိုတွေး ကြိုစဉ်းစားမိတာပေါ့။ ဒီတော့လား၊ ကိုယ်က ကိုးကွယ်ဖို့ အစစ်အမှန်၊ ဆရာတော်စွန့်လို့ ယူလာတာပေမယ့် မြင်တွေ့ စစ်ဆေးနေရင် ရှုပ်မှာကလည်းစိုး။ နောက်ပြီး လူကြုံကောင်လေးကိုလည်း အရှုပ်အရှင်း မဖြစ်စေချင်တာနဲ့ အစီအမံတွေ လုပ်ရတော့တာပါပဲ။

ဘုရားဆောင်ထက်က ဆင်းတုတော်ကို ပထမပင့်၊ စားပွဲထက်မှာတင် ဦးဆုံး ဂျာနယ်စက္ကူနဲ့ ပတ်တယ်။ ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် ထုပ်ပိုးတော့ ဂျာနယ်စက္ကူတွေ စုတ်ပြတ်ပေါက်ပြဲကုန်တယ်။ အဲဒါကိုမှ ပလတ်စတစ် ကြွတ်ကြွတ်ကြီးနဲ့ ချည်ပတ်လိုက်တယ်။ ဒီပုံနဲ့က မလုံခြုံသေး၊ ကြည့်မကောင်းသေးတာနဲ့ တောင်ပေါ်မှာ လူတွေ လက်ဖက်ခြောက်ထုပ်ကြတဲ့ မိုင်းကိုင်စက္ကူ တာ ရှိပါရောလား။ အစောက ဂျာနယ်စက္ကူနဲ့ထုပ်လို့ မလုံခြုံဘူးလို့ထင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်ကို တစ်ခါ အပေါ်ကနေ မင်းကိုင်စက္ကူနဲ့ တစ်ထပ်ပြန်ထုပ်တယ်။ မင်းကိုင်စက္ကူကို ချပ်ချပ်ရပ်ရပ် ဖြစ်အောင်လို့ ဦးထွန်းပက ဟောလစ်ပုလင်း ...ကိုယ်မှာ အရန်သင့်ပတ်ထားတဲ့ သားရေကွင်းရောင်စုံနှင့် ရစ်ပတ်တော့ လေး၊ ... ဆယ်ပင် ကုန်တယ်။

ဘာပဲလုပ်လုပ် သပ်သပ်ရပ်ရပ် ...တတ်တဲ့ ဦးထွန်းပဟာ ဒါနဲ့တင် မ...နပ်သေး။ မိုးတို့၊ နှင်းတို့ မစိုရလေအောင် မိုင်းကိုင်စက္ကူပတ်ပြီးသား ဆင်းတုတော်ကိုမှ အပေါ်ကနေပြီး ပလတ်စ...နဲ့ထပ်ထုပ်သေးတယ်။ ပလတ်စတစ်... ဟိုထွက်ဒီထွက်နဲ့ မသပ်ရပ်တော့ ...အပေါ်ကမှ ကျောက်စည်းတဲ့ တိပ်...ကြည်အထူနဲ့ တစ်ခါပြန်ပတ်သေး...။ လူကြုံနဲ့ထည့်ပေးဖို့ အဆင်သင့်...တော့မှ နောက်ထပ် ပလတ်စတစ်...အလတ်စားလေးထဲထည့်၊ လူကြုံ...ယူရင်မမေ့အောင် တိုင်ပေါ်က သံ...ချောင်းမှာ သေသေချာချာ ချိတ်ထား...။ ဖြစ်ချင်တော့ ဖက်စပ်ထဲက ကျင်း...ကောင်လေးဟာ ကုမ္ပဏီက သူ့ရဲ့...ရာငွေတွေထုတ်ဖို့ရယ်၊ နောက် မှတ်...ယူဖို့ရယ်၊ ဟိုက ဒီက လူကြုံစာ...၊ လက်ဆောင်တွေ ပေးကြမှာမို့...ငံ့နေတာရယ်နဲ့ မှတ်မှတ်ရရ သုံးည...ကော်တောင် ကြာသွားတယ်။ ဦးထွန်း...မှာ ထုပ်ပြီးသားဖြစ်နေတော့ ဆင်းတု... ပြန်မဖြေတော့ဘဲ ဒီအတိုင်းထားမိ... သုံးညနဲ့ လေးရက် ကြာသွားခဲ့ပါ...တယ်။

ဦးထွန်းပ သူ့ရဲ့အနိဋ္ဌာရုံတွေ ပြန်...တွေးကြည့်တော့ အဲဒီနေ့က သူ့ကိုခေါ်...သွားကြပြီး သူတို့အထဲလည်း ရောက်...ရော လက်တွေ၊ ခြေတွေကို နိုင်လွန်ကြိုး...တွေနဲ့တုပ်ကြတယ်။ လည်ပင်းကိုလည်း...တယ်။ ကွေးပြီးတင်းကျပ်နေအောင်...ပြီးတော့ ဝက်ဝံလှောင်အိမ်ကျဉ်းကျဉ်းလေးထဲ ပစ်ထားကြတာ သုံးညနဲ့ လေးရက်ကြာမှ ပြန်လွှတ်ကြတာက...သား။ ဒီကတည်းက ဝိပါက်ကြမ္မာ ဆိုတာကို ဦးထွန်းပ ကောင်းကောင်း ယုံကြည်လိုက်တော့တာပါပဲ။

လနယုန်မိုး

*(ပြင်ဦးလွင်မြို့နေ ကျောက်ပွဲစား...ရေးဆရာ ဦးချစ်ထူး၏ပြောပြချက်ကို ပြန်လည် ရေးဖွဲ့ပါသည်။)*

# အအေးမိ ဖျားနာခြင်းအတွက်

## ကျော်ဟိန်းထက်(ဥပဒေ)

နတ်မောက်မြို့၏အနောက်ဘက် (၂၀) မိုင်ခန့် ကွာဝေးသော ကျောက်ပုံရွာသို့ရောက်ရှိစဉ် အဘဦးဂျမ်းနှင့် ဒေါ်ဖွားချစ်တို့၏နေအိမ်တွင် တည်းခို နေထိုင် စားသောက်ခဲ့ရပါသည်။

ကားလမ်း၊ ရထားလမ်း မပေါက်သောရွာဖြစ်၍ ကုန်းတစ်ကြောင်း၊ ရေတစ်ကြောင်း ဆိုသလို သွားလာရသော ရွာ ဖြစ်သည်။ ရွာမှာ ဆိုင်ကယ်လမ်းတော့ ပေါက်နေပါပြီ။ ညပိုင်း ထမင်းစားပြီး ရေနွေးကြမ်းသောက်ရင်း အာလာပသလ္လာပစကားပြောဆိုရာ အဘဦးဂျမ်းမှ သူတို့ကျေးလက်တွင် ဘိုးဘွားစဉ်ဆက် သုံးစွဲခဲ့သော ရိုးရာဆေးနည်းတစ်နည်း စကားစပ်မိပြောပြသဖြင့် မပျောက်ပျက်စေရန် သုရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရေးသား တင်ပြအပ်ပါသည်။

"ခုလို မိုးအခါ၊ ဆောင်းအခါတွေမှာ မိုးကြမ်းမိ၊ နှင်းခါးမိပြီး အေးပိတ်ဖွဲ့လို့ ဖျားနာတတ်ကြတယ်ကွယ့်။ နောက်ပြီး တောသူတောင်သားဆိုတော့ ယာထဲ၊ ကိုင်းထဲကပြန်လာရင် ခြေထောက်ကို ရေဆေးတတ်ကြတယ်ကွယ့်။ အဲဒီလိုဆိုရင် အအေးမိ၊ ဖျားနာခြင်းတွေ ဖြစ်တော့တာပဲ။ ချက်ချင်း ဆေးကြိုတင်မသောက်ရင် နာတာရှည်အဖျား ဖြစ်တတ်တယ်ကွယ့်။ တို့တောဆိုတော့ကွာ၊ မင်းတို့မြို့လို ဆရာဝန်တွေပြဖို့ လွယ်တာ မဟုတ်ဘူးကွ။ ဆရာဝန်တွေပြချင်ရင် ကျောက်ပန်းတောင်းအထိ သွားရတာ"

"ဟုတ်ကဲ့ အဘ၊ ဆေးကို ဘယ်လိုသောက်ရသလဲ အဘ"

"ဆေးကတော့ အဘတို့ ဘိုးဘွားမိဘတွေလက်ထက်ကတည်းက ဒီဆေးနည်းနဲ့ပဲ အဖျားကင်း ကျန်းမာခဲ့တဲ့ ရိုးရာဆေးနည်းပါပဲကွယ်။ သိပ်ခက်ခက်ခဲခဲကြီးမဟုတ်ပါဘူး။ ချင်းအစို လက်မလောက်ပေါ့၊ (၂) ကျပ်သားပေါ့ကွယ်"

"ဟုတ်ကဲ့ အဘ။ ခဏလေး၊ ကျွန်တော် ရေးမှတ်ပါရစေဦး"

"အေးအေး။ အဲဒီ ချင်းအစို (၂) ကျပ်သား၊ မှတ်ပြီးပလား"

"ဟုတ်ကဲ့၊ မှတ်ပြီးပါပြီ အဘ"

"ချင်းအစို (၂) ကျပ်သား မှတ်ပြီးပြီဆိုရင် ကွမ်းရွက်(၂)ကျပ်သား၊ နောက်ပြီး ထန်းလျက်ကလည်း (၂) ကျပ်သား။ အဲဒီ (၃) မျိုးကို ထုထောင်း ခြေမွပြီး မြေအိုးထဲထည့်"

"ဟုတ်ကဲ့ အဘ"

"အေး- ပြီးရင် ရေနဲ့ကျိုရမယ်။ ရေ (၄၅)ကျပ်သားထည့်ရမှာ။ ဘယ်အချိန် ဆေးဖြစ်ပြီလဲဆိုရင် (၁၅)ကျပ်သားကျန်တဲ့အချိန် ဆေးဖြစ်ပြီ။ သုံးခွက်တစ်ခွက်တင်ပေါ့ကွယ်"

"ဟုတ်ကဲ့ အဘ"

"အေး- အဲဒီဆေးရည် (၁၅) ကျပ်သားကို တစ်ခါသောက်ရင် (၅) ကျပ်သား ပူပူမှတ်သောက်။ (၃) ကြိမ်၊ (၃) ခွက် ခွဲပြီးသောက်။ အအေးမိ၊ ဖျားနာတာ သက်သာ ပျောက်ကင်းတယ်။ ဖျားပြီး အိပ်ရာထဲလဲတဲ့အဆင့်ကို မရောက်တော့ဘူး။ တကယ်လို့ ဖျားနေပြီး ဖျားမှုလုပ်သောက်ရင်လည်း အဲဒီနည်းအတိုင်း အဖျားမပြတ်မချင်းလုပ်သောက်၊ ပျောက်ပါ့ဗျာ"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် ဒီဆေးနည်းကလေးကို မပျောက်မပျက်အောင် လက်ဆင့်ကမ်း တင်ပြလိုက်ပါ့မယ်"

"ကောင်းပါလေ့ကွယ်၊ ကောင်းပါလေ့"

ကျောက်ပုံရွာမှ တောင်သူကြီး ဦးဂျမ်းတို့၏ ရိုးရာလက်စွဲဆေးနည်းကို တင်ပြလိုက်ပါသည်။

*ကျန်းမာ၊ ချမ်းသာကြပါစေ*

ကျော်ဟိန်းထက် (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိဝင်ဆေးမြင်းခွာပင်

## မျိုးတင့်(ညောင်လေးပင်)

မြင်းခွာပင်အကြောင်း လူသိများကြသည်။ မြင်းခွာပင်၊ မြင်းခွာရွက်တို့ကို မြန်မာလူမျိုးတိုင်းလိုလို သိသည်။ မြင်းခွာပင်ကို မြင်းခွာအယဉ်နှင့် မြင်းခွာအရိုင်း ဟူ၍ အကြမ်းအားဖြင့် (၂) မျိုးခွဲခြားသည်။ စာရေးသူတို့ သုံးစွဲစားသောက်နေသော မြင်းခွာပင်မှာ မြင်းခွာအယဉ်မျိုး ဖြစ်သည်။ မြင်းခွာပင် အရိုင်းတွင် အမွေးနုကလေးများပါဝင်နေသည်ကိုကြည့်၍ အယဉ်မဟုတ်ကြောင်း သိသာစေသည်။ စာရေးသူလည်း လွန်ခဲ့သောနှစ်အနည်းငယ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ မိမိ၏မွေးဇာတိရွာဖြစ်သော ပုစွန်မြောင်းစံပြရွာကြီးရှိ အလယ်ပိုင်းရပ်ကွက် ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့သည်။ ဘုန်းကြီးကျောင်း ရေတွင်းကြီးအနီးတစ်ဝိုက်၌ များပြားစွာ ပေါက်ရောက်နေသော မြင်းခွာပင်များကိုတွေ့ရသည်။ ထိုအပင်များသည် အရွက်ဝိုင်းပြီး မြင်နေကျ မြင်းခွာရွက်ထက် ရွက်ပြားကြီးသည်။ တစ်ထွာသာသာ အပင်မြင့်သည်။ တစ်ခါမှမမြင်ဖူးဘူးသော ကြောင့် ဘာမြင်းခွာမျိုးလဲဟု စုံစမ်း ကြည့်သည်။ 'ထိုင်ဝမ်မြင်းခွာမျိုး' ဟု ပြောကြသည်။ အချို့က ဆေးမြင်းခွာ ပင်ဟု ပြောသည်။ စာရေးသူသည် အမည်နှစ်မျိုးလုံးကို မှတ်သားပြီး မျိုး ယူ၍ စိုက်ပျိုးထားခဲ့သည်။

တစ်နေ့တွင် စာရေးသူ၏ မိတ် ဆွေကြီး ဦးအောင်ထွန်း ရောက်လာ သည်။ စာရေးသူစိုက်ထားသော အပင် ကလေးများကိုကြည့်၍-

"ဘာပင်တွေလဲ"

ဟုမေးသည်။


စာရေးသူက မြင်းခွာတော့ မြင်း ခွာပင်ပဲ၊ ထိုင်ဝမ်မြင်းခွာပင်လား၊ ဆေး မြင်းခွာပင်လား မခွဲခြားတတ်ကြောင်း ပြောပြသည်။

သူက ရယ်မော၍-

"ဆေးမြင်းခွာပင်ဆိုတာ ဒါမျိုး မဟုတ်ဘူး၊ အပင်ကလူတစ်ရပ်လော မြင့်တယ်။ မြင်းခွာပုံသဏ္ဌာန်လို ဥ ပါတယ်။ အဲဒီဥဟာ တကယ့်မြင်းထ ကောင်ရဲ့ခွာအတိုင်းမို့ ဆေးမြင်းခွာပင်



ရှင်သန်လာသော ဆေးမြင်းခွာပင်



စိုက်ပျိုးခါစ ဆေးမြင်းခွာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာလိုဥများနှင့် ဖွဲ့စည်းထားသော ဆေးမြင်းခွာပင်အောက်ခြေပုံ

ဆေးမြင်းခွာပင်အကြောင်းကို စာရေးသူကြားဖူးထားသည်မှာ ကြာခဲ့ပါပြီ။ ဘယ်လိုအပင်ကို ခေါ်သည်ကို ယခုမှပင် သဲသဲကွဲကွဲသိရသည်။ စာရေးသူတို့ မိတ်ဆွေများအဖွဲ့သည် သုရဿမဂ္ဂဇင်းကြီးကို ဝယ်ယူအားပေးပြီး ဗဟုသုတများကို တစ်ယောက်နှင့်တစ်ယောက် ဖလှယ်ကြသူများ ဖြစ်သည်။ တစ်နေ့တွင် မိတ်ဆွေကြီး ဦးတင်အေးသည် စာရေးသူထံသို့ ရွှေကျင်မြို့ ဘုရားလေးအနီး ဥယျာဉ်ခြံစိုက်ပျိုး၍ အသက်မွေးသူ ဦးမြင့်စိုးထံမှ ဆေးမြင်းခွာပင်ကို

တို့ခေါ်တာဗျ”

ဟု ဆိုသည်။

မိတ်ဆွေကြီး ဦးအောင်ထွန်းထံမှ ဆေးမြင်းခွာပင်နှင့်ပတ်သက်သော ဗဟုသုတများကို ရလိုက်သည်။

❂



အရွက်အောက်ပိုင်းနှင့် အပေါ်ပိုင်း နှိုင်းယှဉ်ပြထားသော ဆေးမြင်းခွာရွက် (၂) ရွက်



www.burmeseclassic.com

www.burmeseclassic.com

တကူးတက ယူဆောင်လာခဲ့၏။ ဘုရားလေးမှာ ရွှေကျင်မြို့အရှေ့တောင်ဘက် (၈) မိုင်ခန့်အကွာတွင် ရှိသည်။ ဆေးမြင်းခွာပင်များသည် စိမ့်စမ်းကောင်းသော တောတောင် လျှိုမြောင်နှင့် တောင်ကမ်းပါးယံများတွင် ပေါက်ရောက်တတ်ကြသည်။

ဆေးမြင်းခွာပင်တို့၏ပင်ခြေရင်းတွင် အုံဖွဲ့၍ ပေါက်ရောက်နေသော ဆေးမြင်းခွာဉများကို အထပ်လိုက်တွေ့ရသည်။ ထိုဉများသည် မြင်းခွာသဏ္ဌာန်ရှိပြီး လက်တစ်ဆုပ်စာလောက် အုံကျင်းဖွဲ့လျက် ရှိသည်။ ရေများကို သိုလှောင်ထားနိုင်သော ကြွပ်ဆတ်၍ ချိုးဖွဲ့ရန် လွယ်သည့်ဉတက်များ ဖြစ်သည်။ ဉနှင့်အမြစ်များရောယှက်နေပြီး အညိုရောင်သန်းနေသည်။ လူတစ်ရပ်သာသာမြင့်၍ အပင်ရိုးတံမှာ နွားရိုက်ကြိမ်လုံး သို့မဟုတ် ဖျာရက်သော သစ်ပင်လုံးခန့်ရှိသည်။ ပင်စည်ရိုးတံမှ အကိုင်းအခက်များထွက်ပြီး အကိုင်းရှိအရွက်များမှာ ရှည်သွယ်၍ (၆) လက်မခန့် အလျားရှိ၏။ မျက်နှာချင်းဆိုင်အရွက်များ ထွက်သည်။

ထိုဆေးမြင်းခွာပင်၏ ဉ၊ အမြစ်များနှင့် အပင်တို့ကို စာရေးသူသည် အသင့်ရှိနေသော ဒစ်ဂျစ်တယ်ကင်မရာနှင့် မှတ်တမ်းတင်ယူလိုက်သည်။ ထိုအပင်များကို စိုက်ပျိုးခြင်းလည်းပြုသည်။ ထိုအပင်များ၊ ဓာတ်ပုံများကို သိလိုသော မိမိ၏မိတ်ဆွေများအား ပြသရန် ဖြစ်သည်။ ထိုအပင်များကို မြင်တွေ့ကြရလျှင် မိမိတို့ကျန်းမာရေးအတွက် အသုံးဝင် အရေးပါသော 'သိဒ္ဓိဝင် ဆေးမြင်းခွာပင်' ကို အလွယ်တကူ ရှာဖွေအသုံးချနိုင်ကြမည်ဟူသော စေတနာရှေ့သွားပြု၍ပင် ဖြစ်သည်။

ဆေးမြင်းခွာပင်ကို စာရေးသူ လူငယ်ဘဝကပင် စိတ်ဝင်စားခဲ့သည်။ စာရေးသူတို့နေထိုင်ရာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုစွန်မြောင်းရွာသို့ လွန်ခဲ့သော နှစ် (၄၀) လောက်က ရသေ့ကြီးဦးကောင်း ဆိုသူသည် နှစ်စဉ်ဆွမ်းဆန်စိမ်း အလှူခံ ကြွရောက်တတ်သည်။ ရသေ့တို့၏ထုံးစံအတိုင်း ရသေ့ကြီး ဦးကောင်းသည် ဒေါက်ခြာကြီးကိုဆောင်းထားသည်။ အညိုရောင် သစ်ခေါက်ဆိုးသင်္ကန်းကို ဆင်မြန်းသည်။ တောင်းနှစ်လုံးကို ထမ်းပိုးလျှိုထမ်းကာ ကြေးစည်ကလေး တနောင်နောင် ထုကာ ထုကာနှင့် ဆွမ်းဆန်တော်အလှူခံလေ့ရှိသည်။ နောက်ပိုင်းတွင် ရသေ့ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် လူအများ ကြည်ညို လေးစားလာကြသည်။ စားနိုင်သောက်နိုင်သူတို့က ဆန်များကို အိတ်လိုက် လောင်းလှူခြင်း၊ ဆွမ်းကပ်လှူခြင်းများ ပြုကြသည်။ စာရေးသူတို့ ဆွေမျိုးများလည်း ပါဝင်နေသောကြောင့် စာရေးသူနှင့်ရသေ့ကြီးတို့ ရင်းနှီးခင်မင်ခဲ့ရသည်။ ထိုရင်းနှီးခင်မင်မှုကြောင့်ပင် ဆေးမြင်းခွာပင်၏ အသုံးဝင်ပုံတို့ကို သိခွင့်ရခဲ့ခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်မတိုင်မီ ၁၉၈၅ ခုနှစ်လောက်ဟု ခန့်မှန်းရသည်။ စာရေးသူနှင့် ဇနီးဖြစ်သူတို့သည် တိုင်းဒေသကြီး၏မြို့တော်ဖြစ်သော ပဲခူးမြို့သို့ ရုံးကိစ္စနှင့်ရောက်ခဲ့သည်။ ရုံးကိစ္စပြီးသော် ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဖူးကြသည်။ ပြီးသော် ဟင်္သာကုန်းသို့သွားကြသည်။ ဟင်္သာကုန်းစေတီတော်ကို ဖူးမြော်ပြီးသော် ဘရသေ့ကြီး ဦးကောင်းထံ ဝင်ရောက် ကန်တော့ကြသည်။

ဘရသေ့ကြီး၏ ကျောင်းသခ်မ်းလေးမှာ ဟင်္သာကုန်းဘုရားနှင့် မနီးမဝေးတွင် တည်ရှိသည်။ သစ်တောအုပ်ကလေးအတွင်း၌ရှိသော သစ်သားကျောင်းကလေး ဖြစ်သည်။ ဘရသေ့ကြီးကို နဝကမ္မလှူဒါန်းပြီး ကန်တော့ကြသည်။ ထိုစဉ်က ဘရသေ့ကြီးသည် သက်တော် (၈၀) ခန့်ရှိပြီဖြစ်သော်လည်း ကြံ့ခိုင်သန်စွမ်းဆဲ ဖြစ်သည်။ ဘရသေ့က ဆုပေး၊ ဆုံးမစကားများပြောပြီးသော် စာရေးသူက ဘရသေ့ကြီးကို-

"ဘရသေ့ကြီး အသက်အရွယ်နှင့် မလိုက်အောင် ဘာကြောင့် ကျန်းမာရပါသနည်း"

ဟု မေးလျှောက်ခဲ့သည်။

"အေး- လူကလေးမေးတော့ ဘရသေ့ ပြောပြမယ်၊ အမေးရှိမှလည်း အဖြေပေးလို့ကောင်းတယ်ကွယ့်။ ဘရသေ့မှာ အမြဲမှီဝဲတဲ့ဆေးတော်ကြီးတစ်လက် ရှိတယ်ကွယ့်။ အဲဒီ ဆေးကတော့ သိဒ္ဓိဝင်ဆေးမြင်းခွာပင်ရဲ့ဉကို အမှုန့်ပြုထားတာပဲ လူလေးရဲ့။ ဆေးမြင်းခွာမှုန့် (၁၀) ကျပ်သားကို ငရုတ်ကောင်းအမှုန့် (၂) ကျပ်သားနဲ့ ရောစပ်ရတယ်။ ပြီးမှ အဲဒီအမှုန့်ကို ပျားရည်စစ်စစ်နဲ့တေပြီးတော့ ဆီးသီးကင်းလောက် တစ်နေ့ တစ်လုံး မှီဝဲ၊ ဒါပါပဲကွယ်။ အကျိုးအင်မတန်များတယ်ကွယ့်။

ဒီဆေးကို တစ်လစားရင် ကိုယ်တွင်း,ကိုယ်ပရောဂါကင်းတယ်။ နှစ်လစားရင်တော့ အသားအရေပါ လှပစိုဝင်[...]လာတယ်။ သုံးလစားရင် ခွန်အားဗလ[...]ကြီးမားတယ်။ လေးလစားရင် လူ့နွ[...]ကိုယ် ပေါ့ပါးသွက်လက်တယ်။ ငါးလ[...]စားရင် တန်ခိုးကြီးမားတယ်။ ခြောက်လ[...]စားရင် နေလုလင်လို ကြည်လင်စွမ်းသ[...]ရဲရင့်သတဲ့"

"ဘရသေ့ မှီဝဲတာ ကြာပါပြီလား"

"အေး- ကြာပြီ လူလေးရဲ့၊ အဘ[...]လက်တွေ့ပြောမယ်။ လူလေး အခုအ[...]သက်ဘယ်လောက်လဲ"

"ကျွန်တော့်အသက် (၂၇) နှစ်ပါ[...]အဘရသေ့"

"အေး- မင်းနဲ့ အခုအဘ အသက်[...](၈၀) အရွယ်မှာ ခရီးရှည် ပြိုင်လျှောက်[...]နိုင်တယ်ဆိုရင် မင်းယုံမလား"

"ယုံပါတယ် အဘရသေ့"

တကယ်တမ်း ပြိုင်လျှောက်ကြ[...]မည်ဆိုလျှင် စာရေးသူ ရှုံးပါလိမ့်မည်[...]မယုံချင်၍မရပေ။ သက်တော် (၈၀) အ[...]ရွယ်ဆိုသော်လည်း ဘရသေ့ကြီး၏အ[...]သားအရေမှာ စိုပြည်ဝင်းဝါပြီး တင်[...]တင်းရင်းရင်း ရှိနေသည်။ မျက်လုံးမှ[...]ဆန်တောက်ပကြည်လင်ဆဲ ဖြစ်သည်။

"ဒီဆေးမြင်းခွာပင်က ဘယ်မှာ[...]ပေါက်လဲ ဘရသေ့"

"တောင်ပေါ်စိမ့်စမ်း လျှိုမြောင်[...]တွေကြားမှာ ပေါက်တတ်သကွယ့်။ အေ[...]စွန့်ပါတောင်တော်တစ်ကြောမှာတော့[...]ပေါ်ပေါ့ကွယ်၊ အဘ ငယ်ငယ်က အဲ[...]တောတောင်တွေထဲမှာ တောရဆောက်[...]တည်ခဲ့လေတော့ ဒီဆေးပင်အကြောင်[...]ကို အဘရဲ့ဆရာအရှင်တွေက ပြောပြ[...]လို့ သိရှိ မှီဝဲခဲ့ရတာ။ ပြီးတော့ သိဒ္ဓိ[...]တကယ်လိုချင်ရင် ကျင့်စဉ်တစ်ခုကို[...]လေ့ကျင့်ပြီး ဆေးတော်ကို သုံးစွဲရ[...]ကောင်းတယ်ကွယ့်"

"အမိန့်ရှိပါဦး ဘရသေ့ရယ်"

"ဒီကျင့်စဉ်ကို ပိဋကတ်မှော်ကျင့်[...]စဉ်လို့ ခေါ်တယ်။ မနက် (၄) နာရီ ထ[...]ပြီးရင် ဘာအစာမှမစားရဘူး။ ပထမဆုံး[...]စားမယ့်အစာကို မစားခင်မှာ ဗျည်း[...](၃၃) လုံးရဲ့အစ 'က' ကြီးကနေ 'အ'[...]အဆုံး တစ်နေ့ကိုတစ်လုံး အစီအစဉ်အ[...]တိုင်း မှန်မှန် ဂါထာကိုရွတ်ပြီးမှ ဒီဆေး[...]ကို မှီဝဲဖို့ပါပဲ။ လွယ်မယောင်နဲ့ အင်မ[...]တန် ခက်တယ်ကွယ့်။ အဓိကကတော့[...]သတိ။ သတိကောင်းရင် ဘာမဆို[...]အောင်တာပဲကွယ့်။ သတိဆိုတာ ပရမ်း[...]ပတာသတိမဟုတ်ဘူးနော်၊ 'သမ္မာသ[...]ကို ပြောတာ။ သမ္မာသတိ ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတဲ့သတိ။ သမ္မာသတိရှိလေမှ ကောင်းစွာ တည်ကြည်မှုဆိုတဲ့ သမ္မာသမာဓိဖြစ်မှာ မဟုတ်လားကွယ့်"

"ဂါထာက ခက်သလား ဘရသေ့ နဲ့"

"မခက်ဘူး၊ လွယ်ပါတယ်။ နည်းက မခက်၊ မီးကခက် ဆိုတဲ့ အဂ္ဂိရတ်ပညာရှင်ကြီးတွေရဲ့ စကားလိုပေါ့ကွယ်။ နည်းကလွယ်တယ်၊ လုပ်ဖို့ကခက်တယ်ကွယ့်"

"ဂါထာကို အမိန့်ရှိပါဦး ဘရသေ့"

"ဩော်- လူလေးက စိတ်ဝင်စားသကိုး။ ပေးပါ့မယ်ဗျာ၊ ပေးပါ့မယ်"

ဆိုပြီးလျှင် ဂါထာကို ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပြပါသည်။ စာရေးသူက မှတ်စုစာအုပ်တွင် မှတ်သားခဲ့ပါ၏။

*(စာရေးသူ၏ဒိုင်ယာရီအဟောင်းများကြားတွင် မှတ်သားထားသော ဂါထာကို ပြန်တွေ့ရသောကြောင့်သာ ဖော်ပြနိုင်ခြင်းဖြစ်ပါသည်။)*

ပိဋကတ်မှော်ကျင့်စဉ်ဂါထာမှာ-

**'ဉ- ကကြီး၊ ကကြီးကာရောစ၊ ဗုဒ္ဓ ဉ- ကကြီး ဒုက္ခ၊ သုခံ ကုသလာနံ ဓမ္မာ ဓမော ဗုဒ္ဓါယ ကကြီး'**

*(က အက္ခရာ နေရာတွင် ခ ဂ ဃ စသည်ဖြင့် နေ့စဉ် အစားသွင်း၍ရွတ်ဆိုရန် ဖြစ်ပါသည်။)*

ဂါထာ၏အဓိပ္ပာယ်ကို သိရှိနိုင်ရန် စာပေတတ်ကျွမ်းသော ရဟန်းတော်တစ်ပါးကို မေးမြန်းလျှောက်ထားကြည့်ပါသည်။ ရဟန်းတော်က-

"ဒီလိုဂါထာမန္တန်တွေရဲ့အဓိပ္ပာယ်ကို ဦးပဉ္စင်းတို့ အရမ်းဘာသာပြန်ဆိုဖို့ မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ မူလ စီရင်တဲ့ဆရာကြီးများရဲ့ ဆိုလိုရင်းအဘော်ကို မသိတော့ လွဲမှားသွားနိုင်တယ်ပါ။ အဲဒီတော့ မယုတ်မလွန် ပြောရရင်-

'က' ကြီး တည်းဟူသော ဘုရားရှင်ကို ရှိခိုးပါ၏။ ပိဋကတ်တော်တည်းဟူသော ဘုရားရှင်ကိုရှိခိုးပါ၏လို့ နှလုံးသွင်းအာရုံပြုနိုင်ရင် ကောင်းကြောင်း"

ဆိုတော်မူပါသည်။

*(ခ၊ ဂ၊ ဃ တို့တွင်လည်း အစဉ်အတိုင်း အာရုံပြုရန်)*

❂

စာရေးသူက ဘရသေ့ကြီးကို ပိဋကတ်မှော်ကျင့်စဉ်ရဲ့ အကျိုးသွားအားပြောင်းပြပေးပါရန် ပန်ကြားခဲ့ရာ-

"ပိဋကတ်မှော်ဆိုတော့ တို့မြန်မာအက္ခရာ (၃၃) လုံးဟာ ဗုဒ္ဓမြတ်စွာရဲ့ ပိဋကတ်တော်တွေကို ဖြစ်ပေါ်စေတဲ့ မြန်မာလူမျိုးတို့ရဲ့ မူလသင်္ကေတ အက္ခရာတွေ မဟုတ်လားကွယ့်။ အဲဒီ အက္ခရာတွေကို ပိဋကတ်တော်အမှတ်နဲ့ နံနက်ခင်း အရုဏ်မိုးသောက် အလင်းရောက်ချိန်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီး ရွတ်ဆိုပူဇော်တာဆိုတော့ အကျိုးအနန္တပေါ့။ လိုရင်းကိုပြောရရင် စာပေ ပရိယတ္တိ ကျက်မှတ်သင်ကြားရတာ လွယ်ကူတယ်။ ပြီးတော့ သတိအား ကောင်းတယ်။ ပညာဉာဏ်ပွင့်လင်းတယ်။ ကြား၊ မြင်သိဒ္ဓိတွေရတယ်။ သိဒ္ဓိပေါ် သိဒ္ဓိဆင့်တော့ စုံပြည့်ပြီးမြောက် ကောင်းကျိုးရောက်သပေါ့ ငါ့လူရာ"

ဟူ၍ စကားကို အဆုံးသတ်ခဲ့ပါသည်။

အခုတော့ စာရေးသူထံသို့ ထိုဆေးမြင်းခွာပင် ရောက်ရှိလာခဲ့လေပြီ။

နောက်တစ်နေ့တွင် စာရေးသူထံ မိတ်ဆွေကြီးဦးအောင်ထွန်း ရောက်လာသောအခါ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့လက်ထဲ၌ လှပသေသပ်သော ကော်ဘူးလေးတစ်ဘူး ကိုင်လာသည်ကို တွေ့ရသည်။

"ဘာလဲဗျ၊ ဦးအောင်ထွန်း"

"ဆရာသမားအတွက် ကျွန်တော့်မှာရှိနေတဲ့ ဆေးမြင်းခွာဆေးတော်ကြီးလေ"

ဟု ပြောသည်။ စာရေးသူမှာ ထူးခြားစွာ ဆေးမြင်းခွာပင်နှင့် ဆေးမြင်းခွာဆေးတော်ကြီးတို့ ရောက်ရှိလာပုံကို သတိပြုမိသည်။ အမှန်ဆိုသော် စာရေးသူ ပျော်ရွှင်တက်ကြွသွားသည်။ ဆေးယူလာသော ဦးအောင်ထွန်းက ပြောသေးသည်။

"ဆရာသမား-ဒီဆေးက သိပ်စွမ်းတယ်ဗျ။ မယုံမရှိနဲ့၊ ကျွန်တော့်ကိုယ်တွေ့။ အခု ကျွန်တော် အသက် (၇၀) ရှိပြီ၊ ဘာဆေးဘာဝါးမှ မစားဘူး။ ဆေးမြင်းခွာကလွဲရင် ကျွန်တော် ဘာကိုမှ အားမကိုးဘူး။ ဆရာသမားမြင်တဲ့အတိုင်း မကျန်းမမာဖြစ်တာဆိုလို့ မရှိဘူး။ ညောင်းတာညာတာ၊ နောက်ကြောတက်၊ ဇက်ထိုး၊ ခေါင်းကိုက်၊ နှာစေး၊ ချောင်းဆိုးတောင် မဖြစ်ဘူးဗျ။ လှုပ်ရှားမှုသွက်လက်တယ်။ အမောခံနိုင်တယ်။ အခုချိန်ထိ ကျွန်တော့်ကျန်းမာရေးကတော့ မြင်တဲ့အတိုင်း အိုကေမှာ စိုပြည်နေတယ်ဗျို့"

သူပြောသမျှ မှန်ကြောင်း ရောဂါထူပြောနေပြီဖြစ်သော အသက် (၆၈) နှစ်အရွယ်ရှိ ကျွန်တော်က ထောက်ခံအတည်ပြုသောအားဖြင့် ခေါင်းညိတ်ပြရပါသည်။ ဦးအောင်ထွန်းက-

"ဒီဆေးကို အမှုန့်ပြုထားပြီး ခြေကျိုး၊ လက်ကျိုးရင် ဆင်ချေးကိုပြာချထားတာနဲ့ ဆတူရောစပ်၊ ပတ်တီးစည်းထားလိုက်ရင် ပြန်ဆက်တယ်လို့ အသုံးပြုခဲ့ဖူးတဲ့ တောင်ပေါ်တိုင်းရင်းသားကရင်ကြီးတစ်ဦး ကျွန်တော့်ကို ပြောတယ်ဗျ။

အဖု၊ အပိမ့်၊ အနာတွေကိုလည်း ဒီဆေးဥကို သွေးလူးရင် ပျောက်တယ်။ ကျွန်တော်တို့က မသိလို့သာဗျ၊ သိဒ္ဓိဝင်ဆေးပင်တစ်မျိုးမို့ ဆေးစွမ်းထက်တာ အမှန်ပါပဲ"

စာရေးသူတို့စကားဝိုင်းသို့ နောက်မှ ရောက်လာသော ဦးတင်အေးက ဝင်ပြောသည်မှာ ရှေ့ကျင်နယ်ဘက်က တောရွာများတွင် အကြောတက်လျှင် ဆေးမြင်းခွာကို သွေးလိမ်းကြသည်။ အနာနှင့် အဖုအပိမ့်များကိုမူ နလင်ကျော်နှင့် (၂) မျိုး ပေါင်းစပ်လိမ်းရင် သက်သာပျောက်ကင်းသည်ဟု ဆို၏။

စာရေးသူသည် လက်၌ကိုင်ထားသော ဆေးဘူးလေးကိုကြည့်ရင်း မိမိမွေးနေ့မှစ၍ 'ပိဋကတ်မှော်ကျင့်စဉ်' အဓိဋ္ဌာန်ဝင်ခြင်းဖြင့် 'သိဒ္ဓိဝင်ဆေးမြင်းခွာ'ကို သုံးဆောင်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

အခြေအနေပေးပါက သုရဿပရိသတ်ကြီးနှင့် အများပြည်သူ တိုင်းရင်းဆေးဝါသနာရှင်တို့သည် ဤဆေးမြင်းခွာ သိဒ္ဓိဝင် ဆေးတော်ကြီးကို မှီဝဲသုံးဆောင်ကြခြင်းဖြင့် ကျန်းမာ ချမ်းသာ၍ သိဒ္ဓိအဖြာဖြာတို့ရပါစေကြောင်း စေတနာကောင်းနှင့် တင်ဆက်ရေးသားလိုက်ရပေသည်။

မေတ္တာရည်လျက်

မျိုးတင့်(ညောင်လေးပင်)

*ထွက်တော်မူပြီဖြစ်သော ဘရသေ့ကြီး ဦးကောင်း (ပဲခူး) နှင့် ဤဆောင်းပါးနှင့်ပတ်သက်သမျှ မိတ်ဆွေများကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်ကို ချိုးပစ်လိုက်၊ ချိုးပစ်လိုက်။ နံပါတ်ကိုး ဘာလုပ်နေတာလဲ၊ အနားကို မကပ်ရဲအောင် လုပ်လိုက်တော့။ တစ်ရှိန်ထိုးဆွဲလာပြီးမှ ဂိုးဧရိယာထိပ်ရောက်ရင် သူများခြေထဲ ပြန်ပြန်ပါသွားတယ်၊ ထွက်ကွာ. . . ထွက်၊ ထွက်- အဲဒီကောင်ကို လူလဲဟေ့၊ ကျက်သရေမရှိဘူး"

"ဘယ်တုန်းက ဒိုင်းရဖူးလို့ အရက်မရှိ အော်နေကြတာလဲဟေ့။ ငါတို့အသင်းကို ငယ်ကြောက်ဆိုတာ မေ့နေပြီလား။ ဟေ့ ဟေ့- လှရွှေ၊ လှရွှေ- အဲဒီနံပါတ်လေးက ငတုံးကြီး၊ ဆွဲ ဆွဲ- ရဲရဲဆွဲပြေး၊ ဂိုးဧရိယာထဲရောက်အောင်။ ဟုတ် ဟုတ်. . . ဟုတ်ပြီ။ နောက်ကလိုက်ပြီး ညစ်ပတ်လည်း ပယ်နယ်တီတော့ရမှာပဲ။ ဟား ဟား- ဟုတ် ဟုတ်. . . ဒုက္ခပါပဲငရွှေရာ၊ ဘေးချော်သွားရတယ်လို့"

မြို့နယ် အုပ်ချုပ်ရေးမှူးဖလားဗိုလ်လုပြိုင်ပွဲတွင် နှစ်ဖက်အသင်းကို အားပေးကြသော ပရိသတ်များမှာ အားကစားစိတ်ဓာတ်တွေ ရင်ထဲမှာအခြေမတည်နိုင်၊ အရှုံး, အနိုင်ကို ရှေ့တန်းတင်ပြီး ယဉ်ကျေးစွာအားပေးမှုဆိုတာ ချိုနဲ့လား ဟူ၍ မေးယူရလောက်အောင် တစ်ဖက်နှင့်တစ်ဖက် ရန်ထောင်၍ လက်သီးလက်မောင်းတန်းပြီး စည်းကမ်းမရှိစွာ အားပေးနေကြသည်ကို စိတ်မချမ်းမြေ့စွာ ကိုနွေဦး ကြုံတွေ့နေရ၏။

ကိုနွေဦးတို့ ဆယ်ကျော်သက်အရွယ်က မကွေးတိုင်းဒေသကြီးတစ်ခုလုံးတွင် အကောင်းဆုံးစာရင်းဝင်ခဲ့သော အားကစားကွင်း။ မြန်မာတွင်သာမက အာရှလက်ရွေးစင်များအထိ ပေါက်ရောက်ခဲ့သော ဗဟာဒူး၊ ဘပု၊ မောင်မောင်တင်၊ လှငွေး၊ သန်းစိုး (ခ) ဆပ်သီးတို့ လာရောက်ကစားခဲ့ဖူးသော အားကစားကွင်း။ မြန်မာနိုင်ငံအထက်ပိုင်း၊ မြန်မာနိုင်ငံအောက်ပိုင်း လက်ရွေးစင်နှစ်သင်း ခြေစမ်းအားပြိုင်ခဲ့သည်ကို ရှင်လန်းအားရ ရင်တမမနှင့် စတိုင်ကျကျကြည့်ခဲ့ရသော အားကစားကွင်း။ အရှေ့ဘက် အထူးတန်းပွဲကြည့်စင်၌ အမိုးအခင်း အပြည့်အစုံ၊ မြောက်ဘက်ပွဲကြည့်စင်၌လည်း အမိုးအခင်းအပြည့်အစုံအပြင် အနောက်ဘက်ပွဲကြည့်စင်၌ အမိုးမပါသော်လည်း ယူဘင်းသံထည်အခင်းကြီးများ အဆင့်ဆင့်ပြုလုပ်ထားသဖြင့် ပွဲကြည့်ပရိသတ် အဆင့်မြင့်မြင့်၊ ယဉ်ကျေးသိမ်မွေ့စွာ အကျအနနေရာယူပြီး အသီးသီး မိမိနှစ်သက်ရာ အားပေးခဲ့ကြရသော အားကစားကွင်း။ ကိုနွေဦးကိုယ်တိုင် ဘောလုံးပွဲစဉ်တစ်ခုတွင် ပယ်နယ်တီကန်သွင်းခဲ့ရာ ဂိုးမဝင်ခဲ့၍ မေတ္တာအပို့ခံရသည်မှလွဲပြီး ဆိုးဝါးစွာ အဆဲအဆိုမခံခဲ့ရသော အားကစားကွင်း။

ယခုအခြေအနေ၌ ပွဲကြည့်စင်များလည်း တစ်ခုမှ မရှိတော့။ အခိုင်အမာ အမိုးသွပ်ပြား၊ ပျဉ်ခင်းများနှင့် သားနားခိုင်ခံ့လှသော ပွဲကြည့်စင် (၂) ခုနှင့် သံထည်ပစ္စည်းများ မြေလျှိုးမိုးပျံ့သွားသည့်နှယ် ဘယ်ဆီ ဘယ်ဝယ် ရောက်ကုန်သည်မသိ၊ လက်ရှိဘောလုံးပွဲကြည့်ပရိသတ်အားလုံးမှာ လေးဖက်လေးတန် ကာရံထားသည့် လူတစ်ရပ်ခန့်အမြင့်ရှိသော သံဆူးကြိုးများကို မှီတွယ်ပြီး ရပ်သူကရပ်၊ ထိုင်သူကထိုင်နှင့်ကိုယ်အားပေးသည့် ဘောလုံးအသင်းအနိုင်ရရှိရေးအတွက် အားကစားစိတ်ဓာတ်တစ်စက်ကလေးမှ မပါကြဘဲ ပက်ပက်စက်စက် ဆဲဆို၍ ရိုင်းစိုင်းစွာ အားပေးနေကြသည်ကို စိတ်မချမ်းမြေ့စွာ မကြားချင်ဘဲ ကြားနေရ၏။

ဘောလုံးပွဲက ရန်ပွဲအသွင်ဆောင်နေသည်မှာ ကစားကွင်းထဲက ဘောလုံးသမားများ အစ,ပထမတော့ မဟုတ်ကြ။ သူ့အသင်း ကိုယ့်အသင်း၊ သူ့ဘက် ကိုယ့်ဘက်၊ တစ်ဖက်သတ် လွန်ကဲစွာ အားပေးလေ့ရှိကြသော ပရိသတ်အများစု၏ပယောဂကြောင့် ကွင်းထဲက ကစား[illegible] သမားများလည်း မဟားတရား ဒေါ[illegible] တွေပွားကြပြီး ကစားကွက်တွေပျက်၊ [illegible] မှားတွေဖက်လို့ လုယက်ဆွဲငင် [illegible] အသွင်ဟန်နှင့် ဘောလုံးကန်နေ[illegible] သည်ကို တွေ့နေရ၏။ ကိုနွေဦး [illegible] ပျက်လှပြီ။ ဆက်မကြည့်ချင်တော့၊ [illegible] လှဝင်း ခေါ်လွန်း၍သာ လိုက်လာမိခဲ့[illegible] နဂိုကတည်းက စိတ်မပါ။

"ငါ့သားကို မတရားညစ်တဲ့[illegible] မခံဘူး၊ နင့်ကို ငါကိုယ်တိုင်လုပ်မယ်"

အသက် (၅၀) ခန့်၊ ပိန်ပိန်ပါး[illegible] အမျိုးသမီးကြီးတစ်ဦး သံဆူးကြိုး[illegible] ဆွဲတက်ပြီး ကွင်းအတွင်း ဝင်ရောက်[illegible] ကြိုးစားနေသဖြင့် ဘောလုံးကွင်းလုံ[illegible] ရေး ရဲတပ်ဖွဲ့က ထိန်းသိမ်းနေရ၏။ [illegible] ကွင်းလုံး အယုတ္တ အနတ္တ မကြားဝံ့[illegible] သာ ဆဲသံ ဆူသံတွေကလည်း နား[illegible] သာအောင် ညံနေ၏။

"မိန်းမဖြစ်ဖြစ်၊ ယောကျာ်းဖြစ်[illegible] စိန်ခေါ်တယ်။ ဟောဒီမှာ စည်းဝိုင်း[illegible] တယ်၊ ဘယ်မှမသွားဘူး။ သတ်[illegible] လာခဲ့၊ ဘယ်တုန်းက တို့အသင်းကို[illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ အသက် (၃၀) ခန့်၊ ဘယ်ဘက်ခြေထောက်မှာ ဖြတ်ထားသည်ဖြစ်၍ ချိုင်းထောက်ဆောင်ထားရသူ။ သူက ချိုင်းထောက်ကို မြှောက်ပေါက်ပေါက်၍ မျက်လုံးနီရဲကြီးနှင့် ဟိုဒီကြည့်ကာ မထိတထိစကားတွေပြောပြီး ရန်စနေ၏။

"ပြန်မယ် ကိုလှဝင်း၊ ဘောလုံးပွဲကြည့်ရတာ အရသာမရှိဘူး။ ပရိသတ်က ကြမ်းလွန်းတယ်။ ဖြစ်ပြီဆိုရင် ထိန်းရမှာ မဟုတ်ဘူး၊ ကိုယ်ပြန်နှင့်မယ်"

ကိုလှဝင်းက လှည့်ပြီးစကားပြောရန်ဟန်ပြင်ရုံရှိသေး၊ ချိုင်းထောက်နှင့် ရန်မီးပွားနေသူအသံက စူးစူးဝါးဝါး ပေါ်

တွေ၊ ချကွာ. . . ချိုးပစ်ကွာ"

ဆက်နေ၍လည်း ဘယ်လိုမှ ကြည့်ကောင်းတော့မှာ မဟုတ်တော့၍ ကားလမ်းမဘက်သို့ ကိုနွေဦး ထွက်ခဲ့တော့၏။ အားကစားစိတ်ဓာတ်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ မျှမျှတတ အားပေးသံများ လုံးဝမကြားရ။ ဆဲသံဆူသံ၊ ပူပူညံညံအသံတွေကသာ ကိုနွေဦး၏နောက်သို့ လိုက်ပါလာဆဲ ဖြစ်၏။

✿

ကားလမ်းမအနောက်ဘက် မြသစွာ စားသောက်ဆိုင်အတွင်း ကိုနွေဦး ဝင်ရောက်ထိုင်လိုက်ပြီး ရန်ကုန်မုန့်ဟင်းခါးတစ်ပွဲကို မှာယူလိုက်၏။ ဒီဆိုင်က ကြာဆံဟင်းခါး၊ ထမင်းသုပ်၊ ရှောက်သီးသုပ်နှင့် ခေါက်ဆွဲအရည်ဖျော်က



# တမလွန်မှ ဂိုးသမား

## နွေဦးမွန် (ရေနံချောင်း)

ဘူးလို့ အော်နေကြတာလဲ။ လာခဲ့လေ၊ ထွက်ခဲ့"

ပရိသတ်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် အားပေးကြရမည့်အစား ရန်မီးပွားအောင် ရန်ထောင်နေသူတွေကလည်း မနည်း။ ရန်စ စိန်ခေါ်နေသူကို ကြည့်

လာပြန်၏။

"ဟေ့ ဟေ့- ဒီလောက် တဒိုင်းဒိုင်း သွင်းနေတာတောင် အလွဲလွဲ အချော်ချော် ဖြစ်နေရင်တော့ ဒီကောင်တွေ လောကီပညာတွေနဲ့ လုပ်ထားတာကွ။ ဓာတ်ရိုက်ထားတာရှိမှာ။ ဂိုးတိုင်တွေအခြေမှာ အင်းမြှုပ်ထားတာရှိမှာကွ။ ငပေါ



www.burmeseclassic.com

www.burmeseclassic.com

လည်း နာမည်ကြီးလှ၏။ တစ်နေ့တစ်ခါတော့ ကိုနွေဦး လာရောက်အားပေးနေကျဆိုင် ဖြစ်၏။

'. . . လောကီပညာနဲ့ လုပ်ထားတာကွ။ ခတ်ရိုက်ထားတာ၊ အင်းမြှုပ်ထားတာရှိမှာကွ. . .'

မုန့်ဟင်းခါးစားနေရင်းက စောစောက ကြားခဲ့ရသည့် ဘောလုံးကွင်းအတွင်းမှ အသံတွေသည် သူ့နားထဲက မထွက်။ တဖြည်းဖြည်းနှင့် မြွေမြွေလေး ပြုံးလိုက်ပြီး အတိတ်ခရီးနယ်မြေကို ပြန်လည် ခြေထောက်ပေါက် အလည်တစ်ခေါက်ရောက်သွားသူက ကိုနွေဦး။

၁၉၆၇၊ လွန်ခဲ့သော (၄၅) နှစ်က အဖြစ်အပျက်တစ်ခုဆီ အတွေးနယ်ချဲ့နေခဲ့ပြီ။

❂

"မင်းအနားကို တစ်ယောက်မှ ကပ်ရဲမှာမဟုတ်ဘူး၊ ဒီလက်ဖွဲ့ကြောင့် မင်းကိုလန့်နေကြမှာ။ မင်းလုပ်ချင်သလို လုပ်လို့ရမယ်။ မင်းနာမည် ဟိုးဟိုးကျော်မှာသေချာတယ်"

ဆေးဆရာကြီး ဆရာတိုးက အပ်ချည်ကြိုးများနှင့် ပြုလုပ်ထားသော လက်ဖွဲ့ရှည်တစ်ခုကို မောင်နွေဦး၏ခါး၌ချည်ပေး၏။ မျက်နှာကို စိုက်ကြည့်ပြီး ဦး ခံ၍ ဘာတွေတဖွဖွရွတ်နေမှန်းတော့ မသိ၊ တော်တော်ကြာ၏။ ဆီးသားလက်တစ်ဆစ်ခန့်ကိုလည်း ဘောင်းဘီထဲညှပ်ထားရန် ပေး၏။

"ခါးမှာ လက်ဖွဲ့ချည်ပြီးပြီ၊ အကျီဝတ်လိုက်တော့။ ဆီးသားကတော့ ဘောင်းဘီထဲညှပ်နော်။ မင်းက ရှေ့တန်းကဆိုတော့ ဒီနေ့ ဂိုးတွေ တဒိုင်းဒိုင်းသွင်းဖို့ အစီအမံလုပ်ပေးလိုက်ပြီနော်၊ စိတ်ချလက်ချသာ ကစားပေတော့။ မင်းတို့အသင်း နိုင်မှာသေချာသလို မင်းလည်း နာမည်ကြီးမှာသေချာပြီ"

အရယ်အပြုံး မရှိ၊ ပကတိတည်ကြည်သောမျက်နှာနှင့် ပြောနေသော ဆရာတိုးကိုကြည့်ပြီး မပြုံး မရယ်မိအောင် မျက်နှာပိုးသတ်နေရသူကား မောင်နွေဦး။ ဆယ်ကျော်သက်အရွယ် မောင်နွေဦးတို့က ဒါတွေကို အယုံအကြည်မရှိ။ သို့သော် အသင်းအုပ်ချုပ်သူ လူကြီးတွေကအစ ယုံကြည်မှုရှိနေကြသည်မို့ သူတို့ဘောလုံးသမားလေးတွေက ဘာမှမပြောသာ။ ဒီနေ့ ဆီမီးဖိုင်နယ်ပွဲအဖြစ် ရွှေကြာင့်ဒိုင်နယ်နှင့်ကစားရမည် ဖြစ်၏။ ရွှေကြာင့် ဂိုးသမား မြင့်စန်းအောင်က ဒီနှစ် တိုင်းလက်ရွေးစင် အရွေးခံရဖို့ သေချာနေပြီဟု သတင်းပြေးနေသူ။ မောင်အေး၊ တင်ထွန်း၊ စိုင်းသန်းအောင် စသည့် တိုင်းလက်ရွေးစင် ဂိုးသမားတွေ ထွက်ပေါ်ရာမြို့။ မြင့်စန်းအောင်ကလည်း လက်စွမ်းပြကောင်းသလောက် ကျွမ်းပစ်၊ ကျွမ်းထိုး၊ ကျားပါးစပ်၊ ခါးဖြတ်ဆွဲ၊ လေပေါ်ဝဲ တိုက်စစ်မှူးတွေသွင်းသမျှဘောလုံးကို မြဲမြံသော လက်ဖြင့် ဆွဲယူ၍ အမိအရဖမ်းယူနိုင်သော ဂိုးသမားကောင်းတစ်ယောက်။ ရွှေကြာင့်အသင်းကို သရေကစားနိုင်ပြီဆိုရင် လုံလောက်ပြီဟု ပွဲစဉ်ပထမပိုင်းတုန်းက လူကြီးတွေပြောခဲ့သည့်စကား။ ခုတော့ ဆီမီးဖိုင်နယ်ပွဲဖြစ်၍ ရှုံးထွက်၊ နိုင်လျှင် ဗိုလ်လုပွဲတက်ရမည့် အနေအထား။ ရွှေကြာင့်ကို အနိုင်ကစားမှရမည်။ သို့သော် ရွှေကြာင့် ဂိုးမြင့်စန်းအောင်က ကောင်းလွန်းလှ၏။ မြင့်စန်းအောင်က ခေါင်းထဲကမထွက်။ ဒီကြားထဲ ခါး၌ စည်းပေးထားသည့် လက်ဖွဲ့ဆီကို စိတ်က ခဏခဏရောက်နေ၍ ကစားသမျှဘောလုံးပွဲများတွင် အဆဲအခံရဆုံးပွဲက ရွှေကြာင့်နှင့်ပွဲပင် ဖြစ်၏။

လက်ဖွဲ့ကစွမ်းပြီး ဘာတွေများဖြစ်မလဲ၊ လူပဲ အမြင့်မြောက်တက်သွားမလား စသည့် စသည့် အတွေးများကြောင့် ထိုနေ့ကပွဲတွင် မောင်နွေဦး လုပ်သမျှ ကန်သမျှတွေက တစ်ခုမှမဟန်။ အယောင်ယောင်အမှားမှားတွေကြောင့် ပရိသတ်၏အဆဲအဆို အခံရဆုံးလူက မောင်နွေဦး။ ရွှေကြာင့်ကို ရှုံးခဲ့ရသည်။ ထိုင်နေအကောင်းသား၊ ထသွားမှကျိုးမှန်းသိ စကားလို လက်ဖွဲ့တွေဝင်ရှုပ်ခဲ့၍ ဗိုလ်လုပွဲနှင့်ဝေးခဲ့ရသည်ကို ခုထိမမေ့။

တွေးနေမိသည့်စိတ် အတိတ်မှ ပြန်အလာ မသိမသာ ပြုံးလိုက်မိသူက ကိုနွေဦး ဖြစ်၏။ မုန့်ဟင်းခါးဖိုးရှင်းပေးလိုက်ပြီး မြသစ္စာဆိုင်ထဲမှ ထွက်ခဲ့၏။ သူ့နားထဲမှာတော့ 'ခတ်ရိုက်ထားတာ၊ အင်းမြှုပ်ထားတာ' ဟူသော ဘောလုံးကွင်းထဲက ချိုင်းထောက်နှင့်လူငယ်လေး၏အသံကိုပဲ တစ်လမ်းလုံး ကြားယောင်နေ၏။

❂

"ဟားဟား. . . ဟီး ဟီး ဟီး- တို့အဖေကတော့ စံပဲဟော့။ အဲလိုဆိုရင် အဲဒီနေ့က ဘောလုံးပွဲမှာ တစ်ကွင်းလုံး အဆဲခံခဲ့ရတာ အဖေပေါ့"

"ဟုတ်ပါတယ်လို့ ပြောနေတာ မကြားဘူးလား၊ အဲဒီ ဆရာတိုးလက်ဖွဲ့ကြီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး အဖေ ဘောလုံးကန်ခဲ့တာ တစ်ခုမှ ဟန်မကျလို့ အဆဲခံရတာ ဆူညံနေတာပဲ။ အဖေ ဘောလုံးကန် မကောင်းဘူး၊ ကောင်းတယ်ဆိုတာ သမီးတို့အမေ မေးကြည့်။ (၁၉၇၀-၇၁) လောက်က ပခုက္ကူမှာ ခ. လ. ရ (၈၇) ကို ဗိုလ်လုပွဲမှာ အနိုင်ကစားပြီး ဒိုင်းရခဲ့တာ အဖေတို့ ဝါဇီဆောက်လုပ်ရေး ဘောလုံးအသင်းပဲ။ ချန်ပီယံအဖေတို့ဘောလုံးအသင်းကို မန္တလေးက 'အိမ်ကြီးခင်ညို' အငြိမ့်ငှားပြီး ဂုဏ်ပြုခဲ့တယ်။ ဆုတွေလည်း အများကြီးပဲ။ ပြောခဲ့တဲ့ ရွှေကြာင့်နဲ့ပွဲမှာ လက်ဖွဲ့ကြောင့် အဖေ ကယောင်ချောက်ချားဖြစ်ပြီး. . ."

"ဟား ဟား ဟား- ယုံပါတယ် အဖေကလည်း၊ ဘောလုံးကွင်းထဲမှာ အဖေ အယောင်ယောင်အမှားမှား ဖြစ်ပြီး ကစားကွက်တွေပျက်နေတာ စိတ်ကူးနဲ့မြင်ယောင်ပြီး ရယ်ချင်နေလို့ပါ။ အဖေ့ကို အထင်သေးလို့ မဟုတ်ပါဘူး။ ဟီးဟီး. . . ဟား ဟား ဟား"

အငယ်ဆုံး သမီးဖြစ်သူ ဖြူခိုင်၏ စကားသံကိုလိုက်ပြီး နွယ်ခိုင်၊ သွယ်ခိုင်နှင့်ချိုခိုင် ဟူသော သမီးကြီးသုံးယောက်ကလည်း ဝိုင်းဟားနေကြ၏။

"အဖေက တစ်သင်းလုံးအားထားရတဲ့သူ၊ ရှေ့တန်းတိုက်စစ်မှူးသမီးတို့ရဲ့အဖေအယုံအကြည်မရှိတဲ့ လက်ဖွဲ့တွေဆေးတွေကြောင့် အဖေနာမည်ပျက်ခဲ့ရတာ"

"ဘာအဖေ- လက်ဖွဲ့တွေကြောင့် လောကီပညာတွေကြောင့် ဟုတ်လားမယုံဘူးပေါ့။ အဲလိုဆိုရင် သမီးတို့ကိုယ်တွေ့တစ်ခုပြောပြမယ်၊ အဖေယုံမလား"

"ယုံသင့်ရင် ယုံမှာပေါ့ သမီးရဲ့ဘာအကြောင်းမို့လို့လဲ၊ ပြောစမ်းပါဦး"

အငယ်ဆုံးသမီး မဖြူ၏စကားကိုအလိုက်သင့်ရော၍ ကိုနွေဦး မေးလိုက်၏။

"ပြောလိုက် မဖြူ။ ငါတို့အားလုံးလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်ပဲဥစ္စာ အဖေ့ကို သေချာပြောပြလိုက်"

နွယ်ခိုင်၊ သွယ်ခိုင်နှင့် ချိုခိုင်တို့ သမီးကြီးသုံးဦးကလည်း ဝင်ပြော၏။

သူတို့အမေက ကွမ်းဝါးရင်း တမှုံ့မှုံ့နှင့် ကိုနွေဦးကို လေးစားသော အကြည့်ဖြင့် ကြည့်နေ၏။ အငယ်ဆုံးသမီး မဖြူခိုင်၏မျက်နှာက တည်တည်ကြည်ကြည်လေး ဖြစ်လာ၏။ ကိုယ်တွေ့ ကြုံခဲ့သူမို့ ပြောနေရသော်လည်း မယုံမှာကိုလည်း စိုးရွံ့ဟန်တူ၏။ ဖခင်ဖြစ်သူကို ခပ်ငေးငေးလေး ကြည့်၏။

"ပြောမှာပြောပါသမီး၊ သမီးတို့ အဖေ့ကို ဘယ်တုံးကလိမ်ပြောဖူးကြလို့လဲ"

ကိုနွေဦးက သမီးဖြူခိုင်ပြောရန် စကားကို ခင်းပေးလိုက်၏။

"ဒီလို အဖေရေ၊ လွန်ခဲ့တဲ့ ၁၉. . . လောက်က အဖြစ်အပျက်တစ်ခုပေါ့"

❂



www.burmeseclassic.com

www.burmeseclassic.com

ပင်းချောင်း 'သုံးဆယ့်ခြောက်' ရွာက ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲသို့ ချောင်းရိုးတစ်လျှောက်နှင့် မြို့ပေါ်မှအသင်းတချို့ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့ကြ၏။ အသင်းပေါင်း (၁၀)သင်းအထက်၌ရှိ၏။ အုပ်စုပွဲစဉ်များ တစ်ခုပြီးတစ်ခု ပြီးဆုံးသွား၏။ နွေလယ်ရွာ ဘူငယ်ဘောလုံးသင်းကလည်း ပြိုင်ပွဲစတင်မီ (၃) လလောက်ကတည်းက ကြိုတင်ပြင်ဆင် စုစည်း လေ့ကျင့်ခဲ့၍ အသင်းလိုက်အနေဖြင့် ပြောစရာမရှိအောင်ကောင်းနေ၏။ တခြားပြိုင်ဘက်အသင်းများကို တစ်သင်းပြီးတစ်သင်း အနိုင်ဂိုးများ ထိုက်ထိုက်တန်တန်သွင်းယူခဲ့ပြီး အဆင့်ဆင့်တက်လှမ်းခဲ့ရာ ဗိုလ်လုပွဲ ပန်းတိုင်ဝသို့ရောက်ရှိလာခဲ့ပြီ ဖြစ်၏။

တစ်ဖက်ကအသင်းမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော 'သုံးဆယ့်ခြောက်' ရွာအသင်း ဖြစ်၏။ အိမ်ရှင်အဖြစ် ချန်ပီယံဆုကို မလွှတ်တမ်းရယူရန် ရည်မှန်းထားသော အသင်းဖြစ်၍ တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအား၊ သက်လုံ၊ အပြေး၊ အလိမ်အလှည့် ကျွန်အသင်းတွေထက်သာ၏။ သို့ဖြစ်၍လည်း ဗိုလ်လုပွဲသို့ ထိုက်တန်စွာ တက်ရောက်လာခဲ့ခြင်း ဖြစ်၏။ အကောင်းဆုံး အိမ်ရှင်အသင်းနှင့် ဗိုလ်လုပွဲ၌ ဆုံရပြီ ဖြစ်၍ အသည်းတုန်၊ အူတုန် ဖြစ်နေရသည်မှာ နွေလယ်ရွာဘောလုံးသင်း ဖြစ်၏၊ ခြေရည်ခြေသွေး အစွမ်းအစယှဉ်နိုင်ကြသော်လည်း သူ့မြေ သူ့ကွင်း သူ့ပရိသတ်ရှေ့မှောက်၌ ကစားကြရမည်ဖြစ်၍ သူတို့ဘက်က အစစအရာရာ စိတ်ဓာတ်ရေးရာ သာနေကြ၏။ နွေလယ်ရွာဘောလုံးအသင်းကြီးကြပ်သူ လူကြီးများ စိုးရိမ်နေသည့်ကြားက ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုကို ချိန်ရွယ်နေသော မိမိတို့အသင်းမှ ဂိုးသမားသန်းအောင် ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်၏။ ဘောလုံးသင်းသာမက နွေလယ်ရွာတစ်ရွာလုံးယူကျုံးမရ စိတ်ဓာတ်တွေ အကျကြီးကျသွားကြ၏။

အရန်ဂိုးသမား ကိုမောင်မြင့်က အသက် (၄၀) ကျော်ပြီ။ သွက်သွက်လက်လက်မရှိတော့။ မြေလှိမ့်ဘော မမိ၊ အထက်ဘော ထိအောင် သေသပ်စွာဖမ်းယူနိုင်သူ မဟုတ်။ ဗိုလ်လုပွဲက (၃) ရက်ပဲလိုတော့၏။ တမှိုင်မှိုင် တတွေတွေကြားက ရေနစ်သူ ကောက်ရိုးမျှင်လေး ဖြစ်ဖြစ် မြင်လိုက်ရသူကဲ့သို့ အသင်းအုပ်ချုပ်သူလူကြီး ဦးဖိုးထောင် အတွေးလေးတစ်ခု ရသွား၏။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ပေါ်လာသည့်အကြံကို လုပ်ကြည့်ရန် ဦးဖိုးထောင် ဆုံးဖြတ်လိုက်၏။

"ဦးလေးဖိုးထောင်၊ ကျွန်တော်တို့ နှစ်ယောက် ဘယ်ကိုလိုက်ရမှာလဲဗျ"

"ကျော်ခိုင် ရှည်မနေနဲ့၊ အသာလေးလိုက်ခဲ့။ ငါ ဘာလုပ်လုပ် မောင်မောင်မြင့်ရော မင်းပါ နှစ်ယောက်စလုံး ပါးစပ်တွေပိတ်ထား"

နွေလယ်ရွာ ဘောလုံးအသင်း၏ အကောင်းဆုံး ရှေ့တန်းလူ ကျော်ခိုင်နှင့် အရန်ဂိုးသမား မောင်မောင်မြင့်တို့ နှစ်ယောက်မှာ အသင်းအုပ်ချုပ်သူ ဦးဖိုးထောင်ခေါ်ရာနောက်သို့ အသာတကြည်လိုက်သွားရလေတော့၏။ ပုရစ်အော်သံလေးများမှအပ တိတ်ဆိတ်နေသော ည (၉) နာရီခန့်အချိန် လူသုံးယောက် တရွေ့ရွေ့လှမ်းနေကြသည်မှာ ရွာ၏အနောက်ဘက်ရှိ ရွာသင်္ချိုင်းဆီသို့ ဖြစ်၏။ အနောက်ဘက်တွင် ကျွန်းဖိုတောင်၊ နတ်ကန်တို့တည်ရှိပြီး ယခင်ကားလမ်းဟောင်း၏ တောင်ဘက်လျှိုစပ်တွင်ရှိနေသော သင်္ချိုင်းသို့ ရောက်သည့်အချိန်တွင် ကြောက်တတ်သော ကျော်ခိုင်မှာ နှစ်ယောက်၏အလယ်သို့ အတင်းတိုးဝင်ပြီး နေရာယူလိုက်၏။

"ကြောက်စရာကြီးဗျာ၊ သင်္ချိုင်းကုန်းခေါ်လာပြီး ဒီလူကြီး ဘာလုပ်နေမှန်းမသိဘူး"

"ရောက်လာမှတော့ မထူးဘူး ကျော်ခိုင်၊ တိတ်တိတ်နေတော့။ သူလုပ်တာပဲ စောင့်ကြည့်"

မောင်မောင်မြင့်က ကျော်ခိုင်ကို အားပေးလိုက်၏။ ထိုစဉ်-

"ဂီး. . . ဂီး"

ငှက်ဆိုးထိုးသံကြီးက ကြောက်မက်ဖွယ်ရာ ကြားလိုက်ရသဖြင့် နှစ်ဦးသား ကြက်ဒူးတွေတုန်နေ၏။ ကျွန်းဖိုတောင်ဘက်ဆီ လှမ်းကြည့်လိုက်ပြန်တော့လည်း မည်းမည်းအရိပ်ကြီးတွေက ခြောက်လှန့်နေသလို ထင်ရ၏။ ညီစို့စို့အနံ့က မည်သည့်မြေပုံမှထွက်နေသည်မသိ၊ အော်ဂလီဆန်ချင်စရာ ကောင်းလှ၏။

"ကြောက်တယ်ဗျာ ကိုမောင်မြင့်"

မောင်မောင်မြင့်က ကျော်ခိုင်ကို ဘာစကားမှပြန်မပြော၊ ဂိုးသမား သန်းအောင်၏မြေပုံမို့မို့အား သစ်ကိုင်းတစ်ခုနှင့်ရိုက်ရိုက်ပြီး နှုတ်မှ တတွတ်တွတ်ပြောနေသော ဦးဖိုးထောင်ကိုသာ စူးစိုက်ကြည့်၍ နားစွင့်နေ၏။ နှစ်ဦးသားမှာ ဦးဖိုးထောင်၏အသံများကို မကြားတစ်ချက် ကြားတစ်ချက်။

"အမိပ္ပာယ်မရှိတာ၊ မဖြစ်နိုင်တာတွေလျှောက်လုပ်နေတယ်"

"အေးဗျာ၊ ဒီလူကြီး ရူးနေပြီလားမသိဘူး"

"ရှူး. . . တိုးတိုး ကျော်ခိုင်၊ ဟိုမှာ ဦးဖိုးထောင်ကြီး ထလာပြီ"

"ကိုင်း- ပြီးပြီ။ ဒီကိစ္စကို မင်းတို့ နှုတ်လုံရမယ်၊ တစ်ယောက်ယောက်ကို ပြောမိရင် တစ်ရွာလုံးကနေပြီး အားလုံး သိကုန်လိမ့်မယ်။ အာမချောင်နဲ့၊ မနက်ဖြန် မင်းတို့ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားကြ။ ဒါပဲ"

သင်္ချိုင်းမှ ရွာဘက်သို့အပြန်တွင် ရှေ့ဆုံးမှခြေလှမ်းသွက်နေသူက ကျော်ခိုင်မှလွဲ၍ မည်သူမျှ မဖြစ်နိုင်တော့။ ဦးဖိုးထောင်က သူ့အတွေးနှင့်သူ ကျေနပ်နေ၏။ ရင်လေးနေသူက အရန်ဂိုးသမား မောင်မောင်မြင့်။ သူတို့ ရွာထဲဝင်တော့ တော်တော်လေးညဉ့်နက်နေပြီ ဖြစ်၏။

❂

ပရိသတ်က လေးဖက်လေးတန် ကွင်းပြည့်လျှံနေ၏။ အဝေးပြေးကားလမ်းမနှင့် မနီးမဝေး '၃၁၀၁' ရေနံမြေသွားရာ ကားလမ်းခွဲအနီးရှိ ဘောလုံးကွင်းမှာ မြို့နယ်ဘောလုံးကွင်းကြီးတွေနှင့် ယှဉ်နိုင်လောက်အောင် ကျယ်ဝန်း၏။ မြေသားကောင်း၏။ ညီညာပြန့်ပြူး၏။ အပြစ်ဆိုဖွယ်ရာတစ်ခုမှမရှိ။

ဗိုလ်လုပွဲစဉ်ဖြစ်၍ အိမ်ရှင် 'သုံးဆယ့်ခြောက်' အသင်းမှာ အကောင်းဆုံးပြင်ထားဟန် ရှိ၏။ အတီးအမှုတ် အကအခုန်များ၊ ပန်းစည်းဆက်ကြမည့် အမျိုးသမီးငယ်လေးများနှင့် တိုးမပေါက်အောင်ရှိနေ၏။ မြူးရွှင်နေကြ၏။

ပြိုင်ပွဲတစ်လျှောက်တွင် အကောင်းဆုံးအသင်း ဟူ၍ ပရိသတ်အားလုံးက ထင်မြင်ချက်ပေးထားသော 'သုံးဆယ့်ခြောက်' ဘောလုံးအသင်းမှာ ဗိုလ်လုပွဲသို့ တက်လာခဲ့ပြီ။ သူ့မြေ၊ သူ့ကွင်း၊ သူ့ပရိသတ်ရှေ့မှာယှဉ်ပြိုင်ရမည်ဖြစ်၍ အဘက်ဘက်က အသာစီးရနေ၏။ များပြားလှသော ပရိသတ်မှာလည်း ဥယျာဉ်စု၊ အိုးဘို၊ ဇောင်ချမ်းကုန်၊ ဂျုတ်ပင်၊ ရွာသစ်ကြီး၊ ညောင်စောက်ချောင်း အနီးဝန်းကျင်မှ 'သုံးဆယ့်ခြောက်' ဘောလုံးသင်း၏ အမာခံရွာများ ဖြစ်၏။ ရွာခံ 'သုံးဆယ့်ခြောက်' ရွာက ကလေး၊ လူကြီး မကျန် အားလုံးပါ၏။

နွေလယ်ရွာ ဘောလုံးအသင်းက ကားကြီး (၃) စီးအပြည့်နှင့်ရောက်လာ၏။ သို့သော် 'သုံးဆယ့်ခြောက်' ပရိသတ်၏ (၁၀) ပုံ၊ (၁) ပုံပင် မရှိ။ စိတ်ဓာတ်ခိုင်မာလှသည်ဆိုဦးတော့ ပရိသတ်အင်အားကိုကြည့်ပြီး လန့်ချင်စရာကောင်းသည်ဟု အားလုံးက တွေးနေ၏။

"ပရိသတ် ဘယ်လိုအားပေးပေး



www.burmeseclassic.com

www.burmeseclassic.com

နားမဝင်နဲ့, လန့်မနေနဲ့။ သူတို့ခြေကို မင်းတို့အားလုံး သိပြီးသားပဲ။ ထိပေး၊ ပြေး၊ နေရာယူ၊ ခံစစ်မှာ နီးရာလူကပ်၊ ဒါပဲ။ ကျော်ခိုင်၊ ငါမှာတာမမေ့နဲ့။ နောက်ဆင်းပြီး ကူမနေနဲ့။ မင်းကို ဘောလုံးထိုးပေးတာနဲ့ တအားကုန်ပြေးဆွဲ၊ အပိုင်သွင်း၊ နားလည်လား။ မောင်မောင်မြင့်၊ စိတ်မလှုပ်ရှားနဲ့။ တည်တည်ငြိမ်ငြိမ် ကာကွယ်။ ငါတို့ ဒီနေ့ နိုင်ရမယ်။ အားလုံးသွားတော့၊ ဟိုမှာ ဒိုင်လူကြီးတွေဆင်းလာပြီ”

ဦးဖိုးထောင်က သူ့စကားကို အဆုံးသတ်လိုက်၏။ ဘောလုံးပွဲ စပြီဆိုကတည်းက ‘သုံးဆယ့်ခြောက်’ ဘောလုံးအသင်းက ဖိကစားနေ၏။ တစ်ကွင်းလုံး ပရိသတ်ကလည်း သူ့ပရိသတ်။ စိတ်ဓာတ်မခိုင်လျှင် တစ်ဖက်အသင်း အယောင်ယောင်အမှားမှား ဖြစ်ကုန်နိုင်၏။ သို့သော် နွေလယ်ရွာ ဘောလုံးအသင်း ကစားသမားတွေကလည်း မာရေကျောရေရှိလှ၏။ အပေးအယူ၊ အလိမ်အလှည့် ကျွမ်းကျင်မှုမပျက်ကြ။ ‘သုံးဆယ့်ခြောက်’ ဘောလုံးအသင်းနှင့် သူတစ်ပြန်ကိုယ်တစ်ပြန်၊ အကြိတ်အနယ် ယှဉ်ပြိုင်နေ၏။ ဂိုးသွင်းခွင့် အကြိမ်ကြိမ် ‘သုံးဆယ့်ခြောက်’ အသင်းမှရ၏။ သုံးဆယ့်ခြောက်ဘောလုံးအသင်း ရှေ့တန်းတိုက်စစ်မှူးများ အပိုင်ကန်သွင်းခဲ့သော ဘောလုံးများမှာ မယုံကြည်နိုင်စရာ ဘားတန်းအောက် ကပ်ဝင်ခါနီးမှ အပေါ်သို့ ထောင်တက်သွား၏။ ဂိုးတိုင်အတွင်း ကပ်ဝင်ခါနီးဘောလုံးက တိုင်အပြင်ဘက်သို့ ရောက်သွား၏။ သေချာပေါက်ဘောလုံးတွေ လေပင့်တိုက်လိုက်သလို အပေါ်ရောက်လိုက်၊ ဘေးရောက်လိုက်နှင့် ဘယ်လိုသွင်းသွင်း ဂိုးမဝင်နိုင်သလို ဖြစ်နေ၏။

နွေလယ်ရွာ ပရိသတ်များ ရင်တမမနှင့်ဖြစ်နေ၏။ ‘သုံးဆယ့်ခြောက်’ ရှေ့တန်းလူများ အပိုင်ကန်သွင်းလိုက်သည့် ဘောလုံးများအတွက် အသက်ရှူမှားမတတ်၊ မျက်လုံးမျက်ဆန် ပြူးနေကြ၏။ ဂိုးဝင်ခါနီး ဘောလုံးများ အပေါ်ထောင်တက်၊ အပြင်ဘက်ရောက်သွားသည်ကို မထင်မှတ်ဖွယ် မြင်ရသည့်အခါ အံ့သြမှင်တက်နေကြသည့်ကြားမှ အားပါးတရ ထအော်လိုက်ကြသည်မှာ ဆူညံနေတော့၏။ ကွေးနေအောင် ကသူက ကကြ၏။ ‘သုံးဆယ့်ခြောက်’ အသင်းကို အားပေးသည့် ပရိသတ်မှာ မချိတင်ကဲ ဖြစ်နေ၏။

အတင်းဝင်၊ အတင်းထွက် သွက်လက်လှုပ်ရှား အစွမ်းကုန်ကြိုးစား ကစားကြပြီး ‘သုံးဆယ့်ခြောက်’ ရှေ့တန်းတိုက်စစ်မှူးများ အကြိမ်ကြိမ် သွင်းယူနေသော အပိုင်ဂိုးများမှာ အလွဲလွဲအချော်ချော်နှင့် ဘားတန်းအထက် တိုင်အပြင်ဘက်သို့သာ ရောက်ရှိကုန်ကြတော့၏။ ပရိသတ်မှာ စဉ်းစားမရအောင် အံ့သြနေရပြီ။ ဂိုးသွင်းကံခေနေလို့ပဲ ဟူ၍သာ ဖြေတွေး တွေးနေကြရတော့၏။

တစ်လုံးဆိုတစ်လုံး အချိန်မဖြုန်းဘဲ ပြေးအားကောင်းလှသူ နွေလယ်ရွာ ဘောလုံးအသင်း ရှေ့တန်းတိုက်စစ်မှူး ကျော်ခိုင်၏စွမ်းဆောင်မှုကြောင့် ဗိုလ်လုပွဲတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပေပြီ။ ကား (၃) စီးပေါ်မှ နွေလယ်ရွာ ပရိသတ်များ အသံဟိန်းထွက်နေအောင် ဆူညံနေသလောက် ‘သုံးဆယ့်ခြောက်’ ပရိသတ်အားလုံး ယူကျုံးမရ၊ ဝေခွဲမရသော မျက်နှာများနှင့် တိတ်ဆိတ်စွာ ကျန်ရစ်ရှာပြီ။ စည်းကမ်းကောင်းလှသော၊ အထိန်းအသိမ်းကောင်းလှသော သုံးဆယ့်ခြောက်။ အိုးဘို၊ ဥယျာဉ်စုရွာ ရပ်မိရပ်ဖများ, အုပ်ချုပ်သူများ၏စောင့်ရှောက်မှုကြောင့် နွေလယ်ရွာ ဘောလုံးအသင်းနှင့် ပရိသတ်များ တင်ဆောင်လာသည့်ကားများ ဘေးရန်ကင်းစွာဖြင့် အပြန်ခရီးကို ကောင်းမွန်ချောမောစွာ နှင်လာနိုင်ခဲ့ကြ၏။

✪

“ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှာ ကစားတာတောင် (၃) ဂိုး ဂိုးမရှိနဲ့ ရှုံးတယ်ဆိုတော့ ‘သုံးဆယ့်ခြောက်’ ဘောလုံးအသင်း ညံ့တာပေါ့”

“မညံ့ဘူးအဖေ၊ ပြိုင်ပွဲဝင်အသင်းတွေထဲမှာ အကောင်းဆုံး အသင်းပဲ။ ကျွန်မတို့ နွေလယ်ရွာအသင်းထက်လည်း သာတယ်။ ဂိုးသွင်းခွင့်တွေဆို အနည်းဆုံး (၁၀) လုံးအထက်မှာရှိတယ်။ ကန်သွင်းကြတာလည်း ထောင့်ဆိုထောင့်၊ ဘားတန်းအောက်ဆိုအောက်၊ ကွက်တိချည်းပဲ”

“အဲလိုဆို ဘာလို့ မဝင်တာလဲ၊ ဂိုးသမား မောင်မောင်မြင့် အမိအရ ကာကွယ်နိုင်လို့လား”

“အဲလိုလည်း မဟုတ်ဘူးအဖေရဲ၊ ကိုမောင်မောင်မြင့်လည်း လက်နဲ့တစ်လုံးမှမထိဘူး”

“သမီးစကားတွေက ရှုပ်ကုန်ပြီ။ အဖေတော့ ဘယ်လိုမှ နားမလည်နိုင်ဘူး ဖြစ်နေပြီ”

ကိုနွေဦး၏စကားကြောင့် အငယ်ဆုံးသမီး ဖြူခိုင်က အကြီးဆုံးသမီး နွယ်ခိုင်ကို လှည့်ကြည့်လိုက်ပြီး ‘ညည်းရှင်းပြလိုက်’ ဟူသောပုံစံဖြင့် မေးထိုးပြလိုက်၏။

“ဒီလိုအဖေရေ၊ သမီးတို့ကိုလည်း ဘောလုံးပွဲပြီးလို့ အကြာကြီးကြာမှ ကျော်ခိုင်က ပြောလို့ သိရတာ။ ဦးဖိုးထောင်က ကိုမောင်မောင်မြင့်နဲ့ ကျော်ခိုင်ကို ဘောလုံးဗိုလ်လုပွဲ မတိုင်မီရက် သချိုင်းကုန်းကို ခေါ်သွားတာ အဖေ သိပြီးသားနော်”

“အေးလေ၊ သိပြီးသား။ အဲဒါ ဘာဖြစ်လဲ”

သမီးကြီး နွယ်ခိုင်က သဘောကျစွာပြုံးလိုက်ပြီး ဖခင်ကို ကြည့်လိုက်၏။ ပြီးမှ-

“ဘာဖြစ်ရမှာလဲ၊ သေသွားတဲ့ ဂိုးသမား သန်းအောင်ရဲ့ သချိုင်းမြေပုံက သစ်ခက်တွေနဲ့ ရိုက်ပြီး ‘သန်းအောင် မနက်ဖြန် ညနေမှာ တို့ရဲ့ဘောလုံးအသင်းက သုံးဆယ့်ခြောက် ဘောလုံးအသင်းနဲ့ ဗိုလ်လုပွဲကစားရမှာ၊ မောင်မောင်မြင့်က အူကြောင်ကြောင်ရယ် လုံးဝ စိတ်မချရဘူး ‘လာတစ်ဂိုး’ ဆိုတဲ့ ဂိုးသမားဖြစ်မှာသေချာတယ်။ အဲဒါ မင်းဝင်ကူပြီး ဂိုးဖမ်းပေးမှ ငါတို့အသင်းက နိုင်မှာ။ အဲဒါ မင်းကူညီမှဖြစ်မှာ၊ မနက်ဖြန်ညနေ ငါတို့ နွေလယ်ရွာ ဘောလုံးအသင်းနဲ့မင်းလိုက်ခဲ့ရမယ်။ နောက်ဆုံး ဗိုလ်လုပွဲကို မင်းဝင်ပြီး ဂိုးဖမ်းပေးဖို့ ငါလာပြောတာပဲ။ အဲဒါ ငါ့အမိန့်ပဲ’ ဆိုပြီး ပြောခဲ့တာတဲ့ အဖေ”

“မဆီမဆိုင်သမီးရာ၊ အဲဒါတွေက အယုံအကြည်မရှိတဲ့ လုပ်ရပ်တွေပါ။ သုံးဆယ့်ခြောက်အသင်း ဂိုးသွင်းညံ့လွန်းလို့ ရှုံးတာဖြစ်မှာပါ”

“အဖေကတော့ လုပ်ပြီ၊ သမီးတို့လည်း စာတွေဘာတွေ ဖတ်နေကြတဲ့ သူတွေပါ။ သူပြောလူပြောစကားကို အလွယ်တကူ လက်ခံတတ်တဲ့ သမီးတွေ မဟုတ်ပါဘူး။ အခုဟာက သမီးတို့အားလုံး လက်တွေ့မြင်ရတာ။ ဂိုးတိုင်ထဲဝင်ခါနီး ဘောလုံးက လေတိုက်လို့လွင့်လွင့်သွားသလို ဝေ့ဝေ့ပြီး ဂိုးတိုင်အပြင်ဘက် ရောက်ရောက်သွားတာ ခုထိ မျက်စိထဲက မထွက်ဘူး။ အဲဒါ သေသွားတဲ့ ကိုသန်းအောင်က ကူပေးနေတာလို့ ယုံနေကြတယ်”

ကျန်သည့် သမီးသုံးယောက်ကလည်း သမီးကြီး၏စကားကို ထောက်ခံနေကြ၏။ ထိုဘောလုံးပွဲကို သူတို့လည်း အားလုံးကြည့်ခဲ့ရသည်ဟု၏။ မည်သည့်စကားကို ပြောပြော၊ မမှန်တာကို လုံးဝမပြောကြသည့် သမီးလေးယောက်၏ စကားကို ခွန်းတုံ့ပြန်ရန် ကိုနွေဦး မကြံစားတော့ပါ။ အသာငြိမ်နေလိုက်ပါ၏။

ယုံသင့်၊ မယုံသင့်ကိုစွမှာ စာဖတ်သူများအခွင့်အရေးသာ ဖြစ်ပါ၏။

*ကျွန်းမာချမ်းသာကြပါစေ*

နွေဦးမှိုင်း(ရေနံချောင်း)



www.burmeseclassic.com

www.burmeseclassic.com

# သင့်မျက်နှာနှင့် သင့်ဘုန်းကံ

## မှင်းမှင်းမြတ်




**မျက်လုံးတစ်ဖက်ချင်းစီ၏အောက်၌ အရေးအကြောင်းတစ်ခုစီနှင့် Fish Tails (ငါးမြီး) ပါသော ရုပ်လက္ခဏာပြပုံ**

**လော်လည် ဖောက်ပြားတတ်သည့် ရုပ်လက္ခဏာ (အမျိုးသား)**

Fish Tails (ငါးမြီး) (သို့) Crows Feet ခေါ် မျက်လုံးထောင့်ရှိ အတွန့်အခေါက်(အရေးအကြောင်း) သို့မဟုတ် အမျိုးသားများ ပြုံးရယ်သောအခါ ထင်ရှားစွာ တွေ့မြင်ရသည့် မျက်ထောင့်ရှိ အရေးအကြောင်းပါရှိသူ ဖြစ်ပါက ဖောက်ပြန်တတ်သည့်သဘောရှိကြောင်း တွေ့ရပါမည်။ အဆိုပါ အမျိုးသားတို့၏ ရုပ်လက္ခဏာကို ဆက်လက်လေ့လာပါက အောက်နှုတ်ခမ်းသား အပေါ်ထက် ပိုထူ၍ ရှေ့သို့ အနည်းငယ်ပြူထွက်နေခြင်း၊ အောက်မျက်ခမ်းတွင် အရေးအကြောင်းပါရှိခြင်းကြောင့် ဖြားယောင်းသွေးဆောင်တတ်ခြင်း၊ Point 41 နေရာဖြစ်သော Mountain Root ၌ လိုင်းများပါရှိခြင်း၊ မျက်ခုံးတည်ဆောက်ပုံကွေး၍ မျက်ခုံးဧရိယာအဆုံး၌ မျက်ခုံးမွေးကျဲပါးနေခြင်း၊ မျက်ခုံးအစနေရာ ထူ၍ မျက်ခုံးမွေးပွရောင်းနေခြင်း၊ ရှည်လျား၍ အသားဆူဖြိုးသောနှာခေါင်း (Point 41-48) ဧရိယာသည် မျက်နှာ၏ သုံးပုံတစ်ပုံထက် နေရာပိုယူထားခြင်း စသည့် ရုပ်လက္ခဏာများပိုင်ဆိုင်ထားပါသည်။

**လော်လည် ဖောက်ပြန်တတ်သည့် ရုပ်လက္ခဏာ (အမျိုးသမီး)**



Point 41 နေရာ (Mountain Root) ပေါ်၌ လိုင်းများပါရှိနေခြင်း၊ အပေါ်နှုတ်ခမ်းသားထက် အောက်နှုတ်ခမ်းသားက ပိုမိုထူထဲခြင်း၊ ယင်းမှာ လိင်ပိုင်ဆိုင်ရာ အလိုဆန္ဒကြီးသူ၊ ရမ္မက်ထန်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

အောက်မျက်ခမ်းအောက်ရှိ အရေးအကြောင်းများက မြူဆွယ်တတ်ခြင်းကိုဖော်ပြပြီး မျက်အိမ်ကြီး၍ အရည်လဲ့နေသောမျက်လုံးပါရှိပါက ခုမြင်ခုချစ်, စိတ်အလိုလိုက်တတ်သူ၊ လိင်ပိုင်းဆိုင်ရာစည်းကမ်းမရှိသူ ဖြစ်ပါမည်။

မျက်ခုံးထိပ်ဖျား (အစနေရာ) မျက်ခုံးမွေးထူ၍ ပွရောင်းနေပါက စိတ်ငြီးငွေ့လွယ်တတ်သူ၊ ချစ်သူထည်လဲတတ်သူ ဖြစ်ပါမည်။

မျက်ခုံးထူ၍ လှိုင်းတွန့်ပုံပါရှိပါက စိတ်ပျော်သလိုနေတတ်ပြီး တစ်လင်တစ်မယားစနစ်မှ သွေဖည်တတ်သူ၊ ဖောက်ပြန်တတ်သူ ဖြစ်ပါမည်။


မျက်နှာတည်ဆောက်ပုံ ကြီး၍ ဝိုင်းနေပါက ချိုသာစကား နားထောင်ရခြင်းကိုလိုလားသူ၊ မြူဆွယ်တတ်သူ ဖြစ်ပါမည်။

**နှမြောတွန့်တိုတတ်ခြင်းနှင့် အတ္တကြီးခြင်း စရိုက်လက္ခဏာများကို ဖော်ပြသော ရုပ်လက္ခဏာများ**

မျက်နှာတည်ဆောက်ပုံတစ်ခုလုံးနှင့်တိုင်းတာ၍ လေ့လာပါက နှာခေါင်းအရွယ်သေးပြီး နှာသီးဖျားထိပ်ချွန်ကာ အပေါ်သို့ လန်တက်နေဟန်ရှိခြင်းသည် (နှာခေါင်းပေါက်အတွင်းရှိ အမွေးမှင်ကိုပါ မြင်ရခြင်းကြောင့်) အသုံးဖြုန်းကြီးသူ၊ လက်ဖွာသူ ဖြစ်နေတတ်ပါသည်။

မျက်လုံးအရွယ်အစားသေးငယ်၍ ဝိုင်းစက်နေပါက နှာမြောတွန့်တိုခြင်း၊ သူတစ်ပါးအပေါ် မနာလိုတတ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်တတ်ခြင်းစရိုက် ပါရှိ





**နှမြောတွန့်တို ကပ်စေးနဲသော မျက်နှာပုံစံ**



www.burmeseclassic.com

www.burmeseclassic.com



**နာခေါင်းကြီး၍ မျက်နှာတိုနေခြင်းကြောင့် အတ္တကြီးခြင်းသဘောကိုပြသည်**

နေပါမည်။

စူးရှတောက်ပသောမျက်လုံး (Beady Eyes) ပါရှိသူဖြစ်ပါက မိမိတစ်ဘို့တည်းအတွက်သာ ဦးစားပေးသူ ဖြစ်ပါမည်။

အ ာယ်၍ အိပ်ချင်မူးတူးပုံစံရှိ မျက်လုံးမျ ပါရှိပါက စိတ်ထားကောက်ကျစ်တတ်ပြီး၊ နှာတံ လွန်စွာနိမ့်ဆင်းနေပါက မိမိကိုယ်မိမိ အထင်ကြီးနေသူ ဖြစ်ပါမည်။

အကယ်၍ နှာခေါင်း ကြီးမားထင်ရှားသော မျက်နှာပေါက် ဖြစ်ရုံသာမက မျက်ခုံးတိုလွန်း (ပုပျပ်) စွာပါရှိနေပါက သူတစ်ပါးတို့၏အရေးကိစ္စ အကောင်း၊ အဆိုးမဟူ ခေါင်းထဲမထည့်တတ်ဘဲ မိမိအကျိုးရှိမည့်ကိစ္စတစ်ခုတည်းအတွက်သာ အာရုံစိုက်တတ်သူ ဖြစ်ပါမည်။




**အိမ်ထောင်ကျနောက်ကျခြင်းကိုပြသည့် မျက်နှာပုံစံ (အမျိုးသား)**

Monk Eyebrows ခေါ် လွန်စွာထူသည့်မျက်ခုံးမွေးနှင့် ထိပ်ပြောင်နေသူ (သို့) ဆံပင်ပါးလွန်းသူဖြစ်ပါက (အမျိုးသားဆိုလျှင်) အိမ်ထောင်မပြုတော့သည့် လူပျိုကြီး (သို့) အရွယ်လွန်မှ အိမ်ထောင်ကျသူ ဖြစ်တတ်ပါသည်။

မျက်ခုံးသည် မျက်လုံးနှင့်နီးကပ်စွာရှိနေခြင်း (သို့) မျက်ခုံးထူက မျက်လုံးအားဖိထားဟန်ရှိနေပါက အများအားဖြင့် အိမ်၌အရေးမပါတတ်သူ (မရှိမဖြစ်မဟုတ်သောသူ)ဖြစ်နေတတ်ပါသည်။

မေးစေ့နေရာ ကျဉ်းမြောင်း၍ ချွန်နေပါက အိမ်တွင်နေရသည်ကို မပျော်ရွှင်တတ်သူ ဖြစ်နေပါမည်။



**သံသယများတတ်သူ၏ မညီညာသောမျက်နှာပုံစံ (အမျိုးသမီး)**

မျက်ခုံးအစုံ၊ မျက်လုံးအစုံနှင့် နားရွက်နှစ်ဖက် (ဘယ်ညာ) ညီခြင်းမရှိပါက အယုံအကြည်နည်းသူ၊ သံသယများသူ ဖြစ်ပါမည်။

မျက်ခုံးမွေးထူသူ အမျိုးသမီး ဖြစ်ပါက မိမိခင်ပွန်း၊ ချစ်သူထက် မိ ဆွေအပေါင်းအဖော်အရေးကိစ္စအား ပိုမိုရှိစိုက်တတ်သူ ဖြစ်ပါသည်။

မျက်ခုံးမွေးကျဲပါးသူ အမျိုးသမီးဖြစ်ပါက မည်သူ့အပေါ်၌မဆို စိတ်တိုင်းမကျတတ်ခြင်း၊ မိမိသဘောမိမိဆောင်ခြင်း ရှိနေတတ်ပါသည်။



မျက်နှာပေါက် ကျယ်ပြန့်၍ သုံးမြှောင့်ပုံကျသောမျက်နှာ ရှိပါက Yin (ယင်) ဓာတ်ထက် (Yang) ယန်ဓာတ်ပိုများနေခြင်းကြောင့် အိမ်ထောင်ကျရန် အနေအထားမရှိသည့်လက္ခဏာ ပေါ်နေပါသည်။

မျက်လုံး၊ မျက်ခုံးနှင့် နားရွက် (တစ်ဖက်ကြီး တစ်ဖက်သေး) မညီညာပါက ယုံကြည်စိတ်ချမှု မထားရှိသင့်သည့်လက္ခဏာပင် ဖြစ်ပါသည်။



**နောက်ပြန်လျှောနေဟန်ရှိ မေးစေ့ပုံ**

မေးစေ့တည်ဆောက်ပုံ နောက်ပြန်လျှောနေဟန် (သို့) အတွင်းသို့ဝင်နေဟန်ရှိပါက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံး လှုပ်ရှားမှုများလျှင်မြန် ဖျတ်လတ်နေတတ်ပါသည်။ နှာခေါင်းပေါက်မြင်သာသော အနေအထားတွင်ရှိနေပါက ငွေယိုပေါက်ဖန်တီးတတ်သူ၊ အသုံးအဖြုန်းကြီးသူ၊ စီးပွားကျပ်တည်းနေရခြင်း အခြေအနေအပေါ် နားမလည်တတ်သူ ဖြစ်ပါမည်။

ပါးပြင်အောက်ပိုင်း ပါးချိုင့်ရှိတတ်သောနေရာ၌ အသားဆူဖြိုးစွာရှိနေလျှင် ငွေကိုတန်ဖိုးမထားတတ်သူ၊ ပေါ့ပြက်ပြက်နိုင်သူ၊ အရာရာအလေးအ





www.burmeseclassic.com

www.burmeseclassic.com

...မထားတတ်သူ ဖြစ်နိုင်ပါသည်။

**အမျိုးသားနှင့်ဆိုင်သော ရုပ်လက္ခဏာ ဆပ်မံဖြည့်စွက်ချက်များ**

အမျိုးသားတစ်ဦး၏နဖူးပြင်အား ...ကောင်းအနေအထားဖြင့်ကြည့်ပါက ...နောက်ဘက်သို့ စွေစောင်းနေဟန်ရှိ ...၌ တစ်စုံတစ်ရာကိစ္စအတွက် တစ် ...တည်း ဆုံးဖြတ်ချက်ချတတ်သည့် ...ဘာဝ ရှိနေပါမည်။

အကယ်၍ မျက်ခုံးမွေးထူသူဖြစ် ...က အသုံးအဖြုန်းကြီးသူ၊ လက်ဖွာ ...တ်သူ၊ မိမိအတွက် ဦးစားပေး ဝယ် ...ခြင်းမပြုတတ်ဘဲ အများအတွက် ...၌ မိတ်ဆွေ အပေါင်းအဖော်အတွက် ...စားပေး၍ ငွေကြေးကုန်ကျခံတတ်သူ ဖြစ်ပါမည်။

**အမျိုးသမီးနှင့်ဆိုင်သော ရုပ်လက္ခဏာ ဆပ်မံဖြည့်စွက်ချက်များ**

ပါးစပ်တည်ဆောက်ပုံကြီးသော အမျိုးသမီးဖြစ်ပါက ရက်ရက်ရောရော ...ကမ်းစွန့်ကြဲတတ်သူ၊ နှမြောတွန့်တို ...သည်းပါးသူဖြစ်ပြီး မျက်လုံးညို့မှိုင်းနေ ...န်ရှိသူ အမျိုးသမီးဖြစ်က သူတစ်ပါး အပေါ် မဝေမျှလိုသူ၊ မောင်ပိုင်စီးလိုသူ၊ ...အတွက်ဦးစားပေး၍ သိမ်းစုဆောင်း ...တ်သူ ဖြစ်ပါမည်။

**အသက် (၃၀)နှစ်မတိုင်မီ အိမ်ထောင်ကျ ဆောသော ရုပ်လက္ခဏာများ**

**အမျိုးသား**



**လက်ချောင်း (၅) ချောင်းစာထက် သာလွန်နေသော နဖူးပြင်အမြင့်**

မျက်ခုံးမွေးနှင့် ဆံပင်ပါးနေခြင်း၊ နဖူးပြင်အမြင့် လက်ချောင်းငါးချောင်း စာထက်ပိုခြင်း၊ ပါးရိုးများမြင့်၍ အသား ဆူဖြိုးနေခြင်း စသည့် လက္ခဏာများ ပါ ရှိနေပါမည်။

**အမျိုးသမီး**

နဖူးပြင်အမြင့်မှာ အနည်းဆုံး



**နဖူးပြင်မြင့်မားနေခြင်းကြောင့် အိမ်ထောင်ကျစောခြင်းကို ဖော်ပြနေပါသည်**

လက်ချောင်းလေးချောင်းစာအမြင့်ရှိပြီး ဆံစပ်လိုင်း (hair line) လုံးဝန်းစွာ ရှိနေခြင်း၊ Point-41 ရှိ (Mountain Root) နေရာမြင့်၍ ကျယ်ပြန့်နေခြင်း၊ နားရွက် တည်ဆောက်ပုံကြီး၍ အသားဆူဖြိုးခြင်း၊ Phoenix Eyes ပါရှိနေခြင်း။

**အသက် (၃၅)နှစ်နောက်ပိုင်းအရွယ် အိမ်ထောင်ကျတတ်သောရုပ်လက္ခဏာများ**



**ထူထဲသော မုတ်ဆိတ်ကျင်စွယ်များက ၃၅ နှစ်နောက်ပိုင်း အိမ်ထောင်ကျခြင်းကို ဖော်ပြသည်**



**မညီညာသော ဆံစပ်လိုင်းများက အိမ်ထောင်ကျနောက်ကျတတ်သည့်သဘောကို ဖော်ပြသည်**


**အမျိုးသား**

ဆံပင်ထူ၍ ကြမ်းတမ်းခြင်း၊ မျက်ခုံးမွေးထူခြင်း၊ မုတ်ဆိတ်ပါးမြိုင်းမွေးများ ထူပျစ်စွာရှိနေခြင်းအဖြစ် တွေ့ရပါမည်။

**အမျိုးသမီး**

ဆံပင်အုံထူ၍ ဆံစများ ကြမ်းထော်နေတတ်ခြင်း၊ မျက်ခုံးမွေးထူခြင်း၊ ဆံစပ်လိုင်းမညီညာခြင်း၊ အသံအနေအထားက ယောကျ်ားသံပါရှိနေခြင်းအဖြစ် တွေ့ရပါမည်။

**အတတ်ပညာရှင် တစ်ဦးဦးနှင့် အိမ်ထောင်ကျတတ်သည့် ရုပ်လက္ခဏာ**



တည်မတ်ဖြောင့်စင်းသောနှာတံပါရှိခြင်း၊ Point - 41 ရှိ Mountain Root ကျယ်ပြန့်နေခြင်း၊ နှာခေါင်း တည်ဆောက်ပုံ ရှည်လျားနေခြင်း။

**စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးနှင့် အိမ်ထောင်ကျတတ်သော ရုပ်လက္ခဏာ**



နှာသီးဖျားလုံးဝန်းချောမွတ်၍ အသားဆူဖြိုးခြင်း၊ ပါးပြင်ပေါ်ရှိအသားများ ဆူဖြိုး၍ နှာခေါင်းအား ထောက်မ,ထားဟန်ရှိခြင်း၊ မေးစေ့နေရာ ကျယ်ဝန်း၍ အသားဆူဖြိုးခြင်း။

မင်းမင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

## ခင်မောင်ကြည်

လောကမှာ လူတူမရှား၊ နာမည်တူမရှား ဆိုတဲ့ စကား ရှိတယ်။ လူတူထက် နာမည်တူတွေက ပိုပေါတယ်။ ခင်မောင်ကြည် ဆိုတဲ့အမည်ပဲ ဆိုကြပါစို့။

ကျွန်တော်တို့ငယ်ငယ် မိုးကုတ်အနောက်ပိုင်း ကျောက်ကြမ်းကြီးအုပ်စု၊ ကပိုင်အုပ်စု၊ ဘောလုံးကြီးအုပ်စု၊ ကင်းအုပ်စု၊ ကျောက်ပြဿဒ်အုပ်စု ဆိုတဲ့ အုပ်စုတွေ စုပေါင်း၍ သောင်းကျန်းသူနှိမ်နင်းရေးအတွက် ရန်ကြီးအောင်စစ်ဆင်ရေး ဆိုပြီး ပြည်သူ့စစ် ဖွဲ့စည်းကာ တပ်မတော်၊ ရဲ၊ ပြည်သူ့စစ်တွေ စုပေါင်းပြီး နယ်မြေကို လှည့်လည်စောင့်ရှောက်

မိုးကုတ်ကျော်ကျော်စိုး

မျောက်နှင့် ခင်မောင်ကြည်



တဲ့အခါ သောင်းကျန်းသူတွေ ဆက်ကြေးကောက်ခြင်း၊ မားပြတိုက်ခံရခြင်းတို့ဘေးမှ ကင်းဝေး၍ နောက်ပိုင်းမှာ မိုးကုတ်ကို အမာခံနယ်မြေတည်ဆောက်နိုင်တဲ့ထိ အေးချမ်းသာယာခဲ့ရပါတယ်။

အဲဒီလို ပြည်သူ့စစ်လိုက်တိုင်း ဘောလုံးကြီးရွာက ကျွန်တော်နဲ့ရွယ်တူ နီပေါ ဂေါ်ရခါးလူငယ် ခင်မောင်ကြည်နဲ့ အတော် အတွဲညီစွာ ခင်မင်ရင်းနှီးခဲ့ပါတယ်။ လူမျိုးချင်းမတူပေမယ့် စရိုက်ချင်းတူတော့ ပေါင်းသင်းရတာ အဆင်ပြေတယ်။

တစ်တောဝင် တစ်တောင်တက်ရတာတွေရှိသလို တစ်ရွာဝင် တစ်ရွာထွက်ရတာတွေလည်း ရှိတယ်။ သောင်းကျန်းသူတွေဟာ အဲဒီတုန်းက လောင်းစင်၊ ရေဝေ၊ ပင်သပြေ၊ နောင်ဟွယ် ဆိုတဲ့ရွာတွေဝန်းကျင်မှာ ကျက်စားခိုလှုံတာမို့ ရင်တမမနဲ့ တာဝန်ထမ်းရတာပါပဲ။ အဲဒီတာဝန်တွေထမ်းတုန်းက ကျွန်တော်တို့နှစ်ယောက်ဟာ ညီအစ်ကိုလို ခင်မင်နောက်ပြောင်ရင်း တာဝန်ထမ်းရတာပျော်စရာပါ။

ရှင်းရှင်းဆိုရရင်တော့ လူပျိုဖြစ်တဲ့ ကျွန်တော်တို့နှစ်ဦးဟာ ရောက်ရာရွာတွေမှာ စတည်းချတိုင်း အဲဒီရွာက အပျိုတွေကို အတွဲညီညီနဲ့ အားမနာတမ်း ငမ်းကြ၊ ပိုးကြတာကိုးဗျ။ အဲဒီလို ပိုးကြတိုင်း ခင်မောင်ကြည်ကို 'ဟင်း-ကုလားကများ' တဲ့။ ကျွန်တော့်ကျတော့ 'မျက်နှာကိုက ကျောက်ကျောက်ကို တရော်ရည်နဲ့ပက်ထားတဲ့မျက်နှာ၊ ပြောင်ချော်ချော်နဲ့' တဲ့ဗျာ။ အဲဒီလို ထောမနာအပြုခံရတာ များတယ်။ ကိုယ်လုပ်ချင်တာလုပ်နေရတော့ နာရမှန်းမသိပါဘူး။

'ဟင်း- ကုလားကများ' လို့ အပြောခံရလို့ကတော့ ခင်မောင်ကြည်က 'မမကြီး၊ ကုလားလည်း လူပဲလေ။ အသည်းနှလုံးပါတော့ ချစ်တတ်တယ်လေ' လို့ ပြန်ပြောလေ့ ရှိသဗျ။ တကယ့်ကောင်။

ဒါနဲ့ပဲ ပြည်သူ့စစ်ခေတ်သာ ကုန်သွားတယ်၊ ကျွန်တော်တို့ (၂) ယောက် ဘယ်ရွာမှာမှ မစွံခဲ့ဘူး။ သူများတွေ နဖူးစာရွာလည်ပြီးစွံကုန်ကြတာ အများအပြားပါပဲ။ ကျွန်တော်တို့ နှစ်ကောင်ကတော့ သူများတွေကြည့်ပြီး အားကျတာပဲ ရှိတယ်၊ ငကြောင်နှစ်ကောင်တွဲမိလို့ ထင်ပ။ လုံးဝ လုံးဝ မစွံပါခင်ဗျား။

နယ်မြေတွေအေးချမ်းသွားတော့ အဖြူရောင်နယ်မြေသတ်မှတ်ကာ ပြည်သူ့စစ်တွေရုပ်သိမ်းပြီးနောက်ပိုင်း ကျွန်တော်နဲ့ ခင်မောင်ကြည်တို့ လုံးဝ မတွေ့ကြတော့ပါဘူး။ အလုပ်တွေကိုယ်စီနဲ့မို့ အလုပ်တွေပိနေကြပါပြီ။ ကျောက်ဖျာနဲ့ ဘောလုံးကြီး ဆိုတာ အတော်ဝေးပြီး လမ်းလည်း အလျဉ်းမသင့်တဲ့အတွက် မတွေ့ရခြင်းပါ။

အသက်(၄၀)ကျော်ကျော်လောက်မှာ ခင်မောင်ကြည်ဟာ ကျွန်တော့်ကို သတိရလွန်းလို့ဆိုပြီး သူ့ဂျစ်ကားလေးနဲ့ တစ်ခေါက်လာလည်ပါတယ်။ နောက်ပိုင်း ခုထိ မတွေ့ရတော့ပါဘူး။ ဒါက ကျွန်တော်နဲ့ ပခုံးဖက်ပြီး မိန်းမပိုးဖော်ပိုးဖက် ခင်မောင်ကြည်ပါ။ အရင်းနှီးဆုံး သူငယ်ချင်းလို့ ပြောလို့ရပါတယ်။

နောက် ခင်မောင်ကြည်က ရုပ်ရှင်မင်းသမီး မိုးကုတ်သူ ထက်ထက်မိုးဦးရဲ့ဖခင် ကိုခင်မောင်ကြည်ပါ။ ကျွန်တော် အသက် (၂၀) အရွယ်၊ မိုးကုတ်ကိုရောက်တော့ မြို့လယ်ရပ်မှာနေပါတယ်။ အဲဒီမှာ ကျွန်တော်က ပန်းချီကဗျာ အနုပညာဝါသနာပါတော့ သူချင်းဆို အလွန်ကောင်းတဲ့ အောင်မြင့်ကြီးနဲ့တွဲမိတယ်။ အနုပညာဝါသနာချင်းဆက်နွယ်တဲ့ခင်မင်မှုပါ။

ဒါနဲ့ အောင်မြင့်ကြီးကကျွန်တော့်ကို မြို့မရပ်ကွက်ထဲက ကိုခင်မောင်ကြည်ရဲ့ပန်းချီခန်းကို ခေါ်ခေါ်သွားပါတယ်။ အဲဒီတုန်းက ကိုခင်မောင်ကြည်လည်း လူပျိုပဲရှိပါသေးတယ်။ သူဆွဲတဲ့ ရေဆေးကားတွေ ငေးမောရတာပေါ့ဗျာ။ ကျွန်တော်က ဝါသနာရှင်အဆင့်ဆိုတော့ သူ့လောက်မတတ်ပါဘူး။ ဒီလိုနဲ့ သိကျွမ်းရခြင်းပါ။ ကိုခင်မောင်ကြည်ဟာ လူပုံဖြူနွဲ့နွဲ့နဲ့ ချောချောပါ။ ကျွန်တော့်ထက် (၃) နှစ်လောက် ကြီးမယ်ထင်ပါတယ်။ ပန်းချီအလွန်တော်တဲ့လူပါ။

ကျွန်တော် ကျောက်ဖျာရွာလေး



www.burmeseclassic.com

www.burmeseclassic.com

မှာ ကျောက်သွားတူးနေတော့ ကိုခင်မောင်ကြည်ဆီ မရောက်ဖြစ်တော့ပါဘူး။ နောက်ပိုင်း ကျောက်ပန်းချီခေတ်မှာ ကိုခင်မောင်ကြည် ကျောက်ပန်းချီတွေလုပ်နေတယ်ကြားလို့ သွားကြည့်တော့ စကားစပ်မိကြတော့ ကိုခင်မောင်ကြည်က-

"ညီလေးရဲ့အောင်မြင့်ကြီးလည်း အရက်နဲ့ ဘဝပျက်နေပါပြီ"

လို့ စိတ်မကောင်းဖွယ် ပြောပြပါတယ်။ ဟုတ်ပါတယ်၊ သူပြောပြပြီး မကြာမီမှာဘဲ အောင်မြင့်ကြီး ဆုံးပါးသွားပါတယ်။ (၄၀)ကျော်၊ (၅၀)နီးပါးမှာ ဆုံးပါးသွားခြင်းပါ။ အရက်ရဲ့နိယာမ အစဉ်အလာပါပဲ၊ အဆန်းတကြယ်တော့ မဟုတ်လှပါဘူး။

အဲဒီအချိန်မှာတော့ ကိုခင်မောင်ကြည်ဟာ ကျောက်ပန်းချီလုပ်ငန်း အောင်မြင်သလို သူ့သမီး ထက်ထက်မိုးကလည်း ရုပ်ရှင်ဗီဒီယိုလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်နေပါပြီ။ အဲဒီနောက်မှာတော့ ကျွန်တော်လည်း ကိုခင်မောင်ကြည်ဆီ မရောက်ဖြစ်တော့ပါဘူး။ ကိုခင်မောင်ကြည်တို့ မောင်နှမတွေအားလုံး အချောအလှတွေပါ။ ပန်းချီဆရာ ကိုခင်မောင်ကြည်နဲ့ကျတော့ ခင်မင်ရင်းနှီးမှု သိပ်မရှိခဲ့ပါဘူး။ သိတယ်၊ ခင်တယ် ဆိုရုံမျှသာပါပဲ။

ကိုခင်မောင်ကြည်ရဲ့ ညီမအငယ်ဆုံး ကျောက်ပြာသာဒ်မှာ မောင်မောင်နဲ့ အိမ်ထောင်ကျတဲ့ ခင်မာရီကျတော့ အလွန်ပဲ ခင်မင်ရင်းနှီးပြီး မောင်နှမတွေလို ပြောမနာဆိုမနာ နေကြတာပါ။ ခင်မာရီဟာ ရယ်စရာ မောစရာတွေ အားပါးတရ ပြောပြတတ်ပါတယ်။

နောက် ခင်မောင်ကြည်တစ်ဦးက မိုးကုတ်မြို့ တောင်ကချင်ရပ်က ကျောက်ကုန်သည် ခင်မောင်ကြည်ပါ။ တောင်ကချင်ရပ် ဆိုတာ ကျွန်တော်တို့ မြို့လယ်ရပ်ရဲ့ တောင်ဘက်မှာပါ။ မြို့လယ်နဲ့ တစ်ဆက်တည်းဆိုတော့ ခုသွား ခုရောက်တဲ့ ရပ်ကွက်ပါပဲ။

အဲဒီ ခင်မောင်ကြည်ကျတော့ ကျွန်တော့်ထက် (၁၀) နှစ်လောက် ငယ်မယ်ထင်ပါရဲ့။ ဖြူဖြူချောချောနဲ့ မိုးကုတ်သားတွေ ကောင်းစားစဉ်ခေတ်မှာ သူလည်း ကိုယ်ပိုင်ကားတစီးစီနဲ့ ကျောက်ဝယ်ထွက်တဲ့ ကျောက်ကုန်သည် လူလတ်တန်းစားတစ်ဦးလို့ ဆိုရမှာပါ။

ကျွန်တော် အဓိကပြောပြချင်တာက တောင်ကချင်က ခင်မောင်ကြည်ပါပဲ။ ခင်မောင်ကြည်နဲ့မျှောက် ကြုံကြုံဖန်ဖန် ကြုံရ ဆုံရတဲ့ အဖြစ်အပျက်လေးတွေပါ။

**မိုးမိတ် တပေါင်းပွဲ**

မိုးကုတ်မှာ တပေါင်းပွဲရှိသလို မိုးမိတ်မှာလည်း တပေါင်းပွဲ ရှိပါတယ်။ မိုးကုတ်နဲ့ မိုးမိတ်ဟာ မိုင် (၃၀) ပဲ ဝေးတာမို့ ကားနဲ့ဆိုရင် ခရီးဝေးတယ် မဆိုနိုင်ပါဘူး။ အဲဒါကြောင့် တပေါင်းပွဲအချိန်မှာ မိုးကုတ်က လူအချို့ မိုးမိတ်တပေါင်းပွဲကိုသွားကြသူတွေ ရှိတယ်။

ပြီးတော့ ဧရာဝတီမြစ်ထဲကကျွန်းလေးပေါ်မှာ တည်ရှိတဲ့ အညာသီဟတောဘုရားပွဲကို သွားသူတွေလည်း ရှိကြတယ်။ သူက မိုးကုတ်ကနေ မိုင် (၆၀)ဝေးတဲ့ ဧရာဝတီမြစ်ကမ်းပါးက သပိတ်ကျင်းမြို့လေးကို ဦးစွာ သွားရတယ်။ လမ်းက အင်္ဂလိပ်လက်ထက်ကတည်းက ဖောက်ထားတာပါ။ ကွေ့ကွေ့ကောက်ကောက်၊ လိမ်လိမ်တွန့်တွန့်နဲ့ ပတ်ချာလည်ပြီး မူးနောက်နေအောင်စီးရတဲ့ အကွေ့ပေါင်း (၉၉၉) ကွေ့ရှိတယ်လို့ နာမည်ကြီးတဲ့လမ်းပါ။ လမ်းဖြောင့်ဆိုတာ မရှိသလောက်ပါဘဲ။

ကားစပယ်ယာ တစ်ယောက်က ကျွန်တော့်ကို ပြောဖူးတယ်။ 'ကျွန်တော့်ဆရာ ကားဒရိုင်ဘာက မြန်မာနိုင်ငံမှာ အကွေ့အကောက်အများဆုံး မိုးကုတ်လမ်းကို ရောက်ဖူးလားလို့ မေးရင် ရောက်ဖူးတယ်၊ အကွေ့ပေါင်း (၉၉၉) ကွေ့ရှိတယ်လို့သာ ပြောလိုက်၊ မင်းကို အထင်မသေးရဲတော့ဘူးကွလို့ သင်ပေးဖူးပါတယ်။ မှတ်ရလွယ်တဲ့ ဂဏန်းမို့ ကျွန်တော် မှတ်မိနေတာပါ။ ဆရာတို့ မိုးကုတ်ကို မရောက်ဖူးဘူးပေမယ့် အကွေ့ပေါင်း (၉၉၉) ကွေ့ရှိတယ်လို့တော့ သိနေပါတယ် တဲ့ဗျ။ အဲဒီလူကို နေပြည်တော်မှာ တွေ့တာပါ။

အဲဒီ ပုံသေပြောဆိုနေကြတဲ့ အကွေ့ပေါင်း ကိုးသုံးလုံးရှိတယ် ဆိုတဲ့ကိစ္စကို ခုခေတ် လူငယ်တွေ အသေအချာ သုတေသနပြုပြီး ရေတွက်ကြည့်တဲ့အခါ အကွေ့ပေါင်း (၄၇၂) ကွေ့သာရှိကြောင်း တွေ့ရပြီး အဲဒီအထဲမှာ အကွေ့ကြီး (၅၅) ခုပါတယ်လို့ မိုးကုတ်က စာရေးဆရာ ပြည့်စုံ (သတ္တဗေဒ) က သူ့ရဲ့ 'သားသားရဲ့ပတ္တမြားမြေ' ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်အကြောင်းတွေ ဖွဲ့သီထားတဲ့ ကဗျာစာအုပ်လေးထဲမှာ တွေ့ရပါတယ်။ မှတ်သားစရာပါ။

ကျွန်တော်ဆို ကားစီးရင် မူးတတ်တာကြောင့် မိုးကုတ်ကနေ ကျပ်ပြင်ရောက်ရင်ပဲ ကားမူးနေပြီ။ မိုးကုတ်-ကျပ်ပြင် (၇) မိုင်ခရီးဟာလည်း တံတောင်ဆစ်ချိုး အကွေ့တွေချည်း ဆိုတော့ ကျပ်ပြင်လွန်တာနဲ့ ထိုးအန်လေ့ရှိတယ်။ အဲဒါကြောင့် ခရီးသွားမယ်ဆိုတိုင်း အစားဝဝစား၊ ကားမူးပျောက်ဆေးနဲ့ အားဆေး ကြိုတင်သောက်ရလေ့ ရှိတယ်။ ဒါတောင် တစ်ခါတစ်ရံ အန်သေးတယ်။ အဲဒါကြောင့် အကွေ့အထောင့်တွေကို ကြည့်ရှု ခံစားနိုင်စွမ်း မရှိပါဘူး။ ဘတ်(စ်)ကားကြီးတွေ ခေတ်ကတော့ မိုးကုတ်ကနေ ဖော့တောအထိ ကွေ့ကွေ့ကောက်ကောက် နေရာတွေကို ခေါင်မိုးပေါ်က တက်စီးလေ့ရှိတာကြောင့် အမြင်ကြည်ပြီး လေကောင်းလေသန့်ရတဲ့အတွက် မမူးပါဘူး။ ကားမူးတတ်ရင်တော့ အလွန်ဝဋ်ကြီးတဲ့လမ်းပါ။

သပိတ်ကျင်းဆိုတာ ရွာကြီးတစ်ရွာသာသာ မြို့ငယ်လေးပါ။ သပိတ်ကျင်းရောက်ရင် မော်ဘော် သို့မဟုတ် သဘော်စီးပြီး အောက်ဘက်ကို စုန်ရင် မကြာမီမှာဘဲ မြစ်ရဲ့အနောက်ဘက်ကျကျ ရေလယ်ကျွန်းမှာ အညာသီဟတောကို ရောက်ပါပြီ။ အဲဒီမှာ ပွဲတော်ကြီးရှိတာကြောင့် လှေတွေ၊ မော်တော်တွေနဲ့ စည်ကားနေတာကို တွေ့ရပါလိမ့်မယ်။ ဒါက မိုးကုတ်နဲ့ဆက်စပ်နေတဲ့ မိုးကုတ်သားတွေသွားလေ့ရှိတဲ့ တပေါင်းပွဲတွေပါ။

မိုးမိတ် တပေါင်းပွဲကျတော့ ယောကျ်ားတွေ အစုအဖွဲ့ပြုပြီး သွားကြတာ များတယ်။ ဘာလို့လဲဆိုတော့ မိုးကုတ်မှာ လုံးဝမထွက်တဲ့ ထန်းရည်ဆိုတာ မိုးမိတ်မှာ ရှိနေလို့ပါပဲ။

မိုးကုတ် ဆိုတာ တောတောင်တွေထူထပ်ပြီး စိမ့်စမ်းတွေနဲ့ဆိုတော့ အလွန်အေးပါတယ်။ အဲဒါကြောင့် ထန်းပင်မပေါက်ဘူး။ အုန်းပင်စိုက်တာလည်း မသီးပါဘူး။ မိုးမိတ်ထန်းရည် ဆိုပြီးတော့ကာ စစ်,မစစ်တော့ မသိဘူးပေါ့လေ၊ ရပ်ကွက်တွေမှာတော့ ထန်းရည်ဆိုင်တွေ ရှိတယ်။ မိုးကုတ်လူတွေကလည်း ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုပြီး သောက်နေကြတာပါပဲ။

မိုးကုတ်ကနေ မိုးမိတ်နားအထိ သစ်တောကြီးပါ။ မိုးမိတ်ရောက်တာနဲ့ လွင်ပြင်ကြီး ဖြစ်သွားပါပြီ။ လယ်တွေ၊ ယာတွေ၊ ကျွဲတွေ၊ နွားတွေနဲ့ အောက်ပြည်အောက်ရွာ ရောက်သွားသလား မှတ်ရတယ်။ လွင်ပြင်ကြီးဆိုတော့ ပူတာပေါ့။ ပူတဲ့ဒေသမှာ ထန်းပင်တွေ ပေါက်ရောက်ပါတယ်။ အဲဒါကြောင့်လည်း မိုးမိတ်ထန်းရည်ဆိုပြီး နာမည်ကြီးနေတာပါပဲ။ မိုးမိတ်ကနေ မိုးကုတ်ကို ပလတ်စတစ်ပုံးကြီးတွေနဲ့ ထည့်ပြီး ကားနဲ့ပို့တာပါ။ မိုးကုတ်မှာ ဈေးကောင်းရတာကိုး။

## မိုးမိတ်သွားတောလား

ခင်မောင်ကြည်ဟာ မြို့လယ်ရပ်ကွက်ထဲက သူငယ်ချင်းဖြစ်ကြတဲ့ ညွန့်ရွှေတို့အုပ်စုနဲ့ တပေါင်းပွဲအတွင်း မိုးမိတ်မှာ ထန်းရည်သွားသောက်ဖို့ အဖော်ညှိပါတယ်။ နှစ်ခါ မညှိရပါဘူး၊ အသောက်ဝါသနာကိုယ်စီ ရှိနေကြတော့ကာ အားလုံးကပဲ သွားမယ်ဆိုတဲ့အဖြေထွက်ကြပါတယ်။ ဒါနဲ့ တပေါင်းပွဲရက်တစ်ရက်ရဲ့ နံနက် (၈) နာရီလောက်မှာ လူစုပြီး ထွက်ခဲ့ကြပါတယ်။ လူက မများပါဘူး။ ရှေ့မှာ (၂)ယောက်၊ နောက်မှာ (၂)ယောက်ပါ။ ကားက အဲဒီခေတ်မှာ ခေတ်စားတဲ့ ဝီလီဂျစ်ကလေးပါပဲ။

မိုးကုတ်မြို့ဟာ လယ်ဦးရွာအထိ ဆက်စပ်သွားပြီမို့ အတော်လေး ကျယ်ဝန်းနေပါပြီ။ လယ်ဦးရွာလမ်းမကြီးလွန်တာနဲ့ အောက်ချိုင့်ထဲကနေ ကြေးနီတောင်ကြီးကို စတင်တက်ရပါပြီ။ ထုံးစံအတိုင်း ကွေ့ကွေ့ကောက်ကောက် တက်ရပါတယ်။ အတော်မြင့်တဲ့တောင်ပါ။ အဲဒီ ကြေးနီတောင်ကို ကျော်ဖြတ်ပြီးမှ အသက်ရဲရဲရှူဝံ့တာပါ။ အောက်ဘက်ပြန်လိမ့်ကျလိုက်လို့ကတော့ မတွေးဝံ့စရာကြီးပါဘဲ။

ကြေးနီတောင်ဟာ တောင်မင်းတောင်လောက် မမြင့်ပေမယ့် အတော်မြင့်တဲ့တောင်ပါ။ အဲဒီတောင်မင်းတောင်ထိပ်ရယ်၊ ကြေးနီတောင်ထိပ်ရယ်မှာ အလွန်ရှားပါးတဲ့ ဇလပ်နီပန်းတွေ ပွင့်ကြတယ်။ ဆောင်းနှောင်း နွေအကူးမှာ ပွင့်တာပါ။

ကျွန်တော်တို့ငယ်ငယ်က တော်လှန်ရေးကောင်စီအစိုးရ လက်ထက်မှာ (၁၅) ပြားတန် ရှေ့သို့စာစောင်ဆိုတာ ထွက်တယ်။ အဲဒီ စာစောင်ထဲမှာ မိုးကုတ်မြို့က တောင်မင်းတောင်ရယ်၊ ကြေးနီတောင်ရယ်၊ ချင်းပြည်နယ်ရယ် သုံးနေရာမှာသာ ဇလပ်နီပွင့်ကြောင်း ဆောင်းပါးတစ်ပုဒ် ဖတ်ရဖူးတယ်။

ချင်းပြည်နယ်ရိုက်ပြရင် ချင်းမ လေးတွေ ဇလပ်နီပန်း နောက်ခံရှုခင်းနဲ့ ရိုက်ပြနေတာမို့ ဇလပ်နီပင်ကို လူအများ မြင်ဖူးကြမယ် ထင်ပါတယ်။

မိုးကုတ်မှာတော့ လီဆူးမတွေ ပလိုင်းနဲ့ ဇလပ်နီပန်းတွေ လှည့်လည် ရောင်းလေ့ ရှိတယ်။ ဇလပ်နီဟာ အ လိုက်ပွင့်ပြီး အရောင်က သွေးလိုနီရဲနေ ပါတယ်။ ကချင်ပြည်နယ် ရေခဲတောင် တွေမှာ ဇလပ်ပန်း ရောင်စုံပွင့်ပေမယ့် ဇလပ်နီ မပွင့်ပါဘူး။ ဇလပ်ပန်းကို ဒိ ဒင်းဒရွန်းလို့ အင်္ဂလိပ်တို့က ခေါ်ကြ တယ်။ ပြီးတော့ မိုးကုတ်မှာ ဇလပ်ဖြူ တွေလည်း ပေါလှပါတယ်။ ဇလပ်ပန်း တွေ မြေမှာပေါက်ပင်မပြုဘဲ ကျောက် တောင်တွေပေါ်မှာသာ ပေါက်ခြင်းပါပဲ

ကျွန်တော်တို့ ကျောက်ပြဿ က သူရိန်တောင်တန်းကြီးရဲ့ တောင် ဘက်အစွန်မှာ ဇလပ်တောင်ဆိုတဲ့ စကျင်ကျောက်တောင်ကြီး ရှိတယ်။ အဲ ဒီမှာ ဇလပ်ဖြူတောကြီး သဘာဝအ လျောက် ကျောက်တောင်ကြားတွေမှာ ပေါက်နေတယ်။

တပေါင်း၊ တန်ခူးဆိုရင် ဇလပ်ပန်း တွေ ဖွေးနေအောင်ပွင့်တာမို့ ဘုရားပန်း လှူလိုသူတွေ အပင်ပန်းခံပြီး သွားခူးကြ လေ့ ရှိတယ်။ ဇလပ်ပန်းဖူးတွေလှူထား ရင် ရေသာလဲပေးနေ၊ တစ်လလောက် တော့ အပွင့်ဖြူဖြူလေးတွေ တဝေဝေနဲ့ မွှေးကြိုင်သင်းပျံ့နေတတ်ပါတယ်။

ကျွန်တော် မိုင်းရှူးကိုရောက်ပြီး ယခင် ဝရိုးမကုမ္ပဏီ၊ နောင် မြန်မာ့ဒီဇယ်? ကုမ္ပဏီမှာ မန်နေဂျာတာဝန် ထမ်း တော့ ဝ,ဆက်ဆံရေးတာဝန်ခံ ကိုဆမ် ဆင်းနဲ့ စကားစပ်မိတော့ သူတို့ ဝ,ဒေသ မှာ တော်လှန်ရေးအစိုးရလက်ထက်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စည်း ရုံးရေးကို ကိုဆမ်မဆင်း ဦးဆောင်ပြီး လှည့်လည်သွားလာရတဲ့အခါ ကျောက် တောင်ကြီးတစ်ခုကိုဖြတ်ကျော်ရကြောင်း ပြောပြပါတယ်။ ဗဟုသုတဖြစ်ဖွယ် အ စုံပါ။ အဲဒီမှာ ကြားဖြတ်မေးခွန်းတစ်ခု ကို မေးပါတယ်။

"ကိုကျော်စိုး ရှေ့သို့စာစောင်တွေ ဖတ်ဖူးလား"

"ရှေ့သို့ကို ကျွန်တော် လစဉ်ဝယ် ပြီး ဖတ်ပါတယ်။ သူ့ခေတ်နဲ့ သူ့အခါ အတော်ကောင်းတဲ့ စာစောင်ပါ"

"အဲဒီအထဲမှာ ဇလပ်နီနဲ့ပတ်သက် တဲ့ဆောင်းပါးတစ်ပုဒ်ကော မှတ်မိလား"

"မှတ်မိပါတယ်။ ချင်းပြည်နယ် တစ်နေရာရယ်၊ မိုးကုတ်နှစ်နေရာရယ်



www.burmeseclassic.com

www.burmeseclassic.com

နေရာသာ ဇလပ်နီပေါက်ရောက် ကြောင်း ရေးထားပါတယ်။ ဆောင်းပါး တော့ မမှတ်မိတော့ပါဘူး"

"ဟုတ်တယ် ကိုကျော်စိုး၊ ကျွန် တော်လည်း အဲဒီလိုပဲ မှတ်မိနေပါ တယ်၊ အဲဒီလို လှည့်လည်သွားလာရင်း တောက်တောင်ကြီးတစ်ခုကိုဖြတ်ကျော် အဲဒီတောင်ထိပ်မှာ ဇလပ်နီတွေဗျာ ရဲနေအောင်ပွင့်တာ ကြုံခဲ့ရတယ်။ အဲဒီကျမှ ကျွန်တော်လည်း ဆောင်းပါး ဟာ စတုတ္ထပွင့်နေတဲ့ ကျွန်တော်တို့ ဒေသထဲက ဇလပ်နီတောင်ကို သိ န်မတူဘူးလို့ သိလိုက်ရပါတယ်။ အဲဒီ ဆရာမပြောနဲ့၊ ဒေသခံ ကျွန်တော် တောင် အဲဒီတစ်ခါသာ အဲဒီ ဇလပ် တောင်ကို ရောက်ခဲ့ရတာပါ"

"ဒါဆိုရင် ဇလပ်နီဟာ မြန်မာနိုင်ငံ (၄)နေရာ ပွင့်နေတာပေါ့။ လူတွေ ဇလပ်နီပန်းကို နတ်ပန်းလို့လည်း ကြတယ်။ သိပ်ပြီး ရှားပါးတာကိုး။ ဆေးဖက်လည်း အများကြီး အသုံးဝင် တယ်ဗျ။ ဇလပ်နီမြစ် လက်တစ်ဆစ်သာ ပါစေ၊ မျက်စိဝေဒနာအတွက် သိပ်ပူ ရာမလိုဘူးဗျ"

လို့ ပြောပြဖြစ်ပါတယ်။

ဒါက ကြေးနီတောင်ရဲ့ဝိသေသ အနေနဲ့ စကားကြားညှပ်တင်ပြခြင်းပါ။

ကြေးနီတောင်ထိပ်ကိုရောက်လို့ နောက်ဘက်ချိုင့်ဝှမ်းထဲက မှုန်ပျပျ မိုး တ်မြို့လေးကို ပြန်လှည့်ရင် ငါ တကယ့်တောင်ထိပ်ဖျားပေါ် ရောက် နေတာကလားလို့ တွေးမိမှာပါ။ ကြေး တောင်ရဲ့အောက်ခြေကနေ ပတ်ဝိုက် တ်လာပြီး ကြေးနီတောင်ရဲ့ခါးကို င်းကာ မြောက်ဘက် မိုးမိတ်မြို့ရှိရာ ခင်မောင်ကြည်တို့ ဦးတည်မောင်းနှင် ကြပါပြီ။ အတက်ကြီးကြီး၊ အဆင်း ကြီး နည်းပါးသွားခဲ့ပါပြီ။ လမ်းက ကျောက်ခင်းလမ်းပါ။ သို့သော်လည်း တောင်ပေါ်လမ်းဆိုတော့ ကွေ့ကွေ့ ကောက်ကောက်ပါပဲ။

ရွာစဉ်ရွာဆက်ကျဲပြီး လမ်းမှာ အထင်အရှားဆိုလို့ ပိန်းမြစ် ဆိုတဲ့ လောင်ရွာကြီးသာ အထင်အရှားရှိပါ တယ်။ လီဆူးရွာ၊ ဂေါ်ရခါးရွာတွေလည်း ပါတယ်။ သို့သော်လည်း သေးငယ်တဲ့ ရွာလေးတွေပါ။ မိုးကုတ်မြို့နယ်ထဲမှာ ရွာစဉ်နည်းနည်းစိပ်ပေမယ့် မိုးမိတ်နယ် ကျတော့ ရွာစဉ် အလွန်ကျဲပါးပြီး ယာ သစ်တောကြီးတွေသာရှိတယ်။

လမ်းက ကျောက်ခင်းလမ်း ဆို တော့ ကားကို မှန်မှန်သာမောင်းလို့ရပါ တယ်။ ဝဲ, ယာမှာတော့ လူသူလေးပါး ကင်းရှင်းတဲ့ သစ်တောကြီးတွေသာဖြတ် ကျော်နေရပါတယ်။

အဲဒီမှာ ကွေ့တစ်ခုကအထွက်၊ ကားလမ်းပေါ်မှာ လှုပ်ရှားမှုတစ်ခု ရုတ်တရက်မြင်လိုက်ရတဲ့ ခင်မောင်ကြည် ဟာ ခြေထောက်က ဘရိတ်ပေါ် အလို လိုရောက်သွားပြီး အရှိန်လျှော့ပြီးသား ဖြစ်နေပါတော့တယ်။ ထူးဆန်းတဲ့ မြင် ကွင်းကြောင့် ကားကို စက်ပိတ်ပြီး ရပ် ထားလိုက်ပါတော့တယ်။ သူတို့အားလုံး အသက်ပင်မရှူမိဘဲ ထူးဆန်းတဲ့ မြင် ကွင်းကို ငေးမောကြည့်နေမိပါတယ်။

## မြွေနဲ့မျောက် အသက်လုပွဲ

ဒါမျိုးမြင်ကွင်းဆိုတာက သဘာဝ အတိုင်းမြင်ရတဲ့၊ မြင်ဖို့ တွေ့ဖို့ အလွန် ခက်ခဲတဲ့ တောရိုင်းတိရစ္ဆာန် အမျိုးအ သွင်မတူတဲ့ မျောက်နဲ့မြွေတို့ရဲ့အသက် လုပွဲကြီးပါ။ မြွေနဲ့မျောက်တို့ဟာ လုံး ထွေးသတ်ပုတ်နေကြခြင်းပါ။ မြွေကပဲ မျောက်ကို အစာအဖြစ်ဖမ်းလို့ ဖြစ်တဲ့ ရန်ပွဲလား၊ ဒါမှမဟုတ် အလွန် ဆော့ တတ်တဲ့မျောက်ကပဲ မြွေကိုလိုက်ဆော့ လို့ဖြစ်တဲ့ရန်ပွဲလား ဆိုတာတော့ ဘယ် သူမှ အတပ်မပြောနိုင်ပါဘူး။ ရန်ပွဲရဲ့ နိဒါန်းကို ခင်မောင်ကြည်တို့ မမြင်ကြ ရဘဲ သဲသဲမဲမဲ တိုက်ခိုက်လုံးထွေးနေချိန် ကျမှ ရောက်လာခြင်းပါ။

"ခင်မောင်ကြည်၊ ဒီပွဲမှာ အ လောင်းအစားလုပ်မယ်။ မင်း ဘယ်က နေမလဲ"

"ငါ မြွေကနေမယ်"

"အေး- ကောင်းပြီ၊ ငါ မျောက်က နေမယ်။ ရှုံးတဲ့လူ ဒီနေ့စရိတ်ခံနော်"

"အေးပါ ညွှန့်ရွှေရာ၊ မင်းသာ ကတိတည်ပါစေ"

"စိတ်ချကိုယ့်လူ၊ စိတ်ချ"

"ဟေ့ကောင် ညွှန့်ရွှေ၊ မင်းရဲ့ မျောက် ရစ်ပတ်ခံထားရတာ အခြေအ နေမကောင်းဘူးနော်"

"အချိန်က အဖြေပေးပါလိမ့်မယ် ကွာ"

လို့ ပြောပြီး မဝေးလှတဲ့မြင်ကွင်း ကို မျက်တောင်မခတ်စတမ်း စိတ်ဝင် တစား ငေးမောနေကြပါတယ်။ သူတို့နဲ့ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ကားကို တောင်မှ ဂရုမပြုနိုင်ဘဲ လုံးထွေးလိမ့် ပတ်ကာ တိုက်ခိုက်နေဆဲပါ။

မြွေရဲ့ကိုယ်လုံးဟာ ငါးမတ်လုံး လောက်ကြီးပြီး မျောက်ဖင်နီကလည်း အတော်ကြီးပါတယ်။ မြွေဟာ မျောက် ကို ရစ်ပတ်ပြီး ညှစ်သတ်ဖို့ ကြိုးစားနေ သလို မျောက်ကလည်း မြွေရဲ့လည်မျို ကို အသေဆုပ်စုံကိုင်ပြီး ညှစ်ထားပါ တယ်။ အဲဒါကြောင့် မြွေဟာ ကိုက်ဖို့ အခွင့်မသာပါဘူး။ မျောက်ရဲ့နောက်ခြေ နှစ်ချောင်းဟာလည်း လက်သဖွယ်ဆုပ် ကိုင်နိုင်တာကြောင့် ရစ်ပတ်တဲ့မြွေကို နောက်ခြေနှစ်ချောင်းနဲ့ ဆုပ်ကိုင် တွန်း ကန်ရုန်းထွက်လျက် ရှိပါတယ်။ မြွေရဲ့ ညှစ်အားဟာ အချိန်အတန်ကြာတဲ့အခါ လျော့နည်းလာခဲ့ပါတယ်။ အဲဒါကြောင့် မျောက်ဟာ မြွေရဲ့ အချုပ်အနှောင်က လွတ်အောင်ရုန်းပြီး မြွေရဲ့ကုပ်ပိုးကို ဒေါသတကြီး ကုန်းကိုက်ပါတယ်။ မြွေရဲ့ လည်မျိုကို ဆုပ်ကိုင်မိထားတာကိုက မျောက်ရဲ့အားသာချက်လို့ ဆိုရမှာပါ။

နောက်တော့ မြွေဟာ တွန့်လိမ်ရုံ ကလွဲပြီး ဘာမှမလုပ်နိုင်တော့တာမို့ မြွေ ခေါင်းကို ကားလမ်းနဲ့ဆောင့်ပြီး သတ် နေပါတယ်။ မြွေကို လက်ကမလွှတ်ဘဲ အသေဆုပ်ကိုင်ပြီး စိတ်တိုင်းကျ ကိုင် ဆောင့်နေတာ အကြိမ်ကြိမ်ပါ။

"ဟေ့ကောင် - ခင်မောင်ကြည်၊ မင်းရဲ့မြွေတော့ ကွသွားပြီနေမှာကွ"

"ဟေ့ကောင်- ပွဲကမပြီးသေးဘူး၊ အသာနေ။ ဒါမျိုးက တစ်သက်မှာ တစ် ခါကြုံရခဲတယ်"

"ပြီးပါပြီကွာ၊ မင်းမြွေ အကြော ဆွဲနေပါပြီ"

"ဆွဲဆွဲကွာ၊ ပွဲပြီးအောင်ကြည့်စမ်း ပါ။ ကြည့်ကောင်းလွန်းလို့ကွ"

မြွေဟာ မျောက်ပြုသမျှ နုရတဲ့ အခြေအနေကို ရောက်နေရပါပြီ။ စိတ် ရှိလက်ရှိ မြွေခေါင်းကို ကားလမ်းနဲ့ပွတ် တိုက်နေတာ အကြိမ်ကြိမ်ပါ။ စောင့် ကြည့်လိုက်၊ ကားဆီလှည့်ကြည့်လိုက်၊ လှုပ်သေးရင် ကားလမ်းနဲ့ ထပ်ပွတ်လိုက် လုပ်နေတာ အတော်ကြာပါတယ်။

လုံးဝ မလှုပ်တော့မှ မျောက်ဟာ ကားဆီ အတန်ကြာလှမ်းကြည့်ပြီး မြွေ သေကိုလွှတ်ချကာ တောထဲ လျင်မြန် စွာ ပြေးဝင် ပျောက်ကွယ်သွားပါတော့ တယ်။

## မြွေဟောက်

"ကဲ - ခင်မောင်ကြည်၊ ပွဲကပြီး သွားပြီနော်။ မင်းရဲ့ကတိအတိုင်း ဒီနေ့ ကုန်ကျစရိတ် မင်းအကုန်ခံပေတော့"

"မင်းတို့ ဘယ်လောက်သောက် နိုင်မှာလဲကွာ၊ ထန်းရည်နဲ့ ရှိတဲ့အမြည်း ကြိုက်သလောက်တွယ်ဖို့ ငါ တာဝန်ယူ တယ်။ ဒီတစ်ခါ မိုးမိတ်လာရတာ တန်



www.burmeseclassic.com

www.burmeseclassic.com

တယ်ကွာ။ ဒီလိုပွဲမျိုး ဒီတစ်ခါပဲ မြင်ဖူးတာ။ တိုက်တိုက်ဆိုင်ဆိုင် ကြုံရတာပဲကွ"

"အေးကွာ၊ ဒါမျိုးဆိုတာ တောတောင်တွေထဲမှာ သဘာဝအလျောက် ကြီးနိုင်ငယ်ညှဉ်း တစ်ကောင်နဲ့ တစ်ကောင် သတ်ဖြတ် စားသောက်နေကြတာ အမြဲရှိနေမှာပဲကွ။ ဒါပေမယ့် ခုလို မျက်စိနဲ့မြင်ရဖို့ကျတော့ ခက်တယ်ကွ"

"ကဲ- တို့တွေ ဘာမြွေလဲဆိုတာ သွားကြည့်ကြရအောင်"

လို့ ပြောပြီး ခင်မောင်ကြည်က ကားမောင်းထွက်ကာ မြွေနားရောက်တော့ ကားရပ်ပြီး အောက်ဆင်းကြည့်ကြပါတယ်။

"မြွေက မည်းမည်းနဲ့ ခပ်မွဲမွဲဆိုတော့ မြွေဟောက်နေမှာကွ။ သူ့ရဲ့ကုပ်ပိုးကို ကြည့်လေ၊ မျောက်ကိုက်ထားတဲ့ နေရာမှာ အဖြူကွက်လေးတွေ့ရတယ်ကွ။ ဒါဟာ အဆိပ်ပြင်းတဲ့ မြွေမျိုးပဲ။ တော်သေးတာပေါ့၊ မျောက်နိုင်ပေလို့။ မနိုင်ရင် မျောက်ကိုတောင် မျိုမယ့်သဘောကွ"

"ဒီမျောက်ဟာ မျောက်သိုင်းတတ်တာနေမှာ။ သူ့ကိုအပေါက်မှာ ရှောင်တိမ်းပြီး လည်မျိုကို အမိအရ ဆုပ်ကိုင်တာနေမှာကွ"

"မျောက်က သူ့ရဲ့ခြေလက် (၄) ဖက်စလုံး လက်လိုဆုပ်ကိုင်နိုင်တယ်ကွ။ အဲဒါ သူ့ရဲ့အားသာချက်ပဲ။ မြွေက ခြေထောက်မပါတော့ ပေါက်အားနဲ့ ရစ်ပတ်အားပဲရှိတာ ရှုံးတာပေါ့။ မြွေသာ ခြေလက်ပါရင် မျောက်လည်း ဘယ်သက်သာမလဲ"

"မြွေခြေလက်ပါရမယ်လို့. . . မင်းဟာ ကြံကြံဖန်ဖန်ကွာ။ ခင်မောင်ကြည်ဆိုတဲ့ကောင် တောထဲတောင်ထဲ၊ ကန်တော့ပါဗျာ. . . ကန်တော့ပါ။ ကျွန်တော်တို့ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်တော်မူကြပါ"

လို့ ညွန့်ရွှေက လက်အုပ်ချီ တောင်းပန်ပါတယ်။ ပြီးမှ ညွန့်ရွှေက ဆက်ပြောပြပါတယ်။ (မိုးကုတ်သားအများစု အရှင်သခင်ကို အလွန် ရိုသေကြပါတယ်။ အထူးသဖြင့် ကျောက်လုပ်ငန်းလုပ်သူတွေ ပိုပြီးရိုသေကြတာပါ။)

"ဟေ့ကောင်- ဒါလည်း ကိုးမြို့ရှင်ရဲ့နယ်ပဲကွ။ မိုး (၉) မိုးမှာ တို့မိုးကုတ်ပါသလို မိုးမိတ်လည်း ပါတယ်ကွ။ ကဲကွာ- တို့တွေ ဒီမြွေသေကြီး လမ်းမှာ ထားခဲ့လို့မသင့်ပါဘူး။ စိုးတင့်ရေ၊ တုတ်နဲ့ လမ်းဘေးချုံထဲပစ်ထည့်လိုက်ကွာ"

လို့ ပြောတော့ စိုးတင့်ဟာ အနီးရှိ ဝါးလုံးတိုတစ်ခုနဲ့ မြွေသေကြီးကိုမ,ပြီး ချုံထဲပစ်လိုက်ပါတယ်။ နောက်တော့ အဲဒီနေရာက ထွက်ခဲ့ကြပါတယ်။ အဲဒီမှာ ညွန့်ရွှေက သူ့စကားကို ဆက်ပြန်ပါတယ်။

"ခင်မောင်ကြည်၊ မင်း မိုး (၉) မိုးမှာ တစ်မိုးပျောက်နေတယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးသားပဲ"

"အဲဒါ နတ်ဖွက်ထားတဲ့ မိုးလိုင်းမြို့တဲ့ကွ။ မိုးလိုင်းမြို့ဟာ ရုပ်ကြွင်းမကျန်ဘဲ ပျောက်ကွယ်သွားပြီး တောကြီးအတိဖြစ်နေသတဲ့။ အဲဒီ မိုးလိုင်းမြို့ဟာ မိုးမိတ်မြို့ရဲ့အရှေ့မြောက်ယွန်းယွန်းမှာ ခုထိရှိနေဆဲလို့ လူတွေ ယုံကြည်နေကြတယ်။ အဲဒီ မိုးလိုင်းမြို့လည်း မိုး(၉)မိုးထဲမှာပါတော့ ကိုးမြို့ရှင်ပိုင်တာပါပဲ။ အဲဒီ ကိုးမြို့ရှင်ပိုင်တဲ့နယ်တွေထဲမှာ မြို့ထဲ၊ ရွာထဲမဟုတ်ဘဲ တောထဲဆိုရင်ပေါ့ကွာ။ စကားကို အရမ်းမပြောရဘူးတဲ့ကွ။ တို့မိုးကုတ် တွင်းလုပ်တဲ့နေရာတွေမှာဆိုရင် အရမ်းဆင်ခြင်ရတာ"

"တရုတ်နဂါးဆိုရင် မြွေမှာ ခြေလေးချောင်း ပေါက်နေတယ်လေ။ ငါက အဲဒါကို ပြေးမြင်မိလို့ ပြောတာကွ- အဟားဟား"

"အေးလေ၊ အဲဒါတော့ ဟုတ်တာပေါ့။ အဲဒါက တရုတ်လေကွာ"

"တရုတ်လည်း လူပဲလေကွာ"

လို့ အထွန့်တက်တော့ ညွန့်ရွှေကို ဝိုင်းပြီးရယ်ကြပါတယ်။ ညွန့်ရွှေက လူရိုးပါ။ သူတို့အုပ်စုမှာ ဘောင်းဘီမဝတ်ဘဲ ပုဆိုးဝတ်တာဆိုလို့ ညွန့်ရွှေပဲပါတာပါ။ ညွန့်ရွှေက မျက်မှန်လေးနဲ့၊ ခပ်ပုပုနဲ့ သဘောမနော ကောင်းလှပါတယ်။ အရက်လည်း အလွန်ကြိုက်သူ ဖြစ်ပါတယ်။ သူတို့ဂျစ်ကားလေးဟာ နေ့လယ်လောက်မှာ မိုးမိတ်ကိုဝင်ခဲ့ကြပါတယ်။

## ဘုရားဖူးရာသီ

မိုးကုတ်သား အများစုဟာ ပွင့်လင်းရာသီ ခြေခင်းလက်ခင်းသာတဲ့ ဆောင်းရာသီမှာ ဘုရားဖူးထွက်လေ့ ရှိကြပါတယ်။ အဲဒီ ဆောင်းဥတု ပွင့်လင်းရာသီကို ဘုရားဖူးရာသီလို့ ခေါ်ကြပါတယ်။

တစ်နှစ်တာ ရှာဖွေလုပ်ကိုင်လို့ ပန်းခဲ့သမျှ၊ နွမ်းခဲ့သမျှ အပန်းပြေ၊ အနွမ်းပြေ မိမိတို့ ကြိုက်နှစ်သက်ရာဒေသတွေဆီ ဘုရားဖူးခရီးထွက်ကြခြင်းပါပဲ။

ဘုရားဖူးခရီး ဆိုတာက ဗုဒ္ဓဘာသာမြန်မာတို့ရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဘုရားတန်ဆောင်း ကျောင်းကန်တွေရှိရာကို သွားရောက် ဖူးမြော်လေ့လာကြခြင်းပါ။ အရှင်းဆိုရရင် ဒေသန္တရဗဟုသုတခရီးပါပဲ။ ကိုယ်မရောက်ဘူးတဲ့ ဒေသတွေကို သွားရောက်လည်ပတ်ကြခြင်းပါ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘော ဆိုပါတော့။

ခင်မောင်ကြည်တို့အဖွဲ့ကတော့ ပုဂံကိုသွားဖို့ တိုင်ပင်ကြတယ်။ ပထမ ပုပ္ပားကို အရင်ဝင်ကြမှာပါ။ ပုပ္ပားဝင်ပြီးမှ ပုဂံမှာ ရက်အတန်ကြာ လေ့လာ ဖူးမြော်ကြမှာပါ။

ဒီခရီးမှာလည်း ခင်မောင်ကြည်နဲ့ ညွန့်ရွှေတို့ပဲ ဦးဆောင်တာပါ။ ခင်မောင်ကြည်ရဲ့ ကိုယ်ပိုင် ဝီလီဂျစ်လေးနဲ့ပါပဲ။ နောက်ခန်းမှာ စိုးတင့်နဲ့ ဝင်းအောင်တို့ လိုက်ပါလာကြတယ်။

ပထမဆုံး မန္တလေးမှာ တစ်ည အိပ်ကြပြီး စောစောထကာ မြင်းခြံ မောင်း၊ စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ရုပ်ကလာပ်တော်ကို ခေတ္တဝင်ရောက် ဖူးမြော်ကာ ပုပ္ပားဆီ ခရီးဆက်ခဲ့ကြပါတော့တယ်။

"ညွန့်ရွှေ၊ မင်း ပုပ္ပားရောက်ဖူးလား"

"ဟင့်အင်း၊ ဒီတစ်ခါပဲ လာဖူးတာ။ မင်းကော"

"ငါက အရင်တစ်ခေါက် ရောက်ဖူးတယ်ဟ။ မျောက်အတော့ပေါမှပေါ ဆရာရေ"

"မျောက်ဆိုလို့ တို့မိုးမိတ်သွားတုန်းက မျောက်သူ့ရဲကောင်းကို သတိရတယ်ကွာ"

"ဟုတ်တယ်နော်၊ အဲဒီမျောက်က သူ့ရဲကောင်းကွ။ အသေကို သတ်တဲ့ပွဲ"

"သူက မသတ်ရင် ဟိုကသတ်မှာလေကွာ၊ မြွေဟောက် အဆိပ်ပြင်းမှန်း မျောက်က သိတာပေါ့ကွ။ ဒါကြောင့် အသေသတ်ခဲ့တာပေါ့။ မြွေသာနိုင် ကြည့်ပါလား၊ မျောက်လည်း ပွဲချင်းပြီး သေမှာပဲ"

"အေးကွာ၊ တိရစ္ဆာန်တွေရဲ့တိုက် ပွဲကလည်း ကြောက်စရာပဲနော်"

ဆောင်းပေမယ့် အညာနေက အ လွန်ပဲ ပူပြင်းလှပါတယ်။ ဂျစ်ကား တာ ရှေ့လေကာမှန်ကလွဲရင် အပိတ် ပါတာကြောင့် လေတိုးဝှေ့ခြင်းခံရ အခါ အပူကို သက်သာစေပါတယ်။ ယ်ချင်း (၄) ယောက် စကားတ ပြောနဲ့ ပုပ္ပားတောင်တော်မြတ်ရှိ တရွေ့ရွေ့ မောင်းလျက်ရှိကြပါ



www.burmeseclassic.com

www.burmeseclassic.com

**ရှောင်နေကာမျက်မှန်**

မိုးကုတ်သားတွေ ဆိုတာက အဲဒီခေတ်မှာ အရမ်းကောင်းစားတဲ့ခေတ်ဆိုတော့ မျက်မှန်ဆိုရင် အဆင့်အမြင့်ဆုံး ရှောင်မျက်မှန်ကို တပ်ကြတယ်။ ရှောင်မျက်မှန်ဟာ သူ့ရဲ့တန်ဖိုးက ရွှေတစ်ကျပ်သားနဲ့ ညီမျှတယ်။ မျက်စိအေးတယ်၊ ပြုတ်ကျရင် မှန်မကွဲဘူး။ ရှောင်မျက်မှန်နဲ့ ကျောက်ကိုကြည့်ရင် နေကာမျက်မှန်ပေမယ့် ကျောက်အရောင်မပြောင်းဘူး။ ကိုင်းကိုကြိုက်သလို ပြုပြင်ပြောင်းလဲ ကွေးဆန့်လို့ရတယ်။ လူဘယ်လောက်လဲလဲ၊ မျက်မှန်က ပြုတ်ကျမသွားဘဲ မြဲနေတတ်တယ်။ ဒီဇိုင်းတလည်း လှတယ်။ အဲဒီတုန်းက ရွှေတစ်ကျပ်သား (၁၅၀၀) ကျပ်ခေတ်ပါ။ အမေရိကန်ကလုပ်တဲ့ ရှောင်မျက်မှန်က ဈေးကြီးပြီး ထိုင်းရှောင်က ဈေးသက်သာတယ်လို့ ဆိုကြပါတယ်။

ရွှေတစ်ကျပ်သားတန်တဲ့ ရှောင်ဆိုတာက လူတကာတပ်နိုင်တာ မဟုတ်ပါဘူး၊ ချမ်းသာတဲ့ ကျောက်ကုန်သည်တွေသာ အများအားဖြင့် တပ်တာပါ။ ညွန့်ရွှေကျတော့ မျက်စိမှုန်သူမို့ ရှောင်မတပ်ပါဘူး၊ ပါဝါမျက်မှန်ပဲတပ်တာပါ။ ကျန် (၃) ယောက်ကတော့ ရှောင်နေကာမျက်မှန်ကိုယ်စီနဲ့ စတိုင်ကျကျ ဆိုပါတော့။ အဲဒီခေတ်မှာ ခေတ်စားတဲ့ ဂျင်းပင်ကိုယ်စီ၊ ထိုင်းစပို့ရှပ်ကိုယ်စီ၊ ရှောင်ကိုယ်စီနဲ့ဆိုတော့ မင်းသားတွေလား အင်မှတ်မှားရလောက်အောင် ကြော့နေကြတာပါ။

ပုပ္ပားတောင်ကလပ်ဝန်းကျင်မှာ လိုက်လည်ကြတယ်ဆိုရင်ပဲ သစ်ပင်တွေပေါ်မှာ၊ စောင်းတန်းတွေပေါ်မှာ မျောက်ဖင်နီတွေ သွားလာလှုပ်ရှားနေတာ မြင်တွေ့ကြရပါတယ်။

အဲဒီမှာ သစ်ပင်တစ်ပင်အောက်အဖြတ်မှာ သစ်ကိုင်းပေါ်က မျောက်တစ်ကောင်ဟာ လျှပ်တစ်ပြက် တွဲလောင်းခိုဆင်းပြီး ခင်မောင်ကြည်ရဲ့ ရှောင်မျက်မှန်ကို ဆွဲချွတ်ကာ သစ်ပင်ပေါ်ယူတက်ပြီး ပြေးပါတော့တယ်။ ခင်မောင်ကြည် ရုတ်တရက် အံ့အားသင့်သွားပြီး အလန့်တကြား ဖြစ်သွားခဲ့ပါတယ်။

"ဟာ- ဟေ့ကောင်တွေ၊ ငါ့မျက်မှန် မျောက်ဆွဲချွတ်ပြီး ပြေးပြီကွ။ လုပ်ကြပါဦး"

ဆိုတော့မှ အပေါ်ကို မော့ကြည့်ကြတဲ့အခါ အမြင့် နှစ်လံလောက်ရှိတဲ့ သစ်ကိုင်းပေါ်မှာ မျောက်ဟာ ရှောင်မျက်မှန်ကို စိတ်ဝင်တစားထိုင်ကြည့်နေတာ မြင်ရပါတော့တယ်။

**မျက်မှန်ပြန်ရလိုပါက**

အဲဒီလို ခင်မောင်ကြည်ရဲ့မျက်မှန် မျောက်လုခံလိုက်ရတဲ့အခါ ကျန်တဲ့ ရှောင်မျက်မှန်ဆရာနှစ်ဦးက သူတို့ မျက်မှန်အလုခံရမှာစိုးတာကြောင့် ချွတ်ပြီး အိတ်ထဲထည့်လိုက်ကြပါတယ်။ ပတ်ဝန်းကျင်လူတွေလည်း ဝိုင်းဝန်းကြည့်ရှုခြင်းခံလိုက်ရတဲ့အခါ ခင်မောင်ကြည်ဟာ ရှက်လွန်းလို့ မျက်နှာနီရဲနေပါတယ်။

"ဟာ- ဒုက္ခပါပဲကွာ၊ မျက်မှန်ပြန်ရအောင် ဘယ်လိုလုပ်ရပါ့မလဲ။ လိုက်လုလို့လည်းမရနဲ့၊ ဒုက္ခပါပဲကွာ။ ညွန့်ရွှေတို့၊ ကြံကြဖန်ကြစမ်းပါဦးဟ"

လို့ ခင်မောင်ကြည်ကပြောတော့ ညွန့်ရွှေက သဘောကျပြီး တဟားဟား ရယ်နေတာပါ။

"ဟေ့ကောင်- ရယ်မနေနဲ့ကွ၊ ကြံစမ်းပါဦး"

"ဟားဟားဟား- ရှောင်နဲ့စတိုင်ထုတ်ချင်တဲ့ကောင်တွေကို မျောက်က ပညာပေးတာကွ။ မျောက်စိတ်ထဲမှာ မင်းတို့ရဲ့ နေကာမျက်မှန် အမည်းတွေကို အထူးအဆန်းဖြစ်နေတော့ သုတေသနပြုချင်လို့ ချွတ်ပြေးတာနေမှာကွ- အဟားဟား"

"ခွေးကောင်၊ အရေးထဲ ငါတို့ကို ချွတ်နေပြန်ပြီ"

"ဒီလိုလုပ်လေ၊ အဲဒီမျက်မှန်ကို ငါရအောင်ပြန်ယူပေးမယ်။ ဒီနေ့ညစာကို မင်း ငါတို့ကို တစ်ဦးတည်း တာဝန်ယူရမယ်။ ရှယ်ပေါ့ကွာ၊ ဘယ့်နှယ်လဲ"

"မရရင်ကောကွာ"

"ဒီနေ့ညစာ ကုန်သလောက် ငါ တာဝန်ယူတယ်"

"ကောင်းပြီလေ၊ စိန်လိုက်"

ဆိုပြီး ညွန့်ရွှေနဲ့ ခင်မောင်ကြည်တို့ အလောင်းအစားလုပ်ကြပါတယ်။ အဲဒီမှာ ညွန့်ရွှေဟာ အနီးအနားမှာရှိနေတဲ့ ဈေးဆိုင်က တစ်ကျပ်တန် ပဲလှော် (၅) ထုပ် ဝယ်လိုက်ပါတယ်။

"မျက်မှန်ကို ပြန်ရအောင်လုပ်နည်း ကြည့်ထား- ဟေ့ကောင်"

ဆိုပြီး မျောက်ကို ပဲလှော်ထုပ်ပြကာ ပထမတစ်ထုပ် ပစ်တင်လိုက်ပါတယ်။ အကိုင်းခွကြားမှာ ထိုင်နေတဲ့ မျောက်ဟာ အေးအေးဆေးဆေးပဲ ဖမ်းယူလိုက်ပါတယ်။

"ဟေ့-ဖိုးမျောက်၊ ဟောဒီမှာ တစ်ထုပ်ကွ"

ဆိုပြီး ထပ်ပစ်ပြန်ပါတယ်။

မျောက်က ပါးတယ်၊ လက်ထဲက ပဲလှော်ထုပ်ကို ခြေထောက်ဆီပို့ပြီး ထပ်ဖမ်းတယ်။ မျက်မှန်ကိုတော့ ဆုပ်ကိုင်ထားဆဲပါပဲ။

"လာပြန်ပြီဟေ့ နောက်တစ်ထုပ်"

ဆိုပြီး ပစ်တင်ပေးပြန်တော့ လက်ထဲကအထုပ်ကို ကျန်တဲ့ခြေထောက်မှာပို့ပြီး ထပ်ဖမ်းပြန်တာပါပဲ။ လူတွေ တဟားဟားနဲ့ ဝိုင်းကြည့်နေကြတာ ပွဲတစ်ခုလိုပါပဲ။ ပဲလှော် (၃)ထုပ်ရောက်သွားခဲ့ပါပြီ၊ မျက်မှန်ကို လွှတ်မချသေးပါဘူး။

"ကဲ- လာလေ့ကွာ၊ နောက်တစ်ထုပ်"

ဆိုပြီး (၄) ထုပ်မြောက် ပစ်တင်တဲ့အခါမှာတော့ ပဲလှော်မက်တဲ့မျောက်ဟာ လက်ထဲက စားမရတဲ့ရှောင်မျက်မှန်ကို လွှတ်ချလိုက်ပြီး ပဲလှော်ထုပ်ကိုသာ အမိအရ ဖမ်းယူလိုက်ပါတယ်။ အဲဒီမှာ မျက်မှန်ဟာ ခွပ်ခနဲ မြေပြင်ပေါ်ကျလာပါတော့တယ်။ ရှောင်မျက်မှန်ဆိုတာ ကွဲတဲ့အမျိုး မဟုတ်တော့ကာ ဘာမှမဖြစ်ပါဘူး။ ကြည့်တဲ့လူတွေက ညွန့်ရွှေကို ဝိုင်းပြီး ချီးကျူးကြပါတယ်။

"ဟားဟား- ဘယ့်နှယ်လဲ ခင်မောင်ကြည်၊ ဒီတစ်ခါလည်း ငါပဲနိုင်တာပဲကွနော်"

"ဒီတစ်ခါ ကျွေးရတာတော့ ငါ့မျက်မှန်ပြန်ရလို့ တန်ပါတယ်ကွာ။ မျောက်နဲ့ငါက အကျိုးကို မပေးပါဘူးကွာ၊ မျောက်နဲ့ကြံတိုင်း ငါရှုံးတာချည်းပဲ"

"မှတ်ထား ခင်မောင်ကြည်ရေ၊ ပြဿနာတစ်ခုကြုံရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ရတယ်ကွ။ ခုပဲကြည့်လေ၊ ရအောင်လုပ်တဲ့နည်းက အလွယ်လေးပဲ"

"ဟုတ်ပါတယ် ဆရာရယ်၊ ဟုတ်ပါတယ်။ ဆရာကယ်လို့သာ မျက်မှန်ပြန်ရတာ။ နို့မဟုတ်ရင် ထားခဲ့ရမယ့်ကိန်းပဲ။ ကဲ- တို့တွေ တောင်ပေါ်တက်ဘုရားဖူးပြီးရင် ပုဂံ-ညောင်ဦးဘက် ခရီးဆက်ရဦးမယ်။ တက်ကြစို့ကွာ"

ဆိုပြီး တောင်ကလပ်ပေါ် တက်ကြပါတယ်။ တောင်ကလပ်ပေါ်ကဆင်းပြီးတဲ့အခါ သူတို့ရဲ့ဂျစ်ကားလေးဟာ ပုဂံ-ညောင်ဦးဆီ ဦးတည်မောင်းထွက်ခဲ့ကြပါတော့တယ်။

*ချမ်းမြေ့ကြပါစေ*

မိုးကုတ်ကျော်ကျော်စိုး

*(မိုးကုတ်အပေါင်းအသင်းများသို့ အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

အေဒီ ၂၀၀ နှင့် အေဒီ ၄၀၀ ရာစု ကာလများတွင် တရုတ်မှတ်တမ်း၌ အရှေ့တောင်အာရှ နိုင်ငံများအကြောင်း ရေးသားဖော်ပြလာကြ၏။ အထူးသဖြင့် တောင်ပိုင်း ဝူနိုင်ငံ၏မှတ်တမ်းတွင် အရှေ့တောင်အာရှနိုင်ငံများ၏ အမည်နာမနှင့် အရပ်ဒေသကိုပါ ယှဉ်တွဲဖော်ပြထား၏။ ယင်းမှတ်တမ်းတွင် ပထမဦးဆုံးဖော်ပြသော နိုင်ငံမှာ ဖူနန်နိုင်ငံဖြစ်၏။ ထိုမှတ်တမ်းအရ ထိုစဉ်က ဖူနန်နိုင်ငံကို ဘုရင်မ Liu Ye (လုရီ) သို့မဟုတ် Ye Liu က အုပ်စိုးနေသည်။ ဘုရင်မ အမည်၏ အဓိပ္ပာယ်မှာ မိုးမခရွက် (Willow leaf) ဖြစ်၏။ ရေကြောင်းတိုက်ပွဲတစ်ခုတွင် ဘုရင်မကို တိုင်းတစ်ပါးမှ လူငယ်ခေါင်းဆောင်တစ်ဦးက အနိုင်ယူခဲ့၏။ ယင်းလူငယ်ခေါင်းဆောင်သည် No-Fu နိုင်ငံမှ ဖြစ်၏။ သူ၏တရုတ်အမည်မှာ ဟွန်ဟွေ (Hun-hui) ဖြစ်၏။ Hun-hui သည် ဘုရင်မ Liu-Ye ကို လက်ထပ်ယူပြီးနောက် ဘုရင်ဖြစ်လာ၏။ ထိုဘုရင်သည် အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်သိမ်းယူ၏။ Hun-hui နတ်ရွာမစံမီ Chin-lin/ Kin-lin (jinlin) ကို ချီတက်တိုက်ခိုက်ခဲ့၏။

မဲလက်နက် (Mallenet) ၏အဆိုအရ Chin-Lin ကို မဲခေါင်မြစ်ဝမှ ကီလိုမီတာ (၂၀၀) ခန့်ဝေးသော ဝိရာဇပူရဖြစ်သည်ဟုဆို၏။ သို့သော် ဗွိုက်စလာ (Boisselier) ကမူ ထိုင်းနိုင်ငံ ဥတောင်ဒေသ ဖြစ်မည်ဟု ဆို၏။

တရုတ်သမိုင်းမှတ်တမ်းလာ ကျင်လင် (Chin-Lin) သည် သက္ကတကျမ်းဂန်လာ သုဝဏ္ဏကုဍ (Suvarna-Kudya) (သုဝဏ္ဏကုဍ္ဍ Suvarna-Kuddga ) ရွှေတံတိုင်း (The Wall of Gold) ဖြစ်ကောင်းဖြစ်ပေမည်။ ဤအမည်သည် တရုတ်ဘာသာပြန်အမည် ကျင်လင် ရွှေနယ်ခြားနှင့် အတော်အတန်နီးစပ်သည်ဟု ယူဆရ၏။ ပါဠိကျမ်းဂန် မဟာနိဒ္ဒေသတွင် သုဝဏ္ဏကုဍ (ရွှေအထွတ်/ရွှေအစွန်း) ဟူသော အရပ်ဒေသတစ်ခု၏ အမည်နာမ ပါရှိ၏။ ဤသည်မှာလည်း တရုတ်မှတ်တမ်းလာ ကျင်လင်နှင့် ထပ်တူဖြစ်မည်ဟု ပညာရှင်တို့ ယူဆကြ၏။ အချို့က နခုံပထုံ (Nakorn Pathorm) ကို သုဝဏ္ဏကုဍဟု ယူလို၏။ အချို့ကမူ ထိုင်းပင်လယ်ကွေ့ကို ကျင်လင်ကွေ့ [Chin Lin ta-Wan (The Gulf of Chin-Lin )] ဟု ဖော်ပြခဲ့၏။ သည် ကြောင့် ကျင်လင်သည် နခုံပထုံ (နဝ… ပထမ၊ ပထမနဂရ) နှင့် ဥတောင်… ဗဟိုပြုသောဒေသဖြစ်မည်ဟု ပညာရှ… တို့ ယူလိုကြ၏။

ဤသည်တို့ကား ကျင်လင် … သော ဝေါဟာရနှင့် ကျင်လင်၏ အရ… ဒေသ၊ ကျင်လင်နှင့်ဆက်စပ်နေသော… လင်ယန် (လင်ယာင်) ဟူသော ဝေါဟာ… ရနှင့် လင်ယန်၏အရပ်ဒေသကို မဖော်… ထုတ်နိုင်မီက ပညာရှင်တို့ ယူဆခဲ့ကြ… သည့် အယူအဆ ဖြစ်ဟန်ရှိ၏။

ထို့အပြင် ရှင်သောဏနှင့် ဥတ္တ… ထေရ်တို့ ကြွရောက်ခဲ့သော သုဝဏ္ဏဘူ… သည် ထိုင်းနိုင်ငံရှိ ဥတောင် နခုံပထုံ… ဒေသ မဖြစ်နိုင်။ ထိုင်းနိုင်ငံ နခုံပထုံ… သည် သုဝဏ္ဏဘူမိမဟုတ် ဟူသော အ… ထောက်အထားကား အထက်ဖော်ပြ… အချက်တစ်ချက်တည်းမဟုတ်။ အခိုင်အမာ… ကျသော အချက်တစ်ချက် ရှိသေး၏… ဤအချက်သည် ခမာဘုရင် သီရိမာ… ကျင်လင်ကိုတိုက်ခိုက်ခြင်းနှင့် ပတ်သက်… နေ၏။


သုဝဏ္ဏဘူမိ၏တည်နေရာ (၄)

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

ခမာဘုရင် သီရိမာရ ကျင်လင်ကို တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ တရုတ်မှတ်တမ်းတွင်-


'ဖူနန်၏ အနောက်ဘက်တွင် လီ (၂၀၀၀) ကျော်ကွာ ပင်လယ်ကွေ့ကြီး၏ ထိပ်တွင်ရှိသော ကျင်လင် (ဝါ) ကျင်ချန်နိုင်ငံကိုကား မအောင်နိုင်ခဲ့ချေ။ ကျင်လင်နိုင်ငံမှ အတွင်းပိုင်းသို့ ကုန်းလမ်းခရီးဖြင့် လီ (၂၀၀၀) ကျော်ဝေးသော လင်ယာင်နိုင်ငံသို့ ရောက်၏။ ထိုနိုင်ငံမှာ နပဟိုု၊ ယုန်ချောင်နှင့် နယ်နိမိတ်အစပ် ဖြစ်၏။


ကျင်လင်အတွင်းပိုင်း လီ (၂၀၀၀) အကွာတွင်ရှိသော လင်ယာင် (လင်ယန်) တွင် မြေပြန့်လွင်ပြင်ရှိ၏။ အိမ်ထောင်စုပေါင်း တစ်သိန်းကျော် ရှိ၏။ တိုင်းသူပြည်သားတို့သည် ဗုဒ္ဓသာသနာကို ကိုးကွယ်ကြ၏။ ရဟန်း ထောင်ပေါင်းများစွာရှိ၏။ ကျင်လင်မှ ဤမြို့သို့သွားရန် ရေလမ်းခရီးမရှိ၊ မြင်း သို့မဟုတ် ရထားဖြင့်သာ သွားနိုင်၏'

စသည်ဖြင့် ရေးသားဖော်ပြခဲ့၏။

ဖော်ပြပါ အချက်များအရ လင်ယာင် (လင်ယန်) ကို ဖော်ထုတ်နိုင်လျှင် ကျင်လင်ကို ဖော်ထုတ်နိုင်မည်။ အပြန်အလှန်အားဖြင့် ကျင်လင်ကို ဖော်ထုတ်နိုင်လျှင်လည်း လင်ယန် (လင်ယာင်) ကို ဖော်ထုတ်နိုင်မည်။ ပြီးတော့ ကျင်လင်ဟူသော ဝေါဟာရသည် အိန္ဒိယစာပေကျမ်းဂန်လာ သုဝဏ္ဏဘူမိကို တရုတ်ဘာသာ ပြန်ဆိုထားခြင်း ဖြစ်၏။ သည့်ကြောင့် လင်ယန် (လင်ယာင်) နှင့် ကျင်လင်ကို ဖော်ထုတ်နိုင်လျှင်လည်း သုဝဏ္ဏဘူမိ၏တည်နေရာကို ဖော်ထုတ်နိုင်မည် ဖြစ်၏။ ကျင်လင်နှင့် လင်ယာင် (လင်ယန်) ကို ဖော်ထုတ်နိုင်လျှင် နခုံပထုံသည် သုဝဏ္ဏဘူမိ မဟုတ်ကြောင်း ပိုမိုရှင်းသွားပေမည်။

ခရစ်နှစ် ၂၂၀ ပြည့်နှစ်၌ တရုတ်ဟန်မင်းဆက် (၂၀၆ ဘီစီ-အေဒီ ၂၂၀)









www.burmeseclassic.com

www.burmeseclassic.com





မြန်မာမှတ်တမ်းများအရ ဖော်ပြသော သုဝဏ္ဏဘုမ္မိတိုင်းမြေပုံ
('ရာမည မြေပုံကို မြဒေါင်းရှင်၏ ရာဇာဓိရာဇ်စာအုပ်မှ ယူပါသည်။)




ပျက်၏။ ထို့နောက် တရုတ်ပြည်မြောက်ပိုင်းတွင် ဝေနိုင်ငံ၊ အနောက်တောင်ပိုင်းတွင် ရှုနိုင်ငံ၊ အရှေ့တောင်ပိုင်း ဝူနိုင်ငံ ဟူ၍ ပေါ်ပေါက်လာ၏။ ယင်းသုံးနိုင်ငံ ကွဲသောကာလကို တရုတ်သမိုင်းတွင် သုံးပြည်ထောင်ခေတ် (အေဒီ ၂၂၀) ဟု ခေါ်၏။

ထိုကာလတွင် (Chu ying) ကျူးယင်းနှင့် (Kang Tai) ခန်း(င်) ထိုက်ပါဝင်သော ဝူပြည်ထောင် သံအဖွဲ့သည် ကမ္ဘောဇဒေသသို့ သံတမန်ခရီးထွက်ခဲ့၏။ ကျူးယင်းနှင့် ခန်း (င်) ထိုက်တို့သည် မိမိတို့ရောက်ရှိရာအရပ်မှ ကြားကြားသမျှ၊ သိသိသမျှ မှတ်တမ်းပြုစုခဲ့၏။ ယင်းမှတ်တမ်းတွင် လင်ယန် (Lingyang) ဟူသော ဒေသအကြောင်းလည်း ပါ၏။ ထိုမှတ်တမ်းအရ တရုတ်ပြည် အနောက်ဘက် (အနောက်မြောက်ဘက်) တွင် လင်ယန်နိုင်ငံ တစ်နိုင်ငံ တည်ရှိကြောင်း၊ ဗုဒ္ဓဘာသာနိုင်ငံတစ်ခု ဖြစ်ကြောင်းကို တရုတ်တို့ သိရှိလာကြ၏။ သို့ဆိုလျှင် လင်ယန်သည် မည်သည့်နိုင်ငံဖြစ်သနည်း။ မည်သည့်ဒေသတွင် ရှိသနည်း။

၁၉၂၄ ခုနှစ်တွင် ဒေါက်တာလုစ်က လင်ယန်နိုင်ငံသည် မြန်မာနိုင်ငံမြောက်ပိုင်း (သို့မဟုတ်) အလယ်ပိုင်းတွင်တည်ရှိပေမည်ဟူ၍ လည်းကောင်း၊ လင်ယန်သည် မြန်မာပြည်မြောက်ပိုင်းတွင်တည်ရှိပြီး ရှေးခေတ် တရုတ်- အိန္ဒိယ ကုန်းလမ်း ကုန်သွယ်ရေးလမ်းကြောင်း အနီးတစ်ဝိုက်တွင် တည်ရှိတန်ရာသည် ဟူ၍လည်းကောင်း ယူဆခဲ့၏။ သို့သော် ရှေးခေတ် တရုတ်-အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းသည် မြန်မာနိုင်ငံမြောက်ပိုင်း မည်သည့်ဒေသတွင် ကျော်ဖြတ်ခဲ့သည်ကို ထိုစဉ်က ဆရာကြီး ဒေါက်တာလုစ်က မရှင်းလင်းခဲ့။

တစ်ဖန် ၁၉၉၃ တွင် ဒေါက်တာလုစ်က လင်ယန်သည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိမည်ဟု ဆိုလာပြန်၏။ သို့သော် ၁၉၆၅ တွင် လင်ယန်နိုင်ငံသည် ထိုင်းနိုင်ငံရှိ ဟရိပုဉ္စ ဖြစ်မည်ဟု ထုတ်ဖော်ပြောကြားလာပြန်၏။

၁၉၅၈ ခုနှစ်က ကွမ်ကျိုးမြို့ (Guanghou) ဆွန်ယက်ဆင်တက္ကသိုလ်မှ ပါမောက္ခချန်ယွိကျင်း (Chen Hstisching) က 'မွန်တို့၏နိုင်ငံများ' ဟူသော စာတမ်းတစ်စောင် ပြုစုခဲ့၏။ ယင်းစာတမ်းတွင် လင်ယန်သည် ရာမညဒေသကို ဆိုလိုကြောင်း ထုတ်ဖော်ရေးသားထား၏။ သို့သော် လင်ယန်၏ တည်နေရာကိုလည်းကောင်း၊ အဘယ်ကြောင့် လင်ယန်သည် ရာမညဒေသဖြစ်ရသည်ကိုလည်းကောင်း ဆရာကြီး ပါမောက္ခချန်ယွိကျင်း မရှင်းပြနိုင်ခဲ့။

သည့်နောက် ပါမောက္ခ ချန်ယွိကျင်းက လင်ယန် ဟူသော ဝေါဟာရသည် ရာမညကို အသံလှယ်ထားသည် ဟု အခိုင်အမာဆိုလာ၏။ လင်ယန်၏ တည်နေရာကို မုတ္တမပင်လယ်ကွေ့ရှိ ရာမညဒေသ ဟူ၍ လည်းကောင်း၊ ယခုခေတ် ထိုင်းနိုင်ငံ (သို့မဟုတ်) ထိုင်းနိုင်ငံ၏တစ်စိတ်တစ်ဒေသ၊ မြန်မာနိုင်ငံနှင့် မလေးကျွန်းဆွယ်တစ်ဝိုက် ဟူ၍ လည်းကောင်း ထုတ်ဖော်ရေးသားခဲ့၏။

၁၉၆၁ ခုတွင် စင်ကာပူ နန်ယန်တက္ကသိုလ် (Nan Yang University) အရှေ့တောင်အာရှ သမိုင်းပါမောက္ခ ယွန်ချီယောင်က ထိုင်းနိုင်ငံ (Panguk)



www.burmeseclassic.com

www.burmeseclassic.com

ဒေသကို လင်ယန်နိုင်ငံဟု ထင်မှတ်မှားခဲ့၏။ ပါမောက္ခ ယွိယွန်ချိယောင်သည်လည်း လင်ယန်၏မူလအမည်ကို မထုတ်ဖော်နိုင်ခဲ့။

၁၉၉၆ ခုတွင် ဆရာဦးဘရှင်က 'ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်' စာတမ်းတစ်စောင် ရေးသားခဲ့၏။ ယင်းစာတမ်းတွင် ဗိဿနိုးမြို့သည် တရုတ်မှတ်တမ်းလာ လင်ယန်နိုင်ငံဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ရေးသားထား၏၊ သို့သော် ဆရာဦးဘရှင်သည် လင်ယန်၏ မူလဇာစ်မြစ်ကို လည်းကောင်း၊ လင်ယန်နှင့် ပတ်သက်၍ တိမ်မြုပ်နေသည့်သမိုင်းဖြစ်ရပ်မှန်ကို လည်းကောင်း မထုတ်ဖော်နိုင်ခဲ့။


လင်ယန် ဟူသော တရုတ်ဝေါဟာရ၏ ရှေးဟောင်းအသံထွက်သည် Lam-young နှင့် ခပ်ဆင်ဆင်ဖြစ်၍ ရာမည် (Raman)၊ ရာမည် (Rman) ကို အသံလှယ်ထားသည့်စကားလုံး ဖြစ်၏။ လင်ယန်သည် မွန် (ရမည်) တို့၏ အခြေချနေထိုင်ရာအရပ်ဖြစ်သဖြင့် ထိုအရပ်၏အမည်ကို တရုတ်တို့ကြားသိခဲ့ရသည့်အတိုင်း လင်ယန်ဟု အသံလှယ်ခဲ့ခြင်း ဖြစ်တန်ရာ၏။


ဗိဿနိုးသည် လင်ယန်ပင် ဖြစ်သည်ဟု အထက်ဖော်ပြပါ ဆရာဦးဘရှင်၏အဆိုသည် လက်သင့်ခံနိုင်သော အဆို ဖြစ်၏။ သို့သော် ပျူတို့ဒေသဖြစ်သော ဗိဿနိုးသည် အဘယ်ကြောင့် မွန် (ရမည်) တို့၏နေရပ် ဖြစ်လာရသနည်း။

ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိချက်အရ ဗိဿနိုးမြို့သည် ခရစ်နှစ် (၅) ရာစုအထိ တည်တံ့ခဲ့၏။ မြို့ဆိတ်သုဉ်းမသွားမီ မြို့ပျက်အဖြစ်သို့ တစ်ကြိမ်ရောက်ရှိခဲ့ကြောင်း သိရှိရ၏။ ဗိဿနိုး တစ်ကြိမ် ဖျက်ဆီးခံရသော ကာလသည် သီရိမာရ အုပ်စိုးသော ကမ္ဘောဇနိုင်ငံ (ခမာနိုင်ငံ) အင်အားကြီးနေချိန် ဖြစ်၏။ သီရိမာရဦးဆောင်သည့် ခမာတပ်များ ဗိဿနိုးကို ချင်းနင်းဝင်ရောက်လာသောအခါ ပျူများ စစ်ရှုံးခဲ့၏။ ပျူအုပ်ချုပ်သူ လူတန်းစားများ ဗိဿနိုးကို စွန့်လွှတ်ပြီး ဆုတ်ခွာလာရာ အချို့သည် ဟန်လင်းသို့ရောက်ရှိသွား၏။ အချို့တို့သည် နောင်အခါ သရေခေတ္တရာဟု တွင်မည့်အရပ်သို့ ရောက်ရှိသွား၏။

ဗိဿနိုးသို့ ခမာတပ်ဖွဲ့များ ဝင်ရောက်ချိန်သည် ခရစ်နှစ် (၂၁၀-၂၁၅) ခုအတွင်း ဖြစ်တန်ရာ၏။ ခမာနိုင်ငံတွင်

အိန္ဒိယ ယဉ်ကျေးမှုရောက်ရှိသည့် အရှေ့အရှေ့တောင် ဒေသများ



**အရှေ့တောင်အာရှ အိန္ဒိယနှင့် တရုတ်တို့၏ ခေတ်ဦးဆက်သွယ်ရာပြမြေပုံ**

သီရိမာရနှင့် ယင်း၏သား သုဝဏ္ဏဇိဝ အနိစ္စရောက်ပြီးနောက် ဝါရိမန်နန်းတက်သောအခါ ဗိဿနိုးမှ ခမာတပ်များ ရုပ်သိမ်းခဲ့၏။ ထိုအချိန်ကား ခရစ်နှစ် ၂၂၅ ဖြစ်၏။

ဗိဿနိုးမှ ခမာတပ်ဖွဲ့များ ရုပ်သိမ်းကြောင်း ကြားသိရသောအခါ မဲနမ်မြစ်ဝှမ်းများ ပျူ-ခမာ ကုန်းလမ်းဖြင့်လည်းကောင်း၊ စစ်တောင်းမြစ်အကြေပိုင်းမှ မွန်များ စစ်တောင်းမြစ်ဝှမ်းအတိုင်းဖြင့်လည်းကောင်း၊ ဗိဿနိုးသို့ချင်းနင်းဝင်ရောက်လာပြီး ဗိဿနိုးကို သိမ်းပိုက်လိုက်၏။ ထို့ကြောင့် ဗိဿနိုးသည် ရာမညပုရ၊ ရာမညနာဂရဟု တွင်လာ၏။ အိန္ဒိယနှင့် ခမာတို့ကလည်း ဗိဿနိုးကို ရာမညပုရ၊ ရာမညနာဂရဟုပင် ခေါ်ဝေါ်ခဲ့၏။ ခရစ်နှစ် ၃ ရာစု (၂၃၀ -၂၃၁ ခန့်) တရုတ်မှတ်တမ်းလာ ကျူးယင်း (င်) နှင့် ခန်း (င်) ထိုက်တို့သည် ခမာနိုင်ငံသို့ရောက်ရှိစဉ်က ခမာများထံမှကြားရသော ရာမညပုရမှ ရမည်ကို လင်ယန် (လင်ယာင်) ဟု တရုတ်ဘာသာစကားဖြင့် အသံလှယ်ခဲ့သည်။ ထို့ကြောင့် ရာမညနဂရသည် လင်ယန် (လင်ယာင်) ဖြစ်၏။ ထို့ကြောင့် လင်ယန်သည် ဗိဿနိုး ဖြစ်၏။

ကျင်လင်သည် မုတ္တမ ပင်လယ်ကွေ့ပေါ်တွင်တည်ရှိသော သုဝဏ္ဏဘူမိ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ အသောကနိုင်ငံတော်နှင့် သာသနာပြု (ကိုး) ဌာန၊ ကျောက်တိုင်ဌာနများ မြေပုံတွင် ရှင်သောဏနှင့် ဥတ္တရထေရ်တို့ သာသနာပြုရာဌာန သုဝဏ္ဏဘူမိ (သထုံ) ကို သုဝဏ္ဏဘူမိအဖြစ် ဖော်ပြခဲ့ကြောင်းတင်ပြပြီး ဖြစ်၏။ ထို့အတူ အိန္ဒိယယဉ်ကျေးမှုများ ရောက်ရှိရာ အာရှအရှေ့တောင်ဒေသများမြေပုံတွင်လည်း သုဝဏ္ဏဘူမိကို ထိုနေရာမှာပင် ထပ်ထူထပ်မျှ ဖော်ပြထား၏။ အရှေ့တောင်အာရှ အိန္ဒိယနှင့်တရုတ်တို့၏ ခေတ်ဦးဆက်သွယ်ရာပြ မြေပုံတွင်လည်း သုဝဏ္ဏဘူမိကို ယခုလက်ရှိ သထုံနေရာမှာပင် ဖော်ပြထား၏။ ခေတ်ပြိုင်တရုတ်ကျမ်းများအရဖြစ်သော အာရှအရှေ့တောင်ဒေသ (အေဒီ ၁ ရာစု၊ ၅ ရာစုနှစ်များအထိ) မြေပုံတွင် ကျင်လင်ကို သုဝဏ္ဏဘူမိအဖြစ် ဖော်ပြထား၏။ လင်ယန် (လင်ယာင်) ကိုလည်း ဗိဿနိုးအဖြစ် ဖော်ပြထား၏။ သည့်ကြောင့် ကျင်လင်သည် သုဝဏ္ဏဘူမိဖြစ်၍ လင်ယန် (လင်ယာင်)သည် ဗိဿနိုးဖြစ်၏။

သို့သော် စုမတြာနှင့် နခုံပထုံကို သုဝဏ္ဏဖြစ်သည်ဟု စောဒကတက်သူများ ရှိ၏။ စုမတြာမှ မြင်းရထားဖြင့် ဗိဿနိုးသို့ မလာနိုင်။ မြေပုံပေါ်တွင်လည်း စုမတြာကို ကျင်လင်ဟု ဖော်ပြထားခြင်း မရှိ။ နခုံပထုံကား ထိုင်းနိုင်ငံတွင် ရှိ၏။ ဗိဿနိုးသည် နခုံပထုံ၏အတွင်းဘက်ကျသည်ဟု မဆိုနိုင်။ ဖော်ပြပါ မြေပုံတွင်လည်း ကျင်လင်ကို နခုံပထုံဖြစ်သည်ဟု ဖော်ပြထာခြင်း မရှိ။

သည့်ကြောင့် အိန္ဒိယစာပေအထောက်အထား၊ သာသနာဝင်မှတ်တမ်းမှတ်ရာအထောက်အထား၊ သမိုင်းဆိုင်ရာအထောက်အထားနှင့် တရုတ်စာပေဆိုင်ရာ အထောက်အထားများအရ သထုံ ကေလာသတောင်၊ တိုက်ကုလားမြို့ဟောင်း (ယခင် မိခဲ့န်) မွန်ဆိပ်ကမ်းမြို့နှင့် အနီးအနားဒေသများ သုဝဏ္ဏဘူမိဖြစ်သည်ဟု တထစ်ချ ပြောနိုင်၏။

သည့်ထက် ကျယ်ကျယ်ပြန့်ပြန့် ဆိုရသော်-

'မြန်မာမင်း မှတ်တမ်းများတွင် သုဝဏ္ဏဘူမိတိုင်းသည် မြန်မာပြည်အောက်ပိုင်း ရှေးက ရာမညခေါ်သော တိုင်းနိုင်ငံ ဖြစ်၏'

*(ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော်)*

နိုင်ခင်မောင်လေး

## ကျမ်းကိုးစာရင်း


၁။ တောင်ပေါက်ဆရာတော်၊ သာသနိကပဋ္ဌဝိဝင်ကျမ်း

၂။ ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော် (ဒုတိယအတွဲ)

၃။ ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော် (တတိယအတွဲ)

၄။ အမတ်ကြီး မဟာဓမ္မသင်္ကြန်၊ သာသနာလင်္ကာရစာတမ်း (ဒုတိအကြိမ်)၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။

၅။ ဦးပညာ၊ သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီး၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ သထုံမြို့။

၆။ ဦးပညာ၊ သထုံရာဇဝင်နှင့် ဗြဟ္မဇလသုတ်၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ သထုံမြို့။

၇။ မှော်ဘီဆရာသိန်း၊ ဘုရားသမိုင်းပေါင်းချုပ် (ဒုတိယအကြိမ်)၊ ရာပြည့်စာအုပ်တိုက်၊ ရန်ကုန်၊ ၂၀၁၀။

၈။ မြန်မာရှေးဟောင်းမြို့တော်များ၊ သမိုင်းသုတေသနဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၇။

၉။ နိုင်ခင်မောင်လေး၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မွန်တို့၏ မြို့ပြနိုင်ငံများ၊ ကမ္ဘာလုံးစာပေ၊ ရန်ကုန်၊ ၁၉၉၉။

၁၀။ နိုင်ခင်မောင်လေး၊ မွန်သမိုင်းပုံရိပ်များနှင့် အခြားဆောင်းပါးများ၊ ကျော်လွင်စာပေ၊ ၂၀၁၁၊ ရန်ကုန်။

၁၁။ ရွှေစကြာဦးစိုးမြင့်၊ ဗုဒ္ဓရောင်ခြည်နှင့်ပုဂံမြို့၊ မြစပယ်စာပေ၊ ရန်ကုန်၊ ၁၉၈၃။

၁၂။ ဆရာမာဃ၊ ပုသိမ်ရာဇဝင်၊ ဖွဲ့စာပေရိပ်မြုံ၊ ရန်ကုန်၊ ၁၉၆၇။

၁၃။ ဦးပညာသာမိ (ဘုံပျံဆရာတော်)၊ ဗိုလ်တထောင် ဆံတော်ဦးစေတီတော်သမိုင်းအကျဉ်း (ဆဋ္ဌမင်း)၊ ဦးအောင်ဆု၊ ရန်ကုန်၊ ၂၀၀၅။

၁၄။ စစ်ကဲဦးရွှေနော်၊ မွန်ရာဇပင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်။

၁၅။ ဦးဘရှင်၊ ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၁၊ အပိုင်း -၃၊ ၁၉၆၆။

၁၆။ ဦးသော်ဇင်၊ ဗုဒ္ဓဓမ္မနိုင်ငံတော်၊ ယမုံနာစာပေ၊ ရန်ကုန်၊ ၁၉၇၆။

၁၇။ ဦးမြင့်၊ မုတုံမြို့ ကန်ကြီးစေတီတော်သမိုင်း၊ ဦးမြင့်၊ မုတုံမြို့၊ ၁၉၈၁။

၁၈။ ဦးဘေ၊ ရာဇဝံသဇာလိနီမည်သော ပုဂံရာဇဝင်သစ်၊ သင်းစာပေ၊ ရန်ကုန်။

၁၉။ သာသနာလင်္ကာရစာတမ်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၆။

၂၀။ ကောင်းစျာန်သိမ်း၊ ကမ္ဘာ့ဗုဒ္ဓ၊ ဦးအောင်မြင့်၊ ရန်ကုန်၊ ၂၀၁၀။

၂၁။ ရှာရှာဖွေဖွေမြန်မာ့သမိုင်း၊ အတွဲ (၂)၊ ဦးကြည်ဝင်း၊ ရန်ကုန်၊ ၁၉၉၉။

၂၂။ မဲထီးဆရာတော်၊ ဝံသဒီပနီ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၆။

၂၃။ တိုက်စိုး၊ ဗုဒ္ဓဘာသာ၊ အနုပညာနိဒါန်း၊ တက္ကသိုလ်မြစ်မင်းစာပေ၊ ရန်ကုန်၊ ၁၉၇၆။

၂၄။ ဦးအာလောက၊ သာသနာဝင်ကျမ်း၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၆။

၂၅။ ဦးအောင်သော်၊ ဗိဿနိုးမြို့ဟောင်း၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၁၊ အပိုင်း-၂၊ ၁၉၆၆။

၂၆။ မိလိန္ဒပါဠိတော် မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်။

၂၇။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)၊ လမ်းစဉ်ပါတီဌာနချုပ်၊ ရန်ကုန် ၁၉၇၀။

၂၈။ ဒေါက်တာသန်းထွန်း၊ မြန်မာ့သမိုင်းပုံ၊ မုံရွေးစာအုပ်တိုက်၊ ရန်ကုန်။

၂၉။ ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်းမြန်မာရာဇဝင်။


## အင်္ဂလိပ်စာအုပ်


1. Dr.Nai Pan Hla, Archaeological Aspects of Pyu Mon Myanmar, Thin Sapay, Yangon.
2. Lawremce Parmier Briggs, The Ancient Khmer Empire.
3. Traditions of Knowledge in Southeast Asia part II, Ministery of Education Yangon.
4. Luce, G-H, Countries Neighbouring Burma, JBRS (XIV).
5. Bimala Churn Law, The History of Buddha's Religion, Luzac & Co.lt, London, 1952.




www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟောကြားနိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များ

△ ဘုံရတနာသရာရေးယျာလင်း



သုံးလောကထွတ်ထား ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နိပါတ်တော် ကျမ်းဂန်များလာ ဂါထာမန္တန် အမှတ် (၇) အဖြစ် ဖော်ထုတ်တင်ပြလိုသော ဂါထာမန္တန်မှာ ငါးရာ့ငါးဆယ် နိပါတ်တော်ဝင် မောရဇာတက ဝတ္ထုတော်လာ ဘုရားလောင်း ရွှေဥဒေါင်းမင်းဖြစ်စဉ်ကာလက ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့သော၊ ယခုခေတ်၌ ပရိတ်ကြီး (၁၁) သုတ်တော်၌ အပါအဝင်ဖြစ်သည့် မောရပရိတ်တော်ဟု လူသိများသော မောရမန္တန်တော်ကြီးအကြောင်းပင် ဖြစ်ပါချေသည်။ ထိုမောရပရိတ်တော် (ဝါ) မောရမန္တန်တော်ကြီးကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ကလေး၊ လူကြီးမဟူ ကြားဖူးကြ၊ နာဖူးကြသည်က များပါသည်။ 'စက္ခုမာ ဧကရာဇာ ဟရိဿ ဝဏ္ဏော' ဟူသော မောရသုတ်ခေါ် မောရမန္တန်ကြီး၏ အစစာလုံးအက္ခရာများ ရွတ်ဖတ်သံကြားလိုက်လျှင် ထိုမောရသုတ်တော်ကို အစအဆုံး အာဂုံဆောင်မရကြသည့်တိုင် ထိုသုတ်တော်၊ မန္တန်တော်သည် မောရသုတ်တော်၊ မောရမန္တန်တော် ဟူသည်ကိုကား လူတိုင်းနီးပါး သိကြပါလေသည်။ ထိုမောရသုတ်တော်ကြီးကို ထိုသို့ ကြားဖူးနားဝရှိကြသကဲ့သို့ ထိုမောရသုတ်တော်၊ မောရမန္တန်တော်ကြီး မြစ်ဖျားခံ ဆင်းသက် ပေါ်ပေါက်လာရသော မောရဇာတကဝတ္ထုတော်ကြီးနှင့်လည်း မစိမ်းကြပါ။ အကြောင်းမူ ထိုမောရဇာတကဝတ္ထုတော်ကြီးကို ရှေးရှေးက ဇာတ်သဘင်ရှေ့ဆောင် မင်းသားကြီး ဂရိတ်ဖိုးစိန် လက်ထက်မှစ၍ ယခုမျက်မှောက်ကာလတိုင် ဇာတ်သဘင်ပညာရှင်များ၊ အမြင့်သဘင်(ရုပ်သေး)ပညာရှင်များ ခေတ်အဆက်ဆက် က,ပြခဲ့ကြ၊ ဓာတ်ပြားအသံသွင်းခဲ့ကြသဖြင့် ထိုမောရ ဇာတကဝတ္ထုဇာတ်လမ်းကို လူတိုင်းလောက်နီးပါး ရင်းနှီး သိရှိကြပါသည်။ သို့သော် သာမန်မျှ သိသူများ၊ ဇာတ်တော်ကြီးအား လုံးဝ မသိသူများ ဂဃဏန သိရှိကြစေရန်နှင့် မောရသုတ်တော်ကြီး ပေါ်ထွန်း ဖြစ်တည်လာပုံကို သိကြစေရန်အလို့ငှာ ဇာတ်လမ်းအကျဉ်းအား ဖော်ပြလိုက်ရပါသည်။

✿

ရှေးအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံတော်မူစဉ် ဘုရားလောင်းသည် ရွှေဥဒေါင်းမင်းဖြစ်၍ ဟိ



www.burmeseclassic.com

www.burmeseclassic.com

မဝန္တာရှိ ဒဏ္ဍကတောင်၌နေသည်။ ထို ရွှေဥဒေါင်းမင်း၏ ထူးခြားသောအလေ့ တစ်ခုကား နံနက် နေထွက်ချိန်နှင့် ညနေ နေဝင်ချိန်တို့တွင် ဒဏ္ဍကတောင် ထိပ်ပေါ်၌ရပ်ကာ ထွက်ပြူစ,နေဝန်းနှင့် ကွယ်လျှိုးစ,နေဝန်းများကို ကြည့်၍ အရုံအတားဖြစ်စေရန် မန္တရားကို ရွတ်ဖတ်လျက် ထွက်နေ၊ ဝင်နေထံ၌ ဆုတောင်းဆုယူလေ့ ရှိ၏။ ထိုမန္တရားကား ယခုသိရှိနေကြသော မောရသုတ်တော်ပင် ဖြစ်ပေသည်။ ထိုမောရမန္တရား၏အာနုဘော်ကြောင့် ရွှေဥဒေါင်းမင်းကို မည်သည့် ဘေးအန္တရာယ်မျှ ကျရောက်ခဲ့ခြင်း မရှိခဲ့ချေ။ တစ်ခါသော် မုဆိုးတစ်ယောက်သည် ရွှေဥဒေါင်းမင်းကို မြင်တွေ့သွားခဲ့ရာ မုဆိုးသည် သူ၏သားဖြစ်သူကို တစ်ဆင့်စကား မှာကြားထားခဲ့လေသည်။

သို့ဖြင့် တစ်ခုသောညတွင် ဗာရာဏသီမင်းကြီး၏ 'ခေမာ' မည်သော မိဖုရားသည် တရားဟောနေသော ရွှေဥဒေါင်းမင်းကိုမြင်တွေ့ခဲ့ရသည်ဟု အိပ်မက်မက်လေသည်။ သို့နှင့် မိဖုရားက အိပ်မက်ထဲတွင် တွေ့လိုက်ရသော ရွှေဥဒေါင်းမင်း၏တရားကို ကြားနာလိုကြောင်း မင်းအား ပူဆာရာ မုဆိုးများကို စုဝေးစေလျက် ရွှေဥဒေါင်းမင်းရှိသည့်အရပ်ကို မေးလေလျှင် ဥဒေါင်းမင်းကို တွေ့ခဲ့ရသော မုဆိုးကြီး၏သား မုဆိုးက ဒဏ္ဍကတောင်၌ရှိကြောင်းကို တင်လျှောက်သည်။ ထို့ကြောင့် ထိုသားမုဆိုးကိုပင် မင်းကြီးက ရွှေဥဒေါင်းမင်းကိုဖမ်းရန် တာဝန်ပေးခဲ့သဖြင့် မုဆိုးလည်း ရွှေဥဒေါင်းမင်းကို ဖမ်းရန် ကြိုးစားခဲ့ပါသော်လည်း (၇) နှစ်တာကာလမျှ ကြာမြင့်သည့်တိုင် စောင့်စားဖမ်းဆီး၍မရခဲ့ဘဲ မုဆိုးနှင့် မိဖုရားတို့သာ သေလွန်၍သွားခဲ့ကြလေသည်။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ရွှေဥဒေါင်းမင်းအပေါ်တွင် အမျက်ထားကာ ဟိမဝန္တာရှိ ဒဏ္ဍကတောင်၌ရှိနေသော ရွှေဥဒေါင်းမင်း၏အသားကို စားရသူတို့သည် အိုမှု၊ နာမှု၊ သေမှုတို့မှ ကင်းလွတ်နိုင်သည် ဆိုသော စာတမ်းကို ရွှေသားရွှေပြားပေါ်တွင် ရေးထိုးထားခဲ့ပြီးနောက် နတ်ရွာစံလေသည်။ ဤသို့ဖြင့် ထိုမင်းနောက် မင်း (၇) ဆက်မြောက်သည့် ကာလတိုင် အို၊ နာ၊ သေဘေးမှ လွတ်ကင်းသည်ဆို၍ ရွှေဥဒေါင်းမင်းအသားကိုစားလို၍ ဖမ်းဆီးရယူရန် ကြိုးစားခဲ့ကြသော်လည်း ဖမ်းဆီး၍ မရခဲ့ကြပေ။ အကြောင်းသော်ကား ရွှေဥဒေါင်းမင်းသည် ထိုအချိန်များကာလတစ်လျှောက်လုံး၌ နေ့စဉ် ရွတ်ဖတ်နေသော မောရမန္တရားကို မပျက်မကွက် သရဇ္ဈာယ်နေခဲ့သောကြောင့် မန္တရား၏အာနုဘော်ဖြင့် ရွှေဥဒေါင်းမင်းကိုဖမ်း၍ မရနိုင်ခြင်းဖြစ်ပေသည်။ သို့ရာတွင် (၇) ဆက်မြောက်သောမင်း လက်ထက်၌မူကား ထိုမင်း၏အမှုတော်ကို ထမ်းရွက်သောမုဆိုးမှာမူ လိမ္မာပါးနပ်လှသဖြင့် သူမွေးထားသော ဥဒေါင်းပျိုမလေးတစ်ကောင်ဖြင့် ဖြားယောင်း၍ ထောင်ဖမ်းရာ ရွှေဥဒေါင်းမင်းသည် မောရမန္တရားကို ရွတ်ဖတ်ရန် မေ့လျော့ပြီး ဣတ္ထိယမာယာ ညွှတ်ကွင်းသို့ သက်ဆင်းမိသဖြင့် မုဆိုး၏ကျော့ကွင်း၌ မိလေတော့သည်။

သို့နှင့် နောက်ဆုံး မင်းထံရောက်လာသောအခါ၌ ရွှေဥဒေါင်းမင်းက ဗြဟ္မဒတ်မင်းအား မိမိကို မည်သည့်အတွက်ကြောင့် ဖမ်းခိုင်းရပါသနည်းဟု မေးလေသည်။ ထိုအခါ မင်းက မိမိတို့ဘိုး၊ ဘေး၊ ဘီလက်ထက်က ထားရစ်ခဲ့သော ရွှေပုရပိုက်ပါအညွှန်းစာအရ ဖမ်းရကြောင်း ပြော်ပြလေသည်။ ဤတွင် အလောင်းတော်ရွှေဥဒေါင်းမင်းက မိမိ၌ ယခုကဲ့သို့ ရွှေအဆင်းရှိရခြင်းမှာ ရှေးအတီတေ ကာလတစ်ခုက ဤမြို့၌ပင် မိမိသည် စကြဝတေးမင်းဖြစ်ခဲ့စဉ်က ငါးပါးသောပဥ္စသီလကို စောင့်ထိန်းခဲ့၍ဖြစ်ကြောင်း၊ ဤစကားကို မယုံကြည်လေက မိမိ စကြဝတေးမင်းဘဝက စီးနင်းခဲ့သော စကြာရတနာရထားကို မင်္ဂလာရေကန်တော်၌မြှုပ်နှံထားခဲ့ရာ ယခုဖော်ကြည့်နိုင်ကြောင်း ပြောပြလိုက်သည်။ သို့နှင့် မင်းလည်း ရေကန်တော်ကိုဖော်ကြည့်ရာ စကြာရတနာရထားကို အမှန်တကယ် တွေ့ကြရသဖြင့် ရွှေဥဒေါင်းမင်း၏စကားကို ယုံကြည်လက်ခံလိုက်လေသည်။ ထို့နောက် ရွှေဥဒေါင်းမင်းလည်း မင်းကြီးအား တရားဟောလျက် ပဥ္စသီလ၌တည်စေပြီးလျှင် နန်းတော်၌ (၂) ရက်၊ (၃) ရက်ကြာ နေပြီးနောက် မိမိ၏နေရပ်ဖြစ်သော ဟိမဝန္တာရှိ ဒဏ္ဍကတောင်သို့ ပြန်သွားခဲ့လေတော့သည်။

ဤကား မောရမန္တရား (ဝါ) မောရသုတ်တော် ဖြစ်ထွန်းပေါ်ပေါက်လာရသော နောက်ခံဇာတ်ကြောင်း ရာဇဝင်သမိုင်း ဖြစ်ပေသည်။ အထက်ပါဇာတ်တော်တွင် ပြန်လည် လေ့လာသုံးသပ်ကြည့်ပါက ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်းကြီးသည် နေ့စဉ် နံနက်၊ ညနေ (၂) ကြိမ် နံနက်နေဝန်း၊ ညနေ နေ ဝန်းတို့အားကြည့်ကာ မောရမန္တရားတို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ခြင်းကြောင့် ဘေး ဥပဒ်အန္တရာယ်အမျိုးမျိုးတို့မှ ကင်းလွတ် ချမ်းသာလာခဲ့သည်မှာ ပထမ ဗြဟ္မဒတ် မင်းလက်ထက်မှသည် ဆဋ္ဌမမြောက် မင်းဆက်အထိဖြစ်ပြီး သတ္တမမြောက် မင်းဆက်လက်ထက်ကျမှ လိမ္မာပါးနပ် သောမုဆိုးက ဥဒေါင်းပျိုမလေးကို အ သုံးချလျက် ဣတ္ထိယမာယာ ပလီပလာ တီတီတာတာလေးနှင့် ဖြားယောင်းမြှူ ဆွယ်လိုက်သောအခါတွင်ကျမှ ကိလေ သာ တဏှာ မကင်းနိုင်သေးသော အ လောင်းတော်ဥဒေါင်းမင်းကြီးခမျာ အ သံကြား၍ မောရမန္တရားကိုရွတ်ရန်ပင် သတိမရတော့ဘဲ မေ့မြောသွားလေ သောကြောင့် မုဆိုးထောင်သောညွှတ် ကွင်းသို့ သက်ဆင်းမိပြီး ဖမ်းဆီးခံခဲ့ရ လေတော့သည်။

ဤသာဓကဖြစ်ရပ်ကို ကြည့်လျှင် မင်းဆက် (၆) ဆက်တိတိ မည်သည့် မုဆိုးမျှ ကြံစည်ဖမ်းဆီးခြင်း မခံရဘဲ အလောင်းတော် ရွှေဥဒေါင်းမင်းကြီး ဘေးမသီ ရန်မခဘဲ အေးချမ်းစွာ နေနိုင် ခဲ့ခြင်းမှာ မောရမန္တရားခေါ် မောရသုတ် တော်၏အာနုဘော်အစွမ်းကြောင့် ဖြစ် ပါလေကြောင်း တွေ့ရပါသည်။ ထို တန်ခိုးအာနုဘော် ကြီးမားလှသော အ လောင်းတော်ရွှေဥဒေါင်းမင်းကြီး ဆောင် ယူရွတ်ပွား သရဇ္ဈာယ်ခဲ့သော မောရမန္တ ရားခေါ် မောရသုတ်တော်မှာ အောက် ပါအတိုင်း ဖြစ်ပါသည်။

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ
မောရယောနိယံ။ ယေန သံဝိ
တာရက္ခံ၊ မဟာသတ္တံ ဝနေစရာ၊

၂။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ကိံသု
ဂဏှိတုံ။ ဗြဟ္မမန္တန္တိ အက္ခာတံ
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဥဒေတယံ စက္ခုမာ ဧကရာဇာ
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာ
သော၊ တံ တံ နမဿာမိ ဟရိဿ
ဝဏ္ဏံ ပထဝိပ္ပဘာသံ၊ တယာဇ္ဇ
ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၄။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ
တေ မေ နမော တေ စ မံ ပါ
လယန္တု။ နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု
ဗောဓိယာ၊ နမော ဝိမုတ္တာနံ
နမော ဝိမုတ္တိယာ။ ဣမံ သော
ပရိတ္တံ ကတွာ၊ မောရော စရတိ
ဧသနာ။

၅။ အပေတယံ စက္ခုမာ ဧကရာဇာ



www.burmeseclassic.com

www.burmeseclassic.com

ဟာရိဿဝဏ္ဏော ပထဝိပ္ပဘာသော။ တံ တံ နမဿာမိ ဟာရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊ တယာဇ္ဇ ဂုတ္တာ၊ ဝိဟာရေမု ရတ္တိံ။

၆။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊ တေ မေ နမော တေ စ မံ ပါလယန္တု။ နမတ္ထု ဗုဒ္ဓါနံ၊ နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။ ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါ သမကပ္ပယီ။

၁။ **ဗောဓိသမ္ဘာရေ-** အရိယမဂ်ဉာဏ်, သဗ္ဗညုဉာဏ်၏အဆောက်အအုံဖြစ်ကုန်သော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို၊ **ပူရေတွာ-** ဖြည့်တော်မူသော၊ **မောရယောနိယံ-** ဥဒေါင်းမျိုး၌၊ **နိဗ္ဗတ္တံ-** ဖြစ်ထသော၊ **သံဝိဟိတာရက္ခံ-** ကောင်းစွာစီရင်အပ်သော အစောင့်အရှောက်ရှိသော၊ **မဟာသတ္တံ-** ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို၊ **ဝနေစရာ-** တောမုဆိုးတို့သည်၊ **စိရဿံ-** ကြာမြင့်စွာ အနှစ်ခုနစ်ရာတို့ပတ်လုံး၊ **ဝါယမန္တာ-** ဖမ်းအံ့သောငှာ လုံ့လပြုကုန်သော်လည်း၊ **ယေန-** အကြင်မောရသုတ်တော်အာနုဘော်ကြောင့်၊ **ဂဟိတုံ-** ဖမ်းယူအံ့သောငှာ၊ **နေဝသက္ကိံသု-** မတတ်နိုင်ကုန်သည်သာတည်း၊ **ယဉ္စပရိတ္တံ-** အကြင် မောရသုတ် ပရိတ်တော်ကိုလည်း၊ **ဗြဟ္မမန္တန္တိ-** မြတ်သောမန္တန် ဟူ၍ (ဝါ) မန္တရား ဟူ၍၊ **အက္ခာတံ-** ဘုရားရှင်ဟောတော်မူအပ်၏၊ **တံ ပရိတ္တံ-** ထိုမောရသုတ်ပရိတ်တော်ကို၊ **ဟေ-** အိုသူတော်ကောင်းတို့၊ **မယံ-** ငါတို့သည်၊ **ဘဏာမ-** ရွတ်ကြကုန်အံ့။

၂။ **စက္ခုမာ-** လူတို့၏မျက်စိရှိထသော၊ **ဧကရာဇာ-** မြတ်သောမင်းလည်းဖြစ်ထသော၊ **ဟာရိဿဝဏ္ဏော -** ရွှေအဆင်းနှင့်တူသော အဆင်းလည်းရှိသော၊ **ပထဝိပ္ပဘာသော -** မြေအပြင်၌ ထွန်းလင်းသော အရောင်လည်း ရှိထသော၊ **အယံ သူရိယော -** ဤနေမင်းသည်၊ **ယသ္မာ-** အကြင်ကြောင့်၊ **ဥဒေတိ-** တက်၏၊ **တသ္မာ-** ထို့ကြောင့်၊ **ဟာရိဿဝဏ္ဏံ-** ရွှေအဆင်းနှင့်တူသော အဆင်းလည်းရှိထသော၊ **ပထဝိပ္ပဘာသံ-** မြေအပြင်၌ ထွန်းလင်းသောအရောင်လည်း ရှိထသော၊ **တံ-** ရှင်နေမင်းကို၊ **အယံ-** ငါသည်၊ **နမဿာမိ-** ရှိခိုးပါ၏၊ **တထာ-** ရှင်နေမင်းသည်၊ **ဂုတ္တာ-** စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍၊ **မယံ-** ငါတို့သည်၊ **အဇ္ဇ-** ယနေ့၌၊ **ဣမံဒိဝသံ-** ဤနေ့ပတ်လုံး၊ **ဝိဟာရေမု-** ချမ်းသာစွာနေပါကုန်အံ့။

၃။ **ဗြာဟ္မဏာ -** မျှောအပ်ပြီးသော မကောင်းမှုရှိတော်မူကုန်သော၊ **ယေ ဗုဒ္ဓါ-** အကြင်မြတ်စွာဘုရားတို့သည်၊ **သဗ္ဗဓမ္မေ-** အလုံးစုံသော ဥေယျဓမ်တရားငါးပါးတို့ကို၊ **ဝေဒဂူ-** သိခြင်းသို့ရောက်တော်မူကုန်ပြီး၊ **တေဗုဒ္ဓါ-** ထိုမြတ်စွာဘုရားတို့သည်၊ **မေ-** ငါ၏၊ **နမော-** ရှိခိုးခြင်းကို၊ **သမ္ပဋိစ္ဆန္တု-** ခံတော်မူစေကုန်သတည်း၊ **တေ ဗုဒ္ဓါ-** ထိုမြတ်စွာဘုရားတို့သည်၊ **မံ-** ငါ့ကို၊ **ပါလယန္တုစ-** စောင့်လည်း စောင့်ရှောက်တော်မူစေကုန်သတည်း၊ **ဗုဒ္ဓါနဉ္စ-** မြတ်စွာဘုရားတို့အားလည်း၊ **နမော-** ရှိခိုးခြင်းသည်၊ **အတ္ထု-** ဖြစ်စေသတည်း၊ **ဗောဓိယာစ-** မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့အားလည်း၊ **နမော-** ရှိခိုးခြင်းသည်၊ **အတ္ထု -** ဖြစ်စေသတည်း၊ **ဝိမုတ္တာနဉ္စ-** ကိလေသာမှ လွတ်တော်မူကုန်သော ပုဂ္ဂိုလ်တို့အားလည်း၊ **နမော-** ရှိခိုးခြင်းသည်၊ **အတ္ထု-** ဖြစ်စေသတည်း၊ **ဝိမုတ္တိယာစ-** အရိယာတို့၏ဝိမုတ္တိငါးပါးတို့အားလည်း၊ **နမော-** ရှိခိုးခြင်းသည်၊ **အတ္ထု-** ဖြစ်စေသတည်း၊ **ဣတိ-** ဤသို့၊ **သောမောရော-** ထိုဘုရားအလောင်း ရွှေဥဒေါင်းမင်းသည်၊ **ဣမံ ပရိတ္တံ-** ဤအရံအတားကို၊ **ကတွာ-** ပြု၍၊ **သေနာ-** အစာရှာအံ့သောငှာ၊ **စရတိ-** သွား၏။

၄။ **စက္ခုမာ-** လူတို့၏မျက်စိရှိထသော၊ **ဧကရာဇာ-** မြတ်သောမင်းလည်းဖြစ်ထသော၊ **ဟာရိဿဝဏ္ဏော-** ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိထသော၊ **ပထဝိပ္ပဘာသော-** မြေအပြင်၌ ထွန်းလင်းသောအရောင်လည်း ရှိထသော၊ **အယံ သူရိယော-** ဤနေမင်းသည်၊ **ယသ္မာ-** အကြင်ကြောင့်၊ **အပေတိ-** ဝင်၏၊ **တံ တသ္မာ-** ထို့ကြောင့်၊ **ဟာရိဿဝဏ္ဏံ-** ရွှေဆင်းနှင့်တူသောအဆင်းလည်း ရှိထသော၊ **ပထဝိပ္ပဘာသံ-** မြေအပြင်၌ ထွန်းလင်းသောအရောင်လည်း ရှိထသော၊ **တံ-** အရှင်နေမင်းကို၊ **အဟံ-** ငါသည်၊ **နမဿာမိ-** ရှိခိုးပါ၏၊ **တယာ-** ရှင်နေမင်းသည်၊ **ဂုတ္တာ-** စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍၊ **မယံ-** ငါတို့သည်၊ **အဇ္ဇ-** ယနေ့၌၊ **ဣမံရတ္တိံ-** ဤညဥ့်ပတ်လုံး၊ **ဝိဟာရေမု-** ချမ်းသာစွာနေပါကုန်အံ့။

၅။ ဤအပိုဒ်သည် အထက်အပိုဒ် (၃) နှင့် 'ပရိတ္တံကတွာ' ထိ အတူတူဖြစ်၍ မတူညီသော နောက်ဆုံးပါဒကိုသာ အနက်ဖော်ပြလိုက်ပါသည်။

**ဣတိ-** ဤသို့၊ **သောမောရော-** ထိုဘုရားလောင်း ရွှေဥဒေါင်းမင်းသည်၊ **ဣမံပရိတ္တံ-** ဤအရံအတားကို၊ **ကတွာ-** ပြု၍၊ **ဝါသံ-** ညဥ့်အိပ်နေခြင်းကို၊ **အကပ္ပယိ-** ပြုပြီ။

အထက်ပါ မောရမန္တရား (ဝါ) မောရသုတ်တော်ကား မောရဇာတကဝတ္ထုလာ မန္တန်၊ မန္တရား (ဝါ) ပရိတ်တော် ဖြစ်ပါသည်။ အကယ်စင်စစ် အထက်ပါ သုတ်တော်ထဲတွင် ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်း နံနက်ထွက်ပြူစ နေဝန်းကိုကြည့်၍ ရွတ်သောမန္တန်မှာ အပိုဒ် (၃) ပါ 'ဥဒေတယံ စက္ခုမာ ဧကရာဇာ' အစချီသောအပိုဒ်သာဖြစ်ပြီး ညနေ နေဝင်သောအချိန် နေဝန်းကိုကြည့်၍ရွတ်သောမန္တန်မှာ အပိုဒ် (၅) ပါ 'အပေတယံ စက္ခုမာ ဧကရာဇာ' အစချီသော မန္တန်အပိုဒ်သာ ဖြစ်ပါသည်။ သို့သော် ထိုမန္တန်နှစ်ခုကို အခြေပြု၍ အပိုဒ် (၁) နှင့် (၂) တို့ဖြင့် နိဒါန်းနိဒါန်းပြုလျက် ဖြည့်စွက်စီရင်လိုက်သော အခါ ပရိတ်ကြီး (၁၁) သုတ်ဝင် မောရပရိတ်တော် ဟူ၍ ဖြစ်လာရပါလေသည်။

## မောရသုတ် (ဝါ) မောရမန္တရားနှင့် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာ

အထက်ပါ မောရ ဇာတကဝတ္ထုတော်တွင် မောရမန္တရားကို နေ့၊ ညဥ့် မပြတ် ရွတ်ဖတ်သော ရွှေဥဒေါင်းမင်းသည် ဗြဟ္မဒတ်မင်းဆက် (၇) ဆက်မြောက်အထိ နှစ်ကာလအားဖြင့် နှစ်ပေါင်း (၇၀၀) တိုင်တိုင် တောမုဆိုးတို့ ညွှတ်ကွင်းများထောင်လျက် အမျိုးမျိုးကြံစည်ကာ ဖမ်းယူရန်ကြိုးစားခဲ့ပါသော်လည်း ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို ဖမ်းဆီးရယူနိုင်ကြခြင်း မရှိဘဲ ရွှေဥဒေါင်းမင်းသည် ထိုမောရမန္တရား၏ တန်ခိုးအာနုဘော်ကြောင့် ဘေးရန်ကင်းကွာ ချမ်းသာစွာနေနိုင်ခဲ့ကြောင်း ပါရှိပါသည်။ သို့- မောရမန္တရား၊ မောရသုတ်တော်၏ ကြီးမားလှသော တန်ခိုးအာနုဘော်ကို ကောင်းစွာ နားလည်သိရှိခဲ့ကြသော မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ မဟိဒ္ဓိသိဒ္ဓိရှင် ပညာရှင် ကဝိအမော်တို့သည် ထိုမောရသုတ်တော်၊ မောရမန္တရားတော်ကို အခြေပြုလျက် ဂန္ဓာရီ ဝိဇ္ဇာမယ အတတ်ပညာတို့ဖြင့် ကြံဆစီရင် အသုံးပြုခဲ့ကြသော သာဓကများရှိကြောင်း ကောင်းစွာ တွေ့ရှိခဲ့ရပါသည်။ အထူးသဖြင့် အင်းစမအတတ်ပညာတွင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင် တတ်မြောက်တော်မူသော ဗားမဲ့အကျော်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

သည် ဤမောရမန္တရား၊ မောရသုတ်တော်တို့ကို အခြေပြုလျက် စီရင်အပ်သော ဝိဇ္ဇာမယအစီအရင်တို့ကို နှောင်းလူတို့အတွက် ချန်ရစ်ထားရှိတော်မူခဲ့ပါသည်။ ထိုအစီအရင်တို့မှာ ဥပမာ သာဓကအဖြစ် လည်းကောင်း၊ အသုံးပြုလိုသူတို့အတွက် အကျိုးရှိစွာ အသုံးပြုစေနိုင်ရန် လည်းကောင်း ရည်သန်လျက် အစီအရင်အချို့ကို အောက်တွင် ဖော်ထုတ် တင်ပြလိုက်ပါသည်။


**၁။ မဟာသတ္တ ဥဒေါင်းမင်း ခေါ် ဒေါင်းဂမုန်းအဖိုနှင့် မယူရဒေဝီ ခေါ် ဒေါင်းဂမုန်းအမ စီရင်နည်း**

ဂမုန်းဝါသနာရှင်များ ဖြစ်စေ၊ ဂမုန်းဝါသနာမပါသူများ ဖြစ်စေ ဂမုန်းပင်လောကမှ ဒေါင်းဂမုန်းပင်ကိုမူ သိကြသည်သာ များပါသည်။ ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်များအဖို့ကား ဂမုန်းပင်အတော်များများသည် ဝိဇ္ဇာမယပညာရပ်ဆိုင်ရာ ဆေးဝါးများ၌ အသုံးဝင်သော ဆေးဝါးပင်များဖြစ်သဖြင့် ဂမုန်းအကြောင်းကိုလည်း အတော်အတန် နားလည် ဗဟုသုတ ကြွယ်ကြရပါသည်။ ဒေါင်းဂမုန်းတွင် ဒေါင်းဂမုန်းအဖိုနှင့် ဒေါင်းဂမုန်းအမ ဟူ၍ ရှိသည်။ ဒေါင်းဂမုန်းအဖိုကို မဟာသတ္တဥဒေါင်းမင်းဟု ခေါ်ပြီး ဒေါင်းဂမုန်းအမကို မယူရဒေဝီဟု ခေါ်ကြပေသည်။ သာမန်ဂမုန်းဝါသနာရှင်များအဖို့ ထိုဒေါင်းဂမုန်း အဖို၊ အမတို့ကို ရိုးရိုးစိုက်ပျိုးကြသော်လည်း ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်တို့ကား အင်းစမပညာရပ်တို့ဖြင့် စီရင်စိုက်ပျိုးကြပါသည်။ ထိုသို့ စီရင်စိုက်ပျိုးကြရာတွင် မဟာသတ္တဥဒေါင်းမင်းခေါ် ဒေါင်းဂမုန်းအဖိုကို စိုက်ပျိုးရာတွင် လည်းကောင်း၊ မဟာသတ္တဥဒေါင်းအဆောင်လက်ဖွဲ့ စီရင်ရာတွင် လည်းကောင်း မောရမန္တရား (ဝါ) မောရသုတ်တော်မှ ဂါထာများကို အခြေပြု အသုံးချ စီရင်ထားသည်ကို တွေ့ရပါသည်။

မဟာသတ္တ ဥဒေါင်းမင်း ခေါ် ဒေါင်းဂမုန်းအဖိုကို စိုက်ပျိုးရာ၌ဖြစ်စေ၊ လက်ဖွဲ့ဆောင်ယူလိုလျှင်ဖြစ်စေ ငွေပြား၌ ဖော်ပြပါ ရုပ်ပုံအက္ခရာစမအင်းပုံစံအတိုင်း ရေးဆွဲစီရင်ရပါမည်။

**မဟာသတ္တဥဒေါင်းမင်းအစီအရင်**

အထက်ပါ မဟာသတ္တ ဥဒေါင်းရုပ်ပုံ အက္ခရာစမအစီအရင်ကို ငွေပြားတွင် ရေးဆွဲပြီးနောက် အောက်ပါမန္တန်ဖြင့် (၁၀၈) အုပ် စုတ်ရမည်။




ဥုံ မဟာသတ္တာ၊ မောရိန္ဒဟု၊ မောရရာဇာ၊ လောင်းလျာ ရာဇာမောရ အာရက္ခဖြင့် ကြွမြဲကြွသည်တည်း။ အမုမှိ ဩကာသေ တိဋ္ဌေယျ၊ နေမြဲနေသည်တည်း။

ဥုံ စတု ဓာတုပ သိဒ္ဓိယာ နမော ဗုဒ္ဓါယျ သဗ္ဗ သိဒ္ဓိကမ္မံ သွဟုံ။

အထက်ပါ ဂါထာဖြင့် စုတ်ပြီးနောက် ထိုငွေပြားအင်းကို ဒေါင်းဂမုန်းဖိုပင် စိုက်မည့်အိုး၏အောက်ခြေတွင် ခံ၍စိုက်ရမည်။ အကယ်၍ လက်ဖွဲ့အဖြစ် ဆောင်ယူလိုပါက ထိုငွေပြားအင်းကို အောက်ခြေအင်းကွက်များဘက်မှ စ၍ လိပ်ရမည်။ ပြီးလျှင် ယင်းလက်ဖွဲ့ကို ဒေါင်းဂမုန်းအဖိုပင်ရင်း၌ ကပ်၍ ထည့်စိုက်ထားရမည်။ သို့သော် ဂမုန်းပင်ကို မထိခိုက်အောင်ထားရမည်ဖြစ်ပြီး လက်ဖွဲ့ကိုလည်း အလွယ်တကူ ပြန်ယူ၍ရအောင် ဂရုပြုသတိထား၍ထည့်ရမည်။

**မယူရဒေဝီ ဥဒေါင်းမင်းအစီအရင်**

မယူရဒေဝီ ဥဒေါင်းမ အစီအရင်ကိုလည်း မဟာသတ္တ ဥဒေါင်းမင်း အစီအရင်နည်းတူ ငွေပြားတွင် ရေးဆွဲစီရင်ရပါသည်။



အထက်ပါ မယူရဒေဝီ ဥဒေါင်းမ ရုပ် အက္ခရာစမ အစီအရင်ကို ငွေပြားတွင် ရေးဆွဲပြီးနောက် ဦးစွာ အောက်ပါ အကျူးမန္တန်ဖြင့် (၇) အုပ် စုတ်၍ ကျူးရင့်ရမည်။

ဥုံ မဟေသီဟု၊ ဒေဝီမည်တ၊ မယူရတည့်၊ မောရမာတာ၊ ဒေဝီယာ ရွှေဝါလျှံထွန်း နိတုံသွန်းသို့၊ ရွှန်းရွှန်းပပ၊ မယ်မောရလျှင်၊ ပီယဝါစာ၊ ကြွေးသတည်း။ သိဒ္ဓိကမ္မ ဣစ္ဆိတလည်း၊ သုံးဝသောသျှိ ပေးသတည်း။

အထက်ပါ အကျူးမန္တန်ကို ကျူး ရင့်သည့်အခါ ကဗျာလင်္ကာများ ရွတ် သကဲ့သို့ ဆွဲဆွဲငင်ငင် အသံသာသာဖြင့် ညင်သာပျော့ပျောင်း နားဝင်ချို ပြီး ပြောင်းအောင် ရွတ်ဆို ကျူးရင့်ရမည် ဖြစ်သည်။ ထိုသို့ မန္တန်ဖြင့် ကျူးရင့်ပြီး နောက် အောက်ပါမန္တန်ဖြင့် (၁၀၈) အုပ် စုတ်ရပါမည်။

ဥုံ စတု ဓာတုပ သိဒ္ဓေန သဗ္ဗ သိဒ္ဓိ ကမ္မံ သဗ္ဗမင်္ဂလံ သွာဟယျ ဖော ဖဟော်။

ဤသို့ မန္တန်ဖြင့် စုတ်ပြီးနောက် မဟာသတ္တ ဥဒေါင်းမင်း အစီအရင်ကဲ့သို့ ပင် လက်ဖွဲ့အဖြစ်ဆောင်လိုက ဒေါင်း ဂမုန်းအမပင်ရင်း၌ ထည့်ပါ။

အထက်ပါအတိုင်း လက်ဖွဲ့အသီး သီးကို အစီအရင်ဖြင့် ဒေါင်းဂမုန်းအဖို အမပင်တို့၌ စိုက်ပျိုးပြီးနောက် ဂမုန်း ပင်များကို ရေလောင်းပေးရပါမည်။ ထို သို့ ရေလောင်းသောအခါ အဖိုပင်ကို ရေလောင်းပါက အဖိုအင်း (ဝါ) မဟာ သတ္တ ဥဒေါင်းမင်း အစီအရင်မန္တန်ဖြင့် လည်းကောင်း၊ အမပင်ကို ဥဒေါင်းမ အ စီအရင်မန္တန်ဖြင့် လည်းကောင်း အသီး သီး (၇) အုပ်စီမန်း၍ ရေလောင်းပေး ပါမည်။ ဤသို့ စီရင်စိုက်ပျိုးပြီး၍ တစ် လပြည့်သောအခါ အဖိုပင်၊ အမပင်တို့ မှ လက်ဖွဲ့အသီးသီးတို့ကို 'ပေးတော်မူ ပါ' ဟု တောင်းခံကာ အပင်ကိုမထိခိုက် စေရန် သတိပြုလျက် လက်ဖွဲ့များကို တူးယူပါလေ။ ထို့နောက် ဖို၊ မ လက် ဖွဲ့နှစ်လုံးကို ကြိုးတစ်ချောင်းစီတွင်သီ၍ မှ ထိုကြိုးနှစ်ချောင်းကိုတွဲ၍ ပိတ်ချောင်း ထိုးကာ ဆောင်ရပါမည်။ အဖိုလက်ဖွဲ့ အမလက်ဖွဲ့ ခွဲခြားသိရှိနိုင်စေရန် ကြိုး ကြိုးအနီ၊ ကြိုးအစိမ်း စသဖြင့် ကြိုးအ ရောင် ခွဲခြားလျက် တပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

**ထက်ဖွဲ့အကျိုးအညွှန်း**

မဟာသတ္တ ဥဒေါင်းမင်း အစီအရင်နှင့် မယူရဒေဝီ ဥဒေါင်းမ အစီအရင်တို့ကို လက်ဖွဲ့အဖြစ်ဆောင်ထားလေပါက အရေးတစ်စုံ ကိုယ်၌ကြုံလာသော်သင်းလက်ဖွဲ့နှစ်လုံးကို ရေစိမ်၍ ဒေါင်းဂမုန်း အဖို၊ အမ နှစ်ပင်လုံးကို ပက်ဖျန်းပြီး အဖို၏အစုတ်ဂါထာကို (၇) အုပ်ရွတ်၊ အမ၏အကျုးဂါထာကို (၇) အုပ် ရွတ်ဆိုကျူးရင့်ကာ မိမိဆောင်ရွက်လိုသောကိစ္စအားလျော်စွာ ဆုတောင်းပြီးဆောင်ရမည်။ ဆောင်ရွက်သမျှ ကိစ္စအဝဝ၊ လိုအင်ဆန္ဒမှန်သမျှတို့ ပြီးစီး အောင်မြင်စေပါသည်။

ထိုဒေါင်းဂမုန်း အဖို၊ အမတို့ကို ဖော်ပြပါအစီရင်တို့ခံ၍ စိုက်ပျိုးထားပါက သာမန်ရိုးရိုးစိုက်ပျိုးထားသည်ထက် ပို၍ ထက်မြက်ပြီး ဘေးရန်အန္တရာယ်ဟူသမျှ အကာအကွယ်ပေးသည်။ မျက်နှာပွင့်လန်းပြီး တစ်နေ့တခြား စီးပွားဥစ္စာ တိုးတက်စေပါသည်။ လက်ဖွဲ့ဆောင်လျှင်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။


အကယ်၍ မိမိနေအိမ်သို့ ခိုးသား၊ ဓားပြ ဘေးရန်အန္တရာယ်အသွယ်သွယ်တို့ ကျရောက်တော့မည် ဆိုပါက ညဘက်တွင် ဒေါင်းဂမုန်းပင်မှ အရွက်နှစ်ရွက်မှာ ထောင်လျက် ပူးကပ်နေပြီး ခါတိုင်းညများကဲ့သို့ ဒေါင်းဂမုန်းအရွက်များ ညမအိပ်တော့ပေ။

အကျဉ်းအားဖြင့် ဆိုရလေသော် အထက်ပါအစီအရင်နှစ်ခုအနက် မဟာသတ္တ ဥဒေါင်းမင်းအစီအရင် အက္ခရာစမရုပ်ပုံ၏အတွင်း၌ 'တံ နမဿာမိ စက္ခုမာ ဧကရာဇာ ပထဝိပ္ပဘာသ တယာဇ္ဇဂုတ္တာ ဝိဟရေမု' ဟုလည်းကောင်း၊ 'တေ စ မံ ပါလယန္တု နမတ္ထု ဗုဒ္ဓါနံ နမတ္ထုဗောဓိယာ' ဟု လည်းကောင်း ရေးသွင်းထားသော မန္တန်စာသားများမှာ မောရမန္တရား (ဝါ) မောရသုတ်တော်မှ ဂါထာစာသားများကို အသုံးပြုရေးသွင်းစီရင်ထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဤကား မောရသုတ် (ဝါ) မောရမန္တရားကို ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရပ်အစီအရင်တွင် အသုံးပြုထားပုံ သာဓကတစ်ရပ် ဖြစ်ပါသည်။

**၂။ နေမင်းအလံ၊ လမင်းအလံ အစီအရင်**

ဤအစီအရင်မှာ နေဓာတ်၊ လဓာတ်တို့ကို ခံယူရရှိစေရန် ရည်ရွယ်၍ ရွှေဥဒေါင်းမင်းအလံ၊ ရွှေယုန်မင်း လမင်းအလံတို့ကို လွှင့်ထူရသည့် အစီအရင်ထူးတစ်ခု ဖြစ်ပါသည်။ ဤနေရာတွင် ကြိုတင် တင်ပြလိုသည်မှာ ဤဆောင်းပါးသည် ဗုဒ္ဓဘုရားရှင်ဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များနှင့် ဂန္ဓာရီ ဝိဇ္ဇာမယပညာရပ်တို့ ဆက်နွယ် ဆက်စပ်ပုံကိုသာ ဦးစားပေးဖော်ထုတ်တင်ပြနေခြင်းဖြစ်သဖြင့် ယခုတင်ပြမည့် နေမင်းအလံ၊ လမင်းအလံ အစီအရင်တို့သည် ပူးတွဲအသုံးပြုရသော စုံတွဲအစီအရင်ဖြစ်သော်ငြားလည်း ဘုရားရှင် ဟောကြားတော်မူခဲ့သော မောရဇာတ်တော်မှ မောရမန္တရားနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်နေသည့် ရွှေဥဒေါင်းမင်း နေမင်းအလံ အစီအရင်အကြောင်းကိုသာ ဖော်ပြပါမည် ဖြစ်ပါသည်။

ရွှေဥဒေါင်းမင်း နေမင်းအလံကို ပြုလုပ်ရာ၌ အလျား (၁၈) လက်မ၊ အနံ (၉) လက်မ (ထို့ထက်ကြီးလိုလျှင် အလျား ၃၆ လက်မ၊ အနံ ၁၈ လက်မ စသည် နဝင်းကို သင်္ချာအတိုင်းအတာ ပမာဏများသုံး၍ တိုးချဲ့နိုင်ပါသည်။) ရှိသောပိတ်ဖြူပေါ်တွင် အလံ၏အနားကွပ်ကို ရွှေပြားဖြင့် ကွပ်ရပါမည်။ ထို့နောက် အလံအလယ်တွင် ဖော်ပြပါ ရွှေဥဒေါင်းမင်းပုံ အက္ခရာ စမအင်းနှင့် အရံဂါထာများကို သေသပ်ကျနစွာ ရေးသွင်းရပါမည်။



အထက်ပါအတိုင်း ရွှေဥဒေါင်းမင်း နေမင်းပုံ အက္ခရာစမကို ရေးဆွဲပြီးနောက်-

၁။ စက္ခုမာ ဧကရာဇာ အစရှိသောမောရပရိတ်တော်ဖြင့် (၁၀၈)အုပ်၊

၂။ ဥုံ သူရိယ စန္ဒ ပရိ နက္ခတ္တံ သွာဟ ဟူသော မန္တန်ဖြင့် (၁၀၈) အုပ် အသီးသီး ဟိန်းရွတ်ရပါမည်။

အထက်ပါ ရွှေဥဒေါင်းမင်းပုံအက္ခရာစမအင်းအစီအရင်ကို လေ့လာကြည့်ပါက နေမင်းရောင်ခြည်များအတွင်း၌ 'စက္ခုမာ ဧကရာဇာ ဟရိဿဝဏ္ဏော' အစချီသော ဂါထာကို လည်းကောင်း၊ ရောင်ခြည်တန်းများကြား၍ 'အပေတယံ စက္ခုမာ ဧကရာဇာ' အစချီသော ဂါထာကို လည်းကောင်း ပတ်လည် ဝန်းရံ၍ ရေးသွင်းစီရင်ထားကြောင်း တွေ့ရှိရပါလိမ့်မည်။ သို့ဖြစ်ရာ ဤရွှေဥဒေါင်းမင်း နေမင်းပုံ အက္ခရာစမအင်း အစီအရင်သည် မောရမန္တရား (ဝါ) မောရသုတ်တော်လာ ဂါထာများဖြင့် အခြေပြုစီရင်ထားသည့် ဂန္ဓာရီ ဝိဇ္ဇာမယ အစီအရင်တစ်ခုဖြစ်ကြောင်း သာဓကအစီအရင် ဖြစ်ပါသည်။

*(ဤ ရွှေဥဒေါင်းမင်း နေမင်းပုံ အက္ခရာစမအင်းနှင့် ရွှေယုန်မင်း လမင်းပုံ အက္ခရာစမအင်း အစီအရင်တို့ဖြင့် နေ၊ လ အောင်လံအစီအရင် စီရင်နည်း အသေးစိတ်ကို သိလိုကြပါက ၂၀၁၂ ခုနှစ်၊ ဩဂုတ်လထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းတွင် ကျွန်ုပ် ရေးသားထားသော 'စန္ဒသူရိယ နေနှင့်လ' ဟူသည့် ဆောင်းပါး၌ ရှာဖွေလေ့လာကြည့်ရှုနိုင်ကြပါသည်။)*

တိရိစ္ဆာနာ-ဆရာဇေယျာလင်း



www.burmeseclassic.com

(ယခင်လမှအဆက်)

ကျွန်ုပ်သည် အဝိုင်းပုံသဏ္ဌာန်ရှိသောအိမ်ကို တစ်ဝက်ဝန်းကျင် ပြီးစီးသည်အထိ တည်ဆောက်ခဲ့ရ၏။ ထို့နောက် ဖြိုဖျက်ပစ်ရ၏။ အသုံးပြုထားသော ကျောက်တုံးတို့ကို နဂိုနေရာ၌ နေသားတကျ ပြန်ထားရသည်။ ထို့နောက် လခြမ်းပုံသဏ္ဌာန်ရှိသောအိမ်ကို တည်ဆောက်ရ၏။ ထို့နောက် ဆောက်ထားပြီးသမျှကို ဖြိုဖျက်ရပြန်၏။ အသုံးပြုထားသော ကျောက်တုံးတို့ကို နဂိုနေရာ၌ နေသားတကျ ပြန်ထားရပြန်သည်။

အောင်ကျော်

နားချမ်းသာ

ထို့နောက် တြိဂံပုံသဏ္ဌာန်ရှိသော အိမ်ကို ကြက်လျှာစွန်းပုံမြေကွက်၌ တည်ဆောက်ခဲ့ရပြန်သည်။ ပြန်ဖျက်ချရပြန်သည်။ ကျောက်တုံးတို့ကို မူလနေရာတွင် ပြန်ထားခဲ့ရပြန်သည်။

ထိုသို့ အကြိမ်ကြိမ်ပြုခဲ့ရာ၌ အထောက်အကူပြုပေးမည့်သူ တစ်ဦးမှ မပါဝင်ချေ။ မိမိတစ်ဦးတည်း၏ လုံ့လ၊ ဝီရိယဖြင့် ပြုခဲ့ရသည်။ ကျောက်တုံးတို့ကို နေ့စဉ်ရက်ဆက် ထမ်းရ သယ်ရ၊ နေရာချရ ပြုခဲ့ရသဖြင့် ပခုံးနှစ်ဖက်စလုံး စုတ်ပြတ်နေသည်။ ပခုံးတို့ မခံမရပ်နိုင်အောင် နာကျင်နေသောကြောင့် ကျော၌ပိုး၍သယ်ခဲ့သဖြင့် ကျောပြင်တစ်ခုလုံးလည်း စုတ်ပြတ်နေသည်။ လက်ဝါးနှစ်ဖက်မှာ အပေါက်အပြဲဗရပွနှင့် ဖြစ်နေသည်။

ကျွန်ုပ် အိပ်စက်သောအခါ၌လည်း အိမ်ပုံသဏ္ဌာန်တို့ကခြောက်လှန့်နေသည်။ အဝိုင်းပုံ၊ လခြမ်းပုံနှင့် တြိဂံပုံတို့က အိပ်မက်တို့ကို စိုးမိုးထားသည်။ ထိုပုံသဏ္ဌာန်တို့သည် အရေးပါသော သင်္ကေတဖြစ်ပြီး စိတ်ထဲ စွဲမြဲအောင် ကသိုဏ်းရှုကာ ဉာဏ်စဉ်တက်ရသည့် ကျင့်စဉ်ရှိကြောင်း ထိုစဉ်က ကျွန်ုပ်မသိ ခဲ့ပေ။ ကျွန်ုပ်သည် ကသိုဏ်းရှုစရာ မလို ဘဲ စိတ်ထဲစွဲမြဲနေသည့်အကျိုးထူးကို ရ သွားခဲ့သည်။ ထိုသင်္ကေတ သုံးခုအပြင် နောက်ထပ်တစ်ခုထပ်တိုးသည်။ ၎င်းမှာ စတုရန်းပုံ လေးထောင့်ကွက် ဖြစ်သည်။

ထို လေးထောင့်ကွက် မရခင် ကျွန်ုပ်ကို ဆရာမာပါက ညစာအတူစား ရန် ဖိတ်ခေါ်ခဲ့သည်။ ကျွန်ုပ်က ဆရာ ကတော်ကို အပူကပ်ကာ ပူဆာခိုင်း သည့်ကိစ္စကို ရှင်းပြရန်အတွက် ကျွန်ုပ် ကို ညစာဖိတ်ကျွေးခြင်း ဖြစ်သည်။

ယခုလို ပင်ပန်းနေသော်လည်း ဆရာမာပါထံမှ ပညာစသင်ပေးရန် ပျက်ကွက်နေသည့်အတွက် ဆရာမာပါ အား ပညာသင်ပေးဖို့ တိုက်တွန်းပေး ရန် ဆရာကတော်ကို ပူဆာခဲ့သည်။ ဆရာကတော်သည် ကျွန်ုပ်ကို သားရင်း သဖွယ် ချစ်ခင်မြတ်နိုးပေရာ ပညာတစ်



www.burmeseclassic.com

အခု စသင်ပေးဖို့ ဆရာမာပါကို တိုက်တွန်းခဲ့သည်။ ထိုအခါ ဆရာမာပါက-

"ဒီနေ့ ညစာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စီမံလိုက်ပါ။ မဟာမှော်ဆရာလေးကိုလည်း ညစာအတူလာစားဖို့ ဖိတ်ပါ။ စားသောက်လို့ ပြီးကြတဲ့အခါ သူနဲ့ စကားစမြည် ငါပြောချင်တယ်"

ဟု ပြောသည်။

ကျွန်ုပ်သည် ညစာကို မိသားစုနှင့်အတူ စားသောက်ရသည်။ စားသောက်ပြီးသောအခါ ဆရာမာပါက ကျွန်ုပ်ကို





www.burmeseclassic.com

www.burmeseclassic.com

ခေါ်တွေ့သည်။

သူက-

"မဟာမော်ဆရာလေးရေ့ မင်းက ငါ့ကို မစွပ်စွဲပါနဲ့၊ ငါမပြောဘဲနဲ့ ပြောတယ်လို့ လီဆယ်တာမျိုး မလုပ်ပါနဲ့။ တစ်နေ့ကလည်း ပြဿနာတက်တယ်။ ငါက ဗြိဂံပုံကို မဆောက်ခိုင်းဘဲနဲ့ ဆောက်ခိုင်းပါတယ်လို့ မင်းက လီဆယ်ပြီး ပြောတယ်။ ငါခံရခက်တယ်။ ငါလို ဆရာတစ်ဆူက ဒီလို အ,မင်္ဂလာအိမ်ပုံစံမျိုးကို ဆောက်ခိုင်းပါ့မလား။ လူကြားလို့မှမတော်။ ဘယ့်နှယ်ကွာ- ပြီးခဲ့တာတွေ ပြီးပါစေတော့လို့ ငါသဘောထားလိုက်ပါ့မယ်။ ချေးခြောက်ရေနူး လုပ်မနေတော့ဘူး၊ မပြီးသေးတာကိုဘဲ ငါပြောချင်တယ်။ မင်းကို ငါက ပညာသင်ပေးမယ်လို့ ငါပြောမိသလား၊ မင်းပဲ နားကြားလွဲသလား၊ မင်းစိတ်ထဲဖြစ်ချင်နေတာကို စိတ်စွဲပြီး တလွဲကြားသလား၊ ဘာပဲဖြစ်ဖြစ် မင်းကို ငါ ပညာသင်ပေးလိုက်မယ်။ ရတနာသုံးပါးအရိပ်ခိုလှုံနည်းကို ငါ သင်ပေးလိုက်မယ်။ အဲဒါက အပယိက ပညာပါ။ အနှစ်သာရရှိတဲ့ ပညာကတော့ ဒီအတိုင်းမရနိုင်ဘူး၊ ရွှေတွေပုံပြီးပေးမှ ရနိုင်မယ်ဆိုတာ စိတ်ထဲမြဲမြဲမှတ်ထားပါ"

ကျွန်ုပ်သည် စိတ်ဓာတ် အကြီးအကျယ် ကျသွားသည်။ ကျွန်ုပ်လို သူဆင်းရဲအနေဖြင့် ရွှေတွေပုံပြီးပေးဖို့ဆိုသည်မှာ မဖြစ်နိုင်သောကိစ္စ ဖြစ်နေသည်။ မိမိလုပ်အားဖြင့် အိမ်ဆောက်ပေးခြင်းမျိုးကိုသာ ပြုလုပ်ပေးနိုင်ပေ၏။

ထိုသို့ ကျွန်ုပ် စိတ်ပျက်လက်ပျက်တွေးမိစဉ် ဆရာမာပါက စကားကို ဆက်သည်။

"ငါငယ်ငယ်တုန်းက မင်းအသက်အရွယ်မှာ မင်းလိုပဲ ပညာကို အရူးအမူးဖြစ်ခဲ့တယ်။ ပညာမြတ်ရွှေအိုးကလွဲရင် ဘာဆိုဘာမှ မလိုချင်ဘူး။ အဲဒီတော့ ပညာရှာခရီးကို ရွှေတွေခင်းပြီး ရှာဖွေသင်ယူခဲ့ရတယ်"

ဟု အစချီကာ သူ၏ပညာသင်ဘဝခရီးကို အကျဉ်းရုံး၍ပြောပြခဲ့သည်။

ပညာကို ဆည်းပူးသင်ကြားရာ၌ နည်းလမ်းနှစ်သွယ်ရှိသည်။ တစ်နည်းမှာ ဆရာဟု အမိပ္ပာယ်ရသည့် ဂုရုထံတွင် မိမိကိုယ်မိမိ ကျွန်သဖွယ်နေထိုင်ခြင်း၊ ထားရာနေ စေရာသွား, သတ်လိုကသတ်, ကြိုက်သလိုခိုင်း စသည့်ခံယူချက်ဖြင့် နေထိုင်ခြင်း ဖြစ်သည်။

နောက်တစ်နည်းမှာ ဆရာကို ထိုက်ထိုက်တန်တန်ပေးကမ်းပြီး သင်ယူခြင်း ဖြစ်သည်။ ပညာနက်နဲလျှင် နက်နဲသလို အဖိုးတန်သည့်အလျောက် များများစားစားပေးရသည်။

မဇ္ဈိမဒေသို့ သွားရသည့် ခရီးမှာ ဝေးလံသည်။ ခက်ခဲသည်။ ကြမ်းတမ်းသည်။ ခရီးစရိတ်လည်း ထောင်းသည်။ အကုန်ခံနိုင်ရုံဖြင့် မပြီး။ ဆရာ့ထံရောက်ဖို့အတွက် ဖွဲကြိုးဖို့လည်း လိုသေးသည်။ ဆရာတစ်ဦးတည်းထံမှ ပညာစုံကိုမရနိုင်သဖြင့် အခြား ဆရာတို့ထံ ချဉ်းကပ်သင်ယူရသည်။ လက်ဦးဆရာက ညွှန်ပြသည့် အခြားဆရာတို့ထံသွားရောက်ပြီး ပညာဆည်းပူးရသည်။

သို့ဖြစ်ရာ မဇ္ဈိမဒေသသို့ ပညာတော်သင်သွားရန်အတွက် ရွှေထုပ်ပိုက်ပြီး သွားရသည်။ လမ်းခရီးတွင် ဓားပြဂိုဏ်းများကလည်း သောင်းကျန်းသေးသည်။ ဓားပြတို့သည် လူကို သတ်ခဲဖြတ်ခဲသော်လည်း ပစ္စည်းကို ချမ်းသာပေးလေ့မရှိချေ။

ဆရာဒရောမီသည် မဇ္ဈိမဒေသသို့ ပညာသွားသင်ရာ၌ ရွှေထုပ်ပိုက်ပြီး သွားခဲ့ရသည်။ ပါလာသမျှ တက်တက်ပြောင်သည်အထိ ပညာကို သင်ယူခဲ့သည်။ ထို့ကြောင့် သူက ဆရာအဖြစ် တစ်ဖန်ပြန်သင်သောအခါ၌ တပည့်တို့ထံမှ ထိုက်ထိုက်တန်တန် တောင်းခံပြီးမှ ပညာကို သင်ပေးသည်။ သူ့ထံသို့ မာပါက တပည့်ခံသောအခါ၌လည်း ၎ ဏ်ပူဇော်ခ များများစားစားရယူပြီးမှ သင်ပေးခဲ့သည်။

မာပါကို လိုဘရက်အရပ်တွင် မွေးဖွားခဲ့သည်။ မာပါ၏ မိဘနှစ်ပါးသည် ချမ်းသာကြွယ်ဝသည်။ လယ်မြေများကိုလည်းပိုင်ဆိုင်သည့် လယ်ပိုင်ရှင်ကြီး ဖြစ်သည်။ လယ်မြေအပြင် စားကျက်မြေများကိုလည်း ပိုင်ဆိုင်သည်။ မာပါသည် ရုန့်ရင်းကြမ်းတမ်းသူ ဖြစ်သဖြင့် ပညာသင်ပေးမှသင့်မည်ဟု မိဘတို့က စဉ်းစားမိကြသည်။ သို့ဖြစ်ရာ ဆရာဒရောမီထံ စေလွှတ်ပြီး ပညာသင်စေသည်။ ထိုအတွက် ရွှေတစ်အောင်စ အပါအဝင်၊ စာမရီတစ်ရှဉ်း၊ မြင်းကောင်းတစ်ကောင်ကို ကုန်းနှီးနှင့်တကွ ပေးရသည်။ ထို့အပြင် ငွေတုံးတစ်တုံး၊ ပိုးထည်တစ်လိပ်တို့ကိုလည်း ပေးရသည်။ စာသင်သောအခါ ရေးမှတ်ရန် စက္ကူတစ်ပွေ့တစ်ပိုက်ကိုလည်း ထောက်ပံ့ရသည်။ သုံးနှစ်တိုင် သင်ယူပြီးသည့်တိုင်အောင် ဉာဏ်စဉ်အဆင့် တက်မပေး။ အဆင့်လေးဆင့် တက်ပေးရမည်ဖြစ်ရာ၌ တစ်ဆင့်လျှင် စာမရီ ၁၆ ကောင် ပေးရမည်ဟု တောင်းဆိုသည်။ မာပါသည် ဆရာဒရောမီတောင်းသမျှကို ဆက်ကပ် လှူဒါန်းပြီး ပညာသင်ယူသည်။

သူတို့နေထိုင်သည့်ဒေသတွင် မြင့်မားသည့် တောင်ပေါ်ဒေသဖြစ်ပေရာ ရာသီဥတုသည် အအေးဒဏ်ပြင်းထန်သည်။ သာမန် နွားမျိုးတို့ မနေနိုင်ကြပေ။ အမွေးထူသော စာမရီနွားမျိုးတို့သာ နေထိုင်နိုင်ကြသည်။ စာမရီနွားတို့သည် ဒေသခံတို့အတွက် အားကိုးအားထားပြုရသည့် အိမ်မွေးတိရစ္ဆာန် ဖြစ်သည်။ အမွေးကို ရိတ်ယူပြီး ချည်ကျစ်သည်။ ရလာသော ချည်ဖြင့် အဝတ်အထည် ရက်လုပ်သည်။ ရွက်ဖျင်တဲမျာ တည်ဆောက်ရန် ဖျင်ကြမ်းသားများ လည်း ရက်လုပ်သည်။ စာမရီနွားမှရ သောနို့သည် နေ့စဉ်စားသုံးသော အစာ အာဟာရ ဖြစ်သည်။ နို့ကို ထောပတ် ချက်သည်။ ထောပတ်ဆီဖြင့် ဆီမီးထွန်း ကြရသည်။ စာမရီနွားချေးကို အိမ်နံ ဆောက်လုပ်ရာ၌ မဆလာအဖြစ် ရွှံ့နှ ရောနှောဖျော်စပ်ပြီး သုံးသည်။ မီးဖိုရ အတွက် ထင်းအဖြစ်လည်း သုံးသည်။ အသားကို ဟင်းလျာအဖြစ်စားသော သည်။ သို့ဖြစ်ရာ စာမရီနွားသည် အ လွန်တန်ဖိုးရှိသည်။ စာမရီ (၁၆) ကော ၏တန်ဖိုးမှာ အလွန်များပြားသည်။

မာပါသည် ပညာနှင့်ပတ်သ လာလျှင် တင်းတိမ် ရောင့်ရဲတတ် မဟုတ်ချေ။ သူသည် ဆရာဒရောမီ ပါး၌နေရင်း လက်ကုန်နှိုက်ပြီးသောအ မဇ္ဈိမဒေသသို့ ပညာသွားသင်ရန်အ တွက် အိမ်သို့ ပြန်သည်။ မိဘနှစ်ပါး မှ အမွေတောင်းသည်။ မိဘမောင်ဘ တို့က အမွေခွဲပေးရန် ကြည်ဖြူကြ သည်။ သို့သော် မာပါကို တစ်နယ်တ ကျေးသို့မသွားစေလိုကြသဖြင့် အတူ ရန် ဝိုင်းပြောကြသည်။ မာပါက လ မခံ။ မဇ္ဈိမဒေသသို့ ပညာသွားသင် သူ စိတ်ပိုင်းဖြတ်ပြီး နေပေပြီ။

သို့ဖြစ်ရာ သူရသည့်အမွေ အနက် လယ်မြေနှင့်အိမ်မှတစ်ပါး တာအားလုံးကို ရွှေနှင့်လဲလှယ်ပစ်လို သည်။ ထိုအခါ ရွှေ (၁၈)အောင်စ သည်။

"မဇ္ဈိမဒေသသို့ ပညာသွား ရာမှာ ရွှေမပါရင် အလကားပဲ။ ရွှေ တဲ့ ရေဘူးကို ဇောက်ထိုးထ ကျလာနိုးနိုးဖြင့် မျှော်လင့်နေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

…နေလိမ့်မယ်။ တောင့်တတဲ့ရေကို မရ…ဘူး"

မာပါသည် မဇ္ဈိမဒေသတွင် နေ…ထိုင်ရင်း ပညာသင်ယူရာ ၁၂ နှစ်အ…ကာတွင် ပါလာသမျှရွှေများတက်တက်…ပြောင်သည်အထိ ကုန်သွားသည်။ …သင်ချင်သော ပညာရပ်တို့က ကျန်…နေသေးသည်။ သို့ဖြစ်ရာ ပညာစရိတ်…ရှာရန်အလို့ငှာ နေရပ်သို့ ပြန်သည်။ …နှင့်အတူ ရှားပါးကျမ်းစာများလည်း …ပါလာသည်။

သူသည် ဆရာကြီးတစ်ဆူအဖြစ် …ကျော်ဝင်သည်။ သူ့ကို အားကိုးတ…ဖြင့် အနားတွင် ခေါ်ထားလိုသူများ …တူလာနေရန် ကမ်းလှမ်းကြသည်။ …ခေါ်ကြသည်။ သူ့ဆွေမျိုးနွယ်ဝင် …ဦးဖြစ်သူ မာပါဂိုလစ်သည် မြောက် …ဒေသတွင် နေထိုင်သော မျိုးနွယ်စု …ခေါင်းဆောင် ဖြစ်သည်။ သူက မာပါ… အတူလာနေရန် ဖိတ်ခေါ်သည်။ …များ၊ လယ်မြေများ ဆက်ကပ်လှူ…မည်ဟု ကမ်းလှမ်းသည်။ ပညာသင်…ရသည့်အတွက် ကုန်ကျခဲ့သည့် ရွှေ…ဆယ့်ရှစ်အောင်စကိုလည်း ပေးမည် …ဆိုသည်။ ထို့အပြင် မာပါက ကုသ…သမျှတို့အတွက်လည်း ဉာဏ်ပူဇော်…အဖြစ် ရွှေများဖြင့် ပေးချေပေးမည်၊ …ပါက ပညာသင်ပေးသူတို့အတွက် …လည်း ပညာကြေးအဖြစ် ရွှေများပေးဦး…မည်ဟု ဆိုသည်။ မျိုးနွယ်စု၏ ခေါင်း…ဆောင် မာပါဂိုလစ်သည် ရွှေကျင်သည့် …တွင်းတစ်ခုကို ပိုင်ဆိုင်သူ ဖြစ်သဖြင့် …သို့ ပေးကမ်းရန်အတွက် သူ့အဖို့ …ခန်းမကြီးပေ။ မာပါက ကမ်းလှမ်း…သည်ကို လက်မခံ၊ နေရပ်သို့သာ ပြန်…သည်။

ထိုသို့ ပြန်ရာ၌ မဇ္ဈိမဒေသတွင် …ညာအတူသင်ကြသူတို့အနက် မာပါ…ယ်းတူ ကျော်ကြားသော ညိုဟုအမည် …သည့် ပညာရှင်က လမ်းတွင် မာပါနှင့် …နယ်ပယ် ခွဲခြားသတ်မှတ်သည်။ …နယ်ပယ်ကို အမိနှင့် အဖ ဟူ၍ …ပိုင်းခွဲလိုက်သည်။ ထို့နောက် အမိနယ်…ယ်ကို မာပါအား အပိုင်စားပေးသည်။ …နယ်ပယ်ကို ညိုက ယူသည်။ ကိုယ့်…နယ်ပယ်ကိုကျော်၍ ပညာသင်ပေးခြင်း …ပြုရန် ပဋိညာဉ်ပြုသည်။ တစ်နည်း…အားဖြင့်ဆိုရလျှင် ပညာသင်ကြားသည့် …ကွက်ကို နှစ်ပိုင်းခွဲခြားပြီး ဈေးကွက် …စု သတ်မှတ်လိုက်ခြင်း ဖြစ်သည်။ …သို့ သတ်မှတ်ရာ၌ ပထဝီမြေပုံအရ နယ်မြေသတ်မှတ်ခြင်း မဟုတ်ပေ၊ မည်သည့် ပညာရပ်များကို မည်သူကသာ သင်ခွင့်ရှိသည်ဟု ပညာပိုင်းအရ နယ်ပယ်သတ်မှတ်ခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ သဘောပေါက်စေလိုပါသည်။

မာပါသည် မွေးရပ်မြေဖြစ်သည့် လိုဘရက်သို့ ပြန်ရောက်လာသောအခါ အလွန်ကျော်ကြားသော ဆရာကြီးတစ်ဆူအဖြစ် ကြိုဆိုကြသည်။ မြေယာအများအပြားကို လက်ဆောင်အဖြစ် သူ ရရှိသည်။ နေ့ချင်းညချင်းမှာပင် ကြွယ်ဝချမ်းသာသူအဖြစ်သို့ ရောက်သည်။ သူ့ထံပါးတွင် တပည့်တပန်းနှင့် အခိုင်းအစေတို့လည်း အများအပြားရှိနေသည်။

ထိုသို့ရှိရာမှ သူ့အနေဖြင့် ပညာထပ်ရှာဖို့ လိုနေသေးသည်ဟု ယူဆသဖြင့် ရွှေငါးဆယ်အောင်စဖြင့် မဇ္ဈိမဒေသသို့ ပညာဆည်းပူးရန် တစ်ခေါက် ပြန်သွားသည်။

ဆရာကြီး နာရိုပါ အပါအဝင် နာမည်ကြီးဆရာတို့ထံ ပညာဆည်းပူးခဲ့သည်။ ယူသွားသည့်ရွှေများ ကုန်သွားသောအခါ နေရပ်သို့ ပြန်လာသည်။ ထို့နောက် တတ်သည့်ပညာဖြင့် စီးပွားရှာသည်။

ထို့နောက် စုဆောင်းမိသည့် ရွှေများကို ယူဆောင်ပြီး နောက်တစ်ခေါက် ပညာတော်သင်ခရီး ထပ်ထွက်သည်။ ဟိမဝန္တာမှမဇ္ဈိမသို့ စုစုပေါင်း သုံးကြိမ်တိုင်တိုင် ပညာတော်သင် သွားရောက်ခဲ့သည်။

"ငါပညာဆည်းပူးခဲ့ရာမှာ တပည့်အဖြစ် ဆရာ့အနှိမ်တာကို ခံရတာ မင်းထက်ဆိုးတဲ့အဖြစ်တွေ ရှိခဲ့တယ်။ ပညာသင်ပေးဖို့ ပေးရတာကလည်း သောက်သောက်လဲ ကုန်သေးတယ်။ ဒီလို အကုန်ခံ၊ အပင်ပန်းခံပြီးမှရလာတဲ့ ပညာတွေကို မင်းက အလွယ်ဖြင့် ရယူချင်လို့ ဘယ်ရမလဲ"

ဆရာမာပါက စကားကို ရပ်လိုက်ရာ အခန်းတွင်း၌ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေသည်။ ထောပတ်ဆီဖြင့် ထွန်းထားသော ဆီမီးရောင်အောက်တွင် ဆရာမာပါ၏ မျက်နှာသည် ဒေါသကင်းစင်ပြီး ကြည်လင်နေသည်ကို ကျွန်ုပ် တွေ့ရသည်။ စိတ်ဆတ်ပြီး ဒေါသကြီးသူတစ်ဦး၏ ဒေါသကင်းစင်ပြီး စိတ်ရှည်လက်ရှည်ဖြစ်နေစေသော အခိုက်အတန့်ကာလကလေးကို ကျွန်ုပ်အတွက် သူသုံးနေသည်။ သူပြောသည်ကို ကျွန်ုပ် သဘောပေါက်စေလိုသောစိတ်စေတနာကို ကျွန်ုပ် မြင်တွေ့နေရသည်။

ကျွန်ုပ်သည် မိမိ၏ပညာလောဘကို အတောမသတ်နိုင်အောင် ဖြစ်မိသည့်အတွက် နောင်တရမိသည်။ လောကြီးနေမိသည့်အတွက်လည်း စိတ်မကောင်း ဖြစ်မိသည်။ ဆရာမာပါက စကားကို ပြန်ဆက်သည်။ သူ့လေသံက ဒေါသကင်းသည်။ အေးဆေးတည်ငြိမ်သည်။

"အလှမ်းမမီအောင် ဝေးကွာနေချိန်မှာ ဆွတ်ခူးဖို့အတွက် စိတ်မလောပါနဲ့ ငါ့သားရယ်"

သူပြောလိုက်သော စကားသည် ကျွန်ုပ်၏နှလုံးသည်းပွတ်အိမ်ထဲသို့ စီးဝင်သွားသည်။ မျက်ရည်များ ဖြိုင်ဖြိုင်ကျရင်း အသံတိတ် ငိုကြွေးမိသည်။ နောက်နောင်တွင် စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းရန် မိမိကိုယ်မိမိ ဆုံးမသည်။

ဆရာမာပါသည် ရက်အတန်ကြာသည်အထိ အိမ်ဆောက်ရန် ကိစ္စကို စကားမဟသဖြင့် ကျွန်ုပ်အနေဖြင့် နားနားနေနေ နေခွင့်ကို ရသည်။ ဆရာကတော်က ကျွန်ုပ်ကို တစ်နေ့သုံးကြိမ် ဆေးထည့်ပေးသည်။ ကျွန်ုပ်၏ ပခုံးနှင့် ကျောမှဒဏ်ရာများ သက်သာစပြုချိန်တွင် ဆရာမာပါက အိမ်ဆောက်ရမည့် နေရာသို့ ကျွန်ုပ်ကိုခေါ်သွားသည်။

သူခေါ်သွားသည့် နေရာသည် အိမ်မဆောက်ရဟု တားမြစ်ထားသည့် နေရာ ဖြစ်သည်။ ဟင်းလင်းပြင်အဖြစ် သာထားမည်ဟု သဘောတူထားကြသည့်နေရာ ဖြစ်သည်။

သူက နံရံလေးဖက်ကာသည့် လေးထောင့်ပုံအိမ်တစ်လုံးကို ကျောက်တုံးတို့ဖြင့် တည်ဆောက်ခိုင်းသည်။ အထပ်ပေါင်း ကိုးထပ်ရှိသည့်အိမ်ကို တည်ဆောက်ခိုင်းသည်။ ဤအိမ်ကို ပြန်ဖျက်ခိုင်းမည် မဟုတ်ကြောင်းလည်း သူက ကတိကဝတ်ပြုသည်။ ကိုးထပ်အိမ်ကို တည်ဆောက် ပြီးစီးသောအခါ ကျွန်ုပ်အရမ်းလိုလားနေသော ပညာရပ်တို့ကို သင်ကြားပေးမည်ဟုလည်း ကတိကဝတ်ပြုသည်။

ကျွန်ုပ်သည် အတိတ်ကာလက ကြုံတွေ့ခဲ့ရသော ခါးသီးလှသည့် အတွေ့အကြုံတို့အရ သူပေးသောကတိကို ကြောက်သည်။ သူ့ကတိကို သူဖျက်ခဲ့သည်။ သူ ကတိမပေးမိပါဟုလည်း ဘူးကွယ်ခဲ့သည်။ ထို့ပြင် သက်သေသက္ကာယပြုပါဟုလည်း သူကဆိုလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ဤတစ်ကြိမ်၌ ကျွန်ုပ်က အပိုင်ချည်သည်။ ဆရာကတော်ကို သက်သေအဖြစ် ထားလိုကြောင်း တင်ပြသည်။

"နောက်ဆုံးဆောက်ခဲ့တဲ့ အိမ်တုန်းက ကျွန်တော့်ကို မဆောက်ခိုင်းပါဘူးလို့ ငြင်းတယ်။ သက်သေပြခိုင်းခဲ့တယ်။ ဒီတော့ အခု အိမ်ဆောက်ခိုင်းတာကို ဆရာကတော်အား သက်သေသက္ခာယအဖြစ် ထားလိုပါတယ်"

ဆရာမာပါက သက်သေထားရန် သဘောတူပါသည်။ ဆရာကတော်က သက်သေအဖြစ် နေပေးစေလိုပါက နေပေးမည်ဖြစ်ကြောင်း ပြောသည်။ သို့သော် သူ့ကို သက်သေပြုခြင်းသည် ထိရောက်မှုရှိမည် မဟုတ်ကြောင်း ရှင်းပြသည်။

"ကောင်းတယ်။ ဒါပေမယ့် အမေက သက်သေအဖြစ်နေပေမယ့် ဆရာက အမေတို့နှစ်ယောက် ဘာပြောပြော ဂရုစိုက်တာ မဟုတ်ဘူး။ သက်သေရှိပါတယ်ပြောလည်း အပိုပဲဖြစ်နေလိမ့်မယ်။ အိမ်တွေဆောက်လိုက်၊ ဖျက်လိုက် လုပ်ခိုင်းနေတာ အချိန်လည်းကုန်တယ်၊ လူလည်း ပန်းလှပြီ။ အခုအိမ်ကို သူက မဖျက်ဘူးလို့ ပြောပေမယ့် သူရွေးထားတဲ့မြေက အိမ်ဆောက်ခွင့်မရှိဘူး။ ဟင်းလင်းပြင်အဖြစ် ထားမယ်လို့ အများသဘောတူထားကြတဲ့မြေ ဖြစ်နေတယ်။ ပြီးတော့ ဆောက်မယ့်အိမ်ကလည်း နိမ့်နိမ့်လေး မဟုတ်ဘူး၊ ကိုးထပ်။ ထည်ထည်ဝါဝါကြီးကို ဆောက်မှာဆိုတော့ ဝိုင်းကန့်ကွက်ကြရင် သူက မဖျက်ခိုင်းပေမယ့် တခြားသူတွေကြောင့် သားက ဆောက်လက်စအိမ်ကို ဖျက်ပေးရလိမ့်မယ်။ ဖျက်ရမှာ သေချာနေလို့ အမေက မဆောက်ဖို့တားလည်း သူက ဂရုစိုက်မှာမဟုတ်ဘူး။ အမေ့ရဲ့အသံပျော့ညက်ညက်က သူ့ရဲ့ဒေါသကို မလွှမ်းမိုးနိုင်ပါဘူး"

ထိုအခါ ဆရာမာပါက ဝင်ပြောသည်။

"မဟာမေ့ာ်ဆရာလေး တောင်းဆိုတဲ့အတိုင်းသာ ရှင်မက သက်သေလုပ်စမ်းပါ။ တောင်တောင်ဤဤတွေ ပြောမနေစမ်းပါနဲ့၊ ငါပြောတဲ့စကားကို သက်သေလိုက်ပေးလိုက်စမ်းပါ။ ပြီးရင် မင်းလည်း မင်းအလုပ်ကို လုပ်ပါ၊ ငါလည်း ငါ့အလုပ်ကို ငါလုပ်မယ်။ ဝင်မရှုပ်ကြေး"

ကျွန်ုပ်သည် လင်ဖြစ်သူ၏စကားကို မယားဖြစ်သူအား သက်သေထားလိုက်သည်။ ထို့နောက် ကိုးထပ်အိမ်ကို ကျောက်တုံးများဖြင့် စတင်ဆောက်လုပ်တော့သည်။

ပထမဆုံး သယ်ပိုးမည့် ကျောက်တုံးကို မတ်တတ်ရပ်၍ ကြည့်ရင်း သက်ပြင်းတစ်ချက်ချမိသည်။

"ဟင်း. . ."

✿

ကျွန်ုပ်သည် အိမ်ကို စတင်ဆောက်လုပ်ရန်အတွက် ယခင်ကသယ်ခဲ့ဖူးသော ကျောက်တုံးများကို ပြန်သယ်ရသည်။ အချို့ ကျောက်တုံးတို့ကို အလေးချိန်မှအစ အလွတ်ရနေပါသည်။ ကျောက်တုံးဟို့ကို ဖြစ်နိုင်သမျှ ညီညာအောင် ညီညီညာညာစီပြီး အုတ်မြစ်ချရသည်။ ထို့နောက် ကျောက်တုံးများ ထပ်သယ်ရပြန်သည်။ အောက်ဆုံးအလွှာပေါ်တွင် စီစီရီရီထပ်၍တင်သည်။ တစ်တန်း ထပ်စီလိုက်သည်။

ထိုသို့ သယ်လိုက်၊ စီလိုက် လုပ်ကိုင်နေစဉ် တစ်ရက်၌ ဆရာမာပါထံ ပညာသင်နေကြသူတို့အနက် တပည့်သုံးယောက်သည် ကျွန်ုပ်အလုပ်လုပ်နေသည်ကို လာကြည့်ကြသည်။ ထို့နောက် မည်သို့စိတ်ကူးပေါက်မသိ၊ ကျောက်တုံးကြီးတစ်တုံးကို လိမ့်ပြီး သယ်လာကြသည်။ မနိုင်နင်းဖြစ်နေတိုင်း သူတို့ဘာသာသူတို့ သဘောကျကာ ရယ်မောလိုက်ကြသေးသည်။ ကျွန်ုပ်အိမ်ဆောက်နေသည့် နေရာအထိ သယ်လာပေးကြသည်။

ကျွန်ုပ်သည် ကျောက်တုံးများကို တစ်တန်းပြီးတစ်တန်းစီရာ၌ တပည့်သုံးယောက် နောက်ပြောင်ရယ်မောကြရင်း သယ်ယူလာသော ကျောက်တုံးသည် ထောင့်ချိုးနေရာတွင် အံဝင်ခွင်ကျ ဖြစ်နေသည်ကိုကြုံသဖြင့် ၎င်းကျောက်တုံးကို ယူသုံးလိုက်သည်။

ကျွန်ုပ်သည် နေ့စဉ်ရက်ဆက်တည်ဆောက်ခဲ့ရာ၌ ဒုတိယထပ်ကို ပြီးစီးချိန်တွင် ဆရာရောက်လာသည်။ သူက အိမ်ကိုလှည့်ပတ်ကြည့်ရှုသည်။ ထို့နောက် နံရံနှစ်ခုဆုံသည့်နေရာဖြစ်သည့် ထောင့်ချိုးရှိ ကျောက်တုံး တစ်တုံးကို လက်ညှိုးညွှန်ပြသည်။

"ဒီကျောက်တုံးကို ဘယ်ကရသလဲ"

"ဆရာ့ရဲ့တပည့်သုံးယောက် လာပို့ပေးသွားတာပါ"

"မင်းကိုယ်တိုင်သယ်တဲ့ ကျော[...]
တုံးတွေနဲ့ပဲ ဆောက်ရမယ်။ သူများ[...]
လာပေးတာကို သုံးခွင့်မရှိဘူး။ ဒီတော့[...]
သူများသယ်လာတဲ့ ကျောက်တုံးတွေ[...]
ပြန်ဖယ်ထုတ်ပါ။ အခု ထုတ်ပစ်ပါ"

"ဖယ်ရမယ်ဆိုရင် တစ်ထပ်[...]
ပြန်ဖြိုချမှရမယ်။ ဆရာက ပြန်မ[...]
ခိုင်းပါဘူးလို့ ပဋိညာဉ်ပေးထားတ[...]
လေ"

"မင်းမှားတာကျတော့ ထည့်[...]
ပြောဘူး၊ သူများယူလာတဲ့ ကျောက်[...]
ကို ငါမလိုချင်ဘူး။ မင်းကိုယ်တိုင် သ[...]
ပြီး မင်းလက်နဲ့ဆောက်ထားတဲ့အိမ်[...]
ငါလိုချင်တယ်။ ဒီတော့ ဖယ်ထုတ်ပစ်[...]
အခု ဖယ်ထုတ်လိုက်စမ်းပါ"

ကျွန်ုပ်သည် ကျောက်တုံးထ[...]
သုံးမိသည့်အခြမ်းကို ပြန်ဖြိုရသ[...]
ကျောက်တုံးကို ဖယ်ရှားရ၏။ ပြီးမှ [...]
ကျောက်တုံးကို အိမ်ဆောက်သည့်[...]
ရာသို့ ပြန်သယ်ရသည်။ မူလထော[...]
နေရာတွင် ထားရသည်။ ထို့နောက် [...]
ထားသောအခြမ်းကို ပြန်ဆောက်ရ[...]

၎င်းကျောက်တုံးကို သယ်ရ[...]
မှာ အခြားကျောက်တုံးတို့ထက် ခ[...]
သည်။ လူသုံးယောက် မနိုင်မနင်း [...]
ကြရသော အရွယ်အစားဖြစ်ရာ ကျွ[...]
တစ်ယောက်တည်း၏အားဖြင့် သ[...]
ရွေ့ရသည်မှာ နှစ်ရက်ကြာမှပြီးစီးခဲ့[...]
၎င်းကျောက်တုံး၏ လေးလံပုံကြေ[...]
ပင်ပန်းသည်မှာ အိမ်တွင်အသုံးပြု[...]
အခြား ကျောက်တုံးများ အားလုံး[...]
သယ်ရရွှေ့ရသည့်အတွက် ပင်ပန်းသ[...]
နှင့် ညီမျှသည်ဟု ဆိုချင်ပါသည်။

ကျွန်ုပ်သည် ဒုတိယထပ်ကို [...]
မြောက်သောအခါ တတိယထ[...]
ဆက်ဆောက်သည်။ ထိုသို့ ဆောက်[...]
စဉ် ပြဿနာတစ်ခု စတင်လာသည်။

အိမ်ဆောက်နေသော နေ[...]
သည် အိမ်မဆောက်ရန် တားမြစ်[...]
သောနေရာ ဖြစ်နေသည်။ မြေကွ[...]
တည်ရှိရာ နေရာတစ်ဝိုက်နှင့် သက်[...]
သူတို့ အားလုံးက လေကွယ်၊ နေကွ[...]
မဖြစ်ရလေအောင် အိမ်မဆောက်[...]
သဘောတူထားသောမြေနေရာ ဖြ[...]
သည်။ သို့ဖြစ်ရာ သက်ဆိုင်သူတို့[...]
ဆရာမာပါသည် ဤနေရာ၌ တ[...]
အိမ်ဆောက်နေခြင်းလောဟု [...]
ရောက်မေးမြန်းကြသည်။

ကျွန်ုပ်က ခေါင်းညိတ်၊ ခေါင်[...]
ကာ အဖြေပေးရသည်။ ခေါင်း[...]
သည်မှာ ဆရာက အိမ်ဆောက်ခိုင်း[...]



www.burmeseclassic.com

www.burmeseclassic.com

...ကြောင်းကို ဆိုလိုသည်။ ခေါင်းခါပြရ ...မှာ ယခင်အိမ်များကဲ့သို့ ပြန်ဖျက် ...ည်, မခိုင်းမည်ဆိုသည်ကို မိမိမသိ ...ကြောင်း ခေါင်းခါပြခြင်း ဖြစ်သည်။

သူတို့သည် ဇဝေဇဝါ ဖြစ်ကုန်ကြ ...သည်၊ လောလောဆယ်တွင် အိမ်ကို ...ခြမ်းပြန်ဖြိုသည်ကို တွေ့ထားကြ ...သည်၊ သို့ဖြစ်ရာ ပြန်ဖြိုခိုင်းနိုးနိုးဖြင့် ...ငံ့ကြည့်နေကြသည်။ ကျွန်ုပ်သည် ...စကားအတိုင်း ဆက်၍ဆောက်နေ ...သည်။ ခုနစ်ထပ်သို့ ရောက်လာသည် ...ထိ မဖြိုခိုင်းသေးသောအခါ အား ...တက်လာသည်။ တစ်ဖက်၌ စိုးလည်းစိုး ...လာသည်။

အားတက်ရသည်မှာ ဆရာက ...ထယ်ဆောက်ခိုင်းရန် သေချာသည့် ...တ်သို့ ရောက်လာ၍ ဖြစ်သည်၊ စိုး ...ရသည်မှာ အများက ဝိုင်းကန့်ကွက် ...င် ပြန်ဖြိုရမည့်အရေးကို တွေးပူမိ၍ ...သည်။ ဖြိုရမည်ဆိုပါက စောစော ...း ဖြိုချင်သည်။ တစ်အိမ်လုံးပြီးစီး ...မှ ဖြိုရလျှင် အိမ်ဆောက်ပေးပြီးသော ...ခါ ပညာသင်ခွင့်ရမည့်အခွင့်အရေး ...သည် နှုတ်ခမ်းဝရောက်မှ လွတ်ကျသည့် ...နှယ်ဖြစ်ရပြီး ယူကျုံးမရဖြစ်နေလိမ့် ...ည်။

သတ္တမထပ် ပြီးစီးချိန်တွင် အ ...နှောင့်အယှက်များ ဝင်လာသည်။ အိမ် ဆောက်နေသည့်မြေ၌ နေထိုင်သော ...နာဘာဝတို့က နှောင့်ယှက်ကြသည်။ ဆရာမာပါက သူ့ပညာဖြင့် နှိမ်နင်းဖယ် ရှားပစ်သည်။ အဋ္ဌမထပ်ကို ဆက် ဆောက်သည်။ ကျွန်ုပ်၏ကျောပြင်တွင် အသားနုတက်စဖြစ်သည့် ဒဏ်ရာ ...ဟောင်းအပေါ် ဒဏ်ရာအသစ် ထပ် ...ဖြစ်နေပြီဖြစ်သဖြင့် ကျောက်တုံးများကို သယ်ပိုးတိုင်း ချွေးနှင့်သွေးတို့ရောကာ ...ခြင်းခြင်းနီနေသည်။

ထိုအချိန်မှာ ဆရာ့အိမ်၌ တပည့် သစ်တို့ကို သွတ်သွင်းသည့်ပွဲနှင့် ကြုံ ကြိုက်သည်။ ဆရာကတော်က ကျွန်ုပ်ပါ အတူရောနှောပြီး သွတ်သွင်းပွဲတွင် ပါ ဝင်ရန် တိုက်တွန်းသည်။

ကျွန်ုပ်သည် အဋ္ဌမထပ်ကို ပြီးလု ...ပြီးခင်ဖြစ်နေပြီ ဖြစ်သည်၊ ကိုးထပ်ပြည့် ...ရန် တစ်ထပ်သာလိုတော့သဖြင့် ကြုံ ကြိုက်တုန်း ဝင်နွှဲလိုက်ရန် ဆုံးဖြတ်လိုက် သည်။ ထိုသို့ သွတ်သွင်းခံပြီးသောအခါ ကျန်ရှိသည့်တစ်ထပ်ကို ဆက်ဆောက် ပေးပြီး ဆရာ့လက်သို့ အပ်နှင်းလိုက် ...မည်ဟု စိတ်ထဲရည်ရွယ်ထားပေသည်။

ကျွန်ုပ်၏လုပ်အားသည် အဖိုးအခဟု ကျွန်ုပ်က သတ်မှတ်လိုက်သည်။ ထိုသို့ အဖိုးအခအဖြစ် သတ်မှတ်သည်ကို ဆရာမာပါက လက်သင့်ခံမည်ဟုလည်း မျှော်လင့်ထားပေသည်။

သွတ်သွင်းပွဲ ကျင်းပသောအခါ ဆရာမာပါ စည်းချပေးထားသည့် စည်း အတွင်းသို့ သွတ်သွင်းခံကြမည့် တပည့် တို့ နေရာယူကြပါသည်။ ကျွန်ုပ်သည် နောက်ဆုံးတန်းတွင် ခပ်ကုပ်ကုပ် ဝင် ထိုင်လိုက်သည်။ ဆရာမာပါက တွေ့ သွားသည်။

"မဟာမော်ဆရာလေး၊ မင်းမှာ အဖိုးအခအဖြစ်ပေးစရာ ဘာများပါလာ သလဲ"

ဟု လှမ်းမေးသည်။ ကျွန်ုပ် စိုး ထိတ်ကာ တစ်ကိုယ်လုံးတုန်ခနဲတစ်ချက် ဖြစ်သွားသည်။ အသံတုန်တုန်ရီရီဖြင့် အဖြေပေးလိုက်သည်။

"ဆရာ၊ ဆရာ့သားအတွက် အိမ် ဆောက်ပြီးရင် ပညာသင်ပေးမယ်လို့ ဆရာ ကတိပေးထားတယ် မဟုတ်လား"

"ခွေးကောင်လေး- ကျောက်တုံး တွေသယ်၊ ရွှံ့နဲ့မံပြီး အိမ်ကလေးတစ် လုံးဆောက်ပေးတာ ဘာများ မင်းမှာ ကုန်ကျလို့လဲ။ အလကားရတဲ့ ကျောက် တုံးတွေအတွက် ငါက အဖိုးစားနား သတ်မှတ်ပြီး ပညာသင်ပေးရမှာလား။ တပည့်သစ်တွေလက်ခံပြီး အဆင့်တက် ပေးတဲ့ပွဲကို တက်ခွင့်ပေးရမှာလား။ ငါ မဇ္ဈိမဒေသမှာ သုံးကြိမ်တိုင်တိုင်သွား သင်တာ ဘယ်လောက်ကုန်ခဲ့တယ်ဆို တာ လူအများသိကြသည်။ ငါ့ပညာအ ဆင့်အတန်းက ဘယ်လောက်မြင့်တယ် ဆိုတာလည်း လူအများသိကြပါတယ်။ မင်း ဝင်ပါချင်ရင် အဖိုးအခကို ပေးဖို့လို တယ်။ မပေးနိုင်ရင် ငါ စည်းသားထား တဲ့အထဲကနေ အပြင်ဘက်ကို အခုချက် ချင်း ထွက်လိုက်စမ်းပါ၊ အမြန်ဆုံးထွက် လိုက်စမ်းပါ"

ကျွန်ုပ်သည် ထွက်ရကောင်းနိုး၊ ဆက်ထိုင်နေရကောင်းနိုး ဖြစ်နေစဉ် မာပါက ထိုင်ရာမှ ထလိုက်သည်။ ကျွန်ုပ် ရှိရာသို့ ခုန်လွှားပြီး ရောက်လာသည်။ ကျွန်ုပ်ကို ဆံပင်မှ ဆောင့်ဆွဲသည်။ ထို့ နောက် စည်းအပြင်သို့ပစ်ပေါက်ထုတ် လိုက်သည်။

ကျွန်ုပ်သည် တပည့်များရှေ့တွင် ခွေးတစ်ကောင်လို ပစ်ပေါက်ထုတ်ခံ လိုက်ရသဖြင့် ရှက်လည်းရှက်သည်၊ မိမိ ဖြစ်အင်ကိုလည်း ဝမ်းပန်းတနည်း ဖြစ် သည်။ ထို့ကြောင့် ချောင်တစ်ချောင် တွင် သွားထိုင်ရင်း ငိုကြွေးနေတော့ သည်။ တစ်ညလုံး တရှုပ်ရှုပ် ငိုကြွေးနေ တော့သည်။

ကျွန်ုပ်၏ အမေသဖွယ်ရှိသော ဆရာကတော်သည် ကျွန်ုပ်၏ငိုသံတိုး တိုးကို ကြားဖြစ်အောင် ကြားသည်။ ကျွန်ုပ်ရှိရာသို့ ရောက်လာသည်။

"ငါ့လင်ကို ငါနားမလည်နိုင် အောင် ဖြစ်နေရပြီ။ သူက ပြောတော့ မဇ္ဈိမဒေသကကျမ်းတွေ ယူလာပြီး ဘာ သာပြန်ပေးတာ လူတွေကို ကူညီဖို့၊ ကယ်တင်ချင်လို့ပါလို့ သူက ပြောတယ်။ ကယ်တင်ချင်ရင် သူ့ထံပညာသင်ဖို့ ရောက်လာတဲ့သူကို သင်ပေးဖို့ပဲရှိ တယ်။ လူမပြောနဲ့ ခွေးတစ်ကောင်က သင်ချင်လို့ရောက်လာရင်တောင် သူက သင်ပေးရမယ်။ အခုတော့ သူ့အချိုးက ပြောင်းပြန်ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် စိတ်မပျက်ပါနဲ့ ငါ့သားလေးရယ်။ သူက မင်းရဲ့ ဆရာသခင် မဟုတ်လား။ သူ့အ ပေါ် စိတ်မကွက်မိစေနဲ့၊ ဆရာ့ဂိုဏ်းသင့် ရင် ရှေ့ဆက်ပြီး ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး"

နောက်တစ်နေ့ နံနက်တွင် ဆရာ မာပါက ကျွန်ုပ်ကို ခေါ်တွေ့သည်။ သူ က နောက်ထပ်အဆောက်အအုံတစ်ခု ကိုဆောက်ခိုင်းပြန်သည်။

"မဟာမော်ဆရာလေး၊ ဆောက် လက်စအိမ်ကို ရပ်ထားလိုက်ပါ။ နောက် ထပ်အဆောက်အအုံတစ်ခု ဆောက် ပေးပါ။ ထောက်တိုင်တစ်ဆယ့်နှစ်ခုကို အခြေပြုပြီး ဆောက်စမ်းပါ။ ခန်းမ ကျယ်ကြီး တစ်ခုပါ, ပါစေ၊ ဘုရားခန်း လည်း ပါ, ပါစေ။ ဒီအဆောက်အအုံကို ဆောက်ပြီးရင် မင်းကို တပည့်အဖြစ် သွတ်သွင်းသည့်ပွဲမှာ တက်ရောက်ပါဝင် ခွင့်ကို ငါပေးမယ်။ အမြန်ဆုံး ပြီးစီး အောင် ဆောက်လိုက်စမ်းပါ"

ကျွန်ုပ်သည် ဆောက်လက်စရှိ သည့် ကိုးထပ်အိမ်အနီးတွင် အဆောက် အအုံအတွက် ကျောက်တုံးများ သယ်ရ ပြန်သည်။ နေရာချရပြန်သည်။ ရွှံ့ဖြင့် နံရံကို မံပေးရပြန်သည်။ ဆရာကတော် သည် စားစရာကို နေ့စဉ်လာပို့ပေး သည်။ သောက်စရာ ဗျစ်ရည်ကိုလည်း ယူလာပေးသည်။ အားပေးစကားလည်း ပြောပေးသည်။

ထောက်တိုင် (၁၂) တိုင်ပါရှိသည့် ခမ်းနားထည်ဝါသော အဆောက်အအုံ ပြီးစီးခါနီးတွင် သွတ်သွင်းပွဲတစ်ခုကို ကြုံ



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ ဆရာကတော်က-

"ဒီပွဲမှာ ဝင်နွှဲလိုက်စမ်းပါ။ သူ့ကို အဖိုးအခအဖြစ် ထောပတ်ဆီရယ်၊ စောင်ထည်လိပ်တွေရယ်၊ ကြေးအိုးရယ် ပေးကမ်းလှူဒါန်းနိုင်အောင် အမေစီစဉ်ထားတယ်။ ဒီတော့ သွတ်သွင်းခံမယ့်သူတွေနဲ့အတူ ဝင်ထိုင်နေလိုက်ပါ။ သူက အဖိုးအခတောင်းရင် အမေစီစဉ်ထားတာတွေကို ပေးလိုက်ပါ"

ကျွန်ုပ်သည် သွတ်သွင်းခံမည့် တပည့်တို့နှင့်အတူ ထိုင်သည်။ ဆရာမာပါက ကျွန်ုပ်ကို တွေ့သည်နှင့် ချက်ချင်းမေးမြန်းသည်။

"မဟာမေ့ာ်ဆရာလေး၊ သွတ်သွင်းခံဖို့အတွက် ဝင်ထိုင်နေတာ အဖိုးအခပေးဖို့ ရှိလို့လား"

ကျွန်ုပ်က ထောပတ်ဆီ၊ စောင်ထည်နှင့် ကြေးအိုးတို့ကို ဆရာ့အား ဆက်ကပ်လှူဒါန်းလိုက်သည်။ ဆရာမာပါက-

"ဘာလုပ်တာလဲ၊ မင်းပေးတာတွေက ငါ့ကို တခြားတပည့်တွေ ဆက်ကပ်လှူဒါန်းတဲ့ပစ္စည်းတွေထဲက ပြန်ယူပြီး ပေးတာ မဟုတ်လား။ လူလည်ကျတာလား၊ ငါ့ပစ္စည်းနဲ့ ငါ့ကို လာကန်တော့နေတယ်။ မင်းပိုင်ဆိုင်တာနဲ့ ကန်တော့မှရမယ်၊ ပေးစရာမရှိရင် စည်းအပြင်ကို အခုထွက်လိုက်စမ်း"

ဆရာမာပါက ကျွန်ုပ်အား ခွေးလေခွေးလွင့်တစ်ကောင်ကို ကန်ထုတ်သည့်နှယ် ကန်ထုတ်သည်။ အခန်းအပြင်ရောက်သည်အထိ ကန်ထုတ်သည်။ သူ၏ကန်ချက်အချို့သည် မျက်နှာကိုထိသည်။ အချို့သည် ကျောကုန်းမှ ဒဏ်ရာကိုထိသည်။ အချို့ကန်ချက်တို့သည် ဝမ်းဗိုက်ကို ထိသည်။ ကန်ချက်တို့မှာ ပြင်းထန်လှသဖြင့် ကျွန်ုပ်သည် လဲနေရာမှ မထနိုင်တော့ချေ။ ခွေခွေကလေး လဲကျနေတော့သည်။

အတန်ကြာမှ ကျွန်ုပ် ပြန်ထနိုင်သည်။ ကျွန်ုပ်သည် စိတ်ဓာတ်အကြီးအကျယ်ကျမိသည်။ ကံကိုက ဆိုးလှပါတယ်ဟု စိတ်ထဲ ညည်းမိသည်။

လူအများသေကျေအောင် ပြုခဲ့သော အကုသိုလ်၊ လယ်မြေများ ပျက်စီးပြီး လူအများ စိတ်ဆင်းရဲအောင် ပြုမိသော အကုသိုလ် အစရှိသည်တို့ကြောင့် ယခုလို ပညာနှင့်ဝေးနေရခြင်းလောဟုလည်း တွေးမိသည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်သည် ပညာရပ်ကို ခံယူရန် အချိန်မတန်သေး၍ ဆရာက အချိန်ဆွဲနေခြင်းလောဟု တွေးမိသည်။ ထိုသို့မဟုတ်လျှင် ဆရာမာပါက ကျွန်ုပ်ကို ပညာသင်ပေးလိုစိတ် အလျှင်းမရှိသဖြင့် ရှောင်လွှဲနေခြင်းလော တွေးမိသည်။ လမ်းဆုံးမှောင်ထဲ ရောက်နေပြီလောဟု တွေးမိသည်။

ကျွန်ုပ်အနေဖြင့် တရားကို မရလျှင် အသက်ရှင်နေသည်မှာ အဓိပ္ပာယ်မဲ့နေသည်ဟုယူဆသည်။ ရှင်လျက်သားဆက်နေရလျှင် တရားမရှိသူ ဖြစ်နေသဖြင့် အကုသိုလ်များသာ ဆထက်ပွားဖို့ရှိသည်ဟုတွေးမိသည်။ သို့ဖြစ်ရာ ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ်သည် ကြိုးဆွဲချ၍ မိမိကိုယ်မိမိ အဆုံးစီရင်ရန် ပြင်ဆင်နေခိုက်တွင် ဆရာကတော်ရောက်လာသည်။

သွတ်သွင်းပွဲအတွက် ချက်ပြုတ်ထားသော စားစရာများ လာပို့ပေးရင်း ကျွန်ုပ်ကို နှစ်သိမ့်အားပေးရန်အတွက် ရောက်လာခြင်း ဖြစ်သည်။ သူက ထုပ်တန်းမှတန်းလန်းကျနေသော ကြိုးကို တွေ့သောအခါ ကျွန်ုပ် ဘာလုပ်တော့မည်ကို တန်းသိသည်။ သူက တား၏။

ကျွန်ုပ်သည် သူ စိတ်ချလက်ချဖြစ်သွားအောင် ကြိုးကို ပြန်ဖြုတ်သိမ်းလိုက်သည်။ သူလာပို့သော စားသောက်ဖွယ်ရာတို့ကို စားချင်စိတ် အလျှင်းမရှိသော်လည်း သူ ကျေနပ်အောင် စားသောက်ပြလိုက်သည်။

ဆရာကတော်သည် ကျွန်ုပ်ကို နှစ်သိမ့်အားပေးသည်။ မကြံကောင်းမစည်ရာကို မပြုရန် သွန်သင်ဆုံးမသည်။ ကျွန်ုပ်ကို ထိုသို့ မပြုပါဟု ကတိပေးခိုင်းရာ ကျွန်ုပ်က ကတိပေးလိုက်ရ၏။ ကျွန်ုပ်နှင့်အတူ အတန်ကြာနေပြီးမှ ပြန်ထွက်သွားသည်။

ထိုအခါ ကျွန်ုပ်သည် အဆုံးစီရင်ရန် အကြံကို အကောင်အထည်ဖော်ဖို့ လုပ်ပြန်သည်။ ပြီးမှ အကြံအစည်ကို ရုပ်သိမ်းလိုက်သည်။ ကျွန်ုပ်သည် ဆရာကတော်ကိုကတိပေးထားသည်မှာ လတ်လတ်ဆတ်ဆတ် ရှိနေချိန်တွင် ကတိကို ချိုးဖောက်ရန်မသင့်ဟု စဉ်းစားမိသဖြင့် အကြံကိုဖျက်လိုက်ခြင်း ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် ဆရာမာပါသည် ကျွန်ုပ်ရှိရာသို့ ရောက်လာသည်။

"ဆောက်ခိုင်းထားတဲ့ အဆောက်အအုံနှစ်ခုစလုံးကို ပြီးအောင် ဆောက်လိုက်ပါ။ ဆောက်ပြီးရင် မင်းကို ဘယ်လို ကျင့်ကြံ အားထုတ်ရမယ်ဆိုတာကို ငါသင်ပြပေးမယ်"

ကျွန်ုပ်အဖို့ အခြားရွေးစရာလမ်း
မရှိချေ။ သူခိုင်းသည့်အတိုင်း အိမ်
ပြီးအောင် ဆောက်ရသည်။ ကျောက်
တုံးများကိုကျောတွင်ထမ်းပိုးကာ သယ်
ရွှေ့ရသည်။ ကျောမှအနာတို့သည် ရင်း
သည့်အနာက ရင်းနေသည်၊ ပြလန်
သည့်အနာက ပြလန်နေသည်။ သွေး
သွေးနှင့် ပြည်တို့သည် ရောထွေးကာ
ကျောတစ်ပြင်လုံး မြင်မကောင်းအောင်
ဖြစ်နေတော့သည်။

ဆရာကတော်သည် ကျွန်ုပ်၏
ကျော၌ ရင့်မှည့်နေသော ပြည်တည်
ဒဏ်ရာကြီးသုံးခုကို ကြည့်ပြီး စိတ်
ကောင်းဖြစ်သည်။ ကျွန်ုပ်က ဆရာ့
ပညာသင်ပေးရန်အတွက် ပူဆာပေး
ဆရာကတော်ကို ပြောသည်။ ဆရာ
ကတော်က ဆရာမာပါကို အကျိုးသင့်
အကြောင်းသင့်ပြောသည်။

"မဟာမေ့ာ်ဆရာလေးရဲ့ ကျော
တစ်ပြင်လုံး ရစရာမရှိအောင် ဒဏ်ရာ
တွေနဲ့ ဖြစ်နေပြီ။ လက်တွေ၊ ခြေတွေ
မှာလည်း ကွဲရှနေတဲ့ ဒဏ်ရာတွေ
ပွနဲ့ ဖြစ်နေပြီ။ ကျောမှာ ဒဏ်ရာကြီး
သုံးခု ပြည်တည်နေတယ်။ မြည်းတွေ
လားတွေမှာ ကုန်းနှီးပွန်းလို့ အနာဖြစ်
တာပဲ ကျွန်မ ကြားဖူးတယ်။ အခု
စင်စစ်မှာ ပွန်းစားနာ လာဖြစ်နေတယ်
လူတွေသိကုန်ကြရင် ရှင်သိက္ခာကျ
မယ်။ အများကလေးစားကြရတဲ့ ဆရာ
တစ်ဆူရဲ့တပည့်ဖြစ်အင်က လူကြား
မတော်ဘူး။ ရှင့်ကို အင်မတန်ရက်စက်
သူလို့ ပြောကြလိမ့်မယ်။ အညာအတာ
ကင်းတဲ့သူလို့ အော့နှလုံးနာကြလိမ့်
မယ်။ မဟာမေ့ာ်ဆရာကလေးအပေါ်
နည်းနည်းပါးပါး သနားညှာတာပါဦး ရှင်
ကသင်ပြပေးမယ်လို့လည်း ကတိပေး
ထားတယ် မဟုတ်လား"

ထိုအခါ ဆရာမာပါက-

"ဟုတ်တယ်၊ ငါ ကတိပေးထား
တယ်။ အိမ်ဆောက်ခိုင်းတာပြီးသွားရင်
သင်ပေးမယ်လို့ ကတိပေးထားတယ်
ငါသင်ပေးမှာ သေချာပါတယ်။ သူ
ဆောက်လို့ ပြီးသွားပြီလား"

ဟု ပြောရာ ဆရာကတော်က-

"နောက်ထပ်တစ်လုံး ထပ်ပြီး
ဆောက်နေရတော့ ဘယ်ပြီးဦးမလဲ။ အ
ဒီအိမ်က အရင်အိမ်ထက် ပိုကြီးတယ်"

ဟု ပြောသည်။ ဆရာမာပါ
စိတ်တိုလာသည်။

"စကားကို များများပြောမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်က နည်းနည်းလေးပဲပြီးမယ်လို့ ဆိုရိုးစကားရှိတယ်။ သူဆောက်လို့ ပြီးသွားရင် သူ့ကိုသွန်သင်ညွှန်ပြပေးမှာပါ။ မပြီးသေးခင်မှာ သင်မပေးနိုင်ဘူး။ ဒါနဲ့ နေပါဦး၊ သူ့ကျောက တကယ်ပဲ ဆိုးဝါးနေသလား"

"မယုံရင် ကိုယ့်ဘာသာကိုယ် ခေါ်ကြည့်လိုက်ပါ။ အဲဒါမှ ဒဏ်ရာအခြေအနေကို တကယ်သိသွားမယ်"

ဆရာမာပါက-

"မဟာမော်ဆရာလေးကို ငါ့ဆီ လွှတ်လိုက်စမ်းပါဦး၊ ငါကြည့်ပါဦးမယ်"

ဟု ပြောသည်။

ကျွန်ုပ်ကို ခေါ်သဖြင့် ဆရာမာပါကို သွားတွေ့ရသည်။ သူက ကျောမှအနာကို ကြည့်သည်။ အသေအချာကြည့်သည်။ ထို့နောက် သူက ဝတ်ရုံတစ်ထည်ကို ခေါက်ပြသည်၊ ကျွန်ုပ်၏ကျောပေါ် တင်ပြသည်။

"ဒီအဝတ်ကို ကျောပေါ်တင်ပြီး ကျောက်တုံးကိုထမ်းရင် အနာကို တိုက်ရိုက်မထိတော့ဘူး၊ ငါပေးတဲ့ အဝတ်နဲ့ ကျောကို အုပ်ထားလိုက်ပေါ့။ ဒီအနာလောက်က စာမဖွဲ့လောက်ပါဘူး၊ ငါ့ဆရာနာရိုပါ ပညာရှာတုန်းကလည်း ဒီလိုပဲ ပင်ပန်းခဲ့တာပဲ။ ငါပညာရှာတုန်းကလည်း ရှိသမျှပစ္စည်းဥစ္စာတွေကို ရင်းရတဲ့အပြင် မင်းလိုပဲ အပင်ပန်းခံခဲ့ရတယ်။ လွယ်လွယ်ချောင်ချောင်ဖြင့် ရလိမ့်မယ်မထင်နဲ့။ ဒီလောက်လေး ပင်ပန်းတာကို ကြီးကြီးကျယ်ကျယ်လုပ်ပြီး လျှောက်ကြွားမနေနဲ့"

ဆရာကတော်က မကျေမနပ်ဖြစ်နေသဖြင့် ဝင်ပြောသည်။

"ဒီလောက်ဖြစ်နေတာကို အသေးအဖွဲလို့မပြောပါနဲ့၊ အဝတ်စကို ခေါက်ပြီး အုပ်ထားတော့ ဘာထူးမှာလဲ"

"ထူးတာပေါ့။ ဒီလိုအုပ်ထားရင် အနာထဲကို ဖုန်တွေ မဝင်နိုင်တော့ဘူး။ ဒီတော့ အနာမရင်းဘူးပေါ့။ ဒီအချက်ကို လူပြိန်းတောင် သိတယ်။ ဒီလို ခပ်ထူထူခံထားတော့ ကျောလည်း မပွန်းတော့ဘူးပေါ့။ အဝတ်ခံပြီး ကျောက်တုံးတွေကို ဆက်သယ်လို့ရပါတယ်"

ကျွန်ုပ်အနေဖြင့် ဒဏ်ရာကို အကြောင်းပြပြီး အလုပ်ရပ်ရန် ရည်ရွယ်ချက်ရှိထားသူမဟုတ်ပေရာ ဆရာပြောသည့်အတိုင်း ကျောတွင်အဝတ်ထူထူခံပြီး ကျောက်တုံးတို့ကို တစ်တုံးပြီးတစ်တုံးသယ်ပိုးသည်။ ကျောက မခံမရပ်နိုင်အောင်နာသောအခါမျိုးတွင် ကျောက်တုံးကို ရင်မှာပိုက်ပြီး ရင်ဘတ်ဖြင့် ထမ်းကာသယ်သည်။ အိမ်ကို ဆက်ဆောက်သည်။

အိမ်မြန်မြန်ပြီးဖို့က အနာတို့ထက်ပိုအရေးကြီးသည်။ အိမ်ပြီးမှ ပညာစသင်နိုင်မည် မဟုတ်ပါလော။

ကျွန်ုပ်သည် ကျောက်တုံးပွန်းစားနာတို့ကို အမှုမထားဘဲ အိမ်ကို ဆက်လက်တည်ဆောက်ခဲ့သည်။ သို့သော် အနာတို့က အတော်ကလေးဆိုးဝါးလာသည်။ အလုပ်မလုပ်နိုင်သည်အထိ ဖြစ်လာသည်။ ထိုအခါ ဆရာကတော်ကို အပူကပ်ရသည်။ ဆရာ့အနေဖြင့် ပညာကို သင်ပေးလျှင်သင်ပေးပါ။ ထိုသို့ မပြုလျှင် ကျွန်ုပ်ကို ရက်အနည်းငယ် ရပ်ဆိုင်းခွင့်ကို ပေးပါဟု တောင်းဆိုခိုင်းသည်။ ဆရာကတော်က အကျိုးအကြောင်း ပြောပြပေးသည်။ ထိုအခါ ဆရာမာပါက အိမ်တွင် နားခွင့်ပေး၏။

"သူ့ကို ပညာသင်ပေးဖို့က လုံးဝ မဖြစ်နိုင်ဘူး။ နားချင်သပဆို နားပါစေ၊ ဆေးလေးဘာလေး ထည့်ပေးလိုက်ပေါ့"

ဟု သူက ဆိုသည်။

ကျွန်ုပ်သည် မှောက်လျက်သာ လှဲလျောင်းနေရသည်။ ဆရာကတော်က နေ့စဉ် ဆေးထည့်ပေးသည်။ အနာတို့ ပြည်စင်သည်အထိ နားရသည်။ အသားနုတက်စပြုချိန်တွင် အလုပ်ပြန်စဖို့ အားယူရသည်။ ထိုသို့ အစားကောင်းကောင်းစားပြီး အားယူနေစဉ် ဆရာကတော်က ဆရာမာပါကိုလှည့်စားရန် အကြံတစ်ခုရသည်။

သူက ကျွန်ုပ်ကို အိမ်ပေါ်မှဆင်းခိုင်းသည်။ ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းပစ္စယ အနည်းငယ်ကို ထုပ်ပိုးပြီး ပခုံးထက်ထမ်းက အိမ်ပေါ်မှဆင်းစေသည်။ အိမ်မှမြင်သာသော နေရာဆီသို့ ဖြည်းဖြည်းချင်းသွားရန် ပြောသည်။ သူက နောက်မှ လိုက်လာပြီး မသွားရန်တားမည်၊ ကျွန်ုပ်က နာနာကြည်းကြည်း စကားများကိုပြောပြီး ပြန်မလိုက်ဖို့ ငြင်းရမည်။ ဤနည်းဖြင့် အကွက်ဆင်ပြီး ဆရာမာပါကို ပညာသင်ပေးဖို့ ပြောရမည်ဟု ဆိုသည်။

ကျွန်ုပ်သည် ဆရာကတော်ခိုင်းသည့်အတိုင်း အထုပ်ကိုထမ်းပြီး အိမ်ပေါ်မှ ဆင်းသည်။ ဖြည်းဖြည်းချင်း လျှောက်သည်။ ဆရာကတော်က အိမ်ထဲမှပြေးထွက်လာပြီး အသံကျယ်ကျယ်ဖြင့် ကျွန်ုပ်ကို လှမ်းခေါ်သည်။ မသွားရန်တားသည်။ ကျွန်ုပ်က စိတ်ကုန်နေပြီဖြစ်ကြောင်းပြောသည်။ ဆရာကတော်က မသွားပါနှင့်ဟု တားသည်။ ဆရာမာပါကို ပညာသင်ပေးဖို့ သူတိုက်တွန်းကြည့်မည်ဟု ပြောသည်။

ကျွန်ုပ်တို့နှစ်ဦးသည် ဘေးဘီကကြားအောင် တမင်သက်သက် အသံကျယ်ကျယ်ဖြင့်ပြောဆိုကြသည်။ ဆရာမာပါ အသံကြားသဖြင့် အိမ်ရှေ့ထွက်ကြည့်သည်။ ကျွန်ုပ်တို့ ပြောဆိုနေသည်ကို နားထောင်သည်။ ထို့နောက် သူကလှမ်းခေါ်သည်။

"သားအမိနှစ်ယောက် အတိုင်အဖောက်တွေ လုပ်မနေကြနဲ့၊ ဒါမျိုးက ရိုးနေပြီ"

ဆရာကတော်က-

"အတိုင်အဖောက်လုပ်နေကြတာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာပါ။ မဟာမော်ဆရာလေးက ရှင့်ဆီမှာ ပညာသင်ဖို့ တစ်နယ်တစ်ကျေးကလာပြီး နေရရှာတယ်။ သူ့ခမျာ ဆင်းရဲနွမ်းပါးတယ်၊ ပညာသင်ဖို့ အဖိုးအခမတတ်နိုင်ဘူး။ ဒီတော့ သူ့အဖို့ ပညာရစရာလမ်း မရှိတော့လို့ ပြန်တော့မယ်တဲ့။ ရှင့်ဆီက ပညာကို မရဘူး၊ ရက်စက်မှုတွေပဲ တစ်ခုပြီးတစ်ခုရနေတယ်။ ဒီတော့ သူမသေခင် သူရှာချင်တဲ့တရားကို သူရဖို့အတွက် အခြားဆရာတစ်ယောက်ယောက်ဆီမှာ သွားသင်တော့မယ်တဲ့။ ဒီတော့ ကျွန်မက မသွားဖို့ တားနေရတယ်။ ရှင့်ကို ပညာသင်ပေးဖို့ ပြောကြည့်ပေးပါဦးမယ်လို့ သူ့ကို ပြောပြနေတာပါ။ ရှင်က မကြာခင်မှာ သင်ပေးမှာပါလို့ ပြောပြနေတာပါ"

"ဩော်- ဒီလိုလား"

ဆရာမာပါက ဒေါသတကြီးဖြင့် ကျွန်ုပ်တို့အနီးသို့ ရောက်လာသည်။ ကျွန်ုပ်ကို ဆူသည်။

"မင်းရောက်လာတော့ ငါ့ထံမှာ စိတ်ရောကိုယ်ပါ အပ်နှံခဲ့တယ် မဟုတ်လား။ အသက်ကိုပင် အပ်နှံခဲ့တယ် မဟုတ်လား။ ဒီတော့ မင်းကို ငါပိုင်တယ်။ ပစ္စည်းတစ်ခုကို ပိုင်ဆိုင်သလို မျိုး ငါပိုင်ဆိုင်တယ်။ ငါပိုင်တဲ့ပစ္စည်းကို ငါကြိုက်သလို လုပ်ပိုင်ခွင့်ရှိတယ်။ မင်းကို ငါသတ်ချင်ရင် သတ်ပစ်နိုင်တယ်။ ဒီလိုသတ်လို့ ဘယ်သူကမှ ငါ့ကို အပြစ်တင်လို့ မရဘူး။ ငါက မင်းကို နှုပ်နှုပ်စဉ်းပစ်လို့ရတယ်။ ဒီအတွက် ငါ့မှာ အပြစ်မရှိဘူး။ ငါပိုင်တဲ့ပစ္စည်းကို ငါလုပ်ချင်ရာ လုပ်ပိုင်ခွင့်ရှိတယ်"

ထို့နောက် ဆရာမာပါက ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

ပခုံးထက်မှအထုပ်ကို ဆွဲယူပြီး ဒေါသတကြီးဖြင့်လွှင့်ပစ်သည်။ ထိုအခါ အိတ်သည် အဝတ်အိတ်ဖြစ်သဖြင့် အကြမ်းမခံနိုင်သောကြောင့် မြေနှင့်အဆောင့်တွင် ကွဲသွားသည်။ အထဲမှ ကျွန်ုပ်ပိုင်ဆိုင်သော ကျမ်းစာအုပ်များ ထွက်ကျကုန်သည်။ အိတ်ကိုဖောင်းကားအောင် ထည့်ထားသော ဂျုံမုန့်များလည်း ထွက်ကျကုန်သည်။

"ကြည့်စမ်း၊ မင်းက အိမ်ပေါ်က ဆင်းတာ ကိုယ့်ပစ္စည်းအပြင် အိမ်က ဂျုံမှုန့်တွေကိုပါ အိတ်ထဲထည့်ပြီး ယူသွားလိုက်သေးတယ်။ ဘာကိစ္စယူရတာလဲ"

ဆရာမာပါက ကျွန်ုပ်ကို ခြေဖြင့်ကန်ကျောက်သည်။ ရှောင်ရင်းတိမ်းရင်း ဟန်ချက်ပျက်ကာ မြေသို့ လဲကျသည်။ ဆရာမာပါက ဖနောင့်ဖြင့်ပေါက်သည်၊ ခြေဖြင့်လည်း ကန်ကျောက်သည်။ အားရအောင် ကန်ကျောက်ပြီးမှ ဂျုံအိတ်ကို ကောက်မ,ပြီး အိမ်ထဲသို့ ဝင်သည်။

ကျွန်ုပ်အနေဖြင့် ဆရာ့ကို စိတ်မကွက်မိချေ။ မိမိကိုယ်ကိုသာ အပြစ်တင်မိသည်။ ကျွန်ုပ်သည် ဆရာ့ကိုလှည့်ဖြားဖို့ ကြိုးစားခဲ့သည်။ ထို့ကြောင့် ဆရာ့အနေဖြင့် ဒေါပွထိုက်သည်။ မယားနှင့်ပေါင်းပြီး လင်ကိုအကောက်ကြံမိခြင်း ဖြစ်နေသည်။

ကျွန်ုပ်သည် အိပ်ရာထက်တွင် လှဲလျောင်းရင်း အသံတိတ်ငိုကြွေးမိသည်။ ဆရာကတော်က ကျွန်ုပ်ကို နှစ်သိမ့်သည်။ တစ်မျိုးမရလျှင် တစ်မျိုးထပ်ကြံပါဦးမည်ဟုလည်း ပြောသည်။

ထို့နောက် သူက သူတတ်သည့် တရားထိုင်နည်းကို သင်ပြပေးသည်။ ပညာရေးကို ဝတ်မွတ်နေသော ကျွန်ုပ်အဖို့ အာခြောက်ပြေစေသောရေကြည် တစ်ပေါက်ကို သောက်သုံးခွင့်ရခဲ့သည်ဟု ဆိုနိုင်ပေသည်။

ကျွန်ုပ်သည် အားယူနေစဉ်ကာလတွင် အိမ်အလုပ်များကို ကူညီလုပ်ကိုင်ပေးသည်။ စာမရီတို့ကို နို့ညှစ်ပေးသည်။ နွားနို့မှ ထောပတ်ထုတ်လုပ်ရာ၌ ကူညီလုပ်ကိုင်ပေးသည်။ စာမရီနွားတို့သည် ကျွန်ုပ်တို့နေထိုင်ရာ တောင်ပေါ်ဒေသ၏ အေးချမ်းသော ရာသီဥတုမျိုး၌သာ ရှင်သန်နိုင်ကြသည်။ ပူသော မြေနိမ့်ပိုင်းတွင်မနေနိုင်ကြချေ။ ထိုသို့ နေရလျှင် ရောဂါဘယဝင်ပြီး သေကုန်သည်။

စာမရီတို့သည် အလွန် အသုံးဝင်သည့်သော တိရစ္ဆာန်များ ဖြစ်ကြသည်။ သူတို့ကို တောင်ပေါ်ခရီးနှင်ရာတွင် ကုန်စည်ထမ်းရန် စေခိုင်းနိုင်သည်။ တောင်တက်၊ တောင်ဆင်းခရီးကို ဝန်များထမ်း၍ ကောင်းစွာသွားနိုင်စွမ်းရှိကြသည်။ သူတို့၏နွားချေးခြောက်ကို ထင်းလောင်စာအဖြစ် အသုံးပြုသည်။ ကျွန်ုပ်တို့ နေထိုင်သော တောင်ပေါ်ဒေသတွင် ဆီးနှင်းထူထပ်စွာကျသဖြင့် ထင်းခွေလောက်သော အပင်ကြီးကြီးရှားပါးရာ နွားချေးခြောက်ကိုသာ ထင်းလောင်စာအဖြစ် အဓိကထားပြီးသုံးစွဲရသည်။ သူတို့၏အမွေးကို ရိတ်ယူပြီး အထည်ရက်သည်။ ရွက်ဖျက်တဲများအတွက် ဖျင်ကြမ်းများလည်း ထုတ်လုပ်သုံးစွဲသည်။ သူတို့၏အသားနှင့်နို့ကို အစာအာဟာရအဖြစ် စားသောက်သည်။ နို့မှ ထောပတ်ဆီ ထုတ်လုပ်ပြီး လက်ဖက်ရည်ဖျော်ရာ၌ နို့ဆီအဖြစ်လည်းကောင်း၊ ဆီမီးထွန်းရန်အတွက် လောင်စာဆီအဖြစ် လည်းကောင်း အသုံးပြုသည်။ သို့ဖြစ်ရာ စာမရီတို့သည် ကျွန်ုပ်တို့ နေထိုင်ရာ ဟိမဝန္တာတွင် မရှိလျှင် မဖြစ်အောင် အရေးပါနေကြပေသည်။

ကျွန်ုပ်သည် ဆရာကတော်နှင့် ပေါင်းပြီး လုပ်ဇာတ်ခင်းခဲ့ခြင်းဖြစ်သော်လည်း ထိုလုပ်ဇာတ်မှ အကြံတစ်ခုကို ကျွန်ုပ် ရရှိခဲ့သည်။ လုပ်ဇာတ်အတိုင်း တကယ်လုပ်ရန် ဖြစ်ပါသည်။ အခြားဆရာတစ်ဦးထံ သင်ယူရန် အားခဲထားသည်။ အခွင့်သာသည်နှင့် ဆရာအရှာထွက်ရန် စိတ်ပိုင်းဖြတ်ထားသည်။

ကျွန်ုပ်သည် အားပြန်ပြည့်သောအခါ အိမ်ကို ဆက်ဆောက်သည်။ ကျောက်တုံးတို့ကို သယ်သည်။ နေရာချသည်။

တစ်ရက်၌ ပေးနိုင်ကမ်းနိုင်သော တပည့်သစ်တစ်သိုက် ရောက်လာကြရသည်။ လက်ဆောင်အဖြစ် ပစ္စည်းဥစ္စာများ ဆက်ကပ်လှူဒါန်းသည်။ ထိုအခါ ဆရာမာပါက တပည့်သစ်သွတ်သွင်းပွဲ ကျင်းပပေးရန် စီစဉ်စေသည်။

ဆရာကတော်က ကျွန်ုပ်ကို တာကွိုက်စ်ကျောက်မျက်ကို ပေးသည်။

"ရော့၊ ဒီကျောက်မျက်ကို ယူထားချေ။ ဆရာက သွတ်သွင်းပွဲကျင်းပတဲ့အခါ ကျောက်မျက်ကို အဖိုးအခအဖြစ် ပေးအပ်လှူဒါန်းပြီး မင်းကို သွတ်သွင်းပေးဖို့ ပြောပါ"

ကျွန်ုပ်သည် ကောင်းကင်ပြာရောင်ရှိသည့် တာကွိုက်စ်ကျောက်မျက်ကိုကြည့်ရင်း မျက်ရည်ဝဲမိသည်။

တပည့်သစ်သွတ်သွင်းပွဲ ကျင်းပသောအခါ ကျွန်ုပ်သည် သွတ်သွင်းခံမည့်တပည့်တို့နှင့်အတူ ရော၍ ဝင်ထိုင်နေလိုက်သည်။ ဆရာမာပါက အခအခ တောင်းသောအခါ ပေးရန်အတွက် တာကွိုက်စ် ကျောက်မျက်ကို လက်ထဲ အသင့်ကိုင်ထားလိုက်သည်။

ဆရာမာပါက ကျွန်ုပ်ကို တွေ့သောအခါ မေးမြန်းတော့သည်။

"ဟိုနားက မဟာမော့်ဆရာက ဘာလို့လာထိုင်နေရတာလဲ။ တပည့်အဖြစ် သွတ်သွင်းခံချင်ရင် အဖိုးအခအဖြစ် တစ်ခုခုပေးစရာရှိလို့လား၊ မရှိရင် စည်းထဲက အခုချက်ချင်းထွက်ပါ"

ကျွန်ုပ်က လက်ထဲ အသင့်ကိုင်ထားသည့် တာကွိုက်စ်ကျောက်မျက်ကို ပေးလိုက်၏။ ဆရာမာပါက ကျောက်မျက်ကို အသေအချာကြည့်သည်။ ပြီးနောက် ဒေါသသံဖြင့် မေးမြန်းသည်။

"မင်း ဘယ်က ရတာလဲ"

"ဆရာကတော်ပေးတာပါ။ သွတ်သွင်းပွဲမှာ အဖိုးအခအဖြစ်ပေးဖို့ ကျွန်တော့်ကို ပေးထားတာပါ"

"ဒီမိန်းမ တယ်ခက်ပါလား၊ အရှင်းကို အရှုပ်လုပ်ပြီ။ သွားခေါ်ချေစမ်း"

ကျွန်ုပ်က သွားခေါ်မည်ပြုစဉ် ဆရာကတော်ရောက်လာသည်။ ဆရာက မေးမြန်းသည်။

"ဒီတာကွိုက်စ်ကျောက်မျက်ကို ငါတို့ ဘယ်တုံးက ရထားတာလဲ"

"ငါတို့လို့ မပြောပါနဲ့။ ဒီကျောက်မျက်က ရှင်နဲ့မဆိုင်ပါဘူး။ ရှင်နဲ့ကျွန်မတို့ လက်ထပ်ပြီးမှရလာတဲ့ လက်ထက်ပွားမဟုတ်ဘူး။ ကျွန်မ မိဘတွေက ပေးထားတဲ့ ကျောက်မျက်ပါ။ သူတို့က ရှင့်အကြောင်းကို ကောင်းကောင်းသိနေကြတယ်။ ရှင်က ဒေါသကြီးတယ်၊ စိတ်ဆတ်တယ်၊ စိတ်လိုက်မာန်ပါလုပ်တတ်တယ်၊ ရုန့်ရင်းကြမ်းတမ်းတယ်။ ဒါကြောင့် ကျွန်မအနေဖြင့် အတော်သည်းခံပြီး ပေါင်းသင်းရလိမ့်မယ်။ သည်းမခံနိုင်တဲ့အဆုံးမှာ လင်မယားကွဲကြရလိမ့်မယ်။ အဲဒီအခါကျ ကျွန်မဒုက္ခရောက်ရင် ရောင်းချပြီးသုံးစွဲဖို့အတွက် ကျွန်မရဲ့မိဘတွေက ပေးလိုက်တာပါ။ ရှင်နဲ့ လုံးဝမဆိုင်ပါဘူး။ အခု မဟာမော့်ဆရာက သူဆင်းရဲဆိုတော့ သူ့ခမျာ ဆက်ကပ်လှူဒါန်းစရာ မရှိရှာဘူး။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ပြီး ရှင်က အခမဲ့ ပညာသင်ပေးနိုးနိုးဖြင့် စောင့်နေရတာ အတော်ကြာနေပြီ။ ဒီတော့ အဖိုးအခ ပေးပြီး ပညာသင်နိုင်ဖို့အတွက် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံး သိမ်းထားခဲ့တဲ့ ကျောက်မျက်ကို ပေးလိုက်တာပါ။ အခု ရှင်လိုချင်တဲ့အတိုင်း အဖိုးအခရပြီ မဟုတ်လား၊ သူ့ကို တပည့်အဖြစ် သွတ်သွင်းပေးပါတော့"

"အတော်ရှုးကြောင်ကြောင်နိုင်တဲ့ မိန်းမပါလား။ နင့်ကို ငါက လက်ထပ်ပြီး သိမ်းပိုက်လိုက်ပြီဖြစ်လို့ နင့်ကို ငါပိုင်သွားပြီ။ နင့်ကိုငါပိုင်ရုံနဲ့ မပြီးဘူး၊ နင်ပိုင်သမျှကိုလည်း ငါပိုင်သွားပြီ။ ဒီတော့ ဒီတာကွိုက်စ် ကျောက်မျက်ကိုလည်း ငါပိုင်တာပေါ့။ ရှင်းနေတာပဲ။ ရှင်းနေတာကို လူအများ မျက်စိလည်အောင် မလုပ်ပါနဲ့"

ထို့နောက် ဆရာမာပါက ကျွန်ုပ်ကို စူးစူးဝါးဝါးကြည့်သည်။ ထို့နောက် သူက ကျွန်ုပ်ကို ဟိန်းဟောက်တော့သည်။

"မဟာမေ့ာ်ဆရာ၊ ငါ့မယားရဲ့ ကျောက်မျက်နဲ့ ငါ့ကို ဆက်ကပ်လှူဒါန်းတာကို ငါက အဖိုးအခရတယ်လို့ မသတ်မှတ်နိုင်ဘူး။ မင်းပိုင်ဆိုင်တာ ဘာရှိသလဲ၊ ရှိရင် ယူခဲ့စမ်း။ ယူလာနိုင်ရင် မင်းကို တပည့်အဖြစ် သွတ်သွင်းပေးမယ်"

ကျွန်ုပ်ပိုင်ဆိုင်သော အရာ ဟူ၍ ပြောပလောက်သောအရာတစ်ခုမျှ မရှိချေ။ သို့ဖြစ်ရာ အသာနှုတ်ဆိတ်ရင်း ဆက်ထိုင်နေလိုက်သည်။ ထိုအခါ ဆရာမာပါက ဒေါသထွက်လာသည်။ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထလိုက်သည်၊ အိမ်သည် သိမ့်ခနဲတုန်သွားသည်။ ကျွန်ုပ်ရှေ့သို့ သူရောက်လာသည်။ ကျွန်ုပ်ကို ထိုးကြိတ်သည်။ ဆံပင်ကို ဆောင့်ဆွဲပြီး စည်းအပြင်သို့ ထုတ်ပစ်သည်။ ထို့နောက် အလုပ်ပင်ပန်းလွန်းသည့် ဒဏ်ရာများကြောင့် ကြဲလှီနေသော ကျွန်ုပ်၏ကိုယ်ခန္ဓာအား လက်နှစ်ဖက်ဖြင့် ကောက်မ,လိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်လိုက်သည်။ ထိုသို့ပြုရုံမျှဖြင့် အားမရသေးသောကြောင့် တံမြက်စည်းယူပြီး ကျွန်ုပ်ကို ရိုက်နှက်သည်။

ထိုသို့ ဝရုန်းသုန်းကားဖြစ်နေစဉ် တပည့်သစ်တို့ကို ဦးဆောင်လာသော ငိုဒမ်က ဝင်ရောက် ဖျန်ဖြေပေးသည်။ သူသည် ဆရာမာပါ၏တပည့်ရင်းတစ်ဦး ဖြစ်သည်။ ဆရာအဆင့်ရှိသူလည်း ဖြစ်သည်။ ဆရာ့ကို ဝင်ဆွဲသည်။ ကျွန်ုပ်သည် ကြမ်းပြင်ပေါ် ခွေခွေကလေး လဲနေရာမှ ထရုပ်လိုက်သည်။ ထို့နောက် နီးရာပြတင်းပေါက်မှ ခုန်ချပြီးထွက်ပြေးသည်။ အကျတော်သဖြင့် ကိုယ်ခန္ဓာ၌ ဒဏ်ရာမရ။ သို့သော် စိတ်၌ဒဏ်ရာရသည်။ မိမိကိုယ်မိမိလည်း ယူကျုံးမရဖြစ်မိသည်။ ယခင်တစ်ကြိမ်တုန်းကကဲ့သို့ပင် အဆုံးစီရင်မည်ဟု ဆုံးဖြတ်မိသည်။ ထိုစဉ် ဆရာကတော်ရောက်လာပြီး တရားချသည်။

"မဟာမေ့ာ်ဆရာ၊ စိတ်ဓာတ်မပျက်ပြားပါနဲ့။ စိတ်ဓာတ်ပျက်ပြားရင် စိတ်ညစ်စရာတွေချည်း တွေးနေမိတတ်တယ်။ လုပ်မိလုပ်ရာကို မဆင်မခြင်လုပ်မိတတ်တယ်။ သင်ဟာ ဆရာမာပါရဲ့ တပည့်တွေထဲမှာ သားအရင်းသဖွယ် သတ်မှတ်ခံရသူ ဖြစ်တယ်။ ဒီလို သတ်မှတ်ခံရတဲ့တပည့်ဆိုလို့ သင်တစ်ယောက်တည်းသာ ရှိကယ်။ ဆရာ့အပေါ် စိတ်မကွက်ပါနဲ့။ ဖြစ်ကြုံသမျှကို စိတ်မပျက်ပါနဲ့။ ကြံ့ကြံ့ခံပြီး ရင်ဆိုင်လိုက်စမ်းပါ သားရယ်"

ထိုအခါ ကျွန်ုပ်သည် မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။ အခြားဆရာတစ်ဦးထံ ကျွန်ခံ၍သင်မည်က ပိုသင့်မြတ်မည်ဟု ယူဆကြောင်း ပြောလိုက်သည်။ ထိုအခါ ဆရာကတော်က-

"သားတကယ်သွားချင်ရင် အမေစီစဉ်ပေးမယ်။ ခရီးစရိတ်လည်း အမေပေးမယ်။ ဆရာကိုပေးဖို့လက်ဆောင်လည်း အမေစီစဉ်ပေးလိုက်မယ်။ အမေစီစဉ်ဖို့အချိန်လိုတယ်၊ ခဏစောင့်ပေးပါ"

ဟု ပြောသည်။ ကျွန်ုပ်သည် ပိတ်လှောင်မိနေရာမှ ထွက်ပေါက်တစ်ခုကို ရေးတေးတေး မြင်လိုက်ရသဖြင့် ပျော်သွားသည်။ တစ်ညလုံး စိတ်လှုပ်ရှားနေသဖြင့် အိပ်မပျော်။ မိုးသာစင်စင်လင်းသွားသည်၊ တစ်ရေးမှမရလိုက်ချေ။ ညဉ့်ဦးပိုင်းက ငိုထားပြီး တစ်ညလုံးမအိပ်ထားသဖြင့် မျက်လုံးတို့ ဖန်နေတော့၏။

နံနက်တွင် ဆရာမာပါက ခေါ်တွေ့သည်။ သူက ကျွန်ုပ်အနေဖြင့် သူ့အပေါ် ဆရာတစ်ဦးအဖြစ် ချစ်မြတ်နိုးပါသေးရဲ့လား ဟူသော မေးခွန်းကို မေးမြန်းသည်။ ကျွန်ုပ်က အဖြေကို မဆိုင်းမတွပေးလိုက်သည်။

"ဆရာ့ကို စိတ်မပျက်ပါဘူး။ ကျွန်တော်ပြုခဲ့တဲ့ အကုသိုလ်တွေ ဖိစီးနေလို့ ကျွန်တော့်ဆန္ဒ မပြည့်ဝတာလို့ မှတ်ယူပါတယ်"

ထိုသို့ အဖြေပေးပြီးသောအခါ ဝမ်းပန်းတနည်း ဖြစ်မိသဖြင့် ငိုကြွေးမိသည်။ ဆရာက စိတ်တိုသွားသည်။

"ဘာလို့ ငိုနေရတာလဲ၊ ဒါ ငိုစရာလား"

ကျွန်ုပ်သည် ဆရာ့ရှေ့မှောက်မှ ထွက်လာလိုက်သည်။ ကျွန်ုပ်အနေဖြင့် ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းခြင်း မပြုနိုင်သရွေ့ ပညာသင်ဖို့ကိစ္စ အထမြောက်မည် မဟုတ်ဟု သဘောပေါက်မိသည်။ အခြားဆရာတို့အနေဖြင့်လည်း ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းမှ ကျွန်ုပ်ကို ပညာသင်ပေးကြလိမ့်မည်။ ထိုကဲ့သို့ မလှူဒါန်းနိုင်ပါက ပညာသင်ဖို့ အထမြောက်မည် မဟုတ်ချေ။ ဤသည်မှာ ထုံးတမ်းစဉ်လာတစ်ခု ဖြစ်နေသည်။ မလှူဒါန်းဘဲ ပညာသင်ခွင့်ရမည်ဟု မျှော်လင့်ခြင်းသည် စိတ်ကူးယဉ်ခြင်းသာ ဖြစ်သည်။ လက်တွေ့တွင် ဖြစ်မလာနိုင်ပါဟု ကျွန်ုပ်သဘောပေါက်မိသည်။

ပညာသင်ဖို့ အထမမြောက်လျှင် ကျွန်ုပ် လိုချင်သော တရားကို ရမည် မဟုတ်ချေ။ ထိုသို့ တရားမရလျှင် ယခုလိုအသက်ရှင်နေရသည်မှာ အပိုဖြစ်နေသည်။ အချိန်များ အလဟဿကုန်နေသည်။

ငါဘာလုပ်ရမလဲ၊ ငါ ဘာလိုလုပ်ရမလဲ။ စဉ်းစားစမ်း၊ အကြံထွက်စမ်း။ ရရာအလုပ်တစ်ခုခုလုပ်ပြီး ရလာမည့် လုပ်အားခကိုစုဆောင်းရမည်လော၊ အမေရှိရာ ကျွမ်ဆာရွာသို့ ပြန်ပြီး လိုအပ်သော အဖိုးအခကို အမေ့ထံမှတောင်းခံရမည်လော။ ကျွမ်ဆာရွာသို့ ပြန်လျှင် ကျွန်ုပ်ကို သတ်ဖြတ်လိုကြသူများ ရှိနေသည်။ သေခါမှ သေရော၊ ပညာသင်ဖို့အတွက် ရွှေရှိမှ ဖြစ်မည်။ အိမ်သို့ပြန်ပြီး အမေ့ထံတောင်းခံရမည်။ ထိုသို့မဟုတ်လျှင် ငွေဝင်လမ်းရှိသည့် အလုပ်တစ်ခုခုကို လုပ်ရမည်။ လက်ထဲရွှေရှိသောအခါကျမှ ကျွန်ုပ်လိုချင်သောတရားကို ရစေမည့် ပညာရပ်ကို သင်ယူရမည်။

ရွှေကို ရှာမည်။ ပြီးလျှင် ပညာကို ရှာရမည်။ ပြီးလျှင် တရားကို ရှာမည်။ ဤလမ်းစဉ်သည် လက်တွေ့ဆန်သည်။

ဤနေရာတွင် ဆက်နေပြီး ပညာကို အလကားရရန် မျှော်ကိုးနေခြင်းသည် ဖြစ်မလာနိုင်သော ဖြစ်ရပ်ကို ဖြစ်လာလိမ့်မည်ဟု စိတ်ကူးယဉ်ကာ မျှော်လင့်နေခြင်းသာ ဖြစ်နေသည်။ တရားမရဘဲ သေသွားဖို့သာ ရှိသည်။ ဤနေရာမှ ကျွန်ုပ် ထွက်ခွာမှ ဖြစ်မည်။ မျှော်လင့်စောင့်စားနေခြင်းကို ရပ်ဆိုင်းလိုက်သည်။ ခရီးထွက်ဖို့ ကျွန်ုပ် အထုပ်ပြင်လိုက်သည်။

အောင်ကျော်




www.burmeseclassic.com

www.burmeseclassic.com

ဇာတိဂုဏ်-မျိုးမြင့်အောင်

# မြေကိုင်ရောဂါ မသက်ပါ



သိပ္ပံဆေးပညာရပ်ဖြင့် လည်းကောင်း၊ မြန်မာတိုင်းရင်းဆေးပညာဖြင့် လည်းကောင်း၊ အကြောပြင်ပညာရပ်ဖြင့် လည်းကောင်း ကုသခြင်းပြုကြသော်လည်း သက်သာရာမရရှိသော ရောဂါဝေဒနာမျိုးကို ကြုံတွေ့ရတတ်ပေသည်။ ထိုအခါဝယ် အနာနှင့်ဆေး ကိုက်ညီမှုမရှိသေးသဖြင့်သာ ရောဂါမပျောက်ခြင်း ဖြစ်သည်ဟု ယူဆကြလျက် ကုသရင်း၊ ကုသရင်းနှင့် အချိန်ကြာလွန်သွားသောအခါ လူနာဆုံးရှုံးသွားရသည်ကို တွေ့ကြုံဖူးခဲ့ကြလိမ့်မည်ဟု ယူဆမိပါသည်။

ရောဂါဝေဒနာတစ်မျိုးရရှိရာတွင် ဖြစ်ရိုးဖြစ်စဉ်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည်တို့မဖြစ်ဘဲ တစ်မူကွဲပြားခြားနားနေလျှင်သော် လည်းကောင်း၊ အထက်တွင်ဖော်ပြခဲ့သော သက်ဆိုင်ရာ ကုသခြင်းများ ခံယူပါသော်လည်း ထူးခြား သက်သာမလာလျှင် ထိုဝေဒနာသည် ပယောဂနှင့်သက်ဆိုင်နေပြီဟု ယူဆသင့်ပါသည်။ ထိုအခါဝယ် ပယောဂဆိုင်ရာတွင် စစ်မှန်သော ပညာရှင်ကို လေ့လာ၍ လည်းကောင်း၊ စစ်မှန်သော ဂမ္ဘီရနည်းပညာများကို ရှာမှီး၍ လည်းကောင်း ကုသမှုခံယူသင့်ပေသည်။ ယခုရေးသားမည့်အကြောင်းအရာမှာ ပယောဂနှင့်သက်ဆိုင်သော ဝေဒနာများထဲမှ တစ်ခုဖြစ်သည့် မြေကိုင်ရောဂါအကြောင်းနှင့် ထက်မြက်သောကုထုံးအကြောင်းပင် ဖြစ်၏။

မြေကိုင်ရောဂါရရှိသူ၏လက္ခဏာများမှာ-

ခြေထောက်တစ်ချောင်း ဖြစ်စေ၊ နှစ်ချောင်းလုံး ဖြစ်စေ ပေါင်၊ ဒူး၊ ခြေသလုံး၊ ခြေဖမိုး၊ ခြေချောင်းများ စသည်တို့တွင် အထိမခံနိုင်အောင် အနာဖြစ်ခြင်း၊ ရောင်ရမ်းကိုက်ခဲနာကျင်ခြင်း၊ ခြေထောက်များ လေးလံထိုင်းမှိုင်းခြင်း၊ မတ်တတ်ရပ်၍မရအောင်ပင် ဆိုးရွားတတ်ခြင်း၊ ဒူးရောင်ခြင်း စသော လက္ခဏာများ ဖြစ်လေ့ရှိပါသည်။ ရောဂါရရှိသူသည် များသောအားဖြင့်မြေကြမ်းသောနေရာတွင်လဲကျခြင်း၊ မြေကျင်းတူးခြင်း, သစ်ပင်ခုတ်လှဲခြင်း, တောင်ပို့ဖြိုခြင်း, တောမီးရှို့ခြင်း, မြေဖို့ခြင်း စသော မြေမကြိုက်သော အလုပ်တစ်ခုခုကို ပြုလုပ်မိသဖြင့် မြေကိုင်ခံရလေ့ရှိပါသည်။

ယခုခေတ်တွင်မူ ပယောဂဝေဒနာကို လက်ခံယုံကြည်သူ နည်းပါးလာပြီ ဖြစ်၏။ သို့ဖြစ်သဖြင့် မြေကိုင်ရောဂါကို သိရှိနားလည်ကြသူများလည်း ရှားပါးသွားချေပြီ။ သို့သော်လည်း မေတ္တာဖြင့် လူအများကိုကယ်တင်လိုကြသူများအတွက် လည်းကောင်း၊ ဂမ္ဘီရပညာရပ်၏ တစ်စိတ်တစ်ဒေသကို လေ့လာလိုသူများအတွက်လည်းကောင်း၊ ပယောဂနှင့်စပ်ဆိုင်သော ဝေဒနာများရှိသည်ဟု ယုံကြည်လက်ခံသူများအတွက် လည်းကောင်း ရေးသားရခြင်း ဖြစ်ပါသည်။

သမားတို့၏ အင်္ဂါ (၁၂) ပါးကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိသော မြန်မာဆရာတို့သည် မေတ္တာတရားကို ရှေ့ဆောင်ခေါင်းရွက်ပြု၍ ကုသကြသည်သာ ဖြစ်၏။ တစ်စုံတစ်ယောက်သည် အထက်တွင်ဖော်ပြပြီးခဲ့သော မြေကိုင်လက္ခဏာများကို ယှဉ်တွဲတွေ့မြင်လာရသော ရောဂါဝေဒနာရှင်အား မြေကိုင်ရောဂါကုထုံးဖြင့် ဦးစွာကုသသင့်သည်ဟု အကြံပြုလိုပါသည်။ အကြောင်းမှာ အခြားသောကုထုံးဖြင့် အရင်ကုသပါက ဆေးပတ်လည်သည်အထိ ကုသရမည်ဖြစ်၍ သတ်မှတ်ချိန်ကာလတစ်ခုကို စောင့်ရပါမည်။ အကယ်၍ မသက်သာသေးသဖြင့် အခြား ကုထုံးတစ်ခုကို ပြောင်း၍ ကုသပြန်ပါက ထိုကဲ့သို့ပင် ကြန့်ကြာဦးမည် ဖြစ်၏။ သို့နှင့်ပင် စွဲကပ်နေသော ပယောဂမှာ အင်အားကောင်းလာပြီး လူနာအား ဆုံးရှုံးရတတ်လေသည်။

ဖော်ပြပြီးခဲ့သော မြေကိုင်ရောဂါလက္ခဏာများကို ဝေဒနာရှင်လူနာထံတွင် အားလုံးတွေ့မြင်ရသည် ဖြစ်စေ၊ တစ်စိတ်တစ်ဒေသ တွေ့မြင်ရသည် ဖြစ်စေ၊ ယုတ်စွအဆုံး မြေကိုင်ရောဂါဟု သံသယရှိလျှင် ဖြစ်စေ မြေကိုင်ရောဂါကုထုံးဖြင့်သာ ဦးစွာ ကုသစေလိုကြောင်း အကြံပြုရပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကုထုံးမှာ တစ်နာရီအတွင်း ပြီးမြောက်၍ အချိန်မကုန်ပါ။ ငွေကုန်လည်း သက်သာလှပါသည်။ လုပ်ပန်းခြင်းလည်း မရှိ။ လူတိုင်း လွယ်ကူစွာပြုလုပ်နိုင်၏။ ထို့ကြောင့် ဦးစွာ ကုသခြင်းပြုထားနှင့်သော် မြေကိုင်ရောဂါကင်းရှင်းပြီးဖြစ်၍ ပယောဂဆိုင်ရာရောဂါအတွက် စိတ်ချရပြီဖြစ်တော့၏။ ၎င်းနောက်မှ အခြားသောဝေဒနာများကျန်ရှိနေသေးလျှင် ဆေးသိပ္ပံဆိုင်ရာ၊ တိုင်းရင်းဆေးဆိုင်ရာ၊ အကြောပြင်ဆိုင်ရာ စသော သက်ဆိုင်သောနေရာဌာနများသို့ ဆက်လက်ကုသသင့်ပေ၏။ သို့မှသာ အခြား သက်ဆိုင်ရာရောဂါဝေဒနာများ ကုသမှုခံယူနေစဉ်အတွင်း ပယောဂ တည်ရှိခဲ့သည် ဆိုပါက ထိုပယောဂ၏အင်အား ကြီးထွားလာမည်ကို စိုးရိမ်စရာ မလိုတော့ပေ။ ပယောဂကြီးထွားလာသဖြင့် အသက်ဆုံးရှုံးရသောအန္တရာယ်မှလည်း ကင်းဝေးသွားမည် ဖြစ်၏။

မြေကိုင်ရောဂါကုထုံးမှာ 'မြေဖုတ်တွင်းစာပေးခြင်း' ပင် ဖြစ်၏။ အာယု



www.burmeseclassic.com

www.burmeseclassic.com

...တစ်ခု ပြုလုပ်ခြင်းလည်း ဖြစ်၏။ ...ရှာရွေးရှာ၍ ဝမ်းမြောက်ဝမ်းသာ ...ဖြင့် အလှူပေး ကျွေးမွေးပါက အ ...လျင်မြန်စွာ ပျောက်ကင်းသက်သာ ...ကို တွေ့ခဲ့ရ၏။ ပြုလုပ်ရမည့်နည်း ...ကို သေချာစွာ ဖော်ပြပေးပါမည်။ ...မြေကိုင်ရောဂါ ဖြစ်ပွားတတ်သူများ ...ဓာတ်ပျော့ညံ့လာပြီး အားငယ် ...ဖြစ်နေလေ့ ရှိပါသည်။ ကုထုံးမှာ ...အောက်ပါအတိုင်း ဖြစ်ပါသည်။

သူငယ်နာ မာတြာပစ်သောအခါ ...သုံးပြုလေ့ရှိသော ခေါပန်းတောင်း ...တစ်လုံးတွင် ရရာဖက်စိမ်းဖြင့် အခင်းပြု ...ပါ။ ၎င်းဖက်စိမ်းပေါ်တွင် ထမင်းဖြူ ...ပန်းကန်ထည့်ပါ။ ထိုထမင်းဖြူသည် ...တ်စာကျွေးရန်အတွက် ရည်ရွယ်၍ ...သန့်ချက်ထားသော ထမင်းဖြူ ဖြစ်ရ ...မည်။ ကျန်နေလျှင် သွန်ပစ်ပါ။ ၎င်း ...နောက် မချက်ရသေးသော ကြက်ခေါင်း ...တစ်လုံး၊ ကြက်အူတစ်ထွေး (အနည်း ...ငယ်ကို လုံးထွေးရစ်ပတ်ပြီးထုံးထည့်ပါ)၊ ...တောင်ပံနှစ်ဖက်၊ ခြေထောက်နှစ်ချောင်း ...တို့ ဖက်စိမ်းပေါ်တွင် ထည့်ထားသည့် ...ထမင်းဖြူပေါ်မှာ ပုံထားပါ။ အားလုံး ...အသားစိမ်းများ ဖြစ်ရပါမည်။ တစ်ဖန် ...ဆန်လွတ်နန္ဒင်းမှုန့်နှင့် ထုံးတို့ကို ရေဖြင့် ...ပျစ်မကျဲဖျော်၍ လက်ဖက်ရည်ပန်း ...ကန်တစ်လုံးစာခန့် ပြုလုပ်ထားပါ။ မြေ ...ပင် (၇) ပင်ကိုလည်း စုစည်း၍ အ ...ဆင်သင့်ပြုလုပ်ထားပါ။ အားလုံး ပြည့်စုံ ...ပြီ ဖြစ်ပါသည်။

လူနာ သစ်ပင်ခုတ်သောနေရာ၊ ...ခဲ့သော၊ လန့်ခဲ့သောနေရာ၊ တစ်ခုခု ...ဖြစ်ခဲ့သောနေရာတွင် ဖြစ်စေ၊ လူနာနေ ...သောအိမ်မှလေ့ကားခြေရင်းရှိ မြေတွင် ...ဖြစ်စေ ခေါပန်းတောင်းမြုပ်လောက် ...အောင် မြေကျင်းတူးရပါမည်။

ထိုသို့ မြေကျင်းတူးရာတွင် အ ...ပေါ်မြေအား သီးသန့်ပုံထားပါ။ နောက် ...ဆုံး အောက်ခြေမှမြေကိုလည်း သီးခြား ...ထားပြီး သေချာစွာမှတ်သားထားပါ။ ...၎င်းနောက် အသင့်ပြင်ဆင်ပြီးသော ...ခေါပန်းတောင်းအား မြေတွင်းထဲသို့ချ ...ပါ။ ရောဂါဖြစ်နေသူ၏ခြေဖဝါးနှစ်ဖက် ...အား မြေကျင်း နှုတ်ခမ်းစပ်တွင် ခြေဖ ...နောင့်ထား၍ ခြေဖျားဘက်က ခေါပန်း ...တောင်းကို ဖိထားပါစေ။ ထိုအချိန်တွင် ...လူနာ၏ဘေးနှစ်ဖက်မှ လူနှစ်ယောက် ...က ထိန်းပေးထားရပါမည်။

၎င်းနောက် မြေဖုတ်တွင်းစာပေး မည့်ပုဂ္ဂိုလ်က အဆင်သင့်ပြုလုပ်ထားနှင့်ပြီးသော ထုံး၊ နန္ဒင်း (ဆနွင်း) ခွက်ကို ဘယ်ဘက်မှ ကိုင်ပြီး ညာဘက်မှ မြေစာပင်စည်းကိုင်၍ လူနာ၏ရောင်ရမ်းနေသောနေရာ၊ အနာအကျိတ်ဖြစ်နေသောနေရာ၊ ထုံးကျင့်ကိုက်ခဲ လေးလံနေသောနေရာများကို ထုံး၊ နန္ဒင်းရည်ဖြင့်နှံ့အောင်ရိုက်ပါ။ ထုံးနန္ဒင်းပန်းကန်ထဲသို့ မြေစာစည်းဖြင့် ဆွတ်ယူပြီး အထက်ပိုင်းမှခြေဖျားအထိ ရိုက်ချရန် ဖြစ်၏။ ရောဂါဖြစ်ပွားနေသောနေရာတို့ကို အသားထိအောင် ရိုက်ရမည်ဖြစ်၍ အဝတ်များကို ခေတ္တဖယ်ပေးရပါမည်။ ထိုသို့ ရိုက်ချနေစဉ်အတွင်း အောက်၌ဖော်ပြထားသော မန္တန်အား ပီပီသသ သုံးခေါက်ရွတ်ဖတ်ရမည်။ စာရွက်တစ်ရွက်ဖြင့်ကူးယူ၍ ဖတ်မည်ဆိုပါက ထုံး၊ နန္ဒင်းဖျော်ရည်ခွက်အား ချထားနိုင်ပါသည်။ အလွတ်ကျက်မှတ်ပါကလည်း မခက်ခဲပါ။

ရွတ်ဆိုရန်မန္တန်မှာ-

'ဥုံ- မြေထဲမနေ မြေပေါ်နေ ဒွေးချေမယ်လျှ မြေဖုတ်ဖိုနှင့် မြေဖုတ်မ၊

စားသင့်သည့်ထမင်း ကြက်သားဟင်းနှင့် မြေမင်းစားတော်ခေါ်ပါလော့။

စားဟဲ့ဆိုလျက် မစားလျှင် နင့်အုထုံးကို ခါးမတုံးနှင့်ခုတ်လိမ့်မည်။

စားဟဲ့ဆိုလျက် မစားလျှင် နင့်ဆံထုံးကို ခါးမတုံးနှင့် ခုတ်လိမ့်မည်။

ဇဟိဘတ္တံ ဘောဇန် ဘုဋ္ဌာဟိ ဘုဋ္ဌာဟိ'

ရောဂါရှိသော နေရာများအား သေချာစွာနှံ့စပ်အောင် ထုံး၊ နန္ဒင်းဖျော်ရည်ဖြင့် ရိုက်ပြီးသောအခါ လူနာ၏ခြေထောက်များကို ဖိထားရာမှဖယ်ရှားနိုင်ပြီ ဖြစ်၏။ နာရီဝက်ခန့်ကြာသောအခါ ခေါပန်းတောင်းထည့်ထားသော မြေကျင်းထဲသို့ အပေါ်မြေအား အရင်ထည့်၍ဖို့ပါ၊ ၎င်းနောက်မှ အောက်မြေကို အပေါ်မှ လုံအောင်ဖို့လိုက်ပါ။ ထိုအခါ မြေဖုတ်တွင်းစာပေးခြင်းကိစ္စ ပြီးပြီဖြစ်ပါသည်။ မြေကိုင်ရောဂါရှိသည်မှန်လျှင် ဝေဒနာဖြစ်ပွားနေသူသည် တစ်ရက်အတွင်း သိသာစွာ သက်သာလာသည်ကို တွေ့ရပါမည်။ သုံးရက်ခန့်တွင် သက်သာပျောက်ကင်းသွားသည်ကို တွေ့ကြရမည် ဖြစ်၏။

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်မှစတင်၍ မြေကိုင်ရောဂါနှင့် တွေ့ကြုံရသည့်အကြိမ်တိုင်း အထက်၌ ဖော်ပြခဲ့သော ကုသနည်းကို မေတ္တာဖြင့်ရွေးရှုကုသခဲ့ပါသည်။ ကုသတိုင်းလည်း အောင်မြင်သည်ကို တွေ့ခဲ့ရပါသည်။ တချို့သော ဝေဒနာရှင်များသည် မြေကိုင်ရောဂါပျောက်ကင်းသွားသော်လည်း အခြားသော သွေး၊ သည်းခြေ၊ လေ၊ သလိပ်၊ အကြော စသောသွေးရိုးသားရိုးရောဂါများ ကျန်နေတတ်သည်ကိုလည်း ကြုံရတတ်ပါသည်။

ထိုအခါ သက်ဆိုင်ရာ ဆေးသိပ္ပံတိုင်းရင်းဆေး၊ အကြောပညာ စသည်ဖြင့် ဆက်လက်ကုသစေခြင်းဖြင့် ဝေဒနာရှင်အား ချမ်းသာရာရစေပါသည်။ မြေကိုင်ရောဂါကုထုံးမှာ အချိန်လည်းများစွာမပေးရ၊ ငွေကုန်လည်း မများ၊ ခက်ခက်ခဲခဲပြုလုပ်ရခြင်းလည်းမရှိသောကြောင့် တင်ကြို ကုသထားခြင်းဖြင့် အများမတွေ့နိုင်ပါ။ မည်သည့်ဘေးထွက်ဆိုးကျိုးမှုလည်း အန္တရာယ်မဖြစ်နိုင်ပါ။ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ အခန်းကဏ္ဍများလည်း မပါဝင်ပါ။ ဤရောဂါကိုလက်မခံ၍လည်းကောင်း၊ မယုံကြည်၍လည်းကောင်း၊ မသိ၍ လည်းကောင်း၊ သိခဲ့ပါသော်လည်း နောက်ဆုံးကျမှ ကုသမည်ဆိုပါလျှင် လည်းကောင်း ဖော်ပြရေးသားပြီးခဲ့သည့်အတိုင်း ကြာမြင့်သော ပယောဂသည် အသက်ဆုံးရှုံးစေတတ်သဖြင့် မပင်ပန်းသော တင်ကြိုမှုဖြင့် 'အရှုံးမရှိသော အသက်ကယ်နည်း' တစ်မျိုးကို တင်ပြရခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် မိမိတို့အနေဖြင့် ဘာမှမဟုတ်၊ ဂရုစိုက်စရာမလိုဟု သေးမွှားစွာ သဘောထားမိသောကိစ္စတစ်ခုကိုအကြောင်းပြု၍ ကြီးမားကျယ်ပြန့်လှသော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်တတ်သည်ကို ကြုံတွေ့ရတတ်ပါသည်။ အဆိုပါ သဘောတရားတွင် ယခုဖော်ပြခဲ့သော မြေကိုင်ရောဂါသည်လည်း တစ်မျိုးအနေနှင့် ပါဝင်နေပါ၏။ ထိုတစ်မျိုးဖြင့်ကြုံတွေ့လာပါက သက်သောင့်သက်သာနှင့် လွယ်ကူစွာ ဖြေရှင်းအောင်မြင်နိုင်ရန်အတွက် မေတ္တာရှေးရှု၍ ဂမ္ဘီရကုထုံးတစ်ခုကို ရေးသားတင်ပြလိုက်ရသည် ဖြစ်ပါကြောင်း။

ခုနစ်ရက်သားသမီးကယ်တင်ရေးအတွက် အထောက်အပံ့ဖြစ်ပါစေ

ဓာတဝိဂုဏ်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်း လမ်းလျှောက်ရာမှအပြန် ခန္ဓာကိုယ်အာဟာရ ဖြည့်ဆည်းရန်အတွက် လမ်းထိပ်ရှိ စားဖွယ်စုံရသည့် လက်ဖက်ရည်ဆိုင်၏စားပွဲခုံအလွတ်မှာ ဝင်ထိုင်လိုက်သည်။ စားပွဲထိုးကလေးများ အနားရောက်လာကာ ကျွန်မ မှာယူမည့် စားစရာစာရင်းအား မှတ်သားကာ ထွက်သွားသည်။ စားစရာရောက်မလာခင် ကျွန်မ၏မျက်လုံးများက ဟိုဟိုဒီဒီ လိုက်ကြည့်မိသည်။ သည်ရပ်ကွက်



သို့ ကျွန်မ ပြောင်းရွှေ့လာတာ မကြာသေးပါ။ အားလုံးသည် မျက်နှာစိမ်းများဖြစ်နေသည်။

သို့သော် မျက်စောင်းထိုးစားပွဲမှ အသားမည်းမည်း၊ ဗလတောင့်တောင့်နှင့် လူသုံးဦးက ကျွန်မအား မကြာခဏ လှမ်းကာကြည့်လို့နေသည်။ ကျွန်မလို ဘွားတော်အရွယ်အား တခြား ကလီကမာစိတ်နှင့် ကြည့်ရှုတာမျိုးတော့ မဖြစ်နိုင်ပေ။ သူတို့ကိုလည်း ကျွန်မ၏အသိစိတ်ထဲမှာ မြင်ဖူး၊ တွေ့ဖူးနေသလိုပင်။ ဘယ်တုံးကလဲ၊ ဘယ်မှာလဲ စဉ်းစားမရ။ တွေးနေဆဲမှာပင် သူတို့ ထိုင်နေရာမှထလာပြီး ကျွန်မထိုင်နေရာ စားပွဲသို့ ချဉ်းကပ်လို့လာသည်။

ပုံမှားရိုက်ချင်၍လား. . . ။ မှုခင်းတွေထဲမှာဖတ်ဖူးသည်။ သူတို့ရုပ်ရည်များက ခပ်ကြမ်းကြမ်းဆိုပေမယ့် အပြင်ပန်းကြည့်ပြီး ဆုံးဖြတ်လို့လည်း မဖြစ်သေး။ သူတို့၏မျက်ဝန်းအကြည့်သည် ကျွန်မအား တရင်းတနှီးရှိလှသည်။

"အစ်မကြီး၊ ကျွန်တော် ဟာရွှန်လေ၊ (---) ဆေးရုံ၊ အထူးကြပ်မတ်ဆောင်က ဂိတ်စောင့်လေ"

"ဩော်- အေး၊ ဟုတ်ပါရဲ့"

ဟာရွှန် ဆိုသူ၏ ဖော်ပြစကားကြောင့် ကျွန်မ မှတ်ဉာဏ်အသိမှာ လင်းခနဲ မြင်ယောင်ကာ မှတ်မိသွားသည်။ သူတို့သုံးဦးသည် ကျွန်မဆေးဝါးကုသစဉ်အချိန်က အစစအရာရာ ကူညီခဲ့သူများဖြစ်သလို လက်တွန်းလှည်းဖြင့် ကျွန်မအား ရိုးရိုးလူနာဆောင်သို့ပြောင်းရွှေ့စဉ် ကျွန်မကို နဖူးပေါ် လက်ဝါးတင်၍ ဆုလရိုက်ကာ အလေးထပြုခဲ့ကြသူများ ဖြစ်သည်။

ထိုစဉ်က ကျွန်မအား နောက်ပြောင်သည်ထင်၍-

"နင်တို့က ငါ့ကိုနောက်ပြောင်တာလား"

ဟု နှုတ်မှဖွင့်ကာ မေးမိသည်။ သူတို့ကလည်း ကပျာကယာပင် ရှင်းပြရှာသည်။

"ဟာ- မနောက်ရပါဘူး အစ်မကြီးရယ်။ဟောဒီ အထူးကြပ်မတ်ဆောင်ထဲကို ဝင်လာတဲ့ လူနာအယောက်တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ဟောဒီတံခါးပေါက်က ပြန်ထွက်မလာကြတော့ဘူး။ အခု အစ်မကြီးက ဝင်လာတဲ့တံခါး

ပေါက် ပြန်ထွက်လာလို့ ဂုဏ်ပြုတဲ့အနေနဲ့ အလေးပြုကြတာပါခင်ဗျာ"

ဟူ၍ ပြောပြမှ ကျွန်မသည် သေကံမရောက် သက်မပျောက် မဟာကံထူးရှင် ဖြစ်ခဲ့ရသည်ကို ကျွန်မ ပြန်စဉ်းစားနေစဉ်မှာ သူတို့က ကျွန်မရှေ့စားပွဲမှာ ဝင်ထိုင်ပြီးပါပြီ။

"ကျွန်တော်တို့က လူမှားမှာစိုးလို့ပါ။ တကယ်တော့ မတွေ့တာလည်း ကြာ၊ ဆေးရုံလည်း လာပြန်မပြတော့ အစ်မကြီးကို သေသွားပြီလားလို့ ထင်ထားတာ"

"ဟုတ်တယ်၊ အခု အစ်မကြီးကို ပြန်တွေ့တော့ ကျွန်တော်တို့ အံ့သြနေကြတာ"

ဟာရွှန်၏ဘေးမှာပါလာသူ ဖက်တီးကိုလည်း ကျွန်မမှတ်မိနေသည်။ အမှန်တကယ်တော့ ကြီးမားသော လည်ပင်းခွဲစိတ်မှုဒဏ်ရာကြောင့် အသက်ကယ် အထူးကြပ်မတ်ဆောင်မှာ(၁၉၉၉ ခုနှစ်က) တစ်လနီးပါး ကျွန်မဆေးကုသခံခဲ့ရသည်။ သွေးပေါင်ချိန် (၄၀/၅၀)

မို့ မျှော်လင့်ချက်က သိပ်မရှိပါ။ အားလုံး
က သေလူဟု မှတ်ယူကာ မိဘ၊ သား
သမီး၊ ဆွေမျိုး၊ သူငယ်ချင်းများ ကျွန်မ
အတွက် ငိုကြွေးနေကြပါပြီ။

ကျွန်မကတော့ ဟဒယနှလုံးအိမ်
မှာသာ လက်တစ်ဆုပ်စာမျှအားလေး ရှိ
နေတာ ဘာသာသိ၍ ကိုယ့်ကိုယ်ကိုယ်
မေးခွန်းထုတ်ခဲ့သည်။ 'ငါ သေလိုက်ရ
စိတ်လျှော့ရမလား။ ငါ မသေအောင်
အားတင်းပြီး အသက်ကိုဉာဏ်နဲ့စောင့်
ရှောက်ရင်ကော ဖြစ်မလား'။ ငယ်စဉ်က
ကျွန်မ၏အဘိုးက အမြဲ ပြောဖူးသော
စကားမှာ အသက်ဉာဏ်စောင့်၊ ဥစ္စာ
ကံစောင့်စကားကို သတိရပြီး ဘာသာ
စိတ်ကိုအားပေး အားတင်းထားခဲ့သည်။

ထိုစဉ်က ကျွန်မသေလည်း ကွ

လွတ်မည်မထင်။ ဆယ်တန်းအောင်ခါ
သားကလေးအတွက် ဘဝအခြေမကျ
သဖြင့် ပူပန်နေချိန် ဖြစ်သည်။

ကျွန်မက ဤအကြောင်းတရား
ကို ပြောပြရခြင်းမှာ ရောဂါဝေဒနာခံစား
နေရသူများ စိတ်ဓာတ်မကျဆင်းဘဲ မိမိ
ကိုယ်ကို ဉာဏ်နှင့်စောင့်ရှောက်တတ်စေ
ရန် ဖြစ်ပါသည်။

အင်္ဂလိပ်ဆေးဝါးများကလည်း
ပြင်းထန်၊ လည်ပင်းခွဲတော့ အစာမျို
ခက်ခဲ။ ထမင်းအသက် (၇) ရက်

www.burmeseclassic.com

www.burmeseclassic.com

အသက် တစ်မနက်မို့ ရေ တစ်နေ့ တစ်ပါလန်ဝင်အောင် ကြိုးစားသောက်ပြီး အင်္ဂလိပ်ဆေးဒဏ်ကို ဆီး၊ ဝမ်းအဖြစ်နှင့်ထုတ်စေသည်။ အစာမဝင်လည်း အားပြတ်သေမည်၊ ဆေးဒဏ်လည်း မခံနိုင်ဖြစ်မည်။ ခန္ဓာကိုယ်အာဟာရဓာတ်မှ ခံနိုင်ရည်ရှိပါမည်။ ထို့ကြောင့် စားချင်ချင်၊ မစားချင်ချင် အစာပျော့ပျော့ကို ဝင်အောင် ဖြည်းဖြည်းချင်း မျိုချသည်။ ကျွန်မကတော့ တရုတ်နို့ကြက်ဥ ပူတင်းပေါင်းကို မျှော့ချစားပြီး အာဟာရဖြည့်ခဲ့သည်။ သည်တော့ ငါးရက်အကြာမှာ လူက ပိုးသတ်ဆေးဒဏ်၊ ထိုးဆေးဒဏ်တွေ ခံနိုင်လာရင်း အသက်ဘေးကိုကျော်ဖြတ်ခဲ့သည်။ ဝေဒနာတစ်ခု ခံစားရလျှင် မိမိကိုယ်တိုင် စိတ်ဓာတ်မကျပါနှင့်။ စိတ်ဓာတ်သည် မိမိရဲ့ခွန်အားပါပဲ။ ကျွန်မကတော့ ရင်းနှီးသူများလူမမာဖြစ်လျှင် စိတ်ဓာတ်မကျဖို့နည်းကို အားပေးပြောစမြဲပင်။

နောက်တစ်ခုက ဘာသာတရားကို လေးလေးနက်နက် ယုံကြည် သဒ္ဓါစိတ်အပြည့်နှင့် ရှိသေကိုင်းရှိုင်း ကျင့်ကြံအားထုတ်တာလည်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ခဲ့သည်။

ဒါက စာဖတ်သူများ ဗဟုသုတရစေရန် ပြောပြခြင်း ဖြစ်ပါသည်။ အတိတ်ကို ပြန်တွေးပြီးနောက် စောစောက သုံးဦးနှင့် စကားဝိုင်းဖွဲ့ဖြစ်ပြန်သည်။

"ကဲကဲ- ငါ့မောင်တွေ ဘာမှာမလဲ၊ မှာကြပါ"

"ကျွန်တော်တို့ လက်ဖက်ရည်သောက်ပြီးပြီ၊ မုန့်လည်း စားပြီးပါပြီ။ အစ်မကြီးကို ဒီရပ်ကွက်မှာ တစ်ခါမှ မတွေ့ဖူးပါဘူး"





www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်၊ ပြောင်းလာတာ မကြာသေးဘူးကွယ့်။ မင်းတို့ကကော"

"ဟိုဘက်ရပ်ကွက်မှာ ဖက်တီးက နေတာလေ၊ ကိစ္စလေးရှိလို့ ကျွန်တော်တို့လာကြတာပါ"

"မင်းတို့ ဆေးရုံမှာ အလုပ်လုပ်နေကြတုန်းပဲလား"

"ဟုတ်ကဲ့- ဒီအလုပ်က ကျွန်တော့်အဘိုးလက်ထက်ကတည်းက သားစဉ်မြေးဆက် လုပ်လာကြတာပါ"

"ဟာ- ဒါဆို ဟာရွှန်တို့က ဆေးရုံမှာမွေး၊ ဆေးရုံမှာကြီးပြင်း၊ ဆေးရုံမှာပဲ အလုပ်ပြန်ဝင် ဆိုတော့ ဒီဆေးရုံရဲ့အကြောင်းတွေကို တော်တော်သိနေမှာပေါ့"

ကျွန်မ၏စူးစူးစမ်းစမ်း စိတ်ဝင်တစားအမေးကို-

"ဒါပေါ့၊ ကျွန်တော်တို့ငယ်ငယ်က အဘိုးနဲ့အဖေ ဓားကို မြည့်နေအောင်သွေးနေပြီ ဆိုရင် ဒီကနေ့ လူသေအလောင်း လာတော့မယ် ဆိုတာ သိနေပြီ။ ဒါတောင် ရင်ခွဲရုံထဲကို လူသေရောက်မလာသေးဘူး။ လူနာက အသည်းအသန် ဆေးရုံပေါ်မှာပဲ ရှိနေသေးတာ"

ဟာရွှန်ပြောခါမှ ကျွန်မက ပိုသိချင်လာသည်။

"ဒါဆို ဘယ်လိုပုံစံမျိုးနဲ့ ကြိုသိတာလဲဟင်"

"အင်း- ကျွန်တော့်အဘိုးနဲ့အဖေက လူသေရဲ့ ရင်ကိုခွဲ၊ လုပ်ကိုင်ပေးရတာ။ အစက အဘိုးကို အဖေက ဝိုင်းကူပေါ့။ အဘိုးမရှိတော့ အဖေ့ကို ကျွန်တော်နဲ့ ဂျန်ဒူးက ဝိုင်းကူပေးရတာပေါ့"

"ဒါဖြင့် မင်းတို့က လူသေတွေနဲ့ ရင်းနှီးပြီးသားပေါ့။ အချို့က လူသေဆို ကြောက်လိုက်ကြတာ။ တစ်ခါတလေ ညကြီးမင်းကြီး လုပ်ရတာလည်း ရှိမှာပေါ့နော်။ ပြောပါဦး၊ လူသေရောက်လာတော့မယ်ဆိုတာ ဘယ်လို ကြိုသိသလဲ ဆိုတာ"

"ဒီလိုရှိတယ် အစ်မကြီး၊ ဟာရွှန်တို့ဆေးရုံရဲ့ရင်ခွဲရုံအနားမှာ ညောင်ပင်ကြီး အကြီးကြီးရှိတယ်နော်။ အဲဒီမှာနော်၊ ရုပ်ရှင်ထဲကလိုပဲ ခေါင်းမြီးခြုံ၊ ဝတ်ရုံဖြူအရှည်ကြီးဝတ်ထားတဲ့ နာနာဘာဝ ရှိတယ်လေ။ သူ့လက်ထဲမှာ ပုဆိန်ရိုးအရှည်ကြီးတပ်ထားတဲ့ မရဏပုဆိန်ကြီး ကိုင်ထားတယ်နော်။ သူနော်၊ သစ်ပင်ပေါ်က လွှားခနဲ ခုန်ဆင်းလာပြီး ဆေးရုံထဲကို ဝင်သွားတယ်ဆိုရင် ကျွန်တော်တို့အဖေသိပြီ၊ လူသေရောက်လာတော့မယ်။ ဓားသွေးပြီး အသင့်ပြင်၊ ရဲဆေးတင်ပြီး အဆင်သင့်စောင့်နေပေတော့။ မကြာပါဘူး၊ လူသေရောက်လာပြီး အလုပ်လုပ်ကြရတော့တာပဲ။

တစ်ခါတစ်ရံ တစ်နေ့တည်းကို သုံး၊ လေး၊ ငါး ခါ ဆင်းသွားရင် တစ်လောင်းပြီးတစ်လောင်း ရင်ခွဲရုံကိုရောက်လာတာပဲ။ သူက မရဏမင်းရဲ့သံတမန်ဖြစ်လိမ့်မယ်ထင်တယ်။ တစ်ခါပဲဆင်းရင် တစ်လောင်း၊ သုံးခါဆင်းရင် သုံးလောင်းပဲ။ မလွဲစေရဘူး"

ရင်ခွဲရုံအတွေ့အကြုံကို အားရပါးရ ပြောပြနေသော ဟာရွှန်၏စကားအဆုံးမှာ ကျွန်မ၏ဆေးရုံပေါ်မှကိုယ်တွေ့အဖြစ်အပျက်ကို သတိရမိလိုက်သည်။

❂

ကျွန်မ၏ရုပ်ခန္ဓာသည် ခွဲစိတ်ဒဏ်ရာ ပြင်းထန်လွန်းသဖြင့် ဆေးဝါးများ၏အရှိန်ကြောင့် လူမှာ မူးတူးမိုက်တိုက် သတိဝင်လာလိုက်၊ ပြန်မိန်းမောသွားလိုက်နှင့် အသိဝင်လာစဉ်မှာ မှောင်မည်းသောနေရာကို တစ်စုံတစ်ဦးက အတင်းဖိနှိပ်ခေါ်ဆောင်နေသကဲ့သို့ ခံစားရသည်။ လဲလျောင်း၍နေလျှင် ထိုခံစားမှုက ပိုဆိုးသည်။ ကျွန်မ မသေချင်သေးပါ။

ထို့ကြောင့် လဲလျောင်းရမှာကြောက်၍ ခုတင်ခေါင်းရင်းကို ထောင်မတ်ကာ ထားစေခဲ့သည်။ ထိုင်မတ်ကာ မှေးရင်း ရင်ထဲမှာလည်း တလှပ်လှပ်၊ ကတုန်ကရီ။ နှလုံးအိမ်မှာ အားမရှိသလိုပင်။ စိတ်ကမအိပ်ရဲ၊ ခန္ဓာကိုယ်အကြောများကား နုံးချည့်ကာ မှေးခနဲ ဖြစ်စေသည်။ မျက်စိကိုစိတ်ချလက်ချမှိတ်တာနှင့် ကျွန်မဆေးကုသနေသော အခန်းထဲမှာ တစ်ကိုယ်လုံး ဝတ်ရုံဖြူခြုံထားသည့်သဏ္ဌာန်က အသင့်စောင့်နေ၏။

ပြီးတော့ သူ့ရဲ့ကြီးမားသည့်လက်တံကို ဆန့်ထုတ်ကာ ကျွန်မ၏လည်ပင်းခွဲစိတ်ထားသောဒဏ်ရာပေါ်သို့ ဆုပ်ကိုင်လိုက်ပုံမှာ ကြက်ကလေး၊ ငှက်ကလေးများ လည်ပင်းမှဆုပ်ကိုင်ခံရသကဲ့သို့ပင်။ ကျွန်မ၏ရုပ်ခန္ဓာကိုယ်ကြီးသည် ဝတ်ရုံဖြူ၏လက်ထဲမှာ ယက်ကန်၊ ယက်ကန်နှင့် လွင့်ခနဲ လိုက်ပါခဲ့ရသည်။

ဆေးရုံ၏ အခန်းကျယ်ကျယ် ထောင့်တစ်နေရာမှာ ကျွန်မအား နံရံမှာ ဓာတ်ပုံချိတ်ဆွဲထားသလိုမျိုး နံရံအလယ်မှာ ဖိကပ်ထားပြီး သူ၏ ခပ်အောအော၊ အသံနက်နက်ကြီး ပေါ်ထွက်လာပြီး-

'ဒီနေရာမှာ၊ နင်တွေ့ချင်တဲ့သူ ဘယ်သူရှိလဲ ကြည့်လိုက်စမ်း'

ကျွန်မက ကြောက်ကြောက်နှင့် မဝံ့မရဲ မျက်လုံးဖွင့်ကြည့်လိုက်ရာ ဆေးရုံခန်းမဆောင်ထဲမှာ ဘတ်(စ်)ကားစီးလျှင် လူများ ကျပ်ညပ်၊ ငါးပိ,ငါးချဉ်သိပ်ကာ ရပ်နေသလိုမျိုး ကျောပေးကာ ရပ်နေကြသူများ၊ အချို့က စွပ်ကျယ်အက်ျီ ချိုင်းပြတ်နှင့်၊ ပုဆိုးတိုတိုဝတ်နှင့်၊ အချို့က ပိတ်ဖြူပတ် ဝတ်ဆင်ထားသည်။

အချို့က တစ်ကိုယ်လုံး ရေခဲမှုန်များ ကပ်ငြိနေပြီး လူတစ်ဦးနှင့်တစ်ဦး အကြား အကြားအလပ်မရှိ ကျောပေး၍ လက်နှစ်ဖက်ဘေးချကာ စန့်စန့်ကြီး တောင့်တောင့်မတ်မတ်ပမာ ရပ်နေကြသည်။

အခန်းတစ်ခုလုံး ရှိရှိသမျှ ကျွန်မ လှမ်းကြည့်ပြီးတာနှင့် ခပ်မြန်မြန်ပင်-

'ဟင့်အင်း - ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ငါ့အိမ် ငါပြန်မှာ'

ဟု၍ ခပ်မာမာပင် အော်ဟစ်ပြန်ပြောလိုက်သည်။

ဒုတိယအကြိမ်လည်း ဝတ်ရုံရှင်က ထပ်မေးပြန်၏။ ကျွန်မကလည်း ယခင်ကအတိုင်း ပြန်အော်ပြောခဲ့သည်။ ထိုအခါ သူ၏ကြီးမားသော လက်ချောင်းကြီးများဖြင့် ကျွန်မ၏လည်ပင်းဒဏ်ရာကို ဆုပ်ကိုင် ညှစ်ထားခြင်းအမှုအား ပြေ… လိုက်သောအခါ ကျွန်မ၏ရင်ထဲမှာ လှ… ခနဲ ခံစားမှုဝေဒနာအသိနှင့် ခုတင်ထက်မှာ ထိုင်လျက်သား မျက်လုံးပွင့်ကာ နိုး… ထလာခဲ့သည်။

အချိန်ကား နေ့လယ် (၁၁) နာရီ… ခုတင်ဘေးမှာ ကျွန်မအား အာဟာ… ကျွေးရန် အသင့်စောင့်နေသော ညီမ… ဝမ်းကွဲကို တွေ့ရသည်။ တကယ်တော့… အပြင်လောကမှာ လည်ပင်းခွဲစိတ်… ဒဏ် ပြင်းလွန်း၍ အသံနာ့ဗ်ကြော… ထိခိုက်ထားသဖြင့် စကားသံ လုံး… ထွက်မရခဲ့ပါ။ စောစောက အဖြစ်အ… ပျက်မှာတော့ ကျွန်မသည် အသံထွက်… စကားပြောဆိုနိုင်ခဲ့တာ အံ့သြစရာပ…

ဒါဆိုလျှင် ကျွန်မကိုယ်တိုင် ဒိ… ဓမ္မ ကြုံတွေ့ခဲ့ရသည့် မရဏမင်း… တမန်တော် ရှိနေတာ သေချာပြီပေါ့…

(---)ဆေးရုံ ရင်ခွဲအနီး ညော… ပင်ကြီးရှိ မရဏမင်းတမန်တော် … လှမ်းများက ဆေးရုံ အရှေ့၊ အနော… တောင်၊ မြောက် သူဝင်ထွက်သွားလာ… အပေါ် မူတည်၍ နိမိတ်တွေပြတာ… ဟာရွှန်နှင့်ဂျန်ဒူးတို့အဖေ ဓားကော… ကောင်းသွေးနေတာမြင်လျှင် ဆေး… ပေါ်က လူနာတစ်ဦးဦး၏ဘဝနိဂုံး… လားရာ ဆိုတာ မပြောဘဲ သိလို့နေ… ပေမည်။

မြန်မာ…

*(စာရေးသူ၏ ဆေးရုံတ… ကိုယ်တွေ့နှင့် ရင်ခွဲရုံတာဝန်ခံ… ၏ကိုယ်တွေ့ဖြစ်ရပ်မှန်)*



www.burmeseclassic.com

www.burmeseclassic.com

# သာမညဆရာတော်ကြီး အမှတ်တရ

တင်အောင်(စက်မှုတက္ကသိုလ်)

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ နံနက် (၉) နာရီ။

ကျွန်တော်သည် အဖေ ဦးရန်အောင် ကိုးကွယ်ခဲ့သည့် မဟိန္ဒရာသူတော်စင်ကို လာရောက် ကန်တော့ကြသူများကို ဆုတောင်းပေးနေစဉ် လာကန်တော့ကြသူများအထဲမှ ထူးထူးခြားခြား လူတစ်ယောက်ကို တွေ့ရသည်။ သူသည် ကရင်သင်တိုင်းအင်္ကျီကို ဝတ်ထားသည်။ သူသည် အခြားဇည့်သည်များကုန်မှ ဆုတောင်းသည်။ ဆုတောင်းပြီးနောက် ကျွန်တော့်ကို ကြည့်ရှုနေရာ ကျွန်တော်က -

"ဘာကိစ္စရှိပါသလဲ"

"ဆရာ့ကိုအခေါ်ခိုင်းလိုက်လို့ပါ"

"ဘယ်သူကအခေါ်ခိုင်းတာလဲ"

"သာမညဆရာတော်ကြီးကပါ"

"ဘာကိစ္စထူးရှိလို့အခေါ်ခိုင်းတာပါလဲ"

"မဟိန္ဒရာ သူတော်စင်ကြီးအကြောင်းကို ဂယနဏသိချင်လို့ပါ"

"ဒါဆိုရင် ကျွန်တော်က နောက်သုံးရက်လောက်ကျမှလိုက်နိုင်မယ်။ လုပ်စရာတွေရှိသေးလို့ပါ"

"ရပါတယ်၊ ကျွန်တော်ရန်ကုန်မှာ လုပ်စရာရှိတာလုပ်ရမယ်။ နောက်သုံးရက်ကြာမှ ပြန်လာခဲ့မယ်"

"ဒါနဲ့ နောင်ကြီးနာမည်က ဘယ်လိုခေါ်တုံး"

"ကျွန်တော့်နာမည် စောသိန်းမြင့်ပါ"

"ကျွန်တော့်နာမည် တင်အောင်ပါ"

"ဘဘုရား (သာမညဆရာတော်ကြီး)ပြောလို့ နာမည်သိပြီးသားပါ"

ကျွန်တော် သုံးရက်အတောအတွင်း လုပ်စရာကိစ္စများ လုပ်ရသည်။ ကျွန်တော်သည် သာမညဆရာတော်ကြီးကို တစ်ခါမှ အနီးကပ် မဖူးဘူးပါ။ ပုံတော်ကိုသာ ဖူးရပါ၏။ ဆရာတော်ကြီးနှင့်ပတ်သက်သမျှ စာအုပ်များကို လက်လှမ်းမီသမျှ ဖတ်ရပါသည်။ ဆရာတော်ကြီးကို လှူဒါန်းရန်ပစ္စည်းနှင့် မဟိန္ဒရာသူတော်စင်စာအုပ်ကိုပါ ယူသွားရသည်။

နိုဝင်ဘာ ၁၂ ရက်၊ နံနက်(၆)နာရီတွင် စောသိန်းမြင့်နှင့်အတူ သာမညဆရာတော်ကြီးဆီသို့ ခရီးထွက်ခဲ့သည်။ ကျွန်တော်သည် ကရင်ပြည်နယ်သို့ တစ်ခေါက်မျှမရောက်ဖူးချေ။ ကျွန်တော်နှင့် စောသိန်းမြင့်တို့စီးလာသော ကားသည် သာမညဆရာတော်ကြီးစီးသော ကားမှန်း နောက်မှသိရသည်။ ကားနံပါတ်မှာ ၆က/၆၆၆၆ ဖြစ်သည်။

ကျွန်တော် ကားစီးလာစဉ် ဆရာတော်ကြီးနှင့်ပတ်သက်သမျှ ကိုယ်တွေ့ဝိသေသများကို ပြန်လည် စဉ်းစားနေမိ၏။ သာမညဆရာတော်ကြီးအကြောင်းကို ပြည်သူများထံ ပထမဆုံး ပို့ဆောင်





www.burmeseclassic.com

www.burmeseclassic.com

ပေးသောမဂ္ဂဇင်းမှာ ရတနာမွန်ဘာသာရေးမဂ္ဂဇင်း ဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ၊ အတွဲ (၁၄)၊ အမှတ် (၇) မှာ ဆောင်းပါးရှင် မောင်မဲက 'သာမညတောင်' ဆိုသော ခေါင်းစဉ်ဖြင့် ခုလို သတင်းပေးခဲ့ပါသည်။

(သာမညတောင်) ဘားအံ - ကော့ကရိတ်သွားကားလမ်း၊ ဘားအံမြို့မှ မိုင် (၂၀) အရောက် လက်ဝဲဘက် (၃) မိုင်အဝေးတွင် ပေ(၃၀၀)မျှမြင့်၍ စပါးပုံကြီးနှင့်တူသဖြင့် ဒေသခံ ရှေးမွန်တို့အခေါ် ဒေးမဲ့စော (စပါးစေ့တောင်)။ ယနေ့အခေါ် သာမညတောင်သည် မြေမှ ထီးထီးကြီးမို့မောက်၍ပေါ်နေသည်။ ထိုတောင်ထိပ်ပေါ်ရှိ မုတ္တမမိဖုရားကောင်းမှုဟောင်းကို ပြန်လည်ပြုပြင်ထားသော စေတီတော်(၂)ဆူရှိပြီး ၁၉၈၀ ပြည့်နှစ်မှ စတင်၍ တောရဆောက်တည်နေသည့် ရဟန်းတော်ဦးဝိနယ သီတင်းသုံးနေထိုင်သဖြင့်လည်း လွန်ခဲ့သောနှစ်ကပင် ဘားအံမှလူများသည် ထိုတောင်သို့ တစ်စတစ်စ အရောက်အပေါက်များလာကြပြီး ယနေ့ဆိုလျှင် နေ့စဉ်နှင့်အမျှလာနေကြသော ဘုရားဖူးပရိသတ်တို့ကို သက်သတ်လွတ်ဟင်းနှင့် ထမင်းကျွေးနေသည်မှာ တစ်နေ့လျှင် မိုးပြဲဒယ်ကြီးဖြင့် အကြိမ် (၂၀) မျှ ချက်ရသည်ဟု ဆိုလေသည်။

၁၉၈၉ ခုနှစ် နှစ်ဆန်းပိုင်းကစ၍ သတင်းစာများတွင် နေ့စဉ်လိုလိုပါနေသော ဘုရားဖူးယာဉ်မျိုးစုံတို့၏ ကြော်ငြာ၊ ရောက်ဖူးသူတို့၏တစ်ဆင့်သတင်းတွေကြောင့် သာမညတောင်နှင့်သာမညဆရာတော်အကြောင်းကို တော်တော်များများ စိတ်ဝင်စားနေကြသည်ကိုတွေ့ရပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် သာမညတောင်နှင့်ပတ်သက်၍ သီချင်း၊ တိပ်ခွေ၊ ဗီဒီယိုခွေတို့ကအစ ဆရာတော်ကြီး၏ တရားတိပ်ခွေ၊ ဆရာတော်ကြီးပုံတော် အမျိုးမျိုး စသည်များကို တွေ့မြင်နေရပါသည်။

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆရာအောင်ဇ (LL.B) ရေးသားထားသော ဆရာတော်ကြီးအကြောင်း တစ်ပိုင်းတစ်စမှာ -

အမျိုးသားတစ်ဦးက ဆရာတော်ကြီးကို လျှောက်ထားသည်မှာ -

"ဆရာတော်ကြီးရဲ့ ဆန်အိုးကြီးဟာ ကမ္ဘာသယ လိုတိုင်းရအောင် ဂမ္ဘီရပညာနဲ့ စီမံထားတယ်လို့ ပြောကြပါတယ်။ မှန်ပါသလား ဘုရား။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်ပညာ ဆိုတာ လောကမှာ အမှန်တကယ် ရှိပါသလား ဘုရား"

ဆရာတော်ကြီးက -

"ရှင်အဇ္ဇဂေါဏ၊ ရှင်ကုန္တာစရိယတို့ဟာ အဂ္ဂိရတ်နည်းနဲ့ ထွက်ရပ်ပေါက်သွားတဲ့ပုဂ္ဂိုလ်တွေပဲ။ ဘိုးဘိုးအောင်ဟာ အင်းနဲ့ ထွက်ရပ်ပေါက်ခဲ့တယ်။ ဆေးနဲ့ထွက်ရပ်ပေါက်သူ၊ မန္တန်နဲ့ထွက်ရပ်ပေါက်သူတွေလည်းရှိခဲ့ဖူးတယ်။ လောကီထွက်ရပ်ပေါက် ဂမ္ဘီရပညာတွေမှာ အင်းဟာ အချုပ်ပဲ။ ဆေးပျောက်ရင်လည်း အင်းနဲ့ပြန်ရှာရတယ်။ ဓာတ်လုံးပျောက်ရင်လည်း အင်းနဲ့ရှာရင်ရတယ်။ ဘုန်းကြီးကတော့ အင်းကိစ္စတွေပြီးခဲ့ပါပြီ။ လောကုတ္တရာနည်းနဲ့ နိဗ္ဗာန်ရအောင်ကျင့်မယ်လို့ ရည်မှန်းပြီး တောထွက်ခဲ့တာ (၁၃) နှစ်ရှိခဲ့ပြီ။ ဒီတောင်ပေါ်ကနေ ဘယ်ကိုမှ မသွားတော့ဘူးလို့ သန္နိဋ္ဌာန်ချထားတယ်။ ဒီနေရာမှာ သာသနာတော် ဖွံ့ဖြိုးစည်ပင်လာအောင် သာသနာပြုဖို့ အတိတ်ကကုသိုလ်ဆက်လည်း ပါလာလို့ပေါ့။ ကဲ- ဒါလောက်ဆို ပြည့်စုံပြီပေါ့နော်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနဲ့ မိဘ၊ ဆရာသမားတွေကို မမေ့ကြနဲ့"

ဟု ရှင်းပြ အဖြေပေးပါသည်။

၁၉၉၇ ခုနှစ်၊ မတ်လတစ်နေ့တွင် ကျွန်တော့်ထံ ဖုန်းဝင်လာသည်။ ဖုန်းဆက်သူမှာ ကိုဝင်းမြင့် (စမ်းချောင်း၊ မြင့်မိုရ်လမ်း-၃၆) တွင် နေသူဖြစ်ပြီး သူသည် နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းစဉ် သူ၏သင်္ဘော ထိုင်းနိုင်ငံ ဗန်ကောက်တွင် ပျက်နေသည်။ သင်္ဘောပိုင်ရှင်လည်း ပါလာသည်။ သင်္ဘောစက်ပျက်နေသည်မှာ (၂) ရက်ရှိပြီး သူပြင်၍မရသဖြင့် စိတ်ညစ်နေသည်။ သူက ကျွန်တော့်ကို မဟိန္ဒာရာသူတော်စင်ထံ ဆုတောင်းပေးရန် ပြောသည်။ ကျွန်တော်က သူ့ကို အရက်နှင့် အမဲသားရှောင်ရန်နှင့် အရေးကြီးက သက်သတ်လွတ်စားရန်ပြောသည်။ ကျွန်တော့်ခေါင်းထဲတွင် သတိတစ်ချက်ရလာပြီး -

"အဲဒီမှာ သာမညဆရာတော်ကြီးပုံတော်ရနိုင်မလား"

"ရှာကြည့်မယ်လေ။ ဘာလုပ်မလို့လဲ"

"ဆရာတော်ကြီးပုံတော် ရရင် ဆရာတော်ကြီးပုံတော်ကို သင်္ဘောစက်အင်ဂျင်မှာကပ်ထားပြီး ဆရာတော်ကြီးကို ရည်စူးပြီး ပန်းသီးဆက်ကပ်၊ လို
ဆုတောင်းပေါ့"

နောက်မှ ကျွန်တော် ပြန်ကြား
ရသည်မှာ ကိုဝင်းမြင့်သည် ဆရာတော်
ကြီးပုံတော်ကို သင်္ဘောအင်ဂျင်တွင်ကပ်
ပြီး ပန်းသီးလှူလေသည်။ နောက်တစ်
နေ့ ဝေလီဝေလင်းတွင် ကိုဝင်းမြင့်သည်
သူတည်းသည့်ဟိုတယ်ပြတင်းပေါက်
ဖွင့်ကြည့်လိုက်သောအခါ သာမညဆရာ
တော်ကြီး ကောင်းကင်မှ ဈာန်ဖြင့် ကြ
သွားသည်ကို ဖူးလိုက်ရ၏။ သင်္ဘော
ရောက်ပြီး စက်ကို နှိုးလိုက်သည့်အခါ
သင်္ဘောစက်မှာ လွယ်လင့်တကူနိုးသွား
သည်ကို တွေ့ရသည်။ ကိုဝင်းမြင့်မှာ
ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သင်္ဘော
ပိုင်ရှင်လည်း စိတ်ကျေနပ်မှုရသွားသော
သည်။ ယခု ကျွန်တော်သွားသည့်ခေ
စဉ်တွင် ဆရာတော်ကြီးထံ ကိုဝင်းမြင့်
မှ သကၤန်းသုံးစုံ လှူလိုက်လေသည်၊

နောက်တစ်ဦးမှာ တောင်ဥက္ကလာ
ပ၊ အင်းဝလမ်းထိပ်နေ ဒေါက်တာအေး
ကို (သမားတော်၊ ရန်ကုန်ဆေးရုံကြီး
သူ၏ ညီမ ဒေါက်တာသန်းသန်းဌေး
(မျက်စိအထူးကု) တို့အကြောင်း ပြ
လေသည်။ ၁၉၉၈ ခုနှစ်၊ မေလတွင် သူ
တို့မိသားစု (အမေ၊ အဖေ၊ မောင်နှ
င်းယောက်) သည် သာမညဆရာတော်
ကြီးကို တစ်စုတည်း သွားဖူးရန် ပြင်ဆင်
ကြသည်။ ထိုရက်အတောအတွင်းတွင်
တစ်ယောက်နှင့်တစ်ယောက် အားလ
ရက်ချင်း မတူကြသဖြင့် တကွဲတပြား
သွားဖူးရန် ဖြစ်နေသည်။ ကျွန်တော်
ဝင်၍အကြံဉာဏ်ပေးသည်။

"ကိုအေးကို၊ သာမညဆရာတော်
ကြီးပုံတော်ကို အိမ်မှာပင့်ပြီး ပူဇော်
ဆရာတော်ကြီးက ပန်းသီးနှစ်ခြိုက်
ကြောင်းကြားရလို့ တစ်နေ့တစ်လုံး နံနက်
စောစော ပန်းသီးကပ်ပါ။ ကိုအေးကို
ကိစ္စ အဆင်ပြေသွားပါလိမ့်မယ်"

ထိုစဉ်က ကျွန်တော်သည် သာမ
ညဆရာတော်ကြီးထံ မရောက်ဘူးသေး
ပါ။ ကိုအေးကိုသည် ကျွန်တော် ပြော
သည့်အတိုင်း တစ်သဝေမတိမ်းလုပ်
(၇) ရက်မြောက်သောနေ့တွင် သူ
မိသားစုအားလုံး စိတ်တူကိုယ်တူ
တစ်စုတည်း သွားဖူးဖြစ်ကြ၏။ ကိုအေး
ကိုတို့မိသားစုသည် ဆရာတော်ကြီး
ရှေ့ဆုံးမှ ဖူးရလေသည်။ ဆရာတော်
သည် တရားဟောပြီး လှူဖွယ်ဝတ္ထု
ကို အကပ်ခံ၊ ရေစက်ချပေးပါ
ပရိသတ်ထဲမှ ကိုအေးကိုထံ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

...သည် လက်ညှိုးညွှန်ရင်း -

"ဒီဒကာလေး ဒီမှာ ရဟန်းခံနေ...။"

ကိုအေးကိုသည် ရဟန်းခံရန် မူလက ရည်ရွယ်ချက်မရှိချေ။ ကိုအေးကိုသည် ရန်ကုန်ဆေးရုံကြီးမှ ခွင့်(၃)ရက်သာ ယူခဲ့သည်။ သူ၏ မိတ်ဆွေများက -

"မောင်အေးကို၊ ဆရာတော်ကြီး...နှင့်ရှိသလို ရဟန်းခံနေခဲ့ဦး"

ကိုအေးကိုသည် မိတ်ဆွေစကားကို ...ထောင်သည့် သားလိမ္မာ ဖြစ်၏။ သူ... သူ့ညီမ ဒေါက်တာသန်းသန်းဌေး...ကိုလှည့်ပြီး -

"ငါ့ဖို့ ရန်ကုန်ဆေးရုံကြီးမှာ ခွင့် ...စ်ပတ်လောက် ထပ်တင်ပေးဦး"

"ဟုတ်ကဲ့ အစ်ကို"

ကိုအေးကိုသည် သာမညဆရာတော်ကြီးထံပါးတွင် ရဟန်းခံပြီး (၇) ရက် နေခဲ့လေသည်။ (၇) ရက်ပြည့်ပြီးနောက် ရဟန်းဝတ်နှင့် ရန်ကုန် ပြန်ကြွလာသည်။ သူ၏ကိုယ်ပိုင်ဆေးခန်းတွင် ...များမိသူများကို ကုသပေးရင်း သူပါ ...များကူးကာ ကွယ်လွန်သွားရှာလေ၏။ ဆရာတော်ကြီးသည် ကိုအေးကို ကွယ်လွန်တော့မည်ကို ကြိုသိနေဟန်တူသည်။

ကျွန်တော်တို့ စီးလာသော ကားသည် ကရင်ပြည်နယ် ဘားအံကို ဖြတ်...သည်နှင့် ဒီလမ်း၏အသက်ဖြစ်သော အလှတရားမှာ မှိုမောက် မြင့်တက်နေသော ဖွဲကပင်တောင်ထွတ်တောင်စွယ်ကြီးများပင် ဖြစ်ပါသည်။ မြို့ပြဒေသနှင့် ခြားနားလှသော ရိုးသားသည့် ကျေးလက်သဘာဝ၊ နွေးချမ်းသည့် တောသဘာဝတွေကိုလည်း လမ်းတစ်လျှောက်မှာရှိသော ရွာကလေးများမှာ အထင်အရှား တွေ့မြင်ရပါသည်။ လူမှုရေး၊ စီးပွားရေး စသည်များနှင့် မွန်းကျပ် ရှုပ်ထွေးရှာနေရသည့် မြို့ပြမှလူများကို ဒီကျေးလက်တောရွာကလေးများ၏လွတ်လပ်ခြင်း၊ အမြင်ရှင်းခြင်း၊ စိုပြည်သာယာခြင်းတို့ကနေ စိတ်ချမ်းမြေ့မှုဖြစ်စေမှာ အမှန်ပင် ဖြစ်ပါသည်။ ကားလမ်းမှာ အချို့နေရာများတွင် ရွာအေးမှကပ်၍လည်းကောင်း၊ အချို့နေရာတွင် ရွာထဲသို့ဝင်၍လည်းကောင်း၊ အချို့နေရာတွင် လယ်ကွင်းများကိုဖြတ်၍ လည်းကောင်း ဖောက်ထားသည့် လယ်ကွင်းများကို ဖြတ်သွားသောအခါ လျှပ်စစ်ဓာတ်တိုင်ကြီးများကို တွေ့ရပြီး ထိုဓာတ်တိုင်များ



၏အောက်ခြေ၌ လူတစ်ရပ်ကျော်မြင့်အောင် ဝါးဖြင့် အလုံပိတ် ခြံခတ်ထားသော 'သေတတ်သည်၊ မတက်ရ' ဟူသော စာတန်းများ ချိတ်ဆွဲထားသည်။ ဒေသခံ နွားကျောင်းသားများသည် 'အန္တရာယ်ရှိသည်' ဆိုသော ပါဠိဆင့် အက္ခရာအရေးအသားကို မဖတ်တတ်ကြသဖြင့် နားလည်လွယ်အောင် ရေးကပ်ထားရသည်ဟု ဆိုသည်။ ဟိုအရင်က နွားကျောင်းသားများသည် ဓာတ်တိုင်ပေါ် တက်၍ နွားအုပ်ကိုကြည့်ရာမှ ဓာတ်လိုက်သေဆုံးသူများရှိခဲ့ဖူးကြောင်း သိရသည်။

သာမညတောင်မရောက်ခင်အထိ လမ်းတစ်လျှောက်မှာ ရွာပေါင်း (၉) ရွာကို ကျော်ဖြတ်ရသည်။ ထိုရွာများမှာ ရေကျော်၊ ခလောက်နီ၊ ကော့သောင်၊ နောင်လုံ၊ ကျော့ရွာ၊ မြပေ၊ အိန္ဒု၊ ခနိမ်းဒို၊ ကော့ကဒါရွာတို့ကို ဖြတ်ရပါသည်။ ဒီအထဲမှာ အကြီးဆုံးရွာက အိန္ဒုပါ။ အိန္ဒုဟာ မြို့ပြငယ်တစ်ခုအသွင်ဆောင်နေပါပြီ။ ဈေး၊ ကျောင်း၊ ဆေးရုံတွေနှင့် စည်ကားဖွံ့ဖြိုးသော ရွာကြီးပါ။ အိန္ဒုမှာ ဇာသပြင်ရွာကြီးကိုသွားသော လမ်းနှင့် ကော့ကရိတ်ကိုသွားသောလမ်း ခွဲထွက်သွားပါသည်။ သာမညလမ်းသည် ကော့ကရိတ်ကိုသွားသောလမ်းအတိုင်း လိုက်ရသောလမ်းပါ။ ကားလမ်းသည် ဂငယ်ကွေ့လိုကွေ့သွားသည့်အတွက် ခနိမ်းဒိုရွာထိပ်ကိုရောက်လျှင် သာမညတောင်ကို လှမ်းမြင်နေရပါသည်။ သာမညကိုသွားသောလမ်းသည် ကော့ကဒါရွာကို ရောက်လျှင် ကော့ကရိတ်လမ်းကနေ လက်ဝဲဘက်သို့ ခွဲထွက်သွားပါသည်။

မွန်းလွဲ(၃)နာရီတွင် သာမညတောင်သို့ ရောက်ပါသည်။ စောသိန်းမြင့်က ကျွန်တော့်ကို ဦးဆောင် ခေါ်သွားပါသည်။ ကျွန်တော်တို့ သာမညတောင် ရောက်တော့ ဆရာတော်ကြီး တရားဟောပြီးစမို့ အနားယူရန် လုပ်နေဆဲ ဖြစ်ပါသည်။ ဆရာတော်ကြီးကို တောင်အောက်ကျောင်းတွင် ချက်ချင်း ဖူးတွေ့ရပါသည်။

ကျွန်တော့်ကို ဆရာတော်ကြီး မြင်သွားသည်နှင့် -

"ဘုန်းကြီးတွေ့ချင်တဲ့ဒကာလေး ရောက်လာပြီ"

ဟု ဆရာတော်ကြီးက မိန့်ပါသည်။

ဆရာတော်ကြီးက ကျွန်တော့်ကို သီးသန့်အခန်းတစ်ခုသို့ ခေါ်သွားပါသည်။ ဆရာတော်ကြီး သီတင်းသုံးနေသော ကုလားထိုင်အနီး ကြမ်းပြင်တွင် ကျွန်တော်ပုဆစ်တုပ်ထိုင်ပါသည်။ ဆရာတော်ကြီးကို ကျွန်တော် ဝတ်ဖြည့်ပါသည်။ ဆရာတော်ကြီးထံ ကျွန်တော်က မဟိန္ဒရာသူတော်စင်ပုံတော်ပါစာအုပ်ကို ကပ်လိုက်ရာ ဆရာတော်ကြီးမှ လက်အုပ်ချီ၍ လက်ခံလေသည်။ ဆရာတော်ကြီးက ကျွန်တော့်ကို အအေးရည် တိုက်လေသည်။

ဆရာတော်ကြီးက -

"ဒကာ၊ ခရီးဝေးကလာရတော့ ပင်ပန်းရှာမှာပေါ့"

ကျွန်တော်က -

"ဆရာတော်ကြီးကို ဖူးလိုက်ရတာနဲ့ ပင်ပန်းတာတွေ အကုန်ပြေပျောက်သွားပါတယ် ဘုရား"

ဆရာတော်ကြီးသည် ဟက်ဟက်ပက်ပက်ရယ်လိုက်ရာ ဆရာတော်ကြီး၏ ပါးစပ်တော် ညာဘက်အပေါ် သွားတော်၌ ငွေသားတော်ရှိနေသည်ကို ဖူးလိုက်ရပါသည်။

ကျွန်တော် အအေးသောက်နေစဉ် ဆရာတော်ကြီးက မဟိန္ဒရာသူတော်စင်စာအုပ်ကို ဖတ်နေရင်း-

"လူတွေက တရားမကျင့်နိုင်ကြလို့ပါ။ ဘုန်းကြီးတို့ ဘုရားရှင် ဂေါတမဟာ နောက်ဆုံးဘဝမှာ ဒုက္ကရစရိယ (၆)နှစ်ကျင့်သွားပြီး သုံးလောကထွတ်ထား ဘုရားရှင်ဖြစ်သွားတာပဲ။ ဘုန်းကြီးဆိုရင်လည်း ဒီတောင်ပေါ်မှာ (၆) နှစ် တရားကျင့်လိုက်တာ အောင်မြင်သွားတာပဲ။ ဒကာ အမောပြေရင် မဟိန္ဒရာသူတော်စင်အကြောင်း မေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"မေးပါ ဘုရား။ တပည့်တော်သိသလောက် ကြိုးစားဖြေပါ့မယ်"

"မဟိန္ဒရာသူတော်စင်ကို ဘယ်သူက စပြီး ကိုးကွယ်တာလဲ"

"တပည့်တော်အဖေ လက်ထက်ကတည်းက ကိုးကွယ်ခဲ့တာပါ ဘုရား"

"ဘယ်လိုပုဂ္ဂိုလ်ကြီးလဲသိသလား"

"တပည့်တော်အဖေ ပြောခဲ့တာတော့ တပည့်တော်တို့ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသွားခါစကတွေ့ခဲ့တဲ့ အာဠာရနဲ့ ဥဒက ဆိုတဲ့ ဗြာဟ္မဏရသေ့ကြီးတွေရှိခဲ့ပါတယ်။ သူတို့ဆီမှာ ဘုရားလောင်းက တပည့်ခံတော့ ဈာန်တို့၊ အဘိညာဉ်တို့ ရပါတယ်။ ဒါပေမယ့် ဘုရားလောင်းက ဘုရားဖြစ်ဖို့ ပါရမီက ပါလာတော့ ဒါတွေဟာ သမထပညာတွေပဲ၊ ဝိပဿနာပညာမဟုတ်ဘူးလို့ တွေးပြီး လမ်းခွဲတဲ့အခါမှာ အဲဒီရသေ့ကြီးတွေက ဘုရားအလောင်းတော်ကို ဥရုဝေလတောမှာ တရားကျင့်တော်မူပါ။ မြတ်စွာဘုရား ဖြစ်တော်မူပါလိမ့်မယ်လို့ လမ်းညွှန်တော်မူခဲ့ပါတယ်။ မဟိန္ဒရာသူတော်စင်ရုပ်တုဟာ ရှေးအခါက မဇ္ဈိမဒေသမှာ သမထဘာဝနာကို ပေါက်မြောက်အောင် အားထုတ်ခဲ့တဲ့ သူတော်စင်ကြီးတစ်ဦးရဲ့ရုပ်တု ဖြစ်လိမ့်မယ်ဆိုပြီး အဖေ ကိုးကွယ်ခဲ့ပါတယ် ဘုရား။ အဖေက အိန္ဒိယပြည်၊ နီပေါပြည်၊ ဗုဒ္ဓဂယာတို့မှာ ၁၉၂၄ ခုမှ ၁၉၂၅ ခုအထိနေခဲ့ဖူးပါတယ်ဘုရား။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ အိန္ဒိယမှာတော့ ဆာဒူးကြီးတွေပါဘုရား။ သမထလမ်းစဉ်ကို အသေအကျေကျင့်ခဲ့တာပါ။ သူတို့တွေတရားအားထုတ်တဲ့ ဟိမဝန္တာတောင်အထိ အဖေရောက်ခဲ့တယ်လို့ အဖေပြောခဲ့ပါတယ် ဘုရား။ တပည့်တော်ဒီလောက်ပဲ သိပါတယ်။ အရှင်ဘုရားသိရင် မိန့်ပါဦး ဘုရား"

ဆရာတော်ကြီးက ပြုံးလျက် -

"ဘုန်းကြီးသိတာတော့ အများကြီးပဲ။ အချုပ်ကတော့ မဟိန္ဒရာသူတော်စင်ကြီးဟာ ကဿပဘုရားလက်ထက်ကတည်းက ရေကသိုဏ်းအောင်မြင်ပြီးပြီ။ ဂေါတမမြတ်စွာဘုရားနဲ့ အင်မတန် ရင်းနှီးခင်မင်တဲ့ မိတ်ဆွေတွေပဲ။ သိဒ္ဓိဆယ်ပါးနဲ့ ပြည့်စုံတယ်။ အင်မတန်ဆုတောင်းပြည့်ပါတယ်"

"ဒါဖြင့်ရင် တပည့်တော်တို့ ဘာလို့ ကိုးကွယ်ခွင့်ရထားပါသလဲ ဘုရား"

"ဒကာတို့အဖေ ဦးရန်အောင်နဲ့ မဟိန္ဒရာသူတော်စင်တို့ဟာ ဟိုးဘဝတွေတုန်းက အတူတူတရားကျင့်ဖက်တွေပဲ။ အင်မတန်ခင်တဲ့ မိတ်ဆွေတွေပဲ။ အဲဒါကြောင့် ဒကာတို့ကို မဟိန္ဒရာသူတော်စင်က လိုက်စောင့်ရှောက်နေတာပဲ"

"မဟိန္ဒရာသူတော်စင်အကြောင်းတော့ ပြီးသွားပါပြီ ဘုရား။ ဆရာတော်ကြီးအကြောင်းကို တပည့်တော် သိချင်တာလေးတွေရှိလို့ မေးခွင့်ပြုပါ ဘုရား"

"မေးပါ၊ မေးပါ။ ဖြေပါ့မယ်"

"ဆရာတော်ကြီး သီတင်းသုံးနေတဲ့ သာမညတောင်တော်မှာ သမင်ရုပ်တုတွေထုထားတာ ဘာအဓိပ္ပာယ်ပါလဲ ဘုရား"

"ဘုန်းကြီး တရားကျင့်နေစဉ် တစ်နေ့မှာ ရွှေသမင်၊ ငွေသမင်နှစ်ကောင် မြားဒဏ်ရာနဲ့ တွေ့လိုက်ရတယ်။ အဲဒီနှစ်ကောင်ဟာ တောင်ပေါ်က ပြုတ်ကျပြီး ဆုံးသွားပါတယ်။ သူတို့ကို အစွဲပြုပြီး သမင်ရုပ်တုတွေထားတာပါ။ သမင်ဆိုတဲ့ သတ္တဝါဟာ အေးချမ်းတဲ့နိမိတ်ပါပဲ"

"သာမညတောင်ပိုင် အဘွားနန်းကြာဟဲဟာ ဆရာတော်ကြီးရဲ့ အရင်ဘဝက မိခင်လို့ ဆိုကြပါတယ်။ ဟုတ်ပါသလား ဘုရား"

"ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ဘဝ၊ နှစ်ဘဝဆက်တိုက် မယ်တော်တော်စပ်ခဲ့ပါတယ်။ အမေနန်းကြာဟဲဟာ ကျိုက်ထီးရိုးဘုရားက ရွှေနန်းကျင်နဲ့ ညီအစ်မအရင်းတွေပါ"

"ဆရာတော်ကြီးရဲ့အောင်လံမှာ နေပုံနဲ့ လပုံ ပါရှိပါတယ်။ အဲဒါ ဘာအဓိပ္ပာယ်ပါလဲ ဘုရား"

"ကမ္ဘာလောကကြီးကို နေနဲ့လက လွှမ်းမိုးထားလို့ပါ။ အဲဒါနဲ့ပတ်သက်ပြီး ဘုန်းကြီးရေးထားတဲ့ တရားစာလေးရှိတယ်။ အဲဒါလေးကို ခရီးထွက်ခါနီးတိုင်း (၉) ခေါက်ရွတ်ပြီး သွားတယ်။ အဲဒါကတော့ 'ဥုံ - ဗုဒ္ဓတေဇ၊ ဓမ္မရာဇာ၊ ဓမ္မတေဇ၊ သံဃာ့ရာဇာ၊ သံဃာ့တေဇ၊ ဥပါဒ်ရာဇာ၊ နေမင်းအဘ၊ လမင်းအမေ၊ သွားလေရာရာ၊ နေ့၊လ အမြဲစောင့်ရှောက်ပါလေ"

"ဆရာတော်ကြီးရဲ့ တောင်ပေါ်က မြတ်စောညီနောင်စေတီနှစ်ဆူရဲ့ ရင်ပြင်တော်က အနိမ့်အမြင့်မတူတာကို ဘာကြောင့်ပါလဲ ဘုရား"

"ရင်ပြင်တော်အမြင့်က လောကုတ္တရာအတွက်ပါ။ အနိမ့်က လောကီအတွက်ပါ"

"ဆရာတော်ကြီး ဘယ်အရွယ်ကစပြီးသက်သတ်လွတ်စားပါသလဲဘုရား"

"ဝါတော် (၃၆) ဝါကတည်းကပါ"

ကျွန်တော်သည် ဆရာတော်ကြီး၏ကျောင်းတွင် (၉) ရက် နေခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်၊ မတ်လမှစ၍ ဇွန်လအထိ ရက်ပေါင်း (၁၁၀) ဆရာတော်ကြီးအနီးတွင် ရဟန်းဝတ်ဖြင့် နေခဲ့ပါသည်။ ဆရာတော်ကြီး၏ ထူးခြားချက်များစွာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပါသည်။

တစ်နေ့ ကျွန်တော် သာမညတောင်တွင်ရှိနေစဉ် ဆရာတော်ကြီးကို ဆရာမင်းသိခ် လာဖူးလေသည်။

ဆရာမင်းသိခ်က -

"ဆရာတော်ကြီးကို နေ့အချိန်မှာ အဘဘိုးဘိုးအောင်နဲ့ အဘဘိုးမင်းခေါင်တို့က စောင့်ရှောက်တယ်။ ညအချိန်မှာ ဘိုးတော် သိကြားမင်းက စောင့်ရှောက်တယ်"

ကျွန်တော်က -

"ဒကာကြီးဘယ်လိုလုပ်သိသလဲ"

ဆရာမင်းသိခ်က ကျွန်တော့်ကို ခေါ်သွားပြီး ဆရာတော်ကြီး ဆွမ်းဘောဇဉ်သောအဆောင်ရှိရာ ဘုရားဆောင်ကို ညွှန်ပြလေသည်။ ဘုရားဆောင်တွင် အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ ဘိုးတော်သိကြားမင်းရုပ်တုတို့ထားပြီး ဆီမီးနှင့် ရေချမ်းတို့ ကပ်လှူထား... သည်။ဆရာတော်ကြီးထံတွင် ကျွန်တော်ရှိနေစဉ် ထိုင်းနိုင်ငံရှိ မြန်မာသံရုံး ... ပေါက်သွား၍ ပြဿနာပေါ်ရာ ဆရာတော်ကြီးကိုယ်တိုင် နယ်စပ်သို့ဆင်းသွား... ရာ ကျွန်တော်ကပ်ပါသွားသေးသည်။ ဆရာတော်ကြီးသည် တခ်ဏုပ္ပတ္တိဉာဏ်... ထက်သန်သည်။ ကျွန်တော်သည် ဆရာတော်ကြီးထံတွင် (၁၀၈) ရက် ရဟန်း... ဝတ်ရန်ဖြစ်သော်လည်း ရက် (၁၁၀)... သွားသောအခါ ဆရာတော်ကြီးက -

"(၁၁၀) ဆိုတော့ (၁၁) မီး (...) ခါငြိမ်းတာပေါ့" ဟူ၏။

ဆရာတော်ကြီးသည် ကျွန်တော်ကို ဗုဒ္ဓဂယာသို့သွားရန် အကြိမ်ကြိမ်... ပြောခဲ့သည်။ ဆရာတော်ကြီးလည်း ... ကြိမ်ကြိမ်ရောက်ဖူးကြောင်း မိန့်ခဲ့သည်... ကျွန်တော်သည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ... လ ၂၁ ရက်တွင် ဗုဒ္ဓဂယာသို့ရောက်... ပြီး ရဟန်းဝတ်ခဲ့လေသည်။ ဆရာတော်ကြီး၏တရားအချုပ်မှာ မေတ္တာကမ္မဋ္ဌာန်း... ကို ပေါက်ရောက် အောင်မြင်အောင်... ကျင့်ရန်ဖြစ်လေသည်။ 'လူ၊ နတ်၊ ... သတ္တဝါတွေ ကျန်းမာချမ်းသာကြပါ...



www.burmeseclassic.com

www.burmeseclassic.com

ဟူသောစာအတိုင်း ဆရာတော်ကြီးသည် ကိုယ်ရောစိတ်ပါ မေတ္တာပို့လွှတ်လေသည်။ အရညဝါသီ တောမှီရဟန်းများအတွက် မေတ္တာသည် အဓိကနေရာမှ ပါလေသည်။ ဆရာတော်ကြီး၏ ဆောင်ပုဒ်မှာ-

'ဦး - မပျင်းနဲ့။ ခုလည်း မပျင်းနဲ့၊ နောင်လည်း မပျင်းနဲ့။ ဖွသွားဟ'

လို့ အမိန့်ရှိပါသည်။

ဆရာတော်ကြီးကို ဖူးတွေ့ ကန်တော့ပြီး တရားနာကြ၊ လျှောက်ကြပြီဆိုလျှင် ဆရာတော်ကြီး၏ကြည်လင်အေးမြသောမျက်နှာ၊ သာယာအေးငြိမ်းပြီး ကရုဏာဓာတ် ပြည့်ဝသောအသံနှင့် ပရိသတ် ကျေနပ်စိတ်ချမ်းသလောက်အောင် စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးမှုတွေကြောင့် ကိုယ်ရောစိတ်ပါ ချမ်းသာအေးမြပြီး ရောက်လာသမျှပရိသတ်အားလုံး မေတ္တာဓာတ် ကူးစက်ပျံ့နှံ့သွားသလား အောက်မေ့ရပါသည်။ လာသမျှပရိသတ်အားလုံးကို ထမင်းအလှူပြယ်ကျွေးလေသည်။

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ (၃၀-၁၁-၂၀၀၃) နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာ (၁၁) တွင် -

**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက**
**ကရင်ပြည်နယ် ဘားအံမြို့နယ်**
**သာမညတောင်ပေါ်ကျောင်းတိုက်**
**ဆရာတော်ဘဒ္ဒန္တဝိနယ၏**
**ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်အလောင်းအလျာကို ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ပအိုဝ်းရွာ ခမည်းတော် ဦးတောင်အို၊ မယ်တော်ဒေါ်အုံးတို့မှ ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသောသားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်အလောင်းလျာသည် ၁၂၈၅ ခုနှစ်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ၁၂၉၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်၊ သောကြာနေ့



နံနက် (၇) နာရီအချိန်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်အလောင်းလျာသည် ကော့ကျိုက်ပအိုဝ်းရွာကျောင်းဆရာတော်၊ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းဆရာတော်၊ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစရ၊ မုတ္တမကျွဲခြံကျောင်း၊ ကတိုးကွင်းကျောင်း၊ တိုက်ကုလား၊ တောင်စွန်း၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ စသော ဆရာတော်များထံ၌ ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပါ၏။ ထို့ပြင် ပဋိပတ်ကျင့်စဉ်များကိုလည်း နည်းနာခံယူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးဆူကျောင်း သာမညတောင်ပေါ်ကျောင်းတို့တွင် တပည့်ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ပါသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိကြသော ရဟန်း၊ သာမဏေ၊ သီလရှင် (၅၀၀) ခန့်တို့အား ဝိပဿနာ ရှုမှတ်ကျင့်ကြံနည်းများကို ဟောကြား ပြသပေးတော်မူခြင်း၊ အရညကင်ဓုတင်အကျင့်ကို အစဉ်ကျင့်သုံးတော်မူခြင်း၊ သာမညတောင်ပေါ်ကျောင်းသို့ နေ့စဉ် ရောက်ရှိလာသော ယောဂီသူတော်စင် (၁၀၀) မှ (၅၀၀) အထိ ဘုရားဖူးဧည့်သည်ပရိသတ်များတို့ကို တရားဓမ္မ ဟောဖော်ညွှန်ပြတော်မူခြင်း စသော သာသနာတော်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပျံလွန်တော်မူသည်အထိ ကြိုးပမ်းအားထုတ် ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်များ အလှူခံ ရရှိတော်မူခြင်း**

ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယစသော ဂုဏ်တော်များနှင့် သာသနာတော်ကို အားပေးဆောင်ရွက်တော်မူခြင်းများကို လေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်းမှ သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါအရ ၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် (၂၉-၁၁-၂၀၀၃) ရက်၊ စနေနေ့ နံနက်(၉)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သာမညတောင်တွင်သာ မှန်ခေါင်းသွင်းပြီး မြှုပ်နှံထားရာ ပျံလွန်တော်မူပြီး (၃) လအကြာတွင် ရုပ်ကလာပ်တော်မှာ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့သည်။

*(ဤဆောင်းပါးဖြင့် သာမညဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့ကို ဦးခိုက်လျက်)*

တင်အောင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတို့သည် ရိုးရာအစဉ်အလာအတိုင်း ဆယ့်နှစ်လရာသီပွဲတော်များကို ကျင်းပလေ့ ရှိသည်။ မြန်မာနှစ်သစ်သည် ဧပြီလ ဒုတိယအပတ်တွင် ကျရောက်လေ့ရှိသည်။ သုံးရက်တာ ကျင်းပသော ရိုးရာရေသဘင်က နှစ်သစ်ကို ကြိုဆိုလိုက်ပါသည်။ တန်ခူးလသည် သင်္ကြန်ပွဲတော်ကျင်းပသောကာလဖြစ်သည်။ သုတေသီများက 'သင်္ကြန်' ဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ ရှင်းလင်းချက် အမျိုးမျိုးကို ထုတ်ဖော်ပြောဆိုကြသည်။ 'သင်္ကြန်' ဟူသော ဝေါဟာရသည် သက္ကတဘာသာ 'သင်္ကရန်' မှ ဆင်းသက်လာခြင်းဖြစ်၍ အဓိပ္ပာယ်မှာ 'ပြောင်းလဲခြင်း' ဖြစ်သည်။ သို့ဖြစ်ရာ သင်္ကြန်သည် ရာသီဟောင်းမှရာသီသစ်သို့ ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲခြင်း၊ မြန်မာ့ဆယ့်နှစ်လရာသီတွင် နောက်ဆုံးလ ဖြစ်သော တပေါင်းလမှ လာမည့်နှစ်၏ လအစဖြစ်သော တန်ခူးလသို့ ပြောင်းလဲခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်သည် 'ရွေ့လျားခြင်း' ဟုလည်း အဓိပ္ပာယ်ရသည်။ နွေရာသီတွင် သူရိယ နေမင်းသည် တောင်ဘက်မှ မြောက်ဘက်သို့ ရွေ့လျားသည်။ တစ်နည်းဆိုရသော် ဒက္ခိဏာယဉ်စွန်းတန်း (The Tropic of Capricorn) မှ ဥတ္တရာယဉ်စွန်းတန်းသို့ ရွေ့လျားသည်။ သူရိယနေမင်း၏လှုပ်ရှားမှုသည် ရာသီဥတုကို ဖြစ်ပေါ်စေပြီး နေမင်းမြောက်ဘက်သို့ ပြန်လည်ရောက်ရှိခြင်းသည် မြန်မာ၏ ဥတုသုံးလီကို ဖြစ်ပေါ်စေသည်။ သင်္ကြန်ကာလသို့ရောက်ရှိလာခြင်းဖြင့် သူရိယနေမင်းသည် တပေါင်းလမှ တန်ခူးလသို့ ရွေ့လျားခြင်းကို အချက်ပြခြင်းပင် ဖြစ်သည်။

တန်ခူးလတွင် သဘာဝစက်ဝန်းအသစ် စတင်လာပြီး နှစ်သစ်ကိုရောက်ရှိလာခြင်း ဖြစ်သည်။ သို့ဖြစ်၍ သင်္ကြန်၏အနှစ်သာရသည် အပြောင်းအလဲပင် ဖြစ်သည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ပြောင်းလဲခြင်း၊ ရာသီစက်ဝန်းအဟောင်းမှအသစ်သို့ ပြောင်းလဲခြင်းပင် ဖြစ်၏။ ပြောင်းလဲရာတွင်လည်း နိုင်ငံ၏သဘာဝ၊ မိုးလေဝသ ရာသီဥတုနှင့်အညီ ပြောင်းလဲခြင်း ဖြစ်သည်။ နှစ်ဟောင်း၏နောက်ဆုံးလဖြစ်သော တပေါင်းသည် ကုန်ဆုံးပြီးစ ဖြစ်သည်။ တစ်နည်းဆိုရသော် အပြောင်းအလဲဖြစ်သောလ ဖြစ်သည်။ အေးမြသောရာသီဥတုမှ ပူနွေးသော ရာသီဥတုသို့ ပြောင်းလဲခြင်း ဖြစ်သည်။ တန်ခူးလတွင် ပူအိုက်သော ရာသီဥတုသို့ အပြည့်အဝ ရောက်ရှိလာခဲ့သည်။ ယင်းကဲ့သို့ ပူအိုက်သောရာသီဥတုတွင် ရေသဘင်ပွဲတော်ကို ကျင်းပခြင်းမှာ လွန်စွာ လျော်ကန်သင့်မြတ်ပေသည်။

မြန်မာလူမျိုးတို့ အစဉ်အဆက်က ယုံကြည်ကြသည်မှာ သင်္ကြန်ကာလတွင် သိကြားမင်းသည် တာဝတိံသာမှ လူ့ပြည်သို့ စစ်ဆေးရန် လာရောက်လေ့ရှိသည်ဟု ယုံကြည်ကြသည်။ မြန်မာမင်းများလက်ထက်မှစ၍ ယနေ့ထက်တိုင် သင်္ကြန်စာကို ထုတ်ပြန်လေ့ရှိပါသည်။ သင်္ကြန်စာတွင် နှစ်သစ်သို့ ကူးပြောင်းချိန်၊ နှစ်သစ်၏ရာသီဥတုအခြေအနေ၊ သီးနှံအခြေအနေ၊ လာမည့်နှစ်တွင် ကြုံတွေ့ရမည့် နိုင်ငံ၏အခြေအနေများနှင့် စပ်လျဉ်း၍ ဟောကိန်းများ ပါဝင်လေ့ရှိသည်။ တစ်ခါတစ်ရံ ကမ္ဘာ့အခြေအနေများပါဝင်ပြီး သင်္ကြန်စာကို နိုင်ငံတော်





www.burmeseclassic.com

www.burmeseclassic.com

၏ပြက္ခဒိန်တော်ဆက်အဖွဲ့က ထုတ်ဝေလေ့ရှိသည်။ ဤဆောင်းပါးတွင်မူ ကုန်းဘောင်ခေတ်၏နောက်ဆုံးမင်းဖြစ်သော သီပေါမင်းလက်ထက် ၁၂၄၁ ခုနှစ်တွင် ထုတ်ပြန်သော သင်္ကြန်စာဖြစ်ခြင်း၊ နန်းတော်မှ ခန့်ထားသော ပညာရှိတို့က တာဝန်ယူထုတ်ပြန်ခြင်း စသည့် ထူးခြားချက်များကြောင့် တင်ပြရခြင်း ဖြစ်၏။

သင်္ကြန်စာ၏အစတွင်-


'နေစကြာလျှင်၊ တစ်ရာ့ရှစ်ကွက်၊ နဝင်းစက်ကို၊ ပတ်ချက်လိုက်မှီ။ စည်သင့်ချီသော် --- နှစ်သချ်ာကား။ မှန်စာစင်စစ်။ သက္ကရာဇ် ၁၂၄၀။ အတိတ်ဥတုဂိမ္ဟန္တ။ တန်ခူးလပြည့်ကျော် (၇) ရက်စနေနေ့။ နေ့တစ်ချက်တီးကျော်။ (၇) နာရီ တစ်ပါဒ် ၁၀ ဗိဇနာ။ ပြန်ပြည့် ၆ ခရာ။ ကရကင့်လင်္ဂ။ မနုစန်း။ ပဥ္စမ ၂လ်ာ ဟောရပ်။ ၂လ်ာ တြင်း၊ ၂လ်ာ နဝင်း။ ၁ဓွေ ဒွါဒသင်း။ ၆ကြာတိသင်း။ --- လုံးဝန်းယူဇနာ ၁၅၀။ အတွင်းကားရွှေ၊ အပကား ဖန်အတိပြီးသော၊ ရောင်ခြည်တစ်ထောင်ဆောင်သော၊ ဘာဏုရာဇာအမည်ရှိသော၊ တနင်္ဂနွေဂြိုဟ်မင်းသည်၊ တပေါင်းဖြစ်သော မိန်ရာသီ၊ ရေဝတီနက္ခတ်၏၊ အဝသန် နဝင်းထက်မှသည်၊ တန်ခူးဖြစ်သော မိန်ရာသီ။ အသဝနီနက္ခတ်၏ အာဒိနဝင်းထက်သို့၊ အောင်မဲညီပွင့် အဆင်းနှင့် တူသော၊ အဝတ်တန်ဆာကို၊ ဆင်ယင်ပြီးလျှင်။ ဘီလူးစီး၍၊ လက်တစ်ဖက်ကား မီးရှူး၊ လက်တစ်ဖက်ကား ဝမ်းကိုပိုက်လျက်၊ အရှေ့တောင်ထောင့်ကသည်၊ အနောက်တောင်ထောင့်သို့ ပြောင်းဝင်၏'

ဟူ၍ အစချီထားသည်။

သင်္ကြန်စာတွင် ဆက်လက်၍



ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)





www.burmeseclassic.com

www.burmeseclassic.com

ကညာဒေဝီနတ်သမီးသည် အဆင်းငါးပါးပြွမ်းသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် သင်္ကြန်ကို စောင့်ပုံ။ ထို့ကြောင့် မိုးဦး, မိုးနှောင်းကောင်းမွန်မည်ဖြစ်ကြောင်း၊ မိုးလယ်တဲ့မည်ဖြစ်ကြောင်း၊ မိုးကြိုး မကြာခဏကျမည်ဖြစ်ကြောင်း၊ ကောက်ပဲသီးနှံ အထွက်နည်းမည် ဖြစ်ကြောင်း၊ ပြည်ရွာတွင် မီးလောင်မှုများမည် ဖြစ်ကြောင်း၊ ပြည်သူတို့ ဖျားနာမှုများမည် ဖြစ်ကြောင်း၊ ကျွဲ,နွားအသေအပျောက်များမည် ဖြစ်ကြောင်း၊ မြေငလျင်လှုပ်မည် ဖြစ်ကြောင်း၊ ဘုရားပုထိုး ပြိုပျက်မည် ဖြစ်ကြောင်း၊ အနောက်နိုင်ငံတို့တွင် စစ်မက်များမည်ဖြစ်ကြောင်းတို့ ဟောကိန်းထုတ်ထားသည်ကို တွေ့ရှိရသည်။

ဆက်လက်၍ သင်္ကြန်သုံးပါးတွင် အာယာမသင်္ကြန် ဖြစ်သောကြောင့် သင်္ကြန်မကျမီ တစ်နာရီအချိန်တွင် စနေသား, စနေသမီး၊ ဗုဒ္ဓဟူးသား, ဗုဒ္ဓဟူးသမီးတို့မှအပ ကျန်ငါးရက်သားသမီးတို့သည် ယင်းတို့၏ ဂဟပတိအရပ်, ဂြဟာဇာပွင့်ရာအရပ် အရှေ့အရပ်သို့ မျက်နှာမူ၍ ရတနာမြတ်သုံးပါး၊ သိကြားဗြဟ္မာ၊ စတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝနတ်၊ လောကသမ္မုတိနတ်၊ မိခင်၊ ဖခင်၊ ဆရာသမား၊ ဘိုးဘွားတို့အား တိုင်ကြား ပ, သပြီးလျှင် ဦးခေါင်းဆေးရန်လည်း ဖော်ပြထားသည်။

စနေသား, စနေသမီး၊ ဗုဒ္ဓဟူးသား, ဗုဒ္ဓဟူးသမီးတို့မှာ သင်္ကြန်အကြတ်နေ့တွင်မှ ဦးခေါင်းဆေးရန်၊ ဦးခေါင်းဆေးပြီးလျှင် တနင်္ဂနွေ- ကံ့ကော်၊ တနင်္လာ- နေစာ၊ အင်္ဂါ- ခရား၊ ဗုဒ္ဓဟူး- သပြေ၊ ကြာသပတေး- သီး၊ သောကြာ- ဒန်း၊ စနေ- အုန်းညွှန့်တို့ကိုဆောင်ရန်၊ အကျိုးကျေးဇူးမှာ ဘေးဒုက္ခအပေါင်းမှ ကင်းဝေး၍ အကျိုးများစွာ ရှိမည်ဖြစ်ကြောင်း ညွှန်ကြားထားသည်။

သင်္ကြန်စာအရ အတာနှစ်သစ်သည် မြန်မာနှစ် ၁၃၇၁ ခုနှစ်သို့ တက်ကြောင်း၊ ထိုနှစ်တွင် အတာစားသောနေ့သားမှာ တနင်္လာသား, တနင်္လာသမီးတို့ဖြစ်ကြောင်း၊ အတာစားသောအကျိုးမှာ ခပ်သိမ်းသောအန္တရာယ်အပေါင်း၊ ဒုက္ခဝေဒနာအပေါင်းတို့သည် ကိုယ်သို့မရောက် လွင့်ပျောက်ဝေးကွာပြီး ဘုန်းတန်ခိုးကြီးခြင်း၊ စည်းစိမ်ချမ်းသာပွားများခြင်း စသော မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အချို့သောပုဂ္ဂိုလ်များက တာစားသူများသည် အညံ့နှင့်ကြုံတွေ့ရမည်ဟု ယုံကြည်ကြပြီး ညောင်ထောက်ခြင်း၊ တံတားခင်းခြင်း၊ ငါးသက်စေ့လွှတ်ခြင်းတို့ကို လုပ်ဆောင်ကြလေ့ ရှိကြသည်။ ၁၃၇၁ ခု၊ သင်္ကြန်စာအရ တာစားသူများသည် ဘုန်းတန်ခိုးကြီးခြင်း၊ စည်းစိမ်ချမ်းသာတိုးပွားခြင်း စသည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်ဟု လေ့လာမှတ်သားရသဖြင့် ထူးခြားသည်ဟု ဆိုနိုင်ပါသည်။

၁၃၇၁ ခုနှစ် သင်္ကြန်စာတွင်ပင် နိုင်ငံနှင့် အရှင် ဘဝသခင် သီပေါမင်းအတွက် ဟောကိန်းကိုလည်း ဖော်ပြထားသည်။ ကသစ်နံသားဖြစ်တော်မူသော သာသနာ့ဒါယကာ အရှင် ဘဝရှင်မင်းတရားကြီးဘုရား တရားစောင့်၍မိဖုရားခေါင်ကြီးနှစ်ပါး၊ သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်၊ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့သည် ဘေးဥပဒ်ကင်းရှင်း ချမ်းသာခြင်း၊ တိုင်းနိုင်ငံရှိ မြို့ပြပြည်ရွာအသစ်ပွားများခြင်း၊ တရားထီးဆောင်းမင်းအပေါင်းတို့သည် ဆင်ကြီး,မြင်းကြီး, သမီးကညာ ရတနာမျိုးအပေါင်း ဆက်သ,ကျိုးနွံခြင်း၊ ကျွန်တော်ခံဝင်ရောက်ခြင်း၊ ရန်အပေါင်းတို့ကိုအောင်မြင်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း စသော အကျိုးထူးအပေါင်းတို့နှင့် ပြည့်စုံတော်မူမည်ဖြစ်ကြောင်း ဟောကိန်းထုတ်ထားသည်ကို ဖတ်ရှုရသည်။

အထက်ပါ သင်္ကြန်စာသည် မြန်မာမင်းများ လက်ထက်က ထုတ်ပြန်သော သင်္ကြန်စာဖြစ်ခြင်း၊ သင်္ကြန်စာတွင် ရှေးဟောင်းကျောက်စာတွင် တွေ့ရသော ဝေါဟာရများ၊ ဥပမာ- ဇေဌနှစ်၊ မာသနှစ် စသည်တို့ပါဝင်ခြင်း၊ ဦးခေါင်းလျှော်ရခြင်းအကြောင်းရင်းများ၊ အတာစားသူတို့သည် အချို့သောပုဂ္ဂိုလ်များယုံကြည်သကဲ့သို့မဟုတ်ဘဲ ဘုန်းတန်ခိုးကြီးခြင်း၊ စည်းစိမ်ချမ်းသာပွားများခြင်းရှိမည် ဟူသော သဘောတရားကို ဖော်ထုတ်ခြင်း စသည့် အချက်အလက်များပါဝင်နေခြင်းတို့ကြောင့် ထူးခြားသည့် သင်္ကြန်စာအဖြစ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျော်ထင်း(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**

ရွှေပြည်ဦးဘတင်စာစု။

# ကွမ်းစား၍ ထုံးပေါက်လျှင်

စာရေးသူ မှော်ဘီ (တပ်ရင်း-၃) သို့ အလည်ရောက်ခဲ့စဉ်က ရဲတပ်ကြပ် ဦးအောင်မြင့်၏အိမ်တွင် တည်းခိုခဲ့ပါသည်။ ညပိုင်းထမင်းစားပြီး ကိုနန္ဒမှ-

"ဆရာလေး၊ ကွမ်းစားပါဦးလား"

ဟု ဆိုသဖြင့် ကွမ်းတစ်ယာစားလိုက်ပါသည်။ ကွမ်းစားသုံးသူတို့သည် ကွမ်းဆိုင်ပြောင်းစားလျှင် ထုံးပေါက်ခြင်း၊ စပ်ခြင်း၊ ပူခြင်းတို့မှာ ဖြစ်စမြဲပင်။ ယခု စာရေးသူကိုယ်တိုင် ထုံးပေါက်ခြင်း၊ စပ်ခြင်း၊ ပူခြင်းတို့ကို ခံစားနေရသည်။

"ကိုနန္ဒရေ၊ ကျွန်တော် ထုံးပေါက်လို့ ဘာမှကို မစားချင်တော့ပါဘူးဗျာ"

"ဟာဗျာ- ဆရာလေးကလည်း၊ လွယ်ပါတယ်။ ကျွန်တော်ပြောသလိုသာ လုပ်စမ်းပါ၊ ချက်ချင်းပျောက်စေရမယ်"

ဟု ဆိုသဖြင့် စမ်းသပ်ကြည့်ရာ ထုံးပေါက်၍ ပူခြင်း၊ စပ်ခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားပါသည်။

နည်းမှာ မခက်ပါ။ မိမိတို့နေအိမ်တွင်သုံးသည့် စားသုံးဆီ (နှမ်းဆီဆိုလျှင် ပို၍ကောင်းသည်။) အနည်းငယ်ကို ထုံးပေါက်သည့်နေရာအား ပွတ်လိမ်းပေးရန် ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်းဖြစ်၍ ဗဟုသုတအဖြစ်တင်ပြလိုက်ပါသည်။ စာရှုသူတို့လည်း လက်တွေ့ စမ်းသပ်ကြည့်နိုင်ပါသည်။

ကျော်ဟိန်းထက်(ဥပဒေ)

*(ဤဆေးနည်းပြောပြသော ကိုနန္ဒအား အထူးကျေးဇူးတင်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ဇွန်လအတွက်
# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
## ရှိန်းအောင်(ဂဏ္ဍိုရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်၊ ဇင်းသုံးပါးဖြတ်ချိန် …ကွင်း အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန် … အပါအဝင် ဓနံ၊ လာဘ်ဆိုင်ရာ ဂါထာ မန္တန် ရွတ်ဖတ်ကျင့်ပွား ပူဇော်ပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို …တားရမည်မှာ မုချ ဖြစ်ပါသည်။ ယခု ဇွန်လ၌ ဓနသိဒ္ဓိနက္ခတ်သည် ၂၆-၆-၂၀၁၃ နေ့ ည (၁၀း၃၀) နာရီမှ ၂၇-၆-…၁၃ နေ့ ည (၁၀း၀၃) နာရီထိ စန်းယှဉ်နေမည်ဖြစ်ပြီး ၂၇-၆-၂၀၁၃၊ ညဥ့်သန်းခေါင် (၁း၃၀း၄၂) နာရီမှ (၂း၅၂း၃၆) …ထိ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ကျော်မည်ဖြစ်ကာ ၂၇-၆-၂၀၁၃ နေ့ ညဥ့် ( း၁၃း၀၆) နာရီမှ (၃း၀၄း၀၇) နာရီအတွင်း …သိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၃း ၁၄း ၀၈ | ၄း ၃၆း ၅၄ | ၁ | ၃း ၅၈း ၄၂ | ၄း ၄၇း ၃၃ |
| ၂ | ၃း ၁၀း ၀၂ | ၄း ၃၂း ၅၈ | ၂ | ၃း ၅၂း ၄၆ | ၄း ၄၃း ၃၇ |
| ၃ | ၃း ၀၆း ၀၆ | ၄း ၂၈း ၀၂ | ၃ | ၃း ၄၈း ၅၀ | ၄း ၃၉း ၄၁ |
| ၄ | ၃း ၀၂း ၁၀ | ၄း ၂၄း ၀၆ | ၄ | ၃း ၄၄း ၅၄ | ၄း ၃၅း ၄၅ |
| ၅ | ၂း ၅၈း ၁၄ | ၄း ၂၀း ၁၀ | ၅ | ၃း ၄၀း ၅၈ | ၄း ၃၁း ၄၉ |
| ၆ | ၂း ၅၄း ၁၈ | ၄း ၁၆း ၁၄ | ၆ | ၃း ၃၆း ၀၂ | ၄း ၂၇း ၅၃ |
| ၇ | ၂း ၅၀း ၂၂ | ၄း ၁၂း ၁၆ | ၇ | ၃း ၃၂း ၀၆ | ၄း ၂၃း ၅၇ |
| ၈ | ၂း ၄၆း ၂၆ | ၄း ၀၈း ၂၀ | ၈ | ၃း ၂၈း ၁၀ | ၄း ၁၉း ၀၁ |
| ၉ | ၂း ၄၂း ၃၀ | ၄း ၀၄း ၂၄ | ၉ | ၃း ၂၄း ၁၄ | ၄း ၁၅း ၀၅ |
| ၁၀ | ၂း ၃၈း ၃၄ | ၄း ၀၀း ၂၈ | ၁၀ | ၃း ၂၀း ၁၈ | ၄း ၁၁း ၀၉ |
| ၁၁ | ၂း ၃၄း ၃၈ | ၃း ၅၆း ၃၂ | ၁၁ | ၃း ၁၆း ၂၂ | ၄း ၀၇း ၁၃ |
| ၁၂ | ၂း ၃၀း ၄၂ | ၃း ၅၂း ၃၆ | ၁၂ | ၃း ၁၂း ၂၆ | ၄း ၀၃း ၁၇ |
| ၁၃ | ၂း ၂၆း ၄၆ | ၃း ၄၈း ၄၀ | ၁၃ | ၃း ၀၈း ၃၀ | ၃း ၅၉း ၁၁ |
| ၁၄ | ၂း ၂၂း ၅၀ | ၃း ၄၄း ၄၄ | ၁၄ | ၃း ၀၄း ၃၄ | ၃း ၅၅း ၁၅ |
| ၁၅ | ၂း ၁၈း ၅၄ | ၃း ၄၀း ၄၈ | ၁၅ | ၃း ၀၀း ၁၈ | ၃း ၅၁း ၁၉ |
| ၁၆ | ၂း ၁၄း ၅၈ | ၃း ၃၆း ၅၂ | ၁၆ | ၂း ၅၆း ၂၂ | ၃း ၄၇း ၂၃ |
| ၁၇ | ၂း ၁၀း ၀၂ | ၃း ၃၂း ၅၆ | ၁၇ | ၂း ၅၃း ၂၆ | ၃း ၄၃း ၂၇ |
| ၁၈ | ၂း ၀၆း ၀၆ | ၃း ၂၈း ၀၀ | ၁၈ | ၂း ၄၉း ၃၀ | ၃း ၃၉း ၃၁ |
| ၁၉ | ၂း ၀၂း ၁၀ | ၃း ၂၄း ၀၄ | ၁၉ | ၂း ၄၅း ၃၄ | ၃း ၃၅း ၃၅ |
| ၂၀ | ၁း ၅၈း ၁၄ | ၃း ၂၀း ၀၈ | ၂၀ | ၂း ၄၁း ၃၈ | ၃း ၃၁း ၃၉ |
| ၂၁ | ၁း ၅၄း ၁၈ | ၃း ၁၆း ၁၂ | ၂၁ | ၂း ၃၇း ၄၂ | ၃း ၂၇း ၄၃ |
| ၂၂ | ၁း ၅၀း ၂၂ | ၃း ၁၂း ၁၆ | ၂၂ | ၂း ၃၃း ၄၆ | ၃း ၂၃း ၄၇ |
| ၂၃ | ၁း ၄၆း ၂၆ | ၃း ၀၈း ၂၀ | ၂၃ | ၂း ၂၉း ၅၀ | ၃း ၁၉း ၅၁ |
| ၂၄ | ၁း ၄၂း ၃၀ | ၃း ၀၄း ၂၄ | ၂၄ | ၂း ၂၅း ၅၄ | ၃း ၁၅း ၅၅ |
| ၂၅ | ၁း ၃၈း ၃၄ | ၃း ၀၀း ၂၈ | ၂၅ | ၂း ၂၁း ၅၈ | ၃း ၁၁း ၅၉ |
| ၂၆ | ၁း ၃၄း ၃၈ | ၂း ၅၆း ၃၂ | ၂၆ | ၂း ၁၇း ၀၂ | ၃း ၀၈း ၀၃ |
| ၂၇ | ၁း ၃၀း ၄၂ | ၂း ၅၂း ၃၆ | ၂၇ | ၂း ၁၃း ၀၆ | ၃း ၀၄း ၀၇ |
| ၂၈ | ၁း ၂၆း ၄၆ | ၂း ၄၈း ၄၀ | ၂၈ | ၂း ၀၉း ၁၀ | ၃း ၀၀း ၁၁ |
| ၂၉ | ၁း ၂၂း ၅၀ | ၂း ၄၄း ၄၆ | ၂၉ | ၂း ၀၅း ၁၄ | ၂း ၅၆း ၁၅ |
| ၃၀ | ၁း ၁၆း ၅၄ | ၂း ၄၀း ၅၀ | ၃၀ | ၂း ၀၁း ၁၈ | ၂း ၅၄း ၁၉ |



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၀ ပြည့်နှစ်မတိုင်မီ ဟိုမှာဘက် ကျွန်တော် စစ်မှုထမ်းဆဲကာလ။ ကျွန်တော်တို့ ရဲဘော်တွေမှာ ကိုယ့်ရဲဘော်ရဲဘက်အချင်းချင်းပဲဖြစ်ဖြစ်၊ ပြင်ပအရပ်သားထဲကပဲဖြစ်ဖြစ် အသည်းခိုက်အောင် ဆတ်ဆတ်ခါ နာကြည်းစေတဲ့ စကားတစ်ခွန်းရှိပါတယ်။ 'ဒီကောင် ငကြောက်' ဆိုတဲ့ စကားပါပဲ။

များသောအားဖြင့် ဗုဒ္ဓဘာသာမြန်မာမိဘနှစ်ပါးက ဆင်းသက်လာကြပေမယ့် လွန်လွန်ကဲကဲ ဘာသာတရားကို ကိုင်းရှိုင်းလွန်းတာ၊ ပါးစပ်က လှုပ်စိလှုပ်စိနဲ့ စဉ်ဆက်မပြတ် ပရိတ်တရားတော်တွေကို ရွတ်ဆိုနေတတ်တာမျိုးကို တွေ့ရင် အဲဒီ ရဲဘော်ကို 'ဒီကောင် ငကြောက်' လို့ စွပ်စွဲပြောဆိုတတ်ကြပါတယ်။

ရဲဘော်တိုင်းဟာ ကျွန်တော် အပါအဝင်ပေါ့လေ -

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"

ဆိုတဲ့ သစ္စာအဓိဋ္ဌာန်ပြုထားကြတာဖြစ်လို့ သေရမှာ ဘယ်ရဲဘော်မှ စိုးရိမ်ပူပန် ကြောက်လန့်ခြင်းမရှိကြတာကြောင့် 'ငကြောက်' လို့ စွပ်စွဲပြောဆိုခြင်းကို နာကြည်းကြတာပါ။ ဒါကြောင့် သွားလာခိုက် စေတီ၊ ပုထိုး၊ ဆင်းတုရုပ်ပွားတော် တွေ့တဲ့အခါ ကုန်းကန်တော့လိုက်၊ ရဟန်းသံဃာနဲ့တွေ့တဲ့အခါ လက်အုပ်ချီလိုက်တဲ့အဆင့်ပဲ ရှိကြပါတယ်။

အမှန်ကတော့ ဘာသာသာသနာအလုပ်ဟာ ကောင်းတဲ့အလုပ်ဖြစ်လို့ အားပေးရမှာပါ။ ကိုယ်မလုပ်နိုင်ရင်တောင် သာဓုအနုမောဒနာခေါ်ပြီး ဂုဏ်ပြုရမှာပါ။ 'ဒီကောင် ငကြောက်' ဆိုတာကြီးကို ယိုးမယ်ဖွဲ့ပြီး လက်ရှောင်နေတာကတော့ ဗိုလ်ချုပ်မိန့်ခွန်းထဲကလို ကျွန်တော်တို့ခံယူချက်၊ ကျွန်တော်တို့အစွဲက တလွဲဆံပင်ကောင်းတဲ့အစွဲပါပဲ။

ဘယ်သူဘာပြောပြော ကိုယ့်အလုပ်ကို တစိုက်မတ်မတ် ဝတ္တရားမပျက်ပြုလုပ်တာကတော့ သမ္ဗုဒ္ဓေဝင်းကြည်နဲ့ ဘုရားဒကာလှသောင်းဆိုတဲ့ ရဲဘော်နှစ်ယောက်ပါပဲ။

✣

သမ္ဗုဒ္ဓေဝင်းကြည်အဆင့်က တပ်ကြပ်။ ရာထူးက တပ်စိတ်မှူး။ တာဝန်က တိုက်ခိုက်ရေးတာဝန်ပါ။ သူ့အကျင့်က ဘုရားဝတ်တက်တာ၊ နှုတ်တက်ရွတ်ဆိုတတ်သလို နေ့နံဂြိုဟ်သက်အလိုက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်တတ်တဲ့ ထူးခြားမှုပါ။

ရှင်းပါအုံး။

တနင်္ဂနွေဂြိုဟ်သက် (၆) နှစ်၊ တနင်္လာ (၁၅)၊ အင်္ဂါ (၈)၊ ဗုဒ္ဓဟူး (၁၇)၊ ကြာသပတေး (၁၉)၊ သောကြာ (၂၁)၊ စနေ (၁၀)၊ ဗုဒ္ဓဟူးညနေ ရာဟု (၁၂) စတဲ့ နေ့အလိုက်ရှိတဲ့ ဂြိုဟ်သက်အတိုင်း ရွတ်ဆို ပူဇော်တတ်ခြင်းပါပဲ။ ဒါကြောင့် တပ်ထုံးစံအတိုင်း 'မောင်မောင်' နှစ်ယောက်ရှိရင် ဂျီသရီးမောင်မောင်၊ လောင်ချာမောင်မောင် ခွဲခြားသလိုမျိုး ဝင်းကြည်ကိုလည်း သမ္ဗုဒ္ဓေဝင်းကြည်ရယ်လို့ သတ်မှတ်ခေါ်ဆိုကြပါတော့တယ်။

ကာယကံရှင်ဖြစ်တဲ့ တပ်ကြပ်ဝင်းကြည်ကိုယ်တိုင်ကလည်း သူ့ကို သမ္ဗုဒ္ဓေနဲ့ တွဲခေါ်တာကို ပြုံးရွှင်ကြည်နူးစွာနဲ့ လက်ခံပါတယ်။

အိမ်ထောင်သည်ဖြစ်တဲ့ သမ္ဗုဒ္ဓေဝင်းကြည်မှာ သမီးတစ်ယောက်နဲ့ သားတစ်ယောက်သာရှိပြီး သားဖြစ်သူကို ပိုချစ်ပါတယ်။ ငါးနှစ်တောင်မပြည့်တတ်သေးတဲ့ သားအတွက် ပညာရေး၊ ကျန်းမာရေး၊ ရှင်သာမဏေပြုရေးအတွက် ရည်မှန်းချက်ကြီးကြီးထားပြီး ငွေကြေးစုဆောင်းပါတယ်။

စုပုံစုနည်းကတော့ လစာရဲ့ အစွန်းထွက်ငွေ၊ ရိက္ခာစိုငွေ၊ ဆံသခဝါငွေကြေးတွေကို ပုစွန်၊ ငါး၊ လိပ်ပြာ၊ ပန်းပုံလေးတွေ ခေါက်ချိုးပုံသွင်းပြီး ပဒေသာပင်ပြုလုပ်၊ ဘုရားဆောင်မှာ လှူဒါန်းထားခြင်းပါ။ အတုယူသင့်တဲ့ စံပြုလုပ်ဆောင်မှုဖြစ်လို့ ချီးကျူး ဂုဏ်ပြုမိပါတယ်။

✣

ဘုရားဒကာလှသောင်းအဆင့်က တပ်သား။ တာဝန်က ဆေးမှူးပါ။

ဝါသနာကတော့ ရတဲ့အချိန်တိုင်းမှာ စာအုပ်စာပေနဲ့ မျက်နှာအပ်ပြီး လေ့လာ မှတ်သားတတ်ခြင်းပါ။

သူလည်း ဘာသာရေးသမားပါပဲ။ စစ်ဆင်ရေးထွက်ခိုက် ဘုန်းတော်ကြီးကျောင်းတွေ တည်းခိုယာယီစခန်းချရတဲ့အခါမျိုးဆို ကျောင်းဝင်းထဲ ရှိသမျှ စေတီ၊ ပုထိုး၊ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တစ်ဆူချင်းကို အချိန်ယူ ပူဇော်တတ်ပါတယ်။ ရဲဘော်အချင်းချင်း စပ်စုတဲ့အခါ-

"ငါ ပုံစံတွေခေါင်းထဲစွဲနေအောင် ကြည့်ညိုနေတာကွ"

လို့ ပြောဆိုတတ်ပြီး မင်းဘာလုပ်မလို့လဲမေးရင်-

"လူ့ဘဝ ဆိုတာ ပြောလို့မရဘူးလေကွာ။ တစ်နေ့တစ်ချိန် ငါသူဌေးကြီးဖြစ်လာရင် ဘုရားတည်မယ်ကွာ၊ ကျောင်းဆောက်မယ်လေကွာ"

လို့လည်း ဖြေဆိုတတ်ပါတယ်။

လှသောင်းပြောတဲ့ တစ်နေ့တစ်ချိန်ဆိုတဲ့ အနာဂတ်ကာလဆိုတာ ဘယ်





www.burmeseclassic.com

www.burmeseclassic.com

သူမှ ခန့်မှန်းပြောဆိုနိုင်ခြင်းမရှိပေမယ့် သတ်တလောတော့ စိတ်ကူးယဉ်သမား၊ အတွေးလွန်သမားဖြစ်လို့ ဘုရားဒကာ ယ်လို့ နောက်ပြောင်ကျီစယ်ပြီး သမုတ် ိုက်ခြင်းပါ။

ပုဗ္ဗနိမိတ်လို့ခေါ် မလား။

(လှသောင်းဟာ စစ်သက် ၂၀ ကျော်ကာလမှာ အရာခံဗိုလ်အဆင့်နဲ့ မှုးရေဝန်ကြီးဌာနကို ပခုံးပြောင်း တာ န်ထမ်းဆောင်ရေး တစ်နိုင်တစ်ပိုင် စီး းရေးလုပ်ငန်းလေးတွေကနေ မအူပင် က်မှာ ငါးကန်အဟောင်းတွေ ဈေး ပါပေါနဲ့ဝယ်။ ငါးမြစ်ချင်း၊ ငါးတန်၊ ပန်ငါး စတဲ့ မွေးမြူရေးငါးတွေမွေးပြီး ာလတိုအတွင်း စီးပွားတက်သွားလို့ ရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် းသွေးချောင်းအနီး ညောင်ဘုစေတီ က်ကို ပြုပြင်ခြင်း၊ လှသောင်းရဲ့ မွေး ပ်ဇာတိ ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ဆွဲရွာမှာ နှစ်ထပ်ကျောင်း ဆောင်ကြီးနဲ့ ကျောင်းဆောင်အနီး တောင်ကုန်းမို့မို့လေးပေါ်က စေတီသုံး ဆူကို အသစ်ပြန်လည်ပြုပြင် ထီးတော် တင်ခြင်းကုသိုလ်ပြုနိုင်ခဲ့ပါတယ်။ စရင်း နောက်ပြောင်ရင်း ပညတ်သွားရာ မာတ် သက်ပါသွားတယ်လို့ ဆိုရမှာပါ - စကား ချပ်)

ဘုရားဒကာ လှသောင်းလည်း အိမ်ထောင်သည်ပါပဲ။ ဇနီး အေးအေး သိန်းနဲ့ သားတစ်ယောက်၊ သမီးသုံး ယောက် ရှိပါတယ်။

လှသောင်းလည်း သားသမီးတွေ ရဲ့ နောင်ရေးကို ရည်မှန်းချက်ကြီးပါ တယ်။ သမ္မာဒိဋ္ဌိဝင်းကြည်လိုပဲ ရိက္ခာစို၊ ဆံသခဝါ လစာအစွန်းထွက်ငွေကို ဘုရားဆောင်ပေါ်က စုဘူးမှာ စုဆောင်း ထိန်းသိမ်းထားပါတယ်။


✣

ဘာသာတရားရိုသေကိုင်းရှိုင်းပုံ ချင်းလည်းတူ၊ သားသမီးတွေရဲ့ နောင် ရေး ရည်မှန်းချက်ကြီးပုံချင်းလည်း တစ် ထပ်တည်းတူညီတဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးတွေကတော့ အကျိတ်အခဲ အဖုအထစ်လေးတွေကြောင့် မိသားစု ချင်းပါ တင်းမာနေကြပါတယ်။ ဇာတ် လမ်းအစ တပ်ရင်းအသစ် စ,ဖွင့်စဉ်က ပါပဲ။

၁-၁၀-၁၉၇၀ ရက်နေ့မှာ ကျွန် တော်တို့ရဲ့ အမှတ် (၆၂) ခြေလျင်တပ် ရင်းကို မွန်ပြည်နယ် မုဒုံမြို့မှာ ဖွင့်လှစ် ပါတယ်။

တပ်ရင်းအသစ် ဆိုပေမယ့် ကျွန် တော်တို့ ရဲဘော်တွေကတော့ အသစ် တွေ မဟုတ်ပါဘူး။ မိတ္ထီလာ၊ မန္တလေး၊ မြင်းခြံ၊ ရွှေဘို နမခတိုင်း လက်အောက် ခံတပ်ရင်းတွေ၊ မြစ်ကြီးနားတပ်မဟာ (၇) လက်အောက်ခံ တပ်ရင်းတွေက အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် (၅၀) ဦးစီနဲ့ ပြောင်းရွှေ့လာပြီး တပ်သစ် ဖွင့်လှစ်ခြင်းပါ။

တစ်လအလို စက်တင်ဘာလထဲ က ကြိုတင် စုဆောင်းထားချိန် ကိုယ့် တပ်ရင်းကလွဲလို့ အခြားတပ် က စစ်သည်တွေနဲ့ သူ့ကိုယ်မ သိ၊ ကိုယ့်သူမသိ အကျွမ်း တဝင်မရှိချိန် ရေပြောင်း မိုးပြောင်း၊ ရာသီဥတုပြောင်း၊ ကျင့်သားမရခင်မှာ ဝမ်းလျှော ဝမ်း ကိုက်၊ အဖျားအနာ ရောဂါဝေဒနာ တွေ ခံစားကြရပါတယ်။ များသောအား ဖြင့် (၅) နှစ်အောက် ကလေးတွေပါ။ စက်တင်ဘာလတစ်လတည်း က လေး (၈) ယောက် ဖိတ်စဉ်သွား ပါတယ်။ မိဘတွေရဲ့ စိုးရိမ် မှုလွန်ကဲမှုလို့ ဆိုရမှာပါ။ ဝမ်းလျှော၊ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

ပျက်၊ ဝမ်းကိုက်ရောဂါကိုတော့ ထိရောက်တဲ့ဆေးဝါးနဲ့ကုသလို့ ပျောက်ကင်းပေမယ့် အဖျားရောဂါကတော့ အချိန်တိုနဲ့ မပျောက်ဘဲ တပိန်ပိန် တလိမ်လိမ်အခြေအနေကနေ ရောဂါကျွမ်းပြီး အသက်ပါ ဆုံးရှုံးရခြင်းပါ။

အဓိကအချက်ကတော့ မက်ကလောင်ရောဂါဟာ အင်္ဂလိပ်ဆေးနဲ့ မတည့်လို့ ဆေးမြီးတိုနဲ့ ကျိတ်ကုနေကြတာကြောင့်ပါ။

ဆေးရုံ၊ ဆေးခန်းမသွားဘဲ မက်ကလောင်ရောဂါကို ကျိတ်ကုနေတဲ့ထဲမှာ သမ္မုဒ္ဒေဝင်းကြည်လည်း အပါအဝင်ပါ။ ကလေးမြော့မြော့ပဲကျန်တော့တဲ့အချိန်ရောက်မှ မျက်ကလဲဆန်ပျာနဲ့ ဆေးခန်းသွားပြပါတယ်။ ဆေးခန်းတာဝန်ကျဆေးမှူးက တပ်သား လှသောင်းပါ။

လှသောင်းဟာ အသက်ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတဲ့ ကလေးကိုကြည့်ပြီး ကရုဏာဒေါသောနဲ့ -

"မင်းတို့ ကလေးကို ကျိတ်သတ်နေတာပဲ"

"ငါ့သားငါသတ်မလားကွ။ပျောက်မလားလို့ငါတတ်ကျွမ်းတဲ့နည်းနဲ့ကုကြည့်နေတာပဲ"

တစ်ဖက်က ဖခင်စိတ်၊ တစ်ဖက်က ဆေးဝန်ထမ်းစိတ်နဲ့ ပဋိပက္ခကို စတင်ပါတယ်။

"မက်ကလောင်ထွက်တာ စောင့်နေတာဟုတ်လား။ မင်းတို့ဦးနှောက်တွေက ××××တွေပဲ"

"ဟေ့ကောင်၊ အပိုတွေပြောမနေနဲ့။ မင်းလုပ်ပေးမယ်၊ မလုပ်ပေးဘူး ဒါပဲပြော။ မင်းမလုပ်ပေးဘူးဆိုရင် ငါတပ်ရင်းမှူးနဲ့ သွားတိုင်မယ်"

"ငါမင်းကလေးသေမှာစိုးရိမ်လို့ ပြောနေတာ။ ငါလုပ်မပေးဘူးလို့ တစ်ခွန်းမှမပြောသေးဘူး။ မင်းမကျေနပ်ရင် တိုင်ချင်တဲ့ဆီတိုင်"

သမ္မုဒ္ဒေဝင်းကြည်ဟာ ဖခင်စိတ်အပြင် သူ့လိုနှစ်ဆင့်မြင့်တပ်ကြပ်တစ်ယောက်ကို တစ်ရစ်မှမရှိတဲ့ တပ်သားတစ်ယောက်က မင်း၊ ငါအသုံးအနှုန်းနဲ့ ဆက်ဆံတာ မကျေမနပ်ဖြစ်နေပုံပါ။

ဘုရားဒကာ လှသောင်းကတော့ ပြောပြီးပြီးရော မေ့မေ့ပျောက်ပျောက်ထားပြီး ဆေးဝန်ထမ်းကောင်းပီသစွာနဲ့ အစွမ်းကုန်ကုသလို့ သမ္မုဒ္ဒေဝင်းကြည်ရဲ့သားလေး သေမင်းလက်က လုယူနိုင်လိုက်ပါတယ်။

ကလေး အသက်ရှင်ခွင့်ရပေမယ့် သမ္မုဒ္ဒေဝင်းကြည် ရင်ထဲမှာတော့ အကျိတ်အခဲလေးတစ်ခု သို့ဝှက်ထားလိုက်ပါတယ်။

❖

မက်ကလောင်ထွက် အဖျားအနာရောဂါဟာ ဆေးမှူးသားသမီးရယ်လို့ ဝကွက်ချန်မထားပါဘူး။ သမီးတစ်ယောက် အဖျားရောဂါနဲ့ မော်လမြိုင် (၅၃၅)ဆေးရုံတပ်ရင်းကို ဆေးကုသဖို့ တင်ထားဆဲ သားငယ်ပါ ရောဂါကူးစက်လို့ စိတ်ဖိစီးနေချိန် -

"ကိုဝင်းကြည်တို့ဆီမှာလှည့်ကြည့်ပါလား"

ဇနီးသည် အေးအေးသိန်းပြောမှ သတိရပါတယ်။ ဟုတ်တယ်၊ အပြန်အလှန်ကျေးဇူးတော့ ရှိတန်ကောင်းရဲ့လို့ဆိုပြီး သွားတွေ့တယ်။ သမ္မုဒ္ဒေဝင်းကြည်ကလည်း ဘုရားဒကာ လှသောင်းဘာကိစ္စနဲ့လာတယ်ဆိုတာသိတယ်။ ငါ့ခွင်ထဲရောက်ပြီဆိုတဲ့ပုံစံနဲ့ -

"ချေးဖို့ဥူးဖို့မပြောနဲ့။ မင်းငါ့ဆီလာတာတောင်လွန်လှပြီ"

နေပူထဲကလာတဲ့သူ နေရိပ်ထဲရောက်ခါမှ ရင်ဝအကန်ခံရသလို ခံစားလိုက်ရတယ်။ ချင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင်မယ်ဆိုပြီး နှစ်ဖက်မိသားစု ဆက်သွယ်မှုတွေပြတ်တောက်သွားပါရော။ နှစ်ဦးနှစ်ဖက်စလုံးကတော့ သရုပ်ဆောင်ကောင်းကြတယ်။ သူတို့ချင်း မခေါ်မပြောတာ ဘယ်သူမှမသိအောင် ဖုံးဖိထားနိုင်ကြလို့ပဲ။

မဖုံးမဖိနိုင်လို့ကတော့ တပ်ရင်းမှူးသိရင် မလွယ်ကြော။

"ရဲဘော်ရဲဘက်ချင်း ရန်ဖြစ်တာမျိုး၊ ကိုယ်ထိလက်ရောက်လုပ်တာမျိုး၊ သွေးထွက်သံယို ဒဏ်ရာဒဏ်ချက်ရအောင်လုပ်တာမျိုး ငါလုံးဝခွင့်မလွှတ်ဘူး။ ရှေ့တန်းထွက်လို့ စစ်မြေပြင်မှာ ဖျားနာတဲ့အခါ၊ တိုက်ပွဲဖြစ်တဲ့အခါ၊ ထိခိုက်ဒဏ်ရာရတဲ့အခါ၊ အပြန်အလှန် အသက်ကယ်ရတဲ့အခါ မင်းတို့ အဘ၊ မင်းတို့သားမယားတွေ မင်းတို့ကိုဘာမှ လုပ်မပေးနိုင်ဘူး။ မင်းတို့အချင်းချင်း ရဲဘော်ရဲဘက်စိတ်နဲ့ အသက်စွန့်ကာကွယ်ရမှာဖြစ်တဲ့အတွက် မင်းတို့အချင်းချင်း ဘာပြဿနာမှမဖြစ်ပါစေနဲ့"

တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သင်းထိန်ရဲ့ လက်သုံးစကားပါ။ တပ်ရင်းမှူးကြီးရဲ့ ဆုံးမဩဝါဒစကား ရာနှုန်းပြည့် မှန်ကန်ကြောင်း ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အင်းရှည် (ခေါ်) ထီစွမ်တိုက်ပွဲကြီးက ခိုင်မာစွာ သက်သေထူလိုက်ပါတယ်။

❖

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ။

ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် နဘူ အမည်ရှိတဲ့ရွာကြီးမှာ ရှေ့တန်းရုံးဖွင့်ပြီး တပ်စွဲထားပါတယ်။ရန်သူကိုတိုက်ဖို့ထက် အဲဒီအချိန်က ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲရရှိရေး အတွက် ရွာစဉ်အနှံ့ လှည့်လည်ပြီး လုံခြုံ ရေးပေးနေရလို့ပါ။

ကျွန်တော်တို့တပ်ရင်းနဲ့ တွဲပြီး ကော့ကရိတ်ခရိုင် ကော်မရှင်အဖွဲ့ခေါင်း ဆောင်ကတော့ စာရေးဆရာ မန်းသင့် နောင် (ကော့ကရိတ်) ဖြစ်ပါတယ်။

ကျွန်တော်တို့တပ်ရင်း ဆန္ဒမဲ ကောက်ခံဖို့ တာဝန်ယူထားတဲ့ ရွာတွေ ကတော့ ကော့ကရိတ်ခရိုင်ထဲက နဘူ အင်းရှည်၊ ထီစွမ်၊ အင်းခေါင်း၊ အုန်းတ ပင်၊ ကျောက်ဖြာ၊ ဒေါ့လန်း စတဲ့ ကရင် တိုင်းရင်းသားအများစုနေထိုင်တဲ့ ရွာကြီး တွေပဲ ဖြစ်ပါတယ်။

တာဝန်ကျရွာတွေရဲ့ နယ်မြေ တိုင်းရင်းသားတွေဆီက သူတို့ရဲ့အသည်း ကြားကမဲပြားတွေကို ထောက်ခံမဲပေး ဖြစ်ကြောင်း လျှို့ဝှက်ပေးစာတွေထဲ အချို့ဟာ ရန်သူ့လက်ထဲ ရောက် ပေါက်ကြားတာတွေလည်း ရှိပါတယ် ရန်သူ ကေအင်ယူရဲ့ ခံယူချက်က ကရင် တိုင်းရင်းသားတိုင်းက ကေအင်ယူ ပေါ် သက်ဝင်ယုံကြည်ရမယ်။ ကေအင် ယူဖြူလျှင် မမည်းစေရ၊ အားလုံး က ကွက်မဲသာဖြစ်ရမယ်ဆိုတဲ့ သေန ပြောင်းဝကထုတ်ပြန်တဲ့အမိန့်ကို တ ချ လိုက်နာမှာ ပုံသေတွက်ကိန်းဟာ လျှို့ ဝှက်ပေးစာတွေဖတ်ရပြီး အသည်းဆ ဆတ်ခါ နာကြည်းချက်နဲ့ အကောက် တော့တာပါပဲ။

၁၄ - ၁၂ - ၁၉၇၃။

မနက် (၅) နာရီခွဲမှာ ဗိုလ် မင်းဦး (စလိုင်းလှတင်) ဦးစီးတပ်ခွဲ နှင့် ဗိုလ်ကြီးမြင့်ထွန်း (အား/ကာ ချုပ်-ငြိမ်း) ဦးစီးတဲ့ တပ်ခွဲ (၅) ပူး နှစ်ခွဲစစ်ကြောင်းဟာ ဦးမန်းသင့် (ကော့ကရိတ်) ခရိုင်ကော်မရှင်အ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်အတွက် လုံခြုံရေးတာဝန်နဲ့ အင်းရှည်၊ ထီစွမ်၊ အင်းခေါင်း၊ အုန်းတပင် အစဉ်လိုက် မဲဆန္ဒယူဖို့ စီမံချက်နဲ့ ခရီးစတင်ပါတယ်။

"ဝုန်း. . ."

"ဂျိမ်း. . ."

"တောက်ဖုန်း. . . တောက်ဖုန်း"

"ဒိုင်း. . . ဒိုင်း. . ."

"ဒက်. ဒက်. ဒက်. ဒက်. ဒက်"

"ဝေါ. . . ဝေါ. . ."

မနက် (၆) နာရီထိုးပြီးစမှာ ချုံခိုတိုက်ခိုက်ခြင်း စတင်ခံရပါတယ်။ ပထဝီအနေအထားအရ စစ်ကြောင်းညာဘက်မှာ ထီစွမ်တောင်ကြော။ မတ်စောက်တဲ့ တောင်ကြောပါ။ တောင်ခြေမှာက ကိုက် (၃၀၀) လောက် ကျယ်ဝန်းတဲ့လယ်ကွင်း။ ဘယ်ဘက်ကိုက်(၂၀၀)လောက်မှာ လယ်ကွင်းတွေကို ဖြတ်စီးတဲ့ ထီစွမ်ချောင်း။ ချောင်းဘယ်ဘက်ကိုက်(၁၀၀)အကွာမှာ တောင်ကုန်းတစ်ကုန်း တည်ရှိပါတယ်။

ချုံခိုဥပဒေသမှာ ပစ်၊ တက်၊ ထိုးဆိုပေမယ့် မတ်စောက်တဲ့ တောင်ကုန်းဖြစ်လို့ ဥပဒေသအတိုင်းတန်ပြန်တိုက်ဖို့ဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ရန်သူ့သတ်ကွင်းမှာ ရှေ့ပွိုင့်တပ်စုဟာ လှိမ့်ခံနေရပါတယ်။

တိုက်ပွဲစပြီး မိနစ်ပိုင်းအတွင်းမှာပဲ ပွိုင့်တပ်စုဆီက တုံ့ပြန်ပစ်ခတ်သံတိတ်ဆိတ်သွားပါပြီ။ ကောင်းသောလက္ခဏာမဟုတ်ပါ။

ကျွန်တော်တို့ နှစ်ခွဲစစ်ကြောင်းတပ်ဖြန့်နိုင်ရင် စစ်မျက်နှာအကျယ်အဝန်းဟာ တစ်မိုင်အလျားလောက်ရှိနိုင်ပေမယ့် ပထဝီအနေအထားအရ ကိုက်(၁၀၀)ပြည့်အောင်တောင် ဖြန့်လို့မရပါဘူး။ ဒါကြောင့် မြေနေရာစစ်ဗျူဟာအရ ဦးခေါင်းကိုတိုက်လျှင် အမြီးနဲ့ရိုက်၊ အမြီးကိုတိုက်လျှင် ခေါင်းနဲ့ပတ်၊ ခါးကိုတိုက်လျှင် ခေါင်း၊အမြီးနဲ့ ပြန်တိုက်ဖို့ဆိုတာလည်း လုံးဝဖြစ်နိုင်ခြေမရှိတဲ့မြေပြင်အနေအထားပါ။

"ဖောက်. . . ဂျိမ်း. . ."

"အုန်း. . ."

"ဒက်. . ဒက်. . . ဝေါ. . . ဝေါ"

"တောက်. . . ဖုန်း. . ."

လက်နက်ကြီးသံတွေ မိုးခြိမ်းသံအလား၊ လက်နက်ငယ်သံတွေ ဝါးတောမီးလောင်သံအလား။ ပစ်ခတ်နေတာကတော့ နှစ်ဖက်လက်နက်သံတွေပါ။ ပွိုင့်တပ်စုက ထိခိုက်၊ကျဆုံးရဲဘော်တွေဆီက လက်နက်တွေကောက်ဖို့ ရန်သူ့ပစ်အားနဲ့ ပွိုင့်တပ်စုနောက် ဗိုလ်မျိုးသန့်ဦးစီးတပ်စုကလည်း လက်နက်တွေမပါအောင်နဲ့ ဒဏ်ရာရကျဆုံးစစ်သည်တွေကိုကောက်ဖို့ ကာပစ်ပစ်ခတ်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဗိုလ်မျိုးသန့်တပ်စုရဲ့ နောက်ဆုံးတပ်စုနဲ့ တပ်ခွဲရုံးကတော့ ဗိုလ်ကြီးမင်းဦးအမိန့်နဲ့ တိုက်ပွဲဖြစ်နေရာက ကိုက်(၂၀၀) အကွာ ထီစွမ်ချောင်းဆီကို စစ်မြေပြင်တွားတက်နည်းတွေနဲ့ ချဉ်းကပ်နေပါတယ်။ မိုးသီးမိုးပေါက်အလား ရန်သူ့ကျည်ထိပ်ဖူးတွေကြားက ရွေ့လျားချဉ်းကပ်နေရခြင်းပါ။

ဗိုလ်ကြီးမြင့်ထွန်း ဦးစီးတဲ့ တပ်ခွဲ (၅) တစ်ခွဲလုံးကတော့ ပျောက်ခြင်းမလာ ပျောက်နေပါတယ်။

ဘုရားဒကာလှသောင်းတာဝန်က ဆေးမှူးပါ။ လူနာကောက်ရဲဘော်တွေ အသက်စွန့်ကောက်ယူလာတဲ့ လူနာတွေကိုကျည်လွတ်ရာမှာ ဆေးဝါးကုသဖို့ပါ။ ဆေးဝါးကုသမှု လစ်ဟာခြင်းမရှိရင် သူ့တာဝန်ကျေပါပြီ။

ပွိုင့်တပ်စုက ဒဏ်ရာရစစ်သည်တွေ လူးလိမ့်နေတာ မြင်တွေ့နေရပါတယ်။ ကျဆုံးလို့ ငြိမ်သက်နေတာကိုလည်း မြင်တွေ့နေရပါတယ်။ လူနာကောက်ရဲဘော်တွေ ချဉ်းကပ်မှု တုံ့နှေးနေတာကိုလည်း အားမလိုအားမရဖြစ်ရပါတယ်။

ဘုရားဒကာလှသောင်း စိတ်တုံးတုံးချ ဆုံးဖြတ်လိုက်ပါတယ်။

လူနာတွေရှိရာ ဘုရားဒကာလှသောင်း စစ်မြေပြင်တွားတက်နည်းနဲ့ ချဉ်းကပ်နေဆဲ တစ်လုံး၊ နှစ်လုံးအကွာရန်သူ့လက်နက်ကြီး ဗုံးသီးတွေ တဝုန်းဝုန်းနဲ့ ပေါက်ကွဲနေပါတယ်။ တစ်ထွာတစ်မိုက်အကွာမှာ လက်နက်ငယ် ကျည်ဆန်တွေလည်း တရွှီးရွှီးနဲ့ဖြတ်သန်း၊ မြေပြင်ကို တဖောက်ဖောက်နဲ့ မြည်သံတွေပါ ကြားနေရပါတယ်။

လူနာတွေရှိရာနဲ့ ဆယ့်လေး၊ ငါးကိုက်လောက်အကွာမှာ လူနာကောက်ပြီး ပြန်လာတဲ့ ဒုတပ်ကြပ် သန်းအောင် (ကာနယ်မင်းမောင်) တို့အဖွဲ့နဲ့ တိုးပါတယ်။ ဒုတပ်ကြပ် သန်းအောင်ဟာ အမောဖောက်နေလို့ စကားမပြောနိုင်ဘဲ နောက်ကျောဘက်ကို လက်နဲ့ညွှန်ပြပါတယ်။ ဟုတ်ပါတယ်။ ရဲဘော် (၅) ဦးနဲ့ သေနတ်တွေကျန်နေပါသေးတယ်။

ဘုရားဒကာ လှသောင်း ရောက်ရှိချိန်မှာတော့ (၄) ယောက်ကတော့ အသက်မရှိတော့ပါဘူး။ တစ်ကိုယ်လုံးဒဏ်ရာဗရပွသွေးခြင်းခြင်းတွေနဲ့ လူးလိမ့်နေတဲ့တစ်ယောက်ကိုတော့ ဘုရားဒကာ လှသောင်း အဝတ်ကြိုးနဲ့ သိုင်းချည်ပြီး ထီစွမ်ချောင်းဘက်ကို တွားသွားပြီး ဆွဲယူပါတယ်။

ဘုရားဒကာ လှသောင်း အသက်စွန့် ကယ်တင်လိုက်တဲ့ ရဲဘော်ကတော့ တစောင်းစေးနဲ့ မျက်ချေးလို အမုန်းပွားခဲ့တဲ့ သမ္မာဒွေဝင်းကြည်ပဲ ဖြစ်ပါတယ်။

✥

"ဝေါ. . . ဝေါ. . ."

"အုန်း. . . ဂျိမ်း. . ."

"ဒက် ဒက် ဒက် ဒက်"

မမျှော်မှန်းတဲ့ ရန်သူ့နောက်ကျောဆီက သေနတ်သံတွေပါ။ လက်နက်ငယ်အမျိုးအစား၊ လက်နက်ကြီးအမျိုးအစား ခွဲခြားမရအောင် တပ်ခွဲပစ်အားနဲ့ နောက်ပိုးသိပ်တိုက်ပွဲဝင်နေခြင်းပါ။

"ခြောက်ဆယ့်နှစ်ကွ"

"တပ်မတော်ကွ"

"ဇာမဏီမျိုးဟေ့၊ အမွေးတစ်ပင်အကျွတ်မခံဘူး"

ကရင်တိုင်းရင်းသားတိုင်း ကရင်သွေးပါရမယ်။ ကရင်သွေးပါသူတိုင်းဟာ ကေအင်ယူကို ထောက်ခံရမယ် အဆိုအမိန့်ကို ပုံသေကိုင်စွဲပြီး အနိုင်ယူ၊ အပိုင်တိုက်၊ အပြတ်ချေမှုန်းရည်မှန်းချက်ကြီးဟာ ကရင်တိုင်းရင်းသား ကရင်သွေးပါသော်လည်း ကေအင်ယူရဲ့ ရက်စက်ယုတ်မာမှုကို ခါးသီးရွံရှာတဲ့ အသက် (၇၀) ကျော် ကရင်အဘိုးအိုရဲ့ သက်စွန့်ကြိုးပမ်းလမ်းပြမှုကြောင့် ကျွန်တော်တို့ တပ်ရင်းစစ်ကြောင်း ဗိုလ်ကြီးမြင့်ထွန်း တပ်ခွဲဟာ ရန်သူ့နောက်ကျောကနေ မြေနေရာစစ်ဗျူဟာအရ အမြီးနဲ့ရိုက် အပိုင်တိုက်နိုင်ခဲ့ပါတယ်။

"ဟေ့ - ဖိုးခွား"

"ဟာ - ဖထီး"

"မင်းတပ်တွေလား"

ကျွန်တော်တို့စစ်ကြောင်းတိုက်ပွဲဖြစ်နေရာကို ရှင်းလင်းဆဲ ရှေ့တန်းမှူး ဒုတိယဗိုလ်မှူးကြီးသင်းထိန် စစ်ကူအဖွဲ့ ရောက်လာပြီး ကရင်အဘိုးအို ဖထီးကြီးက တပ်ရင်းမှူးကို တရင်းတနှီးနှုတ်ဆက်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်းမျက်ရည်တွေရစ်ဝဲနေပါတယ်။

တပ်ရင်းမှူးပြောပြချက်အရ ဂျပန်တော်လှန်ရေးတုန်းက ဖထီးစောထူးဝါး



www.burmeseclassic.com

www.burmeseclassic.com

က တပ်စိတ်မှူး၊ ကျွန်တော်တို့တပ်ရင်းမှူးကြီးက သူ့တပ်စိတ်က စက်ကလေးသမားဖြစ်ကြောင်း သိရချိန်မှာတော့ ဖထီးစောထူးဝါးရဲ့ ပြင်းထန်တဲ့ မျိုးချစ်စိတ်ဓာတ်ကို ကျွန်တော်တို့ လေးစားဂုဏ်ယူမဆုံးတော့ပါ။

✣

အင်းရှည်-ထီစွမ်တိုက်ပွဲမှာ ရန်သူ့လက်နက်များစွာ ရရှိလိုက်သလို ရန်သူ့အလောင်းများစွာကိုလည်း လင်းတစာကျွေးနိုင်ခဲ့ပါတယ်။ အမြတ်များသလောက် ကျွန်တော်တို့ဘက်က စစ်သည် (၄) ယောက် ကျဆုံးပြီး (၁၄) ယောက် ဒဏ်ရာရတဲ့ အရင်းအနှီး ပေးဆပ်လိုက်ရပါတယ်။

တိုက်ပွဲကြီးမှာ အရာရှိမဟုတ်၊ တာဝန်ပေးအပ်ခြင်းလည်း မရှိဘဲ ကိုယ်ပိုင်အသိစိတ်၊ ရဲဘော်ရဲဘက်စိတ်နဲ့ လူနာတွေကို အသက်စွန့်ကယ်တင်ခဲ့တဲ့ ဆေးမှူး ဘုရားဒကာ လှသောင်း၊ ထောက်လှမ်းရေးသန်းအောင် (ကာနယ်မင်းမောင်) နဲ့ တိုက်ပွဲကြား အဆက်အသွယ်မပြတ်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ရေဒီယိုအော်ပရေတာ ဗိုက်ပူတင်ရွှေတို့ သုံးဦးအပေါ် ချီးကျူးဂုဏ်ယူနေဆဲပါ။

✣

ဒဏ်ရာရ စစ်သည် (၁၄) ဦးမှာ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့ ဒဏ်ရာဒဏ်ချက်ပေါင်းဟာ စစ်မှုထမ်းသက်တစ်လျှောက် ကိုယ်တွေ့မကြုံဘူးသလို ဗဟုသုတအဖြစ်နဲ့လည်း မကြားဘူးပါ။ လက်နက်ငယ်ကျည်နဲ့ ဗုံးစထိချက်ပေါင်းဟာ (၅၅) ချက်ကြီးများတောင်ပါ။ တော်တော်အသက်ပြင်းတဲ့ ဝင်းကြည်ပါ။

ကျွန်တော် မောင်ဘိုကြီးရဲ့တာဝန်က စီဂနယ်ဆာဂျင်ပါ။ ဘုရားဒကာလှသောင်းနဲ့က ညီရင်းအစ်ကိုလို ချစ်ခင်ရင်းနှီးနေလို့ ဆက်သွယ်မှုရပ်နားချိန်ဆို ဘုရားဒကာလှသောင်းနဲ့ အဖော်လိုက်ပြီး လှသောင်း ပြောဆိုတဲ့အတိုင်း လူနာတွေရဲ့ ဗာဟီရတွေ ဝိုင်းဝန်းပြုစုပေးပါတယ်။

သမ္ဘုဒ္ဓေဝင်းကြည်ဟာ မနက်လား၊ ညလား သေလူလို့ပဲ တွက်ထားပါတယ်။

ပြင်းထန်တဲ့ ဒဏ်ရာတွေကြောင့် နာကျင်ကိုက်ခဲပြီး လူးလိမ့်နေတဲ့ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့ဆေးပတ်တီးတွေ အနေအထားမမှန် ရွေ့ပြောင်းနေလို့ မြင်ရတဲ့ဝမ်းတွင်းအထိမြင်ကွင်းဟာ အူသိမ်အူမတွေရဲ့ တီကောင်လို၊ မျှော့လို တွန့်လိုက်ဆန့်လိုက်ဖြစ်နေတာဟာ မမြင်ရက်စရာပါဘဲ။

ရဟတ်ယာဉ်မလာနိုင်လို့ သုံး၊ လေးရက်ကြာလာတဲ့အခါ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့ပတ်တီးတွေပြေ၊ ဒဏ်ရာပေါက်တွေကထွက်လာတဲ့ အနံ့အသက်ဟာ လူသေအပုပ်နံ့လို နံဟောင်လာပါတယ်။ ကျွန်တော်ရောဘုရားဒကာလှသောင်းပါ မကြာမကြာသွားကြည့်ပါတယ်။ ဆေးရုံအမှတ်နဲ့ ပြုလုပ်ထားတဲ့ ရုံးအိုဗာဟက်ကျဉ်းကျဉ်းလေးထဲက ကျန်လူနာ (၁၃) ယောက် စိတ်ဓာတ်ချောက်ချားမှုမရှိအောင် အားပေးဖို့နဲ့ သမ္ဘုဒ္ဓေဝင်းကြည်အလောင်းကို နေရာရွှေ့ပြောင်းပေးဖို့ အစီအစဉ်နဲ့ပါ။

ရဟတ်ယာဉ် မလာနိုင်တာကိုလည်း အပြစ်မဆိုဝံ့ပါဘူး။ ရှမ်းပြည်နယ်ဘက်မှာလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အချိန်ကိုက် တိုက်ပွဲကြီးတွေဖြစ်၊ ဒဏ်ရာရစစ်သည်တွေကို ကောက်နေရတယ်လို့ သိရပါတယ်။

ကိုယ့်အင်အားနဲ့ကိုယ် အနီးဆုံးဖြစ်တဲ့ သံလွင်မြစ်ကမ်းဘေး ဒေါ့လန်းလိုနေရာ၊ ကျုံဒိုးလိုနေရာ လူနာတွေပို့ဖို့ တင်ပြတော့လည်း အထက်ဌာနက ခွင့်ပြုချက်မပေးပါဘူး။ အထိနာသွားတဲ့ ရန်သူဟာ ရှုံးကြွေးဆပ်ဖို့ လူ၊ လက်နက်၊ အင်အားတောင့်တင်းစွာနဲ့ စောင့်နေကြောင်းသတင်းအရ ခွင့်မပြုတာပါ။

(၇)ရက်မြောက်နေ့မှာတော့ သမ္ဘုဒ္ဓေဝင်းကြည်အသက်ဟာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေပါပြီ။ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့သုသာန်ဟာ နဘူးရွာမှာလို့ သေချာပေါက်ပြောလို့ရနေပါပြီ။

သေကံမရောက်သက်မပျောက် သေးပါဘူး။ နေ့လယ်(၁)နာရီမှာ အဲလူးဝစ်ရဟတ်ယာဉ်ဆင်းလာပါတယ်။ ဒဏ်ရာရ လူနာ (၁၄) ယောက်ကို တစ်စီးတည်း သုံးခေါက်သယ်ယူသွားလို့ပါ။

သမ္ဘုဒ္ဓေဝင်းကြည် သေရမယ့်သုသာန်ဟာ မော်လမြိုင်မှာများလား။

✣

၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်း။

"ရှေ့တန်းပြန် အောင်ပွဲရစစ်သည်များအား ကြိုဆိုပါ၏"

"တရားသောစစ်နွှဲခဲ့သည့် တပ်မတော်သားများအား လှိုက်လှဲစွာ ကြိုဆိုပါ၏"

လက်ကိုင်ပိုစတာတွေ ဝှေ့ယမ်း၊ အိုးစည်ဒိုးပတ်အကအခုန်နဲ့ ကြိုဆိုနေတဲ့ မုဒုံမြို့တပ်ရင်းအဝင်ကို ကျွန်တော်တို့တွေ အားအင်တွေ စုစည်း၊ ရင်ကိုကော့ပြီး လျှောက်လှမ်းဝင်ခဲ့ပါတယ်။

လမ်းဘေးဝဲ၊ ယာမှာတော့ တပ်မိသားစုရော မုဒုံမြို့တွင်းက ပညာရေး၊ ကျန်းမာရေး၊ ကြက်ခြေနီ၊ မီးသတ်၊ ရှေ့ဆောင်၊ လမ်းစဉ်၊ တေဇလူငယ်အဖွဲ့အစည်းတွေပါ လာရောက်ပြီး ပန်းကုံးတွေစွပ်၊ ချိုချဉ်စားသောက်ဖွယ်ရာတွေနဲ့ ကြိုဆိုကြပါတယ်။

တပ်ရင်းအဝင် ကြိုဆိုရေးမုခ်ဦးအောက်က ဖြတ်သန်းလာပြီးတဲ့အချိန်မှာ ဝတုတ်တုတ်၊ ပုပျပ်ပျပ် စစ်သည်တစ်ယောက်ဟာ ချီတက်လာတဲ့ စစ်ကြောင်းထဲ အတင်းတိုးဝင်ပြီး -

"လှသောင်း"

မင်္ဂလာဒုံစစ်ဆေးရုံကြီးက ပြန်ဆင်းလာတဲ့ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့ အားရဝမ်းသာ ရင်ခေါင်းသံကြီးနဲ့ အော်လိုက်သံဟာ စစ်ချီသီချင်းသံတွေ၊ အိုးစည်ဒိုးပတ်အသံတွေကိုပါ ဖုံးလွှမ်းသွားပါတယ်။

"လှသောင်းရာ၊ ငါဟာ မင်းပေး...တဲ့အသက်ပဲ ရှိပါတယ်။ ငါမှားမိခဲ့တာ ခွင့်လွှတ်ပါကွာ-နော်"

"တပ်ရင်းမှူးကြီးပြောတယ်မဟုတ်လား။ တိုက်ပွဲမှာ ငါတို့ချင်းပဲ ရဲဘော်ရဲဘက်စိတ်မွေးပြီး ကူညီရမယ်ဆိုတာလေ။ အဲဒီတိုက်ပွဲတုန်းက မင်းမှန်းသိရင်လည်း ကယ်မှာပဲ။ မင်းမဟုတ်ဘဲ တခြားရဲဘော်ဆိုရင်လည်း ကယ်မှာပါပဲ"

"မင်းရဲ့ကြီးကျယ်မြင့်မြတ်တဲ့စိတ်ကို ချီးကျူးပါတယ်ကွာ"

ချီတက်နေတဲ့ စစ်ကြောင်းဘေး တပ်အဝင်လမ်းမကြီးပေါ်မှာတော့ သမ္ဘုဒ္ဓေဝင်းကြည်နဲ့ ဘုရားဒကာလှသောင်းတို့နှစ်ဦးသား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါတယ်။ နှစ်ဦးသား မျက်ဝန်းတွေမှာတော့ မျက်ရည်စလေးတွေ တွဲ...နေပါတယ်။

ကျည်ဖူး၊ ဗုံးစအချက်ပေါင်း (၅၅) ချက်ထိမှန်ခံရတဲ့ သမ္ဘုဒ္ဓေဝင်းကြည်ရဲ့ ကျည်၊ ဗုံး မိုးသီးမိုးပေါက်လိုကျနေတဲ့ သေတွင်းထဲက ဘုရားဒကာလှသောင်း အသက်ရှင်ခွင့်ရခြင်းဆိုတာ ကျွန်တော် ဖြေကြားစရာမလိုတော့ပါခင်ဗျာ။

ရှစ်ခွင်ကျော်-ဖောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com

# မြင်အောင်ကြည့်မှ သိလာနိုင်သော ဆရာဦးမောင်မောင်သန်း (ရှင်ကိုအေးမြစေသား)



ကြာခဲ့ပြီဖြစ်သော်လည်း-

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်၊ နှစ်ဆယ့်ငါးနှစ်ခန့် ဟူသည် ခဏလေးလား ထင်ရ၏။

ဆရာအုန်းကို သတိတရရှိလျှင် အကြောင်းအရာပေါင်းများစွာထဲမှ မှတ်မှတ်ရရ သတိရစရာအကြောင်းလေးများကို စဉ်းစားနေမိ၏။

❂

"ဘာတုံး ဒါ"

"ဟို-ကျွန်တော့်မိတ်ဆွေပါဆရာ။ သူက စားသောက်ဆိုင် ဖွင့်ထားတယ်။ ထမင်းဟင်း၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ မုန့်တီ၊ မြီးရှည် အကုန်ရောင်းတဲ့ဆိုင်"

"အင်း"

"အဲဒါ လူမဝင်တာ တော်တော်ကြာလာလို့ ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ ကျွန်တော်လည်း သူ့ခုနှစ်သက္ကရာဇ်လေး ရေးပြီး. . ."

တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေကတည်းက ကျွန်ုပ်ကို မပြောရဲတော့ပြီမှန်း သိလိုက်၏။ လာနိုင်သူ ဖြစ်ပါလျက်နှင့် လူကြုံမေးခြင်းကို ကျွန်ုပ် မနှစ်မြို့မှန်း သိထားသူဖြစ်၍လည်း စကားလုံးရှာမရ ဖြစ်နေပုံရ၏။

အသက်ကလေးရလာပြီဖြစ်သော်လည်း ပညာကို မြတ်နိုးလွန်း၍ သူ့ခမျာ တကူးတက လာလာသင်ရှာပြီး သူ့အတွေ့အကြုံလေးများကိုပြောပြ၍ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

၏သင်ကြားခြင်းကို ခံယူသူ တပည့်ကျော်ကြီးဖြစ်ရာ-

"ဘယ်မလဲ၊ ဖြန့်လိုက်လေ စာရွက်"

လင်းခနဲ၊ ဝင်းခနဲ တောက်ပသွားသောမျက်နှာနှင့် ပြုံးရင်း စာရွက်လေးကို ဖြန့်လိုက်၏။

"ဆရာအုန်းနှယ်၊ ခင်ဗျားဆီ သူလာတဲ့အခါ မဟုတ်လား။ ဒီမှာ ထူထားတဲ့အခါ"

"ဟုတ်ကဲ့၊ ဂုရုအခါပါ ဆရာ"

"အေးလေ၊ ဘာပဲပြောပြော အလွယ်ကူဆုံးပြောရရင် လူ ဆိုတဲ့ ဗုဒ္ဓဟူးနံခိုက်တဲ့အခါပဲ။ ဗုဒ္ဓဟူးခိုက်နေတာ"

"ဟုတ်ကဲ့"

"ဆိုပါဦး၊ အခိုက်လက္ခဏာ"


"ဟို. . . အမြစ်ဂြိုဟ်မှာ အလယ်ချာ ပမာမှတ်ဖွယ်မီး၊ လုပ်လိုသမျှ လုပ်မရ ကြုံရခက်အောင်ဆီး"

"အေးလေ- ရှင်းနေတာပဲ၊ ဒီအတိုင်းပဲပေါ့။ ဘာသက်ရောက်လဲ"

"အဲ- နှစ်-သုံး-လေးတိုင်ပါ ဆရာ၊ ရာဟုသက်ရောက်ပါ"

"သူက ဘာနေ့သားလဲ"

"တနင်္လာပါ ဆရာ။ ကောဇာ ဒွေးဒဟဂြိုဟ် စနေက မွေးနံကို တပ်ထားပါတယ်"




သက်ရောက် (ထိုနှစ်ကောဇာ)

၂
၆
၃
၅ - ဂုရု
၁
၄
၀

**ဆရာအုန်း**
**တွက်ထားသောအခါ**

*(ဆရာအုန်း တွက်. . . သော ရာဟု သက်ရောက်ကြုံနေသည့ တနင်္လာသား၏ကံ ဖြစ်ပါသည်။*

*ရာဟုသက်ရောက်ဖြစ်ပြီး တနင်္လာ၏အပြင်မိတ်ဂြိုဟ် ဗုဒ္ဓဟူးမှာ တိုင်ထိပ်တွင် ကောဇာ၏ ကိစ္စဂြိုဟ် တနင်္လာကပ်ထား၏။*

*တိုင်ထိပ်သည် အဝင်ဌာနဖြစ်၍ ကျိန်းသေ မလွဲမသွေ ကြုံရမည့်အကြောင်းဖြစ်သော လူဝင်လူထွက် ကသိကအောက် ဖြစ်ရခြင်းကို ကြုံရ၏။*

*ဗုဒ္ဓဟူးကိုရွေး၍ ကြည့်လိုက်ရခြင်းမှာ ဆရာအုန်း တွက်ထားသော အခါသည် ဗုဒ္ဓဟူးခိုက်နေသောကြောင့်လည်း ပါပါသည်။)*

"အေးလေ၊ ဗုဒ္ဓဟူးက တိုင်ထိပ်မှာ ကိစ္စဂြိုဟ် ကပ်ထားတာပဲ။ ဒါလောက်တော့ ရှိမှာပေါ့"

"အဲဒါ. . ."

"လူဝင်အောင်လုပ်ပေးဖို့ မဟုတ်လား"

ကျွန်ုပ်ပြောလိုက်သည်နှင့် ဘေးတွင်ချထားသော ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးထဲမှ အမွေးပွလက်ကိုင်ပဝါအဖြူရောင်လေးကိုထုတ်ပြီး နဖူးကို ချွေးသုတ်နေ၏။ ပြီးမှ အနက်ရောင်ကိုင်းထူထူမျက်မှန်ကြီးကို ဖြုတ်လိုက်ပြီး မျက်နှာတစ်ပြင်လုံး ချွေးသုတ်နေတော့၏။

"ကဲ- ဘယ်မလဲ၊ သားရေကွင်းချည်ထားတဲ့ ခွေးတံဆိပ်ခဲတံ"

"ဟဲဟဲ-ဆရာကလည်း၊ ခု တပည့်ကြီးကိုင်တဲ့ ဘော(လ်)ပင်က အရောင်သုံးရောင်နဲ့ပါ။ ဒီမှာ"

"ထုတ်လေ၊ အနားတွေလိပ်နေတဲ့ ဒိုင်ယာရီ"

ဗိုက်ရှိ ပုဆိုးခါးပုံစ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေကတည်းက ကျိတ်ပြီးရယ်နေမှန်း ကျွန်ုပ် သိ၏။ ပြောလိုက်သည့်အတိုင်းပင် အဖုံးမရှိတော့သော အနားလိပ်နေသည့်ဒိုင်ယာရီကို ထုတ်လိုက်ပြီး စာမျက်နှာများလှန်နေ၏။

"ကဲ- သင်လာတာလည်းကြာပြီ။ ဘာလုပ်မှာလဲ ပြော"

"ဟို. . . ဝက်ဝံကျွေး၊ လိပ်ကျွေး ကျွေးခိုင်းရမလား ဆရာ"

"ရတော့ ရတယ်၊ ဒါပေမယ့် တကူးတက အချိန်ပေးပြီး လုပ်ရမယ့်ယတြာတွေဖြစ်လို့ ခင်ဗျားမိတ်ဆွေက လုပ်မယ်မထင်ဘူး။ ဒီတော့ ခင်ဗျားပြောလိုက်ရင် ပြောပြောပဲရှိမယ်၊ မထိရောက်ဘူး"

"ဪ"

"ဘာလုပ်ရမလဲဆိုရင် သူ့ကို ဦးဆုံး တံတားလေး လွှတ်ရမယ်။ ဒါ တစ်ခါတည်းနဲ့ပြီးတယ်"

"ဗျာ၊ သူ. . ."

"အဲဒါကြောင့် ပြောတာပေါ့။ ဗုဒ္ဓဟူးနံ ဆိုတဲ့ လူခိုက်ချိန်လာတဲ့လူလည်း ဖြစ်တယ်၊ သက်ရောက်အရ လူဂြိုဟ်ကလည်းညံ့နေ ဆိုတော့ စိတ်ဓာတ်ပျက်ပြားတဲ့လူတွေဆီ လွှတ်ရတော့မှာ ဆရာအုန်းရဲ့။ သူ့သက်ရောက်က လူဂြိုဟ်ညံ့တာ ပြတယ်လေ။ အဲဒီ လူဂြိုဟ်အညံ့အတိုင်း ချေရမှာပေါ့။ ဒါကြောင့် စိတ်ကျန်းမာရေးဆေးရုံကိုသွားပြီး အဲဒီပုဂ္ဂိုလ်တွေကို အာဟာရဒါနပြုရမယ်"

"ဪ- ဖြစ်တယ် ဆရာ"

"ရမ်းပြောပြန်ပြီ၊ ရမ်းသန်းဖြစ်နေပြန်ပြီ။ ကာယကံရှင်က ဘယ်ဆီနေမှန်း မသိဘူး"

"မဟုတ်ဘူး၊ ဟုတ်တယ် ဆရာ၊ ဟို. . ."

"ဘာတွေလဲဗျာ၊ ဆရာအုန်းကလည်း။ မဟုတ်ဘူးတွေရော၊ ဟုတ်တယ်တွေရော ရှုပ်နေပြီ"

"သူ ကျွန်တော်ပြောရင် လုပ်မယ် ဆရာ၊ သေချာတယ်။ ကျွန်တော် သူ့ကိုလည်း ပြောခဲ့ပြီးသား။ ငါ့ဆရာဆီ ငါသွားမယ်၊ ပြီးရင် ငါ့ဆရာခိုင်းတာ မင်းလုပ်ရလိမ့်မယ်လို့ ပြောပြီးသား။ သူကလည်း လုပ်ပါ့မယ် ဘကြီးအုန်းရယ်တဲ့"

ကျွန်ုပ် ပြုံးလိုက်၏။

ယဉ်ယဉ်လေးနှင့် ကျွန်ုပ်ကိုတွက်ခိုင်းပြီး ယတြာပါတောင်းနေသော ဆရာအုန်းလည်ပုံကိုကြည့်၍ ပြုံးနေလိုက်မိ၏။

ကျွန်ုပ် အလွန်ချစ်သော တပည့်ကျော်ကြီးလည်း ဖြစ်နေ၍-

"အေး- အဲဒါဆို တံတားလေး. . . စိတ်ကျန်းမာရေးဆေးရုံမှာသွားလှူခိုင်းလိုက်တော့။ ဘယ်ရွှေ့ဘယ်မျှ မသတ်မှတ်နဲ့၊ သူ့သဒ္ဓါနဲ့သူ လှူပါစေ"

"ဟုတ်ကဲ့"

"ဒါပေမယ့်- ဆရာအုန်းမိတ်ဆွေက မေတ္တာသုတ် ရွတ်တတ်လား"

"ရွတ်တတ်ပါတယ် ဆရာ၊ သူ. . . တယ်"

"ဒါဖြင့် မေတ္တာသုတ်ကို မိုးလင်း မျက်စိနှစ်လုံးပွင့်ချိန်ကစပြီး ပါးစပ်. . . တတွတ်တွတ် ရွတ်နေလို့ ပြောလိုက်. . . တစ်နေ့တည်း အခေါက် နှစ်ဆယ်၊ သုံး. . . ဆယ် ရွတ်ပါစေ"

"ဟုတ်ကဲ့"

သူ့ခမျာ (၆၅) နှစ်ကျော်နေပြီ. . . ၍ ဒိုင်ယာရီစာအုပ်ထဲတွင် ဟိုရေး. . . လုပ်နေ၏။ မှတ်ဉာဏ်အနည်း. . .



www.burmeseclassic.com

www.burmeseclassic.com

ဆည်းရှာပြီ ဖြစ်၏။ ကျွန်ုပ်ကသာ အား
ပေးနေရသော်လည်း ဆရာအုန်း မှတ်
ဉာဏ်အားနည်းလာသည်ကို သတိပြုမိ
၏။ ထို့ကြောင့် သူ ရေးချင်ရာရေး၊
မှတ်ချင်ရာမှတ်နေသည်ကို စိတ်ရှည်
လက်ရှည် စောင့်ပေးနေလိုက်၏။

"လူခေါ်တယ် ဆိုတာက အမျိုး
မျိုးရှိတယ်"

"ဘယ်လိုအမျိုးမျိုးလဲ ဆရာ"

"ဥပမာဗျာ- လင်မယား နှစ်ယောက်ရန်ဖြစ်လို့ တစ်ယောက်ယောက် ဆင်းသွားရော ဆိုပါတော့။ ပြန်ခေါ်ပေးချင်ဆိုရင် အဲဒါလည်း လူခေါ်ပဲ။ ဒါက ထွက်သွားတဲ့လူကို ပြန်ခေါ်တာ၊ လွယ်တယ်။ လွယ်တယ်ဆိုတာက ဆရာအုန်းကိုလည်း သင်ပေးထားတာပဲ။ ဒါပေမယ့် အင်း. . . ကျွန်တော်ထင်တယ်၊ ဒီအနားယ် ဗိုင်ယာရီကြီးထဲမှာပဲ ရှိနေမှာပဲ။ ဆရာအုန်းရဲ့ခေါင်းထဲ ရောက်မှာမဟုတ်ဘူး"

"ဟဲဟဲ- ဆရာကတော့ ပြောပြီ"

"မဟုတ်လို့လား-ကဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ တချို့ ဗျာခန်းတွေကျ မှတ်ရတာ တပည့်ကြီးက အသက်. . ."

"လာပြန်ပြီ၊ ဒီအသက်ပဲ ထည့်ထည့်ပြောနေတာပဲ။ ဆရာအုန်း ဘယ်လောက်များ အသက်ကြီးနေလို့လဲ။ လမ်းလျှောက်မြန်လိုက်တာမှ ကျွန်တော်တောင် ဘေးက မနည်းလိုက်လျှောက်ရတယ်။ မုန့်ဟင်းခါးစားရင်. . ."

"ဟင်းရည်နှစ်ခါ အဆစ်တောင်းတာကို ဆရာ ပြောဦးမယ်"

ချစ်စရာကောင်းသောအပြုံးလေးနှင့် ပြောနေသော ဆရာအုန်းကို ကြည့်ရင်း ကျွန်ုပ်မှာ သံယောဇဉ်ဖြစ်ပြီးရင်း ဖြစ်ရင်း ဖြစ်ရ၏။ ထို့ကြောင့် ဆရာအုန်း၏ပခုံးလေးအား လှမ်းကိုင်လိုက်ရင်း ပြုံးကြည့်နေလိုက်မိ၏။

"လူပြန်ခေါ်တာက နည်းပေါင်းစုံရှိတယ်။ သူ့နည်းနဲ့သူ ဟုတ်နေတာပဲ။ ဘယ်နည်းနဲ့ခေါ်ခေါ်၊ ဓာတ်ထိရင် ပြန်ရောက်လာတာပဲ။ အရေးကြီးတာက ဓာတ်ထိဖို့၊ ဒါလည်း ဆရာအုန်း သင်ပြီးသား"

"ဟုတ်ကဲ့"

"အိပ်တဲ့အိပ်ရာကနေ ခေါ်ယူတာရှိသလို ဝင်ပေါက် ထွက်ပေါက် တံခါးမကြီးကနေ စီရင်ပြီး ခေါ်ယူတာလည်းရှိတယ်။ ပြီးတော့ ထွက်သွားသူရဲ့မိတ်အရပ်၊ မိတ်ဖက်ကျတဲ့သစ်ပင်ကနေ ခေါ်ယူတာလည်း ရှိတယ်။ အိမ်ကနေပြီး ရိုးရိုးမိတ်ဓာတ်နဲ့ ခေါ်ယူတာလည်းရှိတယ်။ ဆပ္ပတ်ဓာတ်နဲ့ရိုက်ပြီး ခေါ်ယူတာလည်း ရှိတယ်။ မိတ်ကြုံတဲ့ အခါမှာ ဓာတ်ဖက်ကျတဲ့ နေရာ ထောင့်ကနေ ဖယောင်းတိုင်ထွန်းပြီး ခေါ်ယူတာလည်း ရှိတယ်။ အများကြီးပဲ။ ဒါတောင် အင်းမီးထွန်းပြီး ခေါ်ကြတဲ့အတတ်တွေ ရှိသေးတယ်။ ကျွန်တော်တို့ မသိသေးတဲ့ လူခေါ်နည်းတွေ အများကြီးရှိနေသေးတယ်။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းပဲ။ ရှိတယ်၊ အများကြီး။ ဒါက အိမ်ထောင်ရေးနဲ့ဆိုင်တဲ့ လူခေါ်။

ဟော - အိမ်မှာဝိုင်းလုပ်ပေးမယ့် သူတစ်ယောက် လခနဲ့အလုပ်ဝင်ပြီ ဆိုပါတော့။ သူက သိပ်လည်း တော်တယ် ဆိုပါတော့။ ဒါပေမယ့် သူ့နေရာသူ ခဏပြန်ရော။ ဒီမှာကျန်ခဲ့တဲ့ အိမ်ရှင်ကလည်း သူ့ကို သားသမီးလို သံယောဇဉ်ဖြစ်နေရော။ အဲဒီအခါမှာ ခေါ်ရပြန်တယ်။ ဒါလည်း လူခေါ်ပဲ။

နောက်. . . ဆိုင်။ ဆိုင်တွေမှာ တကယ်တော်တဲ့ဝန်ထမ်းတွေ ရှိတယ်။ တချို့ ကိုယ့်ရပ်ကိုယ့်ရွာ ခဏပြန်ရင်းနဲ့ တော်တော်နဲ့ ပြန်မလာကြဘူး။ ဒီတော့ ဆိုင်ရှင်က ခေါ်ချင်တယ်။ ဒါလည်း လူခေါ်ပဲ။ အဲဒီ လူခေါ်က ပညာပါတယ်။ လုပ်နေကျ ဝန်ထမ်းပဲ ပြန်ခေါ်ရမလား၊ လစ်လပ်သွားတဲ့ အကြော်ဆရာနေရာမှာ ဝန်ထမ်းအသစ်ကို ခေါ်မလား။ ဒါ လူခေါ်။

ပြီးတော့ ခု ဆရာအုန်းပြောတဲ့ ဆိုင်လိုပေါ့။ လူမဝင်ရင် လူဝင်အောင် စီရင်ရတဲ့ လူခေါ်"

"လူခေါ်တွေမှ နည်းတာမဟုတ်ဘူး"

"အင်းပေါ့၊ အများကြီး။ ဒါပေမယ့် ဘယ်နည်းနဲ့ခေါ်ခေါ်၊ ဖြစ်တာချည်းပါပဲ။ အောင်မြင်တာပါပဲ။ ဓာတ်ထိဖို့ပဲလိုတယ်။ တစ်ခါကဗျာ၊ လူတစ်ယောက်။ သူ့အိမ်က ယာဉ်မောင်းကလေးတစ်ယောက် ထွက်သွားတယ်။ သူက မရရအောင်ခေါ်ခိုင်းမယ့်သဘော ရှိတယ်။ ဒါကြောင့် ကျွန်တော်ကလည်း အဲဒီ ယာဉ်မောင်းလေးရဲ့မိတ်ဓာတ်ကို သူ့အိပ်တဲ့နေရာလေးမှာ ထားခိုင်းလိုက်တယ်။ ပြန်ရောက်လာတယ်"

"ဆပ္ပတ်နေ့သားက ထားပေးရတာပေါ့နော် ဆရာ"

"အဲဒါ ဟုတ်တယ်။ ပညာရပ်တွေမှာ အဲဒီအတိုင်း ပြထားတယ်။ ဒါပေမယ့် ကျွန်တော်က ဆပ္ပတ်နေ့သား မထားခိုင်းတော့ဘူး၊ ကိုယ်တိုင်ပဲ ထားခိုင်းလိုက်တယ်"

"ဟင်- တစ်မျိုးပဲနော် ဆရာ"

"ဆရာအုန်း စဉ်းစားကြည့်လေ၊ ထွက်သွားသူကို ပြန်လာစေချင်တာက ကာယကံရှင်ကိုယ်တိုင်ထက် ဘယ်သူမှ မပိုဘူး။ ဒါကြောင့် ရှေးပညာရပ်တွေကို သင်ရတော့ ဆရာက သံယောဇဉ်အရှိဆုံးပုဂ္ဂိုလ်ကိုခိုင်းတာ အကောင်းဆုံးနဲ့ အထိရောက်ဆုံးပဲ၊ မှတ်ထားတဲ့။ သံယောဇဉ်ဆိုတာက တကယ့်အစီအရင်ကြီးတွေမှာဆို အထိရောက်ဆုံးပဲ။ နောက် ဆရာကပြောတယ်၊ အကြောင်းအရာတစ်ခုကို အစီအရင်လုပ်တော့မယ်ဆိုရင် အဲဒီအကြောင်းအရာအပေါ်မှာ အာရုံ အရှိဆုံးသူကို လုပ်ခိုင်းရမယ်တဲ့။ ဒါမှ ထိရောက်တယ်တဲ့။

မှန်တယ်။ ကျွန်တော် အများကြီး လေ့လာကြည့်တယ်။ အိမ်ထွက်အောင် ဓာတ်ရိုက်ချင်ရင် အိမ်ရောင်းချင်တဲ့သူ ကိုယ်တိုင်ရိုက်တာ အမြန်ဆုံးပဲ။ ဆရာအုန်း စဉ်းစားကြည့်လေ၊ ဒိုပြင် တစ်ယောက်ယောက်ကို လုပ်ခိုင်းရင် အဲဒီ တစ်ယောက်က လုပ်တော့လုပ်မှာပဲ၊ ဒါပေမယ့် သူ့ခမျာ ဘုမသိဘမသိနဲ့ လုပ်ရတာလေ"

"ဟုတ်တယ် ဆရာ။ ခိုင်းလို့သာ လုပ်ရမှာ၊ အိမ်ရောင်းချင်သူလောက် အိမ်ရောင်းချင်တဲ့အာရုံရှိမှာမဟုတ်ဘူး"

"မှန်တယ်။ ဒီလိုပဲ၊ လူခေါ်ရင်လည်း ဒီနည်းပဲ။ ကာယကံရှင်လောက် ဘယ်သူမှ ပိုပြီး လူလာစေချင်မှာမဟုတ်ဘူး။ ဒါကြောင့် ကာယကံရှင်ကို လုပ်ခိုင်းရမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ ခေါ်မပေးသင့်တာမျိုးကို သွားခေါ်မပေးနဲ့။ အဲဒါကိုလည်း ကြပ်ကြပ်သတိထား"

"ဗျာ- ဆရာ"

"ဩော်- ခေါ်မပေးသင့်တာကို ရှောင်"

ဆရာအုန်း တွေဝေနေ၏။ ကျွန်ုပ်သည် သူ့အား လူခေါ်သည့်နည်းများသာ သင်ပေးထားပြီး လူမခေါ်သင့်သော၊ ပြန်မခေါ်ပေးသင့်သောကိစ္စများကို မပြောဖြစ်ခဲ့။

ထို့ကြောင့် ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးထဲမှ လက်ကိုင်ပဝါအဖြူလေးကို ဒုတိယအကြိမ် ထပ်ထုတ်၍ နဖူးကို သုတ်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"ခေါ်မပေးသင့်ဘူးဆိုတာက လူတစ်ယောက်ဟာ သူ့မိန်းမကို ရိုက်ဟယ် နှက်ဟယ် လုပ်တယ်။ ဟိုခမျာ မခံစားနိုင်လွန်းလို့ ဆင်းသွားတယ်။ ပြန်ခေါ်ဖို့ လာပြောရော။ ခေါ်ပေးလိုက်ရော။ ပြန်ရောက်လာတော့ ထပ်ရိုက်တယ်။ ဒီလိုလူမျိုးတွေ ကျွန်တော့်ဆီလာကြတာ ရှိပို့။ တစ်ခါ ခေါ်ပေးပြီးလို့ အဲဒီလိုဖြစ်ရင် ကျွန်တော်ကတော့ပြောလိုက်တယ်။ တော်ပြီ၊ မင်းက မင်းမိန်းမကို ရိုက်ချင်နှက်ချင်လို့ ငါ့လာလာပြီး ပြန်ခေါ်ခိုင်းနေတာကိုး။ ငါ အကုသိုလ်ရှယ်ယာမပါချင်ဘူး၊ ခေါ်မပေးဘူးလို့ ပြောလိုက်တယ်။

တချို့ နားပူလာတဲ့အထိ ပွစိပွစိ ပြောပြီး အပြစ်ရှာတတ်တဲ့ အမျိုးသမီးမျိုးလည်း ရှိတယ်။ ပြဿနာတစ်ခုကို မပြီးနိုင်တော့ဘူး။ မီးခိုးကြွက်လှောက်နဲ့။ အဲဒီလိုမျိုးဆိုရင် ကဲ- သမီး၊ နင့်ယောကျ်ား ဆင်းသွားတာ ငါပြန်ခေါ်ပေးမယ်။ ဒါပေမယ့် သူရောက်လာရင် ပြဿနာထပ်ပြီးမလုပ်ပါနဲ့၊ ချက်ချင်း ပြန်ထွက်သွားလိမ့်မယ်လို့ ကြိုပြောထားလိုက်တယ်။ ပြန်ခေါ်လိုက်ရော။ ဟိုက ရောက်လာရော။ ဟော- လုပ်ကရော ပွစိပွစိ။ ရန်က ဖြစ်ရော။ ဒီတော့ သွေးပူပူကြီးပဲ ရှိသေးချိန်ဆိုတော့ ဟိုတစ်ယောက်က စိတ်ညစ်မခံတော့ဘူး၊ ပြန်ထွက်သွားရော။ ကိုယ်ကလည်း မပြတ်နိုင်။ ကိုင်း-ဘယ်လိုလုပ်ကြမလဲ။ ဒါမျိုးကလည်း ရှိသေးတယ်။ ဆရာပြောထားတာတော့ မှန်ပါရဲ့၊ ကျွန်မက သူ့မျက်နှာကိုမြင်လိုက်တာနဲ့ အသားက ဆိုးဆိုးဆတ်ဆတ်တုန်တယ် ဆိုတော့ ကျွန်တော်လည်း ထပ်မခေါ်ပေးတတ်တော့ဘူး။ ခေါ်ပေးလိုက်၊ ရန်ဖြစ်လိုက်၊ ဆင်းသွားလိုက်၊ ပြန်ခေါ်ပေးလိုက်၊ ရန်ဖြစ်လိုက်၊ ဆင်းသွားလိုက်နဲ့။ မဖြစ်တော့ဘူးလေ။

ဒီလိုပဲလေ။ လုပ်အားကောင်းတဲ့ ဝန်ထမ်းလေးကို လခကျတော့ သိပ်မပေးချင်၊ လုပ်လိုက်ရတာကျတော့ တာဝန်သုံးခုလောက်။ ဟိုကလေးက ပင်ပန်းလွန်းလို့ ဒီပြင်အလုပ်ရှာမယ်ဆိုပြီးထွက်သွားတော့မှ ဒီကလေးမရှိရင် မဖြစ်လို့ ပြန်ခေါ်ပေးပါဆိုလို့ မရတော့ဘူး။ ကျွန်တော်လည်း မလုပ်တတ်ဘူး။ အဲဒါမျိုးတွေကို ဆရာအုန်း သတိထားရလိမ့်မယ်။ လူခေါ် လူခေါ်ဆိုတိုင်း စွတ်စွတ်ခေါ်မပေးနဲ့။ အကျိုးသင့်အကြောင်းသင့်လည်း ကြည့်ဦး"

"ဟုတ်ကဲ့၊ အများကြီး သတိထားဖို့ သိလာရပါတယ် ဆရာ"

"နောက် မဖြစ်နိုင်တာကို အဟုတ်မလုပ်နဲ့"


"ဗျာ"

"လူတစ်ယောက်ဗျာ။ သူဟာ ဒီမိသားစုထဲမှာ ဘယ်လိုမှမနေနိုင်တော့လွန်းလို့၊ နေလို့မဖြစ်နိုင်တော့လွန်းလို့ နိုင်ငံခြားကိုထွက်သွားပြီ ဆိုပါစို့။ ဟိုမှာလည်း အလုပ်က ဝင်ပြီ။ အဲဒီလိုလူမျိုးကို ဘယ်နှရက်အတွင်း ပြန်လာရစေမယ်လို့ သွားပြောပြီး ပြန်ခေါ်ပေးလို့ ဖြစ်နိုင်ပါ့မလား၊ ဆရာအုန်း စဉ်းစား။ သူက ခုချက်ချင်း လာချင်စိတ်ဖြစ်လာရင်တောင် ခုချက်ချင်း ထပြန်လာလို့ရတဲ့နေရာ မဟုတ်ဘူးလေ"

"ဟုတ်တယ်နော်"

"အေး- အဲဒီမှာ နာမည်ပျက်တာပဲ။ ဘယ်နှရက်အတွင်း ပြန်လာရစေမယ်ဆိုပြီး လုပ်လိုက်ရော။ ဟိုက လုပ်တောင်မလုပ်တော့ ပြန်လာဖို့ လာခေါ်ခိုင်းတဲ့ပုဂ္ဂိုလ်က အယုံအကြည်မရှိတော့ဘူး။ တောင်ပြော မြောက်ပြောတွေ လျှောက်ပြောရော။ ဒီထက် ပိုပြီး အယုံအကြည်မရှိတော့ရင် ပြက်ရယ်ပြုရော။ အဲဒီမှာ ခပ်လွယ်လွယ်ပြောတတ်တဲ့ အဲဒီလိုလူတွေကြောင့် မြန်မာ့ပညာရှင်တွေဟာ ရုပ်ရှင်တို့၊ ဗီဒီယိုတို့တွေထဲမှာ ဟာသပြက်လုံး အပြက်ခံရတဲ့ အဟားခံကြီးတွေ ဖြစ်ကုန်တော့တာပဲ။ တန်ဖိုးကို မရှိတော့ဘူး။ ဘယ်ရှိပါ့မလဲ၊ မှန်တယ်လေ။ ပြောထားပြီး ဖြစ်မလာရင် တစ်ဖက်က ပြက်ရယ်ပြုမှာပဲ၊ အထင်သေးမှာပဲ။

ပြီးတော့ ခေါ်ပုံခေါ်နည်းမှာ တစ်စိတ်လောက်ကလေး လိုသွားရင်လည်း ဖြစ်တတ်တယ်။ ဘယ်လိုလဲဆိုတော့ ဆရာအုန်း လူခေါ်မယ် ဆိုကြပါစို့။ အင်္ဂါသမီးတစ်ယောက် အိမ်က စိတ်ဆိုးဆင်းသွားလို့ သူ့ကို အန္တရာယ်ကင်းကင်းနဲ့ ပြန်ရောက်လာအောင်ခေါ်မယ်။ ဘာနဲ့ခေါ်မလဲ။ မိတ်ဓာတ်နဲ့ခေါ်မယ် ထားပါတော့။ အင်္ဂါရဲ့မိတ်ဟာ စိန်ပန်း ဆိုတော့ ကြာသပတေး-၅၊ ဓာတ်က ရာဟု-၈၊ ဒါဖြင့် မိတ်ဓာတ်ပေါင်းမယ်။ မရန်း။ ဘယ်နှခက်လဲ၊ ၁၃ ခက်။ ဟုတ်ပြီ။ အဲဒီမရန်း ၁၃ ခက်ကို သူအိပ်တဲ့ခေါင်းအုံးပေါ်မှာ သူ့အင်္ကျီဖြန့်ခင်းတင်ထားပြီး အဲဒီအင်္ကျီပေါ်မှာ တင်ထားရမယ်။ ပြီးရင် သတိရတိုင်း အဲဒီ မရန်းခက်နဲ့ အင်္ကျီကို အသာလေး ရိုက်ရိုက်ပေးရမယ်။ မေတ္တာပို့ပြီး ရိုက်ရမယ်။ အထူးသဖြင့် 'စနေ' ပေါ်ချိန်တွေမှာ ပိုရိုက်ပေးရမယ်။ အဲဒီအချိန်တွေမှာ ရွေးပြီး နေ့စဉ် ရိုက်နိုင်ရင် သူ ဘယ်နေနိုင်ပါတော့မလဲ၊ ရောက်လာပြီပေါ့။ ဟုတ်ပြီလား"




"ဟုတ်ကဲ့"

"ဒါဖြင့် ဒါနဲ့တင် ပြီးပြီလား"

ကျွန်ုပ်၏စကားမှာ မေးခွန်းလိုဖြစ်သွားပြီး ဆရာအုန်းအား ကြည့်နေလိုက်၏။ မျက်မှန်ကိုင်းအနက်ရောင်ကြီးထဲမှ မျက်လုံးအပြူးသားနှင့် ကျွန်ုပ်ကို ကြည့်နေသော်လည်း နှုတ်ခမ်းမှာ ပြုံးနေ၏။ လက်က အနားများလိပ်နေသောဒိုင်ယာရီ၏ စာရွက်ထိပ်လေးများကို လက်ညှိုးတလှုပ်လှုပ်နှင့်ကိုင်လျက်။


"သူ့ကံက လိုသေးတယ် ဆရာအုန်းရဲ့။ သူ့ကံမှာ ထွက်သွားသူဟာ ဘယ်လိုနေလဲ ကြည့်ရဦးမယ်။ ဒါလည်း အရေးကြီးသေးတယ်။ ပြီးတော့ နိမိတ်. . ."

ဆရာအုန်းထံမှ မသိမသာ သက်ပြင်းရှည်ကြီးချလိုက်သံကြောင့် ကျွန်ုပ် ပြုံးနေလိုက်ရ၏။

"ပညာဆိုတာ ဒီလိုပဲ။ တစ်ကွက်နှစ်ကွက်တတ်ရုံနဲ့ မရဘူး ဆရာအုန်းရဲ့။ ဒီတစ်ကွက်၊ နှစ်ကွက်လောက်နဲ့ ဘာမှ လုပ်လို့မရဘူး။ ဘက်စုံထောင့်စုံကကြည့်နိုင်ရတယ်။ မြင်နိုင်အောင် မြင်ကြည့်ရတယ်။

တစ်ခါက-

စိန်ပန်းမြိုင်ရပ်ကွက်မှာ ဆရာနေတုန်းက ဆရာ့အသိမိတ်ဆွေ တစ်ယောက်ရဲ့ဇနီး အိမ်ကဆင်းသွားလို့ ပြန်ခေါ်ပေးခဲ့ရတယ်၊ ဆရာခိုင်းလို့။ သူက စနေသမီး၊ သူ့ရဲ့ဓာတ်မိတ်နဲ့ ခေါ်ယူရမှာ။ ဘာလဲဆိုတော့ အုန်းလက်။






www.burmeseclassic.com

www.burmeseclassic.com

အုန်းလက် ၅ လက်နဲ့ ရိုက်ခေါ်ဖို့ ပြောနေတုန်း ကလေးလေးတစ်ယောက်က ဆော့ရင်း အော်ပြေးသွားတယ်။ ပိုက်ဆံပေးလည်း မရောင်းဘူးဟေ့-တဲ့။ သူ့လက်ထဲမှာ သစ်သားဓားလေး တစ်ချောင်းကိုင်လို့။ ဆေးလေးတွေ သုတ်ထားတဲ့ ဓားလေး။ နောက်က ကလေးနှစ်ယောက်က ခပ်သုတ်သုတ်လေး ပြေးလိုက်သွားတယ်။ မရောင်းရင်လည်း ဓားကိုင်ကြည့်မယ်ကွာ-တဲ့။

ကျွန်တော် ဒီအသံကိုသတိတော့ ထားလိုက်မိသား ဆရာအုန်းရဲ့။ ဒါပေမယ့် အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတယ်။ နောက်ထပ် သတိထားလိုက်မိတာတစ်ခုက ဆရာဟာ ကျွန်တော့်ကို ပြုံးပြီး ကြည့်နေတယ်၊ ဘာမှတော့မပြောဘူး။ ကျွန်တော်က အစီအရင်လုပ်ပေးဖို့ ကေား‌စ,မယ်လုပ်တော့မှ မျက်ရိပ်ပြပြီး ယမ်းခေါ်တယ်။ ဟေ့ကောင်- မင်း သူ့ကို သွားလုပ်မပေးနဲ့၊ သူ့မိန်းမ ပြန်လာမှာ မဟုတ်ဘူးတဲ့။

ကျွန်တော်လည်း ကြောင်သွားတယ်။ ဘာပြောရမှန်း မသိဘူး။ အဲဒီတော့မှ ဆရာက ခုန ကလေးတွေ အော်သွားတာ မင်းမကြားဘူးလားတဲ့။ ပိုက်ဆံပေးလည်းမရောင်းဘူးဆိုတာ ကြားလိုက်တယ် မဟုတ်လားတဲ့။ သြော်- ဟုတ်ကဲ့၊ သတိထားလိုက်မိပါတယ်ဆရာလို့လည်း ပြောရော အေး- ဘာနဲ့လုပ်ပေးပေး၊ ပြန်လာမှာမဟုတ်ဘူး။ သွားမလုပ်ပေးနဲ့တဲ့။ ကျွန်တော်လည်း အဲဒီတော့မှ နိမိတ်ကို ပြန်စဉ်းစားမိတော့တယ်"

"ဟိုလူကိုကျတော့ ဆရာ ဘယ်လိုပြောလိုက်လဲ"

"ကောင်မလေး တော်တော်နဲ့ပြန်ရောက်လာဦးမှာ မဟုတ်ဘူးလို့ ဆရာကိုယ်တိုင်ပြောလိုက်တယ်။ ဟုတ်တယ်၊ ဟိုမှာ သူ့မိဘတွေက အဲဒီ စနေသားနဲ့ လုံးဝ ပြန်မပေါင်းခိုင်းတော့ဘူး"

"ဟာ- နိမိတ်. . . နိမိတ်"

"ဟုတ်တယ်၊ ခုနပြောတဲ့ နိမိတ်ဆိုတာ အဲဒါပဲ။ ကြည့်စမ်း၊ ပညာများဟာ ဘယ်လောက် စေ့စပ်သေချာလှလဲလို့"

"ဟုတ်ပ ဆရာရယ်"

ဆရာအုန်းသည် ခေါင်းတညိတ်ညိတ်နှင့်လုပ်နေပြီး ကျွန်ုပ်ကို ကြည့်နေပြန်၏။ သူ၏စိတ်ထဲတွင် 'အင်း- ဆရာဟာ ဆရာကြီးများရဲ့ခြေရင်းမှာ ခြေသုတ်ပုဆိုး မြွေခွံယ်ကျိုးလို ပညာယူခဲ့လို့ အဘက်ဘက်က စေ့စပ်သေချာနေတာပါလား' ဟူသော အဓိပ္ပာယ်ကို ဆောင်လျက်ရှိသော ခံစားချက်မှာ မျက်နှာ၌ ပေါ်နေ၏။

"ဒါဖြင့် အခု ဆရာအုန်းပြောတဲ့ လူခေါ်ဆီ သွားကြမယ်"

"ဟုတ်ကဲ့"

"ကဲ- ခုနပြောသလို ဆရာအုန်းရဲ့ မိတ်ဆွေက တနင်္လာ။ သူ့ရဲ့မိတ်ဂြိုဟ် ဗုဒ္ဓဟူးက ပျက်နေပြန်ပြီ။ ဟုတ်ပြီ၊ ဘာလုပ်မှာလဲ။ မိတ်ဆွေကို အကြောင်းပြုပြီးမှစီးပွားရှာရတဲ့ အရောင်းအဝယ်လုပ်ငန်းအတွက် လူဝင်အောင်၊ မိတ်ပေါလာအောင် ဘာလုပ်မှာလဲ- ဟော"

"ဆရာသင်ပေးထားတဲ့အတိုင်းဆို မိတ်ဇာတ်လည်း အဆင်မပြေနိုင်ဘူး"

"ခုနပဲ ပြောပြီးပြီ။ တံတားလေးက စိတ်ကျန်းမာရေးဆေးရုံကိုလွတ်ပြီး အာဟာရဒါနပြုခိုင်းပါဆို"

"သြော်-အင်း. . . ဟုတ်သားပဲ"

"ခုပဲ ပြောပြပြီး ဟိုအကြောင်းလေးပြော၊ ဒီအကြောင်းလေးပြောလိုက်တာနဲ့ မူလကောက်ကြောင်းကို ချက်ချင်းမေ့ပစ်လိုက်တာပဲ။ အသက်က ဘာမှမကြီးသေးဘူး၊ ဒေါင်ဒေါင်မြည်။ ဘာဆင်ခြေမှမပေးနဲ့"

ခါးပုံစ လှုပ်စိလှုပ်စိ အကြိမ်ပေါင်းများစွာဖြစ်နေသော်လည်း မျက်နှာမှာ ပြုံးရုံပြုံးနေပုံကိုကြည့်ရင်း ဝမ်းထဲက ကျိတ်ရယ်နေပြီမှန်း သိလိုက်၏။

"အချိန်ကလေးပေးပြီး သွားခိုင်းလိုက်။ တစ်ခါသွားလိုက်ပြီး ကုသိုလ်ပြုလိုက်တာနဲ့တင် သူ့ဆိုင်မှာ လူဝင်အားများပြီသာမှတ်။ ဘာလို့လဲဆိုတော့ ဆရာအုန်း သူနဲ့ဆုံတဲ့အချိန်က ဂုရုအခါလေ။ လူခိုက်နေတဲ့အခါ။ ဒါကြောင့် လူခိုက်နေတာကို လူကိုအာဟာရဒါနပြုခြင်းနဲ့ ပဲပြန်ကောင်းစေမှရမယ်"

"ဘယ်နှခါလောက်သွားခိုင်းရမလဲ ဆရာ"

"နှစ်ခါလောက်တော့ သွားခိုင်းပေါ့၊ သူ့အတွက်ပဲဟာ"

"ဟုတ်ကဲ့၊ သူသွားမှာပါ ဆရာ"

"တစ်ခါဆို သိပါပြီ။ ဒါပေမယ့် နှစ်ခါပြည့်အောင်တော့ သွားပါစေ"

"ဟုတ်ကဲ့"

"ခေါ်ရင်လည်း မနက်ပိုင်း ခေါ်သွားပြီး လှူခိုင်း။ ညနေစောင်းမှမသွားနဲ့။ ဒရောသောပါးတော့ မလုပ်စေနဲ့။ မှောင်ခါနီးမှသွားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"သြော်- တော်ကြာ သူ့ဆိုင်ကို လူဝင်အောင် လူခေါ်ပါတယ်ဆိုမှ လူတော့ လာပါရဲ့၊ သူ့အသိတွေ, အမျိုးတွေထဲက စီးပွားရေးအဆင်မပြေတဲ့လူတို့၊ အိမ်ထောင်ရေးအဆင်မပြေတဲ့လူတို့ ရောက်လာရင် ဘယ့်နှယ်လုပ်မတုံး"

"သြော်- အဲဒီလို ရှိနေတာကိုး"

"လူဂြိုဟ်ညံ့နေတဲ့လူ ဖွင့်ထားတဲ့ အစားအသောက်ဆိုင်ကို လူဝင်အောင် လူခေါ်ရပါတယ်ဆိုမှ ခပ်လွယ်လွယ် ခေါ်လို့ရမလား-ပြော"

"တပည့်ကြီးက ဗုဒ္ဓဟူးနံ အဝင် ရိုက်ရုံနဲ့ ရပြီမှတ်တာ"

"အဲဒီလို ပုံသေမမှတ်နဲ့လို့ ဘယ်နှခါပြောရမလဲ။ ဗုဒ္ဓဟူးနံ အဝင်ရိုက်လို့ ဗုဒ္ဓဟူးနံဝင်ပါပြီတဲ့၊ ကဲ- ရွှေရောင်ရှိတဲ့ ကလေးကစားစရာပစ္စည်းလေးတွေဝင်လာရင်ကော၊ ဒီပြင် ဗုဒ္ဓဟူးနံ ဝင်လာရင်ကော"

"ဖြစ်တတ်တာ အံ့ရော"

"မအံ့နဲ့၊ ကျွန်တော် ကြုံဖူးတယ်။ စိန်ပန်းမြိုင်ဘေးနားက ရပ်ကွက်လေးထဲမှာနေတဲ့ ဒေါ်နိုင် ဆိုတာ ရှိတယ်။ ထမင်းဆိုင်လေး ဖွင့်ထားတာ။ လူဝင်နည်းတော့ ကျွန်တော့်ကိုပြောရော။ ကျွန်တော်က သူ့ရဲ့မိတ်ဂြိုဟ် ဗုဒ္ဓဟူးဝင်လာအောင် ရိုက်ထည့်လိုက်တာ၊ ဝင်လာတာပဲဗျို့"

"လူတွေလား ဆရာ"

"ဘယ်. . . သူ့အသိတစ်ယောက်က ကြွေးမပေးနိုင်သေးလို့ ဆိုပြီး ရေလှည်းကြီးလာထားတာ၊ တစ်ပတ်ကြာသွားတယ်။ ဆိုင်က ဒုံရင်း ဒုံရင်းပဲ၊ ဘာလူမှမဝင်ဘူး"

ဤတစ်ကြိမ်တွင်တော့ ခါးပုံစ လှုပ်ပုံမှာ အတော်ကြမ်းသွားပြီး ပါးစပ်ကပါ တဟားဟားနှင့် ရယ်နေလေတော့၏။ အားရပါးရရယ်ပြီးမှ ချောင်းတဟွပ်ဟွပ်ကို အတန်ကြာဆိုးနေပြီး-

"လှည်းကလည်းလေ"

"အေးဗျာ- ဆိုင်ရှေ့နား ထောင့်နားမှာ လာရပ်ထားလို့ဗျာ"

အတော်လေး အားရပါးရ ထပ်ရယ်ပြီးမှ လက်ကိုင်ပဝါအဖြူရောင်လေးနှင့် ချွေးသုတ်နေပြန်တော့၏။

"ဒါကြောင့် လူခေါ် လူခေါ် ဆိုတိုင်း စားသုံးသူလာမယ် မထင်နဲ့။ မဆီမဆိုင်လူတွေ ရောက်ရောက်လာတတ်တယ်။ ကြည့်မြင်တိုင်ဘက်မှာ ဒီလိုပဲ အသုပ်စုံဆိုင်။ လူဝင်နည်းလွန်းလို့စကားစပ်မိရာက လူခေါ် ပေးလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိဝေဒနာ ကင်းလွတ်အောင်

လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ နူးညံ့သော အစိတ်အပိုင်းများတွင် မျက်လုံး (ဝါ) မျက်စိသည် အနုဆုံးအပိုင်းစတစ်ခုပဲ ဖြစ်ပါသည်။ မျက်စိကို တစ်ခုခုနှင့် ထိခိုက်မိပါက နူးညံ့ပြီး ဆေးမှားဆေးလွဲ၍မရတာကြောင့် သေချာတတ်ကျွမ်းသူများနှင့်သာ ကုသသင့်ပါသည်။

မျက်စိသည် ပြင်ပအခြားအရာဝတ္ထုနှင့် ထိခိုက်မိမှုသာမဟုတ် အခြားသောအကြောင်းရာအမျိုးမျိုးတို့ကြောင့်လည်း မျက်စိကို ထိခိုက်စေပါသည်။ ဥပမာ ကွန်ပျူတာသုံးသူများမှာ တစ်နေ့လုံး ဒီမှန်သားပြင်ကိုပဲ အာရုံစူးစိုက်ပြီး မျက်စိကိုလွန်စွာအသုံးပြုကြရပါသည်။ ဒါ့အပြင် ဂိမ်းကစားသူများဆိုလျှင် မှန်ပြင်နှင့် မျက်လုံး နီးကပ်စွာကြည့်ပြီး ကစားကြတာကြောင့် မျက်စိကို သာမန်ထက် ပိုပြီး ထိခိုက်စေပါသည်။ စာဖတ်များခြင်း၊ တီဗွီအကြည့်များခြင်း စသည် အကြောင်းချက်များကြောင့် မျက်စိအားနည်း၊ မျက်စိအဝေးမှုန်၊ အနီးမှုန်ခြင်း စသဖြင့် မျက်စိနှင့်ပတ်သက်ပြီး ဝေဒနာများကို တွေ့ကြုံခံစားကြရပါသည်။

စသော စသော အကြောင်းချက်အမျိုးမျိုးကြောင့် ယခုခေတ်တွင် ကြည့်လိုက်လျှင် ဖွံ့ဖြိုးတက်ကြွနေရမည့် ကျောင်းသားအရွယ်ပင် ဖြစ်သော်လည်း ပါဝါအမြင့်ကြီးနှင့် မျက်မှန်များကို တပ်ဆင်နေကြရပါသည်။ ဒါ့ပြင် မျက်စိကျန်းမာခြင်းသည် အစားအသောက်နှင့်လည်း သက်ဆိုင်စေပါသည်။ အပူအစပ်စာများကို လွန်စွာ စားသုံးခြင်းသည်လည်း မျက်စိကို အပူခိုးများဟပ်၍ မှုန်ဝေစေသည်။

ပြင်ပရှိအခြားအရာဝတ္ထုတစ်ခုခုကြောင့် မျက်စိထိခိုက်ရခြင်းမှလွဲ၍ အခြားအကြောင်းကြောင့် မျက်စိဝေဒနာကို မခံစားရအောင် နေ့စဉ် အလေ့ကျင့်ကောင်းလေးတစ်ခု ပြုလုပ်ပေးခြင်းဖြင့် မျက်စိဝေဒနာမှ ကင်းလွတ်စေပါမည်။

ထိုအလေ့အကျင့်မှာ စာဖတ်သူ တို့ နေ့စဉ် မနက်မိုးလင်း အိပ်ရာထ သည်နှင့် သွားတိုက်ခြင်း၊ မျက်နှာသစ် ခြင်းကို မပြုလုပ်ခင် သန့်စင်ကြည်လင် သော ရေတစ် ဖလားအပြည့်ထဲတွင် ရေ မျက်နှာပြင်နှင့် မျက်လုံးနှစ်လုံးတော့ဖေ ပြီး ဖွင့်လိုက်၊ ပိတ်လိုက် ပြုလုပ်ပေးပါ။ ဆယ်ခါလောက် ဖွင့်လိုက်၊ပိတ်လိုက် ပြု လုပ်ပေးပါ။ အလေ့အကျင့်မရှိခင် အစ တွင်တော့ မျက်စိကျိန်းစပ်စပ်ဖြစ်နေပါ လိမ့်မည်။ နောက်တော့ အသားကျ သွားပါလိမ့်မည်။ မျက်စိနှင့်ပတ်သက်ပြီ မည်သည့်ဆေးဝါးမျှမမှီဝဲရဘဲ ဤအလေ့ ကျင့်တစ်ခုနှင့် မျက်မှန်တပ်ရခြင်းဝေး၍ မျက်စိကို သဘာဝအတိုင်းကြည်လင်စေ ပါလိမ့်မည်။

*အကျိုးထူးခံစားနိုင်ကြပါစေ*

သဒ္ဒါ (ဥပဒေ)

---

ခင်ကလည်းခင်နေလို့။ သူ့တုန်းကလည်း ဒီလိုပဲ၊ လူဝင်အောင်လည်း ရိုက်ရော ဒါလောက်ကြီးလည်း သူတို့နဲ့ မရင်းနှီးတဲ့ လူတစ်ယောက် သူတို့အိမ်ကို မိန်းမခိုးလာပါလေရော"

ဤတစ်ကြိမ်တွင်တော့ ဆရာအုန်း၏ခန္ဓာကိုယ်မှာ ယိမ်းထိုးနေလောက်အောင် အူတက်နေတော့၏။ ပြီးမှ အဆက်မပြတ် ချောင်းဆိုးနေပြန်သောကြောင့် ကျွန်ုပ်မှာ သူ့အား လှမ်းကြည့်နေရ၏။ မတော် သီးသွားမှဖြင့်။

"ကဲကဲ - ဆရာအုန်းမိတ်ဆွေ တနလာ်သားအတွက် သူ့ဆိုင် လူဝင်အောင် လူခေါ်ပေးလိုက်ပါပြီ။ ဆရာအုန်း သိသင့်သိထိုက်တာတွေလည်း ပြောပြလိုက်ပြီ။ သူ့ကို အချိန်လေးယူပြီး တံတားလေးက စိတ်ကျန်းမာရေးဆေးရုံကို လိုက်ပို့ပေးလိုက်တော့"

"စိတ်ချပါ ဆရာ၊ နှစ်ခါလိုက်ပို့ပေးလိုက်ပါ့မယ်"

"လူခေါ်ပြီဆိုရင် ကျွန်တော်မဖြစ်မနေခိုင်းတာ ရှိတယ် ဆရာအုန်းရဲ့။ အဲဒါကတော့ မေတ္တာသုတ်ကို နှုတ်က တတွတ်တွတ်ရွတ်ပြီး စားသုံးသူတွေကို မေတ္တာပို့ပေးဖို့ရယ်၊ နောက်တစ်ခု အရေးကြီးတာပြောမယ်။ စားသုံးသူတွေအပေါ်မှာ စေတနာထားဖို့ပဲ။ စေတနာထားဖို့ဆိုတာက ကိုယ့်အစားအသောက် သန့်သန့်ပြန့်ပြန့်နဲ့ ကောင်းနေရမယ်၊ စားသုံးသူတွေက ပြုပြင်ခိုင်းရင်လည်းပြုပြင်ပေးရမယ်။ သန့်နေရမယ်ဗျာ။ ပြီးတော့ စားသုံးသူတွေကို မေတ္တာထားပြီး ခရီးဦးကြိုပြုမယ်၊ ပြောတဲ့ဆိုတဲ့ စကားအသုံးအနှုန်းကအစ ယဉ်ကျေးသိမ်မွေ့နေရမယ်။ ဒီလို ကလေးမျိုးတွေဖြစ်နေအောင် ဆိုင်ရှင်က ဂရုစိုက် ကြပ်မတ်သင်ပေးနေရမယ်။ နေရာထိုင်ခင်းကအစ သန့်နေရမယ်။ ဟော့- ရေနွေးပေးပါဦး ဆိုပြီး ရေနွေးကရားအိုးကြီးမြှောက်မြှောက်ပြ၊ လေး,ငါးခါ အော်နေရရင်လည်း စိတ်ကုန်သွားဦးမယ်"

"ဆရာနဲ့ ကျွန်တော်နဲ့ ဟိုတစ်ခါ ဟိုဆိုင်မှာတုန်းက. . ."

"အေးလေ၊ အဲလိုတွေမဖြစ်ရဘူး။ ဒါဆိုရင် ကိုယ့်ရဲ့ထမင်းရှင်ဖြစ်တဲ့ စားသုံးသူတွေအပေါ်မှာ စေတနာထားရာ၊ မေတ္တာထားရာရောက်ပြီ။ မေတ္တာကပါးစပ်က ပို့နေရုံနဲ့ မရဘူး၊ အဲဒီလို ထိထိရောက်ရောက် မေတ္တာထားပေးရမယ်။ ဒီလိုမှ စေတနာတွေ, မေတ္တာတွေ မထားနိုင်ရင်၊ စားသုံးသူတွေအပေါ် စေတနာမေတ္တာမထားနိုင်ရင် ဘာအစီအရင်တွေ လုပ်နေ လုပ်နေ အလကားပဲ။ ဘာမှစွမ်းမှာလည်း မဟုတ်ဘူး။ ဘယ်သူပဲဖြစ်ဖြစ် စိတ်ဆင်းရဲကြီးစွာနဲ့ စားနေရတဲ့ဆိုင်မျိုး ဘယ်သူက လာတော့မလဲ။ ဟုတ်ပြီနော်၊ အဲဒါလည်း ပြောပြလိုက် ဦး"

မျက်နှာမှာ ပြုံးပြီး ဟုတ်ပြီကွ တူ သော အဓိပ္ပာယ်ရသည့်ပုံစံမျိုးနှင့် ခေ လေး ညာဘက်သို့ဆတ်လိုက်ပြီး သူ၏ အပါးတော်မြဲ ဒေါင်လိုက်စင်းလွယ်အိတ် ကြီးထဲသို့ အနားလိပ်နေသောဒိုင်ယာ ကြီးကို ထည့်လိုက်၏။ ဤတစ်ကြိမ်တွင် တော့ ရေးမမှတ်တော့။

ပြီးမှ-

"ဆရာ့ကို ကျွန်တော် နန်းကြီး သုပ်ကျွေးဖို့ အိမ်ကတည်းက စီစဉ်လာ တာ။ ဒီတစ်ခါတော့ ကျွန်တော် ဧည့်ခံ ပါရစေ ဆရာ"

"တုတ်လား၊ စားပေးရမှာပေါ့"

ကလေးကြီးလိုပုံစံနှင့် ဒေါင်လိုက် စင်းလွယ်အိတ်အနွမ်းကြီးကို ပခုံးထက် သို့ ဇွေ့ခနဲ တင်လိုက်ပြီး သူက ရှေ့က စ,လျှောက်၏။ ကျွန်ုပ်က သူ့အား ပြုံး၍ ကြည့်ရင်း နောက်ကလိုက်လျှောက်ရင်း ပီတိများစွာတို့ ပြည့်လျှံခဲ့ရပြန်ပြီတည်း။

✿

ကြာခဲ့ပြီ ဖြစ်သော်လည်း-

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ် ကျော်၊ နှစ်ဆယ့်ငါးနှစ်ခန့် ဟူသည် ခဏ လေးလား ထင်ရ၏။

ဆရာဦးမောင်မောင်သန်း

(ငင်ကိုဒေသမြေသား)



www.burmeseclassic.com

www.burmeseclassic.com

ကျိုးပေါင်း ရောဂါကြောင့် စိတ်ညစ်နေသလား...

လမင်းဆေး ကိုသောက်...ပျောက်

လမင်းတံဆိပ်

ကျိုးပေါင်းသောက်ဆေး

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

TMR010317

လိပ်ခေါင်းသောက်ဆေး

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

TMR009140

ဇက်ကျိုးပေါင်းတက်ခြင်း၊

ခေါင်းလှည့်၍မကောင်းခြင်း၊

င်းငုံ့မရမူးဝေခြင်း၊ ခြေဆစ်၊

က်ဆစ် ကျိုးပေါင်းတက်ခြင်း၊

ဆစ်အမြစ်ကိုက်ခြင်းများကို

ပျောက်ကင်းစေပါသည်။

ကိုက်ခြင်း၊ ဇက်ကြောထိုးခြင်းများ

သောက်သုံးနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

လောကမှာ မြင်အပ်, မမြင်အပ် ပုဂ္ဂိုလ်တွေ၊ ပရလောကသားတွေ၊ အသူရကာယ်ဘုံသားတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ရုက္ခစိုးတွေရှိတယ် ဆိုတာ ဘုရားဟောကျမ်းဂန်တွေမှာ အထင်အရှားရေးသားခဲ့ကြတာ ရှိခဲ့ပါတယ်။

ယခု ကျွန်တော် ရေးမယ့် အဖြစ်အပျက်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) ကျော်က အဖြစ်အပျက်လေးပါ။ ကူမဲအရှေ့ရွာမှာ တကယ်ဖြစ်ခဲ့တာပါ။

ကူမဲအရှေ့ရွာရဲ့ အရှေ့ဘက်မှာ တောင်ကြီးရှင်ကွင်းလို့ခေါ်တဲ့ နတ်စင်ရှိပါတယ်။ အဲဒီနတ်စင်တစ်ဝိုက်က လယ်ကွင်းတွေကို တောင်ကြီးရှင်ကွင်းလို့ ခေါ်ပါတယ်။ အဲဒီတောင်ကြီးရှင်ကွင်းထဲမှာ နွားကျောင်းသားတွေ၊ ကျွဲကျောင်းသားတွေ နွားကျောင်းကြပြီး လွတ်လွတ်လပ်လပ် ပျော်ရွှင်ကြပါတယ်။

တောင်ကြီးရှင်ကွင်းထဲမှာ လူကြီး၊ ကလေး အညစ်အကြေးမစွန့်ရဲကြဘူး။ အဆဲအဆိုမပြုရဲကြဘူး။ နတ်ကြီးတယ်လို့ ဆိုကြပါတယ်။

**နွားကျောင်းသားကိုစံဝ**

ကူမဲအရှေ့ရွာထဲမှာ နွားကျောင်းသား ကိုစံဝဆိုတာ ရှိပါတယ်။ ကိုစံဝက ဦးမြပိုင်တဲ့ နွားအကောင် (၂၀) လောက်ကို အငှားကျောင်းပါတယ်။ တစ်လကို (၂၅) ကျပ်နှုန်းနဲ့ ကျောင်းပေးရတာ။ ကိုစံဝရဲ့မိန်းမ မလှကတော့ ပဲပြုတ်လည်ရောင်းပါတယ်။ အဲဒီတုန်းက ဆန်တစ်ပြည်မှ (၇၅)ပြားဆိုတော့ ကိုစံဝနဲ့ မလှတို့ ဒီအလုပ်နဲ့ပဲ လောက်လောက်ငငစားနိုင်သောက်နိုင်ရှိကြပါတယ်။

တစ်နေ့မှာ မလှ ပဲပြုတ်ရောင်းရာက ပြန်လာတော့ ကိုစံဝက ရေနွေးကြမ်းထိုင်သောက်နေပါတယ်။

"မလှရေ၊ ငါ့ဖို့ ပဲပြုတ်ချန်ခဲ့သေးလား"

"ရှိတယ်လေ ကိုစံဝရဲ့၊ အိုးထဲမှာထားခဲ့တာ"

ဒါနဲ့ ကိုစံဝလည်း ပဲပြုတ်ဆီဆမ်းနဲ့ ထမင်းစားပါတယ်။

ပြီးတော့ -

"မလှရေ၊ ငါတောထဲသွားတော့မယ်"

မလှကို နှုတ်ဆက်ပြီး တောထဲကို



မောင်မင်းယဉ် (ကူမဲ)

နွားကျောင်းဘီလူးနှင့် ကိုစံဝ



www.burmeseclassic.com

www.burmeseclassic.com

နွားကျောင်းထွက်သွားပါတယ်။

**ကိုစံဝနဲ့ နွားရုပ်ကလေး**

ကိုစံဝ တောင်ကြီးရှင်ကွင်းထဲ ရောက်တော့ နွားတွေကို မြက်ခင်းပြင်မှာ လွှတ်ကျောင်းလိုက်ပါတယ်။ သူက နွားတွေကို လွှတ်ကျောင်းရင်း သရက်သီးတွေသီးနေတဲ့ သရက်ပင်က သရက်သီးတစ်လုံး ဆွတ်စားလိုက်ပါတယ်။ သရက်သီးဆွတ်စားပြီး ရေသောက်ဖို့ ပန်းလောင်မြစ်ဘက်ကို ထွက်လာပါတယ်။ ပန်းလောင်မြစ်ဘက်သို့ မရောက်ခင် နတ်စင်နားရောက်တော့ သူ့ခြေထောက်က ရွှံ့ဗွက်ထဲကျသွားပါတယ်။ ရွှံ့ဗွက်ထဲမှာ သူ့ခြေထောက်ကို အချွန်တစ်ခုနဲ့ထိုးမိလို့ နာသွားပါတယ်။ ပေါက်တော့ ပေါက်မသွားပါဘူး။

ဒါပေမယ့် ကိုစံဝက ဘာစူးတာလဲသိရအောင် ရွှံ့ဗွက်ထဲကို စမ်းကြည့်ပြီး စူးတဲ့ပစ္စည်းကို ယူလိုက်ပါတယ်။ ရွှံ့တွေထဲက အရုပ်ကလေးတစ်ခု တွေ့ပါတယ်။ရွှံ့တွေပေနေလို့ ဘာရုပ်မှန်းတော့ မသိပါဘူး။



ဒါနဲ့ ကိုစံဝက အရုပ်လေးကို ယူပြီး ပန်းလောင်ဘေးမှာ ရေနဲ့စင်အောင် ပွတ်တိုက်ဆေးပါတယ်။ အရုပ်ပေါ်မှာ ပေနေတဲ့ရွှံ့တွေကို ဝါးခြမ်းပြားသေးသေးလေးနဲ့ ပွတ်ပြီးဆေးလိုက်တော့ လှလိုက်တဲ့ နွားရုပ်ကလေး။ နွားရုပ်လေးက အပီအပြင်ပါ။ ချို၊ နားရွက်၊ အမြီး အပြည့်အစုံ။ နွားရုပ်ပေါ်က ဘိုရှေ့မှာတော့ ဘီလူးရုပ်တစ်ခု။ နွားရုပ်ကို ခွစီးပြီး ပလွေမှုတ်နေတဲ့ ဘီလူးရုပ်ကလေးပါ။ ကိုစံဝက ဘာမှမသိပေမယ့် အရုပ်ကလေးကလှလို့ တယုတယကိုင်ပြီး သူ့လွယ်အိတ်ထဲ ထည့်လိုက်တယ်။ သူ့လွယ်အိတ်က နွားကျောင်းသားအိတ်ဆိုတော့ လောက်လေးခွနဲ့ လောက်စာလုံး ထည့်ထားတဲ့ လွယ်အိတ်ပါ။

ဒါနဲ့ ညနေခင်းပြန်တော့ လယ်ခင်းထဲက ကန်စွန်းရွက်တွေခူး၊ လွယ်အိတ်ထဲထည့်ပြီး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့လည်း ကောက်ရတဲ့အရုပ်ကို တစိမ့်စိမ့်ကြည့်လိုက်၊ အုန်းဆီလေးနဲ့ ပွတ်လိုက်လုပ်တော့ အရုပ်လေးက ပြောင်ချောပြီး ပွတ်လေလှလေဖြစ်လာတာပေါ့။

ဒီတော့ သူ့ဇနီး မလှက -

"ကိုစံဝ၊ ရှင်ဘာလုပ်နေတာလဲ"

"ငါ တောင်ကြီးရှင်ကွင်းထဲက အရုပ်ကလေးရတာ လှလို့ ပွတ်တိုက်နေတာ"

"ပြစမ်းပါဦးရှင် အရုပ်ကလေး"

ဒါနဲ့ ကိုစံဝက မလှလက်ထဲထည့်လိုက်တယ်။

"ဟုတ်ပါရဲ့တော်၊ လှလိုက်တာ။ နွားပေါ်က စီးနေတဲ့ ဘီလူးကြီးကတော့ ကြောက်စရာကောင်းလိုက်တာ။တကယ့် ဘီလူးကြီးလိုပဲ"

"နင်ဘီလူးမြင်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အဟီး- ပုံထဲက ဘီလူးကြီးနဲ့တူလို့ပါတော်"

ဒါနဲ့ ကိုစံဝလည်း အရုပ်ကလေးကို စက္ကူနဲ့ပတ်ပြီး သူ့အိပ်ရာဘေးနားက သေတ္တာအစုတ်လေးထဲထည့်လိုက်တယ်။

**အရုပ်ကလေးအစွမ်းပြပြီ**

နောက်နေ့တွေမှာ ကိုစံဝက နွားခြံဘက်ရောက်တော့ နွားတွေငြိမ်နေကြတယ်။

ကိုစံဝ နွားခြံလည်းဖွင့်လိုက်ရော အခါတိုင်းလို တိုးမထွက်ဘဲ တစ်ကောင်နဲ့တစ်ကောင် ငြိမ်ငြိမ်လေးထွက်လာကြတယ်။ ရွာထဲမှာကျတော့လည်း ခြံစည်းရိုးဘေးကအရွက်တွေ ဆွဲစားတာတို့ဘာတို့မလုပ်ကြဘဲ ငြိမ်ငြိမ်လေး တန်းစီသွားနေကြတယ်။

အောင်မယ်- ငါ့နွားတွေ အခါတိုင်း ဘယ်တော့မှ ကွန့်မြူးမရဘူး။ အမြဲတမ်း ပြေးလွှားနေကြတာ။ ဒီနေ့တော့ ငြိမ်လို့ပါလား။

ကိုစံဝ လောက်လေးတစ်ချက် တုတ်တစ်ချက်မကိုင်ရဘဲ နွားတွေက ခြံထဲကထွက်၊ ခြံထဲဝင်လုပ်နေကြတယ်။ တောထဲရောက်တော့လည်း ကျောင်းထားတဲ့နေရာမှာပဲ ငြိမ်ငြိမ်သက်သက်လေး မြက်စားကြတယ်။ ဟိုလယ်ကွက်ထဲဝင်၊ ဒီအခင်းထဲသွားမလုပ်ကြတော့ ကိုစံဝ ဇိမ်ကျနေတယ်။

ဒီလိုနဲ့ (၅) ရက်လောက် ကိုစံဝ နွားတွေကို ခြံဖွင့်ပေး၊ ပိတ်ပေးရုံသာလုပ်ပြီး ဂရုစိုက်ကျောင်းစရာမလိုဘဲ ဇိမ်ကျနေတယ်။

(၅) ရက်မြောက်တဲ့နေ့မှာတော့ ကိုစံဝ နွားကျောင်းရင်း အိပ်ပျော်သွားတယ်။ ကိုစံဝ အိပ်ပျော်နေတုန်း -

"ဟေ့- စံဝ၊ စံဝ၊ ထပါဦးကွ။ မင်းကတော့ ဇိမ်ကျနေလို့၊ ငါ့မှာတော့ မင်းနွားတွေထိန်းရတာ မောနေပြီ"

ကိုစံဝ အိပ်ရာကထပြီး မျက်လုံးတွေ ပွတ်ကြည့်လိုက်တယ်။ သူ့ဘေးမှာ လူဝဝကြီးတစ်ယောက်က ရပ်နေတယ်။

ကိုစံဝက -

'ခင်ဗျားက ဘယ်သူလဲဗျ'

'အောင်မာ- မင်းက ငါ့လည်းအိမ်ခေါ်သွားပြီး နွားကျောင်းခိုင်းသေးတယ်။ ငါ့လည်း မင်း ဂရုမစိုက်ဘူး'

'ခင်ဗျားက ဘယ်သူလဲဗျ'

'ငါ့ကို မသိဘူးလား။ မင်း ငါ့ကို တောင်ကြီးရှင်ကွင်းက ခေါ်သွားပြီး မင်း သေတ္တာစုတ်ထဲ စက္ကူနဲ့ပတ်ထည့်ထားတာလေ'

ကိုစံဝက ဒီတော့မှ သဘောပေါက်သွားပြီး-

'ခင်ဗျားက ကျုပ်သေတ္တာထဲမှာရှိတဲ့ နွားလား၊ ဘီလူးလား'

'ဟေ့ကောင် စံဝ၊ ငါလုပ်လိုက်ရ သေတော့မယ်။ ငါက မင်းသေတ္တာထဲက ဘီလူးလေ။ ငါက မင်းခေါ်လာလို့ မင်းအိမ်လိုက်လာရတာ။ ငါ မင်းနွားတွေကို နေ့တိုင်းကျောင်းပေးရတယ်။ ငါ့လည်း ဘာမှမကျွေးဘူး။ ငါ့ကို ထမင်းလေးဘာလေး ကျွေးဦးလေကွာ'

'ကဲ- ဒါဆို ကျွေးမယ်ဗျာ'

ကိုစံဝ ပြောရင်း လန့်နိုးလာတယ်။ ဒီတော့မှ ကိုစံဝက-

"ငါအိပ်မက်မက်နေတာပါလား"

အိပ်ရာကနိုးတော့ နေစောင်းနေလို့ ကိုစံဝ နွားတွေကို သိမ်းလာလိုက်တယ်။

နောက်နေ့ မနက်ခင်းကျတော့ သေတ္တာထဲက နွားကျောင်းတဲ့အရုပ်ကလေးကိုထုတ်၊ အဝတ်နဲ့ပွတ်ပြီး သေတ္တာပေါ် တင်ထားလိုက်တယ်။ ပြီးတော့ သူစားတဲ့ ထမင်းနဲ့ ပဲပြုတ်ကို ပန်းကန်ပြားနဲ့ခွဲပြီး -

"ကဲ- ကိုရွှေဘီလူး၊ မင်းကိုထမင်းကျွေးတယ်။ စားကွာစား"

ဒါနဲ့ ကိုစံဝက နေ့တိုင်း သူစားတဲ့ ထမင်းနဲ့ပဲပြုတ်၊ ငါးပိရည်၊ ချဉ်ပေါင်ဟင်း စတာတွေနဲ့ သူစားသလို ကျွေးတယ်။ (၅) ရက်လောက်ကြာတော့ သူ့အိပ်မက်ထဲက လူဝကြီး ရောက်လာပြန်တယ်။

'စံဝ၊ ထဦးကွာ'

'ဘာတုံးဗျ'

'ဟေ့ကောင် စံဝ၊ ငါက ဘီလူးကွ။ မင်းရဲ့ ဟင်းသီးဟင်းရွက်၊ ပဲပြုတ်တွေ မစားနိုင်ဘူး'

'ခင်ဗျားက ကျုပ်စားသလို မစားချင်လို့ ဘာစားချင်တာလဲဗျ'

'ဟာကွာ- ငါ့ကို အမဲသားလေး၊ ကြက်သားလေး ချက်ကျွေးပါကွာ'

'ဟာဗျာ- ကျုပ်ကိုယ်တိုင်မှ အမဲသား၊ ကြက်သား မစားနိုင်တာ။ ခင်ဗျားကို ဘယ်ကျွေးနိုင်ပါ့မလဲဗျ။ ကျုပ်စားသလိုမစားနိုင်ရင် ခင်ဗျားကိုကျုပ်မကျွေးနိုင်တော့ဘူးဗျာ။ ခင်ဗျားဘာသာရှာစားပေတော့'

'အဲဒီလိုဆိုလည်း ပြီးရောပေါ့ကွာ။ ငါ့တာဝန်ကုန်ပြီ။ ငါ့ဘာသာ ရှာစားတော့မယ်'

ကိုစံဝ လန့်နိုးလာတယ်။ ဒါပေမယ့် ကိုစံဝ နွားကျောင်းဘီလူးရုပ်လေးကို သေတ္တာထဲ ပြန်ထည့်လိုက်တယ်။ ပြီးတော့ အဲဒီနေ့ကစပြီး ဘာမှမကျွေးတော့ဘူး။

နောက်ထပ် (၃) ရက်လောက်ကြာတော့ တောထဲမှာ ကိုစံဝကျောင်းတဲ့ နွားတစ်ကောင် ဘာမှအကြောင်းမရှိဘဲ သေသွားတယ်။

ကိုစံဝကတော့ အမှတ်တမဲ့ပဲ နေလိုက်တယ်။ နွားတွေကတော့ ပုံမှန်ပဲ၊ ဒါနဲ့ (၁၀) ရက်လောက်ကြာသွားတယ်။

ကိုစံဝမှာ ကလေးနှစ်ယောက် ရှိတယ်။ အငယ်က (၁၀) နှစ်၊ အကြီးက (၁၅) နှစ်လောက် ရှိတယ်။ တစ်နေ့မှာ ကိုစံဝ ခေါင်းကိုက်နေတယ်။ ခေါင်းကိုက်တာ မသက်သာလို့ (၁၅) နှစ်လောက်ရှိတဲ့ သူ့သား ဖိုးထူးကို သူ့အစား နွားသွားကျောင်းခိုင်းလိုက်တယ်။

ဒါနဲ့ ဖိုးထူး တောထဲ နွားသွားကျောင်းတယ်။ အဲဒီနေ့မှာ ဖိုးထူး နွားကျောင်းရင်း သစ်ပင်ပေါ် တက်ဆော့တော့ လိမ့်ကျပြီး လက်ကျိုးသွားတယ်။ နွား(၂)ကောင် ပျောက်သွားတယ်။ ပြန်ရှာလို့ မရတော့ဘူး။ ဒါနဲ့ နွားအရှင်က စိတ်ဆိုးပြီး ကိုစံဝကို နွားမကျောင်းခိုင်းတော့ဘူး။

**ကိုစံဝ ဝါးခုတ်တက်ခြင်း**

ကိုစံဝ နွားမကျောင်းရတော့ မြစ်ရိုး (ပန္နပင်၊ ညောင်ချပ်) ကို ဝါးတက်ခုတ်တယ်။ ဝါးခုတ်တယ် ဆိုတာ ပန်းလောင်မြစ်ရိုးတစ်လျှောက် လူနဲ့ဝေးတဲ့ နေရာတွေမှာတက်ပြီး အလေ့ကျပေါက်နေတဲ့ ဝါတောထဲက တင်းဝါး၊ မျှင်ဝါး၊ သနပ်ဝါး စတာတွေကို ခုတ်၊ နဖား ဖောက်၊ ဖောင်တွဲပြီး ကူမဲက သစ်တန်းသည်၊ ဝါးကုန်သည်တွေဆီကို ပြန်သွင်းတာပါ။ လွန်ခဲ့တဲ့ နှစ် (၆၀) လောက်ကပါ။ ခုတော့ ပန်းလောင်မြစ်မှာ ဝါးဖောင်တွေ မဆင်းနိုင်တော့ပါဘူး။ ကင်းတားရေလှောင်တမံ ဆောက်လိုက်တော့ ကင်းတားရေလှောင်တမံကနေတစ်ဆင့် ကားနဲ့ ကူမဲကို ပို့ကြရပါတော့တယ်။ ဒါနဲ့ ကိုစံဝ အားကြိုးမာန်တက် ဝါးခုတ်နေတာ တစ်လလောက် ကြာသွားပါတယ်။

**ကိုစံဝရဲ့ (၁၀) နှစ်သားကလေးဖျားခြင်း**

ကိုစံဝ တောထဲကို ဝါးတက်ခုတ်တော့ လက်ကျိုးသွားတဲ့ ကလေးက



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေပါတယ်။ ဘာမှမဖြစ်တဲ့ အကောင် (၁၀) နှစ်သားကလေးက စ်နေ့ တစ်နေ့ မှိုင်မှိုင်တွေတွေနဲ့ ဖြစ်ပါတယ်။ အစားအသောက် မစားပါ။ နေ့တိုင်း အဖျားတက်ပါတယ်။

ဒါနဲ့ မလှလည်း ဆရာတွေနဲ့ ကုတယ်။ တစ်နေ့တခြား ပိုဆိုးလာပါယ်။ နောက်တော့ ကလေးက တက် သတိလစ်နေပါတယ်။

ဒါနဲ့ မလှက သူ့ယောကျ်ား ကိုစံဝ လှလွှတ်ပြီးခေါ်ခိုင်းရပါတယ်။ ဒါနဲ့ နောက်နေ့ မနက်ခင်းမှာ ကိုစံဝ ရောက်လာပါတယ်။

ကိုစံဝ အိမ်ပေါ်တက်လိုက်တော့ လှက မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး-

"ဟေ့- စံဝ၊ မင်းရောက်လာပြီ။ မင်း ငါ့ကို ဘာမှမကျွေးဘဲနဲ့ အိမ်ထားတယ်။ ငါဘယ်မှမသွားနိုင်ဘူး။ ကြောင့် ငါ့ဘာသာရှာစားနေရတယ်။ စားစရာမရှိတော့ စားလို့ရတဲ့ ကံနိမ့်တဲ့ င်းသားကိုပဲ ငါ စားရတော့မယ်"

ဘီလူးက ကိုစံဝရဲ့ဇနီးက ဝင်ပူးပြီး ပြောတယ်။

ဒီတော့ ကြံရာမရတဲ့အဆုံး ဘေးအိမ်က အိမ်နီးနားချင်းတွေက လေသာဆရာတော်ကြီးကို သွားပင့်ကြတယ်။ ဆရာတော်ကြီးက ဆေးမကုပါဘူး။ မေတ္တာနဲ့ ပရိတ်ရေမန်းပဲ ရွတ်ပါတယ်။ နည်းနဲ့အညီနေပါတယ်။ ဆရာတော်ကြီး ပရိတ်တွေရွတ်ရင် ပရိတ်ရေတွေ က်လာတာ အသက်ကြီးရင့်တဲ့ ကူမဲယ်သားတိုင်း သိကြပါတယ်။

ဒါနဲ့ ဆရာတော်ကြီး ကိုစံဝတို့အိမ်ကို ကြွလာပါတယ်။

ဆရာတော်ကြီး ကြွလာတော့ ဘီလူးဝင်စီးနေတဲ့ မလှက ဆရာတော်ကြီးကို လက်အုပ်ချီလိုက်ပါတယ်။

ဆရာတော်ကြီးက မလှကိုကြည့်ပြီး -

"မင်းကဘယ်သူလဲ"

"တပည့်တော် မောင်ထန်းသီးပါ ဘုရား"

"မောင်ထန်းသီးက ဘယ်ကို ရောက်နေတာလဲ"

"တပည့်တော် နွားကျောင်းဘီလူး ဖြစ်နေတာပါ ဘုရား"

"ဘာလို့ နွားကျောင်းဘီလူး ဖြစ်နေတာလဲ"

"ပုဂံခေတ်က တပည့်တော် သူများနွားတွေကို ခိုးပြီး သတ်စားပါတယ် ဘုရား။ နွားရှင်သူဌေးကမိတော့ တပည့်တော်ကိုသတ်ပြီး တပည့်တော်ရဲ့သွေးကို သစ်သားရုပ်ထဲထည့်ပြီး ချုပ်ထားပါတယ် ဘုရား။ ပြီးတော့ နွားသွေးကို သစ်သားရုပ်ထဲထည့်ပြီး ဆရာတစ်ဦးနဲ့ တပည့်တော်ကိုချုပ်ပြီး သူ့အိမ်က နွားတွေကို ကျောင်းခိုင်းပါတယ်။ သူဌေးသေတော့ အဲဒီဆရာက တပည့်တော်ရဲ့ဝိညာဉ်ကိုချုပ်ထားပြီး အရှင်တို့မြေကြီးထဲကို မြှုပ်ထားပါတယ်"

"ဒကာကြီး၊ ဆက်ပြောပါဦး"

"ဒါနဲ့ ပုဂံခေတ်ကစပြီး ပန်းလောင်ဘေးမှာ တပည့်တော်ကို မြှုပ်ထားပါတယ်ဘုရား။ တပည့်တော် သူများဥစ္စာခိုးမိလို့ အနှစ် (၈၀၀) လောက် ဘာမှမစားရဘဲ အချုပ်ခံနေရပါတယ် ဘုရား။ တစ်နေ့တော့ ပန်းလောင်ရေကြီးတော့ ရေတိုက်စားပြီး တပည့်တော်ရဲ့အရုပ်မြေပေါ်ကို ပေါ်လာပါတယ် ဘုရား"

"စိတ်ဝင်စားစရာပဲ၊ ဆက်ပါဦး ဒကာကြီး"

"အဲဒီအချိန်မှာ စံဝက ခလုတ်တိုက်မိတော့ တပည့်တော် မြေပေါ်ရောက်လာပါတယ်။ဒါကို စံဝက တပည့်တော်အရုပ်ကို ပန်းလောင်ဘေးမှာ ရေဆေး၊ ဝါးခြမ်းပြားနဲ့ ပွတ်လိုက်တော့ တပည့်တော်ကိုယ်မှာ ရစ်ပတ်ထားတဲ့ အစီအရင်တွေပျက်ကုန်ပြီး တပည့်တော် လှုပ်ရှားနိုင်လာပါတယ် ဘုရား။ ဒါပေမယ့် အရုပ်ထဲမှာ တပည့်တော်ရဲ့ဝိညာဉ် ရှိနေတော့ အဲဒီအရုပ်နားမှာပဲ တဝဲဝဲလည်ဖြစ်နေပါတယ် ဘုရား။

ဒါနဲ့ စံဝရဲ့နွားတွေကို နွားကျောင်း းပါတယ်။ စံဝက ပဲပြုတ်နဲ့ ထမင်း၊ ဟင်းသီးဟင်းရွက်ပဲ ကျွေးတော့ တပည့်တော် မစားနိုင်ပါဘူး ဘုရား။

ဒါနဲ့ တပည့်တော် စံဝ ကျောင်းတဲ့နွားတွေကို စားပါတယ်။ စံဝရဲ့သူဌေးက စံဝကို အလုပ်ဖြုတ်လိုက်တော့ စံဝနွားတွေမဟုတ်တော့ တပည့်တော် စားမရတော့ပါဘူးဘုရား။ အဲဒါကြောင့် တပည့်တော် စံဝရဲ့သားကိုစားဖို့ စီရင်ရတာပါ ဘုရား"

ဘုန်းကြီးက -

"ကဲ- စံဝ၊ အဲဒီအရုပ်ကလေး ပြစမ်း"

စံဝက သေတ္တာစုတ်ထဲက အရုပ်ကလေးကိုယူပြီး ရှေ့မှာချထားလိုက်ပါတယ်။

ပြီးတော့ မလှဘက်ကိုလှည့်ပြီး-

"ဒကာကြီး၊ သင် အရင်ဘဝက သူများနွားကိုခိုးတော့ အဒိန္နာဒါနာကျူးလွန်ခဲ့တယ်။ နွားတွေကိုသတ်တော့ ပါဏာတိပါတာကံ ခံရတယ်။ ခုလည်း သူ့အသက်ကိုသတ်တော့ ဆက်ပြီး ဘဝပေါင်းများစွာခံရလိမ့်မယ်။ ဒီတော့ သင် ငါးပါးသီလခံယူမလား"

"မှန်ပါ၊ တပည့်တော် ငါးပါးသီလ ခံယူပါတော့မယ်။ သတိတရားရပါပြီ ဘုရား"

ဒါနဲ့ ဘုန်းကြီးက ဘီလူးဝင်စီးနေတဲ့ မလှကို ငါးပါးသီလယူခိုင်းတယ်။ ဒီတော့ ဘီလူးဝင်စီးနေတဲ့ မလှက ငါးပါးသီလ လိုက်ပြီးဆိုပါတယ်။ ပြီးတော့မှ 'အသင်ဘီလူးနဲ့နွား ဒီဘဝက လွတ်မြောက်ပြီး ကောင်းရာဘုံဘဝသို့ ရောက်ကြပါစေ' လို့ ဆုတောင်းပြီး ဘုန်းကြီး ဆောက်ထားတဲ့ သမထသီလ၊ လှူဒါန်းခဲ့သမျှ ဒါနတွေကို အမျှပေးဝေပါတယ်။

ဘီလူးမင်းနှင့်တကွ ဝေနေယျသတ္တဝါ၊ ဒုက္ခိတ သတ္တဝါအားလုံးကို အမျှပေးဝေပါတယ်။ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါလို့ အမျှပေးဝေပါတယ်။

ဒီမှာတင် ဘီလူးစီးခံနေရတဲ့ မလှက သာဓုသုံးကြိမ်ခေါ်ပြီး -

"တပည့်တော် လွတ်မြောက်ပါပြီ"

လို့ အော်ဟစ်ရင်း သတိလစ်သွားပါတော့တယ်။

အဲဒီနောက်မှာတော့ လေသာဘုန်းတော်ကြီးက ကိုစံဝကို -

"စံဝ၊ ဒီအရုပ်ကို လှူပါ"

ဆိုတော့ ကိုစံဝက တရိုတသေ နွားကျောင်းဘီလူးရုပ်တုကို ဘုန်းကြီးကို လှူလိုက်ပါတယ်။

ဘုန်းကြီးက ဆရာတစ်ယောက်ကိုခေါ်ပြီး ဒီရုပ်တုကို အမှုန့်ကြိတ်၊ ဖယောင်းနဲ့ရောပြီး အလင်းတိုင်လုပ်လိုက်ပါတယ်။ ပြီးတော့မှ နွားကျောင်းဘီလူးကုသိုလ်ရဖို့ဆိုပြီး ဘုရားမှာ အလင်းတိုင် ထွန်းညှိပူဇော်ပြီး အမျှပေးပါတယ်။

ဒီအချိန်မှာ အမွှေးရနံ့တွေရပြီး 'သာဓု . . . သာဓု . . . သာဓု' လို့ခေါ်သံတွေ လေသာဘုန်းကြီးရဲ့နားထဲမှာ ကြားလိုက်ရပါတော့တယ်။

နောက်တော့ ကိုစံဝရဲ့သားလေးလည်း ကျန်းမာသွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကောက်တွေ့တဲ့ ရုပ်တုမှန်သမျှကို အိမ်မယူရဲတော့ဘဲ ဘုန်းကြီးကျောင်းတွေ၊ ဘုရားတွေမှာသာ လှူဒါန်းပါတော့တယ်။

မောင်မင်းယဉ် (ကူမဲ)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမြင်တင်တောင် ဘရသေ့ကြီးနှင့်ကျွန်တော် ၃

စောငှဝါ
(ပျဉ်းမနား)

'ရွှေမြင်တင်တောင်ဘရသေ့ကြီးနှင့်ကျွန်တော်' ဟု ဆောင်းပါး (၂) ပုဒ်ကို သူရဋ္ဌမဂ္ဂဇင်းမှာ ရေးသား ပေးပို့ခဲ့ရာ လပိုင်းအတွင်း မဂ္ဂဇင်းမှာ ပထမဆောင်းပါး ပါလာခဲ့ပါပြီ။ သူရဋ္ဌမဂ္ဂဇင်းစာတည်းချုပ် ဦးအောင်မြတ်အား ကျေးဇူးတင်မိပါ၏။ တွေ့ရဆုံရခဲ့သော ဘရသေ့နှင့်ကျွန်တော် နေပြည်တော်မှာ ပြန်ဆုံမိခဲ့ရာမှ ဘရသေ့ကြီး၏ ခွင့်ပြုချက်ဖြင့် စာဖတ်ပရိသတ်သို့ ဘရသေ့ကြီး၏ သာသနာပြုလုပ်ငန်းများ၊ ဘရသေ့ကြီး၏စရဏဝိဇ္ဇာလမ်းကျင့်ထုံးများနှင့် လူအများအား ဆေးကုသကယ်တင်ခဲ့သော ကုထုံးအချို့ကို ယခင်ကတည်းက ထိတွေ့ကြုံတွေ့သိရှိထားသမျှအချို့အား စာဖတ်ပရိသတ်သို့ တင်ပြအသိပေး ရေးသားဖော်ပြခွင့်ရခဲ့သည့်အတွက် ကျွန်တော် ဝမ်းသာရသလို အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါ၏။


ဆောင်းပါး မဂ္ဂဇင်းမှာပါလာပြီး ဖတ်ရသော ပရိသတ်အချို့နှင့် ဘရသေ့ကြီး၏အကြားအမြင် ဆေးဝါးကုသမှုအားကိုး မျှော်လင့်သူများမှ ဖုန်းဆက်မေးလာကြလေပါပြီ။ ဤနေရာတွင် ဘရသေ့ကြီး၏ လက်ရှိရောက်ရှိနေသည် ကျွန်တော်တို့ မိသားစုအတွက် သွားရောက် ဖူးမြော်ကန်တော့နိုင်ရန် မလွယ်ကူသေးတာတစ်ကြောင်း၊ သာသနာပြုလုပ်ငန်းများနှင့် ဆေးဝါးကုသရန်‌ ဝေဒနာရှင်များအား လက်ခံတွေ့ဆုံရန် ဘရသေ့မှ ကျွန်တော့်အား ခွင့်ပြုချက် မပေးသေးပါ။ မည္သန်ကြားသေးပါ ကျွန်တော်က တင်ပြလျှောက်ထားသော်လည်း သီးခြားစီစဉ်သေးတာပေါ့ဟု အဖြေပေးထားပါ၏။ ဒါကိုပဲ ကျွန်တော့် အနေဖြင့် ထင်မြင်မိသည်မှာ အချိန်မတန်သေးသောကြောင့်ဟု ယူဆမိပါသည်။

ဒါပေမယ့် ပထမ ဆောင်းပါး ပါလာပြီးနောက် ကျွန်တော်နှင့် ဘရသေ့ကြီး ပြန်လည် ဆုံတွေ့ရမှု ပြန်စိပ်လာသောကြောင့် ဤဒုတိယဆောင်းပါး၏ လည်း ဆက်လက် ရေးသားခွင့်ကြုံခဲ့ခွင့် ရခဲ့ပြန်ပါ၏။ ဆောင်းပါးပါ မဂ္ဂဇင်းစာအုပ်အား ကျွန်တော်မှ ဘရသေ့ကို ဂါရဝပြု ဆက်ကပ်ခဲ့ရာ သဘောကျ လက်ခံကြောင်းတွေ့ရ၍ ဝမ်းသာခဲ့ရပါ၏။ ကျွန်တော်က မဂ္ဂဇင်းစာအုပ်ကို ဆက်ကပ်ပြီး ကျွန်တော်၏ ရေးသားဖော်ပြရန် ရည်ရွယ်ချက်ကို ဘရသေ့ကြီးမှ သဘောကျ လက်ခံ၍ မှတ်ချက်ပြုတာက -

"အေး - ကောင်းတယ်၊ ငါ့သား ရေးသားတင်ပြချက်လည်းကောင်းတယ် ရည်ရွယ်ရင်းလည်းမှန်တယ်"

ဟု မှတ်ချက်ပြုပါသည်။

"ငါ့သားကို နောက်တစ်ခွင့်ပြုဦး



လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ရမည်းသင်း ရွှေမြင်တင်တောင် ဂူအတွင်း ဝတ်ဖြူစင်ကြယ်နှင့် ဘဘရသေ့ကြီး၏ မှတ်တမ်းတင်ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ငယ်"

ဟု ဆိုကာ -

"အဘရဲ့ သမိုင်းနဲ့ ဘွဲ့တစ်ခုကို အသိပေး ပြောပြဦးမယ်"

ဟု ပြောပြပါ၏။

"အဘရဲ့ နောက်ခံသမိုင်းနဲ့ နှစ်ပေါင်းများစွာ အများသိရှိထားတာရှိတယ်၊ အဲဒါက ရွှေမြင်တင်တောင် ဘရသေ့ဘွဲ့တော်အပြင် 'ကုန်းဘောင်ပထမံနဝင်းဦးအောင်' ဘွဲ့တော်ရှိသေးတယ်"

ဟု မိန့်ဆိုပါ၏။

ထို့ကြောင့် ကျွန်တော်နှင့် အဘရသေ့အကြောင်း ဆောင်းပါးအမှတ် (၃) ရှိ၍ 'ရမည်းသင်း ရွှေမြင်တင်တောင် ဘရသေ့ကြီးနှင့် ကျွန်တော်' ဟု ယခင် ရေးသား ဖော်ပြခဲ့သော ဘွဲ့တော်အပြင် ဆောင်းပါး အမှတ်(၃)မှ စတင်၍ ကုန်းဘောင် ပထမ နဝင်းဦးအောင် ဘွဲ့တော်ပါ တွဲ၍ ရေးသား ဖော်ပြသွားရန် ရှိပါကြောင်း။

ရွှေမြင်တင်ဘရသေ့ခေါ် ကုန်းဘောင် ပထမံနဝင်းဦးအောင် ဘွဲ့တော်နှင့် ဆက်လက် ရေးသား ဖော်ပြသွားရန် ရှိပါကြောင်း စာဖတ်ပရိသတ်သို့ အသိပေးအပ်ပါသည်။

ဘရသေ့ကြီးမှ ဆက်၍မိန့်ကြားခဲ့သည်က -

"အဘရဲ့ဘွဲ့တော်နဲ့ ယှဉ်တွဲအသိပေးချင်တာက ကုန်းဘောင်ခေတ်က အောင်(၄)အောင် ထင်ရှားခဲ့ရာမှာ အဘက နောက်ဆုံး အောင် (၄) အောင်လို့ ထင်ရှားခဲ့တယ် ငါ့သား။ နဝင်းဦးအောင်ပဲကွယ့်"

ဟု မိန့်ဆိုပါသည်။

ကုန်းဘောင်ပထမံနဝင်းဦးအောင်ဟု ကျွန်တော် ကြားသိခဲ့ရာမှ ယခင်က သက်တော်နှင့် ပတ်သက်၍ သမိုင်းသုတေသီတစ်ဦး မဟုတ်ပါသော်လည်း သက်ရှိထင်ရှား ကျွန်တော်ကိုယ်တိုင် မြင်တွေ့ ဖူးတွေ့ ကြားသိခဲ့ရပြီကော။ ဝမ်းသာပီတိနှင့်အတူ ပဋ္ဌာန်းဆက် အကျိုးဆက် ဆန်းကြယ်လှပုံကိုတွေ့၍ ပျော်ရွှင်ကြည်နူးအံ့သြခဲ့ရတာကို စာဖတ်ပရိသတ်သို့ အသိပေး ရေးသား ဖော်ပြပါ၏။ မျှဝေခံစားနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ယခင် ဆောင်းပါးများတွင် ကျွန်တော် တွေ့ကြုံခံစားခဲ့ရသော ဘရသေ့ကြီးသက်တော်၊ စရဏ၊ ပကတိအခြေအနေအချို့ကို အတွေးအယူအဆ စိတ်သန္တာန်မှာရှိခဲ့တာက မှန်ကန်ချက်တွေ့ရပြီဟုလည်း အတွေးမှာခိုင်လုံချက်တစ်ခုအဖြစ် ကိုယ်တွေ့ကြုံရလေပြီကော။

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က ဘရသေ့ကြီး၏ စွမ်းအား၊ ခွန်အားများနှင့် ယခုသက်တော်မှာရှိနေသည့် စွမ်းအား၊ ခွန်အားများနှင့် ပတ်သက်၍ အချို့အား ကျွန်တော် တွေ့ရှိမြင်တွေ့ဖူးရသမျှ အသိပေး တင်ပြခဲ့ပါသည်။

ကျွန်တော့်ဇနီးဖြစ်သူက နှလုံးခွဲစိတ်ကုသထားရသလို သူ့မရောဂါကို အကြောင်းပြုပြီး ဘရသေ့ နေပြည်တော် ပျဉ်းမနားသို့ အခါအားလျော်စွာ ကြွရောက်လာတိုင်း ဖူးတွေ့ကြသလို တွေ့ဆုံ စကားဆိုဖြစ်၊ ဖူးမြော်ခွင့်ရခဲ့ရာမှာ တစ်ကြိမ်ထက်တစ်ကြိမ် ဘရသေ့ကြီး၏ နောက်ခံသမိုင်းအချို့အား ကိုယ်တိုင်ကြားနာသိခွင့်ရခဲ့တာအမှန်ပါ။

ထိုသို့ ကြားသိခဲ့ရာမှာ ဘရသေ့ကြီး၏ အဆိုအမိန့်များက ပွင့်လင်းရိုးသားသလို ရှေးရိုးဆန်တာကိုလည်း သတိထားမိပါ၏။ ရှေးဆန်တယ်ပေါ့။ ထိုစဉ်အခါက ကျွန်တော်သည် သိပ္ပံပညာနှင့် ဘွဲ့ရခဲ့သူပီပီ ယုံကြည်မှုနည်းတတ်သူလည်း ဖြစ်သည်။ အစွန်းရောက်အယူအဆသမားတစ်ယောက်တော့ မဟုတ်ပါ။ ဒါပေမယ့် အကြောက်အလန့်နည်းပြီး လက်တွေ့တွေ့မြင်ရမှု မရှိပါက တွေဝေတတ်သူလည်း ဖြစ်၏။ လက်တွေ့ဆန်သူဟု ဆိုရမလား။

နှစ်ပေါင်းများစွာ ကြာလာလေ ဘရသေ့ကြီးကို ယုံကြည်ကိုးစား လေးစားမိလေပါပဲ။ ဘရသေ့ကြီးနှင့် ဆုံတွေ့ရတိုင်း အထူးသတိထားမိသောအချက်တစ်ခုက ပုတီးနှင့်ကိုယ် အမြဲမကွာရှိနေသလို ထိုပုတီးကို အချိန်ပြည့် လက်က မချဘဲစိပ်နေတာပါပဲ။ ထို့ကြောင့် ကျွန်တော်ကလည်း ဖူးတွေ့ရတိုင်း အကဲခတ်မိလာတာက ဘရသေ့ကြီးက တရားသမားစစ်စစ်၊ ဝိဇ္ဇာလမ်းလိုက်စားကျင့်ကြံနေသူစစ်စစ်။ သတ္တဝါတွေကို ကယ်တင်နိုင်ရန် အင်းအိုင်၊ လက်ဖွဲ့၊ မန္တန်တို့ကို ရှာဖွေတီထွင် ဖန်တီးနေသူအဖြစ်လည်း လေ့လာ သိလာရပါသည်။

ဘရသေ့ကြီး၏ မိန့်ဆိုချက်အရ မြန်မာပြည်တစ်နံတစ်လျား တောတောင်ဒေသအနှံ့ အထူးသဖြင့် အထက်ပိုင်းပုဂ္ဂိုလ်ကြီးများ၏ ညွှန်ကြားမှုအရ ကြွရောက် ကျင့်ကြံ တရားထိုင်လေ့ရှိသလို ဘုရားတည် ပြုပြင် ကျောင်းဆောက် သာသနာပြုတာဝန်များကို ဦးဆောင်လုပ်ကိုင်လေ့ရှိသလို ခက်ခဲကြမ်းတမ်းမှုအချို့ရှိခဲ့ပေမယ့် အောင်မြင်မှုအပြည့်ရှိခဲ့ကြောင်းလည်း လေ့လာ သိရှိခဲ့ရပါသည်။

ကျွန်တော်နှင့် မိသားစုများ ဘရသေ့ကြီးကို စတင် ဖူးတွေ့ရစဉ်ကလည်း ဦးခင်ချို့ သာသနာပြုခဲ့သော ရမည်းသင်း ရွှေမြင်တင်တောင်ရှိ သာသနိကအဆောက်အအုံ၊ ဘုရား၊ ကျောင်း၊ ကန်များ နှစ်ပေါင်းများစွာ ကြာလာတော့ ပျက်စီးယိုယွင်းလာသည်များကို အပြည့်အဝ ပြန်လည် ပြုပြင် တည်ဆောက် အောင်မြင်စအချိန်က ဖြစ်ပါ၏။ ထိုစဉ်က ကျွန်တော်က အတွေ့အကြုံနှင့် ဗဟုသုတအလွန်နည်းပါးချိန် အစ်မတို့နှင့်အတူ ယောက်ဖဖြစ်သူက ကား (ဂျစ်ကား) မောင်းပြီး ဘရသေ့ကြီးက ကားရှေ့ခန်းမှာ တက်ထိုင်လိုက်ပြီးနောက် လည်ပင်းက ပုတီးကိုဖြုတ်ပြီး စတင် ပုတီးစိပ်လာလိုက်တာ နေပြည်တော် ပျဉ်းမနားမှ ရမည်းသင်းတောင်ခြေ ရောက်သည်ထိ လက်က လုံးဝမချရပါပေ။ မလိုအပ်ဘဲ စကားမဆိုတာလည်း ထူးခြားလှပါ၏။

အဘသာသနာပြုသမျှအောင်မြင်တာ ပုတီးတန်ခိုးကြောင့်ကိုးဟုတောင် ထိုစဉ်က စိတ်သန္တာန်မှာပွားမိခဲ့တာ ဝန်ခံပါ၏။ ထိုစဉ်ကစပြီး ကျွန်တော်တို့ မိသားစုအားလုံးနှင့်အတူ ရမည်းသင်း ဒေသပတ်ဝန်းကျင်က လူအများက 'ရွှေမြင်တင်ဘရသေ့ကြီး' ဟု အသိများထင်ရှားခဲ့ပါတော့သည်။

ဤနေရာတွင် ကျွန်တော်၏အစ်မကြီးနှင့်ပတ်သက်ပြီး အနည်းငယ် အသိပေး တင်ပြလိုပါ၏။ အကြောင်းဆက်က လေးသိထားတော့ ပို၍ကောင်းမည်ဟု ထင်မြင်ယူဆမိတာကြောင့်လည်း ပါ,ပါသည်။ အစ်မကြီးမှာ သမီး(၃)ယောက်၊ သား(၁)ယောက် ရှိပါသည်။ သမီးလတ်နှင့် မိတ္ထီလာဆရာအတတ်သင်ကျောင်းအုပ်ကြီး၏သားတစ်ဦးတို့ အိမ်ထောင်ကျပါသည်။ မိတ္ထီလာဆရာအတတ်သင် ကျောင်းဝိုင်းအတွင်း ဓမ္မာရုံတစ်ခုရှိသည်ဟု သိရပါသည်။ ထိုဓမ္မာရုံသို့ ဘရသေ့ ကြွရောက်လာပြီး ခေတ္တနေထိုင် တရားကျင့်စဉ်က ဖြစ်ပါ၏။ ဆရာကြီး၏ ခွင့်ပြုချက်ဖြင့် သီတင်းသုံးနေကြောင်းလည်း ဆိုပါသည်။ ဘရသေ့ကြီး၏ဝေယျာဝစ္စကို ဆရာကြီးကတော်က ဆောင်ရွက်ပေးကြောင်းလည်း သိရပါသည်။ ဘရသေ့ ဓမ္မာရုံမှာ တရား



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ကြံနေစဉ် သင်တန်းသူတစ်ဦး ရောဂါဝေဒနာဖြစ်၍ ဆေးရုံတက်ကုသမှု ခံယူခဲ့ရသည်ဟု သိရပါ၏။

အခြေအနေ ဆိုးကြောင်း ဘရသေ့သိသွားရာမှ ဆရာကြီးကတော် အကူအညီနှင့် ထိုသင်တန်းသူကို ကုသကယ်တင်နိုင်ခဲ့ကြောင်းလည်း သိရပါသည်။ ထိုသတင်းကလည်း အချိန်တိုအတွင်း လူအများနှုတ်ဖျားမှာ ပြန့်သွားပါသည်။ ဘရသေ့ အစ်မကြီးအိမ်သို့ကြွလာခိုက် ကျွန်တော်လည်း စတင် ဖူးတွေ့ခဲ့ရတာပါ။ ဒီအကြောင်းကို ဆောင်းပါးအမှတ် (၁) မှာ ဖော်ပြခဲ့ပါပြီ။

ဘရသေ့၏ ဆေးကုသအောင်မြင်မှုကြောင့် ထိုစဉ်က နိုင်ငံတော်အကြီးအကဲတစ်ဦး နှလုံးခွဲစိတ်ကုသမှု အခြေအနေဆိုးတစ်ခုကိုလည်း ဘရသေ့ ကုသနိုင်ခဲ့သဖြင့် အသက်ဆက် ရှင်သန်ခဲ့ကြောင်းလည်းသိရပါ၏။ ထို့နောက်ပိုင်း ကျောင်းအုပ်ကြီးလည်း ရန်ကုန်ပြောင်း၍ ပညာရေးအရာရှိအဖြစ် ခန့်အပ်ခံရပြီး ထိုရာထူးဖြင့် အငြိမ်းစားယူ၍ ယခုအခါတွင် တိုင်းရင်းဆေးဆရာအသင်းကြီး၏ နာယကတစ်ဦး ဖြစ်နေကြောင်းလည်း သိရပါသည်။



ထွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ရွှေမြင်တင်တောင်ပေါ်တွင် မှတ်တမ်းတင်ရိုက်ကူးထားသော ဘဘရသေ့ကြီး၏ပုံတော်

အစ်မကြီး၏ သားငယ်လည်း ဘရသေ့ကြီးထံမှာ ဝေယျာဝစ္စကိစ္စများကို ကူညီလုပ်ဆောင်ပေးရင်း တပည့်အဖြစ် (၃) နှစ်ခန့် ရွှေမြင်တင်တောင်တော်ပေါ်မှာ ကြာကြာနေခဲ့တော့ သူကနေတစ်ဆင့် ဘရသေ့ကြီးအကြောင်းပြန်ပြောပြသိရှိထားတာလည်း ရှိပါသေး၏။ ဘရသေ့ကြီးသည် လိုအပ်ပါက ဒေသအနှံ့ကို ခရီးထွက်လေ့ရှိသလို ကြိုတင်ပြင်ဆင်တာထက် တစ်ခါတလေ ချက်ချင်း ထကြွလေ့ရှိကြောင်းလည်း သိရပါ၏။

အစ်မကြီး၏သားငယ်က ကိုတင်ထူးဟုခေါ်ပါသည်။ ဘရသေ့ကြီးနှင့်ခရီးထွက်တိုင်း ပါနေကျဖြစ်သလို ဘရသေ့ကြီးထံမှာ ဆေးတောင့်တစ်ခုရှိကြောင်းလည်း သိရပါ၏။ ထိုဆေးတောင့်ဖြင့် လိုအပ်သောအခါ လူနာ၏ လက်ကြား၊ ခြေကြားများအတွင်းထည့်၍ လှိမ့်ပေးလေ့ရှိကြောင်း၊ ထိုသို့ လှည့်ပေးရုံနှင့် အချို့လူနာများ ထူးခြားစွာ သက်သာပျောက်ကင်းလေ့ရှိကြောင်းလည်း သိရပါသည်။ တစ်ခါတလေမှာ အခြေအနေဆိုးသော ရောဂါဝေဒနာရှင်အချို့သည် ဘရသေ့ကြီး၏ ဆေးကုသပုံသတင်းအရ လည်းကောင်း၊ ယုံကြည်အားကိုးမှုကြောင့် လည်းကောင်း ရမည်းသင်းတောင်ပေါ်တွင် လာရောက် နေထိုင်ဆေးကုသမှုခံယူတာမျိုးလည်းရှိကြောင်း သိရပေသည်။

ထိုဆေးတောင့်အရွယ်အစားက ခပ်သေးသေးဟု သိရ၏။ သဘာဝဆေးမြစ်၊ဆေးရွက်များနှင့် ပြုလုပ်ထား၍ ပေါ့ပါးလှ၏။ ထိုဆေးတောင့်ကို လက်၊ ခြေနှစ်ချောင်းကြားထည့်ဖိနှိပ်ရုံနှင့် မခံနိုင်လောက်အောင် နာကျင်မှုဒဏ် ခံစားရလေ့ရှိကြောင်းလည်း သိရ၏။ လက်ချောင်း၊ ခြေချောင်းများ[...] ကြား စုံအောင် ဆေး[...] တောင့်ထည့်ပြီး ရော[...] ဝေဒနာအခြေအနေ[...] စမ်း၍ လိုအပ်သလိုဆ[...] ပြီး ဆေးကုသ မှုခံယူ[...] ကလည်း ထူးခြားနေ[...]၏။ အချို့ လက်ချော[...] ခြေချောင်းများကြားတို[...] ဆေးတောင့်ထည့်သေ[...] လည်း အချို့နေရာမှာ[...] မှာ နာကျင်မှု၊ မနာကျ[...] ကွဲပြားတာမျိုးလည်း [...] ကြောင်း သိရ၏။

အချို့ဝေဒနာသည်[...] များ ထည့်လှိမ့်စကတည်[...] က ထွန့်ထွန့်လူးအော[...] နာကျင်ခံစားရလေ့ရှိ[...] အချို့ မျက်ရည်ကျသည်[...] အထိ ခံစားသွားရလေ့[...] ကြောင်းလည်း သိရပါ[...] နှစ်ပတ်၊ သုံးပတ်မျှ ဆ[...] လှိမ့်ပါက သွေးကြော[...] လေကြောများ ပွင့်သွာ[...] ကာ ဝေဒနာ သက်သာ[...] လာပြီး ခေတ္တနားလို[...] သည်နှင့် တစ်ကိုယ်လုံး[...] ပေါ့ပါး လန်းဆန်းသွာ[...] လေ့ရှိကြောင်းလည်း သိ[...]ရ၏။

ကိုတင်ထူး အိမ်သို့ပြန်လာခိုက[...] တစ်ခါတစ်ရံ ဆေးတောင့်ပါလာလျှ[...] မိသားစုဆုံမိကြပြီး ဆေးတောင့်အလှ[...] ခံကြစဉ် ကျွန်တော့်မှာ ထူးထူးခြားခြ[...] ခံစားရတာမျိုး မရှိခဲ့တာ မှတ်မိနေ[...] သည်။ ငယ်ရွယ်စဉ်က ကျန်းမာနေ[...] လိုက်စားခဲ့တာလည်းပါမည်ဟု ထင်[...] သည်။ ကွယ်လွန်သူ ဇနီးကတော့ နှ[...] ခွဲစိတ်ခံထားရသူပီပီ ကြုံကြိုက်တို[...] ဆေးတောင့်အလှည့်ခံလေ့ရှိပါ၏။ ယ[...] တော့ ကိုတင်ထူးလည်း အိမ်ထောင်[...] ပြီး မိသားစုစားဝတ်နေရေးအတွ[...] ကျောက်ခွဲလုပ်ငန်း တည်ထောင် လု[...] ကိုင်လျက်ရှိ၏။

လွန်ခဲ့သော နှစ်ပိုင်းက ဘရသေ့[...] နေပြည်တော်သို့ ကြွလာစဉ် ဖူးတွေ့[...] ခိုက် အချို့သော ကိစ္စရပ်များအတွ[...] ပြောဆို မိန့်ကြားသမျှထဲတွင် ပက[...] အခြေအနေများပါသလို အတိတ်က[...] စဉ်အချို့လည်း ပါ၏။ အချို့ယုံကြ[...] ခက်သလို အချို့က အံ့ဖွယ်အ[...]



www.burmeseclassic.com

www.burmeseclassic.com

ပါ၏၊ အချို့ကျတော့ ရှေးဘုရင်များနှင့် အပ်စိုးသူတို့အကြောင်းကို နှိုင်းယှဉ်မိန့်ဆိုချက်လည်း ပါ၏။ ကြိုတင်မိန့်ဆိုချက် ထောက်ပြမှုအချို့သည် ကွက်တိမှန်ကန်နေတာလည်း တွေ့ရ၏။ ကြိုတင်မိန့်ဆိုခဲ့က ဟုတ်နိုင်ခဲ့သည်ဟု ထင်မြင်မိခဲ့သည့် အချို့ကိစ္စတွေက ယခုအခါ ဒက်ထိမှန်လာကြောင်းလည်း တွေ့ရသလို နက်နဲသော အဖြစ်အပျက် ဆန်းကြယ်မှုတွေ ရောပြွမ်းနေတာလည်း တွေ့ရပါ၏၊

ဒီနှစ်ပိုင်းမှာ ကျွန်တော် ကျန်းမာရေးညံ့လာ၍ ဆေးရုံတက်ရ၏။ ခန္ဓာရှိတော့ ဝေဒနာလည်း မကင်းပါပေ။ (၃) ကြိမ်ထိတက်ခဲ့ရ၏။ ကိုယ်ခံစွမ်းအားတွေ အတော်ကျသွား၏။ သောက်လိုက်ရသည့် ခေတ်မီဆေးတွေ၊ သွင်းလိုက်ရသည့် အားဆေးရည်တွေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုးပါပဲ။ အရွယ် (၇၆) နှစ်ကျော် ခံနိုင်အားပါကျသွားတော့ လူက ယိုင်ချင်လာလေပြီ။ ခြေလှမ်းရတာလည်း ခက်လာ၏။ ထိုင်ရတာလည်း ခက်လာ၏။ လမ်းလျှောက်တော့ ပိုဆိုးပြန်ရော။ ဒါပေမယ့် စိတ်ဓာတ်မကျဖြစ်ဘဲ ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားနေသည့်ထဲက သွေးသွင်းရ၏။ ဆိုးလိုက်တာ။ နောက်ဆုံးတော့ နှလုံးပါရဂူရောကျောက်ကပ်ပါရဂူပါ ဝိုင်းညှိကု၍ ဆေးရုံက ဆင်းလာနိုင်ပါ၏။

ဆရာကြီးနှစ်ပါးက အတတ်နိုင်ဆုံး ထိန်းထားပါပြီ။ အစားအသောက်နှင့် အသွားအလာအနေအထိုင် ဂရုစိုက်ဖို့ မှာပါပြီ။ အဲဒီလို ခံစားနေရချိန် ၃-၂-၂၀၁၃ ရက်နေ့နံနက် (၉း၄၅) နာရီအချိန်မှာ အားကိုးရာ ဘဘရသေ့ကြီးအား နှစ်ရက်ဆက်တိုက်သတိရလွန်း၍ တမ်းတမိတာ ဝန်ခံပါရစေ။ တိုက်ဆိုင်စွာ သားသမီးများကိုလည်း ကြိုပြောထားတော့ သူတို့အံ့ဩသွားကြသည်။ သူရဇ္ဇမဂ္ဂဇင်းကိုလည်း ကပ်ဖြစ်ခဲ့၏။ ကျွန်တော့်အခြေအနေကြည့်ပြီး အဘရသေ့ကြီး မှတ်ချက်ပြုတာက 'ကုလို့ရသေးတယ်၊ အဘကုမယ်' တဲ့။

၁၈ - ၂ - ၂၀၁၃ရက်နေ့ နံနက် (၈း၃၀) နာရီမှာ ကားနှင့်ကြွလာပြီး ဆေးနှစ်မျိုးတိုက်ပါ၏။ တစ်မျိုးက နှလုံးဆေးအမှုန့်။ လက်ဖက်ရည်ဇွန်းတစ်ဝက်ခန့် လက်ဝါးထဲထည့်ပေး၍ သောက်ချလိုက်တဲ့။ နောက်တစ်မျိုးက ဓာတ်ပေါင်းဆေး လက်ဖက်စားဇွန်းနှင့်မွှေပြီး တိုက်ပြန်၏။ ကျွန်တော်က ပါးစပ်ဟာပေးခဲ့ပါသည်။



အနားကရေခွက်ပေးပြီး သောက်ချလိုက်တဲ့၊ ရေနွေးကြမ်းပါ။ ဒီအကြောင်းတွေကို ရဲမှူးကြီးဆရာထက်ခေါင်နှင့် ဇနီးတို့ကို ပြောပြတော့ သူတို့အလွန်စိတ်ဝင်စားသွားကြ၏။ အကျိုးဆက်အဖြစ် သူတို့လည်း ဘရသေ့ဆေးကို မြည်းစမ်းသွားကြလေသည်။

နောက်ထပ် အကျိုးဆက်အဖြစ် ၈- ၃- ၂၀၁၃ ရက်နေ့ ည (၁၀) နာရီခန့်မှာ ရဲမှူးကြီးဆရာထက်ခေါင်နှင့် ဇနီးတို့ ကားဖြင့်ရောက်လာပြီး ဘရသေ့ကြီးထံ လိုက်ပို့ပါတဲ့။ အဲဒီလိုနှင့် ၉-၃-၂၀၁၃ ရက်နေ့ နံနက်ပိုင်း (၉) နာရီမှာ ဘရသေ့ရှိနေရာ ဥတ္တရသီရိမြို့နယ်သို့ ရောက်သွားကြပါတော့သည်။ ဟိုရောက်တော့ ဘရသေ့ကြီး ည(၁၂း၃၀)ကမှ ပြန်ကြွလာတာဟုဆိုတော့ သူတို့ ဝမ်းသာသွားကြ၏။ ရှိ၊ မရှိ စုံစမ်းရန် ဖုန်းနံပါတ်ရှာမရ၍ အခက်အခဲလည်း အဆင်ပြေသွားပါတော့သည်။

**ဝိဇ္ဇာလမ်းကျင့်စဉ်ကို ကျင့်ကြံအားထုတ်နေသော ပုတီးသမားစစ်စစ်**

ဘရသေ့နှင့် ဆုံတွေ့ဖူးတွေ့ရခိုက် ဘရသေ့၏ နေ့စဉ်ပြုကျင့်နေသည့် ကျင့်စဉ်တစ်ခုထဲမှ ပုတီးစိပ်ကျင့်ကြံနေပုံကလည်း ထူးခြားနေပါ၏။ ဒါကိုပဲ စာရေးဆရာပီပီ စာဖတ်ပရိသတ်သို့ အသိပေးသင့်သည်ဟု ထင်မြင်ယူဆမိ၍ ရေးသား ဖော်ပြလိုက်ရပါသည်။

ဘရသေ့၏ ပုတီးသည် သာမန်ပုတီးမျိုး မဟုတ်ပါ။ သရက္ခန်အသားဖြင့် ဖန်တီးထားသော သရက္ခန်ပုတီးမျိုးဖြစ်သလို ပုတီးကြီးမှာ အလုံးပေါင်း(၁၇၁၀) လုံးပါ၏။ ညဥ့်အိပ်ညဥ့်နေ အမြဲတမ်း ထိုပုတီးကြီးကို ယူသွားလေ့ရှိပါ၏။ ပွဲတင်ဘုရားခန်းအတွင်းမှာ Dream Bed တစ်ခုရှိ၏။ ထိုင်ခုံပေါ်မှာထိုင်၍ အလုံးပေါင်း (၁၇၁၀) ပါ သရက္ခန်ပုတီးကို အမိဋ္ဌာန်နှင့် ဂုဏ်တော်ကိုးပါးအတွက် ပုတီးအခေါက်ပေါင်း (၃၇၀,၀၀၀) ခန့် စိပ်လေ့ရှိပါ၏။ ပုတီးကို လက်ကမချ အမြဲတမ်းစိပ်နေသလို ထိုပုတီးကုံးကြီးက ဘရသေ့၏ရင်ခွင်ထဲမှာ တစ်ပုံကြီးရှိနေတာကို ကျွန်တော်နှင့် ရဲမှူးကြီးတို့ ကိုယ်တိုင် တွေ့မြင်ခဲ့ရပါ၏။

ရဲမှူးကြီးနှင့် စကားဆိုနေစဉ် ကျွန်တော် ကြားသိရသမျှ အချို့အရ ဘရသေ့ကြီးသည် စစ်ဘက်ရဲဘက်မှ တာဝန်ရှိ ပုဂ္ဂိုလ်တော်တော်များများကို သိရှိထားသည့်အတွက် အံ့ဩမိရသလို ခေတ်အဆက်ဆက် အုပ်ချုပ်သူများ၏ စိတ်နေစိတ်ထား ပကတိအခြေအနေများကိုလည်း နှိုင်းယှဉ် ထောက်ပြတာ တွေ့ရပါ၏။ တိုင်းပြည်နှင့် လူမျိုးအပေါ် မြင်သိထားသမျှကလည်း ထူးခြားလှပါ၏။ သက်တော်နှင့် အရွယ်နှင့် မမျှရအောင် မှတ်ဉာဏ်အလွန်ကောင်းတာလည်း တွေ့ရပါ၏။

ရမည်းသင်း ရွှေမြင်တင်တောင်တော်တွင် သာသနာပြုလုပ်ငန်းများ အပြီး နှစ်စဉ် တပေါင်းဘုရားပွဲ ကျင်းပလေ့ရှိသလို ရမည်းသင်း နဂါးနီတောင်တော် သာသနာပြုလုပ်ငန်းများလည်း ပြီးစီးလုပါပြီ။ နဂါးနီတောင်တော်ဝန်းကျင်ဒေသသည် ရေရှားလေ့ရှိသော်လည်း ဘရသေ့ကြီး ဦးဆောင် တည်ဆောက် ပြုပြင်သည်မှ ယခုအခါ ရေအခက်အခဲများ အဆင်ပြေသွားသလို ဘရသေ့ကြီး မိန့်ကြားတာက -

နဂါးနီတောင်သာသနာပြုလုပ်ငန်းများပြီးစီးက လူ့ဘဝမှ အဘထွက်ခွာတော့မည်တဲ့။

ယခု ဆောင်းပါးနှင့်အတူ အဘရသေ့ကြီး၏လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်က မှတ်တမ်းတင် ရိုက်ကူးထားသော ဝတ်ဖြူဝတ်ဓာတ်ပုံများကို ပူးတွဲဖော်ပြအပ်ပါသည်။

ဘရသေ့နှင့် ကျွန်တော် တွေ့ဆုံရသမျှ အလျဉ်းသင့်လျှင် ဆက်လက်ဖော်ပြရန် ရည်ရွယ်ထားပါ၏။

ဓာတုဝါ (ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ကျင့်သုံးခဲ့ကြသည်ဆိုသော မြန်မာ့ဆိုရိုးရှေးစကားတစ်ခုရှိခဲ့သည်။ 'ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမလွှယ်နဲ့'တဲ့။ ထိုစကားကို ရှေးရိုးဆန်သူများက ယနေ့ကာလအထိ လက်စွဲပြုကျင့်သုံးကြသည်။အချိန်နှင့်တစ်ပြေးညီလိုက်ပါနေသူအချို့ကမူ အားလုံးကို လက်မခံ။ ခေတ်ကာလနှင့်ကိုက်ညီသည်များကိုသာကျင့်သုံး၍ ခေတ်နောက်ကျနေသည်များကို ပယ်ကြသည်။ ခေတ်ရှေ့ပြေးနေသူတချို့မှာကား ထိုရှေးဆိုရိုးကို လုံးဝမလိုက်နာဘဲ စွန့်ပယ်ထားတတ်ကြ၏။

ဤရှေးဆိုရိုး၏အဖြေသဘောမှာ 'ရှေးထုံးကိုပယ်လျှင် လွဲမှားတတ်သည်၊ ဈေးသုံးကိုလွှယ်လျှင် မွဲတတ်သည်' ဟူ၍ဖြစ်၏။ စဉ်းစားစရာမှာ ရှေးထုံးကိုပယ်တိုင်း လွဲမှားတတ်သလား။ ဈေးသုံးကိုလွှယ်တိုင်း မွဲတတ်ပါလေသလား။ ထိုစကားကို လိုက်နာကျင့်သုံးက မည်မျှအကျိုးရှိပါမည်နည်း။အကယ်၍ မလိုက်နာပါက မည်မျှအထိ အကျိုးယုတ်နိုင်လေပါသနည်း။

ထို့အပြင် ယင်းစကားနှင့် ဆန့်ကျင်ဘက်အဆိုတစ်ခုက ရှိနေပြန်၏။ 'ဟောင်းပင်ဟောင်းလည်း၊ မကောင်းသော်ပါ စွန့်ပယ်ရ' တဲ့။ မည်မျှပင်ဟောင်းမြင်းသော ရှေးထုံးပင်ဖြစ်နေစေကာမူ ခေတ်အလျောက် ကျင့်သုံးရန်မကောင်းတော့လျှင် စွန့်ပယ်ရမည်ဟု ဆိုလိုဟန်တူသည်။

သို့ဖြစ်ရာ ယနေ့ခေတ်လူများအနေနှင့် အထက်ဖော်ပြပါများအနက်

ပီတာမြဦး
ပင်းဝိန်ပိုင်ရှင်

မည်သည့်အချက်ကို လိုက်နာ ကျင့်သုံးအပ်ပေသနည်း။ ကျွန်ုပ်တစ်ဦးတည်းသဘောအရမူ ခေတ်ရှေ့ပြေးသူအချို့၏အယူအဆကို အပြည့်အဝ ထောက်ခံလိုပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ ငယ်စဉ်ကစ၍ အဘိုး,အဘွားတို့ပြောသမျှ ရှေးစကားများဆိုလျှင် ယုတ္တိမတန် ပုံပြင်ဆန်သည်၊ ခေတ်နောက်ကျသည်ဟူ၍ အမြဲလိုလို ဝေဖန်ပြောဆိုတတ်လေ့ရှိခဲ့၍ ဖြစ်၏။

ထိုအကျင့်မှာ ကောင်းသည်လား၊ ဆိုးသည်လား မဆင်ခြင်နိုင်ခဲ့သော်လည်း ငယ်ရွယ်စဉ်မှာပင် မေ့ပျောက်မှေးမှိန်သွားခဲ့သင့်ပေသည်။ ယခုမူ ထိုအကျင့်သည် ကျောင်းသားအရွယ်တွင်လည်း မပျောက်၊ ဆယ်တန်းအောင်၍ တက္ကသိုလ်မှ ဘွဲ့ရပြီးသည်အထိလည်း မပြယ်သွား။

ဤသို့ဖြင့် အကျဉ်းဦးစီးဌာနတွင် ထောင်မှူး ဖြစ်လာသောအခါ၌ကား ကျွန်ုပ်၏ ထော်လော်ကန့်လန့်နိုင်သည့် အကျင့်စွဲနှင့် ထောင်ဝန်ထမ်းတို့ အစဉ်အဆက် လိုက်နာမြဲဖြစ်သော ရှေးရိုးစဉ်လာ ဓလေ့ထုံးစံများနှင့် မကြာခဏဆိုသလို ထိပ်တိုက်ရင်ဆိုင် ငြင်းဆန်ဖြေရှင်းခဲ့ရပါတော့သည်။

ယင်းသို့ ရင်ဆိုင်ခဲ့ရသော ရှေးထုံးပြဿနာများအနက် ကျွန်ုပ်တစ်သက်တာတွင် မေ့ပျောက်၍မရနိုင်ခဲ့သော အလွန်တရာ ထူးခြားဆန်းကြယ်ပြီး ဂမ္ဘီရဆန်လှသည့် ဖြစ်ရပ်ဆန်းတစ်ခုသည်ကား. . .

❖

ကျွန်ုပ်ထောင်မှူးသင်တန်းဆင်းပြီးနောက် ပထမဆုံးတာဝန်ထမ်းဆောင်ရသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းနံဘေးရှိ (ယ) အဆင့်အကျဉ်းထောင်လေးတွင် ဖြစ်ပါသည်။ အကျဉ်းထောင်မှာ ဗြိတိသျှအစိုးရလက်ထက် ၁၉ ရာစု ကုန်ခါနီးခန့်က တည်ဆောက်ထားခဲ့သည့်အားလျော်စွာ ယင်း၏ ပုံသဏ္ဌာန်မှာလည်း ရိုးရှင်း၍ ရှေးဟောင်းဆန်လှသည်။

အကျဉ်းထောင်ပုံစံကသာ ရှေးဆန်သည်မဟုတ်။ တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းအများစုမှာ ဒေသခံ အနေကြာနေသူများဖြစ်၍လား မသိ။ သူတို့၏ ပြောဆိုနေထိုင်မှု လူမှုဘဝအတွေးအမြင်များမှာလည်း ရှေးရိုးဆန်သော ဓလေ့ထုံးစံများ လွှမ်းမိုးလျက်ရှိသည်ကို တွေ့ရ၏။

"ကျွန်တော် ဒီနေ့ဆံပင်ခဏသွားညှပ်လိုက်ဦးမယ် ဆရာ"

တစ်နေ့နံနက်ပိုင်း ဂိတ်စာရေးတပ်ကြပ်ခင်မောင်က ရုံးခန်းတွင်းလာရောက်သတင်းပို့သည်။

"အာ - ဂိတ်စာရေးနှယ်၊ ဒီနေ့က အလုပ်နည်းနည်းများမယ်ဗျ။ မနက်ဖြန်သောကြာနေ့ကျမှညှပ်ပါလား"

ဂိတ်စာရေးက ခေါင်းကိုတွင်တွင်ခါပြသည်။

"မဖြစ်ဘူး ဆရာ။ ကျွန်တော်က သောကြာသားလေ၊ ပြီးတော့ မွေးနေ့သောကြာ တနင်္လာ ကေသာဆံဖြတ်မရတဲ့ ဆရာ"

ကျွန်ုပ်က စိတ်ထဲက ပြုံးမိသည်။

"အဲဒါ ခင်ဗျားတို့အယူအဆ မှားနေတာဗျ"

ကျွန်ုပ်စကားကြောင့် ဂိတ်စာရေးမျက်လုံးဝိုင်းသွားသည်။

"ဗျာ - မှားနေတယ်၊ ဟုတ်လား ဆရာ"


"ဟုတ်တယ် ဂိတ်စာရေး၊ အမှန်က ခင်ဗျားပြောတဲ့ မွေးနေ့၊ သောကြာ၊ တနင်္လာ၊ ကေသာဆံဖြတ်မပြုရ ဆိုတာ တနင်္ဂနွေသားသမီးတွေကိုသတ်သတ်ရည်ညွှန်းထားတာဗျ"

"ဟုတ်လား ဆရာ"

"ဒီလိုလေ - သူမွေးနေ့ တနင်္ဂနွေနေ့ရယ်၊ အညွှန့်နေ့ဖြစ်တဲ့ တနင်္လာရယ်၊ မွေးနံ့ရဲ့ခြောက်ခုမြောက်ဖြစ်တဲ့ ဆပွတ်နံ့ သောကြာနေ့ရယ်၊ အဲဒီသုံးရက်မှာ ဆံပင်မညှပ်ရဘူးလို့ ဆိုလိုတာဗျ"

"ဟင်- ဒါဆို ကျွန်တော်တို့ သောကြာသားတွေကျတော့ကော ဘယ်နေ့တွေ ဆံပင်ညှပ်ရမတဲ့လဲ ဆရာ"

"အင်း- ခင်ဗျားတို့အတွက်ဆိုရင် မွေးနေ့ သောကြာရယ်၊ အညွှန့် စနေနေ့



ရယ်၊ မွေးနံ့ရဲ့ခြောက်ခုမြောက် ဆပွတ်နံ့ ဗုဒ္ဓဟူးနေ့ရယ်၊ အဲဒီသုံးရက်ပဲဗျ"

"ဩော်- အဲလိုလား၊ ကျွန်တော်တို့တော့ မသိပါဘူး ဆရာရယ်။ အဲဒီမွေးနေ့၊ သောကြာ၊ တနင်္လာနေ့တွေမှာ ဆံပင်ညှပ်မိရင် ကျန်းမာရေးထိခိုက်တတ်တယ်လို့ လူကြီးမိဘတွေပြောစကားအရ အဲဒီရက်တွေကိုရှောင်ပြီး ညှပ်နေခဲ့ကြတာပါ"

"အမှန်တော့ ဒီအယူအဆတွေဟာ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာ



www.burmeseclassic.com

မှာ မရှိဘူးဗျ။ ပြာဟွကာပုဏ္ဏားတွေ သွတ်သွင်းရေးသားခဲ့တဲ့ ဗေဒင်ကျမ်းဂန်တွေအရ အယူမှားအတွေးမှားဖြစ်နေခဲ့ကြတာပါ"

"သြော်"

"ခင်ဗျားစဉ်းစားကြည့်၊ ကျွန်တော်တို့ဝန်ထမ်းတွေဆိုတာ ဆံပင်ညှပ်ဖို့ ရက်ရွေးနေလို့မဖြစ်ဘူး။ အားတဲ့နေ့ ညှပ်ရတာပဲ။ ဆံပင်ညှပ်ရက်မှားလို့ အနာရောဂါရတယ်လို့များ ကြားဖူးလို့လား။ အဲဒါကြောင့် ဂါတ်စာရေးလည်း ရှေးထုံးဆိုတိုင်း မျက်စိမှိတ်ပြီး မယုံလိုက်နဲ့။ ယုတ္တိတန်ရဲ့လား၊ အဓိပ္ပာယ်ရှိရဲ့လားဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ အရင်ချင့်ချိန်ဦးဗျ"

"ဟုတ်ကဲ့ ဆရာ"

သောကြာသား ဂါတ်စာရေးကိစ္စ ရှင်းလို့မှ မကြာလှသေး။ ဒုတိယတပ်ကြပ်ထွန်းစိန်၏ ဇနီးဖြစ်သူ မအေးမာနှင့် ဖခင်ဖြစ်သူတို့ ကျွန်ုပ်အိမ်သို့ ရောက်လာကြပြန်သည်။

"ဆရာ၊ ကိုထွန်းစိန်ကို မနက်ဖြန် မန္တလေးစာပို့မလွှတ်လို့ မဖြစ်ဘူးလားရှင့်"

မအေးမာက မေးသည်။

ကျွန်ုပ်က သာရေးနာရေးကိစ္စ တစ်ခုခုကြောင့်ဟုထင်မိ၍ -

"ဘာအကြောင်းကိစ္စများရှိလို့လဲ"

မအေးမာက ဖခင်ဖြစ်သူအား လှည့်ကြည့်သည်။


"ဒီလိုပါ ဆရာ၊ မနက်ဖြန် ပြဿဒါးနေ့လည်းဖြစ်တယ်။ ပြီးတော့ ဝါရမိတ္တူကြီးလည်းကျတယ်လေ။အဲဒါ သန်ဘက်ခါမှ လွှတ်ပေးနိုင်မလားလို့ပါ"

ကျွန်ုပ်က သူတို့နှစ်ဦးကို ဝေ့ဝဲကြည့်လိုက်သည်။ မအေးမာမှာ အသက်အစိတ်ပတ်ဝန်းကျင်ခန့်ရှိသေး၍ အတွေ့အကြုံ ဗဟုသုတအားနည်းသူ ဖြစ်နိုင်သော်လည်း ဒုတပ်ကြပ်ထွန်းစိန်၏ ဖခင်ဦးလှစိန်ကား အသက် (၄၀)ကျော်(၅၀) နီးပါး ရှိနေလေပြီ။ ဤအသက်အရွယ်ဆိုလျှင် ဘာသာရေးနှင့် ပတ်သက်၍ အတော်အသင့် သိနားလည်သင့်နေပေပြီ။ ထို့ကြောင့် ကျွန်ုပ်လေ့လာထားသလောက်ရှင်းပြရန် ဆုံးဖြတ်လိုက်မိသည်။

"ဒါနဲ့ မအေးမာရော ဦးလှစိန်ပါ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ပါလားဗျ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့မိသားစုအားလုံး မြန်မာဗုဒ္ဓဘာသာဝင်တွေပါ"

"ဟိုလေ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပါနော်"



အကျဉ်းထောင်လောကမှဂန္ထိရဆန်သောဖြစ်ရပ်ဆန်းများ

www.burmeseclassic.com

"ဟုတ်ကဲ့၊ ဟို-ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပဲဆိုပါတော့။ ဒါနဲ့ ဒါကိုဘာလို့မေးတာလဲ ဆရာ"

ဦးလှစိန်က သူ့ကိုယ်သူ သိပ်မသေချာဟန် မေးသည်။

"ဒီလိုပါ၊ ထေရဝါဒ ဆိုတာ ရှင်မဟာကဿပ စတဲ့ မထေရ်ကြီးတွေက အစဉ်မပျက် ဆင်းသက်လာတဲ့ ဗုဒ္ဓသာသနာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓရဲ့ ဓမ္မစစ်ဓမ္မမှန်တွေကို သတ္တဝါဝေနေယျတို့ကိုယ်တိုင် ရှင်းရှင်းလင်းလင်း သိမြင်လာစေဖို့ဆိုတဲ့ စေတနာနဲ့ ရှေးရှုပြဋ္ဌာန်းခဲ့တဲ့ဝါဒလည်း ဖြစ်ပါတယ်။ ထေရဝါဒရဲ့အလိုအရ နတ်ပြည်ရောက်ချင်ရင် ဒါန၊ သီလ ဆိုတဲ့ ကောင်းမှုတွေ ပြုလုပ်ဖို့လိုတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ရချင်ရင်တော့ သမထ၊ ဝိပဿနာဘာဝနာပွားများရပါမယ်။ ငရဲကျမယ့်ဘေးက လွတ်မြောက်ဖို့ဆိုရင် မကောင်းမှုဒုစရိုက်တွေကို ရှောင်ရမယ်။ ဒါတွေကိုတော့ ဦးလှစိန်တို့ ကောင်းကောင်းသိပြီး ဖြစ်မှာပါဗျာ"

ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ။ ကျွန်တော့်သားကို ရုံးမိန့်ထုတ်ထားတဲ့အတိုင်း မနက်ဖြန် မန္တလေးကို စာပို့လွှတ်လိုက်ပါ့ ဆရာ။ လာ - အေးမာ သွားစို့"

ဦးလှစိန်က ပြောပြီးသည်နှင့် အိမ်ပေါ်မှ ခပ်သွက်သွက်ဆင်းသွားသည်။ မအေးမာက နောက်မှ ကတိုက်ကရိုက် ဆင်းလိုက်သွားလေသည်။ ကျွန်ုပ်ကမူ ကျေနပ်စွာပြုံးလိုက်မိသည်။ အမှားကြာ အမှန်ဖြစ်ဆိုသလို ရှေးထုံးဆိုတိုင်း အဆင်ခြင်မဲ့ မျက်စိမှိတ် ယုံကြည်ကျင့်သုံးလာကြသော ဤအကျဉ်းထောင်မိသားစု၏အစွဲတစ်ခုကို အောင်မြင်စွာ ချွတ်လိုက်နိုင်၍ပင် ဖြစ်လေသည်။

သို့တစေ -

ထိုပြဿဒါးကိစ္စကို ရှင်းလင်း၍ ရက်သတ္တတစ်ပတ်မျှပင် မကြာလှသေး။ ရှေးထုံးမှန်လျှင် အစဉ်အမြဲ ဝေဖန်ပြက်ရယ်ပြုလေ့ရှိသော ကျွန်ုပ်မှာ တစ်သက်နှင့်တစ်ကိုယ် မမေ့ပျောက်နိုင်လောက်အောင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းတစ်ခုနှင့် ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ရပါတော့၏။

"ဆေးရုံတင်ထားတဲ့ ဒုတပ်ကြပ်တင်မြင့် အခြေအနေသိပ်မကောင်းဘူးတဲ့ ဆရာ"

တစ်နေ့ညနေ ထောင်ပိတ်ချိန်တွင် ဂါတ်စာရေးမှလာသတင်းပို့သည်။

"ဟုတ်လားဗျ၊ သူ့ရောဂါက မသက်သာဘူးလား"

"မသက်သာတဲ့အပြင် တစ်နေ့တခြား ပိုဆိုးလာတယ်တဲ့။ ရှိုးမစခန်းကပါလာတဲ့ ငှက်ဖျားပိုးက ခုဦးနှောက်ထဲထိရောက်နေပြီတဲ့။ ကြည့်ရတာ သိပ်မကြာတော့ဘူးထင်တယ် ဆရာ"

ကျွန်ုပ်က ယင်းကိစ္စကို ထောင်ပိုင်ထံ ဆက်ပြီးသတင်းပို့လိုက်သည်။ ထောင်ပိုင်က ဆေးရုံသို့ ကိုယ်တိုင် တစ်ခေါက်သွားကြည့်ရန်နှင့် လိုအပ်သည်များ ပြင်ဆင်ထားရန် ညွှန်ကြားလေ၏။ ကျွန်ုပ်မှာ ရေးဌာနစိတ်ကို တာဝန်ယူထားသူဖြစ်၍ ဝန်ထမ်းရေးရာတွင် တာဝန်ရှိပေသည်။

ကျွန်ုပ်ဆေးရုံသို့သွားကြည့်သည့်နေ့မှာပင် ဒုတပ်ကြပ်တင်မြင့် ဆုံးပါသည်။ ကျွန်ုပ် ထောင်ပိုင်ထံ ချက်ချင်းအကြောင်းကြား၍ နာရေးကိစ္စအတွက် လိုအပ်သည်များကို အမြန်စီစဉ်ဆောင်ရွက်ရသည်။

"ဒီအမိန့်ပြန်တမ်းကို ခင်ဗျားကိုယ်တိုင် သင်္ဂြိုဟ်ခါနီး ဖတ်ကြားပြီး ပြန်တမ်းစာရွက်ကို အခေါင်းထဲထည့်ပေးလိုက်ပါ"

အသုဘချမည့်နေ့တွင် ထောင်ပိုင်၏အမိန့်ပြန်တမ်းဖတ်ကြားရန် ကျွန်ုပ်ကို တာဝန်ပေး၏။ ကျွန်ုပ်စိတ်ထဲ၌မူ ဤကိစ္စသည် အလွန်တရာရှေးကျ၍ ခေတ်နှင့် မလျော်ညီတော့ဟု ယူဆမိသည်။ ကြည့်လေ၊ အသက်ဝိညာဉ်ကင်းမဲ့နေသောသေသူ၏ရုပ်အလောင်းက ကျွန်ုပ်ဖတ်ပြသည့် အမိန့်ပြန်တမ်းကို ကြားနိုင်ပါဦးမည်လား။ ထိုအမိန့်ပါအတိုင်း 'သွားလိုရာသို့' သွားနိုင်ပါဦးမည်လား။

ကျွန်ုပ်အနေနှင့်မူ သေသူမှာ ဤအမိန့်ကို ကြားလည်းမကြားနိုင်၊ လိုက်လည်းမလိုက်နာနိုင်ဟု အခိုင်အမာ ယုံကြည်သည်။ သို့ဆိုလျှင် ရုပ်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခါနီးမှ အမိန့်ပြန်တမ်း ဖတ်ကြားနေ၍ ဘာမှအကြောင်းထူးလာစရာမရှိနိုင်ပေ။ ထို့ကြောင့်လည်း ထိုနေ့က ကျွန်ုပ် အမိန့်ပြန်တမ်းကိုဖတ်ပြမနေတော့ဘဲ စာရွက်ကိုသာ အခေါင်းထဲထည့်၍ သင်္ဂြိုဟ်စေခဲ့သည်။

ပြဿနာကား ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့ညတွင် စတင်ပါတော့၏။

"ဆရာ၊ တင်မြင့်အခန်းမှာ သရဲခြောက်လို့တဲ့"

ညဉ့်သန်းခေါင်ကျော်ခန့် ဂါတ်စာရေး လာသတင်းပို့ခြင်း ဖြစ်၏။

"အာ- ဂါတ်စာရေးနှယ်၊ ပေါက်ပေါက်ရှာရှာ သရဲဆိုတာ ရှိမှမရှိတာဘဲဗျာ"

"ဟုတ်တယ် ဆရာ၊ ခြောက်တာတော့ အမှန်ပဲဗျ"

"နေပါဦး ဂါတ်စာရေး၊ သေချာပေါက်ကြီးပြောရအောင် ခင်ဗျားကိုယ်တိုင်မြင်ခဲ့လို့လား"

"အဲလိုတော့မဟုတ်ပေမယ့် တင်မြင့်မိန်းမကိုယ်တိုင် အခြောက်ခံရတာတဲ့ ဆရာ"

"ခု တင်မြင့်မိန်းမ အိမ်မှာရှိလား"

"ဟင့်အင်း၊ သူ့အိမ်မှာမနေရဲလို့ ကျွန်တော့်အိမ်ရောက်နေတယ် ဆရာ"

"ဒါနဲ့ တင်မြင့်အိမ်မှာ ဘယ်သူတွေကျန်ခဲ့လဲ"

"သူ့မိန်းမတစ်ယောက်တည်းပါ ဆရာ"

"ဟုတ်လား၊ တစ်ယောက်တည်းကျန်ရစ်ခဲ့မှတော့ စိတ်တယောင်ချောက်ချားဖြစ်ပြီး သူ့ယောကျ်ားကို စွဲလမ်းပြီး မြင်ယောင်နေလို့ဖြစ်မှာပါ။ ဘယ်ကသရဲဟုတ်ရမှာလဲ။ ကဲပါ- ဂါတ်စာရေး၊ မိန်းမဖော်တစ်ယောက်လောက်ထည့်ပေးပြီး ပြန်အိပ်ခိုင်းလိုက်ပါ ဟုတ်လား"

"ဟုတ်၊ ဟုတ်ကဲ့ ဆရာ"

အခြေအနေမှာ ထိုနေ့ မိုးစင်စင်လင်းသည်အထိ ဘာသံမှမကြားရတော့ပေ။ အားလုံးအဆင်ပြေသွား၍ဖြစ်ပေမည်။ ကျွန်ုပ်မှာ မကြာသေးခင်က အကျဉ်းသားချင်းရိုက်မှုနှင့်ပတ်သက်၍ မြို့နယ်တရားရုံးသို့ နောက်တစ်နေ့တွင် သက်သေခံသွားနေရရာ ညကကိစ္စကိုမေးရန် ဂါတ်စာရေးနှင့် မတွေ့နိုင်ခဲ့သေးချေ။

အချင်းဖြစ်ပြီး နောက်တစ်နေ့ညတွင်လည်း ဘာအသံမှထပ်မကြားရတော့သဖြင့် သရဲခြောက်သည့်ကိစ္စမှာ ကျွန်ုပ်ယူဆသလို သေသူတင်မြင့်၏ဇနီး စိတ်စွဲလမ်း၍သာ ဖြစ်ပေလိမ့်မည်။

သို့တစေ -

"သရဲခြောက်ပြန်ပြီ ဆရာ"

အချင်းဖြစ်နေ့မှ တစ်ရက်ကျော် ညသန်းခေါင်ကျော်ခန့် ဂါတ်စာရေး အသံကြားရပြန်သည်။သည်တစ်ခါတော့ သူတစ်ယောက်တည်းမဟုတ်တော့။ သူ၏ဇနီးအပြင် သေသူတင်မြင့်၏ဇနီးပါ လိုက်ပါလာလေသည်။

"ဘယ်လိုဖြစ်တာလဲ ဂါတ်စာရေး မနေ့ညကတော့ မိန်းမဖော်ထည့်ပေး လိုက်လို့ အဆင်ပြေသွားပြီ အောက်မေ့နေတာ"

ကျွန်ုပ်က ဧည့်ခန်းတွင် နေရာပေးရင်း မေးလိုက်သည်။

ဂါတ်စာရေးကတော်က တင်မြင့်၏ဇနီးအား လက်ညွှန်ပြကာ -

"ဆရာ့နှယ်၊ မနေ့ညက ဒီမိန်းကလေးက သူ့အိမ်မပြန်ပါရစေနဲ့ဆိုပြီး တငိုငိုတရီရီလုပ်နေလို့ ကျွန်မတို့အိမ်မှာပဲ ညသိပ်ခဲ့ရတယ်လေ။ ကဲ- ဒီနေ့ည



www.burmeseclassic.com

www.burmeseclassic.com

တော့ တခြားအဖော်လည်း လိုက်ရဲမှာ မဟုတ်တော့ ကျွန်မပဲအဖော်လုပ်လိုက်တော့မယ်ဆိုပြီး သူတို့အိမ်မှာ ညအိပ်ခဲ့ကြတယ်ရှင့်"

"ဩော်"

"အဲဒါ ဆရာရေ၊ ညဉ့်ဦးပိုင်းကတော့ အေးအေးချမ်းချမ်းအိပ်ရပေမယ့် ညဉ့်သန်းခေါင်လောက်မှာတော့ မီးဖိုဆောင်ဘက်က အိုးတွေခွက်တွေ ဒုန်ဂွမ် ပြုတ်ကျသံကြားရတယ်။ ဩော်- ဒါကြောင် ကြွက်တိုးတာပဲဆိုပြီး ဆက်အိပ်နေတယ်။ အဲဒါဘာမှမကြာလိုက်ဘူး။ ညဉ့်ခန်းဘက်တရှပ်ရှပ်နဲ့လျှောက်ဝင်လာတဲ့ ခြေသံတွေကြားလို့ လန့်နိုးသွားပြန်တယ်။ မိန်းကလေးက 'လာပြီ၊ လာပြီ' ဆိုရင်း သူ့ကိုယ်လုံးတဆတ်ဆတ်တုန်ပြီး ကျွန်မကို အတင်းဖက်ထားတယ်။ အဲဒီအချိန်မှာ ခြေသံတွေဟာ ကျွန်မတို့အိပ်ခန်းထဲဝင်လာသံကြားရတယ်။ ခဏနေတော့ ကျွန်မတို့အိပ်နေတဲ့ ခုတင်ကြီးကငြိမ့်ငြိမ့်လှုပ်လာနေသလိုခံစားရတယ်။ နောက်တော့ ခုတင်လှုပ်တာ တဖြည်းဖြည်းကြမ်းလာပြီး ကျွန်မတို့ရော ခုတင်ပါ လေထဲမြောက်တက်သွားတယ်။ ပြီးတော့ ခုတင်ကြီး လေထဲမှာစောင်းသွားသဖြင့် ကျွန်မတို့ထပြီးကြောက်အားလန့်အားနဲ့ အိမ်ပေါ်က အူယားဖားယားဆင်းပြေးလာခဲ့မိတယ်။ အိမ်ရောက်တော့ ဂါတ်စာရေးကိုပြောပြတော့မှ သူက ကျွန်မတို့ကိုပါ ဆရာ့ဆီခေါ်လာခဲ့တာပါ"

ဂါတ်စာရေးကတော် မျက်လုံးပြူးမျက်ဆန်ပြူးပြောပြနေပုံမှာ ယခုအထိကြောက်ရွံ့နေသေးဟန်ပင်။ သူမမှာ အသက်အားဖြင့် လေးဆယ်ကျော် ငါးဆယ်အတွင်းဖြစ်ပြီး ဝန်ထမ်းလိုင်းအတွေ့အကြုံလည်း အတော်အတန်ရှိပုံထင်ရ၏။

ကျွန်ုပ်မှာ ရှေးရိုးဆန်သော သရဲခြောက်ခြင်းကို အယုံအကြည်မရှိသော်လည်း ဂါတ်စာရေးကတော်လို အမျိုးသမီး၏စကားကိုတော့ ခွင်းချက်ထားကာ စဉ်းစားသင့်သည်ဟု ထင်မိသည်။ ကျွန်ုပ်က တင်မြင့်ဇနီးအား အကဲခတ်လိုက်ကာ -

"နင် တစ်နေ့ညက အခြောက်ခံရတုန်းကကော ဘယ်လိုပုံစံမျိုးလဲ"

"အဲဒီညက ခုန ဂါတ်စာရေးကတော်ပြောတဲ့အတိုင်း အချိန်ရောခြောက်ပုံခြောက်နည်းပါ အားလုံး တစ်ပုံစံတည်းပဲ ဆရာ"

ကျွန်ုပ်မည်သို့လုပ်ရပါမည်နည်း။ ခဏမျှစဉ်းစားလိုက်ပြီးနောက် -

"ဒီလိုလုပ်ဗျာ၊ မနက်ဖြန်ညကျရင် ဒီနေ့အတိုင်းပဲ သည်းခံပြီး ဂါတ်စာရေးကတော်တို့နှစ်ယောက် အိပ်ပေးကြပါ။ ညကျ ကျွန်တော်ကိုယ်တိုင်လာစစ်မယ်"

"ကောင်းပါပြီ ဆရာ"

နောက်တစ်နေ့မှာ ကျွန်ုပ်တာဝန်မှူးကျသောရက်ဖြစ်ပေရာ ထိုနေ့ညဦးပိုင်းတွင် ထောင်တွင်း၌နေပြီး ည (၁၁) နာရီခွဲခန့်၌ သေသူတင်မြင့်နေအိမ်သို့ ထွက်လာခဲ့သည်။ အိမ်အိပ်ခန်းထဲတွင် ဂါတ်စာရေးကတော်နှင့် တင်မြင့်ဇနီးတို့ ရှိနေရာ ကျွန်ုပ်က တိတ်တိတ်နေကြရန် ပြောပြီး ဧည့်ခန်းဘုရားဆောက်အောက် အမှောင်ရိပ်တွင် ထိုင်စောင့်နေမိသည်။

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

ထောင်ဘူးဝ ဗဟိုကင်းဆီမှာ ည (၁၂)နာရီ သံချောင်းခေါက်သံကြားလိုက်ရသည်။ ညသန်းခေါင်တိုင်ပေပြီ။ ဂါတ်စာရေးကတော်တို့ စကားအရ သရဲလာတတ်သည့်အချိန်ပါပေ။ ကျွန်ုပ်အသာငြိမ်ကာ စိတ်ရှည်လက်ရှည်စောင့်နေလိုက်သည်။

ည (၁၂း ၁၅) နာရီ၊ မထူးသေး။

ည (၁၂း ၃၀) နာရီ၊ နေမြဲ။

ည (၁၂း ၃၀) နာရီ၊ ဘာသံမှ မကြားရ။

ည (၁၂း ၄၅) နာရီ၊ လှုပ်ရှားမှု မရှိ။

ဤသို့ဖြင့် နံနက် (၁) နာရီကျော်လာသည်အထိ ဘာအကြောင်းမှမထူး၍ ဂါတ်စာရေးကတော်တို့အား နှုတ်ဆက်ကာ ထောင်ထဲပြန်ဝင်လာခဲ့သည်။ သူတို့အား ဘာမှမပြောခဲ့သော်လည်း နဂိုကပင် ရှေးရိုးအယူအဆများကို မယုံကြည်တတ်သော ကျွန်ုပ်မှာ ယခုကိစ္စမှာလည်း သရဲခြောက်ခြင်းမဟုတ်ဘဲ မိန်းမတို့၏ ကြောက်စိတ်ကြောင့် ထင်ယောင်ထင်မှားဖြစ်ခြင်းဟု ကောက်ချက်ချလိုက်မိသည်။

ကျွန်ုပ်၏ယူဆချက်ကို ပို၍ခိုင်မာအောင်သက်သေထူနိုင်ရန် သေသူ တင်မြင့်အိမ်တွင် သုံးညတိုင်တိုင်စောင့်ကြည့်ခဲ့ပါသေးသည်။ သို့သော် သရဲမဆိုထားနှင့်၊ တစ္ဆေမှင်စာတစ်ကောင်တလေမျှပင် လာမခြောက်ခဲ့ပါချေ။

သို့တိုင်အောင် ကျွန်ုပ်စောင့်မကြည့်တော့သောညများတွင်မူ သေသူ အိမ်တွင် သရဲခြောက်မြဲခြောက်လျက်ပင် ရှိကြောင်း ဝန်ထမ်းများထံမှ ကြားရပြန်ပါသည်။

ဒီတော့ ကျွန်ုပ်ဘာကိုယုံရပါတော့မည်နည်း။

တစ်နေ့ ကျွန်ုပ်၏ဦးလေးတော်သူ အငြိမ်းစား ထောင်ပိုင်ကြီး အညာဘုရားဖူးလာရင်း အိမ်သို့ရောက်လာရာ ကျွန်ုပ်က သရဲခြောက်သည့်ကိစ္စကို ရှင်းပြလိုက်မိ၏။

"ဟာ - ငါ့တူက ကိုယ့်ကိုယ်ကိုယ် မင်းမိန့်ပိုင်ရှင်ဖြစ်နေမှန်းမသိဘဲကိုးကွ"

"ခင်ဗျာ၊ ဘယ်လို မင်းအာဏာရှင်လဲ ဦးလေး"

ကျွန်ုပ်က အံ့အားတသင့်မေးမိသည်။

"ငါတို့ အစိုးရဝန်ထမ်းတွေ ဆိုတာ အထက်ကလာတဲ့ မင်းမိန့်အတိုင်း လိုက်နာ ဆောင်ရွက်ရတာချည်းပဲကွ။ အဲဒါကြောင့် ငါတို့ကိုယ်တိုင် မင်းမိန့်ကိုပိုင်ဆိုင်တဲ့သဘောမျိုးဖြစ်နေတယ်လေ။ အကယ်၍ မင်းကသာ ဒုတပ်ကြပ်တင်မြင့်ရဲ့ရုပ်အလောင်းရှေ့မှာ အထက်ကပေးတဲ့ အမိန့်ပြန်တမ်းကိုသာ ဖတ်ခဲ့လိုက်မယ်ဆိုရင် အဲဒီဝန်ထမ်း မင်းမိန့်အတိုင်း သူသွားလိုရာကိုသွားနိုင်မှာ အမှန်ပဲကွ။ ခုတော့ မင်းက ရှေးရိုးစဉ်လာကို ဆန့်ကျင်အရွဲ့တိုက်ပြီး အမိန့်ပြန်တမ်းမဖတ်ခဲ့တော့ သေသူဟာ မကျွတ်မလွတ်နိုင်ဘဲ သူ့ဘဝဟောင်းကအိမ်မှာပဲ တဝဲလည်လည်ဖြစ်နေရတယ်လေကွာ။ ပြီးတော့ မင်းကသရဲခြောက်တာမယုံလို့ဆိုပြီး သေသူအိမ်မှာ သုံးညတိုင်တိုင် သွားစောင့်တာတောင် သရဲအခြောက်မခံခဲ့ရဘူးနော် ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"ဘယ်လာအခြောက်ခံရပါ့မလဲ။ မင်းမိန့်ပြန်တမ်းဖတ်ဖို့အာဏာရှိတဲ့ မင်းကို သရဲကကြောက်တယ်လေ။ အဲဒါကြောင့် မင်းလာရင် ရှောင်နေပြီး မင်းမရှိတော့မှပြန်ခြောက်နေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"မင်းတစ်ခုသိထားဖို့က ရှေးထုံးဆိုတိုင်း ပယ်ပစ်ရမှာမဟုတ်ဘဲ လောကမှာ ငါတို့ လူသာမန်တွေရဲ့ အသိဉာဏ်နဲ့ လိုက်လို့မမီနိုင်တဲ့အရာတွေ အများကြီး ရှိနေတယ်ဆိုတာကိုပဲကွ"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် သဘောပေါက်ပါပြီ။ ဒါဆို ဒီပြဿနာ ရှင်းသွားအောင် ကျွန်တော်ဘယ်လို ဆက်လုပ်ရမလဲ"

"ဒါကလွယ်ပါတယ်၊ သင်္ချိုင်းထဲက ဒုတပ်ကြပ်တင်မြင့်ရဲ့မြေပုံရှေ့မှာ အမိန့်ပြန်တမ်းသွားဖတ်လိုက်ရုံပါပဲ"

ဦးလေးစကားမှန်လှပါ၏။ အံ့သြစရာကောင်းသည်မှာ ကျွန်ုပ်ကိုယ်တိုင် သေသူ၏ မြေပုံရှေ့တွင် အမိန့်ပြန်တမ်း သွားဖတ်ပြီးသည့်နေ့မှစ၍ သရဲခြောက်သည်ဆိုသောအသံ လုံးဝ မကြားရပါတော့ချေ။

ပီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ၁၉၈၈ အရေးအခင်းကြီးမဖြစ်မီကာလပါ။ မန္တလေးဗဟိုစာတိုက်ကြီးအနောက်ဘက် သူဌေးတန်းက ကျွန်တော့်နေအိမ်ကို အောင်ပုဗ္ဗမာတ်နန်းအဖြစ် အဘဘိုးမင်းခေါင် အသုံးပြုနေချိန် ဖြစ်ပါတယ်။ တစ်နေ့မှာ ဦးထွန်းခင် မောင်းပြီး နဂါးဒေါ်ဦး လိုက်ပါလာတဲ့ ဂျစ်ကား ကျွန်တော့်အိမ်ရှေ့ရောက်လာခဲ့တယ်။ အရင်ကလည်း လာနေကျမို့ နဂါးဒေါ်ဦးက ကျွန်တော်တို့မိသားစုနဲ့ ခင်မင်နေပါတယ်။ ဒီနေ့မှာတော့ ထူးထူးခြားခြား အဘက ကျွန်တော်တစ်ဦးတည်းကို တစ်ဘောင်တစ်ခုလိုက်ရေးခိုင်းနေခိုက်မှာ ဒေါ်ဦး ရောက်လာတာဖြစ်ပါတယ်။ ဒေါ်ဦးက အဘသားသမီးတပည့်တွေ ထုံးစံအတိုင်း လက်အုပ်ချီပြီး -

"အဘ၊ သမီးကို ဝင်ခွင့်ပြုပါ"

အဘကလည်း -

"အေးအေး - ဝင်ခဲ့၊ ဝင်ခဲ့"

ကားမောင်းဆရာ ဦးထွန်းခင်က မလှမ်းမကမ်းနေခဲ့ပြီး ဒေါ်ဦး တစ်ယောက်တည်း အဘရှေ့မှာ ဝင်ထိုင်ပါတယ်။

အဘက -

"အောင်သိန်းကျော်၊ မြေသန့်သန့်လေးရှာပြီး ငှက်ပျောရွက်ကတော့မှာ ထည့်ယူလာခဲ့"

ကျွန်တော်လည်း -

"ဟုတ်ကဲ့ပါ အဘ"

လို့ ပြန်ဖြေပြီးတာနဲ့ (၂၂) စီလမ်းမတန်းမှာ တိုက်ဆောက်နေလို့ သဲပုံကြီးရှိနေတာကြောင့် ပိုင်ရှင်နဲ့သွားတွေ့ရပါတယ်။

"ကျွန်တော့်ကို သဲလက်တစ်ဆုပ်လောက်ယူခွင့်ပြုပါ"

တစ်ရပ်ကွက်တည်း အတူနေသူချင်းဖြစ်တာကြောင့် ပိုင်ရှင်ကလည်း-

"ဟာဗျာ - ဒီလောက်လေးများခွင့်တောင်းနေရသေးတယ်။ ကြိုက်သလောက်ယူပါဗျာ"

"ကျေးဇူးပဲဗျာ"

ဆိုပြီး သဲလက်တစ်ဆုပ်နှင့် အိမ်ပြန်ခဲ့တယ်။ ကျွန်တော့်အိမ်ဘေးမှာ စိုက်ထားတဲ့ ငှက်ပျောပင်ကအရွက်ကို ဓားနဲ့ဖြတ်၊ ရေဆေးပြီး ကတော့လုပ်ကာ ယူလာတဲ့သဲကိုထည့်လိုက်တယ်။ ပြီးတော့ အဘဆီ ဆက်လျှောက်သွားပြီး-

"အဘခိုင်းတဲ့အတိုင်း သဲသန့်သန့်ကို ငှက်ပျောရွက်ကတော့ထဲမှာထည့်ပြီးပါပြီ"

အဘက လှမ်းယူရင်း -

"မယ်ဦး၊ ရှေ့တိုးခဲ့"

ဒေါ်ဦးက လက်အုပ်ချီပြီး အဘအနီးကို တိုးလာတယ်။

အဘက -

"ငါ့သမီး မယ်ဦး၊ လက်ဝါးဖြန့်"

ဒေါ်ဦးလက်နှစ်ဖက်ထဲကို အဘက ငှက်ပျောဖက်ထဲမှာထုပ်ထားတဲ့ သဲမှုန့်ထုပ်လေးပေးပြီးတာနဲ့ -

"ကဲ- ငါ့သမီးပိုင်မြေတွေကို ဒီနေ့ကစပြီး အဘကပြန်ပေးလိုက်ပြီ"

ဒေါ်ဦးမျက်နှာ ဝင်းထိန်သွားပြီး-

"ကျေးဇူးကြီးလှပါတယ် အဘ"

ဆိုပြီး ဒေါ်ဦးက မြေထုပ်ကလေးကို အမြတ်တနိုး မက်မက်မောမော ရင်မှာကပ်ထားပါတယ်။

အဘကတော့ ပြုံးနေပြီး-

"ကဲ - မယ်ဦး၊ နင်က တစ်ဘဝတုန်းက ငါ့စစ်သည်ရဲမက်တွေကို ဆေးလိပ်တွေ ဒါနပြုပြီး အားပေးခဲ့ဖူးတဲ့ စေတနာကို ငါက ထပ်ပြီး ချီးမြှင့်တာ



အောင်သန်းချစ်

ပိုင်ရှင်လက် မြေတွေ ပြန်အပ်ခဲ့တဲ့
အဘဘိုးမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ပော့"

ဒေါ်ဦးက ပြုံးပြုံးရွှင်ရွှင်နဲ့ -

"ဦးအောင်သိန်းကျော်တို့ကို သမီး ဘတ်လမ်းစုံပြောခွင့်ပြုပါ အဘ"

"အေး - ကောင်းတယ်၊ ပြောပြ လိုက်ပါ။ တစ်ချိန်ကျရင် ငါ့သား အောင်သိန်းကျော်က တိုင်းပြည်ကို တင်ပြပေး လို့ရတာပေါ့"

ဒီတော့မှ ဒေါ်ဦးက -

"ကျွန်မကိုတော့ မြန်မာတစ်ပြည် လုံးက နဂါးဒေါ်ဦး ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်တို့ရဲ့ အလှူရှင်အဖြစ် ရော နဂါးဆေးပေါ့လိပ်ပိုင်ရှင်အဖြစ်ပါ အားလုံး သိပြီးသားပါ။ ဗိုလ်ချုပ်နေဝင်း တက်လာတော့ ကျွန်မကို ရုံးတင်ပြီး ထောင်ချခဲ့တာလည်း တိုင်းကျော်ပြည် ကျော်ပါ။ အခုတော့ ကျွန်မဆေးလိပ်ခုံ တွေကိုလည်း လုပ်သားကောင်စီပိုင်ဆို ပြီး ဆက်လုပ်ကြရင်း လုပ်ငန်းတွေရပ် ကုန်ကြပါပြီ။ ကျွန်မပိုင်မြေနဲ့အဆောက် အအုံတွေကိုလည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကထိန်းသိမ်းထားပါတယ်။ ခုတော့ အဘက ကျွန်မမြေတွေကိုကျွန်မ လက်ထဲ ပြန်ထည့်ပေးလိုက်ပါပြီ"

ဒေါ်ဦး ခေတ္တအပြောရပ်သွားခိုက် မှာ ကျွန်တော်က -

"ဒါနဲ့ မေမေဦးက တစ်ဘဝတုန်း က အဘရဲ့စစ်သည်ရဲမက်တွေကို ဆေး လိပ်ဒါနပြုခဲ့တာလေး ပြောပြပါဦး"


"ဩော် - ဒါလား၊ အဘက အဲဒီ တုန်းက ဘုရင်ကွယ့်။ အဘဦးစီးပြီး စစ် သည်ရဲမက်တွေနဲ့ တပ်ထွက်တော့ လမ်း ဘေးကနေ ဆေးလိပ်တွေ လက်ဆောင် ပေးပြီး အောင်နိုင်စေကြောင်း အားပေး ခဲ့တယ်။ ဒါကိုလည်း အဘကပြန်ပြောပြ ခဲ့တာပါ။ ဒီအဖြစ်အပျက်ကို အဘပြန် ပြောပြချိန်တုန်းက မေမေဦးက ဆေး လိပ်ဗန်းလေးနဲ့သာ ဆေးပေါ့လိပ်ရောင်း နေရတဲ့ကာလပါ။ အဘက အဲဒီအတိတ် တုန်းကအကြောင်းကိုပြောပြပြီး ငါ့သမီး နဂါးမယ်ဦး ဒါနခန်းကြီးဖွင့်ပေတော့။ နိုင်ငံကျော် နဂါးဆေးပေါ့လိပ်ဟော့လို့ ဓာတ်ပေးခဲ့တယ်"

ကျွန်တော်က တအံ့တဩနဲ့ -

"မေမေဦးက အဘနဲ့ ဟိုးရှေးဘဝ တွေကတည်းက ဆက်နွယ်ခဲ့တာပဲနော"

ဒီတော့ အဘက ကြားဝင်ပြီး-

"မယ်ဦးတင်မကဘူး၊ အခု ဓမ္မရုံ ဓာတ်ပေါင်းစု ငြိမ်းချမ်းရေးအောင်စေတီ တော်မြတ်ကို ပျဉ်းမနား အိုးဘိုဂူတောင် ပေါ်မှာ သွားတည်နေကြတဲ့ မင်းတို့ ရတနာပုံ မိသားစုအားလုံးလည်း တစ် ဘဝတုန်းက ငါနဲ့ ဆုံခဲ့ကြသူတွေပဲကွ"





www.burmeseclassic.com

www.burmeseclassic.com



နဂါးဒေါ်ဦး (မျက်မှန်တပ်ထားသူ)

"ကျွန်တော်လည်း သိချင်ဇောနဲ့-
"အမိန့်ရှိပါ အဘ"

"တစ်နေ့မှာ ငါတရားအားထုတ်နေတဲ့ တောကျောင်းလေးဆီ မင်းတို့တစ်သိုက် ရောက်လာကြတယ်။ ရေခပ်၊ ထင်းခုတ်ပြီး ဆွမ်းတွေ၊ ဟင်းတွေချက်ကြတယ်။ တပျော်တပါး ချက်ပြုတ်ကြပြီး ငါ့ကို ဆွမ်းကပ်ရင်း ငါ့သာသနာပြုလုပ်ငန်းမှာ ပါဝင်ကူညီနိုင်သူတွေ ဖြစ်ရပါစေကြောင်း ဆုတောင်းသွားခဲ့ကြတယ်။ ဒါကြောင့် အခုဘဝမှာ ကုလားလေးကို နာမ်ကိန်းပြီး မင်းတို့နဲ့ စေတီတည်နေတာပဲ"

ခဏကြာတော့ နာမ်ကိန်းနေရာက အဘပြန်ကြွသွားပြီးတာနဲ့ ဒေါ်ဦးက ဝမ်းမြောက်ဝမ်းသာ သဲထုပ်လေး ရင်ဝယ်ပိုက်ပြီး ပြန်သွားတော့တယ်။

✥

၁၉၈၈ ခုနှစ် အရေးအခင်းကြီးအပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်အုပ်စိုးနေချိန် ဖြစ်ပါတယ်။ ကျွန်တော်ပြောင်းနေထိုင်တဲ့ (၁၄) လမ်းက အိမ်သစ်ကို အဘက ခေါင်ပရမေတ်နန်းအဖြစ် အသုံးပြုနေချိန်မှာ တောင်းအေ့(စ်)ကားဖြူသစ်တစ်စီး ကျွန်တော့်ခြံဝမှာ လာရပ်ပါတယ်။ ကားထဲက ဒေါ်ဦး ဆင်းလာပြီး -

"ဒီနေ့ အဘကြွမလား"

"အဆင်သင့်ပဲ မေမေဦး၊ အဘသား အဝတ်လဲနေတယ်။ မကြာခင် အဘကြွမယ်တဲ့"

ဒေါ်ဦးက ကျွန်တော့်ကိုကြည့်ရင်း -

"မေမေဦး ရွှေလက်ဝါးဆေးရွက်ကြီးတွေပို့ထားတာ ကုန်သွားရင်ပြောနော်။ အဘက ဗမာဆေးစစ်စစ်၊ ထုံး၊ ကွမ်းသီးပဲသုံးတာကွယ့်"

ဟုတ်ပါတယ်၊ အဘကွမ်းယာမှာ ဗမာဆေး၊ ကွမ်းသီးနဲ့ ထုံးပဲ ကျွန်တော်တို့ ထည့်နေကျ ဖြစ်ပါတယ်။

မကြာခင် အဘကြွလာတော့ ဒေါ်ဦးက -

"အဘပြန်ပေးတဲ့မြေတွေ သမီးပြန်ရလို့ မြောက်ပြင်ကမြေကွက်ကို မြစ်ဖျားဇရာကုမ္ပဏီကို ရောင်းခဲ့ပါတယ်။ စကြာယာဉ်တစ်စီး သမီးဝယ်ခဲ့ပါတယ်။ အဲဒီစကြာယာဉ်အန္တရာယ်ကင်းအောင် အဘမေတ္တာပြုပေးပါ"

ကျွန်တော်လည်း မထင်မှတ်တဲ့ စကားကြားရတာကြောင့်-

"အဘ သားကို မေးခွင့်ပြုပါ"

"မေးပါ၊ မင်းသိချင်တာတွေ မယ်ဦးကို မေးပါ"

"မေမေဦး၊ မြေတွေပြန်ရတယ်လို့ အဘကို လျှောက်တာကြားလိုက်ရလို့ပါ။ ဘယ်လိုလုပ်ပြီးပြန်ရတာလဲ"

"ဪ - ဒါလား၊ ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်တုန်းက လူအုပ်ကြီးက မဆလဆိုင်းဘုတ်တွေအကုန်လုံးကို ရိုက်ဖြုတ်ပစ်တဲ့အထဲမှာ မေမေဦးဆေးလိပ်ခုံတွေမှာကပ်ထားတဲ့ ဆိုင်းဘုတ်တွေလည်း ပါသွားခဲ့တယ်။ ဒါကြောင့် မေမေဦးက မြေစာရင်းဌာနသွားပြီး စုံစမ်းတော့ မြေပုံထဲမှာ ဒေါ်ဦးနာမည်ပဲပေါက်နေတာ ဒေါ်ဦးပိုင်တာပေါ့တဲ့။ မဆလပါတီဆိုင်းဘုတ်တွေက လုပ်သားကောင်စီဝင်တွေ သူတို့ဘာသာတပ်ထားတာမို့ မြေပုံမှပေါက်နေတဲ့ အမည်ကသာ တရားဝင်တယ်တဲ့။ ရောင်းဝယ်ခွင့် မေမေဦးမှာပဲရှိတာလို့ ရှင်းပြလိုက်ကြတယ်။ ဒါကြောင့် မေမေဦးလည်း မြောက်ပြင်က မြေတစ်ကွက် ရောင်းခဲ့တယ်"

ဒေါ်ဦးစကားဆုံးတော့ အဘက ကျွန်တော့်ကို -

"အောင်သိန်းကျော် - အုန်းလက် (၇) လက်ခြွေ၊ ရေဆေးပြီး ယူလာခဲ့"

"ဟုတ်ကဲ့ပါ အဘ"

"အုန်းလက် (၇) လက်ကို အဘက ဒေါ်ဦးလက်ထဲထည့်ပေးရင်း-

"ကဲ- မယ်ဦး၊ ဒီအုန်းလက်တွေကို သမီးစကြာယာဉ်ဦးမှာ ထိုးလိုက်။ အန္တရာယ်ကင်းပါတယ်။ ငါ့သမီးကြီးလည်း ဇရာပိုင်းရောက်နေပြီ။ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ဒါနခန်းဆက်ဖွင့်ပေတော့"

"ဟုတ်ကဲ့ပါ အဘ"

အဘက ဆက်ပြီး -

"ပြောလက်စနဲ့ ငါ့သား အောင်သိန်းကျော်တို့ နင့်လိုမဖြစ်ရလေအောင် ငါပြောပြမယ်။ ဒီနိုင်ငံမှာ နင်ပြုခဲ့တဲ့ စေတီ၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်တွေ လက်ညှိုးထိုးမလွဲအောင် ငါ့သမီး မယ်ဦး ဒါနပြုခဲ့တယ်နော်။ ဒါပေမယ့် နင့်ဘဝမှာ ဝေယျာဝစ္စကုသိုလ်ပါမသွားနိုင်တော့ဘူး။ ဒီအချိန် ဒီအရွယ် ဒီကျန်းမာရေးမျိုးနဲ့ ဝေယျာဝစ္စကုသိုလ်ယူဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူးမဟုတ်လား မယ်ဦး၊ ဒါကြောင့် အရွယ်ကောင်းတုန်း၊ကျန်းမာရေးကောင်းတုန်းမှာ ဝေယျာဝစ္စကုသိုလ် ပြုကြဖို့ ငါ့သားသမီးတွေ သိရအောင် နင့်ကို သက်သေထူပြတာပဲ မယ်ဦး"

ဒေါ်ဦး မျက်ဝန်းအစုံက မျက်ရည်တွေ စီးကျလာရင်း -

"ဟုတ်ပါတယ် အဘ၊ သမီးက အလှူဒါနပြုတိုင်း ငွေပဲထုတ်ပေးခဲ့မိ တယ်။ ကာယအားမပါခဲ့ပါဘူး"

"ကဲကဲ - ငါ့သမီး၊ နင့်ဒါနတွေက မရေမတွက်နိုင်လောက်အောင် များ ပါတယ် စိတ်မကောင်းဖြစ်မနေပါနဲ့၊ ငါ့ သားသမီးတွေ သင်ခန်းစာယူနိုင်အောင် သာ နင်နဲ့ သာဓကပြတာပါ။ ကဲကဲ - ငါ့သမီးကြီး ပြန်ပေတော့"

ဒေါ်ဦးက မျက်ရည်သုတ်ပြီးတာ နဲ့ လက်အုပ်ချီရင်း အဘကို မျက်နှာ နောက်ဆုတ်ပြီး အိမ်ဝရောက်မှ ကျော ခိုင်းထွက်ခွာသွားပါတော့တယ်။

အောင်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဗေဒင်လောကထဲဝင်မယ်ဆိုတော့ ဆရာက မှာပါတယ်။ ဗေဒင်ဆရာအလုပ်ဟာ စေတနာထားတတ်ရင် ကုသိုလ်ရတယ်။ ကုသိုလ်ရတယ်ဆိုတာ တခြားမဟုတ်ဘူး။ အခက်အခဲတွေ့နေသူကို ကူညီပေးတဲ့အလုပ်မို့လို့ပဲ။ လိုအပ်တဲ့အကူအညီကို ပေးနိုင်အောင်လည်း ဗေဒင်ဆရာမတစ်ယောက်အနေနဲ့ အားလုံးကို လေ့လာထားရမယ်၊ အားလုံးသိထားရမယ်၊ ပညာရှင်ကြီးတွေကို လေးစားတတ်ရမယ်လို့ ဆရာက ဆုံးမဩဝါဒပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာက ဆရာကြီးဦးဖေအောင်၊ ဆရာကြီးဦးထွန်းခေါင်တို့ထံသွားရောက်ပြီး နည်းနာများကို ခံယူစေပါတယ်။ ဗေဒင်ပညာဆိုတာ သမုဒ္ဒရာကြီးလောက်ကျယ်လို့ သင်လို့မကုန်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မ မသိတာ၊ မရှင်းတာတွေကို ဆရာ့ထံမှာ အမြဲတမ်း မေးမြန်းပညာယူရပါတယ်။ တစ်နေ့မှာတော့ ဆရာရဲ့တပည့် တရုတ်လူမျိုးတစ်ယောက် ရောက်လာပါတယ်။ ထိုသူလည်း ဆရာ့ဆီက ဗေဒင်ပညာသင်ယူပြီး နိုင်ငံခြားသားတွေကို ဟောနေပါတယ်။

"ဆရာလျှောင်ဆု၊ ဒီအဝိုင်းကြီးက ဘာအဝိုင်းကြီးလဲ"

လို့ ကျွန်မ မေးလိုက်ပါတယ်။

"ဆရာမ မသိဘူးလား၊ ဒါ ရှေးတရုတ်ပညာရဲ့ အဓိကကျတဲ့ 'လိုပန်' လို့ခေါ်တဲ့ မီတာပေါ့"

"ဒီလိုပန်ကို ဘယ်နေရာမှာ သုံးပါသလဲ"


"အိမ်အနေအထား၊ ပစ္စည်းထားရမယ့်အရပ်တွေကို ဒီမီတာမှာပါတဲ့ သံလိုက်အိမ်မြှောင်နဲ့ တိတိကျကျတိုင်းပြီး ပစ္စည်းတွေထားရတယ်။ အထားအသိုတတ်မှအကျိုးရှိပြီး အပြစ်ကင်းတာပေါ့ ဆရာမရဲ့"

"ကဲ- ခင်စံသူ၊ ဆရာလျှောင်ဆုတို့ တရုတ်ပညာမှာရှိသလို တို့ရဲ့မြန်မာဗေဒင်ပညာမှာလည်း ရှိတယ်မဟုတ်လား"

"ရှိပါတယ် ဆရာ။ ပရိဝါရ၊ အာယု စတဲ့ ရှစ်ခွင်ပညာဟာ အလွန်အသုံး

# လူတိုင်းကြုံတွေ့ရမည့် ဘုမ္မိ

ဒေါ်ခင်စံသူ
(B.Sc)





www.burmeseclassic.com

www.burmeseclassic.com

ဝင်တဲ့ပညာ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဘုရားကျောင်းဆောင်ထားရမယ်၊ ဘယ်နေရာမှာ တံခါးပေါက်ထားရမယ် ဆိုတာ ရှိပါတယ်"

"ကျွန်တော်ကတော့ အခုမှ မြန်မာဗေဒင်ပညာကို လေ့လာနေဆဲမို့ သိပ်မသိသေးဘူး ဆရာ"

"ကျွန်မတို့ကို ဆရာ မကြာခဏ ပြောနေတဲ့ ဘုမ္မိဆိုတာ ပရိဝါရရှစ်ခွင်ထဲကပဲ။ ဘုမ္မိဆိုတာ မွေးနံကထောက်ရင် လေးခွင်မြောက်ဂြိုဟ်ကိုခေါ်တာ။ မွေးနံကစပြီး ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သီရိ ဆိုပြီး ရှစ်ခွင်ရှိတယ်"

"အရေးကြီးတာကတော့ ဘုမ္မိ၊ အာယု၊ တေဇ၊ သီရိ ဆိုတဲ့ လေးခွင်ဟာ သိပ်အရေးကြီးတယ်။ ကဲ- ခင်စံသူ၊ ဒီအကြောင်းကို ရှင်းပြလိုက်ပါဦး။ တနင်္ဂနွေသားသမီးရဲ့ဘုမ္မိဟာ တောင်အရပ်၊ တနင်္လာသားသမီးရဲ့ဘုမ္မိဟာ အနောက်တောင်အရပ်၊ အင်္ဂါသားသမီးရဲ့ဘုမ္မိကတော့ အနောက်အရပ်၊ ဗုဒ္ဓဟူးသားသမီးရဲ့ ဘုမ္မိအရပ်က အနောက်မြောက်၊ ကြာသပတေးသားသမီးရဲ့ဘုမ္မိအရပ်က အရှေ့မြောက်အရပ်၊ သောကြာသားသမီးရဲ့ ဘုမ္မိအရပ်က အရှေ့တောင်အရပ်၊ စနေသားသမီးရဲ့ ဘုမ္မိအရပ်က မြောက်အရပ်တို့ ဖြစ်ပါတယ်"

"အေး- ဟုတ်တယ်၊ အဲဒီဘုမ္မိက လူတွေကို ဒုက္ခပေးတတ်တယ်။ ဘုမ္မိလေးခွင်ကို အခြေပြုပြီး မွေးနံက ရေတွက်လို့ ခုနစ်ခွင်မြောက်ကို ဘုမ္မိလေးလို့ခေါ်တယ်။ ရှေးပညာရှင်တွေက လေးခွင်မြောက်မှာ ဂြိုဟ်အိပ်ပြီး ခုနစ်ခွင်မြောက်မှာ သက်ရောက်ခဲ့တယ်ဆိုရင် ဘုမ္မိကြီးလို့ ခေါ်တယ်။ အသက်အန္တရာယ်၊ လူမှုရေး၊ စီးပွားရေးတွေ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်တတ်တယ်။ ဒါကြောင့် ရှေးဆရာကြီးတွေက အလင်္ကာရေးစပ်ခဲ့ကြတယ်"

"ကျွန်တော်လည်း ဘုမ္မိကြီးကျတဲ့နှစ်မှာ တော်တော်ဒုက္ခရောက်ခဲ့တယ်။ ဆေးရုံတက်၊ ခွဲစိတ်ကုသမှုခံခဲ့ရတယ်။ ဆရာမလည်း ဘုမ္မိကြီးကျတဲ့နှစ်ရောက်ရင် သတိထားဦးနော်"

"ကျွန်မကတော့ သိပ်မစိုးရိမ်ရပါဘူး။ ဘုမ္မိကြီးကို ကာကွယ်တဲ့ အကာအကွယ်ယတြာတွေ ဆရာ့ဆီက ရထားလို့ပါပဲ"

"ဘုမ္မိအကြောင်းကို ပညာရှင်တွေက ဆောင်းပါးတွေရေးခဲ့ကြ၊ ကာကွယ်

အရှေ့မြောက် — အရှေ့ — အရှေ့တောင်

မြောက် — တောင်

အနောက်မြောက် — အနောက် — အနောက်တောင်

| | | |
|---|---|---|
| ပရိဝါရ | အာယု | နဂရ |
| သီရိ | **တနင်္ဂနွေ** | ဘုမ္မိ* |
| ဌာန | တေဇ | ဂဟပတိ |

| | | |
|---|---|---|
| သီရိ | ပရိဝါရ | အာယု |
| ဌာန | **တနင်္လာ** | နဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ* |

| | | |
|---|---|---|
| ဘုမ္မိ | ဂဟပတိ | တေဇ |
| နဂရ | **ကြာသပတေး** | ဌာန |
| အာယု | ပရိဝါရ | သီရိ |

| | | |
|---|---|---|
| ဌာန | သီရိ | ပရိဝါရ |
| တေဇ | **အင်္ဂါ** | အာယု |
| ဂဟပတိ | ဘုမ္မိ* | နဂရ |

| | | |
|---|---|---|
| အာယု | နဂရ | ဘုမ္မိ* |
| ပရိဝါရ | **သောကြာ** | ဂဟပတိ |
| သီရိ | ဌာန | တေဇ |

| | | |
|---|---|---|
| တေဇ | ဌာန | သီရိ |
| ဂဟပတိ | **ဗုဒ္ဓဟူး** | ပရိဝါရ |
| ဘုမ္မိ* | နဂရ | အာယု |

| | | |
|---|---|---|
| ဂဟပတိ | တေဇ | ဘုမ္မိ |
| ဘုမ္မိ* | **စနေ** | သီရိ |
| နဂရ | အာယု | ပရိဝါရ |

နည်းယတြာတွေလည်းရေးခဲ့ကြပါတယ်"

"ဆရာ၊ ဘုမ္မိရဲ့ အကြောင်းကို နောက်ထပ်သိချင်ပါသေးတယ်။ ရှင်းပြပေးပါဦး ဆရာ"

"မြန်မာဗေဒင်ပညာမှာ ဘုမ္မိက သိပ်အရေးကြီးတယ်။ ဒါတင်မကသေးဘဲ အဲဒီဘုမ္မိအရပ်ကို သွားရေးလာရေးအစ ရှောင်ကြရတယ်"

"ဆရာ၊ အဲဒါတော့ ကျွန်မကိုယ်တွေ့ပါပဲ။ ကျွန်မမိတ်ဆွေ အင်္ဂါသားတစ်ယောက် အနောက်ဘက်လှည့်ပြီး အိမ်ကိုဆောက်မိတယ်။ ပစ္စည်းကုန်လူပန်းဖြစ်ခဲ့ရတယ်။ ကျွန်မဆီမှာ ဗေဒင်မေးနေတဲ့ ဆရာဝန်မလေးကို ယတြာလုပ်ပေးတာ စီးပွားရေးတော့ကောင်းရဲ့။ ဒါပေမယ့် ကျန်းမာရေး၊ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

| နေ့သား/သမီး | အလင်္ကာ | ဂြိုဟ်အိုင် | သက်ရောက် | ဘုမ္မိကြီး ကျသောနှစ် |
|---|---|---|---|---|
| တနင်္ဂနွေ | ဦး-လှ-ရှာ | ဗုဒ္ဓဟူး ၃၀နှစ်မှ ၄၆နှစ် | ရာဟု | ၃၁နှစ်၊ ၃၉နှစ် |
| တနင်္လာ | ကြာ-တော-သား | စနေ ၄၁နှစ်မှ ၅၀နှစ် | သောကြာ | ၄၇နှစ် |
| အင်္ဂါ | စံ-ပါ-အေး | ကြာသပတေး ၃၆နှစ်မှ ၅၄နှစ် | တနင်္ဂနွေ | ၃၉နှစ်၊ ၄၇နှစ် |
| ဗုဒ္ဓဟူး | လေး-ရှာ-က | ရာဟု ၄၇နှစ်မှ ၅၈နှစ် | တနင်္လာ | ၄၇နှစ်၊ ၅၅နှစ် |
| ကြာသပတေး | မြ-ဦး-လူ | တနင်္ဂနွေ ၅၃နှစ်မှ ၅၈နှစ် | ဗုဒ္ဓဟူး | ၅၅နှစ် |
| သောကြာ | သူ-ဇာ-မောင် | အင်္ဂါ ၄၃နှစ်မှ ၅၀နှစ် | ကြာသပတေး | ၄၇နှစ် |
| စနေ | နိုင်-သာ-စွ | သောကြာ ၄၂နှစ်မှ ၆၂နှစ် | အင်္ဂါ | ၄၇နှစ်၊ ၅၅နှစ် |

ရေးက အဆင်မပြေဖြစ်နေတယ်။ သူက သောကြာသမီးပါ။ သူ့အမျိုးသားက လည်း သောကြာသားပဲ။ ဒါနဲ့ ဆရာ့ကို မေးကြည့်တော့ ဆရာက သူတို့ရဲ့အိမ်က အရှေ့တောင်ဘက်လှည့်ရင်လှည့်၊ ဒါမှမဟုတ် သူတို့ရဲ့ ဘုရားကျောင်းဆောင်က အရှေ့တောင်ဘက်လှည့်နေတာဖြစ်ရမယ်တဲ့။ ဆရာ့ဆီမှာ ယတြာတောင်းပြီး ဆောင်ရွက်ပေးမှ အေးချမ်းသာယာတဲ့မိသားစုလေးဖြစ်သွားတော့တယ်"

"အဲဒါလည်း အမှန်ပါပဲ ဆရာ။ ကျွန်တော်လည်း အခုထိ အိမ်ပြောင်းတာ (၁၃) ကြိမ်တောင် ရှိသွားပြီ။ ကျွန်တော်က ဗုဒ္ဓဟူးသားဆိုတော့ အနောက်မြောက်ဘက်လှည့်တဲ့အိမ်နဲ့ကြုံရ၊ ဗုဒ္ဓဟူးကို ရာဟုနဲ့အတူထားရင် အရှေ့ဘက်လှည့်တဲ့အိမ်နဲ့လည်းကြုံရတယ်။ အဲဒီလိုလှည့်တဲ့အိမ်တွေမှာဆို စီးပွားရေးအဆင်မပြေခဲ့ဘူး"

"ဆရာလျှောင်ဆုပြောတာမှန်တာပေါ့။ မိမိရဲ့ဘုမ္မိအရပ်ဆိုတာ မကောင်းနေရာအရပ်ပဲ။ အဲဒီမကောင်းတဲ့နေရာအရပ်မှာ မြင့်မြတ်တဲ့ ဘုရားကျောင်းဆောင်ထားရင် လူကိုခိုက်စေတာပေါ့။ ဘုမ္မိဆိုတဲ့ အဓိပ္ပာယ်က သချိုင်း၊ အညစ်အကြေးစွန့်ရာအရပ်၊ မကောင်းတဲ့အရပ်ကို ခေါ်တာပေါ့"

"တရုတ်လူမျိုးတွေရဲ့ ပညာမှာလည်း အရပ်မျက်နှာနဲ့ပတ်သက်ပြီး လိုပန်လို့ခေါ်တဲ့မီတာရှိနေပေမယ့် ကျွန်တော်တို့ပညာမှာ ယတြာချေတဲ့အခါ တန်ဖိုးကြီးကြီးချေရတော့ အခက်အခဲရှိပါတယ် ဆရာ"

"ဘုမ္မိနဲ့ပတ်သက်ပြီး ဒီပညာဟာ မြန်မာ့ရှေးရိုးပညာပဲ။ အသေမရှိဘူး။ ပညာနဲ့ပတ်သက်ပြီး အရှင်ထားတယ်။ အဓိက အရပ်ရှစ်မျက်နှာနဲ့ပတ်သက်ပြီး ထားသင့်ထားအပ်တဲ့အရာတွေကို မြန်မာ့ပညာနဲ့ စီရင်ထားတာ။ ပထမဦးဆုံး မိမိနေရာအရပ်ကို 'ပရိဝါရ' လို့ ဖော်ပြတယ်။ 'ပရိဝါရ'မှ လက်ယာရစ်ပြီး ရေတွက်တယ်။ အထူးသတိထားရမှာက အညစ်အကြေးစွန့်ရာအရပ်၊ သချိုင်း၊ မကောင်းတဲ့အရာတွေထားတဲ့အရပ်ကို ဘုမ္မိလို့ ဖော်ပြတယ်။ ဥပမာ အမှိုက်ပုံးထားရင်၊ အမှိုက်ပစ်ရင် ဘုမ္မိအရပ်မှာထား၊ ပစ်ရမယ်။ အိမ်သာဆောက်ရင် ဘုမ္မိအရပ်မှာ ဆောက်ရမယ်။ တေဇဆိုတာ ဘုန်းတန်ခိုးကြီးမားတဲ့အရပ်၊ အဲဒီအရပ်မှာ ဘုရားကျောင်းဆောင်ထားလေ့ရှိကြတယ်။

တေဇဆိုတာ မွေးနံကနေ ခြောက်ခုမြောက်အရပ်လို့သတ်မှတ်တယ်။ မြတ်နိုးဖွယ်ရာပစ္စည်း၊ ကျက်သရေရှိတဲ့ပစ္စည်းတွေထားသိုရာအရပ်ကိုတော့ သိရိအရပ်လို့ သတ်မှတ်တယ်။ မွေးနံက ရေတွက်လို့ ရှစ်ခုမြောက်ဟာ သိရိအရပ်ဖြစ်တယ်။ အသက်နဲ့ပတ်သက်တဲ့အရပ်ကတော့ အာယုအရပ် ဖြစ်တယ်။ မွေးနံကနေရေတွက်လို့ နှစ်ခုမြောက်အရပ်ဟာ အာယုအရပ် ဖြစ်တယ်။ ဒီပညာကို အသုံးချပြီး အိမ်ဆောက်တဲ့နေရာမှာ သုံးတယ်။ ဆန်းဗေဒင်ပညာမှာတော့ မူလနာမက္ခရတိုင်ကို အခြေပြုပြီး ဂြိုဟ်တွေရဲ့ ပိုင်ဆိုင်မှု ပရိဝါရ အာယုဆိုပြီး ဖော်ပြတယ်။ ဘုမ္မိအရပ်ကိုမျက်နှာလှည့်တဲ့အိမ်မှာနေတဲ့သူ ဒုက္ခရောက်တဲ့သူရှိသလို ဒုက္ခမရောက်တဲ့သူလည်းရှိတယ်။ ပြည့်စုံအောင်ရှင်းပြပေးပါဆရာ။

ပရိဝါရရှစ်ခွင်ပညာမှာ ဘုမ္မိဆိုတဲ့အရပ်က ဆိုးပေမယ့် သူ့ရဲ့မဟာဘုတ်ခွင်မှာ အဲဒီအရပ်က ကောင်းနေရင် သိပ်ပြီး အခက်အခဲမတွေ့ရတတ်ဘူး။ မဟာဘုတ်မှာဆိုးတဲ့အရပ် အဲဒီမှာ ဘုမ္မိရှိနေရင် အခက်အခဲတွေ့တတ်တယ်။ ဂြိုဟ်တစ်လုံးက အမြဲတမ်းဆိုး၊ အမြဲတမ်းကောင်းနေတာ မဟုတ်ဘူး။ မဟာဘုတ်ကလည်းဆိုး၊ သက်ရောက်ကလည်းဆိုးရင် အဲဒီလူဒုက္ခပိုတွေ့တာပေါ့။ ဘုမ္မိဆိုတာကတော့ မဟာဘုတ်အဆိုးပဲဖြစ်ဖြစ်၊ မဟာဘုတ်အကောင်းပဲဖြစ်ဖြစ် အနည်းနဲ့အများဒုက္ခရောက်ကြတာပါပဲ။ အခုဘုမ္မိဆိုတဲ့ပညာကိုသိထားမယ်ဆိုရင် ကာကွယ်လို့ရမယ်။ အဲဒီတော့ လူတိုင်းသိသင့်တာပေါ့။ ဒီပညာတွေသိထားတာ လူတွေအကျိုးမယုတ်ပါဘူး"

"အကယ်၍များ တနင်္ဂနွေသားသမီးတစ်ယောက် တောင်ဘက်မျက်နှာမူတဲ့အိမ်မှာနေရင်၊ တောင်ဘက်အရပ်ကို ခရီးသွားရမယ်ဆိုရင် ဘယ်လိုယတြာချေသွားမယ်ဆိုတာလည်း သိချင်ပါတယ်ဆရာ။ ဘယ်လိုနေ့သားသမီးတွေကကော အထူးယတြာချေရမလဲဆရာ"

**အထူးယတြာချေရမယ့် အကြွင်းတွေကတော့ -**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | (၁) | ၂ |

၁ ကြွင်းမဟာဘုတ်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | (၁) |
| ၆ | ၃ | ၄ |

၃ ကြွင်းမဟာဘုတ်



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၄ ကြွင်းမဟာဘုတ်

**မိတ်ပေါ်ခာတ်အုပ်**

၅
၂
၆
၁
၄
၀
၃

၆
၃
၀
၂
၅ လက်ပံ
၁
၄

၂
၆
၃
၅ လက်ပံ
၁
၄
၀

၁
၅
၂
၄ မိတ်ပေါ်ခာတ်အုပ်
၀
၃
၆

**တနင်္ဂနွေသားသမီး**

တနင်္ဂနွေရဲ့ဘုမ္မိအရပ်ဟာ တောင်အရပ် ဖြစ်တယ်။ ရှေးဆရာတွေရဲ့ ဘုမ္မိကို ကာကွယ်တဲ့နည်းကတော့ တနင်္ဂနွေရဲ့ မိတ် (အောင်ပ)၊ တနင်္ဂနွေရဲ့ခာတ်မိတ် (အန္တော)၊ မိတ်၊ ခာတ်မိတ်ဖြစ်တဲ့ ပိတောက်ပင်ကို အိမ်ရှေ့မှာ စိုက်ရမယ်။ ရှေးဆရာတွေသုံးခဲ့တဲ့နည်းကို ပြောတာနော်။ မိတ်ပေါ်ခာတ်အုပ်တဲ့နည်းပေါ့"

"တိုက်ခန်းနဲ့ နေထိုင်ကြသူများအတွက် ပိတောက်ပင်ကြီးကို ဘယ်လိုစိုက်မလဲ ဆရာ"

"အပင်စိုက်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ တိုက်ခန်းနဲ့နေထိုင်သူများအဖို့ကတော့ ပိတောက်သားတစ်တောင်မှာ ကာယကံရှင်ရဲ့ ဆံပင်ချည်ပြီး တောင်ဘက်အရပ်မှာထားလို့ရတယ်"

"ဒါ့ပြင် ဆရာ၊ တောင်ဘက်အရပ်ကို ခရီးထွက်ရင် ပိတောက်ဆောင်သွားလို့ရတာပေါ့"

"တနင်္လာသားအတွက်တော့ မိတ်ပေါ်ခာတ်အုပ်လိုက်ရင် လက်ပံပေါ့။ လက်ပံ ဆိုတော့ တချို့က စောလှလေဆန်လို့ပြောမှာပေါ့။ စောလှလေဆန်ဆိုတာ တြိ-စတုကို ခေါ်တာ။ တြိ-စတုကိုတော့ဆောင်ရမယ်လို့ ကျမ်းတွေမှာ မဖော်ပြဘူး။ နင်းကြမ်းလုပ်ရမယ်လို့ ဖော်ပြထားတယ်။ စောလှလေဆန်ဆိုတဲ့ တနင်္လာနဲ့ တြိ- စတုကို ထိုင်ထူရင်-

တနင်္လာ ဆိုတဲ့ မွေးနံတွေဟာ အပေါ်ရောက်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တနင်္လာသား ခရီးသွားတဲ့အခါ တြိ၊ စတုကိုနင်းပြီး အင်္ဂါကိုဆောင်သွားလို့ရတယ်။ တြိက(၃)၊ စတုက(၄)၊ ဇော်စိမ်းအညွန့်က (ဒွိယန်း) (၂)၊ (၃+၄+၂) အဲဒါ နဝင်းပဲ။ အဲဒါကို တြင်းနဝင်းလို့ ခေါ်တယ်"

"ဆရာရှင်းပြတော့မှပဲ အသေချာ သိတော့တယ်။ သစ်ဆိမ့်၊ ပန်းယ ဆိုတာတော့ သစ်ပင်စိုက်ရမယ့်အရပ်၊ နေရမယ့်အရပ်လို့ ဆရာတော် ခင်ကြီးဖျော်က ရေးခဲ့တယ်။ လူဆိုတာ တစ်ခါတလေမှာ ကိုယ်နဲ့ သင့်တော်မယ့် သီရိ၊ တေဇတို့ မျက်နှာလှည့်တဲ့အိမ်ကို ရှာရတာ မလွယ်ဘူး။ ဥပမာ တောင်၊ မြောက်အတိုင်း ဦးတည်နေတဲ့လမ်းမှာနေတဲ့ အင်္ဂါသားတိုင်းဟာ ဘုမ္မိအရပ်ကို လှည့်နေကြတယ်။သချာနည်းအရဆိုရင် ခုနစ်အိမ်တွင် တစ်အိမ်မှာတော့ အင်္ဂါသား ရှိမှာပါ။ ဒါဆို ဘုမ္မိကခိုက်နေပြီး အင်္ဂါသားတိုင်း ဒုက္ခရောက်ရမလိုဖြစ်နေတာပေါ့။ တကယ်တမ်းကျတော့ ဒီလိုမဟုတ်ဘူး။ ဘုမ္မိဆိုတဲ့ ခိုက်တဲ့သဘောတရားဟာ မူလမဟာဘုတ်ကို အခြေပြုပြီး အဆိုးကိုပြောရမယ်။ မူလမဟာဘုတ်မှာ အောက်သုံးလုံး (ပုတိ၊ ဘင်္ဂ၊ မရဏ) ဟာ မကောင်းတဲ့နံတွေဘဲ။ မကောင်းတဲ့နေ့နံတွေထဲမှာ ဘုမ္မိအရပ်ပါခဲ့ရင် အဲဒီဇာတာရှင်အဖို့တော့ ဘုမ္မိရဲ့ဆိုးကျိုးတွေ အများဆုံးခံစားရမယ်"

"ဒါဖြင့် ဆရာ၊ မဟာဘုတ်နဲ့ ဘုမ္မိကို ချိန်ကိုက်ရမှာလား"

"ဟုတ်တယ်၊ ဗေဒင်အချုပ် မဟာဘုတ်ဆိုထားတယ် မဟုတ်လား။ မြို့ပ် အိပ်ကြီးပဲကြည့်ကြည့်၊ သက်ရောက်ပဲ ကြည့်ကြည့် မဟာဘုတ်နဲ့ညှိပြီးမှ အဆိုး အကောင်းကို ဆုံးဖြတ်ရမယ်။

မူလမဟာဘုတ်ဟာ လူတစ်ဦးရဲ့ အခြေခံအုတ်မြစ်ပဲ။ နာမည်မှည့်ပြီ ဆိုပါစို့။ နာမည်တစ်လုံးမှာ မဟာဘုတ်က အုတ်မြစ်၊ အင်္ဂဝိဇ္ဇာတိုင်က ထုပ်၊ လျှောက်ဒိုင်း စတဲ့ အိမ်ပုံစံကြမ်း၊ ဗျူပွတ်၊ ဖြဲဝဏ္ဏာတို့က ဆန်းဗေဒင်ကလာတဲ့အိမ်ကို လှပအောင်သုတ်လိုက်တဲ့ဆေးရောင်တွေပဲ။ အိမ်ဘယ်လောက်ကောင်းကောင်း ဘယ်လောက်လှလှ အခြေခံအုတ်မြစ် မခိုင်ရင် တာရှည်မခံဘူး။ ဒါကြောင့် နာမည်မှည့်တဲ့သူတွေဟာ၊ အင်္ဂဝိဇ္ဇာကို အဓိကထားသူတွေဟာ မဟာဘုတ်ကို အခြေမခံရင်တော့ အောင်မြင်ပြီး အမြန်ဆုံး ကျရှုံးသွားတဲ့သူတွေ အများကြီးပဲ"

"ဆရာရှင်းပြတော့မှ အားလုံး ပြည့်ပြည့်စုံစုံ သိရပါပြီ။

ခုနစ်နေ့သားသမီးတွေအတွက် ဘုမ္မိအရပ်အဆိုးဆုံးကြုံတဲ့ အကြွင်းတွေနဲ့ ယတြာအကြောင်း သိချင်ပါတယ်"

"အဲဒီအကြွင်းတွေကတော့-

| နေ့သား | ဘုမ္မိအရပ် | ယတြာအပင် | အဆိုးဆုံးမဟာဘုတ် အကြွင်းများ |
|---|---|---|---|
| တနင်္ဂနွေ | တောင် | ပိတောက် | ၁ကြွင်း၊ ၃ကြွင်း၊ ၄ကြွင်း |
| တနင်္လာ | အနောက်တောင် | လက်ပံ | ၄ကြွင်း၊ ၆ကြွင်း၊ ၀ကြွင်း |
| အင်္ဂါ | အနောက် | သရက် | ၂ကြွင်း၊ ၄ကြွင်း၊ ၅ကြွင်း |
| ဗုဒ္ဓဟူး | အနောက်မြောက် | ကသစ် | ၁ကြွင်း၊ ၃ကြွင်း၊ ၄ကြွင်း |
| ကြာသပတေး | အရှေ့မြောက် | အင်ကြင်း | ၁ကြွင်း၊ ၅ကြွင်း၊ ၀ကြွင်း |
| သောကြာ | အရှေ့တောင် | စောင်းလျား | ၂ကြွင်း၊ ၃ကြွင်း၊ ၀ကြွင်း |
| စနေ | မြောက် | ဝင်အူ | ၃ကြွင်း၊ ၅ကြွင်း၊ ၆ကြွင်း |

ဤဆောင်းပါးဖြင့် "ဆရာ... ကန်တော့ပါ၏။

ဒေါ်ခင်စိုးသူ (B.Sc



www.burmeseclassic.com

www.burmeseclassic.com

# ကြ္ကာသရမ္မူလီနွယ်ပင်နှင့် ပတ်သက်၍

## စောင်ဝါ(ပျဉ်းမနား)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ကြာသပတေးနေ့ နေ့ခင်းပိုင်းမှာ ကျွန်တော်၏စာဖတ်ပရိသတ်အချို့နှင့် ကြ္ကာသရမ္မူလီပရိသတ် (၃) ဦး ဖုန်းဆက်လာ၍ မြန်မာ့အလင်းသတင်းစာတွင် 'ကြ္ကာသရမ္မူလီကို ရေရှည်စားသုံးပါက ကျောက်ကပ်ပျက်စီးမှုနှင့် ကင်ဆာဖြစ်ပွားနိုင်ကြောင်း' သတင်းဆောင်းပါး ပါလာကြောင်း အသိပေးပြောကြပါတယ်။ သူတို့အပြောမှာ စိုးရိမ်စိတ်လွှမ်းနေတာတွေ့ရပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်ကလည်း ကြ္ကာသရမ္မူလီဆေးအစွမ်းဖြင့် ယနေ့အဖြစ်များနေသော ဘီပိုး၊ စီပိုး၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ ကင်ဆာရောဂါနှင့် နှလုံးသွေးကြောကျဉ်း၊ လေးဖက်နာ၊ အစာအိမ်အနာများ သက်သာပျောက်ကင်းမှု သတင်းကောင်းများကို သုရဿမဂ္ဂဇင်းမှာ အခန်းဆက် ဆောင်းပါးပေါင်းများစွာ ရေးမိသလို ၎င်းတို့ကို စုစည်း၍ Synergy Publication မှ 'ကြ္ကာသရမ္မူလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ်လျော့ချရေး' အမည်ဖြင့် သက်သာ ပျောက်ကင်းစေနိုင်သည့် ပွဲတိုးပင် ကြ္ကာသရမ္မူလီနွယ်ပင် အပွင့်၊ အသီး၊ အရွက်ပုံများနှင့် စာအုပ်တစ်အုပ် ပုံနှိပ်ရောင်းချခဲ့ပါတယ်။

ယခုတစ်လော ရောဂါဝေဒနာများကလည်း အဖြစ်များနေတော့ ယုံကြည်အားထားမှု မျှော်လင့်ချက်ဖြင့် မှီဝဲသုံးစွဲလာကြရာ ပြည်သူများအကြား ကြ္ကာသရမ္မူလီဆေးပင်က အချိန်တိုအတွင်း ရေပန်းစား ကျယ်ပြန့်လာတာ အမှန်ပါ။

၁၆-၁-၂၀၁၃ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၆) တွင် ထိုသတင်းဆောင်းပါးပါလာတာကိုလည်း တွေ့ရှိဖတ်ရပါပြီ။ ခေါင်းစဉ်ပါအတိုင်း ကျောက်ကပ်ပျက်စီးနိုင်မှုနှင့် ရေရှည်အကျိုးဆက် ဘေးထွက်ဆိုးကျိုးများကို ဆေးဝါးပညာရှင် ဒေါက်တာခင်မောင်လွင်နှင့် တွေ့ဆုံမေးမြန်း၍ ပြည်သူများအတွက် ကျန်းမာရေးဗဟုသုတရရှိစေရန် ဆင်ခြင်ချိန်ဆနိုင်ရေး မေးမြန်းဆွေးနွေး ရေးသား ဖော်ပြချက်ကို လေ့လာဖတ်ရှုခဲ့ရပါတယ်။

ဒီနေရာမှာ ကျွန်တော့်အကြောင်းနဲ့ ကြ္ကာသရမ္မူလီအကြောင်း ရေးသားဖြစ်ခဲ့ရတဲ့အကြောင်း အကျဉ်းမျှ ဖော်ပြပါမှ ပြည့်စုံမယ်လို့ ယူဆပြီး အသိပေးအပ်ပါတယ်။ ကျွန်တော်က ပညာရှင် သုတေသနပညာရှင်မဟုတ်ပါ။ ကျောင်း



ပွဲတိုးပင် ကြ္ကာသရမ္မူလီနှင့် အသီးတွဲများ



www.burmeseclassic.com

www.burmeseclassic.com

ဆရာဘဝပြောင်း စိုက်ပျိုးရေးလုပ်ကိုင်ရင်း ကိုယ်တိုင် လေ့လာ သိရှိခံစားရမှု ထူးခြားဖြစ်စဉ်အချို့ကို နှုတ်နဲ့ ပြောပြရုံနဲ့အားမရလို့ စာဖြင့် ရေးသား ဖော်ပြရင်း စာရေးဆရာဖြစ်လာတာပါ။

ကျွန်တော်က ဗီဇဝါသနာအရ မျှဝေတတ်သူ - မျှဝေနေတာပါ။ ခြံလုပ်ငန်းများလုပ်ကိုင်ရင်း လက်လှမ်းမီသမျှ အစွမ်းထက်ဆေးပင်လေးများကို စိုက်ပျိုး မျှဝေမိပါတယ်။ ဝေဒနာရှိသူများ၊ ထိုအစွမ်းထက် ဆေးပင်များကို မှီဝဲသုံးစွဲကြသူများထံမှ နောက်ဆက်တွဲ သက်သာ ပျောက်ကင်းမှု သတင်းကောင်းများကို စာဖတ်ပရိသတ်သို့ အသိပေးရန် ဆောင်းပါးများ ရေးမိခဲ့ပါတယ်။ ဆီးချိုသွေးချိုရောဂါဝေဒနာအတွက် ပျားမြီးရွက်အပင်စိုက်ပျိုးမျှဝေရင်း ဆောင်းပါးများ စုဆောင်းပြီး စာအုပ် (၂)အုပ်အထိ ရေးဖြစ်ခဲ့ပါတယ်။

ဆေးကုသူမဟုတ်သော်လည်း ယုံကြည် အားထားကြတဲ့ ဝေဒနာရှင်များ မှီဝဲစားသုံးကြရာမှ ရရှိလာတဲ့ ပျောက်ကင်းသက်သာမှု သတင်းအချို့ကို ရေးသားခဲ့တာပါ။ ဝါသနာဗီဇကြောင့်၊ ဆန္ဒရဲ့ တွန်းအားလှုံ့ဆော်မှုကြောင့် ပျားမြီးရွက်အပင်များကို ဆက်ပြီးမျိုးပွားစိုက်ပျိုးမျှဝေရင်း အပင်၏နောက်ခံသမိုင်း၊ စိုက်ပျိုးပြုစုပုံနဲ့ စားသုံးမှီဝဲပုံများကိုပါ အသိပေးပြောပြမျှဝေရင်း ဆက်ပြီးလုပ်ဆောင်နေတာ ယနေ့အထိပါပဲ။

အချို့က ခေတ်မီကုထုံးနည်းကိုသာ အားထားယုံကြည်ကြတယ်။ အချို့က မိရိုးဖလာရိုးရာတိုင်းရင်းဆေးကုသနည်းများကိုသာ အားထား ယုံကြည်ကြပြန်တယ်။ အချို့ကတော့ ရှေးနည်းအစဉ်လာအရ ဆေးမြီးတို သို့မဟုတ် မြစ်ချင်းပြီး ဆေးကုသနည်းကိုသာ အားထား မှီဝဲသုံးကြပါတယ်။ မည်သို့သော ကုထုံးနည်းဖြစ်ပါစေ -

*'တစ်ယောက်အတွက်ဆေး၊*
*တစ်ယောက်အတွက်ဘေး*
*တန်ဆေး၊ လွန်ဘေး*
*စားတတ်လျှင်ဆေး၊*
*မစားတတ်လျှင်ဘေး*
*ဆေးစွမ်းဘယ်လောက်ထက်ထက်*
*လူတိုင်းအတွက်မဟုတ်*
*ချင့်ချိန်သုံးစွဲ မှီဝဲခြင်းသည်သာ*
*သက်သာ ပျောက်ကင်းနိုင်ခြင်း၏*
*သော့ချက်ဖြစ်၏'*

ဟူသော ဆိုထုံးကို အလေးထားလိုက်နာကျင့်သုံး မျှဝေ အသိပေး ရေးသား ဖော်ပြနေတာအမြဲပါ။

ကြက်သွန်ဖြူလီ (သို့) ကင်ဆာပျောက်ဆေးပင်နဲ့ ပတ်သက်ပြီး ၎င်း၏ဆေးအစွမ်းဖြင့် နည်းပညာကုထုံးအရ (သို့) ဆရာဝန်လက်လျှော့ထားသူအချို့ ပင် ကံအကျိုးဆက်ကြောင့် ထူးခြားစွာ အချိန်တိုအတွင်း သက်သာပျောက်ကင်းကြသည်မှာ အမှန်ပါ။ အချို့ အသက်ဆက်နိုင်ကြပါတယ်။

အချို့က အကုန်အကျများသော ခေတ်မီကုထုံးများကြောင့် စီးပွားပျက်၊ ဘဝပျက်၊ အသက်ပါ ဆုံးရှုံးခဲ့ကြရပါတယ်။ တတ်နိုင်သည့်အားဖြင့် အချို့ နာမည်ကြီးနိုင်ငံများမှာ သွားရောက်ကုသမှုခံယူခဲ့ကြသော မိသားစုဝင်များ၊ ဆရာဝန်လက်လျှော့လိုက်လို့ ကောက်ရိုးတစ်မျှင်အဖြစ် ကြက်သွန်ဖြူလီအရွက်တစ်ပတ်မျှ မှီဝဲရုံနဲ့ ထူးခြားစွာ သက်သာလာရုံသာမက အသက်ဆက်နိုင်တာမျိုးလည်း ရှိခဲ့ပါတယ်။

ပါတီကြီးတစ်ခုမှ ထိပ်တန်းခေါင်းဆောင်အဖွဲ့ဝင်တစ်ဦးရဲ့ဇနီး အူမကြီးကင်ဆာရောဂါကို စင်ကာပူနိုင်ငံမှာ နှစ်နှင့်ချီ သွားရောက် ကုသခဲ့ရာ ဆရာဝန်လက်လျှော့လိုက်လို့ ကြက်သွန်ဖြူလီ တစ်ပတ်မျှ မှီဝဲရင်း ထူးခြားစွာ သက်သာလာလို့ မိသားစုလိုက် ကျွန်တော်ရဲ့ခြံထဲကိုရောက်လာပြီး ပြောပြအသိပေးသောကြောင့် ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။

ထို့အတူပါပဲ၊ နေပြည်တော်ဆက်သွယ်ပို့ဆောင်ရေးလုပ်ငန်းမှ ဉက္ကဋ္ဌ ဖြစ်သူရဲ့ နှလုံးသွေးကြောကျဉ်းရောဂါကို ကြက်သွန်ဖြူလီ လက် (၂) လုံးခန့် အရွက်တစ်ရွက်နဲ့ ငရုတ်ကောင်းတစ်စေ့ကို တစ်နေ့တစ်ကြိမ်မျှ ဝါးစား၊ ရေသောက်ရုံနဲ့ အချိန်တိုအတွင်း ခွဲစိတ်ကုသမှုရတော့မည့်အခြေအနေမှ နည်းပညာအရ မခွဲစိတ်ရတော့ဘဲ ဖွင့်လို့ရခဲ့ပါတယ်။ ထိုပုဂ္ဂိုလ်က စစ်ရုံးချုပ်မှ နီးစပ်သူတစ်ဦးဖြစ်နေလို့ သူ့ရဲ့ထူးခြားစွာ သက်သာပျောက်ကင်းမှုသတင်းကြောင့် ယခုအခါ ကြည်း၊ ရေ၊ လေ စစ်တပ်များမှ ယုံကြည်အားထားကြသော ရောဂါဝေဒနာရှင်အချို့ ကြက်သွန်ဖြူလီကို မှီဝဲသုံးစွဲလာကြတာ တွေ့ရပါတယ်။

ကြက်သွန်ဖြူလီပြန့်ပွားရေးမှာ လွှတ်တော်ကိုယ်စားလှယ်အချို့လည်း ပါလာပါတယ်။ ကြက်သွန်ဖြူလီဆေးအစွမ်းနဲ့ ထူးခြားစွာ သက်သာပျောက်ကင်းမှုသတင်းကြောင့် ယုံကြည်လက်ခံသော ဆေးဖက်ပညာရှင်အချို့လည်း ပါလာကြသလို အချို့က လက်တွေ့ကုသရာမှာ တွဲဖက်အသုံးပြုလာကြပါတယ်။ အချို့က ညွှန်ပြ တိုက်တွန်းလာကြပါတယ်။

ထိုသို့ထူးခြားသတင်းကောင်းများကို ကျွန်တော်ကထပ်ဆင့်၍ စာဖတ်ပရိသတ်ကို အသိပေးရေးသားဖော်ပြနေမိပါတယ်။ ကောင်းမွန်တဲ့အလုပ်၊ မွန်မြတ်တဲ့အလုပ်လို့ ခံယူထားသူပီပီ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ရေးသားမိတာအမှန်ပါ။ ဒါပေမယ့် ကျွန်တော်ရေးသားဖော်ပြချက်သတင်းများထက် ယုံကြည်မှုဖြင့် မှီဝဲကြသော ဝေဒနာရှင်အချင်းချင်းရဲ့ ကြက်သွန်ဖြူလီဆေးအစွမ်းကြောင့် သက်သာ ပျောက်ကင်းကြတယ်လို့ ဖြန့်ဝေတဲ့သတင်းက ပိုပြီး ပြည်သူများအကြား မျှော်လင့် အားထားယုံကြည်မှု ပိုမိုများပြားစေခဲ့တာက အဓိကဖြစ်ပါတယ်။ လူသတင်း လူချင်းဆောင်ကြတာပါ။

အသက်အန္တရာယ်ထိ စိန်ခေါ်နေသောရောဂါဝေဒနာအချို့ သံဃာတော်များအတွင်းမှာလည်း အချို့ဖြစ်ပွားခံစားနေကြရလို့ ကုသမှုခံယူရတာမျိုးလည်း ရှိခဲ့ပါတယ်။ ဘီပိုး၊ စီပိုးနဲ့ အခြားရောဂါဝေဒနာများပါ ဖြစ်ပွားခံစားနေရတာကြောင့် ပါရဂူနဲ့ ပြသ ကုသမှုခံယူခဲ့ရာ သိန်း (၁၅၀) ကျော် ကုန်ကျမယ့် အခြေအနေမှ ကြက်သွန်ဖြူလီဆေးအစွမ်းသတင်းကိုယုံကြည်ပြီးမှီဝဲခဲ့ရာ အချိန်တိုအတွင်း ကုန်ကျမှုမရှိ ရှင်းရှင်းသက်သာပျောက်ကင်းခဲ့လို့ ဆရာတော်ကြီးမှ ကျွန်တော့်ထံ ထောက်ခံချက် မှတ်တမ်းပေးပို့ခဲ့ပါတယ်။

ထိုဆရာတော်ကြီးက လက်ပံတန်းမြို့နယ် သံဃာ့နာယကဉက္ကဋ္ဌဆရာတော်ကြီး အရှင်စိန္တိတ ဖြစ်ပါတယ်။ ဆရာတော်ကြီးကိုယ်တိုင် ကြက်သွန်ဖြူလီအပင်များ စိုက်ပျိုးလို့ လိုအပ်နေသူများအား လက်လှမ်းမှီသမျှ အာယုဒါနကုသိုလ်ပြုနေရာ အထူးအောင်မြင်နေကြောင်း ကြားသိရပါတယ်။

အထူးသဖြင့် ကြက်သွန်ဖြူလီဆေးအစွမ်းဖြင့် သက်သာ ပျောက်ကင်းမှုသတင်းဆောင်းပါးများကို ဆောင်းပါးအဖြစ် စတင် ရေးသားဖော်ပြရင်း နောက်ဆက်တွဲ လက်လှမ်းမီသမျှ ရရှိသော သက်သာ ပျောက်ကင်းမှုအပြင် မျိုးစိတ်မျိုးကွဲ ကြက်သွန်ဖြူလီ ဆိုတဲ့ ဆင်တူရိုးမှားအပင်အချို့ကိုပင် မြင်တွေ့လာရပြန်ပါတယ်။ အချို့ အင်တာနက်သတင်းများလည်း ပါတယ်။ မှတ်တမ်းမှတ်ရာအချို့ကိုပါ လေ့လာခွင့်ရခဲ့ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မျိုးစိတ်မျိုးကွဲပေါင်း(၅၀၀)ကျော်တောင်ရှိကြောင်းနဲ့ ဓာတ်ပုံမှတ်တမ်းများပါ ခိုင်လုံသောအင်တာနက်သတင်းကို ဦးပြည့်ဖြိုးဆယ် အင်ဂျင်နီယာမှူးနေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မှတ်တမ်းမှတ်ရာများနဲ့တကွ ကျွန်တော့်ထံ ပေးပို့ခဲ့ပါတယ်။ ကျေးဇူးကြီးလှပါပေ့။ စိုက်ပျိုးမှုဝေရင်း နောက်ဆက်တွဲသတင်းကောင်းများကို ကျွန်တော်မှ ဆက်လက် ရေးသား ဖော်ပြမိခဲ့တာပါ။ ထိုအပင်ကို လက်တွေ့ ပွဲတိုးပင်ဟု ကျွန်တော်က ကင်ပွန်းတပ် သတ်မှတ်ခေါ်ဝေါ်မိခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်က သုတေသနပညာရှင် ကျွမ်းကျင်သူ မဟုတ်ပါ။ အခြားသော မျိုးစိတ်မျိုးကွဲ ကြံ့သရမ္မလီအပင်များရဲ့ ဆေးဖက်ဝင်အစွမ်းကို ထောက်ပြနိုင်စွမ်းမရှိတာလည်း ရိုးသားစွာ ဝန်ခံပါတယ်။ ကျွန်တော် အထူးပြုရေးသားဖော်ပြနေတဲ့ ကြံ့သရမ္မလီအပင်လို အခြားသော ကြံ့သရမ္မလီအပင်များရဲ့ဆေးဖက်ဝင်မှုဟာ ထပ်တူမကျနိုင်လို့လည်း ယုံကြည်မိတာ အမှန်ပါ။

ထို့အတူ ကြံ့သရမ္မလီအပင်ရဲ့ ဆေးအစွမ်းဖြင့် ဝေဒနာရှင်များ သက်သာပျောက်ကင်းမှုဟာ ရက်ပိုင်း၊ လပိုင်းအတွင်းသာကြာပြီး ယနေ့အထိ လရှည်၊ နှစ်ရှည် မှီဝဲသုံးစွဲနေသူမျိုး မကြားရမတွေ့ရသေးပါ။ ထို့အပြင် ဘေးထွက်ဆိုးကျိုး သတင်းဆိုး ကြီးကြီးမားမားလည်း မကြားရ၊ မသိရသေးပါ။ ကြံ့သရမ္မလီရဲ့ ဇာတဓာတ်ကြောင့် အခိုးသတ်ရန်၊ ချင့်ချိန် ရပ်နားပြီး ဆက်လက်မှီဝဲသုံးစွဲနိုင်တာမျိုးလည်း တွေ့ရပါတယ်။

မြန်မာ့အလင်း သတင်းစာမှ ပညာရှင် ဒေါက်တာခင်မောင်လွင်မှ ကြံ့သရမ္မလီပင် ဓာတုဖွဲ့စည်းပုံနှင့် ဆေးဖက်ဝင်မှု ဆင်ခြင်သတိပြုနိုင်ရန် ဘေးထွက်ဆိုးကျိုးအချို့ကို အသိပေး ပြောကြား ထောက်ပြလာလို့ ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုပါတယ်။ အသိတိုးရပါတယ်။ ရှေ့ဆက်လည်း လိုအပ်သလို ထောက်ပြ အသိပေးပါရန် လေးစားစွာ မေတ္တာရပ်ခံလိုပါတယ်။

မြန်မာ့အလင်းသတင်းစာတာဝန်ရှိသူများနဲ့ တွေ့ဆုံမေးမြန်း ရေးသားသူအားလည်း ကျေးဇူးတင်မိပါတယ်။ ယုံကြည်အားထား မျှော်လင့်မှုဖြင့် ကြံ့သရမ္မလီ မှီဝဲသုံးစွဲနေသူပရိသတ်နဲ့ ကျွန်တော်ရဲ့ စာဖတ်ပရိသတ်များလည်း ကျေနပ်နှစ်သိမ့်နိုင်ကြမယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော်ရဲ့ဝါသနာနှင့်ဆန္ဒအရ မျှဝေရေးသား လုပ်ဆောင်နေမှုများဟာ လူသားထုအကျိုးအတွက် မြှုမှုန်မှု လုပ်ဆောင်ခြင်းဟုသာ ခံယူထားသလို မည်သူတစ်ဦးတစ်ယောက်၊ လုပ်ငန်းအဖွဲ့အစည်းမျိုးကိုမျှ ထိခိုက်နစ်နာစေလိုသောဆန္ဒမရှိကြောင်း ရိုးသားစွာ သစ္စာပြုပါတယ်။ အကောင်း၊ အဆိုး ဆိုတာ အမြဲတမ်း ဒွန်တွဲနေတတ်တာကိုလည်း ထာဝရခံယူထားပါတယ်။

ကျန်းမာရေးသမိုင်းမှာ ပင်နီဆီလင်ဆေးကြောင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ကုသ ကာကွယ်နိုင်ခဲ့သော်လည်း အချိန်ကြာလာတော့ ပင်နီဆီလင်ကြောင့်ပင် SHOCK ဖြစ်တတ်ပုံ၊ အဆင်မပြေရင် သေဆုံးနိုင်တာကို တွေ့ရှိလာလို့ မသုံးစွဲမီ စမ်းသပ်ပြီးမှ သုံးစွဲရာအဆင်ပြေတတ်ပြီး ဘေးဖြစ်စေသောဘားပလက်ဆေးတောင် ဆေးမထိုးမီ TEST လုပ်ရတာမျိုးရှိနေကြောင်းလည်း လေ့လာမိပါတယ်။ ထို့အတူ ဆာလဖာဆေးတည့်သူ၊ မတည့်သူများလည်း ရှိနေတတ်ပါတယ်။

ကြံ့သရမ္မလီက အပူဆေးဖြစ်လို့ ကျောက်ကပ်ဝေဒနာရှိသူများ ဆင်ခြင်ရန် ဒေါက်တာခင်မောင်လွင်က ထောက်ပြ အသိပေးထားပါတယ်။ လက်ခံလိုက်နာသင့်ပါတယ်။ အပူဆေးဖြစ်လို့ ဆီးလမ်းကြောင်းဝေဒနာများလည်း ဖြစ်နိုင်ပါတယ်။ ဆင်ခြင်ဖွယ်ဖြစ်ပါတယ်။ ထို့ကြောင့် ကြံ့သရမ္မလီကိုမှီဝဲရာ အနည်းဆုံးပမာဏမှ စတင် အသုံးပြုရန်နဲ့ ရက်ရှည်သုံးစွဲသူများအခိုးသတ်ရန် နှမ်းလှော်နှမ်းပျစ်စားသုံးရန်လည်း အဆင်ပြေနိုင်သူများအတွက် ညွှန်ပြထားပါတယ်။

ယခုအခါ ပြောင်းလဲလာသော ဥတုရာသီအကျိုးဆက်ကြောင့် သက်ရှိများနဲ့ လူသားထုများမှာ ရောဂါပိုးမွှားဒဏ်ကြောင့် ဆန်းပြားသော ရောဂါဝေဒနာများ ပိုမိုဖြစ်ပွားနေတာကိုလည်း လေ့လာမိပါတယ်။ လောကသဘာဝနိယာမအရ ရာသီပြောင်းလဲဖောက်ပြန်သည်နှင့် သက်ရှိများ ဖျားနာရောဂါဝေဒနာရကြဖြစ်ကြလေ့ရှိတာလည်း အမြဲဖြစ်ပါတယ်။ ယခုအခါ တိုးတက်ပြောင်းလဲလာတာနဲ့အညီ လူ့ပယောဂအချို့ကြောင့်လည်း သဘာဝဖြစ်စဉ်များ ပုံမှန်မဟုတ်ဘဲ အနည်းနဲ့အများ သဘာဝပုံစံများ ထိခိုက် ပျက်စီးလာကြောင်းလည်း ပညာရှင်များက ထောက်ပြညွှန်ပြ အသိပေးနေပါပြီ။ ဆင်ခြင်ဖွယ်ဖြစ်ပါတယ်။

သက်ရှိများထဲတွင် အသိဉာဏ်အမြင့်မားဆုံး လူသားများတွင် ထာဝရလူသားဘဝ အသက်ဆက်ရှင်သန်နိုင်ရေး၊ ရောဂါပိုးမွှားဒဏ်တွန်းလှန်တိုက်ဖျက် ကာကွယ် ကုသ ရင်ဆိုင်နိုင်ရေး၊ ထာဝရ လူသားဘဝ တိုးတက်မြင့်မားရေးအတွက် အမြဲတမ်း အစဉ်အဆက် တီထွင်ကြံဆ ဖန်တီးဖြေရှင်းနေခဲ့တာလည်း ယနေ့အချိန်ကာလအထိ ဖြစ်ပါတယ်။

ဒီနေရာမှာ လူသားထုကြား အဖြစ်များနေသော ပိုးမွှားရောဂါဝေဒနာနဲ့ ကင်ဆာရောဂါများကို တွန်းလှန်တိုက်ဖျက်ရာမှ အစွန်းဆုံးသော အောင်မြင်မှုမျိုး မတွေ့ရသေး၊ မတွေ့သေးတာကိုလည်းလေ့လာမိပါတယ်။ ဒါကလည်း အကောင်း၊ အဆိုး ဒွန်တွဲနေတတ်တဲ့ သဘောနိယာမဖြစ်စဉ်အရဟု ခံယူမိ၊ မြင်မိတာ အမှန်ပါ။ ကျွန်တော်က ဝါသနာနဲ့ ဆန္ဒ ရှိရင်းစွဲအရ လူသားတာဝန်အသိစိတ်ဓာတ်အရ ရှေးအစဉ်အလာကုထုံး သို့မဟုတ် သဘာဝကုထုံးမျိုးကို သက်သာ ပျောက်ကင်းစေနိုင်သော သဘာဝကုထုံး များစွာရှိနေသည့်ထဲက ကြံ့သမ္မလီသတင်းကောင်းကို စတင်ကြားသိခဲ့ရပါတယ်။

ထိုသတင်းကို ခြံထဲသို့ရောက်လာကြပြီး ပြောပြသတင်းပေးသူက နေပြည်တော်ကြီးဖြစ်တည်စ ပျဉ်းမနားခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးစိန်ထွန်းဖြစ်ပါတယ်။ တရားသူကြီးပြောတာက ၁၉၉၂ ခုနှစ်မှာ တောင်တွင်းကြီးမှာ အမှုထမ်းစဉ်က ဖြစ်၏။ ဇနီးဖြစ်သူ ဒေါ်ခင်ခင်လှ၏ဖခင်ကြီး အသည်းကင်ဆာဖြစ်ရာ ပါရဂူက (၆) လခန့်သာ အသက်ဆက်ရှင်သန်နိုင်တော့မည်ဟုဆိုကြောင်း သိရပါတယ်။ ကံအကျိုးဆက်ကြောင့် ကြံ့သရမ္မလီအစွမ်းအကြောင်း သတင်းရပြီး အရွက်ပါရရှိခဲ့တယ်။ အရွက်ကို အရည်ညှစ်ပြီး တိုက်ကျွေးခဲ့ပါတယ်။အရွက်ကို သုပ်စား၊ မြှုပ်စားခဲ့ပါတယ်။ အချိန်တိုအတွင်း အသည်းကင်ဆာရောဂါဝေဒနာ သက်သာ ပျောက်ကင်းသွားရုံမက ဆေးစစ်ခံယူခဲ့ရာ လုံးဝ ပျောက်ကင်းသွားလို့ ပါရဂူပင် အံ့ဩခဲ့ရကြောင်း သိခဲ့ရသလို ယနေ့အထိ အသက်ဆက်ရှင်သန်နိုင်ခဲ့ကြောင်း ကြားသိခဲ့ရပါတယ်။

သူ့အသက်ကို ကယ်တင်ခဲ့သော ကြံ့သရမ္မလီအပင်ကို စိုက်ပျိုးပြီး လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



နေသူများကို ဝေဒနာရှင် ဦးကျော်မြင့် ကိုယ်တိုင် မျှဝေနေခဲ့ကြောင်း သိခဲ့ရသလို အသည်းကင်ဆာ လုံးဝပျောက်ကင်းသွားပြီးနောက် ကလသရမူလီ အရွက်ကို လုံးဝ မမှီဝဲတော့ရုံမက ယနေ့အထိရောဂါကင်းရှင်းနေကြောင်း သိရသလို သမီးနဲ့အတူ နေထိုင်လျက်ရှိနေပါတယ်။ ထိုမျှ ဆေးစွမ်းထက်သော ကလသရမူလီအပင်ကို ကျွန်တော်မှ ကမ်းလှမ်းခဲ့ရာ မြေမှနုတ်ယူခဲ့သော အပင်နဲ့ အသီးခြောက်အချို့ ရခဲ့ပါတယ်။ အပင်ကို စိုက်ပျိုးပြုစုလို့ ရှင်သန်ခဲ့ပါတယ်။ အစေ့များကို အပင်ဖောက်ရာ ပျိုးပင်အတော်များများ ရခဲ့ပြန်ပါတယ်။ ကလသရမူလီအပင်နဲ့ အသီးခြောက်များကို ခြံထဲ ပို့ဆောင်ပေးခဲ့သူက ခရိုင်တရားသူကြီး ဦးလှဝင်း ဖြစ်ပါတယ်။ ယခု နေပြည်တော် တရားရုံးချုပ်မှာ လ/ထ ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေပါတယ်။

ဆရာ ဦးစိန်ထွန်းက ယခုအခါ မကွေးတိုင်းဒေသကြီးမှာ တရားသူကြီးချုပ်တာဝန် ထမ်းဆောင်နေပါတယ်။ ဒေါ်ခင်ခင်လှက မန္တလေးတိုင်းဒေသကြီးမှာ ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေပါတယ်။ ဖခင်ကြီးလည်း သမီးနဲ့အတူရှိနေပါတယ်။ လူ့အသက်ပေါင်းများစွာကို ကယ်တင် ကုသနိုင်ခဲ့တာ ဆရာဦးစိန်ထွန်းနဲ့ဇနီးတို့ကျေးဇူးကြောင့်ဖြစ်ကြောင်း ပြည်သူသို့ အသိပေး ဖော်ပြ ဂုဏ်ပြုသင့်တယ်လို့ ထင်မြင်ယူဆပြီး စေတနာအရင်းခံဖြင့် ရေးသားဖော်ပြမိပါတယ်။ ကျွန်တော် ရေးသား ဖော်ပြချက်ဟာ ကာယကံရှင်များ၏ ဆန္ဒနဲ့ မကိုက်ညီပါက သည်းခံ ခွင့်လွှတ်ပါရန် လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဆရာဦးစိန်ထွန်းရဲ့ ခွင့်ပြုချက်ဖြင့် ဆောင်းပါးတစ်ပုဒ် စတင် ရေးမိသလို ကလသရမူလီပျိုးပင်နဲ့အရွက်များကိုလည်း ဆန္ဒရှိလို့ တောင်းခံလာသူများကို နှစ်များစွာ အာယုဒါန အခမဲ့ကုသိုလ်ပြုနိုင်ခဲ့ပါတယ်။ ဆန္ဒရှိသူများ စိုက်ပျိုးမှီဝဲခဲ့ကြရာ အချိန်တိုအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းခဲ့ကြောင်း နောက်ဆက်တွဲ သတင်းဆောင်းပါးများစွာထဲမှ အချို့ဆောင်းပါးများ ရေးဖြစ်ခဲ့ပြန်ပါတယ်။

ဒီနေရာမှာ ကလသရမူလီအပင်နဲ့ အရွက်ရဲ့ ဆေးဖက်ဝင်အစွမ်းအား လက်လှမ်းမီရာ ဆေးကျမ်းများမှာ လေ့လာရာမှ ပဥ္စငါးပါးလုံး ဆေးဖက်ဝင်အစွမ်းများရှိနေတာကို တွေ့ရလို့ ဗဟုသုတပွားခဲ့ရပြန်ပါတယ်။ ဒါပေမယ့် ကလသရမူလီ အပင်မှ အလုံအလောက် ရနိုင်တာက အရွက်များ ဖြစ်ပါ၏။ အပင်ကို စိုက်ပျိုးပြီး အရွက်၏သဘာဝကို လေ့လာရာမှ ရွက်ကြောတင်းပြီး ရွက်ရည်ပါဝင်မှုနည်းပါးတာကို တွေ့ရပါတယ်။ ထို့ကြောင့် အရွက်ကို အရည်ညှစ်ယူရရှိရန် အရွက်အတော်များများလိုအပ်တာတွေ့ရပါတယ်။ အရွက်ကို အရည်ညှစ်ယူရရှိရန် အရွက်အတော်များများကို ထုထောင်းညှစ်ယူရင်တောင် အရည်အနည်းငယ်ရဖို့ အဆင်မပြေနိုင်ကြောင်း သတိပြုမိပါတယ်။

ထို့ကြောင့် ကလသရမူလီအရွက်ကို ကိုယ်တိုင်ဝါးစား ရေသောက်ကြည့်ရာမှ ဆေးစွမ်းရနိုင်မယ်လို့ အတွေးရရှိခဲ့တာပါ။ ဒါကြောင့် ရောဂါဝေဒနာရှိသူများအား ကလသရမူလီအရွက်ကို အနည်းဆုံး စတင်၍ ဝါးစားရေသောက်နိုင်ရန် ထိရောက်တဲ့ မှီဝဲအသုံးပြုနည်းကို စတင်တွေ့ရှိ တီထွင်နိုင်ခဲ့ပါတယ်။ အလွန် ထိရောက်မှုရှိလို့ အများအတွက် အကျိုးရှိသလို ဆက်လက်အသုံးပြုနည်းတစ်ခုအဖြစ် ရရှိခဲ့ပါတယ်။ ဤနည်းအားဖြင့် အသက်အန္တရာယ်ထိ ဘေးဒုက္ခပေးနိုင်သော ရောဂါပိုးမွှားဒဏ်ကို ကလသရမူလီဆေးအစွမ်းဖြင့် တိုက်ဖျက်ကာကွယ် ပြန်လည် တွန်းလှန်နိုင် ကုသနိုင်မယ်လို့ ယုံကြည်မိတာအမှန်ပါ။

ကလသရမူလီအပင် စိုက်ပျိုး ရှင်သန်လို့ အရွက်နဲ့ ပျိုးပင်များကို အာယုဒါန အခမဲ့ကုသိုလ်ပြု မျှဝေနေခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ကလသရမူလီဆေးအစွမ်းဖြင့် ပျောက်ကင်း သက်သာမှုသတင်းများအနက် လက်လှမ်းမီသမျှကို ဆောင်းပါးများ ရေးဖြစ်ခဲ့ပါတယ်။ မျိုးစိတ်ကွဲပေါင်း (၅၀၀) ကျော်ရှိသည့်အနက် ပျောက်ကင်း သက်သာမှု ဆေးစွမ်းရှိသည့် ကလသရမူလီမျိုးတစ်ပင်တည်းကိုသာ အလေးထား ပင်တိုင်ပြု စိုက်ပျိုး မျှဝေ ရေးသား ဖော်ပြနေကြောင်း အသိပေးလိုက်ပါတယ်။

ဤနည်းအားဖြင့် ကလသရမူလီ သတင်းကွန်ရက်ကျယ်ပြန့်လာပါကြောင်းနှင့် ယုံကြည်အားထားပြီး ကလသရမူလီကို မှီဝဲသုံးစွဲနေသူများထဲမှ ကံအကျိုးဆက်ရှိသူများ၊ ဝဋ်နာကံနာကလွဲရင် အများစု သက်သာပျောက်ကင်းကြတာလည်း တွေ့ရှိနေပါကြောင်း၊ ဆက်၍လည်း ကလသရမူလီဆေးအစွမ်းကို ယုံကြည်အားထား သုံးစွဲလာကြသူများ ပိုမိုတိုးပွားလာလျက်ရှိနေပါကြောင်းနဲ့ သက်သာပျောက်ကင်းမှုသတင်းများကို အချိန်နဲ့ တစ်ပြေးညီ ပြန်လည် ကြားသိရသမျှကို ကျွန်တော်မှ ဆောင်းပါးများ ရေးလို့ ဆက်လက် ဖော်ပြသွားရန် ရည်ရွယ်ထားပါကြောင်း။

ကလသရမူလီ သုံးစွဲမှီဝဲသူတိုင်း ကလသရမူလီက ပေးသော သုခချမ်းသာ ခံစား ရရှိနိုင်ပါစေကြောင်း ဆန္ဒပြုဆုတောင်းလျက်။

စောငုဝါ (ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com


ဆရာဦးခင်မောင်လှ (တဆ - ၀၂၂၉၀)

# ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအို၀တွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ် - ၂၇၊ အပိုင်း(၃)၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်းမကြီးမြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။ ☎ - ၅၇၇၆၄၉၊ ၀၉ ၄၃၁၉၅၃၉၊ ၀၉ ၈၅၁၃၁၆၆

ဆေးစမ်းဖွင့်ချိန် - နေ့လယ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။



မဟာဘွဲ့တံပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မှီ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါ့ကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကစံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် ဘ၀ဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာ့ရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* မြှောက်၍လည်းမပေ‌ြော၊ ချောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာပြောမည်။

ဆရာ ဦးခင်ဇော်

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၁-၇၃၀၁၀၈၀၁ ၀၉ ၅၀ ၉၇၃၅၆


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တပ်မတော်သားဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့ရသည့်ကာလအတွင်း တပ်ရင်းတစ်ရင်းတွင် ထူးဆန်းအံ့သြဖွယ်ရာကောင်းလှပါသော ကားတစ်စီးကို မြင်တွေ့ခဲ့ရဖူးပါသည်။

အဆိုပါကားကြီးမှာ စက်ချို့ယွင်းမှုမရှိပါဘဲနှင့် မောင်းနေရင်းက ရေနုတ်မြောင်းထဲသို့ မကြာခဏဆိုသလို ထိုးဆင်းတတ်ပါသည်။ တစ်ခါမက အခါပေါင်းများစွာထိုးဆင်းခဲ့ဖူးပါသည်။ ကားတစ်စီး ရေနုတ်မြောင်းထဲသို့ ထိုးကျသွားပြီဆိုလျှင် ဘယ်သူ့ကားလဲဟု သိရှိရန်ဗေဒင်ဆရာ၊ နတ်ဆရာများကို သွားပြီးမေးစရာမလိုပါ။ ဆရာတင်ရှိန်မောင်းသောကားပင် ဖြစ်တော့သည်။

ထိုကဲ့သို့ ကားလမ်းဘေးသို့ ထိုးကပ်သည့်အခါမျိုးတွင် လိုက်ပါစီးနင်းလာကြသော စစ်သည်နှင့် ရဲမေများကအသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်ကြရတော့သည်။ သည်းထိတ်ရင်ဖိုဖြစ်ပြီးဘုရား၊ တရားတ,ကြရတော့သည်။ သို့ဖြစ်၍ စစ်သည်ရဲမေများက တစ်ခါတစ်ရံ ကားမောင်းသူ ဆရာတင်ရှိန်အား -

"ဆရာ့ကားကို စီးရတာ ဘုရား၊ တရားမြဲတာပေါ့ဗျာ"

ဟု မထိတထိ ရိတ်တိတိဖြင့် ပြောဆိုတတ်ကြသည်။

ကားမောင်းသူ ဆရာတင်ရှိန်ကတော့ ကိုယ့်ဝမ်းနာကိုယ်သာသိမို့ ဘာတစ်ခုမှ အချေအတင်လုပ်ပြီး ခွန်းတုံ့မပြန်လိုပါ။ မချိသွားဖြဲလုပ်ရင်း ပြုံးစိစိကလေး ပြန်လည် တုံ့ပြန်ရန်မှတစ်ပါးအခြားနည်းလမ်းမရှိခဲ့ပါ။ သူ့အနေဖြင့်လည်း ကားမောင်းလာခဲ့သည်မှာ စစ်တပ်ထဲသို့ဝင်ရောက်ကတည်းက ဖြစ်ပါသည်။ ယခုဆိုလျှင် သူ၏စစ်သက်မှာနှစ်ပေါင်း (၃၀) နီးပါးမျှ ရှိခဲ့ချေပြီ။ ယခုတပ်ရင်းသို့ရောက်မလာခင် အခြားသောတပ်ရင်းများတွင် ကားပေါင်းများစွာကိုသူမောင်းခဲ့ဖူးသည်။ ယခုကဲ့သို့ မဟုတ်ခဲ့၊ မဖြစ်ခဲ့ပါ။ ကားမောင်းသမားဘဝသက်တမ်းတစ်လျှောက်တွင် ကားမောင်းသည့်ကိစ္စနှင့် ပတ်သက်ပြီး မည်သည့်အထက်အရာရှိ၏ ပြစ်တင်မှုကိုမှ သူမခံခဲ့ရပါ။ ယခု ဒီတပ်ရောက်ခဲ့ခါမှ အဆိုပါပြတ်မနူး ညှဉ်ဆိုးသောကားနှင့် ဖူးစာဆုံပြီး အထက်အရာရှိများ၏ ဆူဆဲမာန်မဲမှုများအပြင် ကားစီးသူများ၏ လှောင်ပြောင်မှုများကိုပါခံနေရသည်။

တပ်ရင်းအသစ်မှာဖြစ်နေ၍ ထိုကားမှာလည်း အသစ်ပင်ဖြစ်လေတော့သည်။ ပြောချင်သည်မှာ ကားအသစ်ဖြစ်၍ အဆိုပါ ကား၏ ရာဇဝင်ကို သူမသိခဲ့။ အချို့သောကားများမှာ ပြောပြ၍ပင် ယုံနိုင်စရာမရှိသော ရာဇဝင်ညှဉ်ဆိုးများရှိခဲ့တတ်ပါသည်။ ယခုအခါ ထိုကားကို သူက အရင်ဦးဆုံး မောင်းရသူဖြစ်ခဲ့၍ ကား၏ အတိတ်ဟောင်းကအကြောင်းအကျိုး၊ အကောင်းအဆိုးကိုသူမသိခဲ့ရရိုးအမှန်ပါ။ မည်ကဲ့သို့

အခြေအနေမျိုးနှင့်ပဲ ရင်ဆိုင်ရသည်

စေ နောက်ဆုံးမှာတော့ ကားမှာ အ

မရှိပါ။ ထိုကားအားမောင်းနှင်သူမှာ

တာဝန်ရှိရလေတော့သည်။

ယာဉ်မောင်းသူ ဆရာတင်ရှိန်

မူးရူးပြီးမောင်းနေသလား၊ ဒါမှမ

ခုခေတ်မှာလို ဟမ်းဖုန်းတကားကား

စကားပြောရင်း ကားမောင်းနေ

မတော်တဆဖြစ်ရလေသလားဟု ေ

လောက်အောင်ကလည်း ဆရာတင်

ဆိုသူမှာ အရက်သေစာ သောက်

တတ်ဖို့မပြောပါနှင့်၊ ဆေးလိပ်,ကွမ်း

များပင် မသောက်တတ်မစားတတ်

ဖုန်းဆို၍လည်း ကလေးများကစား

အရုပ်ဖုန်းပင် သူ့ဆီမှာမရှိပါ။

အကျင့်ယုတ်ပြီးလျှောက်လုပ်

သလားဟု ဆိုရလောက်အောင်ကလည်း

ကျွန်ုပ်တွေ့ခဲ့ဖူးသော ယာဉ်မောင်းသ

များသည် သူတို့မောင်းရသောကားအ

ကိုယ်ပိုင်ကားမဟုတ်လင့်ကစား ကို

ပိုင်ကားကဲ့သို့သဘောထားပြီး အကော

ဆုံးဖြစ်အောင် မောင်းနှင်ပေးကြသည်

ချည်းသာ ဖြစ်သည်။ အကြောင်းမူ ကား

မောင်းသူသည် ကားကောင်းမှ ကား

မောင်းရမည်။ကားမောင်းရမှ ဆီအကျ

ချစ်ဆိုင်

ညှဉ်ဆိုးသောကားကြီး၏ဖြစ်ရပ်ဆန်း





www.burmeseclassic.com


www.burmeseclassic.com

ကားလေးများကို ရမည် ဖြစ်သည်။

မည်သူကမျှလည်း ထိခိုက်ပျက်စီးသွားရန် ရည်ရွယ်ချက်ဖြင့် မမောင်းကြ။ အကယ်၍ ထိုကဲ့သို့ ထိခိုက်ပျက်စီးသွားလျှင်ကား မည်သူကမျှ မပြင်ပေးကြ။ မိမိအစီအစဉ်ဖြင့် မိမိဘာသာ အကုန်အကျခံပြီး ပြင်ဆင်ပေးကြရသည်။ ထိုကဲ့သို့မှ မပြင်ဘဲ ဒီအတိုင်း ချောင်အထိုးခံထားရလျှင်ကား ကားမမောင်းရခြင်းမှအစ လက်ကျန်ဆီမရရှိတော့ခြင်းအဆုံး ဖြစ်လာခဲ့ရလေတော့သည်။ သို့ဖြစ်၍ ကားမောင်းသူများသည် သူတို့မောင်းရသော ကားများကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် မောင်းနှင်ပေးရလေတော့သည်။ ထိုအထဲတွင် ယာဉ်မောင်းဆရာတင်ရှိန်လည်း ပါဝင်ပါသည်။

ထိုကဲ့သို့ အကောင်းဆုံးဖြစ်အောင်မောင်းနှင်နေကြသည့်တိုင် အချို့သောကားများမှာ ဇွဲဖောက်သည်ဟု ဆိုရမလား၊ ဉာဉ်ဆိုးသည်ဟု ပြောရမလား မသိပါ။ ယခုကဲ့သို့ပင် မကြာခဏဆိုသလို လမ်းဘေးသို့ထိုးကျတတ်ခြင်းအပြင် အချို့သောကားများဆိုလျှင် ယာဉ်တိုက်မှု၊ ကားမှောက်မှု အစရှိသည်ဖြင့်ပါ တွေ့ကြုံရတတ်ပါသေးသည်။ အဆိုပါ ကားမျိုးကို ဉာဉ်ဆိုးသောကားများဟု သတ်မှတ်ရလေမည်လား မဆိုနိုင်ပါ။ ဆရာတင်ရှိန်ကတော့ သူ၏ကားကို ဉာဉ်ဆိုးရှိသော ကားစာရင်းထဲမှာ ထည့်ထားပါသည်။ သို့သော်လည်း ကားကြီးမှာ ယာဉ်တိုက်မှု၊ ကားမှောက်မှု အဆင့်အထိတော့မရောက်ပါ။ မရောက်သော်လည်း ကားမောင်းရသူမှာ လွန်စွာစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရပါသည်။ ကားမတော်တဆဖြစ်သည့်အခါတိုင်း တပ်ရင်းမှူးနှင့်တကွ တပ်ရေးတပ်ထောက်ဗိုလ်ကြီးတို့၏ ဆူဆဲမာန်မဲမှုကို ခံရသည်။ ထိုကားကို မမောင်းချင်၍ အခြားကားကိုပေးမောင်းပါဟု တင်ပြရအောင်ကလည်း သူ့ကားနှင့်သူ လူအံဝင်ခွင်ကျ အပိုအလိုမရှိ သူ့ဟာနှင့်သူကရှိပြီးသားပါ။ ကားမမောင်းပါရစေနဲ့တော့ဟု တင်ပြပြန်လျှင်လည်း တာဝန်ကိုငြင်းဆန်သည်ဟု ဖြစ်လာပေဦးမည်။ ကားမောင်းသူ ဆရာတင်ရှိန်အတွက်ကတော့ ထိုကားနှင့်ပတ်သက်ပြီး ဆုပ်လည်းစူး၊ စားလည်းရှူးဖြစ်နေရပါလေတော့သည်။ မတတ်နိုင်ပါ။ မချစ်သော်လည်း ဒီအတိုင်း အောင့်ကာ နမ်းရတော့မည်သာ။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါကားကြီး၏နောက်ဆုံးဉာဉ်ဆိုးပုံမှာ လွန်စွာမှလျို့ဝှက်ဆန်းကြယ်လှပါသည်။ တစ်နေ့သောအခါတွင် ဖြစ်ပါသည်။ မြို့ထဲသို့သွားရာမှ ပြန်လာသော ထိုဉာဉ်ဆိုးသည့်ကားအား ကားလမ်းမပေါ်တွင် ဒီ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ရုပ်နားထားခဲ့ပါသည်။ ကားလမ်းမှာ အရှေ့မှအနောက်သို့သွယ်တန်းပြီး ဖောက်လုပ်ထားခြင်း ဖြစ်သည်၊ ကားလမ်း၏ညာဘက် (တောင်အရပ်) တွင် မြေအနည်းငယ်မျှ နိမ့်ပါသည်။ ထိုနေရာအား မော်တော်ကားများထားရာ မော်တော်ယာဉ်အဆောက်အအုံအဖြစ် တည်ဆောက်ထားပါသည်။

ကားလမ်း၏ဘယ်ဘက် (မြောက်အရပ်)တွင် အတန်ငယ်မျှနက်သောလျှိုတစ်ခုအဖြစ် တည်ရှိနေပါသည်။ ရပ်နားထားသောကားကိုလည်း ကျမ်းတုံးများဖြင့် လိုအပ်သလိုခုထားခံထားပြီးလည်း ဖြစ်ပါသည်။ ကားကိုတော့ အရှေ့ဘက်အရပ်ကို မျက်နှာမူပြီးရပ်ထားပါသည်။

ထိုနေ့ညဉ့်၏ သန်းခေါင်ယံအချိန်လောက်တွင် ကားရပ်ထားသည့်နေရာမှ 'ဝေါ ဝေါ ဝုန်း ဝုန်း ဒုန်း ဒုန်း ဒိုင်း ဒိုင်း ဖြောင်း ဖြောင်း' စသည်ဖြင့် ကျယ်လောင်သည့်အသံကြီးများက ထွက်ပေါ်လာခဲ့လေတော့သည်။ တောင်ထိပ်ပေါ်က ကြီးမားသော ကျောက်တုံးကြီးတစ်တုံးက အသူတစ်ရာနက်သော တောင်အောက်သို့ လိမ့်ကျသွားစဉ် သစ်ပင်ကြီးငယ်တို့အား ထိခိုက်ကျိုးပဲ့ ပျက်စီးသွားစေရာမှ ထွက်ပေါ်လာသည့်အသံနှင့်တူပါသည်။

ထိုနေ့ညသည် တိမ်စင်ကင်းသော လပြည့်ညဖြစ်သည့်အပြင် တပ်ရင်းတစ်ရင်းလုံး ကားလမ်းများပေါ်ပါမကျန် လျှပ်စစ်မီးများဖြင့် ထိန်ထိန်ညီးလျက်ရှိပါသည်။ ညဉ့်သန်းခေါင်ယံအချိန်ဆိုသော်လည်း နေ့ခင်းနီးပါးတမျှ မြင်မြင်ထင်ထင်ရှိနေပါသည်။

ထိုကဲ့သို့ ကျယ်လောင်စွာ မြည်ဟည်း ထွက်ပေါ်လာသောအသံကြောင့် မော်တော်ယာဉ်ရုံတွင် အိပ်နေသော စစ်သည်များ၊ တာဝန်မှူး၊ တာဝန်ကြပ်များအပြင် အနီးအနားရှိ စစ်သည်များပါ ကားရပ်နားထားရာနေရာသို့ စုရုံးရောက်ရှိလာခဲ့ကြပါတော့သည်။ ရောက်ရှိလာခဲ့ကြပြီး ညနေပိုင်းကမှ ရပ်နားထားသောကားအား ကြည့်လေရာ ထိုကားကြီးမှာ ပျောက်ခြင်းမလှပျောက်နေလေတော့သည်။

သက်ာမကင်း၍ ဘေးဘယ်,ညာ ရှေ့,နောက်,တောင်,မြောက် စသည်ဖြင့် လိုက်ကြည့်ကြရာ ကားလမ်း၏ ဘယ်ဘက်လျှိုကြီးထဲသို့ ရောက်ရှိနေကြောင်း မြင်တွေ့ကြရလေတော့သည်။ ထူးဆန်းအံ့သြဖွယ်ကောင်းလေသည်။ လေတိုက်၊ မိုးရွာခြင်းလည်းမရှိ၊ ရှိသည့်တိုင်အောင် ထိုမျှအထိ ဖြစ်သွားလောက်စရာအကြောင်းမရှိပါ။ ရပ်နားထားသော ထိုကားကြီးကို ယခုကဲ့သို့ လျှိုအောက်ထဲသို့ ထိုးဆင်းပြုတ်ကျသွားအောင် ပြုလုပ်ဖို့ဆိုလျှင် ဦးစွာပထမ ကားကြီးကို ကားလမ်းပေါ် အတိုင်း ကားကို ကန့်လန့်ဖြတ်အနေအထားမျိုးရောက်အောင် ဆွဲလှည့်ရပေဦးမည်။ ပြီးမှ လူအင်အားနှင့် တွန်းချမှရမည့် အနေအထားမျိုးပါ။ ယခုသော် မည်သည့်လူအင်အားမျှလည်း မပါရှိပါဘဲနှင့် ယခုကဲ့သို့ လျှိုအောက်ကြီးထဲသို့ ထိုးကျသွားရသည်ဆိုခြင်းမှာ အများသူငါကို သွားပြောပြဖို့တောင် ခပ်ခက်ခက်ဖြစ်ရချေတော့သည်။ မသကာ သွားပြောပြသူကိုပင် ရူးနေပါသည်ဆိုပြီး လက်ညှိုးထိုးကာ ဝိုင်းပြီးဟားတိုက်ရယ်မောနေကြပေဦးမည်။

ခုနက ကျောက်တုံးကြီးတစ်တုံးက တောင်အောက်သို့ လိမ့်ကျသွားသကဲ့သို့ ဖြစ်ပေါ်လာသော အသံကြီးမှာ ယခု လျှိုအောက်ကို ရောက်နေသော ကားကြီးကြောင့်ဖြစ်ကြောင်း စစ်သည်များက သိရှိသွားကြပါလေတော့သည်။ ကားကြီးမှာ သစ်ပင်များအကြားက ပေါက်ရောက်နေသော ဝါးပိုးရုံများအကြားတွင် သွားရောက် ညပ်မိနေသည်။

နောက်တစ်နေ့ မိုးလင်းလာသောအခါ အဆိုပါကားကြီးအား လူအင်အား၊ စစ်အင်အားဖြင့် ပြန်လည်ဆွဲတင်ကြရတော့သည်။ တောင်ပေါ် (ကားလမ်းပေါ်) သို့ ပြန်ရောက်ပြီး မောင်းကြည့်သည့်အခါတွင်လည်း ဘာမှမဖြစ်၊ အကောင်းအတိုင်းကြီးပါပေ။

လောကကြီးသည် တစ်ခါတစ်ရံ လျှို့ဝှက်ဆန်းကြယ်လွန်းလှပါသည်။ ထို့ကြောင့် မြတ်စွာဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ လောကအကြောင်းကို မကြံစည်ကောင်းဟု။ ကျွန်ုပ်တို့သည် ကိုယ်တိုင် မျက်စိဖြင့် မြင်တွေ့ရသည့်အရာကိုမှ ရှိသည်ဟု ပြောချင်ကြသည်။ အမှန်စင်စစ် ကျွန်ုပ်တို့ သာမန်လူသားတို့၏မျက်စိဖြင့် မမြင်မတွေ့ရသော အရာများသည် များစွာမှပင်ရှိနေကြပါသည်။ ဤသည်မှာလည်း မြင်တွေ့ရနိုင်လောက်သော အကျင့်စရဏအားများ ကျွန်ုပ်တို့ဆီမှာမရှိ၍ ဖြစ်ပါသည်။

ဦးနှောက်ရှိသော၊ အသိဉာဏ်ရှိသော သက်ရှိသတ္တဝါများမှာသာ စရိုက်ဆိုးညဉ်ဆိုများ ရှိနိုင်ကြသည်မဟုတ်။ ယခုကဲ့သို့ သက်မဲ့ဟုဆိုအပ်သော ယာဉ်၊ ရထား၊ ကား၊ ဆိုက်ကား အစရှိသည်တို့မှာလည်း စရိုက်ဆိုး၊ ညဉ်ဆိုးများ ရှိနိုင်ကြသည်သာ ဖြစ်သည်။ ထိုကဲ့သို့ စရိုက်ဆိုးညဉ်ဆိုးများရှိလာစေရန်၊ ဖြစ်လာစေရန်အတွက် ၎င်း၏နောက်ကွယ်မှ မမြင်ရနိုင်သော အရာတစ်ခုခုက ဖန်တီးလှုံ့ဆော်ပေးနေခြင်းမျိုးမရှိပါဟု တတ်အပ်သေချာစွာ ပြောနိုင်ဖို့ဆိုသည်မှာ ခက်လှပါသည်။ ယခုဖြစ်စဉ်ကြီးကိုသာကြည့်ပါတော့။ ယခုဖြစ်စဉ်မှာ သွေးရိုးသားရိုးမဟုတ်သည်မှာသေချာလှပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါကားကြီးနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသော ရွာသူရွာသားအချို့နှင့် စစ်သည်၊ ဆရာဆရာကြီးတို့၏ အကြံပေးချက်အရ ကားကြီးတစ်စီးလုံးကို တရော်ကင်ပွန်းရည်များဖြင့် ပြောင်စင်သွားအောင် ဦးစွာဆေးကြောပေးစေပါသည်။ ပြီးသော် ၎က်ပျော၊ အုန်းပွဲများဖြင့် အဆိုပါ ကားပေါ်တွင် လိုအပ်သလို ပြင်ဆင်ကာ ဘုန်းကြီးငါးပါးအား ပင့်ဖိတ်၍ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ပေးကြပါသည်။ တတ်နိုင်သမျှ အလှူဒါနများကို ပြုလုပ်ပေးပြီး အမျှအတန်းများကိုလည်း ပေးဝေခဲ့ကြပါသည်။

ထိုကဲ့သို့ ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ပေးလိုက်ပြီးသည့်နောက်ပိုင်းတွင် တင်ပြခဲ့သော သည်းထိတ်ရင်ဖိုဖွယ်ရာအဖြစ်အပျက်များနှင့် လျှို့ဝှက်ဆန်းကြယ်နိုင်လှသော ဖြစ်ရပ်ဆန်းများကို မတွေ့မကြုံရတော့ပါ။ ဘယ်ကိုသွားသွား၊ ဘယ်ကိုမောင်းမောင်း အားလုံး အဆင်ပြေချောမွေ့နေပါတော့သည်။

ထိုအခါကျမှသာ တစ်ချိန်သောအခါက ယာဉ်မောင်းအား ဆူဆဲကြိမ်းမောင်းခဲ့ကြသည့်အရာရှိများက ယခုအခါမှသာ ယာဉ်မောင်းသူအား နားလည် သဘောပေါက်ပေးနိုင်ခဲ့ကြရပါတော့သည်။

မည်သို့ပင်ဖြစ်စေကာမူ ယခင်အခါက ထိုကားအား မချစ်သော်လည်း အောင့်ကာနမ်းဘဝဖြင့် မောင်းနှင်ခဲ့ရသော ယာဉ်မောင်းသူမှာ ယခုတော့ဖြင့် ထိုကားအား မခွဲနိုင်မခွာရက်ဖြင့် ယခုထိ ဆက်လက် မောင်းနှင်လျက်ရှိနေဆဲဖြစ်ပါကြောင်း။

*ရွှင်လန်းချမ်းမြေ့ကြပါစေ*

ချစ်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



# သင့်အတွက်နေ့အလိုက် ဝတ်သင့်သောအရောင်များ

မုဒိတာ(ကျိုက်လတ်)

**နံနက် (၆) နာရီမှ ညနေ (၆) နာရီအတွင်း**

လူမှုကိစ္စအဝဝအတွက် သွားလာလှုပ်ရှား ဆောင်ရွက်သည့်အခါ ဝတ်ဆင်ရမည့် အဆောင်အရောင်များ-

၁။ တနင်္ဂနွေနေ့ ⟶ အဝါ သို့မဟုတ် အဖြူ
၂။ တနင်္လာနေ့ ⟶ အဖြူပြောက် သို့မဟုတ် ပန်းရောင်
၃။ အင်္ဂါနေ့ ⟶ အနက်ပြာ သို့မဟုတ် အစိမ်း
၄။ ဗုဒ္ဓဟူးနေ့ ⟶ အနီရောင် သို့မဟုတ် အဝါ
၅။ ကြာသပတေးနေ့ ⟶ အဖြူရောင်
၆။ သောကြာနေ့ ⟶ ပန်းရောင် သို့မဟုတ် နက်ပြာရောင်
၇။ စနေနေ့ ⟶ အစိမ်း သို့မဟုတ် အနီရောင်

**(၁) နာရီခွဲစီ အသုံးပြုရန် အရောင်များ**

**တနင်္ဂနွေနေ့**

| | | | | | | | |
|---|---|---|---|---|---|---|---|
| နံနက် ၆ နာရီ<br>မှ<br>နံနက် ၇ နာရီခွဲ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>နေ့ ၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>ညနေ ၆ နာရီ |
| အဝါ | ပန်းရောင် | အနီရင့် | အဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါရောင် |

**တနင်္လာနေ့**

| | | | | | | | |
|---|---|---|---|---|---|---|---|
| နံနက် ၆ နာရီ<br>မှ<br>နံနက် ၇ နာရီခွဲ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>နေ့ ၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>ညနေ ၆ နာရီ |
| အဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်းရောင် | အနီရင့် | အဖြူပြောက် |



www.burmeseclassic.com

www.burmeseclassic.com

### အင်္ဂါနေ့

| နံနက် ၆ နာရီ<br>မှ<br>၇ နာရီခွဲထိ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>နေ့ ၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>၆ နာရီထိ |
|---|---|---|---|---|---|---|---|
| နက်ပြာ | အဝါ | ပန်းရောင် | အနီရင့် | အဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ |

### ဗုဒ္ဓဟူးနေ့

| နံနက် ၆ နာရီ<br>မှ<br>၇ နာရီခွဲထိ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>နေ့ ၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>၆ နာရီထိ |
|---|---|---|---|---|---|---|---|
| အနီရင့် | အဖြူပြောက် | အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်းရောင် | အနီရင့် |

### ကြာသပတေးနေ့

| နံနက် ၆ နာရီ<br>မှ<br>၇ နာရီခွဲထိ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>၆ နာရီထိ |
|---|---|---|---|---|---|---|---|
| အဖြူ | နက်ပြာ | အဝါ | ပန်းရောင် | အနီရင့် | အဖြူပြောက် | အစိမ်း | အဖြူ |

### သောကြာနေ့

| နံနက် ၆ နာရီ<br>မှ<br>၇ နာရီခွဲထိ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>၆ နာရီထိ |
|---|---|---|---|---|---|---|---|
| ပန်းရောင် | အနီရင့် | အဖြူပြောက် | အစိမ်း | အဖြူ | နတ်ပြာ | အဝါ | ပန်းရောင် |

### စနေနေ့

| နံနက် ၆ နာရီ<br>မှ<br>၇ နာရီခွဲထိ | နံနက် ၇ နာရီခွဲ<br>မှ<br>နံနက် ၉ နာရီ | ၉ နာရီ<br>မှ<br>၁၀ နာရီခွဲ | ၁၀ နာရီခွဲ<br>မှ<br>၁၂ နာရီ | ၁၂ နာရီ<br>မှ<br>၁ နာရီခွဲ | ၁ နာရီခွဲ<br>မှ<br>၃ နာရီ | ၃ နာရီ<br>မှ<br>၄ နာရီခွဲ | ၄ နာရီခွဲ<br>မှ<br>၆ နာရီထိ |
|---|---|---|---|---|---|---|---|
| အစိမ်း | အဖြူ | နက်ပြာ | အဝါ | ပန်းရောင် | အနီရင့် | အဖြူပြောက် | အစိမ်း |

*(ခုနစ်နေ့သားသမီးများအားလုံး လူမှုကိစ္စအဝဝဟူသမျှ အဆင်ပြေ အောင်မြင်ကြပါစေ။)*

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေ့ါ" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

ရိုရိုဌေး

ဂျွိရအိုးလေးနှစ်လုံးဖါ်ရာဇဝင်

ထူးဆန်းသောဖြစ်ရပ်များနဲ့ တွေ့ကြုံရတဲ့ ရွာကလေးကတော့ ရှမ်းပြည်နယ်မြောက်ပိုင်းက မိုင်းဆန်ခ ဆိုတဲ့ ရွာကလေးပါ။ ဒီရွာလေးက ဟိုရှေးဟောင်းရွာဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀) ကျော်လောက်ကတည်းက တည်ရှိခဲ့တဲ့ ရွာကလေးပေါ့။ အဲဒီရွာကလေးဟာ ဒုဋ္ဌဝတီမြစ်ရဲ့မြောက်ဘက်ထဲသို့ချိုးဝင်ရပြီး တောင်များကာရံထားလို့ ချောင်ကျတဲ့ ရွာကလေး ဖြစ်တယ်။

အဲဒီရွာမှာရှိတဲ့ ရွာသူရွာသားတွေဟာ ရာသီအလိုက် သီးနှံစိုက်ကြတဲ့ တောင်သူများ ဖြစ်တယ်။ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး ဘုရား၊ တရားကို လွန်စွာ ကိုင်းရှိုင်းသူများ ဖြစ်ကြပါတယ်။ ရွာရဲ့အနောက်ဘက်မှာရှိတဲ့ တောင်တွေပေါ်မှာ ရသေ့များ၊ ရဟန်းများဟာ ကျောင်းဆောက်ပြီး တရားဘာဝနာပွားများက သီတင်းသုံး နေထိုင်ခဲ့ကြတယ်။ မနက်စောစော ကြွလာတဲ့ ရသေ့၊ ရဟန်းများကို ရွာသူရွာသားတွေက အမြဲဆွမ်းလောင်းခဲ့ကြတယ်။

အဲဒီရွာသူရွာသားတွေထဲမှာ ကိုစိုင်းလုံနဲ့ မနန်းခင်တို့ ဇနီးမောင်နှံလည်း ပါဝင်ခဲ့တယ်။ သူတို့ဟာ ဆင်းရဲပေမယ့် အလှူအတန်းကို သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့တယ်။

တစ်နေ့မှာ မနန်းခင် အိပ်မက်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ မင်းသမီးအဝတ်အစားဝတ်ထားတဲ့ ‌မိန်းကလေးက အသားဖြူဖြူတုတ်တုတ်ခဲခဲကလေးတစ်ယောက်ကို မနန်းခင်ကို လှမ်းပေးပြီး-

"ဒီကလေးဟာ သူ့အထုပ်နဲ့သူလာတာမို့လို့ ကောင်းစွာ စောင့်ရှောက်ပါ"

လို့ ပြောပြီး ယောကျ်ားလေးတစ်ယောက်ကိုပေးပြီး ပြန်သွားခဲ့တယ်။

အဲဒီအိပ်မက်မက်ပြီး သိပ်မကြာခင်မှာ သားယောကျ်ားလေးတစ်ယောက် မွေးဖွားခဲ့တယ်။ ကလေးကလည်း အိပ်မက်ထဲကအတိုင်း ဖြူဖြူတုတ်တုတ်နဲ့ အင်မတန်မှ ချစ်စရာကောင်းတယ်။ ကလေးလေး နှစ်လအရွယ်ခန့် ရောက်သောအခါ မနန်းခင်က ကိုစိုင်းလုံအား

-





www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တို့သားလေးက နှစ်လကျော်လာပြီ။ နာမည်လည်း မပေးရသေးဘူး။ ဘယ်လိုလုပ်ကြမလဲ"

"တောင်ပေါ်ဆရာတော်ကြီး ဆီကို သွားပြီး နာမည်ပေးပေးပါလို့ ပြောကြတာပေါ့"

"အင်း - ကောင်းသားပဲ"

ဤသို့ဖြင့် တောင်ပေါ်ကျောင်း ဆရာတော်ကြီး ဆီသို့ သွားရောက်ခဲ့ကြတယ်။ ဆရာတော်ကြီးဟာ ဗေဒင်ပညာရပ်လည်း လွန်စွာကျွမ်းကျင်တာမို့ မွေးဇာတာကို တွက်ချက်ကြည့်ပြီး -

"ဒီကလေးကို 'စိုင်းလှုလှု' လို့ နာမည်ပေးရမယ်။ သူဟာ အရွယ်ရောက် လာတဲ့အခါမှာ ရတ်တရက် ဥစ္စာပစ္စည်းအစုအပုံရပြီး သူဌေးဖြစ်လိမ့်မယ်။ ဒါ့အပြင် ထူးခြားတဲ့ပစ္စည်းကို ပိုင်ဆိုင် ရလိမ့်မယ်။ ဒီကလေးကို ကောင်းကောင်းမွေးပါ"





www.burmeseclassic.com

www.burmeseclassic.com

"တင်ပ့ါ ဘုရား"

ဤသို့ဖြင့် သားငယ်ကလေးကို စိုင်းလူလှဟူသောအမည် မှည့်ခေါ်ခဲ့ပါတယ်။

မိုင်းဆန်ခရွာရဲ့ အနောက်ဘက်မှာ တောင်ကြီးတွေရှိသလို သစ်တောကြီးလည်းရှိတယ်။ တောင်ပေါ်အတက်မှာ ကျောက်ဖျာကြီးတစ်ချပ် ရှိတယ်။ ဟိုးအရင်တုန်းက အလှူအတန်းရှိရင် မိမိလိုချင်တဲ့ ရွှေလက်ဝတ်လက်စားတွေနဲ့ အလှူမှာအသုံးပြုဖို့ အိုးခွက်ပန်းကန်ကအစ စာရင်းရေးပြီး အဲဒီကျောက်ဖျာကြီးမှာ စာရွက်တင်ထားရတယ်။ အဲဒီစာရွက်ကိုလည်း ညနေအချိန်မှာမှတင်ရတာ။ စာရွက်လွင့်မကျအောင် ကျောက်ခဲသန့်သန့်နဲ့ ဖိထားရတယ်။ ဖိထားတဲ့ ကျောက်ခဲက ညစ်ပေနေရင်လည်း မရဘူး။ ဒါကြောင့် စာရွက်မှာဖိတဲ့ ကျောက်ခဲကိုလည်း သေသေချာချာတိုက်ချွတ်ပြီး သန့်စင်အောင် ရေဆေးရတယ်။ ပြီးရင် အဲဒီကျောက်ခဲကို အမွှေးနံ့သာပက်ပြီး တင်ရတယ်။ ပစ္စည်းငှားတဲ့လူတွေက-

"သိုက်နန်းရှင် အစ်မတော် နန်းမြနွယ်အား တိုင်တည်ပါတယ်။ ကျွန်ုပ်တို့မှာ အလှူအတန်းအတွက် အိုးခွက်ပန်းကန်များနဲ့ ဝတ်ဆင်ရန် လက်ဝတ်လက်စားများ လိုအပ်တဲ့အတွက် စာရင်းတင်ပါတယ်။ အဲဒီစာရင်းအတိုင်း ပစ္စည်းများကို ခေတ္တငှားရမ်းပါ။ အသုံးပြုပြီးပါက ပြန်ပေးပါ့မယ်လို့ ကတိပြုပါတယ်"

ညနေစောင်းအချိန်မှာ အထက်ပါအတိုင်းပြောပြီး ပစ္စည်းငှားရမ်းခဲ့ကြတယ်။ နောက်တစ်နေ့နံနက်စောစောမှာ အဲဒီကျောက်ဖျာပေါ်ကိုသွားကြည့်ရင် စာရင်းမှာပါတဲ့အတိုင်း ရွှေလက်ကောက်၊ ရွှေဘယက်နဲ့တကွ အိုးခွက်ပန်းကန်တွေ ပါရောက်နေတယ်။ အလှူပွဲမှာအသုံးပြုပြီးရင် အဲဒီပစ္စည်းတွေကို ပစ္စည်းစာရင်းနဲ့တကွ ပြန်အပ်ရတယ်။ ဒီလိုနဲ့ ကျောက်ဖျာကြီးပေါ်မှာ ငှားလိုက်၊ ပြန်ပေးလိုက်နဲ့ နှစ်ပေါင်းအတော်ကြာခဲ့တယ်။ အဲဒီတုန်းကလူတွေဟာ ရိုးသားကြတယ်။ ဒါပေမယ့် နှစ်ပေါင်းကြာလာတာနဲ့အမျှ မရိုးသားသူတစ်ယောက် ပေါ်ပေါက်လာခဲ့တယ်။ ရွှေလက်ဝတ်ရတနာတွေ ငှားပြီး ပြန်ပေးရမှာကို မပေးချင်တော့ဘဲ လောဘတက်လာတယ်။ ဒါနဲ့ ပြန်ပေးရမယ့်ရက်မှာ ပြန်မပေးဘဲ အိမ်ထဲက သေတ္တာထဲမှာထည့်ပြီး သိမ်းထားလိုက်တယ်။ အဲဒီညမှာ မရိုးသားတဲ့ မိန်းမဟာ အိပ်မက်မက်တယ်။ သူမဆီကို သိုက်နန်းရှင်ရောက်လာပြီး ယူထားတဲ့ ပစ္စည်းတွေကို သုံးရက်အတွင်း ပြန်ပေးရမယ်။ မပေးရင် အသေဆိုးနဲ့သေမယ်လို့ပြောပြီး ပျောက်ကွယ်သွားတယ်။

ဒါပေမယ့် အဲဒီမရိုးသားတဲ့မိန်းမဟာ ပြန်မပေးခဲ့ဘူး။ ဒီလိုနဲ့ သုံးရက်မြောက်တဲ့နေ့မှာ မြွေကိုက်ပြီး သေဆုံးသွားခဲ့တယ်။ သေတ္တာထဲမှာ သိမ်းထားတဲ့ လက်ဝတ်ရတနာပစ္စည်းတွေလည်း ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့တယ်။

အဲဒီအချိန်ကစပြီး သိုက်နန်းရှင် စိတ်ဆိုးသွားလို့ နောက်ထပ် ဘယ်တော့မှ ပစ္စည်းငှားလို့ မရတော့ဘူး။ ဒါပေမယ့် အဲဒီကျောက်ဖျာကြီးကတော့ အခုတိုင်ရှိနေသေးတယ်။

ကိုစိုင်းလုံနဲ့ မနန်းခင်တို့ စိုက်ခင်းကတော့ တောင်ခြေမှာရှိတယ်။ သူတို့ဟာ ရာသီပေါ်သီးနှံများကို စိုက်ပျိုးပြီး တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်စားသောက်ခဲ့တယ်။ ဒီလိုနဲ့ စိုင်းလူလှလေးလည်း လူပျိုအရွယ်ရောက်လာခဲ့တယ်။ လူလှဆိုတဲ့အတိုင်း မျက်နှာကလေးက လှပပြီး သန်မာထွားကျိုင်းတယ်။ လူချောလူလှမို့ အမျိုးသမီးကလေးများရဲ့ အရေးပေးခြင်းကိုခံရတယ်။

သူတို့ဟာ တောင်သူများပီပီ နံနက်စောစောကတည်းက ဖခင်ကြီးနဲ့ ယာမြေသွားပြီး ထွန်ယက်စိုက်ပျိုးခဲ့ကြတယ်။ ယာမြေထွက်ကောက်ပဲသီးနှံများ ပေါ်လာပြီဆိုရင် မြို့ပေါ်တက်ပြီး သွားရောက်ရောင်းချခဲ့ကြတယ်။ စိုက်ပျိုးရေး တောင်သူအလုပ်ဆိုတော့ ပင်ပန်းတာပေ့ါ။ တစ်နေ့မှာ မြေပေါက်ရင်း စိုင်းလူလှက သူ့ဖခင်ကို -

"အဖေရယ်၊ သားတို့အလုပ်ကလည်း ပင်ပန်းလိုက်တာ။ သီးနှံတွေပေါ်ပြန်တော့လည်း ဈေးနှေးနဲ့ကြုံမှ ဈေးရောင်းရတာ။ ဈေးနှေးနဲ့မကြုံရင် ပုပ်ကုန်ပြန်ရော"

"ဒါကတော့ တောင်သူတွေရဲ့ ဘဝကရိုးနေပါပြီကွာ"

"ဒီလိုပုံနဲ့တော့ ချမ်းသာဖို့မပြောနဲ့ စားဖို့တောင်အနိုင်နိုင်ပဲ"

"ဒါပေမယ့် ငါ့သား အားမငယ်နဲ့။ မင်းအမေရဲ့ အိပ်မက်မှာလည်း မင်းမှာ အထုပ်ပါလာတတ်တဲ့။ တောင်ပေါ်ကျောင်းဘုန်းကြီးကလည်း မင်းဟာရတ်တရက် ကြီးပွားချမ်းသာမယ်လို့ ဗေဒင်ဟောတယ်"

"အဖေရယ်၊ အခုအချိန်အထိတော့ ပင်ပန်းလိုက်တာ"

"ငါ့သားရယ် အချိန်မတန်သေးလို့ပါကွာ။ အချိန်တန်ရင် တားလို့မရဘူး"

ဤသို့ပြောရင်းဆိုရင်း စိုက်ပျိုးပေါင်းသင်ရေလောင်း စတဲ့ အလုပ်တွေကို လုပ်ကိုင်ခဲ့ကြတယ်။ ဒီလိုနဲ့ လေးလကျော်ခန့်အချိန်မှာ သူတို့ စိုက်ပျိုးထားတဲ့ ဂေါ်ဖီပန်းများ ဝေဆာစွာ ဖူးပွင့်နေပါတယ်။

ထိုအခါ သူ၏ဖခင်ကြီးက -

"သားရေ၊ မနက်ဖြန်ဈေးနေ့ပဲ။ မင်း မနက်စောစော ပန်းဂေါ်ဖီတွေခူးပြီး မြို့တက်ရောင်းကွာ"

"ကောင်းပါပြီ အဖေ"

စိုင်းလူလှမှာ ယာမြေထွက်ကောက်ပဲသီးနှံများကို မြို့ပေါ်သို့ သွားရောက် ရောင်းချရသည်မှာ သူ၏ လုပ်နေကျအလုပ်တစ်ခု။

ထို့ကြောင့် နောက်တစ်နေ့နံနက်စောစောတွင် ပန်းဂေါ်ဖီများဆွတ်ယူပြီးနောက် လှည်းပေါ်တင်ကာ မြို့ပေါ်သွားတဲ့လမ်းအတိုင်း မောင်းနှင်လာခဲ့တယ်။ အဲဒီအချိန်ဟာ ဆောင်းဥတုဖြစ်လို့ နှင်းမှုန်များတဖွဲဖွဲကျဆင်းနေတယ်။ ချမ်းလိုက်တာလည်း ခိုက်ခိုက်တုန်နေတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း နှင်းကျနေတာကြောင့် ပြာရီမှိုင်းကာ မသဲမကွဲဖြစ်နေပါတယ်။

စိုင်းလူလှဟာ မသဲမကွဲနှင်းမှုန်များကြားမှာ လှည်းမောင်းသွားရင်း လမ်းခုလတ်အရောက်မှာ ခံတောင်းရွက်ထားတဲ့ မိန်းမပျိုကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။

အဲဒီမိန်းမပျိုလေးက-

"လှည်းကြုံလိုက်ချင်လို့ပါ၊ လိုက်လို့ရမလား"

လို့ လှမ်းမေးလိုက်တယ်။

ရွာသူရွာသားတွေရဲ့သဘာဝအရ လှည်းကြုံလိုက်ခွင့်တောင်းရင် အခမဲ့ လှည်းကြုံတင်ရတဲ့သဘောရှိတဲ့အတွက် စိုင်းလူလှက -

"လိုက်ခဲ့ပါ"

လို့ပြောပြီး လှည်းကိုရပ်ပေးလိုက်တယ်။ အဲဒီမိန်းမပျိုလေး လှည်းပေါ်ကို တက်လာတဲ့အခါမှာ စိုင်းလူလှက-

"မိန်းကလေး၊ မင်းလည်း မြို့ပေါ်သွားမလို့လား"

"မဟုတ်ဘူး၊ မြို့ရောက်ခါနီး မိုင်းအုံမှာ ဆင်းမယ်"

"မင်းဘာသွားရောင်းမလို့လဲ"

"ခရမ်းချဉ်သီးပါ အစ်ကို"

ထူးဆန်းတာက အဲဒီမိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com

လှည်းပေါ်ကို တက်လာကတည်းက အလွန်မွှေးကြိုင်တဲ့ရနံ့က ကြိုင်လှိုင်နေတယ်။ စိုင်းလူလှအတွက် အထူးအဆန်း ဖြစ်နေတယ်။ တောသူတောင်သားဆိုတာ မွှေးရနံ့မသုံးနိုင်ကြပါဘူး။ အလွန်ဆုံးသုံးရင် သနပ်ခါးလောက်ပါပဲ။ ဒါနဲ့ အဲဒီမိန်းကလေးကို မမြင်ဘူးလို့ -

"မင်းကို တစ်ခါမှမမြင်ဖူးဘူး၊ မင်းက ဘယ်ရွာကလဲ"

"မိုင်းပျဉ်ရွာကပါ"

"မင်းနာမည်က ဘယ်သူလဲ"

"နန်းမြနွယ်ပါ"

"ဩော် - နန်းမြနွယ်တဲ့လား"

နာမည်ကလေးဆန်းသလို ထိုမိန်းကလေးမှာ လွန်စွာချောမောလှပသဖြင့် စိုင်းလူလှအတွက် အနီး မိန်းမပျိုလေးနှင့် တွေ့ကြုံရတာကို ကြည်နူးနေမိသည်။ ထို့နောက် သူဟာ ဈေးထဲသို့သွားကာ ပါလာတဲ့ ပန်းဂေါ်ဖီများကို ရောင်းချပြီး ဈေးကွဲသောအခါ လာလမ်းအတိုင်း ပြန်လာခဲ့တယ်။

မိုင်းအုံရွာနားအရောက်မှာ မနက်က လှည်းကြုံလိုက်ခဲ့တဲ့ မိန်းကလေးကို ထပ်တွေ့လိုက်ရပါတယ်။

"ဟေ့ - လုံမ၊ မင်းမိုင်းပျဉ်ရွာကို ပြန်မလို့လား"

"ဟုတ်ပါတယ်"

"ဒါဆို လှည်းကြုံလိုက်ခဲ့လေ"

အပြန်ခရီးမှာတော့ -

ထို ချစ်စဖွယ် မိန်းမပျိုကလေးနဲ့ အတူတူပြန်လာခဲ့တယ်။ မနက်တုန်းကတော့ ဈေးရောင်းလိုဇောနဲ့ တစ်ဦးနဲ့တစ်ဦး များစွာစကားမပြောဖြစ်ခဲ့ပေ။ အပြန်ခရီးတွင်မူ ကားဈေးရောင်းပြီးလို့ ငွေစတလည်းရှင်နေချိန်မို့ စိတ်ရှင်လန်းပြီး စကားတွေ အများကြီးပြောဖြစ်ခဲ့ကြတယ်။

အရင်တုန်းက ဒီလိုအပြန်ခရီးမှာ အဖော်မပါလို့ အလွန်ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတယ်။ အခုတော့ သက်တူရွယ်တူ ချစ်စရာ မိန်းကလေးအဖော်ပါလာတဲ့အတွက် သူမနဲ့ တစ်လမ်းလုံး စကားတွေဖောင်ဖွဲ့ပြီး ပြောကြဆိုကြနဲ့ အလွန်ပျော်ရွှင်ခဲ့တယ်။ အိမ်ရောက်တဲ့တိုင်အောင် သူ့ရဲ့မျက်နှာမှာ အပြုံးတွေ ဝေနေတယ်။

သူ့အမေကတောင် -

"ငါ့သား၊ ဒီနေ့ဈေးရောင်းကောင်းခဲ့တယ်နဲ့တူတယ်။ မျက်နှာကို ပြုံးလို့ရွှင်လို့"

အဲဒီလိုပြောလိုက်တော့ သူ့အမေက -

"မင်းသားကြည့်ရတာ ဈေးရောင်းကောင်းတဲ့ပုံမဟုတ်ဘူး၊ ရည်စားရလာတဲ့ပုံပဲ"

"ဟာ - အမေကလည်း"

စိုင်းလူလှလည်း ရှက်ပြုံးပြုံးပြီး ငြင်းလိုက်တယ်။

ဒါပေမယ့်လည်း သူ့ရဲ့ နှလုံးသားထဲမှာ အသားအရေဖြူစင်ဝင်းမွတ်နေပြီး နှုတ်လည်းချိုတဲ့ မိန်းမပျိုကလေးကို စွဲလမ်းနေမိတယ်။ ဘာကြောင့်မှန်းမသိပေမယ့် သူမရဲ့အကြောင်းတွေးရင် ရင်ခုန်နေမိတယ်။

ဈေးနေ့မှာတွေ့ခဲ့ရတဲ့မိန်းကလေးမို့ နောက်ဈေးနေ့မှာ ထပ်တွေ့ဦးမလားဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ပြည့်နှက်နေတယ်။ သူတို့ဈေးနေ့က ငါးရက်တစ်ဈေးပါ။ ငါးရက်မှတစ်ကြိမ်သွားရတာမို့ ငါးရက်ရောက်ဖို့ စောင့်မျှော်နေခဲ့တယ်။ စောင့်ရလို့လားမသိ၊ ငါးရက်ရောက်ဖို့ အကြာကြီးစောင့်ရတယ်လို့ ထင်ခဲ့မိတယ်။

ဒီနေ့ ဈေးနေ့ပါ။ စိုင်းလူလှလည်း ပန်းဂေါ်ဖီတွေတင်ပြီး နံနက်စောစော မြို့ပေါ်ကိုသွားခဲ့တယ်။ မိုင်းပျဉ်ရွာနားအရောက်မှာ -

"လှည်းကြုံလိုက်ချင်လို့ပါ။ လိုက်လို့ရမလား"

ဆိုတဲ့ အသံတလေးနဲ့အတူ နန်းမြနွယ်ကို တွေ့လိုက်ရတော့ သူ့အရမ်းဝမ်းသာသွားပြီး -

"လိုက်ခဲ့ပါဗျာ၊ တွေ့မှတွေ့ပါ့မလားလို့တောင် စိတ်မှာထင်နေတာ"

"ကျွန်မကလည်း အစ်ကို့လှည်းတောင် သွားပြီလားလို့ စိုးရိမ်နေတာ"

"လာလာ - လှည်းပေါ်တက်"

သူတို့ တစ်လမ်းလုံး စကားတွေဖောင်ဖွဲ့ကာ မြို့ပေါ်သို့ လှည်းမောင်းသွားခဲ့ကြတယ်။ သူတို့နှစ်ဦးမှာ အပြုံးတွေကိုယ်စီနဲ့ အပြန်ခရီးမှာလည်း ယခင်ကလိုပဲ အတူတူပြန်လာခဲ့ကြတယ်။ နောက်တော့ ဈေးနေ့တိုင်း သူတို့နှစ်ဦးဆုံဖြစ်ခဲ့တယ်။ ဒီလိုနဲ့ လေး၊ ငါးလလောက်ဆုံမိပြီး ချစ်သူတွေဖြစ်သွားခဲ့တယ်။

ချစ်သူဖြစ်ပြီးလို့ နှစ်လလောက်အကြာမှာ သူမဟာ မျက်နှာညှိုးငယ်စွာနဲ့ လှည်းကြုံလိုက်လာခဲ့တယ်။

"နန်း၊ မျက်နှာလည်းမကောင်းပါလား ဘာဖြစ်လို့လဲ"

"အစ်ကိုရယ်၊ နန်းနဲ့အစ်ကိုနဲ့ခွဲရတော့မယ်"

"ဘာဖြစ်လို့လဲ"

"နန်းတို့ ဒီရွာက ပြောင်းရတော့မယ်"

"ဘာဖြစ်လို့ပြောင်းရမှာလဲ"

"အထက်ကစေခိုင်းတဲ့အကြောင်းကိစ္စကြောင့်ပဲ၊ မပြောင်းခင် နန်းတို့ရွာကို လိုက်ခဲ့ပါ၊ နန်းပေးစရာရှိလို့ပါ"

"အင်းပါ၊ နန်းက လိုက်ခဲ့ပါဆိုတော့ လိုက်ခဲ့ပါ့မယ်"

စိုင်းလူလှဟာ ဈေးကအပြန်မှာ နန်းမြနွယ်နဲ့အတူ သူမတို့ရဲ့ရွာကို လိုက်လာခဲ့တယ်။ နန်းမြနွယ်တို့ရွာဟာ မိုင်းပျဉ်ရွာကိုသွားတဲ့ လမ်းအတိုင်းလာပြီး အဲဒီရွာကိုမရောက်ခင် မြောက်စူးစူးကို အဝေးကြီး ဆက်သွားရတယ်။ တောင်ကြားမှာရှိတဲ့ တော်မိုးချုပ်ခါနီးမှ ရွာကိုရောက်သွားခဲ့တယ်။ အဲဒီရွာကို ရောက်တယ်ဆိုရင်ပဲ ရှေးဟောင်းအဝတ်အစားတွေဝတ်ဆင်ထားတဲ့ လူတွေက ဆီးကြိုခဲ့ကြတယ်။ စိုင်းလူလှဟာ ဒီလိုခေါင်လှတဲ့အရပ်မှာ ရွာရှိမှန်းတောင် မသိခဲ့ဘူး။

"ဒီနေရာမှာ ရွာရှိမှန်းတောင် မသိခဲ့ဘူး"

"ဟုတ်ပါတယ်၊ ဒီရွာက ခေါင်လွန်းလို့ တော်ရုံလူက ရွာရှိမှန်းမသိကြဘူး။ အစ်ကိုလည်း ခရီးရှည်ကြီးကို လှည်းမောင်းလာရလို့ ပင်ပန်းနေပြီ။ ရေချိုးပြီး ထမင်းစားရအောင်"

"ရပါတယ် နန်းရယ်"

ဤသို့ဖြင့် စိုင်းလူလှမှာ ရေချိုးပြီး ထမင်းစားရန် စောင့်ဆိုင်းနေစဉ် နန်းမြနွယ် ရောက်လာပြီး ထမင်းစားရန် ခေါ်လိုက်တယ်။ ထမင်းစားပြီးနောက်-

"အစ်ကို၊ နန်းပြောတဲ့စကားဟာ အစ်ကို့အတွက် အရမ်းထူးဆန်းနေလိမ့်မယ်"

"ပြောပါ နန်းရယ်"

"နန်းဟာ ဒီရွာက မကြာမီ ထွက်သွားရမှာမို့ အစ်ကို့ကို ဒီရွှေမန်ကျည်းတောင့်တွေပေးခဲ့မယ်။ ရွှေမန်ကျည်းတောင့်တွေကို တချို့တစ်ဝက်ရောင်းရုံနဲ့ အစ်ကိုဟာ သူဌေးဘွဲ့ထူးကို ခံနိုင်ပါပြီ။ အဲဒီအခါမှာ မိုင်းရွယ်ရွာက သူဌေးသမီး နန်းသိင်္ဂီကို တောင်းယူပြီး လက်ထပ်ပါ"

"အစ်ကို တခြားသူတစ်ဦးနဲ့ လက်မထပ်ဘူး။ နန်းကိုလည်း သစ္စာမဖောက်နိုင်ဘူး"

"နန်းပြောတဲ့အတိုင်းလုပ်ပါ။ ဒါမှ နန်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရာရောက်ပါမယ်။ မိုင်းရွယ်သူဌေးကြီးဟာ နန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

အဖေပါ။ နန်းသိင်္ဂီဟာ နန်းရဲ့ညီမလေးပါ။ အဖေဟာ ကျန်းမာရေးမကောင်းတော့ဘူး။ မကြာမီမှာ သေဆုံးတော့မှာ။ ဒီတော့ ညီမလေးတစ်ယောက်တည်း ကျန်နေမှာစိုးတယ်။ အဲဒါ အစ်ကို ကူညီပါ"

"ဒါဆို နန်းက ညီမလေးနဲ့အတူ သွားနေလိုက်ပါလား"

"နန်းဟာ အဲဒီလိုနေလို့မရပါဘူး။ အထက်က စေခိုင်းတဲ့အတိုင်း သွားနေရလို့ပါ"

စိုင်းလူလှမှာ နန်းမြနွယ်၏စကားကို နားမလည်ပေ။

ထို့နောက် နန်းမြနွယ်က-

"အစ်ကို့ကို နောက်တစ်ခုပေးမယ့်သူရှိတယ်။ အဲဒါကတော့ အစ်ကိုတို့ ကိုးကွယ်နေတဲ့ ရသေ့ကြီးဦးတိက္ခပဲ။ နန်းဆီကပြန်ရင် ရသေ့ကြီး ဦတိက္ခဆီကို သွားပါ။ ရသေ့ကြီက အစ်ကို့အလာကို စောင့်နေတယ်"

"ဟင် - ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို၊ နန်းက ရွှေမန်ကျည်းတောင့်တွေပါတဲ့ ရွှေအိုးကို ပေးလိုက်မယ်။ ရသေ့ကြီးက အစ်ကို့ကို ပစ္စည်းနှစ်ခု ပေးလိုက်လိမ့်မယ်။ အဲဒီပစ္စည်းကိုယူပြီး နန်းသိင်္ဂီကိုသွားတောင်းပါ"

"နန်းသိင်္ဂီ ဆိုတာ အစ်ကို တစ်ခါမှလည်း မမြင်ဖူးဘူး။ အဲဒါကို ဘယ်လို လုပ်ပြီး သွားတောင်းရမှာလဲ"

"အစ်ကို၊ နန်းကိုချစ်သလား"

နန်းမြနွယ်က စိုင်းလူလှကို စေ့စေ့ကြည့်ပြီး မေးလိုက်ရာ -

"အစ်ကို နန်းကို ချစ်ပါတယ်"

"နန်းကို ချစ်တယ်ဆိုရင် နန်းပြောတဲ့အတိုင်းလုပ်ပါအစ်ကို။ နန်းကို ကတိပေးပါ"

"အစ်ကို ကတိ. . . ကတိပေးပါတယ် နန်းရယ်"

စိုင်းလူလှလည်း ဝမ်းနည်းစွာဖြင့် ကတိပေးလိုက်ပါတယ်။

ထို့နောက် ညဥ့်နက်လာပြီဖြစ်၍ အိပ်ရာဝင်ခဲ့တယ်။

နံနက်မိုးလင်း၍ အိပ်ရာမှနိုးသောအခါ -

"ဟာ- ငါဘယ်ရောက်နေပါလိမ့်"

စိုင်းလူလှမှာ တောကြီးအလယ်ရှိ ကျောက်ဖျာကြီးပေါ် ရောက်နေတယ်။ သူ့နံဘေးမှာတော့ ရွှေမန်ကျည်းတောင့်များထည့်ထားတဲ့ ရွှေအိုးကြီးတစ်လုံး။

"အင်း - နန်းမြနွယ်ဟာ ဘိုက်နန်းရှင်ပဲဖြစ်မယ်။ သူနဲ့ငါဘဝခြားလို့မပေါင်းနိုင်လို့ သူ့ညီမဆီ သွားတောင်းခိုင်တာဖြစ်မယ်"

စိုင်းလူလှဟာ ရွှေအိုးကို ပုဆိုးနဲ့ထုပ်ပြီး လှည်းပေါ် တင်လိုက်တယ်။ နောက်တော့ လှည်းကိုမောင်းပြီး အိမ်ပြန်လာခဲ့တယ်။ မိဘနှစ်ပါးဟာ မနေ့ညက အိမ်ပြန်မလာတဲ့အကြောင်းကို မေးလို့ ညကအဖြစ်အပျက်တွေပြောပြီး ရွှေအိုးကို မိဘနှစ်ပါးလက်ကိုအပ်လိုက်တယ်။ နောက်တစ်နေ့မှာတော့ မိဘနှစ်ပါးနဲ့အတူ ရသေ့ကြီးဦးတိက္ခဆီကို သွားခဲ့တယ်။

ရသေ့ကြီးဆီကို ရောက်တယ် ဆိုရင်ပဲ ရသေ့ကြီးက-

"လာပါ လာပါ ဒကာကြီးတို့၊ ဒကာမတို့။ ကျုပ် ခင်ဗျားတို့ကို မျှော်နေတာ အတော်ကြာပြီ"

"မှန်ပါ့ ဘုရား"

"ကျုပ်လည်း အဂ္ဂိရတ်ထိုးတာ အဆင့်တစ်ခုကို ရောက်သွားပြီ။ အဲဒါကြောင့် ဒီမှာမနေတော့ဘဲ ဟိုးတောင်သေလာကို သွားတော့မယ်"

"အရှင်ဘုရားသွားမယ်ဆိုတော့ တပည့်တော်တို့လည်း စိတ်မကောင်းပါဘူး ဘုရား"

"အိမ်း - ဒီလိုပဲ တွေ့ကြုံဆုံကွဲ သဘာဝအတိုင်းပေါ့။ ဒါနဲ့ ကျုပ်မသွားခင် စိုင်းလူလှကို ဂမ္ဘီရထမင်းအိုးနဲ့ ဟင်းအိုးနှစ်လုံးပေးခဲ့မယ်"

"အဲဒါဘာလုပ်ရမလဲဘုရား"

"ဒီထမင်းအိုးနဲ့ ဟင်းအိုးဟာ အဂ္ဂိရတ်အတတ်ပညာနဲ့ ပြုလုပ်ထားတာကွယ့်။ အိမ်မှာ တစ်ပိုင်တစ်နိုင် ချက်စားနိုင်သလို အလှူအတန်းတွေမှာလည်း ချက်စားနိုင်တယ်ကွယ့်"

"ဒီထမင်းအိုးက တစ်ပြည်ဝင်အိုးပဲ။ ဟင်းအိုးကလည်း တစ်ခါချက်ဟင်းအိုးပဲ။ လူအများကြီးကို ဘယ်လိုကျွေးမလဲ"

"အိမ်း - ဒါဆို ငါပြောတာ နားထောင်ပါ။ ဒီထမင်းအိုးကို ချက်ပြီးရင် ခူးတဲ့အခါမှာ စလောင်းဖုံးကို နည်းနည်းဟပြီးခူးပါ။ ပြီးရင်ပြန်ဖုံးထားပါ။ ဟင်းအိုးထဲက ဟင်းခတ်ရင်လည်း အဲဒီအတိုင်းပဲ အတူတူပဲ"

သူတို့မိသားစုလည်း ရသေ့ကြီးပေးတဲ့အိုးနှစ်လုံးကိုယူပြီး အိမ်သို့ ပြန်လာခဲ့တယ်။ အိမ်သို့ရောက်သောအခါ စိုင်းလူလှက မယုံသဖြင့် ထမင်းနဲ့ ဟင်းချက်ပြီး အိမ်နီးနားချင်းများကိုဝေရာ ဝေ၍ မကုန်နိုင်အောင်ဖြစ်ခဲ့တယ်။ ဒီတော့မှ ဂမ္ဘီရထမင်းအိုးနဲ့ ဟင်းအိုးအကြောင်းကို ယုံကြည်သွားခဲ့တယ်။

များမကြာမီမှာ နန်းမြနွယ်ပြောတဲ့အတိုင်း နန်းသိင်္ဂီကို သူဌေးလေး စိုင်းလူလှက မိဘစုံညီနဲ့သွားတောင်းရာ နေမကောင်းဖြစ်နေတဲ့ နန်းသိင်္ဂီရဲ့ ဖခင်ကြီးက ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့သည်။

နန်းသိင်္ဂီကိုကြည့်လိုက်သောအခါ နန်းသိင်္ဂီမှာ နန်းမြနွယ်နှင့် လွန်စွာရုပ်ချင်းတူသဖြင့် မေးမြန်းရာ နန်းမြနွယ်မှာ သူမရဲ့အစ်မအရင်းဖြစ်ပြီး လွန်ခဲ့သော တစ်နှစ်ခန့်က သေဆုံးခဲ့တယ်ဟု ပြောပြခဲ့တယ်။

နန်းသိင်္ဂီရဲ့စကားကို ကြားရသောအခါ စိုင်းလူလှမှာ လွန်စွာ အံ့ဩသွားခဲ့တယ်။ နှစ်ဖက်သောမိဘများရဲ့ အစီအစဉ်အရ နောက်တစ်လတွင် စိုင်းလူလှနဲ့ နန်းသိင်္ဂီတို့မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့တယ်။

အဲဒီမင်္ဂလာပွဲကြီးမှာ လာသမျှလူတွေကို အဲဒီဂမ္ဘီရထမင်းအိုး၊ ဟင်းအိုးနဲ့ ချက်ကျွေးပြီး ဧည့်ခံခဲ့တာ တစ်ရွာလုံး ဝက်ဝက်ကွဲမျှ ကျွေးမွေးနိုင်သလို မကုန်မခန်းနိုင်အောင် ပိုလျှံနေခဲ့တယ်။ ဒါကြောင့် နန်းသိင်္ဂီ အပါအဝင် အဲဒီရွာက လူတွေကလည်း တအံ့တဩဖြစ်ခဲ့ကြတယ်။

နောက်တော့ အဲဒီဂမ္ဘီရအိုးလေးနှစ်လုံးအကြောင်းသိသွားပြီး အဲဒီရွာမှာ အလှူအတန်းရှိရင် အဲဒီအိုးလေးနှစ်လုံးကို လာငှားပြီး ချက်ပြုတ် လှူဒါန်းကြတယ်။ တဖြည်းဖြည်းနဲ့ အခြားရွာက ရွာသူရွာသားတွေလည်း အဲဒီအိုးလေးအကြောင်းသိပြီး 'အလှူအတန်းရှိရင် စိုင်းလူလှဆီက အိုးလေးနှစ်လုံးသွားငှားပြီး ချက်ကြပြုတ်ကြ' လို့ပြောစမှတ်တွင်လာပါတယ်။

အဲဒီဂမ္ဘီရအိုးလေး၏အကြောင်းကို အဲဒီအနည်းအနားမှာရှိတဲ့ ရွာတိုင်းလိုလိုသိခဲ့ကြတယ်။ ဒါကြောင့် မိုင်းဆန်ခရွာနဲ့ ကျောက်ဖျာကြီးအကြောင်း၊ အိုးကလေးအကြောင်းကို ရှေးလူကြီးတွေက ပြောမဆုံးအောင် ဖြစ်ခဲ့ကြတယ်။ စိုင်းလူလှနဲ့ နန်းမြနွယ်တို့လို ဘဝခြားတဲ့ ချစ်သူတွေအကြောင်းကိုလည်း အိပ်ရာဝင်ပုံပြင်အဖြစ် ယခုထက်တိုင်အောင် ပြောနေတုန်းပါပဲ။ ထူးဆန်းတာက အဲဒီဂမ္ဘီရအိုးနှစ်လုံးကတော့ စိုင်းလူလှ သေဆုံးတဲ့နေ့မှာပဲ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့တယ်တဲ့။

ခိုခိုဌေး



www.burmeseclassic.com

www.burmeseclassic.com


**ဝင်းဆေးတိုက်** မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါပြီ



**အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်**

**အင်ကြင်းပန်း**
အမှတ်တံဆိပ်
**လေသက်ဆေး**

အစာမကြေ၊ ရင်ပြည့်ရင်တယ်ဖြစ်ခြင်း၊ အစာမစားချင်ဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ အသံဝင်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေအန်၊ ဝမ်းဗိုက်နာခြင်း၊ အောင့်ခြင်း၊ လေချုပ်ခြင်းများ ပျောက်ကင်းစေပြီး အစာကြေလေသက်၊ အရှိန်း၍ စားဝင်အိပ်ပျော်စေပါသည်။

မှတ်ပုံတင် - 1911 YR 006354 ၊ လိုင်စင် - ၂/၂၀၀၉၊ တဘထလ/တိုး(၁၀၇၈)

**ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်သူများအတွက်** မှတ်ပုံတင် - 0613 Y 010361



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
**ချောင်းဆိုးပျောက်ဆေး**

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊ အသံဝင်ခြင်း၊ မောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

**မွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှအစ အရေပြားရောဂါ အမျိုးမျိုးအတွက်**

မှတ်ပုံတင် - 0813 Y 010535



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
**အနာကျက်ဆေးမှုန့်**

အနာစိမ်း၊ ရေပဲ သဲဝဲ၊ ထိခိုက်ရှနာ၊ ခြေကွဲနာ၊ မီးလောင်နာ၊ နှင်းခူအစို အခြောက်၊ စိတ်ထွက်ခြင်း၊ အသားအရေယားယံခြင်း၊ မွေး ဒတ်၊ ပွေးတ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
အမှတ် - ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၉၀၅၇၈ ၊ ၀၉ ၇၃၁၁၃၄၀၀



ဘိုဘို (ရွှေကံကူ) ရေးသားပူဇော်သော

# ရွှေကံကူလေယျာသစ်တော် ရုပ်ရှင်တော်မြတ်
## ဖြစ်တော်စဉ်သမိုင်းမှတ်တမ်း



- ၀၉-၂၁၅၀၃၀၅ ▪ မယ်တော်ကြီး (ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာဌာနများ)
- ၀၆၆-၄၀၂၇၈ ▪ ဆရာဘိုဘို (ရွှေကိုင်မြို့ ရွှေကံကူအောင်မြေ)
- ၀၉-၅၁၀၁၅၃၅ ▪ ဦးအောင်မြတ် (ပညာရွှေတောင်-စာအုပ်တိုက်၊ ရန်ကုန်မြို့)
- ၀၉-၈၃၃၀၀၂၈၉ ▪ မချောချော (မွေးမြူရေးအဆောက်လုပ်ရေး ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်)
- ၀၉-၄၄၄၀၂၅၂၀၀ ▪ အောင်ကိုကို (ယု-အော့ဆက်၊ ၃၂လမ်း၊ ၇၃×၇၄ကြား၊ မန္တလေးမြို့)
- ၀၉-၄၂၁၀၀၈၇၇၈ ▪ ရဲလေး (၈၀/တောင်) (စမ်းချောင်း၊ ရန်ကုန်မြို့)

**ထွက်ပြီ**


www.burmeseclassic.com

www.burmeseclassic.com

## မောင်သန်းဆွေ(ထားဝယ်)
## ရှေးဟောင်းကျောက်စာတွင်မှ ဆင်ဖြူတော်များ

ဆင် သို့မဟုတ် ဆင်ဖြူနှင့် ပတ်သက်သော ဝေါဟာရများကို ရှေးဟောင်းကျောက်စာများတွင် ပုဂံခေတ်မှစတင်၍ တွေ့ရှိရပါသည်။ ခုနှစ် အစဉ်အလိုက် ဖော်ပြရလျှင်-

၁။ ခရစ်နှစ် ၁၁၄၇ ထိုး ပုဂံတုရင်းပုထိုးကျောက်စာတွင် 'ဆင်ကြီကျောင်' (ဆင်ကြီးကျောင်း) ဟု လည်းကောင်း၊

၂။ ခရစ်နှစ် ၁၁၉၈ ထိုး ဓမ္မရာဇိကဘုရားကျောက်စာတွင် 'ဆင်စာ' ဟု လည်းကောင်း၊

၃။ ခရစ်နှစ် ၁၂၀၆ ထိုး မင်းသမီးစိုးမင်းတို့ကျောက်စာတွင် 'ဆင်ခြံအရပ်' ဟု လည်းကောင်း၊

၄။ ခရစ်နှစ် ၁၂၂၃ ထိုး ရွှေကွန်ချာဘုရား ကျောက်စာတွင် 'ဆင်စွာယ်ပုထိုဝ်' (ဆင်စွယ်ပုထိုး) ဟု လည်းကောင်း၊

၅။ ခရစ်နှစ် ၁၂၃၆ ထိုး ရာဇသူရသမီးမောင်နှံ ကျောက်စာတွင် 'ဆင်ဖိုဝ် ၆၆ ယောက်၊ မြင်ဖိုဝ် ၄၀' (ဆင်ဖို့ ၆၆ ယောက်၊ မြင်းဖို့ ၄၀) ဟု လည်းကောင်း၊


၆။ ခရစ်နှစ် ၁၂၆၇ ထိုး ပုဂံမြို့တွေ့နရသီဟပတေ့မင်း ကျောက်စာတွင် 'ဆင်ဖ္လူ စသော ရတနာ' (ဆင်ဖြူ စသော ရတနာ) ဟု လည်းကောင်း၊

၇။ ခရစ်နှစ် ၁၂၆၉ ထိုး သို္ခင်ဖွာဇစ်ကျောက်စာတွင် 'ဆင်ဖ္လူ စသော ရတနာအပေါင်' (ဆင်ဖြူစသော ရတနာအပေါင်း) ဟု လည်းကောင်း၊

၈။ ခရစ်နှစ် ၁၂၇၅ ထိုး ပုဂံမြို့တွေ့နရသီဟပတေ့မင်း၏ အရှီးစောမိဖွားကျောက်စာတွင် 'ဆင်ဖ္လူ စသော ရတနာခုနှစ်ပါ သို္ခင်ဖ္လစ်သော ဩိတြိဘုဝနာဒိတျပဝရဓမ္မရာဇာမည်သော တြာ့မင်' (ဆင်ဖြူစသော ရတနာ ခုနစ်ပါး သခင်ဖြစ်သော ဩိတြိဘုဝနာဒိတျပဝရဓမ္မရာဇာမည်သောတရားမင်း) ဟု လည်းကောင်း တွေ့ရှိရသည်။

၉။ ခရစ်နှစ် ၁၂၉၈ ထိုး အိန္ဒိယပြည်ဗုဒ္ဓဂယာရှိ သုဇာတာ ယနာန္ဆွမ်းကပ်ရာဌာန မြန်မာကျောက်စာတွင် 'ဆင်ဖ္လူသို္ခင်တြာ့မင်ကြီမိမိကိုဝ်စာ' (ဆင်ဖြူသခင်တရားမင်းကြီး မိမိကိုယ်စား) ဟု လည်းကောင်း တွေ့ရှိရသည်။

၁၀။ ခရစ်နှစ် ၁၃၀၃ ထိုး မြင်စိုင်းမြို့တွေ့ အသခ်ရာကျောင်းကျောက်





www.burmeseclassic.com


www.burmeseclassic.com

စာတွင် 'ဆင်ဖွ့လ္လအသို့င်လျှသော' (ဆင်ဖြူသခင်လှူသော) ဟု လည်းကောင်း၊

၁၁။ ခရစ်နှစ် ၁၃၀၆ ထိုး ကျောက်ဆည်မြို့တွေ့ စစ်သူကြီးလက်ဝဲအမတ်ကြီးကျောက်စာတွင် 'သီဟသူရဝိဇယျဒေဝမည်သော ဆင်ဖွ့လ္လသီခင်ဖြစ်သော' (သီဟသူရဝိဇယျဒေဝမည်သောဆင်ဖြူသခင်ဖြစ်သော) ဟု လည်းကောင်း။

၁၂။ ခရစ်နှစ် ၁၃၄၁ ထိုး ဝက်လက်မြို့နယ် ဆင်ကွပ်ရွာ ရွှေဂူကြီးဘုရားရှိ ကတူတောကျောင်း ကျောက်စာတွင် 'ဆင်ဖွ့လ္လသို့မင်ကြိ' (ဆင်ဖြူသခင်မင်းကြီး) ဟု လည်းကောင်း၊

၁၃။ ခရစ်နှစ် ၁၃၅၃ ထိုး မြင်စိုင်းမြို့တွေ့ ရဲဘော်ရွာမှရရှိသော ဆင်ဖြူသခင်မင်း ကျောက်စာတွင် 'ဆင်ဖွ့လ္လသခင် ကွန်ပြောက်ကြိ' (ဆင်ဖြူသခင် ကွန်းပြောက်ကြီး) ဟု လည်းကောင်း၊





www.burmeseclassic.com

www.burmeseclassic.com

၁၄။ ခရစ်နှစ် ၁၃၆၀ ထိုး ပင်းယမြို့တွေ့ ဆင်ဖြူသျှင်မင်းကျောက်စာတွင် 'ပင်ယမည်သော ပြည်ကိုဝ်အစိုဝ်ရရှယ် ဆင်ဖ္လူအသျှင်ဖွစ်ထသော သီဟသူရမင်ကြီ' (ပင်းယမည်သော ပြည်ကို အစိုးရ၍ ဆင်ဖြူအရှင်ဖြစ်ထသော သီဟသူရမင်းကြီး) ဟု လည်းကောင်း၊

၁၅။ ခရစ်နှစ် ၁၃၄၉ ထိုး စစ်ကိုင်းမြို့တွေ့ ဆင်ဖြူသျှင်ဘုရားကျောက်စာတွင် 'သီဟသူရဓမ္မရာဇာမည်သော ဆင်ဖ္လူသိခင်တြာ့မင်' (သီဟသူရ ဓမ္မရာဇာမည်သော ဆင်ဖြူသခင်တရားမင်း) ဟု လည်းကောင်း၊

၁၆။ ခရစ်နှစ် ၁၄၂၃ ထိုး စစ်ကိုင်းမြို့တွေ့ အဝဆင်ဖြူရှင် သီရသူကျောင်းကျောက်စာတွင် 'သီဟပတေ့မည်သော ဆင်ဖ္လူသိခင်တြာ့မင်ကြီ' (သီဟပတေ့ မည်သော ဆင်ဖြူသခင် တရားမင်းကြီး) ဟု လည်းကောင်း၊

၁၇။ ခရစ်နှစ် ၁၄၃၉ ထိုး စစ်ကိုင်းမြို့တွေ့ ကျောင်းအား မြေလှျှသော ကျောက်စာတွင် 'ဆင်ဖ္လူငါစီအသျှင်မင်တရာ၏သာ ကြီဖ္လစ်ထသောကျွ်စွာမင်ကြီ' (ဆင်ဖြူငါးစီးအရှင်မင်းတရား၏သားကြီး ဖြစ်ထသော ကျစွာမင်းကြီး) ဟု လည်းကောင်း၊

၁၈။ ခရစ်နှစ် ၁၄၄၂ ထိုး ပုဂံမြို့တွေ့ တက်နွယ်ကျောင်း ကျောက်စာတွင် 'ဆင်ဖြူသိခင်ဖုရရှင်မဟာသီဟသူရတြာ့မင်ကြီ' (ဆင်ဖြူသခင်ဘုရားရှင် မဟာသီဟသူရတရားမင်းကြီး) ဟု လည်းကောင်း၊

၁၉။ ခရစ်နှစ် ၁၄၉၇ ထိုး စစ်ကိုင်းမြို့တွေ့ ရတနာဗိမာန်ကျောင်းကျောက်စာတွင် 'ဆင်ဖြူတစီသျှင်သာ ငါစီသျှင်အနွယ်ဖြစ်သော' (ဆင်ဖြူတစ်စီးရှင်သား ငါးစီးရှင်နွယ်ဖြစ်သော) ဟု လည်းကောင်း၊

၂၀။ ခရစ်နှစ် ၁၆၃၆ ထိုး စစ်ကိုင်းမြို့တွေ့ ကောင်းမှုတော်ဘုရားကျောက်စာတွင် 'ဆင်ဖြူသိခင်၊ ဆင်ဖြူ ဆင်းနီ မျးရှင်မင်ဝ္ာရး၊ ပုလဲအသွင်ဖြူစင်နာဂ တစီရသးငးစီသိခင်' (ဆင်ဖြူသခင် ဆင်ဖြူဆင်နီများရှင် မင်းတရား၊ ပုလဲအသွင် ဖြူစင်နာဂ တစ်စီးရသား ငါးစီးသခင်) ဟု လည်းကောင်း ရေးထိုးထားကြောင်းများကို တွေ့ရှိရပါသည်။

မြန်မာ့ ရှေးဟောင်းကျောက်စာ အထောက်အထားများအရ မြန်မာမင်းများသည် ပုဂံခေတ်ကတည်းက လည်းကောင်း၊ နှောင်းခေတ်များတွင် လည်းကောင်း ဆင်နှင့် ဆင်ဖြူတော်တို့ကို တန်ဖိုးထားကြသည့်အကြောင်း တွေ့ရှိရသည်။ မြန်မာမင်းများသည် ဆင်ဖြူတော်ကို ရတနာ (၇) ပါးတွင် တစ်ပါးအဖြစ် ယူဆကြောင်း ကျောက်စာအထောက်အထားများအရ တွေ့ရသည်။ ကျောက်စာများတွင် ဆင်ဖြူတော် (၅) စီးပိုင်သော မင်းကြီးများ ရှိခဲ့ကြောင်းလည်း သိရသည်။ ကျောက်စာများ၌ ပထမပိုင်း ဆင်ဖြူတော်ဝေါဟာရကို 'ဆင်ဖ္လူ' ဟု ရေးထိုးခဲ့ပြီး နောက်ပိုင်းတွင် ယခုရေးထုံးဖြစ်သော 'ဆင်ဖြူ' ဟု ရေးထိုးသည်ကိုလည်း တွေ့ရ၏။ ကျောက်စာများတွင် ဘုရင် (မင်းကြီး) များ၏အမည်တွင် ဆင်ဖြူရှင်အမည်ကို ဂုဏ်ယူမြတ်နိုးစွာ ထည့်သွင်းဖော်ပြထားကြပါသည်။ မြန်မာမင်းများသည် ဆင်ဖြူတော်များအပြင် ဆင်နီများကိုလည်း ပိုင်ဆိုင်ကြောင်း ကျောက်စာများတွင် တွေ့ရပါသည်။

ထို့ကြောင့် မဟာဂီတသီချင်းများမှ ဝန်ကြီးပဒေသရာဇာ၏ 'ဝေဘာဂီရိတောင်ငယ်တွင်' အစချီသော ညွှန့်တက်သံသာကြိုးတွင်-

'နီတွေးတွေး၊ ရောင်ဖွေးဖွေး၊ ဘက်မဲ့သာပြိုင်နိုင်းဝေး'

ဟု လည်းကောင်း၊

'ဆင်ဖြူလာ၊ ဆင်နီလာ၊ စိုစိုစို ကြလေး'

ဟု လည်းကောင်း တွေ့ရခြင်း ဖြစ်သည်။

ဆင်ဖြူတော်အမည်ကို ပုဂံခေတ် ကျန်စစ်မင်းလက်ထက်တော်တွင် ရေးထိုးခဲ့သော ပုဂံ-ကျန်စစ်သားမင်း နန်းတည်မင်ကျောက်စာ (ဆ) (ခရစ်နှစ်-၁၁၀၂) ၌-

'ဆင်ယာဉ်စီးဇိမ်ရှင်သည် ဇေတဝန်ဆောင် အပါးကိုမှီး၍ ပုဂံမြို့ နိမ့်သောတံတိုင်းမှ ရှေ့သို့ ရှေးရှုလာပြီးလျှင် ဆင်တော်ကို ယှဉ်ကပ်၏။ ဝေါသမားတို့သည် ဝေါယာဉ်နှင့်အတူ ဆင်ယာဉ်၏နောက်၌ နေကြ၏။

ဆင်၏ရှေ့၌သာ အထူးထူး မွမ်းမံခြယ်လှယ်၍ တောက်ပသော၊ ရွှေဖြင့်ပြီးသော အလုံးစုံသော ကိရိယာအဆင်တန်ဆာတို့နှင့် ပြည့်စုံသော ဧရာဝနမဟာဝိဇယျဗဖြဘုမ် အမည်ရှိသော ဆင်ဖြူတော် ရပ်တည်နေ၏'

ဟု ရေးထိုးထားကြောင်း တွေ့ရှိရပါသည်။

ဆင်ဖြူတော်အမည်ကို ဆက်လက်၍ ပုဂံမြကန်မွန်ကျောက်စာတွင် ဆင်ဖြူကို ယာဉ်ပြုထသော မြတ်သောအရှင် ဂြိတြိဘုဝနာဒိတျဓမ္မရာဇရာဇာဒိရာဇာ (ကျန်စစ်မင်းကြီး)၊ ပုဂံအလံပုဂံမွန်ကျောက်စာတွင် ဆင်ဖြူကို ယာဉ်ပြုထသော၊ သထုံကျိုက်တဲမွန်ကျောက်စာတွင် ဆင်ဖြူကို ယာဉ်ပြုထသော၊ သထုံ ကျိုက်တလန်းမွန် ကျောက်စာ (ခရစ်နှစ် ၁၀၉၈) တွင် ဆင်ဖြူတော်ကို ယာဉ်ပြုထသော စသည်ဖြင့် တွေ့ရှိရပါသည်။

မွန်ကျောက်စာအရ ပုဂံမြို့တော် ကျန်စစ်သားမင်းကြီးတွင် ဆင်ဖြူတော် ရှိနေကြောင်း အထောက်အထား ခိုင်မာစွာ တွေ့ရှိရပါ၏။ ဆင်ဖြူတော်ကိုလည်း အမည်ပေးထားကြောင်း တွေ့ရှိရပါသည်။

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက်**


၁။ မဟာဂီတဝိသောဓနီ (ဦးမောင်မောင်လတ်)
၂။ ဦးငြိမ်းမောင် (ရှေးဟောင်းမြန်မာကျောက်စာများ) ပထမတွဲ၊ ရန်ကုန်။ ရှေးဟောင်း သုတေသနဦးစီးဌာန (၁၉၇၂)
၃။ ဦးငြိမ်းမောင် (ရှေးဟောင်း မြန်မာကျောက်စာများ) တတိယတွဲ၊ ရန်ကုန်။ ရှေးဟောင်းသုတေသနဦးစီးဌာန (၁၉၇၃)
၄။ ဦးငြိမ်းမောင် (ရှေးဟောင်းမြန်မာကျောက်စာများ) စတုတ္ထတွဲ၊ ရန်ကုန်။ ရှေးဟောင်းသုတေသန ဦးစီးဌာန (၁၉၈၈)
၅။ ဦးငြိမ်းမောင် (ရှေးဟောင်းမြန်မာကျောက်စာများ) ပဉ္စမတွဲ၊ ရန်ကုန်။ ရှေးဟောင်းသုတေသန ဦးစီးဌာန (၁၉၈၇)
၆။ ဦးချစ်သိန်း (တည်းဖြတ်) ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်၊ ရန်ကုန်။ ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ရှေးဟောင်းသုတေသနဌာနခွဲ (၁၉၆၅)၊ အပိုင်း (၁)




www.burmeseclassic.com

www.burmeseclassic.com

**စကြဝဠာမှ ရရှိသော စွမ်းအင်များ**

လူသားတို့ အသက်ရှင် ရပ်တည်မှုအတွက် မရှိမဖြစ် လိုအပ်သော စွမ်းအင် (ခွန်အား) များကို စကြဝဠာကြီးထံမှ တန်ဖိုးအရှိဆုံးသောလက်ဆောင်အဖြစ် ရရှိထားကြပြီး ဖြစ်သည်။ အဆိုပါ စွမ်းအင်များသည် သက်ဆိုင်သူ လူသားတစ်ဦးချင်းစီအလိုက် စိတ်ဝိညာဉ်ဆိုင်ရာ ခွန်အားနှင့် ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာ၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတို့ကိုပါ ကဏ္ဍအလိုက် တိုးတက်မှုရှိရန် ဩဇာသက်ရောက်နိုင်ကြသည်။ လူသားတို့အနေဖြင့် အဆိုပါစွမ်းအင်များ၏တန်ဖိုးကို ခွဲခြားနားလည်၍ ကောင်းသော စွမ်းအင်များချည်းဖြစ်အောင် စဉ်ဆက်မပြတ် ပြုစု ပျိုးထောင်တတ်ရန် လိုပါသည်။ လူသားတစ်ဦးချင်းစီမှ စွမ်းအင်များကို သူ့နေရာနှင့်သူ အသုံးချတတ်အောင် ဖုန်းရွှေပညာရပ်က ကူညီ လမ်းညွှန်ပေးပါမည်။

**ကိုယ်ရောင်ကိုယ်ဝါရှိခြင်းဖြင့် စွမ်းအင်မြင့်တက်စေခြင်း**

မိမိထံ၌ ကောင်းသောဖုန်းရွှေဖြစ်စေသည့် ကိုယ်ရောင်ကိုယ်ဝါရှိထားခြင်းဖြင့် မိမိနေအိမ်၊ အလုပ်အကိုင်တို့ကိုပါ စွမ်းအင်မြင့်တက်လာစေပါသည်။ မိမိနေအိမ်၏ အရောင်အဝါတောက်ပခြင်းကြောင့်လည်း အိမ်သား (မိသားတစ်စုလုံး)အတွက် ကောင်းသောချီဓာတ်များဝင်ရောက်လာစေနိုင်ပါသည်။ ဖုန်းရွှေပညာအရ စွမ်းအင်တစ်မျိုးချင်းစီ (ဓာတ်တစ်မျိုးချင်းစီ) အလိုက် နေရာဌာနအပေါ် မူတည်၍ အကောင်း၊ အဆိုး ကွဲပြားသွားပါသည်။ ဖုန်းရွှေနည်းအရ မဟုတ်ဘဲ မိမိအလိုရှိသလို စွမ်းအင်များကို အသုံးချမိပါက ကောင်းသောချီဓာတ်အစား မကောင်းသော ချီဓာတ်များ ဝင်ရောက်စီးဆင်းကာ မိမိအပါအဝင်နှင့် အိမ်သားအားလုံးအား ဘေးအန္တရာယ်ကျရောက်စေသည်ကို သတိပြုပါ။ လူသားတို့အတွက် လုံလောက်သော အိပ်စက်ခြင်းက ကုန်ဆုံးသွားသော ခွန်အား(စွမ်းအင်)များကို ပြန်လည် ဖြည့်တင်းသကဲ့သို့ ဖုန်းရွှေပညာအရ လျော့ကျသွားသော ကောင်းသော ချီဓာတ်များအား ပြန်လည် ဝင်ရောက် စီးဆင်းရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရပါမည်။

**Chapter - One**

**စွမ်းအင်ကောင်းများအား ထိန်းချုပ်အသုံးချခြင်း**

စွမ်းအင်ကောင်းများသည် ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့အား ဘဝတစ်သက်တာအတွင်း အဆင့်အတန်းမြင့်စေရန် ဩဇာသက်ရောက်လျက် ရှိသည်။ မိမိနေထိုင်ရာ အိမ်ခန်း (သို့) ရုံးခန်းအတွင်း စွမ်းအင်မြင့်လိုပါက အနည်းဆုံး ၎င်းအခန်း၌ (၆) လကြာ နေထိုင်ပြီးနောက်ပိုင်း ဖုန်းရွှေအစီအစဉ်များဖြင့် စတင် အကောင်အထည်ဖော်နိုင်ပါသည်။ အောက်ပါအတိုင်း အဆင့်ဆင့် ချဉ်းကပ်လေ့လာ၍ စွမ်းအင်မြှင့်တင်နိုင်ပါသည်။

**၁။ အခန်းအတွင်း စွမ်းအင်မြှင့်ရန် အာရုံ (၅) ပါးနှင့် လိုက်လျောညီထွေ ခံစားသိရှိစေခြင်း**

မိမိနေထိုင်ရာ အိမ်ခန်း (သို့) ရုံးခန်းအတွင်း အလယ်ဗဟိုနေရာတွင်ရပ်၍ အရပ် (၈) မျက်နှာအား လက်ယာရစ်ပုံစံ ဖြည်းညင်းစွာလှည့်ပတ်ကာ ၎င်းအခန်းအတွင်းရှိနေသော အိမ်ထောင်အသုံးအဆောင်ပစ္စည်းများ၊ အလှဆင်ထားသောအရာများ၊ နံရံနှင့် နံရံပေါ်ရှိ ချိတ်ဆွဲထားသော ပန်းချီကားများ၊ အခန်းထောင့်များ၊ စားပွဲ၊ ကုလားထိုင်၊ မီးလုံး၊ မီးချောင်းနှင့် အခန်းအား တန်ဆာဆင် လိမ်းခြယ်ထားသောအရောင်များစသည်ဖြင့် အသေးအဖွဲမှအစ သတိထား အာရုံစိုက်၍ ကြည့်ရှုပေးရပါမည်။ အခန်းအတွင်းရှိ ပစ္စည်းတစ်ခုချင်းစီအား တတ်နိုင်သမျှ အာရုံ (၅) ပါးစလုံး ပါအောင် အာရုံစိုက်ပေးပြီး ပြတင်းပေါက်မှ လေတိုးသံ၊ လေပိုက်ခေါင်းမှ ရေစက်ကျသံ၊ ရေဒီယို၊ ကက်ဆက်ဖွင့်ထားသည့်အသံတို့အပြင် ကိုယ်တိုင်လက်ဖြင့်

သင့်စွမ်းအင်၊

သင့်ကိုယ်ခံအားကောင်းစေမည့်

ဖုန်းရွှေပညာ

(၁) (၆) (၈)

ဦးအောင်လှိုင်(သုဝဏ္ဏ)





www.burmeseclassic.com

www.burmeseclassic.com

ထိတွေ့ကိုင်တွယ်၍ ၎င်းအခန်းနှင့် မိမိစိတ်ရောကိုယ်ပါ တစ်သားတည်းကျအောင် ပြုလုပ်ပါ။ အခန်းအတွင်းရှိ ပစ္စည်းများ တစ်ခုချင်းအလိုက် စွမ်းအင်တစ်မျိုးစီရှိနေပြီး အကောင်း၊ အဆိုး ကွဲပြားစွာ အကျိုးသက်ရောက်နေသည်ကို (ဖုန်းရွှေပညာ လေ့လာပြီးနောက်ပိုင်း) ခွဲခြားစွာ သိမြင်လာပါမည်။


မိမိအခန်းကို လေ့လာ စစ်ဆေးရာ၌ အခန်းဖွဲ့စည်းပုံနှင့် တံခါးပေါက်များတည်ရှိပုံ၊ အငူအစွန်းငေါ်ထွက်နေသည့်အရာများ၊ ရေပိုက်စီစဉ်ထားရှိပုံများကိုပါ မလွတ်စတမ်းသတိထားကြည့်ရန် လိုပါသည်။ အခန်းအား မျက်စိ၊ နားတို့ဖြင့် လေ့လာပြီးနောက် စိတ်ပိုင်းဆိုင်ရာခံစားချက်ထည့်၍ သက်သောင့်သက်သာဖြစ်နေခြင်း (သို့) မွန်းကျပ်နေခြင်း ရှိ၊ မရှိ သတိထား လေ့လာပါ။ အခန်းအတွင်း မီးအလင်းရောင်မှောင်သည်ဟု ထင်မြင်ပါက ပိုမိုလင်းထိန်အောင်ထွန်းပေးပြီး မိမိစိတ်ခံစားမှုကို ပြန်လည် စစ်ဆေးပါ။ ခန်းဆီးလိုက်ကာများ လျှော်ဖွပ်ရန် လို၊ မလို၊ အခန်းအတွင်း ပြတင်းပေါက်မှ နေရောင်ခြည် ဝင်၊ မဝင်၊ အခန်း၏ကြမ်းပြင်၌ ခင်းထားသော ကော်ဇောများ စိုစွတ်နေခြင်း ရှိ၊ မရှိ စသည်ဖြင့် (စိတ်ခံစားမှုကို ဦးစားပေး၍) စစ်ဆေးပါ။

ဖုန်းရွှေပညာအရ အခန်းအတွင်းရှိ စွမ်းအင်အသီးသီးသည် မှန်တွင်ကြည့်၍ အရိပ်ပေါ်သလို စွမ်းအင်အကောင်း၊ အဆိုးအလိုက် မိမိ၏ စိတ်ပိုင်းဆိုင်ရာ ဩဇာသက်ရောက်နေပါမည်။

လူတိုင်း မိမိတို့၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စွမ်းအင်ကောင်းများ ပိုင်ဆိုင်ထားရန် လိုအပ်ပါသည်။ ထိုသို့ ပိုင်ဆိုင်နိုင်ရန် စကြဝဠာကြီးက (လက်ဆောင်သဖွယ်) ပေးထားပြီးသော စွမ်းအင်ကောင်းများအား အမိအရ ဆုပ်ကိုင်ဖမ်းယူနိုင်ဖို့သာ လိုပါသည်။ ဖုန်းရွှေပညာဖြင့် စွမ်းအင်များကို မြှင့်တင်ပေးနိုင်မှသာ မိမိဘဝအဆင့်အတန်းလည်း မြင့်မားလာပါမည်။ တစ်ဖန် ရပြီးသော စွမ်းအင်ကောင်းများကိုလည်း လျော့ကျပျောက်ပျက်မသွားအောင် ထိန်းသိမ်းနိုင်ရပါမည်။

**၂။ Lo pan compass ခေါ် ဖုန်းရွှေအိမ်မြှောင်ကို အသုံးပြု၍ အခန်း၏ အနေအထားကို တိုင်းတာ စစ်ဆေးခြင်း**

Lo pan (လိုပန်) ခေါ် ဖုန်းရွှေအိမ်မြှောင်ကိုသုံး၍ အခန်းအတွင်းရှိ အရပ် (၈) မျက်နှာတွင် နေရာယူထားသော ပစ္စည်းများ၏ တည်နေရာတစ်ခုချင်းစီအား တိုင်းတာနိုင်ခြင်းဖြင့် ၎င်းတို့၏ ကိုယ်စားပြုစွမ်းအင်များ ဩဇာသက်ရောက်ပုံကို လေ့လာတွေ့ရှိနိုင်ပါသည်။



အခန်းဖွဲ့စည်းပုံကို တိုင်းတာရာ၌ အလယ်ဗဟိုကျသောနေရာတွင်ရပ်၍ အခန်းအတွင်းသို့ ဝင်ရောက်မည့် တံခါးဝတည်နေရာနှင့် ၎င်းတံခါးဝရှေ့မျက်နှာချင်းဆိုင်၌ အခြားတံခါးပေါက်တစ်ခု (သို့) လှေကားတစ်ခု ရှိ၊ မရှိ စစ်ဆေးပါ။ ဖုန်းရွှေအိမ်မြှောင်စက်ဝိုင်းက ညွှန်ပြသောအရပ်ထောင့်နှင့် ချိန်သားတကျ လေ့လာပါ။ မိမိအခန်းတံခါးဝနှင့် မျက်နှာချင်းဆိုင်၌ လှေကားရှိနေခြင်းသည် မကောင်းသောချီဓာတ်များ ဝင်ရောက်စေခြင်းကြောင့် ထိုနေရာ၌ ခန်းဆီးလိုက်ကာတစ်ခု ချက်ချင်း တပ်ဆင်ထားရှိရန် လိုအပ်ပါသည်။

တံခါးပေါက်အား ပြောင်းလဲထားရှိရန် မဖြစ်နိုင်သောကြောင့် ခန်းဆီးတပ်ပေးခြင်းက လှေကားမှ မကောင်းသော စွမ်းအင်များ၏ တိုက်ရိုက်အကျိုးသက်ရောက်မှုမှ သက်သာစေပါသည်။


**အိပ်ခန်းနှင့် ရေချိုးခန်းများကို လေ့လာခြင်း**

အထက်တွင် ဖော်ပြခဲ့သော အခန်းလေ့လာပုံအတိုင်း အိပ်ခန်းနှင့် ရေ ချိုးခန်းများ၊ အဝတ်ဗီရိုများ၏ တည်နေရာက မိမိနေထိုင်ရာအခန်း၏ မည်သည့် အရပ်ထောင့်တွင်ရှိပြီး မည်သို့မကောင်း သောချီဓာတ်များ ပေါ်ပေါက်စေသည် ကိုလည်း အကျိုးစီးပွားမထိခိုက်မီ ကြို တင်သိရှိ၍ လိုအပ်သလို ကာကွယ်မှုပြု နိုင်ရပါမည်။

နမူနာပုံအရ Island Unit တွင် ဘေးစောင်းအနားများ အဝိုင်းပုံစံပါ ခြင်းကြောင့် ကောင်းသော ချီဓာတ်များ အား အဆင်ပြေ ချောမောစွာ စီးဆင်း စေသည်။ သို့သော် မီးဖိုချောင်၏ လက် ဆေး၊ ပန်းကန်ဆေးကန်အား မီးဖိုနှင့် နီးကပ်စွာ မထားရပါ။

**၃။ ကောင်းသောစွမ်းအင်များကို ထိခိုက် စေသည့်အရာများအား ရှောင်ရှား၍ နေရာ ချခြင်း**

သင်နေထိုင်ရာ အိမ်ခန်း (သို့ ရုံးခန်း) အတွင်း၊ အပြင်နေရာများ၌ မကောင်းသောချီဓာတ် ဖြစ်ပေါ်စေနိုင် မည့် အခန်းဖွဲ့စည်းပုံ၊ အပြင်အဆင်နှင့် ပစ္စည်းများ နေရာချထားပုံတို့အား အ ထူးဂရုစိုက်ရန် လိုပါသည်။ ဖုန်းရွှေ ထောင့်အရ ဖြစ်လာနိုင်မည့် မကောင်း သော အခြေအနေအရပ်ရပ်အား ကြို တင် ရှောင်လွှဲရန် ပစ္စည်းအသေးအ များကအစ ရာနှုန်းပြည့် သတိထား လိုပါသည်။ တစ်ခါတစ်ရံ လူတိုင်းလို



Island unit with rounded edges helps chi energy flow smoothly

Include smaller items such as plants and ornaments in your room plan because these contribute to the balance of elements in a room.

The stove should never be next to the sink



www.burmeseclassic.com

www.burmeseclassic.com

**The overhead beam creates poison arrows.**



**Seating placed directly below the beam is afflicted.**

အိမ်အတွင်းအသုံးအဆောင်ပစ္စည်းများအား ဖြစ်သလို ထားရှိမိတတ်သည်။ ဥပမာအားဖြင့် သတင်းစာများအား အခန်းထောင့်တစ်နေရာ၌ စုပုံထားမိခြင်းကြောင့် သင်၏အောင်မြင်မှုလမ်းကြောင်းများအား တားဆီးပိတ်ဆို့မည့် မကောင်းသော ချီဓာတ်များ ဖြစ်ပေါ်လာစေပါသည်။ အလားတူပင် ရွံ့ပေနေသော ဖိနပ်အား အရှေ့တံခါးမျက်နှာစာ၌ထားရှိခြင်း၊ ညစ်ပေနေသောဆေးလိပ်ခွက်အား ဧည့်ခန်းအလယ်တည့်တည့်၌ ချထားခြင်း၊ အိမ်၏ အနောက်မြောက်ထောင့်ရှိ နံရံမှဆေးများကွာကျနေခြင်းရှိပါက မိမိ အပါအဝင် မိသားစုဝင်များအားလုံး၏ ကျန်းမာရေးနှင့် စီးပွားဥစ္စာများ လုံးဝထိခိုက်ပျက်စီးလာနိုင်သည်။ ၎င်းအပြင် နှုတ်ခမ်းသားအနည်းငယ်မှုပဲ့နေသော ကော်ဖီပန်းကန်ပြားအား သုံးစွဲမိခြင်းဖြင့် ကြို့ထိုးတတ်ခြင်း၊ ယာယီပြဿနာတစ်ခုဖြစ်တတ်ခြင်း၊ အစီအစဉ်များနှောင့်နှေးကြန့်ကြာခြင်း စသည့် ဆိုးကျိုးများဖြင့် ရင်ဆိုင်ရတတ်ပါသည်။ အသေးအဖွဲ့ကိစ္စများနှင့်ပတ်သက်၍ မလိုလားအပ်သောပြဿနာများ ပေါ်ပေါက်ရကြောင်း အခြားသာဓကများစွာရှိနေပါသည်။




**Shoes lined up by the door can create negative, blocked energy, stopping good fortune entering the home.**

ယင်းမှာ မိမိအိပ်ပျော်နေစဉ် စားပွဲခုံ၏ဘေးအစွန်း (သို့) ဝေါထွက် ချွန်းထွက်နေသည့် အစွန်းတစ်ခုနှင့် ထိနေခြင်းဖြင့် မိမိလုပ်ငန်းအောင်မြင်မှုအခွင့်အရေးများအား ထိခိုက်စေပြီး မိမိအိပ်ရာနှင့် အပေါ်ဘက် (မျက်နှာကြက်ရှိ) ရက်မတန်း (Beam) က တစ်တန်းတည်းရှိနေပါက ခေါင်းကိုက်ဝေဒနာ ခံစားရတတ်ခြင်း၊ စိတ်မွန်းကျပ်၍ ဒေါသဖြစ်စရာ၊ သောကရောက်စရာများကြောင့် စိတ်ပိုင်းဆိုင်ရာရောဂါခံစားရခြင်းရှိလာပါမည်။

အထက်ဖော်ပြပါ သာဓကများသည် သတိထားဆောင်ရွက်နိုင်ခြင်းဖြင့် မကောင်းသောစွမ်းအင်များမှ အလွယ်တကူ ရှောင်ရှားနိုင်သော်လည်း နေ့စဉ်အလုပ်ဝန်ပိ၍ အိမ်နှင့် ပတ်ဝန်းကျင်အား အာရုံမစိုက်နိုင်သူများအဖို့ အထက်ပါ အသေးအဖွဲ့ကိစ္စလေးများက (အချိန်ကြာလာသည်နှင့်အမျှ) အတိုးချ၍ ဒုက္ခပေးလေ့ရှိပါသည်။

**၄။ အရာဝတ္ထုတိုင်းအား ဖုန်းရွှေမျက်စိဖြင့် ကြည့်ရှုတတ်ခြင်း**

သင်နေထိုင်ရာ အခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား ကောင်းသော ချီဓာတ်များ ဝင်ရောက်စေရန် ကောင်း



**Small items, such as vases, still affect your feng shui.**

**Check out the art on your wall_is it positive and uplifting.**

**Make sure you sit facing your auspicious.**

**Note here the shelf is creating a poison arrow hitting the person sitting at the computer.**





www.burmeseclassic.com

www.burmeseclassic.com

သောစွမ်းအင်နှင့် မကောင်းသော စွမ်းအင်များအား ခွဲခြားနားလည်ထားရန် လိုပါသည်။ ထိုသို့ ခွဲခြားနားလည်ရန်အတွက် အရာဝတ္ထုတိုင်းအား ဖုန်းရွှေမျက်စိဖြင့် ကြည့်ရှုတတ်ရန် လိုပါသည်။


ပထမဦးစွာ အခန်းဖွဲ့စည်းပုံအနေအထားကို လေ့လာရာ၌ အခန်း၏ အရွယ်အစား အကြီး၊ အသေး၊ အနိမ့်၊အမြင့်၊ အခန်းအတွင်း ပရိဘောဂပစ္စည်းများ စီစဉ်ထားရှိပုံ၊ မိမိအလုပ်လုပ်ရာ စားပွဲက မည်သည့်အရပ်ထောင့်သို့မျက်နှာလှည့်ထားပုံ၊ မိမိအိပ်ခန်းနှင့် မျက်နှာချင်းဆိုင်၌ရှိနေသောအရာများက မည်သို့ ဩဇာသက်ရောက်ပုံတို့ကိုပါ တစ်ပါတည်း ထည့်သွင်း လေ့လာရပါမည်။

ပရိဘောဂပစ္စည်းများအား လေ့လာရာ၌ ပုံသဏ္ဌာန်အနေအထား၊ အရွယ်အစား၊ အရောင်နှင့် နေရာချထားပုံတို့ကိုပါ အသေးစိတ်လေ့လာရပါမည်။ ၎င်းအပြင် အခန်းအတွင်း နံရံပေါ်ချိတ်ဆွဲထားသော ပန်းချီ၊ ဓာတ်ပုံများက ကောင်းသောစွမ်းအင်ဖြစ်စေသည် (သို့) မကောင်းသောစွမ်းအင် ဖြစ်စေသည်ကို ခွဲခြားနိုင်ရပါမည်။ အကယ်၍ နံရံကပ်စင် အနားထောင့်စွန်းများက မိမိအလုပ်လုပ်ရာ စားပွဲနှင့်တန်းနေပါက အဆိပ်မြားအဖြစ် ဒုက္ခပေးနိုင်သည်ကို သတိပြုပါ။ နံရံကပ်စင်ပေါ်ရှိ ပန်းအိုးအသေးကလေးကပင် မိမိအတွက် မကောင်းသော အကျိုးသက်ရောက်မှုများရှိစေပါသည်။

ဖုန်းရွှေပညာ၏အကြံပြုချက်အရ ကောင်းသောချီဓာတ်များ ဝင်ရောက်စီးဆင်းနိုင်ရန် အခန်းအပြင်အဆင်၊ ပစ္စည်းများ စီစဉ်ထားရှိပုံတို့အား မျက်စိအမြင်ဖြင့် အလွတ်ရအောင်ကျက်မှတ်ပြီး မိမိနေထိုင်ရာ အခန်းအကြီး၊ အသေးအလိုက် စီစဉ်ဆောင်ရွက်နိုင်အောင် ကြိုးစားသင့်ပါသည်။

**၅။ စိတ်ပိုင်းဆိုင်ရာ အညစ်အကြေးများအား သန့်စင်၍ ခွန်အားသစ်ယူခြင်း**

လူတစ်ဦးချင်းစီအတွက် နေ့စဉ်ကျက်သရေမင်္ဂလာရှိစေရန် နံနက်အိပ်ရာထထချင်း ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရှိသောကိစ္စများကို (စိတ်ကူးဖြင့်) တွေးတောပေးပါ။ ထိုအခါ စိတ်ပိုင်းဆိုင်ရာ အညစ်အကြေးများ လွင့်စဉ်ပျောက်လျက် ကောင်းသောစွမ်းအင်များပေါ်လာကာ နေ့သစ်အတွက် ခွန်အားတစ်ရပ်အဖြစ် ထောက်ပံ့ပေးပါမည်။



**လုပ်ငန်းခွင်အတွင်း နေ့စဉ် အလင်းဓာတ်ယူခြင်း**

နေ့စဉ် အလင်းဓာတ်ယူသောအလေ့အကျင့်ကို အချိန် (၅) မိနစ်ခန့် ပုံမှန် လေ့ကျင့်ပေးရပါမည်။ နေ့စဉ်ကုန်ခန်းသွားသော ကာယ၊ ဉာဏစွမ်းရည်များအား ၎င်းလေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ပြန်လည် အားဖြည့်စေပါမည်။ နေ့စဉ်အလင်းဓာတ်ယူခြင်းသည် လိုအပ်သော ယန်စွမ်းအင် (Yang) ရရှိရန် အခြေခံအကျဆုံးနည်းလမ်းတစ်ရပ် ဖြစ်သည်။ ယန်စွမ်းအင် လုံလောက်စွာ ပြည့်ဝနေခြင်းဖြင့် နေ့စဉ် လူမှုအသိုင်းအဝိုင်းအတွင်း ထိတွေ့ဆက်ဆံမှု၌ မိမိကိုယ်မိမိယုံကြည်မှုရှိနေပါမည်။

**အလင်းဓာတ် (Yang) စွမ်းအင်ရယူပုံ**

၁။ သင်၏ရုံးခန်းစားပွဲ၌ တိတ်ဆိတ်ငြိမ်သက်စွာထိုင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးအား ဖြေလျှော့ထားပါ။ အသက်ကို ဖြည်းဖြည်းနှင့်ပြင်းပြင်းပုံမှန်ရှူသွင်းပါ။ မိမိစိတ်ကူးထဲ၌ အိပ်ရာမှ နိုးထလျက် သန့်ရှင်းသောနေရောင်ခြည်များ လွှမ်းခြုံခံထားရသလို ရှိနေပါစေ။

၂။ မိမိအိပ်ရာပေါ်သို့ ပြတင်းပေါက်မှ ထိုးဖောက်ဝင်ရောက်လာသည့် နေရောင်ခြည်အလင်းတန်းများက အဝါရောင်ရှိနေရာမှ အဖြူရောင်ဖြစ်လာသည်အထိ အာရုံတွင် ပေါ်လာအောင် ကြိုးစားပေးပါ။

**၆။ မကောင်းသောစွမ်းအင်များကို တုံ့ပြန်ရန် နိုးကြားနေခြင်း**

မကောင်းသောစွမ်းအင်များအား ရှောင်ရှားခြင်း (သို့) တုံ့ပြန်ခုခံခြင်းပြုနိုင်ရန် အစဉ်နိုးကြားနေဖို့ လိုပါသည်။ သို့မဟုတ်က အမှတ်တမဲ့နေမိသည့် အချိန်ကြာလာသည်နှင့်အမျှ မိမိအား စိတ်ရောကိုယ်ပါ ဒုက္ခပေးလာနိုင်ပါသည်။ မကောင်းသော စွမ်းအင်များ၏ ဩဇာသက်ရောက်မှုကြောင့် မိမိ၏စိတ်ပိုင်းဆိုင်ရာအား အညစ်အကြေးဖြစ်စေမည့် ဒေါသထွက်ခြင်း၊ မနာလိုဝန်တိုခြင်း၊ စိတ်ရှည်သည်းခံမှုမရှိခြင်း၊ မလိုမုန်းထား ရန်ငြိုးဖွဲ့ခြင်းများ ပေါ်ပေါက်လာပါမည်။ တစ်ခါတစ်ရံ မိမိထံ၌ ကောင်းသောစွမ်းအင်များ၏ဂုဏ်သတ္တိ လျော့ကျနေချိန်အတွင်း ပြင်ပတစ်ဦးတစ်ယောက်ထံမှ မကောင်းသော စွမ်းအင်များကူးစက်ဝင်ရောက်လာနိုင်သည်ကို သတိပြုရပါမည်။

ကံဆိုးမိုးမှောင်ကျစေမည့်သဘောကိုပြသည့် အဆိပ်မြား၏ ဩဇာသက်ရောက်မှုကြောင့် ရုတ်တရက် မတော်ဆတ ထိခိုက်မှုဖြစ်ခြင်း၊ စီးပွားဉစ္စာပျက်စီးဆုံးရှုံးခြင်း၊ ရောဂါဝေဒနာခံစားရခြင်းများ ရှိလာပါမည်။

အထက်ဖော်ပြပါ မကောင်းသော စွမ်းအင်များအား ရှောင်ရှား တုံ့ပြန်ရန်အတွက် အောက်ပါအတိုင်း နိုးကြားသတိရှိစွာဖြင့် နေထိုင်တတ်ရန် လိုပါသည်။



လေထုညစ်ညမ်းမှုရှိရာ နေရာထက် လေကောင်းလေသန့်ရသောနေရာတွင် နေထိုင်ခြင်း၊ စိတ်ညစ်ညူးစရာမြင်ကွင်းများနှင့်ဝေးရာအရပ် သို့မဟုတ် ရှုမျှော်ခင်းကောင်းသည့်အရပ်တွင် နေထိုင်ခြင်း၊ ရေဆိုးရေညစ်များ၍ အနံ့အသက်မကောင်းသောနေရာထက် ကြည်လင်စိမ်းလဲ့သောရေကန်ရှိရာ၌ နေထိုင်ခြင်း၊ လူနေရှုပ်ထွေးထူထပ်သည့် လမ်းဆုံလမ်းခွနေရာထက် ပတ်ဝန်းကျင်သန့်သည့် (အိမ်နီးချင်းကောင်း) များရှိရာ၌ နေထိုင်ခြင်း စသည့် အချက်များနှင့် ပြည့်စုံစွာ နေထိုင်တတ်ခြင်းဖြင့် မိမိအတွက် စိတ်ပျော်ရွှင်မှုရှိခြင်း၊ ကျက်သရေမင်္ဂလာရှိခြင်းနှင့် စွမ်းအင်ကောင်းများ၏ အားဖြည့်ပေးမှုကြောင့် စီးပွားဉစ္စာ အပါအဝင် အစစအရာရာ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com

ခြင်းများဖြင့်သာ ကြုံတွေ့နေရပါမည်။

ဘဝမှန်တိုင်းအမျိုးမျိုးနှင့် အန္တရာယ်မိုးသီးမိုးပေါက်များမှ ကာကွယ်ရန် ဒုန်းရှေ့ထီးကို အမြဲဆောင်းထားသင့်ပါသည်။

**၇။ မိမိအိမ်အတွက် မကောင်းသော စွမ်းအင်ဖြစ်စေသည့် အဆောက်အအုံများအား အာနိသင်ပြယ်စေခြင်း**

မိမိနေထိုင်ရာ အိမ် (တိုက်ခန်း) ဝန်းကျင်၌ အဆောက်အအုံပုံစံအမျိုးမျိုးရှိနေတတ်သည်။ အချို့သော (လူနေအိမ်ခန်း/ရုံး) အဆောက်အအုံများကင်းတို့၏ တည်ဆောက်ပုံ အချိုးအစားပေါ်မူတည်၍ မိမိအိမ်အား မကောင်းသော စွမ်းအင်အမျိုးမျိုးဖြင့် တိုက်ခိုက်လျက် ရှိနေတတ်သည်။ အထူးသဖြင့် မိမိအိမ်နှင့် တိုက်ရိုက် မျက်နှာချင်းဆိုင်ကျသောနေရာတွင် ကြီးမားသော အဆောက်အအုံတစ်ခုရှိနေပါက မိမိဘဝတစ်လျှောက်လုံးအား အခက်အခဲ အတားအဆီးများဖြင့် ပိတ်ဆို့စေခြင်း၊ ကံဆိုးမိုးမှောင်ကျစေခြင်း၊ စီးပွားရေး၊ လူမှုရေးကျရှုံး၍ ကျန်းမာရေးထိခိုက်စေခြင်းစသည့် မကောင်းသော စွမ်းအင်များ၏ခြိမ်းခြောက်မှုကို အလူးအလဲခံနေရပါမည်။

**အဖျက်သဘောဆောင်စွမ်းအင်များ ဖြစ်စေသည့် အဆောက်အအုံပုံစံများ**



မိမိနေထိုင်ရာအိမ်သည် တောင်အရပ်တွင်ရှိပြီး (မြောက်အရပ်အားမျက်နှာမူကာ) မီးဓာတ်ကိုယ်စားပြုထားသည် ဆိုပါစို့။ အကယ်၍ မိမိအိမ်မျက်နှာချင်းဆိုင်၌ အပြာရောင်ဆေးသုတ်ထားသည့် အခုံးအခွက်သဏ္ဍာန် အဆောက်အအုံတစ်ခုရှိနေပါက ယင်းအဆောက်အအုံသည် ရေဓာတ်ကိုယ်စားပြုထားသောကြောင့် သင့်အိမ်အား အကျိုးစီးပွားပျက်စီးစေမည့်စွမ်းအင်များသက်ရောက်စေပါမည်။ ထိုမကောင်းသောစွမ်းအင်များ လျော့ပါး ပြေပျောက်စေရန် မြေဓာတ်ကိုယ်စားပြုစွမ်းအင်ဖြင့် ပြန်လည်ခုခံကာကွယ်ရပါမည်။ အဆိုပါပြဿနာအတွက် အကောင်းဆုံး ဖြေရှင်းခြင်းအဖြစ် မိမိအိမ်ခင်းအား အုတ်တံတိုင်းကာရံပေးရပါမည်။ ဖုန်းရွှေပညာရှုထောင့်အရ ဓာတ်ကြီး (၅) ပါးဖြစ်သော မီး၊ ရေ၊ မြေ၊ သတ္တုနှင့် သစ်သားတို့၏ ပျက်စီးချုပ်ငြိမ်းခြင်းစက်ဝိုင်းအရ မီးကို ရေက သတ်၍ ရေကို မြေက သတ်နိုင်ခြင်းသဘောကြောင့် မီးဓာတ်ကိုယ်စားပြု မိမိနေအိမ်အား မျက်နှာချင်းဆိုင်ရှိ ရေဓာတ်ကိုယ်စားပြုနေအိမ်မှ မကောင်းသောစွမ်းအင်များဖြင့် တိုက်ခိုက်ခြင်းအပေါ် ရေဓာတ်အား ချုပ်ငြိမ်းစေမည့်သဘောဖြင့် မြေဓာတ်ကိုယ်စားပြု အုတ်တံတိုင်းကာရံပေးရခြင်းသာ ဖြစ်သည်။




မိမိအိမ်သည် အရှေ့အရပ်တွင်ရှိပြီး (အနောက်အရပ်ကို မျက်နှာမူလျက်) သို့မဟုတ် အရှေ့တောင်အရပ်တွင်ရှိပြီး (အနောက်မြောက်အရပ်ကို မျက်နှာမူလျက်) ရှိကာ သစ်သားဓာတ်ကို ကိုယ်စားပြုထားသည် ဆိုပါစို့။ အကယ်၍ မိမိအိမ်မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံသည် လေးထောင့်စတုရန်းပုံကျပြီး ဆေးအဖြူရောင်(သို့)သတ္တုရောင်သုတ်ထားသည့် သတ္တုဓာတ်ကိုယ်စားပြုအဆောက်အအုံဖြစ်နေပါက သင့်အား ဖျက်ဆီးတိုက်ခိုက်မည့်သဘောဖော်ပြနေပါသည်။ ဓာတ်ကြီး(၅)ပါး၏ပျက်စီးချုပ်ငြိမ်းခြင်းစက်ဝိုင်းအရ သတ္တုဓာတ်အား မီးဓာတ်ဖြင့် ပြန်လည် တုံ့ပြန်သည့်သဘောဖြင့် မိမိနေအိမ်အား မီးထိန်ထိန်လင်းအောင် ထွန်းပေးထားရပါမည်။

သင့်အိမ်သည် အနောက်အရပ်တွင် ရှိပြီး (အရှေ့ဘက်ကို မျက်နှာမူလျက်) သို့မဟုတ် အနောက်မြောက်အရပ်တွင်ရှိပြီး (အရှေ့တောင်ဘက်မျက်နှာမူလျက်)ရှိကာ သတ္တုဓာတ်ကိုယ်စားပြုထားပါက တစ်ဖန် အိမ်အနေအထားသည် တြိဂံ (သုံးမြှောင့်) ပုံရှိပြီး အနီရောင်ဆေးသုတ်ထားကာ မီးဓာတ်ကိုပါ ထပ်ဆင့် ကိုယ်စားပြုထားပါက သတ္တု



အား မီးက ပျက်စီးချုပ်ငြိမ်းစေသောကြောင့် မိမိနေထိုင်သည့်အိမ်ကိုယ်တိုင်ကပင် အဖျက်သဘောဆောင်နေပါသည်။ ထိုအခါ မီး၏ ဖျက်ဆီးခြင်းသဘောအား လျော့ပါး ပြေပျောက်စေရန် ရေဓာတ်ကိုယ်စားပြု ရေပန်းငယ်တစ်ခု အိမ်ဝင်းအတွင်း၌ တပ်ဆင်ပေးရပါမည်။



အကယ်၍ သင့်အိမ်သည် အရှေ့မြောက်အရပ်၌ရှိပြီး (အနောက်တောင်အား မျက်နှာပေးလျက်) သို့မဟုတ် အနောက်တောင်အရပ်တွင်ရှိပြီး (အရှေ့မြောက်အား မျက်နှာမူလျက်) မြေဓာတ်ကို ကိုယ်စားပြုထားပြီး မိမိအိမ်မျက်နှာချင်းဆိုင်၌ အညိုရောင် (သို့) အစိမ်းရောင်ဆေး သုတ်ထားသောကြောင့် ထောင့်မှန်စတုဂံပုံရှိ သစ်သားဓာတ်ကိုယ်စားပြု အဆောက်အအုံတစ်ခုရှိနေပါက မိမိအိမ်အား အဖျက်သဘောဆောင်စွမ်းအင်များဖြင့် တိုက်ခိုက်နေပါမည်။ ထိုမကောင်းသောစွမ်းအင်များကို လျော့ကျစေရန် (သို့) သစ်သားက မြေအားတိုက်ခိုက်ခြင်းကိုတုံ့ပြန်ရန် သစ်သားအား အနိုင်ယူနိုင်သော သတ္တုဓာတ်ကိုယ်စားပြု ဆည်းလည်းတစ်ခုအား မိမိအိမ်မျက်နှာစာ၌ ချိတ်ဆွဲထားရှိပေးပါ။

အကယ်၍ သင်၏ အိမ်သည် (တောင်အရပ်အား မျက်နှာမူလျက်) မြောက်အရပ်တွင်ရှိကာ ရေဓာတ်ကိုယ်စားပြုအိမ်ဖြစ်ပြီး ရှေ့မျက်နှာချင်းဆိုင်၌ အဝါရောင်ဆေးသုတ်ထားသည့် အဝိုင်းပုံစံ မြေဓာတ်ကိုယ်စားပြု အဆောက်အအုံတစ်ခုရှိနေပါက မိမိနေအိမ်အတွက် အဖျက်သဘောဆောင်နေပါသည်။ သစ်သားသည် မြေကိုနိုင်သည့်သဘောအရ



www.burmeseclassic.com

www.burmeseclassic.com




သစ်သားကိုယ်စားပြုသော သစ်ပင်တစ်မျိုးမျိုး စိုက်ပေးထားခြင်းဖြင့် အကာအကွယ်ယူနိုင်ပါသည်။

**၇။ နေအိမ်နှင့် လမ်းဆုံလမ်းခွတန်းနေခြင်းကို သတိပြု ရှောင်ရှားခြင်း**


မိမိနေအိမ်သည် လမ်းဆုံလမ်းခွနေရာအား တိုက်ရိုက် မျက်နှာမူလျက်ရှိပါက (သို့) တည့်မတ်ဖြောင့်တန်းသောလမ်းတစ်လမ်းက မိမိအိမ်ရှေ့တည့်တည့်သို့ တိုက်ရိုက် ဦးတည် ဝင်ရောက်လာသည့်ဟန်ရှိနေပါက ဖုန်းရွှေရှုထောင့်အရ မကောင်းသောလက္ခဏာပင် ဖြစ်သည်။ မိမိအိမ်ရှိရာသို့ ဦးတည်လျက်ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ မောင်းနှင်လာသည့်သဘောသည် မိမိအိမ်အတွက် မကောင်းသော စွမ်းအင် ရှာချီ (Sharchi) ဓာတ်များကို ဝင်ရောက်လာစေပြီး မိမိအိမ်နှင့်ဝေးရာသို့ (ကျောခိုင်း) မောင်းနှင်သွားပါက အိမ်ရှိ စီးပွားဥစ္စာများ တစ်ပါတည်း ယူဆောင်သွားသည့်သဘော (စီးပွားဥစ္စာပျက်စီးစေသည့်သဘော) ဆောင်နေပါသည်။ ထို့ကြောင့် လမ်းဆုံလမ်းခွတွင်ရှိနေသော မည်သည့်အိမ်အတွက်မဆို ယာဉ်များက အိမ်ရှိရာသို့ ဦးတည်နေသည့်နိမိတ်နှင့် အိမ်နှင့်ဝေးရာ (ကျောခိုင်း) နေသည့်နိမိတ် (၂) မျိုးစလုံး လုံးဝမကောင်းပေ။

အိမ်သည် "T" ပုံစံ လမ်းဆုံလမ်းခွတွင်ရှိနေခြင်းကြောင့် ဖုန်းရွှေရှုထောင့်အရ အဆိပ်မြားက အိမ်သို့ တည့်မတ်စွာ ပြေးဝင်နေသည့် နိမိတ်ပုံဆောင်နေပါသည်။

T-junction properties can be less afflicted by poison arrows if they are raised above the level of the road



**အဆိပ်မြားသဘောဆောင်သည့်အရာများ**



Poison arrow hits the front door here

အဆိပ်မြားသည် မိမိနေထိုင်ရာအိမ်ဝန်းကျင်ရှိ အဆောက်အအုံများ၊ လမ်းများအပြင် မိမိအိမ်အတွင်းပစ္စည်းများ၌လည်းရှိနေတတ်သည်။ မိမိအိမ်ရှိရာ (သို့) အိမ်အတွင်း မိမိနေထိုင်ရာအိပ်ရာရှိသည့်ဘက်သို့ မြားပုံစံ အငူ၊ အစွန်း၊ အချွန်းများ ထိုးထွက်နေပါက ၎င်းကို အဆိပ်မြားအဖြစ် သတ်မှတ်၍ လိုအပ်သလို ကာကွယ်မှုပြုပေးရသည်။ အဆိပ်မြားများသည် ပုံစံအမျိုးမျိုးဖြင့် ဝမ်းနည်းကြေကွဲမှု၊ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေသောကြောင့် တရုတ်လူမျိုးအများစုက ဖုန်းရွှေပညာနှင့်အညီ ရှောင်ရှားလေ့ရှိသည်။


**၉။ လမ်းတည်ဆောက်ပုံအမျိုးမျိုးက မိမိအဆောက်အအုံအား ထိခိုက်စေခြင်း**

ခေတ်မီသော လမ်းတည်ဆောက်ပုံအမျိုးမျိုးဖြစ်သည့် မိုးပျံတံတားနှင့် ကားလမ်းများ၊ အလွှာအထပ်အဆင့်ဆင့်နှင့် အကွေ့အဝိုက်ပုံစံအမျိုးမျိုးရှိသော အဝေးပြေးလမ်းမများက မိမိနေအိမ် (သို့) ရုံးခန်းအဆောက်အအုံအားနည်းအမျိုးမျိုးဖြင့် ဒုက္ခပေးနိုင်ပါသည်။ အဆိုပါ လမ်းများနှင့် အဆောက်အအုံနီးကပ်စွာရှိနေခြင်းကြောင့် ဖြတ်သန်းသွားလာနေသောယာဉ်မျိုးစုံ၏ ဆူညံမှုဒဏ် ဆက်တိုက်ခံစားနေရပြီး ၎င်းဆူညံသံများမှ မကောင်းသောစွမ်းအင်များကို ဖြစ်စေပါသည်။ တစ်ခါတစ်ရံ မိုးပျံတံ




Shrubs and trees can screen your home from traffic if you live on a busy road

တား၊ လမ်းမများသည် အဆောက်အအုံအား ခါးလယ်မှ ညှစ်ထားသည့်ဟန်ရှိနေတတ်သည်။ တစ်ခါတစ်ရံ၌လည်း အဆောက်အအုံအား အဆိပ်မြားပုံစံ အစွန်း၊ အချွန်းများဖြင့် ဦးတည်နေတတ်သည်။



ဖော်ပြပါရှိသောပုံတွင် မိုးပျံလမ်းမှ အဆောက်အအုံအား ပွေ့ဖက်ညှစ်ထားဟန်ရှိနေခြင်းကြောင့် နေအိမ်အဖြစ် (သို့) ရုံးခန်းအဖြစ် မတည်ဆောက်သင့်ပါ။

အဆိုပါ မိုးပျံတံတားနှင့် လမ်းအနီး တည်ဆောက် နေထိုင်လိုပါက အောက်ပုံအတိုင်း ရှိနေစေရပါမည်။



ဦးအောင်လှိုင်(သ...



www.burmeseclassic.com

www.burmeseclassic.com



ဖိတ် (FATE) မဂ္ဂဇင်းမှ အင်တာဗျူးလုပ်ခဲ့သော စိတ်စွမ်းအင်ပိုင်ရှင်မှာ နော်ရင်းရန်နီယာ ဖြစ်ပါတယ်။ နော်ရင်းက သူမအကြောင်းကို ပြောပြတဲ့အတိုင်း တင်ပြလိုက်ပါတယ်။

ကျွန်မ နော်ရင်း ရန်နီယာဟာ မတ်(စ်)မြို့မှာ မွေးဖွားပါတယ်။ ဆက်သွယ်ရေးနဲ့ ကြော်ငြာလုပ်ငန်းတွေမှာ ပရိယေသန ရှာဖွေလုပ်ကိုင်ပါတယ်။ တစ်နေ့မှာ မိတ်ဆွေတွေရဲ့ အဆွယ်ကောင်းလို့ ကမ္ဘာ့ခြားနားထိုင်ဖြစ်သွားရာက မမျှော်လင့်ဘဲ ကျွန်မမှာရှိတဲ့ စိတ်စွမ်းအင်တွေကို တွေ့ရှိရပါတယ်။ ဒီလိုဘာဝနာတွေကိုပွားတဲ့အလုပ်ကို ဆက်လုပ်ရင်း တစ်ဖက်ကလည်း ကိုယ်ကျင့်သီလတွေ စောင့်ထိန်းရင်းနဲ့ ကျွန်မရဲ့ စိတ်စွမ်းအင်ဟာလည်း တစ်နေ့တခြား တိုးတက်လာတာ တွေ့ရပါတယ်။

၁၉၈၁ ခုနှစ်က ကွမ်တီကိုမှာရှိတဲ့ အက်(ဖ်)ဘီအိုင်ထောက်လှမ်းရေးသင်တန်းကျောင်းမှာ သင်တန်းပို့ချစဉ် အဲဒီတုန်းက သမ္မတဖြစ်တဲ့ ရီဂင်ဟာ လုပ်ကြံခံရမယ်။ ဒါပေမယ့် မသေဘူးလို့ ကျွန်မရဲ့စိတ်အာရုံထူးနဲ့ သိထားလို့ သင်တန်းမှာ ပြောပြလိုက်တယ်။ မကြာပါဘူး၊ နောက် (၂) လလောက်အကြာ မတ်လမှာ သမ္မတရီဂင်ဟာ လုပ်ကြံခံရတယ်။ ဒါပေမယ့် မသေပါဘူး။

တီဗီဇာတ်လမ်းတွဲတွေမှာလည်း ပါဝင် သရုပ်ဆောင်ခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကမှ မမျှော်လင့်ဘဲ ရဲတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရတယ်။ စတွန်တင်မြို့မှာ ရာဇဝတ်မှုကြီးဖြစ်တဲ့ ကိစ္စ သတင်းစာမျက်နှာဖုံးမှာ စာလုံးကြီးတွေနဲ့ ဖော်ပြရတဲ့အမှုပေါ့။ ဒီအမှုကစပြီး ကျွန်မရဲ့ စိတ်စွမ်းအင်ကို ရဲတွေနဲ့ ပူးပေါင်းပြီး ရာဇဝတ်ထောက်လှမ်းရေးမှာ အသုံးပြုခဲ့တာပါပဲ။

တရားခံဟာ ကားကြီးတစ်စီးကို မောင်းပြီး ပစ္စည်းတွေကို ဟိုနေရာဒီနေရာတွေကို လိုက်လံပို့နေသူ ဖြစ်တယ်။ သူ့ပါးမှာ မြင်သာတဲ့ အမာရွတ်ကြီးရှိတယ်။ သူဟာ မြို့လယ်ကရုပ်ရှင်ရုံအနီးမှာနေတယ်။ သူ့အိမ်မှာ သူကျူးလွန်ခဲ့တဲ့ သက်သေခံပစ္စည်းတွေ အများကြီးရှိတယ်။ တရားခံဟာ ဆက်ဆံရေးပြေပြစ်သူ ဖြစ်တယ်။ သူကျူးလွန်ခဲ့တဲ့သူကိုလည်း ရိုင်းရိုင်းပျပျ မဆက်ဆံဘူး။ သူ့မိခင်ဟာ စားဖိုဆောင်ထဲမှာ ချက်ပြုတ်နေတာကို မြင်ရတယ်လို့ ကျွန်မမြင်တဲ့အတိုင်း ရဲတွေကို ပြောပြလိုက်တယ်။

ဒီအမှုကိုကိုင်နေတဲ့ ရဲအရာရှိ ဘင်တွန်က ဒီအမှုပေါ်သွားတော့မှ တရားခံရော်ဘင်ဆင်ကို ဖမ်းမိပြီး တရားခံက သူကျူးလွန်ကြောင်း ဖြောင့်ချက်ပေးတယ်လို့ ပြောပြပါတယ်။ သူဟာ စပ်ပြီးသား ကွန်ကရစ်အရည်တွေကို လုပ်ငန်းခွင် အသီးသီးကို ကားနဲ့ လိုက်ပို့နေသူဖြစ်ကြောင်း၊ သူ့ပါးမှာလည်း အမာရွတ်ကြီးတစ်ခု အထင်းသားပါရှိနေကြောင်း၊ တရားခံရဲ့ အိမ်ခန်းထဲမှာ ခိုးရာပါပစ္စည်းတွေ တွေ့ရှိပြီး မြို့လယ်ရုပ်ရှင်ရုံအနီးမှာ နေကြောင်းကိုလည်း ရဲအရာရှိ ဘင်တွန်က ပြောပြပါတယ်။ အားလုံး ကျွန်မကြိုတင်ပြီး အမြင်အာရုံထဲမှာ ပေါ်လာတဲ့အတိုင်းပဲ တွေ့ရတယ်လို့ ဝန်ခံပါတယ်။

လူသတ်မှု၊ မုဒိမ်းမှုနဲ့ လူပျောက်မှုတွေကို ကျွမ်းကျင်တယ်။ ဒီလိုအမှုမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ကျွန်မရဲ့ မနောအာရုံထဲမှာ တန်းခနဲ သိလိုက်တယ်။ ဘယ်လိုအချက်ကို အာရုံပြုရမယ်။ ဘယ်လိုအသေးစိတ်ကြည့်ရမယ် ဆိုတာကို ကျွန်မက ကျွမ်းကျင်တယ်။ မက်ဆီကို၊ ကနေဒါ၊ ဟောင်ကောင် စတဲ့ တိုင်းပြည်ပေါင်း (၂၉) နိုင်ငံမှာ အမှုပေါင်း (၁၀၀) ကျော် ကူညီဆောင်ရွက်ပေးခဲ့တယ်။ ရဲတွေနဲ့ ပူးပေါင်းပြီး တရားခံကိုမိဖို့ သဲလွန်စတွေကို ဖော်ပေးနိုင်ခဲ့တယ်။

ကျွန်မဟာ ရဲတွေက အကူအညီတောင်းတဲ့အမှုတွေကိုသာ လိုက်ခဲ့တာပါ။ အပြင်မှာ မလိုက်ပါဘူး။ သေသွားသူ၊ ပျောက်နေသူရဲ့ အဝတ်အစား ပစ္စည်းစတဲ့အရာတွေကို လက်နဲ့ကိုင်ပြီး အာရုံပြုဖို့လိုတယ်။ ဒီလိုအာရုံပြုမှ အာရုံအမြင်ဟာ လျင်မြန်တိကျတယ်။ အာရုံလည်းပေါ်လွယ်တယ်။ ဒါပေမယ့် လိုက်နေတဲ့ အမှုအကြောင်းကို အနည်းအကျဉ်းပဲ သိရအောင် မေးတယ်။ ဒီလိုသိထားတာနည်းလေ ကျွန်မအာရုံပြုရတာမြင်ရတာများလေ တိကျလေပဲ။

သာမန် အချက်အလက်တွေကို အများကြီးသိထားရင် အာရုံပြုရာမှာ ရှုပ်ထွေးတတ်တယ်။ ဝါးတားတားဖြစ်သွားတတ်တယ်။ အာရုံပြုစရာ အချက်အလက်အနည်းအကျဉ်းပဲ လိုတယ်။ ပြီးတော့ အမှုသည် ကာယကံရှင်ရဲ့နာမည်နဲ့ ဘယ်လိုအမှုမျိုးလဲ။ ဥပမာ လူသတ်မှုလား၊ လူပျောက်မှုလား၊ မုဒိမ်းမှုလား ဆိုတာလောက်ပါပဲ။ ဒီလောက်ဆိုရင် လုံလောက်ပြီ။

ကျွန်မလိုက်ခဲ့တဲ့ အမှုမျိုးစုံမှာ အောင်မြင်ခဲ့တာချည်းပါပဲ။ ကျွန်မ ရာဇဝတ်မှုတွေကို ဖြေရှင်းပေးနေတာ မဟုတ်ပါဘူး။ ဒီအလုပ်က ရဲတွေရဲ့ အလုပ်။ ကျွန်မတာဝန်က သဲလွန်စတွေ ပေါ်အောင် ပြတ်နေတဲ့ ကွင်းဆက်တွေ ဆက်မိအောင်သာ ရဲတွေကို ကျွန်မရဲ့ စိတ်စွမ်းအင်နဲ့ ကူညီပေးဖို့ ဖြစ်တယ်။ တစ်ခါတစ်ရံ ရဲတွေ မျက်စိလျှမ်းနေတဲ့ အချက်ထဲက အရေးပါတဲ့ အချက်အလက်ကိုလည်း ထောက်ပြနိုင်တယ်။ ကျွန်မရဲ့အမြင်အာရုံသာမကဘူး။ ကျွန်မရဲ့ စိတ်အာရုံခံစားမှုနဲ့လည်း ရှာရတယ်။ ပြစ်မှုကျူးလွန်သူရဲ့ စိတ်အာရုံခံစားမှုဟာ ဒေါသသက်သက်လား၊ မခံချင်လို့လား၊ တဏှာရာဂသက်သက်လား၊ မတော်တဆ လက်လွန်သွားတာလား စတဲ့ စိတ်အာရုံခံစားမှုကိုပါ ထည့်ပြီး



တွက်ချက်ရတယ်။ ဒီလိုစိတ်အာရုံခံစားမှုကိုပါ သိနိုင်အောင် မိမိကိုယ်တိုင်ကလည်း ခံစားနိုင်အောင် စိတ်စွမ်းအင်ရှိရမယ်။

တရားခံရဲ့ရုပ်ပုံသဏ္ဌာန်ကို ဖော်တဲ့အခါမှာ ကျွန်မက အာရုံထဲမှာ ပေါ်လာတဲ့တရားခံရဲ့ ရုပ်သဏ္ဌာန်ကို ပြောပြရတယ်။ ရဲဘက်ဆိုင်ရာ ပန်းချီဆရာက ကျွန်မပြောတဲ့သဏ္ဌာန်ကို ရေးဆွဲရတယ်။ ကျွန်မအာရုံအမြင်ထဲကပုံနဲ့ မတူသေးရင် ကျွန်မက ထောက်ပြပြီး ပြန်ဆွဲရတယ်။ ဒီလိုနဲ့ပဲ မကြာခင်မှာ တရားခံရဲ့ရုပ်သဏ္ဌာန်ဟာ ပေါ်လာတာပါပဲ။ ဒီတော့ တရားခံကို ဖမ်းမိဖို့ရှာဖို့လွယ်သွားတာပေါ့။ ကျွန်မကိုယ်တိုင်ကလည်း ရဲပန်းချီဆရာလိုပါပဲ။ တရားခံရှာဖွေပေးတဲ့ ကိရိယာတစ်ခုပါပဲ။

၁၉၇၉ ခုနှစ်လောက်က နယူးယောက်မှာ ကိုယ်ပိုင်ခြံဝင်းနဲ့ နေထိုင်တဲ့ လင်မယားနှစ်ယောက်ကို သူတို့အိမ်မှာပဲ သေနတ်နဲ့ ပစ်သတ်သွားတယ်။ သေသွားတဲ့ဇနီးမောင်နှံရဲ့သမီးက ဒီအမှုကို ကျွန်မကို အပ်တယ်။ ရဲတွေရဲ့ ဆက်သွယ်ပေးမှုပါ။ ဒီလူသတ်မှုဟာ ဒီမြို့ရဲ့ သတင်းစာထဲမှာ အထင်အရှားပါလာတယ်။ ဒီအမှုကိုလာအပ်တဲ့သမီးဖြစ်သူရဲ့ သားတစ်ယောက်က တရားခံဖြစ်နေတာ တွေ့ရတယ်။ လူသတ်မှုတရားခံသုံးဦးမှာ တစ်ဦးက သေဆုံးသွားသူတွေရဲ့ မြေးဖြစ်နေတာ တွေ့ရတယ်။ တရားခံသုံးဦးစလုံးဟာ ပြစ်မှုထင်ရှားလို့ ပြစ်ဒဏ်စီရင်ခြင်းခံရတယ်။

အဲဒီအမှုဆိုရင် တရားခံပျောက်နေလို့ရှာတဲ့အခါ အပြင်က လူတွေကိုပဲ မဲပြီးရှာနေတာ။ ဒီတော့ မလွယ်ဘူးပေါ့။ ကျွန်မရဲ့အာရုံထူးနဲ့ ကြည့်လိုက်တော့မှ တရားခံဟာ အပြင်က လူစိမ်းချည်း မဟုတ်ဘူး။ အတွင်းလူကြောင့် ဆိုတာ သိရတယ်။ ဒီတော့ ကျန်တဲ့တရားခံတွေကိုမိဖို့ ရဲတွေအတွက် လွယ်သွားတာပေါ့။

ကျွန်မက မြို့တော်ရဲတွေနဲ့သာ မကပါဘူး။ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့၊ အက်(ဖ်)ဘီအိုင်နဲ့ မူးယစ်ဆေးဝါးထောက်လှမ်းရေးအဖွဲ့တွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် လိုက်ခဲ့တဲ့အမှု နောက်ထပ် ဘာဖြစ်သွားသလဲ၊ တရားခံမိသလား ဆိုတဲ့ သတင်းအချက်အလက်တွေကို ရဲတွေဆီကမသိရပါဘူး။ အမှုရဲ့ ကာယကံရှင် တရားလိုတွေနဲ့ ခင်မင်သွားလို့သာ သူတို့ဆီကတစ်ဆင့် သိရတာပါ။ ရဲတွေကတော့ နောက်ထပ်အမှုတစ်ခုပေါ်ပေါက်လာလို့ ကျွန်မဆီ အပူကပ်စရာရှိလာရင်တော့ အရင်ကဖြစ်တဲ့အမှုအကြောင်း နောက်ဆက်တွဲအဖြစ်အပျက်တွေကို ပြောပြပါတယ်။ အဲဒီလိုမဟုတ်ရင်တော့လား ဝေးသေး။

ရဲတွေနဲ့တွဲလုပ်ရတဲ့အခါ ရဲအရာရှိတွေက ကျွန်မအပေါ် မယုံသင်္ကာဖြစ်မှုကို ဘေးချိတ်ပြီး အလုပ်ဖြစ်အောင် လုပ်မယ့်သူဆိုရင် အဲဒီအမှုကို အောင်မြင်အောင် ကူညီနိုင်ခဲ့တာချည်းပါပဲ။ ရဲတွေဟာ အစပထမမှာတော့ ကျွန်မကို သိပ်မယုံကြဘူး။ ကျွန်မကလည်း ဒါမျိုးတွေကို သိပြီးသားမို့ ရဲတွေရဲ့ သွေးတိုးစမ်းကြည့်တာကိုသိလို့ ကျွန်မအစွမ်းပြလိုက်ရတာတွေလည်း ရှိတယ်။ နောက်တော့ ကျွန်မအပေါ် ယုံကြည်သွားတော့တာပါပဲ။

မနောဓာတ်ကို ယုံကြည်တဲ့သူ အာရုံထူး၊ အိပ်မက်ထူး၊ အတိတ်ထူး နိမိတ်ထူးတွေကို ယုံကြည်တတ်တဲ့ ရဲအရာရှိတွေနဲ့ဆိုရင် ရင်းရင်းနှီးနှီး ဆောင်ရွက်ရတာ ပျော်စရာကောင်းပါတယ်။ ဒီလို အာရုံထူး၊ နိမိတ်ထူးတွေကို သဘောပေါက်ပြီး ဒီလိုအာရုံထူး စိတ်စွမ်းအင်တွေကို ထောက်လှမ်းရေးကိစ္စတွေမှာ ထိထိရောက်ရောက် အသုံးချနိုင်တယ် ဆိုတာကို ကျွန်မက ပြသဖို့ ကြိုးစားနေတာပါပဲရှင်။

မနောသုတေသီ

ညွှန်း - *FATE 5/93*




www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

## ဆရာဒလမင်းခေါင်




ယခု သူ၏ ထိပ်စီးဂဏန်း တည်ဆောက်ပုံဇယားကို ဖော်ပြပါမည်။

နိုင်းယှဉ်ချက်အနေဖြင့် ခရစ်ယာန်အမည်အပြည့်အစုံနှင့် တွက်ချက်ပါက ထူးခြားချက်ရှိနိုင်ပါသည်။

ပုံစံ -

ရစ်ချာ့ဘာတန် (Richard Burton) ရုပ်ရှင်သရုပ်ဆောင်သည် ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။




| | အသက် | | သော့ချက်ဂဏန်း |
|---|---|---|---|
| ပထမဘဝမှတ်တိုင်ထိပ်စီး | ၁ နှစ်မှ ၂၅ | = | ၃ |
| ဒုတိယဘဝမှတ်တိုင်ထိပ်စီး | ၂၆ နှစ်မှ ၃၅ | = | ၉ |
| တတိယဘဝမှတ်တိုင်ထိပ်စီး | ၃၆ နှစ်မှ ၄၅ | = | ၃ |
| စတုတ္ထဘဝမှတ်တိုင် | ၄၆နှစ်မှ သေသည်အထိ | = | ၁၀ |

**မှတ်ဖွယ်ရာ**

၁။ ရည်မှန်းချက် နာမ်ပိုင်းဆိုင်ရာ ဝိညာဉ်တွန်းအားဂဏန်းသည် ဘဝမှတ်တိုင် ထိပ်စီးဂဏန်းနှင့် တူညီက အခွင့်အရေးမှာ မိမိဆန္ဒအတိုင်း ကျေနပ်စရာများ ကြုံရသည်။

၂။ ကမ္မဂဏန်းနှင့် ဘဝမှတ်တိုင်ဂဏန်းတူညီပါက ပင်ကိုစွမ်းရည် အရည်အချင်းနှင့်အညီလုပ်ရာတွင် အထောက်အကူပြုသည်။

၃။ ဘဝလမ်းကြောင်းဂဏန်းနှင့် ဘဝမှတ်တိုင်ဂဏန်းတူပါက လုပ်ရှားရာတွင် အခွင့်အရေးကောင်းရတတ်သည်။ ထို့ပြင် ဘဝသင်ခန်းစာရယူရန် အကောင်းဆုံး ဖြစ်သည်။

၄။ ဘဝမှတ်တိုင်ဂဏန်းသည် အမည်တွင်ပါသော ကမ္မသင်ခန်းစာဂဏန်းနှင့်တူညီပါက အခက်အခဲများ ကြုံတွေ့ရသောကာလဖြစ်ပြီး အတိတ်ဘဝ သင်ခန်းစာ ဆည်းပူးရမည့်ကာလ ဖြစ်သည်။

၅။ ဘဝမှတ်တိုင်ဂဏန်း နှစ်ခုစလုံး တူညီပါက အောင်မြင်ရသည်သာမက ငုပ်နေသော အရည်အသွေးများ ပေါ်ထွက်လာမည်။

**ဘဝမှတ်တိုင်ဂဏန်းများ၏အဓိပ္ပာယ်**

**(Table of meanings of your pinnacles)**

ဘဝမှတ်တိုင်ဂဏန်း (၁) - ၎င်းဂဏန်းရက စီမံခန့်ခွဲမှု ကျွမ်းကျင်၍ ဦးဆောင်ရမည့်ကာလ ဖြစ်သည်။ မိမိအတွက် အဓိက လုပ်ဆောင်တတ်ပြီး လွတ်လပ်မှုကို လိုလားသူ ဖြစ်သည်။ ပင်ကိုစွမ်းရည်ပြနိုင်သောကာလ ဖြစ်သည်။ ၎င်းဂဏန်းသည် အခြားသူများအားမကိုးဘဲ ကိုယ့်ကိုယ်သာ အားကိုးရမည့်ကာလ ဖြစ်သည်။ ၎င်းဂဏန်းက ပထမမှတ်တိုင်ဂဏန်းဖြစ်က ငယ်ရွယ်စဉ်မှာ ရဲရဲဝံ့ဝံ့ လွတ်လွတ်လပ်လပ်လုပ်ရန် ကြိုးမပြင်ဆင်၍ အခက်အခဲများ ရင်ဆိုင်ရတတ်သည်။ ကိုယ်ပိုင်အတွေးအခေါ် စွမ်းရည် အသုံးပြုရန် အခွင့်အလမ်းများ ဆုံးရှုံးရမည်။ ၎င်းဂဏန်းရသူများမှာ ခေါင်းမာ၍ အထက်စီးကဆက်ဆံတတ်သည်။ ၎င်းဘဝမှတ်တိုင်ဂဏန်း နောက်ဆုံးမှ ကျရောက်ပါက လုပ်ငန်းကို ထူးထူးချွန်ချွန် လုပ်ကိုင်ရတတ်သည်။ ၎င်းဂဏန်းမှာ ပြောင်းလဲမှုနှင့်ပြည့်နေပြီး လှုပ်ရှားတက်ကြွမှုနှင့် အမြဲတွေ့ကြုံရမည့်ဂဏန်း ဖြစ်သည်။

ဘဝမှတ်တိုင်ဂဏန်း (၂) ဂဏန်း- ၎င်းဂဏန်းသည် ပူးပေါင်းလုပ်ကိုင်ခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးကို ဖော်ပြသည်။ ၎င်းဂဏန်းသည် တစ်ဦးတည်းထက် စပ်တူလုပ်က ပိုကောင်းသည်။ စိတ်ရှည်မရှည်စမ်းသပ်ခံရသောကာလဖြစ်ပြီး အလောတကြီးလုပ်က အကျိုးမဲ့စေသည်။ ၎င်းဂဏန်းရသောကာလတွင် လွတ်လပ်စွာနေခြင်းကို အားမပေး။ အခြားသူများနှင့် အဆင်ပြေအောင် ပူးပေါင်းလုပ်ဆောင်နေထိုင်ရန် အရေးကြီးသည်။ ဤကာလများတွင် စိတ်ထိခိုက်ခံစားတတ်ပြီး ၎င်းကိုထုတ်မပြရန် သတိထားပါ။ ၎င်းတို့သည် အသေးစိတ်အလုပ်မျိုးလုပ်ရတတ်ပြီး အခြားသူများနှင့်အတူ ပေါင်း၍လုပ်ကိုင်ရတတ်သည်။ အတူတကွလုပ်ခြင်းတွင် အိမ်ထောင်ပြုခြင်းတောင်မှ အခက်အခဲများတွေ့ကြုံရတတ်သည်။ ဘဝမှတ်တိုင်ဂဏန်း (၁၁) ဖြစ်ပါက ဖက်စပ်လုပ်ငန်းဖြစ်သော အိမ်



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပြုခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ပြဿနာများတွေ့က ဖြေရှင်းရခက်သည်။ ထို့ကြောင့် ဘာသာရေး တရားဓမ္မလိုက်စားခြင်းဖြင့် စိတ်သက်သာအောင် လုပ်ဆောင်တတ်သည်။

ဘဝမှတ်တိုင် (၃) ဂဏန်း - ၎င်းဂဏန်းသည် အကြံဉာဏ် စိတ်ကူးစိတ်သန်းကောင်းသောကြောင့် အနုပညာဖန်တီးမှု မြင့်မားသောကာလ ဖြစ်သည်။ ၎င်းဂဏန်းက ရုပ်ပိုင်းထက် နာမ်ပိုင်းဆန်သောကာလ ဖြစ်သည်။ စာပေရေးသားခြင်း၊စကားပြောဟောခြင်း၊အတွင်းပိုင်းပြင်ဆင်ခြင်း၊ ရုပ်ရှင်ပြဇာတ်လုပ်ငန်းများအတွက် အခွင့်ကောင်းကြုံသောကာလ ဖြစ်သည်။ ၎င်းကာလတွင် စိတ်ကူးအတွေးအခေါ် စိတ်ခံစားမှုအမြင့်ဆုံးရောက်ချိန် ဖြစ်သည်။ ၎င်းကာလသည် ငွေကြေးအတွက် အကောင်းဆုံးကာလဖြစ်သည်။ ပထမဆုံးဘဝမှတ်တိုင်ဖြစ်ပါက (၃) ဂဏန်း၏ အကျိုးပေးချိန် ဖြစ်ပြီး လူငယ်များအတွက် ပင်ကိုစွမ်းရည်ကို တိုးတက်စေ၍ အားစိုက်လုပ်ရန် စိတ်ပြင်းပြချိန် ဖြစ်သည်။ အနုပညာဖန်တီးမှုအတွက် အကောင်းဆုံးကာလဖြစ်သည်။ စိတ်မလှုပ်ရှားရန် ထိန်းချုပ်ရမည်။

ဘဝမှတ်တိုင် (၄) ဂဏန်း - ၎င်းဂဏန်းသည် အနာဂတ်အတွက် အခြေခံကောင်းသောကာလဖြစ်သည်။ သို့သော်ကြိုးစား၍ လက်တွေ့ကျကျလုပ်ဆောင်ရမည်။ အနာဂတ်အတွက် ငွေကြေးကိုဘဏ်တွင် အပ်နှံနိုင်သောကာလ ဖြစ်သည်။ ၎င်း (၄) ဂဏန်းသည် ပထမဆုံးဘဝမှတ်တိုင်ဖြစ်က ကလေးဘဝမှာ လိုအပ်မှုများမည်။ ၎င်းဂဏန်းသည် စနစ်ကျခြင်း၊ အသေးစိတ်ခြင်း၊ တွေးခေါ်ခြင်း၊ အစီအစဉ်တကျ လုပ်ဆောင်ရသောကာလ ဖြစ်သည်။ မိသားစုတွင် တာဝန်ကြီးမားသောကာလ ဖြစ်သည်။ စီးပွားရေးအတွက် အလေ့အကျင့်ကောင်းလိုသည်။ ထို့ပြင် မိမိအတွေးအခေါ်များ လက်တွေ့ အကောင်အထည်ဖော်နိုင်သောကာလ ဖြစ်သည်။

ဘဝမှတ်တိုင် (၅) ဂဏန်း - ဤကာလတွင် လွတ်လပ်မှုလိုလား၍ အပျော်စွန့် အသစ်လုပ်ချင်သောကာလဖြစ်သည်။ ၎င်းကာလတွင် မနားမနေလုပ်ရခြင်း၊ အပြောင်းအလဲကြုံခြင်း၊ မသေချာမရေရာ ကြုံရသောကာလဖြစ်သည်။ ဘဝမှတ်တိုင် (၅) ဂဏန်းသည် အဘက်ဘက်မှ စွယ်စုံရပြီး လူများအကြားနေ၍ အတွေ့အကြုံရယူပြီး တိုးတက်အောင် လုပ်ဆောင်ရမည့် ကာလဖြစ်သည်။ ဤကာလတွင် ငွေကြေးမတည်ငြိမ်၊ တစ်ခါတစ်ရံတွင် လက်ထဲငွေများစွာရှိပြီးရင်းရှိသည်။ တစ်ခါတစ်ရံ လက်ထဲ ငွေမရှိအောင် ပြတ်တတ်သည်။ ကြော်ငြာနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ရခြင်း၊ ဘဝသစ်တည်ဆောက်မှုများကြုံတွေ့မည့် အခွင့်အရေးပေါ်တတ်သည်။ မိတ်ဆွေများ၊ ပတ်ဝန်းကျင်သစ်များ တွေ့ရမည်။ သို့သော် စိတ်လိုက်မာန်ပါမလုပ်သင့်။ ၎င်းကာလတွင်းနားနေရမည့်ကာလမဟုတ်ဘဲ တက်တက်ကြွကြွလှုပ်ရှားရမည့်ကာလ ဖြစ်သည်။

ဘဝမှတ်တိုင် (၆) ဂဏန်း - ၎င်းဂဏန်းသည် တာဝန်ဝတ္တရားများကြားရောက်နေရသည့်ကာလ ဖြစ်သည်။ အထူးသဖြင့် အိမ်တာဝန်ကို ယူရတတ်သည်။ ဆွေမျိုးဉာတိ၊ သားသမီးများ၊ ပိုင်ဆိုင်ဥစ္စာပစ္စည်းများအတွက် စီမံပေးရသောကာလ ဖြစ်သည်။ မေတ္တာပွား၍ အလုပ်အကျွေးပြုရသောကာလ ဖြစ်သည်။ အိမ်အတွက်သာမက အများအကျိုးအတွက်ပါ ဆောင်ရွက်ရသောကာလဖြစ်သည်။ ငွေရှာနိုင်သူဖြစ်သော်လည်း အလုပ်ကို ကြိုးစားလုပ်ရန် လိုသည်။ ၎င်းဘဝမှတ်တိုင်ဂဏန်းသည် ကိုယ့်အတွက်သာ စိတ်ဝင်စားရန်မဟုတ် ဆွေမျိုး၊ မိသားစု အခြားသူများအတွက် ပါပေးကမ်းခြင်း၊ ကူညီခြင်းဖြင့်ကျေနပ်မှုရမည်။၎င်းဂဏန်းသည် ငွေကြေးအောင်မြင်၍ ကြိုးစားခြင်းဖြင့် ကြီးပွားနိုင်သည်။ တစ်ကိုယ်တည်းသမားဖြစ်က ဤဘဝမှတ်တိုင်ဂဏန်းရသော ကာလများတွင် အိမ်ထောင်ပြုသင့်၍ အိမ်ထောင်ပြုရန် အခွင့်အလမ်းပေါ်တတ်သည်။ ပြုကကောင်းသောကာလ ဖြစ်သည်။

ဘဝမှတ်တိုင် (၇) ဂဏန်း - ဤဂဏန်းကျရောက်ပါက ပညာရေး၊ သိပ္ပံပညာရပ်များ လေ့လာသင့်သည်။ တစ်ခုခုကို ပြည့်စုံအောင် လိုက်စားရမည်။ သဘာဝလျှို့ဝှက်ချက်နှင့်ဆိုင်သောပညာများ လိုက်စားရန်ကောင်းသည်။ တရားဓမ္မကိုလည်းလိုက်စားရမည်။ ဤကာလထိ ရုပ်ဝတ္ထုတိုးတက်ရန်မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်၍ စိတ်ကို ထိန်းချုပ်ပြုသင့်သောကာလ ဖြစ်သည်။ စိတ်အပြောင်းအလဲမြန်၍ မိသားစုထဲ ပြဿနာပေါ်တတ်သည်။ စိတ်ကိုထိန်းရန် လေ့ကျင့်သင့်သည်။ စာ၏ အဓိပ္ပာယ် နားလည်အောင်လေ့လာ၍ အသိပညာဗဟုသုတတို့က ဘဝမှာ ရေရှည်အောင်မြင်မှုကို ဦးစားပေးသည်။ ၎င်းတို့သည် ဤကာလ ရိုးသားမှုရှိ၍ သို့မဟုတ်က လုပ်ဖော်ကိုင်ဖက်တို့၊ အိမ်ထောင်ဖက်တို့နှင့် နားလည်မှုလွဲကာ ပြဿနာပေါ်တတ်သည်။

ဘဝမှတ်တိုင် (၈) ဂဏန်း - ၎င်းဂဏန်းရသည့်ကာလတွင် အံ့ဩ လောက်အောင် ငွေကြေးရတတ်သည် ကောင်းစွာ ဆုံးဖြတ်လုပ်ကိုင်က ဩဇာ ကြီး၍ နာမည်ကောင်းရမည်။ ၎င်းဘဝမှတ်တိုင်ဂဏန်းက ချမ်းသာကြွယ်ဝမှုကို ပေးသည်။ သို့သော် ဤကာလမှာ ခွ အားစိုက်ထုတ်ရမည်။ ရဲဝံ့ပြတ်သား ရမည်။ ရည်ရွယ်ချက်ကြီးမားရမည်၊ လွယ်လွယ်နှင့်မရပါ။ ၎င်းကာလမှာ ပျင်းရိ၍ ရည်မှန်းချက်မမဲ့သင့်ပါ။ ၎င်း ဂဏန်းကာလစောစောပိုင်းမှာ စီးပွား ရေးကောင်းနိုင်မည်။ ငွေကြေးသုံးစွဲမှု သတိပြုပါ။ ကံကောင်းခြင်း၊ အမှီပြုခြင်း နှင့်ပုဂ္ဂိုလ်များအပေါ် မှားယွင်းအားကိုး ၍ ပြဿနာပေါ်တတ်သည်။ ကောင်း စွာ ဆုံးဖြတ်ပါ။ မိမိခံစားချက်ထက် ထိ အပ်ချက်ကို နားလည်ရမည်။ အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှု မည်။

ဘဝမှတ်တိုင် (၉) ဂဏန်း - ဤ ဂဏန်း ကျရောက်ပါက ပြီးစီးခြင်း အဓိပ္ပာယ်ရသည်။ ကိုယ်ကျိုးမကြည့် လောကကြီးကိုမြင်တတ်ရသည်။ ပုဂ္ဂိုလ် ရေး၊ မိတ်ဆွေတို့အပေါ် ချစ်ခင်မှုကို အာ ရုံမပြုရ။ ဤသို့စိတ်ထားရှိက ကောင်း ကျိုးခံစားရမည်။ ဤကာလတွင် အ အပ၊ အနုပညာ၊ လူသားအကျိုးပြု ကို လက်ကိုင်ထား၍ ကရုဏာထားခြင်း သည်းခံခြင်း၊ အများအကျိုးဆောင်ခြင်း များ ပြုလုပ်ပေးရမည်။ ဤဘဝမှတ်တိုင် ကာလမှာ အခက်အခဲကြုံရတတ်သည် မေတ္တာထားတတ်အောင် အားထုတ် ပြန်လည်အကျိုးမမျှော်လင့်သင့်။ ဒေါ ကြီး၍ကိုယ်ကျိုးကြည့်သူဖြစ်က ပျော်ရွှ မှု မခံစားရ။ ဘဝမှတ်တိုင် (၉)ဂဏ သည် ပထမဆုံးမှတ်တိုင်ဖြစ်ပါက အ ရေး မပြေလည်တတ်။ သို့သော်လည်း အကောင်းဆုံးဖြင့် အဆုံးသတ်မည် ငွေကြေးအောင်မြင်မှုအတွက် အကော ဆုံးကာလ ဖြစ်သည်။ သို့သော် အမျ အကျိုးမျှော်၍ လုပ်ဆောင်ပေးရမည် (၉) ဂဏန်းသည် အခြားသူများအ ချစ်ခင်သနား ကရုဏာထားမှုအ စမ်းသပ်ခံရတတ်ပါသည်။ ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယနှင့် တတိယဘဝမှတ်တိုင်များတွင် ကျရောက်ပါက စိတ်လှုပ်ရှားရတတ်သည်။

ဘဝမှတ်တိုင် (၁၁)ဂဏန်း - ၎င်းဂဏန်းသည် ပေါ်လွင်ထင်ရှားသော အကျိုးခံစားရမည်။ တရားဓမ္မနာမ်ပိုင်းအတွက် ကောင်းကျိုးပြုသောကာလဖြစ်သည်။ စိတ်ပိုင်းဒဏ်ပိမ့်မှုများခံစားရမည်။ ၎င်းကိုထိန်းထားရမည်။ ဤကာလတွင် နာမည်ကျော်ကြားမှုရခြင်း၊ ထင်ပေါ်ခြင်း၊ အတွေးအခေါ်ကောင်းမှုကြောင့် ကောင်းကျိုးခံစားရတတ်သည်။ မိမိတွင်ရှိသော ဖန်တီးမှုစွမ်းရည်ထုတ်ဖော်သင့်သည်။ ဘာသာရေးဘက်လိုက်စားသင့်သည်။

ဘဝမှတ်တိုင် (၂၂) ဂဏန်း - ၎င်းဂဏန်းရသောကာလသည် ရုပ်နှင့်နာမ်ပေါင်းနိုင်သောကာလ ဖြစ်သည်။ ကြိုးပမ်းအားထုတ်မှုကြောင့် အမြင့်ဆုံးသို့ရောက်နိုင်သည်။ အထူးဂဏန်း (၂၂) သည် အမြင့်ဆုံးအဆင့်သို့ တက်လှမ်းနိုင်သောဂဏန်း ဖြစ်သည်။ နိုင်ငံရေးနှင့် အပြည်ပြည်ဆိုင်ရာအထိ တက်လှမ်းနိုင်သည်။ လုပ်ဆောင်မှုနယ်ကြီးကြီးမားမား ချဲ့ထွင်နိုင်သည်။ အချို့သောသူများ ဤကာလတွင် အခွင့်ထူးရတတ်သည်။ အနည်းငယ်သောသူများ တဖြည်းဖြည်းတိုးမြှင့်နိုင်သည်။ ၎င်းကာလများတွင် ကြီးမားသောကိစ္စများတွေးပြီး လောကကြီးကောင်းကျိုးအတွက် လုပ်ဆောင်ပေးသင့်သည်။

## အခန်း (၁၂)
## ကော့စမစ်အက္ခရာများအသုံးချပုံ
## (How to you Can Apply the Cosmic Alphabe to Understand Your Number's Better)

ကိန်းဂဏန်းများ စနစ်သည်တိကျသောကိန်းစဉ်အတိုင်း ဖြစ်သည်။ ကိန်းဂဏန်းစီရင်ပုံအမည်တွေ တည်ဆောက်ထားသည်။ ထိုကိန်းဂဏန်းများအခြေခံ သိပ္ပံနည်းကျကျ တည်ဆောက်ထားသည်။ ကိန်းဂဏန်းများ ဖြစ်လာပုံအဆင့်ဆင့်ကိုလေ့လာပါက စနစ်ကျကျ တည်ဆောက်ထားသည်ကို တွေ့ရမည်။ ဤသို့တည်ဆောက်ရာတွင် အိမ်ဆောက်သကဲ့သို့ ဖြစ်သည်။ အိမ်မဆောက်မီ ပန္နက်အရင်ရိုက်ပြီး တိုင်များတည်ဆောက်ရသလို ကိန်းဂဏန်းများ လက်ရှိအနေအထားရောက်အောင် အဆင့်ဆင့် ပြောင်းလဲလာခဲ့ရသည်။ ကိန်းဂဏန်း၏ အခြေအမြစ်ကို နားလည်ခြင်းဖြင့် ဂဏန်းဗေဒင်ဟောပြောမှုကို ကောင်းစွာ အထောက်အကူပြုသည်။

### ကော့(စ်)မစ်အက္ခရာများအယူအဆနှင့် တည်ဆောက်ပုံ
### (The plan for building and interpreting the cosmic alphabet)

(၀) သုညဂဏန်း



စကြဝဠာကမ္ဘာကြီးသည် အစကတိမ်ကဲ့သို့ အရှိန်နှင့်လည်ပတ်နေသည်။ ဤစကြဝဠာကမ္ဘာကြီးသည် အစမရှိအဆုံးမရှိဖြစ်ပြီး ထာဝရတည်ရှိနေသည့် လက္ခဏာ အလုံးအဝိုင်းကြီးဖြစ်နေသည်။ ဤသို့ဖြင့် ဂဏန်းအားလုံးထဲ သုည စတင်သန္ဓေတည်ခဲ့သည်။ ဤကာလတုန်းက စကြဝဠာထဲမှာ အသက်လည်းမရှိ၊ လှုပ်ရှားမှုများလည်းမရှိသေးပါ။ ၎င်းစကြဝဠာထဲကို သက်ရှိမျိုးစေ့ကို စတင်စိုက်ပျိုးသောအခါ မကြာမီမှာ လူသားမျိုးနွယ် စတင်ဖြစ်ပေါ်လာသည်။ ဤသို့ ဖြစ်လာခြင်းကို စက်ဝိုင်းထဲမှာ အစချ၍ပုံဖော်ခဲ့သည်။ ရှေးလူများက မျဉ်းတစ်ကြောင်းကို အဝိုင်းကဲ့သို့လုပ်လိုက်ပါသည်။

### နံပါတ် (၁) ဂဏန်း (စည်းလုံးမှု)




(၁) ဂဏန်းသည် လူကို ကိုယ်စားပြုသည်။ အထူးသဖြင့် ယောကျ်ားကို ကိုယ်စားပြုသည်။ (၁) ဂဏန်းသည် နေ၏ သင်္ကေတဖြစ်သည်။ စည်းလုံးမှုနှင့် ဂဏန်းများ၏အဖ ဖြစ်သည်။ ရှေးလူများက သူ့ကိုယ်သူ ညွှန်လိုသောအခါ 'ငါ' သို့ မဟုတ် တစ်ခုအဓိပ္ပာယ် သဲပေါ်တုတ်တစ်ချောင်းထားတတ်သည်။ (၁) သည် တစ်ခုတည်းကို ဖော်ပြ၍ ၎င်းသည် တီထွင်ဖန်တီးခြင်း၊ အစပြုခြင်း၊ ဦးဆောင်ခြင်းဟု အဓိပ္ပာယ်ရသည်။ အတွေးအခေါ်၏ဇာစ်မြစ်၊ လူသား၏ဦးစွာ မိမိကိုယ်ကို အသိအမှတ်ပြုခြင်း ဖြစ်သည်။

### (၂) ဂဏန်း (စုံတွဲ)



နှစ်ပေါင်းများစွာ ကြာလာသောအခါ ရှေးဦးလူများသည် မိမိသာမက အဖော်ရှိလာပါလားဟု သိလာသည်။ အစ မိမိရှိနေခြင်းကိုသိပြီးနောက် အခြားငါ့အဖော်ရှိသည်ကို နားလည်လာသည်။ ၎င်းကို သဲမှာတုတ် (၂) ချောင်းထားပြီး သင်္ကေတပြုသည်။ တစ်ခု၊ နှစ်ခုဟု နားလည်လာသည်။ အခြားသင်္ကေတမှာ ငှက်တောင်ပုံကို အသုံးပြုသည်။

### (၃) ဂဏန်း



3

လူသည် အဖော်ရလာသောအခါ ကလေးရှိလာပြန်သည်။ သုံးကတော့နှင့် တစ်နှင့်နှစ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ထို့ကြောင့် သုံးကိုသင်္ကေတပြုရာ မျဉ်းသုံးကြောင်းဖြင့် မိသားစုကို ကိုယ်စားပြုသော တြိဂံပုံကိုဆွဲသည်။ ၎င်းသည် (၃) ကို အပြည့်အစုံဆုံးဖော်ပြခြင်းဖြစ်သည်။

(၃) သည် ဝိညာဉ်ဆိုင်ရာ၏ အမှတ်အဆုံ ဖြစ်သည်။ အခြားအနေဖြင့် (၃) ကို သံလွင်ရွက် (၃) ရွက်ဖြင့် ဖော်ပြသည်။ နောက်တစ်ခုက စက်ဝိုင်းခြမ်း




www.burmeseclassic.com

www.burmeseclassic.com

(၂) ကို သင်္ကေတပြခြင်း ဖြစ်သည်။

**နံပါတ် (၄) ဂဏန်း (အခြေခံအုတ်မြစ်)**



လူအနေနှင့် အဖော်နှင့်ကလေးရှိပြီးသည့်နောက် နေစရာ လိုလာသည်။ နေစရာအဆောက်အအုံဖြစ်ရမည်။ (၄) ဂဏန်းသည် ရုပ်ပစ္စည်းကို ကိုယ်စားပြုသည်။ လူသည် အတွေးအမျိုးမျိုးတွေးသည်။ လေးထောင့်ပုံဆွဲသည်။ မြေကြီးပေါ်တွင် အခိုင်အမာ အုတ်မြစ်ချသည်။ ကြိုးစားလုပ်သည်။ အခြားရှေးဦးလူများကမူ (၄) ဂဏန်းကို တြိဂံကို ကိုင်ထားသောလူရုပ်ကို ဆွဲသည်။ အခြားသင်္ကေတမှာ ခြေထောက် (၄) ချောင်းပါသော တိရစ္ဆာန်ပုံ ဖြစ်သည်။

**နံပါတ် (၅) ဂဏန်း (စွန့်စားခြင်း)**




မိသားစုနေစရာပါရှိနေပြီး လူသားအဖို့ အာရုံခံစားစရာများဖြစ်ပေါ်လာသည်။ ၎င်းတို့တွင် အသက်ရှင်ရေး၊ ကာမဂုဏ်၊ အာရုံငါးပါး၊ သွားလာခြင်းနှင့် အပြောင်းအလဲတို့ ဖြစ်သည်။ အရပ် (၅) မျက်နှာ ရှာဖွေစူးစမ်းမှုတွေလုပ်လာရသည်။ ၎င်း (၄) ခုကို လူသားအနေဖြင့် (၅)တောင့်ကြယ်ဖြင့် သင်္ကေတပြုသည်။ လက်တစ်ဖက်မှာရှိသော လက် (၅) ချောင်းဖြင့်လည်း ကိုယ်စားပြုသည်။

**နံပါတ် (၆) ဂဏန်း (အိမ်ထောင်ရေး)**



ကျေနပ်မှုရနေသော ရှေးဦးလူသားသည် လူမှုဘဝတည်ဆောက်ရန်၊ မိသားစုဘဝကိုတည်ဆောက်ရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။ အိမ်အဆောက်အအုံနှင့် နေအိမ်မိသားစုမှာ ခြားနားသည်။ ထို့ကြောင့် မိသားစုဘဝတွင် ပါဝင်သော အချစ်ရေး၊ အိမ်ထောင်ရေး၊ သနားကရုဏာနှင့် အခြားကိစ္စများပါ စိတ်ဝင်စားလာသည်။ ၎င်းကို သင်္ကေတအနေဖြင့် တြိဂံနှစ်မျဉ်း (၆) ချောင်းကို ဆွဲ၍ (၆) ဂဏန်းကို သင်္ကေတပြုသည်။ အခြားသင်္ကေတမှာ မိသားစုကိုယ်စားပြု စက်ဝိုင်းနားမှာ လူတစ်ယောက်ရပ်နေသည်ပုံ ဖြစ်သည်။


**နံပါတ် (၇) ဂဏန်း (ပြည့်စုံခြင်း)**



မိသားစုဘဝ နေထိုင်ခဲ့သော ရှေးဦးလူသားသည် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ရာ နာမ်ပိုင်းဆိုင်ရာကိုပါ စိတ်ဝင်စားလာသည်။ ၎င်းကို သင်္ကေတအနေဖြင့် နာမ်ပိုင်းဆိုင်ရာ ကိုယ်စားပြု တြိဂံကို ရုပ်ဝတ္ထုကိုယ်စားပြု စတုဂံပေါ်ထားသောပုံဖြင့် (၇) ဂဏန်းကို သင်္ကေတပြုသည်။ လေးထောင့်ပုံမျဉ်းဖြင့် ဖော်ပြထားသောစတုဂံကို မြေကြီးမှာရပ်တည်ပြီး အကြံအစည်စိတ်ကူးနှင့် တီထွင်ဖန်တီးမှုကို တြိဂံက ကိုယ်စားပြုသည်။


**နံပါတ် (၈) ဂဏန်း (ကျယ်ပြန့်ခြင်း)**

နာမ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးလာပြီးသော် ရုပ်ခန္ဓာအပေါ် တည်ငြိမ်မှုရအောင်လုပ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် ဦးစီးဆောင်ရွက်သည်။ ၎င်းကို



စက်ဝိုင်းနှစ်ထပ်ပုံနှင့်သော်လည်းကောင်း၊ စတုဂံနှစ်ထပ်ပုံနှင့်သော် လည်းကောင်း ကိုယ်စားပြုသည်။ (၈) ဂဏန်းသည် ကြိုးစားအားထုတ်ခြင်း၊ ရုပ်လောကကို ကျယ်ပြန့်အောင် လုပ်ဆောင်ခြင်းတို့ ဖော်ပြသည်။

**နံပါတ် (၉) (လူသားဆန်ခြင်း)**



အချင်းချင်း ရိုင်းပင်းကူညီခြင်းဖြင့် (၉) ဂဏန်း ဖြစ်လာသည်။ ၎င်း (၉) ဂဏန်းကို စက်ဝိုင်း သို့မဟုတ် ကမ္ဘာကြီးကို လူတစ်ယောက်က ကိုင်ထားပုံနှင့် သင်္ကေတပြုသည်။ တြိဂ (၃)ခုသည်လည်း (၉)ဂဏန်းကို သင်္ကေတပြုသည်။ အတွေ့အကြုံနှင့် လူပ်ရှားမှု ဂီတသံတို့ အသိအမှတ်ပြုကြသည်။

(ဆ

ဆရာဒ



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးများနှင့် ယောနိကင်ဆာ

ရီရီမြွေး

အမျိုးသမီးများ၏ ယောနိ (မိန်းမကိုယ်) ၌ ဖြစ်ပွားတတ်သောရောဂါများအနက် အဖြစ်အများဆုံးသောရောဂါမှာ ယောနိ၌ဖြစ်သော ကင်ဆာရောဂါပင် ဖြစ်ပါသည်။ ထိုရောဂါသည် ကြောက်စရာကောင်းပြီး အမျိုးသမီးထုအတွက် အလွန်အန္တရာယ်ရှိသည့်ရောဂါ ဖြစ်ပါသည်။

ယောနိကင်ဆာဆိုသည်မှာ မိန်းမကိုယ်၌ အဖုအကျိတ်ကလေး စတင်ဖြစ်ပေါ်လာပြီးနောက် တစ်စတစ်စလျှင်မြန်စွာ ကြီးထွားလာရာမှ (၁-၂) စင်တီမီတာလောက်မှ (၉-၁၀) စင်တီမီတာခန့်အထိ အလုံးကြီးဖြစ်သွားပါသည်။ အလုံးအကျိတ် ကြီးမားလာသည်နှင့် အမျှ အရှေ့ဘက်ရှိ ဆီးပြွန်သို့ လည်းကောင်း၊ အနောက်ဘက်ရှိ စအိုဝအနီးသို့ လည်းကောင်း ပျံ့နှံ့သွားပါသည်။ ၎င်းအပြင် ပေါင်ခြံမှ လင့်အကျိတ်များဆီသို့ပါ ပျံ့နှံ့စေပါသည်။ ယောနိကင်ဆာသည် အခြားကင်ဆာလောက် အဖြစ်မများသော်လည်း ကင်ဆာဖြစ်ပွားမှုအဆင့် (၈) ၌ ရှိသည်။ ဤရောဂါဖြစ်ခြင်းမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် မိန်းမသားများ၏ (၅) ရာခိုင်နှုန်းခန့်ဖြစ်ပွားကြောင်း တွေ့ရှိရသည်။ အသက်အပိုင်းအခြားအရ အသက် (၅၀)၊ (၆၀) အမျိုးသမီးများတွင် အဖြစ်များပြီး အသက် (၃၀)၊ (၄၀) အတွင်း အမျိုးသမီးများတွင်လည်း ဖြစ်ပွားတတ်ပါသည်။

## ကင်ဆာမဖြစ်မီအကြိုအဆင့်

ယောနိကင်ဆာဖြစ်တော့မည်ဆိုလျှင် မိန်းမကိုယ်ရှိ အရေပြားများသည် မူမှန်မဟုတ်သော ဆဲလ်များအသွင်သို့ တစ်စတစ်စပြောင်းလဲသွားပြီး ထိုဆဲလ်များမှာ တဖြည်းဖြည်း ကင်ဆာအသွင်သို့ ကူးပြောင်းသွားပါသည်။

## စတင်ဖြစ်ခါစအခြေအနေတွင် တွေ့ရှိရမည့် လက္ခဏာများ

- မိန်းမကိုယ်နှင့် အနီးပတ်ဝန်းကျင်၌ ယားယံခြင်း။
- အဖြူရောင်အကွက်များ ပေါ်လာခြင်း။
- မိန်းမကိုယ်အရေပြားထူလာခြင်း။

အထက်ပါရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးနှင့် ပြသကာ လိုအပ်သည့် စစ်ဆေးမှုများကို လုပ်ဆောင်ရပေမည်။ အသက် (၃၀)၊ (၄၅) အတွင်း အမျိုးသမီးများတွင် လိင်မှတစ်ဆင့်ကူးစက်သောရောဂါပိုး (ဗိုင်းရပ်စ်) ကြောင့်လည်း ယောနိကင်ဆာ ဖြစ်ပွားစေပါသည်။ မိန်းမကိုယ်၌ ကြွက်နို့ဖြစ်ပွားစေသော (Human Papilloma Virus) (HPV) ဗိုင်းရပ်(စ်)များကြောင့်လည်း ယောနိကင်ဆာကို ဖြစ်ပွားစေပါသည်။



(HPV) ဗိုင်းရပ်(စ်)သည် အမည်တူပြီး Type အမျိုးအစား ကွဲပြားခြင်းကြောင့် ရောဂါအမျိုးမျိုးကွဲပြားသွားပါသည်။

HPV 16-18 ဗိုင်းရပ်(စ်)ပိုးကြောင့် သားအိမ်ခေါင်းကင်ဆာကို ဖြစ်ပွားစေနိုင်သကဲ့သို့ HPV Type 6-8 ဗိုင်းရပ်(စ်)ပိုးကြောင့်လည်း ယောနိကင်ဆာကို ဖြစ်စေပါသည်။ ထိုဗိုင်းရပ်(စ်)ပိုးများ ဝင်ရောက်ခြင်းကြောင့် ယောနိနှင့်အနီးတစ်ဝိုက်တွင် အဖုအကျိတ်များစတင်ဖြစ်ပွားလာပါသည်။

## ပြောင်းလဲလာသောပုံသဏ္ဌာန်များ

- မိန်းမကိုယ်ယားယံခြင်း၊
- နာကျင်သလို၊ ပူစပ်သလို ခံစားရခြင်း။
- အရေပြားတွင် အကျိတ်(သို့)ကြွက်နို့တွေ့ရှိရခြင်း။
(ထိုကြွက်နို့များမှ ဂေါ်ဖီပန်းကဲ့သို့ အဆုပ်ဆုပ်ပုံသဏ္ဌာန်တွေ့ရှိခြင်း)
- အနာမှ ပြည်(သို့)သွေးထွက်ခြင်း၊
- အနံ့ဆိုးများထွက်လာခြင်း။
- ပြန်ရည်ကြောမှတစ်ဆင့် လင့်အကျိတ်များ ပျံ့နှံ့ခြင်း။
(ပေါင်ခြံမှအကျိတ်ဆီသို့ပျံ့နှံ့ခြင်း၊ ပေါင်ခြံအကျိတ်ရောင်ရမ်းလာခြင်း။)
ထိုအခြေအနေဖြစ်လျှင် လင့်အကျိတ်များမှတစ်ဆင့် ကူးစက်ပျံ့နှံ့သွားပြီဟု မှတ်ယူရပေမည်။
- ထိုမှတစ်ဆင့် မိန်းမကိုယ်မွေးလမ်းကြောင်းထဲသို့ ဝင်သွားနိုင်ခြင်း။

စသည်ဖြင့် အထက်ပါအတိုင်း ပြောင်းလဲလာပါသည်။

## ရောဂါအဆင့်များကိုခွဲခြားခြင်း

ယောနိကင်ဆာတွင် အဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃)၊ အဆင့် (၄) ဟူ၍ ကင်ဆာဆဲလ်ပျံ့နှံ့ခြင်းအခြေအနေနှင့် ကင်ဆာ၏ အရွယ်အစားပေါ်တွင် မူတည်ပြီး ခွဲခြားထားပါသည်။

အဆင့် (၁) သည် စတင်ဖြစ်ခါစ အခြေအနေ၊

အဆင့် (၂)သည် ဒုတိယအဆင့်ဖြစ်ပြီး ဖြစ်ပွားနေသော အခြေအနေ၊

အဆင့် (၃)သည် တတိယအဆင့်ဖြစ်ပြီး ရောဂါရင့်စပြုသောအခြေအနေ၊

အဆင့် (၄) သည် နောက်ဆုံးအဆင့်ဖြစ်ပြီး ရောဂါရင့်နေသောအခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com

**ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း**

ဤရောဂါသည် လိင်မှတစ်ဆင့် ကူးစက်ရောဂါဖြစ်ခြင်းကြောင့် မိန်းမလိုက်စားသော အမျိုးသားများမှတစ်ဆင့် ဤရောဂါဖြစ်ပွားစေပါသည်။

တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊ ဓမ္မတာလာစဉ်နှင့် ဓမ္မတာမလာမီအတွင်း မိန်းမကိုယ်သန့်ရှင်းမှုကို ဂရုစိုက်ရမည်။ ဗိုင်းရပ်(စ်)ရောဂါပိုးသည် ပိုးထဲတွင် အလွန်သေးငယ်ပြီး ကူးစက်မှုကို ဖြစ်စေသည့်အတွက် ရောဂါကူးစက်မှု မဖြစ်ရန် ဂရုပြုရမည်။

ရောဂါဖြစ်နေသော အမျိုးသမီး၏ အတွင်းခံဘောင်းဘီ၊ ထဘီများမှတစ်ဆင့် ဗိုင်းရပ်(စ်)ပိုးကူးစက်နိုင်ခြင်း။

အချို့သော အသက်ကြီးရင့်သည့် အမျိုးသမီးများတွင် အသက်ကြီးရင့်လာသည့်အတွက် မိန်းမကိုယ်၏ အရေပြားဆဲလ်များ မှုမမှန်ဘဲ ပြောင်းလဲခြင်းကြောင့်လည်း ဖြစ်စေနိုင်ပါသည်။

ဤရောဂါသည် ပြသရန် ခက်ခဲသောနေရာတွင် ဖြစ်ပွားသဖြင့် ရောဂါဖြစ်ခါစ၌ ပြသရန် နှောင့်နှေးနေတတ်သောကြောင့် အဆင့် (၂)၊ အဆင့် (၃) လောက်မှသာ ဆရာဝန်ထံ ရောက်ရှိတတ်ပါသည်။

မိန်းမကိုယ်သည် နုနယ်သောအသားဖြစ်ပြီး ထိုနေရာတွင် အနာ၊ အဖု၊ အကျိတ်ဖြစ်ခြင်းကြောင့် နေရထိုင်ရခက်သည့်ဝေဒနာဆိုးကြီးကို ခံစားရပါသည်။ ထို့အပြင် အနံ့အသက်မကောင်းခြင်း၊ ပြည်တည်ခြင်း၊ အနာဖြစ်ခြင်းကြောင့် ပြည်တစိုစိုဖြစ်ကာခံစားရခက်ခဲပါသည်။ ထို့အပြင် ကင်ဆာဆဲလ်သည် ပြန့်ရည်ကြောမှတစ်ဆင့် ပြန့်ပွားကာ ပေါင်ခြံအတွင်းသို့ ရောက်ရှိပြီး ပေါင်ခြံနှင့် အကျိတ်ရောင်ရမ်းခြင်း စသည့် ဝေဒနာနှစ်မျိုးစလုံး ပြိုင်တူ ခံစားရပါသည်။

ထို့ကြောင့် မိမိတွင် သင်္ကာမကင်းဖွယ်သောအဖုအကျိတ်ရှိပါက နားလည်တတ်ကျွမ်းသည့် ဆရာဝန်ကြီးများနှင့် ပြသရန် ဝန်မလေးဘဲ စောစီးစွာ ပြသသင့်ပါသည်။ ယခုအခါတွင် ဆေးပညာလောကကြီး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်၍ ဆောလျင်စွာပြသခြင်းဖြင့် အဖုအကျိတ်သေးငယ်သောအချိန်တွင် ခွဲစိတ်ကုသ၍ လွယ်ကူပါသည်။ ထို့အပြင် ကင်ဆာဆဲလ်များကို ကျုံ့စေသည့် ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်းဖြင့်လည်း ဝေဒနာဆိုးကြီးမှ အမြန်ဆုံး ကင်းလွတ်နိုင်ပေမည်။

**အိမ်ထောင်ရှင်အမျိုးသမီးများနှင့် ယောနိကင်ဆာ**

ထိုရောဂါဖြစ်ပွားခြင်းကြောင့် အိမ်ထောင်ရှင် အမျိုးသမီးများသာမက ခင်ပွန်းသည်မှာလည်း စိတ်မချမ်းမသာဖြစ်ရပါသည်။

- မိမိ၏ဇနီးသည်တွင် အနံ့အသက်ဆိုးဝါးပြီး အနာဖြစ်နေသောကြောင့် ခင်ပွန်းသည်အနေနှင့် စိတ်မသန့်ခြင်း။
- ဇနီးသည်အနေနှင့်လည်း ကောင်းစွာ လိင်ဆက်ဆံမှုမပြုနိုင်ခြင်း။

ထိုသို့သောအကြောင်းများကြောင့် အိမ်ထောင်ရေးတွင် မသာမယာဖြစ်နိုင်ပါသည်။ ထို့ကြောင့် စိတ်ညစ်စရာ၊ စိတ်မသက်သာဖွယ်ကောင်းသည့် အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ခင်ပွန်းသည်ရော ဇနီးသည်ပါ စိတ်ဆင်းရဲမှုနှင့် ကြုံတွေ့ရပါသည်။

**ကြိုတင်သတိပြုရမည့်အချက်များ**

ဇနီးသည်အနေဖြင့် မိမိတွင် အဖုအကျိတ်များ စတင် ဖြစ်ပေါ်လာပါက ခင်ပွန်းသည်ကို စောစီးစွာ ဖွင့်ပြောပြီး ဆွေးနွေး တိုင်ပင်ပါ။ ခင်ပွန်းသည်ကလည်း ဇနီးသည်ကို အားပေးနှစ်သိမ့်ကာ ဆရာဝန်ကြီးထံသို့ စောစီးစွာ လိုက်လံပြသပေးပါ။

**ကုသခြင်း**

၁။ ခွဲစိတ်ကုသခြင်း၊
၂။ ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်း

စသည့် နည်းနှစ်နည်းဖြင့် ကုသပေးပါသည်။ ခွဲစိတ်ကုသခြင်းတွင် ရောဂါနုစဉ် ခွဲစိတ်ကုသခြင်းမှာ အမျိုးသမီးရောဂါရှင်များအတွက် အဆင်အပြေဆုံး ခွဲစိတ်ခြင်းဖြစ်သကဲ့သို့ ခွဲစိတ်ပေးသူ ဆရာဝန်များအဖို့လည်း လွယ်ကူစွာ ခွဲစိတ်ကုသနိုင်ပါသည်။ အချို့သောအမျိုးသမီးသည် ရောဂါရင့်မှဆေးရုံ ဆေးခန်းသို့ရောက်ရှိလာသဖြင့် ခွဲစိတ်ရာတွင် အခက်အခဲများစွာရှိပါသည်။ ကင်ဆာအဖုအကျိတ်များနှင့်အနာများမှာ ယောနိနှင့် ၎င်းအနီးတစ်ဝိုက်တွင်ရှိခြင်း၊ ပေါင်ခြံ၌အကျိတ်ရှိခြင်းတို့ကြောင့် ကင်ဆာဆဲလ်များကို လှီးထုတ်ရာတွင် အသားများစွာလှီးထုတ်ရပါသည်။

ကင်ဆာဆဲလ်ပျံ့နှံ့ရာနေရာကျယ်သည့်အလျောက် ခွဲစိတ်လှီးဖြတ်ရသဖြင့် အနာအကြီးကြီးဖြစ်သွားပြီး အနာကျက်ရန် အချိန်ကြာမြင့်တတ်သည်။ ပြန်ချုပ်ရန်မဖြစ်နိုင်သောနေရာများတွင် ပေါင်မှ အရေပြားကိုယူ၍ အရေပြားအစားထိုးခြင်းဖြင့်ကုသပေးကြပါသည်။ ယခုခေတ်တွင် ထိုသို့ ခွဲစိတ်ခြင်းမပြုတော့ဘဲ ခွဲကြောင်း (၃) ကြောင်းဖြင့် ခွဲစိတ်နည်းကို အသုံးပြုကြပါသည်။ ဤခွဲစိတ်နည်းတွင် အရေးကြီးသောနေရာ (၃) နေရာကို ခွဲစိတ်လှီးဖြတ်ခြင်း ဖြစ်သည်။

ဤနည်းကို အသုံးပြုခြင်းဖြင့် အနာကျက်ရန် အချိန်ကြာမြင့်မှုမရှိတော့သဖြင့် -

- အရေပြားအစားထိုးကုသရန် မလိုအပ်တော့ခြင်း။
- အနာရွတ်အကြီးကြီးမဖြစ်တော့ခြင်း။

ဆေးပညာတိုးတက်မှုကြောင့် လူနာကို သက်သာစေမည့် နည်းလမ်းကို အသုံးပြု၍ ခွဲစိတ်ပေးကြပါသည်။

**ဓာတ်ရောင်ခြည်ပေး၍ကုသခြင်း**

- ခွဲစိတ်ကုသရာတွင် အသားကောင်းပါအောင်အထိ ပြောင်စင်စွာ မလှီးနိုင်သော အခြေအနေတွင် လည်းကောင်း၊
- လင့်အကျိတ်များတွင် ကင်ဆာဆဲလ်များပျံ့နှံ့နေလျှင်သော်လည်းကောင်း၊ မခွဲစိတ်မီ ဓာတ်ရောင်ခြည်ပေးခြင်းဖြင့် အဖုအကျိတ်များ ကျုံ့သွားသဖြင့် ခွဲစိတ်ရန် လွယ်ကူစေပါသည်။
- ခွဲစိတ်ပြီးနောက် ဓာတ်ရောင်ခြည်ပေးခြင်းနည်းကိုလည်း အသုံးပြုကြပါသည်။
- ခွဲစိတ်ရာတွင် ကြွင်းကျန်သော ကင်ဆာဆဲလ်များသေစေရန်လည်းကောင်း၊
- လင့်အကျိတ်များတွင် ကင်ဆာဆဲလ်များပျံ့နှံ့နေလျှင်သော်လည်းကောင်း ဓာတ်ရောင်ခြည်ဖြင့် ကုသပေးပါသည်။

ထိုသို့ လှီးဖြတ်ခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ပေး၍ ကုသပြီးနောက် -

- Follow up ဆက်လက်ပြခြင်းဖြင့် သုံးလ တစ်ကြိမ် (၂) နှစ်တိတိပြခြင်း၊
- (၂) နှစ်ပြည့်လျှင် (၆) လ တစ်ကြိမ် (၃) နှစ် ဆက်လက် ပြသရပါမည်။

အထက်ပါအတိုင်း လူနာနှင့် ဆရာတို့ပူးပေါင်း၍ ကုသခြင်းဖြင့် အန္တရာယ်ဆိုးကြီးကို ကောင်းစွာလွန်မြောက်နိုင်ပေမည်။

ခိုခိုဝေ

*Ref: What is Vulvar cancer? from Internet.*




www.burmeseclassic.com

www.burmeseclassic.com


၂၀၁၃ ဇွန်လ

# စီးပွားရေးဗေဒင်ဆိုင်ရာ ဟောကိန်း


မင်းရှိန်အောင်





၁-၆-၂၀၁၂ နေ့ ဇာတာ




၁၅-၆-၂၀၁၂ နေ့ ဇာတာ




၈-၆-၂၀၁၂ နေ့ ဇာတာ




၂၃-၆-၂၀၁၂ နေ့ ဇာတာ

၁-၆-၂၀၁၃ နေ့ ဝန်းကျင်ကာလတွင် အဆင့်မြင့် အိမ်ခြံမြေဈေးကွက် ပုံမှန်မဟုတ်၊ တက်မည်။ တခြား အိမ်ခြံမြေဈေးကွက်လည်း ကြွလှုပ်လာမည်။ အဲ့ဝတ်အထည်ဈေးလည်း တက်တတ်မည်။ တည်းခိုခန်း၊ ဟိုတယ်လုပ်ငန်း အနည်းငယ် ဈေးကောင်းလာမည်။ ရွှေဈေး၊ ငွေကြေးဈေး အနည်းငယ်မြင့်လာမည်။ တယ်လီဖုန်း၊ အင်တာနက်ဆိုင်ရာဈေးနှုန်းများ အနည်းငယ်ကျဦးမည်။ ဆန်ဈေး၊ ပဲဈေးအနည်းငယ်တက်သော်လည်း ပြန်ကျတတ်မည်။ အိမ်ဆောက်ပစ္စည်းဈေး အနည်းငယ် တက်မည်။

၈-၆-၂၀၁၃ နေ့ဝန်းကျင်တွင် အိမ်ဆောက်ပစ္စည်း ဈေးအနည်းငယ်တက်ဦးမည်။ တယ်လီဖုန်း၊ အင်တာနက်ဆိုင်ရာ ဈေးနှုန်းများ ဆက်ကျနေဦးမည်။ စာနယ်ဇင်းလောက၊ အနုပညာလောကများ ဈေးကွက်မတည်မငြိမ်ဖြစ်မည်။ စက္ကူ၊ စာအုပ်၊ စာရေးကိရိယာဈေးနှုန်းများ သိသိသာသာကျမည်။ အထည်အလိပ်၊ အလှကုန်ပစ္စည်း ဈေးမြင့်တက်မှု ပုံမှန်မဟုတ်ဖြစ်မည်။ မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးပုံမှန်မဟုတ်၊ တက်မည်။ လေကြောင်းခရီး၊ မီးရထားခရီးဆိုင်ရာဈေးနှုန်းများ မတည်မငြိမ် ပြောင်းလဲမည်။

၁၅ - ၆ -၂၀၁၃ နေ့ဝန်းကျင်မှာ စာနယ်ဇင်းဈေးကွက်များ ပုံမှန်မဟုတ် အကျဘက် ဦးတည်တတ်မည်။ ရွှေဈေး၊ ငွေကြေးဈေး မတည်မငြိမ်ဖြစ်မည်။ စားသောက်ဆိုင်လုပ်ငန်းများ မတည်မငြိမ်ဖြစ်မည်။ ဟိုတယ်ခရီးသွားလုပ်ငန်းဈေးကွက် အနည်းငယ်အေးနေမည်။

၂၆-၆-၂၀၁၃ တွင် လျှပ်စစ်၊ စက်ကိရိယာပစ္စည်းများ ဈေးအနည်းငယ်မာလာမည်။ နာရီ၊ အီလက်ထရွန်နစ်၊ ကွန်ပျူတာ ဆိုင်ရာများ ဈေးအနည်းငယ်မြင့်လာမည်။ ရွှေဈေး၊ ငွေကြေးဈေး အတက်ဘက်သို့ ပိုရောက်လာသည်။ အိမ်ဆောက်ပစ္စည်းများ ပိုဦးမော့လာမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

"သို့ -
ထွန်းကျော်လင်း
ရဇပါရာရွာ
ရာဇဌာနီ

ထွန်းကျော်လင်း၊ ငါကာလကတ္တားကပြန်လာတာ တစ်ပတ်ပဲရှိသေးတယ်။မင်းတို့မိသားစုအကြောင်းကို ပါပါကပြောပြလို့ ငါအကုန်သိရတယ်။ ရာဇဌာနီက အမျိုးတွေဆီမှာပဲ အခြေချနေကြမလို့လို့ပြောပြီးလိုက်သွားကြတယ်ဆိုလို့ ငါ ရဇပါရာကို လိုက်လာတယ်။ မင်းတို့မိသားစု သော်ဒလီပါရာကို ထွက်သွားကြတယ်ပြောလို့ ကမန်းကတန်းစာရေးပေးထားခဲ့တယ်။

အကြောင်းက ငါနဲ့အတူ ရန်ကုန်ကောလိပ်တက်ခဲ့ကြတဲ့ စစ်တွေက သူငယ်ချင်းနှစ်ယောက်ကို ကာလကတ္တားမှာတွေ့ခဲ့ရတယ်။ သူတို့က နိုင်ငံရေးကိစ္စနဲ့ ကာလကတ္တားမှာရှိတဲ့ ကိုသိန်းဖေဆိုသူကို ကိုသာကျော်အဆက်နဲ့ လာရှာကြတယ်ပြောတယ်။ သူတို့ကို မေးကြည့်တော့ ဗညဝတီကို ဂျပန်ပြန် ဗိုလ်ရန်အောင်နဲ့အတူ ကိုထွန်းတို့လည်း ရောက်နေကြတယ်ပြောတယ်။ အဲဒီလူတွေကို ငါမှာလိုက်တယ်၊ ကိုထွန်းကျော်မင်းနဲ့ ထွန်းမြဦးတို့ကို. . ."

ထွန်းကျော်လင်းက ဘာကို သဘောတွေ့သွားသည် မသိ။

'ကိုထွန်းကျော်မင်းနဲ့ ထွန်းမြဦးတို့ကို' ဆိုသော စကားကို သဘောတွေ့သွားပုံရသည်။ ကိုထွန်းကျော်မင်း၊ ကိုထွန်းမြဦးတို့မှာ ကိုအောင်ကျော်ဦးနှင့် ရွယ်တူပင် ဖြစ်သည်။ ယခင်က မင်းနှင့်ငါနှင့် ပြောဆိုနေကြသည်ကိုလည်း မြင်ဖူး၊ ကြားဖူးနေသည်။ ယခုစာထဲတွင် ကိုထွန်းကျော်မင်းကိုတော့ 'ကို' တပ်ပြီးရေး

# ဖိုးကျော
# ဤလမ်းခရီးလွမ်းမပြီးနိုင်

သူ ရ ဇ္ဇ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ၊ ရှ ည်





www.burmeseclassic.com

www.burmeseclassic.com

ကာ ကိုထွန်းမြဦးကိုတော့ 'ကို' မတပ်ဘဲ ထွန်းမြဦးဟုသာ ရေး၏။ ဤသည်မှာ သူ့နှမ သဇင်ဖြူကို ချိန်ရွယ်ရည်ညွှန်းတာလားဟုလည်း တွေး၏။

အမှန်မှာ အောင်ကျော်ဦးကား သူ့နှမ သဇင်ဖြူကို ယခုမှချိန်နေတုန်းဟု ဆိုလျှင်တော့ အောင်ကျော်ဦးနှမ နှစ်ယောက်အနက်က အကြီးမ လှဒါသူနှင့် ထွန်းကျော်လင်းတို့မှာ ကမ်းသာ၌နေခဲ့ကြစဉ်ကပင် ရည်ငံနေကြပြီးသာ။ ထို့ကြောင့်လည်း ထွန်းကျော်လင်းက ကိုအောင်ကျော်ဦးစာတွင် 'ကိုထွန်းကျော်မင်း' ဆိုသည်ကို ပြုံးမိလိုက်ခြင်းဖြစ်သည်။ ပြီးတော့မှ စာကို ဆက်ဖတ်၏။

"ကိုထွန်းကျော်မင်းနဲ့ ထွန်းမြဦးတို့ကို ဧည့်ဝတီမှာ နောက်တွေ့ရင် မိသားစုတွေ အားလုံးနေကောင်း ကျန်းမာစွာနဲ့ ဒင်နာဂျ်ပူကို လိုက်သွားကြပြီလို့။ အဲဒီတုန်းက မင်းတို့မိသားစု ရာဇဌာနီဘက်မှာ အခြေချနေကြလိမ့်မယ်ဆိုတာ ငါကမသိသေးတော့ အဲသလိုပဲ မှာလိုက်မိတယ်။ ခု မကြာခင် အရောင်းအဝယ်ကိစ္စနဲ့ ငါကာလကတ္တားကို တစ်ခေါက်သွားရဦးမယ် စစ်တကောင်းမှာရှိတဲ့ ငါ့ဘကြီးက ကာလကတ္တားက ကုန်သည်ကြီးတွေနဲ့အဆက်အသွယ်ရှိတယ်။ ဒီတစ်ခါ စစ်တွေက သူငယ်ချင်းတွေကို တွေ့ရင် မင်းတို့မိသားစု ရာဇဌာနီမှာရှိနေကြတယ်ဆိုတာ ကိုထွန်းကျော်မင်းကို ပြောပေးဖို့ ငါမှာလိုက်မယ်. . . "

ဤတစ်ခါတော့ ကိုထွန်းမြဦးဆိုသော သုဒ္ဓါလေးအစအနပင် ပါမလာတော့။ အမှန်ဆိုလျှင် ကိုအောင်ကျော်ဦးတို့မိသားစုနှင့် ဦးကျော်မြ-ဒေါ်စောလှဦး၊ သမီး မြသက်စောတို့ကို ကိုအောင်ကျော်ဦးတို့ မိသားစုက ဖလောင်းချိတ်စခန်းတွင် တွေ့လိုက်ရသည်ဟု ဆို၏။ သို့ပါလျက် ယခု ကိုထွန်းမြဦးနှင့် ကာလကတ္တားမှာ ဧည့်ဝတီကလူတွေနှင့်တွေ့လျှင် သူ့မိ၊ သူ့ဖ၊ သူ့နှမတို့ ဒင်နာဂျ်ပူကို လိုက်သွားသည့်အကြောင်း၊ စစ်တကောင်းတွင် အမျိုးတစ်ဦးရှိ၍ စစ်တကောင်း၌ပင် စစ်ခိုလှုံနေချင်လျှင်လည်းနေကြမည်ဆိုသောအကြောင်းကို ကိုထွန်းမြဦးအား ကိုအောင်ကျော်ဦး၊ ကိုထွန်းကျော်မင်းကို မှာကြားသလိုမှာကြားလိုက်သင့်သည်ဟု ထွန်းကျော်လင်းက တွေးမိလိုက်သည်။

တစ်ခုတော့ရှိသည်။ ဦးကျော်မြ-ဒေါ်စောလှဦးတို့သမီး၊ ကိုထွန်းမြဦး၏ နှမ မြသက်စောကို ထွန်းကျော်လင်းတို့ မိဘတိုးဘွားအသိုင်းအဝိုင်းက ကိုထွန်းကျော်မင်းနှင့် နှစ်ဖက်မိဘ ရည်ရွယ်ပြီးသားရှိနေကြသည်ကိုသိ၍ မြသက်စောကို သူသတိပင်မရဆိုသည်ကို ထွန်းကျော်လင်း သိစေချင်တာလားဟုလည်း တွေးစရာတော့ရှိသည်။

သည်လို အတွေးမျိုးစုံတို့နှင့် ထွန်းကျော်လင်းက အောင်ကျော်ဦး စာကို ဆက်ဖတ်သည်။

"ဂျပန်တပ် ဗိုလ်ရန်အောင်တို့ဆီမှာရှိတဲ့ ကိုထွန်းကျော်မင်းကိစ္စ ဘာမှ ပူပန်မနေကြဖို့ အရီးရှင်နဲ့ အခင်ကြီးကိုလည်း မင်းပြောလိုက်။ ကိုထွန်းကျော်မင်းအတွက် လူကြီးတွေ ပူပန်နေကြမှာစိုးလို့ ငါ ကာလကတ္တားက ရောက်ရောက်ချင်း လာအကြောင်းကြားတယ်ဆိုတာ ပြောလိုက်ပါ ဒါပါပဲ။ မင်းတို့ ဖလောင်းချိတ်ကိုလည်း လာလည်ကြဦးလေကွာ၊ ငါကတော့ အရောင်းအဝယ်ကိစ္စ သွားလာနေရလို့ အိမ်မှာ သိပ်မရှိနိုင်ဘူး။

အမြဲသတိရလျက်
အောင်ကျော်ဦး
၈၊ ၁၁"

အောင်ကျော်ဦးဆီက စာကို ဖတ်ကြရသောအခါ မိသားစုအားလုံးမှာ အလွန်အမင်း ဝမ်းသာသွားကြသည်။ ထွန်းကျော်မင်းနှင့် ထွန်းမြဦးတို့ ဧည့်ဝတီကို ရောက်နေကြသည် ဆိုသဖြင့် ကမ်းသာကို ပြန်ပြေးချင်စိတ်ပင် ချက်ချင်းပေါက်လာကြသည်။ ယခုလို ရာဇဌာနီဘက် ပြေးလာကြမည့်အစား ဦးအောင်တိုင်၊ ဦးသဂါကျော်တို့အမျိုးများရှိသော ဧည့်ဝတီကိုသာ စောစောစီးစီး ပြေးခဲ့ကြလျှင် မိမိတို့မိသားစု မြန်မြန်တွေ့ကြရမည်ဟုတွေးကာ ထွန်းကျော်မင်းကို သတိရနေကြသည်။

အောင်ကျော်ဦး၏ စာထဲတွင် ထွန်းမြဦးဟု စာသုံးလုံးသာပါသဖြင့် ဦးကျော်မြတို့မိသားစုအကြောင်း တစ်လုံးတစ်ပါဒမှ မပါသဖြင့် ဒေါ်သန္တာဖြူက ဦးကျော်မြ-ဒေါ်စောလှဦး၊ မြသက်စောတို့မှာ စစ်တကောင်းက ဆွေမျိုးများဆီ အခြေချနေကြသလား၊ အင်္ဂလိပ်များ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွားရာ ဒင်နာဂျံပူအထိများ လိုက်သွားကြလေသလား ဆိုသည်ကို သိချင်နေသည်။ အောင်ကျော်ဦး ကာလကတ္တားကို သွားလျှင် စစ်တကောင်းက သွားကြရမည်ဖြစ်ဖြင့် စစ်တကောင်းမှာ ဦးကျော်မြတို့မိသားစုကို စုံစမ်းခိုင်းလျှင် ရနိုင်မည်လားဟု မေးနေပြန်သည်။

ဤသည်ကို ထွန်းကျော်လင်းက-

"မေမေကလည်း၊ စစ်တကောင်းဆိုတာ ဧရာမမြို့ကြီးဗျ။ စစ်ပြေးတွေနဲ့ ဒီလောက် ရှုပ်ယှက်ခတ်နေတာ အမေ့ ချွေးမလောင်းမိသားစုကို ဘယ်သူသွားစုံစမ်းပေးနိုင်မှာလဲ။ ကိုထွန်းတို့အကြောင်း ဒီလောက်လာပြောဖော်ရတာပဲ ကျေးဇူးတင်ဦး"

ဟု ပြောလိုက်ရာ ဒေါ်သန္တာဖြူက -

"အေး- နင်ကတော့ နင့်ယောက်ဖကြီးကို ကျေးဇူးတင်ရမှာပေါ့။ သူတို့အမျိုးနဲ့ ယောက်ဖတော်ဖို့လည်း လုံးဝစိတ်မကူးနဲ့ဆိုတာ ငါ ခုကပင် ပြောထားပါရဲ့။ နင့်အဖိုးလေးက ဘာမှာလိုက်လဲ။ ကာလကတ္တားမှာ ကျောင်းဆက်နေဖို့ အဖိုးလေးက စာကိုစာရှည်ရေးပေးလိုက်တာတောင် ဖလောင်းချိတ်ကို အရင်သွားချင်နေသေးလား"

ဟု ပြန်အော်လိုက်၏။

"အမေကလည်း၊ ဖလောင်းချိတ်ကိုသွားပြီး ကိုအောင်ကျော်ဦးတို့မိသားစုကို မေးကြည့်ရင် မြသက်စောတို့ မိသားစုအကြောင်းကို သိချင်သိရမှာဆို"

"ဟုတ်တယ်လေ၊ သူတို့က ဒီရောက်မှ ကုန်သည်တွေလုပ်ပြီး ဖလောင်းချိတ်နဲ့ စစ်တကောင်းကို အိမ်ဦးနဲ့ ကြမ်းပြင်သွားလာနေတာတဲ့။ သူတို့ကို မေးရင် သိများသိမလားလို့ပေါ့ဟ"

"ဒီမှာ ဟော့ကောင်၊ မင်းဘာမှထွေလီကာလီတွေစိတ်ကူးမနေနဲ့နော်။ မင်းအဖိုးလေးပြောသလို ကာလကတ္တားကို မြန်မြန်သွားပြီး ကျောင်းဝင်ခွင့်ရဖို့ပဲ။ ဒီအချိန်မှာ အရေးကြီးတာ ဟီလီတရိုက်က ကျော်သာလှ ပြန်လာတာနဲ့ မင်းကို ကာလကတ္တားလိုက်ပို့ဖို့ မင်းဘိုးဘိုးကြီးကလည်း အားလုံးစီစဉ်ထားပြီးပြီ။ ဒီကြားထဲ ဟိုယောင်ယောင်ဒီယောင်ယောင်လုပ်နေဦးမလို့လား"

သူ့အမေနှင့်တစ်ယောက်တစ်ခွန်း စကားများနေကြသော ထွန်းကျော်လင်းကို သူ့အဖေဦးသင်္ဂါကျော်က မပြောစဖူး မာမာထန်ထန်ဝင် ပြောလိုက်သည်။

"ကျွန်တော်က ဟီလီတရိုက်တောင်တန်းဒေသရောက်နေတဲ့ အစ်ကိုကျော်သာလှကိုတောင်မစောင့်ဘဲ ခုမီရာသင်္ဘောနဲ့တောင်သွားချင်တာပါ ပါပါ"

"မင်းတစ်ယောက်တည်း အဖော်မပါဘဲသွားလို့တော့ ဘယ်ဖြစ်မလဲကွ။ ကာလကတ္တားက စစ်တွေ မဟုတ်ဘူး၊ ဧရာမမြို့ကြီး။ မင်းတစ်ယောက်တည်းဆို တောသား မြို့ရောက်ဖြစ်နေမှာပေါ့သား"

"အဖိုးလေး အရေးပိုင်နယ်ပိုင်မင်းစာ ပါတာပဲ"

"စာပါတာပါတာပေါ့ကွ။ ကာလက စစ်ကာလ၊ ကာလကတ္တားအခြေအနေကလည်း စစ်ပြေးတွေနဲ့ ဘယ်လိုလဲမှ မသိတာ။ တစ်ယောက်တည်းသွားလို့ကတော့ ဘယ်ဖြစ်မလဲ။ တစ်ယောက်သွားတော့ သူသေတဲ့၊ နှစ်ယောက်သွားမှ လူရှင်၊ သုံးယောက်ပေါင်းတော့ လောင်းကျော်ဆိုတာ စကားပုံတောင်ရှိတာပဲသားရယ်"

"ဒါဆို ပါပါ လိုက်ပို့ပါလား။ ပါပါလည်း အရင်ကကာလကတ္တားကိုရောက်ဖူးသားနဲ့"

ထွန်းကျော်လင်းက သူ့အမေကို အရွဲ့တိုက်သလိုနှင့် တမင်ပြော၏။

"ဒီသုံး၊ လေးရက်မှာမှ ကျော်သာလှ ပြန်ရောက်မလာရင် ငါလိုက်ပို့သင့်လိုက်ပို့မှာပေါ့။ ဒါပေမယ့် ငါက ကာလကတ္တားမရောက်တာ ဆေး၊ ငါးနှစ်ရှိပြီလေ။ ဒေသသား ကျော်သာလှ လိုတော့ ဘယ်လည်မလဲ"

ထွန်းကျော်လင်း ကာလကတ္တားသွားပြီး ကျောင်းနေရန်ကိစ္စ တိုင်ပင်ပြောဆိုနေကြသော နှစ်ရက်အကြာမှာ ကျော်သာလှတော့ ရောက်မလာသေး။ ဖလောင်းချိတ်တွင် သူတို့တွေ့ခဲ့ရသော ဆွေမျိုးထဲက ကာလကတ္တားကျောင်းသား၊ နိုင်ငံရေးသမား၊ ဝရမ်းပြေး အောင်ကျော်ဇေယျ ရောက်ချလာသည်။

သူရောက်လာသည်မှာ ထွန်းကျော်လင်း ကာလကတ္တားတွင် ကျောင်းသွားနေရန်ကိစ္စကို သိ၍မဟုတ်။ ရာဇဌာနီကို ရောက်နေကြသော ဧည့ဝတီက ဆွေမျိုးတွေ၏ အခြေအနေကို သူ့မိဘတွေက သိချင်၍ မေးခိုင်းလိုက်သဖြင့် ဝင်လာသည်ဟု ပြောသည်။

သူ့ဘကြီးတော် ဦးကြာပန်းအောင်ကတော့ အောင်ကျော်ဇေယျစကားကို ယုံချင်ပုံမရ။ ဝရမ်းပြေးပီပီ ရောက်ရာပေါက်ရာ ဝင်လာသည်ဟု ထင်ပုံရ၏။

ထွန်းကျော်လင်း ကာလကတ္တားတွင် ကျောင်းသွားနေရန်ကိစ္စ ဟီလီတရိုက် တောင်တန်းဒေသက ပရဆေးခင်းများရှိရာ ရွာဘက်သွားနေသော ဦးကြာပန်းအောင်၏မြေး ဦးလှထွန်းအောင်၏သား ကျော်သာလှကို စောင့်နေကြသည်ဟုပြောသောအခါ အောင်ကျော်ဇေယျက သူလိုက်ပို့ပေးမည်၊ ကျော်သာလှမှာ ခြေရှည်သော အကောင်ဖြစ်၍ အလုပ်ကိစ္စလည်းပါလေရာ ကြာချင်ကြာနေမည်ဟု ပြော၏။

အောင်ကျော်ဇေယျမှာ ကာလကတ္တားတွင် ကျောင်းနေသူ ဖြစ်သဖြင့် ဦးအောင်တိုင် တို့မိသားစုက ပို၍ ဝမ်းသာသွားကြသည်။

သို့သော် ဦးလှထွန်းအောင်က -

"အခင်ကြီးတို့၊ ဒီကောင့်အကြောင်းမသိပါဘူး။ ဟော့ကောင် အောင်ကျော်ဇေယျ၊ မင်းနဲ့ ငါ့တူ ထွန်းကျော်လင်းကို ကာလကတ္တားလွှတ်မယ့်အတူတူတော့ ဒီရာဇဌာနီက ရာဂျပုတ်ပုလိပ်တွေလက်ထဲပဲ အပ်ပေးလိုက်မှာပေါ့ကွာ"

ဟု ပြောသည်။

"ဟာ - ဦးမင်းကလည်း၊ မဟုတ်တာဗျာ။ ကျွန်တော့်ကို ဒီလောက်လည်း အထင်မကြီးစမ်းပါနဲ့"

"အောင်မာ - လာလာသေး၊ မင်း ကာလကတ္တားသင်္ဘောဆိပ်တက်တာနဲ့ ရာဂျပုတ်လူယောင်ဆောင်နေတာတွေက ကွိခနဲဖမ်းသွားကြမှာပေါ့ဟ။ မင်းကို ဖမ်းသွားတာက အကြောင်းမဟုတ်ဘူး ငါ့တူပါ အဆစ်မပါပါရစေနဲ့ မောင်ရာ ငါတို့ဘာသာငါတို့ပဲ ပို့ပေးပါရစေကွာ"

ဦးလှထွန်းအောင်၏ စကား... အောင်ကျော်ဇေယျက တဟားဟားရယ်ပြီး -

"ထွန်းကျော်လင်း ဘာမှမဖြစ်... ရပါဘူး။ သူ့အဆက်အသွယ်နဲ့... ကျောင်းဝင်ခွင့်ရအောင် လုပ်ထား... ခဲ့ပါမယ်"

ဟု အခါခါပြောသော်လည်း ဆွေမျိုးတွေက ထွန်းကျော်လင်းကို သူနှင့် မထည့်ဝံ့ကြသဖြင့် အောင်ကျော်ဇေယျ လက်လျှော့သွားလေသည်။

✣

ထွန်းကျော်လင်း ကျောင်းဝင်ခွင့်... ကိစ္စနှင့်ပတ်သက်၍ ကာလကတ္တားသွား... ကြသော ကျော်သာလှ ရဇပါရာ... ပြန်ရောက်လာသည်။ သူပြောပြ... မှာ စစ်တကောင်းသွားကြသော သူ...



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောကို ဂျပန်လေယာဉ်နှစ်စင်းက နှစ်ပတ်၊ သုံးပတ် ဝဲပျံလာပြီး ပတ်ကြည့်သွားသည်။

သို့သော် ခရီးသည်တွေမှာ ဂျပန်ကင်းထောက် လေယာဉ်နှစ်စင်း လာနေသည်ကို မြင်ကတည်းက သူတို့သင်္ဘောကို ဗုံးချလေမလား၊ စက်သေနတ်နှင့် ပစ်လေမလားဟု စိုးရိမ်ကြောက်ရွံ့ကုန်ကြရာ အတော်ရုတ်သဲသဲဖြစ်သွားကြသည်။ တချို့က အကြောက်လွန်ကာ သင်္ဘောပေါ်ရှိအကြိုအကြားထဲ ဝင်ပုန်းကြသည်။ အချို့ကလည်း ဂျပန်လေယာဉ်က သင်္ဘောကို ဗုံးကြဲနှစ်မြှုပ်ပစ်လိုက်လျှင် ရေထဲတွင် ဖော့နေနိုင်သော တိုင်ကီခွံ၊ စည်ခွံ၊ ပုံးခွံများကို ဖက်တွယ်ထားကြသည် ဆို၏။

သူတို့ စီးနင်းလိုက်ပါလာသော သင်္ဘောကို နှစ်ပတ်၊ သုံးပတ်ပျံဝဲကြည့်ကာ စစ်တကောင်းဘက် ပျံသန်းသွားကြသော ထိုလေယာဉ်နှစ်စင်းသည် စစ်တကောင်းမြို့ဘက်ကို ဦးတည်ပျံသန်းနေရင်း တစ်စင်းသည် အမြီးပိုင်းမှ မီးခိုးလုံးကြီးတွေထွက်လာပြီး ပင်လယ်ထဲ ထိုးဆင်းသွားသည်ကိုလည်း သင်္ဘောပေါ်က မြင်နေကြရသည်။

စစ်တကောင်းမြို့ကို လှည့်ပတ်စောင့်ကြပ်နေသော အင်္ဂလိပ်လေယာဉ် (သို့) စစ်တကောင်းသင်္ဘောဆိပ်အောက်ရှိ အင်္ဂလိပ်ရေတပ်ကပဲ အမြောက်နှင့် လှမ်းပစ်လိုက်သလားမသိ။ ဝေးသဖြင့် အမြောက်သံကို မကြားရခြင်းသာ ဖြစ်ပေမည်။

ထွန်းကျော်လင်း ပြန်ပါမလာဘဲ ကျော်သာလှ တစ်ယောက်တည်းသာ ပြန်လာသည်ကို ကာလကတ္တားရှိ အမျိုးတွေဆီ၌ ကျန်နေခဲ့သည်ထင်၍ မေးကြရာ၊ ကာလကတ္တားရှိ အမျိုးများက ကျောင်းဝင်ခွင့်ကိစ္စတွေကို လုပ်ပေးပြီး တစ်လကိုးသီးတင်းနေပါဦးဟု ဝိုင်းပြောကြသော်လည်း ကာလကတ္တားတွင် နောက်လည်း ကျောင်းတက်ရင်း အကြာကြီးနေရဦးမည်ဟုပြောပြီး ထွန်းကျော်လင်း သူနှင့် ပြန်လိုက်လာသည်။ ဖလောင်းချိတ်ကို ရောက်သောအခါမှ ဖလောင်းချိတ်က အမျိုးတွေဆီ၌ နေခဲ့ဦးမည်ပြောပြီး ဖလောင်းချိတ်၌ ကျန်နေခဲ့သည်ဟု ပြော၏။

ကျောင်းဝင်ခွင့်လုပ်ကြရမည်မှာလည်း ထွန်းကျော်လင်းတစ်ယောက်တည်းအတွက်မဟုတ်ဘဲ စစ်တကောင်းသွား သင်္ဘောပေါ်တွင် တွေ့ကြရသော ကမ်းသာက အောင်ကျော်ဦး ဆိုသူကလည်း ထွန်းကျော်လင်း ကာလကတ္တား၌ ကျောင်းဆက်နေလျှင် သူလည်း ကာလကတ္တားမှာ ကျောင်းဆက်နေဖြစ်လျှင် နေဖြစ်မည်။ သို့သော် သူတွင် ကာလကတ္တား၌ ကျောင်းဆရာ၊ ကျောင်းဆရာမ ဆွေမျိုးအရင်းအချာအသိမရှိ။ ကျောင်းဝင်ခွင့်ရအောင် ဆောင်ရွက်ပေးနိုင်သူလည်းမရှိသဖြင့် ထွန်းကျော်လင်းနှင့် သူ့ကိုပင် အကူအညီတောင်းသဖြင့် သူတို့နှစ်ယောက် နောက်နှစ်ကျောင်းဝင်ခွင့်ရရန် အမျိုးတွေက လိုက်လုပ်ပေးကြလိမ့်မည်ဟု ပြောသည်။

ကိုကျော်သာလှ စကားထဲ၌ ထွန်းကျော်လင်း ဖလောင်းချိတ်တွင်ကျန်နေခဲ့သည်၊ သင်္ဘောပေါ်၌တွေ့ကြသော ကမ်းသာမှအောင်ကျော်ဦးကိုပါ ကျောင်းဝင်ခွင့်ရအောင် လိုက်လုပ်ပေးထားခဲ့သည် ဆိုစကားကိုတော့ ဦးအောင်တိုင်တို့မိသားစုက ဘဝင်ကျပုံမရ။ ဦးကျော်ခေါင်၊ ဒေါ်ရွှေအိမ်သူတို့၏သား အောင်ကျော်ဦးကိုပါ ကျောင်းဝင်ခွင့်ရအောင် လုပ်ပေးထားခဲ့သည်ဆိုခြင်းကိုတော့ ဘာမှပြောစရာမလိုသော်လည်း ထွန်းကျော်လင်း ဖလောင်းချိတ်၌ ကျန်နေခဲ့သည်ကိုတော့ လုံးလုံးစိတ်မချကြ။

ကိုကျော်သာလှက ထွန်းကျော်လင်းသည် ဖလောင်းချိတ်က ဆွေမျိုးတွေဆီ၌ ကျန်နေခဲ့သည်ဆိုသော်လည်း အမှန်မှာ အောင်ကျော်ဦး ညီမ လှဒါသူ၊ မြဒါသူတို့ဆီသွားပြီး ဟေးလားဝါးလား လုပ်နေလိမ့်မည်ကို မျက်စိထဲမြင်မိကြသောအခါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အလိုမကျဖြစ်သွားကြသည်။ ကိုကျော်သာလှကမူ အောင်ကျော်ဦးဆိုသူမှာလည်း သင်္ဘောပေါ်၌ ထွန်းကျော်လင်း မိတ်ဆက်ပေး၍သာ သိခဲ့ရသဖြင့် ထိုကိစ္စတွေကို ဘာမှမသိပေ။

ထို့ကြောင့် ကိုကျော်သာလှ ပြန်လာပြီး နောက်တစ်ပတ်လောက်မှ ဖလောင်းချိတ်က ပြန်လာသော ထွန်းကျော်လင်း ရာဇပါလစ္ဆာကို ရောက်ရောက်ချင်း ဒေါ်သန္တာဖြူက စစ်မေးတော့သည်။ ဤသို့ စစ်မေးတော့မည်ကို ကြိုတင်သိထားထားပုံရသောထွန်းကျော်လင်းကလည်း အကြံအဖန်တွေကြိုတင် လုပ်လာပုံရ၏။

"ကိုငယ်၊ နင် ကျော်သာလှနဲ့ အတူပြန်မလာဘဲ ဘာလို့ဖလောင်းချိတ်မှာ ကျန်နေခဲ့တာလဲ"

"ကုလားမကြီး အဲ... ဟဲ... ဟဲ... ဘွားဘွားတို့အမျိုးတွေက တွေ့တာနဲ့ နေပါဦး နေပါဦး ရှလ်ါရှာမှာ ပျင်းစရာကြီးဘာညာဝိုင်းပြောကြတာနဲ့ နေနေခဲ့ရတယ်။ ဘွားဘွားတို့အမျိုးတွေက မျိုးချစ်တွေ ဟုတ်လား"

သူ့သားက ဤသို့ ရယ်ရွှန်းဖတ်ရွှန်းနှင့် စကားလိုးလွှဲလည်း အင်မတန်ပြောတတ်သော သူ့သားအကြောင်းကို ကောင်းကောင်းကြီးသိထားသူ ဒေါ်သန္တာဖြူကလည်း -

"အမေတို့အမျိုးတွေထဲက ဘယ်သူ့အိမ်ဘယ်သူ့အိမ်တွေ ကိုငယ်နေခဲ့လဲ ပြောစမ်းပါဦး။ အမေတို့လာတုန်းက ဖလောင်းချိတ်မှာတွေ့ကြတဲ့ဆွေမျိုးတွေထဲက ဘယ်သူ့အိမ် ဘယ်နှရက်စီနေခဲ့လဲ ကိုငယ်"

"ဟာ-အမေကလည်း၊ ဘွားဘွားတို့အမျိုးတွေကအများကြီးဗျ၊ ကျွန်တော် ဘယ်လိုလုပ်မှတ်မိမလဲ။ ဟိုအိမ်တစ်ညဒီအိမ်တစ်ညနဲ့ ကြာသွားတာ"

"ဟဲ့-နင်တစ်ယောက်နှစ်ယောက်တော့ မှတ်မိရမှာပေါ့၊ ဘယ်သူ့အိမ်တွေလဲ။ အမေတို့လာကြတုန်းက စခန်းမှာ လာခေါ်တဲ့ ဦးဥက္ကာကျော်တို့အိမ်လား၊ ဒင်နာဂျ်ပူကို ငါ့ညီမကြီး မလိုက်သွားရဘူးလို့ပြောင်တဲ့ ဘကြီးဦးသာလှဦးအိမ်လား၊ ပထမဦးဆုံး အမေတို့ကို ထောပတ်ထမင်းကျွေးတဲ့ ဦးကြီး ဦးသာဦးမောင်တို့အိမ်လား ကိုငယ်မှတ်မိမှာပေါ့"

"အမေကဒါတွေဘာလုပ်မလို့လဲ"

"ဟဲ့ - လူဆိုတာ ကိုယ့်ကျေးဇူး၊ သူ့ကျေးဇူးသိထားရအောင်လို့ပေါ့ သားရယ်"

သူ့သားမျက်နှာကို အဖြေရှာသလိုကြည့်ရင်း ဒေါ်သန္တာဖြူက မေး၏။

"ဟုတ်တယ်။ အဲဒီအဘိုးကြီး၊ အဘိုးလေး၊ ဘထွေးတို့ အိမ်တွေရောအစ်ကို၊ ယောက်ဖ ညီလေးခေါ်ကြတဲ့ ကောင်လေးတွေရဲ့ အိမ်တွေရော စုံလို့ပဲ"

"အစ်ကိုငယ်ကို မင်းကြီး၊ ဘကြီး၊ အဘိုးခေါ်နဲ့ ကောင်လေးတွေကော ဖလောင်းချိတ်မှာ ကိုငယ် တွေ့ခဲ့သေးလား၊ အမျိုးထဲကလေ"

သူ့နှမ သဇင်ဖြူက သူ့အမေ၏ ပစ်မှတ်ကို သိထား၍လားမသိ ဝင်နောက်၏။

ဤသည် သူ့အမေက -

"စကားအကောင်းပြောနေရင်"

ဟု အော်လိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ဟဲ့ - ခုမှသတိရလို့၊ နင် ရွှေအိမ်သူတို့အိမ်ကော မရောက်ခဲ့ဘူးလား။ ကိုယ့်မြို့ကိုယ့်ရွာကဆိုလို့ အမေတို့မှာ ရွှေအိမ်တို့ပဲရှိတာ။ ဖလောင်းချိတ်ဈေးထဲမှာ ဈေးရောင်းနေကြတယ်ဆို။ သားအဲဒီကိုကောသွားမကြည့်ခဲ့ဘူးလား။ ဘယ်လူတွေတွေ့ခဲ့လဲ၊ ကျန်းကျန်းမာမာကောရှိကြရဲ့လား"

သူ့အမေ သွယ်ဝိုက်မေးသည်ကို ထွန်းကျော်လင်းကလည်း ပါးစပ်ဟကတည်းက အူမကိုမြင်သလို -

"အမေကလည်း ကုလားမကြီးလိုပဲ၊ တော်တော်အမျိုးချစ်တယ်။ အမေ ဟိုမေးဒီမေးသူ့အမျိုးအကြောင်းတွေပဲ မေးနေတာနဲ့ အရပ်မှာတုန်းက သူသူတို့ကိုငှားလိုက်တဲ့ ချန္ဒရာနန်ဓာတ်ပြား ခု ပြန်ပေးလိုက်ပြီ ဒီမှာ"

ပြောရင်းက ထွန်းကျော်လင်းသည် သူ့အိတ်ထဲက ဓာတ်ပြားတစ်ချပ်ကို ထုတ်လိုက်၏။

"သူသူတို့က တော်ရှာသားပဲဟဲ့။ ဒီလောက်အတိဒုက္ခရောက်ပြီးပြေးလာကြရတာတောင် ဒီဘာမဟုတ်တဲ့ဓာတ်ပြားများ တကူးတကယူလာပြီး ပြန်ပေးဖို့သတိရနိုင်ကြသေးတယ်။ တော်လိုက် . . ."

"သူသူတို့က ပြောပါတယ် အမေ။ စခန်းတစ်နေရာရာမှာတော့ မုချဆုံကြမှာပဲဆိုပြီး ယူလာခဲ့ကြတာတဲ့။ အဲဒါ ခုအမေ့ဓာတ်ပြားပြန်ရပြီ ဟုတ်လား"

"ဘယ်သူကပြောတာလဲ။ လှဒါသူပြောတာလား၊ မြဒါသူကပြောတာလား"

ထွန်းကျော်လင်းမျက်နှာတွင် အဖြေတစ်ခုခုကို ရှာသလိုကြည့်၍ ဒေါ်သန္တာဖြူက မေးပြန်၏။

"လှဒါသူက ပြောပါတယ်၊ အရှီးရှင်က ချန္ဒရာနန်ဓာတ်ပြား ကြိုက်တတ်မှန်းသိလို့ ရှိရှိသေသေ သိမ်းဆည်းယူလာတာပါတဲ့။ ကိုကျော်သာလှက စစ်တကောင်းသွားသဘော်ပေါ် ဂျပန်လေယာဉ်လာဝဲလို့ အင်္ဂလိပ်ပစ်ချလိုက်တာ ပြောသေးလား"

ထွန်းကျော်လင်းက သူ့အမေကို စကားလွှဲသည်။

"ပြောပါတယ်၊ ကိုငယ်တို့နဲ့ သင်္ဘောပေါ်မှာ အောင်ကျော်ဦးနဲ့လည်း တွေ့သေးတယ်ဆို၊ သူက စစ်တကောင်းဘာသွားလုပ်လဲ"

အောင်ကျော်ဦးကိစ္စ မေးလာပြန်သဖြင့် ထွန်းကျော်လင်းက သူ့အမေစကားကို အထူးသတိထားဖြေရသည်။

"စစ်တကောင်းမှာ သူ့ဘကြီးတစ်ယောက်ရှိတယ်၊ အရောင်းအဝယ်ကိစ္စလို့ပြောတာပဲ အမေ။ အဲဒါ ကျွန်တော်က ကာလကတ္တားမှာ ကျောင်းဝင်ခွင့်ရဖို့ကိစ္စနဲ့ ကာလကတ္တားအထိ သွားမယ်ပြောတယ်။ သူလည်း ကျောင်းနေချင်နေဖြစ်မှာ လိုလိုမည်မည်လျှောက်လွှာတင်ထားချင်တယ်၊ မင်းတို့အမျိုး ဆရာ၊ ဆရာမတွေကိုပြောပေးပါလို့ လုပ်ထားပေးခဲ့ပါတယ်"

ထိုအချိန်မှာပင် ပရဆေးခင်းတွေကိုကြည့်ရန်လိုက်သွားသော ဦးသဏ္ဍါကျော်က အိမ်ပြန်ရောက်လာသည်။ ဦးသဏ္ဍါကျော်သည် ချက်ချင်း အနားလာထိုင်၏။

"ဘယ့်နှယ်လဲ သား၊ ကျောင်းဝင်ခွင့်ရဖို့ သေချာတယ်လို့ ကျော်သာလှပြောတာ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ပါပါ။ အဘွားတို့အမျိုးတွေဆီ အဖိုးကြီး စာပါတာပဲ၊ သေချာပါတယ်"

"အေးကွ၊ ကျော်သာလှပြောပုံအရဆို စစ်တကောင်းသင်္ဘောပေါ်တောင် ဂျပန်လေယာဉ် လာဝဲသေးတယ်ဆို။ ဒီအတိုင်းဆို ဖလောင်းချိတ်နဲ့ စစ်တကောင်းတော့ ငါစိတ်ချရပါ့မလား။ အိန္ဒိယကိုပါ ဂျပန်သိမ်းလိမ့်မယ်လို့ အောင်ကျော်ဇေယျပြောတာ ဟုတ်များဟုတ်နေမလား။ ကိုငယ် မင်းကာလကတ္တားမြန်မြန်သွားနေတာ ကောင်းလိမ့်မယ်ထင်တယ်။ ဟိုမှာအမျိုးတွေရှိတာပဲ"

"ဟာ - ပါပါကလည်း၊ ကျောင်းတက်ရဖို့က နောက်တစ်နှစ်တောင် စောင့်ရဦး မှာမနေချင်ပါဘူး၊ အမျိုးတွေဆိုပေမယ့် ခုမှ တွေ့ကြ. . ."

ထွန်းကျော်လင်းက စကားမဆုံးမီမှာပင် ဒေါ်သန္တာဖြူက -

"ရဇပါရာကလည်း ပျင်းဖို့ကောင်းတယ်၊ ဖလောင်းချိတ်မှာပဲ ပျော်တယ်ဆိုပါလား။ ကာလကတ္တား ဘယ်နေချင်လိမ့်မတုံး။ ခုဖလောင်းချိတ်မှာ ကျန်နေခဲ့လို့ ရွာမှာတုန်းက သူသူတို့ ငှားသွားတဲ့ အကျွန်ကြိုက်တဲ့ ချန္ဒရာနန်ဓာတ်ပြားတောင်ပြန်တောင်းလာပါတယ်ဆိုပါလား ဒီမှာလေ"

"ဒီသူငယ်မတွေမို့လို့၊ ဓာတ်ပြားများကွာ ရေးကြီးခွင့်ကျယ်။ ဒီမှာဝယ်လည်းရသားနဲ့၊ အလကားဒုက္ခရှာလို့"

သူ့မိန်းမ ဆိုလိုသည်မှာ ဦးသဏ္ဍါကျော်က သဘောပေါက်ပုံမရ။ အရိုးခံအတိုင်း ပြော၏။

ထွန်းကျော်လင်းကတော့ သူဆင်လာသောဖဲ သူချိုးထားခဲ့ပြီးမို့ ရေချိုးဦးမယ်ဟုပြောကာ ထသွားသည်။

ညနေကျတော့ သူသူတို့က ပြန်ပေးလိုက်သည်ဆိုသော ဓာတ်ပြားကို ကြည့်ကာ ဦးသဏ္ဍါကျော်က ပြုံး၏။

သူသူတို့ ဖလောင်းချိတ်က ပြန်ပေးလိုက်သည်ဆိုသော ဓာတ်ပြားမှာ ချန္ဒရာနန်၏ဓာတ်ပြားအသစ်စက်စက်။ ရွာမှာတုန်းက သူ့မိန်းမ ဒေါ်သန္တာဖြူက ကြိုက်လှချေရဲ့ဆိုပြီး ဖန်တစ်ရာတေနေအောင် ဖွင့်ထားသော ဓာတ်ပြားမှာ အပ်ရာတွေအထပ်ထပ်နှင့် အဟောင်းကြီး၊ ယခု သူသူတို့ ပြန်ပေးလိုက်သည်ဆိုသော ဓာတ်ပြားမှာ အသစ်စက်စက်ကြီး။ တစ်ခါမှ မဖွင့်ရသေးသည့် အပ်ရာဆို၍လည်း တစ်ကြောင်းမျှ မထင်သေးသော ဓာတ်ပြား။

အမှန်က ဤဓာတ်ပြားမှာ စစ်တကောင်းကပင် ဖလောင်းချိတ်၌ တစ်ပတ်လောက်နေရန်၊ သူ့ရည်းစား လှဒါသူနှင့် ကြာကြာတွေ့နေနိုင်ရန် ထွန်းကျော်လင်းကိုယ်တိုင် စစ်တကောင်းက ဝယ်လာသော ဓာတ်ပြားအသစ်စက်စက်ပင်။ ဒေါ်သန္တာဖြူကမူ ဤသည်ကို အမှတ်တမဲ့။ သူ့ခင်ပွန်းသည်ပြောမှ ဒေါ်သပုန်ထတော့သည်။ သို့သော် သူ့သား အကွက်ဆင်လာသည်ဟုတော့ မထင်။ လှဒါသူတို့ ညီအစ်မတွေ သူ့သားကို ကြိုက်နေကြ၍ သူတို့အိမ်သားပစ္စည်းတွေကို မည်မျှအလေးထားကြောင်းပြလို၍ စစ်တကောင်းက ဓာတ်ပြားအသစ်ကိုဝယ်ပြီး ပုံမှားရိုက်ပေးသည်ထင်၏။

ထို့ကြောင့်လည်း-

"ဗိုင်းတာမလေးတွေ၊ လည်လိုက်ကြတာ။ စကြာမ၊ ပန်ကာမလေးတွေ၊ ရွှေအိမ်သူ့သမီးများမပြောရဘူး၊ အဲဒါ အိမ်ကနွားက တကယ်ထင်ပြီး ရှင့်သားတော့်က မြတ်မြတ်နိုးနိုး ယူလာတာလေ၊ နေဦး၊ ပြန်လာပါစေဦး"

ဟု သူ့သား ထွန်းကျော်လင်းကို ကြိုးပမ်းနေလေသည်။

ဤသည်ကို ဦးသဏ္ဍါကျော်ကတော့ ပြေရာပြေကြောင်း -

"သားပြန်လာလည်း ဒါကို ပြောမနေပါနဲ့ကွာ။ အလကားဘာမဟုတ်တဲ့ ဥစ္စာ"

"ဟင် - ဒါ ဘာမဟုတ်တာလားရှင့်။ဒီကောင်မလေးတွေ ကလိမ်ကလည်



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာ ကျုပ်တို့ကခံနေရင် ရှင်တို့ကျုပ်တို့ကို ဘာထင်မလဲ။ သူတို့နှုပ်ပစ်တိုင်း အကျွန်တို့က ဘာမှမသိသူနေမှာပေါ့"

"မင်းကလည်း ခက်တာပဲ။ သူတို့ကလည်း ဟိုမှာကျန်ခဲ့တော့ အားနာလို့ ဝယ်ပေးလိုက်တာနေမှာပေါ့"

"ဝယ်ပေးလိုက်ရင် ဝယ်ပေးလိုက်တယ် ပြောလိုက်ရမှာပေါ့ရှင့်။ ခုတော့ မလိမ့်တစ်ပတ်နဲ့ လူကိုဘာထင် . . ."

"ဝယ်ပေးလိုက်ပါတယ်ဆိုတော့လည်း မင်းတို့က ဒီခတ်ပြားလေးများ ဘာတန်ဖိုးရှိလို့ ငါတို့ကို နင်တို့က မာနနဲ့ပြန်ဝယ်ပေးရလားလို့ ကျောင်းတော်ကရန်စနဲ့ သူများတစ်ပြည်တစ်ရွာမှာ ရန်တွေ့ကြမှာစိုးလို့နေမှာပေါ့ကွာ။ ဒါကိုသားကိုလည်း ပြောမနေပါနဲ့တော့။ ပြီးတာပြီးပါစေ၊ မသိချင်ယောင်ဆောင်နေလိုက်ပါ"

"ရှင်ပဲနေ၊ အကျွန်ကတော့ မနေနိုင်ဘူး။ ဒီမလောက်လေးမလောက်စားမလေးတွေ ဘယ်လောက်ဉာဏ်များကြလဲဆိုတာ"

"ဟဲ့-သန္တာ၊ ဘာတွေလဲ နင်တို့ဟာတွေ"

ဦးသခင်ကျော်နှင့် ဒေါ်သန္တာဖြူတို့ ပြောနေကြသည်ကို ဦးကြာပန်းအောင်က နသန်းနဝါ ကြားသဖြင့် အိမ်ပေါ်တက်လာပြီး မေး၏။

"ဘာမှမဟုတ်ပါဘူး ဦးမင်း။ သန္တာက မိုးချုပ်နေပြီ၊ ထွန်းကျော်လင်း ခုထိ အိမ်ပြန်မလာသေးတာကို ပြောနေတာပါ"

ဟု ပြောလိုက်၏။

"သြော်- ဒါလား၊ တခြားဘယ်မှ မသွားပါဘူး မစိုးရိမ်ပါနဲ့။ အောက်ချိုင့်မှာနေတဲ့ငါ့တူတစ်ယောက်က လာလည်ပါလို့ ခေါ်သွားတာပါ"

ဦးကြာပန်းအောင်မှာလည်း စစ်ဘေးစစ်ဒဏ်ကြောင့် လာနေကြသော သူတို့မိသားစု အနှောင့်အယှက်ဖြစ်ကြမှာ၊ သူတို့အားနာပြီး လွတ်လွတ်လပ်လပ် ရှင်းရှင်းနှီးနှီးမနေကြမှာသာ စိုးရိမ်စိတ်ကြီးနေသူ ဖြစ်သည်။ ဒေါ်ကြာဦးဖြူ၏ အမွေပိုင် ပရဆေးခင်းတွေကိုပါ စီမံလုပ်စားနေရသူဖြစ်သဖြင့် သူတို့မိသားစုရောက်စကပင် အမွေတစ်ဝက်ကို ခွဲပေးမည်။ တိုင်းစွန်ပြည်ဖျား အစိုးရအုပ်ချုပ်မှုမရှိသောအရပ်တွင် မနေကြနှင့်တော့။ ရာဇဌာနီတွင် အခြေချနေကြတော့ဟု ပြောထားသူဖြစ်ရာ ဦးသခင်ကျော်က ဤမျှကောင်းကြသော ဦးကြာပန်းအောင်တို့မိသားစု သူတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မိကြမည်ကို တစ်ပြန်တစ်လှည့် အားနာလေးစားကြရမည်ဖြစ်သဖြင့် သူ့မိန်းမပါးစပ်ကို လက်နှင့်လှမ်းပိတ်ပြီး -

"ငါတို့ ဘာကိစ္စဖြစ်ဖြစ် ဘာဖြစ်ဖြစ် ခွန်းကြီးခွန်းငယ် ကတောက်ကဆ ပြောကြဆိုကြတာတောင် နင့်မင်းမင်းကြီးက သူ့အပေါ် ငါတို့က တစ်စုံတစ်ခု အလိုမကျဖြစ်မှာ အင်မတန်စိုးရိမ်တတ်တဲ့ မင်းမင်းကြီး။ ခု ရွာက ဘာမဟုတ်တဲ့ ကိစ္စနဲ့ ဒီမှာလာပြီးဖြစ်ကြရင် တောမှာရဲ ပွဲမှာပြသလိုဖြစ်မှာ သန္တာ မတွေးဘူးလား၊ ဒီဘာမဟုတ်တဲ့ကိစ္စ မင်းမင်းကြီးတို့ မသိပါစေနဲ့၊ ရှက်ဖို့ကောင်းပါတယ်။ ဟိုကလေးမလေးတွေမလိမ္မာလို့ အဲ - မင်းကိုကြောက်လို့ လုပ်မိလုပ်ရာ လုပ်ပေးလိုက်တာလည်း ပါမှာပေါ့၊ ဒီတော့ ဒီကိစ္စ ဒီတင်ရပ်တော့။ မင်းသားကိုလည်း ပြောမနေပါနဲ့တော့၊ ကဲ- ငါ့မိန်းမ အလွန်ကြိုက်တဲ့ ချန္ဒရာနန်ရဲ့ အသံလေး ကြားကြရအောင် ကိုကိုချစ်က ဖွင့်ပြပေါ့မယ်"

ဟု လေပြေထိုး တီးတိုးချော့ပြောရလေသည်။

ဤသည်ကိုပင် ဒေါ်သန္တာဖြူက စိတ်မပြေသေးဘဲ-

"တော်ပြီ၊ ဒီကလိမ်မလေးတွေ ခတ်ပြားသံ အကျွန်နားမထောင်ချင်ဘူး"

ဟု ပြောပြီး သူ့ ဦးကြီး (မင်းမင်းကြီး) ရှိရာ အောက်ထပ်ဆင်းသွားသည်။

ဦးသခင်ကျော်ကတော့ သူ့ယောက္ခမနှစ်ယောက် အိမ်လည်သွားနေကြ၍ အိမ်မှာ ရှိမနေကြသည်ကိုပင် တစ်ရန်ရှင်းသည်ဟု တွေးမိနေ၏။ အကယ်၍ သူ့ယောက္ခမ မိန်းမသူ ရာဇဌာနီသူသာ ဤကိစ္စသိလျှင် ပြဿနာ နောက်ထပ်မည်သို့လာဦးမည်ကိုလည်း တွေးပူနေမိသည်။

သို့သော် သူ့အမေ၊အဖေတို့ အိမ်လည်ရာက ပြန်လာကြသော်အခါ ဒေါ်သန္တာဖြူကတော့ ခတ်ပြားကိစ္စကို ဘာမှအကျယ်ချဲ့မပြောတော့။ ဤသည်မှာလည်း ဦးသခင်ကျော် စောစောက ပြောထားသလို သူ့မင်းမင်းကြီး ဦးကြာပန်းအောင်တို့ မိသားစုကို အားနာ၍ဖြစ်မည်။

သူ့သား ထွန်းကျော်လင်းကိုတော့ -

"ကိုငယ်၊ နင်ယူလာတာ မမေတို့ဆီက သူသူတို့ အရပ်မှာတုန်းက ငှားသွားတဲ့ ခတ်ပြားအဟောင်းမှ မဟုတ်တာ၊ အပ်တောင်မတင်ရသေးတဲ့ ခတ်ပြားအသစ်ပါလား"

ဟု ပြောဖြစ်အောင် ပြော၍မေး၏။ သူ့သားက-

"ချန္ဒရာနန် ခတ်ပြားတော့ ဟုတ်တယ်မလား အမေ"

ဟု ပြန်မေး၏။

"ချန္ဒရာနန်ခတ်ပြားတော့ ဟုတ်တာပေါ့ဟ။ ဒါပေမယ့် ခတ်ပြားက အသစ်စက်စက်မို့ နင့်ကို မေးတာ"

"အမေကလည်း၊ အသစ်စက်စက် ရတာပိုမကောင်းဘူးလား"

"နွားဖြစ်မယ့်ကောင်၊ မြင်းစီးလို့ အထိုးမှန်း အမမှန်း မသိဘူးဆိုတာ နင့်လို အကောင်မျိုး"

"ဘွတ် အဲ . . . အဲ . . . အဲ"

ထွန်းကျော်လင်းနှင့် သူ့အမေတို့ ခတ်ပြားကိစ္စတွင် ဘာများဖြစ်ကြဦးမလဲဟု ရင်တထိတ်ထိတ်နှင့် နားစွင့်နေကြသော ဦးသခင်ကျော်နှင့် သဇင်ဖြူတို့ကတော့ ထွန်းကျော်လင်းက သူ့အမေကို နွားမြည်သံနှင့် နောက်လိုက်သောအခါ အောင့်မထားနိုင်ဘဲ ခွိခနဲ ရယ်မိလိုက်ကြသည်။ ဤသည်ကိုပင် ဒေါ်သန္တာဖြူက သူတို့နှစ်ယောက်ကို မျက်စောင်းထိုးလိုက်ပြီး -

"နင်တော့နော် ကြပ်ကြပ်သတိထားနေ ကိုငယ်။ သူများပြည်ရွာမှာမို့ ငါမပြောလိုက်ချင်ဘူးနော်"

ဟု မာန်လိုက်သေးသည်။

ဤသည်မှာလည်း သူ့မင်းမင်းကြီး ဦးကြာပန်းအောင်တို့မိသားစုကို အားနာ၍ ဖြစ်သည်။ မိမိအိမ်မှာသာဆိုလျှင် ထွန်းကျော်လင်းကို သူသူတို့ ညီအစ်မတွေနှင့် ပတ်သက်ရမည်လားဟု ဆူပူကြိမ်းမောင်းလုပ်ဦးမည်မသိ။

ထွန်းကျော်လင်းမှာလည်း လူတကာကို အပြောင်အပျက်ပြောတတ်နောက်တတ်သော်လည်း သူ့အမေ တကယ် စိတ်ဆိုးလာပြီ ဆိုလျှင်တော့ ကြောက်တတ်သူပင်။

မည်သို့ဖြစ်စေ သူသူတို့အိမ်သားတွေ ခတ်ပြားကိစ္စက ဤမျှနှင့် ဒေါ်သန္တာဖြူ နှုတ်ဆိတ်သွားသည်ကိုတော့ ဦးသခင်ကျော်က ဝမ်းသာသွားရသည်။

(ဆက်ရန်)

ဗိုးကျော့



www.burmeseclassic.com

www.burmeseclassic.com



# ကံမြင့်ကံပွင့် အဝတ်အရောင်

ပြည်သိန်းကျော်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ယခုတစ်လလုံး ဘုရားရှင်အား သောကြာနံ ပန်း၊ သစ်သီး၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၃) ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို မကြာခဏ လက်နှင့်ထိပြီး ဒိဝါတပတိဂါထာ ရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းကြီးကျောင်းများသို့သွားပြီး ဘုန်းကြီးကုဋီများကို ရေဖြည့်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း မာရဏပရိတ်ရွတ်ပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံမှ (၃) ဂဏန်းနှင့်စ,သော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသောဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄ ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း သမ္ဗုဒ္ဓေ (၃) ခေါက် ရွတ်စားပါ။
**ထီကံကောင်းလိုသူများ** - သွားရင်းလာရင်း တွေ့တဲ့ထီဆိုင်မှာ (၁) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသ တစ်လလုံးရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် မကြာမကြာ စတီခေါက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာ သွား၍ ခမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော် တံမြက်စည်းလှည်းပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံတွင် (၃၊ ၂၊ ၆၊ ၇) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ပျက်နေသောစက်များရှိပါက ကောင်းအောင်ပြင်ခြင်း၊ ပြင်မရသည့် စက်များကို စွန့်ထုတ်ခြင်းပြုပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်၍သွားရသော အနီးဆုံးဘုရားစေတီများတွင် ပန်းခြောက်များစွန့်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို (၁၅) မိနစ်ခန့် နေ့စဉ် မေတ္တာပို့ပါ။
**ကျန်းမာရေး** - နေ့စဉ် ဂုဏ်တော် (၁၀၈) ခေါက်ပြည့်အောင်ရွတ်ရင်း လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်များထံမှ (၃၊ ၁၊ ၄၊ ၈) ဂဏန်းများနှင့် ပြည့်နေအောင် ထိုးထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ယခုတစ်လလုံး ဘုရားရှင်အား အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများနှင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာခဏ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံ ဘွဲ့အမည်ရှိသော ဘုရားစေတီများတွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - စနေနံပစ္စည်း အဟောင်းအပျက်များကို ရှာဖွေ ရှင်းလင်းစွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍ရသော အနီးဆုံး ဘုရားစေတီများ၏ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်းများ လက်ဆောင် မပေးပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနေ့တွင် ထီဆိုင် (၃) ဆိုင်ပြည့်အောင် ထိုးပါ။ (၃) ဂဏန်း များစွာပါအောင် ရွေးချယ်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃)၊ (၄) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့် လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပေးပါ။ မကြာ မကြာ ပြုလုပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ပဋ္ဌာန်း ရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ပုလင်းဟောင်း၊ ဘူးဟောင်းများကို စီးနေသောရေတွင် သွားမျှောလိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - တံမြက်စည်းလှူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင် (သို့) စက်ဘီးနှင့်ရောင်းသော ထီသည်ထံတွင် (၁) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေ များစွာ လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့် လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော်၊ ဇရပ်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံ ထီဆိုင်တွင် (၁၊ ၅၊ ၆၊ ၂) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-

တနင်္လာစ တနင်္ဂနွေပိတ် မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါလေ။

ဥပမာ- ကျော်အုံ၊ ချစ်အိမ်၊ ကောင်းအို

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

ပြည်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com


# ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နေအိမ်မှ လွှဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

အမှတ်(၇၂)၊ ကုန်းဘောင်(၁၀) လမ်း
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



# ဘဝတစ်ဆစ်ချိုး နာမည်ရှင်များအတွက် သူရဋ္ဌလက်ဆောင်

ဆရာဦးမောင်မောင်သန်း
(ရှင်တိုအေးမြစေသား)

နာမည်တွေနဲ့ ပတ်သက်ပြီး -

တစ်နေ့တစ်နေ့ ကြားနေရတာတွေဟာ တကယ့်ကို ဘာတွေခေါ်လို့ခေါ်နေမှန်းမသိ ဖြစ်နေရတာကတော့ အမှန်ပဲ။

အဲဒီဘာတွေခေါ်လို့ခေါ်မှန်းမသိ ဖြစ်နေရတာတွေထဲက ဘယ်လိုမှစဉ်းစားမရတဲ့ နာမည်မျိုးတွေနဲ့ ပတ်သက်ပြီး နည်းနည်းတော့ စဉ်းစားပေးရပါလိမ့်မယ်။

အဲဒီစဉ်းစားမရတဲ့နာမည်မျိုးတွေမှာ တိရစ္ဆာန်နာမည်မျိုးတွေ၊ နှိမ်ခေါ်သလိုနာမည်မျိုးတွေ ရှိနေပါတယ်။

အဲဒီနာမည်မျိုးတွေဟာ သိပ်ပြီး ထွန်းထွန်းပေါက်ပေါက်မတွေ့ရဘူးလို့ တော်တော်များများပြောကြပါတယ်။

ထွန်းပေါက်အောင်မလုပ်လို့ပါ။ ဒီအတိုင်းနေလို့ကတော့ ဘယ်ထွန်းပေါက်ပါ့မလဲ။ ရှေးရှေးက ပညာရှင်ကြီးတွေက 'မင်္ဂလာမရှိသောအမည်များ' ဆိုပြီး သတ်မှတ်ခဲ့ကြတာ နာယူမှတ်သားခဲ့ရဖူးပါတယ်။

မှန်ပါတယ်။

ဒါပေမယ့် စဉ်းစားပေးရပါလိမ့်မယ်။

ဘဝကို ဒေါင်ကျကျပြားကျကျ ဒီအတိုင်းနေသွားကြလို့ကတော့ ထွန်းပေါက်လာဖို့ မလွယ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် -

သူတို့ဘာလုပ်ကြမှာလဲ။

သူတို့ကိုဘာလုပ်ခိုင်းမှာလဲ။

ဘယ်လိုကူညီမလဲ။

ဘာလို့လဲဆိုတော့ အဲဒီလို မင်္ဂလာမရှိသောအမည်များပိုင်ရှင်တွေဟာ တကယ့်ကို ရှိုးသားကြလို့ပါပဲ ဆိုတဲ့ မေတ္တာစကားနဲ့ နိဒါန်းပျိုးရင်း -

ခပ်ငယ်ငယ်က -

ညီအစ်ကိုလို ဆော့ကစားခဲ့ဖူးတဲ့ အစ်ကိုတစ်ယောက်ကို သွားပြီးအမှတ်ရတာနဲ့ပဲ အဲဒီအစ်ကိုကနေ စ,လိုက်ရမယ်ဆိုရင်

သူ့နာမည် သိပ်ကောင်းတယ်။ နာမည်က ကိုချစ်မြ။ တကယ်လည်း သဘောကောင်းတယ်။ ဒါပေမယ့် သူက လူဖလံလေးဆိုတော့ သူ့ကို ခေါ်နေကြတာက ကြွက်နီ၊ လူတိုင်းခေါ်ကြတာ ကြွက်နီ၊ တီရှဲ့ဆွာန်နာမည်။

သူဟာ လူချစ်လူခင်လည်း ပေါသလို၊ လက်သမားလည်း ဟိုစပ်စပ်ဒီစပ်စပ်တတ်တယ်။ ဟိုးတုန်းကတည်းက လက်သမားလုပ်လာတာ အသက်ကြီးတဲ့ထိ ဒီတိုင်းပဲ။ ဘာမှပြောင်းလဲမလာဘူး။ ချမ်းလည်းချမ်းသာမလာဘူး။ ပိုပြီးတော့လည်း အဝဟာတိုးတက်မလာဘူး။

နောက်ဆုံး ကျန်းမာရေးမကောင်းတော့ အိမ်သေးသေးလေးကိုရောင်းပြီး သူများအိမ်နောက်ဖေးဘက်မှာ အမိုလေးတစ်ခြမ်းနဲ့ နေရတယ်။ ခင်တဲ့သူတွေဆိုတော့ အိမ်လခတော့ မပေးရပါဘူး။ ဒါပေမယ့် သူဟာသူ ရှာစားရတာပေါ့။

ခမျာမှာ တော်တော်လေး ချို့ချို့တဲ့တဲ့နဲ့နေပြီး ဆင်းဆင်းရဲရဲနဲ့ သေသွားရရှာတယ်။

သူသေတော့မှ သူ့နာမည် ချစ်မြဆိုတာ တချို့သိကြတော့တယ်။ လူတိုင်းဟာ ကြွက်နီ ကြွက်နီပဲ ခေါ်နေကြတာကိုး။

ကိုကြွက်နီကို သတိရလိုက်မိရင် ရင်ထဲမှာမကောင်းဘူး။

လူချစ်လူခင်လည်းပေါ၊ လက်သမားပညာလေးလည်းတတ်၊ ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com

ထဲက အိမ်တွေတစ်ခုခုလုပ်ချင်ရင်လည်း သူမှသူ။

ဒါပေမယ့် ဘဝမလှခဲ့ရှာပါဘူး။

နောက်တစ်ယောက်တွေ့တဲ့ ကြွက်နီကျတော့ လူငယ်။

ထိုးရမလား၊ရိုက်ရမလားရတယ်။ ဘယ်သူ့ကိုမှလူမထင်တတ်ဘူး။ လူလေး ကြည့်တော့ အသားကဖြူဖြူ ရုပ်ကလေးက သနားကမားလေး။

သူ့မူရင်းနာမည်လေးက ကောင်းမှကောင်း။ အတိတ်နိမိတ်လည်းကောင်းသလို အဓိပ္ပာယ်လည်းကောင်း။

ဒါပေမယ့် တွင်သွားတဲ့နာမည်ကြီးက ကြွက်နီဖြစ်သွားတယ်။

သူ့မိသားစုကိုက တွင်တွင်ခေါ်နေတော့ ကျန်တဲ့သူတွေကလည်း ခေါ်ပြီပေ့ါ။ ဒီတော့ တိရစ္ဆာန်နာမည်အခေါ်ခံနေရတဲ့ ကြွက်နီလေးဟာ လူစိတ်ရှိနိုင်ပါဦးမလား။

စဉ်းစားသာကြည့်တော့။

ကြွက်ရဲ့သဘောအတိုင်းဖြစ်လာလေသလား မသိပါဘူး။ တကယ့်ကိုဖျက်လိုဖျက်ဆီးပဲ။

ဘယ်လိုဖျက်သလဲ ဆိုတော့ သူ့အိမ်မှာ သူဖြစ်ချင်တဲ့ကိစ္စတစ်ခုခု မဖြစ်ရင်၊ သူလိုချင်တဲ့ကိစ္စတစ်ခုခုဖြစ်မလာရင် ဟိုဟာပေါက်ခွဲ၊ ဒီဟာပေါက်ခွဲနဲ့။ တန်ဖိုးကြီးကြီးတွေကို ပေါက်ခွဲတာတော့ မဟုတ်ပါဘူး။ ခွဲတာက အကြမ်းပန်းကန်တို့၊ ဇွန်းတို့၊ မှန်သေးသေးလေးတွေတို့ပါပဲ။

ဒါပေမယ့် အဲဒီသေးသေးလေးတွေဆိုတာကလည်း အိမ်မှာ သူ့နေရာနဲ့သူ အသုံးဝင်တဲ့ပစ္စည်းလေးတွေ မဟုတ်ပါလား။

အလကားရထားတာမဟုတ်သလို အပိုတွေမှမဟုတ်ဘဲ။ ဘယ်ပစ္စည်းဖြစ်ဖြစ် ပိုက်ဆံနဲ့ဝယ်ထားရတာချည်းပါ။

ဒါကို မစဉ်းစားမဆင်ခြင်ဘဲ လွှင့်ပစ်၊ပေါက်ခွဲဆိုတော့ ကြွက်နီဟာ ကြွက်လိုပဲ တိရစ္ဆာန်စိတ်တွေဝင်နေတယ်လို့ ပြောရမလိုဖြစ်နေပါပြီ။

အဲဒီလို ကြွက်နီနာမည်တွေ နောက်ထပ်တွေ့ပါသေးတယ်။

အကြောင်းတစ်ခုခုမှာ တော်တော်လေး ဆိုးနေကြတာ သတိထားမိခဲ့လို့ တိရစ္ဆာန်နာမည်တွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားခဲ့ရပါတယ်။

နောက်တစ်ခါ တွေ့ဖူးတဲ့သူတစ်ယောက်က ခွေးပု။

သူဟာ တကယ်လူအေး။

သူ့ပါးစပ်ထဲကို လက်ထည့်ရင်တောင် ကိုက်တတ်တဲ့သူ မဟုတ်ဘူးလို့ တင်စားပြီးပြောကြတဲ့အထိ လူအေး။ တကယ်အေးတာ။

ဒါပေမယ့် အဲဒီအေးတာကြီးနဲ့ပဲ ဘာမှ ထက်ထက်မြက်မြက် တက်တက်ကြွကြွမရှိဘဲ ဘဝကို ဖြစ်သလိုကြီး ရပ်တည်နေတယ်။

ခုထိပဲ။

လူကိုကြည့်ရင် ရိုးပဲ၊ အေးပဲ။

အေးလွန်း၊ရိုးလွန်း၊ထုံလွန်းတော့ ဘုန်းတွေကံတွေမရှိသလိုဘဲ၊ ဘာမှမသိသလိုဘဲ။

သူ့နာမည်က ကောင်းတယ်။ မြင့်မားတဲ့သဘောဆောင်တဲ့နာမည်။

ဒါပေမယ့် တစ်အိမ်လုံးက ခေါ်တာ ခွေးပု။ တစ်ရပ်ကွက်လုံးကခေါ်တာ ခွေးပု။

ဘာလို့ဒီလိုခေါ်တာလဲလို့ စပ်စပ်စုစု မေးကြည့်လိုက်တော့ -

သူ့အရပ်လေးက ပုပုလေးမို့ ချစ်စနိုးနဲ့ ခွေးလေး၊ ခွေးပုလေးခေါ်ရာကနေ နှုတ်ကျိုးသွားကြပြီး ခွေးပု၊ ခွေးပုဖြစ်သွားတော့တာပါပဲ။

ခုတော့ ကိုခွေးပု၊ ဦးခွေးပု၊ ဦးလေးခွေးပု ဖြစ်နေရရှာပြီ။

ခုထိလည်း လူအေးကြီးပဲ၊ ခပ်တုံးတုံးကြီးလိုပဲ။

နောက်တွေ့တဲ့ခွေးပုက သူ့ထက်ငယ်တယ်။

ဟိုလူခိုင်း၊ ဒီလူခိုင်း ခွေးပု။

ထူးခြားတာက ခွေးပုဆိုပြီ နာမည်တွင်ကြသူတွေ တော်တော်များများဟာ ကလေးသူငယ်ဖြစ်ဖြစ်၊ အရွယ်ရလာတဲ့ လူကြီးဖြစ်ဖြစ် သဘောကောင်းကြသူတွေချည်းပဲ။

ဘယ်သူ့မှာ ဘာအကူအညီပေးရမလဲ သူတို့လက်မနှေးဘူး။ တကယ်ကူညီကြတယ်။ စိတ်ဓာတ်ကောင်းတယ် ပြောရမယ်။

ဆိုးပေတေတဲ့ခွေးပု ဆိုတဲ့ လူငယ်တစ်ယောက်လည်း တွေ့ခဲ့ဖူးပါသေးတယ်။ ဒါပေမယ့် သူလည်း ဒီလိုပဲ။ ရန်ဖြစ်တာဖြစ်တာပဲ၊ သူရန်ဖြစ်ရတာက ရန်ဖြစ်လောက်တဲ့ အကြောင်းကြောင့်ဖြစ်ရတာ။ သူများကို သူရိုက်တာနှက်တာကလည်း ခုနပြောသလို ရိုက်ဟဲ့နှက်ဟဲ့ဖြစ်ရမယ့်အကြောင်းကြောင့် ဖြစ်ရတာ။

အဲဒါတွေကတစ်ပိုင်း။

အဲဒီ ခပ်ဆိုးဆိုး ခွေးပုလည်း သူများကို ကူညီတာပဲ။

ခွေးပုရေ ဟိုဆိုင်လေးသွားပေးပါဦးဆို သွားတယ်။ ဟိုဟာလေးဝယ်ပေးပါဦးဆို ဝယ်ပေးတယ်။

ဟဲ့- ခွေးပု၊ ငါတော့ မောလွန်းလို့ ဒီဈေးခြင်းတောင်းလေးကို ဟိုဘက်ဝိုင်းအထိ ထမ်းသွားပေးစမ်းပါ ဆိုလည်း ပျာပျာသလဲပဲ။ ဘယ်သူက အကူအညီတောင်းတောင်း ဟင့်အင်းဆိုတာ မရှိဘူး။ လုပ်မပေးဘူးဆိုတာ မရှိဘူး။

ဒါကြောင့် ခွေးပု ဆိုလိုက်ရင် သဘောတော့ကောင်းကြတာချည်းပဲ။ ခမျာများဟာ ပင်ပင်ပန်းပန်းလုပ်ကြရတာပါလား။ ထူးထူးခြားခြား ချမ်းသာတဲ့ ခွေးပု မတွေ့ရပါလားဆိုပြီး စိတ်မကောင်းဖြစ်မိပါရဲ့။

ဒါဟာ -

နှိမ်ခေါ်ခံရတဲ့ နှိမ်ခေါ်ခံနာမည်ရှင်တို့ရဲ့အကြောင်းလို့ပြောရရင် ကြားရတာ တစ်မျိုးကြီးဖြစ်ရင်ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် -

ချစ်စနိုးတော့ ချစ်စနိုးခေါ်တာပါပဲ။

ချစ်စနိုးခေါ်ရာကနေ မင်္ဂလာမရှိတဲ့ နာမည်ရှင်ဘဝရောက်သွားကြရရှာသူ၊ ရိုးသား ဖြောင့်မတ်သူများရဲ့ အကြောင်းလို့ပဲပြောချင်ပါတယ်။

တကယ်ရိုးကြတာပါ။

ကိုပြားကြီး ဆိုတဲ့ သူတစ်ယောက်နဲ့ စကားပြောခဲ့တုန်းက -

တကယ်ကို စိတ်မကောင်းစရာလေးတွေ ကြုံခဲ့ရ၊ ကြားခဲ့ရပါတယ်။

သူ့နာမည်က ကိုမြင့်မိုးပါ။

သူဟာ သူ့ဖခင်ရဲ့ နောက်အိမ်ထောင်ပြုရာမှာ ပါသွားခဲ့ရတဲ့ ကလေးပေ့ါ။ ဖခင်ကိုချစ်တာကိုး။

ငယ်ငယ်ရွယ်ရွယ်နဲ့ မိခင်မရှိတော့ဘူးဆိုတော့ အားကိုးစရာကလည်း ဒီဖခင်ပဲရှိတော့တာပဲလေ။

အဲဒီမှာ ဇာတ်လမ်းစတာပဲ။

သူ့ဖခင်ရဲ့ နောက်အိမ်ထောင်က ဒီကလေးဟာ နာမည်စီးလွန်းတယ်။ ငါတို့ကတော့လွှမ်းမိုးမခံနိုင်ဘူး။ ဒါကြောင့် ငပြားပဲ ခေါ်မယ်ဆိုပြီး ငပြား၊ ငပြားနဲ့ ခေါ်ခဲ့ကြရာကနေ သူ့ဖခင်ရဲ့ နောက်အိမ်ထောင်အသိုင်းအဝိုင်းတွေကပါ ပြားဖြစ်ကုန်တော့တာပါပဲ။

အဲဒီကစပြီး မြင့်မိုး ဆိုတာ ဘဝတစ်ခုရပ်ဆိုင်းသွားခဲ့ရပါပြီ။

ငပြား။



www.burmeseclassic.com

www.burmeseclassic.com

တကယ်လည်း ပညတ်သွားရာ ခာတ်သက်ပါ ဆိုသလို ဘယ်သူနဲ့တွေ့တွေ့ ပြားပြားကိုဝပ်နေရသလိုပဲ။

ဘယ်သူ့ဘာပြောပြော ပြန်ကို မပြောရဲရှာခဲ့ဘူး။

အရွယ်လေးရလာတော့လည်း သစ်စက်မှာ ဝင်အလုပ်လုပ်တာ ပြေးပြေးပဲ။

နာမည်ပညတ်သတ္တိကြောင့်လား မသိဘူး။

သစ်စက်မှာ မခံနိုင်တဲ့ကိစ္စတစ်ခု ကြောင့် ရန်ဖြစ်ရာက ပိုင်ရှင်က သူ့ပဲ ထုတ်ပစ်လိုက်ပါတယ်။

သူဟာ ဘယ်လောက်မှန်နေမှန် နေ တကယ့်နင်းပြားပါပဲ။

ခုဆို အသက်ကြီးလာပြီမို့ ကိုပြားကြီးဖြစ်လာပါပြီ။

ခုထိ သူများအလုပ်နဲ့ ဘဝကို ရပ်တည်နေရတုန်းပါပဲ။

ကိုယ်ပိုင်အလုပ်မရှိရှာပါဘူး။

ဘဝကိုဖြတ်သန်းလာခဲ့ရတဲ့အချိန်တွေ၊ နာရီတွေ၊ ကာလတွေဟာ ကိုပြားကြီးကို စောင်းငဲ့ပြီး မကြည့်ခဲ့ဘူးနဲ့ တူပါရဲ့။

သူ့ဘဝမှာ အချိန်တွေဘယ်လို ကုန်လို့ကုန်သွားမှန်းတောင် မသိခဲ့ရှာပါဘူး။

သူ့ပါးစပ်ကသာ နောင်ရေးတို့ ဘာတို့ပြောနေပေမယ့် ခုထိလည်း မခိုင်ပါဘူး။

ဒါကြောင့် -

နှိမ့်ပြီးခေါ်တဲ့နာမည်မျိုးကို ပိုင်ဆိုင်ခဲ့ရရှာသူတွေဟာ ဘဝမှာ တကယ်လည်း ရှုန်းကန်ကြရရှာပါတယ်။

ဘဝမလှကြပါဘူး။

သူတို့တွေဟာ တကယ်ကို သဘောကောင်းကြသူတွေပါ။

နယ်မြို့လေးတစ်မြို့ကို ရောက်သွားတော့ -

ဝက်ကြီး ဆိုတဲ့ လူတစ်ယောက်ကို အမှတ်မထင်တွေ့ခဲ့ရဖူးပါတယ်။ သူ့ကို အများလှမ်းခေါ်လိုက်သံကြားလို့ပါ။

သူဟာ ကားပြင်တဲ့ဝပ်ရှော့ဆရာပါ။ သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း အင်ဂျင်ဝိုင်တွေနဲ့ ပေကျံနေတာပါပဲ။

သူ့တပည့်တွေ လေး၊ ငါးဦး ရှိတဲ့ အကြောင်း -

အဲဒီတပည့်တွေအားလုံးဟာ အိုးပိုင်အိမ်ပိုင်ဖြစ်တဲ့သူဖြစ်၊ အိမ်ငှားပြီးနေနိုင်တဲ့သူနေနိုင်နဲ့ ကိုယ်ပိုင်ဝပ်ရှော့တွေ ရှိနေကြပြီ ဆိုတဲ့အကြောင်း ကြားရပါတယ်။

တချို့ လူပြောများတာကတော့-

တပည့်တွေက တစ်စင်ထောင် ကုန်ကြတယ်ပေါ့။ ဆရာကို မသိတတ်ကြဘူးပေါ့။

ဒါက သူတို့အပြော၊ သူတို့အမြင်။

သူတို့ မမြင်ကြတဲ့ အကြောင်း တရားတွေကတော့ ရှိနေဦးမှာပါ။

မမြင်နိုင်တဲ့အကြောင်းတရားတွေနဲ့လည်း ပြည့်နှက်နေဦးမှာပါ။

အဲဒီလို မမြင်နိုင်တဲ့အကြောင်း တရားတွေထဲမှာ ဝက်ကြီးဆိုတဲ့ နာမည်ကို ပေါ့သေးသေးတွက်ဆထားလို့ မရပါဘူး။

ဟုတ်ပါတယ်။

သူဟာ စက်ပြင်ဆရာ၊ တပည့်တွေနဲ့။

သူသင်ပေးလိုက်တဲ့ တပည့်တွေက အိုးပိုင်အိမ်ပိုင်တွေဖြစ်ကုန်ပြီ။ ကိုယ်ပိုင်ဝပ်ရှော့တွေနဲ့ ဖြစ်ကုန်ပြီ။

အဲဒီစက်ပြင်ဆရာဝက်ကြီးခမျာမှာတော့ ခုထိသူများအိမ်ဘေးကအခန်းမှာ နေနေရတုန်းပါပဲ။

ဒါဟာ အံ့သြစရာမဟုတ်ပါဘူး။

တကယ်စက်ပညာရှင်တစ်ယောက်ကို တိရစ္ဆာန်လို ပညတ်ထားမှတော့ ဘယ်လိုလုပ် တိုးတက်နိုင်တော့မှာလဲ။

ဆရာဝက်၊ ကိုဝက် ဆိုတဲ့ ခေါ်သံတွေချည်း သူ့ပတ်ဝန်းကျင်မှာ မိုးမွှန်နေပါတယ်။

တကယ်တမ်း သူ့နာမည်ကို မေးကြည့်တော့ စိတ်မကောင်းဘူး။

ဘာလို့လဲဆိုတော့ -

တကယ်ကောင်းတယ်၊ တကယ့်အဓိပ္ပာယ်ကောင်းတဲ့နာမည်၊ တကယ့်ကို ချမ်းသာခြင်းတွေ ဖြစ်လာစေတဲ့ နာမည်။

ဒါပေမယ့် ဒီနာမည်ကိုမေးရင် ဘယ်သူမှမသိကြပါဘူး။ အဲဒါကတော့ ဝမ်းနည်းဖို့တကယ်ကောင်းပါတယ်။

ကြည့်ရတာ ကိုဝက်ကြီးကိုယ်တိုင် သူ့နာမည်ကို သူပြန်မေ့နေသလိုပါပဲ။ နောက်နာမည်နဲ့ ပင်ပင်ပန်းပန်းပျော်နေပုံရပါတယ်။ ကြည့်လိုက်ရင် နှပ်တညစ်ညစ်နဲ့ အမြဲတမ်း အအေးပတ်နေသလိုပါပဲ။

ဒီလိုနာမည်မျိုး ရှားရှားပါးပါး နှစ်ယောက်ပဲ တွေ့ဖူးပါတယ်။

တစ်ဦးက သူပေါ့လေ။

တစ်ဦးက စက်ရုံတစ်ခုက အလုပ်သမားတစ်ယောက်။

သူလည်း ဒီလိုပဲ ဝဝတုတ်တုတ်နဲ့ မို့လားမသိဘူး၊ ခေါ်လိုက်ကြတာ ငဝက်ငဝက်နဲ့။ သူ့ဆရာတွေကတော့ သူ့ကို ဝက်ကြီးတဲ့။

သူ့ကိုကြည့်ရတာ ပင်ပန်းလိုက်တာ။

ဟိုလူကခိုင်း၊ ဒီလူကခိုင်းနဲ့၊ သူငယ်ချင်းအချင်းချင်းကတောင် ပြန်ခိုင်းတယ် ကမ်းကုန်ရော။

ခမျာမှာ ဟိုလုပ်ပေးရ၊ ဒီလုပ်ပေးရနဲ့ ငပေါကြီးကျနေတာပဲ။

သူကလည်း ဖင်ပေါ့တာကိုး။

သဘောကသိပ်ကောင်း။

သူများမလုပ်ချင်တာ အကုန်လုပ်တယ်လို့ ပြောရမလိုဖြစ်နေတယ်။ ထမ်းပိုးရမလား လာခဲ့။ လက်နှစ်ဖက်လုံးနဲ့ ဆွဲပေးရမလား လာခဲ့။

သူ့ကို စိတ်ဝင်စားလို့ သူ့နာမည်လေးကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

အဲဒီတော့မှ တကယ် စိတ်မကောင်းဘူး၊ မောင်ထွန်းစံတဲ့။

ကြည့်စမ်း - အဓိပ္ပာယ်ကောင်းလိုက်တဲ့နာမည်လေး။

သူဝလို့ သူ့ကိုချစ်စနိုးခေါ်ကြရင်း အဲဒီနာမည်တွင်သွားတော့တာပါပဲ။

သူကိုယ်တိုင်ကလည်း သူ့ကိုယ်သူ မိတ်ဆက်ရင် ကျွန်တော် မောင်ဝက်ပါ။ သူငယ်ချင်းတွေအားလုံးက ဝက်ကြီးပဲ ခေါ်ပါတယ်လို့ပြောလေ့ရှိပါတယ်။ ကဲ-ကောင်းနိုင်ပါတော့မလား။

အများကြီးရှိနေပါသေးတယ်။

တွေ့ခဲ့တဲ့အထဲမှာ မှတ်မိသလောက်ပဲရှိနေပါသေးတယ်။

နှံ့ကောင် ဆိုတဲ့ လူငယ်တစ်ယောက်လည်း တွေ့ခဲ့ဖူးပါရဲ့။

ဟ - ဘယ်လိုဖြစ်လို့လဲ ဆိုတော့ စွာလွန်းလွန်းလို့တဲ့။ ဟိုလူနှံ့လိုက်၊ ဒီလူနှံ့လိုက်မို့လို့ နှံ့ကောင်ခေါ်ရင်းနဲ့ နာမည်တွင်သွားတာတဲ့ - ကောင်းရော။

ကြဲကြဲဖန်ဖန် နှံ့ကောင်ရယ်လို့။

ကျောက်ဖား ဆိုတာလည်း တွေ့ဖူးတယ်။ လိပ်ပု ဆိုတာလည်း တွေ့ဖူးတယ်။

သူတို့တွေဟာ လူမိုက်တွေ မဟုတ်ကြပါဘူး။

တကယ်အေးတဲ့ လူအေးလူကောင်းတွေပါ။

သဘောတွေကောင်းကြလွန်းလို့ ခက်နေတာ။

ဒါကြောင့် -

အဲဒီလိုနာမည်မျိုးတွေတွင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

နာမည်ရှင်တွေအတွက် အများကြီး စဉ်းစားခဲ့ဖူးပါတယ်။

အချိန်ယူပြီးတော့ကို စဉ်းစားခဲ့တာပါ။

ရင်းနှီးတဲ့ မိတ်ဆွေတချို့နဲ့လည်း စကားပြောဖြစ်ပါတယ်။

သူတို့လို နာမည်မျိုးတွေဆိုရင် ဘယ်လိုလုပ်မလဲပေါ့။ ဒီလိုနာမည်မျိုးတွေဆိုရင် အမြစ်၊ အညွန့်ပဲ လှူရမှာလား။ အညွန့်လှူရမှာလား။ ဘယ်လိုကောင်းမှုကုသိုလ်မျိုးပြုရမလဲဆိုတာမျိုး စကားပြောဖြစ်ပါတယ်။

မှန်တာပေါ့။

စဉ်းစားပေးရမှာပေါ့။

ဒီနာမည်မျိုးတွင်နေတဲ့ အသိမိတ်ဆွေတစ်ယောက်၊ နှစ်ယောက်ကိုတော့ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားစေခဲ့တာရှိပါတယ်။

တခြားတော့မဟုတ်ပါဘူး။

လူခန္ဓာကိုယ်နဲ့ရင်းပြီး ပြုရတဲ့ကုသိုလ်မျိုးတွေပါပဲ။

ငွေကြေးမလိုပါဘူး။

ဘယ်လိုလဲဆိုတော့ -

ဘုန်းကြီးကျောင်း ရေဆေးတာမျိုး၊ ဘုန်းကြီးကျောင်းမှာ မြက်နုတ်သင့်ရင် နုတ်ရတာမျိုး။ မြက်နုတ်စရာမလိုတဲ့ ကျောင်းကြီးမျိုးတွေမှာဆိုရင်လည်း ကြမ်းတိုက်တာမျိုး၊ အောက်ခြေသိမ်းအကုန်လုပ်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ကုဋီဆေးဆိုတာကတော့ အကောင်းဆုံးပဲ။

ဘုရားစေတီတွေရောက်လည်း ဒီလိုပဲ -

မြက်နုတ်သင့်နုတ်၊ ကြမ်းတွေတိုက်သင့်တိုက်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်တဲ့ကုသိုလ်မျိုးကို များများပြု၊ အမှိုက်ကောက်တဲ့ကုသိုလ်မျိုးကို များများပြု။

ဒီထက်ကောင်းတဲ့ ယတြာမျိုးတော့ မရှိတော့ဘူး။

စောစောကပြောတဲ့ သူငယ်ချင်းနှစ်ယောက်တော့ အဲဒီလိုကုသိုလ်မျိုးတွေလုပ်ခိုင်းရင်း အဆင်ပြေနေကြလေရဲ့။

ရပ်ကွက်ထဲမှာ အလှူအတန်းတစ်ခုခုရှိပြီဆိုရင်လည်း သူတို့ကို အိုးတွေ၊ ပန်းကန်တွေဆေးခိုင်း၊ တိုက်ခိုင်းနဲ့ ရေခပ်ဖို့ လိုမယ့်နေရာမှာ ရေထမ်းပေါ့။ ဒီလိုနဲ့ ခုတော့ အဆင်ပြေနေကြပါရဲ့။

ဒါကြောင့် -

ဒီထက်ကောင်းတဲ့ ယတြာမျိုးတော့ မရှိတော့ဘူး။

နာမည်မှပြောင်းလို့မရတော့ဘဲကိုး။

ပြင်ခေါ်ပါဆိုလည်း ဘယ်သူက ပြင်ခေါ်မှာလဲ ဝေးသေး။

ဒါပဲနှုတ်ကျိုးနေတဲ့သူတွေဆိုတော့ ဒါပဲခေါ်ကြမှာပဲ။

ကိုယ့်သားသမီးကိုတောင် နာမည်ဆိုးလို့၊ နာမည်မကောင်းလို့ ပြောင်းရတာတောင် မူရင်းနာမည်အတိုင်းပဲ ခေါ်ခေါ်နေကြတာ များတယ်လေ။ ပြင်ခေါ်ဖို့ဆိုတာ တော်တော်လေး ခက်သား။

ဒါကြောင့် နာမည်မှပြောင်းလို့မရတာဘဲ။ အခုပြောတဲ့ ကုသိုလ်တွေဟာ အကောင်းဆုံးပဲ။ လူခန္ဓာကိုယ်နဲ့ အားတိုက်ခွန်တိုက် ပင်ပင်ပန်းပန်းပြုရတဲ့ ကုသိုလ်ထက် ကောင်းတဲ့ယတြာ ဘာမှ မရှိတော့ဘူး။

ထိရောက်ဖို့ လိုတယ်လေ။

ထိရောက်တာကလည်း ဒီကုသိုလ်ကြီးတွေကမှ တကယ်ထိရောက်တာ။

သိသိသာသာကို ထိရောက်တာ။

အရေးကြီးတာက ရှာလို့ဖွေလို့ အဆင်ပြေလာရင် ပြီးပြီ။

ကိုယ်ပိုင်ဈေးဆိုင်ပဲဖွင့်ဖွင့်၊ ဘယ်လုပ်ငန်းလေးပဲလုပ်လုပ် လုပ်ငန်းရှင်ဖြစ်လာရင်ပြီးပြီ။

ဥပမာ ဆိုင်ကယ်၊ စက်ဘီးပြုပြင်ရေးလုပ်ငန်း။

ဆိုင်ကယ်နဲ့ စက်ဘီးအပိုပစ္စည်းရောင်းဝယ်ပြုပြင်ရေးလုပ်ငန်း။

ဆိုင်ကယ်ပဲဖြစ်ဖြစ်၊ စက်ဘီးပဲဖြစ်ဖြစ် လုပ်ငန်းဟာ လုပ်ငန်းပဲ။

အဲဒီလိုမျိုး လုပ်ငန်းရှင်အဖြစ် စားနိုင်သောက်နိုင်၊ နေထိုင်နိုင်ပြီဆိုရင် ပြီးပြီပေါ့။

အမြဲတမ်း ထမ်းပိုးနေနိုင်မှာမှ မဟုတ်တာ။

အဲဒီကနေ အဆင်ပြေပြေလေးနဲ့ တစ်ဆင့်တစ်ဆင့်စီတက်သွားပြီး ဒီပြင်လုပ်ငန်းကြီးတွေ လုပ်ဖြစ်လာပြီဆိုရင် ကော ပိုလို့မကောင်းဘူးလား။

မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။

ဖြစ်အောင်မလုပ်လို့ပါ။

ဖြစ်အောင်လုပ်ရင် ဖြစ်တာချည်းပါပဲ။

ဘဝတစ်သက်တာလုံးမှာ ဟော့ - ကျောက်ဖား၊ မင်းတော့ အထမ်းအပိုးနဲ့ပဲ ဘဝကို ကြမ်းကြမ်းတမ်းတမ်းရင်ဆိုင်သွားရလိမ့်မယ်ကွလို့ သွားပြောလို့မရဘူး။ သူဟာ တစ်နေ့ ကားတွေပိုင်တဲ့ ကားဂိတ်လုပ်ငန်းရှင်ကြီး ဦးကျောက်ဖား ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး၊ သူဌေးကြီး ဦးကျောက်ဖား ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး။

လူ့အညွန့်ဆိုတာ ဘယ်တော့မှ မတုံးဘူး။ အမြဲတမ်း ရှင်သန်နေတာပါ။

ဒါကြောင့် -

ချစ်စနိုးနဲ့ ခေါ်ကြပေမယ့်လည်း မင်္ဂလာမရှိသောအမည်များလို့ သတ်မှတ်ကြတဲ့ တိရစ္ဆာန်အမည်ရှင်များအတွက် သုရဇ္ဇလက်ဆောင်ပါးလိုက်ရပါပြီ။

နာမည်ဆိုတာ မင်္ဂလာရှိရပါမယ်။

နာမည်ဟာ ကောင်းနေရမယ်၊ မြင့်မြတ်တဲ့သဘောအဓိပ္ပာယ်ကိုဆောင်နေရမယ်။ ဒါပေမယ့် မလျော်ကန်လွန်းတာတော့ မဖြစ်စေရဘူး။ ကြားလို့လည်း ကောင်းပြီး မှတ်လို့လွယ်နေရမယ်၊ နာမည်ကို ကြားတာနဲ့ ခင်ခင်မင်မင်ကိုဖြစ်ချင်လာတဲ့ထိ နာမည်ဟာ ဆွဲဆောင်နေရမယ်။

ငါ့ဘကြီးနာမည်က သံဒုတ်ကွ၊ မင်းကို တွေ့ချင်လို့တဲ့ ဆိုလိုက်တာနဲ့ ကြားရတဲ့သူက ဝွန့်သွားမှာပါ။

ဒါကြောင့် နာမည်ကို ကြားရင် ခင်ချင်နေရမယ်၊ ဆက်ဆံချင်နေရမယ်။

အခု -

ဒီလမှာပြခဲ့တဲ့ နာမည်ရှင်တွေကတော့ -

ချစ်စနိုးနဲ့ခေါ်ကြတာဖြစ်ပေမယ့် တိရစ္ဆာန်နာမည်မျိုးတွေ ဖြစ်နေတာမို့ သူတို့အတွက် စဉ်းစားပေးခဲ့ရတာ ဖြစ်ပါတယ်။

လက်တွေ့တွေ့နဲ့ယှဉ်ပြီး ထူးခြားလာတဲ့၊ ပြည့်ပြည့်လာစေတဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ -

သုရဇ္ဇလက်ဆောင်ပါးလိုက်ရတာ ဖြစ်ပါတယ်။

ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သုရဇ္ဇရဲ့ထုံးစံအတိုင်း -

တိရစ္ဆာန်နာမည် မှည့်ခေါ်ခံရသူများအနေနဲ့ -

အခြားသူများထက် ပိုမို ကုသိုလ်ပြုရင်း -

အောင်မြင် ကြီးပွား ချမ်းသာများကြပါစေတည်း။

ဆရာဦးမောင်မောင်သ[illegible]
(ရင်ကိုအေးမြစေ[illegible])



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝံ့ရွှေ (B.Sc)



**ဇွန်လ (၁) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ပါ။

**ဇွန်လ (၂) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဝါ၊ ရွှေအိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၃) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၃)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ပါ။

**ဇွန်လ (၄) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၅)ရက်၊ ဗုဒ္ဓဟူးနေ့-**လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါ၊ လိမ္မော်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၆) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်မှုရစေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၇) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၈) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၉) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက် အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၁၀) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညို၊ မီးခိုး။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထတွင် မြောက်ဘက်သို့လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၁၁) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမော ဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၁၂) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ (၁၃) ရက်၊ ကြာသပတေး**



www.burmeseclassic.com

www.burmeseclassic.com

**နေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၁၄) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညို၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ(၁၅)ရက်၊ စနေနေ့-**လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၁၆) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၁၇) ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၁၈) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီနဲ့ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၁၉) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညို၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၀) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၁) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ မရန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၂) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ ဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၃) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၄) ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၅) ရက်၊ အင်္ဂါနေ့-**လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း(၁၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူ။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၆) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၇) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၂၈) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်း၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ(၂၉)ရက်၊ စနေနေ့-**လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**ဋ္ဌနံလ (၃၀) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ(ဥဒိဋ္ဌ)



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်၊ အင်္ဂါသားသမီးများနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များ ရယူပါ။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအသစ်ဝင်မည်။ ရပ်ဝေးရှိ ညီအစ်ကိုမောင်နှမများထံမှ ကူညီပံ့ပိုးမှုများ ရရှိမည်။ ငွေကြေးကိစ္စများ အခက်အခဲဖြစ်နေပါက ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။ သူတစ်ပါးအတွက် ငွေကြေးကိစ္စကို အာမခံတာမျိုး လုံးဝ ရှောင်ရပါမည်။ ခို၊ ကျီး၊ ခွေးလေးများကို မကြာ မကြာ ကျွေးပါ။ လက္ခဏာရှားပါးသော ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ကြုံသလို ဆေးလှူပါ။ အာဟာရလှူပါ။ ငွေကြေးထောက်ပံ့ပေးပါ။ အလုပ်ရရှိရန် ကြိုးစားနေသူများ၊ ရာထူးတိုးကိစ္စများအတွက် အောင်မြင်မှုရရှိစေရန် သရဏဂုံ (၃၀) ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကျန်းမာရေး စိုးရိမ်စရာမရှိပါ။ ဥ၊ အုန်း စသော အစာများနှင့် အငန်များ လွန်ကဲစွာ မစားပါနှင့်။ လူမှုရေးအတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနက်ရောင်ပြောင်အင်္ကျီ မဝတ်ပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများ ကောင်းနေသော်လည်း ကျက်ထားပြီးစာများ မေ့မသွားရန် ကြိုးစားကျက်မှတ်ပါ။ ငယ်ရွယ်သူတို့၏အချစ်ရေးပြဿနာများ ရှိတတ်၍ စကားပြောဆင်ခြင်ရပါမည်။ နှလုံးသားရေးရာကိစ္စတွင် သစ္စာရှိဖို့ အရေးကြီးပါသည်။ ကားမောင်းကြမ်းတာမျိုး ရှောင်ရပါမည်။ ပြဿနာဟောင်းရှိသော မြေကွက်များ မဝယ်ပါနှင့်။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသော ထီသည်များ အိမ်နားလာရောင်းပါက (၃) ဂဏန်းနှင့် စ,သော ထီလက်မှတ်လေးများနှင့် ကံစပ်နေသဖြင့် ရွေးချယ်ထိုးထားလိုက်ပါ။

ယတြာ ။ ။ *နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းလှူပါ။*

## ၂၀၁၃ ဇွန်လ
## ခုနှစ်ရက်သားသမီး ဟောစာတမ်း
### ဆရာဦးမောင်မောင်သန်း
### ရင်ကိုအေးမြစေသော





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များ ရယူပါ။ အောင်မြင်လာပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်မည်။ ရာထူးတိုးဖြေဆိုထားသူများ ရွေးချယ်ခံရမည်။ အောင်မြင်မည်။ သူများက လာစပ်ပြီး ကိုယ်က မကျွမ်းကျင်တဲ့လုပ်ငန်းမျိုး ဖြစ်ရင် ရှောင်လိုက်ပါ။ ငွေကြေးကိစ္စများ အဆင်ပြေသလိုလိုရှိသော်လည်း ငွေမှုကိစ္စများ ကြုံတတ်ပါသည်။ အဆင်ပြေနေစေရန်အတွက် လက္ခဏာရှားပါးသော ကိုယ်ဝန်ဆောင်မိခင်လောင်းများ တွေ့ခဲ့သော် ကူညီထောက်ပံ့မှုများပေးပါ။ ကျန်းမာရေးကောင်းနေစေရန် ပရိမိတ္တဇာလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသော ဝေဒနာရှင်များ၊ အကြောဝေဒနာရှင်များကိုတွေ့ရင် ကြုံတဲ့နေရာမှာ ဆေး၊ ငွေ၊ အာဟာရလှူပါ။ ပညာရေးကံများကောင်းမည်။ အခက်အခဲများကြားမှ အောင်မြင်သွားမည်။ အကြိမ်ကြိမ် ရေးဖတ်ကျက်မှတ်ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ အလိုမကျဖြစ်နေတတ်ပါသည်။ ချစ်သူချင်း နားလည်မှုရှိပေးရန် လိုပါသည်။ မျက်နှာပွင့်လန်းနေသူဖြစ်ပါက ချစ်သူအပေါ် သစ္စာရှိခြင်းဖြင့် ဂုဏ်ယူပါ။ ချစ်သူနှင့်စကားပြောတိုင်း ကိုယ်က လျှော့ပေးပါ။ ခဏခဏ ရန်စကားမဆိုမိပါစေနှင့်။ ထီထိုးရန်အတွက် (၂၊ ၁၊ ၃၊ ၄၊ ၈) ဂဏန်းများ အများဆုံးပါအောင် ရွေးချယ်ပြီး သွားရင်း၊ လာရင်း တွေ့တဲ့ထီဆိုင်မှာထိုးပါ။

ယတြာ ။ ။ *တန်ခိုးကြီးဘုရားတစ်ဆူဆူသို့ သွား၍ ရုပ်ပွားတော်တစ်ဆူဆူတွင် ရွှေသင်္ကန်းကပ်လှူပါ။*

BURMESE CLASSIC .com

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီတောင်းပါ။ အောင်မြင်သွားပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေမှု၊ ငွေပြဿနာဖြစ်နေတဲ့သူကို အာမခံခြင်း၊ ငွေကို အလွယ်တကူချေးခြင်း၊ သူများဆီကငွေကိုယူပြီး တစ်ဆင့်အတိုးနဲ့ ထပ်ချေးခြင်းများ သတိထားပြီးရှောင်ပါ။ ရာထူးအတွက် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ရွတ်ပါ။ သရဏဂုံ (၃၀) ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ လူမှုရေးအတိုက်အခံကြုံပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။ ကျန်းမာရေးချူချာနေပါက ဓာရဏပရိတ်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ပါ။ ဝက်ဝံ၊ မျောက်၊ မြင်းတို့ကို မကြာခဏ အစာကျွေးပါ။ ပညာရေးကံများ ကောင်းနေပါသည်။ သို့သော် ကျက်ထားသောစာများ ပြန်မေ့မသွားရန် ဂရုစိုက်ပြီး ကြိုးစားပါ။ ထူးထူးခြားခြား အောင်မြင်ပါပြီ။ လူငယ်တို့ အချစ်ရေးကံများ ကောင်းနေသော်လည်း စိတ်နှစ်ခွမဖြစ်ပါစေနှင့်။ ဘာမဟုတ်သော အကြောင်းလေးတွေကြောင့် ခြေလှမ်းပြင်တာမျိုး မဖြစ်ပါစေနှင့်။ ချစ်သူအပေါ် သစ္စာရှိပါ။ စက်ပစ္စည်းဝင်လာပါက ငွေကုန်ကြေးကျများနေတတ်သည်။ ပျက်၍ပြင်ရခြင်း၊ စက်အတွက်နှင့် ရန်များရခြင်း ကြုံရတတ်ပါသည်။ ရပ်ဝေးမှ ညီအစ်ကိုမောင်နှမများအတွက် ကူညီထောက်ပံ့မှုများ ပေးနေရတတ်သည်။ ထီထိုးရန်အတွက် (၃၊ ၂၊ ၉၊ ၁၊ ၆) ဂဏန်းများပါအောင် ရွေးပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်တတ်၍ ထိုးဖြစ်အောင် ထိုးထားပါ။

ယတြာ ။ ။ *ခြေထောက်မကောင်း၊ ခါးမကောင်းသော သက်ကြီးရွယ်အိုများကို ငွေ၊ အာဟာရ လှူပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

ဘာမဆို အခက်အခဲရှိမည်၊ အကြံဉာဏ်လိုမည်ထင်လျှင်၊ အကူအညီလိုမည်ထင်လျှင် တနင်္ဂနွေ နာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများတောင်းပါ။ အောင်မြင်မှု ရရှိသွားပါလိမ့်မည်။ (၂) ဂဏန်း၊ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ထမင်းစားပြီးတိုင်း လမ်းဘေးခွေးလေးများကို အစာကျွေးပါ။ ကျီး၊ ခိုများကိုလည်း ကြုံသလို အစာကျွေးပါ။ ငါးအရှင်လေးများကို ရေအရှင်မှာ မကြာခဏ လွှတ်ပေးပါ။ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေအတွက် လိုအပ်သော ဆေး၊ ငွေ လှူပေးပါ။ အရေးကြီးသော လုပ်ငန်းကိစ္စများ အကြံအစည်ပြုမည်ဆိုပါက ဘုရားစေတီတစ်ဆူဆူကိုသွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၃) တိုင်း ထွန်းညှိပူဇော်ပြီးမှ သွားပါ။ ရာထူးနှင့်ဆိုင်သောကိစ္စများအတွက် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။ လူမှုရေးကိစ္စ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် ပုတီးတစ်ပတ်စိပ်ပါ။ ပညာရေးကံများ တောက်လျှောက်ကောင်းနေပါသည်။ လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ အလုပ်လျှောက်ထားသူများ၊ အလုပ်အတွက် စာမေးပွဲဖြေဆိုထားသူများ အလုပ်ရပါပြီ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ တစ်ဦးနှင့်တစ်ဦး စကားနာမထိုးပါနှင့်။ ခဏခဏ စကားများတတ်သောကာလဖြစ်နေ၍ စကားပြောဆင်ခြင်ပါ။ ထီထိုးရန်အတွက် (၃၊ ၁၊ ၄၊ ၈) ဂဏန်းတွေနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ တနင်္ဂနွေနံထီဆိုင်တွင် ထိုးပါ။ ဝင်သမျှငွေများ စုမိဆောင်းမိ၊ အဖတ်တင်စေရန် သွားရင်းလာရင်း ဒိဝါတပတိဂါထာကိုရွတ်ပါ။ အောင်မြင်သွားပါလိမ့်မည်။

ယတြာ ။ ။ *ဘုရားစေတီရင်ပြင်တော်များမှာ တံမြက်စည်းလှည်းပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်တိုးတက်စေလိုသော မည်သည့်ကိစ္စမဆို အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ စီးပွားရေးနှင့်ဆိုင်သော အောင်မြင်မှုများအတွက် အကြောင်းကြီးငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူသို့သွားပြီး ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၃) တိုင် ထွန်းညှိပူဇော်၍ သရဏဂုံ (၃၀) ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပြီးမှ လိုရာခရီးကို သွားပါ။ အောင်မြင်ပါမည်။ လူမှုရေးအတိုက်အခံများရှိပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ပါ။ ကျန်းမာရေး ရင်၊ ဝမ်းနှင့်ဆိုင်သော ရောဂါများဖြစ်တတ်၍ အစားအသောက်များ ဆင်ခြင်ရပါမည်။ သံဃာတော်အရှင်သူမြတ်များကို ဆွမ်းဆန်တော်လောင်းလှူ ပူဇော်ပါ။ ပညာရေးကံများ ကောင်းနေပါသည်။ အိပ်ရေးဝဝအိပ်ပါ။ အလုပ်လျှောက်သူများ အလုပ်ရမည့်အချိန်အခါရောက်နေသော်လည်း အလုပ်ရွေးနေပါက အဆင်မပြေမှုများ ဖြစ်တတ်ပါသည်။ ငွေကြေးကိစ္စများကြောင့် အိမ်ထောင်ဖက်နှင့် စကားများရတတ်ပါသည်။ မလိုအပ်ဘဲ အကုန်အကျများနေတာလေးများကို သေချာပြန်စိစစ်သုံးစွဲပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ရှည်ရှည်ထားပါ။ ချစ်သူအပေါ် သစ္စာရှိပါ။ ချစ်သူ၏လုပ်ငန်းအရ ပေါင်းသင်းဆက်ဆံရေးများကို သဝန်မတိုပါနှင့်။ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို မကြာမကြာ အစာကျွေးပါ။ ထီထိုးမည်ဆိုလျှင် လူကြုံနှင့် မှာပြီးထိုးပါ။ ဆိုင် (၃) ဆိုင် မျှထိုးပါ။ (၃၊ ၂၊ ၉၊ ၁၊ ၆) ဂဏန်းတွေနှင့် ပြည့်နေအောင် ထိုးထားလိုက်ပါ။ မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။ (၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ယတြာ ။ ။ *တစ်နေ့တည်း ဘုရား (၃) ဆူ ပြည့်အောင်သွား၍ အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကူအညီတောင်းပါ။ အောင်မြင်သွားပါလိမ့်မည်။ (၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာအရှုပ်အရှင်းရှိသော မြေ၊ ကားတို့ကို လုံးဝ မဝယ်ပါနှင့်။ နောက်ကနေ လိုက်မဆုံး ဖြစ်သွားတတ်ပါသည်။ အများနှင့်ဆိုင်သော ငွေကြေးကိစ္စများကိုင်ထားရပါက စာရင်းဇယားများနှင့် သေချာစွာ ဆောင်ရွက်ပါ။ သူများငွေကိုယူပြီး တစ်ဆင့်ချေးငှားတာမျိုး ရှောင်ရပါမည်။ ကိုယ်မကျွမ်းကျင်သော စီးပွားရေးလုပ်ငန်းများ ငွေစိုက်ထုတ်ပေးခြင်းမျိုး မလုပ်ပါနှင့်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။ သရဏဂုံ (၃၀) ကို နေ့စဉ် ဝတ္တရားမပျက် အဓိဋ္ဌာန်ထားပြီး ပုတီးစိပ်ပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ကိုယ်ဝန်ဆောင်များ၊ ခါးမကောင်းသူများ၊ ခြေထောက်မကောင်းသူများ၊ မျက်မမြင်များကို ကြုံသလို ဆေး၊ ငွေ၊ အာဟာရများလှူပါ။ စိတ်ညစ်နေရပါက ငှက်ကလေးများကို ဘေးမဲ့လွှတ်ပေးပါ။ သီလရှင်များကို ဝတ္ထုငွေများများလှူပေးပါ။ ပညာရေးကံများကောင်းချင်နေသော်လည်း လျော့ရဲရဲ ဖြစ်နေတတ်ပါသည်။ ခုကျက် ခုရပြီး တော်ကြာ မေ့သွားတတ်သောကြောင့် အိပ်သောအခါ စာအုပ်များကို ခေါင်းရင်းနားမှာထားပြီးအိပ်ပါ။ အလုပ်ရှာနေသူ၊ လျှောက်ထားသူ၊ အင်တာဗျူးဖြေထားသူများ အလုပ်ရပါပြီ။ ရာထူးတိုးစာမေးပွဲများ အောင်မြင်ပါမည်။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် (၃၊ ၁၊ ၇၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ကို နေ့စဉ် အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ပါ။*

## စနေသားသမီးများ

အောင်မြင်တိုးတက်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များ ရယူပါ။ အကူအညီများ ပေးပါလိမ့်မည်။ အောင်မြင်မှုများလည်း ရရှိသွားပါမည်။ (၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ လုပ်ငန်းသစ် စတင်မည့်သူများ အင်္ဂါနေ့ နံနက် (၇) နာရီတွင် စတင်လိုက်ပါ။ အလုပ်လျှောက်ထားသူများ အလုပ်ရရှိမည့်ကာလ ဖြစ်သည်။ ပညာရေးကံများကောင်းမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ တံကျက်ကျက်မဖြစ်အောင်နေပါ။ ရန်စကားများလွန်းရင် လာဘ်ပိတ်တတ်ပါသည်။ ဝင်မည့်ငွေများ အကြောင်းအမျိုးမျိုးကြောင့် ထစ်ငေါ့နေတတ်ပါသည်။ ငွေကြေးပြဿနာပေါင်းစုံ ရှောင်ပါ။ ကြားမှ အာမခံခြင်း လုံးဝ မပြုပါနှင့်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ငွေ၊ ဆေး၊ အာဟာရလှူပါ။ ထောက်ပံ့ပါ။ ချစ်သူတွေ အဆင်ပြေနေပါမည်။ လုပ်ငန်းခွင်ဝင်နေကြသူများအတွက် ချစ်သူနှင့်ခေတ္တခွဲခွာပြီး တာဝန်သွားထမ်းဆောင်ရခြင်းများ ရှိတတ်၍ စိတ်မကောင်းမဖြစ်ပါနှင့်။ အခြားပြဿနာမရှိပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၃၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ထားပါ။ မမျှော်လင့်ဘဲ ခရီးတစ်ခုထွက်ဖြစ်မည်။ ရပ်ဝေးမှာရှိသော ညီအစ်ကိုမောင်နှမများအတွက် အကူအညီ အထောက်အပံ့များ ပေးနေရတတ်သည်။ မွေးနေ့တွင် အသားစားရှောင်ပါ။ အလှူဒါနများပြုပေးပါ။ စာကလေးတစ်ကောင်၊ နှင်ကောင် စသဖြင့် တတ်အားသရွေ့ ဘေးမဲ့လွှတ်ပေးပါ။ လက်ဝတ်ရတနာမပြုသောကာလဖြစ်၍ ယခုလ မဝယ်ပါနှင့်။

ယတြာ ။ ။ *ဘုရားရှင်အား ယခုတစ်လလုံး မုန့်လုံးရေပေါ်ဆွမ်းများနှင့် ကပ်လှူပူဇော်ပါ။*

ရ င် ကို စေ အား မြ စေ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍ လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲလျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကိုထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက်ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အဓိကရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါအထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြု




www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံယူသွားပြီး တစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "သြော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ခုတော့ အမြဲထိုင်လုပ်ဖြစ်နိုင်ချေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ဓာတ်ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့၊ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော်ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ဏဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သောပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စိမ်ဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဉက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၃၀၃၃

BURMESE CLASSIC .com

www.burmeseclassic.com